# ပျော်ရွှင်ကျန်းမာခရစ်ယာန်သာသနာ

# THE MINISTRY OF HEALING

အင်္ဂလိပ်လိုမဟုတ်ဘဲ:
အယ်လင်ဂျီဝှိုက်ရေးသားပြုစုထားသော
**THE Ministry of Healing** စာအုပ်ကို
ဦးဂဲဗင်အဲရစ်ဂျွန် ***"ပျော်ရွှင်ကျန်းမာခရစ်ယာန်သာသနာ"***
အမည်ဖြင့် မြန်မာပြန်ဆိုသည်။

**တတိယအကြိမ်**

| | | | | |
|---|---|---|---|---|
| ပထမပုံနှိပ်ခြင်း၊ | ၂၀၀၂ ခု၊ | မေလ၊ | အုပ်ရေ | ၇၀၀၀ |
| ဒုတိယပုံနှိပ်ခြင်း၊ | ၂၀၀၉ ခု၊ | ဧပြီလ၊ | အုပ်ရေ | ၃၀၀၀ |
| တတိယပုံနှိပ်ခြင်း၊ | ၂၀၁၆ ခု၊ | ဇူလိုင်လ၊ | အုပ်ရေ | |

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ –

တန်ဖိုး –

တတိယအကြိမ်




## မာတိကာ

**အခန်း** **အကြောင်းအရာ** **စာမျက်နှာ**


၁။ ကျွန်ုပ်တို့အတွက်နမူနာ ------------------------- ၁
၂။ သာသနာပြုရက်များ ------------------------- ၁၀
၃။ သဘာဝတရားနှင့်ဘုရားသခင် ------------------------- ၂၈
၄။ ယုံကြည်ခြင်းအားဖြင့်တို့ထိခြင်း ------------------------- ၃၄
၅။ ဝိညာဉ်ရေးကုသမှု ------------------------- ၄၉
၆။ အစေခံရန်ကယ်တင်ခဲ့သည် ------------------------- ၆၉
၇။ လူဇာတိနှင့်ဘုရားသခင်ဇာတိ၏ပူးပေါင်း
ဆောင်ရွက်ခြင်း ------------------------- ၈၄
၈။ ပညာပေးသူနှင့်ဆရာဝန် ------------------------- ၁၀၀
၉။ သွန်သင်ခြင်းနှင့်ကုသခြင်း ------------------------- ၁၁၅
၁၀။ စုံစမ်းနှောင့်ယှက်ခြင်းခံရသူများကိုကူညီမစခြင်း --------- ၁၄၂
၁၁။ ချုပ်တည်းခြင်းကင်းမဲ့သောသူများအတွက်
အမှုတော်ဆောင်ခြင်း ------------------------- ၁၅၃
၁၂။ အလုပ်လက်မဲ့များနှင့်အိမ်ခြေမဲ့များအတွက်
အကူအညီများ ------------------------- ၁၆၈
၁၃။ အားကိုးရာမဲ့သောသူဆင်းရဲများ ------------------------- ၁၈၉
၁၄။ ချမ်းသာသောသူများအတွက်အမှုတော် ------------------------- ၁၉၉
၁၅။ လူနာ၏အခန်းတွင် ------------------------- ၂၀၈
၁၆။ လူနာအတွက်ဆုတောင်းပေးခြင်း ------------------------- ၂၁၃
၁၇။ ကုထုံးများအသုံးပြုခြင်း ------------------------- ၂၂၄
၁၈။ စိတ်ကိုကုသပေးခြင်း ------------------------- ၂၃၁
၁၉။ သဘာဝနှင့်အဆက်အသွယ်ပြုခြင်း ------------------------- ၂၅၁
၂၀။ အထွေထွေကျန်းမာရေး ------------------------- ၂၅၈
၂၁။ ဣသရေလလူမျိုးတို့၏အထွေထွေကျန်းမာရေး --------- ၂၆၄

## မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | ဆင်ယင်ထုံးဖွဲ့မှု | ၂၇၄ |
| ၂၃။ | အစားအစာနှင့်ကျန်းမာရေး | ၂၈၄ |
| ၂၄။ | အသွားစားခြင်း | ၂၉၉ |
| ၂၅။ | အစားအသောက်တွင်တစ်ဖက်စွန်းရောက်ခြင်း | ၃၀၆ |
| ၂၆။ | စိတ်ကြွစေသောအရာများနှင့်နိကိုတင်း | ၃၁၂ |
| ၂၇။ | သေရည်သေရက်ရောင်းဝယ်ခြင်းနှင့်တားမြစ်ချက်များ | ၃၂၃ |
| ၂၈။ | အိမ်တွင်းသာသနာ | ၃၃၀ |
| ၂၉။ | အိမ်ထောင်ကိုတည်ဆောက်သူများ | ၃၃၇ |
| ၃၀။ | အိမ်ထောင်အတွက်ရွေးချယ်ပြင်ဆင်ခြင်း | ၃၄၅ |
| ၃၁။ | မိခင် | ၃၅၂ |
| ၃၂။ | ရင်သွေးငယ်များ | ၃၆၀ |
| ၃၃။ | အိမ်ထောင်၏ဩဇာသက်ရောက်မှု | ၃၇၀ |
| ၃၄။ | စစ်မှန်သောပညာရေးသာသနာပြုရန် လေ့ကျင့်သင်ကြားပေးခြင်း | ၃၇၈ |
| ၃၅။ | ဘုရားသခင်နှင့်စပ်ဆိုင်၍ စစ်မှန်သောအတွေ့အကြုံ | ၃၉၃ |
| ၃၆။ | လက်တွေ့သမားတို့၏ဘေးရန် | ၄၁၅ |
| ၃၇။ | ခရစ်ယာန်ပညာရေးအစစ်နှင့်အတု | ၄၃၀ |
| ၃၈။ | စစ်မှန်သောပညာရပ်များကိုရှာဖွေရန်အရေးကြီးမှု | ၄၄၅ |
| ၃၉။ | ဘုရားသခင့်နှုတ်ထွက်စကားတော်မှရရှိသော ပညာအတွေ့အကြုံ | ၄၅၄ |
| ၄၀။ | နေ့စဉ်အသက်တာတွင်ကူညီမစခြင်း | ၄၆၅ |
| ၄၁။ | အခြားသူများနှင့်ဆက်ဆံခြင်း | ၄၈၂ |
| ၄၂။ | ဖွံ့ဖြိုးတိုးတက်မှုနှင့်အမှုတော်ဆောင်ခြင်း | ၅၀၀ |
| ၄၃။ | သာလွန်သောအတွေ့အကြုံများ | ၅၀၈ |


---oo---



## နိဒါန်း

ကမ္ဘာကြီးသည်ဖျားနာလျက်ရှိသည်။ လူများစုဝေးရာအရပ်များ၌ ရောဂါအနာများတည်ရှိနေ၏။ နေရာတိုင်းတွင် သက်သာမှုများကိုရှာဖွေလျက် ရှိပါသည်။

လူ၌ရောဂါအနာများဖိစီးလျက် သွားလာလှုပ်ရှားရာတွင် အင်အားများကုန်ခန်းကာ အသက်တိုခြင်းသည် ဖန်ဆင်းရှင်ဘုရားသခင်၏အလိုတော်မဟုတ်ခဲ့ပါ။ သို့သော် လူတို့၏စိတ်နှလုံးတွင် အပြစ်များဝင်ရောက်လာပြီး အသက်တာနှင့်ကျန်းမာခြင်းကိုပိုင်ဆိုင်သည့်အရှင်ကိုဆန့်ကျင်လာကာ ဘုရားသခင်ချမှတ်ထားသည့်စည်းကမ်းများကို ချိုးဖောက်လာကြပါသည်။ ဤအပြစ်များ၏အဖိုးအခများသည် နာကျင်မှု၊ ရောဂါအနာများနှင့်သေခြင်းတို့ဖြစ်သည်။

မိမိကိုယ်ခန္ဓာကိုဖွဲ့စည်းထားသည့်စည်းကမ်းများနှင့် ဤဒေသများအတိုင်းလိုက်နာနေထိုင်ရန်မှာ အရေးကြီးဆုံးသောတာဝန်ဖြစ်ပါသည်။ စစ်မှန်သောပျော်ရွှင်မှုကိုအထောက်အကူပြုသည့် သာယာပျော်ရွှင်သောအိမ်ထောင်၊ ခန္ဓာကိုယ်လည်ပတ်မှုတို့အတွက် ဤစည်းကမ်းများကိုလိုက်နာခြင်းနှင့်လူမှုပေါင်းသင်းဆက်ဆံမှုများရှိရန် လိုအပ်ပါသည်။

ရောဂါများဝင်ရောက်လာသောအခါ ပြန်လည်ကျန်းမာလာရန်အတွက် သဘာဝ၏ကုထုံးများကို အထောက်အကူပြုမည့်ကုသနည်းများကိုအသုံးပြုရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် ပိုမိုအရေးကြီးသောမေးခွန်းတစ်ခုမှာ ကျွန်ုပ်တို့အတွက်အသက်ကိုပေးခဲ့ပြီး ကျွန်ုပ်တို့၏ပျော်ရွှင်သာယာမှုအတွက် အရာရာကိုစွန့်တော်မူခဲ့ကာ ယနေ့ကျွန်ုပ်တို့ဘဝကိုစိတ်ဝင်စားတော်မူသည့် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ကျွန်ုပ်တို့၏ဆက်ဆံရေးပင်ဖြစ်ပါသည်။

ဤစာအုပ်ကိုရေးသားသည့် စာရေးသူအမျိုးသမီးသည် ဘဝ၌လက်တွေ့ကျသောအတွေ့အကြုံများရှိပြီး မိဘတိုင်း၊ သားသမီးတိုင်းနှင့် လူအလွှာအသီးသီးတို့အတွက် အလွန်ရှားပါးသောပညာအတွေ့အကြုံများကို ရရှိပြီး အသက်တာရှင်သန်မှုနှင့်ဆိုင်သောစည်းကမ်းများ၊ ကျန်းမာခြင်းနှင့် ၎င်းအတွက်လိုအပ်ချက်များ၊ ရောဂါများနှင့်ကုထုံးများအပြင် ဝိညာဉ်ရေး

# နိဒါန်း

နာမကျန်းသူများအဖို့ သက်သာပျောက်ကင်းသော ဂိလဒ်မှပရုပ်ဆီကိုပိုင်ဆိုင်သူဖြစ်ပါသည်။

ဤစာအုပ်ကိုရေးသားရာ၌ လေ့လာသင်ယူလိုသူအတွက် သွန်သင်ချက်များ၊ စိတ်ပျက်နေသူများအတွက်အားပေးချက်များ၊ နာမကျန်းသူများအဖို့ အားဆေးတစ်ခွက်နှင့် ပင်ပန်းနွမ်းနယ်သူများအဖို့ခွန်အားဖြစ်စေရန် ရိုးရိုးနှင့်ရှင်းရှင်းရေးသားထားပါသည်။ ဆယ်စုနှစ်အနည်းငယ်တွင် ဤစာအုပ်ကို နိုင်ငံပေါင်းများစွာ၌ ကမ္ဘာ့အဓိကဘာသာများဖြင့် လူထောင်ပေါင်းများစွာအတွက် အကြိမ်ကြိမ်ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

ဤစာအုပ်ဖြင့် ပိုမိုကောင်းမွန်သောနည်းလမ်းများ၊ ပျော်ရွှင်ဝမ်းမြောက်ပြီး ပိုမိုရိုးသားသောအသက်တာဖြင့် ရယူခြင်းထက်ပေးကမ်းခြင်းက သာ၍မြတ်သည်ဟူသောစကားနှင့်အညီ ထုတ်ဝေသူများမှ စေတနာကိုအရင်းခံ၍ ထုတ်ဝေလိုက်ပါသည်။

**ထုတ်ဝေသူများ**

စစ်မှန်သောကျန်းမာရေးခရစ်ယာန်သာသနာပြု

အခန်း (၁)

# ကျွန်ုပ်တို့အတွက်နမူနာ

သခင်ခရစ်တော်သည် လူသားများ၏လိုအပ်ချက်များကိုဖြည့်ဆည်းရန် ဤလောကသို့ကြွဆင်းလာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားများ၏အကျိုးကိုဆောင်ရန် "ကျွန်ုပ်တို့၏အနာရောဂါများကို ယူတင်ဆောင်ရွက်လေသည်" (မဿဲ ၈း၁၇)။ ကိုယ်တော်သည် အနာရောဂါဆင်းရဲခြင်းများနှင့်အပြစ်များကိုဖယ်ရှားရန် ကြွဆင်းတော်မူခဲ့ပါသည်။ ကိုယ်တော်သည် လူသားများအား ကျန်းမာခြင်း၊ ငြိမ်းချမ်းမှုနှင့်ပြည့်စုံသောအကျင့်များပေးပြီးနဂိုအခြေအနေသို့မြှင့်တင်ရန် ရည်ရွယ်တော်မူခဲ့ပါသည်။

ကိုယ်တော်ထံသို့လာရောက်ခဲ့သူများသည် အခြေအနေအမျိုးမျိုးနှင့်ဆင်းရဲခက်ခဲမှုအဖုံဖုံရှိသော်လည်း တစ်ဦးတစ်ယောက်ကိုမျှ မငြင်းပယ်ခဲ့ပါ။ ကိုယ်တော်ထံမှလူသားများအတွက် ကိုယ်ဆင်းရဲစိတ်ဆင်းရဲနှင့် ဝိညာဉ်ရေးအခက်အခဲများကိုပျောက်ကင်းစေမည့်တန်ခိုးတော်သည် အမြဲစီးဆင်းလျက်ရှိခဲ့သည်။

ကိုယ်တော်၏အမှုတော်သည် အချိန်နှင့်ဒေသကန့်သတ်ချက်မရှိ၊ ကိုယ်တော်၏မေတ္တာကရုဏာသည်လည်း အတိုင်းအဆမရှိခဲ့ပါ။ ကိုယ်တော်၏အမှုတော်သည် အလွန်ကြီးမြတ်သောကြောင့် ကိုယ်တော်၏နောက်သို့လိုက်သည့်လူများကိုလက်ခံရန် ကြီးမားသည့်အဆောက်အအုံဟူသည် မရှိတော့ပါ။ ထို့ကြောင့် ကိုယ်တော်သည် တောင်ကုန်းများ၏ခြေရင်း၊ လူသွားလမ်းနံဘေး၊ ပင်လယ်ကမ်းခြေနှင့်ဗိမာန်တော်များ၌ နေရာအမြောက်အမြားတွင် လူနာများကိုကုသရန် စီမံခဲ့ရပါသည်။ ကိုယ်တော်ကြွရောက်ခဲ့သည့်မြို့တိုင်းရွာတိုင်းတွင် လူနာများကိုပျောက်ကင်းစေခဲ့ပါသည်။ အခါအခွင့်ရတိုင်းလည်း အဖဘုရားသခင်၏မေတ္တာတော်ဖြင့် လူသားများကိုနှစ်သိမ့်ခဲ့ပါသည်။ ကိုယ်တော်သည် အခက်အခဲတွေ့နေသူများကို တစ်နေ့လုံးမစခဲ့ပြီး ညနေ





ပိုင်းများတွင် လက်လုပ်လက်စားနှင့်နေ့စားလုပ်သူများကို ဆက်လက်ကူညီတော်မူခဲ့သည်။

သခင်ခရစ်တော်သည် လူသားများကိုကယ်တင်ရန်အတွက် ကြီးမားသောဝန်ထုပ်ကြီးကိုထမ်းရွက်တော်မူခဲ့သည်။ လူသားမျိုးနွယ်တစ်ခုလုံးသည် ပြုပြင်ပြောင်းလဲခြင်းမရှိပါက ထာဝရဆုံးရှုံးသွားလိမ့်မည်ကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ ကိုယ်တော်ထမ်းရွက်တော်မူခဲ့သည့်ဝန်ထုပ်ကြီးကို မည်သူမျှနားလည်ခြင်းမရှိခဲ့ပါ။ ကိုယ်တော်သည် ငယ်စဉ်ဘဝမှစ၍ ဘဝကိုတစ်ဦးတည်းလျှောက်လှမ်းတော်မူခဲ့သည်။ သို့သော် ကိုယ်တော်၏အနားတွင်ရှိသူများအတွက် ကောင်းကင်နိုင်ငံရောက်သည့်အလားဖြစ်ခဲ့ရပါသည်။ နေ့စဉ်နှင့်အမျှ စုံစမ်းနှောင့်ယှက်ခြင်းများကိုရင်ဆိုင်ခဲ့ပြီး မိမိကယ်တင်ရန်ကြွရောက်ခဲ့သည့် လူသားများအပေါ်သို့ အပြစ်၏ဩဇာသက်ရောက်မှုကို မြင်တော်မူခဲ့သော်လည်း ကိုယ်တော်သည် စိတ်ဓာတ်ကျခြင်းမရှိခဲ့ပါ။

သခင်ခရစ်တော်သည် ဤလောကသို့ကြွဆင်းလာတော်မူသောအခါ မိမိရည်ရွယ်ထားတော်မူသည့်အတိုင်း လုပ်ဆောင်တော်မူခဲ့ပြီး တစ်သက်လုံးတွင် အဖခမည်းတော်၏အလိုကျနေထိုင်တော်မူခဲ့သည်။ မယ်တော်ကသားပျောက်ဆုံး၍ ကျမ်းတတ်ဆရာများ၏အလယ်၌ပြန်တွေ့သောအခါ ကိုယ်တော်အား၊ "ငါ့သား၊ အဘယ်ကြောင့်ငါတို့အားဤသို့ပြုသနည်း" ဟုမေးသော်၊ ကိုယ်တော်သည် မိမိရည်ရွယ်ချက်ကို ဤကဲ့သို့မိန့်မှာတော်မူခဲ့ပါသည်။ "မိဘသည် အဘယ်ကြောင့်အကျွန်ုပ်ကိုရှာရပါသနည်း၊ အကျွန်ုပ်သည် အဖ၏အိမ်၌နေရသည်ကိုမသိပါသလော" လုကာ ၂း၄၈–၄၉။

ကိုယ်တော်၏အသက်တာတွင် မိမိ၏အလိုကိုအစဉ်ငြင်းပယ်တော်မူခဲ့ပါသည်။ ဤလောက၌ရှိစဉ် သခင်ခရစ်တော်၌နေစရာအိမ်မရှိဘဲ မိတ်ဆွေများကိုသာအားကိုးခဲ့ရပါသည်။ ကျွန်ုပ်တို့၏ကိုယ်စား အဆင်းရဲဆုံးအသက်တာဖြင့် အခက်အခဲတွေ့နေသူများကိုကူညီရန် ကိုယ်တော်နေထိုင်တော်မူခဲ့ပါသည်။ လူအများ၏ချီးကျူးဂုဏ်ပြုခြင်းကို မက်မောခြင်းမရှိဘဲ မိမိကူညီခဲ့သူများအကြားတွင် ကိုယ်တော်သည် အစဉ်သွားလာနေထိုင်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် အစဉ်စိတ်ရှည်၍ပျော်ရွှင်တော်မူခဲ့ပြီး အခက်အခဲတွေ့နေသူများသည် ကိုယ်တော်အားငြိမ်သက်ခြင်းနှင့်အသက်ပေးပိုင်သူအဖြစ်ကြို့ဆိုခဲ့ပါသည်။ ကိုယ်တော်သည် ယောကျ်ားများ၊ မိန်းမများ၊ ကလေးများနှင့်လူငယ်များ၏လိုအပ်ချက်များကို အမြဲသိရှိခဲ့ပြီး "ငါ့ထံသို့လာကြ" ဟု အစဉ်ဖိတ်ခေါ်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် မိမိ၏အသက်တာ၌ တရားဟောခြင်းထက် နာမကျန်းသူများကိုကုသခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့ပါသည်။ "ငါသည် ဖျက်ဆီးရန်လာသည်မဟုတ်၊ ကယ်တင်ရန်လာသည်" ဟုဆိုသော ကိုယ်တော်၏မိန့်မှာချက်ကို အံ့ဖွယ်များဖြင့်သက်သေပြတော်မူခဲ့ပါသည်။ ကိုယ်တော်ကြွလေရာရာတိုင်း၌ မိမိ၏ကရုဏာသတင်းပြန့်ပွားခဲ့ပါသည်။ မေတ္တာတော်ကိုခံစားရသူများသည် ကျန်းမာသောအသက်တာဖြင့် ပျော်ရွှင်လျက်ရှိပြီး အသက်တာအသစ်ဖြင့်နေထိုင်ခဲ့ရပါသည်။ ဤသူများတွင်လူများဝိုင်းအုံလျက် ၎င်းတို့၏အတွေ့အကြုံများကို နားထောင်ကြပါသည်။ ကိုယ်တော်၏ကရုဏာတော်ကိုခံစားရသူများအဖို့ ကိုယ်တော်၏အသံသည် ၎င်းတို့ပထမဦးဆုံးကြားခဲ့ရသောအသံ၊ ကိုယ်တော်၏နာမတော်သည် ပထမဦးဆုံးရွတ်ဆိုခဲ့ရသောစကားလုံး၊ ကိုယ်တော်၏မျက်နှာတော်သည် ပထမဦးဆုံးမြင်ရသောမျက်နှာတော်ဖြစ်နေသောကြောင့် ကိုယ်တော်အားမချစ်ဘဲ၊ ဘုန်းတော်ကိုမချီးမွမ်းဘဲမနေနိုင်ခဲ့ကြပါ။ ကိုယ်တော်ကြွမြန်းတော်မူခဲ့သည့်မြို့ရွာတိုင်းတွင် ဝမ်းမြောက်ခြင်းနှင့်အသက်ရှင်ခြင်းရှိခဲ့ရပါသည်။

ဇာဗုလုန်ခရိုင်နှင့်နဿလိခရိုင်တည်းဟူသော အိုင်နားလျှောက်သောလမ်း၊ ယောဒန်မြစ်တစ်ဖက်၊ မယုံကြည်သူနေရာဂါလိလဲပြည်၊ မှောင်မိုက်ထဲမှာရှိနေသောလူများသည် ကြီးစွာသောအလင်းကိုမြင်ရ၍ သေမင်း၏နိုင်ငံအရိပ်တွင်ရှိနေသောသူတို့၌ အလင်းပေါ်ထွန်းလျက်ရှိ၏။ မဿဲ ၄း၁၅–၁၆။

ကိုယ်တော်သည် ရောဂါခံစားရသူများကို ပျောက်ကင်းစေတော်မူသည့်အခါတိုင်း၌ ဝိညာဉ်ရေးဆိုင်ရာသွန်သင်ချက်များကိုလည်း တစ်ပါတည်းပေးတော်မူခဲ့ခြင်းဖြင့် မိမိအမှုတော်၏ရည်ရွယ်ချက်ကို ဖြည့်ဆည်းခဲ့ပါသည်။



လောကီဆိုင်ရာကောင်းချီးများပေးခြင်းဖြင့် ကျေးဇူးတော်၏သတင်းစကားကိုလက်ခံလာရန် လူသားများ၏စိတ်နှလုံးကို ပြုပြင်ခဲ့ပါသည်။

ယုဒနိုင်ငံ၏ကျမ်းတတ်ဆရာကြီးများအလယ်တွင် ကိုယ်တော်သည်အကြီးမြတ်ဆုံးရာထူးကိုရနိုင်သော်လည်း ဆင်းရဲသူများထံသတင်းစကားကိုယူဆောင်ရန် ကိုယ်တော်ရွေးချယ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် တစ်နေရာမှတစ်နေရာသို့ကြွမြန်းတော်မူပြီး လမ်းကြိုလမ်းကြား၌ရှိသောသူများအား သတင်းစကားကိုကြားသိစေခဲ့ပါသည်။ ပင်လယ်ကမ်းနံဘေး၊ တောင်တန်းများနံဘေး၊ မြို့တွင်းလမ်းများနှင့်ဗိမာန်တော်များတွင် ကောင်းကင်ဆိုင်ရာသတင်းစကားကို ရှင်းပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မယုံကြည်သူများအား ကောင်းကင်သတင်းစကားကြားသိရန် မကြာခဏ ဗိမာန်တော်၏အပြင်ဘက်တွင် သွန်သင်တော်မူခဲ့ပါသည်။

ကိုယ်တော်၏ကျမ်းစာသွန်သင်ချက်များသည် ဖာရိရှဲများကဲ့သို့မဟုတ်သောကြောင့် လူများကိုဆွဲဆောင်နိုင်ခဲ့ပါသည်။ ဖာရိရှဲကျမ်းတတ်ဆရာများသည် မိရိုးဖလာနှင့်လူ့အတွေးအခေါ်များကိုအခြေခံ၍ ဘုရားသခင်၏စကားတော်အစား လူ့အလိုကိုဦးစားပေးသင်ကြားခဲ့ပါသည်။ သခင်ခရစ်တော်ကမူ အဖခမည်းတော်၏စကားကိုသာ သင်ကြားပေးခဲ့ပါသည်။ မေးခွန်းတိုင်းကို "ကျမ်းစာလာသည်ကား၊" "ကျမ်းစာ၌မည်ကဲ့သို့ဖော်ပြသနည်း၊" "မည်ကဲ့သို့ဖတ်ရသနည်း" ဖြင့်သာဖြေကြားခဲ့ပါသည်။ ကိုယ်တော်သည် မိတ်ဆွေ၊ ရန်သူမခွဲခြားဘဲ အခါအခွင့်သင့်တိုင်း ကောင်းကင်သတင်းစကားကို ရှင်းလင်းစွာနှင့်တန်ခိုးတော်ဖြင့် သွန်သင်တော်မူခဲ့ပါသည်။ လူသားများအား ရှေးပုရောဖက်များ၏သွန်သင်ချက်များနှင့် ကျမ်းချက်များကိုအမြင်သစ်ဖြင့်နားလည်ရန် အလင်းတော်ကိုပေးတော်မူခဲ့ပါသည်။ ကိုယ်တော်၏သတင်းစကားကိုနားထောင်သူများသည် မည်သည့်အခါမျှ ဤကဲ့သို့နက်နဲသောသွန်သင်ချက်များကို မကြားသိခဲ့ရပါ။

သခင်ခရစ်တော်ကဲ့သို့ကျမ်းစာဆရာမျိုး တစ်ခါမျှမရှိခဲ့ပါ။ ကိုယ်တော်သည် ကောင်းကင်နိုင်ငံ၏အရှင်ဖြစ်သော်လည်း လူသားများကိုကယ်တင်ရန်

လူ့ဇာတိကိုခံယူခဲ့ပါသည်။ ဆင်းရဲချမ်းသာမရွေး လူတန်းစားအလွှာအသီးသီး လူသားအားလုံးအတွက် သခင်ခရစ်တော်သည် ကယ်တင်ခြင်းသတင်းစကားကို ယူဆောင်လာခဲ့ပါသည်။ ပလတိဇာတစ်ပြည်လုံးတွင် ကိုယ်တော်၏သတင်းပြန့်လျက်ရှိသည်။ နာမကျန်းသောသူများသည် ကိုယ်တော်သွားမည့်လမ်းတွင်စောင့်လျက် အကူအညီတောင်းခံကြသကဲ့သို့ ကိုယ်တော်၏နှုတ်တော်ထွက်စကားများနှင့် လက်တော်ဖြင့်ထိတွေ့ရန်လည်း များစွာချဉ်းကပ်ကြပါသည်။ ဤနည်းဖြင့် ဘုန်းတော်၏သခင်သည် လူ့ဇာတိကိုခံယူလျက် အမြို့မြို့အရွာရွာများသို့လှည့်လည်တော်မူပြီး ဖျားနာသူများကိုကုသလျက် ဧဝံဂေလိသတင်းစကားကို ဖြန့်ဝေတော်မူခဲ့သည်။

ယုဒနိုင်ငံတော်မှကျင်းပသည့် နှစ်စဉ်ပွဲတော်များကိုတက်ရောက်လျက် ကိုယ်တော်သည် လောကရေးရာအပြင်အဆင်များနှင့် တင်းတိမ်သူများအား ကောင်းကင်နိုင်ငံတော်နှင့်စပ်ဆိုင်သည်များကို ပြသတော်မူခဲ့ပါသည်။ လူအများနားလည်စေရန် ရိုးရိုးနှင့်ရှင်းလင်းစွာဖြင့် သင်ကြားကာဝန်လေးပြီးအခက်အခဲတွေ့နေသူများကို ကူညီခဲ့ပါသည်။ အပြစ်ကိုခံစားနေရသူများ ပျောက်ကင်းသက်သာစေရန် ကိုယ်တော်သည် တန်ခိုးနှင့်ခွန်အားကို ယူဆောင်လာတော်မူခဲ့ပါသည်။

သခင်တကာတို့၏သခင်သည် လူများကိုချဉ်းကပ်ရန် ၎င်းတို့၏အသိုက်အဝန်းကို ဝင်ရောက်ခဲ့သည်။ နားထောင်နေသူများ၏စိတ်ထဲတွင်စွဲကျန်ရစ်ရန် ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ လူသားများ၏လိုအပ်ချက်များကိုဖြည့်ဆည်းရန်နှင့်ပျော်ရွှင်မှုရှိစေရန် ကိုယ်တော်သွန်သင်တော်မူခဲ့သည်။ ကိုယ်တော်၏သွန်သင်ချက်များသည် ထိရောက်မှုရှိပြီး ဥပမာများသည် မှန်ကန်သင့်လျော်ပါသည်။ ကိုယ်တော်၏စကားတော်များသည် အကြင်နာတရားနှင့်ပြည့်ဝပြီး ဖျားနာသူများအဖို့ စိတ်ချမ်းသာစေခဲ့သည်။ ရှင်းလင်းလွယ်ကူပြီး ရိုးသားမှုရှိသောစကားတော်များဖြင့် လူသားများ၏လိုအပ်ချက်များကို ဖြည့်ဆည်းတော်မူခဲ့ပြီး စကားတော်တိုင်းကိုလေးနက်စေခဲ့ပါသည်။



ကိုယ်တော်၏အသက်တာတွင် အလွန်အလုပ်များခဲ့ပါသည်။ နေ့စဉ်ရက်ဆက် ကိုယ်တော်သည် ဆင်းရဲ၍ဝန်လေးသူများ၊ သောကများလျက်စိတ်ပျက်သူများအဖို့ မျှော်လင့်ချက်များကိုပေးတော်မူခဲ့ပါသည်။ သနားခြင်းကရုဏာမေတ္တာတော်ဖြင့် ဝမ်းနည်းပူဆွေးသောသူများကိုအားပေးတော်မူခဲ့ပြီး ရောက်လေရာရာ၌ကောင်းချီးများကို ဖြန့်ဝေတော်မူခဲ့ပါသည်။

ကိုယ်တော်သည် ဆင်းရဲသူများကိုမစသည့်အပြင် ချမ်းသာသောသူများကိုလည်း ချဉ်းကပ်ရန်လေ့လာခဲ့ပါသည်။ ချမ်းသာ၍ဂုဏ်ရှိသောဖာရိရှဲများ၊ ယုဒအမတ်များနှင့်ရောမစစ်သူရဲကြီးများတို့သည် ရင်းနှီးရန်မိတ်ဖွဲ့ခဲ့ပါသည်။ ဤသူများ၏ပင့်ဖိတ်ချက်များကိုလက်ခံပြီး ၎င်းတို့၏အလုပ်အကိုင်နှင့်လိုအပ်ချက်များကိုသိရှိရန်ကြိုးစားပြီး ပျောက်ဆုံးခြင်းမရှိနိုင်သော အဖိုးထိုက်တန်သည့်ရတနာများကိုပေးအပ်နိုင်ရန် ကြိုးစားတော်မူခဲ့ပါသည်။

ကောင်းကင်မှတန်ခိုးတော်ဖြင့် သန့်ရှင်းသည့်အသက်တာနှင့်နေထိုင်နိုင်သည်ကိုသက်သေပြရန် သခင်ခရစ်တော်သည် ဤလောကသို့ကြွဆင်းလာတော်မူခဲ့ပါသည်။ လူသားများ၏အားနည်းချက်များကို စိတ်ရှည်စွာဖြင့် ကိုယ်တော်သည် သည်းခံတော်မူခဲ့ပါသည်။ ကရုဏာ၏တို့ထိချက်ဖြင့် သံသယစိတ်များကိုဖယ်ရှားခဲ့ပြီး မုန်းတီးမှုကိုမေတ္တာနှင့်လည်းကောင်း၊ ယုံကြည်မှုကင်းမဲ့သူများကို ယုံကြည်သူများဖြစ်လာရန်လည်းကောင်း ပြုပြင်တော်မူခဲ့ပါသည်။

ကိုယ်တော်သည် မည်သူကိုမဆို "ငါ့နောက်သို့လိုက်လော့" ဟုဆိုခဲ့သော်လည်း၊ ထိုသူသည် လောက၏တပ်မက်မှုကိုစွန့်ကာ နောက်တော်သို့လိုက်ခဲ့ပါသည်။ ကိုယ်တော်၏အသံတော်ကြောင့် လောဘ၊ ဒေါသ၊ မောဟများလွင့်စင်ခဲ့ပါသည်။

## ညီရင်းအစ်ကိုချစ်ခြင်း

သခင်ခရစ်တော်၌ လူမျိုး၊ ဘာသာ၊ ရာထူးအဆင့်အတန်းခွဲခြားခြင်းမရှိခဲ့ပါ။ ဖာရိရှဲများနှင့်ကျမ်းတတ်ဆရာများက ဘုရားသခင်၏ကောင်းချီး

များကို မိမိတို့အမျိုးသားများအတွက်သာသတ်မှတ်လိုပြီး ဘုရားသခင်၏ အခြားသားသမီးများကိုမပေးလိုပေ။ သို့သော် သခင်ခရစ်တော်သည် ဤခွဲခြားမှုကိုဖယ်ရှားကာ ဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာတော်သည် ဤလောကပေါ်သို့သက်ရောက်လျက်ရှိသောနေ့၊ မိုးနှင့်လေကဲ့သို့ မျက်နှာလိုက်ခြင်းမရှိသည်ကိုထင်ရှားစေရန် ဤလောကသို့ကြွဆင်းလာတော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် လူမျိုး၊ ဘာသာအဆင့်အတန်းခွဲခြားခြင်း မရှိ၊ ဘုရားသခင်၏ရှေ့တော်မှောက်တွင် အားလုံးတူညီသည်ဟူသော ခရစ်ယာန်ဘာသာရေးအယူအဆကို သက်သေထူခဲ့သည်။ ကိုယ်တော်သည် အိမ်နီးချင်းနှင့်သူစိမ်း၊ မိတ်ဆွေနှင့်ရန်သူခွဲခြားခြင်းမရှိခဲ့ပါ။ သခင်ခရစ်တော်သည် ထာဝရစမ်းရေငတ်သောသူကိုသာ ရှာဖွေတော်မူခဲ့သည်။ သခင်ခရစ်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စွန့်ပစ်ခြင်းမရှိခဲ့ပါ။ လူတိုင်းအတွက် အပြစ်မှချမ်းသာမှုကိုပေးခဲ့ပါသည်။ ကြွလေရာရာ၌ အချိန်အခါနှင့်ကိုက်ညီမည့်သွန်သင်ချက်များကို ဆုံးမခဲ့ပါသည်။ တစ်ဖက်သားအားရှုတ်ချ၍ အထင်သေးခံရသူများကိုမြင်လျှင် ပို၍ပင်ကရုဏာသက်ရောက်တော်မူခဲ့ပါသည်။ ကြမ်းတမ်း၍မျှော်လင့်ခြင်းမရှိသူများအဖို့ အပြစ်မဲ့အန္တရာယ်ကင်းသည့်အသက်တာဖြင့် နေထိုင်သွားနိုင်မည့်အကြောင်းကို အားပေးခဲ့ပါသည်။

ကိုယ်တော်သည် မကြာခဏစာတန်၏ချုပ်နှောင်ခြင်းကိုခံနေရသူများနှင့်ဆုံတွေ့ခဲ့ပါသည်။ အပြစ်နှင့်ပြည့်ဝလျက်ရှိပြီး မျှော်လင့်ချက်ကင်းနေသူများကိုတွေ့သောအခါ ကရုဏာအပြည့်နှင့်ဤသူများနားလည်နိုင်သောစကားလုံးများဖြင့် ကိုယ်တော်သည်အားပေးခဲ့ပါသည်။ စာတန်၏နှောင့်ယှက်ခြင်းကို အလူးအလဲခံနေရသူများကိုလည်း ဘုရားသခင်ဘက်၌သစ္စာရှိပြီး၊ ကောင်းကင်တမန်များသည် သူတို့ကိုကူညီရန် နံဘေးတွင်ရှိကြောင်းနှင့် စာတန်ကိုအနိုင်ယူတိုက်လှန်နိုင်မည်အကြောင်းကို အားပေးတော်မူခဲ့ပါသည်။

အခွန်ခံများ၏စားပွဲ၌ အထူးဧည့်သည်အဖြစ် ဖိတ်ကြားခြင်းခံရသောအခါ ကိုယ်တော်၏မေတ္တာတော်နှင့်ကြင်နာမှုသည် နိမ့်ကျသူများကိုပင် အသိအမှတ်ပြုဆက်ဆံခဲ့ပါသည်။ ထိုကြောင့် လူအပေါင်းတို့သည်



ကိုယ်တော်၏အနီးတွင်ဝင်ရောက်ချဉ်းကပ်ခွင့်ရရှိခဲ့ပါသည်။ ဤကဲ့သို့သောသူများအတွက် ကိုယ်တော်၏စကားတော်များသည် အသက်စမ်းရေနှင့် ကောင်းချီးများအဖြစ် ကျရောက်ခဲ့ပါသည်။ နိမ့်ကျ၍စွန့်ပယ်ခြင်းခံရသူများအဖို့ မျှော်လင့်ချက်ရောင်ခြည်များသန်းလာခဲ့ပါသည်။

သခင်ခရစ်တော်သည် ယုဒလူမျိုးဖြစ်သော်လည်း ရှမာရိလူမျိုးနှင့် တရင်းတနှီးဆက်ဆံကာ ဖာရိရှဲများ၏အကျင့်များကို အကျိုးမဲ့စေခဲ့ပါသည်။ ဤစွန့်ပယ်ခြင်းခံရသူများ၏ဧည့်ခံခြင်းကိုလက်ခံတော်မူပြီး ၎င်းတို့ကိုယ်တိုင်ပြင်ဆင်ခဲ့သော အစားအစာများကိုစားသုံးပြီး ၎င်းတို့နှင့်အတူ တစ်အိမ်တည်း၌အိပ်စက်ခဲ့သည့်အပြင် ထိုသူများ၏ရပ်ရွာများ၌ တရားတော်များကိုချီးမြှင့်ခဲ့ပြီး မေတ္တာကရုဏာအပြည့်နှင့်ဆက်ဆံခဲ့ပါသည်။ ဤကဲ့သို့မေတ္တာဖြင့် ရှမာရိလူမျိုးများကိုဆွဲဆောင်ခဲ့ပြီး ကျေးဇူးတော်အားဖြင့် ယုဒလူမျိုးတို့ငြင်းပယ်ခဲ့သော ကယ်တင်ခြင်းကျေးဇူးတော်ကို ပေးအပ်တော်မူခဲ့ပါသည်။

## ကိုယ်တိုင်သာသနာပြုခြင်း

ဧဝံဂေလိကယ်တင်ခြင်းသတင်းစကားကို ပြောကြားရန်အခွင့်အရေးကို ကိုယ်တော်သည် မည်သည့်အခါမျှလက်လွှတ်ခြင်းမရှိခဲ့သည်ကို ရှမာရိအမျိုးသမီးအားပြောဆိုသည်ကိုကြည့်ပါကသိနိုင်ပါသည်။ ကိုယ်တော်သည် ယာကုပ်၏ရေတွင်းနံဘေးတွင်ထိုင်နေတော်မူစဉ် ဤအမျိုးသမီးသည် ရေခပ်ရန်ရောက်လာခဲ့ပါသည်။ ကိုယ်တော်က "ငါသောက်ရန်ရေပေးပါ" ဟုမိန့်တော်မူသောအခါ အမျိုးသမီးသည် အံ့သြခဲ့ရပါသည်။ ကိုယ်တော်သည် အေးသောရေကိုသောက်လိုသည့်အပြင် ဤမိန်းမအား ထာဝရစမ်းရေကိုလည်းပေးလိုပါသည်။ ဤအမျိုးသမီးကလည်း "သင်သည်ယုဒလူမျိုးဖြစ်လျက်ပင် ရှမာရိမိန်းမဖြစ်သောအကျွန်ုပ်ကို အဘယ်ကြောင့်သောက်ရေတောင်းသနည်း၊ အဘယ်ကြောင့်ဆိုသော် ယုဒလူမျိုးတို့သည် ရှမာရိလူမျိုးတို့နှင့် ပေါင်းဖော်ခြင်းမရှိ" ဟုဆိုခဲ့ပါသည်။ ကိုယ်တော်ကလည်း "ဘုရားသခင့်

ကျေးဇူးတော်ကိုလည်းကောင်း၊ ငါ့သောက်ဖို့ရေကိုပေးပါဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း သင်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူကလည်း အသက်ရေကိုပေးလိမ့်မည်။--- ဤရေကိုသောက်သောသူသည် နောက်တစ်ဖန်ရေငတ်ဦးမည်၊ ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟုမိန့်မှာခဲ့ပါသည်။ ယောဟန် ၄း၇-၁၄။

ဤအမျိုးသမီးတစ်ဦးအပေါ်၌ ကိုယ်တော်၏စိတ်ဝင်စားမှုသည် ကြီးမားပါဘိ။ ကိုယ်တော်၏စကားတော်များသည် လေးနက်ပါပေ၏။ အမျိုးသမီးကလည်း ကိုယ်တော်၏စကားတော်များကိုကြားသောအခါ ရေအိုးကိုထားခဲ့ပြီး မြို့ထဲသို့သွားပြီးလျှင် "အကျွန်ုပ်ပြုဖူးသမျှသောအမှုအရာတို့ကို ထုတ်ဖော်သောသူကိုလာ၍ကြည့်ကြပါ၊ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော၊" "ထိုမြို့၌နေသောရှမာရိလူအများတို့သည် ယေရှုကိုယုံကြည်ကြသည်" (အငယ် ၂၉၊၃၉)။ ခေတ်အဆက်ဆက်တွင် ဤစကားများ၏အရေးပါမှုကို မည်သူကမျှအတိအကျမခန့်မှန်းနိုင်ခဲ့ကြပါ။

အမှန်တရားကိုလက်ခံဖို့အသင့်ရှိသူများကိုသွန်သင်ရန် ကိုယ်တော်သည် အဆင်သင့်ရှိတော်မူခဲ့ပါသည်။ ဤသူများကို ခမည်းတော်၏အလိုတော်ကိုဖော်ပြပြီး နှလုံးသား၏လျှို့ဝှက်ချက်များကိုပင်သိနိုင်သော သခင်၏အလိုတော်နှင့်အညီ မည်ကဲ့သို့နေထိုင်ရမည်ကို ရှင်းပြတော်မူခဲ့ပါသည်။ ဤသူများကိုပုံပြင်များဖြင့် သွယ်ဝိုက်ပြောကြားခြင်းမရှိဘဲ ရေတွင်းနံဘေးမှ အမျိုးသမီးအား မိန့်မှာခဲ့သည်နည်းတူ "သင်နှင့်စကားပြောသောငါသည် မေရှိယပင်ဖြစ်သည်" ဟု တိုက်ရိုက်ပြောကြားတော်မူခဲ့ပါသည်။

---ooo---



အခန်း (၂)

# သာသနာ ပရက်များ

ကပေရနောင်မြို့ရှိ တံငါသည်၏အိမ်တွင် ပေတရု၏ယောက္ခမသည် ဖျားနာလျက်တုံးတုံးလဲနေကြောင်းကို ကိုယ်တော်သိတော်မူသောအခါ သူမ၏လက်ကိုတို့တော်မူလျှင် အဖျားပျောက်သဖြင့် ထ၍ဧည့်သည်ဝတ်ကိုပြုလေ၏။ လုကာ ၄း၃၈။ မာကု ၁း၃၀။ မဿဲ ၈း၁၅။

ဤသတင်းသည်ချက်ချင်းပျံ့နှံ့သွားပါသည်။ ကိုယ်တော်သည် ဤအံ့ဩဖွယ်အမှုကို ဥပုသ်နေ့တွင်ပြုလုပ်သောကြောင့် လူနာများသည် ဖာရိရှဲတို့၏ရန်ကိုကြောက်သဖြင့် ကိုယ်တော်ထံသို့မလာဝံ့သော်လည်း နေဝင်လျှင်ဝင်ချင်း ချက်ချင်းအိမ်များ၊ ဆိုင်များ၊ ဈေးများနှင့်မြို့များမှလူနာများသည် ထမ်းစဉ်ဖြင့်လည်းကောင်း၊ တုတ်ထောက်နှင့်တစ်မျိုး၊ မိတ်ဆွေများ၏အကူအညီဖြင့်တစ်ဖုံ ကိုယ်တော်ရှိရာအိမ်သို့ ရောက်လာကြပါသည်။

နောက်တစ်နေ့တွင် ကိုယ်တော်သည် ဤအရပ်၌ရှိမည်မရှိမည်ကို မသိသောကြောင့် လူနာများသည် တဖွဲဖွဲဆက်တိုက်ရောက်လာကြသည်။ ကပေရနောင်မြို့တစ်ခုလုံးသည် ပျော်ရွှင်မှုနှင့်ဝမ်းမြောက်စွာကြွေးကြော်လျက် တစ်ခါမျှမကြုံဖူးသည့်အချိန်ကာလဖြစ်ခဲ့ရပါသည်။

ညဉ့်နက်၍ နောက်ဆုံးလူနာသည် ရောဂါပျောက်ကင်းသွားပြီး လူများပြန်သွားသောအခါ ရှိမုန်၏အိမ်သည် တိတ်ဆိတ်လျက်ရှိပြီး အလွန်မှပင်ပန်းတော်မူခဲ့သည့်ကိုယ်တော်သည်လည်း အနားယူတော်မူခဲ့ရပါသည်။ သို့သော်လည်း နံနက်အချိန်မိုးမလင်းမီ ကိုယ်တော်သည်ထပြီးလျှင် တောအရပ်သို့ကြွ၍ ဆုတောင်းတော်မူ၏။ မာကု ၁း၃၅။

နံနက်မိုးလင်း၍ ကိုယ်တော်အားလူများရှာကြသည်ကို ပေတရုနှင့်အဖော်သားများကလျှောက်သော် "ဘုရားသခင်၏နိုင်ငံတော်နှင့်ယှဉ်သောဧဝံဂေလိတရားကို အခြားသောမြို့ရွာများတို့၌ ငါဟောပြောရမည်" (လုကာ ၄း၄၃) ဟု တအံ့တဩပြောကြားခဲ့ပါသည်။

ကပေရနောင်မြို့၌ဖြစ်ခဲ့သော စိတ်လှုပ်ရှားဖွယ်အဖြစ်အပျက်များကြောင့် ကိုယ်တော်၏ရည်ရွယ်ချက်များပျက်လုနီးပါးဖြစ်ခဲ့ရပါသည်။ ကိုယ်တော်သည် ခန္ဓာကိုယ်၏ရောဂါများကို ပျောက်ကင်းစေနိုင်သောပျောက်စေဆေးဆရာအဖြစ် လူများ၏အာရုံကိုမဆွဲဆောင်လိုဘဲ ၎င်းတို့၏ကယ်တင်ရှင်အဖြစ်သာ လူများကိုသိစေလိုတော်မူသည်။ လောကနိုင်ငံတော်ကိုတည်ထောင်ရန် ကိုယ်တော်ကြွလာသည်ဟု လူအများထင်လိုသောအခါ ကိုယ်တော်က ဤသူများကိုဝိညာဉ်တော်နှင့်ဆိုင်ရာများသို့ အာရုံပြောင်းပေးခဲ့ပါသည်။ လောကကျော်ကြားမှုများသည် ကိုယ်တော်၏အမှုတော်ကိုနှောင့်ယှက်စေခဲ့ပါသည်။

ရာထူး၊ ဂုဏ်၊ ပကာသနများကိုကိုးကွယ်သည့် လောကအမှုအကျင့်များကို ကိုယ်တော်မလိုလားပါ။ ကိုယ်တော်သည် တစ်ကိုယ်ကောင်းစိတ်မရှိခဲ့ပါ။ လောကသားများကဲ့သို့ အခြားသူများ၏ဂုဏ်ပြုချီးမွမ်းခြင်းကိုရယူရန် မည်သည့်အခါမျှ ကိုယ်တော်မပြုလုပ်ခဲ့ပါ။ ထို့ကြောင့် ကိုယ်တော်မဖွားမြင်တော်မူမီရာစုများစွာကပင် "အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကိုမပြုမူ၍ လမ်းခရီး၌သူ၏အသံကိုဘယ်သူမျှမကြားစေရ၊ နင်းနယ်လျက်ရှိသောကျူပင်ကိုမချိုး၊ အတောက်သေးသောမီးစာကိုမသတ်၊ တရားသည်မြဲမြံခြင်းသို့ရောက်မည့်အကြောင်း စီရင်လိမ့်မည်" (ဟေရှာယ ၄၂း၂-၃) ဟု ကြိုတင်ဟောထားချက်ရှိခဲ့ပါသည်။

ဖာရိရှဲများသည် အလှူပေးခြင်း၊ ဆုတောင်းခြင်းဖြင့်ထင်ရှားမှုကိုရယူကာ လမ်းမ၊ တံတားများပေါ်တွင် ကျမ်းတတ်ဆရာများ၏ဒေါသနှင့်ငြင်းခုံသံများကို အမြဲတမ်းကြားနေရပါသည်။ ဤနည်းဖြင့် မိမိတို့၏ဘာသာရေးကိုင်းရှိုင်းမှုကို လူသိစေခဲ့ပါသည်။

သို့သော် ကိုယ်တော်နှင့်တခြားစီရှိခဲ့ပါသည်။ သခင်ခရစ်တော်၏အသက်တာတော်တစ်လျှောက်တွင် ဆူညံစွာငြင်းခုံခြင်း၊ ဆုတောင်းခြင်း၌ဝါကြွားခြင်း၊ လူအထင်ကြီးရန်ပြုလုပ်ခြင်းများကိုမတွေ့ရဘဲ သခင်ခရစ်တော်သည် ခမည်းတော်၌တည်ရှိပြီး ခမည်းတော်သည် သားတော်၏အသက်တာ



တော်၌ထင်ရှားခဲ့ပါသည်။ လူတို့သည် ဤအရာများကိုမြင်ရန် ကိုယ်တော်သည်ထင်ရှားစေခဲ့ပါသည်။

တရားတော်နေမင်းသည် ဘုန်းတန်ခိုးအပြည့်ဖြင့်တောက်ပလျက်ဤလောက၌ပေါ်ထွန်းတော်မူခြင်းမရှိခဲ့ပါ။ ကိုယ်တော်နှင့်ပတ်သက်၍ရေးသားခဲ့သည်မှာ "ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်" (ဟောရှေ ၆း၃)။ နေမင်းသည် အမှောင်ကိုခွင်း၍ဖြည်းညင်းစွာပေါ်ထွက်လာပြီး ဤလောကကိုနိုးစေသကဲ့သို့ တရားတော်နေမင်းသည် "အနာပျောက်စေသောအတောင်တို့နှင့်" ပေါ်ထွန်းတော်မူမည်။ မာလခိ ၄း၂။

"ငါထောက်မသောငါ့ကျွန်ရင်း၊ ငါနှစ်သက်မြတ်နိုးရာငါရွေးချယ်သောသူကိုကြည့်ရှုလော့" ဟေရှာယ ၄၂း၁။

"ကိုယ်တော်သည် ဆင်းရဲသောသူတို့ခိုလှုံရာ၊ ငတ်မွတ်သောသူအမှုရောက်သည်ကာလ၌ ခိုလှုံရာ၊----- မိုးသက်မုန်တိုင်းလွတ်ရာ၊ နေရောင်ကွယ်ကာရာဖြစ်တော်မူ၏" ဟေရှာယ ၂၅း၄။

မိုးကောင်းကင်ကိုဖန်ဆင်း၍ ကြက်တော်မူထသော၊ မြေကြီးနှင့်မြေကြီးထဲကဖြစ်သမျှတို့ကို ခင်းကျင်းတော်မူထသော၊ မြေကြီးပေါ်မှာရှိသောသူတို့အား အသက်ကိုလည်းကောင်း၊ မြေကြီးကိုကျော်နင်းသောသူတို့အားဝိညာဉ်ကိုလည်းကောင်း၊----- ငါထာဝရဘုရားသည် သင့်ကိုတရားသဖြင့်ခေါ်ထားသည်ဖြစ်၍ လက်ဆွဲလျက်ထောက်မမည်။ သင်သည် ကန်းသောမျက်စိတို့ကိုဖွင့်စိမ့်သောငှါလည်းကောင်း၊ ချုပ်ထားသောသူတို့ကိုလွှတ်စိမ့်သောငှါလည်းကောင်း၊ မှောင်မိုက်၌နေသောသူတို့ကို အမိုက်ထောင်ထဲကနုတ်ယူစိမ့်သောငှါလည်းကောင်း၊ သင့်ကိုလူများနှင့်ပဋိညာဉ်ဖွဲ့စရာဖို့၊ လူအမျိုးမျိုးလင်းစရာဖို့ခန့်ထားမည်။ ဟေရှာယ ၄၂း၅-၇။

မျက်စိကန်းသောသူတို့ကို မိမိတို့မသိသောလမ်းဖြင့်ငါဆောင်မည်။ မိမိတို့မကျွမ်းသောခရီး၌သွားစေမည်။ သူတို့ရှေ့မှာမှောင်မိုက်ကိုလင်းစေမည်။ ကောက်သောလမ်းကိုလည်းဖြောင့်စေမည်။ ထိုသို့သောကျေးဇူးကိုပြုမည်၊ သူတို့ကိုမစွန့်ပစ်။ အငယ် ၁၆။

ပင်လယ်ကိုကူးသောသူမှစ၍ ပင်လယ်၌ရှိသမျှတို့နှင့်တကွ တစ်ကျွန်းတစ်နိုင်ငံအရပ်များ၊ ထိုအရပ်၌နေသောသူများတို့၊ ထာဝရဘုရားအား အသစ်သောသီချင်းကိုဆိုကြလော့။ မြေကြီးစွန်းတို့မှဂုဏ်တော်ကိုချီးမွမ်းကြလော့။ တောနှင့်တကွ တော၌ရှိသောမြို့ရွာ၊ ကေဒါအရပ်သားတို့သည် ကြွေးကြော်ကြစေ။ ကျောက်၌နေသောသူတို့သည် သီချင်းဆိုကြစေ၊ တောင်ထိပ်ပေါ်က ကြွေးကြော်ကြစေ။ ထာဝရဘုရားကိုချီးမြှောက်၍ တစ်ကျွန်းတစ်နိုင်ငံအရပ်တို့၌ ဂုဏ်တော်ကိုထင်ရှားစွာချီးမွမ်းကြစေ။ ဧယ ၁၀–၁၂။

အိုး မိုးကောင်းကင်တို့၊ သီချင်းဆိုကြလော့၊ ထာဝရဘုရားပြုတော်မူပြီ။ မြေကြီးအောက်အရပ်တို့၊ ကြွေးကြော်ကြလော့။ တောင်များ၊ တောနှင့်တကွသစ်ပင်များတို့၊ ကျူးအေးသောအသံကိုပေးကြလော့။ ထာဝရဘုရားသည်ယာကုပ်ကိုရွေးနုတ်တော်မူပြီ။ ဣသရေလအားဖြင့် ဘုန်းထင်ရှားတော်မူပြီ။ ဟေရှာယ ၄၄း၂၃။

ဟေရုဒ်မင်း၏ထောင်ထဲတွင် ကယ်တင်ရှင်၏အမှုတော်နှင့်ပတ်သက်၍ စိတ်ပျက်အားငယ်လျက်ရှိနေသောယောဟန်သည် တပည့်တော်နှစ်ပါးကိုစေလွှတ်၍ သခင်ခရစ်တော်အား "ကိုယ်တော်သည်ကြွလာသောသူမှန်သလော၊ (သို့မဟုတ်) အခြားသောသူကိုမျှော်လင့်ရမည်လော" (မဿဲ ၁၁း၃) ဟုမေးလျှောက်စေခဲ့ပါသည်။ ကိုယ်တော်ကလည်း ချက်ချင်းပြန်မဖြေဘဲ တပည့်တော်နှစ်ပါးသည် ကိုယ်တော်၏အဖြေကိုစောင့်မျှော်နေစဉ်၌ပင်၊ နာမကျန်းသူများသည် ကိုယ်တော်ထံသို့ချဉ်းကပ်လာကြပါသည်။ ကိုယ်တော်၏တန်ခိုးတော်ဖြင့် နာမကျန်းသူများသည် သခင်ခရစ်တော်၏အသံကိုကြားခဲ့ကြရပါသည်။ အမိန့်တော်ဖြင့်လည်းကောင်း၊ လက်တော်ဖြင့်ထိခြင်းဖြင့်လည်းကောင်း မျက်စိအလင်းကွယ်နေသူများသည် အလင်းကိုမြင်တွေ့ခွင့်ရပြီး မိမိတို့၏ကယ်တင်ရှင်ကို ဖူးမြော်ခွင့်ရခဲ့ကြသည်။ အသက်ငင်လျက်ရှိသူများသည် ကိုယ်တော်၏အသံတော်ကိုကြားကာ ကျန်းမာသန်စွမ်းလာခဲ့ကြပါသည်။ နတ်ဆိုးများသည် ကိုယ်တော်၏အမိန့်တော်ကိုနာခံကာ နတ်ဆိုးစွဲသူများသည် ကိုယ်တော်အားဦးညွှတ်လျက်ရှိကြပါသည်။ ကျမ်းတတ်ဆရာ



ကြီးများက မသန့်ရှင်းဟုရှုတ်ချ၍ ငြင်းပယ်ခြင်းခံရသောသူဆင်းရဲသား၊ လယ်သမားများနှင့်အလုပ်ကြမ်းသမားများသည် ကိုယ်တော်ထံစုဝေးလာကြပြီး ထာဝရအသက်အကြောင်းကို နားထောင်ခဲ့ကြရပါသည်။

ဤသို့ဖြင့် ယောဟန်၏တပည့်နှစ်ပါးသည် ဤအရာများကိုမြင်ခဲ့ကြားခဲ့ရပါသည်။ နောက်ဆုံး၌သခင်ခရစ်တော်သည် တပည့်တော်နှစ်ပါးအားခေါ်၍ မိမိတို့တွေ့ခဲ့ကြားခဲ့ရသည့်အရာအားလုံးကို ယောဟန်အားပြန်လည်ပြောကြားစေပြီး ဤကဲ့သို့ထပ်ဆင့်မှာကြားတော်မူခဲ့ပါသည်။ "ငါ့ကြောင့်စိတ်မပျက်သောသူသည်မင်္ဂလာရှိ၏" မဿဲ ၁၁း၆။ တပည့်တော်နှစ်ပါး၏ပြောပြချက်များကိုကြားခဲ့ရသောအခါ ယောဟန်သည် စိတ်ကျေနပ်ခဲ့ရပါသည်။

ယောဟန်သည်လည်း မေရှိယနှင့်ပတ်သက်သော နောင်လာမည့်ပုရောဖက်ပြုစကားများကို ပြန်လည်အမှတ်ရစေခဲ့၏။ "ထာဝရဘုရားသခင်၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏၊ အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီး နှလုံးကြေကွဲသောသူတို့၏အနာကိုစည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း၊ ထာဝရဘုရားသခင်၏မင်္ဂလာနှစ်နှင့်ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ စိတ်မသာညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှာလည်းကောင်း" (ဟေရှာယ ၆၁း၁၊၂)။ နာဇရက်မြို့သားသခင်ယေရှုသည် ကတိပေးခြင်းခံရသူဖြစ်ခဲ့ပါသည်။ အခက်အခဲတွေ့နေသည့်လူသားများအားကူညီရာတွင် ကိုယ်တော်၏ဘုန်းတော်ထင်ရှားခဲ့ပါသည်။ ကျွန်ုပ်တို့၏နှိမ့်ကျလျက်ရှိသောဘဝကို ယူတင်ဝတ်ဆောင်ခြင်းဖြင့် ကိုယ်တော်၏တန်ခိုးတော်ကိုပြသခဲ့ပါသည်။

ဤလောက၌ သခင်ခရစ်တော်၏အမှုတော်မှာ မရှိမဖြစ်သည်သာမက ကိုယ်တော်တည်ထောင်မည့်နိုင်ငံတော်ကိုလည်း ထင်ရှားစေခဲ့ပါသည်။ ဇေလိယနည်းတူ ယောဟန်သည်လည်း အမှန်တရားကိုသိခွင့်ရခဲ့ပါသည်။

"ထိုအခါအားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍ ထာဝရဘုရားရှေ့တော်၌ ကျောက်တို့ကိုချိုးဖဲ့၏။ သို့ရာတွင် ထာဝရဘုရားသည် လေ၌ရှိတော်မမူ၊ လေနောက်မှာမြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မြေလှုပ်ခြင်း၌လည်းရှိတော်မမူ၊ မြေလှုပ်ခြင်းနောက်မှာမီးရှိ၏၊ သို့ရာတွင် ထာဝရဘုရားသည် မီး၌လည်းရှိတော်မမူ၊ မီးနောက်မှာ ဖြည်းညင်းသောအသံရှိ၏" ၃ရာ ၁၉း၁၁၊၁၂။ ဤနည်းဖြင့် သခင်ခရစ်တော်သည် အမှုတော်ကိုဆောင်ရာ၌ နိုင်ငံတော်အာဏာကိုရယူခြင်း၊ အာဏာပိုင်များအားဆန့်ကျင်ခြင်းအပြင်ပန်းလုပ်ဆောင်မှုများဖြင့်မဟုတ်ဘဲ ကိုယ့်ကိုကိုယ်ငြင်းပယ်၍ ကရုဏာအသက်တာဖြင့် လူသားများ၏အသည်းနှလုံးကိုသိမ်းသွင်းရန်သာဖြစ်ပါသည်။

ကောင်းကင်နိုင်ငံတော်သည် အပြင်ပန်းခြယ်သခြင်းမရှိပါ၊ အသက်၏အရှင်နှင့်ဆက်သွယ်သောဝိညာဉ်သည် နှုတ်တော်ထွက်စကား၏ညင်သာသောဆင့်ဆော်မှုနှင့် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုဖြင့်သာ ပြောင်းလဲစေပါသည်။ သခင်ခရစ်တော်အားဖြင့် ပြောင်းလဲသောအသက်တာကိုကြည့်ခြင်းဖြင့် ဤတန်ခိုးတော်ကိုသိမြင်နိုင်ပါသည်။

ကိုယ်တော်၏နောက်လိုက်များသည် ဤလောက၏အလင်းများဖြစ်ရကြမည်။ သို့သော် ဤသူများသည် မိမိတို့၏ခွန်အားဖြင့်အလင်းများဖြစ်ခြင်းကိုဘုရားသခင်အလိုမရှိပါ။ သူတစ်ပါးအထင်ကြီးရန် ကိုယ်ရည်သွေးခြင်းကို ဘုရားသခင်အလိုမရှိပါ၊ ကောင်းကင်နိုင်ငံတော်နှင့်ထိတွေ့ပြီးပြောင်းလဲလာကာ ဤလောကနှင့်ဆက်သွယ်ရာ၌ အလင်းတရားကိုဖြစ်စေရန် ကိုယ်တော်အလိုရှိသည်။ မိမိအသက်တာတွင်နေထိုင်ကျင့်ကြံမှုတိုင်းသည် ကိုယ်တော်ကိုသာထင်ရှားစေရပါမည်။

ဘုရားသခင်၏အမှုတော်တိုးတက်မှုအတွက် ရာထူး၊ ဂုဏ်၊ ပကာသန၊ တန်ဖိုးကြီးသောအသုံးအဆောင်များ၊ အဆောက်အအုံနှင့်ပရိဘောဂများသည် အဓိကလိုအပ်ချက်များမဟုတ်ပါ။ လူများ၏အထင်ကြီးချီးကျူးခြင်းသည်လည်း မလိုအပ်ပါ။ လောက၏ထင်ပေါ်ကျော်ကြားမှုကို ဘုရားသခင်



တန်ဖိုးထားခြင်းမရှိပါ။ ကိုယ်တော်သည် ခဏသာမြင်နိုင်သောအရာများထက်၊ ထာဝရတည်ရှိပြီး လူ့မျက်စိဖြင့်မမြင်နိုင်သောအရာများကိုသာ၍ တန်ဖိုးထားတော်မူပါသည်။ ပန်းချီ၊ ပန်းပု၏အကောင်းဆုံးသောလက်ရာများသည်ပင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုကြောင့် ပြောင်းလဲလာသောအသက်တာနှင့် မနှိုင်းယှဉ်နိုင်ပါ။

**ဘုရားသခင်သည် မိမိ၏သားတော်အား ဤလောကသို့ပေးစဉ်၌ မပျက်စီးနိုင်သောချမ်းသာကြွယ်ဝမှုများကို ရရှိစေခဲ့ပါသည်။ ကမ္ဘာတည်စကပင် စုဆောင်းခဲ့သောချမ်းသာကြွယ်ဝမှုများနှင့်ပင် မနှိုင်းယှဉ်နိုင်ပါ။ သခင်ခရစ်တော်သည် ဤလောကတွင်ရှိစဉ်က လူသားများအား ထာဝရတည်မြဲသည့်မေတ္တာအကြောင်းကို သက်သေပြခဲ့ပါသည်။ ကိုယ်တော်၌ဆက်ကပ်ခြင်းဖြင့် ကျွန်ုပ်တို့သည်လည်း တန်ဖိုးအလွန်ကြီးမားသည့် ဤမေတ္တာတော်ကိုလက်ခံပြီး အများသူတို့အတွက် ထွန်းတောက်စေရပါမည်။**

သခင်ခရစ်တော်၏အမှုတော်ဆောင်များသည် ကိုယ်တော်၌ မိမိတို့၏ဆက်ကပ်မှုနှင့်ကျေးဇူးတော်အားဖြင့် ပြောင်းလဲလာသောအသက်တာပေါ်မူတည်၍ အမှုတော်မြတ်၌စွမ်းဆောင်နိုင်လိမ့်မည်။ ဘုရားသခင်သည် မိမိ၏တံဆိပ်တော်အားဖြင့် ကျွန်ုပ်တို့ကိုရိုက်နှိပ်ကာ ကိုယ်တော်၏မေတ္တာတော်ကိုထွန်းလင်းစေတော်မူသောကြောင့် ကျွန်ုပ်တို့သည် ဤလောကနှင့်ကွဲပြားမှုရှိရမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်သည် မိမိ၏ဖြောင့်မတ်ခြင်းဝတ်ရုံတော်ဖြင့် ကျွန်ုပ်တို့ကိုလွှမ်းခြုံလျက်ရှိပါသည်။

ဘုရားသခင်သည် မိမိ၏အမှုတော်ဆောင်များကိုရွေးချယ်ရာ၌ ဤသူများ၏ချမ်းသာကြွယ်ဝမှု၊ ဉာဏ်ပညာနှင့်ပေါက်ရောက်မှုကိုအခြေခံခြင်းမရှိဘဲ ဤသူများသည် ကိုယ်တော်၏သွန်သင်မှုကိုလက်ခံနိုင်လောက်သည့် စိတ်နှိမ့်ချမှုရှိပါသလား။ ကိုယ်တော်၏နှုတ်တော်ထွက်စကားကို ဤသူများသက်သေခံနိုင်မည်လော။ ဤသူများသည် ကိုယ်တော်ကို ကိုယ်စားပြုသက်သေခံနိုင်မည်လားဆိုသည့်အချက်များကို အခြေခံရွေးချယ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ကိန်းဝပ်မှုကို လက်ခံမည့်သူတိုင်းအား ဘုရားသခင်အသုံးပြုနိုင်ပါသည်။ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေမည့် လုပ်ဆောင်မှုတိုင်းအား ကိုယ်တော်လက်ခံပါမည်။ ထာဝရတည်မြဲပြီး ကွယ်ပျောက်ခြင်းမရှိနိုင်သော ကိုယ်တော်၏အကျင့်များကို မိမိတို့၏သင်္ကေတ အမှတ်တံဆိပ်အဖြစ် ကိုယ်တော်၏နောက်လိုက်များသည် ဤလောကအား သက်သေခံရပါမည်။

"မိမိ၏သိုးငယ်များကိုလက်တော်ဖြင့်စုစည်းမည်။"

မြို့တွင်းရှိလမ်းမများပေါ်တွင် သခင်ခရစ်တော်သည် သာသနာလုပ်ငန်းများကိုဆောင်ရွက်နေစဉ် နာမကျန်းသည့်ကလေးများအား ရင်ခွင်ပိုက်ကာ မိခင်များသည် လူအုပ်ကြားမှတိုးဝှေ့ကာ သခင်ခရစ်တော်ထံ ချဉ်းကပ်ခဲ့ပါသည်။

ပင်ပန်းနွမ်းနယ်နေသော်လည်း စိတ်ဓာတ်ကြံ့ခိုင်လျက်ရှိသော ဤမိခင်များသည် မိမိတို့၏သောကဝန်ထုပ်များဖြင့် သခင်ခရစ်တော်အား ရှာဖွေလျက်ရှိကြပါသည်။ ထိုးမဖောက်နိုင်သောလူအုပ်ကြီးကြောင့် ရှေ့မတိုးနိုင်သော်လည်း သခင်ခရစ်တော်သည် ဤမိခင်များစုဝေးရာသို့ရောက်အောင် တဖြည်းဖြည်းလှမ်းတော်မူစဉ် မိခင်များအဖို့မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီး ဝမ်းမြောက်မှုမျက်ရည်များယိုစီးလျက်နှင့်ပင် ကရုဏာအရှင်၏မျက်နှာတော်ကို ဖူးမြော်ကြရပါသည်။

ဤမိခင်များထဲမှတစ်ဦးကိုရွေးနုတ်ပြီး ကိုယ်တော်သည်အားပေးလျက်နှင့် "သင့်အားငါဘာလုပ်ပေးရမည်နည်း" ဟုမေးသော် ဤမိခင်သည် မိမိ၏လိုအပ်ချက်ကိုမျက်ရည်ကျလျက်ပင် တောင်းလျှောက်သည်မှာ "ကိုယ်တော်၊ ကျွန်မ၏ကလေးအားမစပါ" ဟူ၍ဖြစ်ပါသည်။ ကိုယ်တော်ကလည်း ထိုသူငယ်ကိုမိခင်၏ရင်ခွင်ထဲမှယူ၍ပွေ့ပိုက်စဉ် ကလေးသည် ရောဂါ၏ဖိစီးမှုလက္ခဏာများပျောက်ကင်းကာ ကျန်းမာခြင်းအသက်ပြန်ဝင်လာပြီး ခွန်အားပြည့်ကာ အကောင်းပကတိဖြစ်လာပါသည်။ ကိုယ်တော်ကလည်း ထိုမိခင်ကိုအားပေးစကားများဟောကြားတော်မူပြီးနောက် တစ်ဖန်အခြားမိခင်တစ်ဦးကိုမစတော်





မူစဉ် ၎င်း၏ကလေးသည်လည်း ပြန်လည်ကျန်းမာလာပြီး ဘေးပတ်လည်ရှိလူများသည် ကိုယ်တော်၏အံ့ဖွယ်အမှုတော်အားချီးမွမ်းလျက် ကောင်းချီးပေးကြပါသည်။

ကျွန်ုပ်တို့သည် တန်ခိုးနှင့်ပြည့်ဝလျက်ရှိသော ကိုယ်တော်၏အသက်တာ၊ ကိုယ်တော်၏အံ့ဖွယ်စွမ်းဆောင်တော်မူချက်များ၊ နိမိတ်လက္ခဏာများအကြောင်းကို များစွာဟောပြောကြသော်လည်း သေးငယ်သောအမှုအရာများအား ဂရုပြုတော်မူခြင်းဖြင့် ကိုယ်တော်၏ကြီးမြတ်မှုကို ဖော်ကျူးပေးရာရောက်ပါသည်။

မိမိတို့၏ကလေးများ၏ဦးခေါင်းပေါ်တွင် လက်တော်ကိုတင်ပြီး ကောင်းချီးများပေးရန် ဘာသာရေးဆရာများထံသို့ကလေးများကိုခေါ်ဆောင်လာခြင်းသည် ယုဒလူမျိုး၏ဓလေ့တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်ကိုနှောင့်ယှက်မည်စိုးသောကြောင့်လည်းကောင်း၊ ဤကလေးများသည် ငယ်ရွယ်သေးသည့်အတွက် အကျိုးတစ်စုံတစ်ရာဖြစ်မည်မဟုတ်ဟုလည်း ယူဆခဲ့သောကြောင့်လည်းကောင်း၊ သခင်ခရစ်တော်သည်လည်း အလိုတော်မရှိဟုထင်မှတ်ခဲ့ကာ တပည့်တော်များက တားမြစ်ကြခြင်းဖြစ်ပါသည်။ သို့သော်လည်း ကိုယ်တော်သည် ဤမိခင်များရင်တွင်ဖြစ်ပေါ်နေသော သောကဝန်ထုပ်ကြီးကိုနားလည်တော်မူပါသည်။ ဤမိခင်များသည် ကျမ်းစာနှင့်အညီ မိမိတို့၏ရင်သွေးများကို ဆုံးမလမ်းပြလိုသည့်စိတ်သဘောကိုလည်းသိတော်မူကာ ဤသူများ၏ဆုတောင်းသံကိုနားညောင်းတော်မူပြီး ကိုယ်တော်သည်မိမိထံသို့လာရန် ဤမိခင်များကိုဆွဲဆောင်တော်မူခဲ့ပါသည်။

မိခင်တစ်ဦးသည် မိမိ၏သားငယ်ကိုရင်ခွင်ပိုက်ကာ သခင်ခရစ်တော်ထံသို့သွားရန်ထွက်လာစဉ် မိမိ၏အိမ်နီးဝန်းကျင်ရှိ အခြားမိခင်များကလည်း ကြားသိပြီး မိမိတို့၏သားသမီးများအား ကောင်းချီးများရရန်အလိုရှိသောကြောင့် အုပ်စုကြီးလာကာ နောက်ဆုံးတွင်သခင်ခရစ်တော်ထံသို့ရောက်ရှိလာကြပါသည်။ အချို့ကလေးများသည် ဆယ်ကျော်သက်ရွယ်များပင်ရှိကြပါသည်။ အားနွဲ့သောမိခင်များ၏တောင်းလျှောက်သံကိုကြားရသောအခါ

သခင်ခရစ်တော်သည် ကရုဏာသက်ဝင်လာသော်လည်း တပည့်တော်များ၏ တုံ့ပြန်မှုကို အကဲခတ်တော်မူပါသည်။ တပည့်တော်များသည် မိခင်များအား မောင်းထုတ်သည်ကိုမြင်လျှင် သခင်ခရစ်တော်က တပည့်တော်များ၏အမှားကိုညွှန်ပြလျက် "ထိုသူငယ်တို့ကိုငါ့ထံသို့လာပါလေစေ၊ မဆီးတားနှင့်၊ ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏" (မာကု ၁၀း၁၄) ဟုမိန့်တော်မူလျက် ကလေးငယ်များကိုရင်ခွင်၌ပိုက်ကာ ဦးခေါင်းပေါ်လက်ကိုတင်လျက် သူတို့အလိုရှိရာဆုကျေးဇူးများပေးတော်မူပါသည်။

မိခင်များလည်းစိတ်သက်သာရာရပြီး သခင်ခရစ်တော်၏အားပေးစကားတော်များကြောင့် ခွန်အားအပြည့်ဖြင့်မိမိတို့အိမ်သို့ပြန်ကာ မိမိတို့၏သားသမီးများအား စိတ်ရွှင်လန်းစွာဖြင့် ပြုစုပျိုးထောင်ခဲ့ကြပါသည်။

ဤကလေးငယ်များ၏အသက်တာတွင် နောင်ကြီးပြင်းလာသောအခါ မိခင်များ၏ပြန်လည်ပြောပြချက်များကိုနားဆင်ပြီး သခင်ခရစ်တော်၏အားပေးစကားများကြောင့် အပြစ်၏စုံစမ်းနှောင့်ယှက်ခြင်းနှင့်ရင်ဆိုင်ရသောအခါ လမ်းလွဲသွားခြင်းမရှိဘဲ သစ္စာရှိစွာဖြင့်ရပ်တည်ခဲ့သည်များကို ကျွန်ုပ်တို့စိတ်ကူးကြည့်နိုင်ပါသည်။

ဤလောက၌ရှိစဉ်ကဲ့သို့ပင် သခင်ခရစ်တော်သည် ယနေ့တိုင် ကရုဏာမေတ္တာနှင့်ပြည့်ဝလျက်ရှိပါသည်။ ယုဒပြည်၌ကလေးငယ်များအားရင်ခွင်တော်တွင်ပိုက်ပြီး မိခင်များကိုနှစ်သိမ့်သည်နည်းတူ ယနေ့လည်းပဲ ကိုယ်တော်၏အသွေးတော်ဖြင့်ပေးဝယ်ခဲ့ရသည့် ကျွန်ုပ်တို့၏သားသမီးများကို ချစ်တော်မူပါသည်။

မိခင်တိုင်း၏စိတ်နှလုံး၌ရှိသောဝန်ထုပ်ကို ကိုယ်တော်သိတော်မူပါသည်။ ဤလောက၏ဆင်းရဲနွမ်းပါးခြင်းနှင့်ရုန်းကန်ခဲ့ရသည့် မိခင်တစ်ဦး၏သားတော်ဖြစ်တော်မူသည့်အတွက် မိခင်တိုင်းအား ကရုဏာသက်ဝင်တော်မူပါသည်။ ခါနာန်အမျိုးသမီးတစ်ဦး၏အခက်အခဲကိုပြေပျောက်စေရန် ခရီးရှည်လှမ်းတော်မူခဲ့သည့်သခင်သည် ယနေ့မိခင်များအားကူညီမစရန်အသင့်ရှိတော်မူပါသည်။ နာဣနမြို့သူ၏သားကိုပြန်လည်ထမြောက်စေပြီး လက်ဝါးကပ်တိုင်တွင်ချိတ်ဆွဲခြင်းခံနေရစဉ်၌ပင် မိမိ၏မိခင်ကိုမမေ့တော်မူသည့်သခင်သည် ယနေ့မိခင်များအားသနားခြင်းကရုဏာရှိတော်မူပါသည်။ မိမိတို့၏ဝမ်းနည်းမှုများ၊ လိုအင်စိတ်ထားများကို ကိုယ်တော်နှစ်သိမ့်တော်မူပြီး ကူညီပါလိမ့်မည်။



မိခင်များသည် မိမိတို့၏စိုးရိမ်ပူဆွေးမှုများဖြင့် သခင်ခရစ်တော်ထံချဉ်းကပ်လာပါက မိမိတို့၏သားသမီးများအား ဦးဆောင်လမ်းပြရန် လုံလောက်သောဉာဏ်ပညာများကို ရရှိပါလိမ့်မည်။ မိခင်တိုင်းသည် မိမိ၏ဝန်ထုပ်များကို ကိုယ်တော်၏ခြေတော်ရင်း၌စွန့်ပစ်ထားရန် အမြဲတမ်းလမ်းဖွင့်လျက်ရှိပါသည်။ "ထိုသူငယ်တို့ကိုငါ့ထံသို့လာပါလေစေ၊ မဆီးတားနှင့်" (မာကု ၁၀း၁၄) ဟုမိန့်မှာခဲ့သည့်အရှင်သည် ယခုတိုင်မိမိတို့၏သားသမီးများကိုယူဆောင်လာရန် မိခင်များကိုဖိတ်ခေါ်လျက်ရှိပါသည်။

မိမိအထံတော်သို့ခေါ်ဆောင်လာသည့်ကလေးသူငယ်များကိုကြည့်ကာ နောင်အချိန်တွင် သခင်ခရစ်တော်၏ကျေးဇူးကို အမွေဆက်ခံမည့်သူများ၊ ကိုယ်တော်တည်ထောင်မည့်နိုင်ငံတော်အတွက် သစ္စာရှိသောနိုင်ငံသားများနှင့် ကိုယ်တော်အတွက်အသက်ကိုပင်စွန့်မည့်သူများကို သိမြင်တော်မူသည်။ နှလုံးမာကျောပြီး လောကပညာများဖြင့်ပြည့်ဝလျက်ရှိသော အသက်ကြီးသူများထက် ဤကလေးများသည်ကိုယ်တော်အား မိမိတို့၏ကယ်တင်ရှင်အဖြစ်ပိုမိုလက်ခံမည်ကို သခင်ခရစ်တော်သည် သိတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဤကလေးသူငယ်များနားလည်ရန် တရားတော်များကို ဟောကြားခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်၏အရှင်သည် ဤကလေးသူငယ်များ၏မေးခွန်းများကိုဖြေကြားတော်မူခဲ့ပြီး ဤသူငယ်များပိုမိုနားလည်ရန် မိမိ၏သွန်သင်ဟောကြားချက်များကို ရှင်းလင်းစေတော်မူခဲ့ပါသည်။ ထာဝရအသက်အတွက် အသီးအပွင့်များဝေဆာရန် ဤကလေးသူငယ်များ၏စိတ်နှလုံးတွင် အမှန်တရား၏မျိုးစေ့ကို ကိုယ်တော်သည်ကြဲခဲ့ပါသည်။

ကိုယ်တော်သည် မိမိထံသို့ရောက်လာသောကလေးသူငယ်များကို မဟန့်တားရန် တပည့်တော်များကိုဆုံးမရာ၌ နောင်ခေတ်အဆက်ဆက်

အသင်းတော်ခေါင်းဆောင်များ၊ တရားဟောဆရာများနှင့်ခရစ်ယာန်များကိုလည်း ဆုံးမရန်ရည်ရွယ်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ကလေးသူငယ်များကို မိမိထံသို့ဆွဲဆောင်တော်မူပြီး ကျွန်ုပ်တို့ကဟန့်တားခြင်းမပြုလျှင် ဤသူငယ်များသည် ကိုယ်တော်ထံနီးကပ်လာပါလိမ့်မည်။

ကလေးသူငယ်များသည် ကျွန်ုပ်တို့၏ခရစ်ယာန်မဆန်သည့်အကျင့်များကိုကြည့်ကာ ကိုယ်တော်ကိုအထင်မမှားစေပါနှင့်။ ကျွန်ုပ်တို့၏အေးစက်ကြမ်းတမ်းမှုကြောင့် ဤကလေးသူငယ်များကို ကိုယ်တော်ထံမှမဝေးကွာစေပါနှင့်။ ကောင်းကင်နိုင်ငံတော်တွင် ကျွန်ုပ်တို့ရှိလျှင်သာယာလိမ့်မည်မဟုတ်ဟူသောအတွေးမျိုးကို ဤသူငယ်များ၌အတွေးမပေါက်စေပါနှင့်။ ခရစ်ယာန်ဘာသာရေးကိုဆွေးနွေးရာတွင် ကလေးသူငယ်များနားမလည်စေရန် ရည်ရွယ်၍သော်လည်းကောင်း၊ မိမိတို့အသက်တာတွင် သခင်ခရစ်တော်အားမလိုအပ်တော့ပေဟူသောအတွေးများဝင်ရန်လည်းကောင်း မပြုလုပ်ရ။ ခရစ်ယာန်ဘာသာသည်လည်းကောင်း၊ မိမိ၏ကယ်တင်ရှင်အဖြစ် သခင်ခရစ်တော်ကိုလက်ခံရာတွင်လည်းကောင်း ဘဝ၏ပျော်ရွှင်သာယာမှုအားလုံးကိုစွန့်လွှတ်ရမည်။ အထီးကျန်သောပျော်ရွှင်မှုကင်းမဲ့သည့်အသက်တာဖြင့် နေထိုင်ရမည်ဆိုသည့်အယူအဆများကို မသွန်သင်ရပါ။

သန့်ရှင်းသောဝိညာဉ်တော်သည် ဤကလေးသူငယ်များ၏အသက်တာကိုပြုပြင်ရာတွင် ကျွန်ုပ်တို့သည်လည်း အကူအညီများပေးရပါမည်။ ကိုယ်တော်သည် ၎င်းတို့ကိုခေါ်တော်မူနေသည်ကိုသွန်သင်ပါ၊ မိမိတို့၏ငယ်ရွယ်သောအသက်တာကို ကိုယ်တော်ထံဆည်းကပ်ခြင်းထက် သာ၍ကောင်းသောပျော်ရွှင်မှုမရှိသည်ကို လမ်းပြပေးပါ။

## မိဘများ၏တာဝန်များ

ကိုယ်တော်သည် မိမိ၏အသွေးတော်ဖြင့်ဝယ်ယူခဲ့ရသောအသက်ဝိညာဉ်များကို အတိုင်းအဆမရှိယုယတော်မူပါသည်။ ဤသူများသည်



ကိုယ်တော်၏မေတ္တာသက်သေများဖြစ်ပါသည်။ ဤသူငယ်များကို ကိုယ်တော်သည် တမ်းတလျက်ရှိပါသည်။ လိမ္မာသောသူများကိုသာမက မှောင်မိုက်၌ရောက်ရှိနေသောသူဆိုးများကိုလည်း ကိုယ်တော်သည် ချစ်တော်မူပါသည်။ မိဘအမြောက်အမြားသည် ဤသားဆိုးများအတွက် တာဝန်မည်မျှရှိသည်ကိုနားမလည်ကြပါ၊ မိမိတို့၏ပေါ့ဆမှုကြောင့် ဆိုးသွမ်းနေသည့်ဤသားမိုက်များကိုကိုင်တွယ်ရာတွင် ဉာဏ်ပညာနှင့်မေတ္တာကင်းလျက်ရှိကြပါသည်။ သို့သော်လည်း သူငယ်များကိုကိုယ်တော်သည်သနားတော်မူ၍ အကျိုးနှင့်အကြောင်းဆက်နွှယ်မှုကိုသိပါသည်။

ဤလမ်းမှားလျက်ရှိသောသူများကို ကိုယ်တော်ထံသို့ခေါ်ဆောင်လာရန် အမှုတော်ဆောင်များသည် ခရစ်တော်၏ကိုယ်စားလှယ်များဖြစ်လာနိုင်ပါသည်။ မိမိတို့၏ဉာဏ်ပညာနှင့်အတွေ့အကြုံကိုအသုံးပြုကာ ဤသူများနှင့်ရင်းရင်းနှီးနှီးမိတ်ဖွဲ့ပြီး ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ပြောင်းလဲသောအသက်တာကိုရရှိသော်လည်းကောင်း၊ မျှော်လင့်ချက်များရှင်သန်လာစေရန်သော်လည်းကောင်း၊ အားပေးနိုင်ပါသည်။ ဤပြောင်းလဲမှုများကြောင့်လည်း အခြားသူများက “ဘုရားသခင်၏နိုင်ငံတော်သည် ဤကဲ့သို့တည်း” ဟုမှတ်ချက်ချကြပါလိမ့်မည်။

## မုန့်ငါးလုံးဖြင့်လူအုပ်ကြီးအားကျွေးခြင်း

ပင်လယ်ကမ်းခြေတွင် တရားဟောတော်မူနေသည့် သခင်ခရစ်တော်နှင့်တပည့်တော်များတွင် တရားနာလူအုပ်ကြီးသည် တိုးဝှေ့လျက်ရှိကာ ရှင်းလင်းလွယ်ကူစွာနားလည်နိုင်သည့် ကိုယ်တော်၏တရားတော်သည် ၎င်းတို့အဖို့ဂိုလဒ်ပြည်မှပရုပ်ဆီကဲ့သို့ ရင်ကိုအေးငြိမ်းစေခဲ့ပါသည်။ ကိုယ်တော်၏လက်တော်ဖြင့် ဖျားနာသူများသည် ရောဂါများပျောက်ကင်းခဲ့ပါသည်။ လူအုပ်ကြီးအဖို့၎င်းနေ့ရက်သည် ဤလောကကြီး၌ထူထောင်ထားသော

ကောင်းကင်နိုင်ငံတော်ကဲ့သို့ဖြစ်ပြီး မိမိတို့တစ်နေ့လုံးဘာမျှမစားရသေးသည်ကိုပင် သတိမရတော့ချေ။

နေလုံးကြီးသည် ဝင်လုဆဲဆဲဖြစ်သော်လည်း လူအုပ်ကြီးသည် မပြန်သေးပါ။ နောက်ဆုံးတွင်တပည့်တော်များသည် ကိုယ်တော်ထံချဉ်းကပ်၍ လူအုပ်ကြီးအားပြန်ခိုင်းရန်လျှောက်ထားကြပါသည်။ အချို့သူများသည် ဝေးလံသောအရပ်ဒေသများမှရောက်ရှိလာပြီး တစ်နေကုန်ဘာမျှမစားရသေးပါ။ ထိုကြောင့် ပတ်ဝန်းကျင်ရှိရွာများ၌ စားစရာများရနိုင်ရန်ပြန်ခိုင်းကြပါသည်။ သို့သော် ကိုယ်တော်က "သူတို့စားစရာဖို့သင်တို့ပေးကြလော့" မဿဲ ၁၄း၁၆ ဟုမိန့်တော်မူသော် ဖိလိပ္ပုက ဤသူတို့စားစရာမုန့်ကို အဘယ်မှာဝယ်ရမည်နည်းဟုမေးတော်မူ၏။ (ယောဟန် ၆း၅)။

ဖိလိပ္ပုကလည်း ဤမျှကြီးမားသောလူအုပ်ကြီးကိုကြည့်၍ အစာကျွေးရန်မဖြစ်နိုင်သည်ကိုတွေးတောလျက်ရှိပြီး ဤသူတို့ကိုမုန့်တစ်ဖဲ့စီစေအောင် ဒေနာရိအပြားနှစ်ရာအဖိုးထိုက်သော မုန့်မလောက်ပါဟု ပြန်လျှောက်ပါသည်။

ကိုယ်တော်ကလည်း ဤလူအုပ်ကြီး၌မုန့်မည်မျှရှိသည်ကိုမေးမြန်းသော် အန္ဒြေအမည်ရှိတပည့်တော်က မုန့်ငါးလုံးနှင့်ငါးကလေးနှစ်ကောင်ပါသော လူငယ်တစ်ယောက်ရှိပါသည်။ သို့သော်လည်း ဤမျှလောက်များစွာသောလူတို့သည်ရှိကြသည်ဖြစ်၍၊ ထိုမုန့်ငါးလုံးနှင့်ငါးနှစ်ကောင်တို့သည် အဘယ်ပြောစရာရှိပါသနည်းဟုလျှောက်၏။ (အငယ် ၉)။ ကိုယ်တော်ကလည်း ဤမုန့်များကိုယူစေပြီး တပည့်တော်များအား လူအုပ်ကြီးကိုမြက်ခင်းပြင်၌ အစုလိုက်နေရာချပေးစေပါသည်။ ထို့နောက်ကိုယ်တော်သည် မုန့်ကိုယူ၍ကောင်းကင်ဘုံသို့မျှော်ကြည့်ကာ မုန့်ပေါ်၌ကောင်းချီးသက်ရောက်စေပြီး မုန့်ကိုဖဲ့ကာ တပည့်တော်များအားပေး၍ တပည့်တော်များမှတစ်ဆင့် လူအုပ်ကြီးကိုဝေပေးကြပါသည်။ လူအုပ်ကြီးသည်လည်းဝစွာစား၍ မုန့်အကျိုးအပဲ့တစ်ဆယ့်နှစ်တောင်းကိုကောက်သိမ်းခဲ့ရပါသည်။



ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ဖြင့် ဤအံ့ဖွယ်အမှုကိုပြုကာ လူအုပ်ကြီးအား အစာကျွေးခဲ့ပါသည်။ သို့သော်လည်း အလွန်ရိုးစင်းသော ဂါလိလဲပြည်သားတံငါသည်များ၏နေ့စဉ်အစားအစာကိုသာ စားစေခဲ့ပါသည်။

သခင်ခရစ်တော်သည် သူဌေးသူကြွယ်များ၏အစားအစာများဖြင့် ဤလူအုပ်၏တဏှာလောဘကိုဖြည့်ဆည်းရန် ဖန်ဆင်းတော်မူနိုင်သော်လည်း ဤအံ့ဖွယ်အပြုအမူဖြင့် ရိုးသားစွာနေထိုင်မှုသင်ခန်းစာကို ပြတော်မူခဲ့ပါသည်။ ယနေ့လူသားများသည် ရိုးသားစွာဖြင့် သဘာဝတရားနှင့်အညီ အာဒံနှင့်ဧဝကဲ့သို့နေထိုင်ပါက လူသားတစ်ရပ်လုံး၏လိုအပ်ချက်များအတွက် အလုံအလောက်ရှိနိုင်ပါသည်။ သို့သော်လည်း အစားကြူး၍တစ်ကိုယ်ကောင်းဆန်သောကျင့်ကြံမှုများကြောင့် အချို့သူများတွင်များစွာပိုလျှံပြီး အချို့သူများတွင်ချို့တဲ့ကာ အပြစ်ကျူးလွန်ခြင်းနှင့်ဝမ်းနည်းပူဆွေးမှုများ ယနေ့တိုင်တိုးပွားစေလျက်ရှိပါသည်။

လောကီစည်းစိမ်တပ်မက်သော လောဘစိတ်ကိုဖြည့်ဆည်းပေးခြင်းဖြင့် ကိုယ်တော်သည် လူများကိုမိမိထံသို့ဆွဲဆောင်ခြင်းမရှိခဲ့ပါ။ တစ်နေ့တာ၏စိတ်လှုပ်ရှားမှုများ၊ ပင်ပန်းမှုများဖြင့်နွမ်းနယ်လျက်ရှိသောလူအုပ်ကြီး၏အခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းတော်မူပြီး မိမိ၏ဘုန်းတန်ခိုးနှင့်မေတ္တာတော်ကို ကိုယ်တော်သည် သက်သေပြတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏နောက်လိုက်များအား လောကီစည်းစိမ်များပေးရန် ကတိတော်မထားရှိခဲ့ပါ။ ၎င်းတို့သည် ပစ္စည်းဥစ္စာချို့တဲ့ဆင်းရဲမှုများနှင့်ရင်ဆိုင်ရသော်လည်း မိမိတို့၏လိုအပ်လျက်ရှိသောအရာများကို ပေးသနားတော်မူပါသည်။ အရာအားလုံးထက်ပို၍တန်ဖိုးကြီးသောကတိတော်မှာ "သင်တို့နှင့်အတူငါရှိပြီး၊ နှစ်သိမ့်တော်မူမည်" ဟူ၍ဖြစ်ပါသည်။

လူအုပ်ကြီးအားအစာကျွေးပြီးသောအခါ ပိုလျှံလျက်ရှိသောအစာများကို "ဘာမျှမပျောက်စေခြင်းငှာ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းကြလော့" (ယောဟန် ၆း၁၂) ဟုမိန့်မှာသည်မှာ ဤစားကြွင်းစားကျန်များကို တောင်းများတွင်ထည့်ခြင်းထက်ပိုပြီး သင်ခန်းစာနှစ်ခုရှိပါသည်။

မိမိတို့အတွက် ဤလောက၌ရှိစေမည့် မည်သည့်အရာကိုမျှဆုံးရှုံးခြင်းမရှိစေဘဲ လူသားများ၏အကျိုးကို ကျွန်ုပ်တို့သည် လျစ်လျူရှုခြင်းမရှိစေရပါ။ ဤလောက၌အစာငတ်လျက်ရှိသူများကိုကူညီရန် ကျွန်ုပ်တို့သည် အရာရာကိုသိမ်းဆည်းဖြန့်ဝေရပါမည်။ ထိုနည်းတူကောင်းကင်နိုင်ငံတော်မှလာသည့်မုန့်တည်းဟူသော ကိုယ်တော်၏နှုတ်တော်ထွက်စကားကိုလည်း တန်ဖိုးထား၍ ဝိညာဉ်ရေးအစာငတ်လျက်ရှိသူများကို ဖြန့်ဝေရပါမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏နှုတ်တော်ထွက်စကားအားဖြင့်အသက်ရှင်ပြီး ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်းနှင့်ဆိုင်သော ကိုယ်တော်၏မိန့်မှာတော်မူချက်တစ်ခုမျှဆုံးရှုံးခြင်း၊ လျစ်လျူရှုထားခြင်းမရှိစေရ၊ ကိုယ်တော်၏နှုတ်တော်ထွက်စကားအားအကြောင်းမဲ့သုံးစွဲခြင်းမရှိစေရပါ။

ဤမုန့်ဖြင့်လူအုပ်ကြီးကိုကျွေးမွေးခြင်းသည် အံ့ဖွယ်ဘုရားသခင်ကိုအမြဲမှီခိုအားထားရန် ညွှန်ပြနေပါသည်။ သခင်ခရစ်တော်သည် ဤလူငါးထောင်အားအစာကျွေးသောအခါ အစားအစာများအထံတော်၌မရှိခဲ့ပါ၊ ရရှိရန်အခွင့်အလမ်းမရှိခဲ့ပါ၊ ယောကျ်ားငါးထောင်အပြင် အမျိုးသမီးများ၊ ကလေးများပါဝင်သည်။ ဤလူအုပ်ကြီးသည် ဖိတ်ခေါ်ခြင်းမရှိဘဲ ကိုယ်တော်ရှိရာ၌စုဝေးလျက်ရှိကြပြီး တရားများကိုတစ်နေကုန်ကြားနာပြီးသောအခါ အစာငတ်လျက်ရှိကာ ပင်ပန်းနေကြသည်ကို ကိုယ်တော်သိတော်မူပါသည်။ နေစောင်းလျက်ရှိလေပြီ။ အိမ်မှဝေးလံစွာလာသောလူအမြောက်အမြားသည် အစားအစာများကိုဝယ်စားရန်ငွေမရှိကြပါ။ ဤသည်ကိုကိုယ်တော်သိတော်မူပြီး ရက်ပေါင်းလေးဆယ်မျှတောအရပ်၌ ဤသူများအတွက်အစာရှောင်ခဲ့သောသခင်သည် ဤလူအုပ်ကြီးအားအစာမစားရဘဲ အိမ်သို့ပြန်ရန်အလိုတော်မရှိပါ။

ဖခမည်းတော်၏အလိုတော်ကိုသိရန် ဤအခြေအနေ၌ရင်ဆိုင်နေတော်မူရသည့်အတွက် သခင်ခရစ်တော်သည် ဖခမည်းတော်ကိုသာ အားကိုးတော်မူခဲ့ရပါသည်။ ကျွန်ုပ်တို့သည်လည်း အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါ ဘုရားသခင်ကိုသာအားကိုးရပါမည်။ ဘုန်းတန်ခိုးနှင့်ပြည့်ဝလျက်ရှိ



သောဘုရားသခင်သာလျှင် ကျွန်ုပ်တို့အတွက် အားကိုးရာနှင့်ခိုလှုံရာဖြစ်တော်မူပါသည်။

ဤအံ့ဖွယ်အမှုကို သခင်ခရစ်တော်သည် ခမည်းတော်ထံမှရယူတော်မူပြီး တစ်ဖန်လူအုပ်ကြီးအား တပည့်တော်မှတစ်ဆင့်ပေးတော်မူခဲ့ပါသည်။ လူအုပ်ကြီးကလည်း တစ်ဦးနှင့်တစ်ဦးဝေမျှစားခဲ့ကြပါသည်။ ထို့အတူ သခင်ခရစ်တော်၌တည်ပြီး အသက်မုန့်ကိုရရှိသောသူများသည်လည်း အခြားသူများအား တစ်ဆင့်ဖြန့်ဝေခံစားစေရပါမည်။ တပည့်တော်များသည် သခင်ခရစ်တော်နှင့်လူအုပ်ကြီးအကြား ဆက်သွယ်ပေးခဲ့သူများဖြစ်ကြပါသည်။

“သူတို့စားစရာဖို့သင်တို့ပေးကြလော့” ဟု ကိုယ်တော်မိန့်တော်မူသောအခါ တပည့်တော်များ၏စိတ်၌အခက်အခဲများစွာနှင့်ကြုံတွေ့ခဲ့ရပါသည်။ မိမိတို့သည်ရွာများသို့သွား၍ အစားအစာများကိုဝယ်ရမည်လောဟု မေးမြန်းကြသောအခါ ကိုယ်တော်သည် “သူတို့စားစရာဖို့သင်တို့ပေးကြလော့” ဟုသာ အမိန့်တော်ရှိခဲ့ပါသည်။ တပည့်တော်များက မိမိတို့ရရှိသည့်အစာများကို ကိုယ်တော်ထံသို့ယူဆောင်လာသောအခါ သခင်ခရစ်တော်သည် တပည့်တော်များကိုမစားစေဘဲ လူအုပ်ကြီးကိုပေးဝေစေခဲ့ပါသည်။ အစားအစာများသည် ကိုယ်တော့်တပည့်တော်များတို့၏လက်၌ ပွားများလျက်ရှိပြီး သခင်ခရစ်တော်အားလက်ကမ်း၍တောင်းလျှောက်သူတစ်ဦးမျှ လက်ဗလာဖြင့်ပြန်ခဲ့ရခြင်းမရှိပါ။ ဤအနည်းငယ်သောမုန့်သည် လူအုပ်ကြီးအတွက်အလုံအလောက်ဖြစ်ပြီး လူအုပ်ကြီးအားစားစေပြီးသောအခါ ကိုယ်တော်သည် တပည့်တော်များနှင့်အတူ ကောင်းကင်မှလာသည့်ဤအစာများကို စားတော်မူခဲ့ပါသည်။

ဆင်းရဲနွမ်းပါးသောသူများ၊ ပညာမဲ့သူများနှင့်အနှိပ်စက်ခံရသူများကိုမြင်၍ ကျွန်ုပ်တို့သည်သနားကာ ဤသူများကိုကူညီရန် ကျွန်ုပ်တို့၌စွမ်းအားမရှိသောအခါ ကျွန်ုပ်တို့ထက်ပိုမိုအစွမ်းရှိသူများ၊ အဖွဲ့အစည်းများကိုသာ တာဝန်လွှဲပေးလိုပါသည်။ သို့သော်လည်း သခင်ခရစ်တော်သည် “သူတို့စားစရာဖို့သင်တို့ပေးကြလော့” ဟုမိန့်တော်မူသည့်အတိုင်း ကျွန်ုပ်

တို့၏စွမ်းအား၊ အချိန်နှင့်နည်းပညာများကို ကိုယ်တော်ထံသို့ယူဆောင်လာရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့၌ရှိသောအရာများသည် လူထောင်ပေါင်းများစွာကိုကျွေးမွေးရန်မလုံလောက်သော်လည်း လူတစ်ဦးအတွက်လုံလောက်နိုင်ပါသည်။ သို့သော် သခင်ခရစ်တော်၏လက်တော်သို့အပ်နှံလိုက်ပါက လူအမြောက်အမြားအတွက် လုံလောက်နိုင်ပါသည်။ တပည့်တော်များနည်းတူ ကျွန်ုပ်တို့၌ရှိသည်များကို သခင်ခရစ်တော်၌အပ်နှံလိုက်ပါက ကိုယ်တော်သည် ပွားများစေတော်မူပါလိမ့်မည်။ ကိုယ်တော်အားမှီခိုသောသူများသည် ကိုယ်တော်၏ဂုဏ်ပြုခြင်းကို ခံရပေလိမ့်မည်။ ကျွန်ုပ်တို့ပေးသောအရာများသည်နည်းသော်လည်း ကြီးစွာသောစားပွဲကြီးဖြစ်လိမ့်မည်။

"အနည်းငယ်သောမျိုးစေ့ကိုကြဲသောသူသည် စပါးအနည်းငယ်သာရိတ်သိမ်းရမည်၊ များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟုမှတ်ကြလော့" (၂ကော ၉း၆)။ ကိုယ်တော်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက်အလုံအလောက်ရှိပါသည်။

"မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာအာဟာရကိုလည်းကောင်းပေးတော်မူသောသူသည် သင်တို့အားမျိုးစေ့ကိုပေး၍ ပွားများစေတော်မူမည်။ သင်တို့၏ဖြောင့်မတ်ခြင်းကိုလည်း ကြွယ်ဝစေတော်မူမည်။"

---ooo---



အခန်း (၃)

# သဘာဝတရားနှင့်ဘုရားသခင်

ကိုယ်တော်သည် ဤလောက၌ရှိစဉ်အခါက ဘုရားသခင်နှင့်လည်းကောင်း၊ သဘာဝတရားနှင့်လည်းကောင်း အမြဲအဆက်အသွယ်ပြုကာ တန်ခိုးထက်သည့်အသက်တာ၏လျှို့ဝှက်ချက်ကို ကျွန်ုပ်တို့အားပြသတော်မူခဲ့ပါသည်။

ကိုယ်တော်၏အသက်တာတွင် အမြဲတမ်းအလုပ်များလျက်ရှိပါသည်။ ကိုယ်တော်ကဲ့သို့ကြီးမားသည့်တာဝန်များကိုထမ်းရွက်သူတစ်ဦးမျှ ဤလောက၌မရှိပါ၊ ဤလောက၏အပြစ်နှင့်သောကဝန်ထုပ်ကြီးကို ကိုယ်တော်ထက်မည်သူမျှမထမ်းရွက်ခဲ့ပါ။ လူသားများ၏ကောင်းကျိုးအတွက် ကိုယ့်ကိုကိုယ်ငြင်းပယ်သောခွဲသတ္တိဖြင့် ကိုယ်တော်ထက်ပို၍မည်သူမျှမထမ်းဆောင်ခဲ့ပါ။ သို့သော်လည်း ကိုယ်တော်၏အသက်တာသည် ကျန်းမာသန်စွမ်းသောအသက်တာဖြစ်ခဲ့ပါသည်။ ဝိညာဉ်ရေးနှင့်ကိုယ်ကာယကျန်းမာခြင်း၌ "အဘယ်အပြစ်မျှမရှိ၊ အညစ်အကြေးနှင့်ကင်းစင်သောသိုးသငယ်" အဖြစ် ပုံဆောင်တော်မူပါသည်။ (၁ယော ၁း၁၉)။ ကိုယ်တော်၏အသက်တာသည် ဘုရားသခင်၏ပညတ်တော်များအား အပြည့်အဝလိုက်လျှောက်သူတစ်ဦးအတွက် ဘုရင်စီမံထားတော်မူသည့်အသက်တာမျိုးဖြစ်ပါသည်။

ကိုယ်တော်၏မျက်နှာတော်ကိုဖူးမြော်သောသူသည် ကရုဏာနှင့်ကိုယ်တော်၏စိတ်တန်ခိုးကိုမြင်ရပါသည်။ ကိုယ်တော်၏အပါး၌ရှိသောသူများသည် ကိုယ်တော်၏ရှင်သန်လျက်ရှိသော ဝိညာဉ်ရေးအသက်တာကို ခံစားရပါသည်။ ကိုယ်တော်သည် အမြဲနူးညံ့သိမ်မွေ့လျက်ရှိတော်မူသော်လည်း ဖုံးကွယ်၍မရသောဘုန်းတော်သည် ထင်ရှားလျက်ရှိပါသည်။

ကိုယ်တော်၏သက်တော်စဉ်တစ်လျှောက်တွင် ကောက်ကျစ်စဉ်းလဲယုတ်မာသောသူများသည် ကိုယ်တော်အားရန်ရှာလျက်ရှိကြပါသည်။ ကိုယ်တော်ကြွလာတော်မူရာနောက်သို့လိုက်၍ ကိုယ်တော်အားနှောင့်ယှက်ရန်

စောင့်နေသူများလည်းမနည်းလှပါ။ ယုဒနိုင်ငံရှိအတော်ဆုံးသူများသည် ကိုယ်တော်အားရန်ပြုဖို့ကြိုးစားကြသော်လည်း အရှုံးနှင့်သာရင်ဆိုင်ခဲ့ကြရပါသည်။ ဂါလိလဲဆရာကြောင့် ဤသူများသည် အရှက်တကွဲအကျိုးနည်းခဲ့ရပါသည်။ ကိုယ်တော်၏သွန်သင်ချက်များသည် အခြားသူများနှင့်မတူဘဲ တန်ခိုးပြည့်ဝလျက်ရှိပါသည်။ ထိုကြောင့် ကိုယ်တော်၏ရန်သူများကပင်လျှင် "ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ" ဟုလျှောက်ကြပါသည်။ ယောဟန် ၇း၄၆။

ကိုယ်တော်၏ငယ်စဉ်အသက်တာသည်ဆင်းရဲပြီး ဟန်ဆောင်မှုနှင့်ဖောက်ပြန်မှုအပြည့်ရှိသောပတ်ဝန်းကျင်တွင် ကြီးပြင်းတော်မူခဲ့ပါသည်။ လက်သမားဆိုင်၌ မိမိ၏မိသားစုစီးပွားရေးကိုလုပ်ကိုင်စဉ်ကပင် ကိုယ်တော်သည် အလုပ်ကိုတန်ဖိုးထားကာ သင်ခန်းစာအမြောက်အမြားကို သိရှိခဲ့ပါသည်။ သို့သော်လည်း ဘဝရှုခင်းများအကြားဝယ် ကိုယ်တော်သည်စိတ်သက်သာရာရစေခဲ့ပြီး သဘာဝလောက၏လျှို့ဝှက်ချက်များကို လေ့လာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် နှုတ်တော်ထွက်စကားများကိုလေ့လာပြီး တောင်တန်းများ၏နံဘေးသစ်တောများရှိ သစ်ပင်များအကြားတွင် ဖခမည်းတော်နှင့်စကားပြောရသောအချိန်နာရီများသည် ကိုယ်တော်အဖို့အပျော်ဆုံးသောအချိန်အခါများဖြစ်ခဲ့ပါသည်။ နံနက်အရုဏ်ဦးအချိန်များတွင် ကိုယ်တော်သည် တိတ်ဆိတ်သောနေရာများ၌ ဆုတောင်းခြင်း၊ ကျမ်းစာများကိုလေ့လာမှတ်သားခြင်းဖြင့် အချိန်ကုန်စေခဲ့ပါသည်။ နံနက်မိုးသောက်ကိုတေးသီချင်းများဖြင့်ကြိုဆိုခဲ့ပြီး အမှုတော်ဆောင်စဉ်အချိန်နာရီများကို ကျေးဇူးတော်ချီးမွမ်းသောသီချင်းများဆိုလျက် စိတ်မသာညည်းတွားနေသူများကို စိတ်သက်သာရာရစေခဲ့ပါသည်။

ဤလောက၌ရှိစဉ် ကိုယ်တော်သည် အပြင်ပတ်ဝန်းကျင်၌သာ အနေအများဆုံးဖြစ်ပြီး တစ်ဒေသမှအခြားဒေသများသို့ ခြေကျင်ခရီးသာကြွတော်မူခဲ့ပါသည်။ လဟာပြင်၌သာ တရားတော်များကို အများဆုံးဟောကြားတော်မူခဲ့ပါသည်။ ဆူညံလျက်ရှိသောမြို့များကိုစွန့်ခွာ၍ ယုံကြည်ခြင်း၊



ရိုးသားခြင်း၊ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်း စသောသင်ခန်းစာများကို တပည့်တော်များအားသွန်သင်ရာ၌ တိတ်ဆိတ်လျက်ရှိသောလယ်ကွင်းများကိုသာရွေးချယ်တော်မူခဲ့ပါသည်။ ဂါလိလဲပင်လယ်နှင့်မဝေးသောတောင်တန်းများရှိအပင်များ၏အရိပ်အောက်တွင် တောင်ပေါ်တရားတော်ကိုချီးမြှင့်တော်မူပြီး တပည့်တော်တစ်ဆယ့်နှစ်ပါးကိုလည်း တမန်တော်ဘွဲ့များကို ပေးသနားတော်မူခဲ့ပါသည်။

ပြာလဲ့သောကောင်းကင်အောက်၊ တောင်ကုန်းများနံဘေး၌ စိမ်းလန်းသောမြက်ခင်းများပေါ်နှင့်ရေကန်များဘေးတွင် ကိုယ်တော်သည်လူများကိုစုဝေးစေလျက် သွန်သင်ရန်အလိုတော်ရှိခဲ့ပါသည်။ ကိုယ်တော်ဖန်ဆင်းခဲ့သောအရာများကြားတွင် ဟန်ဆောင်သောလောကကြီးကိုစွန့်လျက် သဘာဝအကြောင်းကိုဟောကြားရန် သခင်ခရစ်တော်သည် အလိုတော်ရှိခဲ့ပါသည်။ ရှင်သန်လျက်ရှိသောသဘာဝတရားများအကြားတွင် ကောင်းကင်နိုင်ငံတော်သည် တည်လျက်ရှိပါသည်။ ကိုယ်တော်ဖန်ဆင်းခဲ့သောအရာများကိုကြည့်လျက် လူများသည် သခင်ခရစ်တော်၏သွန်သင်ဆုံးမသောတရားများကို နာယူနိုင်ကြပါသည်။ လာမည့်အချိန်၌ ဤသဘာဝတရားများသည် ကိုယ်တော်၏သွန်သင်ဆုံးမခြင်းစကားများကို ပြန်လည်အမှတ်ရစေပြီး စိတ်နှလုံးငြိမ်သက်လျက် အထက်သို့မျှော်ကြည့်စေလိမ့်မည်။

ကိုယ်တော်အားတပည့်တော်များက အနားယူရန်အိမ်သို့မကြာခဏပြန်စေတော်မူသော်လည်း သခင်ခရစ်တော်သည် တပည့်တော်များ၏အနားယူရန်တိုက်တွန်းချက်များကို လက်ခံခြင်းမရှိခဲ့ပါ။ ကိုယ်တော်သည် မိမိထံလာရောက်သူများကို တစ်နေကုန်ပြုစုပြီးနောက် ညနေနေဝင်သောအခါ (သို့မဟုတ်) အရုဏ်ဦးနံနက်ခင်းတွင် တိတ်ဆိတ်သောတောင်ကုန်းများအပေါ်၌ ခမည်းတော်ထံဆုတောင်းလျက်ရှိပါသည်။

မကြာခဏရန်ပြုလိုသူများ၏နှောင့်ယှက်သော စကားစစ်ထိုးမှုများနှင့်ကျမ်းတတ်ဆရာများ၏မမှန်ကန်သောသွန်သင်ချက်များကြောင့် ကိုယ်တော်သည် ပင်ပန်းနွမ်းနယ်ကာ မယ်တော်၊ ညီအစ်ကိုတော်များနှင့်တပည့်တော်

များသည် ကိုယ်တော်အတွက်စိုးရိမ်ကြပါသည်။ သို့သော်လည်း တစ်နေ့တာအမှုတော်ပြီး၍ ခမည်းတော်ထံဆုတောင်းပြီးပြန်လာသောအခါ ကိုယ်တော်၏မျက်နှာတော်၌ငြိမ်သက်ခြင်းပြည့်ဝလျက်၊ အသက်တာသည်လန်းဆန်းလျက်ခွန်အားပြည့်ဝနေပါသည်။ ကိုယ်တော်သည် နံနက်တိုင်းခမည်းတော်နှင့်အချိန်နာရီများစွာကုန်စေပြီး ကောင်းကင်အလင်းတရားကို လူသားများအားပေးဝေရန် ယူဆောင်လျက်ရှိပါသည်။

တပည့်တော်များ၏ပထမသာသနာခရီးပြီးနောက် ပြန်ရောက်လာသောအခါ ကိုယ်တော်သည် တပည့်တော်များကိုနားစေတော်မူခဲ့ပါသည်။ မိမိတို့၏သာသနာပြုလုပ်ငန်းများအောင်မြင်မှုအတွက် ပျော်ရွှင်လျက်ရှိသောတပည့်တော်များသည် ဟေရုဒ်မင်း၏လက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် နှစ်ခြင်းဆရာယောဟန်၏အဖြစ်ကိုကြားသိရသောအခါ ဝမ်းနည်းပူဆွေးလျက်ရှိကြပါသည်။ နှစ်ခြင်းဆရာယောဟန်အားမကယ်တင်ခြင်းသည် တပည့်တော်များအတွက် ကြီးစွာသောဝမ်းနည်းပူဆွေးခြင်းကိုဖြစ်စေပြီး ၎င်းတို့၏ယုံကြည်မှုအတွက် ကြီးစွာသောစမ်းသပ်မှုဖြစ်သည်ကို သခင်ခရစ်တော်သိတော်မူခဲ့ပါသည်။ မျက်ရည်များယိုစီးလျက်ရှိသော တပည့်တော်များ၏မျက်နှာများကို ကရုဏာသက်တော်မူပြီး မျက်ရည်များဝဲလျက်စိတ်တော်ညှိုးနွမ်းကာ ကိုယ်တော်သည်တပည့်တော်များအား “တော၌ဆိတ်ကွယ်ရာအရပ်သို့လာကြ၊ ခဏအားဖြည့်၍ငြိမ်သက်စွာနေကြ” ဟု မိန့်တော်မူပါသည်။ (မာကု ၆း၃၁)။

ဂါလိလဲပင်လယ်မြောက်ဘက် ဗက်ဇာဒဲမြို့အနီး စိမ်းလန်းလှပပြီးတိတ်ဆိတ်လျက်ရှိသောဒေသသည် သခင်ခရစ်တော်နှင့်တပည့်တော်အတွက်အနားယူရန် အသင့်လျော်ဆုံးနေရာဖြစ်၍ ထိုဒေသသို့လှေစီးလျက်ထွက်ခဲ့ကြပါသည်။ လူအုပ်ကြီးနှင့်ဝေးကွာပြီး တိတ်ဆိတ်သောဤအရပ်တွင် အမျိုးမျိုးနှောင့်ယှက်ကာ မမှန်မကန်စွပ်စွဲလျက်ရှိသော ဖာရိရှဲများ၏ရန်မှကင်းကာသခင်ခရစ်တော်၏အဆုံးအမများကို နာယူနိုင်တော်မူကြပါသည်။ ထိုအရပ်၌အချိန်အနည်းငယ်ယူကာ ကိုယ်တော်နှင့်အတူအနားယူရန် ရည်ရွယ်ခဲ့ပါသည်။



ဤဒေသ၌ကိုယ်တော်သည် အချိန်အနည်းငယ်သာ တပည့်တော်များနှင့်အတူ နားနေနိုင်ခဲ့သော်လည်း ဤအချိန်သည်အလွန်မှပင်တန်ဖိုးရှိပါသည်။ ဧဝံဂေလိတရားလုပ်ငန်းအကြောင်းကိုဆွေးနွေးကြပြီး သာသနာပြန့်ပွားရေးအတွက်လည်း ဆွေးနွေးကြပါသည်။ ကိုယ်တော်သည် အမှန်တရား၏ဘဏ္ဍာတိုက်ကိုဖွင့်ပြသောအခါ တပည့်တော်များသည် ပိုမိုခွန်အားရှိလာပြီး မျှော်လင့်ချက်သည်လည်း ကြီးထွားလာခဲ့ပါသည်။

သို့သော်လည်း ကိုယ်တော်သည် အနားယူလျက်ရှိသောနေရာ၌ရှိမည့်အထင်နှင့် လူအုပ်ကြီးသည် သခင်ခရစ်တော်အားရှာဖွေလျက်ရှိပါသည်။ ကိုယ်တော်သည်လည်း အနားယူတော်မူခြင်းမှကြွခဲ့ရပါသည်။ အမှန်တရားအတွက်ငတ်မွတ်လျက်ရှိသော ဤလူအုပ်ကြီးအတွက် သိုးထိန်း၏ရင်ထဲတွင်မေတ္တာကရုဏာနှင့်သနားကြင်နာမှုများပြည့်ဝလျက်ရှိပါသည်။ ကိုယ်တော်သည် ဤလူအုပ်ကြီးကိုကူညီမစပြီး ညနေစောင်းလျှင် သူတို့ကိုပြန်လွှတ်တော်မူပါသည်။

အများ၏အကျိုးအတွက် ဆက်ကပ်ထားတော်မူသည့်အသက်တာတွင် လူသားများကိုကူညီမစခြင်းမှခေတ္တရပ်ဆိုင်းကာ ခမည်းတော်ထံချဉ်းကပ်ဆုတောင်းအနားယူရန်လိုအပ်ပါသည်။ ကိုယ်တော်သည် လူအုပ်ကြီးပြန်သွားသောအခါ တောတောင်များသို့သွားပြီး ဝန်းလေး၍ပင်ပန်းလျက်ရှိသောအပြစ်သားများအတွက် မိမိ၏ဆုတောင်းချက်များကို ရင်ဖွင့်တောင်းလျှောက်လျက်ရှိတော်မူပါသည်။

“စပါးရိတ်စရာများစွာရှိ၏၊ ရိတ်သောသူတို့သည်နည်းကြ၏” ဟု တပည့်တော်များကိုမိန့်တော်မူသောအခါ တပည့်တော်များသည် မနားမနေလုပ်ရမည်ဟု ကိုယ်တော်မဆိုလိုပါ။ “ထိုကြောင့် လုပ်ဆောင်သောသူတို့ကိုစပါးရိတ်စေခြင်းငှာစေလွှတ်တော်မူမည့်အကြောင်း စပါးရှင်ကိုဆုတောင်းကြလော့” ဟု (မဿဲ ၉း၃၈) သာမိန့်မှာခဲ့ပါသည်။ ရှေးတပည့်တော်များနည်းတူယနေ့ကိုယ်တော်၏အမှုတော်ဆောင်များကိုလည်း ကရုဏာသက်စွာဖြင့်အနားယူရန် ဖိတ်ခေါ်လျက်ရှိပါသည်။

ဘုရားသခင်၏လမ်းပြတော်မူခြင်းကိုခံယူသူတိုင်းသည် မိမိ၏ဘုရားသခင်၊ သဘာ၀တရားများနှင့်ဆက်သွယ်လျက် တိတ်ဆိတ်စွာနေရန်လိုအပ်ပါသည်။ ထိုသူများ၏အသက်တာတွင် ဤလောက၏ဓလေ့များ၊ ကျင့်ထုံးများကိုဖော်ပြခြင်းမရှိဘဲ ဆန့်ကျင်နေပါသည်။ ဘုရားသခင်၏အလိုတော်ကိုသိရှိရန် ၎င်းတို့တစ်ဦးစီ၏အသက်တာတွင် အတွေ့အကြုံများရှိရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏နှလုံးသားကိုအဆက်အသွယ်ပြုနေသောဘုရားသခင်၏အသံတော်ကို ကျွန်ုပ်တို့တစ်ဦးချင်းကကြားရန် လိုအပ်ပါသည်။ အခြားအသံများတိတ်ဆိတ်ကာ ငြိမ်သက်စွာစောင့်ဆိုင်းနေစဉ်တိတ်ဆိတ်ခြင်း၌ ဘုရားသခင်၏အသံတော်ကိုကြားနိုင်ပါလိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား "ငြိမ်ဝပ်လျက်နေကြလော့၊ ငါကားဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့" (ဆာလံ ၄၆း၁၀) ဟုမှာကြားတော်မူပါသည်။ ဘုရားသခင်၏အမှုတော်ကိုဆောင်ရန် ဤကဲ့သို့ပြင်ဆင်ခြင်းသည် အထိရောက်ဆုံးဖြစ်ပါသည်။ ရှုပ်ထွေးနေသော ဤလောကအလယ်၌ရှိသောသူသည် ဘုရားသခင်၏အထံတော်မှငြိမ်သက်ခြင်းနှင့်အလင်းတော်ဖြင့် ခွန်အားပြည့်လျက်ရှိနေပါမည်။ ကိုယ်တော်ထံမှကာယစွမ်းအား၊ ဉာဏစွမ်းအားသစ်များရရှိလာကာ ထိုသူ၏အသက်တာတွင် ကိုယ်တော်၏ဘုန်းတန်ခိုးတော်ထွန်းတောက်လျက် အခြားသူများ၏စိတ်နှလုံးကိုလည်း ဆွဲဆောင်ပါလိမ့်မည်။

---ooo---





အခန်း (၄)

# ယုံကြည်ခြင်းအားဖြင့်တို့ထိခြင်း

"ငါသည်အဝတ်တော်ကိုသာတို့လျှင် ချမ်းသာရမည်" (မဿဲ ၉း၂၁)။ ဤစကားသည် (၁၂) နှစ်တိုင်တိုင် ရောဂါ၏ဖိစီးမှုဒဏ်ကို ခံစားနေရသည့်အမျိုးသမီးတစ်ဦး၏စကားဖြစ်သည်။ သူမသည်ရှိသမျှပစ္စည်းဥစ္စာများကိုရောင်းချ၍ ဆေးကုသော်လည်း ဆရာဝန်တိုင်းကလက်မြှောက်ခဲ့ရပါသည်။ သို့သော်လည်း တန်ခိုးရှင်၏သတင်းစကားကိုကြားသိရသောအခါ သူမသည်မျှော်လင့်ချက်သန်းလာပြီး ကိုယ်တော်၏အနားသို့ရောက်နိုင်လျှင်ပျောက်ကင်းမည်ဟုတွေးထင်မိခဲ့ပါသည်။

မိမိ၏သမီးငယ်နာမကျန်း၍ "အကျွန်ုပ်၏သမီးငယ်သေလုပါပြီ၊ သို့သော်လည်း ကိုယ်တော်သည်ကြွ၍ သူ့ကိုကယ်တင်ခြင်းငှာ သူမ၏အပေါ်၌လက်ကိုတင်တော်မူလျှင် အသက်ရှင်ပါလိမ့်မည်" (မာကု ၅း၂၃) ဟူသောတောင်းလျှောက်သံကြောင့် ကိုယ်တော်သည် ကရုဏာသက်ဝင်တော်မူပြီး ယုဒကျမ်းတတ်ဆရာဇရပ်မှူးယာဣရုအိမ်သို့ ချက်ချင်းကြွလှမ်းတော်မူခဲ့ပါသည်။

လူအုပ်ကြီးသည် အလွန်များပြားသောကြောင့် ခရီးကြာခဲ့ရပါသည်။ ကိုယ်တော်သည် လူအုပ်ကြီးနှင့်ကြွလာစဉ် အထက်ပါလူနာအမျိုးသမီးရှိရာသို့ရောက်လာပါသည်။ သူမသည် သခင်ခရစ်တော်၏အပါးသို့ချဉ်းကပ်၍ တောင်းလျှောက်ရန်အကြိမ်ကြိမ်ကြိုးစားသော်လည်း လူအုပ်ကြီးသည် အလွန်များပြားသည့်အတွက် အခွင့်မသာခဲ့ပါ။ သို့သော်လည်း ကိုယ်တော်၏ဝတ်ရုံတော်ကိုတို့ထိလျှင်လည်း ရောဂါများပျောက်ကင်းနိုင်ကြောင်းကိုကြားသိလျှင်ရသည့်အခွင့်အရေးကိုဆုံးရှုံးမခံဘဲ ငါသည်အဝတ်တော်ကိုသာတို့လျှင် ချမ်းသာရမည်ဟုဆိုကာ ရှေ့သို့လှမ်းခဲ့ပါသည်။

သခင်ခရစ်တော်သည် ဤအမျိုးသမီး၏လိုအပ်ချက်များနှင့် သူမ၏အတွေးအခေါ်များကိုသိတော်မူပြီး သူမ၏ယုံကြည်ခြင်းပိုမိုခိုင်မာလာရန်မစတော်မူခဲ့ပါသည်။

ကိုယ်တော်ဖြတ်သန်းတော်မူစဉ် အမျိုးသမီးသည် မမိတမိနှင့် ကိုယ်တော်၏အဝတ်တော်ပန်းပွားများကို တို့ထိခဲ့ပါသည်။ ဤတို့ထိချက်တွင် သူမ၏အသက်တာတစ်ခုလုံး၏ယုံကြည်မှုကိုအခြေခံထားပြီး တို့လိုက်သည်နှင့်တစ်ပြိုင်နက်တည်း တစ်ကိုယ်လုံးလျှပ်စစ်ကျဉ်သကဲ့သို့ ကျန်းမာခြင်းခွန်အားချက်ချင်းပျံ့နှံ့ခဲ့ပါသည်။ အမျိုးသမီးသည် သူမ၏ရောဂါပျောက်ကင်းသွားသည်ကို ချက်ချင်းသိလိုက်ပါသည်။ “ထိုခဏချင်းတွင် အသွေးစုဝေးရာခန်းခြောက်သည်ဖြစ်၍ ထိုရောဂါနှိပ်စက်ခြင်းနှင့်ကင်းလွတ်ပြီဟု မိမိကိုယ်၌သိလေ၏” မာကု ၅း၂၉။

၁၂ နှစ်တိုင်တိုင် မည်သည့်ဆေးဆရာမျှမပျောက်ကင်းစေခဲ့သောရောဂါကို ကုသပေးခဲ့သည့်ကိုယ်တော်အား ကျေးဇူးတင်ချင်သော်လည်း ဤအမျိုးသမီးမှာမပြောဝံ့ဘဲဖြစ်ခဲ့ရပါသည်။ ထိုကြောင့် ဝမ်းမြောက်လျက်ပင် အနားမှခွာရန်ကြိုးစားခဲ့သော်လည်း ကိုယ်တော်သည် ချင်ချင်းနောက်သို့လှည့်၍ ငါ့အဝတ်တော်ကိုမည်သူတို့သနည်းဟုမေးလေ၏။

တပည့်တော်များကလည်းအံ့ဩကာ ပေတရုက “သခင်၊ လူအစုအဝေးတို့သည် ကိုယ်တော်အားထိခိုက်တိုက်မိကြသည်ဖြစ်၍ ငါ့ကိုအဘယ်သူတို့သနည်းဟုမေးတော်မူပါသည်တကား” ဟုလျှောက်လေ၏။ လုကာ ၈း၄၅။

“သခင်ယေရှုကလည်း တစ်စုံတစ်ယောက်သောသူသည် ငါ့ကိုတို့လေပြီ၊ ငါ့ကိုယ်မှတန်ခိုးထွက်သည်ကိုငါသိ၏ဟုမိန့်တော်မူ၏” (ငယ် ၄၆)။

ကိုယ်တော်သည်ယုံကြည်ခြင်းကို အခြေခံသောတို့ထိခြင်းနှင့် မတော်တဆတိုက်မိခြင်း၏ကွဲပြားမှုကိုသိတော်မူပြီး တစ်စုံတစ်ဦးသည် ရည်ရွယ်ချက်များကြီးမားစွာဖြင့် မိမိအားတို့ထိခဲ့ပြီး ဆုတောင်းခြင်းပြည့်ဝခဲ့သည်ကို သိတော်မူပါသည်။

သခင်ခရစ်တော်သည် ဤမေးခွန်းကိုအကြောင်းမဲ့မေးတော်မူခြင်းမဟုတ်ဘဲ တပည့်တော်များ၊ လူအုပ်ကြီးနှင့်တကွအမျိုးသမီးအတွက်သင်ခန်းစာရရှိရန် မေးမြန်းတော်မူခြင်းဖြစ်ပါသည်။ ဝန်လေးလျက်ရှိသူများအဖို့ မျှော်လင့်



ချက်ရောင်ခြည်သန်းလိုတော်မူပါသည်။ ဤအမျိုးသမီး၏ရောဂါပျောက်ကင်းမှုသည် သူမ၏ယုံကြည်ခြင်းကြောင့်ဖြစ်သည်ကို သိစေလိုတော်မူပါသည်။ ဤအမျိုးသမီး၏ယုံကြည်ခြင်းကို မချီးကျူးဘဲမရှိစေလိုပါ။ သူမ၏သက်သေခံခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါမည်။ သူမ၏ယုံကြည်ချက်ကိုလက်ခံကြောင်း ဤအမျိုးသမီးအားသိစေလိုပါသည်။ ကိုယ်တော်သည် ဤအမျိုးသမီးအားကောင်းချီးတစ်ဝက်တစ်ပျက်နှင့်မပြန်စေလိုပါ။ သူမ၏နာကျင်ခြင်းခံစားနေရမှုကိုသိတော်မူသည့်အကြောင်းအား ကိုယ်တော်၏ကြီးမားသောမေတ္တာနှင့် သူမ၏ယုံကြည်ခြင်းကိုလက်ခံကာ ယုံကြည်သူအပေါင်းတို့ကိုကယ်တင်မည်ဖြစ်ကြောင်း အမျိုးသမီးအားသိစေလိုပါသည်။

ကိုယ်တော်သည် အမျိုးသမီးကိုကြည့်လျက် အကြိမ်ကြိမ်မေးသော် သူမသည် မဖုံးကွယ်နိုင်သည်ကိုသိ၍တုန်လျက်၊ ကိုယ်တော်၏ခြေတော်ရင်း၌ပျပ်ဝပ်လျက်နေ၏။ ဝမ်းမြောက်သောမျက်ရည်များယိုစီးလျက် ကိုယ်တော်နှင့်လူများရှေ့တွင် အဝတ်တော်ကိုတို့ထိသည်အကြောင်းရင်းနှင့် ရောဂါပျောက်ကင်းမှုအကြောင်းကို သက်သေခံပါသည်။ မိမိ၏အပြုအမူမှားသည်ဟုထင်ခဲ့သော်လည်း ကိုယ်တော်သည် သူမအားအပြစ်တစ်စုံတစ်ရာတင်တော်မူခြင်းမရှိဘဲ ချီးကျူးတော်မူပါသည်။ လူသားများအားသနားကြင်နာကာမေတ္တာပြည့်လျှံသောနှလုံးသားမှယိုစီးလာသောစကားတော်များမှာ “ငါ့သမီး၊ မစိုးရိမ်နှင့်၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ၊ ငြိမ်ဝပ်စွာသွားလော့ဟုမိန့်တော်မူ၏” (အငယ် ၄၈)။ ဤစကားတော်ကိုကြားသိရသောအခါ အမျိုးသမီးသည်ဝမ်းမြောက်လျက် မိမိ၏ပျော်ရွှင်မှုသည် ပြည့်ဝခဲ့ရပါသည်။

ကိုယ်တော်အားတိုးဝှေ့လျက်ရှိသောလူအုပ်ကြီးသည် မည်သည့်တန်ခိုးတော်မျှရရှိခဲ့ခြင်းမရှိသော်လည်း ယုံကြည်ခြင်းဖြင့်တို့ထိခဲ့သောအမျိုးသမီးမှုကား ရောဂါပျောက်ကင်းခဲ့ရပါသည်။ ထို့အတူ ဝိညာဉ်ရေးအသက်တာတွင် အမှတ်တမဲ့တို့ထိခြင်းသည် ယုံကြည်ခြင်းဖြင့်တို့ထိခြင်းနှင့်ကွာခြားပါသည်။ သခင်ခရစ်တော်ကို ဤလောက၏ကယ်တင်ရှင်အဖြစ် ယုံကြည်

ခြင်းနှင့်မလုံလောက်ပါ၊ ကယ်တင်ခြင်းကိုအခြေခံသောယုံကြည်ခြင်းသည် ဧဝံဂေလိတရားတော်၏အနည်းငယ်သော အစိတ်အပိုင်းတစ်ခုမျှမဟုတ်ပါ။ စစ်မှန်သောယုံကြည်ခြင်းသည် သခင်ခရစ်တော်အား မိမိ၏ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် လက်ခံခြင်းဖြစ်ပါသည်။ "ဘုရားသခင်၏သားတော်ကိုယုံကြည်သော (ကျွန်ုပ်သည်) ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ယောဟန် ၃း၁၆။ ကျွန်ုပ်သည် ကိုယ်တော်ထံသို့ရောက်ရှိလာသောအခါ နှုတ်တော်ထွက်စကားတွင်ပါရှိသည့်အတိုင်း ကိုယ်တော်၏ကယ်တင်ခြင်းဆုကျေးဇူးတော်ကို ကျွန်ုပ်လက်ခံရရှိကြောင်းကိုယုံကြည်ရမည်။ ကျွန်ုပ်၏ယခုကျန်ရှိသောအသက်တာတွင် "ခရစ်တော်သည် ငါ၌ရှင်တော်မူ၏၊ ကိုယ်ခန္ဓာ၌ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည်ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏" ဂလာတိ ၂း၂၀။

လူအမြောက်အမြားသည် ယုံကြည်ခြင်းကိုသဘောထားတစ်ခုအဖြစ်ယူဆကြသည်။ သို့သော်လည်း ကယ်တင်ခြင်းကိုအခြေခံသောယုံကြည်ခြင်းသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့အကြား ပဋိညာဉ်ပြုခြင်းဖြစ်ပါသည်။ ရှင်သန်လျက်ရှိသောယုံကြည်ခြင်းသည် ခွန်အားကြီးထွားလာကာ ယုံကြည်ကိုးစားမှုပိုမိုကြီးမားလာပြီး ကိုယ်တော်၏ကျေးဇူးတော်ဖြင့် အောင်မြင်သောတန်ခိုးကိုဖြစ်စေတော်မူပါသည်။

ယုံကြည်ခြင်းသည် သေခြင်းတရားထက်ပိုမိုအောင်နိုင်ပါသည်။ ဖျားနာလျက်ရှိသောသူများသည် သခင်ခရစ်တော်ကိုကြည့်ခြင်းအားဖြင့် အံ့သြဖွယ်အမှုများဖြစ်လာနိုင်ပါသည်။ ကိုယ်ခန္ဓာနှင့်ဝိညာဉ်ရေးအတွက် အသက်ကိုဖြစ်စေပါသည်။

အကျင့်ဆိုးများစွဲကပ်နေသူများအတွက် အမှုတော်ကိုဆောင်ရာ၌သူတို့၏မျှော်လင့်ချက်ကင်းမဲ့သည့်နောင်ရေးကိုလည်းကောင်း၊ အခက်အခဲ



တွေ့နေသူအားလည်းကောင်း၊ မိမိတို့ရင်ဆိုင်ရမည့်ဆိုးရွားသောသေဘေးကိုလည်းကောင်း ညွှန်ပြမည့်အစား သခင်ခရစ်တော်ထံသို့ညွှန်ပြပါက ဝိညာဉ်ရေးနှင့်ကိုယ်ခန္ဓာအတွက် သာ၍အကျိုးများမည်ဖြစ်ကြောင်းသိရပါသည်။

## ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့ကိုကယ်တင်တော်မူ၏

ရောမတပ်မှူးတစ်ဦး၏ကျွန်တစ်ယောက်သည် ခြေလက်သေသည့်ရောဂါနှင့်တုံးတုံးလဲလျက်ရှိသည်။ ရောမလူမျိုးများသည် မိမိတို့၏ကျွန်များကိုနှိပ်စက်ညှဉ်းပန်းလေ့ရှိသော်လည်း ဤတပ်မှူးသည် စိတ်ထားနူးညံ့ပြီးမိမိ၏ကျွန်ကိုချစ်သည်။ ထို့ကြောင့် ကျွန်၏ရောဂါကိုလည်းပျောက်ကင်းစေလိုသည်။ ဤတပ်မှူးသည် ကိုယ်တော်ကိုမဖူးမြော်ခဲ့ရသော်လည်း မိမိကြားခဲ့ရသည့်သတင်းစကားများကြောင့် သခင်ခရစ်တော်သည် မိမိ၏ကျွန်ကိုပျောက်ကင်းစေနိုင်ကြောင်းကို ယုံကြည်ပါသည်။ ယုဒလူမျိုးများ၏ဘာသာရေးဖောက်ပြန်မှုများရှိသော်လည်း တပ်မှူးလေးသည် ယုဒလူမျိုးတို့ကိုးကွယ်သည့်ဘုရားသခင်သည် မိမိတို့ကိုးကွယ်သည့်ဘုရားသခင်ထက် တန်ခိုးပိုမိုကြီးမားသည်ကိုသိပါသည်။ စစ်နိုင်သူနှင့်စစ်ရှုံးသူများကြားရှိ နိုင်ငံရေးရာခွဲခြားမှုများကိုဖယ်ရှားကာ ယုဒလူမျိုးတို့၏ဘုရားသခင်ကိုလေးစားပြီး ယုဒဘာသာဝင်များကိုလည်း ကူညီခဲ့ပါသည်။ ကိုယ်တော်၏သွန်သင်ချက်များကိုသိရှိခဲ့သော ဤတပ်မှူး၏ဝိညာဉ်ရေးဆာလောင်မှုကိုပြည့်ဝစေပြီး ကိုယ်တော်၏တရားတော်များကိုလည်း အပြည့်အဝလက်ခံခဲ့ပါသည်။ သို့သော်လည်း ဤတပ်မှူးလေးသည် ကိုယ်တော်ရှေ့တော်၌ ကိုယ်တိုင်အကူအညီတောင်းရန်မထိုက်တန်ဟု မိမိကိုယ်ကိုယူဆကာ ယုဒလူကြီးများကိုအကူအညီတောင်းခံခဲ့၏။

ယုဒအကြီးအကဲများကလည်း သခင်ခရစ်တော်အား "ကျေးဇူးတော်ကိုခံမည့်သူသည် ခံထိုက်သောသူဖြစ်ပါ၏၊ သူသည်အကျွန်ုပ်တို့လူမျိုးကို

နှစ်သက်၍ အကျွန်ုပ်တို့အဖို့ တရားဇရပ်ကိုဆောက်ပါပြီဟူ၍ ကျပ်ကျပ်တောင်းပန်ကြ၏" လုကာ ၇း၄၊၅။

မိမိ၏အိမ်သို့ကြွလာသည့် သခင်ခရစ်တော်ထံသို့ တပ်မှူးလေးသည် တစ်ဆင့်လျှောက်သည်မှာ "သခင်၊ ကိုယ်ကိုပင်ပန်းစေတော်မမူပါနှင့်၊ အကျွန်ုပ်၏အိမ်မိုးအောက်သို့ကြွဝင်တော်မူခြင်းကျေးဇူးတော်ကို အကျွန်ုပ်မခံထိုက်ပါ" (အငယ် ၆) ဟုလျှောက်လေ၏။

သို့သော်လည်း သခင်ခရစ်တော်သည်ဆက်လက်ကြွလာစဉ် တပ်မှူးလေးသည် ကိုယ်တိုင်ရောက်လာ၍ "ထို့အတူအကျွန်ုပ်သည် ကိုယ်တော်ထံသို့ရောက်ထိုက်သောသူမဟုတ်သည်ကို အကျွန်ုပ်ထင်ပါပြီ၊ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်။ ဉပမာကား၊ ကျွန်တော်မျိုးသည် မင်းအောက်၌ကျွန်ခံသောသူဖြစ်သော်လည်း စစ်သူရဲများကိုအုပ်စိုး၍ တစ်ဦးသွားချေဟုဆိုလျှင်သွားပါ၏၊ တစ်ဦးကိုလာခဲ့ဟုဆိုလျှင်လာပါ၏၊ ကျွန်ကိုလည်း ဤအမှုကိုလုပ်တော့ဟုဆိုလျှင်လုပ်ပါ၏" (မဿဲ ၈း၈၊၉) ဟုလျှောက်လေသည်။

အကျွန်ုပ်သည် ရောမအစိုးရကိုကိုယ်စားပြုသောကြောင့် စစ်သူရဲများသည် အကျွန်ုပ်၏အာဏာကိုလေးစားကြပါသည်။ ကိုယ်တော်သည်လည်း ထာဝရဘုရားသခင်၏တန်ခိုးတော်ကိုကိုယ်စားပြုပြီး ဖန်ဆင်းခြင်းခံရသောအရာအားလုံးသည် ကိုယ်တော်၏အမိန့်တော်ကိုနာခံကြသောကြောင့် ကိုယ်တော်အမိန့်ပေးလျှင် ဤရောဂါသည် ပျောက်ကင်းစေနိုင်ပါသည်။ အမိန့်တော်တစ်ခွန်းရှိလျှင် အကျွန်ုပ်၏ငယ်သားသည် ချမ်းသာရပါလိမ့်မည်။

"သခင်ခရစ်တော်ကလည်း ယုံကြည်သည်နှင့်အညီ သင်၌ဖြစ်စေဟုမိန့်တော်မူပြီး၊ ထိုခဏချင်းတွင် သူ၏ငယ်သားသည် အနာရောဂါကင်း၍ သက်သာခြင်းသို့ရောက်လေ၏" (မဿဲ ၈း၁၃)။

ယုဒအကြီးအကဲများက ဤသူသည်ကျွန်ုပ်တို့လူမျိုးကိုနှစ်သက်ပြီး အကျွန်ုပ်တို့အဖို့ တရားဇရပ်ကိုဆောက်ပေးသောကြောင့် ကျေးဇူးတော်ကိုခံထိုက်သည်ဟုဆိုသည်။ တပ်မှူးလေးကမူ ကျေးဇူးတော်ကိုအကျွန်ုပ်မခံထိုက်ပါဟုဆိုသော်လည်း သခင်ခရစ်တော်အားအကူအညီတောင်းရန် မတွန့်ဆုတ်ခဲ့ပါ။ တပ်မှူးလေးသည် မိမိပြုခဲ့သည့်ကောင်းမှုများကို အားကိုးခြင်းမပြုဘဲ သခင်ခရစ်တော်၏ကရုဏာတော်ကိုသာ ကိုးစားခဲ့ပါသည်။ မိမိ၏အားနည်းချက်ကိုသာ ဂရုပြုခဲ့ပါသည်။



ထိုနည်းတူလူတိုင်းသည် သခင်ခရစ်တော်ထံသို့ရောက်လာနိုင်ပါသည်။ "ငါတို့ကျင့်သောဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ မိမိသနားခြင်းကရုဏာတော်နှင့်အညီ ငါတို့ကိုကယ်တင်တော်မူ၏" (တိတု ၃း၅)။ မိမိအပြစ်သားဖြစ်သည့်အတွက် သခင်ခရစ်တော်ထံမှကောင်းချီးများကို မျှော်လင့်နိုင်သည်ဟုခံစားမိပါသလား၊ အပြစ်သားများကိုကယ်တင်ရန် သခင်ခရစ်တော်သည် ဤလောကသို့ကြွလာသည်ကိုမမေ့ပါနှင့်၊ ဘုရားသခင်၏ရှေ့တော်မှောက်သို့ယူဆောင်လာရန် ကျွန်ုပ်တို့၌ဘာမျှမရှိပါ၊ ကျွန်ုပ်တို့တောင်းလျှောက်နိုင်သည့် တစ်ခုတည်းသောအရာမှာ မျှော်လင့်ခြင်းကင်းမဲ့သည့် ကျွန်ုပ်တို့၏အခြေအနေကြောင့် လိုအပ်လျက်ရှိသည့် ကယ်တင်ခြင်းတန်ခိုးတော်သာလျှင်ဖြစ်ပါသည်။ မိမိကိုယ်ကိုငြင်းပယ်ပြီး ကရာနိကုန်းပေါ်၌ရှိသောလက်ဝါးကပ်တိုင်ကိုမျှော်ကိုးလျက်။

"ကျွန်ုပ်၏လက်၌ဘာမျှမရှိ၊ ကိုယ်တော်၏ကပ်တိုင်ကိုသာဖက်တွယ်၏" ဟုဆိုရပါမည်။

"သင်သည်ယုံကြည်နိုင်သလော၊ ယုံကြည်သောသူဖြစ်လျှင် ခပ်သိမ်းသောအမှုတို့ကိုတတ်နိုင်သည်" (မာကု ၉း၂၃)။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတော်နှင့်ဆက်သွယ်လျက် အမှောင်လောက၏နှောင့်ယှက်ခြင်းကိုအောင်နိုင်ရန် ခွန်အားရရှိပါသည်။ ကျွန်ုပ်တို့၌ငြိတွယ်လျက်ရှိသောအကျင့်ဆိုးများနှင့် မည်မျှကြီးမားသည့်စုံစမ်းနှောင့်ယှက်ခြင်းကိုမဆို အောင်မြင်ရန်ခွန်အားကို သခင်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့ကိုပေးသနားခဲ့ပါသည်။ သို့သော်လည်း မိမိတို့သည် ခွန်အားနည်းလျက်ရှိသည်ဟုခံစားမိကာ လူအမြောက်အမြားသည် ကိုယ်တော်နှင့်ဝေးကွာလျက်ရှိပါသည်။ ဤသူများသည် မိမိတို့၏မျှော်လင့်ချက်ကင်းမဲ့သည့်အခြေအနေကို ကရုဏာရှင်သခင်ခရစ်တော်၌သာပုံအပ်ရပါမည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို

မကြည့်ဘဲ သခင်ခရစ်တော်ကိုသာကြည့်ရှုရပါမည်။ ဤလောက၌ရှိတော်မူစဉ် နာမကျန်းသူများကိုကုသပျောက်ကင်းစေပြီး နတ်ဆိုးစွဲသူများထံမှ နတ်ဆိုးများကိုနှင်ထုတ်တော်မူသည့်အရှင်သည် ယခုတိုင်တန်ခိုးကြီးမားသည့် ကယ်တင်ရှင်ဖြစ်တော်မူပါသည်။ ကတိတော်ဖြစ်သည့် "ငါ့ထံသို့လာသောသူကို ငါသည်အလျှင်းမပယ်" (ယောဟန် ၆း၃၇) ကိုအသက်ပင်မှသစ်ရွက်များကဲ့သို့ကိုင်စွဲရပါမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီကိုလက်ခံမည်ဟု ကတိတော်ထားရှိသည့်အတိုင်း ယုံကြည်၍ကိုင်စွဲထားသူတစ်ဦးတစ်ယောက်မျှ ပျက်စီးခြင်းသို့မရောက်နိုင်ပါ။

"ငါသည်အပြစ်ရှိစဉ်ကပင် သခင်ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အားထင်ရှားစွာပြတော်မူ၏" ရောမ ၅း၈။

သို့ဖြစ်၍ ဤအရာများတို့၌ အဘယ်သို့ပြောစရာရှိသနည်း၊ "ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင် အဘယ်သူသည် ငါတို့တစ်ဘက်၌နေနိုင်မည်နည်း၊ မိမိသားတော်ရင်းကိုမနှမြောဘဲ ငါတို့ရှိသမျှအဖို့အလိုငှာစွန့်တော်မူသောသူသည် သားတော်နှင့်တကွခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲအဘယ်သို့နေတော်မူမည်နည်း" ရောမ ၈း၃၁၊၃၂။

"အကြောင်းမူကား၊ သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတ္တံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုအားဖြင့်ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့် ငါတို့ကိုမကွာစေနိုင်ဟု ငါသည်သဘောကျလျက်ရှိ၏" အငယ် ၃၈၊၃၉။

## ကိုယ်တော်သည်ကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူသည်

အရှေ့တိုင်းရှိရောဂါများအနက် အနာကြီးရောဂါစွဲခြင်းသည်ကြောက်စရာအကောင်းဆုံးဖြစ်ပါသည်။ ကူးစက်လွယ်ပြီး မပျောက်ကင်းနိုင်



သောရောဂါ၏လက္ခဏာနှင့် လူနာအပေါ်ဆိုးရွားလှသောဖိစီးမှုဒဏ်ကြောင့် လူတိုင်းသည် ဤရောဂါကိုအလွန်ကြောက်လန့်ကြပါသည်။ ယုဒလူမျိုးတို့သည် ဤရောဂါကိုအပြစ်ပြုခြင်းကြောင့် ဘုရားသခင်မှဒဏ်ခံရသော အပြစ်၏အခပဟုသတ်မှတ်ကာ ရောဂါ၏ကြောက်မက်ဖွယ်ကောင်းသော ဆိုးရွားသည့်လက္ခဏာများသည် အပြစ်ကိုသရုပ်ဆောင်ခဲ့ပါသည်။

စီရင်ထုံးဖွဲ့မှုများနှင့်အညီ လူနာကိုမသန့်ရှင်းဟုသတ်မှတ်ကာ သူကိုင်တွယ်သမျှအားလုံးကို မသန့်ရှင်းဟုသတ်မှတ်ထားပါသည်။ သူ့ကြောင့်လေထုသည်ပင်ညစ်ညမ်းရပါသည်။ လူနာကိုအသက်ပျောက်သောအလောင်းကဲ့သို့သတ်မှတ်ကာ လူ့အသိုက်အဝန်းမှထုတ်ပယ်ပါသည်။ အနာကြီးရောဂါစွဲကပ်သည်ဟု သံသယမကင်းခံရသူသည် ယဇ်ပုရောဟိတ်မင်းထံသို့သွားရောက်စစ်ဆေးခံရကာ ယဇ်ပုရောဟိတ်မင်း၏ဆုံးဖြတ်ချက်ကို ခံယူရပါသည်။ အကယ်၍ အနာကြီးရောဂါစွဲကပ်သည်ဟုသေချာပါက ဤသူသည် မိမိ၏မိသားစု၊ ဣသရေလလူမျိုးအသိုက်အဝန်းကိုစွန့်ခွာ၍ မိမိနှင့်ဘဝတူများနှင့်သာပေါင်းဖော်ရပါသည်။ တိုင်းပြည်ကိုအုပ်စိုးသောမင်းများပါမကျန် ထိုးနန်းကိုစွန့်၍ ဤသို့ပြုကျင့်ရပါသည်။

မိမိ၏မိသားစုမိတ်ဆွေအသိုက်အဝန်းမှစွန့်ခွာကာ မိမိ၏အခက်အခဲကို တစ်ဦးတည်းကြိတ်မှိတ်ခံစား၍ သွားလေရာရာ၌မိမိ၏ရောဂါကို "မသန့်ရှင်း၊ မသန့်ရှင်း" ဟု အော်ဟစ်ကြွေးကြော်ကာ အဝတ်များကိုဆုတ်ဖြဲ၍ ပတ်ဝန်းကျင်ရှိလူများကိုသတိပေးရပါသည်။ ဝမ်းနည်းကြေကွဲစွာဟစ်လျက်ရှိသော ဤသတိပေးသံသည် ပတ်ဝန်းကျင်ရှိလူကောင်းများအတွက် အလွန်ကြောက်မက်ဖွယ်ကောင်းသော သတိပေးချက်ဖြစ်ပါသည်။

သခင်ခရစ်တော်အမှုတော်ဆောင်ခဲ့သည့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်တွင် ဤအနာကြီးရောဂါစွဲနေသောသူများစွာရှိခဲ့ပါသည်။ သခင်ခရစ်တော်၏သတင်းစကားကိုကြားရသောအခါ လူနာတစ်ဦး၏ရင်၌မျှော်လင့်ချက်သန်းလာခဲ့ပါသည်။ အကယ်၍ သခင်ခရစ်တော်ထံသို့အရောက်သွားနိုင်ပါက မိမိ၏ရောဂါပျောက်ကင်းမည်။ သို့သော်လည်း သခင်ခရစ်တော်ကိုမည်သို့

ရှာဖွေမည်နည်း၊ မိမိ၏ဆိုးရွားသောရောဂါအခြေအနေကြောင့် သခင်ခရစ်တော်ထံမည်သို့အကူအညီတောင်းခံနိုင်မည်နည်း၊ ကိုယ်တော်သည်သူ့ကိုကုသပါမည်လား၊ (သို့မဟုတ်) ဖာရိရှဲများနှင့်ဆရာဝန်များကဲ့သို့ မိမိအားကျိန်ဆဲပြီး လူ့အသိုက်အဝန်းမှမောင်းထုတ်မည်လားဟု အတွေးများဝင်လာပါသည်။

လူနာသည် သခင်ခရစ်တော်နှင့်ပတ်သက်၍ မိမိကြားခဲ့သမျှကိုစဉ်းစားကာ ကိုယ်တော်သည် အခက်အခဲတွေ့နေသူတစ်ဦးကိုမျှ ငြင်းပယ်ခဲ့ခြင်းမရှိကြောင်းကိုသတိပြုလျက် သခင်ခရစ်တော်ကိုတွေ့အောင်ရှာရန်ဆုံးဖြတ်ချက်ချခဲ့ပါသည်။ မြို့ထဲသို့မဝင်နိုင်သော်လည်း မြို့ပြင်လမ်းနံဘေးနှင့်တောင်စောင်းများတွင် တရားတော်ဟောလျက်ရှိသောအချိန်အခါနှင့်ကြုံကြိုက်ရန် မျှော်လင့်ချက်ထားရှိခဲ့ပါသည်။ အခက်အခဲများစွာရှိသော်လည်း ဤသူအတွက် အခြားမျှော်လင့်ချက်တစ်စုံတစ်ခုမျှမရှိခဲ့ပါ။

တစ်နေ့တွင် အလှမ်းဝေးကွာသောနေရာမှ အနာကြီးရောဂါလူနာသည်စောင့်မျှော်လျက် ကိုယ်တော်၏တရားတော်များကို မကြားတစ်ချက်ကြားတစ်ချက်နှင့်နာရပါသည်။ တစ်ချိန်တည်း၌ပင် ဖျားနာလျက်ရှိသူများ၊ မျက်စိကန်း၊ နားပင်းသူများ၊ ကိုယ်အင်္ဂါမသန်မစွမ်းသူများနှင့် အခြားသောရောဂါအမျိုးမျိုးကိုခံစားရသူများအပေါ်၌ လက်တော်ကိုဆန့်တန်း၍ ပျောက်ကင်းစေသည့်သခင်ခရစ်တော်ကိုလည်း မြင်နေရပါသည်။ ရောဂါများပျောက်ကင်း၍ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းလျက်ရှိသောသူများကိုမြင်သောအခါ ဤလူနာသည် ယုံကြည်ခြင်းပိုမိုတိုးပွားကာ လူအုပ်အနီးသို့တဖြည်းဖြည်းနှင့်နီးကပ်လာပါသည်။ မိမိ၌ထားရှိသောချုပ်ချယ်တားမြစ်ချက်များ၊ လူထု၏ကြောက်ရွံ့မှုများကိုမေ့ပျောက်ကာ ရောဂါပျောက်ကင်းရန်မျှော်လင့်ချက်တစ်ခုသာသိပါသည်။

ရောဂါ၏ဒဏ်ကိုအလူးအလဲခံစားရပြီး တစ်ကိုယ်လုံးပျက်စီးလျက်ရှိသော အလွန်ဆိုးရွားသည့်အနာကြီးရောဂါစွဲသူကိုမြင်သောအခါ လူများသည်ကြောက်ရွံ့လျက် တစ်ဦးနှင့်တစ်ဦးလု၍ အဝေးသို့ရှောင်ရှားကြပါသည်။ အချို့သူများသည် သခင်ခရစ်တော်အနားသို့မလာရန်တားသော်လည်း



လူနာသည် ထိုသူများကိုဂရုမပြုပါ၊ သူတို့၏အော်ဟစ်သံများကို သူမကြားနိုင်တော့ပါ၊ လူနာသည် သခင်ခရစ်တော်တစ်ဦးတည်းကိုသာမြင်ပြီး ရောဂါကိုပျောက်ကင်းစေသည့် ကိုယ်တော်၏အသံတော်တစ်ခုကိုသာ ကြားနေပါသည်။

ကိုယ်တော်အနားသို့ရောက်လျှင် အနာကြီးရောဂါစွဲသူသည် သခင်ခရစ်တော်၏ခြေတော်ရင်း၌ပျပ်ဝပ်လျက် “ကိုယ်တော်အလိုရှိလျှင် ကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူပါသည်” ဟု ငိုကြွေးလိုက်ပါသည်။

ကိုယ်တော်ကလည်းငါအလိုရှိ၏၊ သန့်ရှင်းခြင်းသို့ရောက်စေဟု မိန့်တော်မူလျက် လက်တော်ကိုဆန့်၍ ထိုသူကိုတို့တော်မူ၏။ မဿဲ ၈း၂၊၃။

အနာကြီးရောဂါစွဲလျက်ရှိသောသူသည်လည်း ချက်ချင်းပြောင်းလဲ၍ သွေးသားများစိုပြည်လာပြီး အကြောအမျှင်များလှုပ်ရှားကာ ကြွက်သားများခိုင်မာပါသည်။ အနာကြီးရောဂါစွဲ၍ခြောက်သွေ့ကွဲအက်ကာ ဖြူကွက်လျက်ရှိသောအသားအရေသည် ကလေးငယ်၏အသားအရေကဲ့သို့ ကျန်းမာလာပါသည်။

ကိုယ်တော်ကိုမုန်းတီးလျက်ရှိသောဖာရိရှဲများသည် ဤအဖြစ်အပျက်ကိုသိရှိပါက ရောဂါပျောက်ကင်းခဲ့သောထိုသူကို မတရားဆုံးဖြတ်မည်စိုးရိမ်သောကြောင့် မိမိ၏သတင်းမပြန့်ပွားမီ မည်သူတစ်ဦးတစ်ယောက်ကိုမျှမပြောဘဲ ချက်ချင်းယဇ်ပုရောဟိတ်မင်းထံပြ၍ ပူဇော်သကာများကိုပြုလုပ်ခိုင်းစေလိုက်သည်။ ဖာရိရှဲများသည် ပူဇော်သကာများကိုမလက်ခံမီ လူနာအားရောဂါပျောက်ကင်းကြောင်းကို အတည်ပြုပါသည်။

ဆန်းစစ်မှုများပြုလုပ်ပြီးသောအခါ အနာကြီးရောဂါရှိသူအဖြစ်သတ်မှတ်ခဲ့သောယဇ်ပုရောဟိတ်မင်းသည် တစ်ဖန်ပြန်၍ဤသူကိုရောဂါပျောက်ကြောင်း သက်သေခံရပါသည်။ ထို့နောက်မှရောဂါပျောက်သောသူသည် မိမိ၏ပတ်ဝန်းကျင်နှင့်မိသားစုသို့ပြန်ခွင့်ရပါသည်။ ဤသူသည် မိမိ၏ကျန်းမာရေးကိုအလွန်တန်ဖိုးထားကာ မိသားစုအသိုက်အဝန်းအလယ်သို့ ပြန်ရောက်လာခွင့်ရသောကြောင့် ပျော်ရွှင်ဝမ်းသာမဆုံးဖြစ်နေပါသည်။

ကိုယ်တော်ကတားမြစ်ခဲ့သော်လည်း ရောဂါပျောက်သောသူသည် မိမိ၏အဖြစ်အပျက်ကိုမဖုံးကွယ်ထားနိုင်တော့ဘဲ နေရာအနှံ့သို့သွား၍ သက်သေခံခဲ့ပါသည်။

အနာကြီးရောဂါစွဲလျက်ရှိသောသူသည် သခင်ခရစ်တော်ထံသို့ရောက်ရှိလာသောအခါက ခန္ဓာကိုယ်တစ်ခုလုံးပျက်စီးလျက် အနာကြီးရောဂါစွဲနေသည်။ အနာကြီးရောဂါစွဲနေသောသူကိုကိုင်ပါက ကိုင်သောသူသည် မသန့်ရှင်းဖြစ်သောကြောင့် တပည့်တော်များသည် အနာကြီးရောဂါစွဲသောသူကိုမကိုင်ဖို့ ကိုယ်တော်ကိုတားရန်ကြိုးစားသော်လည်း ကိုယ်တော်သည် ထိခိုက်ခြင်းမရှိဘဲ အနာကြီးရောဂါစွဲသူသည်သာ ရောဂါပျောက်ကင်းခဲ့ရပါသည်။ "ဦးခေါင်းသည် အနာသက်သက်ရှိ၏၊ နှလုံးသည်လည်းခွန်အားအလျှင်းမရှိ၊ ခြေဖဝါးမှသည်ဦးခေါင်းတိုင်အောင် ကျန်းမာခြင်းမရှိ၊ စုတ်ရှသောအနာ၊ ထိခိုက်၍ရောင်သောအနာ၊ ရိရွဲသောအနာသက်သက်ရှိ၏။ ထိုအနာကိုမနှိပ်မနယ်၊ အဝတ်နှင့်မစည်းရသေး၊ ဖယောင်းဆီနှင့်မပျော့စေရသေး" (ဟေရှာ ၁း၅၊၆)။ ဆိုးရွားသောအပြစ်အနာကြီးရောဂါသည် အမြစ်များတွယ်ငြိလျက် လူ့ခွန်အားနှင့်မဖယ်ရှားနိုင်သော်လည်း ဤလောကသို့ဆင်းသက်ခဲ့သော ကိုယ်တော်သည် ညစ်ညူးခြင်းမရှိခဲ့ပါ။ ကိုယ်တော်၏ကြွရောက်ခြင်းသည် အပြစ်သားများအတွက် အပြစ်မှပျောက်ကင်းမှုတန်ခိုးကို ပေးခဲ့ပါသည်။ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်၏ခြေတော်ရင်း၌ပျပ်ဝပ်လျက် "ကိုယ်တော်အလိုရှိလျှင် ကျွန်ုပ်ကိုသန့်ရှင်းစေနိုင်တော်မူပါသည်" ဟုဆိုလာသူတိုင်းကို ကိုယ်တော်ကလည်း "ငါအလိုရှိ၏၊ သန့်ရှင်းခြင်းသို့ရောက်စေ" ဟုပြန်ဖြေတော်မူပါသည်။

အချို့သောလူနာများကိုကိုယ်တော်သည် ချက်ချင်းပျောက်ကင်းစေသော်လည်း အနာကြီးရောဂါစွဲသောရောဂါကို ချက်ချင်းပျောက်ကင်းစေမှုမပြုပါ၊ ထို့အတူ ဤလောကနှင့်စပ်ဆိုင်သောအရာများအတွက် ဆုတောင်းသောအခါ ကိုယ်တော်သည်တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ဆုတောင်းသံများကို ချက်ချင်းနားမညောင်းပါ။ (သို့မဟုတ်) ကျွန်ုပ်တို့မတောင်းဆိုသည့်အခြား



နည်းဖြင့် ကျွန်ုပ်တို့ကိုမစသော်လည်း အပြစ်မှကင်းလွတ်ခွင့်ကိုတောင်းလျှင် ကျွန်ုပ်တို့၏တောင်းလျှောက်သံကို ကိုယ်တော်သည် ချက်ချင်းနားညောင်းတော်မူပါသည်၊ ကျွန်ုပ်တို့သည် အပြစ်မှကင်းလွတ်လျက် သန့်ရှင်းသောအသက်တာဖြင့် ဘုရားသခင်၏သားသမီးများအဖြစ်နေထိုင်သွားရန် ကိုယ်တော်အလိုရှိပါသည်။ သခင်ခရစ်တော်သည် "ငါတို့အဘတည်းဟူသောဘုရားသခင်၏အလိုတော်နှင့်အညီ ဆိုးညစ်သောဤပစ္စုပ္ပန်ဘဝမှ ငါတို့ကိုကယ်နုတ်ခြင်းငှာ၊ ငါတို့အပြစ်ကြောင့် ကိုယ်ကိုကိုယ်အပ်ပေးတော်မူ၏" (ဂလာတိ ၁း၄)။ "ငါတို့သည် ဘုရားသခင်အထံတော်၌ ရဲရင့်ခြင်းအကြောင်းဟူမူကား၊ ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသောဆုကိုတောင်းလျှောက်လျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသောစကားတို့ကို နားထောင်တော်မူသည်ကိုငါတို့သိလျှင် အထံတော်၌တောင်းသောဆုတို့ကိုရမည်ဟု သိရကြ၏" ၁ယော ၅း၁၄၊၁၅။

## သင်တို့သည်သက်သာခြင်းရလိမ့်မည်

သခင်ခရစ်တော်သည် ဝန်လေး၍သောကရောက်သူများ၊ မျှော်လင့်ချက်များပျက်စီးကာ ဝိညာဉ်ရေးဆာလောင်မှုကို ဤလောက၏ပျော်ရွှင်မှုများဖြင့်ဖြည့်ဆည်းရန် ကြိုးစားလျက်ရှိသောသူများကိုကြည့်တော်မူပြီး ကိုယ်တော်ထံသက်သာမှုရယူရန် ဖိတ်ခေါ်လျက်ရှိပါသည်။ သခင်ခရစ်တော်သည် ရုန်းကန်လျက်ရှိသောသူများကို ကရုဏာတော်သက်စွာဖြင့် "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊ ငါ့ထံ၌နည်းခံကြလော့၊ ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏၊ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည်" မဿဲ ၁၁း၂၉။

ကိုယ်တော်သည် ဤစကားတော်များဖြင့် လူသားတစ်ဦးစီကိုဖိတ်ခေါ်လျက်ရှိသည်။ မိမိတို့သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လူတစ်ဦးစီသည် ဝန်ပိလျက်၊ နွမ်းနယ်လျက်ရှိပါသည်။ သခင်ခရစ်တော်တစ်ဦးတည်းသာလျှင်

ကယ်မနိုင်သည့်ဝန်များသည် တစ်ဦးစီအားပိလျက်ရှိသည်။ ကျွန်ုပ်တို့၏ အကြီးမားဆုံးသောဝန်ထုပ်သည် အပြစ်ဝန်ထုပ်ဖြစ်ပါသည်။ ဤဝန်ထုပ်ကို ကျွန်ုပ်တို့ကိုယ်တိုင်သယ်ရပါက ပိ၍သေရကြပါမည်။ သို့သော်လည်း အပြစ်မဲ့သောသူသည် ကျွန်ုပ်တို့၏နေရာ၌အစားထိုးခံယူခဲ့ပါသည်။ "ထာဝရဘုရားသခင်သည် ခပ်သိမ်းသောငါတို့၏အပြစ်များကို သူ့အပေါ်၌တင်တော်မူ၏" ဟေရှာယ ၅၃း၆။

ကျွန်ုပ်တို့ကိုချစ်တော်မူသည့်အတွက် တစ်ဦးစီ၏ဝန်ထုပ်များကို ယူဆောင်လာရန် ကျွန်ုပ်တို့ကိုသခင်ခရစ်တော်သည် ဖိတ်ခေါ်လျက်ရှိသည်။ ကျွန်ုပ်တို့၏ဝမ်းနည်းပူဆွေးမှုများနှင့်သောကများကို ပင်ပန်းလျက်ရှိသော ကျွန်ုပ်တို့တစ်ဦးစီမှဖယ်ရှားကာ ကိုယ်တော်အားပေးအပ်ထားပါသည်။

ကျွန်ုပ်တို့၏နောင်တော်ကြီးသည် ထာဝရပလ္လင်တော်၏နံဘေးတွင် ရှိနေပြီး ကိုယ်တော်အားမျှော်ကြည့်သူများကိုကူညီရန် စောင့်ကြည့်လျက်ရှိတော်မူပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းနှင့်ရင်ဆိုင်နေရသော ကျွန်ုပ်တို့၏အားနည်းချက်များ၊ လိုအပ်ချက်များကို ကိုယ်တိုင်ကြုံတွေ့ခဲ့သောသခင်သည် သိတော်မူပါသည်။ "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။ ကြောက်၍တုန်လှုပ်နေသောသူ၊ သခင်ခရစ်တော်သည် သင့်အားစောင့်ကြည့်လျက်ရှိ၏။ သင်သည်စုံစမ်းနှောင့်ယှက်ခြင်းကိုခံနေရပါသလား၊ သခင်ခရစ်တော်က သင့်ကိုကယ်တင်လိမ့်မည်။ သင်သည် ခွန်အားနည်းနေပါသလား၊ ကိုယ်တော်သင့်ကိုခွန်အားပေးလိမ့်မည်။ သင်သည်ဉာဏ်ပညာမဲ့နေပါသလား၊ ကိုယ်တော်သင့်ကိုဉာဏ်ပညာပေးလိမ့်မည်၊ သင်သည် နာကျင်နေပါသလား၊ ကိုယ်တော်သင့်ကိုသက်သာစေလိမ့်မည်။ "ကြယ်များကိုရေတွက်၍ အသီးသီးတို့ကိုသမုတ်တော်မူ၏။" သို့သော်လည်း "စိတ်ကြေမွသောသူတို့ကိုနှစ်သိမ့်စေ၍ သူတို့၏အနာကိုကုတော်မူ၏" ဆာလံ၊ ၁၄၇း၄၊၃။



ကျွန်ုပ်တို့၏အခက်အခဲသောကများသည် မည်သို့ပင်ဖြစ်ပါစေ၊ ကိုယ်တော်အားသိစေတော်မူပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုခံနိုင်စွမ်းပေးလိမ့်မည်။ အခက်အခဲများနှင့်အရှက်ရစေမည့်ဘေးမှ ကိုယ်တော်ကယ်တင်လိမ့်မည်။ ကျွန်ုပ်တို့၏အားနည်းမှုကိုသိရှိသောကိုယ်တော်အားဖြင့် ကျွန်ုပ်တို့သည် ခွန်အားကိုပိုမိုရရှိလာပါမည်။ ကျွန်ုပ်တို့၏အပြစ်ဝန်ထုပ်များကြီးမားသလောက် ကိုယ်တော်၌ပေးအပ်ခြင်းဖြင့် သက်သာမှုကိုရလေဖြစ်ပါသည်။

မိတ်ဆွေများသည် အခြေအနေအမျိုးမျိုးကြောင့် ဝေးကွာခြင်းရှိပါလိမ့်မည်။ ပင်လယ်များခြားပါလိမ့်မည်။ သို့သော် သခင်ခရစ်တော်နှင့်ကျွန်ုပ်တို့ကြားတွင် ဘာမျှမတားဆီးနိုင်ပါ၊ မည်သည့်နေရာ၌ရှိပါစေ၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုကူညီမစကယ်တင်ရန် အသင့်ရှိပါသည်။ သားငယ်အပေါ်ထားရှိသည့် မိခင်၏မေတ္တာထက် မိမိကယ်တင်ခဲ့သူများကို သခင်ခရစ်တော်သည် ပိုမိုချစ်တော်မူပါသည်။ ကိုယ်တော်၏မေတ္တာရိပ်၌ခိုလှုံ၍ "ကျွန်ုပ်တို့အတွက် အသက်စွန့်တော်မူခဲ့သောကြောင့် ကိုယ်တော်အား အားကိုးပါသည်" ဟုကြွေးကြော်ရန် ကျွန်ုပ်တို့တစ်ဦးစီ၏အခွင့်အရေးဖြစ်ပါသည်။

လူသားများ၏မေတ္တာသည် ပြောင်းလဲနိုင်သော်လည်း သခင်ခရစ်တော်၏မေတ္တာတော်သည် ပြောင်းလဲခြင်းမရှိပါ။ ကျွန်ုပ်တို့အကူအညီတောင်းခံသောအခါ ကယ်တင်ရန်လက်တော်ကိုဆန့်၍ ကိုယ်တော်အသင့်ရှိတော်မူပါသည်။

"တောင်ကြီးတို့သည်ရွေ့၍၊ တောင်ငယ်တို့သည် လှုပ်ရှားသော်လည်း၊ ငါ၏မေတ္တာသည်သင်မှမရွေ့ရ၊ ငါ၏ငြိမ်သက်ခြင်းပဋိညာဉ်လည်းမလှုပ်ရှားရဟု သင်၌သနားခြင်းကရုဏာစိတ်ရှိတော်မူသော ထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၅၄း၁၀။

---ooo---

အခန်း (၅)

# ဝိညာဉ်ရေးကုသမှု

သခင်ခရစ်တော်ထံသို့ ရောဂါပျောက်ကင်းရန်လာသူအမြောက်အမြားသည် မိမိတို့အပြစ်ကြောင့် ဤရောဂါများကိုခံစားနေရသူများဖြစ်သော်လည်း ဤသူများကိုကိုယ်တော်သည် မငြင်းပယ်ခဲ့ပါ။ သို့သော် ကိုယ်တော်ထံမှ တန်ခိုးတော်ကြောင့် ဤသူများသည် မိမိတို့၏အပြစ်များကိုသိမြင်လာကာ ကိုယ်ကာယသာမက ဝိညာဉ်၌အပြစ်၏ဖိစီးမှုမှလွတ်မြောက်ခွင့်ကိုရရှိခဲ့ပါသည်။

ကပေရနောင်မြို့မှကိုယ်လက်သေနေသူလည်း ဤအဖြစ်မျိုးနှင့်ကြုံခဲ့ရပါသည်။ အနာကြီးရောဂါစွဲနေသူကဲ့သို့သူသည် မျှော်လင့်ချက်ကင်းမဲ့နေပါသည်။ သူခံစားနေရသောရောဂါသည် သူ၏အပြစ်များကြောင့်ဖြစ်ပြီး စိတ်သောကဖိစီးလျက်ရှိပါသည်။ ဖာရိရှဲများနှင့်သမားတော်များထံသို့ အကူအညီတောင်းခံသောအခါ၌လည်း သူ့၌အပြစ်များနှင့်ပြည့်ဝသောအသက်တာကြောင့် ခံစားနေရသောရောဂါသည် ပျောက်ကင်းရန်မျှော်လင့်ချက်ကင်းမဲ့ပြီး သူသည်ဘုရားသခင်ထံမှဒဏ်ခတ်သောကြောင့် အသက်ဆုံးရှုံးရမည်ဟုသာပြောခဲ့ပါသည်။

ကိုယ်လက်သေနေသည့်ဤသူသည် စိတ်ဓာတ်အလွန်ကျဆင်းလျက်ရှိနေပါသည်။ သို့သော် သခင်ခရစ်တော်အကြောင်းကိုကြားသိသောအခါ မိမိကဲ့သို့မျှော်လင့်ချက်ကင်းပြီးအပြစ်နှင့်ပြည့်ဝနေသူများပင် ရောဂါပျောက်ကင်းခဲ့ကြောင်းကိုကြားသိရသောအခါ သခင်ခရစ်တော်ထံသို့သွားနိုင်လျှင် မိမိလည်းရောဂါပျောက်ကင်းနိုင်မည်ဟု မျှော်လင့်ချက်သန်းလာပါသည်။ သို့သော်လည်း မိမိ၏အပြစ်များကိုပြန်စဉ်းစားသောအခါ၌ စိတ်ဓာတ်ကျသယောင်ရှိသော်လည်း ရောဂါပျောက်ကင်းနိုင်မည့်အခွင့်အလမ်းကို သူသည်လက်မလွှတ်ခဲ့ပေ။

သူ၏အကြီးမားဆုံးသောတောင့်တချက်သည် အပြစ်မှဖြေလွှတ်ခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်ထံအပြစ်မှဖြေလွှတ်ခြင်းနှင့် ကောင်းကင်နိုင်ငံ၏





ငြိမ်သက်ခြင်းကို သူအလွန်တောင့်တလျက်ရှိပါသည်။ ကိုယ်တော်၏ခွင့်လွှတ်ခြင်းကိုသာခံစားရလျှင် ဘုရားသခင်၏အလိုတော်နှင့်အညီ အသက်သေရသော်လည်း လက်ခံမည်ဖြစ်သည်။

ဤသူအတွက်မျှော်လင့်ချက်များနည်းပါးနေသည်။ သူ၏ကိုယ်ခန္ဓာသည် ပျက်စီးလျက်အသက်ရှင်ရန် အခွင့်မရှိတော့ပါ။ ထို့ကြောင့် သခင်ခရစ်တော်ထံသို့ မိမိအားခေါ်ဆောင်သွားရန် အကူအညီတောင်းသောအခါ သူငယ်ချင်းများသည်မငြင်းခဲ့ပါ။ သို့သော်လည်း သခင်ခရစ်တော်ရှိနေသောအိမ်၌လူအုပ်ကြီးသည် ပြည့်ကျပ်လျက်ရှိသောကြောင့် အထဲသို့မဝင်နိုင်ရုံမျှမက ကိုယ်တော်၏အသံတော်ကိုပင်မကြားနိုင်အောင်ဖြစ်နေပါသည်။ သခင်ခရစ်တော်သည် ပေတရု၏အိမ်၌တရားဟောနေတော်မူပြီး ထုံးစံအတိုင်း တပည့်တော်များသည် ကိုယ်တော်အနီးဝိုင်းအုံလျက်ရှိကာ “ယေရုရှလင်မြို့မှစသောယုဒပြည်၊ ဂါလိလဲပြည်မြို့ရွာများတို့မှရောက်လာသော ဖာရိရှဲနှင့် နိသ္သရည်းဆရာတို့သည် ထိုင်လျက်ရှိကြ၍” (လုကာ ၅း၁၇)။ ထိုသူအမြောက်အမြားသည် သခင်ခရစ်တော်အားထောက်လှမ်း၍စွပ်စွဲရန် ရောက်လာကြပါသည်။ ထို့ပြင်သခင်ခရစ်တော်အားယုံကြည်သောသူများနှင့် မယုံကြည်သောသူများကိုခွဲခြား၍သိလိုသောစိတ်ရှိသောသူများ၊ လူ့အသိုက်အဝန်းအသီးသီးနှင့်လူမျိုးစုတို့သည် စုဝေးလျက်ရှိကြပါသည်။ “အနာရောဂါကိုငြိမ်းစေခြင်းငှာ သခင်ဘုရား၏တန်ခိုးတော်သည်ထင်ရှား၏” (လုကာ ၅း၁၇)။ အသက်သခင်၏တန်ခိုးရှင်သည် လူအုပ်ကြားတွင်ရှိနေတော်မူသော်လည်း ဖာရိရှဲများနှင့်ကျမ်းတတ်များမှာ မသိရှိခဲ့ကြပါ။ ကိုယ်တော်ထံမှတောင်းလျှောက်ရန် သူတို့သည်အလိုမရှိခဲ့၊ ကိုယ်တော်၏တန်ခိုးတော်သည် သူတို့အတွက်မဟုတ်ခဲ့ပါ။ “ငတ်မွတ်သောသူတို့ကိုကောင်းမွန်စွာကျွေး၍ ရတတ်သောသူတို့ကို လက်ချည်းလွှတ်လိုက်တော်မူပြီ” လုကာ ၁း၅၃။

လူနာ၏မိတ်ဆွေများသည် အထပ်ထပ်အခါခါကြိုးစားသော်လည်း လူများသည်အလွန်များပြားသောကြောင့် ကိုယ်တော်ထံသို့မချဉ်းကပ်နိုင်ခဲ့ပါ။ မိမိမျှော်လင့်ထားခဲ့သည့်အခွင့်အရေးဆုံးရှုံးတော့မည့်ဆဲဆဲဖြစ်နေသည်။ လူနာ

သည်လည်း မိမိ၏ပတ်ဝန်းကျင်ကိုကြည့်ကာ စိတ်ပျက်လျက်ရှိသည်။ နောက်ဆုံး၌ လူနာ၏တောင်းဆိုချက်အရ အိမ်ခေါင်မိုးပေါ်သို့သယ်ဆောင်သွားပြီး ခေါင်မိုးကိုဖောက်ဖျက်ကာ သခင်ခရစ်တော်၏ခြေတော်ရင်းသို့ လူနာကိုချပေးခဲ့ပါသည်။

လူအုပ်များရုတ်ရုတ်သဲသဲဖြစ်လာပြီး ကိုယ်တော်သည်စိတ်ပျက်ဖွယ်ကောင်းသောအခြေအနေနှင့် အသနားခံလျက်ရှိသောမျက်လုံးများကိုကြည့်တော်မူစဉ် ဤသူ၏ကြီးမားသောဝန်ထုပ်ကြီးကို သိနားလည်တော်မူခဲ့ပါသည်။ မိမိအိမ်၌ရှိစဉ် နောင်တရရန် သခင်ခရစ်တော်က သူ၏စိတ်ကိုလှုံ့ဆော်တော်မူခဲ့ပါသည်။ မိမိအပြစ်များကိုနောင်တရ၍ ဝန်ချတောင်းပန်ပြီး သခင်ခရစ်တော်ကိုယုံကြည်သောအခါ ကိုယ်တော်သည် သူ၏စိတ်နှလုံးကိုကောင်းချီးပေးခဲ့ပါသည်။ အပြစ်သားများ၏တစ်ဦးတည်းသောကယ်တင်ရှင်အဖြစ်လက်ခံကာ ယုံကြည်ခြင်းသည်အလွန်သေးငယ်သောမီးပွားလေးမှ တဖြည်းဖြည်းကြီးမားလာကာ နောက်ဆုံးတွင် ကိုယ်တော်၏ရှေ့တော်သို့ရောက်သည်တိုင်အောင် ကြီးမားလာသည်ကို ကိုယ်တော်သိတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည် မိမိထံသို့ ထိုသူကိုယ်တိုင်ဆွဲဆောင်ခဲ့သည်။ ယခုကိုယ်တော်သည် သာယာဖွယ်ကောင်းသောစကားတော်များကိုမိန့်တော်မူသည်မှာ “ငါ့သား၊ မစိုးရိမ်နှင့်၊ သင်၏အပြစ်ကိုလွှတ်စေပြီ” (မဿဲ ၉း၂) ဟူ၍ဖြစ်ပါသည်။

လူနာ၏စိတ်နှလုံးတွင် အပြစ်၏ဝန်ထုပ်ကြီးသည် လွင့်စင်သွားပြီး သခင်ခရစ်တော်ကိုသာယုံကြည်အားကိုးလာပါသည်။ သခင်ခရစ်တော်သည် မိမိ၏စိတ်နှလုံးအတွင်းသို့ဝင်ရောက်၍ မိမိ၏လိုအပ်ချက်များကိုသိရှိတော်မူသည်ကို သူသိပါသည်။ အပြစ်များကိုဖြေလွှတ်နိုင်သည့် ကိုယ်တော်၏တန်ခိုးတော်ကို မည်သူငြင်းပယ်နိုင်ပါမည်နည်း။ မျှော်လင့်ချက်များသည် ယုံကြည်ခြင်းပြည့်လာကာ ဝမ်းနည်းမှုများအစားပျော်ရွှင်မှုသည် ကြီးမားလာခဲ့ရပါသည်။ မိမိ၏နာကြည်းမှုများသည် ပျောက်ကင်းသွားပြီး ကိုယ်ခန္ဓာတစ်ခုလုံးသည် ပြောင်းလဲသွားခဲ့သည်။ လူနာသည် ဆက်လက်တောင်းဆို



မှုများမပြုလုပ်တော့ဘဲ မဖော်ပြနိုင်သောဝမ်းမြောက်မှုဖြင့်ပြည့်လျှံကာ ငြိမ်သက်စွာဖြင့်နေပါသည်။

လူအမြောက်အမြားသည် ဤထူးခြားသောပြောင်းလဲမှုကို အသက်မရှူဘဲစောင့်ကြည့်နေကြပါသည်။ အပြစ်များကြောင့် စိတ်သောကပြည့်လျှံလျက်ရှိပြီး ဤဝန်ထုပ်ကြီးမှလွတ်မြောက်လိုသူများအဖို့ သခင်ခရစ်တော်၏မိန့်တော်မူချက်သည် ကြိုဆိုလျက်ရှိသည်ဟု သူတို့ခံစားမိပါသည်။

သို့သော်ဖာရိရှဲများသည် မိမိတို့ဩဇာကျဆုံးမည်ကိုစိုးရိမ်သောကြောင့် “ဤသူသည်ဘုရားသခင်ကိုလွန်ကျူး၍ အဘယ့်ကြောင့်ဤသို့ပြောရသနည်း၊ ဘုရားသခင်မှတစ်ပါး အဘယ်သူသည် အပြစ်ကိုလွှတ်နိုင်သနည်းဟု စိတ်ထဲမှာထင်မှတ်ကြ၏” မာကု ၂း၇။

ကိုယ်တော်၏စူးစိုက်သောအကြည့်ကိုမခံနိုင်၍ တွန့်ဆုတ်လျက်ရှိသောဖာရိရှဲများအား သခင်ခရစ်တော်သည် “သင်တို့သည် အဘယ်ကြောင့်ငြူစူစိတ်ရှိကြသနည်း၊ အဘယ်စကားကိုသာ၍ပြောလွယ်သနည်း။ သင်၏အပြစ်ကိုလွှတ်စေပြီဟုပြောလွယ်သလော၊ သင်ထ၍လှမ်းသွားလော့ဟုပြောလွယ်သလော၊ လူသားသည် မြေကြီးပေါ်မှာအပြစ်လွှတ်ပိုင်သည်ကို သင်တို့သိစေခြင်းငှာထလော့၊ ကိုယ့်အိပ်ရာကိုဆောင်၍ ကိုယ့်အိမ်ကိုသွားလော့ဟု လက်ခြေသေသောသူအား မိန့်တော်မူ၏” မဿဲ ၉း၄–၆။

သခင်ခရစ်တော်ထံသို့ထမ်းစင်နှင့်သယ်လာရာ သူသည်လူငယ်ကဲ့သို့ ခွန်အားပြည့်လာကာ ချက်ချင်းမတ်တတ်ထလေသည်။ ထိုနောက်ချက်ချင်း “အိပ်ရာကိုဆောင်လျက် လူအပေါင်းတို့ရှေ့မှထွက်သွား၏။ ထိုလူအပေါင်းတို့သည် မိန်းမောတွေဝေခြင်းရှိ၍ ဤကဲ့သို့တစ်ခါမျှမမြင်စဖူးဟုပြောဆို၍ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြ၏” မာကု ၂း၁၂။

ပျက်စီးလျက်ရှိနေသောဤခန္ဓာကိုယ်အား တစ်ဖန်ကျန်းမာလာစေရန် ဖန်ဆင်းခြင်းတန်ခိုးမှလွဲ၍ အခြားမည်သည့်အရာကမျှ မစွမ်းဆောင်နိုင်ပါ။ မြေမှုန့်ဖြင့်ဖန်ဆင်းခဲ့သောလူသားကို အသက်ပေးသနားခဲ့သောအသံတော်သည် ဤခြေလက်သေနေသည့်သူအား အသက်ကိုပြန်ပေးခဲ့ပါသည်။

ကိုယ်ခန္ဓာအသက်ရှင်စေသည့်တန်ခိုးတော်သည် ဝိညာဉ်ကိုလည်းပြောင်းလဲစေခဲ့ပါသည်။ "ဤလောကကိုဖန်ဆင်းစဉ်က "ထာဝရဘုရားမြွက်ဆို၍မြွက်ဆိုတော်မူသည့်အတိုင်းဖြစ်၏၊ အမိန့်တော်ရှိ၍ မိန့်တော်မူသည့်အတိုင်းတည်လျက်နေ၏" ဆာလံ ၃၃း၉။ ဤဖန်ဆင်းရှင်သည် အပြစ်ကြောင့်သေလျက်ရှိနေသည့်ဝိညာဉ်ကို အသက်ပြန်လည်ပေးခဲ့ပါသည်။ စိတ်နှလုံး၏ပြောင်းလဲခြင်းကို ကိုယ်ခန္ဓာပျောက်ကင်းမှုဖြင့်သက်သေပြခဲ့ပါသည်။ ဤလောက၌လူသားသည် အပြစ်ဖြေလွှတ်ခွင့်ရှိသည်ကိုသိစေခြင်းငှာ ကိုယ်တော်သည် ခြေလက်သေနေသူကိုထ၍လမ်းလျှောက်စေခဲ့ပါသည်။

ခြေလက်သေနေသူသည် သခင်ခရစ်တော်အားဖြင့် ကိုယ်ကာယသာမက စိတ်သောကမှလည်း ပျောက်ကင်းသောအခွင့်ကိုရရှိခဲ့သည်။ ကိုယ်ခန္ဓာမှရောဂါပျောက်ကင်းခွင့်မရနိုင်သူသည် ဝိညာဉ်အနာရောဂါမှပျောက်ကင်းမှုကိုလိုအပ်လျက်ရှိသည်။ အပြစ်များကိုဆေးကြောပြီးမှ ရရှိသောဝိညာဉ်၏သက်သာမှုသည် သာ၍အရေးကြီးပါသည်။ ကျွန်ုပ်တို့သည်လည်း ဤသင်ခန်းစာကိုမမေ့သင့်ပါ။ ယနေ့ရောဂါများကိုခံစားရလျက်ရှိသည့် ထောင်ပေါင်းများစွာသောလူနာများသည် ခြေလက်သေနေသူကဲ့သို့ပင် "သင်၏အပြစ်များကိုဖြေလွှတ်လိုက်ပြီ" ဟူသောစကားတော်ကိုကြားလိုကြပါသည်။ အပြစ်ဝန်ထုပ်၏ဖိစီးမှုနှင့်မငြိမ်သက်မှုသည် သူတို့ခံစားနေရသည့် ရောဂါများ၏အရင်းအမြစ်များဖြစ်ပါသည်။ ကိုယ်တော်ထံတော်မှမရောက်လာပါက ဤသူများအတွက် သက်သာမှုကိုမရရှိနိုင်ပါ။ ကိုယ်တော်တစ်ဦးတည်းထံမှရသောငြိမ်သက်ခြင်းသည် ဤသူများ၏ကိုယ်ကာယနှင့်ဝိညာဉ်ကို ပြန်လည်ကျန်းမာလာစေနိုင်ပါသည်။

ခြေလက်သေနေသူ၏အဖြစ်ကို ဝိုင်းကြည့်နေကြသောပရိသတ်များသည် ကောင်းကင်နိုင်ငံတော်သည် ဤလောကသို့ဆင်းသက်လာသည့်အလားခံစားမိကြပါသည်။ ရောဂါပျောက်ကင်းသွားသည့် ခြေလက်သေနေသူသည် မိမိ၏အိပ်ရာကိုပေါ့ပါးစွာထမ်း၍ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်း၍ ခြေလှမ်းများကိုလှမ်းသွားစဉ် လူအုပ်ကြီးသည်အံ့ဩမှုအပြည့်နှင့်



နောက်ဆုတ်လျက် သူ့ကိုဖယ်ပေးကြပါသည်။ မိမိတို့၏မျက်စိကိုပင် မယုံကြည်နိုင်သောမျက်နှာများဖြင့် "ငါတို့သည် အံ့ဖွယ်သောအမှုအရာကိုယနေ့မြင်ခဲ့ရပြီ" (လုကာ ၅း၂၆) ဟု တစ်ဦးနှင့်တစ်ဦးရွတ်ဆိုလျက်ရှိကြသည်။

ထမ်းစင်ပေါ်တွင်တင်၍ ဖြည်းညင်းစွာသယ်ဆောင်သွားခြင်းခံခဲ့ရသူသည် မိမိ၏အိပ်ရာကိုသယ်ဆောင်ပြီး ပေါ့ပါးစွာပြန်လာသည်ကိုမြင်သောအိမ်သူအိမ်သားများသည် လွန်စွာဝမ်းမြောက်လျက်ရှိကြပါသည်။ ဝမ်းမြောက်သောမျက်ရည်များကျလျက် မိမိတို့၏မျက်စိကိုပင်မယုံနိုင်အောင်ဖြစ်နေကြပါသည်။ ယခင်က သေနေသောလက်များသည် ယခုကယ်တင်ရှင်၏အမိန့်ကိုနာခံ၍ သွက်လက်စွာလှုပ်ရှားလျက်ရှိသည်။ ပိန်ချုံး၍အရည်များခန်းခြောက်လျက်ရှိသောအသားအရေများသည် ယခုစိုပြည်လျက်ရှိကြပါသည်။ သူ၏ခြေလှမ်းများသည် သွက်လက်၍ခိုင်မာလျက်ရှိသည်။ အပြစ်နှင့်နာကြည်းမှုများဖြင့်ပြည့်ဝလျက်ရှိသော သူ၏ရုပ်သွင်သည် ယခုငြိမ်သက်ခြင်း၊ သန့်ရှင်းခြင်းနှင့်ပြည့်ဝလျက်ရှိသည်။ ဘုရားသခင်သည် မိမိ၏သားတော်အားဖြင့် ဤမျှော်လင့်ချက်ကင်းမဲ့နေသူကို ပြန်လည်ပျောက်ကင်းစေသည့်အတွက်ကြောင့် ဤအိမ်ထောင်သည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းသံများနှင့် ပြည့်လျှံလျက်ရှိပါသည်။ ဤသူနှင့်သူ၏မိသားစုသည် သခင်ခရစ်တော်အတွက် အသက်ကိုစွန့်ရန်ပင် ဝန်မလေးတော့ပါ၊ အမှောင်ထုကိုခွင်း၍ အလင်းရောင်ကိုယူဆောင်လာခဲ့သောအရှင်အား အပြည့်အဝယုံကြည်လျက်ရှိကြပါသည်။ (ဆာလံ ၁၀၃း၁–၁၄)။

## သင်သည်ကျန်းမာခြင်းသို့ရောက်လိုသလော

"ယေရုရှလင်မြို့၌သိုးတံခါးနားမှာ ဟေဗြဲဘာသာစကားအားဖြင့် ဗေသေသဒအမည်ရှိသောရေကန်ရှိ၏။ ထိုရေကန်သည် ကနားပြင်ငါးဆောင်နှင့်ပြည့်စုံ၏၊ ထိုကနားပြင်တို့၌ မျက်စိကန်း၊ ခြေမစွမ်း၊ ကိုယ်ပိန်ခြောက်

သောသူတို့မှစ၍ အနာရောဂါစွဲသောသူများအပေါင်းတို့သည် ရေလှုပ်ရှားခြင်းကိုမျှော်လင့်၍နေကြ၏" ယောဟန် ၅း၂၊၃။

သတ်မှတ်ထားသောအချိန်အခါများတွင် ဤရေကန်ရှိရေများသည် လှုပ်ရှားလျက်ရှိပါသည်။ လူအများကလည်း ဤကဲ့သို့ရေလှုပ်ခြင်းကို ကောင်းကင်တမန်များကပြုလုပ်သည်ဟုယူဆထားပြီး ရေငြိမ်သွားသောအခါ ရေထဲသို့ပထမဦးဆုံးဆင်းနိုင်သူသည် မိမိ၏ရောဂါများမှာ ပျောက်ကင်းမည်ဟုယုံကြည်ကြပါသည်။ လူရာပေါင်းများစွာသည် ဤနေရာသို့ရောက်ရှိလာကြပါသည်။ သို့သော်လည်း လူအုပ်ကြီးသည် အလွန်ကြီးမားသောကြောင့် ရေလှုပ်လျှင်အလုအယက် တစ်ဦးနှင့်တစ်ဦးကျော်လွှား၍သွားကြသောကြောင့် လူအမြောက်အမြားသည် ကန်နားသို့မရောက်နိုင်ပါ။ အကယ်၍ရောက်သွားသောသူများသည်လည်း ရေကန်ဘေးတွင်အသက်ဆုံးရှုံးကြရပါသည်။ နေ့ဘက်အပူရှိန်နှင့်ညဘက်အအေးဒဏ်မှ လူနာများကိုကာကွယ်ရန် အမိုးအကာများကိုပြုလုပ်ပေးထားပါသည်။ အချို့သူများသည် တစ်ညလုံးအမိုးအကာများအောက်တွင်နေ၍ ရေကန်နံဘေးသို့ရောက်ရန် နေ့စဉ်ကြိုးစားကြပါသည်။ သို့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြပါ။

ကိုယ်တော်သည် ယေရုရှလင်မြို့၌ရှိနေတော်မူပြီး ဘုရားသခင်ကိုအာရုံပြု၍ဆုတောင်းလျက်နှင့် ရေကန်အနားသို့ကြွချီလာစဉ် မိမိတို့၏ရောဂါများပျောက်ကင်းရန် အားကိုးပြုလျက်စောင့်နေသည့်လူနာများကို ရေကန်နံဘေးတွင်တွေ့မြင်တော်မူ၏။ သခင်ခရစ်တော်သည် ထိုလူနာအားလုံးကိုပျောက်ကင်းအောင်ကုသလိုသော်လည်း ထိုနေ့ကားဥပုသ်နေ့ဖြစ်နေလေသည်။ လူအုပ်ကြီးသည် ဗိမာန်တော်အတွင်းသို့ ဘုရားဝတ်ပြုရန်သွားလျက်ရှိပြီး ဤလူနာများကို ဥပုသ်နေ့၌ရောဂါများကိုကုသပေးလိုက်ပါက ယုဒလူမျိုးတို့၏ငြိုငြင်ခြင်းကိုခံရပြီး ကိုယ်တော်၏အမှုတော်ကိုထိခိုက်မည်စိုး၍ ပြုတော်မမူခဲ့ပါ။

သို့သော်သခင်ခရစ်တော်သည် (၃၈) နှစ်တိုင်တိုင်မသန်မစွမ်းဖြစ်လျက် အလွန်သနားဖွယ်ရာကောင်းသောလူနာတစ်ဦးကို တွေ့မြင်တော်မူသည်။



ဤသူသည် မိမိ၏အပြစ်ပြုခြင်းများကြောင့် မသန်မစွမ်းသောဘဝသို့ရောက်နေပြီး ဘုရားသခင်၏ဒဏ်ခတ်ခြင်းကိုခံရသူအဖြစ် အများကမြင်ကြပါသည်။ တစ်ကိုယ်တည်းမိတ်ဆွေများကင်းလျက် ဘုရားသခင်၏ကရုဏာတော်မှ ဖယ်ရှားခြင်းကိုခံစားလျက် နှစ်ပေါင်းများစွာဤကဲ့သို့နေထိုင်ခဲ့ပါသည်။ ရေလှုပ်ရှားမည်ဟုထင်ရသောအခါ ၎င်းကိုသနားသောသူများသည် သူ့ကိုပွေ့ချီလျက်ရေကန်အနားတွင်ချပေးပါသော်လည်း အမှန်တကယ်ရေလှုပ်သောအခါ သူ့ကိုကူညီ၍ရေထဲသို့ချပေးမည့်သူတစ်ယောက်မျှမရှိပါ။ ရေများလှုပ်နေသည်ကိုမြင်နေရသော်လည်း ကန်ဘောင်ကိုကျော်၍မသွားနိုင်ပါ။ ၎င်းထက်ခွန်အားပိုရှိသောသူများကသာ ဦးသွားကြပါသည်၊ အလုအယက်ပြေးလွှားလျက်ရှိသောလူအုပ်နှင့်အတူ ဤမသန်မစွမ်းသူမှာမယှဉ်သာပါ။ သူသည် မနားမနေအဖန်ဖန်ကြိုးစားသော်လည်း ကြိမ်ဖန်များစွာသောစိတ်ပျက်မှုများကြောင့် ခွန်အားဆုတ်ယုတ်လျက်ရှိပါသည်။

မသန်မစွမ်းသူသည် ဖျာပေါ်တွင်လျောင်း၍ ရံဖန်ရံခါရေကန်သို့ခေါင်းထောင်ပြီး မျှော်ကြည့်လျက်ရှိစဉ် သနားခြင်းကရုဏာတော်နှင့်ပြည့်ဝလျက်ရှိသောမျက်နှာတော်သည် အပေါ်မှငုံ့စီးလျက်ကြည့်ပြီး "သင်သည်ကျန်းမာခြင်းသို့ရောက်လိုသလော" ဟူသောစကားသံသည် သူ့အားဆွဲဆောင်ခဲ့ပါသည်။ သူသည်မျှော်လင့်ချက်သန်းလာပြီး အကူအညီတစ်ခုခုရမည်ဟုအတွေးဝင်လာခဲ့သည်။ သို့သော်လည်း အဖန်ဖန်ကြိုးစားသော်လည်း မအောင်မြင်ခဲ့သည့်မိမိအဖြစ်ကိုပြန်စဉ်းစားမိပြီး စိတ်ပျက်သွားလေရာ၊ နောက်တစ်ကြိမ်ရေလှုပ်သည့်အထိပင် မိမိအသက်မရှင်နိုင်တော့သည်ကိုသိလျက်ပင်ပန်းစွာမျက်နှာကိုတစ်ဖက်သို့လှည့်၍ "သခင်၊ ရေလှုပ်သောအခါ ရေကန်ထဲသို့အကျွန်ုပ်ကိုသွင်းထားမည့်သူမရှိပါ။ အကျွန်ုပ်သွားစဉ်တွင် အခြားသောသူသည် အကျွန်ုပ်၏ရှေ့မှဝင်တတ်ပါသည်ဟုလျှောက်၏။"

"ယေရှုကလည်းထလော့၊ ကိုယ့်အိပ်ရာကိုဆောင်၍လှမ်းသွားလော့" (ယောဟန် ၅း၆–၈) ဟုမိန့်တော်မူခဲ့ပါသည်။ လူနာသည် မျှော်လင့်ချက်အသစ်များဖြင့် သခင်ခရစ်တော်အားကြည့်၏။ သူမြင်ရသည့်အသွင်အပြင်

နှင့်အသံတော်သည် အခြားသောသူများနှင့်မတူချေ။ ကိုယ်တော်ထံတော်မှ မေတ္တာတော်နှင့်တန်ခိုးတော်သည် ဖြာလျက်ရှိသည်။ မသန်မစွမ်းသူသည် တွေဝေခြင်းမရှိတော့ဘဲ ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်၏အမိန့်တော်ကိုနာခံသောအခါ တစ်ကိုယ်လုံးလှုပ်ရှားလာသည်။

အကြောအခြင်များနှင့်ကြွက်သားများသည် အသက်ဝင်လာကာ သေလျက်ရှိသောအရိုးဆက်များသည်လည်း ပြန်လည်အသက်ဝင်လာသည်။ ခြေစုံရပ်လျက် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းပြီး သွက်လက်သောခြေများဖြင့်လျှောက်သွားလေသည်။

သခင်ခရစ်တော်သည် ဤမသန်မစွမ်းသူအား ဘုန်းတော်ကိုမပြသခဲ့ပါ။ ဤသူက ကိုယ်တော်သည်ကျွန်ုပ်ကိုကူညီ၍ကျန်းမာစေလျှင်၊ ကျွန်ုပ်သည် ကိုယ်တော်၏စကားကိုယုံကြည်ပါမည်ဟု ဆင်ခြေပေးနိုင်သည်။ ကိုယ်တော်အားသံသယစိတ်ဝင်လာပါက မိမိ၏အခွင့်အရေးဆုံးရှုံးနိုင်ပါသည်။ သို့သော်လည်း သူသည်သခင်ခရစ်တော်၏စကားလုံးကိုယုံကြည်၍ ကျန်းမာခြင်းကိုရရှိခဲ့ပါသည်။ သူသည်ချက်ချင်းအားထုတ်သောကြောင့် ဘုရားသခင်၏တန်ခိုးတော်ပေးခဲ့ပါသည်။ သူသည်လမ်းလျှောက်ရန်ဆုံးဖြတ်ခဲ့သောကြောင့် လျှောက်နိုင်ခဲ့သည်။ ကိုယ်တော်၏မိန့်မှာချက်နှင့်အညီပြုခဲ့သောကြောင့် ကျန်းမာလာခဲ့ပါသည်။

ကျွန်ုပ်တို့သည်အပြစ်များကြောင့် ဘုရားသခင်၏အသက်တာနှင့်ဝေးကွာလျက်ရှိပြီး ကျွန်ုပ်တို့၏ဝိညာဉ်များသည် သေလျက်ရှိပါသည်။ ကျွန်ုပ်တို့သည် ဤမသန်မစွမ်းသူနည်းတူ မိမိတို့၏ခွန်အားနှင့်သန့်ရှင်းသောအသက်တာဖြင့် နေထိုင်သွားနိုင်သောအစွမ်းမရှိကြပါ။ လူအမြောက်အမြားသည် မိမိတို့၏မျှော်လင့်ချက်မဲ့သည့်အဖြစ်ကိုကြည့်၍ ဘုရားသခင်၏အလိုတော်နှင့်အညီနေထိုင်သွားရန် စိတ်ပြင်းပြလျက်ကြိုးစားနေကြပါသည်။ သို့သော်လည်းမအောင်မြင်ကြပါ။ ထိုကြောင့်စိတ်ပျက်စွာငိုကြွေးသည်မှာ “ငါသည်ငြိုငြင်သောသူဖြစ်ပါသည်တကား၊ ဤအသေကောင်မှငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း” (ရောမ ၇:၂၄)။ ဤကဲ့သို့ကြိုးစားသူများ အထက်သို့



မျှော်ကြည့်ပါ။ ကိုယ်တော်သည် မိမိ၏အသွေးတော်အားဖြင့် ပေးဆပ်ဝယ်ယူခြင်းခံခဲ့သူများကို ကရုဏာသက်၍ကြင်နာစွာငုံ့ကြည့်လျက် “သင်သည်ကျန်းမာခြင်းသို့ရောက်လိုပါသလော” ဟုမေးလိုက်ပါသည်။ ငြိမ်သက်ခြင်း၊ ကျန်းမာခြင်းနှင့်ထမြောက်ရန် ကိုယ်တော်သည် သင့်အားအမိန့်တော်ရှိ၏။ ကျန်းမာလာသည့်အထိမစောင့်ဆိုင်းပါနှင့်၊ ကယ်တင်ရှင်၏အမိန့်တော်ကိုယုံလျက် သခင်ခရစ်တော်၏အလိုကိုလိုက်ရန်ဆုံးဖြတ်ပါ။ ထိုသို့စိတ်ဆုံးဖြတ်ပါက ကတိတော်အတိုင်း ကျွန်ုပ်တို့ခွန်အားရလိမ့်မည်။ ကျွန်ုပ်တို့၏အကျင့်များသည် မည်မျှပင်ဆိုးစေကာမူ၊ ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်ဝိညာဉ်သည် အပြစ်၌မည်မျှနှောင်ဖွဲ့၍နေစေကာမူ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုကယ်တင်ရန်အလိုရှိပြီး ကယ်တင်နိုင်သောတန်ခိုးရှိပါသည်။ “အပြစ်၌သေလျက်” (ဧဖက် ၂:၁) ရှိသောဝိညာဉ်များအတွက် ကိုယ်တော်သည် အသက်ကိုပေးတော်မူခဲ့ပါပြီ။ အပြစ်၏အနှောင်အဖွဲ့များဖြင့်ချည်နှောင်လျက် အားနည်းနေသူများကို ကိုယ်တော်သည် လွှတ်ငြိမ်းခွင့်ပေးသနားပါလိမ့်မည်။

အပြစ်၏ရနံ့သည် အသက်စမ်းရေကိုအဆိပ်သင့်စေလျက်ရှိသည်။ သို့သော်လည်း သခင်ခရစ်တော်သည် “သင်၏အပြစ်များကိုငါယူပစ်မည်၊ ငါသည်ငြိမ်သက်ခြင်းကိုပေးမည်။ သင့်ကိုငါ့အသွေးတော်ဖြင့်ဝယ်ခဲ့ပြီ။ သင့်ကိုငါပိုင်ဆိုင်၏၊ ငါ၏ကျေးဇူးတော်သည် ခွန်အားနည်းလျက်ရှိသောသင့်ကိုအားပေးလိမ့်မည်။ အပြစ်ကြောင့် သင်၏ဝမ်းနည်းခြင်းကိုငါဖယ်ရှားမည်” ဟုမိန့်တော်မူနေပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းများသည် သင့်ကိုတိုက်လှန်သောအခါ အခက်အခဲများနှင့်သောကများသည် သင့်ကိုဝိုင်းအုံလျက်ရှိစဉ် စိတ်ပျက်ညှိုးငယ်ကာ အရှုံးပေးတော့မည့်ဆဲဆဲ၌ သခင်ခရစ်တော်ကိုကြည့်ပါ၊ ကိုယ်တော်၏အလင်းရောင်ခြည်များကြောင့် သင်၌ဝိုင်းအုံလျက်ရှိသောအမှောင်ထုသည် လွင့်စင်သွားလိမ့်မည်။ သင့်ဘဝတွင်အနိုင်ယူရန်ကြိုးစားနေသောအပြစ်များကြောင့် စိတ်ထဲ၌ဝန်ထုပ်များပိနေသောအခါ သခင်ခရစ်တော်ကိုကြည့်ပါ၊ သင့်အပြစ်များကိုအောင်မြင်ရန် ကိုယ်တော်၏ကျေးဇူးတော်သည် လုံလောက်

လျက်ရှိ၏။ ကျေးဇူးတရားနှင့်ပြည့်ဝလျက်ရှိသောနှလုံးသားသည် မသေချာမရေရာမှုများဖြင့် အားငယ်နေလင့်ကစား သခင်ခရစ်တော်အားကိုးစားလိုက်ပါ။ သင့်ကိုပေးထားသောမျှော်လင့်ချက်များကို အမိအရဖက်တွယ်ထားပါ၊ ကိုယ်တော်၏မိသားစုအတွင်း သင့်ကိုလက်ခံရန်စောင့်ဆိုင်းလျက်ရှိပါသည်။ သင်၏အားနည်းမှုများကို ကိုယ်တော်၏ခွန်အားနှင့်ဖြည့်ဆည်းလိမ့်မည်။ ကိုယ်တော်သည် သင့်ကိုတစ်လှမ်းချင်းစီဦးဆောင်လိမ့်မည်။ သခင်ခရစ်တော်၏လက်တော်၌ သင့်လက်ကိုအပ်နှံ၍ ကိုယ်တော်၏ဦးဆောင်မှုနောက်သို့လိုက်လျှောက်ပါ။

ကိုယ်တော်သည် သင်နှင့်ဝေးကွာလျက်ရှိသည်ဟု မည်သည့်အခါမျှမထင်ပါနှင့်။ ကိုယ်တော်သည်အနီးအနားတွင်အမြဲတမ်းရှိပါသည်။ ကိုယ်တော်၏မေတ္တာတော်သည် သင့်အားလွှမ်းခြုံလျက်ရှိသည်။ သင့်ကိုအလိုရှိနေသူတစ်ဦးအဖြစ် ကိုယ်တော်ကိုရှာဖွေပါ။ ကိုယ်တော်သည် သင့်အားဝတ်ရုံတော်ကိုတို့ထိစေရုံသာမကဘဲ သူနှင့်အတူတွဲလျှောက်စကားပြောဖော်အဖြစ်အလိုရှိနေပါသည်။

## သွားလော့၊ နောက်တစ်ဖန်အပြစ်မပြုနှင့်

ယုဒလူမျိုးတို့၏သကေနေပွဲတော်ပြီးခါစ၌ ယဇ်ပုရောဟိတ်မင်းများနှင့်ကျမ်းတတ်ဆရာများသည် သခင်ယေရှု၏အသက်ကိုလုပ်ကြံရန်ကြိုးစားသော်လည်း အကြံအစည်မအောင်မြင်ခဲ့ပါ။ ညနေစောင်းလာ၍ "လူအပေါင်းတို့သည် မိမိတို့အိမ်သို့ပြန်သွားကြ၏။ ယေရှုသည်လည်း သံလွင်တောင်သို့ကြွတော်မူ၏" ယောဟန် ၇း၅၃။ ၈း၁။

ရှုပ်ထွေးဆူညံလျက်ရှိသောမြို့ထဲရှိလူအုပ်များနှင့် ကောက်ကျစ်သောကျမ်းတတ်ဆရာများကိုရှောင်ကာ သခင်ခရစ်တော်သည် သံလွင်တောင်ရှိအပင်များကြားတွင် ဘုရားသခင်ကိုအာရုံပြုလျက်နေတော်မူပြီး နံနက်အရုဏ်လင်းလျှင် ဗိမာန်တော်သို့ပြန်ကြွလာတော်မူ၏။ လူများစွာသည် ကိုယ်တော်



ကိုမြင်လျှင်စုရုံးလာပြီး သခင်ခရစ်တော်သည် တရားတော်များကိုဟောကြားတော်မူသည်။

သို့သော်လည်း ကိုယ်တော်အားနှောင့်ယှက်မည့်သူများပေါ်လာပါသည်။ ဖာရိရှဲများနှင့်ကျမ်းတတ်ဆရာများသည် အလွန်ကြောက်လန့်လျက်ရှိသောအမျိုးသမီးတစ်ဦးအား ကိုယ်တော်ထံသို့ဆွဲခေါ်လာပြီး သတ္တမမြောက်ပညတ်တော်ကိုကျူးလွန်သည်ဟုစွပ်စွဲကြ၏။ အမျိုးသမီးအား ကိုယ်တော်ရှေ့တော်မှောက်သို့တွန်းလျက် ဟန်ဆောင်သောရိုသေမှုဖြင့် "ဘုရားသခင်၊ ဤမိန်းမသည် မှားယွင်းသောအမှုကိုပြုစဉ်တွင်ပင် တွေ့မိပါသည်။ ထိုသို့သောမိန်းမတိုင်းကို ကျောက်ခဲနှင့်ပစ်ပေါက်ရာ၏ဟု မောရှေသည်အကျွန်ုပ်တို့အား ပညတ်တရား၌စီရင်ထုံးဖွဲ့ပါပြီ၊ သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့မိန့်တော်မူမည်နည်းဟု လျှောက်လေ၏" အငယ် ၄၊၅။

သူတို့သည် ကိုယ်တော်အားရိုသေဟန်ပြုပြီး အကောက်ကြံလျက်ရှိကြပါသည်။ အကယ်၍ သခင်ခရစ်တော်သည် ဤအမျိုးသမီးကိုအပြစ်လွှတ်လျှင် မောရှေ၏ပညတ်တော်များကိုပယ်ရှားရောက်ပြီး အသက်သေထိုက်သည်ဟုဆုံးဖြတ်လျှင် ရောမလူမျိုးတို့ကသာပြုပိုင်ခွင့်ရှိသည့်အာဏာကိုပြုသည်ဟု ရောမအစိုးရရှေ့၌စွပ်စွဲကြမည်ဖြစ်ပါသည်။

ရှက်ကြောက်ကာတုန်နေလျက်ရှိသောအမျိုးသမီးကတစ်ဖက်၊ လူသားချင်းသနားကြင်နာမှုကင်းမဲ့သော မျက်နှာထားခက်ထန်သည့်လူကြီးများကတစ်ဖက်နှင့် သခင်ခရစ်တော်သည် ဤမြင်ကွင်းကိုကြည့်တော်မူစဉ် အပြစ်ကင်းမဲ့သည့်ကိုယ်တော်၏စိတ်တော်သည် ရှုံ့မုန်းလျက်ရှိပါသည်။ ကိုယ်တော်သည်သူတို့၏မေးခွန်းကိုမကြားဟန်ပြု၍ မြေကြီး၌ငုံ့တော်မူလျက် လက်ညှိုးတော်နှင့်ရေးသားလျက်ရှိတော်မူပါသည်။

ကိုယ်တော်၏မကြားဟန်ပြုခြင်းကို စိတ်မရှည်နိုင်တော့သည့်အခါ ထိုသူတို့သည် အနားသို့တိုးလျက်အထပ်ထပ်မေးလေ၏။ သို့သော် လက်ညှိုးတော်နှင့်ရေးသားလျက်ရှိသောစာများကိုမြင်သောအခါ သူတို့သည် အသံတိတ်

သွားကြ၏။ သူတို့၏ရှေ့မှောက်တွင် သူတို့လျှို့ဝှက်စွာပြုခဲ့သောအကျင့်ဆိုးများရေးသားလျက်ရှိသည်ကို တွေ့ရကြပါသည်။

ကိုယ်တော်သည် ခေါင်းမတ်တော်မူပြီးအကောက်ကြံလျက်ရှိသော ခေါင်းဆောင်တို့ကို စိုက်ကြည့်တော်မူပြီး "သင်တို့တွင်အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်ပေါက်စေဟုမိန့်တော်မူပြီး တစ်ဖန်အောက်သို့ငုံ့၍ မြေ၌ရေးသားတော်မူပြန်၏" (အငယ် ၇)။

သခင်ခရစ်တော်သည် မောရှေ၏ပညတ်တော်ကိုလည်းမပယ်၊ ရောမအစိုးရ၏အာဏာကိုလည်း အလွဲသုံးတော်မမူခဲ့ပါ။ မိန်းမကိုစွပ်စွဲသူများသည် ရှုံးနိမ့်လျက် သူတို့၏သန့်ရှင်းဟန်ဆောင်သောခြုံလွှာများကိုဖယ်ရှားကာ သန့်ရှင်းတော်မူသည့်သခင်ခရစ်တော်ရှေ့တော်မှောက်၌ အပြစ်နှင့်ပြည့်ဝသောအသက်တာသည် ထင်ရှားလျက်ပေါ်လွင်နေပါသည်။ မိမိတို့၏အပြစ်များကို လူအုပ်၏ရှေ့၌ဖွင့်ချတော်မူမည်ကိုစိုးရိမ်လျက် သူတို့သည် ခေါင်းငုံ့ကာမျက်လွှာချ၍ အလျှိုလျှိုထွက်သွားကြပြီး ကရုဏာအရှင်ကိုယ်တော်၏ရှေ့တော်မှောက်၌ အမျိုးသမီးကိုထားရစ်ခဲ့ကြပါသည်။

သခင်ခရစ်တော်သည်ခေါင်းမော့လျက် အမျိုးသမီးကိုကြည့်တော်မူကာ "အချင်းမိန်းမ၊ သင့်ကိုအပြစ်တင်သောသူတို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကိုအဘယ်သူမျှမစီရင်သလောဟု မေးတော်မူ၏။ ထိုမိန်းမကလည်း အဘယ်သူမျှမစီရင်ပါသခင်ဟုလျှောက်၏၊ ငါသည်လည်း သင်၏အမှုကိုမစီရင်၊ သွားလော့၊ နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်ဟုမိန့်တော်မူ၏" (အငယ် ၁၀၊၁၁)။

သင်တို့တွင်အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်လော့ဟု သခင်ခရစ်တော်၏မိန့်မှာချက်သည် အမျိုးသမီးအဖို့သေဒဏ်ကိုစီရင်ခံရသည့်အလားဖြစ်ခဲ့ပြီး ကြောက်ရွံ့လျက် သခင်ခရစ်တော်၏မျက်နှာတော်ကိုမော်မကြည့်ရဲဘဲ မိမိအသက်ထွက်မည့်အချိန်ကိုစောင့်လျက်ရှိပါသည်။ သို့သော်လည်း မိမိအားစွပ်စွဲသူများသည် စကားသံတိတ်လျက် ကိုယ်တော်



၏ရှေ့တော်မှောက်မှထွက်သွားကြသည်ကို အံ့သြစွာကြည့်စဉ် ကိုယ်တော်၏မျှော်လင့်ချက်စကားတော်များကိုကြားလိုက်ရသည်မှာ "ငါသည်လည်း သင်၏အမှုကိုမစီရင်၊ သွားလော့၊ နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်" ဟုဖြစ်ပါသည်။ အမျိုးသမီး၏စိတ်နှလုံးသည်ပြောင်းလဲပြီး ကိုယ်တော်၏ခြေတော်ရင်း၌ ပျပ်ဝပ်ကာ ငိုကြွေးလျက် မိမိ၏အပြစ်များကိုဝန်ချတောင်းပန်ကာ ကိုယ်တော်၏ကရုဏာကိုသက်သေခံခဲ့ပါသည်။

ဤအဖြစ်အပျက်သည် ထိုအမျိုးသမီး၏ဘဝတွင်အသစ်သောမွေးဖွားခြင်းကို စတင်စေခဲ့ပါသည်။ သူမသည်ဘုရားသခင်အား မိမိ၏အသက်တာကိုဆက်ကပ်ကာ သန့်ရှင်းခြင်းနှင့်ငြိမ်သက်ခြင်းကိုရရှိခဲ့ပါသည်။ ဤနိမ့်ကျလျက်ရှိသောဝိညာဉ်ကိုကယ်တင်တော်မူခြင်းဖြင့် ကိုယ်တော်သည် ဆိုးရွားသောရောဂါကိုအံ့ဖွယ်အမှုပြုလျက် ကုသပျောက်ကင်းစေခဲ့ပါသည်။ ထာဝရအသက်ကိုဆုံးရှုံးစေနိုင်သော ဝိညာဉ်ရေးဆုတ်ယုတ်သည့်ရောဂါကို ကုစားတော်မူခဲ့ပါသည်။ ဘဝအသက်တာပြောင်းလဲသွားသည့် ဤအမျိုးသမီးသည် ကိုယ်တော်၏သစ္စာရှိနောက်လိုက်တစ်ဦးဖြစ်သွားပါသည်။ သူမသည် မိမိကိုယ်ကိုငြင်းပယ်သောမေတ္တာနှင့်ဆက်ကပ်ခြင်းဖြင့် ကိုယ်တော်၏ကရုဏာတော်ကိုတုံ့ပြန်ခဲ့ပါသည်။ လောကကြီးသည် ဤမိုက်မှားသောအမျိုးသမီးကိုအပြစ်ပြောခြင်းနှင့်ရှုတ်ချခြင်းသာပြုသော်လည်း အပြစ်မဲ့သောကိုယ်တော်သည် သူမ၏အားနည်းမှုကိုသနားတော်မူပြီး ကူညီမစခဲ့ပါသည်။ ဟန်ဆောင်လျက်ရှိသောဖာရိရှဲများသည် ဤအမျိုးသမီးကိုရှုတ်ချခဲ့သော်လည်း ကိုယ်တော်က "သွားလော့၊ နောက်တစ်ဖန်ဒုစရိုက်မပြုနှင့်" ဟုမိန့်တော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် လူတစ်ဦးစီ၏အခြေအနေကိုသိရှိတော်မူပြီး အကြင်သူသည်အပြစ်ကြီးလေ၊ သခင်ခရစ်တော်ကိုပိုမိုလိုအပ်လေဖြစ်ပါသည်။ အပြစ်၏ကွန်ယက်၌မိပြီး မျှော်လင့်ချက်ကင်းမဲ့ဆုံးရှုံးနေသူကို သခင်ခရစ်တော်သည် မေတ္တာကရုဏာအသက်ဆုံးဖြစ်ပါသည်။ လူသားမျိုးနွယ်တစ်ခုလုံးကို

အပြစ်မှလွတ်မြောက်ရေးအတွက် သခင်ခရစ်တော်သည် အသွေးတော်နှင့် ပေးဆပ်ကယ်တင်ခဲ့ပါသည်။

သခင်ခရစ်တော်သည် အသွေးတော်ဖြင့်တန်ဖိုးကြီးစွာပေး၍ ဝယ်ယူရွေးနုတ်ခဲ့သူတစ်ဦးစီကို စာတန်၏သားကောင်မဖြစ်စေလိုပါ။ တစ်ဦးတစ်ယောက်ကိုမျှရှုံးနိမ့်၍ အသက်မဆုံးရှုံးစေလိုပါ။ ခြသေ့လှောင်အိမ်တွင် ခြသေ့များကိုငြိမ်စေခဲ့သောအရှင်၊ မီးလောင်လျက်ရှိသောမီးဖိုတွင် မိမိ၏သစ္စာရှိသောသူများကိုစောင့်ရှောက်ခဲ့သောအရှင်သည် ကျွန်ုပ်တို့တစ်ဦးစီ၌စွဲကပ်လျက်ရှိသောအပြစ်များကို ကျွန်ုပ်တို့ကိုယ်စားအနိုင်ယူတိုက်ပေးရန် အသင့်စောင့်လျက်ရှိတော်မူပါသည်။ ကိုယ်တော်သည် ကရုဏာပလ္လင်ရှေ့၌ရပ်တော်မူလျက် မိမိထံသို့အကူအညီတောင်းလျက်ရှိသော ဆုတောင်းသံများကို ဘုရားသခင်အထံတော်သို့ တင်ပြတော်မူလျက်ရှိပါသည်။ စိတ်နှိမ့်ချကာ ငိုကြွေးလျက်ရှိသူတစ်ဦးကိုမျှ ကိုယ်တော်သည်မငြင်းပယ်ပါ၊ ကိုယ်တော်ထံ ဝန်ချတောင်းပန်ပြီး ပြောင်းလဲသူတစ်ဦးစီကို ကိုယ်တော်သည် အပြစ်ဖြေလွှတ်လျက်ရှိတော်မူပါသည်။ ကိုယ်တော်သည် ကြောက်လျက်တုန်နေသူတစ်ဦးစီကို ခွန်အားပေးလျက်ရှိပါသည်။ မည်သူမဆိုဘုရားသခင်ကိုအားကိုးပြုလျက် ကိုယ်တော်နှင့်ငြိမ်းချမ်းရေးမိတ်ဖွဲ့သူတစ်ဦးစီကို သခင်ခရစ်တော်သည်လည်း ငြိမ်သက်ခြင်းပေးတော်မူပါလိမ့်မည်။

မိမိထံသို့ခိုလှုံလာသူတစ်ဦးစီကို သခင်ခရစ်တော်သည် ဤလောက၏ကဲ့ရဲ့ခြင်းမှကယ်မတော်မူပြီး မည်သူတစ်ဦးတစ်ယောက်မျှမှ မတိုက်လှန်နိုင်ရန်ကာကွယ်တော်မူပါသည်။ ဘုရားသခင်၏ပလ္လင်တော်ရှေ့တွင် ဤဝိညာဉ်တစ်ခုစီသည် သခင်ခရစ်တော်နှင့်အတူရပ်တည်လျက်ရှိပါသည်။ သခင်ခရစ်တော်၏အသွေးတော်သည် "အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏" (၁ယော ၁း၇)။

"ဘုရားသခင်ရွေးကောက်တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း၊ ဖြောင့်မတ်ရာ၌တည်စေသောသူကား ဘုရားသခင်ပေ



တည်း၊ အပြစ်စီရင်သောသူကား အဘယ်သူနည်း။ အသေခံသည်သာမက သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌နေလျက် ငါတို့အဖို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း" (ရောမ ၈း၃၃၊၃၄)။

လှိုင်းတံပိုးများနှင့်လေမုန်တိုင်းများတွင်လည်းကောင်း၊ နတ်ဆိုးများစွဲကပ်လျက်ရှိသူများ၌လည်းကောင်း ကိုယ်တော်သည် တန်ခိုးတော်ကိုပြသခဲ့ပါသည်။ ကိုယ်တော်သည် လှိုင်းတံပိုးတိုက်ခိုက်လျက်ရှိသော ပင်လယ်ကိုငြိမ်သက်စေတော်မူပြီး စာတန်ပိုင်စိုးခဲ့သောသူများကိုငြိမ်သက်ခြင်းပေးတော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် ကပေရနောင်မြို့ရှိတရားဇရပ်၌ အပြစ်၏ကျေးကျွန်များဖြစ်လျက်ရှိသူများကိုကယ်တင်ရန် ကြွရောက်လာသည်။ မိမိ၏အကြောင်းကိုပြောဟောစဉ် ညစ်ညူးသောနတ်ဆိုးစွဲသူတစ်ဦးသည် လူအုပ်အလယ်မှရှေ့သို့ပြေးထွက်လာလျက် "ဩော်၊ နာဇရက်မြို့သားယေရှု၊ ကိုယ်တော်သည် အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း။ အကျွန်ုပ်တို့ကို ဖျက်ဆီးခြင်းငှာလာသလော။ ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို အကျွန်ုပ်သိ၏။ ဘုရားသခင်၏သန့်ရှင်းတော်မူသောသူဖြစ်ပါသည်ဟု ဟစ်ကြွေးလေ၏" (မာကု ၁း၂၄)။

နတ်ဆိုးအားဆုံးမလျက် "ယေရှုကလည်း တိတ်ဆိတ်စွာနေလော့၊ ထိုသူ၏အထဲကထွက်သွားလော့ဟုဆုံးမတော်မူလျှင် နတ်ဆိုးသည် ထိုသူကို လူများအလယ်၌လှဲချ၍ ဘေးဥပဒ်မပြုဘဲထွက်သွား၏" လုကာ ၄း၃၅။

ဤသူသည် မိမိ၏မိုက်မဲမှုကြောင့် အခက်အခဲတွေ့နေသူဖြစ်ပါသည်။ အပြစ်၌မွေ့လျော်ပြီးအပျော်အပါးများကို လိုက်စားခဲ့ပါသည်။ ချုပ်တည်းမှုကင်းမဲ့ခြင်းနှင့်အလွန်အကျွံသုံးဖြုန်းခြင်းသည် ထိုသူ၏အကျင့်စလေ့ကို ဖျက်ဆီးခဲ့ပြီး နောက်ဆုံးစာတန်၏အုပ်စိုးမှုအောက်သို့ရောက်ရှိခဲ့ပါသည်။ နောင်တသည်နောက်ကျခဲ့ပြီး မိမိရှိသမျှကိုပုံ၍ ပျက်စီးခဲ့သောသူ့ဘဝကို ကယ်တင်လိုသော်လည်း စာတန်၏ညွှတ်ကွင်းမှမလွတ်မြောက်နိုင်ခဲ့ပါ။

ကိုယ်တော်၏ရှေ့တော်မှောက်သို့ရောက်သောအခါ သူသည် လွတ်မြောက်မှုကိုတောင့်တခဲ့သော်လည်း နတ်ဆိုးများသည် သခင်ခရစ်တော်၏တန်ခိုးတော်ကို ငြင်းပယ်လျက်ရှိကြပါသည်။ သခင်ခရစ်တော်ကိုအကူအညီတောင်းရန် ပါးစပ်ဟပ်လိုက်သောအခါ နတ်ဆိုးများသည် သူ၏ပါးစပ်ကို ထိန်းလျက်ရှိသည်။ ထိုကြောင့် ဤသူသည်ကြောက်လျက် အော်ဟစ်လိုက်ပါသည်။ နတ်ဆိုးစွဲသောသူသည် မိမိအားကယ်တင်နိုင်မည့် သခင်ရှေ့တော်မှောက်သို့ရောက်နေကြောင်းကိုသိ၍ အကူအညီတောင်းလျှောက်သော် နတ်ဆိုးများသည် သူ့ကိုတားမြစ်လျက် သူတို့ပြောလိုသည်ကိုပြောစေပါသည်။

နတ်ဆိုးစွဲသောသူနှင့် စာတန်တို့၏တိုက်လှန်ပွဲသည် အလွန်ပြင်းထန်ခဲ့ပါသည်။ မိမိ၏ဘဝကိုဖျက်ဆီးခဲ့သော စာတန်၏လက်မှအသက်ရှင်လျက် လွတ်မြောက်နိုင်သယောင်ရှိခဲ့ပါသည်။ သို့သော်လည်း သခင်ခရစ်တော်သည် အမိန့်ပေး၍ ဤသူကိုကယ်တင်ခဲ့ပါသည်။ အံ့သြလျက်ရှိသောလူအုပ်၏ရှေ့၌ နတ်ဆိုးစွဲသောသူသည် စာတန်၏အုပ်စိုးမှုအောက်မှလွတ်မြောက်လျက် တည်ငြိမ်စွာရပ်နေပါသည်။

နတ်ဆိုးစွဲသောသူသည် ဝမ်းမြောက်စွာဖြင့် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလျက်ရှိသည်။ ရှုးသွပ်သောမျက်လုံးများသည် ယခုအခါတွင် လူကောင်းပကတိအတိုင်းငြိမ်သက်လျက်ရှိပြီး ဝမ်းမြောက်လွန်းသောကြောင့် မျက်ရည်များစီးဆင်းလျက်ရှိပါသည်။ လူများသည် အလွန်အံ့သြသောကြောင့် စကားပင်မပြောနိုင်ဘဲ မိန်းမောတွေဝေပြီးသတိရသောအခါ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပြောကြသည်မှာ "ဤအမှုသည်အဘယ်သို့နည်း၊ ဤဆုံးမခြင်းအသစ်သည် အဘယ်သို့နည်း၊ ညစ်ညူးသောနတ်တို့ကိုပင် အာဏာနှင့်မှာထား၍ သူတို့သည်နားထောင်ကြသည်တကား" (မာကု ၁း၂၇)။

ကပေရနောင်မှနတ်ဆိုးစွဲသူကဲ့သို့ပင် ယခုအခါ၌လည်းနတ်ဆိုးများ၏သြဇာမှမလွတ်မြောက်နိုင်သူများစွာရှိပါသည်။ ဘုရားသခင်၏ပညတ်တော်များမှ တမင်တကာရှောင်ဖယ်သွားသူများသည် စာတန်၏လက်အောက်သို့





ရောက်သွားကြပါသည်။ အချို့သူများသည် စာတန်နှင့်ဆော့ကစား၍ မိမိအလိုရှိလျှင် ရှောင်ဖယ်သွားနိုင်မည်ဟုထင်ကြသော်လည်း အမှန်တကယ်ရှောင်ဖယ်လိုသောအခါ မည်သို့မျှမတတ်နိုင်သည်ကိုတွေ့ကြရပါသည်။ စာတန်၏တန်ခိုးသည် မိမိထက်ကြီးမားပြီးမတွန်းလှန်နိုင်တော့သည်ကိုတွေ့ရပါသည်။ လျှို့ဝှက်သောအပြစ်များနှင့်ကာမဂုဏ်ခံစားမှုများကြောင့် ဤသူသည် ကပေရနောင်မှနတ်ဆိုးစွဲသူကဲ့သို့ မည်သို့မျှမတတ်နိုင်ဘဲ မျှော်လင့်ချက်ကင်းမဲ့သွားနိုင်သည်။

သို့သော်လည်း ဤသူ၏အခြေအနေသည် အမှန်တကယ်မျှော်လင့်ချက်မကင်းမဲ့သေးပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အလိုကိုကန့်သတ်ထိန်းချုပ်ရန်မကြိုးစားပါ။ လူတိုင်းသည် မိမိ၏သခင်ကိုရွေးချယ်နိုင်သောအခွင့်ရှိသည်။ မည်သူတစ်ဦးတစ်ယောက်မျှသည် သခင်ခရစ်တော်မကယ်တင်နိုင်လောက်အောင် ဆိုးရွားခြင်း၊ နိမ့်ကျခြင်းမရှိပါ။ နတ်ဆိုးစွဲသောသူ၏နှုတ်ကိုနတ်ဆိုးသည်ချုပ်နိုင်သော်လည်း နှလုံးသားထဲမှဖော်ပြခွင့်မရသောတောင့်တချက်ကို သခင်ခရစ်တော်သိတော်မူပါသည်။ ဖော်ပြခြင်းမရှိသော်လည်း မည်သူတစ်ဦးတစ်ယောက်၏တောင့်တချက်ကို ကိုယ်တော်လျစ်လျူရှုမထားပါ။ ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့လိုသူတိုင်းကို သခင်ခရစ်တော်သည် စာတန်ရန်မှကယ်တင်ထားပါသည်။

"လုယူရာဥစ္စာကို အားကြီးသောသူ၏လက်မှယူရမည်လော၊ တရားသောသူသိမ်းသွားသောလူတို့ကိုနုတ်ရမည်လော၊ ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင်စစ် အားကြီးသောသူသိမ်းသွားသောလူတို့ကိုယူရမည်။ ကြောက်မက်ဖွယ်သောသူလုယူရာဥစ္စာကို နုတ်ရလိမ့်မည်။ အကြောင်းမူကား၊ သင်နှင့်ရန်တွေ့သောသူကို ငါသည်ရန်တွေ့၍ သင်၏သားတို့ကိုကယ်တင်မည်" (ဟေရှာယ ၄၉း၂၄၊၂၅)။

နှလုံးသား၏တံခါးကိုယုံကြည်ခြင်းသော့နှင့်ဖွင့်၍ သခင်ခရစ်တော်ကိုဝင်စေသော သူ၏အသက်တာပြောင်းလဲခြင်းသည် အံ့ဖွယ်ကောင်းလှပါသည်။

## ငါသည်သင်တို့ကိုတန်ခိုးပေးတော်မူမည်

သခင်ခရစ်တော်သည် တပည့်တော်ဆယ့်နှစ်ပါးကဲ့သို့ပင် တပည့်တော်ခုနစ်ကျိပ်အား တန်ခိုးတော်များအပ်နှံလျက် စေလွှတ်တော်မူခဲ့သည်။ သူတို့သည်အမှုတော်ပြီးမြောက်သောအခါ ဝမ်းမြောက်စွာပြန်လာ၍ “သခင်၊ ကိုယ်တော်၏နာမအားဖြင့် အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင်နိုင်ပါသည်ဟု လျှောက်ကြ၏။” “ယေရှုကလည်း စာတန်သည်လျှပ်စစ်ကဲ့သို့ ကောင်းကင်မှ ကျလာသည်ကိုငါမြင်ပြီ” (လုကာ ၁၀း၁၇၊၁၈) ဟု မိန့်တော်မူခဲ့ပါသည်။

ထိုကြောင့် ကျွန်ုပ်တို့သည် စာတန်ကိုရှုံးနိမ့်သူအဖြစ်သာ သတ်မှတ်ရပါမည်။ သခင်ခရစ်တော်သည် စာတန်အားလက်ဝါးကပ်တိုင်ပေါ်တွင် အနိုင်ယူခဲ့ပါသည်။ ထိုအောင်မြင်မှုကိုလည်း ကျွန်ုပ်တို့တစ်ဦးစီကိုပေးလျက်ရှိပါသည်။ ကိုယ်တော်က “သင်တို့သည်မြွေ၊ ကင်းမြီးကောက်တို့ကိုနိုင်ရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသောအခွင့်တန်ခိုးကိုငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှမညှဉ်းဆဲရ” (အငယ် ၁၉) ဟုမိန့်တော်မူပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ကြီးမားသောတန်ခိုးသည် ကျွန်ုပ်တို့တစ်ဦးစီ၏အကာအကွယ်ဖြစ်တော်မူပါသည်။ အပြစ်အတွက်နောင်တရ၍ ယုံကြည်ခြင်းအားဖြင့်ခိုလှုံသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ သခင်ခရစ်တော်သည် ရန်သူလက်သို့ရောက်စေမည်မဟုတ်ပါ။ စာတန်သည် တန်ခိုးကြီးသော်လည်း ၎င်းကိုကောင်းကင်နိုင်ငံတော်မှနှင်ထုတ်ခဲ့သောသခင်ခရစ်တော်သည် သူ့ထက်ပိုမိုတန်ခိုးကြီးတော်မူပါသည်။ စာတန်သည် သူ၏တန်ခိုးအကြောင်းကိုပြောသောအခါ ဝမ်းမြောက်လျက်ရှိသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏အကြောင်းကိုပြောကြပြီး ကိုယ်တော်၏မေတ္တာတော်နှင့်တန်ခိုးတော်အကြောင်းကို ပိုမိုထင်ရှားစေသင့်ပါသည်။

မြင့်မြတ်သောပလ္လင်တော်အားဝန်းရံလျက်ရှိသော ကတိတော်သက်တံသည် “ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌



တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏” (ယောဟန် ၃း၁၆) ၌ဖော်ပြလျက်ရှိသည်။ အဆိုးများနှင့်ရင်ဆိုင်နေရသည့်သားသမီးများကို ဘုရားသခင်သည် ဘယ်သောအခါမျှ မပယ်သည်ကိုဖော်ပြလျက်ရှိသည်။ ဤပလ္လင်တော်ရှိနေသည်ကာလပတ်လုံး၊ ကျွန်ုပ်တို့အတွက်ခိုလှုံရာ၊ ခွန်အားရယူရာနှစ်သိမ့်ခြင်းကို ဖော်ပြလျက်ရှိပါသည်။

---ooo---

### အခန်း (၆)

## အစေခံရန်ကယ်တင်ခဲ့သည်

ဂါလိလဲပင်လယ်ရေပြင်တွင် မုန်တိုင်းထန်သောညဉ့်ကုန်လွန်၍ နံနက်မိုးသောက်သော် သခင်ခရစ်တော်နှင့်တပည့်တော်များသည် နေရောင်ခြည်ဖြာလျက် ငြိမ်သက်နေသောရေပြင်မှ ကုန်းပေါ်သို့တက်ကြွမြန်းခဲ့ပါသည်။ သို့သော် ကုန်းပေါ်သို့ရောက်တော်မူသောအခါ ညအချိန်၌ကြုံတွေ့ခဲ့သောမုန်တိုင်းထက် ပိုမိုကြောက်မက်ဖွယ်ကောင်းသောမြင်ကွင်းနှင့် ကြုံတွေ့တော်မူခဲ့ပါသည်။ နတ်ဆိုးစွဲနေသောလူနှစ်ဦးသည် သင်္ချိုင်းဂူများကြားမှထွက်လာလျက် ကိုယ်တော်နှင့်တပည့်တော်များထံသို့ ရန်ပြုဖို့ပြေးလာလျက်ရှိသည်။ ထိုသူများ၏လက်များတွင် ချုပ်နှောင်ထားသည့်သံကြိုးအစများတွဲကျလျက်ရှိပြီး အသားအရေများသည်ကွဲရှ၍သွေးများထွက်ကာ မျက်လုံးစူးရှ၍ ဦးခေါင်းရှိဆံပင်များသည် ရှုပ်ပွလျက်ရှိပြီး လူထက်တိရစ္ဆာန်ရိုင်းကဲ့သို့တူနေကြပါသည်။

တပည့်တော်များနှင့်အပေါင်းအဖော်များသည် ကြောက်၍ထွက်ပြေးကြသည်။ သို့သော် ၎င်းတို့နှင့်အတူသခင်ခရစ်တော်ပါမလာသည်ကိုသိတော်မူသောအခါ နောက်သို့ပြန်လှည့်၍ ကိုယ်တော်ကိုရှာကြသည်။ ကိုယ်တော်သည် ထားခဲ့သောနေရာ၌သာရပ်တော်မူလျက်ရှိပြီး ပင်လယ်ပြင်ကိုငြိမ်းစေသောအရှင်၊ စာတန်အားကောင်းကင်နိုင်ငံမှနှင်ထုတ်ခဲ့သောအရှင်သည် နတ်ဆိုးများကိုလည်းရင်ဆိုင်လျက်ရှိပါသည်။ အံသွားများကြိတ်လျက် ပါးစပ်မှအမြှုပ်များထွက်ကာ ဤသူနှစ်ဦးသည်ကိုယ်တော်အနားသို့ရောက်စဉ် သခင်ခရစ်တော်သည် လှိုင်းတံပိုးများကိုငြိမ်းစေသောလက်တော်ကိုဆန့်၍တားတော်မူ၏။ ဤသူနှစ်ဦးသည် ရှေ့မတိုးနိုင်တော့ချေ။ ကိုယ်တော်ရှေ့တော်၌ဒေါသများထွက်လျက်ရှိနေသော်လည်း မည်သို့မျှမတတ်နိုင်ဘဲရပ်လျက်ရှိကြပါသည်။

ကိုယ်တော်သည် မိမိ၏တန်ခိုးတော်ဖြင့် နတ်ဆိုးများကိုနှင်ထုတ်လေသည်။ နတ်ဆိုးစွဲသောသူများသည် မိမိတို့ကိုကယ်တင်နိုင်သည့်အရှင်ကို



အကူအညီတောင်းလိုသော်လည်း ပါးစပ်ဟပ်လိုက်သောအခါ နတ်ဆိုးများခိုင်းသည့်အတိုင်း "ဘုရားသခင်၏သားတော်ယေရှု၊ ကိုယ်တော်သည်အကျွန်ုပ်တို့နှင့်အဘယ်သို့ဆိုင်သနည်း၊ အချိန်မရောက်မီ အကျွန်ုပ်တို့ကိုညှဉ်းဆဲခြင်းငှာကြွလာတော်မူသလော" ဟု အော်ဟစ်၍လျှောက်ကြ၏။ (မဿဲ ၈း၂၉)။

ကိုယ်တော်သည် နတ်ဆိုးများကိုနှင်ထုတ်တော်မူသောအခါ မည်သို့မျှမလွန်ဆန်နိုင်တော့ဘဲ နတ်ဆိုးများထွက်သွားကြပြီး နတ်ဆိုးစွဲလျက်ရှိသူများသည် ထူးခြားသောပြောင်းလဲမှုကိုကြုံတွေ့ခဲ့ရပါသည်။ သူတို့၏မသိစိတ်ကို အလင်းတော်သည် ထိုးဖောက်ဝင်လာ၍ စူးရှလျက်ရှိသောမျက်လုံးများတွင် အသိတရားများဝင်လာပါသည်။ စာတန်၏ရုပ်သဏ္ဍာန်နှင့်တူနေသူများသည် ငြိမ်သက်လျက်ရှိပြီး သွေးစွန်းနေသောလက်များသည်လည်းငြိမ်သက်ကာ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းလျက်ရှိနေပါသည်။

ထိုအချိန်၌ပင်နတ်ဆိုးများသည် အနီးအနားရှိဝက်များကိုဝင်ပူး၍ ဝက်များကိုဖျက်ဆီးခဲ့ပါသည်။ ဝက်များကိုထိန်းကျောင်းနေသူများကလည်း ဤအဖြစ်အပျက်ကိုအလျင်အမြန်ပျံ့နှံ့စေသောအခါ မြို့ရှိလူများအားလုံးသည် ကိုယ်တော်အားဝိုင်းအုံလျက်ရှိပါသည်။ နတ်ဆိုးစွဲသောလူနှစ်ဦးသည် အဝတ်များဝတ်ဆင်၍မှုမှန်သောစိတ်ဖြင့် ကိုယ်တော်၏ခြေတော်ရင်းတွင်ထိုင်လျက် တရားတော်ကိုနာယူကာ ဂုဏ်တော်ကိုချီးမွမ်းလျက်ရှိနေကြပါသည်။ သို့သော်လည်း ဤမြင်ကွင်းကိုကြည့်နေသူများမှာမပျော်နိုင်ပါ။ စာတန်၏လက်မှကယ်တင်ခဲ့သည့်ဤသူနှစ်ဦးထက် မိမိတို့ဆုံးရှုံးခဲ့သောဝက်များကို ပို၍သတိရလျက်ရှိကြပါသည်။ ထိုကြောင့်အလွန်ကြောက်လျက် မိမိတို့မြို့မှထွက်ခွာတော်မူရန် သခင်ခရစ်တော်အား ဝိုင်း၍တောင်းပန်သောအခါ ကိုယ်တော်သည် ချက်ချင်းသင်္ဘောပေါ်သို့တက်၍ တစ်ဖက်ကမ်းသို့ကြွသွားလေ၏။

နတ်ဆိုးစွဲသူများမှာမူ ဤကဲ့သို့မယူဆဘဲ မိမိတို့၏ကယ်တင်အရှင်၏အနားမှမခွာလိုကြပါ။ ကိုယ်တော်၏အနားတွင်ရှိနေခြင်းဖြင့် မိမိတို့၏ဘဝကိုဖျက်ဆီးပြီးနှိပ်စက်ခဲ့သော နတ်ဆိုးများ၏ရန်မှလွတ်ငြိမ်းခွင့်ကိုရရှိလိမ့်မည်။ သခင်ခရစ်တော်သည် လှေပေါ်သို့တက်တော်မူစဉ် ဤသူနှစ်ဦးသည်

ကိုယ်တော်၏အနားမှမခွာဘဲ ကိုယ်တော်၏ခြေတော်ရင်းတွင်ဒူးထောက်လျက် တရားတော်များကိုနာရန်နှင့် ကိုယ်တော်အနားတွင်နေခွင့်ရရန် တောင်းပန်လေ၏။ သို့သော် သခင်ခရစ်တော်သည် မိမိတို့အိမ်သို့ပြန်စေပြီး ကိုယ်တော်ပြုတော်မူခဲ့သည့်အရာများကို သက်သေခံခိုင်းလေသည်။

ဤနေရာတွင်သူတို့အတွက်အလုပ်ရှိပါသည်။ ကိုယ်တော်အကြောင်းမသိသေးသောအိမ်သို့သွား၍ သခင်ခရစ်တော်ထံမှလက်ခံရရှိခဲ့သောကောင်းချီးမင်္ဂလာများအကြောင်းကို သက်သေခံရမည်။ ထိုသူနှစ်ဦးအနေဖြင့် သခင်ခရစ်တော်နှင့်လမ်းခွဲရန်ခက်ခဲပါသည်။ ပို၍ခက်ခဲသည်မှာ သခင်ခရစ်တော်အကြောင်းကိုမသိသေးသော မိမိတို့၏အမျိုးသားချင်းမိတ်ဆွေများနှင့်နေထိုင်ရန်ခက်ခဲပါသည်။ ပတ်ဝန်းကျင်နှင့်နှစ်ပေါင်းများစွာဝေးကွာနေသောကြောင့် သက်သေခံရန်အားနည်းသော်လည်း သခင်ခရစ်တော်ခိုင်းသည့်အခါ ဤသူများသည်မငြင်းပယ်ခဲ့ပါ။

မိမိတို့အိမ်သူအိမ်သားများနှင့် ပတ်ဝန်းကျင်ကိုသာမကဘဲ ဒေကာပေါလိတစ်မြို့လုံးသို့အနှံ့ နတ်ဆိုးများစွဲသည့်ဘဝမှကယ်တင်ခဲ့သောအကြောင်းကိုသက်သေခံကာ သခင်ခရစ်တော်၏ကယ်တင်ခြင်းတန်ခိုးတော်ကို ထင်ရှားစေခဲ့ပါသည်။

ဂါဒရမြို့ရှိလူများသည် သခင်ခရစ်တော်ကိုလက်မခံသော်လည်း ကိုယ်တော်သည် ဤသူတို့ကိုသူတို့ရွေးချယ်သည့်အတိုင်း မှောင်မိုက်တွင်မစွန့်ပစ်ခဲ့ပါ။ ကိုယ်တော်အားထွက်သွားရန်တောင်းဆိုသောအခါတွင် သူတို့သည် ကိုယ်တော်၏တရားတော်များကိုမကြားနာရသေးပါ။ သူတို့ငြင်းပယ်သောအရှင်၏တန်ခိုးကိုလည်း နားမလည်ခဲ့ပါ။ ထို့ကြောင့် သူတို့ကဲ့သို့မငြင်းပယ်သောသူများမှတစ်ဆင့် သခင်ခရစ်တော်သည် အလင်းတရားကိုရရှိစေတော်မူခဲ့ပါသည်။

စာတန်သည်ဝက်များကိုဖျက်ဆီးခြင်းဖြင့် ဤသူများသည် ကိုယ်တော်ကိုငြင်းပယ်ပြီး အလင်းတရားကိုဆုံးရှုံးရန်အကြံအစည်ရှိခဲ့သော်လည်း ဤအဖြစ်အပျက်ကြောင့် တစ်မြို့လုံးရှိလူများသည် သခင်ခရစ်တော်ကိုအာရုံစိုက်



လာကြပါသည်။ သခင်ခရစ်တော်ပြန်ကြွသွားသော်လည်း ကိုယ်တော်ကယ်မတော်မူခဲ့သူနှစ်ဦးသည် ဘုရားသခင်၏တန်ခိုးတော်ကိုသက်သေပြရန် ကျန်ခဲ့ပါသည်။ တစ်ချိန်က စာတန်၏နောက်လိုက်များသည် ယခုအခါ ဘုရားသခင်၏သတင်းစကားဖြန့်ဝေသူများဖြစ်နေပါသည်။ သခင်ခရစ်တော်သည် ဒေကာပေါလိမြို့သို့ပြန်ကြွလာသောအခါ မြို့တွင်းရှိလူများနှင့်ပတ်ဝန်းကျင်ဒေသများမှလူများသည် သခင်ခရစ်တော်ထံသို့စုရုံးရောက်ရှိလာပြီး သုံးရက်တိုင်ကယ်တင်ခြင်းသတင်းစကားကို ကြားသိခဲ့ရပါသည်။

နတ်ဆိုးများစွဲကပ်ရာမှပျောက်ကင်းခဲ့သည့် ဤသူနှစ်ဦးကို ဒေကာပေါလိမြို့သို့ ဧဝံဂေလိတရားတော်ကိုသယ်ဆောင်ရန် သခင်ခရစ်တော်ပထမဦးဆုံးပို့လိုက်သည့်သူများဖြစ်ကြပါသည်။ ဤသူနှစ်ဦးသည် တိုတောင်းသောအချိန်အနည်းငယ်အတွင်း၌ပင် ကိုယ်တော်၏အဆုံးအမများကိုနာခံခဲ့ရပြီး တရားရှည်ကြီးများကိုနာခွင့်မရခဲ့ပါ။ ကိုယ်တော်နှင့်နီးကပ်စွာရှိခဲ့သည့် တပည့်တော်များကဲ့သို့ သူတို့သည် သွန်သင်ခွင့်မရနိုင်သော်လည်း မိမိတို့ရရှိခဲ့သောအလင်းတရားကို ကောင်းစွာနားလည်ခဲ့ပါသည်။ သခင်ခရစ်တော်၏တန်ခိုးတော်ကို လက်တွေ့မြင်ခဲ့ကြားခဲ့ရသူများဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့်ထိတွေ့ခဲ့သည့် နှလုံးသားပိုင်ရှင်တိုင်းသည်လည်း ဤကဲ့သို့ရှိသင့်ပါသည်။ ဤကဲ့သို့သက်သေခံချက်များကို သခင်ခရစ်တော်အလိုရှိပြီး ဤလောကကြီးသည်လည်း တောင့်တလျက်ရှိပါသည်။

ဧဝံဂေလိတရားတော်ကိုဟောကြားရာတွင် အသက်မဲ့သောတရားဟောချက်များဖြင့်မဟုတ်ဘဲ အသက်တာတစ်ခုလုံးကိုပြောင်းလဲစေနိုင်သည့် ရှင်သန်လျက်ရှိသောတန်ခိုးတော်နှင့်အညီ ဟောကြားရမည်။ ဘုရားသခင်သည် ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် သခင်ခရစ်တော်နှင့်တူညီသောအသက်တာမျိုးနှင့် လူတိုင်းနေထိုင်သွားနိုင်ပြီး ကိုယ်တော်၏မေတ္တာအရိပ်အောက်၌ ခိုလှုံလျက်ပျော်မွေ့စေရန်နှင့် လူတိုင်းကိုသက်သေခံရန် အလိုတော်ရှိပါသည်။ ကယ်တင်ခြင်းကိုခံရသူတိုင်းသည် မိမိတို့ခံစား

ရသည့်ကယ်တင်ခြင်းတရားကိုလက်ခံပြီး ဘုရားသခင်၏သားသမီးများအဖြစ် ခံယူရန် ကိုယ်တော်အလိုရှိသည်ကိုလည်း လူတိုင်းသက်သေခံရပါမည်။

ကိုယ်တော်သည် အဆိုးဆုံးသောသူများကိုပင် လက်ခံတော်မူပြီး ဤသူများနောင်တရသောအခါ တန်ခိုးတော်အားဖြင့်ပြောင်းလဲစေပြီး အခြားသူများအား သခင်ခရစ်တော်၏မေတ္တာတော်ကိုဟောကြားရန် စေလွှတ်တော်မူပါသည်။ စာတန်၏လက်အောက်သို့ရောက်ရှိလျက်ရှိသောအသက်ဝိညာဉ်များကို သခင်ခရစ်တော်၏တန်ခိုးတော်အားဖြင့်ကယ်မတော်မူပြီး ကိုယ်တော်အကြောင်းကိုမသိသူများထံသို့ ဘုရားသခင်၏ကရုဏာတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုသက်သေခံရန် စေလွှတ်လျက်ရှိပါသည်။

## ကိုယ်တော်ကိုကျွန်ုပ်အစဉ်ချီးမွမ်းပါမည်

သခင်ခရစ်တော်သည် ကပေရနောင်မှအမျိုးသမီး၏ယုံကြည်ခြင်းအားဖြင့် ရောဂါပျောက်ကင်းခဲ့ရသည့်ကောင်းချီးမင်္ဂလာကို သက်သေခံရန် အလိုတော်ရှိသည်။ ဧဝံဂေလိတရားတော်အားဖြင့် ရရှိသောဆုကျေးဇူးများကို လူသူမသိအောင်သိုသိပ်စွာခံစားရန် ကိုယ်တော်အလိုတော်မရှိပါ။

"ငါသည်ဘုရားသခင်မှန်ပြီဟု သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏" ဟေရှာယ ၄၃း၁၂။ ဤလောက၌သခင်ခရစ်တော်ကိုသိရှိရန်နှင့် ကိုယ်တော်၏သစ္စာတော်ကိုသက်သေခံရန် ကျွန်ုပ်တို့ကိုကောင်းကင်မှရွေးချယ်တော်မူပြီး ရေးဘိုးဘေးများမှတစ်ဆင့် ဘုရားသခင်၏ကျေးဇူးတော်ကိုဖော်ပြရပါမည်။ သက်သေခံရန်အထိရောက်ဆုံးမှာ မိမိတို့၏အသက်တာကိုယ်စီ၌ ကိုယ်တော်၏တန်ခိုးတော်အကြောင်းကို သက်သေခံခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့တစ်ဦးစီ၏ဘဝအတွေ့အကြုံများသည်မတူညီသောကြောင့် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းရာတွင်လည်း မတူညီသောချီးမွမ်းသံများကို ဘုရားသခင်အလိုတော်ရှိတော်မူပါသည်။ သခင်ခရစ်တော်ကဲ့သို့သောအသက်တာမျိုးဖြင့်



နေထိုင်ပြီး ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းသောသူသည် ဝိညာဉ်ကယ်တင်ရေးတွင် မငြင်းပယ်နိုင်သောတန်ခိုးကိုရရှိပါလိမ့်မည်။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို အမြဲတမ်းသတိရရန် အလွန်အရေးကြီးပါသည်။ သို့မှသာယုံကြည်ခြင်းပိုမိုခိုင်မာပြီး ဆုကျေးဇူးများကိုနောက်ထပ်တောင်းခံနိုင်မည်ဖြစ်ပါသည်။ အခြားသူများ၏ကောင်းချီးခံစားရပုံကို ကြားရခြင်းထက် မိမိ၏အသက်တာတွင် ကိုယ်တိုင်တွေ့ကြုံရခြင်းသည် အကြီးမားဆုံးသောခွန်အားကိုရစေပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကိုတုံ့ပြန်သောနှလုံးသားသည် စိမ်းလန်းစိုပြည်သောပန်းဥယျာဉ်နှင့်တူ၏၊ ထိုသူ၏ကျန်းမာခြင်းသည် အစဉ်တိုးတက်လျက်၊ သူ၏အလင်းသည် အမှောင်ကိုခွင်းလျက် ဘုရားသခင်၏ဘုန်းတော်သည် သူ့အပေါ်၌ထင်ရှားလိမ့်မည်။

"ငါ၌ထာဝရဘုရားပြုတော်မူသောကျေးဇူးအလုံးစုံတို့ကို အဘယ်သို့ဆပ်ရမည်နည်း၊ ကယ်တင်ခြင်းခွက်ဖလားကိုကိုင်ယူ၍ ထာဝရဘုရား၏နာမတော်ကိုပတ္တနာပြုမည်၊ ထာဝရဘုရားအားသစ္စာကတိထားသည့်အတိုင်း ထာဝရဘုရား၏လူများရှေ့၌ သစ္စာဝတ်ကိုဖြေမည်။"

"ငါသည်အသက်ရှင်စဉ် ထာဝရဘုရားကိုသီချင်းဆိုမည်။ ငါဖြစ်သည့်ကာလပတ်လုံး၊ ငါ၏ဘုရားသခင်ကိုထောမနာသီချင်းဆိုမည်၊ ငါဥဒါန်းကျူးခြင်းအသံသည် နှစ်သက်တော်မူဖွယ်ဖြစ်၍ ထာဝရဘုရား၌ရွှင်လန်းလိမ့်မည်။"

"ထာဝရဘုရား၏တန်ခိုးကြီးခြင်းအရာတော်တို့ကို အဘယ်သူပြောနိုင်သနည်း၊ ဂုဏ်ကျေးဇူးတော်ကို အဘယ်သူသည်အကုန်အစင်ဖော်ပြနိုင်သနည်း။"

"ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့၊ နာမတော်ကိုပတ္တနာပြုကြလော့၊ အမှုတော်တို့ကို လူများတို့အားပြသကြလော့၊ ထာဝရဘုရားကိုသီချင်းဆိုကြလော့၊ ဆာလံသီချင်းကိုဆိုကြလော့၊ အံ့ဖွယ်သောအမှုတော်အပေါင်းတို့ကို ဟောပြောကြလော့၊ သန့်ရှင်းသောနာမ

တော်၌ ဝါကြွားဝမ်းမြောက်ကြလော့၊ ထာဝရဘုရားကိုရှာသောသူတို့သည် စိတ်နှလုံးရွှင်လန်းကြစေ။"

"ကရုဏာတော်သည် အသက်ထက်သာ၍ကောင်းသောကြောင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကိုချီးမွမ်းရပါမည်၊ ထိုသို့အသက်ရှင်စဉ် တွင် ကိုယ်တော်ကိုကောင်းချီးပေးပါမည်၊ နာမကိုအမှီပြုလျက် လက်ကိုချီ ပါမည်၊ အိပ်ရာပေါ်မှာကိုယ်တော်ကိုအောက်မေ့၍၊ ညဉ့်ဦးယံတို့၌ ကိုယ်တော် ကိုဆင်ခြင်လျက်နေသောအခါ ဆီဥကိုလည်းကောင်း၊ ဆူသောအသားကို လည်းကောင်း စား၍ဝသကဲ့သို့ အကျွန်ုပ်၏ဝိညာဉ်သည်ဝ၍ ရွှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကိုချီးမွမ်းပါမည်။"

"ငါသည်ဘုရားသခင်ကိုခိုလှုံသည်ဖြစ်၍ ကြောက်စရာမရှိ၊ လူသည် ငါ၌အဘယ်သို့ပြုနိုင်သနည်း၊ အိုဘုရားသခင်၊ အကျွန်ုပ်သည် ရှေ့တော်၌ သစ္စာပြုပါသည်ဖြစ်၍ သစ္စာဝတ်ကိုဖြေလျက် ကိုယ်တော်ကိုချီးမွမ်းပါမည်။ ကိုယ်တော်သည် အကျွန်ုပ်အသက်ကိုသေခြင်းမှကယ်လွှတ်တော်မူပြီး၊ အသက် ရှင်သောသူတို့၏အလင်းထဲမှာ ဘုရားသခင်ရှေ့တော်၌ အကျွန်ုပ်ကျင့်နေပါ မည်အကြောင်း၊ အကျွန်ုပ်ခြေကိုလည်းထိမိ၍လဲခြင်းမှ ကယ်လွှတ်တော်မူ မည်မဟုတ်လော။"

"သို့ဖြစ်၍ အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်နှင့်သစ္စာတော်ကို တယောထိုး၍ချီးမွမ်းပါမည်။ ဣသရေလအမျိုး၏သန့်ရှင်းတော်မူသောဘုရား၊ ရှေ့တော်၌စောင်းတီး၍သီချင်းဆိုပါမည်။ ရှေ့တော်၌သီချင်းဆိုသောအခါ ရွှင်လန်းသောနှုတ်ရှိပါလိမ့်မည်။ ရွေးတော်မူသောအကျွန်ုပ်၏ဝိညာဉ်လည်း ရွှင်လန်းပါလိမ့်မည်။ အကျွန်ုပ်၏လျှာသည်လည်း ဖြောင့်မတ်တော်မူခြင်း တရားကို အစဉ်မြွက်ဆိုပါလိမ့်မည်။ အကြောင်းမူကား၊ အကျွန်ုပ်၌ အပြစ်ပြုခြင်းအခွင့်ကိုရှာသောသူတို့သည် မျက်နှာပျက်၍ အရှက်ကွဲခြင်း သို့ရောက်ကြပါ၏။"

"အရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်မြော်လင့်ရာဖြစ် တော်မူ၏၊ အကျွန်ုပ်ငယ်သောအရွယ်မှစ၍ အကျွန်ုပ်ကိုးစားရာဖြစ်တော်မူ၏၊



အကျွန်ုပ်သည်ဖွားကတည်းကပင် ကိုယ်တော်ကိုမှီဝဲပါပြီ၊ အမိဝမ်းတွင်းမှ စ၍ ကျေးဇူးတော်ကိုခံရပါပြီ။"

"အကျွန်ုပ်သည် ကိုယ်တော်၏နာမကို လူမျိုးအစဉ်အဆက်အောက်မေ့ ကျော်စောစေသဖြင့် လူမျိုးတို့သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်ကိုချီးမွမ်း ကြလတ္တံ့သတည်း" ဆာလံ ၁၁၆း၁၂–၁၄။ ၁၀၄း၃၃၊၃၄။ ၁၀၆း၂။ ၁၀၅း ၁–၃။ ၆၃း၃–၅။ ၅၆း၁၁–၁၃။ ၇၁း၂၂–၂၄။ ၅၊၆။ ၄၅း၁၇။

## အဖိုးမပေးဘဲရကြပြီးဖြစ်၍ အဖိုးမခံဘဲပေးကမ်းကြလော့

ဧဝံဂေလိသတင်းစကားကို ကျွန်ုပ်တို့ထင်သည့်အတိုင်း လူနည်းစု ကိုပြောကြားရန်မဟုတ်ဘဲ လူတိုင်းအားဖြန့်ဝေဟောကြားရန်ဖြစ်ပါသည်။ ဘုရားသခင်သည် မိမိ၏သားသမီးများကို ကောင်းချီးများချပေးရာတွင် သူတို့အတွက်သာမဟုတ်ဘဲ လူသားအားလုံးအတွက်ဖြစ်ပါသည်။ ဘုရားသခင် ထံတော်မှရရှိသောဆုကျေးဇူးများကို သားသမီးတစ်ဦးစီတိုင်းက အခြားသူ များသို့ခွဲဝေပေးရန်လိုပါသည်။

ယာကုပ်၏ရေတွင်း၌ သခင်ခရစ်တော်နှင့်တွေ့ဆုံခဲ့သည့် ရှမာရိ အမျိုးသမီးသည် အခြားသူများကို ကိုယ်တော်ထံသို့ချက်ချင်းဖိတ်ခေါ်ခဲ့ပါ သည်။ သူမသည်တပည့်တော်များထက် ပိုမိုထိရောက်စွာလုပ်ဆောင်ခဲ့သည်။ တပည့်တော်များသည် ရှမာရိတိုင်းပြည်တွင် သာသနာပြန့်ပွားရန် အားပေး မှုမရှိခဲ့ချေ။ သူတို့သည် နောင်လာမည့်အရာကိုသာမျှော်ကြည့်နေပြီး သူတို့ပတ်ဝန်းကျင်တွင်မှည့်နေသောစပါးပင်များကို ရိတ်သိမ်းရန်လုပ်ဆောင် ခြင်းမရှိခဲ့ပါ။ သို့သော် သူတို့အထင်သေးခဲ့သောအမျိုးသမီးတစ်ဦးကြောင့် တစ်မြို့လုံးသည် ခရစ်တော်၏သတင်းစကားကို ကြားသိခဲ့ရပါသည်။ ဤ အမျိုးသမီးသည် မိမိ၏လူမျိုးများသို့သတင်းစကားကို ချက်ချင်းသယ်ဆောင် သွားခဲ့ပါသည်။

ဤအမျိုးသမီးသည် သခင်ခရစ်တော်၌တည်သောလက်တွေ့ကျသည့် ယုံကြည်ခြင်းကို ကိုယ်စားပြုပါသည်။ နိုင်ငံတော်တွင် မွေးဖွားလာသည့် စစ်မှန်သောတပည့်တော်တိုင်းသည် ဘုရားသခင်၏သာသနာပြုများဖြစ်ရမည်။ ကိုယ်တော်၏အကြောင်းကိုသိသည်နှင့်တစ်ပြိုင်နက် အခြားသူများကိုလည်း လက်ဆင့်ကမ်းဖြန့်ဝေလိုရပါမည်။ သန့်ရှင်းသောအမှန်တရားနှင့်ကယ်တင်ခြင်းအကြောင်းကို တစ်ဦးတည်းဂုက်မထားနိုင်ဘဲ အသက်ရေကိုသောက်သုံးသောသူသည် အသက်စမ်းရေတွင်းဖြစ်သွားပါသည်။ မိမိရရှိရာမှပြန်လည်ပေးဝေသူဖြစ်လာပါသည်။ သခင်ခရစ်တော်၏ကျေးဇူးတော်ကိုခံစားရသည့်ဝိညာဉ်တိုင်းသည် သဲကန္တာရတွင်ရှိသောစမ်းရေတွင်းများကဲ့သို့ အခြားသူများကိုလန်းဆန်းစေပြီး အသက်ဆုံးရှုံးအံ့သောသူများအဖို့ အသက်ရေကိုသောက်စေပါသည်။ မိမိ၏အကျိုးအတွက်လုံးပန်းခြင်းထက် ဤကဲ့သို့ အခြားသူများကိုကူညီမစခြင်းဖြင့် သာ၍ကောင်းချီးမင်္ဂလာများကိုခံစားရပါသည်။ ကယ်တင်ခြင်းသတင်းစကားကိုဖြန့်ဝေရန်လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏အသက်တာသည် ကိုယ်တော်နှင့်ပိုမိုနီးကပ်လာပါသည်။ သခင်ခရစ်တော်သည် မိမိ၏ကျေးဇူးတော်ကိုခံစားရသူတစ်ဦးစီသို့မိန့်ကြားသည်မှာ "သူတို့ကိုလည်းကောင်း၊ ငါ၏တောင်တော်ပတ်လည်ရှိသောအရပ်တို့ကိုလည်းကောင်း ငါကောင်းချီးပေး၍ အချိန်တန်လျှင်မိုးကိုရွာစေသဖြင့် ကောင်းချီးမိုးရေကျရလိမ့်မည်" (ယေဇကျေလ ၃၄း၂၆)။

"ထိုပွဲကိုခံ၍နောက်ဆုံးဖြစ်သောနေ့မြတ်၌ ယေရှုသည်ရပ်၍ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့၊ ငါ့ကိုယုံကြည်သောသူသည် ကျမ်းစာလာသည့်အတိုင်း အသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏" ယောဟန် ၇း၃၇–၃၈။

ကိုယ်တော်ထံမှရရှိသူများသည် အခြားသူများသို့ပြန်ဝေရပါမည်။ အရပ်ရပ်၌အကူအညီတောင်းခံသံများကြားရ၍ ဘုရားသခင်သည် ဤသူများကိုကူညီရန် မိမိ၏သားသမီးများကိုအလိုရှိသည်။ ထာဝရသရဖူများနှင့်



ကောင်းကင်နိုင်ငံတော်ကိုရယူရန်လိုပြီး မိုက်မဲမှု၌သေလုမြောပါးဖြစ်နေသည့် ဤလောကကို အလင်းတော်ထွန်းညှိရပါမည်။

"ယခုမှစ၍လေးလလွန်လျှင်၊ စပါးရိတ်ရာကာလဖြစ်လိမ့်မည်ဟု သင်တို့ဆိုတတ်သည်မဟုတ်လော၊ ငါဆိုသည်ကား၊ စပါးရိတ်ခြင်းအလို့ငှာ လယ်ပြင်တို့သည် ယခုပင်ဝင်းဝင်းရှိသည်ကိုမျှော်၍ကြည့်ကြလော့၊ စပါးရိတ်သောသူသည်အခကိုခံရ၍ ထာဝရအသက်ရှင်ခြင်းအလို့ငှာ အသီးအနှံကိုစုသိမ်း၏" (ယောဟန် ၄း၃၅–၃၆)။

တပည့်တော်များသည်သုံးနှစ်တိုင် သခင်ခရစ်တော်၏ပုံသက်သေကိုရရှိကြပြီး နေ့စဉ်နှင့်အမျှ ကိုယ်တော်နှင့်အတူလျှောက်လှမ်းတော်မူပြီး ဝန်လေး၍စိတ်ပင်ပန်းသောသူတို့အတွက် ကိုယ်တော်၏အားပေးစကားများနှင့် နာမကျန်းသူများကိုပျောက်ကင်းစေခဲ့သည့် ဘုရားသခင်၏တန်ခိုးတော်ကို ကြုံတွေ့ခဲ့ရပါသည်။ ကိုယ်တော်ကောင်းကင်သို့ပြန်ကြွရန်အချိန်တန်လျှင် ဘုရားသခင်၏နာမတော်အားဖြင့် အမှုတော်ကိုဆက်လက်ဆောင်ရွက်နိုင်ရန် တပည့်တော်များကိုတန်ခိုးပေးခဲ့ပါသည်။ ဧဝံဂေလိမေတ္တာနှင့်စိတ်သက်သာခြင်းသတင်းစကား၏အလင်းတော်ကိုဖြန့်ရန် မှာကြားတော်မူပြီး ကိုယ်တော်သည် သူတို့နှင့်အတူအမြဲရှိရန် ကတိတော်ထားခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်များဖြင့် ယခင်ထက်ပိုမိုနီးကပ်စွာရှိရန် တပည့်တော်များကိုကတိတော်ထားခဲ့ပါသည်။

တပည့်တော်များ၏တာဝန်ကို ကျွန်ုပ်တို့ဆက်လက်ထမ်းရွက်ရပါမည်။ ခရစ်ယာန်တိုင်းသည် ခရစ်ယာန်သာသနာပြုတစ်ဦးဖြစ်ရမည်။ ကရုဏာမေတ္တာအားဖြင့် အကူအညီလိုသူများကိုမစရပါမည်။ အခက်အခဲတွေ့နေသည့် လူသားများကို ကိုယ်ကျိုးမဖက်ဘဲကူညီရပါမည်။

လူတိုင်းအတွက်အလုပ်ရှိပါသည်။ သခင်ခရစ်တော်၏အမှုတော်၌ မိမိတို့အတွက်လုပ်ဆောင်ရန်မရှိဟု မည်သူမျှမယူဆရပါ။ သခင်ခရစ်တော်သည် လူသားတစ်ဦးစီကိုသိရှိပါသည်။ ကျွန်ုပ်တို့တစ်ဦးစီသည် ကောင်းကင်မိသားစုဝင်များဖြစ်ရန် ကိုယ်တော်သည် ဤလောကမိသားစုဝင်တစ်ဦးအဖြစ်

ကိုခံယူတော်မူခဲ့ပါသည်။ ကိုယ်တော်သည်လူသားအဖြစ်နှင့် အာဒံ၏သားသမီး တစ်ဦးစီ၏နောင်တော်ကြီးဖြစ်ပါသည်။ ထို့ကြောင့် သခင်ခရစ်တော်၏ နောက်လိုက်များသည် ဆုတ်ယုတ်လျက်ရှိသော ဤလောကနှင့်မကင်းကွာ နိုင်ပါ။ သူတို့သည် လူသားတစ်ရပ်လုံး၏အသိုက်အဝန်းတွင်ပါဝင်၍ ကောင်းကင်နိုင်ငံတော်သည် ဤသူများကိုသန့်ရှင်းသောသူများနှင့် အပြစ်သားများ၏ညီရင်းအစ်ကိုများအဖြစ် အသိအမှတ်ပြုပါသည်။

အပြစ်နွံထဲတွင်နစ်မြုပ်ပြီး အနာရောဂါများကိုခံစားနေရသူသန်းပေါင်းများစွာသည် သခင်ခရစ်တော်၏မေတ္တာတော်ကိုမကြားဖူးကြပါ။ အကယ်၍ ကျွန်ုပ်တို့သည် ထိုသူများ၏နေရာတွင်ရှိပါက မည်ကဲ့သို့ခံစားရပါမည်နည်း၊ ကျွန်ုပ်တို့တစ်ဦးစီသည် မိမိတို့တတ်စွမ်းသမျှကူညီရန်လိုအပ်ပါသည်။ တရားစီရင်သောနေ့၌ ကျွန်ုပ်တို့တစ်ဦးစီအတွက် သခင်ခရစ်တော်ချမှတ်ထားသည့် ပညတ်တော်မှာ "သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့" (မဿဲ ၇း၁၂) ဟုဖြစ်ပါသည်။

အခြားသူများထက် ကျွန်ုပ်တို့သည် ပညာရေး၊ အကျင့်ခလေ့၊ ခရစ်ယာန်လေ့ကျင့်မှုနှင့်ဘာသာရေးအတွေ့အကြုံပို၍ရှိသော်လည်း ကျွန်ုပ်တို့ထက်အားနည်းသောသူများကိုကူညီမစရန် ကျွန်ုပ်တို့သည် တတ်စွမ်းသမျှပြုရပါမည်။ အားနည်းသောသူတို့ကို အားကြီးသောသူများက ကူညီရပါမည်။

ခမည်းတော်၏မျက်နှာတော်ကို အစဉ်ဖူးမြော်ရသောကောင်းကင်တမန်များသည် လူသားများကိုကူညီရန်ဝမ်းမြောက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်တွင် စိတ်ပျက်အားငယ်မှုများနှင့်ရင်ဆိုင်ရပြီး မိမိ၏ဇာတိစိတ်နှင့်အပြင်းထန်ဆုံးတိုက်လှန်ပွဲကိုဆင်နေရသူများအားကူညီရန် ကောင်းကင်တမန်များသည် အမြဲအဆင်သင့်ရှိကြပါသည်။ အကျင့်ခလေ့များပျက်၍ အားငယ်တုန်လှုပ်လျက်ရှိသူများကိုကူညီရန် အဆင်သင့်ရှိကြပါသည်။ တစ်ကိုယ်ကောင်းဆန်သောသူများသည် အကျင့်ပျက်လျက် မိမိတို့ထက်နိမ့်ကျသူများကိုကူညီခြင်းသည် မထိုက်တန်ဟုထင်မှတ်သော်လည်း ကောင်းကင်နိုင်ငံတော်မှ အပြစ်မဲ့သောကောင်းကင်တမန်များသည် ဤသူများကိုကူညီနေပါသည်။



ကမ္ဘာ့လူသားကျွန်ုပ်တို့မရှိသောကောင်းကင်နိုင်ငံတော်ကို သခင်ခရစ်တော်အလိုမရှိခဲ့ပါ။ သူတစ်ပါး၏ကဲ့ရဲ့ခြင်း၊ အထင်သေးခြင်းနှင့်ရှက်ဖွယ်သောသေဆုံးခြင်းကိုခံရန် ကိုယ်တော်သည်ကောင်းကင်နိုင်ငံတော်ကို စွန့်ခွာခဲ့ပါသည်။ တန်ဖိုးမဖြတ်နိုင်သောကောင်းကင်နိုင်ငံတော်၏ဘုန်းတော်ကို စွန့်လွှတ်၍ ဤလောက၌ဆင်းရဲခြင်းကိုခံယူကာ ကျွန်ုပ်တို့အတွက် ချမ်းသာကြွယ်ဝမှုများကိုပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း သခင်ခရစ်တော်လျှောက်လှမ်းတော်မူခဲ့သည့်အတိုင်း ဆက်လျှောက်ရပါမည်။

ပျောက်ဆုံးသောသူများကိုကယ်တင်ရန် သခင်ခရစ်တော်၏ကရုဏာစီမံကိန်းတွင် ကိုယ်တော်နှင့်အတူပူးပေါင်းပြီး ဤလောကကိုကယ်တင်ရန် ဘုရားသခင်ချပေးခဲ့သော ကြိုး၏ကွင်းဆက်များအဖြစ် သားသမီးတိုင်းသည် မိမိကိုယ်ကိုမြင်ရပါမည်။

ဤလောက၌သခင်ခရစ်တော်ရှိစဉ်အခါတွင် ကိုယ်တော်ကြွမြန်းတော်မူခဲ့သောနေရာများ၊ တရားတော်များကိုဟောကြားရန် အလိုတော်ရှိခဲ့သောမြစ်ကမ်းနံဘေးများ၊ ကိုယ်တော်နှစ်သက်တော်မူခဲ့သည့် တောင်ကုန်းများနှင့်ချိုင့်ဝှမ်းများကို ယနေ့လူအမြောက်အမြားသည် တွေ့မြင်လိုကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် နာဇရက်မြို့၊ ကပေရနောင်မြို့နှင့် ဗေသနိမြို့များသို့သွား၍ ကိုယ်တော်၏ခြေတော်ရာများကိုရှာရန်မလိုပါ။ နာမကျန်းသောသူများ၏အိပ်ရာနံဘေးတွင်လည်းကောင်း၊ ဆင်းရဲသူများ၏နေအိမ်များတွင်လည်းကောင်း၊ မြို့ကြီးများရှိလမ်းကြားများတွင်လည်းကောင်း နှလုံးသားကြေကွဲနေသောသူများရှိရာအရပ်တိုင်းတွင် သခင်ခရစ်တော်၏ခြေတော်ရာများကိုတွေ့နိုင်ပါသည်။

ကျွန်ုပ်တို့သည် အစာငတ်သောသူများကိုအစာကျွေးရမည်၊ အဝတ်မဲ့သောသူများကိုအဝတ်ပေးရမည်၊ နှလုံးကြေကွဲလျက်ရှိသူများကို အားပေးနှစ်သိမ့်ရမည်၊ မျှော်လင့်ချက်မဲ့သူများကို မျှော်လင့်ချက်အလင်းဆောင်ရပါမည်။

သခင်ခရစ်တော်၏မေတ္တာတော်နှင့် ကိုယ်ကျိုးမဖက်သောလုပ်ဆောင်မှုများသည် တရားရုံးများနှင့်လက်နက်များထက် ပိုမိုစွမ်းဆောင်နိုင်ပြီး အပြစ်သား၏အသက်တာကိုပြောင်းလဲစေနိုင်ပါသည်။ တရားရုံးများနှင့်ထောင်များသည် ဥပဒေချိုးဖောက်သူများကို ကြောက်လန့်စေရန်လိုအပ်သော်လည်း မေတ္တာတော်ကိုရောင်ပြန်ဟပ်စေနိုင်သော ခရစ်ယာန်ဝန်ဆောင်သည် ဤထက်ပိုမိုထိရောက်ပါသည်။ အပြစ်တင်ခြင်းကိုခံရသောကြောင့် မာကျောခက်ထန်လျက်ရှိသောနှလုံးသားများသည် သခင်ခရစ်တော်၏မေတ္တာတော်နှင့်ထိတွေ့လာလျှင် ပျော့ပျောင်းသွားကြပါသည်။

အမှုတော်ဆောင်သူသည် ကိုယ်ကာယသက်သာမှုသာမကဘဲ အပြစ်အနာကြီးရောဂါတည်းဟူသော အပြစ်စွဲလျက်ရှိသောဝိညာဉ်များကို ကယ်တင်ရှင်ထံသို့ခေါ်ဆောင်သွားပြီး အပြစ်လွှတ်ခြင်းကိုလည်း ရစေနိုင်ပါသည်။ ဘုရားသခင်သည် နာမကျန်းသောသူများ၊ ဝန်လေးလျက်ရှိသူများနှင့်နတ်ဆိုးစွဲသူများကို ကိုယ်တော်၏တပည့်တော်များမှတစ်ဆင့် သတင်းစကားကိုကြားစေလိုပါသည်။ လူသားများမှတစ်ဆင့် ဤလောကဥ္စမကြုံတွေ့ဖူးသေးသော ကရုဏာပိုင်ဆိုင်သူဖြစ်စေလိုပါသည်။

ဝမ်းနည်းကြေကွဲသူများ၊ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကိုခံနေရသူများနှင့် အခက်အခဲကြုံတွေ့ခံစားနေရသူများကိုကူညီရန် သခင်ခရစ်တော်သည် မိမိ၏အသွေးတော်ကိုစွန့်၍ အသင်းတော်ကိုတည်ထောင်ခဲ့ပါသည်။ ယုံကြည်သူများသည် ပညာမတတ်၊ ဆင်းရဲပြီးလူသူမသိသော်လည်း သခင်ခရစ်တော်အားဖြင့် မိမိတို့၏အိမ်၊ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့်ဆက်စပ်လျက်ရှိသောဒေသများတိုင်အောင် ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ပြီး ကမ္ဘာဆုံးတိုင်အောင်ထင်ရှားစေနိုင်ပါသည်။

ရှေးတပည့်တော်များနည်းတူ သခင်ခရစ်တော်သည် ယနေ့မိန့်မြွက်တော်မူသည်မှာ “ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကိုငါခံရပြီ။ သွား၍လူမျိုးတကားတို့ကိုငါ့တပည့်ဖြစ်စေလျက်၊” “သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့





သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့” (မဿဲ ၂၈း၁၈–၁၉။ မာကု ၁၆း၁၅)။

ကျွန်ုပ်တို့အတွက်ကတိတော်ထားသည်မှာ “ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်” မဿဲ ၂၈း၂၀။

ယနေ့သဲကန္တာရများတွင် သခင်ခရစ်တော်အားဖူးမြော်ရန်နှင့် တရားတော်များကိုကြားနာရန် လူများစုဝေးခြင်းမရှိပါ၊ ရှုပ်ထွေးလျက်ရှိသောလမ်းများပေါ်တွင် ကိုယ်တော်၏အသံတော်များကိုမကြားနိုင်ပါ။ လမ်းဘေးတွင် “နာဇရက်မြို့သားယေရှုကြွသွားကြောင်း” (လုကာ ၁၈း၃၇) ဟူသော ကြွေးကြော်သံများကို ယနေ့မကြားနိုင်ပါ။ သို့သော် ကိုယ်တော်၏ကတိတော်သည် တည်ဆဲဖြစ်ပါသည်။ မမြင်နိုင်သော်လည်း သခင်ခရစ်တော်သည် လမ်းပေါ်တွင်ကြွမြန်းလျက်ရှိပါသည်။ ကျွန်ုပ်တို့နေအိမ်များသို့ ကရုဏာသတင်းစကားကို ယူဆောင်လျက်ရှိနေပါသည်။ ကိုယ်တော်၏နာမတော်အားဖြင့် အမှုတော်ကိုထမ်းရွက်ရန်ကြိုးစားနေသူများကိုကူညီရန် ကိုယ်တော်စောင့်နေတော်မူပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အကြားတွင်ရှိတော်မူပြီး ကျွန်ုပ်တို့လက်ခံလျှင် ကူညီမစရန်စောင့်ဆိုင်းလျက်ရှိနေပါသည်။

“ထာဝရဘုရားမိန့်တော်မူသည်ကား၊ နှစ်သက်ဖွယ်သောအချိန်၌ သင်၏စကားကိုငါနားထောင်ပြီ၊ ကယ်တင်ရာကာလ၌ သင့်ကိုမစပြီ၊ သင့်ကိုလည်းငါစောင့်ရှောက်၍ သင်သည်ပြည်တော်ကိုပြုပြင်လျက် ဆိတ်ညံသောအမွေခံရာအရပ်တို့ကို အမွေပေးစေမည်အကြောင်း” ဟေရှာယ ၄၉း၈။

“ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အားပြောသောသူ၏ခြေတို့သည် တောင်ပေါ်မှာအလွန်တင့်တယ်လှစွတကား” ဟေရှာယ ၅၂း၇။

“ယေရုရှလင်မြို့၌ပြိုပျက်ရာအရပ်တို့၊ တညီတညွတ်တည်းသီချင်းဆိုသံနှင့်ကြွေးကြော်လော့၊ ထာဝရဘုရားသည် မိမိလူတို့ကိုနှစ်သိမ့်

စေတော်မူပြီ---- ထာဝရဘုရားသည် ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ သန့်ရှင်းသောလက်ရုံးတော်ကိုဖွင့်ပြတော်မူသဖြင့် မြေကြီးစွန်းရှိသမျှတို့သည် ငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတ္တံ့" (အငယ် ၅၂:၁၀)။

---ooo---



အခန်း (၇)

# လူဇာတိနှင့်ဘုရားသခင်ဇာတိ၏ပူးပေါင်းဆောင်ရွက်ခြင်း

သမားတော်များသည် သခင်ခရစ်တော်နှင့်အတူတွဲဖက်၍ လူနာများကိုဆေးကုသပေးရပါမည်။ ကိုယ်တော်သည် ဝိညာဉ်ရေးနှင့်ကိုယ်ခန္ဓာနှစ်ပါးစလုံးကို သက်သာစေတော်မူပါသည်။ ဧဝံဂေလိတရားတော်သည် ဝိညာဉ်ရေးနှင့်ကိုယ်ကာယကျန်းမာရေးအတွက် သတင်းစကားဖြစ်တော်မူပါသည်။ အပြစ်မှကယ်တင်ခြင်းနှင့်ရောဂါပျောက်ကင်းခြင်းသည် ဒွန်တွဲလျက်ရှိသည်။ ခရစ်ယာန်ဆရာဝန်တိုင်းကိုလည်း ကိုယ်တော်သည် အထက်ပါတာဝန်ကိုအပ်နှံလျက်ရှိပြီး ကိုယ်တော်နှင့်အတူတွဲဖက်လျက် လူသားများ၏ဝိညာဉ်ရေးနှင့် ကိုယ်ကာယကျန်းမာခြင်းကိုစောင့်ရှောက်ရပါမည်။ နာမကျန်းသောသူများအတွက် ကရုဏာသတင်းစကားကိုယူဆောင်လာပြီး ရောဂါခံစားနေရသောခန္ဓာကိုယ်နှင့် အပြစ်ဝန်ပိနေသောဝိညာဉ်များအတွက် ကျန်းမာခြင်းကိုယူဆောင်လာရပါမည်။

သခင်ခရစ်တော်သည် ဆေးဝါးကုသခြင်းလုပ်ငန်း၏ဦးဆောင်သူခေါင်းဆောင်အစစ်အမှန်ဖြစ်ပါသည်။ လူသားများ၏ခံစားနေရသောရောဂါများကိုကုသလျက်ရှိသော ဘုရားသခင်၏နောက်လိုက်ဆရာဝန်တိုင်းကို ကိုယ်တော်သည် ကူညီလျက်ရှိပါသည်။ ဆရာဝန်များသည် သဘာဝဆေးကုထုံးများကိုအသုံးပြု၍ ဆေးကုစဉ်တွင် ဝိညာဉ်နှင့်ကိုယ်ခန္ဓာ၌စွဲကပ်လျက်ရှိသောရောဂါများကို ပျောက်ကင်းစေနိုင်သောသခင်ခရစ်တော်သို့ လူနာများကိုညွှန်ပြရပါမည်။ ဆရာဝန်များသည် သဘာဝကုထုံးများကိုအသုံးပြု၍ နာမကျန်းသူများရောဂါသက်သာအောင်ကူညီနိုင်သော်လည်း ရောဂါများကိုပျောက်ကင်းစေနိုင်သောအရှင်သည် သခင်ခရစ်တော်သာလျှင်ဖြစ်ပါသည်။ ဆရာဝန်များသည် အသက်တစ်ချောင်းကိုထိန်းသိမ်းနိုင်သော်လည်း သခင်ခရစ်တော်သည် အသက်ကိုပေးသနားသောအရှင်ဖြစ်ပါသည်။

## ရောဂါပျောက်ကင်းစေနိုင်သောအရင်းအမြစ်

လူသားများခံစားနေရသောနာကျင်မှုများကို ပျောက်ကင်းစေနိုင်သည့် တန်ခိုးကို သခင်ခရစ်တော်သည် မိမိ၏အံ့ဖွယ်အမှုလက္ခဏာများတွင် သက်သေပြခဲ့ပါသည်။ သဘာဝတရားကိုအသုံးပြု၍ ဘုရားသခင်သည် လူသားများကိုနာရီစက္ကန့်တိုင်းနှင့်အမျှ အသက်ရှင်ရန်စောင့်ရှောက်လျက်ရှိပါသည်။ ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရရှိပါက သဘာဝတရားသည် အနာသက်သာပျောက်ကင်းစေရန် စတင်လုပ်ဆောင်ပေးပါသည်။ သို့သော်လည်း ဤတန်ခိုးသည် ဘုရားသခင်ထံမှလာသော တန်ခိုးတော်ဖြစ်ပါသည်။ အသက်ကိုပေးသောတန်ခိုးသည် ဘုရားသခင်ထံမှလာပြီး ရောဂါပျောက်ကင်းသူတိုင်းသည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ပျောက်ကင်းကြပါသည်။

ဖျားနာခြင်းအနာရောဂါများနှင့်သေခြင်းတရားသည် စာတန်၏ လုပ်ဆောင်မှုများဖြစ်ပါသည်။ စာတန်သည် ဖျက်ဆီးသောသူဖြစ်၍ ဘုရားသခင်သည် ပြန်လည်ပြုစုတည်ဆောက်သောအရှင်ဖြစ်ပါသည်။

ရှေးက္ကသရေလလူမျိုးတို့ကို မိန့်မြွက်သည်နည်းတူ ယနေ့ဝိညာဉ်ရေးနှင့်ကိုယ်ခန္ဓာကျန်းမာလာသူများကို ဘုရားသခင်မြွက်ဆိုသည်မှာ “ငါသည် သင်တို့၏ရောဂါကိုငြိမ်းစေသော ထာဝရဘုရားဖြစ်သည်” (ထွက်မြောက် ၁၅း၂၆)။

လူသားများအတွက် ဘုရားသခင်အလိုတော်ရှိသည်မှာ “အချင်းချစ်သူ၊ သင်၏စိတ်နှလုံးသည် ကောင်းစားသကဲ့သို့ သင်သည်အရာရာ၌ ကောင်းစားခြင်းနှင့်ကျန်းမာခြင်းရှိမည်အကြောင်း ငါဆုတောင်း၏” ၃ယော ၂။

ဘုရားသခင်သည် “သင်၏အပြစ်အလုံးစုံတို့ကိုဖြေလွှတ်၍၊ သင်၏အနာရောဂါရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏။ သင်၏အသက်ကိုဖျက်ဆီးခြင်းထဲကရွေး၍ ကျေးဇူးတော်၊ ကရုဏာတော်များနှင့် သင်၏ခေါင်းကိုပတ်ရစ်တော်မူ၏” ဆာလံ ၁၀၃း၃၊၄။



သခင်ခရစ်တော်သည် လူနာများကိုပျောက်ကင်းစေသောအခါ “သာ၍ဆိုးသောဘေးနှင့်ကင်းလွတ်မည်အကြောင်း နောက်တစ်ဖန်ဒုစရိုက်ကိုမပြုနှင့်” (ယောဟန် ၅း၁၄) ဟုမှာကြားတော်မူပါသည်။ ဤနည်းဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ပညတ်တော်များကို ချိုးဖောက်ခြင်းကြောင့် ရောဂါများရရှိလာ၍ ကျန်းမာစေရန်ပညတ်တော်များကိုစောင့်ရမည်ဟု သွန်သင်ခဲ့ပါသည်။

ဆရာဝန်များသည် မိမိ၏လူနာများကိုကျန်းမာလာစေရန် ဘုရားသခင်နှင့်အတူ တွဲဖက်၍လုပ်ဆောင်ရန်လိုအပ်ကြောင်းကို ရှင်းပြရပါမည်။ အပြစ်များပြုလုပ်ခြင်းကြောင့် ရောဂါများဖြစ်ပေါ်လာရသည်ကို ဆရာဝန်များက အသိဆုံးဖြစ်ပါသည်။ ပညတ်တော်ဆယ်ပါးနည်းတူ သဘာဝကိုအုပ်စိုးသောပညတ်များသည်လည်း ဘုရားသခင်ထံမှလာသည်ကို ဆရာဝန်တိုင်းသိရှိပြီး ဤဥပဒေများကိုလိုက်လျှောက်မှသာလျှင် ကျန်းမာပကတိဖြစ်နိုင်သည်ကိုလည်းနားလည်ပါသည်။ မှားယွင်းသောအမူအကျင့်များကြောင့် ရောဂါများကိုခံစားနေရပြီး မိမိတို့၏အကျင့်များပြောင်းလဲမှသာလျှင် ပျောက်ကင်းနိုင်မည်ကိုသိသောဆရာဝန်များသည် ကာယ၊ ဉာဏနှင့်ဝိဉာဏသုံးပါးစလုံးကို ထိခိုက်စေသောအပြုအမူများသည်အပြစ်ဖြစ်ပြီး လူသားတစ်ရပ်လုံး၏ ကောင်းကျိုးအတွက် ဘုရားသခင်ပညတ်ထားသည့် ပညတ်တရားများကို လိုက်လျှောက်မှသာလျှင် ကျန်းမာလာမည့်အကြောင်းကို သွန်သင်ရပါမည်။

အစားအသောက်နှင့်မှားယွင်းသောအမူအကျင့်များကြောင့် ရောဂါခံစားနေရသောလူနာများကိုတွေ့ရှိသောဆရာဝန်သည် ထိုလူနာကိုသတိမပေးပါက ထိုဆရာဝန်၌အပြစ်ရှိပါသည်။ သေရည်သေရက်သောက်သုံးသောသူများ၊ စိတ်မမှန်သောသူများနှင့် ချုပ်တည်းမှုကင်းသောသူများသည် အပြစ်ပြုလုပ်ခြင်းကြောင့် ရောဂါများခံစားနေရသည့်အကြောင်းကို ဆရာဝန်များက ညွှန်ပြရန် အဆင်သင့်ရှိရပါမည်။ အသက်ရှင်ခြင်း၊ ပညတ်တော်များကို နားလည်သောသူများသည် ရောဂါများကိုတိုက်ဖျက်ရန် အစွမ်းကုန်ကြိုးစားရပါမည်။ နာကျင်ခြင်းကိုမျက်မြင်တွေ့ရပြီး ရောဂါများကိုပျောက်ကင်းရန်

ကြိုးစားနေသည့်ဆရာဝန်များသည် ငြိမ်သက်စွာမနေသင့်ပါ။ ရောဂါများကို ပျောက်ကင်းရန် လုံးဝချုပ်တည်းမှုရှိရမည့်အကြောင်းကို မဖော်ပြသောသူကို သနားခြင်းကရုဏာရှိသည်ဟု ဆိုနိုင်ပါမည်လား။

ဘုရားသခင်ပညတ်သောလမ်းစဉ်သည် အသက်ရှင်ခြင်း၏လမ်းစဉ်ဖြစ်သည်ကိုသိရန် ရှင်းလင်းစွာပြောပြရပါမည်။ ဘုရားသခင်ချမှတ်ထားသည့် သဘာဝပညတ်ချက်များသည် တစ်ကိုယ်ကောင်းမဆန်ပါ၊ ဝိညာဉ်ရေးနှင့် ကိုယ်ကာယပညတ်တော်များ၌ပါရှိသော "မပြုရ" ဟူသောတားမြစ်ချက်သည် ကတိတော်များနှင့်တွဲဖက်လျက်ရှိပါသည်။ ဤပညတ်များကိုလိုက်လျှောက်ပါက ကောင်းချီးမင်္ဂလာများကိုခံစားရပါမည်။ ဘုရားသခင်သည် အမှန်တရားကိုပြုလုပ်ရန် ကျွန်ုပ်တို့ကိုအတင်းအကျပ်မခိုင်းသော်လည်း နတ်ဆိုးရန်မှကယ်တင်ပြီး အမှန်တရားကိုပြုလုပ်ရန် ကျွန်ုပ်တို့ကိုအလိုတော်ရှိပါသည်။

ဣသရေလလူမျိုးတို့အားပေးခဲ့သော ပညတ်တရားများကိုသတိပြုသင့်ပါသည်။ သူတို့၏အသက်တာပုံစံနှင့်ပတ်သက်၍ တိကျသောဥပဒေများကို ဘုရားသခင်ပေးထားခဲ့ပါသည်။ ကိုယ်ကာယနှင့်ဝိညာဉ်ရေးကျန်းမာမှုအတွက် ဥပဒေများကိုပေးထားတော်မူခဲ့ပါသည်။ ဤဥပဒေများကိုလိုက်လျှောက်ပါကလည်း ကတိတော်ထားသည်မှာ "ထာဝရဘုရားသည်လည်း အနာရောဂါရှိသမျှတို့ကို သင့်ဆီကဖယ်ရှား၍" (တရားဟောရာကျမ်း ၇း၁၅)။ "သင်တို့အားယနေ့ငါသက်သေခံသမျှသောစကားတို့ကို နှလုံးသွင်းကြလော့၊" "အကြောင်းမူကား၊ ထိုတရားစကားကိုတွေ့ရသောသူတို့သည် အသက်ရှင်ခြင်း၊ တစ်ကိုယ်လုံးကျန်းမာခြင်းအကြောင်းကိုတွေ့ရပြီ" (တရားဟော ၃၂း၄၆။ သုတ္တံ ၄း၂၂)။

သခင်ခရစ်တော်အားဖြင့် ရရှိခဲ့သောပြည့်စုံခြင်းသို့ရောက်ရှိရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ကျွန်ုပ်တို့အားမှန်ကန်သောရွေးချယ်မှုကို ပြုလုပ်ပြီး ကောင်းကင်နိုင်ငံတော်နှင့်ဆက်သွယ်မှုပြုကာ ကိုယ်တော်၏ပုံသဏ္ဍာန်နှင့်အညီဖြစ်ပေါ်ရန်၊ ချမှတ်ခဲ့သောဥပဒေများကိုလိုက်နာကျင့်သုံးရန် ဘုရားသခင်သည် ဖိတ်ခေါ်လျက်ရှိပါသည်။ သမ္မာကျမ်းစာနှင့်သဘာဝတရား



များတွင် အသက်တာရှင်သန်ရေးအတွက် ဘုရားသခင်၏ဥပဒေများကိုရေးသားထားပါသည်။ ဤဥပဒေများကိုသိရှိရန်ကြိုးစားပြီး လိုက်နာကျင့်သုံးကာ ဘုရားသခင်နှင့်အတူ တွဲဖက်လုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်ပါသည်။

သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ဘုရားသခင်၏ပညတ်တော်များကို အပြည့်အဝလိုက်နာပြီး ကောင်းချီးများကိုခံစားနိုင်မည်အကြောင်းကို လူတိုင်းသိရှိရန်လိုအပ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပညတ်တော်များကိုလိုက်နာရန်တန်ခိုးကိုရရှိပြီး မှားယွင်းသောအကျင့်ဆိုးများမှလွတ်လပ်မှုကိုရရှိနိုင်ပါမည်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ကျွန်ုပ်တို့သည် လမ်းမှန်၌ရပ်တည်ကာ ဆက်လက်လျှောက်လှမ်းနိုင်ပါမည်။

ဧဝံဂေလိတရားတော်၏ဖြောင့်မတ်ခြင်းနှင့် တန်ခိုးတော်အားလက်ခံခြင်းဖြင့် အပြစ်၏ရောဂါများမှပျောက်ကင်းချမ်းသာမှုရရှိရပါမည်။ "တရားတော်နေမင်းသည် အနာပျောက်စေသောအတောင်တို့နှင့် ပေါ်ထွန်းတော်မူသည်" (မာလခိ ၄း၂)။ ဤလောက၏အရာများဖြင့် ကြေကွဲလျက်ရှိသောနှလုံးသားအတွက် သက်သာမှုကိုလည်းကောင်း၊ သောကများကိုဖယ်ရှားပြီး ငြိမ်သက်ခြင်းကိုလည်းကောင်း၊ ရောဂါများကိုဖယ်ရှားရန်လည်းကောင်း မဖြစ်နိုင်ပါ။ ထင်ပေါ်ကျော်ကြားမှု၊ ပညာအတွေ့အကြုံနှင့်အရည်အသွေးများသည် ကြေကွဲလျက်ရှိသောနှလုံးသားနှင့် ဆုတ်ယုတ်လျက်ရှိသောအသက်တာပြောင်းလဲရန် မတတ်စွမ်းနိုင်ပါ။ စိတ်၌ကိန်းအောင်းလျက်ရှိသောဘုရားသခင်၏အသက်တာသည် လူသားများအတွက်မျှော်လင့်ချက်ဖြစ်ပါသည်။

သခင်ခရစ်တော်၏မေတ္တာတော်သည် ခန္ဓာကိုယ်တစ်ခုလုံးကိုနိုးကြားစေပါသည်။ အာရုံကြောများနှင့်ဦးနှောက်ကိုလည်းကောင်း၊ နှလုံးသားကိုလည်းကောင်း ကျန်းမာရွှင်လန်းစေပါသည်။ ကိုယ်ခန္ဓာအတွင်းရှိအင်အားများသည် သခင်ခရစ်တော်၏မေတ္တာတော်ကြောင့် အမြင့်ဆုံးအဆင့်သို့တက်ကြွလျက်ရှိပါသည်။ အပြစ်တင်ခြင်း၊ ဝမ်းနည်းခြင်း၊ သောကပွားခြင်းများကို ပျောက်ကွယ်စေ၍ လောက၏ဖိစီးလျက်ရှိသောဝန်ထုပ်များကိုလွှင့်စဉ်စေပြီး

ငြိမ်သက်ခြင်းနှင့်တည်ကြည်ခြင်းကို ရရှိစေပါသည်။ ဤလောကမှဖျက်ဆီး၍မရသောပျော်ရွှင်မှုကို နှလုံးသား၌ဖြစ်ပေါ်စေပါသည်။ ကျန်းမာခြင်း၊ အသက်ရှင်ခြင်းနှင့်မေတ္တာ၊ သန့်ရှင်းသောဝိညာဉ်တော်၌တည်သောမေတ္တာကို ရရှိစေပါသည်။

“ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့” (မဿဲ ၁၁း၂၈)။ သခင်ခရစ်တော်၏ဖိတ်ခေါ်ချက်သည် ကိုယ်ကာယ၊ ဉာဏနှင့်ဝိဉာဏအတွက် ကျန်းမာခြင်းကိုဖြစ်စေသောဆေးညွှန်းဖြစ်ပါသည်။ လူသားတို့သည် မိမိတို့၏အပြစ်များကြောင့် အနာရောဂါများကိုခံစားနေရသော်လည်း ဘုရားသခင်သည် သူတို့ကိုကရုဏာသက်တော်မူပါသည်။ ဘုရားသခင်၌အကူအညီကိုရရှိပါလိမ့်မည်။ ကိုယ်တော်ကိုယုံကြည်သူအပေါင်းတို့အတွက်ကြီးစွာသောအမှုတို့ကိုပြုလုပ်ပါလိမ့်မည်။

လူသားများ၌အပြစ်တရားသည် နှစ်ပေါင်းများစွာအမြစ်တွယ်ညှိပြီးစာတန်သည် ဘုရားသခင်၏နှုတ်တော်ထွက်စကားကို လိမ်လည်လှည့်ဖြား၍ အမှန်တရားကိုမျက်ကွယ်ပြုပြီး ကိုယ်တော်၏မေတ္တာတော်ကို လူများသံသယဖြစ်စေအောင်ကြိုးစားသော်လည်း ဤလောကသို့စီးဆင်းလျက်ရှိသောကိုယ်တော်၏မေတ္တာတော်သည် မပြတ်ခဲ့ပါ။ လူသားများသည် မိမိတို့၏စိတ်နှလုံးတံခါးများကို ကောင်းကင်သို့မျှော်ဖွင့်လျက် ဘုရားသခင်၏ဆုကျေးဇူးများကို ဝမ်းမြောက်စွာဖြင့်ကြိုးစားရှာဖွေပါက ဘုရားသခင်သည် အနာရောဂါများကိုပျောက်ကင်းစေသောတန်ခိုးကို အရှိန်ပြင်းစွာဖြင့် သွန်းလောင်းပါလိမ့်မည်။

သခင်ခရစ်တော်နှင့်တွဲဖက်လိုသောဆရာဝန်တိုင်းသည် အဘက်ဘက်တွင် ကြိုးစားရပါလိမ့်မည်။ မိမိ၏ခရစ်ယာန်ဘာသာရပ်များကို ကောင်းစွာလေ့လာ၍ အရည်အချင်းပြည့်မီအောင်ကြိုးစားပြီး အထက်သို့မျှော်လျက် ဉာဏ်ပညာ၊ အတွေ့အကြုံများတိုးပွားအောင် ကြိုးစားရှာဖွေပါလိမ့်မည်။ အရည်အချင်းညံ့ဖျင်းသောဆရာဝန်တိုင်းသည် မိမိ၏လူနာများကိုထိခိုက်စေသည်သာမကဘဲ မိမိ၏လုပ်ဖော်ကိုင်ဘက်များကိုလည်း သေးသိမ်စေပါသည်။



အဆင့်မမီသောပညာအတွေ့အကြုံများဖြင့် ကျေနပ်လျက်ရှိသောဆရာဝန်များသည် မိမိတို့၏အသက်မွေးဝမ်းကျောင်းပညာကိုထိခိုက်စေသည်သာမက သခင်ခရစ်တော်တည်းဟူသော သမားတော်ကြီးကိုပင် မရိုသေရာကျပါသည်။

ဆေးကုသသောအလုပ်အကိုင်ဖြင့် မသင့်လျော်ဟုယူဆသူများသည် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကိုပြောင်းသင့်ပါသည်။ မကျန်းမာသောသူများကိုကူညီနိုင်သော်လည်း ပညာအရည်အချင်းနည်းပါးသူတို့သည် ပိုမိုပေါ့သောတာဝန်များကိုလက်ခံကာ သူနာပြုများဖြစ်သင့်ပါသည်။ ပိုမိုတတ်ကျွမ်းသောဆရာဝန်များ၏သွန်သင်မှုများကို လက်ခံကျက်မှတ်ပြီး ပညာတိုးပွားအောင် အခွင့်အလမ်းကိုလက်လွတ်ခြင်းမရှိဘဲ အစဉ်ကြိုးစားပါက အချိန်တန်လျှင်ဤသူများသည် အရည်အချင်းမြင့်မားလာပြီး ဆရာဝန်များဖြစ်လာနိုင်ပါသည်။ ငယ်ရွယ်သောဆရာဝန်များသည် “ဘုရားသခင် (သမားတော်ကြီး) ၏ကျေးဇူးတော်ကို အကျိုးမဲ့မခံကြနှင့်-----အမှုတော် (ဆေးကုသောအလုပ်) ဆောင်ရွက်သောသူချင်းဖြစ်၍----အခွင့်အရေးကိုအပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှာ၊ ထိမိလဲစရာအကြောင်းတစ်စုံတစ်ခုကိုမျှမပြု” (၂ကော ၆း၁-၃) မလုပ်ရပါ။

ကျွန်ုပ်တို့သည် အထက်သို့အစဉ်အမြဲတက်လှမ်းရန် ဘုရားသခင်အလိုတော်ရှိ၏။ စစ်မှန်သောကျန်းမာရေးသာသနာပြုဆရာဝန်သည် အမြဲတမ်းပညာတိုးပွားလျက်ရှိလိမ့်မည်။ ဉာဏ်ပညာတိုးပွားလျက်ရှိသော ခရစ်ယာန်ဆရာဝန်များသည် ဘုရားသခင်၏အမှုတော်၌လုပ်ကိုင်ပြီး ကျန်းမာခြင်းသာသနာပြုများ ပိုမိုထွန်းကားလာရန် လေ့ကျင့်သင်ကြားမှုများကို ပြုလုပ်နိုင်သောနေရာများတွင် အမှုတော်ကိုထမ်းရွက်ရန်အားပေးလျက် ဖိတ်ခေါ်ရပါမည်။

ဆရာဝန်များသည် ဘုရားသခင်၏နှုတ်တော်ထွက်အလင်းတရားများကို စုစည်းသိမ်းဆည်းပြီး ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် ရှင်သန်ရပါမည်။ ဤသူအတွက်ဘာသာရေးသည် သာမန်အကြောင်းအရာတစ်ခုမဟုတ်ဘဲ အခြားသူများအပေါ်၌ ဩဇာသက်ရောက်နိုင်သောတန်ခိုးရှိရ

ပါမည်။ ကျွန်ုပ်တို့အတွက် အသက်တော်ကိုစွန့်ခဲ့ပြီး စာတန်ကိုအောင်မြင်သောတန်ခိုးကိုပေးခဲ့သော သခင်၏စေ့ဆော်ချက်များဖြင့် သူသည်မိမိ၏အလုပ်ကိုလုပ်ဆောင်ရပါမည်။

ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန် ကိုယ့်ကိုကိုယ်ဆက်ကပ်ပြီး မိမိ၏အပြစ်များကိုရှာဖွေကာ တာဝန်ကိုသိရှိပြီး သစ္စာရှိသောဆရာဝန်သည် ဘုရားသခင်၏ခေါ်တော်မူသောဖိတ်ခေါ်သံကို နားလည်ပါလိမ့်မည်။ သူသည်မိမိကိုယ်ကိုသွန်သင်ဆုံးမပြီး ကိုယ့်ကိုကိုယ်ပြုပြင်သောကြောင့် သူနှင့်ဆက်စပ်လျက်ရှိသောသူများသည် ဘုရားသခင်၏တန်ခိုးတော်၌ဆက်ကပ်လျက်ရှိသူတစ်သီး၏ထက်မြက်သောဘဝကို တွေ့ကြုံရပါလိမ့်မည်။

ဆရာဝန်တစ်ဦးထက်ပို၍ ဘုရားသခင်၌ဆက်ကပ်ရမည့်သူမရှိပါ။ ဆေးကုသောအလုပ်ကိုလုပ်ဆောင်သူသည် နေ့စဉ်နာရီနှင့်အမျှ ဘုရားသခင်နှင့်ဆက်သွယ်ရပါမည်။ လူနာ၏အသက်သည် ဆရာဝန်၏လက်၌ရှိပြီး ရောဂါဖော်ပြရာ၌လည်းကောင်း၊ ဆေးညွှန်းရာ၌လည်းကောင်း၊ ခွဲစိတ်ရာ၌ ဆံခြည်တစ်မျှင်စာမျှမှားယွင်းပါကလည်းကောင်း လူနာ၏အသက်သည်ဆုံးရှုံးပြီး ထာဝရအသက်ပင်ဆုံးရှုံးသွားနိုင်ပါသည်။ အလွန်လေးနက်လှပါသည်တကား၊ ထို့ကြောင့် ဆရာဝန်တိုင်းသည် သမားတော်ကြီးတည်းဟူသော သခင်ခရစ်တော်၏အုပ်ထိန်းလမ်းညွှန်မှုကို အစဉ်အမြဲခံယူရန်အရေးကြီးပါသည်။

စိတ်အစဉ်ကြည်လင်ပြီး ဉာဏ်ပညာတောင်းခံလျက်ရှိသူတိုင်းကို ကူညီမစရန် ကိုယ်တော်သည် အဆင်သင့်ရှိပါသည်။ မိမိ၏ဆုံးဖြတ်ချက်သည် အလွန်အရေးပါသောကြောင့် ဆရာဝန်ထက်မည်သူကမျှ ဉာဏ်ပညာနှင့်စိတ်ကြည်လင်ခြင်းကို ပိုမိုအလိုမရှိပါ။ အသက်ရှင်ရန်ခက်ခဲသောအရာများ၌ ဘုရားသခင်သည် ဉာဏ်ပညာကိုချပေးပါလိမ့်မည်။

နာမကျန်းဖြစ်သူများကို စောင့်ရှောက်ခွင့်ရသောသူများအတွက် ထူးမြတ်သောအခွင့်အရေးများပေးထားပါသည်။ ရောဂါများပျောက်ကင်းရန်ကြိုးစားရာ၌ ဆရာဝန်တိုင်းသည် ဘုရားသခင်နှင့်အတူတွဲဖက်လျက် ရောဂါ



များကိုတိုက်ဖျက်နေသည်ကို မှတ်ကြရပါမည်။ ဘုရားသခင်၏ပညတ်တော်များနှင့်အညီ တက်လှမ်းလျက်ရှိသောခြေလှမ်းတိုင်း၌ ဘုရားသခင်ထံမှ တန်ခိုးကိုမျှော်မှန်းရပါမည်။

ဘုရားသခင်ကိုချစ်၍ရိုသေသောဆရာဝန်များကို လူနာများက ပို၍အားကိုးကြပါသည်။ သူတို့၏အဆုံးအမများကိုနာခံကာ ဤဆရာဝန်အနီးအနားတွင်ရှိပါက ပိုမိုလုံခြုံမှုကိုခံစားရပါသည်။

ခရစ်တော်ကိုသိသောဆေးဆရာအတွက် အထူးအခွင့်အရေးတစ်ရပ်မှာ လူနာအတွက်ဆုတောင်းပေးခြင်းဖြစ်ပါသည်။ ခက်ခဲသောခွဲစိတ်မှုများကိုပြုတော့မည့်အခါတွင် ကိုယ်တော်၏အကူအညီကိုတောင်းခံရပါမည်။ ယုံကြည်သူများအတွက်ခက်ခဲသောကာလတွင် ကိုယ်တော်သည်ခိုလှုံရာဖြစ်ပြီး နာမကျန်းသောသူများကိုဘုရားသခင်သည် ရောဂါပျောက်ကင်းစေနိုင်သည့်အကြောင်းလူနာကိုသတိပေးရပါမည်။ ဤကဲ့သို့မပြုနိုင်သောဆရာဝန်သည် မိမိ၏ရထိုက်သောအောင်မြင်မှုများ ဆုံးရှုံးရပါလိမ့်မည်။ မေတ္တာ၏သခင်ခရစ်တော်အကြောင်းကို အားပေးစကားများပြောကြားကာ ပူဆွေးသောကနာကျင်မှုတစ်ခုစီကိုသိတော်မူသည့်ကိုယ်တော်အား လူနာများကိုဆက်ကပ်ဆုတောင်းပေးခြင်းဖြင့် အခက်အခဲများကို ပိုမိုအောင်မြင်စွာကျော်လွှားနိုင်ပါမည်။

လူနာများ၏စိတ်ကိုသိတော်မူသည့်အရှင်သည် ခွဲစိတ်ဆောင်သို့ဝင်ရမည့် လူနာတစ်ဦးစီ၏ကြောက်လန့်ခြင်းနှင့်တုန်လှုပ်ခြင်းကို သိတော်မူပါသည်။ ဤလူနာများသည် ဆရာဝန်ကိုယုံကြည်သော်လည်း အမြဲတမ်းမတည်မြဲသည့်သဘာဝတရားကိုလည်း နားလည်ကြပါသည်။ သို့သော်လည်း ဘုရားသခင်ကိုဆုတောင်းဆက်ကပ်သောဆရာဝန်ကိုကြည့်ခြင်းအားဖြင့် ပိုမိုအားတက်လာကြပါသည်။ ကိုယ်တော်ကိုအားကိုးသောစိတ်နှင့် ကျေးဇူးတင်သောစိတ်များသည် ဘုရားသခင်၏ပျောက်ကင်းစေသောတန်ခိုးတော်အတွက်နှလုံးတံခါးကိုဖွင့်ပြီး ကိုယ်ခန္ဓာ၌ခွန်အားကိုတိုးပွားစေကာ အသက်ရှင်သည့်တန်ခိုးကိုရရှိစေပါသည်။

ဆရာဝန်များသည် မိမိတို့၏တာဝန်များကိုထမ်းဆောင်ရာ၌ တစ်ခါတစ်ရံတွင်ကြောက်စိတ်များဝင်ပြီး မသေချာသောခံစားမှုများကြောင့် လုပ်ဆောင်ချက်များအားနည်းတတ်ပါသည်။ ထိုအခါများတွင် သခင်ခရစ်တော်သည် သူတို့အတွက်အင်အားဖြစ်ပါသည်။ ထိုအချိန်တွင် မိမိကိုမစကူညီလမ်းပြမည့်အရှင်သည် အနားတွင်ရှိခြင်းအားဖြင့် ငြိမ်သက်ခြင်းနှင့်စွမ်းအားကိုတိုးပွားစေပါသည်။ ဆရာဝန်၏လက်ကိုအုပ်စိုးခြင်းဖြင့် ငြိမ်သက်ခြင်း၊ ယုံကြည်အားကိုးမှုတိုးပွားခြင်းနှင့် သွက်လက်ခြင်းတန်ခိုးကိုပေးတော်မူပါသည်။

အခက်အခဲဆုံးအချိန်ကာလကိုကျော်လွှားပြီး အောင်မြင်မှုလမ်းစသို့ရောက်သောအခါတွင်လည်း လူနာနှင့်အတူအချိန်အနည်းငယ်ယူ၍ ဆုတောင်းရပါမည်။ ဘုရားသခင်ကယ်မခဲ့သည့်အသက်တစ်ချောင်းအတွက် ကိုယ်တော်ကိုကျေးဇူးတင်ကြောင်းပြောကြားပါ။ လူနာကဆရာဝန်ကိုကျေးဇူးတင်ကြောင်းကိုပြောကြားသောအခါတွင်လည်း ဘုရားသခင်သို့ညွှန်ပြပါ။ မိမိအသက်ချမ်းသာခြင်းသည် ဘုရားသခင်၏စောင့်မခြင်းကြောင့်ဖြစ်သည်ကိုအသိပေးပါ။

ဤကဲ့သို့လုပ်ဆောင်ခြင်းကြောင့် ဆရာဝန်သည် မိမိ၏အသက်သခင်ဘုရားအရှင်နှင့်လူနာများကိုမိတ်ဆက်ပေးပြီး ကိုယ်တော်ထံသို့ရောက်ရှိသူတစ်ဦးစီကို အစဉ်ကယ်တင်နိုင်သည့်အရှင်ကို သိကျွမ်းစေပါသည်။

ဆေးကုသောသာသနာပြုလုပ်ငန်းတွင် အသက်ဝိညာဉ်များကိုကယ်တင်လိုသောစိတ်ပြင်းပြမှုကိုလည်း တွဲဖက်ရပါမည်။ သာသနာပြုဆရာများနည်းတူ ဆရာဝန်များကိုလည်း လူသားများအားအပ်ခဲ့သောအမြင့်ဆုံးတာဝန်ကို ပေးအပ်ထားပါသည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဆရာဝန်တိုင်းအား ဝိညာဉ်များကိုကုစားရန်တာဝန်ကို ဆရာဝန်တိုင်းအားပေးအပ်တော်မူပါသည်။

အများအားဖြင့်ဆရာဝန်များသည် သေခြင်းတရားနှင့်ရင်ဆိုင်ရသောရောဂါများကိုကုသရာ၌ ဝိညာဉ်များ၏ရေး့ရေးကိုမေ့တတ်ပါသည်။ ကိုယ်ခန္ဓာ၏ဘေးအန္တရာယ်များကိုလု၍ဖယ်ရှားရာတွင် စိတ်၏ဘေးအန္တရာယ်ကိုမေ့လျော့တတ်ပါသည်။ တစ်ခါတစ်ရံ မိမိ၏လူနာသည် အသက်ကုန်



လုမြောပါးဖြစ်ပြီး အခွင့်အရေးများလက်လွှတ်ရပါတော့မည်။ သို့သော်လည်း ဆရာဝန်သည် သခင်ခရစ်တော်၏တရားစီရင်သောနေ့၌ ဤဝိညာဉ်ကိုနောက်တစ်ဖန်တွေ့ဆုံရပါမည်။

အခါအခွင့်သင့်လျော်သော်လည်း ဘုရားသခင်၏အကြောင်းကိုမပြောမိသဖြင့် ကောင်းချီးမင်္ဂလာများကိုဆုံးရှုံးတတ်ပါသည်။ ဤအခွင့်အရေးထူးကိုမရှာဖွေပါက ဆုံးရှုံးလိမ့်မည်။ လူနာ၏အနားတွင်အပြစ်ပြောခြင်းများနှင့် အငြင်းပွားစရာစကားများကိုရှောင်ရှား၍ ယုံကြည်ခြင်းအားဖြင့်ရောက်လာသူတစ်ဦးကို ကယ်တင်မည့်အရှင်ကိုညွှန်ပြရပါမည်။ အသက်ရှင်ခြင်းနှင့်သေခြင်းတရား၊ ဤလွန်ဆွဲပွဲ၏အလယ်၌ရောက်နေသောဝိညာဉ်ကိုကူညီရန် အစွမ်းကုန်ကြိုးစားရပါမည်။

သခင်ခရစ်တော်၌ခိုလှုံပြီး မိမိ၏ကိုယ်ပိုင်ကယ်တင်အရှင်အဖြစ်သိကျွမ်းသောဆရာဝန်သည် အပြစ်နှင့်ပြည့်ဝလျက်ရှိပြီး ကြောက်၍တုန်လှုပ်သောဝိညာဉ်တစ်ခုစီကို ကူညီနိုင်ပါလိမ့်မည်။ “ကယ်တင်ခြင်းရရန်ဘာလုပ်ရမည်နည်း” ဟူသောမေးခွန်းကို ဖြေတတ်ပါလိမ့်မည်။ ကယ်တင်အရှင်၏မေတ္တာအကြောင်းကို ပြောပြနိုင်ပါလိမ့်မည်။ မိမိ၏အတွေ့အကြုံများကိုအခြေခံကာ နောင်တတရားနှင့်ယုံကြည်ခြင်းအကြောင်းကိုလည်း ပြောကြားနိုင်ပါသည်။ ရိုသေစွာဖြင့် ဘုရားသခင်ကိုလိုအပ်နေသည့်ဝိညာဉ်အတွက်ဆုတောင်းပေးပြီး ဘုရားသခင်၏မေတ္တာကရုဏာကိုတောင်းလျှောက်လက်ခံရန် လူနာကိုတိုက်တွန်းနိုင်ပါသည်။ ဤကဲ့သို့လူနာ၏နံဘေးတွင် အကူအညီအားပေးစကားများကိုပြောပြီး လူနာကိုကုသခြင်းကြောင့် ဘုရားသခင်သည် သူနှင့်အတူလုပ်ဆောင်ပါလိမ့်မည်။ နာမကျန်းသောသူ၏စိတ်ကို ဘုရားသခင်ထံသို့ညွှန်ပြခြင်းဖြင့် သခင်ခရစ်တော်၏ငြိမ်သက်ခြင်းသည် စိတ်ထဲ၌ပြည့်လျှံကာကိုယ်ခန္ဓာကျန်းမာခြင်းကို ပြန်လည်ရှင်သန်စေမည့်ဝိညာဉ်ကျန်းမာခြင်းကိုရရှိစေပါသည်။

ဆရာဝန်များသည် လူနာများကိုကုသရာ၌ တစ်ဆက်တည်းလူနာ၏မိတ်ဆွေများကိုပါ ကူညီခွင့်ရရှိပါသည်။ လူနာ၏အနားတွင်စောင့်လျက်

နာကျင်မှုများကိုခံစားနေရသောသူကို မစကူညီနိုင်ကာ သူတို့သည် စိတ်နှလုံးများပျော့ပျောင်းလာပါသည်။ မိမိတို့၏သနားကြင်နာမှုများအား ဆရာဝန်ကိုပြောပြလေ့ရှိကြပါသည်။ ထိုအချိန်၌ ဝန်လေးပင်ပန်းသောသူအပေါင်းတို့ကိုဖိတ်ခေါ်သောအရှင်နှင့် သူတို့ကိုမိတ်ဆက်ပေးရန် အခွင့်အရေးကိုရရှိပါလိမ့်မည်။ မကြာခဏသူတို့အတွက် သူတို့နှင့်အတူဝမ်းနည်းကြေကွဲမှုများကို ပျောက်ကင်းစေသောကယ်တင်အရှင်ထံသို့ ဆုတောင်းနိုင်ပါသည်။

## ဘုရားသခင်၏ကတိတော်

ဆရာဝန်များသည် ဘုရားသခင်၏ကတိတော်များကို လူနာများသိရှိရန်ညွှန်ပြနိုင်သော အထူးအခွင့်အရေးကိုရရှိပါသည်။ ဘုရားသခင်၏ရတနာသိုက်မှ အများတောင့်တလျက်ရှိသောလမ်းညွှန်ချက်များနှင့် အားပေးစကားအသစ်နှင့်အဟောင်းများကို ယူဆောင်လာရပါမည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားကို ကောင်းမွန်စွာလေ့လာထားပြီး ကတိတော်များကိုသိရှိသောအခါ ဘုရားသခင်၏စကားတော်များကို စုစည်းသိုထားရာဘဏ္ဍာတိုက်ဖြစ်ရပါမည်။ ဤလောက၌သခင်ခရစ်တော်ရှိစဉ်အခါက သွန်သင်တော်မူခဲ့သည့်သင်ခန်းစာများနှင့် လူနာများကိုအားပေးခဲ့သောစကားတော်များအားအမြဲတမ်းသတိရပြီး ကိုယ်တော်၏မေတ္တာကရုဏာနှင့်ကူညီမစမှုများအကြောင်းပြောဆိုရပါမည်။ သခင်ခရစ်တော်ထံသို့ လူနာများကိုညွှန်ပြရန်တာဝန်ကိုလျစ်လျူမရှုသင့်ပါ။

ဤလောက၌ သခင်ခရစ်တော်ရှိစဉ်အခါက အသုံးပြုတော်မူခဲ့သည့်တန်ခိုးတော်သည် ဘုရားသခင်၏သမ္မာကျမ်းစာ၌ပင်ရှိပါသည်။ သမ္မာကျမ်းစာအားဖြင့် နတ်ဆိုးများကိုနှင်ထုတ်ပြီး ဖျားနာနေသူများကိုပျောက်ကင်းစေတော်မူခဲ့ပါသည်။ မုန်တိုင်းထန်လျက်ရှိသောပင်လယ်ကိုငြိမ်းစေပြီး သေဆုံးသူများကိုလည်း ရှင်ပြန်ထမြောက်စေခဲ့ပါသည်။ လူများသည်လည်း ကိုယ်တော်၏နှုတ်တော်ထွက်စကားနှင့်တန်ခိုးတော်ကို သက်သေခံပါသည်။ ဓမ္မဟောင်းကျမ်းတွင် ယဇ်ပုရောဟိတ်များနှင့်ကျမ်းတတ်ဆရာများအား ပြောတော်မူခဲ့သည်နည်းတူ ဘုရားသခင်သည် ယခုတိုင်ဆက်လက်သွန်သင်တော်မူနေပါသည်။ ကျမ်းစာတစ်ခုလုံးသည် သခင်ခရစ်တော်၏အကြောင်းကို ဖော်ပြနေတော်မူပါသည်။



ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို ဘုရားသခင်၏နှုတ်တော်ထွက်စကားများအဖြစ် လက်ခံရပါမည်။ သခင်ခရစ်တော်သည် နာမကျန်းသူများကိုကုသရာ၌ ထိုသူများသာမကဘဲ နောင်ခေတ်အဆက်ဆက် ဤကဲ့သို့အားနည်းချက်များဖြင့်ရောက်ရှိလာမည့် ယုံကြည်သူအပေါင်းကိုလည်း သတိရပါသည်။ ခြေလက်သေနေသောသူအား "ငါ့သားမစိုးရိမ်နှင့်၊ သင်၏အပြစ်ကိုငါလွှတ်စေပြီ" (မဿဲ ၉း၂)။ ကပေရနောင်မြို့ရှိအမျိုးသမီးအား "ငါ့သမီး၊ မစိုးရိမ်နှင့်၊ သင်၏ယုံကြည်ခြင်းသည် သင့်အနာကိုငြိမ်းစေပြီ" (လုကာ ၈း၄၈) ဟုမိန့်တော်မူစဉ်၌ ကိုယ်တော်သည် အကူအညီတောင်းလျက်ရှိသောအပြစ်ဝန်ပိ၍စိတ်သောကရောက်နေသူအပေါင်းတို့ကိုလည်း သတိရခဲ့ပါသည်။

ထိုနည်းတူ ကျမ်းစာတွင်ပါရှိသောကတိတော်များအားလုံးသည် ကျွန်ုပ်တို့တစ်ဦးစီ သခင်ခရစ်တော်၏ရှေ့မှောက်၌ရောက်ရှိပြီး ကျွန်ုပ်တို့တစ်ဦးစီကိုပြောဆိုသည့်ကတိတော်များကဲ့သို့ ယုံကြည်လက်ခံရပါမည်။ ဤကတိတော်များမှတစ်ဆင့် ကိုယ်တော်၏ကျေးဇူးတော်နှင့်တန်ခိုးတော်များကိုလက်ခံရယူရပါမည်။ ဤကတိတော်များသည် "လူအမျိုးမျိုးတို့၏အနာရောဂါကိုငြိမ်းစေရာ" (ဗျာဒိတ် ၂၂း၂)။ အပင်မှအရွက်များကဲ့သို့ဖြစ်လိမ့်မည်။ ဤကတိတော်များကို လက်ခံကျင့်သုံးခြင်းအားဖြင့် အကျင့်ဓလေ့များတိုးတက်စေပြီး အသက်တာ၌ခွန်အားသစ်ကိုရရှိလာပါမည်။ ဤကတိတော်များမှအပ အခြားတန်ဖိုးမရှိပါ။ အသက်တာရှင်သန်မှုအတွက် ယုံကြည်ခြင်းနှင့်ခွန်အားကို အခြားနည်းဖြင့်မရရှိနိုင်ပါ။

အပြစ်၏ဝန်ထုပ်ကိုထမ်းရွက်ပြီး အနာရောဂါများ၏ဒဏ်ကိုခံစားရကာ သေမင်း၏နှုတ်ခမ်းဝ၌ ကြောက်၍တုန်လှုပ်လျက်ရှိသောသူများသည် သခင်ခရစ်တော်၏မိန့်မှာတော်မူချက်များကို ပြောကြားအားပေးရန်

အခွင့်အရေးကို ဆရာဝန်များအသုံးပြုရမည်။ ကျမ်းစာတွင်ပါရှိသောကတိတော်တိုင်းသည် သခင်ခရစ်တော်၏ကတိတော်များဖြစ်ပါသည်။

"ထာဝရဘုရားမိန့်တော်မူသည်ကား မစိုးရိမ်နှင့်၊ သင့်ကိုငါရွေးနုတ်ပြီ၊ ငါ့နာမဖြင့်မှည့်ပြီ၊ သင့်ကိုငါဆိုင်၏၊ သင်သည်ရေကိုလျှောက်သွားသောအခါ၊ သင်နှင့်အတူငါရှိ၏၊ မြစ်တို့ကိုလျှောက်သွားသောအခါ မနစ်မမွန်းရ၊ မီးကိုချင်းနင်းသောအခါလည်းမလောင်ရ၊ မီးလျှံလည်းမညီရ၊ အကြောင်းမူကား၊ ငါသည် သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏၊ သင့်ကိုရွေးသောသခင်၊ ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားသခင်ဖြစ်၏။-- သင်သည်ငါမြတ်နိုးရာဖြစ်သောကြောင့် အသရေရှိပြီ၊ ငါလည်းချစ်၏။" "ငါတစ်ပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့် သင်၏အပြစ်တို့ကိုဖြေမည်၊ သင်၏ဒုစရိုက်အမှုတို့ကိုမအောက်မေ့။" "မစိုးရိမ်နှင့်၊ ငါသည်သင်နှင့်အတူရှိ၏" ဟေရှာယ ၄၃း၁-၄၊၂၅၊၅။

"အဘသည်သားတို့ကိုသနားစုံမက်သည့်နည်းတူ ထာဝရဘုရားသည်ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏၊ အကြောင်းမူကား၊ ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏၊ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကိုအောက်မေ့တော်မူ၏" ဆာလံ ၁၀၃း၁၃-၁၅။

"သင်၏ဘုရားသခင်ထာဝရဘုရားကိုပြစ်မှား၍ အပြစ်ရှိကြောင်းကိုဝန်ချရုံမျှသာပြုလော့၊" "ကိုယ့်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည်သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" (ယေရမိ ၃း၁၃။ ၁ယော ၁း၉)။ "သင်၏ဒုစရိုက်တို့ကိုတိမ်တိုက်ကဲ့သို့လည်းကောင်း၊ သင်၏အပြစ်တို့ကို တိမ်လွှာကဲ့သို့လည်းကောင်း ငါချေပြီ၊ ငါ့ထံသို့ပြန်လာလော့၊ သင့်ကိုငါရွေးနုတ်ပြီ" ဟေရှာယ ၄၄း၂၂။

"ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ၊ တရားစီရင်ကြကုန်အံ့၊ သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ဖြူလိမ့်မည်၊





ကတ္တီပါနီနှင့်အမျှနီသော်လည်း သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်" ဟေရှာယ ၁း၁၈၊၁၉။

"အကယ်စင်စစ် ထာဝရမေတ္တာနှင့်သင့်ကိုငါချစ်၏၊ ထိုကြောင့်ကရုဏာကျေးဇူးကိုသာ သင်၌ကြာမြင့်စွာပြ၏" (ယေရမိ ၃၁း၃)။

"ခဏမျှငါမျက်နှာလွှဲသော်လည်း၊ ထာဝရမေတ္တာနှင့်သင့်ကို ကယ်မသနားဦးမည်ဟု သင့်ကိုရွေးနုတ်သောထာဝရဘုရားမိန့်တော်မူ၏" ဟေရှာယ ၅၄း၈။

"သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်၊" "ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့၏၊ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏၊ လောကီသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်၊ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" ယောဟန် ၁၄း၁၊၂၇။

"ထိုမင်းတို့သည် လေလုံ၍မိုးသက်မုန်တိုင်းကွယ်ရာအရပ်ကဲ့သို့လည်းကောင်း၊ သွေ့ခြောက်သောမြေ၌စီးသောချောင်းရေကဲ့သို့လည်းကောင်း၊ နေပူသောအရပ်၌ ကျောက်လုံးကြီးအရိပ်ကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်" ဟေရှာယ ၃၂း၂။

"ဆင်းရဲသောသူနှင့်ငတ်မွတ်သောသူတို့သည် ရေကိုရှာ၍မတွေ့၊ ရေငတ်၍လျှာသွေ့ခြောက်သောအခါ၊ ငါထာဝရဘုရားသည် သူတို့စကားကိုနားထောင်မည်၊ ဣသရေလအမျိုး၏ဘုရားသခင်ဖြစ်သောငါသည်သူတို့ကိုမစွန့်" ဟေရှာယ ၄၁း၁၇။

"သင်တို့ကိုဖန်ဆင်းတော်မူသော ဘုရားသခင်မိန့်တော်မူသည်ကား၊ ရေငတ်သောသူအပေါ်မှာရေကိုငါသွန်းလောင်း၍၊ သွေ့ခြောက်သောမြေကိုရေလွှမ်းမိုးစေမည်၊ သင်၏အမျိုးအပေါ်မှာငါ့ကောင်းချီးမင်္ဂလာကိုလည်းကောင်း ငါသွန်းလောင်းမည်" ဟေရှာယ ၄၄း၂၊၃။

"မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့" ဟေရှာယ ၄၅း၂၂။

"သူသည်အကျွန်ုပ်တို့အနာရောဂါများကို ယူတင်ဆောင်ရွက်လေသည်။" "ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏၊ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသောဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏" မဿဲ ၈း၁၇။ ဟေရှာယ ၅၃း၅။

---ooo---



အခန်း (၈)

# ပညာပေးသူဆရာဝန်

စစ်မှန်သောဆရာဝန်သည် ပညာပေးသည့်လုပ်ငန်းကိုလည်း လုပ်ကိုင်ရပါသည်။ မိမိစောင့်ရှောက်ရသည့်လူနာများသာမကဘဲ ပတ်ဝန်းကျင်ရှိသူများကိုလည်း စောင့်ရှောက်ရန်တာဝန်ရှိကြောင်းကို နားလည်သူဖြစ်ရပါမည်။ ကိုယ်ကာယသာမကဘဲ စိတ်ကျန်းမာရေးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ နာမကျန်းသူများကိုဆေးကုသရန် နည်းလမ်းများသာမကဘဲ မှန်ကန်သောအသက်တာဖြင့် နေထိုင်သွားရန်လည်း အားပေးသွန်သင်ရပါမည်။

## ကျန်းမာရေးအခြေခံမှုများဖြင့် ပညာပေးရန်လိုအပ်ခြင်း

ကျန်းမာရေးပညာပေးလုပ်ငန်းသည် ရှေးယခင်ကနှင့်မတူဘဲ ယခုအခါအထူးလိုအပ်လျက်ရှိပါသည်။ ကျန်းမာရေးနှင့်ဆေးကုသသည့်လုပ်ငန်း၌လည်းကောင်း၊ သက်သောင့်သက်သာရှိမှုနှင့် ဇိမ်ခံပစ္စည်းများတိုးတက်နေသည့် ယခုခေတ်တွင်လည်းကောင်း ကျန်းမာရေးနှင့်အသက်ရှင်သန်မှု၏ ကျဆင်းမှုနှုန်းသည် ကြောက်မက်ဖွယ်ကောင်းပါသည်။ ထိုကြောင့် လူသားများ၏ကောင်းကျိုးကို ရှေးရှုနေသူများသည် ဤအချက်ကိုအလေးပေးဂရုပြုသင့်ပါသည်။

ကျွန်ုပ်တို့၏အတုအယောင်လူမှုပတ်ဝန်းကျင်သည် ခိုင်မာသောကျန်းမာရေးစည်းကမ်းများကိုဖျက်ဆီးနေပါသည်။ ခေတ်နှင့်အကျင့်များသည် သဘာဝတရားကိုဆန့်ကျင်တိုက်ခိုက်လျက်ရှိပါသည်။ လူအများ၏အကြိုက်များနှင့်တောင့်တချက်များသည် ကိုယ်ကာယနှင့်စိတ်ပိုင်းဆိုင်ရာဆုတ်ယုတ်မှုများကိုဖြစ်စေပြီး လူမျိုးနွယ်တစ်ခုလုံးကိုဝန်ပိလျက်ရှိပါသည်။ ချုပ်တည်းမှုကင်းမဲ့ခြင်းနှင့်ပြစ်မှုများ၊ ရောဂါများနှင့်ပျက်စီးဆုတ်ယုတ်ခြင်းများကို နေရာတိုင်း၌တွေ့မြင်ရပါသည်။

လူအများသည် အသိပညာနည်းပါးမှုကြောင့် ကျန်းမာရေးစည်းကမ်းများကိုချိုးဖောက်လျက်ရှိသည်။ ဤသူများကိုပညာပေးရပါမည်။ သို့သော်လည်း လူအများစုသည် မိမိတို့၏အမှားကိုသိပါသည်။ ထိုကြောင့် ဤသူများသည် မိမိတို့ရရှိထားသောအသိတရားများဖြင့် အသက်ရှင်နေထိုင်သွားရန် သွန်သင်ရပါမည်။ ကျန်းမာရေးစည်းကမ်းများကိုသွန်သင်ပြီး ဤစည်းကမ်းများကို မိမိတို့၏ဘဝအသက်တာတွင် လက်တွေ့အသုံးချတတ်ဖို့ပြောကြားရန် ဆရာဝန်တိုင်း၌အခွင့်အရေးများစွာရှိပါသည်။ မှန်ကန်သောသွန်သင်ချက်များဖြင့် မှားယွင်းသောအယူအဆများကိုလည်း ပြုပြင်နိုင်ပါသည်။

အဆိပ်အတောက်ပြင်းသောဆေးဝါးများကို လွတ်လပ်စွာအသုံးပြုခြင်းသည် ရောဂါများကိုတိုးပွားစေပြီး ဆိုးရွားသောအန္တရာယ်များကိုဖြစ်စေပါသည်။ နာမကျန်းသူအမြောက်အမြားသည် မိမိတို့ရောဂါဖြစ်ရခြင်းအကြောင်းရင်းကို စူးစမ်းခြင်းမရှိဘဲ အနာရောဂါပျောက်ချင်စိတ်ပြင်းပြစွာဖြင့် မှားယွင်းသောမိမိတို့၏နေထိုင်ကျင့်ကြံမှုများကိုမပြုပြင်ဘဲ ကိုယ်တိုင်နားလည်မှုနည်းပါးသောဆေးဝါးများကို ဆရာဝန်များထံမှတောင်းယူသောက်သုံးခြင်းဖြင့် မိမိတို့၏အမှားများကိုပြုပြင်ရန် ကြိုးစားကြပါသည်။ ဆေးဝါးတစ်မျိုးဖြင့်ရောဂါသက်သာမှုကို ချက်ချင်းမရှိပါက အခြားဆေးတစ်မျိုးကိုပြောင်းသောက်ကြခြင်းဖြင့် အန္တရာယ်ပိုမိုဆိုးရွားလာပါသည်။

ဆေးဝါးများသည် ရောဂါများကိုပျောက်ကင်းနိုင်သောအစွမ်းမရှိကြောင်းကို လူများအားရှင်းပြရပါမည်။ တစ်ခါတစ်ရံတွင် ရောဂါသက်သာမှုကိုခံစားရသည်မှာ မှန်သော်လည်း ဤကဲ့သို့သက်သာခြင်းမှာ ဆေးဝါးများကြောင့်မဟုတ်ဘဲ သဘာဝတရားသည် ရောဂါကိုဖြစ်စေသောအဆိပ်အတောက်များနှင့် အခြေအနေကိုပြုပြင်ပြောင်းလဲစေသောကြောင့်ဖြစ်ပါသည်။ ဆေးဝါးများမရှိသော်လည်း ရောဂါများပျောက်ကင်းပါသည်။ အခြေအနေအမြောက်အမြားတွင် ဆေးဝါးများသောက်သုံးခြင်းဖြင့် ရောဂါ၏လက္ခဏာသည်ပြောင်းလဲသွားပြီး သက်သာသယောင်ရှိသော်လည်း ကိုယ်ခန္ဓာအတွင်းအဆိပ်အတောက်များဆက်လက်ကျန်ရှိနေသောကြောင့် နောက်ပိုင်းတွင် အန္တရာယ်ပိုမိုဆိုးရွားလာစေပါသည်။



အဆိပ်အတောက်ရှိသောဆေးဝါးများကိုအသုံးပြုခြင်းဖြင့် နာတာရှည်ဖျားနာမှုများကိုဖြစ်စေပါသည်။ သဘာဝကုထုံးများကိုအသုံးပြုခြင်းဖြင့် ရောဂါပျောက်ကင်းစေနိုင်ပါလျက်နှင့် လူနာများမလိုအပ်ဘဲအသက်ဆုံးရှုံးရပါသည်။ လက်ရှိအသုံးပြုလျက်ရှိသောကုထုံးများတွင် အဆိပ်အတောက်များသည် ကိုယ်ခန္ဓာနှင့်ဝိညာဉ်ကိုဖျက်ဆီးစေမည့် အကျင့်ဆိုးများကိုဖြစ်စေပါသည်။ ယနေ့မှတ်ပုံတင်ထားသောဆေးဝါးအမြောက်အမြားနှင့် ဆရာဝန်များကညွှန်းလျက်ရှိသောဆေးဝါးများသည် လူ့အသိုက်အဝန်းအတွက်ဝန်ထုပ်များဖြစ်သောအရက်နှင့်မူးယစ်ဆေးဝါးများကိုသုံးစွဲစေသောအကျင့်များ၏အခြေခံဖြစ်ပါသည်။

ထိုကြောင့် ကောင်းသောအရာများအတွက် တစ်ခုတည်းသောမျှော်လင့်ချက်သည် လူများကိုမှန်ကန်သောလမ်းညွှန်ချက်များဖြင့် ပညာပေးခြင်းဖြစ်ပါသည်။ ဆရာဝန်များက လူများကိုပျောက်ကင်းစေနိုင်သောတန်ခိုးသည် ဆေးဝါးများတွင်မဟုတ်ဘဲ သဘာဝတရားတွင်ရှိကြောင်းကို သွန်သင်ရပါမည်။ ဖျားနာခြင်းသည် ကျန်းမာရေးပညတ်ချက်များကိုချိုးဖောက်ခြင်းကြောင့်ဖြစ်ပေါ်လာရသည့်အကျိုးဆက်များဖြစ်ကြောင်း၊ ၎င်းကိုဖယ်ရှားရန် သဘာဝ၏လုပ်ဆောင်ချက်များလိုအပ်ကြောင်း သိနားလည်စေရပါမည်။ ဖျားနာပါကအကြောင်းရင်းကိုရှာဖွေရပါမည်။ ကျန်းမာရေးနှင့်မညီညွတ်သောအခြေအနေများကိုဖယ်ရှားပါ။ မှားယွင်းသောအကျင့်များကိုပြုပြင်ရပါမည်။ ထိုသို့ပြုပါက ကိုယ်ခန္ဓာအတွင်းရှိအဆိပ်အတောက်များကိုဖယ်ရှားပြီး ကျန်းမာသောအခြေအနေသို့ပြန်လည်ရောက်ရှိလာရန် သဘာဝတရားက ကူညီပါလိမ့်မည်။

## သဘာဝကုထုံးများ

သဘာဝကုထုံးများမှာ လေကောင်းလေသန့်၊ နေရောင်ခြည်၊ ချုပ်တည်းခြင်း၊ အနားယူခြင်း၊ ကာယလေ့ကျင့်ခြင်း၊ သင့်လျော်သောအစားအသောက်၊ ရေကိုမှန်ကန်စွာအသုံးပြုခြင်းနှင့် ဘုရားသခင်၏တန်ခိုးတော်ဖြစ်ပါသည်။ လူတိုင်းလူတိုင်းသည် သဘာဝကုထုံးများကိုသိရှိပြီးအသုံးပြုတတ်ရန်လိုအပ်ပါသည်။ ဖျားနာသောသူများကိုကုသရာတွင် အသုံးပြု

ရသည့်နည်းစနစ်များကိုသိရှိပြီး ဤအတွေ့အကြုံများကိုလက်တွေ့ကျင့်သုံးရန် အလွန်အရေးကြီးပါသည်။

သဘာဝကုထုံးများကိုအသုံးပြုခြင်းတွင် ဂရုစိုက်မှုနှင့်ကြိုးစားအား ထုတ်ခြင်းများစွာလိုအပ်ပါသည်။ သဘာဝ၏ကုသမှုလုပ်ဆောင်ချက်သည် ဖြည်းညင်းပြီးစိတ်မရှည်သူများအဖို့ ကြာသည်ဟုထင်ရပါသည်။ အန္တရာယ်ရှိသောတဏှာများကိုချုပ်တည်းခြင်း ခက်ခဲလှပါသည်။ သို့သော်အဆုံး၌မူ အပြစ်အနာအဆာကင်းသောသဘာဝတရားသည် မိမိ၏အမှုကိုကောင်းစွာပြုသွားသည်ကို တွေ့မြင်ရပါလိမ့်မည်။ သဘာဝ၏တားမြစ်ချက်များကိုလိုက်လျှောက်သောသူသည် ကိုယ်ကာယနှင့်စိတ်ဝိညာဉ်ကျန်းမာရေးအကျိုးကို ခံစားရပါမည်။

ကျန်းမာရေးထိန်းသိမ်းမှုလုပ်ငန်းကို ဂရုစိုက်သူနည်းပါးလှပါသည်။ ရောဂါဖြစ်မှကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုမိုကောင်းပါသည်။ မိမိအတွက်သော်လည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင်အတွက်သော်လည်းကောင်း လူတိုင်းသည် ကျန်းမာရေးစည်းကမ်းများကိုနားလည်သိရှိပြီး လိုက်နာရန်လိုအပ်ပါသည်။ ဖွဲ့စည်းမှုများတွင်အထူးခြားဆုံးဖြစ်သော လူ့ခန္ဓာကိုယ်ဖွဲ့စည်းမှုကို လူတိုင်းနားလည်ရန်လိုအပ်ပါသည်။ ခန္ဓာကိုယ်အတွင်းရှိအစိတ်အပိုင်းအမျိုးမျိုးနှင့် ၎င်းတို့၏ဆက်စပ်မှုများ၊ ကျန်းမာရေးအတွက် အပြန်အလှန်မှီတင်းမှုများကို သိရှိရပါမည်။ စိတ်နှင့်ကိုယ်ခန္ဓာအပြန်အလှန်အကျိုးသက်ရောက်မှုများနှင့် ထိန်းကျောင်းသည့်စည်းမျဉ်းများကို လေ့လာသင့်ပါသည်။

## သဘာဝအခက်အခဲများအတွက်လေ့ကျင့်ခြင်း

ကျန်းမာခြင်းသည် ကံတရားပေါ်တွင်မူမတည်ကြောင်းကို ထပ်ခါတလဲလဲသတိပေးရန်လိုမည်မဟုတ်ပါ။ ကျန်းမာခြင်း၏စည်းကမ်းများလိုက်လျှောက်ခြင်းအားဖြင့်သာရပါမည်။ ဤအချက်ကို အားကစားသမား



များနှင့်ကာယခွန်အားယှဉ်ပြိုင်သူများက သက်သေပြလျက်ရှိပါသည်။ ဤသူများသည် ဂရုတစိုက်ပြင်ဆင်၍ စည်းကမ်းများကိုအတိအကျလိုက်နာကာ အပြည့်အဝလေ့ကျင့်ကြပါသည်။ မိမိတို့၏အကျင့်များကို ဂရုတစိုက်ကျင့်ကြံကြသည်။ သူတို့သည် ဂရုမစိုက်ခြင်း၊ လွန်ကျူးခြင်းနှင့် သတိမရှိခြင်းကြောင့် ကိုယ်ခန္ဓာရှိအစိတ်အပိုင်းများကိုအားနည်းစေခြင်း၊ ထိခိုက်စေခြင်းဖြင့် အရှုံးနှင့်ရင်ဆိုင်ရမည်ကိုနားလည်ကြပါသည်။

ဘဝ၏အခက်အခဲများနှင့်ရင်ဆိုင်အောင်မြင်ရမည့်သူများအဖို့ ဤသည်ထက်ပင်ပို၍သတိရှိရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့်တိုက်လှန်ပွဲသည် အသေးအဖွဲမဟုတ်ပါ။ ကျွန်ုပ်တို့၏ထာဝရအသက်သည် ဤတိုက်လှန်ပွဲပေါ်တွင်မူတည်ပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် မျက်စိဖြင့်မမြင်နိုင်သောနတ်ဆိုးများသည် ဝန်းရံလျက်ရှိပါသည်။ ကျန်းမာခြင်းကိုထိခိုက်စေသောအရာများသည် ကိုယ်ကာယသာမကဘဲ စိတ်ရေးနှင့်ကိုယ်ကျင့်တရားကိုလည်း ဆုတ်ယုတ်စေပါသည်။ လွန်ကျူးခြင်းနှင့်မကျန်းမာသောအပြုအမူများသည် အဆိုးနှင့်အကောင်းကိုဝေခွဲရာ၌ ကျွန်ုပ်တို့အဖို့ပိုမိုခက်ခဲစေပါသည်။ ထိုကြောင့်လည်း စာတန်ကိုအောင်မြင်ရန် ပိုမိုခက်ခဲစေပါသည်။ အရှုံးနှင့်ရင်ဆိုင်ရသောအန္တရာယ်နှင့် ပိုမိုနီးစေပါသည်။

"မြေတလင်း၌ပြိုင်၍ပြေးကြသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တစ်ယောက်တည်းသာလျှင်ဆုကိုရသည်" (၁ကော ၉း၂၄)။ ကျွန်ုပ်တို့ရင်ဆိုင်ရသောတိုက်လှန်ပွဲတွင် စစ်မှန်သောပညတ်များကိုလိုက်လျှောက်သူတိုင်းသည် အောင်မြင်လိမ့်မည်။ သို့သော်လည်း အသက်တာတွင် ဤပညတ်များကိုအရေးမကြီးဟုယူဆပြီး ဂရုစိုက်ရန်မလိုဟုထင်ကြပါသည်။ သို့သော်လည်း ထာဝရအသက်နှင့်ယှဉ်ပါက သေးငယ်သောအရာတစ်ခုမျှမရှိပါ။ ကျွန်ုပ်တို့၏အပြုအမူတိုင်းသည် ဘဝ၏အောင်မြင်ခြင်းနှင့်ဆုံးရှုံးခြင်းချိန်ခွင်လျှာကို အကျိုးသက်ရောက်စေပါသည်။ ထိုကြောင့်ကျမ်းစာတွင် "ဆုကိုရမည်အကြောင်းပြေးကြလော့" (အငယ် ၂၄)။

ကျွန်ုပ်တို့၏မိဦးဖဦးတို့သည် ချုပ်တည်းမှုနှင့်အားနည်းခြင်းကြောင့် ဧဒင်ဥယျာဉ်ကိုဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့် ဧဒင်ဥယျာဉ်ကိုပြန်လည်ရရှိရေး၌ ချုပ်တည်းခြင်းသည် လူများထင်သည်ထက်ပို၍အရေးပါလျက်ရှိပါသည်။

ရှေးဂရိအားကစားပွဲများတွင် ပါဝင်ယှဉ်ပြိုင်သူများကိုညွှန်းလျက်ပေါလုက "ပွဲ၌ပြိုင်၍အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏၊ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သောပန်းဦးရစ်ကို ရယူခြင်းအလိုငှာပြုကြ၏၊ ငါတို့မူကား၊ မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကိုရခြင်းအလိုငှာပြုကြ၏။ ထို့ကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်၊ လက်ဝှေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာထိုး၍ သတ်သည်မဟုတ်၊ သူတစ်ပါးကိုဆုံးမပြီးမှကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏" (အငယ် ၂၅-၂၇)။

ပြောင်းလဲမှု၏တိုးတက်ခြင်းသည် အမှန်တရား၏အခြေခံမှုများကိုနားလည်သိရှိမှုအပေါ်မူတည်ပါသည်။ တစ်ဖက်တွင်ကျဉ်းမြောင်းသောအတွေးအခေါ်များ၊ ကြင်နာမှုကင်းမဲ့သောယုံကြည်ချက်များနှင့် အခြားတစ်ဖက်တွင်သတိကင်းမဲ့သောလွတ်လပ်သည့်အတွေးအခေါ်များရှိပါသည်။ ခိုင်မာသောပြောင်းလဲခြင်း၏အခြေခံသည် ဘုရားသခင်၌သာတည်ပါသည်။ ဤပညတ်တော်များကို ရှင်းလင်းတိကျစွာဖြင့်ဖော်ပြပြီး လူအများကိုသင်ပြရပါမည်။ ဤပညတ်များသည် ဘုရားသခင်ကဲ့သို့ထာဝရတည်မြဲပါသည်။

စွမ်းရည်လျော့နည်းခြင်းကြောင့် ဘုရားသခင်မှလမ်းလွှဲခြင်း၏အခြေခံအကြောင်းရင်းတစ်ခုသည် ချုပ်တည်းမှုဖြစ်ပါသည်။ ဤဆုံးရှုံးသောတန်ခိုးကို ပြန်လည်ရယူမှသာလျှင် စစ်မှန်သောတိုးတက်မှုကိုရရှိပါမည်။

အကျင့်သီလတည်ဆောက်မှုအတွက် စိတ်နှင့်ဝိညာဉ်ဖွံ့ဖြိုးတိုးတက်ခြင်း၏တစ်ခုတည်းသောကြားခံသည် ကိုယ်ခန္ဓာဖြစ်ပါသည်။ ထို့ကြောင့် ဝိညာဉ်ကိုဖျက်ဆီးသောစာတန်သည် ကျွန်ုပ်တို့၏ကာယကိုအားနည်းဆုတ်ယုတ်စေရန် နှောင့်ယှက်လျက်ရှိပါသည်။ စာတန်သည် အောင်မြင်ပါက ကျွန်ုပ် တို့သည် ကိုယ်ရောစိတ်ပါဆုံးရှုံးသွားပါလိမ့်မည်။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်ကို ပိုမိုတန်ခိုးရှိသောသခင်ထံသို့ အပ်နှံခြင်းမရှိပါက ပျက်စီးဆုံးရှုံးခြင်းနှင့်ရင်ဆိုင်ရပါမည်။



ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို တန်ခိုးရှင်၏အုပ်စိုးမှုအောက်သို့ အပ်နှံရပါမည်။ ကျွန်ုပ်တို့၏အလိုများကို ဘုရားသခင်၏ထိန်းချုပ်မှုအောက်၌ရှိသော ကျွန်ုပ်တို့၏စိတ်အလိုက ဦးစီးရပါမည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သန့်စင်ထားသည့် ကျွန်ုပ်တို့၏ဆင်ခြင်တတ်သောစိတ်သည် ကျွန်ုပ်တို့၏အသက်တာကိုဦးစီးရပါမည်။

ဘုရားသခင်၏အလိုတော်ကိုသိရှိရန်လိုအပ်ပါသည်။ လူတိုင်းသည် သန့်ရှင်းမှုရှိပြီး ကိုယ်ကိုကိုယ်ထိန်းချုပ်တတ်ရမည်။ မကောင်းသောအကျင့်များနှင့် အစားလွန်ကြူးခြင်းကင်းရမည်။ မိမိတို့၏စိတ်တန်ခိုးနှင့်ကိုယ်ခန္ဓာသည် ဘုရားသခင်ကပေးသနားထားသည်ကိုသိရှိပြီး ကိုယ်တော်၏အမှုတော်ကိုဆောင်ရန် ဤအရာများကိုအကောင်းဆုံးဖြစ်ရန် ထိန်းသိမ်းရမည့်အကြောင်းကို လူတိုင်းသိရှိရန်လိုပါသည်။

ဧဝံဂေလိတရားတော်ကိုပုံဆောင်သော ရှေးထုံးတမ်းများတွင် ဘုရားသခင်၏ရာဇပလ္လင်တော်၌ ပူဇော်ခြင်းခံသောယဇ်ကောင်၌ အပြစ်အနာအဆာမရှိစေရပါ။ သခင်ခရစ်တော်ကိုပုံဆောင်သောယဇ်ကောင်သည် အနာအဆာကင်းရမည်။ ဘုရားသခင်၏သမ္မာကျမ်းစာ၌ ဤအချက်ကိုထောက်၍ ဘုရားသခင်၏သားသမီးများသည် "အသက်ရှင်သောယဇ်၊" "ဘုရားသခင်နှစ်သက်တော်မူဖွယ်သောလက္ခဏာနှင့် သန့်ရှင်းခြင်းရှိသောယဇ်" ဖြစ်ရမည်ဟု ဖော်ပြထားပါသည်။ ရောမ ၁၂း၁။ ဧဖက် ၅း၂၇။

သခင်ခရစ်တော်မပါဘဲ စစ်မှန်သောပြောင်းလဲခြင်းမရှိနိုင်ပါ။ ကျွန်ုပ်တို့၌စွဲနေသောအကျင့်ဆိုးများနှင့်သဘာဝသည် အဟန့်အတားများဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာကို သခင်ခရစ်တော်၏အသက်တာဖြင့် အုပ်စိုးခြင်းကို

ခံရမှသာလျှင် စာတန်၏အတွင်းနှင့်အပြင်နှောင့်ယှက်ခြင်းကို တွန်းလှန်နိုင်ပါမည်။

သခင်ခရစ်တော်၌ဆက်ကပ်ထားသောနှလုံးသားသည် ချုပ်နှောင်ခြင်းခံရသူများကို လွတ်မြောက်စေသည့်ရွှေပညတ်ထိန်းချုပ်မှုအောက်သို့ ရောက်သွားပါသည်။ သခင်ခရစ်တော်၌တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့် လူသည်လွတ်လပ်ခွင့်ကိုရရှိပါသည်။ သခင်ခရစ်တော်၏အလိုတော်ကိုလိုက်လျှောက်ခြင်းဖြင့် အပြစ်မဲ့သောမူလအခြေအနေသို့ ပြန်လည်ပို့ဆောင်ခြင်းကိုခံရပါသည်။

ဘုရားသခင်၏စကားတော်ကိုနားထောင်ခြင်းဖြင့် အပြစ်၏ကျေးကျွန်ဘဝမှလွတ်မြောက်ပြီး လောက၏တဏှာမှကယ်တင်ခြင်းကို ရရှိပါမည်။ "လူသည်မိမိကိုယ်ကိုအောင်နိုင်သူ၊ မိမိ၏တဏှာရမ္မက်များ၊ အထွတ်အမြတ်များ၊ အာဏာစက်များ၊ လောကမှောင်မိုက်၌အစိုးတရပြုသောမင်းတို့နှင့်လည်းကောင်း၊ မိုးကောင်းကင်၌နေသောနတ်ဆိုးတို့" (ဧဖက် ၆း၁၂) ကိုအောင်မြင်သောသူများဖြစ်လိမ့်မည်။

ဤသွန်သင်ချက်များကိုလည်းကောင်း၊ ဤသွန်သင်ချက်များ၏အကျိုးတရားကိုလည်းကောင်း အိမ်ထောင်များတွင် အလွန်လိုအပ်လျက်ရှိပါသည်။ အမူအကျင့်များ၏မူလအခြေခံကိုဆောက်တည်ရန် မိဘများတွင်တာဝန်ရှိပါသည်။ ကိုယ်ကာယနှင့်အကျင့်အတွက် ဘုရားသခင်၏ပညတ်တော်များကို ပြသရပါမည်။ ဤလောကကိုဖျက်ဆီးနေသော နတ်ဆိုး၏ရန်မှကာကွယ်ရန် ဘုရားသခင်၏ပညတ်တော်များကိုနားထောင်ခြင်းသည် တစ်ခုတည်းသောလွတ်မြောက်ရာလမ်းဖြစ်ကြောင်းကို ပြသရပါမည်။ မိဘများသည် သားသမီးများသာမက မိမိတို့အတွက်ပင်တာဝန်ရှိကြောင်းကိုရှင်းပြပါ။ မိဘများသည် ဘုရားသခင်၏စကားတော်များကိုနားထောင်ခြင်း၊ ငြင်းပယ်ခြင်း၊ နမူနာများကိုသားသမီးများအား ပြသလျက်ရှိပါသည်။ မိမိတို့၏သွန်သင်ချက်များနှင့်နမူနာများက မိမိတို့အိမ်ထောင်၏လာမည့်အချိန်ကိုဆုံးဖြတ်ပါလိမ့်မည်။ သားသမီးများသည် မိဘများ၏သွန်သင်လမ်းပြမှုအတိုင်းဖြစ်လာပါမည်။



မိမိတို့၏သားသမီးများသည် မိဘများ၏သွန်သင်ချက်များနှင့်နမူနာများပေါ်မူတည်၍ အပြစ်ကိုပြုလုပ်ခြင်း (သို့မဟုတ်) အမှန်တရားကိုလိုက်လျှောက်ရန် ဆုံးဖြတ်ရွေးချယ်မည့်အကြောင်းကို မိဘများသိရှိလာပါက ပြောင်းလဲမှုဖြစ်ပေါ်နိုင်ပါသည်။ မိဘအမြောက်အမြားသည် ထုံးတမ်းအစဉ်အလာများကိုပစ်ပယ်၍ ဘုရားသခင်၏အသက်ရှင်ခြင်းနှင့်ဆိုင်သောပညတ်ချက်များကို လက်ခံလာပါလိမ့်မည်။

## နမူနာကောင်းပြသခြင်း၏အကျိုးထိရောက်မှု

ဆရာဝန်များသည် လူနာများ၏အိမ်၊ လူနာများ၏အိပ်ရာနံဘေး၌ ရောဂါသက်သာရန် ဆေးကုသရာ၌လည်းကောင်း၊ သေတွင်း၏နှုတ်ခမ်းဝမှ လူနာများကိုကယ်တင်ရာ၌လည်းကောင်း၊ အသက်ဆုံးရှုံးတော့မည့်လူနာများကို အားပေးရာ၌လည်းကောင်း ထိုသူများ၏အားကိုးမှု၊ ယုံကြည်မှုများကို အခြားသူများထက်ပိုမိုခံစားရပါသည်။ ခရစ်ယာန်တရားဟောဆရာများပင် ဤမျှလောက်သြဇာသက်ရောက်ခြင်းမရှိပါ။

ဆရာဝန်၏သွန်သင်ချက်များကဲ့သို့ပင် မိမိ၏ပြသသောနမူနာသည်လည်း အမှန်တရားကိုသက်သေခံရမည်။ ပြုပြင်ပြောင်းလဲမှုကိုလိုလားသည့် အမျိုးသမီးများနှင့်အမျိုးသားများ၏အသက်တာသည် ချုပ်တည်းမှုကိုကျင့်ဆောင်သောပုံသက်သေဖြစ်ရမည်။ ကျွန်ုပ်တို့၏သွန်သင်ချက်များကို မိမိကိုယ်တိုင်ကျင့်ကြံခြင်းဖြင့် ပိုမိုသြဇာသက်ရောက်စေပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ဖြင့် လူသားများဆုံးရှုံးခဲ့ရသောအရာများကို ကိုယ့်ကိုကိုယ်ချုပ်တည်းမှုဖြင့် ပြန်လည်ရရှိနိုင်မည့်အကြောင်းကို လက်တွေ့သက်သေပြရန် ဤလောကတွင်လိုအပ်နေပါသည်။ သခင်ခရစ်တော်၌တည်သောအသက်

တာ၌ ဇဝံဂေလိတရားတော်၏ကယ်တင်ခြင်းတန်ခိုးအကြောင်း သတင်းစကားထက် အခြားမည်သည့်အကြောင်းအရာကိုမျှ ဤလောကတွင်လိုအပ်ခြင်းမရှိပါ။

မှန်ကန်သောပုံသက်သေဖြင့်နေထိုင်ရန် လိုအပ်သည့်အားပေးမှုနှင့် ခွန်အားလိုအပ်လျက်ရှိသူများကို ဆရာဝန်များသည် အမြဲတမ်းကြုံတွေ့လျက်ရှိပါသည်။ လူအမြောက်အမြားသည် အားနည်းလျက်ရှိပြီး ချုပ်တည်းမှုကင်းမဲ့ကာ မကြာခဏစုံစမ်းနှောင့်ယှက်ခြင်း၏အနိုင်ယူခြင်းကိုခံရပါသည်။ ဤသူများကိုကူညီရန် ဆရာဝန်များသည် မိမိတို့၏အသက်တာ၌ ကာမတဏှာနှင့်အခြားဘေးအန္တရာယ်ရှိသော အကျင့်ဆိုးများကိုအောင်မြင်နိုင်သောတန်ခိုးကို လက်တွေ့စံနမူနာပြသ၍ နေထိုင်သွားရမည်။ သူ၏အသက်တာတွင် ဘုရားသခင့်တန်ခိုးတော်၏လုပ်ဆောင်မှုကို သက်သေပြရပါမည်။ ဤကဲ့သို့လက်တွေ့သက်သေပြခြင်းမရှိပါက မည်သို့ပင်လှုံ့ဆော်တိုက်တွန်းစေကာမူ သူ၏စံနမူနာသည် အပြစ်တရားပြုလုပ်ရန်ကိုသာ အားပေးတိုက်တွန်းနေပါသည်။

မိမိတို့၏မှားယွင်းသောအကျင့်နှင့်အပြုအမူများကြောင့် ရောဂါများဖိစီးနေသူအမြောက်အမြားသည် ဆရာဝန်များထံမှအကူအညီတောင်းခံလျက်ရှိပါသည်။ သူတို့သည် နာကျင်ပွန်းပဲ့ပြီးအားနည်းလျက်ရှိပါသည်။ မိမိတို့၏အမှားများနှင့်အပြစ်တရားကို ပြန်လည်တွန်းလှန်နိုင်သောအင်အားမရှိကြောင်းကိုလည်းသိပါသည်။ ယခုအခါ ဤသူများကို ဤအခြေအနေသို့ရောက်ရှိရန် ပို့ဆောင်တိုက်တွန်းခဲ့သောအတွေးအခေါ်များနှင့် ခံစားမှုများအားလုံးကို ဖယ်ရှားပစ်ရပါမည်။ သူတို့၏ပတ်ဝန်းကျင်တွင် မြင့်မြတ်သန့်ရှင်းသောအတွေးအခေါ်များနှင့် ခံစားမှုများသာရှိရပါမည်။ ဤကဲ့သို့မဟုတ်ဘဲ သူတို့ကိုစံနမူနာကောင်းပြသရမည့်သူများသည် တာဝန်မဲ့သူတို့ကိုယ်တိုင်ပင် အကျင့်ဆိုးများစွဲလျက် မီးလောင်ရာလေပင့်ဆိုသကဲ့သို့ လူနာများကိုအပြစ်တရားနှင့်ပိုမိုနစ်မွန်းစေပါက အလွန်မှပင်ဆိုးရွားပါမည်။



## ဆရာဝန်များနှင့်ချုပ်တည်းခြင်းလုပ်ငန်း

ဆေးလိပ်နှင့်သေရည်သေရက်ကိုသောက်သုံးခြင်းဖြင့် ကိုယ်ခန္ဓာနှင့်ဝိညာဉ်ပျက်စီးလျက်ရှိသူအမြောက်အမြားသည် ဆရာဝန်ထံသို့ရောက်ရှိကုသလျက်ရှိပါသည်။ တာဝန်သိသောဆရာဝန်သည် ဤသူ၏အပြစ်ကိုညွှန်ပြရပါမည်။ သို့သော်လည်း ဤဆရာဝန်သည် ဆေးလိပ်နှင့်သေရည်သေရက်ကို မိမိကိုယ်တိုင်သုံးစွဲသူဖြစ်နေပါက သူ၏စကားများသည် မည်ကဲ့သို့ရှိမည်နည်း။ မိမိ၏အကျင့်များကြောင့် လူနာအားဆေးလိပ်နှင့်သေရည်သေရက်အကြောင်းကိုပြောကြားရန် သူတွန့်ဆုတ်ခြင်းရှိမည်မဟုတ်ပါလား၊ ဤအရာများကို မိမိကိုယ်တိုင်သုံးစွဲခြင်းဖြင့် ဆေးလိပ်နှင့်သေရည်သေရက်မကောင်းကြောင်းကို လူငယ်များသို့မည်သို့ပြောကြားနိုင်မည်နည်း။

ဆရာဝန်တစ်ဦးသည် မကောင်းသောအကျင့်များကိုကျင့်နေပါက မိမိ၏ပတ်ဝန်းကျင်တွင် သန့်ရှင်းမှု၏ချုပ်တည်းခြင်းရှိသူ၊ ချုပ်တည်းမှုလုပ်ငန်းတွင် ထိရောက်စွာပါဝင်လုပ်ရှားသူနှင့် မည်ကဲ့သို့ဖြစ်နိုင်မည်နည်း၊ မိမိ၏ဝင်သက်ထွက်သက်များသည် အရက်နံ့နှင့်ဆေးလိပ်နံ့များစွဲလျက်နှင့် လူနာ၏ခုတင်ဘေး၌ မည်ကဲ့သို့လက်ခံနိုင်မည်နည်း။

နိုကိုတင်းအဆိပ်များပြည့်ဝနေသောသွေးကြောမျှင်များနှင့် ဦးနှောက်များဖြင့်ကျွမ်းကျင်သောဆရာဝန်တစ်ဦးအဖြစ် မိမိ၌ပေးအပ်သောတာဝန်ကို မည်သို့ထမ်းဆောင်မည်နည်း။ သတိတရားထားရှိမှုနှင့် ဆုံးဖြတ်ချက်များကို လျင်မြန်စွာချရန်လိုအပ်ပါက သူသည်စွမ်းဆောင်နိုင်မည်မဟုတ်ပါ။

မိမိကိုယ်ခန္ဓာကိုထိန်းချုပ်လျက်ရှိသောစည်းကမ်းချက်များကို လိုက်လျှောက်ခြင်းမရှိဘဲ ဝိညာဉ်နှင့်ကိုယ်ခန္ဓာချုပ်တည်းမှုကိုလျစ်လျူရှုကာ ကိုယ့်အလိုကိုလိုက်ခြင်းဖြင့် သူသည် အခြားသူများ၏အသက်တာကိုစောင့်ရှောက်နိုင်သူနှင့် တာဝန်ယူနိုင်သူမဖြစ်နိုင်ကြောင်းကို မိမိကိုယ်တိုင်သက်သေပြလျက်ရှိပါသည်။

သစ္စာရှိသောဆရာဝန်တစ်ဦးသည် မည်မျှပင်ကျွမ်းကျင်စေကာမူ စိတ်ပျက်ခြင်းနှင့်ဆုံးရှုံးခြင်းကိုကြုံတွေ့နေရမည်သာဖြစ်ပါသည်။ မိမိ၏မျှော်မှန်းထားသည့်အတိုင်းဖြစ်မလာဘဲ ဆုံးရှုံးမှုများကိုမကြာခဏကြုံတွေ့ရပါမည်။ မိမိ၏လူနာသည် ပြန်လည်ကျန်းမာလာသော်လည်း ဤလောကနှင့်လူနာအတွက်အကျိုးမရှိဖြစ်တတ်ပါသည်။ လူနာအမြောက်အမြားသည် ပြန်လည်ကျန်းမာလာပါက မူလအကျင့်များကိုပြန်လည်ကျင့်ဆောင်ပြီး ရောဂါကိုပြန်လည်ဖိတ်ခေါ်သယောင်ရှိနေပါသည်။ ရေးနည်းတူကိုယ့်အလိုကိုလိုက်၍ အမှားအယွင်းများကိုပြန်လည်ပြုလုပ်ကြပါသည်။ ဆရာဝန်၏ကြိုးစားလုပ်ဆောင်ခဲ့မှုများသည် အချည်းအနှီးဖြစ်ရပါမည်။

သခင်ခရစ်တော်သည်လည်း ဤကဲ့သို့အဖြစ်မျိုးနှင့်ကြုံတွေ့ခဲ့သော်လည်း လက်မလျှော့ခဲ့ပါ။ အနာကြီးရောဂါစွဲသူဆယ်ဦးတွင် လူမျိုးခြားရှမာရိတစ်ဦးသာလျှင် ဘုရားသခင်ကိုကျေးဇူးတင်ခဲ့ပါသည်။ သခင်ခရစ်တော်သည် ဤတစ်ဦးအတွက် ဆယ်ဦးစလုံးကိုပျောက်ကင်းစေခဲ့ပါသည်။ ကိုယ်တော်ထက်ပို၍မအောင်မြင်ပါကလည်း ဆရာဝန်သည် ဆေးသမားတော်ကြီးသခင်ခရစ်တော်ထံမှ သင်ခန်းစာယူသင့်ပါသည်။ သခင်ခရစ်တော်အား "အားမလျှော့၊ စိတ်လည်းမပျက်ရ၊" "မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်" ဟေရှာယ ၄၂း၄။ ၅၃း၁၁။

လူတစ်ဦးသာလျှင် ဧဝံဂေလိတရားတော်နှင့် ကိုယ်တော်၏ကျေးဇူးတော်ကိုလက်ခံပါကလည်း သခင်ခရစ်တော်သည် ဤတစ်ဦးကိုကယ်တင်ရန် ဤလောကသို့ဆင်းသက်၍ အခက်အခဲများကိုခံစားကာ ရက်ဖွယ်ကောင်းသောသေခြင်းကို အသေခံသွားပါမည်။ ထိုနည်းတူ ကျွန်ုပ်တို့၏ကြိုးစားမှုကြောင့် လူတစ်ဦးသည်ပြောင်းလဲလာပြီး ဘုရားသခင်၏ဗိမာန်တော်တွင် အလင်းတစ်ဆောင်ဖြစ်ပါက ကျွန်ုပ်တို့အတွက်လည်း ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။



ဆရာဝန်တစ်ဦး၏တာဝန်များသည် အလွန်ကြီးမားပြီးစိတ်ရှည်ရပါမည်။ ဤတာဝန်များကိုကျေပွန်ရန်လည်း အလွန်ကြံ့ခိုင်၍ကျန်းမာရေးကောင်းရန်လိုအပ်သည်။ မကျန်းမာ၍ချည့်နဲ့သောသူသည် ဤပင်ပန်းဖွယ်သောဆရာဝန်၏တာဝန်ကို မထမ်းဆောင်နိုင်ပါ။ ကိုယ့်ကိုကိုယ်ချုပ်တည်းမှုနည်းသောသူသည် လူတန်းစားအလွှာအမျိုးမျိုးနှင့်ဆက်ဆံရသည့်အလုပ်ကို စွမ်းဆောင်နိုင်မည်မဟုတ်ပါ။

တစ်ခါတစ်ရံအိပ်ရေးပျက်၊ အစားပျက်နှင့်စိတ်အပန်းဖြေမှုများနှင့် ဘာသာရေးအားပေးမှုများပင်မရှိသော အခြေအနေ၌နေထိုင်ရသော ဆရာဝန်တစ်ဦး၏အသက်တာသည် အရိပ်မည်းထိုးလျက်ရှိပါသည်။ နာကျင်နေသူများနှင့်အကူအညီတောင်းခံလျက်ရှိသူများကို ကြည့်ရှုဆက်ဆံခြင်းကြောင့် စိတ်ဆင်းရဲပြီး လူ့အသိုက်အဝန်းကိုပင် အယုံအကြည်ကင်းမဲ့လာပါသည်။

သေခြင်းတရားနှင့်အနာရောဂါများကို ရင်ဆိုင်တိုက်လှန်ခြင်းကြောင့် အားအင်များကုန်ခန်းကာ ခံနိုင်ရည်အဆုံးသို့ရောက်ရှိလာပါသည်။ ဤအခြေအနေ၌မိမိ၏အကျင့်သည်လည်း အဆုံးတိုင်စုံစမ်းနှောင့်ယှက်ခြင်းကိုခံရပါသည်။ ဆရာဝန်များသည် အခြားသူများထက်ပို၍ ကောင်းကင်နိုင်ငံတော်ကိုမျက်မှောက်ပြုယုံကြည်ကိုးစားလျက် ကိုယ့်ကိုကိုယ်ချုပ်တည်းပြီး စိတ်သန့်ရှင်းမှုရှိရန်လိုအပ်ပါသည်။ မိမိအတွက်လည်းကောင်း၊ အခြားသူများအတွက်လည်းကောင်း ဆရာဝန်တစ်ဦးသည် ကိုယ်ကာယကျန်းမာရေးစည်းကမ်းချက်များကို လိုက်နာရပါမည်။ ကိုယ်ကာယကျန်းမာခြင်းကိုလိုက်လျှောက်ခြင်းမရှိပါက ဝိညာဉ်ရေးကျန်းမာခြင်းလည်း ပျက်စီးပါလိမ့်မည်။

ဆရာဝန်တစ်ဦး၏တစ်ခုတည်းသောလုံခြုံမှုမှာ မည်သည့်အခြေအနေ၌ရှိစေကာမူ အမှန်တရားကိုကိုင်စွဲလျက် ဘုရားသခင်၏အမှုတော်၌ခိုင်မြဲခြင်းရှိခြင်းဖြင့် ခွန်အားယူရန်ဖြစ်ပါသည်။ ကိုယ်ကျင့်တရားဖြောင့်မတ်သူဖြစ်ရမည်။ အချိန်တိုင်း၊ နာရီတိုင်း၊ ရက်တိုင်း၌ ကောင်းကင်နိုင်ငံတော်ကို

မျှော်ကိုးလျက်နေထိုင်သွားရမည်။ မောရှေနည်းတူမမြင်ရသေးသောသခင်ကို မျှော်ကြည့်လျက်နေထိုင်သွားရပါမည်။

ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၌တည်ပါသည်။ သခင်ခရစ်တော်နှင့်အတူ ဘုရားသခင်၌တည်သောအသက်တာဖြင့် နေထိုင်ခြင်းမရှိဘဲ လူတစ်ဦးသည် သန့်ရှင်းဖြူစင်သောအသက်တာဖြင့် လူများရှေ့တွင် ကြာရှည်စွာနေထိုင်ခြင်းမပြုနိုင်ပါ။ လူများနှင့်ပေါင်းသင်းဆက်ဆံမှုများလေ၊ ကောင်းကင်နိုင်ငံတော်နှင့်ပိုမိုနီးကပ်စွာ ဆက်သွယ်ရလေဖြစ်ပါသည်။

ဆရာဝန်တစ်ဦးသည် မိမိ၏တာဝန်များကြီးမားများပြားလေ၊ ဘုရားသခင်ကိုပိုမိုလိုအပ်လာလေဖြစ်ပါသည်။ လောကအရာများထက် ထာဝရအသက်နှင့်ဆိုင်သောအရာများကို အချိန်ပိုမိုပေးရမည်။ ဘုရားသခင်နှင့်ဝေးကွာစေသည့် ဤလောကကိုငြင်းပယ်ရမည်။ သူသည် အခြားသူများထက် ဘုရားသခင်၏ဒိုင်းလွှားအောက်၌ခိုလှုံရန် ပိုမိုဆုတောင်းခြင်းနှင့်ကျမ်းစာဖတ်ခြင်းတို့ကိုပြုလုပ်ရမည်။ အသက်တာကိုပြောင်းလဲစေသည့် ဘုရားသခင်၏ကရုဏာ၊ ဖြောင့်မတ်ခြင်းနှင့်အမှန်တရားကို နာရီနှင့်အမျှအဆက်အသွယ်ပြုရမည်။

ဘုရားသခင်၏စကားတော်ကို လက်ခံလိုက်လျှောက်သည်နှင့်အမျှ သူ၏အသက်တာတွင် လှုပ်ရှားမှုများနှင့်အကျင့်သည် ပြောင်းလဲလာပါလိမ့်မည်။ သူ၏စိတ်နှင့်အတွေးအခေါ်များကို သန့်ရှင်းစေပါသည်။ ဘုရားသခင်၏စကားတော်ကိုခိုလှုံသူသည် ခွန်အားရှိပြီး ဆွဲဆောင်မှုများနှင့်ကင်းကွာ၍ မွန်မြတ်သန့်ရှင်းခြင်းသို့ရောက်လိမ့်မည်။

ဘုရားသခင်ကိုခိုလှုံသောသူသည် ဘုရားတရားမဲ့သူများ၏နန်းတော်၌ ဖြောင့်မတ်သည့်အသက်တာဖြင့်နေထိုင်သွားသော ယောသပ်နှင့်ဒံယေလကဲ့သို့ပင် သန့်ရှင်းသောအသက်တာဖြင့်နေထိုင်သွားပါမည်။ သူ၏အကျင့်ဝတ်ရုံသည်ဖြူစင်လိမ့်မည်။ သူ၏အသက်တာတွင် သခင်ခရစ်တော်၏အလင်းတော်ထွန်းတောက်လိမ့်မည်။ နံနက်မိုးသောက်ကြယ်၏အလင်းတော်သည် သူ့အပေါ်မပြောင်းလဲသောဘုန်းတော်ဖြင့်ထင်ရှားလိမ့်မည်။





ဤကဲ့သို့သောအသက်တာသည် ပတ်ဝန်းကျင်အတွက်ခွန်အားဖြစ်လိမ့်မည်။ ဆိုးယုတ်သောအရာများအတွက် အဟန့်အတားဖြစ်စေပြီး စုံစမ်းနှောင့်ယှက်ခြင်းခံရသူများအဖို့ ခိုလှုံရာဖြစ်လိမ့်မည်။ လောက၏စိတ်ပျက်စရာများနှင့်အခက်အခဲများကြားမှ အမှန်တရားကိုရှာဖွေနေသူများအဖို့ အလင်းတစ်ဆောင်ဖြစ်လိမ့်မည်။

---ooo---

အခန်း (၉)

# သွန်သင်ခြင်းနှင့်ကုသခြင်း

ပထမအကြိမ်တပည့်တော်တစ်ဆယ့်နှစ်ပါးကို သာသနာပြုစေလွှတ်စဉ်တွင် သခင်ခရစ်တော်မိန့်မှာတော်မူသည်မှာ "သွားစဉ်တွင် ကောင်းကင်နိုင်ငံတော်တည်လုနီးပြီဟု သတင်ကြားပြောကြလော့၊ နာသောသူတို့အားချမ်းသာပေးကြလော့၊ သေသောသူတို့ကိုထမြောက်စေကြလော့၊ အနာကြီးရောဂါစွဲသောသူတို့ကို သန့်ရှင်းစေကြလော့၊ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့၊ သင်တို့သည်အဖိုးမပေးဘဲ ကျေးဇူးတော်ကိုခံရပြီဖြစ်၍ အဖိုးမပေးဘဲပေးကမ်းကြလော့" မဿဲ ၁၀း၇–၈။

တပည့်တော်ခုနစ်ကျိပ်ကိုစေလွှတ်စဉ်၌လည်း "အကြင်မြို့သို့သင်တို့ဝင်၍––––လူနာကိုချမ်းသာပေးကြလော့၊ ဘုရားသခင်၏နိုင်ငံတော်သည်သင်တို့၌တည်ထောင်သောအချိန်နီးပြီဟု သူတို့အားဟောပြောလော့" (လုကာ ၁၀း၈–၉)။ သူတို့နှင့်အတူ သခင်ခရစ်တော်၏တန်ခိုးတော်ပါရှိသောကြောင့် "ထိုခုနစ်ကျိပ်သောတပည့်တော်တို့သည် ဝမ်းမြောက်သောစိတ်နှင့်ပြန်လာ၍ သခင်၊ ကိုယ်တော်၏နာမအားဖြင့် အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင်နိုင်ပါသည်ဟု လျှောက်ကြ၏။ (အငယ် ၁၇)။

သခင်ခရစ်တော်ကောင်းကင်နိုင်ငံတော်သို့ ပြန်ကြွမြန်းသွားပြီးသည့်နောက်လည်း တပည့်တော်များသည် ဤအမှုကိုဆက်လက်ပြုခဲ့ပါသည်။ ကိုယ်တော်၏အမှုတော်ကို တစ်ဖန်ပြုလုပ်ခဲ့ပါသည်။ "ပတ်ဝန်းကျင်၌ရှိသောမြို့သူရွာသားအပေါင်းတို့သည် အနာစွဲသောသူ၊ နတ်ဆိုးညှဉ်းဆဲသောသူတို့ကိုဆောင်ခဲ့လျက် ယေရုရှလင်မြို့သို့စုဝေးလာကြ၍ ထိုလူနာအပေါင်းတို့သည် အနာကင်းလွတ်ခြင်းသို့ရောက်ကြ၏" တမန်တော် ၅း၁၆။

"တပည့်တော်တို့သည်လည်းထွက်သွား၍ သခင်ဘုရားသည် မစတော်မူသည်နှင့်လည်းကောင်း–––––––ခပ်သိမ်းသောအရပ်တို့၌ တရားဟောကြ၏" မာကု ၁၆း၂၀။



"ဖိလိပ္ပုသည်လည်း ရှမာရိမြို့သို့သွား၍ ခရစ်တော်၏အကြောင်းကိုဟောလေ၏။ လူအစုအဝေးတို့သည်ကြား၍ ဖိလိပ္ပုပြုသောနိမိတ်လက္ခဏာတို့ကိုမြင်သောအခါ သူ၏စကားကိုတညီတညွတ်တည်း နားထောင်ကြ၏။ အကြောင်းမူကား–––––နတ်ဆိုးတို့သည်–––––ထွက်သွားကြ၏၊ ကိုယ်မလှုပ်နိုင်သောသူ၊ ခြေမစွမ်းသောသူအများတို့သည်လည်း ပကတိအဖြစ်သို့ရောက်ကြ၏၊ ထိုမြို့သူမြို့သားတို့သည် အလွန်ဝမ်းမြောက်ခြင်းရှိကြ၏" တမန်တော် ၈း၅–၈။

## တပည့်တော်များ၏တာဝန်

ခရစ်ဝင်ကျမ်းတစ်စောင်ကိုပြုစုခဲ့သောလုကာသည် ကျန်းမာရေးသာသနာပြုတစ်ဦးဖြစ်ခဲ့ပါသည်။ ကျမ်းစာတွင်လုကာကို "ငါချစ်သောဆေးသမားလုကာ" (ကောလောသဲ ၄း၁၄) ဟု ခေါ်ဆိုထားပါသည်။ ပေါလုသည် သူ၏ဆေးဘက်ဆိုင်ရာစွမ်းရည်ကို ကြားသိရသောအခါ ဘုရားသခင်ကတာဝန်အပ်နှံထားသူတစ်ဦးအဖြစ် အသိအမှတ်ပြု၍ ရှာဖွေခဲ့ပါသည်။ လုကာနှင့်အတူတွဲဖက်၍ နေရာအမြောက်အမြားသို့ခရီးထွက်ခဲ့ပါသည်။ အတန်ကြာသောအခါ လုကာကို မာကေဒေါနိပြည်၊ ဖိလိပ္ပိမြို့၌ထားခဲ့ပြီး ထိုမြို့၌ လုကာသည် နှစ်အတန်ကြာဆရာဝန်တစ်ဦးအဖြစ် နာမကျန်းသူတို့ကိုဆေးကုလျက်နှင့် ကျမ်းစာကိုသင်ပေးသူအဖြစ် အမှုတော်ကိုထမ်းခဲ့ပါသည်။ ဆရာဝန်တစ်ဦးအဖြစ် မကျန်းမာသူများကိုပြုစုပြီးနောက် ဘုရားသခင်၏ပျောက်ကင်းစေနိုင်သည့်တန်ခိုးတော်သည် သူတို့အပေါ်သို့ကျရောက်စေရန် ဆုတောင်းပေးခဲ့ပါသည်။ ဤနည်းအားဖြင့် ဧဝံဂေလိသတင်းစကားပြန့်ပွားရေးအတွက်လမ်းဖွင့်ခဲ့ပါသည်။ ဆေးဆရာဝန်တစ်ဦးအဖြစ် ရရှိခဲ့သောအောင်မြင်မှုများသည် ဘုရားတရားမဲ့သူများအကြားတွင် သခင်ခရစ်တော်အကြောင်းကိုဟောပြောနိုင်ရန် အခွင့်အရေးအမြောက်အမြားကို လုကာအားရစေခဲ့ပါသည်။ ကျွန်ုပ်တို့သည်လည်း တပည့်တော်များကဲ့သို့ပင် လုပ်ဆောင်

ရန်အလိုတော်ရှိပါသည်။ ကိုယ်ကာယကျန်းမာခြင်းကို ခရစ်ယာန်ဧဝံဂေလိအမှုတော်နှင့်တွဲဖက်ရပါမည်။ ခရစ်ယာန်ဧဝံဂေလိအမှုတော်တွင် သွန်သင်ခြင်းနှင့်ဆေးကုသခြင်းအမှုကို မည်သည့်အခါမျှမခွဲခြားရပါ။

တပည့်တော်များ၏တာဝန်မှာ ခရစ်ယာန်ဧဝံဂေလိတရားတော်ကို ပြန့်ပွားစေရန်ဖြစ်ပါသည်။ လူသားများအတွက် သခင်ခရစ်တော်ယူဆောင်ခဲ့သောသတင်းစကားကို ကမ္ဘာအနှံ့သို့သယ်ဆောင်ပြန့်ပွားစေရန် သူတို့ကိုအပ်နှင်းထားပါသည်။ တပည့်တော်များ၏လက်ထက်ရှိ လူများအားလုံးအတွက် အမှုတော်ကျေပွန်ခဲ့ပါသည်။ မျိုးဆက်တစ်ခုအတွင်း တိုင်းပြည်အသီးသီးသို့ ဧဝံဂေလိတရားတော်သည် ပြန့်ပွားခဲ့ပါသည်။

ဤလောကသို့ ခရစ်ယာန်ဧဝံဂေလိတရားတော်ပြန့်ပွားရေးတာဝန်သည် ဘုရားသခင်၏နာမတော်ကို ခံယူသူတစ်ဦးစီ၏တာဝန်ဖြစ်ပါသည်။ ဘုရားသခင်ပျောက်ကင်းစေနိုင်သည့်တန်ခိုးတော်နှင့် ထိတွေ့သူတိုင်းသည် ဘုရားသခင်၏ကျေးဇူးတော်သတင်းစကားကို လူသားအသီးအသီးသို့ အသိပေးရမည်။

သခင်ခရစ်တော်သည် ခရစ်ယာန်ဧဝံဂေလိတရားတော်နှင့်အတူ တပည့်တော်များကိုစေလွှတ်သောအခါ၌ ဤလောကတွင် ဘုရားသခင်နှင့်နှုတ်တော်ထွက်စကား၌ ယုံကြည်မှုပျောက်ကွယ်လျက်ရှိပါသည်။ ယေဟောဝါသခင်ကိုသိကြောင်းပြောဆိုနေသည့် ယုဒလူမျိုးများ၌ပင် ဘုရားသခင်၏စကားတော်ကိုဖယ်ရှားပြီး လူ့အတွေးအခေါ်နှင့်အယူအဆများကို အစားထိုးလျက်ရှိပါသည်။ တစ်ကိုယ်ကောင်းဆန်မှုများ၊ ကြွားဝါခြင်း၊ လောဘတက်ခြင်းများ ကြီးစိုးလျက်ရှိပါသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေခြင်းနှင့် လူလူချင်းကိုသနားခြင်းများမရှိပါ၊ ကိုယ့်ကိုကိုယ်ချစ်သောသိတ်သာကြီးစိုးလျက် လူသားမျိုးနွယ်တစ်ခုလုံး ဆင်းရဲခြင်းရောက်ရန်နှင့်ပျက်စီးရန် စာတန်သည် သဘောကျလုပ်ဆောင်လျက်ရှိပါသည်။

စာတန်သည် လူကိုအုပ်စိုးလျက်ရှိပြီး ဘုရားသခင်တည်ရှိရမည့်လူ့ကိုပင် ခန္ဓာတွင်းနတ်ဆိုးများနေရာယူထားပါသည်။ လူ၏အာရုံများ၊



အကြောများနှင့်ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် စာတန်၏ထိန်းချုပ်မှုကြောင့် တဏှာပြင်းပြလျက်ရှိပါသည်။ လူ၏ရုပ်သွင်၌ပင် စာတန်၏သဏ္ဌာန်ကိုမြင်နေရပါသည်။ လူများ၏မျက်နှာ၌ သူတို့အထဲတွင်စွဲကပ်လျက်ရှိသောနတ်ဆိုးများ၏ရုပ်သွင်ကို မြင်နေရပါသည်။

ယနေ့လောက၏အခြေအနေမည်ကဲ့သို့ရှိပါသနည်း။ သခင်ခရစ်တော်ဤလောက၌ရှိစဉ်အခါက ဖာရိရှဲများ၏ထုံးတမ်းကျင့်စဉ်များသည် ကျမ်းစာ၌တည်သောယုံကြည်ခြင်းကို ဖျက်ဆီးသည်နည်းတူ ယနေ့လည်းဝေဖန်ကဲ့ရဲ့ရှုတ်ချမှုများသည် ဤယုံကြည်ခြင်းကိုဖျက်ဆီးနေသည်မဟုတ်ပါလား၊ ရှေးနည်းတူပင် ယခုအခါ၌လည်း လူများ၏နှလုံးတွင် လောဘ၊ ကိုယ်ကိုကိုယ်ချစ်သောစိတ်များနှင့် အပျော်အပါးကြူးခြင်းများဖြင့် ပြည့်နေပါသည်။ ခရစ်ယာန်လောကနှင့် သခင်ခရစ်တော်၏အသင်းတော်ဟုဆိုသောအသိုက်အဝန်း၌ပင် ခရစ်ယာန်များ၏ပညတ်တော်များကို လိုက်လျှောက်သူများနည်းပါးလျက်ရှိသည်။ လူမှုရေး၊ အိမ်မှုရေးနှင့်ဘာသာရေး၌ပင် လူအနည်းစုသာလျှင် ဘုရားသခင်၏သွန်သင်ချက်များကို မိမိတို့၏နေ့စဉ်လမ်းညွှန်ချက်များအဖြစ် လိုက်လျှောက်လျက်ရှိသည်။ "တရားသည်အဝေးကရပ်၍နေ၏------ဖြောင့်မတ်သောသဘောမဝင်နိုင်ရာ-----အပြစ်ကိုရှောင်သောသူသည် လုယူခြင်းကိုခံရ၏" (ဟေရှာယ ၅၉း၁၄–၁၅) ဟု ကျမ်းစာကပြောခဲ့ပြီမဟုတ်ပါလော။

ဘုရားသခင်ကိုချစ်သောသူများအံ့ဩရသည့် အပြစ်ကပ်ဆိုးဆိုက်ရောက်နေသောခေတ်တွင် ကျွန်ုပ်တို့အသက်ရှင်လျက်ရှိပါသည်။ ကလောင်အားဖြင့်ရေးမပြနိုင်လောက်အောင်ပင် အပြစ်များပြည့်လျှံလျက်ရှိပါသည်။ နေ့စဉ်နှင့်အမျှနိုင်ငံရေးအငြင်းပွားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများနှင့် လိမ်လည်မှုများကြားသိနေရပါသည်။ နေ့စဉ်စိတ်နှလုံးထိခိုက်ရသည့်တိုက်လှန်မှုများနှင့် စည်းကမ်းမဲ့သည့်အပြုအမူများ၊ လူသားအချင်းချင်းမေတ္တာမဲ့မှုများနှင့် ရက်စက်စွာဖြင့် လူသားများအချင်းချင်းတိုက်လှန်ဖျက်ဆီးမှုများကို ကြားသိရပါသည်။ နေ့စဉ်နှင့်အမျှ စိတ်မနှံ့မှုများ၊ လူသတ်မှုများနှင့်ကိုယ့်အသက်

ကိုယ်အဆုံးစီရင်မှုများအကြောင်းကို ကြားသိရပါသည်။ စာတန်သည် လူသားများ၏ကိုယ်ခန္ဓာကိုဖျက်ဆီးရန်၊ စိတ်ကိုညစ်ညူးစေရန် ပိုမိုလုပ်ဆောင်လျက်ရှိသည်ကို မည်သူမျှမငြင်းနိုင်ပါ။

ဤလောက၌အပြစ်များဖြင့်ပြည့်ဝနေစဉ်တွင် ခရစ်ယာန်ဧဝံဂေလိတရားတော်ကို လူသားများ၏စိတ်ထဲ၌ ဆွဲဆောင်မှုမရှိစေရန် လေးနက်မှုကင်းမဲ့စွာဖြင့် မကြာခဏဖော်ပြနေသည်ကို တွေ့ရပါသည်။ အရပ်ရပ်၌ လက်လှမ်းမမီနိုင်သောအရာများအတွက် ငိုကြွေးလျက်ရှိသောနှလုံးသားများစွာရှိပါသည်။ အပြစ်၏ချုပ်နှောင်မှုမှ ကင်းလွတ်နိုင်သည့်တန်ခိုး၊ အပြစ်ကိုအောင်မြင်နိုင်သည့်တန်ခိုး၊ အသက်ရှင်ခြင်း၊ ကျန်းမာခြင်းနှင့်ငြိမ်သက်ခြင်းတန်ခိုးကို တောင့်တလျက်ရှိပါသည်။ လူအမြောက်အမြားသည် ဘုရားသခင်ကို အသက်တာ၌တစ်ကြိမ်တစ်ခါသာသိရှိခဲ့ရပြီး ယခုအခါ ဘုရားသခင်ကို မသိသောပတ်ဝန်းကျင်များ၌ နေကြရပါသည်။ ဤသူများလည်း ဘုရားသခင်ကိုတောင့်တလျက်ရှိပါသည်။

လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ကိုးရာကနည်းတူ ယခုအခါ၌လည်း ဤလောက၌ဘုရားသခင်ကိုသိမြင်ရန် လိုအပ်လျက်ရှိပါသည်။ ခရစ်ယာန်ဘာသာရေးနိုးကြားခြင်း အထူးလိုအပ်လျက်ရှိပါသည်။ သခင်ခရစ်တော်အားဖြင့်သာ ကာယ၊ ဥာဏနှင့်ဝိညာဉ်ရေးနိုးကြားမှုလုပ်ငန်းအောင်မြင်နိုင်ပါမည်။

လူသားများလက်လှမ်းမီရန် သခင်ခရစ်တော်၏လမ်းစဉ်သာလျှင် စစ်မှန်သောအောင်မြင်မှုကိုရစေပါမည်။ လူသားများ၏ကောင်းကျိုးကို ရှေးရှုသူတစ်ဦးအဖြစ် ကိုယ်တော်သည် လူသားများနှင့်ရောနှောနေထိုင်တော်မူခဲ့ပါသည်။ သူတို့၏လိုအပ်ချက်များကိုဖြည့်ဆည်းခြင်းဖြင့် လူသားများ၏အားကိုးမှုကိုရယူခဲ့ပါသည်။ ထိုနောက်မှသာလျှင် “ငါ့နောက်သို့လိုက်လော့” ဟု ဖိတ်ခေါ်ခဲ့ပါသည်။

အခြားသူများနှင့်ပိုမိုနီးကပ်လာစေရန် တစ်ဦးချင်းလုပ်ဆောင်မှုများစွာလိုအပ်ပါသည်။ တရားနည်းနည်းဟော၍ တစ်ဦးချင်းယိုင်းပင်းကူညီ



မစမှုများကို ပိုမိုလုပ်ဆောင်ပါက သာလွန်သောအောင်မြင်မှုကိုတွေ့ရပါမည်။ ဆင်းရဲသောသူများကို ကူညီမစရမည်။ ဖျားနာသောသူများကိုပြုစုရမည်။ ဝမ်းနည်းကြေကွဲသောသူတို့ကိုအားပေးရမည်။ မသိနားမလည်သောသူများကို သွန်သင်ရမည်။ အတွေ့အကြုံနည်းပါးသူတို့ကို လမ်းပြလမ်းညွှန်ရပါမည်။ ငိုကြွေးသောသူများနှင့်အတူငိုကြွေး၍ ဝမ်းမြောက်သူများနှင့်အတူ ဝမ်းမြောက်ရမည်။ ဘုရားသခင်၏မေတ္တာတော်တန်ခိုး၊ ဆုတောင်းခြင်းတန်ခိုးနှင့်တိုက်တွန်းလှုံ့ဆော်မှုများကြောင့် ဤလုပ်ငန်းသည် အောင်မြင်မည်မှာသေချာပါသည်။

ကျွန်ုပ်တို့၏ခရစ်ယာန်ကျန်းမာခြင်းလုပ်ငန်း၏ရည်ရွယ်ချက်မှာ အပြစ်ကြောင့် ဝိညာဉ်ရေးဖျားနာသူ ယောကျ်ားနှင့်မိန်းမများကို ကရာနိကုန်းပေါ်၌အသေခံပြီး ဤလောက၏အပြစ်များကိုဖယ်ရှားမည့်သခင်ကို ညွှန်ပြရန်ဖြစ်ကြောင်းကို အမြဲသတိရကြရမည်။ ကိုယ်တော်ကိုရှုမြင်ခြင်းဖြင့် ကျွန်ုပ်တို့၏အသက်တာသည် ကိုယ်တော်နှင့်တူလာပါသည်။ အနာရောဂါများခံစားရပြီး နာမကျန်းသူများကို သခင်ခရစ်တော်အားရှုမြင်၍အသက်ရှင်ရန် တိုက်တွန်းရပါမည်။ ကိုယ်ကာယနှင့်စိတ်ဝိညာဉ်၌ ရောဂါစွဲကပ်၍စိတ်ပင်ပန်းသောသူများ၏ရှေ့၌ သခင်ခရစ်တော်၏အမှုတော်ဆောင်များသည် ဘုရားသခင်ကိုအမြဲတမ်းသက်သေထူသွားရမည်။ ကိုယ်ကာယနှင့်ဝိညာဉ်ရေးသက်သာမှုကို ပေးစွမ်းနိုင်သောသခင်ကို အမြဲတမ်းညွှန်ပြရမည်။ သူတို့တစ်ဦးစီ၏အခက်အခဲများကို နားလည်သိရှိသောသခင်အကြောင်းကိုပြောပြပါ။ သူတို့တစ်ဦးစီထာဝရအသက်ကိုရရှိစေရန် အသက်တော်ကိုစွန့်ခဲ့သောသခင်၏လက်တော်၌ သူတို့၏အသက်ကိုအပ်နှံရန်တိုက်တွန်းပါ။ ဘုရားသခင်၏မေတ္တာတော်အကြောင်းကိုပြောပြပါ။ ဘုရားသခင်၏ကယ်တင်ခြင်းတန်ခိုးတော်အကြောင်းကိုရှင်းပြပါ။

ဤကြီးမားသည့်တာဝန်နှင့်မွန်မြတ်သောအခွင့်အရေးသည် ခရစ်ယာန်ကျန်းမာခြင်းသာသနာပြုတစ်ဦးစီအတွက်ဖြစ်သည်။ ဤကဲ့သို့လုပ်ဆောင်ရန် ခရစ်ယာန်တစ်ဦးချင်း ခရစ်ယာန်သာသနာလုပ်ဆောင်ရမည်။ ကိုယ်ကာယ

ရောဂါများကို ပျောက်ကင်းစေခြင်းဖြင့် ဘုရားသခင်သည် နှလုံးသားကို ပြုပြင်ပြောင်းလဲစေပါသည်။

ခရစ်ယာန်ကျန်းမာခြင်းသာသနာလုပ်ငန်းသည် ဧဝံဂေလိလုပ်ငန်း၏ ရှေ့ပြေးဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုဖြန့်ဝေသည့် လုပ်ငန်းနှင့် ခရစ်ယာန်ကျန်းမာခြင်းသာသနာပြုလုပ်ငန်းတွင် ဧဝံဂေလိတရားတော်ကိုဖော်ပြပြီး ကိုယ်တိုင်သက်သေထူ၍ နေထိုင်သွားရပါမည်။

ပတ်ဝန်းကျင်တိုင်းလိုလို၌ ဘုရားသခင်၏ဟောကြားချက်များကို ဂရုမစိုက်၊ ဘုရားကျောင်းနှင့်ခရစ်ယာန်ဘာသာရေးအစည်းအဝေးပွဲများသို့ လုံးဝမတက်ရောက်သည့်သူ အမြောက်အမြားရှိပါသည်။ ဤသူများကို လက်လှမ်းမီရန် သူတို့၏နေအိမ်များသို့သွားရမည်။ မကြာခဏလိုသလို ဤသူများခံစားနေရသော အနာရောဂါများကိုကုသခြင်းဖြင့် သူတို့ကိုချဉ်းကပ်ရပါမည်။ နာမကျန်းသောသူများနှင့်ဆင်းရဲသောသူတို့ကိုကူညီလျက်ရှိသော အမှုတော်ဆောင်ကျန်းမာရေးဝန်ထမ်းများသည် သူတို့အတွက်ဆုတောင်းပေးခြင်း၊ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုဖတ်ပြခြင်းနှင့် ဘုရားသခင့်အကြောင်းကို ပြောပြနိုင်သောအခွင့်အရေးများကို ရရှိပါသည်။ ကိုယ့်အလိုလိုက်ခြင်းကြောင့် အစားအသောက်ချုပ်တည်းမှုမရှိသောသူများအတွက် ဆုတောင်းပေးနိုင်ပါသည်။ စိတ်ပျက်အားငယ်ပြီး ဘဝရှုံးနိမ့်သူများအတွက် မျှော်လင့်ချက်ရောင်ခြည်များကို ယူဆောင်လာနိုင်ပါသည်။ ကိုယ်ကျိုးမဖက်သောကူညီမှုများဖြင့် အခက်အခဲတွေ့နေသူများအား သခင်ခရစ်တော်၏ မေတ္တာကိုပိုမိုယုံကြည်လာရန် လွယ်ကူစေပါသည်။

လူအမြောက်အမြားသည် ဘုရားသခင်နှင့်လူကိုယုံကြည်ကိုးစားမှုကင်းမဲ့နေကြသည်။ သို့သော်လည်း သနားခြင်းကရုဏာနှင့်ကူညီယိုင်းပင်းမှုအတွက် ကျေးဇူးတင်ကြသည်။ အဖိုးအခနှင့်ကျေးဇူးတင်ခြင်းကိုမမျှော်ကိုးဘဲ မိမိတို့၏အိမ်သို့ရောက်ရှိလာပြီး ဖျားနာသောသူတို့ကိုဆေးကုသပေးခြင်း၊ အစာငတ်သောသူတို့ကိုကျွေးမွေးခြင်း၊ အဝတ်မဲ့သောသူတို့ကိုအဝတ်များဆင်ပေးခြင်း၊ နှလုံးကြေကွဲလျက်ရှိသူတို့ကိုနှစ်သိမ့်ခြင်း စသောအမှုများကိုပြုလုပ်၍



သူတို့မသိရှိသေးသော သခင်ခရစ်တော်၏မေတ္တာနှင့်ကရုဏာတော်များကို ညွှန်ပြပြောဆိုသောအခါ သူတို့၏စိတ်နှလုံးထိခိုက်ကြသည်။ ဘုရားသခင်အားကျေးဇူးတင်လျက် ယုံကြည်ခြင်းတိုးပွားလာပါသည်။ ဘုရားသခင်သည် သူတို့ကိုချစ်ကြောင်းသိရှိလာပြီး ကိုယ်တော်၏အကြောင်းကိုလည်းနားထောင်ရန် အဆင်သင့်ဖြစ်လာကြပါသည်။

ပြည်တွင်း၊ ပြင်ပ၌အမှုတော်ဆောင်နေကြသော ခရစ်ယာန်သာသနာပြုအမျိုးသားနှင့်အမျိုးသမီးများသည် ဖျားနာသူများကိုဆေးကုသပေးခြင်းဖြင့် အခြားသူများနှင့်ပိုမိုနီးကပ်လာပြီး အမှုတော်ကိုဆောင်ရန်လည်း ပိုမိုလွယ်ကူလာသည်ကိုတွေ့ရပါမည်။ ဘုရားသခင်ကိုမသိသေးသောတိုင်းပြည်များတွင် ခရစ်ယာန်ဧဝံဂေလိတရားတော်ပြန့်ပွားမှုကို ပိတ်ပင်တားမြစ်ထားသော်လည်း ထိုတိုင်းပြည်များတွင် မယုံကြည်သူအမျိုးသမီးအား ခရစ်ယာန်ဧဝံဂေလိတရားတော်အကြောင်းကို ပြောပြနိုင်သောအခွင့်အရေးများကို ခရစ်ယာန်သာသနာပြုအမျိုးသမီးများက ရရှိလိမ့်မည်။ ခရစ်ယာန်ဧဝံဂေလိအမှုတော်ဆောင်တိုင်းသည် နာကျင်မှုနှင့်ရောဂါများကို သက်သာပျောက်ကင်းနိုင်စေသော လွယ်ကူရှင်းလင်းသည့်ဆေးကုသမှုနည်းများကို သိရှိနားလည်ထားရပါမည်။

## ကျန်းမာရေးစည်းမျဉ်းများသွန်သင်ခြင်း

ခရစ်ယာန်ဧဝံဂေလိအမှုတော်ဆောင်များသည် ကျန်းမာရေးနှင့်ညီညွတ်သောအသက်တာဖြင့်နေထိုင်သွားနိုင်ရန် သွန်သင်နိုင်ရမည်။ နေရာတိုင်း၌ ဖျားနာမှုများနှင့်ပြည့်လျှံနေပါသည်။ ဤရောဂါအမြောက်အမြားကို ကျန်းမာရေးစည်းကမ်းများလိုက်နာခြင်းဖြင့် ရှောင်ကြဉ်နိုင်ပါသည်။ ယခုနေထိုင်သည့်အသက်တာနှင့်နောင်လာမည့်အသက်တာ၌ ကျန်းမာစွာနေထိုင်ခြင်း၏အရေးပါမှုကို လူများသိရှိထားရန်လိုအပ်ပါသည်။ ဘုရားသခင်တည်ရှိရာနေရာတွင် သစ္စာရှိသောဘဏ္ဍာထိန်းများအဖြစ်နေထိုင်သွားရန် သူတို့၏တာဝန်များကိုသိထားရပါမည်။ ကျမ်းစာတွင်ဖော်ပြထားသည့်အမှန်တရားကို

သူတို့သိရှိရပါမည်။ "ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင်ပါတည်ရှိမည်၊ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏" ၂ကော ၆း၁၆။

ဖျားနာသောသူများကိုဆေးကုသနိုင်ရန် လွယ်ကူရှင်းလင်းသည့်နည်းစနစ်များကို လူထောင်ပေါင်းများစွာက ဝမ်းမြောက်စွာလက်ခံပါလိမ့်မည်။ အဆိပ်ပြင်းသောဆေးဝါးများအစား ဤလွယ်ကူသောနည်းများကို လိုလားကြပါသည်။ အစားအသောက်နှင့်ပတ်သက်၍ သွန်သင်ချက်များစွာလိုနေပါသည်။ ယနေ့ဤလောက၌တွေ့ကြုံနေရသောချုပ်တည်းမှုများကင်းမဲ့ခြင်း၊ ပြစ်မှုကျူးလွန်ခြင်းများနှင့် အခက်အခဲများ၏အဓိကအကြောင်းရင်းတစ်ခုမှာ ကျန်းမာခြင်းနှင့်မညီညွတ်သောအစာများစားသုံးခြင်းနှင့် မမှန်ကန်သောစားသောက်မှုပုံစံများကြောင့်ဖြစ်ပါသည်။

ကျန်းမာရေးစည်းကမ်းများကိုသွန်သင်ရာတွင် ကိုယ်ကာယနှင့်ဝိညာဉ်ရေးအတွက် အမြင့်မားဆုံးသောဖွံ့ဖြိုးတိုးတက်မှုကိုရရှိရန် ရည်ရွယ်သည်ဆိုသောအချက်ကို အမြဲတမ်းဦးထိပ်ထား၍သွန်သင်ရပါမည်။ ဘုရားသခင်၏အလိုတော်နှင့်အညီ သဘာဝတရား၏စည်းကမ်းများသည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ဖြစ်ကြောင်းညွှန်ပြပါ။ ဤစည်းကမ်းများကိုလိုက်လျှောက်ခြင်းဖြင့် ဤဘဝ၌ပျော်ရွှင်မှုကိုတိုးပွားစေပြီး နောင်ဘဝအတွက်ပြင်ဆင်ရာတွင်လည်း အထောက်အကူဖြစ်ကြောင်းကိုပြသရပါမည်။

သဘာဝလောကကြီးအတွင်းရှိလူများအား ဘုရားသခင်၏မေတ္တာတော်နှင့်ဝိညာဉ်တော်ကို လေ့လာရန်ညွှန်ပြပါ။ အံ့သြဖွယ်ကောင်းသောလူခန္ဓာကိုပင် ဖွဲ့စည်းမှုနှင့်ရှင်သန်လည်ပတ်မှုအကြောင်းတို့ကိုလည်း လေ့လာပါစေ။ ဘုရားသခင်၏မေတ္တာတော်နှင့် ဝိညာဉ်တော်ဖြင့်သတ်မှတ်တော်မူခဲ့သောစည်းကမ်းများကိုသိရှိလာပါက ဤစည်းကမ်းများကိုလိုက်လျှောက်သူများ၏အမြင်သည် ပြောင်းလဲသွားပါလိမ့်မည်။ ဤကျန်းမာရေးစည်းကမ်းများကိုလိုက်လျှောက်ခြင်းသည် ပေးဆပ်ခြင်းနှင့်စွန့်လွှတ်ခြင်းတစ်ခုအနေဖြင့်



မမြင်တော့ဘဲ အတိုင်းအဆမရှိသောကောင်းချီးတစ်ခုအဖြစ် သိမြင်လာပါလိမ့်မည်။

ကျန်းမာသောအသက်တာဖြင့်နေထိုင်ရန် ကျန်းမာရေးစည်းကမ်းများသွန်သင်ခြင်းသည် ခရစ်ယာန်ဧဝံဂေလိတရားတော်ပြန့်ပွားခြင်းလုပ်ငန်း၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကို အမှုတော်ဆောင်များသိရှိခံစားရပါမည်။ ဤအမှုတော်ကိုလောက၌လိုအပ်လျက်ရှိပြီး အခွင့်အလမ်းများပွင့်လျက်ရှိပါသည်။

နေရာတိုင်းတွင် တစ်ဦးချင်းကြိုးပမ်းမှုထက် အဖွဲ့များဖြင့်လုပ်ဆောင်ခြင်းကိုအစားထိုးရန် လိုလားနေကြပါသည်။ အသင်းတော်ကြီးများနှင့်အဆောက်အအုံကြီးများတည်ဆောက်ခြင်း၊ အခိုင်အမာဖွဲ့စည်းခြင်းနှင့်ဗဟိုချုပ်ကိုင်မှုတည်ဆောက်ခြင်းများကိုပြုလုပ်ရန် စဉ်းစားကြပါသည်။ ကူညီယိုင်းပင်းမှုလုပ်ငန်းကို အဖွဲ့အစည်းများနှင့်အသင်းအဖွဲ့များ၌စုပုံထားရှိပြီး လောကနှင့်ထိတွေ့မှုကိုရှောင်ရှားကြသောကြောင့် လူအမြောက်အမြား၏နှလုံးသားသည် မာကျောလျက်ရှိပါသည်။ ကိုယ့်ကိုကိုယ်သာချစ်ကြပြီး ခံစားမှုများကင်းမဲ့လာကြသည်။ ဘုရားသခင်နှင့်လူသားကိုချစ်သောစိတ်သည် သူတို့၏ရင်တွင်မရှိကြပါ။

သခင်ခရစ်တော်သည် ကိုယ်တော်နောက်လိုက်များသို့ တစ်ဦးချင်းလုပ်ဆောင်ရန် တာဝန်များအပ်နှံထားပါသည်။ ဤတာဝန်ကိုအခြားသူတို့ကိုယ်စားလှယ်မလွှဲနိုင်ပါ။ ဖျားနာနေသူများနှင့်ဆင်းရဲသူများကိုကူညီမစသောလုပ်ငန်း၊ ပျောက်ဆုံးသူများသို့ ခရစ်ယာန်ဧဝံဂေလိတရားတော်ကိုယူဆောင်လာခြင်းတို့သည် အဖွဲ့အစည်းအသင်းဖွဲ့များသို့လုပ်ဆောင်ရန်မလွှဲရပါ။ ခရစ်ယာန်ဧဝံဂေလိတရားတော်တွင် တစ်ဦးချင်းတာဝန်ယူမှု၊ တစ်ဦးချင်းကြိုးပမ်းမှု၊ ကိုယ့်ကိုကိုယ်ငြင်းပယ်မှုများကို တောင်းဆိုထားပါသည်။ သခင်ခရစ်တော်မိန့်မြွက်သည်မှာ "မြို့ပြလမ်းဝခြံနားသို့သွားဦးလော့၊ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့" (လုကာ ၁၄း၂၃)။ မိမိတို့ကူညီလိုသူများနှင့်ပိုမိုနီးကပ်လာရန် ဘုရားသခင်သည် လုပ်ဆောင်တော်မူ

ပါသည်။ "ကိုယ်တော်ကနေရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ ပို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးခြင်း" (ဟေရှာယ ၅၈း၇)။ "မကျန်းမမာသောသူတို့အပေါ်မှာလက်ကိုတင်၍ ချမ်းသာပေးကြလတ္တံ့" (မာကု ၁၆း၁၈)။ ခရစ်ယာန်ဧဝံဂေလိတရားတော်၏ကောင်းချီးများကို တစ်ဦးချင်းအဆက်အသွယ်ပြုခြင်း၊ တစ်ဦးချင်းမစကူညီခြင်းဖြင့်ပြုလုပ်ရပါမည်။

ရှေးလူများသို့အလင်းတော်ကိုပေးရာ၌ ဘုရားသခင်သည် လူတစ်မျိုးကိုသာအသုံးပြုခြင်းမရှိခဲ့ပါ၊ ဒံယေလသည် ယုဒလူမျိုးတို့၏မင်းသားတစ်ပါးဖြစ်ခဲ့ပါသည်။ ဟေရှာယသည် မင်းမျိုးမင်းနွယ်ဖြစ်ခဲ့ပါသည်။ ဒါဝိဒ်မင်းသည် သိုးထိန်းဖြစ်ခဲ့ပါသည်။ အာမုတ်သည် နွားကျောင်းသား၊ ဇာခရိသည် ဗာဗုလုန်နိုင်ငံတွင်ဖမ်းဆီးခြင်းခံနေရသူဖြစ်ပါသည်။ ဧလိရှဲသည် မြေကိုထွန်ယက်သောသူဖြစ်ပါသည်။ ဘုရားသခင်သည် ပုရောဖက်များနှင့်မင်းသားများ၊ အထက်တန်းစားနှင့်အောက်တန်းစားများကိုရွေးချယ်တော်မူခဲ့ပြီး ဤလောကသို့အမှန်တရားကိုဆောင်ရန် ကိုယ်တော်၏ကိုယ်စားလှယ်တော်များအဖြစ် စေလွှတ်ခဲ့ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်ကိုခံစားရသူတိုင်းအား အခြားသူများကိုကူညီရန် ဘုရားသခင်ခန့်အပ်တော်မူပါသည်။ ကျွန်ုပ်တို့ရှိရာနေရာ၊ ကျရာတာဝန်၌တစ်ဦးချင်းရပ်တည်၍ "အကျွန်ုပ်ရှိပါ၏၊ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" (ဟေရှာယ ၆း၈) ဟုလျှောက်ထားရပါမည်။ ခရစ်ယာန်တရားဟောဆရာ၊ အမှုတော်ဆောင်သူနာပြု၊ ခရစ်ယာန်ဆရာဝန်၊ ကုန်သည်ဖြစ်စေ၊ လယ်သမားဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းပညာရှိဖြစ်စေ၊ စက်ပြင်ဆရာဖြစ်စေ ခရစ်ယာန်တိုင်းတွင် ဤတာဝန်ကိုအပ်နှင်းထားပါသည်။ မိမိတို့၏ကယ်တင်ခြင်းအတွက် ခရစ်ယာန်ဧဝံဂေလိတရားတော်ကို လူသားများသို့ ဖော်ပြရန် ကျွန်ုပ်တို့၌တာဝန်ရှိပါသည်။ ကျွန်ုပ်တို့လုပ်လေရာတိုင်းတွင် ဤအမှုကိုဦးထိပ်ထားရပါမည်။



ဤအမှုကိုထမ်းရွက်သူတိုင်းသည် အခြားသူများအတွက်သာမဟုတ်ဘဲ မိမိတို့ကိုယ်တိုင်အတွက်လည်း ကောင်းချီးများကိုယူဆောင်လာပါမည်။ မိမိတို့၏တာဝန်ကျေပွန်မှုကြောင့် စိတ်ကျေနပ်မှုကိုရရှိလိမ့်မည်။ စိတ်ပျက်အားငယ်သူများသည် စိတ်ပျက်ခြင်းပျောက်ကွယ်လိမ့်မည်။ အားနည်းသောသူများ ခွန်အားရရှိလိမ့်မည်။ ဉာဏ်ပညာမဲ့သောသူများ ပညာတိုးတက်လာပါမည်။ မိမိတို့အားခေါ်တော်မူသောသခင်၌ အကူအညီများကိုမပြတ်ရရှိလိမ့်မည်။

သခင်ခရစ်တော်၏အသင်းတော်ကိုအမှုတော်ဆောင်ရန် ဖွဲ့စည်းထားပါသည်။ ဤအသင်းတော်၏ရည်ရွယ်ချက်မှာ အမှုတော်ကိုဆောင်ရန်ဖြစ်ပါသည်။ အသင်းသူအသင်းသားများသည် ကယ်တင်ခြင်းသခင်၏လက်အောက်၌ တိုက်လှန်ပွဲဝင်ရန်လေ့ကျင့်ထားသော စစ်သူရဲများဖြစ်ရပါမည်။ ခရစ်ယာန်အမှုဆောင်များ၊ ဆရာဝန်များနှင့် ဆရာ၊ ဆရာမများသည် အများထင်သည်ထက် ပိုမိုကျယ်ပြန့်သောတာဝန်ရှိပါသည်။ အခြားသူများကိုကူညီခြင်းသာမက သူတစ်ပါးကိုပြန်လည်ကူညီတတ်သောသူများဖြစ်လာရန်လည်း သွန်သင်ရပါမည်။ စစ်မှန်သောစည်းကမ်းများကိုသွန်သင်ခြင်းထက် အခြားသူများသို့ တစ်ဆင့်လက်ဆင့်ကမ်းသင်ကြားနိုင်သောသူများဖြစ်လာရန် သင်ပြရပါမည်။ လက်တွေ့ကျင့်ဆောင်နေထိုင်ခြင်းမရှိသောအမှန်တရားသည် အသက်ကိုပေးသောတန်ခိုးနှင့်ပြောင်းလဲခြင်းတန်ခိုးကို ဆုံးရှုံးစေပါလိမ့်မည်။ ဤအမှန်တရားကိုဝေငှခြင်းအားဖြင့်သာ ကောင်းချီးများကိုခံစားရပါမည်။

အသင်းသူအသင်းသားတိုင်းသည် မိမိ၏ဘုရားသခင်အတွက် လုပ်ဆောင်မှုတစ်ခုခုကို တာဝန်ယူပြုလုပ်ရပါမည်။ ဘုရားသခင်၏အမှုတော်ကိုခွဲဝေ၍ ထမ်းဆောင်ရပါမည်။ အချို့သူများသည် အခြားသူများလောက် မစွမ်းဆောင်နိုင်သော်လည်း ဤလောကကိုဖုံးလွှမ်းရန် ဟန်ပြင်လျက်ရှိသော ရောဂါများနှင့်အခက်အခဲများကိုဖယ်ရှားရန် လူတိုင်းသည် တတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ကြိုးစားကြရပါမည်။ လူအမြောက်အမြားသည် မည်ကဲ့သို့စတင်လုပ်ဆောင်ရမည်ကို သွန်သင်ပေးပါက အမှုတော်ကိုထမ်းရွက်ရန်

အဆင်သင့်ရှိပါသည်။ ဤသူများကိုသွန်သင်၍ အမှုတော်ကိုထမ်းဆောင်ရန် အားပေးရပါမည်။

ဘုရားရှိခိုးကျောင်းတိုင်းသည် ခရစ်ယာန်အမှုတော်ဆောင်များကို လေ့ကျင့်ပေးရာသင်တန်းကျောင်းဖြစ်ရမည်။ အသင်းသူအသင်းသားများအား ကျမ်းစာဖတ်ပေးခြင်း၊ ဥပုသ်စာဖြေသင်တန်းများကိုသင်ကြားပုံများ၊ ဆင်းရဲသူများနှင့်ဖျားနာသူများကိုကူညီစောင့်ရှောက်ခြင်း၊ သတင်းစကားမကြားသိရသေးသူများကို ဟောပြောခြင်းလုပ်ငန်းများ မည်သို့လုပ်ဆောင်ရမည်ကို သင်ကြားပေးထားရပါမည်။ ကျန်းမာရေးသင်တန်းကျောင်းများ၊ ချက်ပြုပ်နည်းသင်တန်းကျောင်းများနှင့် အခြားခရစ်ယာန်အထောက်အကူပြုလုပ်ငန်းများအတွက် သင်တန်းကျောင်းများရှိရမည်။ စာတွေ့သာမကဘဲ အတွေ့အကြုံရှိသောသင်တန်းဆရာလက်အောက်၌ လက်တွေ့လုပ်ဆောင်ရမည်။ သင်တန်းဆရာများကဦးဆောင်၍ အခြားသူများနှင့်ပူးပေါင်းကာ သူတို့၏နမူနာစည်းကမ်းများမှ နည်းယူတတ်မြောက်ရပါမည်။ လက်တွေ့ဥပမာတစ်ခုသည် စာတွေ့အမြောက်အမြားထက် ပို၍တန်ဖိုးရှိပါသည်။

လူတိုင်းသည် မိမိတို့၏ကာယအင်အားနှင့်ဉာဏ်အင်အားတို့ကို မိမိတို့တတ်စွမ်းသမျှပြင်ဆင်၍ ဘုရားသခင်အလိုတော်ရှိရာအမှုတော်ကိုဆောင်ရန် အဆင်သင့်ဖြစ်ရမည်။ သခင်ခရစ်တော်သည် ပေါလုတို့အပေါ်၌တန်ခိုးတော်ကိုချပေးခြင်းဖြင့် ဝိညာဉ်ရေးလုပ်ငန်းတော်တွင် ထူးခြားစေသည်နည်းတူ ယနေ့ခရစ်ယာန်အမှုဆောင်များကိုလည်း ထိုနည်းတူချပေးလိမ့်မည်။ ဘုရားသခင်သည် မိမိသားသမီးများအား ဉာဏ်ပညာနှင့်အတွေ့အကြုံတိုးပွားရန် အလိုတော်ရှိပါသည်။ မယိမ်းယိုင်သောရှင်းလင်းပြတ်သားမှုနှင့်တန်ခိုးတော်အားဖြင့် ဤလောက၌ဘုရားသခင်၏ဘုန်းတော်ကိုထွန်းတောက်ရန် အလိုတော်ရှိပါသည်။

ဘုရားသခင်၌ ဆက်ကပ်သောပညာတတ်အမှုတော်ဆောင်များသည် အမှုတော်ကိုဆောင်ရာ၌ အခြားပညာမဲ့သူများထက် နည်းပေါင်းပိုမိုစုံလင်စွာနှင့်ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပါသည်။ လေ့ကျင့်ထားသောသူတို့၏



အတွေးအခေါ်များသည် သူတို့ကိုအခြားသူများထက် သာလွန်စေပါသည်။ သို့သော်လည်း ပညာအတွေ့အကြုံများစွာမရှိသူနှင့် အရည်အချင်းမတောက်ပြောင်သူများသည်လည်း သင့်လျော်ရာ၌အမှုတော်ကိုဆောင်နိုင်ပါသည်။ ဘုရားသခင်၏အသုံးပြုခြင်းလက်ခံသူတစ်ဦးစီကို ကိုယ်တော်အသုံးပြုသွားပါသည်။ အရည်အချင်းအများဆုံးရှိသူများနှင့် အတော်ဆုံးသူများသာလျှင် အမှုတော်ကိုဆောင်ရာ၌ အောင်မြင်မှုအရဆုံးသူများမဟုတ်ပါ။ အမျိုးသားနှင့်အမျိုးသမီးတိုင်းသည် ကောင်းကင်နိုင်ငံတော်မှလာသည့်သတင်းစကားကို ကြားသိရန်လိုပါသည်။ အမှုတော်ကိုဆောင်ရာ၌ အအောင်မြင်ဆုံးသူများမှာ “ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊ ငါ့ထံ၌နည်းခံကြလော့” (မဿဲ ၁၁း၂၉) ဖိတ်ကြားချက်ကိုဆက်ခံသူများဖြစ်ပါသည်။

စိတ်နှလုံးပြောင်းလဲနေသောအမှုတော်ဆောင်များ လိုအပ်နေပါသည်။ ဘုရားသခင်ကိုလက်ခံသည့် နှလုံးသားပိုင်ရှင်များသည် ဘုရားသခင်၏ မေတ္တာတော်အကြောင်းကိုမသိသေးသောသူများထံသို့ သတင်းစကားရောက်ရှိရန် စိတ်ပြင်းပြကြပါသည်။ သတင်းစကားမကြားသေးသောသူများအတွက် ဝမ်းနည်းလျက်ရှိပါသည်။ မိမိအသက်ကိုအမှုမထားဘဲ ကောင်းကင်နိုင်ငံမှစေလွှတ်သောသူတစ်ဦးအဖြစ် ကောင်းကင်တမန်များနှင့်တွဲဖက်၍ အမှုတော်ကိုဆောင်ရန် ထွက်ခွာသွားပါသည်။

ဘုရားသခင်ပေးသနားထားသည့် တောက်ပြောင်သောအရည်အသွေးပိုင်ရှင်များသည် မိမိတို့၏အလိုကိုလိုက်၍ ဘုရားသခင်၏အမှုတော်ကိုဆောင်ရန်ပျက်ကွက်ပါကလည်းကောင်း၊ နောင်တရရှိပါကလည်းကောင်း မိမိတို့အလိုကိုသာဆောင်ရန် ဘုရားသခင်က ချန်ထားခဲ့ပါလိမ့်မည်။ ဘုရားသခင်သည် အခြားပညာနည်းပါးသူများ၊ မိမိကိုယ်ကိုအထင်ကြီးစိတ်နည်းနေသူများကိုယူ၍ ဘုရားသခင်အားကိုးစားပြီး မိမိမတတ်စွမ်းသောအမှုများကို စွမ်းဆောင်နိုင်ရန် ထိုအားနည်းသောသူများကို ခွန်အားပေးသနားပါလိမ့်မည်။ ဘုရားသခင်သည် လုံးလုံးလျားလျားဆက်ကပ်အပ်နှံသူများကိုလက်ခံတော်မူပြီး ထိုသူများ၏အားနည်းချက်များကို ဖြည့်စွက်တော်မူပါလိမ့်မည်။

ဘုရားသခင်သည် ကျောင်းပညာအနည်းငယ်ကိုသာ တတ်မြောက်သူများအား မိမိ၏အမှုတော်ကိုဆောင်ရန် မကြာခဏရွေးချယ်တော်မူပါသည်။ ဤသူများသည် အမှုတော်ကိုအစွမ်းကုန်ကြိုးစားဆောင်ရွက်သောကြောင့် ဘုရားသခင်သည် ထိုသူများ၏လုပ်ဆောင်ချက်များ၊ ကြိုးပမ်းမှုများနှင့်အတွေ့အကြုံများကို ကောင်းချီးပေးတော်မူပါသည်။ ထိုသူများကျခဲ့သောမျက်ရည်များနှင့်ဆုတောင်းသံများကို ဘုရားသခင်သည် သိတော်မူပါသည်။ ဗာဗုလုန်နန်းတော်တွင်ရှိသောကျေးကျွန်များကို ကောင်းချီးပေးခဲ့တော်မူသည်နည်းတူ ယနေ့ဘုရားသခင်၏အမှုတော်ကိုဆောင်သူများကိုလည်း ကောင်းချီးပေးတော်မူပါလိမ့်မည်။

တစ်ခါတစ်ရံတွင် ကျောင်းပညာအားနည်းသူများနှင့် လူ့အသိုက်အဝန်း၌နိမ့်ကျသူများသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အမှုတော်ကိုဆောင်ရွက်ရာ၌ အံ့သြဖွယ်ကောင်းသောအောင်မြင်မှုများကို ရရှိခဲ့ပါသည်။ သူတို့၏အောင်မြင်ခြင်းလျှို့ဝှက်ချက်မှာ ဘုရားသခင်ကိုကိုးစားခြင်းဖြစ်ပါသည်။ တန်ခိုးတော်ထက်မြက်ပြီး ဝိညာဉ်တော်အပေါင်းနှင့်ပြည့်စုံသောသခင်ကို ဤသူများသည် နေ့စဉ်ဆက်ကပ်ကြပါသည်။

ဤအမှုတော်ဆောင်များကိုအားပေးရပါမည်။ အခြားသူများလစ်ဟင်းလျက်ရှိသောနေရာများကိုဖြည့်ဆည်းရန် မိမိတို့ထက်ပိုမိုအစွမ်းထက်သူများနှင့်အဆက်အသွယ်ရရန် ဘုရားသခင်သည် ပို့ဆောင်တော်မူပါသည်။ သူတို့၏လုပ်ဆောင်ရန်ရှိသည်တို့ကို အလျင်အမြန်အကဲဖြတ်တတ်မှု၊ လိုအပ်သောသူများကိုကူညီရန်အသင့်ရှိခြင်း၊ သူတို့၏ကြင်နာဖွယ်နှစ်သိမ့်စကားများနှင့် အပြုအမူတို့သည် အမှုတော်ကိုဆောင်ရန် ပိတ်လျက်ရှိသောတံခါးများကို ဖွင့်စေပါသည်။ အခက်အခဲတွေ့လျက်ရှိသူများနှင့်တွေ့ဆုံ၍ သူတို့၏ဆွဲဆောင်မှုရှိသောအားပေးစကားများသည် ကြောက်၍တုန်လှုပ်သောဝိညာဉ်ပေါင်းများစွာကို ဘုရားသခင်ထံသို့ခေါ်ဆောင်လာနိုင်သောတန်ခိုးရှိပါသည်။ အခြားလူထောင်ပေါင်းများစွာကို ဘုရားသခင်ထံတော်သို့ ခေါ်ဆောင်လာနိုင်သောတန်ခိုးရှိပါသည်။ အခြားလူထောင်ပေါင်းများစွာသည်လည်း လုပ်ဆောင်လျှင်





ရရှိနိုင်သည့်အောင်မြင်မှုကို ဤသူများ၏လုပ်ဆောင်ချက်များက သက်သေခံလျက်ရှိပါသည်။

## ပိုမိုကျယ်ပြန့်သောအသက်တာ

အခြားသူများအတွက်အမှုတော်ကိုဆောင်ခြင်းထက် မည်သည့်လုပ်ဆောင်ချက်ကမျှ ကိုယ့်ကိုကိုယ်ငြင်းပယ်သောစိတ်နှင့်အကျင့်ကိုပိုမိုခိုင်မာစေရန် မစွမ်းဆောင်နိုင်ပါ။ ခရစ်ယာန်အမြောက်အမြားသည် မိမိအလိုအတွက် သာစဉ်းစား၍ အသင်းတော်နှင့်ဆက်သွယ်ကြသည်။ ဤသူများသည် အသင်းတော်၏မိတ်သဟာယဖွဲ့ခြင်းနှင့် အသင်းအုပ်ဆရာများ၏ကူညီစောင့်ရှောက်ခြင်းကိုသာ ခံလိုကြပါသည်။ ချမ်းသာကြွယ်ဝ၍ ကြီးမားသည့်ဘုရားကျောင်းများတွင် အသင်းသားများအဖြစ်ခံယူကြပြီး အခြားသူများကိုအနည်းငယ်သာ ကူညီလိုကြသည်။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် တန်ဖိုးအရှိဆုံးကောင်းချီးများကို ဤသူတို့သည် ဆုံးရှုံးလျက်ရှိပါသည်။ မိမိတို့၏လေးနက်မှုမရှိသောအသိုက်အဝန်းကိုစွန့်ခွာပါက ဤသူများအတွက် များစွာအကျိုးရှိပါလိမ့်မည်။ မိမိတို့၏အားကိုးတောင်းလျှောက်လျက်ရှိသော ခရစ်ယာန်အမှုတော်တွင် ပါဝင်လုပ်ကိုင်ပြီး တာဝန်ယူလုပ်ဆောင်တတ်ရန်လိုပါသည်။

ပွတ်သိပ်လျက်ရှိသောသစ်ပင်များသည် ကောင်းမွန်စွာမကြီးထွားနိုင်ပါ။ ထို့ကြောင့် ဥယျာဉ်မှူးသည် နေရာပိုမိုကျယ်ပြန့်စွာရရှိပြီး ကောင်းမွန်စွာကြီးထွားနိုင်ရန်အတွက် ဤအပင်များကိုပြောင်းရွှေ့စိုက်ပျိုးရမည်။ အလားတူပင် အသင်းတော်ကြီးများတွင်လည်း ဤကဲ့သို့ပြုလုပ်ရန်လိုပါသည်။ ခရစ်ယာန်အမှုတော်ကို တက်ကြွစွာဆောင်ရွက်ရန် လိုအပ်သောနေရာများသို့ ပြောင်းရွှေ့နေရာပေးရမည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်၍ အခြားသူများအတွက် အမှုတော်ကိုဆောင်ရွက်ခြင်းမရှိသောကြောင့် သူတို့၏ဝိညာဉ်ရေးအသက်တာသည် ဆုတ်ယုတ်အားငယ်လျက်ရှိပါသည်။ အကယ်၍အခြားနယ်ပယ်များသို့ပြောင်းရွှေ့၍ အမှုတော်ကိုဆောင်ရွက်ပါက ပိုမိုခွန်အားတက်လာပါလိမ့်မည်။

သို့သော်လည်း အခြားဝေးလံသောနယ်ပယ်များမှခေါ်သံကိုမစောင့်ဘဲ ရှိရာနေရာ၌ပင်အမှုတော်ကိုဆောင်ရွက်ရန် အခွင့်အရေးများစွာရှိပါသည်။ ကျွန်ုပ်တို့၏ပတ်လည်၌ အကူအညီတောင်းခံနေသူများစွာရှိပါသည်။ မုဆိုးမများ၊ မိဘမဲ့များ၊ ဖျားနာ၍မကျန်းမာသူများ၊ စိတ်နှလုံးကြေကွဲနေသူများ၊ စိတ်ပျက်အားငယ်နေသူများ၊ ဉာဏ်ပညာမဲ့သူများနှင့် အသိုက်အဝန်းမှစွန့်ပယ်ခြင်းခံရသူများတို့သည် ဘေးပတ်လည်တွင်ရှိပါသည်။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင်နေထိုင်သူများကိုကူညီရန်မှာ ကျွန်ုပ်တို့တွင်အထူးတာဝန်ရှိကြောင်းကို သိရပါမည်။ ခရစ်ယာန်ဘာသာရေး၌စိတ်မဝင်စားသူများကို မည်ကဲ့သို့ကူညီရမည်ကိုလေ့လာပါ။ မိမိတို့၏မိတ်ဆွေများထံသို့ အလည်အပတ်သွားသောအခါ သူတို့၏စားဝတ်နေရေးလိုအပ်ချက်များနှင့်အတူ ဝိညာဉ်ရေးလိုအပ်ချက်များကို စိတ်ဝင်စားကြောင်းပြပါ။ အပြစ်မှကယ်တင်ပိုင်သူသခင်ခရစ်တော်အကြောင်းကိုပြောပြပါ။ မိတ်ဆွေများကိုအိမ်သို့ဖိတ်ခေါ်၍ ကျမ်းစာနှင့်အခြားစာအုပ်များမှ အမှန်တရားကိုဖော်ပြ၍ရှင်းပြပါ။ ဆုတောင်းခြင်းနှင့်ကျေးဇူးတော်ကိုချီးမွမ်းသီဆိုရန်ဖိတ်ကြားပါ။ ဤကဲ့သို့အစုအဝေးများ၌ သခင်ခရစ်တော်အတူပါရှိပြီး ကတိတော်ရှိသည့်အတိုင်း ကျေးဇူးတော်အားဖြင့် နှလုံးသားတစ်ဦးစီကိုတို့ထိပါလိမ့်မည်။

အသင်းသူအသင်းသားများသည် ဤကဲ့သို့အမှုတော်ကိုဆောင်ရန်မိမိကိုယ်ကိုလေ့ကျင့်သင်ကြားထားရမည်။ ဤကဲ့သို့အမှုတော်ကိုဆောင်ခြင်းသည် အခြားတိုင်းပြည်များသို့သွား၍ ခရစ်ယာန်သာသနာပြုခြင်းက အရေးကြီးပါသည်။ ရပ်ဝေး၌အမှုတော်ကိုဆောင်ရန် အချို့သူများသည် အလိုရှိသည်နည်းတူ အိမ်၌ရှိသောသူများသည်လည်း မိမိတို့ပတ်ဝန်းကျင်၌ရှိသော အသက်ဝိညာဉ်၏ကယ်တင်ခြင်းအတွက် တက်ကြွစွာဆောင်ရွက်ရပါမည်။

လူအမြောက်အမြားသည် မိမိတို့၏ကျဉ်းမြောင်းသောအသက်တာကို စိတ်ပျက်လျက်ရှိနေကြပါသည်။ သို့သော် ဤသူများသည်အလိုရှိလျှင် မိမိတို့၏အသက်တာကို ယခုထက်ပိုမိုကျယ်ပြန့်ပြီးအသုံးဝင်ရန် လုပ်ဆောင်နိုင်ပါသည်။ သခင်ခရစ်တော်ကို စိတ်နှလုံးအပြည့်အဝချစ်ပြီး ကိုယ်နှင့်



စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ပါက ထိုသူများအတွက် မိမိတို့၏စွမ်းရည်များနှင့်လုပ်ဆောင်ချက်များကိုအသုံးပြုရန် ကျယ်ပြန့်သောနယ်ပယ်ရှိပါလိမ့်မည်။

## သေးငယ်သောအခွင့်အရေးများ

ပိုမိုကြီးမားသောလုပ်ဆောင်ချက်များကိုပြုလုပ်ရန်အတွက် သေးငယ်သောအခွင့်အရေးများကို မည်သူမျှလက်မလွှတ်သင့်ပါ။ တစ်ခါတစ်ရံတွင် သေးငယ်သောအခွင့်အရေးများတွင် အောင်မြင်မှုကိုရရှိပြီး ကြီးမားသောလုပ်ဆောင်ချက်များ၌ရှုံးနိမ့်ပြီး စိတ်ပျက်ခြင်းများနှင့်ကြုံတွေ့ရတတ်ပါသည်။ မိမိ၏ကျရာတာဝန်တွင် အစွမ်းကုန်ကြိုးစား၍လုပ်ဆောင်ခြင်းဖြင့် ပိုမိုကြီးမားသောတာဝန်များကိုထမ်းဆောင်ရန် အဆင်သင့်ဖြစ်နိုင်ပါသည်။ နေ့စဉ်ကြုံတွေ့ရသောအခွင့်အရေးများနှင့် လက်လှမ်းမီသောသေးငယ်သည့်အမှုများကိုလျစ်လျူရှုခြင်းဖြင့် အကျိုးမဲ့သောအသက်တာကိုဖြစ်စေပါသည်။

လူ၏အကူအညီအထောက်အပံ့ကိုအားမကိုးပါနှင့်၊ လူအချင်းချင်းကိုကျော်ဖြတ်ပြီး ကျွန်ုပ်တို့၏အားနည်းချက်များကိုထောက်ပံ့၍ ကျွန်ုပ်တို့၏ဝန်လေး၍ပင်ပန်းမှုများကို ကူညီသယ်ပေးမည့်သခင်ကိုသာအားကိုးပါ။ ဘုရားသခင်ကိုယုံကြည်၍ ရောက်ရာအရပ်၌အမှုတော်ကိုစတင်ပြီး မလျော့သောယုံကြည်ခြင်းဖြင့် ဆက်လက်ဆောင်ရွက်သွားပါ။ သခင်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် အမှုတော်ကိုထမ်းရွက်နိုင်ရန်ခွန်အားနှင့်ဇွဲကို ရရှိပါလိမ့်မည်။ ကိုယ့်ကိုကိုယ်ငြင်းပယ်ပြီး အမှုတော်ကိုအပင်ပန်းခံ၍ မလျော့သောဇွဲဖြင့်ဆက်လက်ဆောင်ရွက်သွားပါ။

စိတ်ပျက်ဖွယ်ကောင်းပြီး ကောင်းမွန်ခြင်းမရှိသောအရပ်ဒေသများတွင် လူအမြောက်အမြားသည် ခရစ်ယာန်အမှုတော်ကိုဆောင်ရန်စိတ်ရှိကြသော်လည်း မိမိအလိုကိုမလိုက်ဘဲ ကိုယ့်ကိုကိုယ်ငြင်းပယ်သောအမှုတော်ဆောင်များ၏ကြိုးစားမှုကြောင့် သိသာသောအောင်မြင်မှုကို တွေ့ရှိရပါသည်။

စိတ်ရှည်စွာဖြင့် ဖွဲ့မလျှော့ဘဲကြိုးစားကာ လူကိုအားကိုးခြင်းမရှိ၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် စွမ်းဆောင်နိုင်ကြပါသည်။ ထိုသူများပြုလုပ်သောကောင်းမှုများကို ဤဘဝ၌အပြည့်အစုံမသိရှိနိုင်သော်လည်း နောင်လာမည့်အသက်တာ၌ အဖူးအပွင့်များကိုခံစားရပါမည်။

## ကိုယ့်အားကိုယ်ကိုး၍အမှုတော်ဆောင်ခြင်း

ကိုယ့်အားကိုယ်ကိုး၍ အမှုတော်ကိုဆောင်ခြင်းသည် နေရာအမြောက်အမြားတွင်အောင်မြင်နေပါသည်။ ပေါလုသည် သခင်ခရစ်တော်၏သတင်းစကားကိုဖြန့်ချိရာ၌ ကိုယ့်အားကိုယ်ကိုး၍ အမှုတော်ကိုဆောင်ခဲ့ပါသည်။ အာရှနှင့်ဥရောပရှိမြို့ကြီးများ၌နေထိုင်စဉ် ခရစ်ယာန်ဧဝံဂေလိသတင်းစကားကိုသင်ကြားပေးနေစဉ် မိမိနှင့်အပေါင်းအဖော်များအား အထောက်အပံ့ရစေရန် လက်မှုပညာအတတ်ဖြင့် အသက်မွေးဝမ်းကျောင်းကိုပြုခဲ့ပါသည်။ မိမိဆောင်ရွက်ခဲ့သောအမှုနှင့် နောင်လာမည့်ခရစ်ယာန်ဧဝံဂေလိအမှုတော်ဆောင်များအတွက် သင်ခန်းစာရရှိစေရန် ဧဖက်မြို့မှမထွက်ခွာမီ မြို့လူကြီးများအားဤသို့မိန့်မှာခဲ့ပါသည်။ "ပေါလုက ငါသည်အာရှပြည်သို့ရောက်သောနေ့မှစ၍ ယခုတိုင်အောင်သင်တို့ရှေ့မှာ အဘယ်သို့ကျင့်နေသည်ကို သင်တို့သိကြ၏။---သင်တို့အကျိုးပြုစရာတစ်စုံတစ်ခုကိုမျှ ငါမထိမ်မဝှက်၊ လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း၊ သင်တို့အားဟောပြော၍ ဆုံးမသွန်သင်ပေးသဖြင့် သူ့ရွှေငွေအဝတ်တန်ဆာတို့ကို ငါသည်တပ်မက်ခြင်းမရှိပြီ။ ဤလက်တို့သည် ငါ့ကိုလည်းကောင်း၊ ငါ့အပေါင်းအဖော်တို့ကိုလည်းကောင်းလုပ်ကျွေးပြီဟု သင်တို့သည် ကိုယ်တိုင်သိကြ၏။ ထိုသို့သင်တို့သည်လည်းအလုပ်လုပ်၍ အားနည်းသောသူတို့ကိုမစရမည်ကိုလည်းကောင်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မွန်မြတ်သည်ဟု သခင်ယေရှုမိန့်တော်မူသောစကားတော်တို့ကို အောက်မေ့ရမည်ကိုလည်းကောင်း အရာရာ၌သင်တို့အားငါပြသပြီ" တမန်တော် ၂၀း၁၈-၃၅။



ယခုခေတ်၌ လူအမြောက်အမြားသည် ကိုယ့်ကိုကိုယ်ငြင်းပယ်သည့်ဤကဲ့သို့သောစိတ်ဓာတ်ဖြင့် အမှုတော်ကိုဆောင်ရွက်ပါက အလားတူအောင်မြင်ပါလိမ့်မည်။ နှစ်ဦးနှင့်အတတ်တွဲဖက်၍ အမှုတော်ကိုအတူတကွစတင်ဆောင်ရွက်ပါ။ အလည်အပတ်သွားခြင်း၊ ဆုတောင်းခြင်း၊ ခရစ်ယာန်တေးသီချင်းများသီဆိုခြင်း၊ ကျမ်းစာများကိုရှင်းလင်းစွာသင်ကြားပေးခြင်းနှင့် ဖျားနာသောသူများကိုကူညီစောင့်ရှောက်ပါ။ အချို့တို့သည် စာအုပ်ရောင်းခြင်းဖြင့်အသက်မွေးဝမ်းကျောင်းပြုနိုင်သည်။ အချို့တို့သည် ရေးတပည့်တော်များကဲ့သို့ လက်မှုပညာနှင့်အခြားသောအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ပါသည်။ မိမိတို့၏အားနည်းချက်များကိုသိရှိပြီး ဘုရားသခင်ကိုပိုမိုကိုးစားခြင်းဖြင့် အမှုတော်ကိုဆောင်ရွက်သောအခါ ဘုရားသခင်ကောင်းချီးပေးသောအတွေ့အကြုံများကို ရရှိပါလိမ့်မည်။ သခင်ခရစ်တော်သည် သူတို့၏ရှေ့၌ကြွမြန်းလျက် ချမ်းသာသူများနှင့်ဆင်းရဲသောသူတို့ထံမှ အကူအညီများကိုရရှိပါလိမ့်မည်။

ပင်လယ်ရပ်ခြားတွင်အမှုတော်ကိုဆောင်ရန် လေ့ကျင့်ထားသောခရစ်ယာန်ကျန်းမာရေးသာသနာပြုများသည် မိမိတို့၏အမှုတော်ကိုဆောင်ရမည့်ဒေသများသို့အချိန်မဆိုင်းဘဲ စတင်ဆောင်ရွက်ရန်အားပေးတိုက်တွန်းရမည်။ အမှုတော်ကိုဆောင်ရွက်ရင်းနှင့် သက်ဆိုင်ရာဘာသာစကားများကိုသင်ကြားတတ်မြောက်ပြီး မကြာမီတွင် ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုရှင်းလင်းစွာ သင်ကြားနိုင်ပါလိမ့်မည်။

ကမ္ဘာအနှံ့အပြားတွင် ကရုဏာသတင်းစကားကိုဖြန့်ဝေမည့်သူများစွာလိုအပ်နေပါသည်။ ခရစ်ယာန်မိသားစုများကိုကြောက်ရွံ့ခြင်းနှင့် အမှောင်ကျနေသည့်ဒေသများသို့လည်းကောင်း၊ ပင်လယ်ရပ်ခြားတိုင်းပြည်များသို့လည်းကောင်းသွားရောက်၍ မိမိတို့ကဲ့သို့သောလူသားအချင်းချင်း၏လိုအပ်ချက်များကိုကူညီ၍ ကိုယ်တော်၏အမှုတော်အတွက်ဆောင်ရွက်ရန် ဖိတ်ခေါ်လျက်ရှိပါသည်။ ဤကဲ့သို့အမှောင်ကျလျက်ရှိသောဒေသများနှင့် ဝိညာဉ်ရေးအားနည်းလျက်ရှိသောလူများရှိရာအရပ်များတွင် ခရစ်ယာန်မိသားစုများ

သွားရောက်အခြေချ၍ သခင်ခရစ်တော်၏အလင်းကိုထွန်းတောက်စေပါက အမှုတော်ပြီးမြောက်နိုင်ပါသည်။

ဤကဲ့သို့အမှုတော်ကိုဆောင်ရာ၌ ကိုယ့်ကိုကိုယ်ငြင်းပယ်ရမည်။ အတားအဆီးများအားလုံးဖယ်ရှားပြီးသည့်တိုင်အောင်စောင့်နေပါက လုပ်ရမည့်အလုပ်များ အောင်မြင်လိမ့်မည်မဟုတ်ပါ။ လူအမြောက်အမြားသည် ဘုရားသခင်ကိုမသိဘဲနှင့် မျှော်လင့်ချက်မရှိဘဲပျောက်ဆုံးသွားပါလိမ့်မည်။ လူအချို့သည် စီးပွားရေးအကျိုးအမြတ်အတွက်လည်းကောင်း၊ သိပ္ပံပညာဆိုင်ရာစမ်းသပ်မှုများပြုလုပ်ရန်အတွက်လည်းကောင်း လူသူမရှိသောအရပ်ဒေသများတွင်းသို့ဝင်ရောက်၍ အခက်အခဲတွေ့ကြုံနေထိုင်သော်လည်း လူသားအချင်းချင်းကိုကူညီရန် ခရစ်ယာန်ဧဝံဂေလိသတင်းစကားမရောက်သေးသောနေရာများသို့ မိသားစုနှင့်တကွပြောင်းရွှေ့နေထိုင်ရန် အလိုရှိကြသောသူများသည် မည်မျှနည်းပါးနေပါသနည်း။

စစ်မှန်သောအမှုတော်ဆောင်ခြင်းသည် မည်သည့်အရပ်ဒေသ၊ အဆင့်အတန်း၊ အခြေအနေတွင်ရှိစေကာမူ လူများထံသို့ရောက်ရှိ၍ တတ်နိုင်သမျှကူညီခြင်းပင်ဖြစ်ပါသည်။ ဤကဲ့သို့ကြိုးစားခြင်းဖြင့် ဝိညာဉ်များကိုရရှိပြီးဆုံးရှုံးတော့မည့်သူများကိုလည်း ကူညီရန်တံခါးပွင့်သွားပါလိမ့်မည်။

မိမိလုပ်ဆောင်သမျှအားလုံးအတွက် ကယ်တင်ခြင်းစီမံကိန်း၏တစ်စိတ်တစ်ပိုင်းတွင် သင်သည် သခင်ခရစ်တော်နှင့်အတူလုပ်ဆောင်နေကြောင်းကို သတိပြုပါ။ အသက်ရှင်ခြင်းကိုပေးသနားသည့် သခင်ခရစ်တော်၏မေတ္တာတော်သည် သင့်အသက်တာမှတစ်ဆင့် စီးဆင်းရမည်။ သခင်ခရစ်တော်၏မေတ္တာစက်ဝိုင်းအတွင်းသို့ အခြားသူများကိုဆွဲဆောင်ရာ၌ သန့်ရှင်းသည့်သင်၏အပြောအဆို၊ ကိုယ်ကျိုးမဖက်သောအကူအညီမစမှုများ၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်ဝသော နေထိုင်ပြုမူပုံစံတို့သည် သခင်ခရစ်တော်၏ကျေးဇူးတော်ကို သက်သေပြပါစေ၊ ဤလောကသို့ဘုရားသခင်၏သန့်ရှင်းဖြောင့်မတ်ခြင်းကို သက်သေပြုဖော်ပြခြင်းဖြင့် လူတိုင်းသည် ဘုရားသခင်ကိုသိကျွမ်းပါစေ။



ကျွန်ုပ်တို့ကမှားယွင်းသည်ဟုထင်ရသော အခြားသူများ၏အကျင့်များကိုတိုက်လှန်ခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုကိုလုပ်ဆောင်ခြင်းသည် အကျိုးမရှိပါ။ ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ကောင်းကျိုးထက်ဆိုးကျိုးသာဖြစ်စေပါမည်။ ရှမာရိအမျိုးသမီးကိုမိန့်ကြားရာ၌ ကိုယ်တော်သည် ယာကုပ်၏ရေတွင်းတန်ခိုးမရှိကြောင်းပြောဆိုမည့်အစား သာ၍ကောင်းသောအရာများအကြောင်းကို ပြောကြားတော်မူခဲ့ပါသည်။ “ယေရှုကလည်း ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း၊ ငါသောက်ဖို့ရေးပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း သင်သည်သိလျှင် ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်။ (ယောဟန် ၄း၁၀)။ ကိုယ်တော်သည် ထိုအမျိုးသမီး၌ရှိသောအရာများထက် သာ၍ကောင်းသောအရာများသည် မိမိ၌ပေးရန်ရှိကြောင်းကိုသာ အာရုံပြောင်းပေးခဲ့ပါသည်။ ၎င်းတို့ကား ခရစ်တော်အားဖြင့် ခရစ်ယာန်ဧဝံဂေလိတရားတော်၏မျှော်လင့်ခြင်း၊ ဝမ်းမြောက်ခြင်းနှင့်အသက်ရှင်စေသောရေဖြစ်ပါသည်။

ကျွန်ုပ်တို့သည် အမှုတော်ကိုဆောင်ရာ၌လည်း ဤပုံသက်သေကိုလိုက်ရပါမည်။ လူအများ၌ရှိသောအရာများထက်သာ၍ ကောင်းမွန်သောအရာများဖြစ်သည့် သခင်ခရစ်တော်၏ငြိမ်သက်ခြင်းကိုပေးကမ်းရမည်။ ဘုရားသခင်ကိုအကျင့်ဓလေ့ကိုပေါ်လွင်စေမည့် ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်များအကြောင်းကို ပြောကြားရမည်။ ဘုရားသခင်ဖြစ်စေလိုသောသူများ၏ပုံသက်သေကိုဖော်ပြရမည်။ ကောင်းကင်နိုင်ငံတော်နှင့်ဆိုင်သည့်မပျက်စီးနိုင်သောထာဝရအရာများသည် ဤလောကရှိခဏသာခံသောအရာများထက်သာ၍ မွန်မြတ်ကြောင်းကိုပြသပါ။ ကယ်တင်ပိုင်သူသခင်ခရစ်တော်၌ ငြိမ်သက်ခြင်းနှင့်လွတ်လပ်ခြင်းအကြောင်းကိုပြောကြားပါ။ ကိုယ်တော်က “ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်” ယောဟန် ၄း၁၄။

သခင်ခရစ်တော်ကိုမြှင့်တင်၍ “ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော” (ယောဟန် ၁း၂၉) ဟု

ကြွေးကြော်ပါ။ ကိုယ်တော်သာလျှင် လူတစ်ဦးစီ၏တောင့်တချက်များကို ဖြည့်ဆည်းနိုင်ပြီး စိတ်နှလုံး၌ငြိမ်သက်ခြင်းကိုပေးသနားပါမည်။

ဤလောကရှိလူများအားလုံးထဲမှ ပြုပြင်ပြောင်းလဲရေးသမားများသည် ကိုယ်ကျိုးမဖက်ဘဲ နူးညံ့သိမ်မွေ့ဆုံးသောသူများဖြစ်ရမည်။ သူတို့၏ အသက်တာ၌ စစ်မှန်သောကောင်းမှုများနှင့် ကိုယ်ကျိုးမငဲ့သောလုပ်ဆောင်ချက်ကို ပေါ်လွင်စေရပါမည်။ ယဉ်ကျေးသိမ်မွေ့ခြင်းကိုမပြ၊ ဉာဏ်နည်းသောသူများနှင့်လမ်းလွဲသောသူများအားစိတ်မရှည်ခြင်း၊ ပြောဆိုလုပ်ဆောင်ရာ၌ စဉ်းစားမြော်မြင်ခြင်းမရှိသောသူများသည် ခရစ်ယာန်ဧဝံဂေလိသတင်းစကားကို လက်ခံမည့်သူများ၏စိတ်နှလုံးတံခါးအားပိတ်စေခြင်းဖြင့် ဤသူများသို့လက်လှမ်းမမှီနိုင်ဖြစ်ပါလိမ့်မည်။

ညှိုးနွမ်းနေသောပန်းပင်များအပေါ်၌ နှင်းပွင့်များကျသကဲ့သို့ လမ်းလွဲနေသူများကိုကယ်တင်ရန် နှုတ်တော်ထွက်သတင်းစကားကို ဖြည်းညင်းစွာကျရောက်စေပါ။ ဘုရားသခင်၏အလိုတော်မှာ စိတ်နှလုံးကိုအဦးဆုံးတို့ထိရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အမှန်တရားကိုမေတ္တာနှင့်ရောယှက်၍ အသက်တာကိုပြောင်းလဲစေမည့် ဘုရားသခင်၏တန်ခိုးတော်ကိုယုံကြည်လျက် ပြောကြားရမည်။ မေတ္တာဖြင့်ပြောကြားသောစကားများကို သန့်ရှင်းသောဝိညာဉ်တော်က စိတ်နှလုံး၌စွဲစေပါလိမ့်မည်။

ကျွန်ုပ်တို့သည် သဘာဝအားဖြင့် ကိုယ့်ကိုကိုယ်ချစ်တတ်သူများဖြစ်၍ ကိုယ်သာလျှင်မှန်သည်ဟု အစွဲရှိကြသည်။ သို့သော်လည်း သခင်ခရစ်တော်အလိုရှိသောသင်ခန်းစာများကို တတ်မြောက်ပြီးဖြစ်ပါက ကိုယ်တော်၏စိတ်တော်နှင့်တူလာပြီး ကိုယ်တော်၏အသက်တာမျိုးဖြင့် နေထိုင်သွားပါလိမ့်မည်။ သခင်ခရစ်တော်၏အံ့ဩဖွယ်ပုံစံနမူနာများ၊ အခြားသူများ၏ခံစားမှုကိုသိမြင်တတ်တော်မူသည့် အနှိုင်းမရှိသောသခင်ခရစ်တော်၏နူးညံ့သိမ်မွေ့မှု၊ မျက်ရည်ကျသောသူများနှင့်အတူ မျက်ရည်ကျတော်မူပြီး ဝမ်းမြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်တတ်သောစိတ်တော်သည် ဘုရားသခင်၏စစ်မှန်သောနောက်လိုက်များ၏အကျင့်ကို များစွာအကျိုးသက်ရောက်စေလိမ့်မည်။ ကြင်နာသောအပြောအဆိုများနှင့်လုပ်ဆောင်မှုများဖြင့် ပင်ပန်းသောသူများ၏လျှောက်ရာလမ်းကို သက်သာစေပါမည်။

"ထာဝရဘုရားသခင်သည် သွန်သင်ရန်အတွက် အကျွန်ုပ်ကိုနှုတ်အစွမ်းပေးတော်မူ၏။" "ငါသည်ပင်ပန်းသောသူအားမစခြင်းငှာ စကားပြောတတ်မည်အကြောင်း၊ ထာဝရဘုရားသခင်သည် လူတတ်၏နှုတ်အစွမ်းကိုငါ့အားပေးတော်မူပြီ" ဟေရှာယ ၅၀း၄။

ကျွန်ုပ်တို့၏ပတ်လည်တွင် အခက်အခဲတွေ့နေသောသူများဝန်းရံလျက်ရှိပါသည်။ နေရာအနှံ့တွင်သူတို့ကိုရှာတွေ့နိုင်ပါသည်။ ဤအခက်အခဲတွေ့သောသူတို့ကိုရှာဖွေပြီး နှစ်သိမ့်စကားများကိုပြောကြပါစို့။ ကျွန်ုပ်တို့တစ်ဦးစီသည် ကရုဏာရေစီးကြောင်းစီးဆင်းရာလမ်းကြောင်းတစ်ခုဖြစ်ပါစေ။

ကျွန်ုပ်တို့နှင့်ပေါင်းသင်းဆက်ဆံသူများတွင် လူမမြင်နိုင်သောအတွေ့အကြုံခံစားမှုများစွာရှိပါသည်။ ရှာဖွေနေသောမျက်လုံးများမမြင်လေအောင် ဝမ်းနည်းနောက်ကြောင်းသမိုင်းအဖြစ်အပျက်များသည် သူတို့၏စိတ်ထဲတွင် စွဲကျန်နေပါသည်။ နေ့စဉ်နှင့်အမျှ သူတို့၏ယုံကြည်ခြင်း၊ ခွဲလုံ့လနှင့်စိတ်ဓာတ်များကို အားနည်းသွားစေသောအိမ်တွင်းမှုအခက်အခဲများနှင့် ကြမ်းတမ်းသောတိုက်လှန်ပွဲများသည် စိတ်ထဲ၌မှတ်တမ်းတင်နေပါသည်။ ဤကဲ့သို့မယှဉ်သာသည့်ဘဝတိုက်လှန်ပွဲဝင်နေရသူများကို မေတ္တာအားဖြင့်အားပေးခြင်း၊ ကူညီမစခြင်းတို့ကို ပြုလုပ်ပေးပါ။ စစ်မှန်သောမိတ်ဆွေတစ်ဦး၏ ဂရုစိုက်ခြင်း၊ ကူညီစောင့်မခြင်းသည် ဤသူများအတွက် ရွှေ၊ ငွေထက်ပင်ပို၍တန်ဖိုးကြီးပါသည်။ ကရုဏာအားပေးစကားများသည်လည်း ကောင်းကင်တမန်များ၏အပြုံးများကဲ့သို့ သူတို့၌ဖြစ်ပါသည်။

လူအမြောက်အမြားသည် ဆင်းရဲတွင်းနက်လျက်ရုန်းကန်နေကြပါသည်။ အသက်ရှင်ရုံမျှအတွက် အနည်းငယ်သောဝင်ငွေရရန် ပင်ပန်းစွာရှာဖွေနေရပါသည်။ ပင်ပန်းခြင်းနှင့်စွန့်ပယ်ခြင်းတို့ကိုခံရပြီး ဘဝအတွက်မျှော်လင့်ချက်မရှိခြင်းသည် သူတို့၏ထမ်းပိုးကိုပိုမိုလေးစေပါသည်။ ဖျားနာ

ခြင်းနှင့်ရောဂါများပေါင်းစပ်လိုက်ပါက သူတို့၏တန်ဖိုးသည် မသယ်နိုင်လောက်အောင် ဝန်ပိလျက်ရှိကြသည်။ ပင်ပန်း၍ဖိနှိပ်ခြင်းခံရသော၍သူများသည် သက်သာမှုကိုမရှာဖွေတတ်ဘဲဖြစ်နေပါသည်။ သူတို့ရင်ဆိုင်နေရသောစုံစမ်းနှောင့်ယှက်မှုများ၊ ဝမ်းနည်းကြေကွဲမှုများနှင့်စိတ်ပျက်ခြင်းတို့ကို သူတို့နှင့်အတူဝေမျှခံစားပါ။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် သူတို့ကိုကူညီရန် လမ်းပွင့်သွားပါလိမ့်မည်။ ဘုရားသခင်၏ကတိတော်များအကြောင်းကိုပြောပြ၍ သူတို့နှင့်အတူ သူတို့အတွက်ကိုဆုတောင်းပေးပါ။ သူတို့၌မျှော်လင့်ချက်ရောင်ခြည်သန်းလာပါစေ။

စိတ်ပျက်အားငယ်နေသူတို့ကို အားပေးစကားပြောပြီး စိတ်ဓာတ်တက်ကြွလာစေရန်ပြုလုပ်ခြင်းကို သခင်ခရစ်တော်က ကိုယ်တော်အားပြုလုပ်ပေးသည်နည်းတူ အသိအမှတ်ပြုလေသည်။ ဝမ်းမြောက်ခြင်းစိတ်ရှိလာသောကောင်းကင်တမန်များသည်လည်း ဝမ်းမြောက်စွာဖြင့်အသိအမှတ်ပြုကြပါသည်။

ဘုရားသခင်၌တည်သော ညီရင်းအစ်ကိုစိတ်ဓာတ်ရှင်သန်မှုအတွက် သခင်ခရစ်တော်သည် ခေတ်အဆက်ဆက်လုပ်ဆောင်လျက်ရှိပါသည်။ ကိုယ်တော်နှင့်အတူပူးတွဲ၍လုပ်ဆောင်ကြပါ။ ဤလောက၌ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုနည်းပါးခြင်းနှင့် ရန်လိုခြင်းများရှိစဉ်တွင် သခင်ခရစ်တော်၏တပည့်တော်များသည် ကောင်းကင်နိုင်ငံတော်၌ရှိတော်မူသည့်စိတ်ထားမျိုးကို သက်သေပြနေထိုင်သွားရမည်။

ကိုယ်တော်ပြောဆိုတော်မူသည်နည်းတူ ပြောဆိုပြုတော်မူကြပါ။ ကိုယ်တော်၏မြတ်နိုးဖွယ်အကျင့်ဓလေ့ကို အစဉ်အမြဲဖော်ပြပါ။ ဘုရားသခင်သည် လူများနှင့်ဆက်ဆံတော်မူရာ၌လည်းကောင်း၊ သွန်သင်တော်မူရာ၌လည်းကောင်း ကိုယ်တော်၏မေတ္တာကြွယ်ဝမှုကို ဖော်ပြတော်မူခဲ့ပါသည်။ ကိုယ်တော်နှင့်အတူတွဲဖက်၍ အမှုတော်ကိုဆောင်သည့် စိတ်နှိမ့်ချမှုအရှိဆုံးအမှုတော်ဆောင်သည် ကမ္ဘာအဆုံးတိုင်တုန်ခါသွားစေပြီး ကမ္ဘာအဆက်ဆက်သီချင်းများကိုသီဆိုစေမည့် စောင်းကြိုးများကိုတီးခတ်သွားစေပါသည်။



ဆုံးရှုံးတော့မည့်ဝိညာဉ်များကိုကယ်တင်ရာတွင် လူသည် ဘုရားသခင်နှင့်အတူတွဲ၍လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်မည့်အောင်မြင်မှုအကြောင်းနှင့် လူသားတစ်ဦးစီ၏ရရှိနိုင်မည့်အစွမ်းအစတို့ကို ဤလောကသို့သက်သေပြရန်အတွက် ကောင်းကင်နိုင်ငံတော်သည် လူသားများနှင့်ပူးတွဲလုပ်ဆောင်ရန်စောင့်မျှော်လျက်ရှိပါသည်။ မိမိ၏စိတ်နှလုံး၌ သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်မှုကိုခံယူပြီး ဘုရားသခင်ကိုလုံးဝအပ်နှံထားသောအသက်တာဖြင့်နေထိုင်သွားမည့်သူအတွက် အမှုတော်ကိုဆောင်ရာ၌ အတိုင်းအဆမရှိအောင်မြင်ပါလိမ့်မည်။ ဘုရားသခင်၌ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးကိုအပ်နှံ၍ အမှုတော်ကိုဆောင်သောသူတို့အဖို့ ကာယခွန်အား၊ ဥာဏခွန်အားနှင့် စိတ္တခွန်အား (ဝိညာဉ်ရေး) တိုးတက်မှုတန်ခိုးတော်ကို အစဉ်အမြဲရရှိပါလိမ့်မည်။ မကုန်မခန်းနိုင်သော ကောင်းကင်နိုင်ငံတော်၏ဘဏ္ဍာတိုက်သည် သူတို့အတွက်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် ကိုယ်တော်၏ဝိညာဉ်တော်နှင့်အသက်တော်ကို သူတို့အားပေးလိမ့်မည်။ သူတို့၏စိတ်နှလုံးနှင့်ဝိညာဉ်ကိုအားတက်စေမည့်ခွန်အားကို သန့်ရှင်းသောဝိညာဉ်တော်က ပေးသနားလိမ့်မည်။ ကျွန်ုပ်တို့၏လွဲမှားသောအယူအဆများကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် စွမ်းဆောင်နိုင်ပါလိမ့်မည်။

မည်သည့်အရာမျှမချန်ဘဲ အမှုတော်ကိုဆောင်ရန် လုံးဝဆက်ကပ်ထားသူကို ဘုရားသခင်သည် အတိုင်းအဆမရှိအောင်မြင်မှုရရှိရန် တန်ခိုးတော်ပေးသနားတော်မူလိမ့်မည်။ ဤသူများအတွက် ကြီးစွာသောအမှုတို့ကိုဆောင်ရွက်တော်မူလိမ့်မည်။ ဘုရားသခင်သည် ဤသူတို့၏စိတ်ကိုပြောင်းလဲစေပြီး လာမည့်နိုင်ငံတော်အတွက် ကတိတော်ထားသည့်အရာတို့ကို ဤသူတို့၏အသက်တာ၌ ပြည့်စုံစေပါလိမ့်မည်။

"တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်လည်းရွှင်လန်း၍ နှင်းပွင့်ကဲ့သို့အပွင့်ပွင့်လိမ့်မည်။ အလွန်ပွင့်လန်း၍ဝမ်းမြောက်ခြင်း၊ သီချင်းဆိုခြင်းနှင့်တကွ မြူးထူးလိမ့်မည်။ လေဗနုန်တောင်၏ဘုန်းနှင့်လည်းကောင်း၊ ကရမေလတောင်၊ ရှာရုန်အရပ်တို့၏တင့်တယ်ခြင်းအသရေ

နှင့်လည်းကောင်း ပြည့်စုံလိမ့်မည်။ ထာဝရဘုရားသခင်၏ဘုန်းတော်ကိုလည်းကောင်း၊ ငါတို့ဘုရားသခင်၏တန်ခိုးကိုလည်းကောင်း မြင်ရကြလိမ့်မည်။”

“အားမရှိသောလက်တို့ကိုခိုင်ခံ့စေကြလော့။ လှုပ်တတ်သောဒူးတို့ကိုမြဲမြံစေကြလော့၊ အားယူကြလော့၊ မစိုးရိမ်ကြနှင့်ဟု ကြောက်တတ်သောသူတို့အားဆိုကြလော့၊ အကြောင်းမူကား သင်တို့၏ဘုရားသခင်သည် အပြစ်ပေးလျက်၊ ဒဏ်စီရင်လျက် ကြွလာတော်မူလိမ့်မည်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်ကြွလာ၍ သင်တို့ကိုကယ်တင်တော်မူလိမ့်မည်။ ထိုအခါမျက်စိကန်းသောသူတို့သည် မျက်စိပွင့်လင်းကြလိမ့်မည်၊ နားပင်းသောသူတို့သည် နားပင်းခြင်းနှင့်လွတ်ကြလိမ့်မည်၊ ခြေဆွံ့သောသူတို့သည် ဒရယ်ကဲ့သို့ခုန်ကြလိမ့်မည်၊ စကားအသောသူတို့သည် သီချင်းဆိုကြလိမ့်မည်၊ အကြောင်းမူကား တော၌စမ်းရေထွက်၍ လွင်ပြင်၌မြစ်ရေစီးလိမ့်မည်။ တံလျှပ်သည်ရေကန်ဖြစ်လိမ့်မည်၊ သွေ့ခြောက်သောမြေသည် စမ်းရေတွင်းဖြစ်လိမ့်မည်၊ မြေခွေးအိပ်ရာနေရာ၌ ကျူပင်နှင့်ဂမာပင်အစား မြက်ပင်ပေါက်လိမ့်မည်၊ ထိုအရပ်၌ လမ်းမကြီးရှိလိမ့်မည်၊ ထိုလမ်းကိုသန့်ရှင်းရာလမ်းဟု သမုတ်ကြလိမ့်မည်၊ မစင်ကြယ်သောသူသည် ထိုလမ်းကိုမလျှောက်မသွားရ။ သွားသောသူတို့နှင့်အတူ ကိုယ်တော်တိုင်ခရီးသွားလျက်ရှိတော်မူသည်ဖြစ်၍ မိုက်သောသူသော်လည်း လမ်းမလွဲရ၊ ထိုလမ်း၌ခြင်္သေ့မရှိရ၊ သားရဲတစ်ကောင်မျှမတက်မလာရ၊ ရှာ၍မတွေ့ရ၊ ရွေးနုတ်သောသူတို့သာလျှင်ခရီးသွားကြလိမ့်မည်၊ ထာဝရဘုရားသခင်ကယ်လွှတ်တော်မူသောသူတို့သည် ပြန်လာ၍သီချင်းဆိုလျက်၊ ထာဝရဝမ်းမြောက်ခြင်းသရဖူကိုဆောင်းလျက် ဇိအုန်မြို့သို့ရောက်ကြလိမ့်မည်၊ ဝမ်းမြောက်ရွှင်လန်းခြင်းအခွင့်ကိုရကြ၍ ဝမ်းနည်းခြင်းနှင့်ညည်းတွားခြင်းသည် ပြေးသွားရလိမ့်မည်” ဟေရှာယ ၃၅း၁–၁၀။

---ooo---



အခန်း (၁၀)

# စုံစမ်းနှောင့်ယှက်ခြင်းခံရသူများကို ကူညီမစခြင်း

ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုအဦးဆုံးချစ်သောကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကိုချစ်နေခြင်းမဟုတ်ပါ။ ကျွန်ုပ်တိုပ၏အပြစ်သားဘဝ၌ရှိစဉ်ကပင် ကိုယ်တော်သည် ကျွန်ုပ်တို့အတွက်အသေခံတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ထိုက်တန်သည့်ပုံစံဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမဆက်ဆံတော်မူခဲ့ပါ။ ကျွန်ုပ်တို့၏အပြစ်များကြောင့် ရှုတ်ချခြင်းကိုခံထိုက်သော်လည်း ကိုယ်တော်သည် ရှုတ်ချတော်မမူခဲ့ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အားနည်းခြင်းနှင့်မိုက်မဲမှု၊ လမ်းလွဲခြင်းနှင့်ကျေးဇူးမသိတတ်မှုကို တစ်နှစ်ပြီးတစ်နှစ် သည်းခံတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏လမ်းလွဲခြင်း၊ စိတ်နှလုံးခိုင်မာမှုနှင့်နှုတ်တော်ထွက်စကားကို လျစ်လျူရှုခြင်းရှိသည်တိုင်အောင် ဘုရားသခင်သည် ကျေးဇူးပြုပြီးလက်တော်ကိုဆန့်တော်မူဆဲဖြစ်ပါသည်။

မထိုက်တန်သောလူသားများအား ဘုရားသခင်သည် ကျေးဇူးတော်ကိုချပေးတော်မူပါသည်။ ကျွန်ုပ်တို့မရှာဖွေသော်လည်း ကျွန်ုပ်တို့ကိုရှာဖွေရန် ဘုရားသခင်စေလွှတ်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် ထိုက်တန်သောကြောင့်မဟုတ်ဘဲ မထိုက်တန်သောကြောင့် ကျေးဇူးတော်ကိုပေးသနားရန် ဘုရားသခင်ဝမ်းမြောက်တော်မူပါသည်။ မထိုက်တန်သော်လည်း လိုအပ်ချက်တစ်ခုတည်းကြောင့် ဘုရားသခင်၏ကရုဏာတော်ကို တောင်းခံနိုင်ကြပါသည်။

ဘုရားသခင်သည် သခင်ခရစ်တော်အားဖြင့် ရွှေလက်တော်ကိုဆန့်လျက် အပြစ်သားများကိုဖိတ်ခေါ်တော်မူလျက်ရှိပါသည်။ ကိုယ်တော်သည် အားလုံးကိုလက်ခံလျက်၊ အားလုံးကိုဖိတ်ခေါ်လျက်ရှိပါသည်။ အကြီးဆုံးသောအပြစ်သားကို အပြစ်မှခွင့်လွှတ်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပါသည်။ ခွန်အားရှိသောသူထံမှ သားကောင်ကိုကယ်နုတ်၍

ချည်နှောင်ခြင်းခံရသောသူတို့ကို လွှတ်တော်မူလိမ့်မည်။ လောင်ကျွမ်းနေသောမီးထဲမှရွေးနုတ်သောထင်းစကဲ့သို့ ကယ်တင်တော်မူလိမ့်မည်။ ကရုဏာရွေကြိုးကိုအနိမ့်ဆုံးသို့ချပေးတော်မူပြီး အပြစ်များဖြင့်ဆိုးညစ်လျက်ရှိသောအနိမ့်ဆုံးအပြစ်သားကိုကယ်တင်ပါလိမ့်မည်။

လူသားများကို ဘုရားသခင်ထံသို့ပြန်လည်ရောက်ရှိရန် အသက်ကိုစွန့်တော်မူသည့်သခင်သည် လူသားတစ်ဦးစီကိုချစ်တော်မူပါသည်။ စာတန်၏စုံစမ်းနှောင့်ယှက်ဖြားယောင်းမှုကိုခံနေရပြီး အပြစ်နှင့်ပြည့်ဝလျက် အားကိုးရာမဲ့သောဝိညာဉ်များအား မိမိ၏သိုးများကိုစောင့်ရှောက်သောသိုးထိန်းကဲ့သို့စောင့်ရှောက်တော်မူပါသည်။

အပြစ်သားများနှင့်မှားယွင်းသောသူများအတွက် အမှုတော်ကိုဆောင်ရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏နမူနာကိုလိုက်လျှောက်ရပါမည်။ ကျွန်ုပ်တို့အားစိတ်ရှည်ခြင်း၊ သည်းခံခြင်းပြတော်မူသည့်နည်းတူ ကျွန်ုပ်တို့သည်လည်း အခြားသူများကိုကူညီရမည်။ “ငါသည် သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့” (ယောဟန် ၁၃း၃၄) တွင် ကိုယ်တော်မိန့်မှာတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိပါက ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၏မေတ္တာကို အခြားသူများသို့ပြသရပေလိမ့်မည်။ မေတ္တာတော်နှင့်အကူအညီလိုအပ်လျက်ရှိသောသူများနှင့်ဆုံတွေ့သောအခါ ကျွန်ုပ်တို့သည် ဤသူများကိုကူညီရန်ထိုက်တန်ပါသလားဆိုသည့်မေးခွန်းကိုမပေးဘဲ မည်ကဲ့သို့ကူညီရမည်ကိုသာမေးပါလိမ့်မည်။

ဆင်းရဲချမ်းသာမရွေး၊ အဆင့်အတန်းအနိမ့်အမြင့်မရွေး လူတိုင်းကိုဘုရားသခင်ပိုင်တော်မူပါသည်။ လူသားများကိုကယ်တင်ရန် အသက်တော်ကိုစွန့်တော်မူသည့်သခင်သည် လူတစ်ဦးစီကိုအဖိုးမဖြတ်နိုင်သောတန်ဖိုးဖြင့် ကြည့်ရှုတော်မူပါသည်။ ကပ်တိုင်၏နက်နဲသောဘုန်းတော်အားဖြင့်ဝိညာဉ်တစ်လုံးစီ၌ ဘုရားသခင်ပေးတော်မူသည့်တန်ဖိုးကို ကျွန်ုပ်တို့သိမြင်ရမည်။ ဤကဲ့သို့ပြုလုပ်ပါက လူသားတစ်ဦးသည် မည်မျှနိမ့်ကျစေကာမူ တန်ဖိုးအလွန်ရှိသောကြောင့် ကျွန်ုပ်တို့မငြင်းပယ်သင့်ကြောင်းကို သိမြင်လာ



ပါလိမ့်မည်။ ဘုရားသခင်၏ပလ္လင်တော်သို့ရောက်ရှိလာရန် လူသားများအတွက်လုပ်ဆောင်ခြင်းသည် အရေးကြီးကြောင်းကိုသိမြင်လာပါလိမ့်မည်။

သခင်ခရစ်တော်၏ဥပမာတွင် ပျောက်ဆုံးသောဒင်္ဂါးပြားသည် ဖုန်နှင့်အမှိုက်ကြားတွင်ရှိနေသော်လည်း တန်ဖိုးမလျော့ပါ။ တန်ဖိုးရှိသောကြောင့်ပိုင်ရှင်ကရှာဖွေခဲ့ပါသည်။ ထိုနည်းတူ အပြစ်ကြောင့်မည်မျှနိမ့်ကျစေကာမူအသက်ဝိညာဉ်တစ်လုံးစီသည် ဘုရားသခင်အတွက် တန်ဖိုးကြီးလှပါသည်။ ထိုဒင်္ဂါးပြား၌ အစိုးရ၏တံဆိပ်တော်ပါရှိသကဲ့သို့ ဝိညာဉ်တစ်လုံးစီတွင်ဘုရားသခင်၏တံဆိပ်တော်ခတ်နှိပ်ထားတော်မူပါသည်။ ဤတံဆိပ်တော်သည် အပြစ်ကြောင့်မှေးမှိန်နေသော်လည်း ပျောက်ပျက်ခြင်းမရှိပါ။ ဘုရားသခင်သည် ဤဝိညာဉ်ကိုပြန်လည်ရယူလိုတော်မူပြီး ကိုယ်တော်၏သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်းသဏ္ဌာန်ကို ပြန်လည်ဖော်စေလိုတော်မူပါသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူလက်တွဲ၍ အပြစ်၌နှစ်မွန်းနေသူများ၊ အပြစ်ကြောင့်ဝန်ပိလျက်ရှိပြီး စွန့်ပယ်ခြင်းခံရသောသူများအတွက်ကရုဏာတော်ထားရှိရမည့်အစား ဤသူများကိုငြင်းပယ်လျက်ရှိပါသည်။ လူသားအချင်းချင်းစာနာမှုကင်းမဲ့ခြင်းသည် ကျွန်ုပ်တို့အတွက် အကြီးဆုံးအပြစ်ဖြစ်ပါသည်။ လူအမြောက်အမြားသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ကိုယ်စားပြုသည်ဟုထင်ကြသော်လည်း ဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာတော်ကိုသက်သေပြရန် လစ်ဟင်းလျက်ရှိသည်။ သူတို့မကြာခဏကြုံတွေ့ရပြီး မာကျောခက်ထန်ခြင်းဖြင့် ဆက်ဆံလိုက်သောသူများသည်စုံစမ်းနှောင့်ယှက်ခြင်းကို အလူးအလဲခံနေရသောသူများဖြစ်ပါသည်။ စာတန်သည် ဤသူများနှင့်အပြင်းအထန်တိုက်လှန်လျက်ရှိပြီး ကရုဏာကင်းမဲ့သောမာကျောသည့်စကားလုံးများကြောင့် စိတ်ပျက်အားငယ်ကြပြီး စာတန်၏တန်ခိုးတော်အောက်တွင်မလှန်နိုင်ဘဲ ဆုံးရှုံးကြပါသည်။

လူသားများ၏စိတ်နှလုံးကို ကိုင်တွယ်ဆက်ဆံရာ၌ အလွန်သတိထားရပါသည်။ နှလုံးသားကိုမြင်တော်မူသည့်သခင်သာလျှင် လူသားတစ်ဦးစီနောင်တရရန် မည်ကဲ့သို့ဆွဲဆောင်ရမည့်အကြောင်းကို သိတော်မူပါသည်။

ပျောက်ဆုံးသောသူတို့ကိုကယ်တင်ရာတွင် အောင်မြင်မှုရရှိရန် ကိုယ်တော်သာလျှင် အတွေ့အကြုံပေးနိုင်တော်မူပါသည်။ "ငါသည်သင့်ထက်မြတ်၏" ဟု ရပ်၍ဆိုနိုင်သော်လည်း ကျွန်ုပ်တို့မည်မျှမှန်သည်ဆိုသောအချက်သည် အရေးမကြီးပါ။ လူသားတို့၏နှလုံးကိုမဆွဲဆောင်နိုင်ပါ။ ကျွန်ုပ်တို့၏အပြောအဆိုနှင့်အပြုအမူများတွင် သခင်ခရစ်တော်၏မေတ္တာတော်ပါရှိမှသာလျှင် စိတ်ဝိညာဉ်ကိုတို့ထိပါလိမ့်မည်။ အပြန်အလှန်ငြင်းခုံခြင်းသည် မည်သည့်အရာကိုမျှမစွမ်းဆောင်နိုင်ပါ။

ကျွန်ုပ်တို့၌ခရစ်တော်၏ကရုဏာကို များစွာလိုအပ်ပါသည်။ ကျွန်ုပ်တို့ကအပြစ်မရှိဟုယူဆသောသူများအပေါ်၌ ထားရှိသည့်ကရုဏာမျိုးမဟုတ်ဘဲ အခက်အခဲတွေ့နေသော ဆင်းရဲ၍ရုန်းကန်လျက်ရှိသည့်ဝိညာဉ်များ၊ အပြစ်များထပ်ခါတလဲလဲပြုလုပ်၍ နောင်တရပြီးစိတ်အားငယ်နေသူများအပေါ် ထားရှိရမည့်ကရုဏာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းကဲ့သို့ပင် ဤသူများခံစားရသည့်အခက်အခဲများအတွက် ကျွန်ုပ်တို့သည်လည်း စိတ်ထိခိုက်ခြင်းရှိရမည်။

ပတ်ဝန်းကျင်မှစွန့်ပယ်ခြင်းကိုခံရသူများ၊ အခွန်ခံနှင့်အပြစ်သားများကို သခင်ခရစ်တော်သည်မေတ္တာတော်ဖြင့် မိမိထံတော်သို့ဖိတ်ခေါ်ခဲ့ပါသည်။ သခင်ခရစ်တော်စိတ်တော်မတွေ့သည့်လူစုမှာ မိမိကိုယ်ကိုအထင်ကြီးပြီး သူတစ်ပါးကိုနှိမ့်ချသောသူများဖြစ်ပါသည်။

ငါ၏အိမ်ပြည့်စေခြင်းငှာသွားလော့၊ လမ်းမလမ်းကြားတွင်ရှိသူများကိုဖိတ်ခေါ်လေဟု သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကိုခိုင်းသောကြောင့် ကျွန်ုပ်တို့အနီးအနားတွင်ရှိသော မယုံကြည်သူများနှင့်ရပ်ဝေးတွင်ရှိသူများကို အခွန်ခံများနှင့်ပြည့်တန်ဆာများအား သခင်ခရစ်တော်အကြောင်းကိုပြောကြားရမည်။ ဖိတ်ကြားခြင်းပြုသူများ၏စိတ်ရှည်ခြင်းနှင့်ကြင်နာခြင်းကြောင့် အပြစ်နွံထဲ၌နစ်မြုပ်နေသည့် အကြီးဆုံးသောအပြစ်သားအတွက်ပင် ဤဖိတ်ခေါ်ချက်သည်တန်ဖိုးရှိရှိပြီး ပြောင်းလဲစေပါသည်။





ခရစ်ယာန်များသည် အမှုတော်ကိုဆောင်ရာ၌ ဦးတည်ချက်မပြောင်းဘဲ မလျှော့သောဇွဲဖြင့် အခွင့်အရေးကိုလက်မလွှတ်ဘဲ စာတန်၏ဖျက်ဆီးခြင်းမှ ဝိညာဉ်များကိုကယ်တင်ရမည်။ ပျောက်ဆုံးသူများကိုကယ်တင်ရာ၌ မည့်သည့်အရာမျှသည် အတားအဆီးမဖြစ်ရပါ။

နှုတ်တော်ထွက်စကားတွင် အမျိုးသားနှင့်အမျိုးသမီးများသည် သခင်ခရစ်တော်ထံသို့အလျင်အမြန်ရောက်လာရန် တိုက်တွန်းထားကြောင်းကိုမှတ်ပါ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံတော်သို့ လူများကိုဆွဲဆောင်ရာ၌ ရသည့်အခွင့်အရေးကိုလက်မလွှတ်ဘဲ အသုံးပြုရမည်။ သခင်ခရစ်တော်ထံသို့ကြည့်၍ ကိုယ်တော်၏ကိုယ့်ကိုကိုယ်ငြင်းပယ်သောအသက်တာကိုလက်ခံရန် အခွင့်ရှိသမျှတိုက်တွန်းရမည်။ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေခြင်းအလို့ငှာ မိမိ၌ရှိသောဘုရားသခင်မှရရှိသည့်လက်ဆောင်မွန်များအားလုံးကိုအသုံးပြု၍ ဘုရားသခင်၏ဝမ်းမြောက်တော်မူခြင်းကိုရရှိရန်မျှော်လင့်ကြောင်းသူတို့ကိုအသိပေးပါ။

## မြော်လင့်ခြင်းအားဖြင့်ကယ်တင်ခြင်းရခြင်း

"ငါတို့သည်မြော်လင့်ခြင်းအားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်ကြ၏" (ရောမ ၈း၂၄)။ အပြစ်တွင်နစ်မွန်းလျက်ရှိသူများသည် မျှော်လင့်ချက်ကင်းမဲ့ပြီး လူ့ဘဝမရှုံးသေးကြောင်းကိုအသိပေးရမည်။ သခင်ခရစ်တော်သည် လူသားတစ်ဦးစီကိုယုံကြည်၍ တန်ဖိုးထားပါသည်။ အပြစ်၌အဆိုးဆုံးသောသူကိုပင်လေးစားစွာဖြင့် ဆက်ဆံတော်မူပါသည်။ မုန်းတီးခြင်း၊ မသန့်ရှင်းခြင်းနှင့်နိမ့်ကျသောအရာများနှင့်တွေ့ကြုံသောအခါ ကိုယ်တော်သည် စိတ်တော်ညှိုးငယ်တော်မူသော်လည်း ရှုတ်ချတော်မူခြင်းအမူအရာကိုမည်သည့်အခါမျှပြတော်မူခြင်းမရှိခဲ့ပါ။ ဆိုးညစ်သောအမူအကျင့်များ၊ တစ်ဖက်သတ်ဆန်သောစိတ်ဓာတ်များနှင့် ပြင်းထန်သောလူသားတို့၏ရမ္မက်များနှင့်ကြုံတွေ့တော်မူသောအခါ သခင်ခရစ်တော်သည် ကရုဏာတော်ဖြင့်ပြန်လည်

တုံ့ပြန်တော်မူခဲ့ပါသည်။ သခင်ခရစ်တော်၏စိတ်တော်ကို ဆက်ခံသည့်ကျွန်ုပ်တို့သည်လည်း အလားတူစုံစမ်းနှောင့်ယှက်ခြင်းမျိုးနှင့်ရင်ဆိုင်၍ အပြစ်တွင်မြုပ်လိုက်ပေါ်လိုက်ဖြစ်နေကာ အခက်အခဲများ၊ စိတ်ပျက်အားငယ်ခြင်းနှင့်ရင်ဆိုင်ရသူများ၊ အကူအညီနှင့်မေတ္တာတော်ငတ်လျက်ရှိနေသူများကို မိမိတို့၏ညီရင်းအစ်ကိုပမာ သဘောထားရလိမ့်မည်။ သို့မှသာ ဤသူများနှင့်ရင်ဆိုင်ရသောအခါ စိတ်ပျက်ခြင်းနှင့်ငြင်းပယ်ခြင်းတို့ကိုပျောက်စေပြီး ရင်ထဲ၌မျှော်လင့်ခြင်းကိုရှင်သန်စေပါမည်။ ဤသူတို့သည် စိတ်တက်ကြွလာပါက ယုံကြည်ခြင်းနှင့်အတူ "အချင်းရန်သူ၊ ငါ့အပေါ်မှာဝါကြွားဝမ်းမြောက်ခြင်းမရှိနှင့်၊ ငါလဲသော်လည်းထဦးမည်၊ မှောင်မိုက်၌ထိုင်ရသော်လည်း ထာဝရဘုရားသခင်သည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်။ ငါသည်ထာဝရဘုရားသခင်ကိုပြစ်မှားသောကြောင့် အမျက်တော်ကိုခံရ၏။ ငါ့အမှုကိုစစ်ကြော၍ တရားဆုံးဖြတ်တော်မမူမီတိုင်အောင် ငါခံရ၏၊ ငါ့ကိုအလင်းထဲသို့ထုတ်၍ နေရာပေးတော်မူသောအားဖြင့် ဖြောင့်မတ်ခြင်းအကျင့်ကို ငါမြင်ရလိမ့်မည်" (မိက္ခာ ၇း၈–၉) ဟုပြောဆိုလိမ့်မည်။

ဘုရားသခင်သည် "တည်ရှိတော်မူရာအရပ်ကကြည့်ရှု၍ မြေကြီးပေါ်မှာနေသော သက်ရှိအပေါင်းတို့ကိုမှတ်တော်မူ၏။ သူတို့၏စိတ်နှလုံးရှိသမျှတို့ကိုဖန်ဆင်း၍ သူတို့ကျင့်သမျှသောအကျင့်တို့ကိုလည်း ဆင်ခြင်တော်မူ၏" (ဆာလံ ၃၃း၁၄–၁၅)။

ကျွန်ုပ်တို့သည် အပြစ်သားများနှင့်ဆက်ဆံရာ၌ ဘုရားသခင်မှာကြားတော်မူသည်မှာ "အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည့်အကြောင်း၊ ကိုယ်ကိုသတိပြုလျက်" (ဂလာတိ ၆း၁)။ မိမိတို့၏အားနည်းချက်များကိုဆင်ခြင်လျက် အခြားသူများအပေါ်ကရုဏာထားရှိပြီး ကိုယ်ချင်းစာနာမှုအပြည့်ဖြင့် ဆက်ဆံရပါမည်။

"အဘယ်သူသည် သင့်ကိုထူးခြားစေသနည်း၊ သူတစ်ပါးလက်မှမခံယူဘဲ အလိုအလျောက်ရသောအရာတစ်စုံတစ်ခုမျှ သင်၌ရှိသလော။" "သင်တို့ဆရာတစ်ပါးတည်းရှိ၏၊ သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်



ကြ၏။" "သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့်စစ်ကြောစီရင်သနည်း၊ ညီအစ်ကိုချင်းကို အဘယ်ကြောင့်မထီမဲ့မြင်ပြုသနည်း။" "ထို့ကြောင့်ငါတို့သည် ယခုမှစ၍ အချင်းချင်းမစစ်ကြောမစီရင်ဘဲနေကြကုန်အံ့၊ ညီအစ်ကိုချင်းထိမိ၍လဲစရာအခွင့်၊ မှားယွင်းစရာအခွင့်မရှိစေမည်အကြောင်း သာ၍စီရင်ကြကုန်အံ့" ၁ကော ၄း၇။ မဿဲ ၂၃း၈။ ရောမ ၁၄း၁၀၊၁၃။

မိမိ၏အပြစ်များကိုဖော်ပြခံရခြင်းသည် အလွန်ရှက်ဖွယ်ကောင်းပါသည်။ ဤအတွေ့အကြုံခံစားမှုကိုပိုမိုခါးသီးစေရန် မည်သူတစ်ဦးတစ်ယောက်ကမျှ မလိုအပ်သောကဲ့ရဲ့ခြင်းကိုမပြုရပါ။ အပြစ်တင်ခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်သည် နောင်တရခြင်းမရှိဘဲ လူအမြောက်အမြားကို အပြစ်၌ပိုမိုနစ်မြုပ်စေပါသည်။ နူးညံ့သောစိတ်ထားနှင့်ပျော့ပျောင်းစွာဆက်ဆံခြင်းအားဖြင့် အပြစ်များစွာကိုဖုံးအုပ်စေပြီး မှားယွင်းသောသူကိုနောင်တရစေပါသည်။

ပေါလုသည် အပြစ်များကိုဆုံးမရန်လိုအပ်သောအခါ သူသည်အပြစ်သားကိုချစ်သောမိတ်ဆွေတစ်ဦးအနေနှင့်သာဆုံးမခဲ့သည်။ မိမိ၏လုပ်ဆောင်ချက်များ၏အကြောင်းရင်းကို ရှင်းပြခဲ့ပါသည်။ သူတစ်ပါးကိုနာကျင်စေခြင်းသည် မိမိကိုလည်းအလွန်နာကျင်စေကြောင်းကို သူရှင်းပြခဲ့ပါသည်။ အပြစ်ကိုအောင်မြင်ကျော်လွှားရန်ကြိုးစားသူအပေါ် ပေါလုသည်ယုံကြည်မှုနှင့်ကရုဏာပြသခဲ့ပါသည်။

ပေါလုက "အလွန်ညှိုးငယ်ပူပန်သောစိတ်နှင့် မျက်ရည်အများကျလျက် သင်တို့အားငါရေး၍ပေးလိုက်၏၊ သင်တို့ကိုစိတ်နာစေခြင်းငှာ ငါရေးသည်မဟုတ်၊ ငါသည်သင်တို့အား အလွန်ချစ်သောမေတ္တာစိတ်ကို သင်တို့သိစေခြင်းငှာငါရေး၏" ၂ကော ၂း၄။

"အထက်ကပေးလိုက်သောစာအားဖြင့် သင်တို့ကိုဝမ်းနည်းစေသောကြောင့် ငါသည် ယခင်အခါ၌နောင်တရှိသော်လည်း ယခုအခါ၌မရှိ။–––သင်တို့ဝမ်းနည်းစေသောကြောင့် ငါဝမ်းမြောက်သည်မဟုတ်၊ ဝမ်းနည်းစေ၍နောင်တရသောကြောင့် ငါဝမ်းမြောက်ခြင်းရှိ၏။––– ဘုရားသခင်၏အလို

တော်နှင့်ညီသော သင်တို့၏ဝမ်းနည်းခြင်းသည် သင်တို့၌အဘယ်သို့သော သတိပြုခြင်း၊ ကိုယ်အပြစ်ကိုဖြေခြင်း၊ အမျက်ထွက်ခြင်း၊ ကြောက်ရွံ့ခြင်း၊ အလွန်တောင့်တင်းခြင်း၊ ငါ၏အကျိုးအလိုငှာစိတ်အားကြီးခြင်း၊ တရားသဖြင့် ဒဏ်စီရင်ခြင်းတို့ကိုပြုပြင်သည်ကို ကြည့်ရှုကြလော့၊ သင်တို့သည် ဤအမှု၌အပြစ်ကင်းသည်ကို အရာရာအားဖြင့်ထင်ရှားပြကြပြီ။--- ထိုကြောင့် သင်တို့၏သက်သာခြင်းအကြောင်းအားဖြင့် ငါတို့သည်လည်း သက်သာခြင်းသို့ရောက်သည်" (၂ကော ၇း၈-၁၃)။

"ငါသည်အရာရာ၌သင်တို့ကိုယုံနိုင်သောကြောင့် ဝမ်းမြောက်ခြင်းရှိ၏" (အငယ် ၁၆)။

"ငါသည်ဆုတောင်းပြုသောအခါခါ ဝမ်းမြောက်သောစိတ်နှင့် သင်တို့ရှိသမျှအဖို့ကို အစဉ်ဆုတောင်းပြုလျက် သင်တို့ကိုအောက်မေ့သောအခါခါ သင်တို့သည် ရှေးဦးစွာသောနေ့ရက်မှစ၍ ယခုတိုင်အောင် ခရစ်ယာန်ဧဝံဂေလိတရားကိုဆက်ဆံ၍ ခစားကြောင်းကိုငါထောက်သဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းပါ၏။" "သင်တို့တွင် ကောင်းသောအမှုကိုပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက်တိုင်အောင်ပြီးစီးလျက် ပြုတော်မူမည်ဟုငါသဘောကျ၏။ ရှိသမျှသောသင်တို့၏အမှုအရာ၌ ဤသို့ငါယူအပ်၏၊ အကြောင်းမူကား၊ ငါခံရသောကျေးဇူးတော်ကို သင်တို့အပေါင်းသည် ဆက်ဆံကြသည်ဖြစ်၍ ငါသည်အကျဉ်းခံရသော်လည်း ခရစ်ယာန်ဧဝံဂေလိတရားဘက်၌သက်သေခံ၍ ထိုတရားကိုတည်စေသော်လည်းကောင်း သင်တို့ကိုအောက်မေ့၏။" "ယခုမှာသင်တို့သည် ဘုရားသခင်၌တည်ကြည်လျှင် ငါတို့သည်အသက်ရှင်ကြ၏" (ဖိလိပ္ပိ ၁း၃-၅။ ၁း၆-၇။ ၄း၁။ ၁သက် ၃း၈)။

ပေါလုသည် ဤညီအစ်ကိုများထံသို့စာရေးရာတွင် "သခင်ခရစ်တော်၌ရှိသောသန့်ရှင်းသောသူများ" ဟုရေးသားသော်လည်း ဤသူများသည် ပြည့်စုံသောအသက်တာဖြင့် နေထိုင်နေသူများမဟုတ်ပါ၊ ဤသူများထံသို့စာရေးရာ၌ ပေါလုက စုံစမ်းနှောင့်ယှက်ခြင်းများကိုရင်ဆိုင်ပြီး ရှုံးနိမ့်သည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသူများထံသို့ရေးသကဲ့သို့ ရေးသားခဲ့ပါသည်။ ငြိမ်သက်



ခြင်း၏ဘုရားသခင်၊ သိုးများ၏ကြီးမြတ်သောသိုးထိန်းဖြစ်သောသခင်ခရစ်တော်ကို သေခြင်းမှထမြောက်စေသောသခင်သို့ ညွှန်ပြခဲ့ပါသည်။ ထာဝရပဋိညာဉ်တရား၏အသွေးတော်အားဖြင့် မိမိနှစ်သက်တော်မူသောအရာကို ယေရှုခရစ်အားဖြင့် သင်တို့၌ပြုတော်မူ၍ သင်တို့သည်အလိုတော်သို့လိုက်မည်အကြောင်း ကောင်းသောအကျင့်အမျိုးမျိုး၌ သင်တို့ကိုပြုပြင်တော်မူပါစေသော" (ဟေဗြဲ ၁၃း၂၀) ဖြင့် အားပေးခဲ့ပါသည်။

အပြစ်သားတစ်ဦးသည် မိမိ၏အပြစ်များကိုသိရှိလာသောအခါ ထိုသူ၏ကိုယ့်ကိုကိုယ်ယုံကြည်သောစိတ်ကို မဖျက်ဆီးပါနှင့်၊ ဂရုမစိုက်ခြင်း၊ ယုံကြည်မှုကင်းမဲ့ခြင်း စသောအပြုအမူများဖြင့် သူ့ကိုစိတ်ပျက်ခြင်းမရှိပါစေနှင့်၊ "ဤသူသစ္စာရှိကြောင်းကိုသက်သေပြနိုင်မှ ယုံကြည်မည်" ဟုမပြောဆိုပါနှင့်။ ဤကဲ့သို့ယုံကြည်မှုကင်းမဲ့သောလုပ်ဆောင်ချက်များကြောင့် အပြစ်သားများမကြာခဏ အပြစ်များကိုပြန်လည်ပြုလုပ်မိကြပါသည်။

ကျွန်ုပ်တို့သည် အခြားသူများ၏အားနည်းချက်များကို နားလည်ရန်ကြိုးစားကြရမည်။ ကိုယ်ကျင့်တရားအားနည်းပြီး စိတ်ခိုင်မာမှုမရှိဘဲ အမှောင်ထဲ၌ချုပ်နှောင်ခြင်းခံရသူများရင်ဆိုင်ရသော စုံစမ်းနှောင့်ယှက်ခြင်းအကြောင်းကို ကျွန်ုပ်တို့သည် အနည်းငယ်သာသိပါသည်။ အပြစ်၏ဖိစီးခြင်းကိုခံရသူတစ်ဦး၏အခြေအနေသည် အလွန်သနားစရာကောင်းပါသည်။ အံ့သြခြင်း၊ ယိမ်းယိုင်ခြင်းနှင့်အတူ မြုပ်နေပါသည်။ သူသည်ရှင်းရှင်းလင်းလင်းမြင်နိုင်စွမ်းမရှိပါ၊ စိတ်ရှုပ်ထွေးလျက် ဆက်လှမ်းရမည့်ခြေလှမ်းများမှာ မသေချာတော့ပါ။ ဤဝိညာဉ်အမြောက်အမြားသည် လမ်းလွဲသောသိုးသငယ်ကဲ့သို့ အခြားသူများ၏နားလည်ခြင်းနှင့်မေတ္တာမှကင်းလျက်၊ စိတ်ပျက်လျက်ရှိကြပါသည်။ ဘုရားသခင်ကိုမရှာတွေ့နိုင်သော်လည်း ခွင့်လွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းကို တောင့်တလျက်ရှိသည်။

ဤသူများထပ်၍နာကြည်းစေမည့်စကားများမပြောမိရန် သတိပြုပါ။ အပြစ်ဝန်ပိလျက် သက်သာခြင်းလမ်းစကိုရှာမတွေ့သောသူအား ကရုဏာကယ်တင်သခင်အကြောင်းကိုပြောပြပါ။ သူ၏လက်ကိုဆွဲ၍မထူကာ မျှော်လင့်

ခြင်းနှင့်တက်ကြွခြင်းကိုရရှိစေရန် အားပေးစကားပြောဆိုပါ။ ကယ်တင်သခင်၏လက်ကိုကိုင်စွဲမိစေရန်ကူညီပါ။

ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုကို ချက်ချင်းမတုံ့ပြန်သောသူများကို ကျွန်ုပ်တို့သည် အလွယ်တကူနှင့်စိတ်ပျက်မိကြသည်။ ဝိညာဉ်တစ်လုံး၌ မျှော်လင့်ချက်ရောင်ခြည်မမှိန်သရွေ့ ကျွန်ုပ်တို့သည် လက်မလျှော့သင့်ပါ။ ဝိညာဉ်တစ်လုံးသည် အလွန်တန်ဖိုးကြီး၍ ကယ်တင်ခြင်းအဖိုးအခသည် အလွန်ကြီးမားသောကြောင့် ဤဝိညာဉ်တစ်လုံးစီသည် စာတန်၏လက်ထဲသို့ရောက်ရှိရန် ကျွန်ုပ်တို့သည် လွယ်လွယ်နှင့်လက်မလွှတ်သင့်ပါ။

စုံစမ်းနှောင့်ယှက်ခြင်းခံရသူ၏နေရာတွင် ကျွန်ုပ်တို့သည် ဝင်ရောက်ခံစားသင့်ပါသည်။ မွေးရာပါအားနည်းချက်များ၊ ပတ်ဝန်းကျင်နှင့်အပေါင်းအသင်းများ၏မှားယွင်းသောဆွဲဆောင်မှုများကို ကိုယ်ချင်းစာကြည့်ပါ။ ဤကဲ့သို့သောအခြေအနေမျိုးနှင့်ရင်ဆိုင်ရသောသူများအဖို့ ဤကဲ့သို့အပြစ်၌ကျင်လည်သောအသက်တာမျိုးသည် အံ့သြစရာမဟုတ်ပါ၊ သူတို့ကိုကူညီရန်လုပ်ဆောင်ချက်များကို တုံ့ပြန်မှုနှေးကွေးခြင်းသည်လည်း အံ့သြစရာမဟုတ်ပါ။

ယခင်ကစိတ်တက်ကြွမှုသိပ်မရှိသောသူများသည် ခရစ်ယာန်ဧဝံဂေလိတရားတော်ကိုလက်ခံပြီးသည့်နောက် အလွန်သစ္စာရှိသောသူများဖြစ်လာသည်ကို မကြာခဏကြုံတွေ့ရပါသည်။ ထိုသူများသည် လုံးဝပျက်စီးနေသူများမဟုတ်ပါ၊ အပေါ်ယံမျက်နှာပြင်အောက်၌ ကောင်းမွန်သောစိတ်သဘောထားများစွာကို မြင်နိုင်ပါသည်။ ပြင်ပအကူအညီမရှိပါက လူအမြောက်အမြားသည် မိမိကိုယ်ကိုမပြုပြင်နိုင်ပါ။ သို့သော် စိတ်ရှည်လျက် ဖွဲမလျှော့ပါက ဤသူများကိုမြှင့်တင်နိုင်ပါသည်။ အချို့သူများသည် ကြင်နာစွာအားပေးစကားများပြောဆိုလျက် အကူအညီများလိုအပ်နေပါသည်။ သူတို့၌ရှိနေသောမျှော်လင့်ချက်ရောင်ခြည်မကွယ်ပျောက်စေရန်အတွက် မေတ္တာဖြင့်အကြံပေးချက်များစွာလိုအပ်ပါသည်။ ဤသူများနှင့်ထိတွေ့ရသောအမှုတော်ဆောင်များသည် ဤအချက်များကိုသတိပြုရပါမည်။



အချို့သူများသည် အပြစ်နွံထဲ၌ကြာရှည်စွာနစ်မွန်းနေပြီး စိတ်ဓာတ်များအလွန်ပျက်စီးနေသောကြောင့် ဤအသက်တာတွင် ရာခိုင်နှုန်းအပြည့်အဝနှင့် အကောင်းဆုံးအသက်တာပုံစံဖြင့် နေထိုင်နိုင်စွမ်းမရှိပါ။ သို့သော်လည်း ဖြောင့်မတ်ခြင်းနေမင်း၏လင်းရောင်ခြည်သည် သူတို့၏စိတ်ထဲသို့ဝင်ရောက်နိုင်ပါသည်။ ဘုရားသခင်၏အသက်တာမျိုးဖြင့်နေထိုင်သွားရန်သူတို့၌အခွင့်အရေးရှိပါသည်။ သူတို့၏စိတ်ထဲ၌ မြင့်မြတ်သောအတွေးအခေါ်များကိုချပေးပါ၊ အလင်းနှင့်အမှောင်၊ ဖြောင့်မတ်ခြင်းနှင့်ဆိုးညစ်ခြင်း၏ကွာခြားမှုကို သင်၏အသက်တာဖြင့် သူတို့သိစေပါ။ ခရစ်ယာန်ဖြစ်ရခြင်း၏အနက်ကို သခင်အသက်တာဖြင့် နမူနာပြပါ။ သခင်ခရစ်တော်သည် အဆိုးဆုံးသောအပြစ်သားကိုကယ်မပြီး လူအများကအသိအမှတ်ပြုသောဘုရားသခင်၏သားသမီး၊ သခင်ခရစ်တော်နှင့်အတူ ထာဝရဘုန်းတော်သို့အမွေခံထိုက်သောသူအဖြစ်သို့ ပြောင်းလဲစေနိုင်တော်မူပါသည်။

ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူအမြောက်အမြား၏အသက်တာသည် အနက်ပြည့်ဝနိုင်ပါသည်။ ငြင်းပယ်ခြင်းနှင့်စွန့်ပယ်ခြင်းကိုခံရပြီး စိတ်ပျက်ကာ အသက်တာ၌ခံစားမှုကင်းမဲ့ပြီး တုံ့ဆိုင်းနေတတ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ခြင်းအားဖြင့် သူတို့၏မျှော်လင့်ခြင်းကင်းမဲ့သည့်အခြေအနေကိုပြောင်းလဲစေပြီး တိမ်တိုက်များဖုံးလွှမ်းနေသော သူတို့၏စိတ်များသည် နိုးထလာပါလိမ့်မည်။ အပြစ်၏ကျေးကျွန်သည် လွတ်ငြိမ်းခွင့်ကိုရရှိလိမ့်မည်။ ဆိုးညစ်ခြင်းနှင့်ပညာမဲ့ခြင်းတို့သည် ပျောက်ကွယ်လိမ့်မည်။ မေတ္တာအားဖြင့်ပြုပြင်တတ်သောယုံကြည်ခြင်းသည် နှလုံးသားကိုသန့်ရှင်းစေပြီး အသိစိတ်ကိုလည်း တောက်ပစေပါလိမ့်မည်။

---ooo---

အခန်း (၁၁)

# ချုပ်တည်းခြင်းကင်းမဲ့သောသူများအတွက် ခရစ်ယာန်အမှုတော်ဆောင်ခြင်း

စစ်မှန်သောပြုပြင်ပြောင်းလဲခြင်းသည် ခရစ်ယာန်ဧဝံဂေလိတရားတော်အတွက် အမှုတော်ဆောင်ခြင်းနှင့် အသစ်သောအသက်တာအတွက် စိတ်နှလုံးကိုပြုပြင်ပြောင်းလဲသောလုပ်ဆောင်ချက်တွင် အရေးပါပါသည်။ အထူးသဖြင့် ချုပ်တည်းခြင်းဆိုင်ရာပြုပြင်မှုသည် ခရစ်ယာန်အမှုတော်ဆောင်တိုင်း၏ကူညီပံ့ပိုးမှုကို လိုအပ်ပါသည်။ ဤပြုပြင်ပြောင်းလဲခြင်းအမှုကို လူတိုင်းစိတ်ဝင်စားပြီးပါဝင်ရန်တိုက်တွန်းရမည်။ နေရာတိုင်းတွင် ချုပ်တည်းခြင်းဆိုင်ရာ စစ်မှန်သောပညာပေးမှုနှင့်ဝန်ခံကတိများကို လက်မှတ်ရေးထိုးရန်တိုက်တွန်းရမည်။ ဆိုးညစ်သောအကျင့်များ၏ချုပ်နှောင်ခြင်းကို ခံနေရသူများလွတ်မြောက်ရေးအတွက် အပြင်းအထန်ကြိုးစားဆောင်ရွက်ရမည်။

နေရာတိုင်းတွင်ချုပ်တည်းမှုကင်းမဲ့ခြင်းကြောင့် ရှုံးနိမ့်နေသူများကို ကူညီရန် အလုပ်များစွာရှိပါသည်။ ဘုရားကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ခရစ်ယာန်အိမ်ထောင်များတွင် လူငယ်အမြောက်အမြားသည် ပျက်စီးခြင်းလမ်းကိုရွေးနေပါသည်။ ချုပ်တည်းခြင်းမရှိသောအကျင့်များကြောင့် ရောဂါများရရှိပြီး မှားယွင်းသောအလိုရမ္မက်များကိုဖြည့်ဆည်းရန် ငွေကို မတရားရှာခြင်းဖြင့် အပြစ်များကိုပြုနေကြပါသည်။ ကျန်းမာခြင်းအကျင့်ဓလေ့တို့သည် ပျက်စီးနေပါသည်။ ဘုရားသခင်မှဝေးကွာ၍ အသိုက်အဝန်းမှ ငြင်းပယ်ခြင်းခံနေရသောကြောင့် ဤသနားဖွယ်ဝိညာဉ်တို့သည် ဤဘဝနှင့် နောင်ဘဝအတွက် မျှော်လင့်ချက်ကင်းမဲ့နေကြပါသည်။ မိဘများသည် စိတ်ကြေကွဲလျက်ရှိပါသည်။ ဤသူများသည် မျှော်လင့်ချက်ကင်းမဲ့နေသည်ဟု လူကဆိုသော်လည်း ဘုရားသခင်သည် ဤသို့မှတ်တော်မမူပါ။ ဤကဲ့သို့ဖြစ်ရခြင်း၏အခြေအနေအလုံးစုံကိုသိတော်မူပြီး သူတို့ကိုကရုဏာထားပါသည်။ ဤလူစုသည် အကူအညီလိုအပ်နေပါသည်။ ဤသူများသည်



နှုတ်မဖွင့်ဟ၍ “ကျွန်ုပ်တို့မည်သူမျှဂရုမစိုက်” ဟု မည်သည့်အခါမျှမညည်းတွားပါစေနှင့်။

ချုပ်တည်းခြင်းကင်းမဲ့သောလူများတွင် လူတန်းစားအလွှာအသီးအသီးနှင့် သက်မွေးဝမ်းကျောင်းအမျိုးစုံမှသူများပါဝင်ပါသည်။ အထက်တန်းလွှာမှလူများ၊ ပညာထက်မြက်သူများနှင့်အောင်မြင်မှုများစွာရရှိသူများသည် ကိုယ်အလိုကိုလိုက်၍ အစားကြူးခြင်းကြောင့် စုံစမ်းနှောင့်ယှက်ခြင်းကိုမလွန်ဆန်နိုင်တော့ပါ။ တစ်ကြိမ်တစ်ခါက ချမ်းသာကြွယ်ဝသူများသည် ယခုအခါ အိမ်မရှိ၊ မိတ်ဆွေမရှိဖြင့် အခက်အခဲများတွေ့ကာ ရောဂါများစွဲကပ်ပြီး နိမ့်ကျလျက်ရှိပါသည်။ သူတို့သည် ကိုယ့်ကိုကိုယ်ထိန်းချုပ်မှုခွန်အားပျောက်ဆုံးနေပါသည်။ အကယ်၍လမ်းလှမ်းမကူညီပါက သူတို့သည် ပို၍ပို၍နစ်မြုပ်လိမ့်မည်။ ဤကဲ့သို့အားနည်းချက်များသည် ဝိညာဉ်ရေးတွင်သာမက ကိုယ်ကာယအတွက်လည်း ရောဂါကိုရစေပါသည်။

ချုပ်တည်းခြင်းကင်းမဲ့သောသူများကိုကူညီရာတွင် ကျွန်ုပ်တို့သည် သခင်ခရစ်တော်နည်းတူ သူတို့၏ကိုယ်ကာယအခြေအနေကို အဦးဆုံးဂရုစိုက်ရမည်။ သူတို့သည် ကျန်းမာ၍လှုံ့ဆော်မှုကင်းမဲ့သောအစာနှင့်အရည်များ၊ သန့်ရှင်းသောအဝတ်အစားများနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုလိုအပ်ပါသည်။ သူတို့ကိုကူညီပံ့ပိုးမည့် ခရစ်ယာန်အသိုက်အဝန်းများတွင် ထားရှိရမည်။ ဆိုးညစ်သောအကျင့်များ၏ချုပ်နှောင်ခြင်းခံနေရသူများကို အချုပ်အနှောင်မှ လွတ်မြောက်စေရန် ကူညီမည့်ဌာနများကို မြို့တိုင်းတွင်ထားရှိရမည်။ လူအမြောက်အမြားသည် အရက်သောက်ခြင်းဖြင့် အခက်အခဲငြိမ်းမည်ဟု ထင်ကြပါသည်။ သို့သော်လည်း ခရစ်ယာန်တိုင်းသည် ယဇ်ပုရောဟိတ်မင်းနှင့်လေဝိအမျိုးသားကဲ့သို့မဟုတ်ဘဲ ကောင်းသောရှမာရိကဲ့သို့လုပ်ဆောင်ပါက ဤကဲ့သို့ဖြစ်မည်မဟုတ်ပါ။

ချုပ်တည်းခြင်းကင်းမဲ့သောသူများနှင့်ဆက်ဆံရာတွင် ကျွန်ုပ်တို့သည် လူကောင်းပကတိများနှင့်ဆက်ဆံခြင်းမဟုတ်ဘဲ နတ်ဆိုးများ၏တန်ခိုးအောက်တွင်ရောက်နေသူများနှင့် ဆက်ဆံနေကြောင်းကို သတိပြုရမည်။

စိတ်ရှည်ခြင်း၊ သည်းခံခြင်းရှိရမည်။ ဆွဲဆောင်မှုမရှိသောပုံသဏ္ဍာန်ကိုမကြည့်ဘဲ သခင်ခရစ်တော်ကယ်တင်ရန်အသေခံခဲ့သော တန်ဖိုးကြီးသည့်အသက်တာကိုစဉ်းစားပါ။ သေရည်သေရက်သောက်သူသည် သတိပြန်လည်ရရှိလာသောအခါ သင်သည် သူ၏မိတ်ဆွေဖြစ်ကြောင်းကို အတတ်နိုင်ဆုံးပြပါ။ အပြစ်တင်သည့်စကားများကိုမဆိုပါနှင့်။ အမူအရာနှင့်အကြည့်အားဖြင့် ကဲ့ရဲ့ခြင်းမပြုပါနှင့်၊ ဤသနားဖွယ်ကောင်းသောသူသည် သူ့ကိုယ်သူအပြစ်တင်နေလိမ့်မည်။ ပြောင်းလဲမှုရှိလာရန်သူ့ကိုကူညီပါ။ ယုံကြည်ခြင်းတိုးပွားလာရန် အားပေးစကားများပြောဆိုပါ။ သူ၏အသက်တာတွင် ကောင်းသောအရာများကိုအားပေးပါ။ အထက်သို့လှမ်းနိုင်အောင် သူ့ကိုသွန်သင်ပါ။ အများ၏လေးစားခြင်းကိုခံယူနိုင်သောအသက်တာမျိုးဖြင့် နေထိုင်သွားနိုင်ကြောင်းကို သူ့အားလမ်းပြပါ။ ဘုရားသခင်ပေးသနား၍ အသုံးပြုရန်သူပျက်ကွက်ခဲ့သော ကောင်းသည့်အရာများ၏တန်ဖိုးကိုမြင်လာရန် သူ့ကိုကူညီပါ။

ခွန်အားနည်း၍ စိတ်အလိုနိမ့်ကျနေသော်လည်း သခင်ခရစ်တော်၌ သူ့အတွက်မျှော်လင့်ချက်ရှိပါသည်။ အကောင်းဘက်သို့ယိုင်နေသော နှလုံးသား၏အလိုများနှင့်တောင့်တချက်များသည် သူ့ကိုနိုးထစေလိမ့်မည်။ ခရစ်ယာန်ဧဝံဂေလိတရားတော်၌တည်သောမျှော်လင့်ချက်ကို လက်ကိုင်ပြုရန်သူ့ကိုအားပေးတိုက်တွန်းပါ။ စုံစမ်းနှောင့်ယှက်ခြင်း၌ရုန်းကန်လျက်ရှိသောသူ၏ရှေ့မှောက်တွင် ကျမ်းစာကိုဖွင့်၍ ဘုရားသခင်၏ကတိတော်များကို ထပ်ခါတလဲလဲဖတ်ပြပါ။ ဤကတိတော်များသည် သူ့အတွက်အသက်ပင်၏အရွက်များကဲ့သို့ဖြစ်လိမ့်မည်။ သခင်ခရစ်တော်၏ကယ်တင်ခြင်းကို ဝမ်းမြောက်ခြင်းနှင့်အတူ တုန်ယင်စွာကိုင်စွဲသည့်တိုင်အောင် စိတ်ရှည်စွာဖြင့် သင်၏ကြိုးစားမှုကိုလက်မလျှော့ပါနှင့်။

သင်ကူညီရန်ကြိုးစားနေသူကို ခိုင်မြဲစွာကိုင်စွဲခြင်းမရှိပါက အောင်မြင်လိမ့်မည်မဟုတ်ပါ။ သူတို့သည် စာတန်၏နှောင့်ယှက်ခြင်းကို ထပ်ခါတလဲလဲခံရလိမ့်မည်။ အရက်ပြန်သောက်လိုသော စိတ်အလို၏လှုံ့ဆော်ချက်အောက်၌ သူတို့သည် လမ်းမြောက်အရှုံးပေးတော့မည့်သဏ္ဍာန်ရှိနေလိမ့်မည်။



သူတို့သည် ထပ်ခါတလဲလဲ နတ်ဆိုး၏အောင်မြင်မှုကိုခံရသော်လည်း သင်သည် ဤအချက်ကြောင့်လက်မြှောက်အရှုံးမပေးပါနှင့်။

သူတို့သည် သခင်ခရစ်တော်အတွက် အသက်ရှင်သန်ရန်ဆုံးဖြတ်ပြီးသူများဖြစ်ပါသည်။ သို့သော်လည်း စိတ်တန်ခိုးအားနည်းလျက်ရှိပါသည်။ ဤဝိညာဉ်များကိုစောင့်ရှောက်သောသူများသည် နောင်တစ်ချိန်တွင် ဘုရားသခင်၏ရှေ့တော်၌ စစ်ဆေးခြင်းခံရမည်ဖြစ်သောကြောင့် သူတို့ကိုဂရုတစိုက်ဖြင့်စောင့်ရှောက်ရမည်။ သူတို့သည် ပျောက်ဆုံးနေသောလူ့ဘဝကိုပြန်လည်ရယူရမည်။ လူအမြောက်အမြားသည် သားစဉ်မြေးဆက်အကျင့်ဆိုးများ၏ဆွဲဆောင်မှုများကို ရင်ဆိုင်နေရပါသည်။ သူတို့သည် မွေးရာပါမမှန်ကန်သောစိတ်အလိုများနှင့် အလိုရမ္မက်၏ဘေးအန္တရာယ်မှကာကွယ်မှုကိုလိုအပ်နေပါသည်။ အကောင်းနှင့်အဆိုးသည် အတွင်းနှင့်အပြင်၌တိုက်လှန်ပွဲဆင်လျက်ရှိ၏။ အစားအသောက်ကြူးခြင်း၊ ကိုယ့်အလိုကိုလိုက်သောအကျင့်ဆိုးများနှင့် အရာရာတိုင်းတွင်ချုပ်တည်းမှုရှိချင်သောအလို၏လွန်ဆွဲပွဲကို မကြုံတွေ့သောသူများသည် ဤတိုက်လှန်ပွဲကိုရင်ဆိုင်နေရသူများတွေ့ကြုံရသည့်ဒဏ်ကို သိမြင်နိုင်ခြင်းမရှိနိုင်ပါ။ ဤတိုက်လှန်ပွဲကိုထပ်ခါတလဲလဲရင်ဆိုင်တိုက်လှန်ရပါသည်။

သခင်ခရစ်တော်ထံသို့ဆွဲဆောင်ခြင်းခံရသူ အမြောက်အမြားသည် အစားကြူးခြင်းနှင့် မိမိအလိုကိုလိုက်ရန်ဆွဲဆောင်ခြင်း၏တိုက်လှန်ပွဲကိုဝင်ရန်ခွန်အားရှိမည်မဟုတ်ပါ။ သို့သော်လည်း အမှုတော်ဆောင်များသည် ဤအချက်ကိုစိတ်ပျက်အားငယ်ခြင်းမရှိရ၊ အဆိုးဆုံးအခြေအနေမှ ကယ်ဆယ်ခြင်းခံရသူများပင်လျှင် ရှုံးနိမ့်ကြသည်မဟုတ်ပါ။

သင်သည် တစ်ဦးတည်းအမှုတော်ဆောင်နေခြင်းမဟုတ်သည်ကို သတိရပါ၊ ကောင်းကင်တမန်များသည် စေတနာစိတ်ရှိသောဘုရားသခင်၏သားသမီးတိုင်းနှင့်အတူလက်တွဲ၍ အမှုတော်ကိုဆောင်နေပါသည်။ သခင်ခရစ်တော်သည် ပြုပြင်ပေးသောသခင်ဖြစ်ပါသည်။ ဘုရားသခင်ကိုယ်တိုင်သည် သစ္စာရှိသောအမှုတော်ဆောင်များ၏အနားတွင်ရပ်လျက် နောင်တရ

သောသူအား "ငါ့သား၊ သင်၏အပြစ်ကိုလွှတ်စေပြီ" (မာကု ၂း၅) ဟု မိန့်တော်မူနေပါသည်။

စွန့်ပယ်ခြင်းခံရသူအမြောက်အမြားသည် ခရစ်ယာန်တရားတော်တွင်တည်သောမျှော်လင့်ခြင်းကိုလက်ကိုင်ပြုလျက် ကောင်းကင်နိုင်ငံတော်သို့ ဝင်နေစဉ်တွင် အလင်းတရားကိုရရှိပြီး အခွင့်အရေးများစွာရရှိသောသူများသည် ပြုပြင်ခြင်းမရှိဘဲ မှောင်မိုက်၌ကျန်နေလိမ့်မည်။

အကျင့်ဆိုးများ၏စွဲကပ်နေသူများကို အပြစ်မှလွှတ်မြောက်ရေးအတွက် အခြားသူများသည် အစွမ်းရှိသမျှကြိုးစားအားထုတ်ကာ ချီမခဲ့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကိုအဖိုးအခမဲ့ရရှိပြီး သခင်ခရစ်တော်သည် သူတို့အတွက်တောင်းလျှောက်တော်မူကာ ကောင်းကင်တမန်များကူညီမစနေသော်လည်း မိမိတို့ကိုယ်တိုင် မိမိတို့၏ဘဝတိုက်လှန်ပွဲကို ရင်ဆိုင်တိုက်လှန်ခြင်းမရှိပါက အချည်းနှီးဖြစ်မည့်အကြောင်းကို ရှင်းပြရပါမည်။

နန်းတက်တော့မည့် လူငယ်ရှောလမုန်၏ဖခင်ဒါဝိဒ်မင်းကြီးက နောက်ဆုံးမိန့်မှာသည်မှာ---"အားယူလော့၊ ယောကျာ်း၏ဘုန်းအစွမ်းရှိလော့" (၁ရာ ၂း၂)။ လူသားတစ်ဦးစီကိုသော်လည်းကောင်း၊ ထာဝရမပျက်စီးနိုင်သောသရဖူကို အောင်မည့်သူတစ်ဦးစီကိုလည်းကောင်း ကျမ်းစာကဆိုထားသည်မှာ "အားယူလော့၊ ယောကျာ်း၏ဘုန်းအစွမ်းရှိလော့" ဟုဖြစ်ပါသည်။

ကိုယ့်အလိုကိုလိုက်သောသူများသည် ယောကျာ်းပီသလိုပါက ကြီးမားသောအကျင့်ပြုပြင်ပြောင်းလဲမှုလိုအပ်ကြောင်းကို သိရှိခံစားရန်လိုအပ်ပါသည်။ မှားယွင်းသောစိတ်အလိုလိုက်ခြင်းကြောင့် ဘုရားသခင်ပေးတော်မူခဲ့သည့် လူ့ဘဝအနှစ်သာရကိုဆုံးရှုံးခဲ့ရသော်လည်း သခင်ခရစ်တော်၏ ခွန်အားဖြင့်ပြန်လည်ရယူရန် ဘုရားသခင်သည် လှုံ့ဆော်တော်မူနေပါသည်။

စုံစမ်းနှောင့်ယှက်ခြင်း၏ပြင်းထန်မှု၊ မိမိဇာတိစိတ်အလိုလိုက်ရန် ဆွဲဆောင်ဆွဲငင်ခြင်းနှင့်ရင်ဆိုင်ခံစားနေရသောသူသည် စိတ်ပျက်လျက် "ဤဆိုးညစ်သောအရာများကို ကျွန်ုပ်မတွန်းလှန်နိုင်" ဟု အရှုံးပေးလျက်ရှိပါသည်။ သို့သော်လည်း သူအောင်မြင်နိုင်ကြောင်းကိုအသိပေးပါ။ သူသည်



အခါခါရှုံးနိမ့်ခဲ့သော်လည်း အစဉ်ဤကဲ့သို့မဖြစ်သင့်ပါ၊ သူသည် ကိုယ်ကျင့်တရားခွန်အားနည်းပါးပြီး အပြစ်၏အကျင့်ဆိုးများ၏ထိန်းချုပ်မှုကိုခံနေရပါသည်။ သူ၏ကတိတော်များသည် တည်မြဲခြင်းမရှိပါ။ သူပျက်ခဲ့သောကတိများနှင့် မတည်သောဝန်ခံချက်များကြောင့် ကိုယ့်ကိုကိုယ်ယုံကြည်မှုကင်းမဲ့လာပြီး ဘုရားသခင်သည် သူ့ကိုလက်ခံတော်မူခြင်းမရှိနိုင်ကြောင်းကို ခံစားရပါမည်။ သို့သော်လည်း လက်မလျှော့ပါနှင့်။

ဘုရားသခင်ကိုကိုးစားသောသူသည် မွေးရာပါ (သို့မဟုတ်) စွဲကပ်နေသောအကျင့်ဆိုးများနှင့် အားနည်းချက်များကြောင့် အပြစ်၏ကျေးကျွန်များမဖြစ်သင့်ပါ၊ နိမ့်ကျသောသဘာဝ၏ချုပ်နှောင်ခြင်းကိုမခံရဘဲ မိမိတို့၏အစားကြူးခြင်းနှင့်အလိုရမ္မက်ျာကို အောင်မြင်သောသူများဖြစ်ရမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိတို့၏ခွန်အားကိုအမှီပြု၍ စာတန်နှင့် ရင်ဆိုင်၍ရန်ဖြစ်ခဲ့ခြင်းမရှိပါ။ ကျွန်ုပ်တို့၏မွေးရာပါအားနည်းချက်များ၊ စွဲကပ်နေသောအကျင့်ဆိုးများနှင့် မကောင်းမှုကိုပြုလိုသောစိတ်ထားများသည် မည်ကဲ့သို့ရှိစေကာမူ ဘုရားသခင်ပေးသနားရန် အဆင်သင့်ရှိတော်မူသည့် တန်ခိုးဖြင့် အောင်မြင်နိုင်ပါသည်။

## စိတ်အလို၏တန်ခိုး

စုံစမ်းနှောင့်ယှက်ခြင်းခံရသူသည် မှန်ကန်သောစိတ်တန်ခိုးအကြောင်းကို သိရှိနားလည်ရမည်။ ရွေးချယ်မှုများပြုလုပ်ခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရာ၌ စိတ်တန်ခိုးသည် လူကိုဦးဆောင်ပါသည်။ အရာရာတိုင်းသည် စိတ်တန်ခိုး၏မှန်ကန်သောလှုပ်ရှားမှုပေါ်တွင် မူတည်ပါသည်။ ကောင်းသောအရာများနှင့်သန့်ရှင်းသောအရာများကိုလိုလားခြင်းသည် မှန်ကန်သော်လည်း ဤနေရာတွင်ရပ်ထားပါက အကျိုးမရှိပါ။ မှားယွင်းသောစိတ်အလိုများကို အောင်မြင်လိုလျက်နှင့်ပင် လူအမြောက်အမြားသည် ပျက်စီးခြင်းသို့ရောက်

လိမ့်မည်။ သူတို့သည် ဘုရားသခင်၏အလိုတော်ကိုလက်ခံခြင်းမရှိ၊ ဘုရားသခင်၏နောက်တော်သို့လိုက်ရန် ရွေးချယ်ခြင်းမပြုကြပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုရွေးချယ်နိုင်သောအခွင့်ကိုပေးတော်မူ၍ ဤအခွင့်အရေးကို ကျွန်ုပ်တို့အသုံးပြုရမည်။ ကျွန်ုပ်တို့သည် မိမိတို့၏စိတ်နှလုံးကိုမပြောင်းလဲနိုင်ပါ၊ ကျွန်ုပ်တို့၏အလို၊ အတွေးအခေါ်များနှင့်နှစ်သက်မှုတို့ကို ကျွန်ုပ်တို့မထိန်းချုပ်နိုင်ပါ၊ ဘုရားသခင်၏အမှုတော်အတွက်သင့်လျော်ပြီး သန့်ရှင်းသူများဖြစ်အောင် ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမပြုလုပ်နိုင်ပါ။ သို့သော်လည်း ဘုရားသခင်၏အလိုတော်နှင့်အညီဆောင်ရွက်ရန် ကျွန်ုပ်တို့ရွေးချယ်နိုင်ပါသည်။ ကျွန်ုပ်တို့၏စိတ်တန်ခိုးကို ဘုရားသခင်ထံသို့အပ်နှံလိုက်ပါက ဘုရားသခင်၏အလိုတော်နှင့်အညီဆောင်ရွက်နိုင်ရန်ကိုယ်တော်သည် ကျွန်ုပ်တို့ကိုစိတ်တန်ခိုးပေးလိမ့်မည်။ ဤကဲ့သို့အားဖြင့်ကျွန်ုပ်တို့၏ဥပဓိရုပ်တစ်ခုလုံးသည် သခင်ခရစ်တော်၏အုပ်ထိန်းမှုအောက်သို့ရောက်သွားလိမ့်မည်။

စိတ်တန်ခိုးကိုမှန်ကန်စွာလေ့ကျင့်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အသက်တာတစ်ခုလုံးသည် ပြောင်းလဲသွားလိမ့်မည်။ သခင်ခရစ်တော်ထံသို့ ကျွန်ုပ်တို့၏စိတ်တန်ခိုးကိုအပ်နှံခြင်းဖြင့် ဘုရားသခင်နှင့်အတူ ကျွန်ုပ်တို့ပူးပေါင်းသွားကြပါသည်။ ဘုရားသခင်၌သစ္စာရှိရန် အထက်မှခွန်အားရကြပါသည်။ မိမိတို့၏အားနည်း၍ လေလွင့်နေသောစိတ်တန်ခိုးကို ဘုရားသခင်၏အလိုတော်နှင့်ပေါင်းစပ်ခြင်းဖြင့် မသန့်ရှင်းသောအလိုရမ္မက်များနှင့် တောင့်တချက်များကိုကျော်လွှားကာ သန့်ရှင်းသောအသက်တာဖြင့် နေထိုင်သွားနိုင်ပါသည်။

အစားအသောက်ချုပ်တည်းခြင်းနှင့် ရင်ဆိုင်ရန်းကန်နေသူများကို ကျန်းမာစွာနေထိုင်ရန် ပညတ်ချက်များကိုသွန်သင်ရမည်။ ကျန်းမာခြင်းပညတ်ချက်များကိုချိုးဖောက်ခြင်းဖြင့် ရောဂါများရရှိကာ မမှန်ကန်သောအလိုရမ္မက်များနှင့် အရက်သောက်ခြင်း၏အခြေခံလမ်းစဖြစ်ပေါ်နိုင်ကြောင်းကိုပြသရမည်။ မမှန်ကန်သောစေ့စပ်မှုများကိုကျော်လွှားရန် ကျန်းမာရေးပညတ်



ချက်များကို လိုက်လျှောက်ရမည့်အကြောင်းရှင်းပြပါ။ အစားအသောက်ချုပ်တည်းခြင်းရှိစေရန် ဘုရားသခင်ထံမှခွန်အားကိုအားကိုးနေစဉ် သူတို့သည် ဘုရားသခင်နှင့်ပူးတွဲ၍ ကိုယ်တော်၏ကိုယ်ကာယနှင့်အကျင့်အတွက်ပညတ်ထားတော်မူသည့်စည်းကမ်းများကို လိုက်လျှောက်ရမည့်အကြောင်းကိုရှင်းပြရမည်။

မိမိ၏အသက်တာကိုပြုပြင်ရန်ကြိုးစားနေသူများကို အလုပ်အကိုင်ရှာဖွေပေးရမည်၊ အလုပ်လုပ်နိုင်စွမ်းရှိသူများကို အဖိုးအခမယူဘဲ အစားအသောက်၊ အဝတ်အစားနှင့်နေစရာများမပေးနိုင်ကြောင်းကို ရှင်းပြရမည်။ မိမိတို့အတွက်နှင့် အခြားသူများအတွက်အကျိုးရှိစေရန် မိမိတို့ရရှိသောအရာများနှင့် ညီမျှသောအဖိုးအခကိုပြန်လည်ပေးဆပ်နိုင်မည့် နည်းလမ်းများကိုရှာဖွေပေးရမည်။ ကိုယ့်အားကိုယ်ကိုးနိုင်အောင် ကြိုးစားသူများကိုအားပေးပါ။ ဤကဲ့သို့ပြုလုပ်ပေးခြင်းအားဖြင့် မိမိကိုယ်ကိုပိုမိုတန်ဖိုးထားလာကာ ကိုယ့်အားကိုယ်ကိုးလိုသောစိတ်များ ပိုမိုရှင်သန်လာမည်။ စိတ်နှင့်ကိုယ်ခန္ဓာအတွက် အလုပ်ပေးထားခြင်းသည် စုံစမ်းနှောင့်ယှက်ခြင်းမှကာကွယ်ရန် ဒိုင်းလွှားတစ်ခုဖြစ်ပါသည်။

## စိတ်ပျက်ခြင်းများ၏ဘေးရန်

လမ်းမှားရောက်နေသူများအတွက် ကြိုးစားလုပ်ဆောင်နေသူများသည် ပြုပြင်ပြောင်းလဲရန်ကတိပြုသူအမြောက်အမြားကြောင့် စိတ်ပျက်ရလိမ့်မည်။ အချို့သူများသည် အပေါ်ယံကြောပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လိမ့်မည်။ သူတို့သည်စိတ်လှုပ်ရှားလွယ်၍ ခဏတာအတွက်ပြုပြင်ပြောင်းလဲနေသယောင်ရှိနေသော်လည်း စစ်မှန်သောစိတ်နှလုံးပြောင်းလဲခြင်းမရှိပါ။ သူတို့သည်နဂိုရှိပြီးသော ကိုယ့်ကိုကိုယ်ချစ်သောစိတ်များ၊ မိုက်မဲသောပျော်ရွှင်မှုများကိုတောင့်တခြင်းများနှင့် ကိုယ့်အလိုကိုလိုက်သောစိတ်များကို ဆက်လက်ဖက်တွယ်နေကြသည်။ သူတို့သည် အကျင့်ပြုပြင်တည်ဆောက်ခြင်းအတွေ့အကြုံ

မရှိဘဲ မိမိတို့ခံယူချက်ရှိသည့်အတိုင်း သစ္စာရှိသောသူများအဖြစ် မသတ်မှတ်နိုင်ပါ၊ သူတို့သည် အစားအသောက်ချုပ်တည်းမှုမရှိခြင်းနှင့် အလိုရမ္မက်များကိုလိုက်ခြင်းဖြင့် မိမိတို့၏ဝိညာဉ်ရေးနှင့်စိတ်ဓာတ်များသည်ပျက်စီးလျက်ခွန်အားနည်းနေပါသည်။ သူတို့သည်ခိုင်မာမှုမရှိဘဲ ပြောင်းလဲလွယ်သည်။ သူတို့၏စိတ်ထားများသည် ဤလောက၏အလိုနောက်သို့ညွှန်းနေပါသည်။ ဤသူများသည် အခြားသူများအတွက်လည်းဘေးရန်ရှိပါသည်။ လူအများက ဤသူများကိုပြုပြင်ပြောင်းလဲသူများအဖြစ်သတ်မှတ်ကာ တာဝန်များပေးအပ်ပြီး မိမိတို့၏အသက်တာကြောင့် အပြစ်မဲ့သောသူများသည် လမ်းလွဲနိုင်ပါသည်။

ပြုပြင်ပြောင်းလဲမှုကိုအမှန်တကယ်လိုလားသူများပင်လျှင် ရှုံးနိမ့်ခြင်း၏ဘေးရန်နှင့်မကင်းကြပါ။ ဤသူများကိုသတိကြီးစွာထား၍ သိမ်မွေ့စွာဆက်ဆံရမည်။ ပျက်စီးခြင်းမှကယ်တင်ခံရသူများကို မြှောက်ပင့်ပြောဆိုခြင်းသည် တစ်ခါတစ်ရံတွင် သူတို့အတွက်ဘေးရန်ရှိနိုင်သည်။ မိမိတို့၏အသက်တာအတွေ့အကြုံများကို အများရှေ့တွင်သက်သေခံရန်ဖိတ်ခေါ်ခြင်းသည် သက်သေခံသောသူနှင့်နားထောင်သူပရိသတ်အတွက် ဘေးရန်များပါသည်။ မိမိတို့၏အပြစ်များကို စဉ်းစားမှတ်ယူခြင်းသည် သူတို့၏စိတ်ဝိညာဉ်ကို ပျက်စီးစေနိုင်ပါသည်။ ကယ်ဆယ်ခြင်းခံရသူများကိုမြှင့်တင်ခြင်းသည် သူတို့အတွက်ဘေးရန်ရှိပါသည်။ လူအမြောက်အမြားသည် မိမိတို့၏အပြစ်နှင့်ပြည့်ဝသောအသက်တာကြောင့် ထင်ပေါ်ကျော်ကြားမှုကိုရရှိသည်ဟုထင်ကြသည်။ ဝိညာဉ်ရေးအတွက်ဘေးရန်ရှိသော ကိုယ့်ကိုကိုယ်ယုံကြည်မှုလွန်ကဲခြင်းနှင့် ကျော်ကြားမှုကိုလိုလားသောစိတ်ထားများကိုအားပေးသကဲ့သို့ ဖြစ်လာပါသည်။ သူတို့သည် ကိုယ့်ကိုကိုယ်ငြင်းပယ်၍ သခင်ခရစ်တော်၏ကရုဏာတော်အားဖြင့်သာ ရပ်တည်နိုင်ပါသည်။

စစ်မှန်သောပြောင်းလဲခြင်းလက္ခဏာရှိသူတိုင်းသည် အခြားသူများအတွက် ဆက်လက်အမှုထမ်းရမည်။ စာတန်၏အမှုကိုငြင်းပယ်၍ သခင်ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်ရမည့်သူတစ်ဦးကိုမျှ မငြင်းပယ်ရ။





ဘုရားသခင်၏ဝိညာဉ်တော်လှုံ့ဆော်ခြင်းခံရသူများအား ဘုရားသခင်အမှုတော်ကိုထမ်းရန် အားပေးရမည်။ "ပိုင်းခြား၍သိတတ်သောဉာဏ်ရှိ၍ အချို့တို့ကိုသနားကြလော့" (ယုဒ ၂၂)။ ဘုရားသခင်၌အတွေ့အကြုံကြွယ်ဝသူတို့သည် အကူအညီလိုနေသောဝိညာဉ်တို့ကို သိမြင်လိမ့်မည်၊ အမှန်တကယ်နောင်တရသော်လည်း အားပေးခြင်းမရှိပါက ဤသူတို့သည် မျှော်လင့်ချက်ကိုအားပြုနိုင်မည်မဟုတ်၊ မိမိတို့၏အသိုက်အဝန်းအတွင်းသို့ ဤကဲ့သို့နောင်တရပြီး တုန်ချည့်လျက်ရှိသူများကိုလက်ခံရန် ဘုရားသခင်သည် မိမိ၏တပည့်တော်များကို သွန်သင်တော်မူလိမ့်မည်။ မည်မျှနိမ့်ကျပြီး အပြစ်မည်မျှကြီးမားစေကာမူ နောင်တရပြီးမိမိထံသို့ရောက်ရှိလာသောသူများကို သခင်ခရစ်တော်သည်လက်ခံတော်မူ၍ အမှုတော်မြတ်၌ထမ်းဆောင်ရန် အခွင့်ပေးတော်မူပါသည်။ မိမိကဲ့သို့ဘဝတူများကို အပြစ်တွင်းမှကယ်ဆယ်လိုသောစိတ်ထားရှိပါက သူတို့ကိုအခွင့်အရေးပေးပါ၊ အတွေ့အကြုံရှိသောခရစ်ယာန်များထံမှ ဝိညာဉ်ရေးခွန်အားရရှိရန် တွဲဖက်ပေးပါ။ သူတို့၏စိတ်နှလုံးနှင့်လက်များကို ကိုယ်တော်၏အမှုတော်ဖြင့်ပြည့်ဝစေပါ။

စိတ်၌အလင်းတရားကိုရရှိသောအခါ အပြစ်တွင်လုံးဝနစ်မြုပ်သူများဖြစ်စေကာမူ မိမိတို့နှင့်ဘဝတူသောသူများကိုကူညီရန် အောင်မြင်သောအမှုတော်ဆောင်များဖြစ်လိမ့်မည်။ သခင်ခရစ်တော်၌တည်သောယုံကြည်ခြင်းအားဖြင့် အချို့တို့သည် အမှုတော်၌ကြီးမြတ်သောရာထူးများကိုရရှိပြီး ဝိညာဉ်ကယ်တင်ရေးအတွက် တာဝန်များအပ်နှင်းခြင်းခံရလိမ့်မည်။ သူတို့၏အားနည်းချက်များရှိသည်ကိုနားလည်လာပြီး မပြည့်ဝသောမိမိတို့၏သဘာဝကို သိရှိလာပါသည်။ အပြစ်၏ကြီးမားမှုနှင့် အကျင့်ဆိုးများ၏တန်ခိုးကိုသိရှိလာသည်။ သခင်ခရစ်တော်မပါဘဲ မအောင်မြင်နိုင်ကြောင်းကိုသိရှိလာ၍ "ခွန်အားမရှိသောကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်ထံသို့အပ်နှံပါသည်" ဟု အစဉ်တောင်းလျှောက်လျက်ရှိပါသည်။

ဤသူတို့သည် အခြားသူများကိုကူညီနိုင်ပါသည်။ မိမိကိုယ်တိုင်စုံစမ်းနှောင့်ယှက်ခြင်းကိုခံရ၍ မျှော်လင့်ချက်များကင်းမဲ့နေသော်လည်း ချစ်ခြင်း

မေတ္တာသတင်းစကားကိုကြားသိပြီး ကယ်တင်ခြင်းရရှိသောသူတို့သည် ဝိညာဉ်ကယ်တင်ခြင်းအမှုကိုနားလည်ပါလိမ့်မည်။ သိုးခြံတွင်းသို့ သခင်ခရစ်တော်ရှာဖွေခေါ်ဆောင်တော်မူခြင်းကိုခံရပြီး သခင်ခရစ်တော်အတွက် ချစ်ခြင်းမေတ္တာပြည့်ဝလျက်ရှိသူသည် ပျောက်ဆုံးသောသူများကိုရှာဖွေတတ်ပါသည်။ အပြစ်သားများကို ဘုရားသခင်၏သိုးသငယ်ထံသို့ညွှန်ပြနိုင်ပါသည်။ သူသည် ဘုရားသခင်ထံမှအကြွင်းမဲ့အပ်နှံထားပြီး ကိုယ်တော်၏အသိအမှတ်ပြုလက်ခံခြင်းကိုလည်း ရရှိနိုင်ပါသည်။ အားနည်း၍အကူအညီတောင်းခံသောလက်တို့သည် အားပေးဆုပ်ကိုင်ခြင်းခံနေရပါသည်။ ဤသူများ၏အမှုတော်ဆောင်ခြင်းဖြင့် ပျောက်ဆုံးသောသူများစွာသည် ခမည်းတော်ထံသို့ပြန်လည်ရောက်လာကြပါလိမ့်မည်။

အပြစ်နှင့်ပြည့်ဝသောအသက်တာမှ သန့်ရှင်းသောအသက်တာသို့ မြှင့်တင်ရန်ကြိုးစားနေသောဝိညာဉ်များအတွက် တစ်ခုတည်းသောတန်ခိုးတော်သည် "နာမတော်တစ်ခုတည်း၌သာတည်ရှိပါသည်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင်မပေါ်မရှိ" (တမန်တော် ၄း၁၂)။ အပြစ်နှင့်ပြည့်ဝသောစိတ်ထားများမှလွတ်မြောက်ပြီး ငြိမ်သက်သောမျှော်လင့်ခြင်းကိုလိုလားသူတို့ကို သခင်ခရစ်တော်က "ရေငတ်သောသူရှိလျှင် ငါ့ထံသို့လာ၍သောက်လော့" ယောဟန် ၇း၁၂။ အပြစ်မှတစ်ခုတည်းသောလွတ်မြောက်ခြင်းမှာ သခင်ခရစ်တော်၏ကျေးဇူးတော်သာဖြစ်ပါသည်။

မိမိ၏ခွန်အားဖြင့် ကောင်းမွန်သောအသက်တာကိုနေထိုင်ရန် မည်သို့မျှမစွမ်းဆောင်နိုင်ပါ။ ဤလောကရှိစုပုံထားသောဝန်ခံကတိပြုချက်များအားလုံးသည်ပင်လျှင် အကျင့်ဆိုး၏တန်ခိုးကိုမတွန်းလှန်နိုင်ပါ။ ကျေးဇူးတော်အားဖြင့် စိတ်နှလုံး၏ပြောင်းလဲခြင်းမရှိဘဲ စစ်မှန်သောချုပ်တည်းခြင်းကို မည်သူမျှမကျင့်ဆောင်နိုင်ပါ၊ မိမိတို့ခွန်အားဖြင့် အပြစ်မှတစ်မိနစ်မျှမကင်းကွာနိုင်ပါ။ စက္ကန့်တိုင်း၊ မိနစ်တိုင်း ဘုရားသခင်ကိုအားကိုးရပါမည်။



စစ်မှန်သောပြုပြင်ခြင်းသည် စိတ်နှလုံးသန့်ရှင်းခြင်းမှစတင်ပါသည်။ သခင်ခရစ်တော်၏ကျေးဇူးတော်ဖြင့် အသက်တာပြုပြင်ပြောင်းလဲခြင်းကိုလက်ခံကာ ဘုရားသခင်နှင့်အဆက်အသွယ်ပြုခြင်းဖြင့်သာ အပြစ်သားများအတွက် ကျွန်ုပ်တို့၏လုပ်ဆောင်ခြင်းသည် အမှန်တကယ်အောင်မြင်လိမ့်မည်။

သခင်ခရစ်တော်သည် ဘုရားသခင်၏ပညတ်တော်များကို အပြည့်အဝလိုက်လျှောက်သောအသက်တာဖြင့်နေထိုင်ကာ လူသားတစ်ဦးစီအတွက် စံနမူနာထားခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တန်ခိုးတော်နှင့် သွန်သင်တော်မူချက်များဖြင့် ဤလောက၌သခင်ခရစ်တော်နေထိုင်တော်မူခဲ့သည့်အသက်တာကို နေထိုင်သွားရမည်။

အပြစ်သားများအတွက်အမှုတော်ကိုဆောင်ရာတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်များကိုလိုက်လျှောက်ရန်လိုအပ်ချက်နှင့် ကိုယ်တော်ထံ၌သစ္စာရှိရန်အရေးကြီးကြောင်းကို စိတ်နှလုံး၌စွဲကျန်စေရန် သွန်သင်ရမည်။ ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်သောသူနှင့် အလိုတော်ကိုမလိုက်လျှောက်သူတို့တွင် ကွာခြားမှုထင်ရှားကြောင်းကိုပြရန် မမေ့ပါနှင့်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သော်လည်း ဘုရားသခင်သည် ပညတ်တော်များချိုးဖောက်ခြင်းကို ခွင့်မလွှတ်နိုင်ပါ။ ဘုရားသခင့်နိုင်ငံတော်၏စီမံမှုတွင် သစ္စာမဲ့သူတို့အတွက်လွတ်လမ်းမရှိပါ။ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောသူကိုသာလျှင် ဘုရားသခင်ကထင်ရှားစေပါသည်။ ဤလောက၌ လူတစ်ဦးစီ၏အသက်တာပုံစံသည် သူတို့၏ထာဝရအသက်ကိုဆုံးဖြတ်ပေးလိမ့်မည်။ စိုက်သည့်အတိုင်းရိတ်ရပါလိမ့်မည်။ အကျိုးတရားသည် အကြောင်းတရားနောက်သို့လိုက်လိမ့်မည်။

ဘုရားသခင်ပညတ်တော်မူသည့်စံများကိုလိုက်မီရန် ကိုယ်တော်၏စကားတော်တို့ကို အပြည့်အဝနားထောင်ခြင်းမှအပ အခြားနည်းလမ်းမရှိပါ။ ဘုရားသခင်သည် မိမိ၏တောင်းဆိုချက်များကို အထင်အရှားဖော်ပြထားတော်မူပါသည်။ လူသားတို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီနေထိုင်သွားရန်အတွက် မလိုအပ်သောအရာတစ်ခုကိုမျှ ဘုရားသခင်သည် တောင်းဆို

တော်မူခြင်းမရှိပါ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံနှင့် ကိုယ်တော်၏ အလိုတော်ကိုညွှန်ပြ၍ ကိုယ်တော်၏အလိုတော်ကိုပြည့်မီရန် သခင်ခရစ်တော်၏ကျေးဇူးတော်ဖြင့်သာရနိုင်ကြောင်းကို ညွှန်ပြရမည်။

သခင်ခရစ်တော်သည် လူဇာတိကိုခံယူပြီး ဤလောက၌အပြစ်မဲ့သောအသက်တာဖြင့်နေထိုင်သွားတော်မူခဲ့ခြင်းဖြင့် လူသည်လည်း မိမိတို့၏အားနည်းချက်များကြောင့် အပြစ်ကိုအောင်မြင်နိုင်ခြင်းမရှိကြောင်းကို စိုးရိမ်ရန်မလိုပါ။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့ကို "ဘုရားသခင်ပကတိကိုဆက်ဆံရသောသူ" များဖြစ်စေရန် ဤလောကသို့ကြွလာတော်မူခဲ့ပါသည်။ ကိုယ်တော်၏အသက်တာတွင် လူဇာတိနှင့်ဘုရားသခင်ဇာတိပေါင်းခြင်းဖြင့် အပြစ်မပြုလုပ်နိုင်ကြောင်းကို သက်သေပြတော်မူနေပါသည်။

လူသည်ဘယ်ကဲ့သို့အောင်မြင်ရမည့်အကြောင်းကိုသိရှိရန် သခင်ခရစ်တော်သည် အောင်မြင်တော်မူခဲ့ပါသည်။ စာတန်၏နှောင့်ယှက်ခြင်းအလုံးစုံကို သခင်ခရစ်တော်သည် နှုတ်တော်ထွက်စကားအားဖြင့် တွန်းလှန်တော်မူခဲ့ပါသည်။ ဘုရားသခင်၏ကတိတော်များကိုလက်ခံယုံကြည်ခြင်းဖြင့် ဘုရားသခင်၏ပညတ်တော်များကို လိုက်လျှောက်နိုင်သောတန်ခိုးတော်ကို ရရှိခဲ့ပါသည်။ စာတန်သည်လည်းအနိုင်ယူခဲ့ပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းတစ်ခုစီကိုကျော်လွှားရာ၌ သခင်ခရစ်တော်သည် "ကျမ်းစာလာသည်ကား" ဟုမိန့်တော်မူခဲ့ပါသည်။ ထိုကြောင့် ဘုရားသခင်သည် အပြစ်ကိုကျော်လွှားရန်အတွက် နှုတ်တော်ထွက်စကားကို ပေးထားတော်မူပါသည်။ ဘုရားသခင်၏ကြီးမားသောကတိတော်များထားရှိပြီး "ထိုကတိတော်များကိုအမှီပြု၍ သင်တို့သည် လောကတပ်မက်ခြင်းအညစ်အကြေးနှင့်ကင်းလွတ်" (၂ပေ ၁း၄) ခြင်းကိုရရှိပါမည်။

စုံစမ်းနှောင့်ယှက်ခြင်းကိုခံနေရသူသည် မိမိရင်ဆိုင်နေရသောအခြေအနေ၊ မိမိ၏အားနည်းချက်နှင့်စုံစမ်းခြင်းခံနေရသော အပြစ်၏ကြီးမားမှုကို မကြည့်ဘဲ ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုသာကြည့်မြင်ပါစေ။ ကျမ်းစာတွင်ပါရှိသောခွန်အားအားလုံးသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။



ဆာလံဆရာက "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည့်အကြောင်း စကားတော်ကိုနှလုံးထဲမှာသိုထားပါပြီ။" "လူပြုတတ်သောအမှုများမှာ၊ ဖျက်ဆီးတတ်သောသူ၏လမ်းတို့ကို နှုတ်တော်ထွက်စကားအားဖြင့် အကျွန်ုပ်ရှောင်ပါပြီ" (ဆာလံ ၁၁၉း၁၁။ ၁၇း၄)။

လူများကိုအားပေးစကားပြောဆိုပါ၊ ဆုတောင်းခြင်းဖြင့်ကိုယ်တော်ထံသို့မြှင့်တင်ပေးပါ၊ လူအမြောက်အမြားသည် စုံစမ်းနှောင့်ယှက်ခြင်း၏အနိုင်ယူမှုကိုခံရ၍ မိမိတို့၏အားနည်းချက်များကြောင့် ညှိုးနွမ်းလျက်ရှိနေကြပါသည်။ သူတို့သည် ဘုရားသခင်ထံသို့ချဉ်းကပ်ရန်မဖြစ်နိုင်ဟု ထင်မှတ်နေကြသည်။ သို့သော် ဤအတွေးအခေါ်များသည် စာတန်၏အကြံပေးချက်များဖြစ်ပါသည်။ အပြစ်ကျူးလွန်၍ဆုမတောင်းလိုသောအခါတွင် ဆုတောင်းရမည့်အချိန်ဖြစ်ပါသည်။ မိမိတို့၏အပြစ်များကိုဝန်ချတောင်းပန်စဉ်တွင် ရှက်ကြောက်ခြင်းနှင့်သေးသိမ်ခြင်းကိုခံစားရသော်လည်း ကိုယ်တော်သည် ဤသူတို့၏အပြစ်ကိုဖြေလွှတ်လျက် သန့်ရှင်းစေတော်မူပါသည်။ မိမိ၏အားနည်းချက်ကိုသိရှိပြီး သခင်ခရစ်တော်၌လုံးဝဆက်ကပ်မှီခိုသူသည် မိမိ၏ခွန်အားမရှိကြောင်းကိုသိရှိသော်လည်း ဤအချိန်သည် ဘုရားသခင်၏ဦးဆောင်တော်မူခြင်းကိုခံယူနိုင်သည့် အသင့်လျော်ဆုံးအချိန်ဖြစ်ပါသည်။

ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းနှင့် သခင်ခရစ်တော်ထံသို့ယုံကြည်ခြင်းဖြင့်ဆက်ကပ်သော်လည်း ခွန်အားအနည်းဆုံးလူသားသည် သခင်ခရစ်တော်နှင့်အတူ ဆက်သွယ်ပြုခွင့်ရရှိပြီး ကိုယ်တော်သည် ဤသူ၏လက်ကိုစွဲမြဲစွာကိုင်စွဲ၍ မည်သည့်အခါမျှလက်လွှတ်မည်မဟုတ်ပါ။

**သခင်ခရစ်တော်၌ရပ်တည်နေသောသူတစ်ဦးစီသည် အောက်ပါကဲ့သို့ဆိုနိုင်ပါသည်။**

"ငါမူကား ထာဝရဘုရားကိုမြော်လင့်မည်၊ ငါ့ကိုကယ်တင်တော်မူသောဘုရားသခင်ကိုငါခိုလှုံမည်၊ ငါ၏ဘုရားသခင်သည် ငါ့စကားကိုနားထောင်တော်မူမည်၊ အချင်းရန်သူ၊ ငါ့အပေါ်မှာဝါကြွားဝမ်းမြောက်ခြင်းမရှိနှင့်၊ ငါလဲ

သော်လည်းထဦးမည်၊ မှောင်မိုက်၌ထိုင်ရသော်လည်း ထာဝရဘုရားသည် ငါ၏အလင်းဖြစ်တော်မူလိမ့်မည်" မိက္ခာ ၇း၇-၈။

"ကိုယ်တော်သည် အကျွန်ုပ်တို့ကိုတစ်ဖန်သနား၍ အကျွန်ုပ်တို့၏ အပြစ်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏အပြစ်အလုံးစုံ တို့ကို နက်နဲသောပင်လယ်ထဲသို့ချပစ်တော်မူလိမ့်မည်" မိက္ခာ ၇း၁၉။

**ဘုရားသခင်ကတိတော်ထားသည်မှာ-**

"လူသည်ရွှေစင်ထက်အဖိုးထိုက်မည့်အကြောင်း၊ ဆင်းရဲသားသည် ဩဖိရရွှေကျောက်ထက် အဖိုးထိုက်မည့်အကြောင်းကိုငါပြုမည်" ဟေရှာယ ၁၃း၁၂။

"သင်တို့သည် တောင်ကြားမှာနေရာကျလျက်၊ ငွေနှင့်မွမ်းမံသော ချိုးငှက်အတောင်ကဲ့သို့လည်းကောင်း၊ နီသောရွှေနှင့်မွမ်းမံသော အမွေးကဲ့သို့ လည်းကောင်း ဖြစ်ကြလိမ့်မည်" ဆာလံ ၆၈း၁၃။

သခင်ခရစ်တော်၏အပြစ်ခွင့်လွှတ်ခြင်းကို အများဆုံးခံရသောသူ သည် ကိုယ်တော်ကိုအများဆုံးချစ်လိမ့်မည်။ ကိုယ်တော်ဒုတိယအကြိမ်ပြန် ကြွလာသောအခါ သူတို့သည် ကိုယ်တော်၏ပလ္လင်တော်နှင့်အနီးဆုံးတွင်ရှိ လိမ့်မည်။ "မျက်နှာတော်ကိုမြင်ရ၍ သူတို့၏နဖူး၌လည်း နာမတော်ရေးထား လျက်ရှိလိမ့်မည်" ဗျာဒိတ် ၂၂း၄။

---ooo---



အခန်း (၁၂)

# အလုပ်လက်မဲ့များနှင့်အိမ်ခြေမဲ့များအတွက် အကူအညီများ

ဆင်းရဲသောသူများကိုကူညီမစရန် စေတနာစိတ်ထက်သန်သော အမျိုးသားနှင့်အမျိုးသမီးများစွာရှိပါသည်။ အလုပ်လက်မဲ့များနှင့်အိမ်ခြေမဲ့ သောသူများသည် ဘုရားသခင်ထားတော်မူသည့်ကောင်းချီးများကို မည်ကဲ့သို့ ရယူပြီး ကိုယ်တော်အလိုရှိသောအသက်တာဖြင့် မည်ကဲ့သို့နေထိုင်သွားရမည့် အကြောင်းကို လူတိုင်းအဖြေရှာနေပါသည်။ သို့သော်လည်း နိုင်ငံရေးသမား များနှင့်ပညာတတ်ပုဂ္ဂိုလ်များအပါအဝင် လူအမြောက်အမြားသည် ယနေ့ လူမှုရေးဆုတ်ယုတ်ရသည့်အကြောင်းရင်းကို နားလည်ခြင်းမရှိကြချေ။

လူများသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားကို ပိုမိုဂရုစိုက် ပါက ယနေ့မဖြေရှင်းနိုင်ဘဲ ရှုပ်ထွေးလျက်ရှိသောဖြစ်ရပ်အမြောက်အမြားကို ဖြေရှင်းနိုင်လိမ့်မည်။ ဓမ္မဟောင်းကျမ်းတွင် ဆင်းရဲသူများကိုကူညီရန်နှင့် အလုပ်လုပ်ခြင်းအကြောင်းများကိုလေ့လာပါက များစွာသိရှိလာပါလိမ့်မည်။

## ဣသရေလလူမျိုးများအတွက်ဘုရားသခင်၏အကြံတော်

ဣသရေလလူမျိုးအတွက် ဘုရားသခင်ချမှတ်တော်မူသည့်စီမံချက်၌ မိသားစုတစ်ဦးစီအတွက် နေစရာအိမ်နှင့်စိုက်ပျိုးရန်မြေတို့ပါဝင်ပါသည်။ ဤနည်းအားဖြင့်ကိုယ့်အားကိုယ်ကိုးကာ ပျင်းရိခြင်းမရှိဘဲ အကျိုးရှိသော အသက်တာဖြင့်နေထိုင်သွားနိုင်ရန် အခွင့်အလမ်းကိုရရှိခဲ့ပါသည်။ ဤထက် ပိုမိုကောင်းမွန်သောအစီအစဉ်ကို ယနေ့တိုင်လူသားတို့မတွေ့ရှိသေးပါ၊ ယနေ့ ကမ္ဘာပေါ်တွင် ဆင်းရဲခြင်းနှင့်အခက်အခဲများတွေ့ရှိခြင်း၏အဓိကအကြောင်း ရင်းတစ်ခုသည် ဤလမ်းစဉ်မှရှောင်ဖယ်ခြင်းပင်ဖြစ်ပါသည်။

ခါနာန်ပြည်တွင် ဣသရေလလူမျိုးတို့အခြေချသောအခါ တစ်တိုင်းပြည်လုံး၏မြေဧရိယာကို လူအားလုံးအတွက်ခွဲဝေပေးခဲ့ပါသည်။ ဗိမာန်တော်တွင်အမှုထမ်းလျက်ရှိသော လေဝိအမျိုးသားများမှအပ ကျန်လူများကိုအညီအမျှခွဲဝေပေးကြသည်။ လူမျိုးနွယ်တို့ကိုမိသားစုအလိုက်ရေတွက်၍ မိသားစုတစ်ခုစီတွင်ပါဝင်သောလူဦးရေအလိုက် မြေများကိုခွဲဝေပေးကြပါသည်။

လူတစ်ဦးသည် မိမိပိုင်သောမြေကိုခဏစွန့်နိုင်သော်လည်း မိမိ၏သားသမီးများအမွေမရနိုင်ရန် ထာဝရလွှဲပြောင်းလဲလှယ်ခြင်းမပြုနိုင်ပါ။ မိမိတတ်နိုင်သောအခါ မိမိမြေကိုရွေးယူနိုင်ပါသည်။ ခုနစ်ကြိမ်တိုင်တိုင်အကြွေးများကိုခွင့်လွှတ်စေတော်မူပြီး နှစ်ငါးဆယ် (သို့မဟုတ်) ယုဘိလနှစ်တွင် အရာအားလုံးကို မူလပိုင်ရှင်သို့ပြန်လည်ပေးအပ်ရမည်။

ဘုရားသခင်က “မြေကိုသူတစ်ပါးအစဉ်ပိုင်စေခြင်းငှာမရောင်းရ၊ မြေသည်ငါ့ဥစ္စာဖြစ်၏၊ သင်တို့သည် ငါ၌တည်သောဧည့်သည်ဖြစ်ကြ၏၊ သင်တို့သည် မြေကိုပိုင်လေလေရာ၌ ရွေးနုတ်ရသောအခွင့်ကိုပေးရကြမည်၊ သင်၏အမျိုးသားချင်းသည်လည်းဆင်းရဲ၍ မိမိပိုင်သောမြေကိုရောင်းလျှင်လည်းကောင်း၊ သူ၏ပေါက်ဘော်တစ်စုံတစ်ယောက်သည် ဝယ်ခြင်းငှာလာလျှင်လည်းကောင်း၊ မိမိပေါက်ဘော်ရောင်းသောဥစ္စာကို ရွေးနုတ်ရသောအခွင့်ရှိရမည်၊ ထိုမြေကိုရွေးနုတ်သောသူတစ်ယောက်မျှမပေါ်မရှိ၍ မြေရှင်ဟောင်းသည် ကိုယ်တိုင်ရွေးနုတ်နိုင်လျှင်––ရောင်းခဲ့သောသူအားပြန်ပေးရမည်၊ ပြန်၍မပေးနိုင်လျှင် ရောင်းခဲ့သောဥစ္စာကို ယုဘိလနှစ်တိုင်အောင် ဝယ်သောသူလက်၌ရှိစေရမည်၊ ယုဘိလနှစ်တွင်လက်လွှတ်၍ အရှင်ဟောင်းလက်သို့ရောက်စေရမည်” ဝတ်ပြုရာ ၂၅း၂၃–၂၈။

“ငါးဆယ်မြောက်သောနေ့ကိုသန့်ရှင်းစေသဖြင့် တစ်ပြည်လုံး၌ပြည်သားအပေါင်းတို့အား လွတ်ရာအခွင့်ကိုကြွေးကြော်ရမည်၊ ယုဘိလနှစ်ဖြစ်၍ လူတိုင်းမိမိပိုင်သောမြေ၊ မိမိအဆွေအမျိုးထံသို့ပြန်ရမည်” (အငယ် ၁၀)။



မိသားစုတိုင်းတွင် မိမိပိုင်ပစ္စည်းများကိုတည်မြဲစေပြီး အလွန်အကျွံဆင်းရဲခြင်းနှင့်ချမ်းသာခြင်းမှ အကာအကွယ်ပြုထားသည်။

## မပျင်းရိစေရန်လေ့ကျင့်ပေးခြင်း

ဣသရေလလူမျိုးတို့တွင် လက်မှုပညာသင်ပေးခြင်းကို တာဝန်တစ်ခုအဖြစ်ယူဆကြပါသည်။ ဖခင်တိုင်းသည် မိမိ၏သားများပြန်လည်အသုံးချနိုင်ရန်အတွက် လက်မှုပညာများကိုသင်ကြားပေးရန် တောင်းဆိုထားပါသည်။ ထင်ရှားသောဣသရေလခေါင်းဆောင်တိုင်းသည် လက်မှုပညာများတတ်မြောက်ရန် လေ့ကျင့်ပေးထားသောသူများဖြစ်ကြပါသည်။ အမျိုးသမီးတိုင်းသည်လည်း အိမ်ထောင်မှုအတတ်ပညာကိုတတ်မြောက်ထားရမည်။ ဤလုပ်ငန်းကိုကျွမ်းကျင်သောအမျိုးသမီးများကိုလည်း ကြီးမားသည့်တာဝန်များကိုအပ်နှံခြင်းဖြင့် ဂုဏ်ပြုလေ့ရှိကြပါသည်။

ပုရောဖက်ကျောင်းများတွင် လက်မှုပညာအမျိုးစုံကိုသင်ကြားပေးပြီး ကျောင်းသားအမြောက်အမြားသည် ဤလက်မှုပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

## ဆင်းရဲသူများကိုညှာတာခြင်း

ဤကဲ့သို့စီရင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကိုပပျောက်စေနိုင်ခဲ့ပါ၊ ဤကဲ့သို့ပပျောက်စေရန်လည်း ဘုရားသခင်၏အလိုတော်မဟုတ်ခဲ့ပါ၊ ဆင်းရဲနွမ်းပါးမှုရှိခြင်းသည် ကျွန်ုပ်တို့၏အကျင့်များပြုပြင်မှုအတွက်ဖြစ်ပါသည်။ ဘုရားသခင်က “သင့်နေရာပြည်၌ ဆင်းရဲသားမပြတ်ရ၊ ထိုကြောင့် သင့်ပြည်၌ဆင်းရဲငတ်မွတ်သောညီအစ်ကိုချင်းတို့အား သင်၏လက်ကိုကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာထား၏” (တရားဟောရာကျမ်း ၁၅း၁၁)။

"သင်၏ဘုရားသခင်ထာဝရဘုရား ပေးတော်မူသောပြည်တွင် မြို့တစ်မြို့၌ဆင်းရဲသောညီအစ်ကိုချင်းရှိလျှင် ထိုဆင်းရဲသားညီအစ်ကို၌ သင်သည်သနားသောစိတ်ကိုမချုပ်တည်းရ၊ လက်ကိုလည်းမပိတ်ရ၊ သင်၏လက်ကိုသူ့အဖို့ကျယ်ကျယ်ဖွင့်၍ သူ၏ဆင်းရဲပျောက်လောက်အောင် ချေးငှားရမည်" (အငယ် ၇၊၈)။

"သင်၏အမျိုးသားချင်းသည်ဆင်းရဲ၍ လက်အားလျော့သဖြင့် တစ်ပါးအမျိုးသားဧည့်သည်ကဲ့သို့ဖြစ်လျှင် သင့်ထံမှနေစေခြင်းငှာ သူ့ကိုမစရမည်" (ဝတ်ပြုရာကျမ်း ၂၅း၃၅)။

"ကိုယ့်မြေ၌ဖြစ်သောစပါးကိုရိတ်သောအခါ လယ်ထောင့်တို့ကို အကုန်အစင်မရိတ်ရ" (ဝတ်ပြုရာ ၁၉း၉)။

"သင်သည် ကိုယ့်လယ်၌အသီးအနှံတို့ကိုရိတ်သောအခါ မေ့လျော့သောကောက်လှိုင်းကိုပြန်၍မယူရ၊––– သင်၏သံလွင်သီးကိုရိုက်ချွေသောအခါ ကျန်ကြွင်းသောအသီးကိုပြန်၍မရိုက်မချွေရ၊––– သင်၏စပျစ်ဥယျာဉ်၌ စပျစ်သီးကိုဆွတ်ယူသောအခါ ပြန်၍ကောက်သိမ်းခြင်းကိုမပြုရ၊ ကျန်ကြွင်းသောအသီးသည် တစ်ပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုဆိုးမအဖို့ဖြစ်ရမည်" (တရားဟောရာကျမ်း ၂၄း၁၉–၂၁)။

ဤကဲ့သို့ရက်ရောခြင်းဖြင့် ဆင်းရဲမည့်အကြောင်းကို စိုးရိမ်စရာမလိုပါ၊ ဘုရားသခင်၏ပညတ်တော်များကိုလိုက်လျှောက်ခြင်းဖြင့် ကြွယ်ဝမှုကိုတိုးပွားစေပါသည်။ ဘုရားသခင်မိန့်တော်မူသည်မှာ "ထိုအလှူကြောင့် သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်ပြုလေရာရာ၊ လုပ်ဆောင်လေရာရာ၌ ကောင်းချီးပေးတော်မူမည်၊" "သင်သည်လူမျိုးများတို့အားချေးငှားရသောအခွင့်ရှိလိမ့်မည်၊ သူတို့သည် သင့်အားချေးငှားသောအခွင့်မရှိရ၊ သင်သည်လူမျိုးများတို့ကိုအစိုးပိုင်ရလိမ့်မည်၊ သူတို့သည် သင့်ကိုအစိုးမပိုင်ရကြ" (တရားဟော ၁၅း၁၀၊၆)။



## **စီးပွားရေးစည်းကမ်းများ**

သူတစ်ပါးကိုဖိနှိပ်ခြင်း၊ ညှဉ်းပန်းခြင်းဖြင့်ချမ်းသာကြွယ်ဝမည့်မှုစည်းကမ်းကို ဘုရားသခင်၏နှုတ်တော်ထွက်စကားတွင် အားပေးခြင်းမရှိပါ။ မိမိတို့၏စီးပွားရေးဆက်ဆံမှုတွင် ကိုယ့်ကောင်းစားရေးကိုသာမကြည့်ဘဲ မိမိနှင့်ဆက်ဆံနေရသူ၏နေရာတွင်ဝင်ဆံ့၍ သူများ၏ကောင်းကျိုးကိုလည်းကြည့်ရန် ဆုံးမထားပါသည်။ အခြားသူများ၏အားနည်းချက်များ၊ အမှားအယွင်းများနှင့်မပြည့်စုံခြင်းကို အခွင့်ကောင်းယူ၍ မိမိ၏ကိုယ်ကျိုးရှာခြင်းသည် ဘုရားသခင်၏နှုတ်တော်ထွက်စကားတွင်ဖော်ပြထားသည့်ပညတ်တော်များကို ချိုးဖောက်ခြင်းပင်ဖြစ်ပါသည်။

"တရားတွေ့ခြင်းအမှုမှာ မယုံကြည်သူနှင့်မိဘမရှိသောသူကို အရှုံးမပေးရ၊ မုဆိုးမအဝတ်ကိုအပေါင်မယူရ၊" "သင်သည်အမျိုးသားချင်း၌ တစ်စုံတစ်ခုကိုချေးငှားလျှင် အပေါင်ထားသောဥစ္စာကိုယူခြင်းငှာ သူ့အိမ်သို့မဝင်ရ၊ သင်သည်အိမ်အပြင်မှာရပ်နေ၍၊ ထိုသူသည်အပေါင်ထားသောဥစ္စာကို သင်ရှိရာအိမ်ပြင်သို့ဆောင်ခဲ့ရမည်၊ ထိုသူသည်ဆင်းရဲလျှင် ပေါင်၍ထားသောဥစ္စာကိုပြန်မအပ်ဘဲညဉ့်ကိုမလွန်စေရ။" "အိမ်နီးချင်းသည် မိမိစောင်ကိုသင်၌ပေါင်ထားလျှင် မိုးမချုပ်မီပြန်ပေးရမည်၊ အကြောင်းမူကား အခြားသောခြုံစရာမရှိ၊ ကိုယ်ခြုံဖို့ဖြစ်၏၊ သူသည်အဘယ်သို့အိပ်နိုင်မည်နည်း၊ ငါ့အားအော်ဟစ်လျှင်ငါကြားမည်၊ ငါသည်သနားသောသဘောရှိ၏။" "သင်တို့သည် အချင်းချင်းရောင်းဝယ်မှုပြုလျှင် တစ်ယောက်ကိုတစ်ယောက်မညှဉ်းဆဲရ" (တရားဟော ၂၄း၁၇၊၁၀–၁၂။ ထွက်မြောက်ရာကျမ်း ၂၂း၂၆–၂၇။ ဝတ် ၂၅း၁၄)။

"တိုင်းထွာသောအမှု၊ ချိန်တွယ်သောအမှု၊ ခြင်တွယ်သောအမှု၌ မတရားစွာမပြုရ။" "သင့်အိမ်၌ကြီးသောအလေး၊ ငယ်သောအလေးတည်းဟူသော ခြားနားသောအလေးကိုမရှိစေရ၊ သင့်အိမ်၌ခြားနားသောခြင်စရာတန်ဆာအကြီးအငယ်ကိုမရှိစေရ။" မှန်သောချိန်ခွင်၊ မှန်သောအလေး၊ မှန်သော

ဖဖော၊ မှန်သောဟင်္ဂါန်တို့ကိုသုံးရမည်" (ဝတ်ပြုရာကျမ်း ၁၉း၃၅။ တရားဟောရာကျမ်း ၂၅း၁၃၊၁၄။ ဝတ်ပြုရာကျမ်း ၁၉း၃၆)။

"တောင်းသောသူအားပေးလော့၊ ချေးငှားသောသူကိုလည်းမငြင်းမပယ်နှင့်။" "မတရားသောသူသည် ချေးငှား၍မဆပ်ဘဲနေတတ်၏၊ ဖြောင့်မတ်သောသူမူကား သနားသောစိတ်ရှိ၍ပေးတတ်၏" (မဿဲ ၅း၄၂။ ဆာလံ ၃၇း၂၁)။

"အကြင်ပေးလော့၊ တရားသဖြင့်စီရင်လော့၊ မွန်းတည့်အလင်းထဲ၌ ညဥ့်ကဲ့သို့သင်၏အရိပ်ကိုဖြစ်စေလော့၊ နှင်ထုတ်သောသူတို့ကိုဝှက်ထားလော့၊ ပြေးသောသူတို့ကိုမပြနှင့်။–––နှင်ထုတ်သောသူတို့သည် သင်နှင့်အတူနေကြစေလော့၊ ဖျက်ဆီးသောသူ၏လက်မှလွတ်စေခြင်းငှာ သူတို့ကိုစောင့်မလော့" (ဟေရှာယ ၁၆း၃–၄)။

ဣသရေလလူမျိုးတို့ကို ဘုရားသခင်ပေးအပ်ထားသော လူနေမှုအသက်တာအစီအစဉ်ကို လူသားအားလုံးအတွက် နမူနာဖြစ်ရန်ဘုရားသခင်အလိုတော်ရှိခဲ့ပါသည်။ ယနေ့ဤကဲ့သို့နေထိုင်သွားပါက ဤကမ္ဘာကြီးသည်ပြောင်းလဲသွားပါလိမ့်မည်။

ဤလောကတွင် ဆင်းရဲသူများနှင့်အခက်အခဲတွေ့နေသူများနေထိုင်နိုင်ရန် မြေများစွာရှိပါသေးသည်။ သူတို့စားသုံးရန် အစားအစာများလည်းရှိပါသည်။ တန်ဖိုးရှိသောအရာများကို လိုက်လံရှာဖွေနေသူများအဖို့ ဤကမ္ဘာမြေကြီး၏တွင်းနက်တွင် ကောင်းချီးများစွာရှိပါသည်။

ဧဒင်ဥယျာဉ်တွင် လူသားများကိုဘုရားသခင်ပေးသနားခဲ့သောမြေကြီးကို တူးဆွသောလုပ်ငန်းသည် လူသားအမြောက်အမြားအတွက် မိမိတို့၏အစာလိုအပ်ချက်များကိုဖြည့်ဆည်းနိုင်ရန် အခွင့်အရေးများစွာကိုပေးလျက်ရှိပါသည်။

"ထာဝရဘုရားကိုခိုလှုံ၍၊ ကောင်းသောအကျင့်ကိုကျင့်လော့၊ ပြည်တော်၌နေ၍ သစ္စာတရားကိုကျက်စားလော့" (ဆာလံ ၃၇း၃)။



မြို့ကြီးများတွင်ဝင်ငွေအနည်းငယ်အတွက် အလုပ်ရှာဖွေနေသောသူထောင်ပေါင်းများစွာသည် မြေကိုတူးဆွသောလုပ်ငန်းဖြင့် အသက်မွေးနိုင်ပါသည်။ အဖြစ်အပျက်အမြောက်အမြားတွင် မိမိတို့ရရှိသောဝင်ငွေအနည်းငယ်ကို အစားအစာများအတွက်အသုံးပြုခြင်းမရှိဘဲ ဝိညာဉ်နှင့်ကိုယ်ခန္ဓာကိုဖျက်ဆီးစေသောအရက်သေစာများအတွက် အသုံးပြုသည်ကိုတွေ့ရပါသည်။

လူအမြောက်အမြားသည် အလုပ်လုပ်ခြင်းကိုမုန်းတီးကြပြီး မဖြောင့်မတ်သောနည်းများဖြင့် အသက်မွေးရန်ကြိုးစားကြသည်။ အလုပ်မလုပ်ဘဲအသက်ရှင်ရန်စိတ်ထားရှိခြင်းသည် မကောင်းမှုများ၊ ပြစ်မှုများနှင့်ပျက်စီးခြင်းများကို အကန့်အသတ်မရှိပြုလုပ်ရန် လမ်းဖွင့်စေပါသည်။

## မြို့၏အလေအလွင့်များ

မြို့ကြီးများတွင်လူအမြောက်အမြားသည် တိရစ္ဆာန်များလောက်ပင်ဂရုစိုက်ခြင်းကိုမခံရကြပါ၊ စိတ်ပျက်ဖွယ်ကောင်း၍ မှောင်မည်းစိုစွတ်ညစ်ပတ်သောတဲများနှင့်ခိုစရာနေရာများတွင် နေထိုင်သူများကိုစဉ်းစားကြည့်ပါ။ ဤနေရာများတွင် ကလေးငယ်များမွေးဖွားကြီးပြင်းလာပြီး သေဆုံးကြပါသည်။ လူသားများ၏စိတ်ကိုပျော်ရွှင်စေသော ဘုရားသခင်ဖန်ဆင်းထားသည့် လှပသောသဘာဝကို သူတို့မမြင်ရပါ။ အဝတ်အစားမလုံမခြုံ၊ အစားအသောက်မပြည့်စုံဘဲ ဆင်းရဲတွင်းနက်ကာ အပြစ်ပတ်ဝန်းကျင်ကဝန်းရံလျက်ရှိပါသည်။ ကလေးငယ်များထံမှလည်း ဘုရားသခင်၏နာမတော်ကျိန်ဆဲသံကိုသာကြားနေရပါသည်။ သူတို့၏အကြားအာရုံတွင် ညစ်ညမ်းသောစကားများ၊ ကျိန်ဆဲခြင်းများဖြင့် ပြည့်လျှံလျက်ရှိပါသည်။ ဆေးလိပ်နှင့်အရက်နံ့များ၊ မကောင်းသောအနံ့ဆိုးများနှင့်ပျက်စီးနေသောအကျင့်များသည် သူတို့၏အာရုံများကိုဆွဲဆောင်လျက်ရှိပါသည်။ ဤကဲ့သို့ဖြင့် လူပေါင်းများစွာသည် အပြစ်များကိုပြုလုပ်ရန် သင်ကြားတတ်မြောက်လာပြီး မိမိတို့ကိုနိမ့်ကျသောဘဝသို့ရောက်အောင် စွန့်ပယ်ထားသည့်ပတ်ဝန်းကျင်၏ရန်သူများဖြစ်လာကြပါသည်။

မြို့၏အလေအလွင့်ရပ်ကွက်များတွင် နေထိုင်သောဆင်းရဲသူအားလုံးသည် ဤအတန်းအစားမှမဟုတ်ပါ၊ ဘုရားသခင်ကိုချစ်ကြောက်သောသူများစွာသည် အနာရောဂါကြောင့်လည်းကောင်း၊ သူတစ်ပါးပေါ်၌အစဉ်မကောင်းကြံသောသူများ၏လိမ်လည်မှုများကြောင့်လည်းကောင်း၊ အခက်အခဲများစွာနှင့်ရင်ဆိုင်နေရပါသည်။ စိတ်စေတနာဖြောင့်မတ်သူအမြောက်အမြားသည် ပျင်းရိသောကြောင့် ဆင်းရဲခြင်းနှင့်ရင်ဆိုင်နေရပါသည်။ ပညာမဲ့သောကြောင့် ဘဝ၌ရင်ဆိုင်နေရသောအခက်အခဲများကို မကျော်လွှားနိုင်ကြပါ၊ မြို့ကြီးများတွင် အလုပ်အကိုင်ရှာဖွေကြသော်လည်း မရရှိနိုင်ကြပါ။ သူတို့သည် မြို့တွင်းရှိအပြစ်မကောင်းမှု၏ဆွဲဆောင်ခြင်းများကို ရင်ဆိုင်ကြရပါသည်။ သူတို့သည် ဆင်းရဲနိမ့်ကျသည့်ဘဝအခြေအနေတွင် သတ်မှတ်ခြင်းကိုခံရပြီး ရင်ဆိုင်နေရသောစုံစမ်းနှောင့်ယှက်ခြင်းများကို မိမိတို့၏ခွန်အားနှင့်မတွန်းလှန်နိုင်ကြဘဲ အထက်ကောင်းကင်တန်ခိုးတော်ကိုမရရှိပါက အပြစ်တွင်း၌နစ်မြုပ်လိမ့်မည်မှာမလွဲပါ။ လူအမြောက်အမြားသည် အပြစ်မလုပ်ရန်ခိုင်မာစွာရပ်တည်ကြပြီး အပြစ်ကိုကျူးလွန်မည့်အစား အခက်အခဲများကိုရင်ဆိုင်ရန် အားတင်းနေကြပါသည်။ ဤသူများသည် မေတ္တာကရုဏာအားပေးခြင်းနှင့်အကူအညီများလိုအပ်နေပါသည်။

မြို့တွင်းရှိဆင်းရဲသောသူများသည် နေစရာအိမ်များရရှိနိုင်ပါက သူတို့မခံစားခဲ့ဖူးသောဝမ်းမြောက်ခြင်းနှင့်အတူ အလုပ်အကိုင်နှင့်ကျန်းမာခြင်းကိုရရှိလိမ့်မည်။ အလုပ်ပင်ပမ်းခြင်း၊ ရိုးသားခြင်း၊ ချွေတာခြင်းနှင့်အခက်အခဲများကိုရင်ဆိုင်ရသော်လည်း သူတို့သည် မြို့ကြီးများအတွင်းကြုံတွေ့နေရသောပြစ်မှုနှင့်ရှုပ်ထွေးမှုများ၊ ဆင်းရဲမှုနှင့်လိမ်လည်မှုများမှကင်းလွတ်ပြီး ကျေးလက်တောရွာများ၏ငြိမ်သက်ခြင်းနှင့် သန့်ရှင်းခြင်းတို့ကိုခံစားရသောကောင်းချီးများရရှိလိမ့်မည်။

မြို့ကြီးများတွင်နေထိုင်ပြီး စိမ်းလန်းသောမြေပေါ်တွင် ခြေချခွင့်မရှိဘဲ နှစ်စဉ်နှင့်အမျှညစ်ပေနေသည့် ဝင်းခြံများနှင့်လမ်းကျဉ်းများ၊ အုတ်နံရံများနှင့်လမ်းဘေးစင်္ကြံများ၊ ဖုန်နှင့်မီးခိုးများပိတ်အုပ်နေသည့် ကောင်းကင်



များကိုကြည့်နေရသောသူများသည် စိမ်းလန်းသောလယ်ကွင်းများ၊ သစ်တောများနှင့်မြစ်ချောင်း၊ တောင်ကုန်းများဝန်းရံလျက်ရှိသောလယ်တောများ၊ ကြည်လင်သောကောင်းကင်ပြာနှင့်ကျေးလက်တောရွာများရှိ သန့်ရှင်းသောလေများကို ရှူရှိုက်ရပါက သူတို့အဖို့ကောင်းကင်နိုင်ငံတော်ရောက်သကဲ့သို့ရှိလိမ့်မည်။

လူသားများကိုအားကိုးနေရသည့် ဘဝမှတတ်နိုင်သမျှအဆက်ဖြတ်ပြီး ဤလောက၏ဖောက်ပြန်နေသောဓလေ့များနှင့်အပျော်အပါးများမှကင်းကွာနေသောကြောင့် သူတို့သည်သဘာဝတရားနှင့်ပိုမိုနီးစပ်လာပါမည်။ ဘုရားသခင်သည် သူတို့အဖို့ပို၍အနက်ရှိလာပါမည်။ လူအမြောက်အမြားသည် ဘုရားသခင်ကိုပို၍အားကိုးတတ်လာပါမည်။ သဘာဝတရားမှတစ်ဆင့်သူတို့တစ်ဦးစီ၏နှလုံးသားသို့ ဘုရားသခင်၏ငြိမ်သက်ခြင်းမေတ္တာတရားတော်ကိုကြားနာရပြီး သူတို့၏စိတ်ဝိညာဉ်နှင့်ကိုယ်ခန္ဓာသည် ဘုရားသခင်၏အသက်ကိုပေးစွမ်းသည့် တန်ခိုးတော်၏လှုံ့ဆော်မှုကိုတုံ့ပြန်ပါလိမ့်မည်။

သူတို့သည်ကိုယ့်အားကိုယ်ကိုးပြီး အလုပ်ကြိုးစားသောသူများဖြစ်ပါကလည်း သူတို့ကိုလမ်းညွှန်မှုများ၊ အကူအညီများနှင့်အားပေးမှုများပေးရန် လိုအပ်ပါသည်။ ဆင်းရဲသောမိသားစုများစွာတို့သည် မြေလွတ်များတွင်အခြေချနေထိုင်ပြီး ဤမြေမှမိမိတို့၏ဝမ်းစာကိုရှာတတ်ရန် အကူအညီများစွာလိုအပ်နေပါသည်။ သူတို့အတွက် ဤကဲ့သို့ကူညီခြင်းသည် အကောင်းဆုံးခရစ်ယာန်သာသနာပြုခြင်းဖြစ်ပါသည်။

ဤအကူအညီသည် မစမှုများကိုမြို့ကြီးများတွင်သာမကဘဲ ကျေးလက်တောရွာများ၌ ပိုမိုကောင်းမွန်သောအသက်တာအတွက် အခွင့်အရေးများစွာရှိသော်လည်း လူအမြောက်အမြားသည် ဆင်းရဲနေကြပါသည်။ လူအစုလိုက်သည် ကျန်းမာခြင်းနှင့်ကောင်းစွာအလုပ်လုပ်တတ်ရန် ပညာများစွာလိုအပ်နေပါသည်။ မိသားစုအလိုက်ဆင်းရဲစွာနေထိုင်ကြပြီး ပရိဘောဂနှင့်အဝတ်အစားများနည်းပါးကာ ပညာပေးစာအုပ်များနှင့်အထောက်အကူပြုကိရိယာများမရှိကြပါ၊ လုပ်ကိုင်စားသောက်ရန်အတွက် အခက်အခဲများစွာ

နှင့်ရင်ဆိုင်နေရပါသည်။ စိတ်ဝိညာဉ်များနွမ်းရိနေကြပါသည်။ မှားယွင်းသောအကျင့်များနှင့် ဆက်ခံလာခဲ့သည့်အကျင့်ဆိုးများကြောင့် သူတို့၏ ခန္ဓာကိုယ်သည် အင်အားကုန်ခန်းကာ ဖျားနာနေပါသည်။ ဤသူများကို အခြေခံမှစ၍ ပညာပေးရမည်။ သူတို့သည် မျှော်လင့်ချက်ကင်းမဲ့ပြီး ဖောက်ပြန်သောအသက်တာများဖြင့်နေထိုင်ခဲ့သောကြောင့် မှန်ကန်သောအသက်တာပုံစံဖြင့်နေထိုင်သွားရန် လေ့ကျင့်သင်ကြားပေးရမည်။

မိမိတို့လိုအပ်နေသည့် ပြုပြင်ပြောင်းလဲမှုများကိုသိရှိလာရန် သူတို့ကိုမည်သို့နိုးကြားစေပါမည်နည်း။ သာ၍မြင့်မြတ်သောအသက်တာသို့ သူတို့ကိုမည်သို့လမ်းညွှန်မည်နည်း။ သူတို့၏ဘဝမြင့်တက်လာစေရန် မည်သို့ကူညီမည်နည်း။ မိမိတို့လျှောက်လှမ်းရာဘဝတစ်လျှောက် ဆင်းရဲခြင်းနှင့်ကြုံတွေ့နေရသောသူများအတွက် ဘာပြုလုပ်ပေးရမည်နည်း။ လုပ်ဆောင်ရမည့်အမှုသည် ခက်ခဲသည်မှာသေချာပါသည်။ ပြင်ပမှအကူအညီမရှိပါက လိုအပ်နေသည့်ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ ဆင်းရဲသောသူများနှင့် ချမ်းသာသောသူများကို တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီခြင်း၊ မေတ္တာထားခြင်းဖြင့်တွဲဖက်ထားရန် ဘုရားသခင်အလိုတော်ရှိပါသည်။ မိမိတို့၏ကျွမ်းကျင်မှုအရည်အချင်းနှင့်အခွင့်အရေးများကိုအသုံးပြု၍ လူတိုင်းသည် ဘဝတူအချင်းချင်းကိုကူညီရမည်။

ဆင်းရဲသောသူများအတွက် နေအိမ်များရှာဖွေပေးခြင်းနှင့် မြေလွတ်များကိုပြုပြင်စိုက်ပျိုးခြင်းနှင့် သီးနှံများထွက်ရှိအောင်ပညာပေးခြင်းဖြင့် ခရစ်ယာန်လယ်သမားများသည် ကြီးမားသောခရစ်ယာန်သာသနာပြုလုပ်ငန်းများကိုအသုံးပြုပုံ၊ အသီးအနှံမျိုးစုံကိုရာသီအလိုက်စိုက်ခြင်း၊ ပန်းပင်များစိုက်ပျိုးထိန်းသိမ်းခြင်းများကို သင်ကြားပေးရပါမည်။

မြေကိုထွန်ယက်သောသူအမြောက်အမြားသည် မိမိတို့၏ပေါ့ဆမှုများကြောင့် အကျိုးကျေးဇူးအပြည့်အဝမခံစားကြရပါ။ သူတို့၏ဉယျာဉ်ခြံမြေကို ကောင်းမွန်စွာစောင့်ရှောက်ခြင်းမရှိပါ၊ ရာသီအလိုက်သီးနှံများစိုက်ပျိုးခြင်းမရှိပါ၊ မြေကိုပြုပြင်ထွန်ယက်ရာ၌လည်း အပေါ်ယံကျောလုပ်ဆောင်မှု





များသာရှိပါသည်။ သူတို့သည် မိမိတို့၏ပေါ့လျော့မှုများအတွက် မြေကြီးကိုအပြစ်ပုံချကြပါသည်။ မှန်ကန်စွာအလုပ်လုပ်ပါက မြေကြီးမှစစ်မှန်သောအကျိုးများစွာကိုခံစားရပါမည်။ သို့သော်လည်း မမှန်ကန်သောသက်သေများဖြင့် မြေကြီးပေါ်သို့အပြစ်ပုံချကြပါသည်။ ကျဉ်းမြောင်းသောအစီအစဉ်များ၊ အားစိုက်မှုနည်းပါးခြင်းနှင့်ပညာအတွေ့အကြုံမရှိခြင်းတို့ကို ပြုပြင်ပြောင်းလဲရန်လိုအပ်နေပါသည်။

သင်ယူလိုသောသူများကို မှန်ကန်သင့်လျော်သည့်နည်းစနစ်များဖြင့် သင်ကြားပေးပါ။ တိုးတက်နေသောနည်းစနစ်များမလိုလားသူများကို အလုပ်ဖြင့်သက်သေပြပါ။ သင်ပိုင်သောလယ်မြေများကိုထိန်းသိမ်းပါ။ မှန်ကန်သောစိုက်ပျိုးခြင်းနည်းစနစ်များကိုအသုံးပြုခြင်းဖြင့် ထိုက်တန်သည့်ရိတ်သိမ်းခြင်းကိုသက်သေပြပါ။ မိမိ၏ပတ်ဝန်းကျင်ရှိလူများကိုလည်း နှုတ်အားဖြင့်သက်သေခံပါ။ လယ်မြေများကိုနည်းစနစ်တကျအသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို လက်တွေ့ဖော်ပြပါ။

ဆင်းရဲသောသူများအလုပ်ရှာဖွေရန် အလုပ်ခွင်မျိုးစုံကိုတည်ထောင်ပါ။ လက်တွေ့အသုံးချနိုင်သောပညာမျိုးစုံကို တတ်ကျွမ်းသောသူများသည် မိမိတို့တတ်မြောက်သည့်ပညာဖြင့် ပညာမဲ့သောသူများနှင့်အလုပ်လက်မဲ့များကို ကူညီဝေငှသင်ကြားပေးရန်တာဝန်ရှိကြောင်းကို အသိပေးပါ။

ဆင်းရဲသောသူများအတွက် အမှုတော်ကိုဆောင်ရာ၌ အမျိုးသမီးများနှင့်အမျိုးသားများအတွက် လုပ်ဆောင်စရာများစွာရှိပါသည်။ ကျွမ်းကျင်သောစားဖိုမှူး၊ အိမ်ထောင်ထိန်းသိမ်းနိုင်သူ၊ စက်ချုပ်သူနှင့် သူနာပြုများ၏အကူအညီများကိုလိုအပ်ပါသည်။ ဆင်းရဲသောမိသားစုများကို ချက်ပြုတ်နည်းများသင်ကြားပေးပါ။ မိမိတို့၏အဝတ်အစားများကို ချုပ်နည်းများနှင့် ဖာထေးနည်းများကိုသင်ကြားပေးပါ။ ဖျားနာသူများကိုပြုစုနည်းများနှင့် အိမ်ထောင်ကိုမှန်ကန်စွာထိန်းသိမ်းနည်းများအား သင်ကြားပေးပါ။ ကလေးသူငယ်များကိုအသုံးချနိုင်သော လက်မှုပညာများနှင့်ကျွမ်းကျင်မှုများကို တတ်မြောက်အောင်သင်ကြားပေးပါ။

## ခရစ်ယာန်သာသနာပြုမိသားစုများ

ခရစ်ယာန်သာသနာပြုမိသားစုများသည် မြေလွတ်မြေရိုင်းများတွင် အခြေချနေထိုင်ရန်လိုပါသည်။ လယ်သမားများ၊ စီးပွားရေးပညာရှိများနှင့် အဆောက်အအုံတည်ဆောက်မှုကျွမ်းကျင်သူများအပါအဝင် လက်မှုလုပ်ငန်းမျိုးစုံကိုကျွမ်းကျင်သူများသည် လာရောက်အခြေချနေထိုင်ပြီး မြေရိုင်းများကိုပြုပြင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများတည်ထောင်ခြင်းတို့ကိုပြုလုပ်ပြီး မိမိတို့အပါအဝင်အိမ်နီးနားချင်းများအတွက် အထောက်အကူဖြစ်ရန်ပြင်ဆင်လုပ်ဆောင်ရမည်။

ဘုရားသခင်၏အလိုတော်နှင့်အညီ ကျွန်ုပ်တို့သည် ကြမ်းတမ်းရိုင်းစိုင်းသောသဘာဝနေရာများကို သာယာလှပစေရန်ပြုလုပ်ရမည်။ သာယာမှုကင်းမဲ့သည့်ကန္တာရများပင်လျှင် ဘုရားသခင်၏ဥယျာဉ်များအဖြစ်သို့ပြောင်းလဲနိုင်ပါသည်။

“ထိုကာလ၌နားပင်းသောသူတို့သည် ကျမ်းစကားကိုကြားကြလိမ့်မည်။ မျက်စိကန်းသောသူတို့သည် မြေးရှက်ခြင်း၊ မှောင်မိုက်ခြင်းနှင့်ကင်းလွတ်၍ မြင်ကြလိမ့်မည်။ စိတ်နှိမ့်ချသောသူတို့သည် ထာဝရဘုရားကိုအမှီပြု၍ ဝမ်းမြောက်ခြင်းတိုးပွားကြလိမ့်မည်။ လူတို့တွင် ဆင်းရဲသောသူတို့သည် ဣသရေလအမျိုး၏သန့်ရှင်းသောဘုရားသခင်ကိုအမှီပြု၍ ရွှင်လန်းကြလိမ့်မည်” (ဟေရှာယ ၂၉း၁၈–၁၉)။

လက်တွေ့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဆင်းရဲသောသူများကိုထိရောက်စွာကူညီနိုင်ပါသည်။ သဘာဝအားဖြင့် အလုပ်လုပ်ရန်သင်ကြားလေ့ကျင့်ခြင်းမခံရသောသူများသည် အလုပ်ကြိုးစားတတ်ခြင်းနှင့်အတူမလျှော့သောစွဲ၊ ခြိုးခြံချွေတာခြင်းနှင့်ကိုယ့်ကိုယ်ကိုငြင်းပယ်ခြင်းတို့မရှိပါ။ သူတို့သည်မည်ကဲ့သို့စီမံရမည်ကိုမသိကြပါ။ ဂရုစိုက်မှုမရှိခြင်းနှင့် မှန်ကန်စွာဆင်ခြင်မှုကင်းမဲ့ခြင်းကြောင့် မိမိတို့မိသားစုအတွက်ဖူလုံပြီး သက်သာစွာဖြင့်နေထိုင်သွားနိုင်မည့်အခွင့်အရေးများသည် ဆုံးရှုံးလျက်ရှိပါသည်။



“ဆင်းရဲသောလယ်လုပ်ခြင်းအားဖြင့် စားစရာပွားများ၏၊ သို့ရာတွင် မတရားသောအမှုကြောင့် ပျက်စီးခြင်းသို့ရောက်တတ်၏” (သုတ္တံ ၁၃း၂၃)။

ဆင်းရဲသောသူများကိုပေးလှူခြင်းဖြင့် တစ်ခါတစ်ရံတွင် သူတို့ကိုဖျက်ဆီးရာရောက်ပါသည်။ သူတစ်ပါးအပေါ်၌ မှီခိုလိုသောစိတ်ကိုတိုးပွားစေပါသည်။ ဤကဲ့သို့ပေးကမ်းခြင်းဖြင့် တစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျင်းရိခြင်း၊ အသုံးအစွဲကြီးခြင်းနှင့် ချုပ်တည်းမှုကင်းမဲ့ခြင်းကိုဖြစ်စေပါသည်။ မိမိ၏ဝမ်းစာကိုရှာဖွေနိုင်သောသူတစ်ဦးတစ်ယောက်ကမျှ အခြားသူများကိုမှီခိုခြင်းမပြုရ၊ ဤလောကကြီးသည် မိမိကိုကူညီထောက်ပံ့ရမည်ဆိုသောစိတ်ဓာတ်သည်မှားယွင်းပြီး လိမ်လည်ခြင်း၏ခိုးဝှက်ချက်အခြေခံဖြစ်ပါသည်။ မိမိ၏ဝမ်းရေးကိုရှာဖွေနိုင်သူတစ်ဦးတစ်ယောက်ကိုမျှ ဤလောကသည် ပြုစုကျွေးမွေးရန်တာဝန်မရှိပါ။

မိမိကိုယ်ကိုအားကိုးရန်ကူညီခြင်းသည် မှန်ကန်သောပေးလှူခြင်းဖြစ်ပါသည်။ အကယ်၍ မိမိ၏အိမ်ဝသို့အစားအစာလာတောင်းသူတစ်ဦးတစ်ယောက်ရှိပါက ဤသူကိုမငြင်းပယ်ရပါ။ အဘယ်ကြောင့်ဆိုသော် ဤသူရင်ဆိုင်နေရသောအခက်အခဲများသည် သူ၏ဆင်းရဲမှုကြောင့်ဖြစ်နိုင်ပါသည်။ သို့သော် စစ်မှန်သောကူညီခြင်းသည် ပေးကမ်းခြင်းထက်ပိုပါသည်။ အခြားသူများ၏ဘဝသာယာရေးကိုစိတ်ဝင်စားမှုရှိရမည်။ ဆင်းရဲ၍အခက်အခဲတွေ့နေသောသူများ၏အခက်အခဲများကိုနားလည်ရန် ကြိုးစားပြီး သူတို့ကိုအကျိုးဖြစ်စေမည့်အကောင်းဆုံးနည်းဖြင့် ပြန်လည်ကူညီရမည်။ မိမိတို့၏အချိန်နှင့်စိတ်ကူးများ၊ ကိုယ်တိုင်ကူညီအားပေးမှုများပြုလုပ်ခြင်းသည် ငွေကြေးထက်ပို၍တန်ဖိုးကြီးပါသည်။ သို့သော်လည်းဤအရာသည် အမှန်ကန်ဆုံးသောပေးလှူခြင်းဖြစ်ပါသည်။

မိမိတို့၏ဝင်ငွေကို ကိုယ်တိုင်ရှာဖွေတတ်ရန်သင်ကြားပေးခြင်းဖြင့် သူတို့သည် ငွေကြေးကိုစနစ်တကျသုံးတတ်လာလိမ့်မည်။ မိမိကိုယ်ကိုအားကိုးတတ်ရန်သင်ကြားပေးခြင်းဖြင့် သူတို့သည် မိမိကိုယ်ကိုပို၍တန်ဖိုးထားလာကာ အခြားသူများကိုလည်းကူညီတတ်လာသည်။ မိမိတို့၏အခွင့်အရေးများကို

ဖြန့်တီးနေသူများအား ဘ၀၏တာ၀န်များကို ပိုမိုသိရှိလာရန်သွန်သင်ပါ။ ကျမ်းစာမှလာသောယုံကြည်ခြင်းသည် လူကိုမပျင်းရိစေကြောင်းပြသပါ။ သခင်ခရစ်တော်သည် အလုပ်လုပ်ရန်အမြဲပင်အားပေးတော်မူခဲ့ပါသည်။ ကိုယ်တော်သည် အလုပ်မလုပ်သောသူများကို "သင်တို့သည် တစ်နေ့လုံး အလုပ်ကိုမလုပ်ဘဲ ဤအရပ်၌အဘယ်ကြောင့်နေကြသနည်း" ဟုမိန့်တော်မူခဲ့ပါသည်။ "–––နေ့အချိန်ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှအမှုမပြုနိုင်သောအချိန်တည်းဟူသော ညဥ့်အချိန်လာသေး၏" (မဿဲ ၂၀း၆။ ယောဟန် ၉း၄)။

နားထောင်သူတိုင်း၏မိသားစုအသက်တာ၊ ထုံးစံဓလေ့နှင့်အပြုအမူတွင် ဧဝံဂေလိတရားတော်၏ပြုပြင်ပြောင်းလဲခြင်းတန်ခိုးကို လူတိုင်းအား သက်သေပြရန် အခွင့်အရေးရှိပါသည်။ ကျွန်ုပ်တို့တစ်ဦးစီ၌ ပြောင်းလဲဖြစ်ပေါ်လာနိုင်မည့်အသက်တာမျိုးကိုသက်သေပြရန် သခင်ခရစ်တော်သည် ဤလောကသို့ကြွတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏တပည့်တော်များကိုလည်း အသက်တာတွင်စစ်မှန်သောစံနမူနာကောင်းများဖြစ်ရန် အလိုတော်ရှိခဲ့ပါသည်။ အပြင်ပန်းအရာများတွင် ဘုရားသခင်၏လက်တော်ကိုမြင်သာရန် ကိုယ်တော်အလိုရှိတော်မူပါသည်။

ကျွန်ုပ်တို့၏ပတ်ဝန်းကျင်နှင့်နေအိမ်များသည် ပျင်းရိခြင်း၊ မသန့်ရှင်းခြင်း၊ ကြမ်းတမ်းခြင်းနှင့်စနစ်မကျခြင်းအစား၊ အလုပ်ကြိုးစားခြင်း၊ သန့်ရှင်းခြင်းနှင့်ယဉ်ကျေးမှုစနစ်ကျခြင်းများအတွက် နမူနာသင်ခန်းစာများဖြစ်ရမည်။ ကျွန်ုပ်တို့နေထိုင်သောအသက်တာ၏စံနမူနာဖြင့် အခြားသူများ၏အသက်တာနှင့်ပတ်ဝန်းကျင်တွင် ဆိုးညစ်သောအရာများကို ညွှန်ပြနိုင်ပါသည်။ ယဉ်ကျေးသောခရစ်ယာန်စံနမူနာဖြင့် အခြားသူများကိုလည်း ပြောင်းလဲလာရန်အားပေးနိုင်ပါသည်။ သူတစ်ပါးကိုစိတ်ဝင်စားကြောင်းပြသခြင်းဖြင့် မိမိတို့၏စွမ်းရည်များကို အကောင်းဆုံးနည်းများဖြင့်အသုံးပြုရန် ထိုသူတို့ကိုသွန်သင်နိုင်သည့်အခွင့်အရေးများကို ကျွန်ုပ်တို့တွေ့ရှိလာပါလိမ့်မည်။



## မျှော်လင့်ခြင်းနှင့်ရဲရင့်ခြင်းရှိရန်အားပေးမှု

ရဲရင့်ခြင်းနှင့်လုံ့လဝီရိယမရှိဘဲ ကျွန်ုပ်တို့သည် မည်သည့်အရာကိုမျှ မစွမ်းဆောင်နိုင်ပါ။ ဆင်းရဲသောသူများနှင့်စိတ်ပျက်လျက်ရှိသူများကို မျှော်လင့်ခြင်းနှင့်အားပေးစကားများပြောဆိုပါ။ လိုအပ်ပါက အခက်အခဲများနှင့်ကြုံတွေ့လာသောအခါကူညီခြင်းဖြင့် မိမိတို့၏စိတ်ဝင်စားမှုကိုသက်သေပြပါ။ အခွင့်အရေးသာလွန်သောသူများလည်း အမှားများစွာပြုလုပ်ခဲ့ပြီး မိမိတို့၏အမှားများကို လူအပေါင်းတို့၏ရှေ့၌ဖွင့်ပြပြီး အပြစ်ပြောဆိုခြင်းသည် မခံမရပ်နိုင်အောင်နာကြည်းကြောင်းကို ပြန်လည်အမှတ်ရရမည်။ အပြစ်ဆိုခြင်းထက် ကြင်နာခြင်းများက ပိုမိုစွမ်းဆောင်နိုင်ကြောင်းကို သတိပြုရမည်။ သူတစ်ပါးကိုသွန်သင်ရာ၌ သူတို့ကိုအမြင့်ဆုံးသောအဆင့်သို့ရောက်ရှိရန် စိတ်ရှိကြောင်းနှင့် သူတို့ကိုကူညီရန်အသင့်ရှိကြောင်းကိုအသိပေးပါ။ အချို့နေရာများတွင် သူတို့သည်ရှုံးနိမ့်သော်လည်း အပြစ်တင်မစောသင့်ပါ။

ဆင်းရဲသောသူများသည် ရိုးသားခြင်း၊ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် ခြိုးခြံချွေတာခြင်းသင်ခန်းစာများကိုသိရှိရန် အလွန်အရေးကြီးပါသည်။ သို့သော်လည်း ဤသင်ခန်းစာများသည် သူတို့အတွက်ခက်ခဲ၍ မလိုလားစရာဖြစ်နေတတ်ပါသည်။ ဤလောကစိတ်သဘောထားနှင့်စံနမူနာများကြောင့် မာန်မာန၊ ကြွားဝါခြင်း၊ ကိုယ့်အလိုကိုလိုက်ခြင်း၊ ပျင်းရိခြင်းနှင့်အသုံးအစွဲကြီးခြင်းတို့ကိုဖြစ်စေပါသည်။ ဤဆိုးရွားမှုများသည် လူထောင်ပေါင်းများစွာကို ဆင်းရဲတွင်းနက်စေပြီးနိမ့်ကျစေကာ ပျက်စီးခြင်းလမ်းမှ ထောင်ပေါင်းများစွာတို့၏လွတ်မြောက်မှုကို ပိတ်ပင်စေပါသည်။ ဆင်းရဲသူများကို ဤနှောင့်ယှက်ခြင်းများ၏လွှမ်းမိုးမှုများမှကင်းလွတ်ရန် ခရစ်ယာန်များသည် အားပေးကူညီရမည်။

သခင်ခရစ်တော်သည် နိမ့်ကျစွာဖြင့် ဤလောကသို့လူဇာတိကို ခံယူရန် မွေးဖွားကြွရောက်တော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်၏ဘုရင်၊ ဘုန်းကြီးသောသခင်၊ ကောင်းကင်တမန်တို့၏သခင်သည် ကိုယ့်ကိုကိုယ်

နှိမ့်ချလျက် လူဇာတိကိုခံယူကာ ဤလောကတွင်ဆင်းရဲစွာဖြင့်နေထိုင်ရန် ကြွမြန်းလာတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဆင်းရဲသောသူများထက် သာလွန်သောအခွင့်အရေးတစ်ခုကိုမျှမရရှိခဲ့ပါ။ ပင်ပန်းခြင်း၊ အခက်အခဲများနှင့်ငြင်းပယ်ခြင်းကိုသာ နေ့စဉ်နှင့်အမျှကြုံတွေ့တော်မူခဲ့ပါသည်။ ကိုယ်တော်က "မြေခွေးသည်မြေတွင်းရှိ၏၊ မိုးကောင်းကင်၌ကျင်လည်သော ငှက်သည် နားနေရာအရပ်ရှိ၏။ လူသားမူကား ခေါင်းချစရာမျှမရှိဟုမိန့်တော်မူ၏" လုကာ ၉း၅၈။

သခင်ခရစ်တော်သည် လူသားများ၏ချီးကျူးသြဘာပေးခြင်းကို မရှာကြံခဲ့ပါ။ မည်သည့်စစ်သူရဲတပ်ကိုမျှလည်းမဦးစီးခဲ့ပါ။ ဤလောက၌ မည်သည့်တိုင်းနိုင်ငံကိုမျှလည်း မအုပ်စိုးခဲ့ပါ။ ချမ်းသာသောသူများ၏အလိုကျကိုလည်း မတောင့်တခဲ့ပါ။ နိုင်ငံကိုဦးဆောင်လျက်ရှိသောခေါင်းဆောင်များ၏အလယ်တွင်လည်း ရာထူးမမက်ခဲ့ပါ။ ကိုယ်တော်သည် ဆင်းရဲသောသူများ၏အလယ်၌နေထိုင်တော်မူခဲ့ပြီး မြင့်မြတ်သောမွေးဖွားခြင်း၊ ချမ်းသာကြွယ်ဝမှု၊ ဉာဏ်ပညာထက်မြက်ခြင်းနှင့်တောက်ပြောင်မှုရာထူးရာခံများ၏ မာန်မာနကို ကိုယ်တော်သည်ငြင်းပယ်ခဲ့ပါသည်။

သခင်ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်၏မင်းသားဖြစ်သော်လည်း မိမိ၏တပည့်တော်များကို ဥပဒေပညာရှင်များ၊ ခေါင်းဆောင်များ၊ ဖာရိရှဲများနှင့်ကျမ်းတတ်များမှမရွေးချယ်ခဲ့ပါ။ ဤသူများသည် မိမိတို့၏ဉာဏ်ပညာနှင့်ရာထူးများကြောင့် မာန်တက်နေသဖြင့် ကိုယ်တော်သည် ဤသူများကိုဖြတ်ကျော်တော်မူပါသည်။ ဤသူများသည် မိရိုးဖလာနှင့်ထုံးတမ်းအစဉ်အလာများကို အားကိုးလျက်ရှိပါသည်။ လူသားတို့၏စိတ်နှလုံးကို သိမြင်နိုင်သောသခင်သည် သွန်သင်ရန်အဆင်သင့်ရှိနေသော ရိုးသားသည့်တံငါသည်များကိုသာ ရွေးချယ်တော်မူခဲ့ပါသည်။ အခွန်ခံများ၊ အပြစ်သားများနှင့်အတူစားသောက်တော်မူခဲ့ပြီး သာမန်သူများနှင့်အတူ ရောယှက်တော်မူခဲ့ပါသည်။ ဤကဲ့သို့နေထိုင်တော်မူခြင်းဖြင့် သခင်ခရစ်တော်သည် သူတို့၏နိမ့်ကျသောဘဝအခြေသို့ နိမ့်ကျသွားတော်မူခြင်းမရှိဘဲ စစ်မှန်သောနမူနာ



သက်သေပြုခြင်းဖြင့် လောက၌ကျင်လည်ပြီး နိမ့်ကျလျက်ရှိသူများကို အထက်သို့ကယ်တင်တော်မူခဲ့ပါသည်။

လူ့တန်ဖိုးကိုဆုံးဖြတ်ရာ၌ ဤလောက၏မှားယွင်းသောစံချိန်စံညွှန်းများကိုပြုပြင်ရန် သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့ပါသည်။ ဆင်းရဲသောသူများနှင့်အတူရောယှက်နေထိုင်ခြင်းဖြင့် ဤသူများအပေါ် ဤလောက၏မှားယွင်းသောအမြင်များကိုပြုပြင်ရန် ကိုယ်တော်လုပ်ဆောင်တော်မူခဲ့ပါသည်။ ဆင်းရဲသောသူများကို ဘုရားသခင်၏နိုင်ငံတော်ကို အမွေခံရမည့်သူများအဖြစ် ကောင်းချီးပေးခြင်းဖြင့် ကိုယ်တော်သည် ဤသူများ၏ကဲ့ရဲ့အပြစ်တင်ခြင်းကို ဖယ်ရှားတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အသက်တာကိုရည်ညွှန်းတော်မူလျက် "ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်၊ ကိုယ့်လက်ဝါးကပ်တိုင်ကိုနေ့စဉ်ထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (လုကာ ၉း၂၃) ဟု မိန့်တော်မူခဲ့ပါသည်။

ခရစ်ယာန်အမှုတော်ဆောင်များသည် လူများကိုကူညီရာ၌ သူတို့ရောက်ရှိနေသောပတ်ဝန်းကျင်အသိုက်အဝန်း၌ပင် မာန်မာနဖြင့်မဟုတ်ဘဲ သူတို့၏အကျင့်ပြုပြင်မှုအတွက်သွန်သင်ရမည်။ သခင်ခရစ်တော်၏အမှုတော်ဆောင်ပုံနှင့် ကိုယ်ကိုကိုယ်ငြင်းပယ်ပုံကိုသွန်သင်ပါ။ ကိုယ်ကိုကိုယ်ငြင်းပယ်ပြီး စွန့်ပယ်ခြင်းသင်ခန်းစာများကို သခင်ခရစ်တော်ထံမှနာယူရန် သူတို့ကိုကူညီပါ။ လောကနောက်သို့လိုက်ပြီး ကိုယ့်အလိုသို့လိုက်ခြင်းကိုသတိပြုရန် သူတို့ကိုသွန်သင်ပါ။ လူ့ဘဝတွင်အလွန်တန်ဖိုးကြီး၍မြင့်မြတ်ပြီး တာဝန်များကြီးမားသောကြောင့် ကိုယ့်အလိုကိုလိုက်ခြင်းဖြင့် မဆုံးရှုံးအပ်။

## အသက်တာ၏အကောင်းဆုံးအရာများ

အမျိုးသားနှင့်အမျိုးသမီးတို့သည် မိမိတို့၏ဘဝမှန်ကိုနားလည်သိကျွမ်းခြင်းမရှိသေးဘဲ အပြင်ပန်းတောက်ပခြင်း၏ဆွဲဆောင်မှုကိုခံနေရပါသည်။ သူတို့သည် လောက၏ကျော်ကြားမှုနောက်သို့လိုက်နေပါသည်။ ဤအရာ

များအတွက် အသက်ကိုပင်စတေးခံနေကြပါသည်။ အသက်တာ၏ကောင်းမွန်သောအရာများဖြစ်သည်။ ရိုးသားခြင်း၊ တည်ကြည်ခြင်း၊ မှန်ကန်ခြင်း၊ သန့်ရှင်းမွန်မြတ်ခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ကို ရောင်းဝယ်၍မရပါ။ ဤအရာများသည် ပညာမဲ့သူများနှင့်ပညာရှိသောသူများအတွက်လည်းကောင်း၊ ရိုးသားသောကာယအလုပ်သမားနှင့် ဂုဏ်အသရေရှိနိုင်ငံရေးသမားများတွက်လည်းကောင်း အဖိုးအခမပေးရဘဲ ရနိုင်သောအရာဖြစ်ပါသည်။ ဆင်းရဲချမ်းသာမရွေးဘဲ လူသားအားလုံးအတွက်ဘုရားသခင်သည် ဝမ်းမြောက်ဖွယ်အရာတစ်ခုကိုပေးထားပါသည်။ ဤဝမ်းမြောက်ဖွယ်ဖြင့် သူတစ်ပါးကိုကူညီခြင်းနှင့်ကရုဏာအားပေးစကားများပြောခြင်းမှလည်းကောင်း ကိုယ်ကျိုးမဖက်သောလုပ်ဆောင်ခြင်းနှင့်ရိုးသားဖြူစင်ခြင်းမှရရှိနိုင်ပါသည်။ ဤကဲ့သို့လုပ်ဆောင်သူများ၏အသက်တာတွင် သခင်ခရစ်တော်သည် အလင်းတော်ကိုထွန်းလင်းစေတော်မူပြီး ဝမ်းနည်းကြေကွဲခြင်းဖြင့် မှောင်မိုက်နေသောအသက်တာများကို အလင်းပေးတော်မူပါသည်။

ဆင်းရဲသူများကို ရုပ်ပိုင်းဆိုင်ရာအကူအညီများပေးရာတွင် သူတို့၏ဝိညာဉ်ရေးလိုအပ်ချက်များကိုလည်း သတိရရမည်။ သင်၏အသက်တာတွင် ကယ်တင်ပိုင်သူ၏တန်ခိုးကိုထင်ရှားစေပါ။ သင်၏အကျင့်တွင် သူတို့တက်လှမ်းနိုင်မည့် မြင့်မားသည့်အဆင့်အတန်းကိုဖော်ပြပါ။ ဧဝံဂေလိသတင်းစကားကို ရှင်းလင်းသောပုံသက်သေများဖြင့်သွန်သင်ပါ။ သင်ပြုသမျှတို့သည် အကျင့်တည်ဆောက်မှုလုပ်ငန်းအတွက် သင်ခန်းစာများဖြစ်ပါစေ။

ဘဝ၏ရုန်းကန်လှုပ်ရှားမှုတွင် ခွန်အားအနည်းဆုံးနှင့်အနိမ့်ဆုံးသူပင်လျှင် ဘုရားသခင်နှင့်အတူတွဲဖက်၍ ကိုယ်တော်၏နှစ်သိမ့်ခြင်းနှင့်ဖေးမကူညီမစခြင်းကိုခံယူရပါမည်။ မလိုအပ်သောစိတ်သောကများနှင့်အပူအပင်များကိုမထားရှိရပါ။ တစ်နေ့တာအတွက် ဘုရားသခင်၏ခွန်အားပေးသည့်အတိုင်း မိမိ၏တာဝန်များကို သစ္စာရှိစွာထမ်းဆောင်သွားရပါမည်။ ကိုယ်တော်မိန့်တော်မူသည်မှာ–



"အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အားကြားလျှောက်ကြလော့။ ထိုသို့ပြုလျှင် အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် သင်တို့၏စိတ်နှလုံးတို့ကိုစောင့်မလိမ့်မည်" (ဖိလိပ္ပိ ၄း၆၊၇)။

ဘုရားသခင်သည် အတန်းအစားမရွေး လူနှင့်သက်ရှိအားလုံးကိုချစ်တော်မူသော်လည်း ဘဝ၏အပင်ပန်းဆုံးဝန်ကိုထမ်းရွက်ရသောသူများကိုကရုဏာတော်အသက်ဝင်ဆုံးဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတို့သည် စုံစမ်းနှောင့်ယှက်ခြင်းနှင့်အခက်အခဲများကို ရင်ဆိုင်ရပါမည်။ သို့သော်လည်း သူတို့သည် စိတ်ပျက်ခြင်းမရှိဘဲ ဤလောကမှပြန်လည်ပေးဆပ်ရန် ငြင်းပယ်သောအရာအားလုံးကို ဘုရင်ကိုယ်တော်တိုင်သည် သူတို့ကိုအကောင်းဆုံးနည်းဖြင့် ပြန်လည်ပေးဆပ်မည့်အကြောင်းကို အမြဲသတိရရမည်။

ကျွန်ုပ်တို့အခက်အခဲများနှင့်ရင်ဆိုင်လာသောအခါ ဘုရားသခင်သည် မိမိ၏တန်ခိုးတော်နှင့်ဘုန်းတော်ကိုအသုံးပြုလျက် ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းတော်မူလိမ့်မည်။ ဆုတောင်းချက်များကိုနားညောင်းတော်မူပြီး မစသောသခင်အဖြစ်ဘုရားသခင်ကို ကျွန်ုပ်တို့ကိုးစားရမည်။ အရေးကြုံလျှင် ကယ်တင်မည့်သခင်ဖြစ်ကြောင်းကို ကိုယ်တော်သည် ကျွန်ုပ်တို့ကိုဖော်ပြပါလိမ့်မည်။ လူသားတို့ကိုဖန်ဆင်းတော်မူပြီး အံ့ဖွယ်သောကိုယ်ကာယ၊ စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးခွန်အားများကိုပေးသနားခဲ့သောသခင်သည် ဖန်ဆင်းတော်မူခဲ့သောအသက်တစ်ချောင်းရှင်သန်မှုအတွက် လိုအပ်သောအရာများကို ငြင်းပယ်မည်မဟုတ်ပါ။ ကတိတော်ထားတော်မူပြီး အသက်ပင်၏အရွက်များကို ပေးသနားတော်မူသည့်သခင်သည် မိမိ၏သားသမီးများလိုအပ်သောအရာများကိုတတ်စွမ်းဖို့ဉာဏ်ပညာကိုလည်း ငြင်းပယ်တော်မူမည်မဟုတ်ပါ။

ထွန်တုံးကိုကိုင်၍ နွားမောင်းသောသူသည် ဉာဏ်ပညာကိုမည်ကဲ့သို့ရမည်နည်း။ သူသည် ငွေကိုရှာဖွေသကဲ့သို့လည်းကောင်း၊ ဝှက်ထားသည့်ရတနာများကိုရှာဖွေသကဲ့သို့လည်းကောင်း ရှာဖွေရမည်။

"သူ၏ဘုရားသခင်သည် စီရင်တတ်သောဉာဏ်ကိုပေးတော်မူ၏။ သူ့ကိုလည်းသွန်သင်တော်မူ၏" (ဟေရှာယ ၂၈း၂၆)။

"ထိုအမှုသည်လည်းကောင်း၊ ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင် အကြံပေးတော်မူသောအမှုတည်း။ အကြံပေးတော်မူခြင်းသည် အံ့ဩဖွယ်ဖြစ်၏၊ ဉာဏ်တော်သည်လည်းထူးဆန်းပေ၏" (ငယ် ၂၉)။

အာဒံနှင့်ဧဝအား ဥယျာဉ်စိုက်ပျိုးခြင်းအတတ်ကိုသွန်သင်ခဲ့သော သခင်သည် ယခုလူသားတို့ကိုသွန်သင်ရန် အလိုတော်ရှိပါသည်။ ထွန်တုံးဖြင့်ထွန်သောသူနှင့်ပျိုးကြဲသောသူတို့အဖို့ ဉာဏ်ပညာများရှိပါသည်။ ဘုရားသခင်ကိုယုံကြည်၍ နားထောင်သူတို့၏တိုးတက်မှုအတွက် ကိုယ်တော်သည် လမ်းဖွင့်ပေးတော်မူလိမ့်မည်။ မိမိတို့၏လိုအပ်ချက်များကို ဘုရားသခင်၏ကြွယ်ဝစွာသောကောင်းချီးများချပေးတော်မူခြင်းနှင့်အတူ ဖြည့်ဆည်းတော်မူမည့်အကြောင်းကိုယုံကြည်လျက် ရှေ့သို့တက်လှမ်းရပါမည်။

မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ဖြင့် ကျွေးမွေးခဲ့သောသခင်သည် ယခုတွင်လည်း ကျွန်ုပ်တို့၏လုပ်အားအတွက် ထိုက်တန်သောအဖိုးအခကိုပေးသနားနိုင်တော်မူပါသည်။ ဂါလိလဲအိုင်မှတံငါသည်တို့အား ငါးဖမ်းပိုက်များကိုရေထဲသို့ချစေပြီး တံငါသည်များ၏နားထောင်ခြင်းကြောင့် ငါးများပြည့်နေကာ ပိုက်များပြတ်လုမတတ်ဖြစ်စေခဲ့သောသခင်သည် ယနေ့လူသားများအတွက် ကိုယ်တော်ဆောင်ရွက်နိုင်သောအရာများကိုသိစေခြင်းငှာ ဤအဖြစ်အပျက်ကိုသက်သေထားခဲ့ပါသည်။ တောထဲ၌ဣသရေလလူမျိုးတို့ကို မန္နမုန့်ပေးခဲ့သောသခင်သည် ယနေ့အသက်တော်ထင်ရှားလျက် စိုးစံတော်မူပါသည်။ ကိုယ်တော်သည် မိမိ၏သားသမီးများကိုလမ်းပြသွန်သင်လျက် မိမိ၏အမှုကိုဆောင်ရွက်ရန် လိုအပ်သောဉာဏ်ပညာများကိုချပေးတော်မူလိမ့်မည်။ မိမိတို့၏တာဝန်များကို သစ္စာရှိရှိနှင့်ကျေပွန်စွာလုပ်ဆောင်လိုသူများကို ဘုရားသခင်သည် ပညာအတွေ့အကြုံပေးတော်မူလိမ့်မည်။ ဤလောကကိုပိုင်စိုးတော်မူသောသခင်၌ များစွာသောနည်းလမ်းများရှိပြီး သူတစ်ပါးကိုမစရန်ကြိုးစားနေသူများကို ကူညီမစလိမ့်မည်။



ကျွန်ုပ်တို့သည်ယုံကြည်ခြင်းအားဖြင့် ကောင်းကင်နိုင်ငံတော်ကိုမျှော်ကြည့်ရမည်။ ကျွန်ုပ်တို့သည် အနည်းငယ်သောအားနည်းမှုများနှင့် လုပ်ငန်းကြန့်ကြာမှုများကြောင့် စိတ်ပျက်ခြင်းမရှိရပါ။ ရွှေငွေထက်ပို၍အဖိုးထိုက်သောအရာများကိုရိတ်သိမ်းနေသော သစ္စာရှိသည့်အလုပ်သမားအတွက် ဤကမ္ဘာမြေတွင် အဖိုးထိုက်သောဘဏ္ဍာများစွာရှိကြောင်းကိုယုံကြည်လျက် ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်း၊ ယုံကြည်ခြင်း၊ ကျေးဇူးတင်ခြင်းဖြင့် လုပ်ဆောင်ရမည်။ တောင်ကုန်းတောင်တန်းများသည် ပြောင်းလဲနေပါသည်။ ဤကမ္ဘာမြေကြီးသည် အဝတ်တစ်ထည်ကဲ့သို့ဟောင်းနွမ်းလာနေပါသည်။ သို့သော်လည်း မိမိ၏သားသမီးများအတွက် တောအရပ်၌စားပွဲကိုပြင်ဆင်သော ဘုရားသခင်၏ကောင်းချီးများသည် မည်သည့်အခါမှလျော့နည်းခြင်းမရှိပါ။

---ooo---

## အခန်း (၁၃)

# အားကိုးရာမဲ့သောသူဆင်းရဲများ

ဆင်းရဲသူများသည် ကိုယ့်အားကိုယ်ကိုးပြီး ဘဝတွင်ရပ်တည်သွားနိုင်ရန် ကူညီပြီးသည့်နောက်တွင် မုဆိုးမများ၊ မိဘမဲ့များ၊ အသက်ကြီးရင့်သူများနှင့် နာမကျန်း၍အားကိုးရာမဲ့သူများသည် ကျွန်ုပ်တို့၏အကူအညီအမအစတို့ကို တောင်းခံလျက်ရှိပါသည်။ ဤသူများကို မည်သည့်အခါမျှ လျစ်လျူရှုမထားရပါ။ ဤသူများကိုကရုဏာထားပြီးယုယပြုစုရန် ဘုရားသခင်သည် မိမိ၏ဘဏ္ဍာစိုးများထံအပ်နှံထားပါသည်။

"ထိုကြောင့်ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်း၏ အိမ်သူအိမ်သားတို့၌ အထူးသဖြင့်ကျေးဇူးပြုလျက် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့" (ဂလာတိ ၆း၁၀)။

မိမိ၏အသင်းသူအသင်းသားများကိုဂရုစိုက်ပြုစုရန် သခင်ခရစ်တော်သည် အသင်းတော်ကိုအထူးတာဝန်ပေးအပ်ထားတော်မူပါသည်။ အသင်းတော်၏ဘောင်ထဲ၌ ဆင်းရဲသူများအမြဲရှိရန် ကိုယ်တော်သည် ခွင့်ပြုထားတော်မူပါသည်။ သူတို့သည် ကျွန်ုပ်တို့ကြားတွင်အမြဲရှိ၍ ဤသူများကိုပြုစုရန် အသင်းသူအသင်းသားများကို တာဝန်ပေးအပ်ထားပါသည်။

မိသားစုအတွင်းရှိ ဖျားနာသူများကိုပြုစုပေးခြင်း၊ အားနည်းသူတို့ကိုကူညီခြင်း၊ ပညာမဲ့သောသူတို့ကိုသွန်သင်ခြင်း၊ အတွေ့အကြုံနည်းသောသူတို့ကို လေ့ကျင့်သင်ကြားပေးသကဲ့သို့ "ယုံကြည်သူမိသားစု" အတွင်း၌ရှိသော အားကိုးရာမဲ့၍ အကူအညီမဲ့သူများကိုပြုစုရမည်။ မည်သည့်နည်းနှင့်မျှ ဤသူတို့ကိုပစ်ပယ်ခြင်းမပြုရပါ။

### မုဆိုးမများနှင့်မိဘမဲ့များ

မုဆိုးမများနှင့်မိဘမဲ့များကို ဘုရားသခင်သည် အထူးဂရုစိုက်တော်မူပါသည်။ "ဘုရားသခင်သည် သန့်ရှင်းသောဘုံဗိမာန်၌စိုးစံလျက်၊ မိဘ



မရှိသောသူတို့၏အဘဖြစ်၍ မုဆိုးမတို့ဘက်မှ တရားစီရင်တော်မူ၏" (ဆာလံ ၆၈း၅)။

"အကြောင်းမူကား၊ သင့်ကိုဖန်ဆင်းသောသူသည် သင်၏လင်ဖြစ်တော်မူ၏၊ နာမတော်ကား ကောင်းကင်ဗိုလ်ခြေသခင်ထာဝရဘုရားတည်း။ သင့်ကိုရွေးနုတ်သောသူသည် ဣသရေလအမျိုး၌ သန့်ရှင်းသောဘုရားသခင်ဖြစ်တော်မူ၏။ မြေကြီးတစ်ပြင်လုံးကိုအစိုးရသောဘုရားသခင်ဟူ၍ ခေါ်ရကြ၏" (ဟေရှာယ ၅၄း၅)။

"သင်တို့၌မိဘမရှိသောသူငယ်တို့ကိုထားခဲ့လော့၊ ငါစောင့်မမည်။ သင်၏မုဆိုးမတို့သည် ငါ့ကိုခိုလှုံကြစေ" (ယေရမိ ၄၉း၁၁)။

မိမိ၏မိသားစုအား ဘုရားသခင်စောင့်ရှောက်တော်မူမည့်ကတိတော်ကို ယုံကြည်ကိုးစားလျက် ဖခင်အမြောက်အမြားသည် ငြိမ်သက်စွာဖြင့် အသက်ချုပ်ငြိမ်းခဲ့ကြပါသည်။ ဘုရားသခင်သည် ဤမုဆိုးမများနှင့်မိဘမဲ့များကိုကျွေးမွေးရာတွင် အံ့ဖွယ်အမှုများပြု၍ ကောင်းကင်မှအန္နမုန့်ဖြင့်လည်းကောင်း၊ အစားအစာကိုကျီးများမှသယ်ဆောင်ခြင်းဖြင့်လည်းကောင်း ပြုတော်မူခြင်းမရှိဘဲ လူစိတ်နှလုံးကိုပြောင်းလဲစေပြီး တစ်ကိုယ်ကောင်းစိတ်များဖယ်ရှားကာ သခင်ခရစ်တော်၏မေတ္တာတော်ကို ထင်ဟပ်စေပါသည်။ ဘုရားသခင်သည် ဤအခက်အခဲတွေ့နေသူများကို အလွန်ကြီးစွာတန်ဖိုးထား၍ မိမိ၏တပည့်တော်များထံတွင် အပ်နှံထားတော်မူပါသည်။ သူတို့သည် ကျွန်ုပ်တို့၏မေတ္တာကရုဏာများကို အလွန်မှရထိုက်ကြပါသည်။

ဘဝ၏စည်းစိမ်များပြည့်လျှံနေသောနေအိမ်များ၊ အသီးအနှံများဖြင့်ပြည့်လျှံနေသည့်ကျီများ၊ အဝတ်များဖြင့်ပြည့်ဝနေသည့်သိုလှောင်ရုံများနှင့် ရွှေစင်များပြည့်မောက်နေသည့် မီးခံသေတ္တာများသည် ဆင်းရဲသောသူများကိုကူညီရန် ဘုရားသခင်ပေးသနားသည့်နည်းလမ်းများဖြစ်ပါသည်။ ဘုရားသခင်၏ကောင်းချီးများကို တစ်ဆင့်ခံဖြန့်ဝေရန် ကျွန်ုပ်တို့ကိုကြားခံများအဖြစ် ဘုရားသခင်ဖိတ်ခေါ်တော်မူနေပါသည်။

မုဆိုးမအမြောက်အမြားသည် ဖခင်မရှိသောသားသမီးများနှင့် အတူ တကွနေထိုင်ပြီး သူတို့ကိုပြုစုကျွေးမွေးရန် မိမိ၏ခွန်အားနှင့်မျှဘဲ လုံးပမ်းနေရပါသည်။ သို့သော်လည်း ဖွဲ့မလျှော့ဘဲ ဤအခက်အခဲနှစ်ရပ်ကိုရင်ဆိုင်နေရပါသည်။ သူမ၏သားသမီးများကို သွန်သင်ဆုံးမရန်အတွက်လည်းကောင်း၊ သူတို့၏အသက်တာတွင် ပျော်ရွှင်မှုရစေရန်အတွက်လည်းကောင်း ဤမိခင်များတွင် အချိန်မရှိသလောက်ဖြစ်နေပါသည်။ ဤအမျိုးသမီးတို့သည် အားပေးကူညီခြင်းနှင့်မေတ္တာကရုဏာလိုအပ်နေပါသည်။

ကျွန်ုပ်တို့သည် ဤသားသမီးများလိုအပ်နေသည့် ဖခင့်မေတ္တာကို အစွမ်းရှိသလောက်ဖြင့်ကူညီရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုတောင်းဆိုလျက်ရှိနေပါသည်။ တစ်ကိုယ်တည်းရပ်နေပြီး သူတို့ကိုအပြစ်တင်ဝေဖန်နေမည့်အစား တတ်နိုင်သည့်နည်းဖြင့် ကျွန်ုပ်တို့သည် သူတို့ကိုကူညီရမည်။ ဝန်ပိလျက်ရှိသောမိခင်ကိုကူညီပါ။ သူမ၏တာဝန်များကိုပေါ့ပါးစေပါ။

ခရစ်ယာန်အိမ်ထောင်စု၏ဩဇာနှင့်ကင်းကွာပြီး မိဘတို့၏ဆုံးမမှုနှင့်ဝေးကွာလျက်ရှိသော သားသမီးအမြောက်အမြားရှိပါသည်။ ဤအားကိုးရာမဲ့သူများအတွက် ခရစ်ယာန်တို့သည် မိမိတို့၏စိတ်နှလုံးနှင့်နေအိမ်တံခါးများကိုဖွင့်ပေးရမည်။ မိမိတို့တစ်ဦးစီဆောင်ရွက်ရန် ဘုရားသခင်ပေးအပ်ထားတော်မူသည့်တာဝန်ကို အခြားစောင့်ရှောက်ရေးအသင်းများနှင့် လူမှုအဖွဲ့အစည်းများသို့ လွှဲပြောင်းခြင်းမပြုရပါ။ ဤသားသမီးများကိုပြုစုရန် ဆွေမျိုးများမရှိပါက အသင်းသူအသင်းသားများသည် ဤသူတို့ကိုတာဝန်ယူရမည်။ ကျွန်ုပ်တို့ကိုဖန်ဆင်းသောသခင်သည် ကျွန်ုပ်တို့၏မိသားစုများနှင့်အတူနေထိုင်စေပြီး ခရစ်ယာန်အိမ်ထောင်စုတွင်ကြီးပြင်းလာသည့် ကလေးသူငယ်တို့၏ဖွံ့ဖြိုးတိုးတက်မှုသည် အကောင်းဆုံးဖြစ်ပါသည်။

သားသမီးမရှိသောအိမ်ထောင်များတွင် တိရစ္ဆာန်များကိုအိမ်၌မွေးပြီး ချစ်မည့်အစား ကလေးသူငယ်များကိုအိမ်၌မွေးစား၍ ဤသူများကိုပြုစုခြင်းဖြင့် သူတို့၏အသက်တာသည် ခရစ်တော်၏အသက်တာနှင့် ပိုမိုတူစေနိုင်ပါသည်။ သင်တို့၏မေတ္တာကို ဤအိမ်ခြေမဲ့သောသူများ၌စုပုံပါစေ။ ဘုရားသခင်၏



စိတ်တော်နှင့်အညီ ကလေးသူငယ်မည်မျှကို ဘုရားသခင်ထံခေါ်ဆောင်လာနိုင်သည်ကို စမ်းသပ်ကြည့်ပါ။ ဤကဲ့သို့ပြုခြင်းဖြင့် မိမိတို့အတွက်များစွာအကျိုးရှိပါလိမ့်မည်။

## အသက်ကြီးရင့်သူများ

အသက်ကြီးရင့်သူများသည် မိသားစု၏အကူအညီကိုလိုအပ်ပါသည်။ ခရစ်တော်၌တည်သောညီအစ်ကိုမောင်နှမများ၏နေအိမ်တွင် သူတို့ဆုံးရှုံးလျက်ရှိသောအရာများကို ရှာတွေ့နိုင်ပါသည်။ အိမ်မှုလုပ်ငန်းများ၌ သူတို့ပါဝင်ကူညီရန်အားပေးခြင်းဖြင့် သူတို့အသုံးမဝင်တော့ဟု ခံစားနေရသည့်အတွေးစိတ်ကိုဖျောက်ဖျက်ရန် ကူညီရာရောက်လိမ့်မည်။ သူတို့၏အကူအညီကိုတန်ဖိုးထားပြီး အခြားသူများကိုလည်း သူတို့ကူညီနိုင်ကြောင်းသိစေခြင်းဖြင့် အသက်ကြီးရင့်သူများသည် စိတ်နှလုံးရွှင်ပြီး အခြားသူတို့ကိုစိတ်ဝင်စားမှုပိုမိုရှိလာပါမည်။

ဆံပင်လည်းဖြူ၊ ခြေလှမ်းလည်းနှေး၊ ဘဝ၏နိဂုံးနှင့်ကပ်လျက်ရှိသောသူများကို တတ်နိုင်သမျှသူတို့၏ရင်းနှီးသောပတ်ဝန်းကျင်အသိုက်အဝန်းမိတ်ဆွေများနှင့် နီးကပ်စွာထားပါ။ သူတို့ချစ်၍သိသောသူများနှင့်အတူဘုရားဝတ်ပြုပါစေ။ သူတို့ကိုချစ်ခင်ယုယစွာဖြင့် ပြုစုပါစေ။

အခါအခွင့်သင့်သည့်အခါတိုင်း မိသားစုဝင်တို့သည် မိမိတို့၏ဆွေမျိုးသားချင်းတို့ကိုပြုစုရမည်။ ဤကဲ့သို့မပြုနိုင်မှသာလျှင် အသင်းတော်သည် ဤအလုပ်ကိုအခွင့်အရေးနှင့်တာဝန်တစ်ခုအဖြစ် လက်ခံယူရမည်။ ခရစ်တော်၏စိတ်တော်နှင့်ပြည့်ဝသူတိုင်းသည် ဤအားနည်းအသက်ကြီးရင့်သူများကို သနားကြင်နာလိမ့်မည်။

ကျွန်ုပ်တို့၏အိမ်ထောင်များတွင် ဤအားကိုးရာမဲ့သောသူများရှိခြင်းဖြင့် သခင်ခရစ်တော်၏ကရုဏာအမှုတော်၌ ကျွန်ုပ်တို့သည် တွဲဖက်ပါဝင်နိုင်သောအခွင့်အရေးကိုရရှိပြီး သခင်ခရစ်တော်နှင့်ပိုမိုတူသောအကျင့်ကို

တည်ဆောက်ခွင့်ရရှိကြပါလိမ့်မည်။ အသက်ကြီးရင့်သောသူများနှင့် ငယ်သူများ၏ပေါင်းသင်းခြင်းသည် ကောင်းချီးများကိုပွားစေပါသည်။ ငယ်ရွယ်သူများကြောင့် အသက်ကြီးရင့်သူများ၏အသက်တာတွင် ပျော်ရွှင်မှုကိုဖြစ်စေပါသည်။ အသက်တာတွင်အားနည်းသူများသည် ငယ်ရွယ်သောသူများနှင့်ဆက်ဆံခြင်းဖြင့် မျှော်လင့်ခြင်းနှင့်ပျော်ရွှင်မှုကိုရစေပါသည်။ ထို့အတူ ငယ်ရွယ်သောသူများသည် အသက်ကြီးရင့်သူများထံမှ ပညာနှင့်အတွေ့အကြုံများကို ပြန်လည်ရရှိပါသည်။ အထူးသဖြင့်သူတို့သည် ကိုယ်ကျိုးမဲ့သောအမှုတော်အတွက် သင်ခန်းစာများကိုရရှိကြပါသည်။ အိမ်ထောင်စုတစ်ခုအတွင်း၌ ကိုယ်ကျိုးမဖက်သောမေတ္တာကရုဏာနှင့်သည်းခံခြင်းတရားကို လိုအပ်သောသူတစ်ဦးရှိခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သောကောင်းချီးများကိုရရှိပါသည်။ အိမ်ထောင်၏အသက်တာကို သာယာသန့်ရှင်းစေ၍ အသက်ကြီးရင့်သူများနှင့်ငယ်ရွယ်သူများတွင် သခင်ခရစ်တော်နှင့်တူသောအကျင့်ကိုရရှိစေပြီး ကောင်းကင်နိုင်ငံတော်၏ဘဏ္ဍာတိုက်မှ တန်ဖိုးမဖြတ်နိုင်သောဘဏ္ဍာများအဖြစ် အသက်တာကိုပိုမိုလှပစေပါသည်။

## စမ်းသပ်ချက်

သခင်ခရစ်တော်က "ဆင်းရဲသောသူတို့သည် သင်တို့၌အစဉ်ရှိကြ၏၊ သင်တို့အလိုရှိသည့်အတိုင်း သူတို့အားကျေးဇူးပြုနိုင်၏။" "ခမည်းတော်ဘုရားသခင်ရှေ့၌ စင်ကြယ်သန့်ရှင်းသောအကျင့်ဟူမူကား မိဘမရှိသောသူငယ်တို့နှင့်မုဆိုးမတို့သည် ဆင်းရဲခံရသောအခါ သူတို့ကိုကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်းလောကအညစ်အကြေးနှင့်ကင်းစင်အံ့သောငှာ စောင့်ရှောက်ခြင်းပေတည်း" (မာကု ၁၄း၇။ ယာကုပ် ၁း၂၇)။

သခင်ခရစ်တော်သည် ကိုယ်တော်၏တပည့်များအကြားတွင် အားကိုးရာမဲ့ဆင်းရဲသောသူများကိုထားရှိပြီး ဤသူများကိုကူညီမစစေခြင်းဖြင့် တပည့်တော်များကိုစမ်းသပ်တော်မူပါသည်။ ဆင်းရဲသောကိုယ်တော်၏သားသမီး





များကို ချစ်ခင်စောင့်ရှောက်ခြင်းဖြင့် သခင်ခရစ်တော်၌တည်သော ကျွန်ုပ်တို့၏မေတ္တာကို သက်သေပြုစေပါသည်။ ဤသူတို့ကိုလျစ်လျူရှုခြင်းဖြင့် သခင်ခရစ်တော်နှင့်ကိုယ်တော်၏မေတ္တာတော်ကို သိကျွမ်းခြင်းမရှိသောအယောင်အဆောင်တပည့်များဖြစ်ကြောင်းကို ကျွန်ုပ်တို့သက်သေပြနေပါသည်။

ကျွန်ုပ်တို့တတ်စွမ်းသမျှပြုလုပ်ပြီး မိဘမဲ့ကလေးသူငယ်များအတွက်နေအိမ်များဖန်တီးပြီးသောအခါတွင်လည်း ကျွန်ုပ်တို့၏အကူအညီမစမှုများကို လိုအပ်သောသူများရှိနေပါလိမ့်မည်။ လူအမြောက်အမြားသည် ဆိုးညစ်သောအမွေများကိုခံယူခဲ့ရပါသည်။ သူတို့သည် ဆွဲဆောင်မှုမရှိဘဲ မျှော်လင့်ချက်ကင်းမဲ့နေကြပါသည်။ သို့သော်လည်း သူတို့သည် သခင်ခရစ်တော်၏အသွေးတော်ဖြင့် ပေးဆပ်ဝယ်ယူခြင်းကိုခံရပြီး ကိုယ်တော်၏ရှေ့တော်၌ကျွန်ုပ်တို့နှင့်တန်းတူ တန်ဖိုးကြီးလှပါသည်။ အကူအညီမရှိပါက သူတို့သည် ပညာမဲ့ပြီးအပြစ်များကြားတွင် ကြီးပြင်းလာလိမ့်မည်။ မိဘမဲ့ဂေဟာများဖြင့် ဤကလေးသူငယ်အမြောက်အမြားကို ကယ်တင်နိုင်ပါသည်။

ပိုမိုထိရောက်မှုရှိစေရန် ဤဂေဟာအဖွဲ့အစည်းများကို ခရစ်ယာန်မိသားစုများနှင့်အတူညီဆုံးဖြစ်ရန် ဖန်တီးရမည်။ အဖွဲ့အစည်းကြီးမားစွာဖြင့် လူအမြောက်အမြားကိုလက်ခံမည့်အစား နေရာအမြောက်အမြားတွင် သေးငယ်သောအဖွဲ့များကိုတည်ထောင်ရမည်။ မြို့ကြီးများ၏အနီးအနားတွင်တည်ဆောက်မည့်အစား သဘာဝနှင့်ပိုမိုနီးစပ်ပြီး စိုက်ပျိုးရန်မြေပေါ်များ၍ ကောင်းမွန်စွာအလုပ်လုပ်လေ့ကျင့်နိုင်သည့် ကျေးလက်တောရွာများတွင် တည်ဆောက်သင့်ပါသည်။

ဤအဖွဲ့အစည်းများတွင် တာဝန်ယူရသောသူများသည် ရက်ရောသောစိတ်၊ ယဉ်ကျေးသောစိတ်၊ ကိုယ့်အလိုကိုငြင်းပယ်သောစိတ်ရှိပြီး သခင်ခရစ်တော်ကိုချစ်သောစိတ်ဖြင့် ဤအမှုကိုလက်ခံ၍ ခရစ်တော်အတွက် ကလေးသူငယ်များကိုလေ့ကျင့်ပေးမည့် အမျိုးသားနှင့်အမျိုးသမီးများဖြစ်ရမည်။ ဤကဲ့သို့သောသူများ၏စောင့်ရှောက်ခြင်းအောက်၌ ကြီးပြင်းလာခဲ့သည့်မိဘမဲ့ပြီး ငြင်းပယ်ခြင်းခံရသောကလေးသူငယ်တို့သည် လူ့အသိုက်အဝန်းအတွက်

ပိုမိုအားထားရသောသူများအဖြစ် ပြင်ဆင်ခြင်းကိုခံရ၍ သခင်ခရစ်တော်၏ ဘုန်းတော်ကိုထင်ရှားစေကာ အခြားသူများကိုတစ်ဆင့် ပြန်လည်ကူညီမစ သောသူများဖြစ်လာပါမည်။

လူအမြောက်အမြားသည် ရွှေတာခြင်းကိုကပ်စေးနဲခြင်းဖြင့် မဝေခွဲ တတ်ပါ။ သို့သော် ရွှေတာခြင်းသည် ပိုမိုရက်ရောရန်ဖြစ်ပါသည်။ ရွှေတာ ခြင်းမရှိပါက စစ်မှန်သောရက်ရောခြင်းမရှိနိုင်ပါ။ ကျွန်ုပ်တို့သည် ပေးကမ်း ရန်စုဆောင်းကြပါသည်။

ကိုယ့်အလိုကိုမငြင်းပယ်ဘဲနှင့် ပေးကမ်းစွန့်ကြဲခြင်းကိုမပြုနိုင်ပါ။ သခင်ခရစ်တော်၏ကိုယ်စားလှယ်များအဖြစ် ကျွန်ုပ်တို့အားပေးအပ်ထားသည့် တာဝန်များကို ကျေပွန်ရန်အတွက် ရိုးသားခြင်း၊ ကိုယ့်အလိုကိုငြင်းပယ်ခြင်း နှင့်ရွှေတာခြင်းရှိရမည်။ မာန်မာနနှင့်လောကတပ်မက်ခြင်းတို့ကို ကျွန်ုပ်တို့ ၏စိတ်နှလုံးမှဖယ်ထုတ်ပစ်ရမည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုတိုင်းတွင် သခင် ခရစ်တော်၏အသက်တော်ထင်ရှားစဉ်က ဖော်ပြထားသော ကိုယ့်အလိုကို ငြင်းပယ်သည့်မှုများကို ဖော်ပြရမည်။ ကျွန်ုပ်တို့၏နေအိမ်များတွင်ရှိ နံရံ များနှင့်ပရိဘောဂများတွင် "နေစရာမရှိ၊ ဆင်းရဲသောသူတို့ကို ကိုယ့်အိမ်သို့ ဆောင်ရန်" ဟူသော စာတန်းကိုရေးထားရမည်။ ကျွန်ုပ်တို့၏ဝတ်စုံများတွင် "အဝတ်မရှိသောသူကိုမြင်လျှင် အဝတ်ကိုပေးရန်" ဟူသောစာတန်းကို ဘုရားသခင်၏လက်ညှိုးတော်နှင့်ရေးသားထားသကဲ့သို့ စိတ်ထဲ၌စွဲစေရမည်။ အစားအစာများနှင့်ပြည့်လျှံနေသည့် ထမင်းစားခန်းအတွင်းရှိ ထမင်းစားပွဲ များတွင်လည်း "မွတ်သိပ်သောသူကိုအစာကျွေးရန်" ဟူသောစာတန်းကို သွင်းထားသယောင်ရှိရမည်။ (ဟေရှာယ ၅၈း၇)။

ကျွန်ုပ်တို့၏ရှေ့၌ အခွင့်အရေးများစွာလမ်းပွင့်လျက်ရှိပါသည်။ အများအားဖြင့် ကျွန်ုပ်တို့သည် အခွင့်အရေးနည်းပါးကြောင်း ညည်းညူ လိုကြသည်။ သို့သော်လည်း ခရစ်ယာန်များသည် ဆက်ကပ်မှုရှိပါက ရသည့် အခွင့်အရေးများကို ပွားများလာစေနိုင်ပါသည်။ တစ်ကိုယ်ကောင်းဆန်ခြင်း



နှင့်ကိုယ့်အလိုကိုလိုက်ခြင်းသည် ကျွန်ုပ်တို့၏အသုံးဝင်မှုကို ဟန့်တားသော အရာများဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လောကဆိုင်ရာအရာများအတွက် မိမိတို့၏ဝင်ငွေ များစွာကို သုံးဖြုန်းလျက်ရှိပါသည်။ မြင့်မြတ်သောဘုရားရေးတရားရေး၌ အသုံးပြုရန်လိုအပ်သည့် ကျွန်ုပ်တို့၏ခွန်အား၊ အချိန်နှင့်အတွေးအခေါ်များ ကို ဤလောကဆိုင်ရာအရာများတွင် အသုံးပြုနေပါသည်။ တန်ဖိုးကြီးသော နေအိမ်နှင့်ပရိဘောဂများ၊ တစ်ကိုယ်ကောင်းဆန်သောပျော်ရွှင်မှုများ၊ ဇိမ်ခံ ပစ္စည်းများနှင့် မကျန်းမာစေသောအစားအစာများ၊ ကိုယ်ခန္ဓာကိုထိခိုက်စေ သောအကျင့်များအတွက် ငွေအမြောက်အမြားကိုသုံးဖြုန်းနေကြပါသည်။ တစ်ဦးတစ်ယောက်ကိုမျှ အကျိုးမပြုသောလက်ဆောင်များအတွက် ငွေများစွာ ကုန်ကျနေပါသည်။ စာတန်၏နှောင့်ယှက်ခြင်းမှ ဝိညာဉ်များကိုကယ်တင်ရန် အသုံးပြုနေသည့်ငွေထက် ခရစ်ယာန်များသည် မိမိတို့အားအန္တရာယ်ဖြစ်စေ ပြီး မလိုအပ်သောအရာများအတွက် ငွေကြေးကိုများစွာပိုမိုသုံးစွဲနေကြပါသည်။

မိမိကိုယ်ကိုခရစ်ယာန်များဟုဆိုသူများသည် မိမိတို့၏အဝတ်အစား များအတွက် ငွေများစွာသုံးစွဲနေပြီး အခြားအကူအညီလိုအပ်သောသူများကို ကူညီရန် အပိုအလျှံမရှိကြပါ။ တန်ဖိုးအနည်းဆုံးအဝတ်များကိုဝယ်ရန်ပင် အခက်ကြုံနေသူများကိုကူညီမည့်အစား သူတို့သည် တန်ဖိုးကြီးသောအဝတ် အစားများနှင့်တန်ဆာများအတွက် ငွေကိုသုံးဖြုန်းနေကြပါသည်။

ချစ်သောညီမငယ်တို့၊ သင်တို့သည် ကျမ်းစာတွင်ဖော်ပြထားသည့် အတိုင်း မိမိ၏အဝတ်အစားများကိုစီမံပါက အခြားဆင်းရဲသောညီအစ်မများ ကို တစ်ဆင့်ကူညီရန်များစွာရှိပါလိမ့်မည်။ သင်တို့သည် ကြေးငွေမက အချိန်လည်းရရှိလိမ့်မည်။ တစ်ခါတစ်ရံတွင် အချိန်သည် အလိုအပ်ဆုံးဖြစ် တတ်သည်။ လူများစွာကို သင်၏ကျွမ်းကျင်မှုနှင့်အကြံဉာဏ်များဖြင့် ကူညီ နိုင်ပါလိမ့်မည်။ ရိုးသားစွာနှင့်လှပစွာဝတ်ဆင်နိုင်ရန် သူတို့ကိုသင်ကြား ပေးပါ။ အခြားသူများနှင့်နှိုင်းယှဉ်လျက် မိမိတို့၏ဟောင်းနွမ်းပြီးပုံမကျသော အဝတ်အစားများကြောင့် အမျိုးသမီးအမြောက်အမြားသည် ဘုရားကျောင်း

တက်ရန် ပျက်ကွက်နေကြပါသည်။ ဤကဲ့သို့ကွာခြားမှုများကြောင့် စိတ်ထိခိုက်လွယ်သောသူအမြောက်အမြားတွင် ရှက်ကြောက်ခြင်းနှင့်တရားမမျှတခြင်းကိုခံစားနေရပြီး ခရစ်ယာန်ဘာသာရေးကိုမယုံကြည်သောစိတ်များနှင့် ဧဝံဂေလိတရားတော်ကို ငြင်းပယ်လိုသောစိတ်သဘောများကိုဖြစ်စေပါသည်။

သခင်ခရစ်တော်မိန့်ကြားသည်မှာ "ဘာမျှမပျောက်စေခြင်းငှာ ကျန်ကြွင်းသောအကျိုးအပဲ့တို့ကိုကောက်သိမ်းကြလော့၊" "နေ့စဉ်လူထောင်ပေါင်းများစွာတို့သည် အစားအစာခေါင်းပါးခြင်း၊ စစ်ဘေးဒဏ်၊ မီးလောင်ခြင်းနှင့်ကပ်ရောဂါတို့ကြောင့် သေကျေလျက်ရှိပြီး မိမိအမျိုးကိုချစ်သောသူတိုင်းသည် လူသားတစ်ရပ်လုံးကိုအကျိုးပြုရန်အတွက် အရာခပ်သိမ်းတို့ကို အလေအလွင့်မရှိစေရန်နှင့် မလိုအပ်ဘဲမသုံးဖြုန်းရန်သတိထားရမည်။

ကျွန်ုပ်တို့အချိန်နှင့်အတွေးအခေါ်များကိုဖြုန်းတီးခြင်းသည် အပြစ်ဖြစ်သည်။ ကိုယ့်အလိုကိုလိုက်ခြင်းကြောင့် အချိန်များစွာကုန်နေပါသည်။ မိမိတို့၏အချိန်ကိုတန်ဖိုးထားပြီး ကောင်းစွာအသုံးပြုပါက ကျွန်ုပ်တို့၏အမှုကိုဆောင်ရွက်ရန်နှင့် အခြားလိုအပ်သူများကိုကူညီရန် အလုံအလောက်ရှိပါလိမ့်မည်။ ကျွန်ုပ်တို့၏ကြေးငွေ၊ အချိန်၊ ခွန်အားနှင့်အခွင့်အရေးများကိုအသုံးချရာတွင် ခရစ်ယာန်တို့သည် ဘုရားသခင်၏သွန်သင်မှုကိုခံယူရမည်။ "သင်တို့တွင်တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသော ဘုရားသခင်ကိုတောင်းစေ" (ယာကုပ် ၁း၅)။

## "ပေးလော့၊ ပေးလျှင်ရမည်"

တစ်စုံတစ်ခုကိုရမည်ဟု မျှော်လင့်ခြင်းမရှိဘဲချေးငှားကြလော့၊ ထိုသို့ပြုလျှင် သင်တို့အကျိုးကြီးလိမ့်မည်။ အမြင့်ဆုံးသောဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။ ထိုဘုရားသခင်သည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏" (လုကာ ၆း၃၅–၃၆)။



"ဆင်းရဲသောသူတို့အားစွန့်ကြဲသောသူသည် ကိုယ်တိုင်မဆင်းရဲရာ၊ လွှဲရှောင်သောသူမူကား၊ များစွာသောကျိန်ဆဲခြင်းကိုခံရလိမ့်မည်" (ဗျာဒိတ် ၂၈း၂၇)။

"သူတစ်ပါးအားပေးကြလော့၊––––အမှန်ခြင်ရုံမှုမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့် သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်" (လုကာ ၆း၃၈)။

–––ooo–––

အခန်း (၁၄)

# ချမ်းသာသောသူများအတွက်အမှုတော်

ကော်နေလိသည် ရောမစစ်သူကြီးတစ်ဦးဖြစ်ပါသည်။ သူသည် ချမ်းသာ၍ သူကောင်းမျိုးနွယ်မှမွေးဖွားသူဖြစ်ပါသည်။ ထမ်းဆောင်ရသည့် တာဝန်သည်အလွန်ကြီး၍ ဂုဏ်ပြုခြင်းကိုလည်းခံခဲ့ရပါသည်။ သူသည် မယုံကြည်သူလူတို့တွင်မွေးဖွားလာပြီး ပညာသင်ကြီးပြင်းလာခဲ့ကာ ယုဒလူမျိုးများမှတစ်ဆင့် ဘုရားသခင့်အကြောင်းကိုသိရှိလာရပြီး ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ခဲ့ပါသည်။ သူသည် ဆင်းရဲသောသူများကို ကူညီမစခြင်းဖြင့် ယုံကြည်ခြင်း၌သစ္စာရှိကြောင်းကို သက်သေပြခဲ့ပါသည်။ "လူတို့အားများစွာသောစွန့်ကြဲခြင်းကိုပြု၍ ဘုရားသခင်ကိုအစဉ်ဆုတောင်းလေ့ရှိသည်" (တမန်တော် ၁၀:၂)။

သခင်ခရစ်တော်၏အသက်ရှင်ခြင်းနှင့် သေဆုံးခြင်း၌တည်သော ဧဝံဂေလိတရားတော်နှင့်ပတ်သက်၍ ဘာမျှမသိရှိသောကြောင့် ဘုရားသခင်သည် ကောင်းကင်တမန်တစ်ပါးကို သူ့ထံသို့စေလွှတ်ခဲ့ပြီးနောက် အခြားတစ်ပါးကိုပေတရုထံသို့စေလွှတ်ကာ ကော်နေလိထံသွား၍သွန်သင်ရန် စေခိုင်းတော်မူခဲ့ပါသည်။ ကော်နေလိသည် ယုဒဘာသာဝင်တစ်ဦးမဟုတ်ပါ။ ယုဒကျမ်းတတ်ဆရာများသည် သူ့ကိုမယုံကြည်သူ၊ မသန့်ရှင်းသောသူအဖြစ်မှတ်ယူသော်လည်း ဘုရားသခင်သည် သစ္စာရှိသောသူ၏စိတ်နှလုံးကိုသိရှိတော်မူ၍ ပလ္လင်တော်မှကောင်းကင်တမန်တို့ကိုစေလွှတ်ကာ ဤလောက၌ရှိသော ကိုယ်တော်၏တပည့်တော်နှင့်တွေ့စေပြီး ဤရောမစစ်သူကြီးကိုသွန်သင်စေတော်မူခဲ့ပါသည်။

ထိုနည်းတူယနေ့ဘုရားသခင်သည် လူတန်းစားမရွေးဘဲ ဝိညာဉ်များကိုရှာဖွေလျက်ရှိတော်မူပါသည်။ ကော်နေလိကဲ့သို့သောလူများစွာရှိပါသည်။ သူတို့သည် အသင်းတော်နှင့်ဆက်သွယ်ရန် လိုလားနေကြပါသည်။ သူတို့သည် ဘုရားသခင်၏သားသမီးများတို့နှင့်အတူ ပူးပေါင်းလိုပါသော်လည်း



ဤလောက၏ဆွဲဆောင်မှုများသည် သူတို့ကိုခိုင်မာစွာဟန့်တားနေပါသည်။ ဤသူများသည် စိတ်နှိမ့်ချသောသူများနှင့်ပူးတွဲရပ်တည်ရန် ခွန်အားများစွာလိုပါသည်။ မိမိတို့၏တာဝန်ဝတ္တရားများနှင့်အပေါင်းအသင်းများကြောင့် အလွန်ကြီးမားသည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။ ဤဝိညာဉ်များကို ကယ်တင်ရန် အထူးကြိုးစားရမည်။

စွန့်ပယ်ခြင်းခံနေရသော ဆင်းရဲသူများကိုကူညီရန်လိုအပ်ကြောင်းကို များစွာပြောဆိုသော်လည်း စွန့်ပယ်ခြင်းခံရသောချမ်းသာသူများကိုလည်း ဂရုစိုက်ကူညီရန်မလိုပါလား။ လောက၏တောက်ပသောဆွဲဆောင်မှုများကြောင့် စိတ်ညစ်ခံရပြီး မိမိတို့၏အသက်တာလုပ်ဆောင်မှုများကြောင့် ထာဝရအသက်ဆုံးရှုံးနေရသည့်သူများ မျက်စိပွင့်လာရန် ကြိုးစားလုပ်ဆောင်မှုများသည် အလွန်နည်းပါးပြီး လူအများက ဤသူတို့ကိုမျှော်လင့်ချက်ကင်းမဲ့သည့်လူတန်းစားတစ်ရပ်အဖြစ် ရှုမြင်ကြပါသည်။ ချမ်းသာသောလူထောင်ပေါင်းများစွာသည် သတိပေးခြင်းမခံရဘဲ အသက်ဆုံးရှုံးကြရပါသည်။ မည်သို့ပင်ဂရုမစိုက်ဟန်ရှိစေကာမူ ချမ်းသာသောသူများစွာသည် စိတ်လေးလျက်ရှိပါသည်။ "ငွေကိုတပ်မက်သောသူသည် ငွေနှင့်စိတ်အလိုမပြေနိုင်၊ စည်းစိမ်တပ်မက်သောသူသည် စည်းစိမ်တိုးပွားသော်လည်း စိတ်မကျေနပ်နိုင်၊" "ငါသည်ရွှေကိုစား၍ ရွှေစင်အား သင်သည်ငါခိုလှုံရာဖြစ်၏ဟုဆိုမိသော်၊" "အထက်အရပ်၌ရှိတော်မူသောဘုရားသခင်ကို ပယ်ရာရောက်၏၊" "မိမိညီအစ်ကိုကို အဘယ်သူမျှအလျှင်းမရွေးနိုင်၊ ရွေးရန်အဖိုးကိုဘုရားသခင်၌မပေးနိုင်၊ သူတို့အသက်ဝိညာဉ်၏ရွေးရန်အဖိုးကြီးလှပေ၏၊ သို့ဖြစ်၍ အစဉ်ရှုံးလျက်နေရမည်" (ဒေသနာ ၅:၁၀။ ယောဘ ၃၁:၂၄၊၂၈။ ဆာ ၄၉:၇၊၈)။ ဘုန်းနှင့်စည်းစိမ်ဥစ္စာသည် စိတ်ဝိညာဉ်ကိုမကျေနပ်စေနိုင်ပါ။ ချမ်းသာသောသူအမြောက်အမြားသည် ဘုရားသခင်၏နှစ်သိမ့်တော်မူခြင်း ဝိညာဉ်ရေးမျှော်လင့်ချက်များကို တောင့်တလျက်ရှိပါသည်။ ရည်ရွယ်ချက်မဲ့နေသည့်မိမိတို့၏အသက်တာကိုပြောင်းလဲစေမည့်အရာများ အမြောက်အမြားကို မျှော်လင့်လျက်ရှိပါသည်။ မိမိတို့၏အသက်တာ၌မရှိသေးသည့်အရာတစ်ခုကို

မျှော်လင့်နေကြပါသည်။ အနည်းငယ်သောသူတို့သည် ဘုရားကျောင်းသို့သွားကြသော်လည်း အကျိုးခံစားမှုနည်းပါးကြပါသည်။ သူတို့ကြားသိရသောသွန်သင်ချက်များသည် သူတို့၏စိတ်နှလုံးကိုထိခိုက်ခြင်းမရှိပါ။ ဤသူတို့ကိုကိုယ်တိုင် မဖိတ်ခေါ်သင့်ပါလား။

တစ်ကြိမ်တစ်ခါချမ်းသာသောသူအချို့သည် ယခုအခါအပြစ်နွံထဲ၌နစ်မြုပ်ပြီး ဆင်းရဲနေကြပါသည်။ အလွှာအသီးသီးနှင့်အတန်းအစားမျိုးစုံမှလူများသည် ဤလောက၏ညစ်ညမ်းမှုများ၊ သေရည်သေရက်၊ တဏှာရမ္မက်များ၏စုံစမ်းနှောင့်ယှက်ခြင်းများကိုခံရပြီး နစ်မြုပ်နေပါသည်။ ဤသူများကိုမေတ္တာနှင့်အကူအညီများပေးရန်လိုအပ်သလို ဤဆိုးရွားသောအခြေအနေသို့မရောက်သေးသော်လည်း ဦးတည်နေသူတို့ကိုလည်း ဂရုစိုက်မကူညီသင့်ပါလား။

ရာထူးရာခံရှိသောလူထောင်ပေါင်းများစွာသည် ကိုယ်စိတ်နှလုံးကိုဘေးရန်ဖြစ်စေမည့်အကျင့်ဆိုးများမှ ချုပ်တည်းခြင်းကင်းမဲ့နေကြပါသည်။ တရားဟောဆရာ၊ နိုင်ငံရေးခေါင်းဆောင်၊ စာပေပညာရှိ၊ လုပ်ရည်ကိုင်ရည်ထက်မြက်၍ချမ်းသာသူနှင့် ဤလောကကြီးကိုကြီးစွာအကျိုးပြုလျက်ရှိသောစီးပွားရေးပညာရှိတချို့သည် အရာရာတိုင်းတွင်ချုပ်တည်းခြင်းကင်းမဲ့သောကြောင့် ကြီးစွာသောဘေးရန်ကျရောက်လျက်ရှိပါသည်။ သူတို့သည် ချုပ်တည်းခြင်းဆိုင်ရာပညတ်ချက်များကို ကျဉ်းမြောင်းသောအမြင်နှင့်မဟုတ်ဘဲ လူသားများအတွက်ဘုရားသခင်အလိုရှိတော်မူသည်အတိုင်း ရှုမြင်နားလည်ရမည်။ စစ်မှန်သောချုပ်တည်းမှုဆိုင်ရာပညတ်ချက်များကို သိရှိလာရသောအခါအထက်တန်းလွှာရှိ လူအမြောက်အမြားသည် ဤပညတ်ချက်များ၏တန်ဖိုးကိုအသိအမှတ်ပြုပြီး လိုက်လျှောက်စွာလက်ခံလာပါလိမ့်မည်။

မှားယွင်းသောစိတ်အလိုလိုက်ခြင်းများကြောင့် ကိုယ်၊ စိတ်၊ နှလုံးသုံးပါးကို အားနည်းစေမည့်ဘေးရန်များအကြောင်းအား ကျွန်ုပ်တို့သည် ဤသူများကိုပြသရမည်။ ဘုရားသခင်ထံမှလက်ဆောင်များကို ထိန်းသိမ်းရမည့်ဘဏ္ဍာများအနေနှင့် သူတို့၏တာဝန်များကိုသိရှိလာရန်ကူညီပါ။ မိမိ



တို့ကိုဘေးရန်ဖြစ်စေမည့်အရာများအတွက် ကုန်ကျနေသည့်ငွေများဖြင့်တစ်ဖက်တွင်ရရှိနိုင်မည့်ကောင်းသောအရာများကို သူတို့အားပြသပါ။ လုံးဝချုပ်တည်းခြင်းဆိုင်ရာ ကတိဝန်ခံချက်လက်မှတ်ကို သူတို့အားပြသပါ။ သေရည်သေရက်၊ ဆေးလိပ်နှင့်အခြားအလားတူအကျင့်ဆိုးများအတွက်သူတို့အသုံးပြုနေသည့်ငွေများကို ဆင်းရဲသူများ၊ ဖျားနာနေသူများနှင့် ဤလောကအတွက်အကျိုးပြုရန် လေ့ကျင့်သင်ကြားနေသည့်ကလေးလူငယ်များအတွက်အသုံးပြုရန် သူတို့ကိုတောင်းဆိုပါ။ ဤကဲ့သို့တောင်းဆိုချက်များကိုလူအများငြင်းပယ်မည်မဟုတ်ပါ။

ကျန်းမာရေးအမှုတော်ဆောင်လုပ်ငန်းတွင်ပါဝင်ပြီး လူချမ်းသာများရင်ဆိုင်နေရသည့် အခြားဘေးရန်တစ်ခုရှိပါသေးသည်။ လူအမြောက်အမြားသည် ဤလောက၌ချမ်းသာကြွယ်ဝလျက်ရှိပြီး အများရင်ဆိုင်နေရသည့်တဏှာရမ္မက်များနှင့် ကင်းဝေးနေပါသည်။ သို့သော်လည်း ဤသူများသည်ချမ်းသာကြွယ်ဝမှု၊ လောဘရမ္မက်ကြောင့် ပျက်စီးခြင်းနှင့်ရင်ဆိုင်နေရပါသည်။ ရွှေ့ပြောင်းသယ်ဆောင်ရန် အခက်အခဲဆုံးသောခွက်ဖလားသည် မှောက်နေသည့်ခွက်မဟုတ်ဘဲ နှုတ်ခမ်းဝတိုင်အောင်ပြည့်နေသည့်ခွက်ဖြစ်ပါသည်။ ဤကဲ့သို့ပြည့်နေသည့်ခွက်ကိုသာ သတိရှိစွာဖြင့်ချိန်ဆ၍သယ်ရပါမည်။ အခက်အခဲများနှင့်စုံစမ်းနှောင့်ယှက်ခြင်းတို့ကြောင့် စိတ်ဓာတ်ကျခြင်းနှင့်ဝမ်းနည်းကြေကွဲခြင်းကိုဖြစ်စေသော်လည်း ချမ်းသာကြွယ်ဝမှုသည် ဝိညာဉ်ရေးအသက်တာအတွက် ဘေးရန်အကြီးမားဆုံးဖြစ်ပါသည်။

တောအရပ်တွင်မောရှေတွေ့မြင်သည့် မီးလောင်နေသောအမြိစိမ်းချုံပုတ်သည် အခက်အခဲများ၊ စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ရင်ဆိုင်နေရသူများကို ပုံဆောင်ပါသည်။ ချုံပုတ်တွင်ကောင်းကင်တမန်များရှိသကဲ့သို့ ဤသူများကိုနှစ်သိမ့်အားပေးကူညီရန် မျက်စိဖြင့်မမြင်နိုင်သော သခင်၏တောက်ပခြင်းတန်ခိုးတော်သည် သူတို့၏အလယ်တွင်ရှိပါသည်။ ဖျားနာသူများ၊ အခက်အခဲများနှင့်ရင်ဆိုင်နေရသူများအတွက် ကျွန်ုပ်တို့သည် မကြာခဏဆုတောင်းပေးပါသည်။ သို့သော်လည်း ချမ်းသာကြွယ်ဝပြီး ရာထူးကြီးမား

သူတို့သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကို အလိုအပ်ဆုံးသောသူများဖြစ်ပါသည်။

နိမ့်ကျခြင်းလွင်ပြင်တွင် လျှောက်လှမ်းရမည့်ခြေလှမ်းတစ်ခုစီအတွက် ဘုရားသခင်၏လမ်းပြတော်မူခြင်းကို မှီခိုအားထားသောအခါတွင် လုံခြုံမှုရှိပါသည်။ သို့သော်လည်း မြင့်မားသည့်အရပ်များတွင် ကြီးမားသောပညာအတွေ့အကြုံများပိုင်ဆိုင်ပြီး မြင့်မားသောရာထူးများကိုလက်ခံသောသူတို့သည် ကြီးမားသောဘေးရန်များနှင့်ရင်ဆိုင်နေရပါသည်။ ဤသူများသည် ဘုရားသခင်ကိုမှီခိုအားကိုးခြင်းမပြုပါက ကျဆုံးမည်မှာမလွဲဖြစ်ပါသည်။

ရိုးသားဖြောင့်မတ်စွာဖြင့် ချမ်းသာသူတစ်ဦးတစ်ယောက်ကိုမျှ သမ္မာကျမ်းစာတွင်အပြစ်မဆိုထားပါ။ ကြေးငွေမဟုတ်ဘဲ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူသားများချမ်းသာလာရန် အစွမ်းအစကိုဘုရားသခင်သည် ပေးသနားတော်မူပါသည်။ မိမိ၏စည်းစိမ်ဥစ္စာများကို တစ်ကိုယ်တည်းအသုံးမပြုဘဲ ဘုရားသခင်၏သစ္စာရှိသောဘဏ္ဍာစိုးအဖြစ်အသုံးပြုပါက ဤစည်းစိမ်ဥစ္စာများသည် ပိုင်ဆိုင်သောသူသာမကဘဲ ဤလောကတစ်ခုလုံးအတွက် ကောင်းချီးတစ်ပါးဖြစ်ပါသည်။ သို့သော်လည်း လူအမြောက်အမြားသည် ဤလောကဘဏ္ဍာများကိုသာအာရုံစိုက်ပြီး ဘုရားသခင်၏တောင်းဆိုချက်များနှင့် ဘဝတူလူသားများ၏လိုအပ်ချက်များကို ဂရုမမူပါ။ မိမိတို့၏ချမ်းသာကြွယ်ဝမှုများကိုအသုံးပြု၍ ဝါကြွားမှုကိုသာရှာကြံကြသည်။ အိမ်များ၊ မြေများကို ထပ်ခါထပ်ခါဝယ်၍ မိမိတို့၏ပတ်ဝန်းကျင်ရှိလူများတွင် အခက်အခဲဆင်းရဲမှုကျရောက်လျက် အနာရောဂါနှင့်အသက်ဆုံးရှုံးနေကြစဉ် သူတို့၏နေအိမ်များတွင် ဇိမ်ခံပစ္စည်းများဖြင့်ပြည့်လျှံနေပါသည်။ ဤကဲ့သို့တစ်ကိုယ်ကောင်းစိတ်များကိုမွေးနေသူများသည် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ခြင်းမရှိဘဲ စာတန်၏အလိုကိုသာ လိုက်လျှောက်နေကြပါသည်။

ဤကဲ့သို့သောလူများသည် ဧဝံဂေလိတရားတော်ကို လိုအပ်နေပါသည်။ ဤတန်ဖိုးမဲ့သောရုပ်ဝတ္ထုများမှဖယ်ခွာလျက် ထာဝရဆုံးရှုံးခြင်းမရှိ



သောကြွယ်ဝမှု၏တန်ဖိုးကို သိရှိရန်လိုပါသည်။ သူတို့သည် ပေးကမ်းစွန့်ကြဲခြင်းမှရရှိလာသောဝမ်းမြောက်မှုဖြင့် ဘုရားသခင်နှင့်အတူတွဲလျက် အမှုတော်ဆောင်ခြင်း၏ကောင်းချီးများကိုသိရှိရန် လိုအပ်ပါသည်။

ဘုရားသခင်မိန့်တော်မူသည်မှာ "ဤဘဝ၌ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍ မမြဲသောစည်းစိမ်ကိုမကိုးစားဘဲ ငါတို့ခံစားဖို့ရာအလုံးစုံတို့ကို ကြွယ်ဝစွာပေးသနားတော်မူသော အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားမည်အကြောင်းနှင့် သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသောငှာ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့" (၁တိမောသေ ၆း၁၇–၁၉)။

ချမ်းသာကြွယ်ဝပြီး ဤလောကအား ဘုရားသခင်တစ်ပါးအဖြစ်ကိုးကွယ်နေသူများကို သခင်ခရစ်တော်ထံသို့ လွယ်လွယ်နှင့်မခေါ်ဆောင်နိုင်ပါ။ တစ်ခါတစ်ရံတွင် ဤသူများသည် ချဉ်းကပ်ရန်အခက်အခဲဆုံးဖြစ်တတ်ပါသည်။ စိတ်ပျက်လက်လျှော့ခြင်းမရှိဘဲ ရှေးခရစ်ယာန်သာသနာပြုများ၏စိတ်ဓာတ်နှင့်ပြည့်စုံသော အမျိုးသားနှင့်အမျိုးသမီးများ၏ကိုယ်တိုင်ကြိုးပမ်းအားထုတ်မှုများဖြင့်သာ လုပ်ဆောင်ရမည်။

အချို့သူများသည် အထက်တန်းလွှာများအတွက် အမှုတော်ကိုထမ်းရန်အထူးသင့်လျော်ပါသည်။ ဤချမ်းသာသူတို့ကို သာမန်ခင်မင်မှုမျိုးနှင့်မဟုတ်ဘဲ မိမိတို့၏ယုံကြည်ခြင်းနှင့်ကိုယ်တိုင်ကြိုးပမ်းမှုများဖြင့် သူတို့၏စိတ်ဝိညာဉ်၌ငတ်မွတ်လျက်ရှိသောအရာများနှင့် သခင်ခရစ်တော်၌တည်သောယုံကြည်ခြင်းအကြောင်းကိုသွန်သင်နိုင်ရန် ဘုရားသခင်ထံမှပညာအတွေ့အကြုံများကို တောင်းခံရပါမည်။

အချို့သူများက အထက်တန်းလွှာများအားတက်လှမ်းရန်အတွက် သူတို့နှင့်တူညီသောအသက်တာပုံစံနှင့် လုပ်ငန်းများကိုကျင့်သုံးရမည်ဟု ထင်ကြပါသည်။ ချမ်းသာကြွယ်ဝသောရုပ်အသွင်နှင့် တန်ဖိုးကြီးသော

အဆောက်အအုံများ၊ အဝတ်အစားများ၊ အသုံးအဆောင်များ၊ ပတ်ဝန်းကျင်၊ ဤလောက၏ထုံးစံများနှင့်အညီ အယောင်အဆောင်အသိုက်အဝန်း၊ ဟိတ်ဟန်ကြီးသည့်ယဉ်ကျေးမှုများနှင့် နှုတ်ဆက်ခေါ်ပြောမှုများလိုအပ်မည်ဟု ထင်ကြသည်။ ဤယူဆချက်သည်မှားပါသည်။ ဤလောက၏ကျင့်ထုံးများသည် အထက်တန်းလွှာများကိုလက်လှမ်းမီရန် ဘုရားသခင်အလိုရှိသည့်ပုံစံနှင့်မကိုက်ညီပါ။ သူတို့ထံသို့လက်လှမ်းမီရန် အထိရောက်ဆုံးနည်းမှာ မပြောင်းလဲသောသခင်ခရစ်တော်၏ကိုယ်ကျိုးမဖက်သော ဧဝံဂေလိတရားတော်သာလျှင်ဖြစ်ပါသည်။

ပေါလုသည် အာသင်မြို့ရှိအတွေးအခေါ်ပညာရှင်များနှင့် တွေ့ဆုံစည်းဝေးရာ၌ ကျွန်ုပ်တို့အတွက် သင်ခန်းစာပေးခဲ့ပါသည်။ ဧဝံဂေလိတရားတော်ကို အာရေတောင်၌ဟောကြားသောအခါ ဉာဏ်ကိုဉာဏ်နှင့်ယှဉ်၍လည်းကောင်း၊ ပညာကိုပညာနှင့်ယှဉ်၍လည်းကောင်း ဟောကြားသောကြောင့် ပရိသတ်တွင်ပညာအရှိဆုံးပုဂ္ဂိုလ်များသည် အံ့သြလျက်စကားမတုံ့ပြန်နိုင်ခဲ့ပါ။ ပေါလုဟောကြားချက်များကို မည်သို့မျှမငြင်းဆန်နိုင်ခဲ့ပါ။ သို့သော်လည်းအကျိုးနည်းခဲ့ရပါသည်။ လူအနည်းငယ်သာလျှင် ဧဝံဂေလိတရားတော်ကို လက်ခံခဲ့ကြသည်။ ထိုအချိန်မှစ၍ ပေါလုသည် မိမိ၏နည်းစနစ်ကိုပြောင်းသုံးခဲ့ပါသည်။ သူသည် ခိုင်မာစွာငြင်းခုံခြင်းနှင့်အချေအတင်ဆွေးနွေးခြင်းကိုရှောင်ခဲ့ပြီး အပြစ်သားများ၏ကယ်တင်ပိုင်သူသခင်ခရစ်တော်ကိုသာ လူသားတို့အားညွှန်ပြတော်မူခဲ့ပါသည်။ ပေါလုက မိမိအမှုတော်ဆောင်ခဲ့သည့်အကြောင်းကို ကောရိန်သုအသင်းတော်အားစာရေးသားရာ၌–

"ညီအစ်ကိုတို့၊ ငါသည်သင်တို့ရှိရာသို့ရောက်လာသောအခါ ဘုရားသခင်၏သက်သေခံချက်များကို ထူးမြတ်သောစကားနှင့်ထူးမြတ်သောပညာအားဖြင့် သင်တို့အားပြသ၍ရောက်လာသည်မဟုတ်၊ အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာအသေခံတော်မူသောသခင်မှတစ်ပါး အဘယ်အရာကိုမျှ သင်တို့တွင်ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။––––သင်တို့၏ယုံကြည်ခြင်းသည် လူ့ပညာအားဖြင့်မတည်၊ ဘုရားသခင်



၏တန်ခိုးတော်အားဖြင့်တည်စေခြင်းငှာ ငါ့စကား၊ ငါ့တရားသည် လူ့ပညာနှင့်ယှဉ်သောဖြားယောင်းသောစကားနှင့်တကွရှိသည်မဟုတ်၊ ဝိညာဉ်တော်၏တန်ခိုးတော်နှင့်တကွရှိ၏" (၁ကော ၂း၁–၅)။

တစ်ဖန်ရောမလူမျိုးတို့အားရေးသောစာတွင်–

"ငါသည်ခရစ်တော်၏ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ၊ အကြောင်းမူကား ထိုတရားသည် ရှေးဦးစွာ၌ယုဒလူ၊ နောက်၌ဟေလလလူ၊ ယုံကြည်သမျှသောသူအပေါင်းတို့ကို ကယ်တင်စေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" (ရောမ ၁း၁၆)။

အထက်တန်းလွှတ်အတွက် အမှုတော်ကိုထမ်းသူများသည် ကိုယ့်ကိုကိုယ်ခိုင်မာစွာရပ်တည်လျက် မိမိ၏အဖော်များသည် ကောင်းကင်တမန်ဖြစ်သည်ကို သတိပြုရမည်။ စိတ်နှလုံး၏ဘဏ္ဍာတိုက်၌ "ကျမ်းစာလာသည်ကား" ဟူသောစကားဖြင့်ပြည့်စုံစေလျက် သခင်ခရစ်တော်၏စကားတော်များကို စိတ်ထဲ၌သိုမှီးထားရမည်။ ဤစကားတော်များကို ရွှေ၊ ငွေထက်ပင်ပို၍တန်ဖိုးထားရမည်။

သခင်ခရစ်တော်က "ကုလားအုတ်သည် အပ်နဖားကိုလျှိုလွယ်၏၊ ငွေရတတ်သောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ခဲသည်ဟု မိန့်ခဲ့ပါသည်။ ဤသူများအတွက် အမှုတော်ကိုဆောင်ရာ၌ ပျက်စီးမှုများနှင့်ကြုံတွေ့ရပြီး စိတ်ဓာတ်ကျစေသောအဖြစ်များကို ခံစားရပါမည်။ သို့သော်လည်း ဘုရားသခင်၌အလုံးစုံပြည့်စုံနိုင်ပါသည်။ ဆက်ကပ်ထားသောသူများမှတစ်ဆင့် ဘုရားသခင်သည် ငွေကိုစုံမက်သောသူများ၏စိတ်ကို ပြောင်းလဲစေပါလိမ့်မည်။

စစ်မှန်သောပြောင်းလဲခြင်းအသက်တာ၌ လူ့မျက်စိဖြင့်မမြင်နိုင်သော အံ့ဖွယ်အမှုဖြစ်ပျက်နေပါသည်။ ဤလောကရှိအကြီးမားဆုံးပုဂ္ဂိုလ်ပင်လျှင် ဘုရားသခင်၏အံ့ဖွယ်တန်ခိုးတော်နှင့် မကင်းကွာနိုင်ပါ။ ဘုရားသခင်နှင့်အတူ အမှုတော်ကိုဆောင်နေသူများသည် မိမိတို့၏တာဝန်များကို ရဲဝံ့စွာနှင့်

သစ္စာရှိစွာထမ်းဆောင်ပါက ဘုရားသခင်သည် ဩဇာတန်ခိုးနှင့်ဉာဏ်ပညာ ထက်မြက်ပြီး ရာထူးကြီးသောသူများကိုပင်လျှင် စိတ်ပြောင်းလဲစေပါမည်။

အခက်အခဲတွေ့နေရသူများကို ဘုရားသခင်၏ကိုယ်စားကူညီရန် အလိုတော်ရှိကြောင်းကိုသိရှိလာသောအခါ လူအမြောက်အမြားသည် မိမိတို့ ပိုင်ဆိုင်သောပစ္စည်းဥစ္စာနှင့်မေတ္တာကရုဏာများကိုစုပုံလျက် ဆင်းရဲသောသူ များကိုကူညီမစခြင်းဖြင့် တုံ့ပြန်ပါလိမ့်မည်။ မိမိတို့၏စိတ်အလိုကိုလိုက်ခြင်း မှဖယ်ရှားလိုက်သောအခါ လူအမြောက်အမြားသည် သခင်ခရစ်တော်ကို လက်ခံပါလိမ့်မည်။ ဘုရားသခင်ထံသို့မိမိတို့ကိုလမ်းပြခေါ်ဆောင်ခဲ့သော အမှုဆောင်နှင့်အတူ သူတို့၏ပစ္စည်းဥစ္စာနှင့်အရည်အသွေးများကိုအသုံးပြုလျက် အမှုတော်၌သူတို့ပူးပေါင်းလာပါလိမ့်မည်။ ဤလောကရှိသူတို့၏ပစ္စည်းများကို မှန်ကန်စွာအသုံးပြုခြင်းဖြင့် သံချေးပိုးရွမဖျက်ဆီး၍ သူခိုးမထွင်းမဖောက် မခိုးမယူရာကောင်းကင်ဘုံ၌ သူတို့၏ပစ္စည်းများကိုစုဆောင်းကြလိမ့်မည်။

သူတို့သည် သခင်ခရစ်တော်ကိုလက်ခံပြီးသည့်နောက်တွင် ဘဝတူ ကျန်ရစ်သောသူများထံသို့ သတင်းကောင်းကိုသယ်ဆောင်ရန် ဘုရားသခင် ၏အမှုတော်ဆောင်များအဖြစ် ပါဝင်လာလိမ့်မည်။ ဤလောကကြီးကို မိမိ တို့ပိုင်ဆိုင်သောနေရာအဖြစ် လက်ခံထားသူများထံသို့ သတင်းစကားကိုဝေမျှ ရန်တာဝန်ရှိကြောင်း သူတို့စိတ်၌ခံစားကြလိမ့်မည်။ သူတို့၏အချိန်နှင့်ငွေကြေး ကို ဘုရားသခင်ထံဆက်ကပ်ကြပြီး သူတို့၏စွမ်းရည်များနှင့်အရှိန်ဩဇာကို ဝိညာဉ်ကယ်တင်ရေးလုပ်ငန်းအတွက် အသုံးပြုလိမ့်မည်။

ကောင်းကင်နိုင်ငံသို့ရောက်မှသာ ဤလုပ်ငန်း၏အောင်မြင်မှုအတိုင်း အတာကိုသိရှိလိမ့်မည်။ လောကဆန်ပြီးငြိမ်သက်ခြင်းမရှိဘဲ ပင်ပန်းလျက် သောကများပြီး ဝန်လေးသောဝိညာဉ်မည်မျှသည် အထံတော်သို့ရောက်လာ သမျှသောသူတို့ကိုကယ်တင်ရန် စောင့်ဆိုင်းလျက်ရှိသောသခင်ထံသို့ခေါ်ဆောင် လာခဲ့ကြောင်းကို ထိုအချိန်ကျမှသိရှိရမည်။ သခင်ခရစ်တော်သည် ရှင်သန် လျက်ရှိသောကယ်တင်ပိုင်သူဖြစ်တော်မူပြီး အတောင်တော်၌အနာပျောက်စေ သောတန်ခိုး ရှိတော်မူပါသည်။

---ooo---



အခန်း (၁၅)

# လူနာ၏အခန်းတွင်

လူနာများကိုပြုစုသောသူတို့သည် ကျန်းမာခြင်းစည်းကမ်းများကို သေချာစွာဂရုစိုက်ရမည်။ လူနာဆောင်များတွင် ဤစည်းကမ်းချက်များကို လိုက်လျှောက်ရန်ထက် ပိုမိုအရေးကြီးသောနေရာမရှိပါ။ လူနာစောင့်များတွင် သေးငယ်သောအရာများကိုပင်ဂရုစိုက်ရန် အလွန်အရေးကြီးပါသည်။ အရေး ကြီးသောလူနာများတွင် အနည်းငယ်သောပေါ့လျော့မှုများ၊ လူနာ၏ဘေးရန် နှင့်လိုအပ်ချက်များကို အနည်းငယ်လျစ်လျူရှုခြင်း၊ ကြောက်ရွံ့ခြင်း၊ စိတ် လှုပ်ရှားခြင်း၊ စိတ်မရှည်ခြင်းလက္ခဏာနှင့်မေတ္တာမဲ့သောပြုမူချက်များကြောင့် အသက်ရှင်ခြင်းနှင့်ဆုံးရှုံးခြင်းချိန်ခွင်လျှာကိုပြောင်းလဲစေနိုင်ပြီး ရောဂါပျောက် ကင်းနိုင်သည့်လူနာတစ်ဦးကို အသက်ဆုံးရှုံးစေနိုင်ပါသည်။

သူနာပြုတစ်ဦး၏ကျွမ်းကျင်မှုသည် သူ၏ကိုယ်ကာယကျန်းမာရေး ၌ အလွန်မူတည်ပါသည်။ ကျန်းမာရေးကောင်းမွန်ပါက သူမသည် လူနာ ကိုပြုစုရမည့်ဒဏ်ကိုပိုမိုခံနိုင်ပြီး မိမိ၏တာဝန်များကိုထမ်းဆောင်ရာတွင် ပိုမို အောင်မြင်လိမ့်မည်။ လူနာကိုပြုစုသောသူများသည် အစားအစာ၊ သန့်ရှင်းမှု၊ လေကောင်းလေသန့်နှင့်ကိုယ်ကာယလှုပ်ရှားမှုတို့ကို ဂရုစိုက်ရမည်။ လူနာ ၏မိသားစုသည်လည်းဂရုစိုက်ခြင်းဖြင့် မိမိတို့၌ပိုမိုများပြားလာသည့်တာဝန် များကိုထမ်းဆောင်နိုင်ပြီး ရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ပါလိမ့်မည်။

ရောဂါအခြေအနေဆိုးရွားပါက လူနာစောင့်များကို နေ့နှင့်ညအဖြစ် ခွဲခြား၍ သီးခြားထားရမည်။ သို့မှသာ တစ်ဦးစီအတွက်အနားယူရန်၊ ကိုယ် လက်လေ့ကျင့်ခန်းယူရန်နှင့် လေကောင်းလေသန့်ရှူရန် အခွင့်အရေးရလိမ့် မည်။ လူနာဆောင်များတွင် လေကောင်းလေသန့်ရရှိရန် ခက်ခဲသောအချိန် အခါများတွင် ဤအချက်သည် အထူးအရေးကြီးပါသည်။ လေကောင်းလေသန့် ၏တန်ဖိုးကိုမသိရှိသောကြောင့် တစ်ခါတစ်ရံတွင် လေဝင်ပေါက်များကို ကာထားပြီး လူနာနှင့်လူနာစောင့်အတွက် ဘေးရန်ဖြစ်စေနိုင်ပါသည်။

သေချာစွာဂရုစိုက်ခြင်းရှိပါက ကူးစက်ရန်မလွယ်ကူသည့်ရောဂါများ တစ်ဦးမှတစ်ဦးသို့ပျံ့နှံ့မှုကို တားဆီးနိုင်ပါသည်။ မှန်ကန်စွာလုပ်ဆောင်လျက် လူနာဆောင်ကိုသန့်ရှင်းစွာထားခြင်းနှင့် လေကောင်းလေသန့်ဝင်စေခြင်းဖြင့် အဆိပ်အတောက်ဖြစ်စေသောအရာများမှ ကင်းဝေးစေနိုင်ပါမည်။ ဤအခြေအနေတွင်လူနာသည် ပျောက်ကင်းရန်လွယ်ကူပြီး လူနာစောင့်များနှင့်မိသားစုသည်လည်း ကူးစက်ခြင်းမှကင်းဝေးလိမ့်မည်။

## နေရောင်ခြည်၊ လေကောင်းလေသန့်နှင့်ချုပ်တည်းခြင်း

လူနာများပြန်လည်ကျန်းမာလာလိုပါက လူနာဆောင်များသည် နေရာကျယ်ပြီး အလင်းရောင်နှင့်လေကောင်းလေသန့်များရရှိကာ စိတ်ပျော်ရွှင်ချမ်းသာမှုရှိရမည်။ မိမိတို့၏နေအိမ်တွင် အထက်ပါလိုအပ်ချက်များနှင့်အကိုက်ညီဆုံးအခန်းကို လူနာအတွက်အသုံးပြုရမည်။ နေအိမ်အမြောက်အမြားတွင် လေကောင်းလေသန့်ရရှိရန်ခက်ခဲသော်လည်း လူနာဆောင်အတွင်း၌ နေ့ညမပြတ်သန့်ရှင်းသောလေများဝင်ထွက်နိုင်ရန် အတတ်နိုင်ဆုံးစီစဉ်ထားရမည်။

ဖြစ်နိုင်ပါက အခန်း၏အပူချိန်ကို တစ်သမတ်တည်းထားရမည်။ အပူချိန်ပြဒါးနှင့်အမြဲညှိထားရမည်။ လူနာစောင့်များသည် ညအခါတွင် အိပ်ရေးပျက်ခြင်း၊ လူနာကိုပြုစုရန်အတွက် မကြာခဏအိပ်ရာမှနိုးခြင်းပြုရသည်။ ထိုကြောင့်သူတို့သည် အအေးမိတတ်၍ အခန်း၏အပူချိန်ကိုဆုံးဖြတ်ရာ၌ မှားယွင်းတတ်ပါသည်။

## အစားအစာ

လူနာ၏အစားအစာများကိုဂရုစိုက်ခြင်းသည် သူနာပြုတစ်ဦး၏အရေးကြီးဆုံးတာဝန်တစ်ခုဖြစ်ပါသည်။ လူနာသည် အစားအသောက်နည်းပါး





ခြင်းကြောင့် အားပြတ်မှုမဖြစ်ရန်လိုအပ်သလို အစားအသောက်လွန်စွာစားသုံးခြင်းကြောင့် အစာအိမ်အားအစေခြေခြင်းကြောင့် အားမလျော့ရန်လိုအပ်ပါသည်။ အစားအသောက်များကိုပြင်ဆင်ရာတွင် လူနာအတွက်အရသာရှိပြီး စားချင်စဖွယ်ဖြစ်ရန်ဂရုစိုက်ရပြီး လိုအပ်သောအတိုင်းအတာပမာဏနှင့်အစားအစာများကို မှန်ကန်စွာချိန်ဆရမည်။ အထူးသဖြင့် နာလန်ထခါစအချိန်၌ လူနာသည် အစားအလွန်ကောင်းသောအခါတွင် အစာအိမ်သည်ခွန်အားမပြည့်သေးသောကြောင့် အစားအသောက်မှားယွင်းသောကြောင့်ဘေးရန်ဖြစ်တတ်ပါသည်။

## လူနာစောင့်၏တာဝန်များ

လူနာဆောင်နှင့်ပတ်သက်နေရသည့် သူနာပြုနှင့်အခြားသူများသည် စိတ်ပျော်ရွှင်ခြင်းနှင့်ငြိမ်သက်ခြင်းရှိရမည်။ အလျင်စလိုလိုခြင်း၊ စိတ်လှုပ်ရှားခြင်းနှင့်စိတ်ရှုပ်ထွေးခြင်းတို့ကိုရှောင်ရမည်။ တံခါးများဖွင့်ပိတ်ရာတွင်သတိထားရပြီး အိမ်သားတို့သည် ဆူညံခြင်းမရှိရ၊ လူနာဖျားပါက အဖျားတက်သောအခါတွင် အထူးသတိထားရပြီး အဖျားကျသွားသည်အထိဂရုစိုက်ကာ အမြဲစောင့်ကြည့်ရမည်။ လူနာအမြောက်အမြားသည် လူနာစောင့်များ၏အတွေ့အကြုံနည်းပါးခြင်း၊ သတိမေ့ခြင်းနှင့်ပေါ့ဆမှုတို့ကြောင့် အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကယ်၍မှန်ကန်စွာဆုံးဖြတ်တတ်ပြီး ကြင်နာမှုရှိသောသူနာပြုများနှင့်ထိတွေ့ရပါက ဤသူများအသက်မဆုံးရှုံးနိုင်ပါ။

## လူနာသတိမေ့ခြင်း

လူနာထံသို့မကြာခဏသွားရောက်လည်ပတ်ခြင်းသည် မှားယွင်းသောစေတနာနှင့် လူမှုရေးယူဆချက်များဖြစ်ပါသည်။ အလွန်နေမကောင်းသောသူများထံသို့ ဧည့်သည်များသွားခွင့်မပြုရပါ။ လူနာသည် အနားယူရန်လိုအပ်

ဆုံးအချိန်အခါဖြစ်သောကြောင့် ဧည့်သည်များလက်ခံတွေ့ဆုံခြင်းကြောင့် ဖြစ်ပေါ်လာသောစိတ်လှုပ်ရှားမှုသည် လူနာကိုပင်ပန်းအားယုတ်စေပါသည်။

အလွန်ဆိုးရွားသောရောဂါ (သို့မဟုတ်) နာလန်ထခါစလူနာတစ်ဦးသည် မိမိအားအခြားသူများသတိရကြောင်းကြားသိခြင်းသည် ဝမ်းမြောက်မှုဖြစ်သော်လည်း လူနာထံသို့ကိုယ်တိုင်သွားပြီး လူနာကိုနှောင့်ယှက်ခြင်းထက် စာအတိုအထွာရေးခြင်းနှင့်လက်ဆောင်ပေးခြင်းက ပိုသင့်လျော်ပါသည်။

## သူနာပြုလုပ်ငန်း

လူနာများဖြင့်အမြဲပြည့်နေသည့်ဆေးရုံနှင့်ဆေးပေးခန်းများတွင် တာဝန်ထမ်းဆောင်နေရသည့်သူနာပြုများသည် မိမိတို့၏အပြောအဆိုနှင့်အမူအရာများတွင် ယဉ်ကျေးခြင်းနှင့်ပျော်ရွှင်ခြင်းရှိရန် အလွန်ကြိုးစားရသည်။ ဤကဲ့သို့နေရာများတွင်ရှိသောသူနာပြုများသည် မိမိတို့၏တာဝန်များကို လိမ္မာပါးနပ်စွာဖြင့် ကျေပွန်ရန်လိုအပ်ပါသည်။ မိမိနေ့စဉ်တာဝန်များကိုထမ်းဆောင်ရာတွင် သခင်ခရစ်တော်၏အမှုတော်ကိုထမ်းဆောင်နေရသည်ကို အမြဲသတိပြုရမည်။

သူနာပြုများသည် နေ့စဉ်ကျမ်းစာကိုဖတ်ရမည်။ သို့မှသာ လူနာများခံစားနေကြရသည့်ရောဂါများမှ စိတ်သက်သာမှုရရှိစေသောအားပေးစကားများကို ပြောဆိုနိုင်မည်ဖြစ်သည်။ လူနာများရှိသည့်အခန်းများတွင် ကောင်းကင်တမန်များရှိကြ၍ လူနာများကိုပြုစုသူများသည် သန့်ရှင်းဖြူစင်သောစိတ်ထားများရှိရမည်။ ဆရာဝန်နှင့်သူနာပြုများသည် သခင်ခရစ်တော်၏စိတ်ထားကိုမြတ်နိုးသူများဖြစ်ရမည်။ သူတို့၏နေ့စဉ်အသက်တာတွင် ကိုယ်တော်၏တန်ခိုးတော်ကိုဖော်ပြရမည်။ သို့မှသာ သူတို့၏အပြုအမူအပြောအဆိုများအားဖြင့် လူနာကိုသခင်ခရစ်တော်ထံသို့ ဆွဲဆောင်နိုင်ပါသည်။

ခရစ်ယာန်သူနာပြုများသည် လူနာ၏ကျန်းမာရေးကိုပြုစုစဉ်တွင်ပင် ဝိညာဉ်နှင့်ကိုယ်ခန္ဓာကို ကုသပျောက်ကင်းစေနိုင်သည့် သခင်ခရစ်တော်ထံသို့



လူနာကိုပို့ဆောင်ရမည်။ အခါအခွင့်သင့်တိုင်း ပြောဆိုသောစကားလုံးများသည် အကျိုးရှိလှပါသည်။ အသက်ကြီးသောသူနာပြုများသည်လည်း လူနာများကိုသခင်ခရစ်တော်ထံသို့ခေါ်ဆောင်ရန် အခွင့်အရေးကိုလက်မလွှတ်စေရပါ။ ခန္ဓာကိုယ်ကုသခြင်းကို ဝိညာဉ်ရေးကုသခြင်းနှင့်တွဲဖက်၍ပြုလုပ်ရန် အမြဲအဆင်သင့်ဖြစ်ရမည်။

ရောဂါပျောက်ကင်းလိုသူသည် ဘုရားသခင်၏ပညတ်တော်များကို လွန်ကျူးခြင်းမှရပ်ဆိုင်းရမည့်အကြောင်းကို သူနာပြုများသည် မေတ္တာကရုဏာဖြင့်သင်ပြရမည်။ သူသည် အပြစ်သား၏အသက်တာကိုစွန့်လွှတ်ရန် ရွေးချယ်ရမည်။ ကောင်းကင်နိုင်ငံ၏ပညတ်ချက်များကိုသိလျက်နှင့်လွန်ကျူးခြင်းကြောင့် အနာရောဂါများကိုခံစားနေရသူအား ဘုရားသခင်သည် ကောင်းချီးများမချပေးနိုင်ပါ။ သို့သော်လည်း အပြစ်ကိုစွန့်လွှတ်၍ ကောင်းမွန်စွာနေထိုင်လိုသူထံသို့ သခင်ခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်မှတစ်ဆင့် ရောဂါများကိုပျောက်ကင်းစေနိုင်သည့်တန်ခိုးကို ယူဆောင်လာပါမည်။

ဘုရားသခင်ကိုမချစ်သောသူတို့သည် ဝိညာဉ်နှင့်ခန္ဓာကိုယ်ပျက်စီးခြင်းကို အစဉ်သဖြင့်ပြုလုပ်ကြပါလိမ့်မည်။ သို့သော်လည်း အပြစ်နှင့်ပြည့်ဝလျက်ရှိသောဤလောက၌ ဘုရားသခင်၏အလိုတော်နှင့်အညီ နေထိုင်လိုသူများသည် မှားယွင်းသောအပြစ်နှင့်အကျင့်များမှ ဖယ်ရှားလိုကြလိမ့်မည်။ သူတို့၏စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းနှင့်ချစ်ခြင်းမေတ္တာဖြင့် ပြည့်လျှံနေလိမ့်မည်။ သခင်ခရစ်တော်သည် သူတို့၏မိတ်ဆွေဖြစ်ကြောင်းကို သိရှိလိမ့်မည်။ အခြေအနေအမြောက်အမြားတွင် ဤကဲ့သို့သခင်ခရစ်တော်ကို မိတ်ဆွေတစ်ဦးအဖြစ်သိရှိခြင်းသည် အကောင်းဆုံးကုသမှုကိုခံယူပြီး အနာရောဂါများပျောက်ကင်းခြင်းထက် များစွာတန်ဖိုးကြီးပါသည်။ သို့သော်လည်း ဤအရာနှစ်ခုစလုံးသည် အရေးကြီးပြီးပူးတွဲနေပါသည်။

---ooo---

အခန်း (၁၆)

# လူနာအတွက်ဆုတောင်းပေးခြင်း

သမ္မာကျမ်းစာတွင် "လူတို့သည်အားမလျှော့ဘဲ ကြိုးစား၍ဆုတောင်းရမည်" (လုကာ ၁၈း၁) ဟုဖော်ပြထားပါသည်။ ဆုတောင်းပေးရန်အတောင့်တဆုံးအချိန်သည် အားအင်များကုန်ခန်းကာ အသက်ဆုံးတော့မည့်အချိန်ဖြစ်ပါသည်။ ကျန်းမာသောသူတို့သည် တစ်နှစ်ပြီးတစ်နှစ် မိမိတို့နေ့စဉ်ခံစားရသောကောင်းချီးများကိုမေ့လျက် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းခြင်း မရှိကြပါ။ သို့သော်လည်း ဖျားနာသောအခါ ဘုရားသခင်ကိုသတိရကြပါသည်။ ဘုရားသခင်အား အမှန်တကယ်ချဉ်းကပ်လျက် အကူအညီတောင်းသူတစ်ဦးတစ်ယောက်ကိုမျှ ကိုယ်တော်သည် ငြင်းပယ်တော်မူခြင်းမပြုပါ။ ကျန်းမာခြင်းနှင့်ဖျားနာခြင်း၌ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခိုလှုံရာဖြစ်ပါသည်။

"အဘသည်သားတို့ကိုသနားစုံမက်သည်နည်းတူ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏။ အကြောင်းမူကား ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏၊ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကိုအောက်မေ့တော်မူ၏" ဆာလံ ၁၀၃း၁၃၊၁၄။

"မိုက်သောသဘောရှိသောသူတို့သည် လမ်းလွဲ၍အပြစ်ကိုပြုသောကြောင့် ဆင်းရဲခြင်းနှင့်တွေ့ကြုံရကြ၏။ စားစရာမျိုးကိုရွံ၍ သေခြင်းတံခါးငါ့အနီးသို့ရောက်ကြ၏" (ဆာလံ ၁၀၇း၁၇၊၁၈)။

"ဆင်းရဲခံရသောအခါ ထာဝရဘုရားကိုအော်ဟစ်၍ ဆင်းရဲခြင်းထဲက ကယ်တင်တော်မူ၏။ နှုတ်တော်ထွက်စကားကိုလွှတ်သဖြင့် သူတို့အနာကို ငြိမ်းစေ၍ ဖျက်ဆီးခြင်းအရာများထဲက နုတ်ယူတော်မူ၏" (အငယ် ၁၉၊၂၀)။

ဆာလံဆရာမှတစ်ဆင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပြောဆိုတော်မူသကဲ့သို့ ယခုအချိန်အခါတွင်လည်း ထာဝရဘုရားသည် ဖျားနာသောသူများကို အနာရောဂါမှပျောက်ကင်းရန် အလိုတော်ရှိပါသည်။



ဤလောကတွင် အမှုတော်ကိုဆောင်စဉ်ကကဲ့သို့ပင် ခရစ်တော်သည် ယခုတိုင်ကရုဏာနှင့်ပြည့်ဝသော ဆေးဆရာပင်ဖြစ်တော်မူပါသည်။ ကိုယ်တော်၌မည်သည့်အနာရောဂါကိုမဆို ပျောက်ကင်းစေသောဆေးနှင့်တန်ခိုးရှိပါသည်။ ရှေးတပည့်တော်များနည်းတူ ယခုသခင်ခရစ်တော်၏နောက်လိုက်များသည် ဖျားနာသောသူများအတွက် ဆုတောင်းပေးရမည်။ သို့ဖြစ်လျှင် အနာရောဂါပျောက်ကင်းလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် "ယုံကြည်ခြင်း၏ဆုတောင်းခြင်းသည် လူနာကိုကယ်ဆယ်၍၊ သခင်ဘုရားသည် သူ့ကိုထမြောက်စေတော်မူမည်။" ဘုရားသခင်၏ကတိတော်များကိုစွဲကိုင်ရန် ကျွန်ုပ်တို့တွင် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးနှင့် ယုံကြည်ခြင်း၌တည်သောငြိမ်သက်ခြင်းရှိပါသည်။ "မကျန်းမာသောသူတို့အပေါ်မှာ လက်ကိုတင်၍ချမ်းသာပေးကြလတ္တံ့" (မာကု ၁၆း၁၈) ဟူသော ဘုရားသခင်၏ကတိတော်သည် ရှေးတမန်တော်များလက်ထက်၌ယုံကြည်သကဲ့သို့ ယခုတိုင်လည်းအားကိုးနိုင်ပါသည်။ ဤကတိတော်များသည် ဘုရားသခင့်သားသမီးတစ်ဦးစီ၏ အခွင့်အရေးကိုဖော်ပြပြီး ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့တစ်ဦးစီသည် ဤကတိတော်ကိုစွဲကိုင်ရမည်။ သခင်ခရစ်တော်၏အမှုတော်ကိုဆောင်ရာတွင် သခင်ခရစ်တော်၏တပည့်တော်များသည် ကြားခံများဖြစ်ကြ၍ ကိုယ်တော်၏ပျောက်ကင်းစေသောတန်ခိုးကို တစ်ဆင့်ကျင့်သုံးရမည်။ ယုံကြည်ခြင်းအားဖြင့် မကျန်းမာသောသူများကို ဘုရားသခင်ထံတော်သို့ခေါ်ဆောင်လာရမည်။ အနာရောဂါပျောက်ကင်းစေနိုင်သည့် ထာဝရဘုရားသခင်အားယုံကြည်လာရန်သွန်သင်ရမည်။

ဖျားနာသောသူများ၊ မျှော်လင့်ခြင်းပျောက်ဆုံးနေသူများနှင့် အခက်အခဲတွေ့ကြုံနေသူများကို သခင်ခရစ်တော်အားယုံကြည်ကိုးစားမှုရှိလာရန်တွက် ကျွန်ုပ်တို့ကတိုက်တွန်းရန် သခင်ခရစ်တော်အလိုတော်ရှိပါသည်။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းအားဖြင့် ဖျားနာသောသူ၏အခန်းသည် ဗေသလအရပ်ဌာနအဖြစ် ပြောင်းလဲသွားရမည်။ ဆရာဝန်နှင့်သူနာပြုများသည် မိမိတို့၏

အပြုအမူနှင့်အပြောအဆိုအားဖြင့် ဤအရပ်၌ဘုရားသခင်သည် ဖျက်ဆီးရန်မဟုတ်ဘဲ ကယ်တင်ရန်ရှိတော်မူကြောင်းကို ရှင်းလင်းစွာသက်သေခံရမည်။ ဆရာဝန်နှင့်သူနာပြုများ၏စိတ်နှလုံးကို သခင်ခရစ်တော်၏မေတ္တာတော်ဖြင့် ပြည့်လျှံစေပြီး ကိုယ်တော်သည် ဤစိတ်နှလုံးများကိုပိုင်ဆိုင်သော လူနာစောင့်များနှင့်အတူ လူနာဆောင်တွင်ရှိတော်မူနိုင်ပါသည်။ ဤကဲ့သို့ရှိတော်မူခြင်းဖြင့် လူနာ၌ဘုရားသခင်၏မေတ္တာတော်ကိုခံစားရပြီး ဤကဲ့သို့ခံစားရသောကြောင့် ဝိညာဉ်နှင့်ကိုယ်ကာယ၌ အနာရောဂါပျောက်ကင်းရန် များစွာအထောက်အကူဖြစ်စေပါသည်။

ဘုရားသခင်သည် ဆုတောင်းသံများကိုနားညောင်းတော်မူပါသည်။ သခင်ခရစ်တော်က "သင်တို့သည် ငါ၏နာမကိုအမှီပြု၍ တစ်စုံတစ်ခုသောဆုကိုတောင်းလျှင် တောင်းသည့်အတိုင်းငါပြုမည်။" နောက်တစ်ဖန် "ငါ၏အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ထိုသူကိုခမည်းတော်သည်ချီးမြှောက်တော်မူလတ္တံ့" (ယောဟန် ၁၄း၁၄။ ၁၂း၂၆) ဟုမိန့်မှာခဲ့ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်တော်ထွက်စကားအတိုင်း အသက်ရှင်လျှင် ကိုယ်တော်၏ကတိတော်အားလုံးသည် ကျွန်ုပ်တို့အတွက်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကရုဏာတော်နှင့်မထိုက်တန်သော်လည်း ဘုရားသခင်ထံဆက်ကပ်လျှင် ကျွန်ုပ်တို့တစ်ဦးစီကို ဘုရားသခင်လက်ခံပါမည်။ ကိုယ်တော်၏နောက်လိုက်နောက်ပါများမှတစ်ဆင့် ဘုရားသခင်သည် မိမိ၏အမှုတော်ကိုဆောင်ရွက်လိမ့်မည်။

သို့သော်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်အညီနေထိုင်မှသာလျှင် ကိုယ်တော်၏ကတိတော်များကို တောင်းခံနိုင်ပါမည်။ ဆာလံဆရာက "ငါသည်စိတ်နှလုံးထဲ၌အပြစ်ကိုငဲ့ကွက်လျှင် ဘုရားသခင်သည် နားထောင်တော်မမူ" (ဆာလံ ၆၆း၁၈)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားများကို အပြည့်အဝလိုက်လျှောက်ခြင်းမရှိပါက ဘုရားသခင်၏ကတိတော်များကို တောင်းခံနိုင်မည်မဟုတ်ပါ။



သမ္မာကျမ်းစာတွင် ဖျားနာသောသူများနှင့် အနာရောဂါပျောက်ကင်းရန်အတွက် ဆုတောင်းခြင်းနှင့်ပတ်သက်၍ အတိအကျညွှန်ပြထားတော်မူပါသည်။ သို့သော်လည်း ဤကဲ့သို့ဆုတောင်းခြင်းသည် အလွန်အရေးကြီးပြီး သေချာစွာစစ်ကြောပြီးမှသာ ပြုလုပ်ရပါမည်။ အဖြစ်အပျက်အမြောက်အမြားတွင် ဖျားနာသောသူများအတွက်ဆုတောင်းပေးရာ၌ ယုံကြည်ခြင်းမရှိဘဲ၊ မထိုက်မတန်ဘဲဆုတောင်းကြပါသည်။

လူအမြောက်အမြားသည် မိမိတို့၏အလိုကိုလိုက်ခြင်းကြောင့် ရောဂါအနာများကိုခံစားရကြပါသည်။ သူတို့သည် သဘာဝတရားနှင့်စစ်မှန်သန့်ရှင်းသောပညတ်ချက်များနှင့်အညီ အသက်ရှင်နေထိုင်ခြင်းမရှိပါ။ အခြားသူများသည် မိမိတို့၏အစားအသောက်၊ အဝတ်အစားနှင့်အလုပ်အကိုင်များတွင် ကျန်းမာရေးစည်းကမ်းများကို လျစ်လျူရှုခဲ့ကြပါသည်။ မကြာခဏဆိုသလို တဏှာရမ္မက်ကြူးခြင်းကြောင့် ကိုယ်ကာယနှင့်စိတ်အာရုံအားနည်းဆုတ်ယုတ်မှုဖြစ်လာကြပါသည်။ ဤကဲ့သို့သောသူများသည် ပြန်လည်ကျန်းမာလာပါက ဘုရားသခင်သည် မိမိတို့၏ဆုတောင်းသံများကိုနားညောင်းသောကြောင့် မကျန်းမာသောနေထိုင်မှုပုံစံများနှင့်အစားကြူးခြင်းများကို ဆက်လက်ပြုလုပ်ကာ ဘုရားသခင်၏သဘာဝနှင့်ဝိညာဉ်ရေးစည်းကမ်းများကို ဆက်လက်လွန်ကျူးကြပါလိမ့်ဦးမည်။ ဘုရားသခင်သည် ဤကဲ့သို့သောသူများကိုအနာရောဂါပျောက်ကင်းစေပါက အပြစ်တရားကိုအားပေးသကဲ့သို့ရှိလိမ့်မည်။

မိမိတို့၏ကျန်းမာရေးနှင့်မညီညွတ်သော အလေ့အကျင့်များကိုဖယ်ရှားပြီး သွန်သင်ခြင်းမရှိဘဲ ဘုရားသခင်ကိုအနာရောဂါများပျောက်ကင်းစေနိုင်သောသခင်အဖြစ်သွန်သင်ပါက အချည်းနှီးဖြစ်ပါသည်။ မိမိတို့၏ဆုတောင်းသံများကိုနားညောင်းတော်မူပြီး ဘုရားသခင်ထံမှကောင်းချီးများကိုရရှိလိုပါက အပြစ်လွန်ကျူးခြင်းမှရပ်ဆိုင်းပြီး ကောင်းမွန်စွာနေထိုင်သွားရမည်။ ပတ်ဝန်းကျင်သည် သန့်ရှင်းပြီးနေထိုင်မှုပုံစံသည် မှန်ကန်ရမည်။ ဘုရားသခင်ပေးသောပညတ်နှင့်အညီ ခန္ဓာကိုယ်နှင့်စိတ်နှစ်ခုစလုံးသည် ညီညွတ်စွာနေထိုင်သွားရပါမည်။

## အပြစ်ကိုဝန်ချတောင်းပန်ခြင်း

အနာရောဂါပျောက်ကင်းရန်အတွက် ဆုတောင်းပေးစေလိုသော သူတို့သည် ဘုရားသခင်၏ပညတ်ကို ခန္ဓာကိုယ်ဖြစ်စေ၊ စိတ်အားဖြင့်ဖြစ်စေ ချိုးဖောက်ခြင်းသည်အပြစ်ဖြစ်ကြောင်း ဘုရားသခင်ထံမှကောင်းချီးများ ရရှိရန်အတွက် မိမိတို့၏အပြစ်ကိုဝန်ချတောင်းပန်၍ စွန့်လွှတ်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြပါ။

ကျမ်းစာတွင် "အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်၊ ကိုယ့်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့၊ ချမ်းသာရမည့်အကြောင်း အချင်းချင်းတို့အဖို့ ဆုတောင်းကြလော့" ဟု (ယာကုပ် ၅း၁၆) တွင် ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် ဆုတောင်းရန်တောင်းဆိုသူများအား "ကျွန်ုပ်တို့သည် အတွင်းစိတ်နှင့်ဘဝ၏လျှို့ဝှက်ချက်များကိုမသိနိုင်ပါ။ ဤအကြောင်းအရာများကို သက်ဆိုင်သူများနှင့် ဘုရားသခင်ကသာသိနိုင်သည်။ ထို့ကြောင့် နောင်တတရားရလျှင် မိမိတို့၏အပြစ်များကိုဝန်ချတောင်းပန်ရမည်။ အပြစ်သည် လူနှင့်ဘုရားသခင်၏စပ်ကြားတွင်ရှိသော သခင်ခရစ်တော်ထံသို့ ကိုယ်တိုင်ဝန်ချတောင်းပန်ရမည့်အရာဖြစ်သည်။" "တစ်စုံတစ်ယောက်သောသူသည် အပြစ်ကိုပြုမိလျှင် ဖြောင့်မတ်တော်မူသောသခင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" (၁ယော ၂း၁)။ အပြစ်သည် ဘုရားသခင်ထံကျူးလွန်ခြင်းဖြစ်သောကြောင့် သခင်ခရစ်တော်မှတစ်ဆင့် ဘုရားသခင်ထံဝန်ချတောင်းပန်ရမည်။ လူသိရှင်ကြားကျူးလွန်သောအပြစ်များကို လူများရှေ့တွင်ဝန်ချတောင်းပန်ရမည်။ သူတစ်ပါးအား ပြုမိသောအမှားများကို သက်ဆိုင်သူတို့နှင့်ပြေလည်အောင် ရှင်းပြရမည်။ ပြန်လည်ကျန်းမာလိုသူသည် မိမိ၏မိသားစုကြား၊ ပတ်ဝန်းကျင် (သို့မဟုတ်) ဘုရားကျောင်းတွင် သူတစ်ပါးအတင်းအဖျင်းပြောမိ၍ အမုန်းပွားစေရန်ပြုမိပါကလည်းကောင်း၊ မိမိ၏အပြုအမူကြောင့် သူတစ်ပါးအားလမ်းလွဲစေပြီး အပြစ်ကျူးလွန်မိစေပါကလည်းကောင်း ဤအရာများကို ဘုရားသခင်နှင့်



သက်ဆိုင်သူများထံတွင် ဝန်ချတောင်းပန်ရမည်။ "ကိုယ့်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ အပြစ်ရှိသမျှနှင့်ကင်းစင်ခြင်းငှာ ဘုရားသခင်သည် သမ္မာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" (၁ယော ၁း၉)။

အပြစ်များကိုဖြေရှင်းပြီးပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်နှိုးဆော်သည့်အတိုင်း ယုံကြည်ခြင်းအားဖြင့် လူနာ၏လိုအပ်ချက်များကို ဘုရားသခင်ထံသို့တင်ပြတောင်းခံနိုင်ပါသည်။ ဘုရားသခင်သည် လူတစ်ဦးစီကိုနာမည်နှင့်တကွသိရှိတော်မူပြီး ဤလောက၌အခြားသူများမရှိဘဲ သူတစ်ဦးတည်းအတွက် သားတော်ကိုအသေခံရန်စေလွှတ်သကဲ့သို့ ချစ်တော်မူပါသည်။ ဘုရားသခင်၏မေတ္တာတော်သည် အလွန်ကြီးမားပြီး မပြောင်းလဲသောကြောင့် ကိုယ်တော်ကိုယုံကြည်အားကိုးရန် ဖျားနာသူကို အားပေးတိုက်တွန်းရမည်။ မိမိအတွက်စိတ်သောကရောက်နေပါက ခွန်အားနည်းခြင်းနှင့်ရောဂါများရရှိလာပါမည်။ သို့သော်လည်း စိတ်ပျော်ရွှင်လာပါက ပြန်လည်ကျန်းမာလာရန်အခွင့်အရေးရရှိလိမ့်မည်။ ထာဝရဘုရားကို ကြောက်ရွံ့သောသူတို့နှင့် ကရုဏာတော်ကိုခိုလှုံသောသူတို့အား ထာဝရဘုရား ကြည့်ရှုတော်မူ၏။

ဖျားနာသောသူတို့အတွက်ဆုတောင်းရာ၌ "ငါတို့သည်ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟုမသိကြ" (ရောမ ၈း၂၆) ကိုအမြဲသတိရကြရမည်။ ကျွန်ုပ်တို့တောင်းလျှောက်သောအရာများသည် ကျွန်ုပ်တို့အတွက်အကောင်းဆုံးဖြစ်မဖြစ်ကိုမသိကြပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ဆုတောင်းချက်များ၌ "ကိုယ်တော်သည် ဝိညာဉ်တစ်ခုစီ၏လျှို့ဝှက်ချက်ကိုသိတော်မူပြီး တစ်ဦးစီနှင့်လည်းအကျွမ်းဝင်တော်မူပါသည်။ သူတို့၏အကျိုးဆောင်သခင်ခရစ်တော်သည် သူတို့အတွက်အသက်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့တစ်ဦးစီ၏မေတ္တာထက်ပင် ပိုမိုကြီးမားပါသည်။ ထို့ကြောင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေပြီး လူနာကိုအကျိုးရှိစေပါက ကိုယ်တော်၏နာမတော်ကိုအမှီပြု၍ ဤသူများ

ပြန်လည်ကျန်းမာလာရန်တောင်းလျှောက်ပါ။ ကိုယ်တော်အလိုတော်မရှိပါက ကိုယ်တော်၏မေတ္တာကျေးဇူးတော်အားဖြင့် ဤသူများခံစားနေရသည့်ရောဂါများအား နှစ်သိမ့်စေတော်မူမည့်အကြောင်း" တောင်းလျှောက်ရမည်။

ဘုရားသခင်သည် အစနှင့်အဆုံးကိုသိတော်မူပြီး လူသားတစ်ဦးစီ၏စိတ်နှလုံးနှင့် အကျွမ်းဝင်ရှိတော်မူပါသည်။ ဝိညာဉ်တစ်ခုစီ၏လျှို့ဝှက်ချက်ကို သိတော်မူပါသည်။ ကိုယ်တော်သည် ဆုတောင်းပေးခြင်းခံရသူပြန်လည်ကျန်းမာလာပါက အသက်တာ၌ရင်ဆိုင်ရမည့်အခက်အခဲများအားရင်ဆိုင်နိုင်ခြင်းရှိမရှိကို သိတော်မူပါသည်။ သူတို့တစ်ဦးစီ၏အသက်တာသည် မိမိတို့နှင့်ဤလောကအတွက် အကျိုးရှိမရှိသိတော်မူပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည်ဆုတောင်းရာ၌ "သို့သော်လည်း အကျွန်ုပ်တို့အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော" ဟု တောင်းလျှောက်ရမည်။ သခင်ခရစ်တော်သည် ဘုရားသခင်၏အလိုတော်နှင့်ဉာဏ်ပညာကိုအားကိုးလျက် ဂေသရေမန်အရပ်၌ 'အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော" (မဿဲ ၂၆း၃၉) ဟု ဆုတောင်းတော်မူခဲ့ပါသည်။ ဘုရားသခင်၏သားတော်သခင်ခရစ်တော်သည်ပင်လျှင် ဤကဲ့သို့ပြုတော်မူပါက မတည်မြဲသောကျွန်ုပ်တို့အတွက် ပိုမိုမလိုအပ်ပါတကား။

ကျွန်ုပ်တို့အတွက်အသင့်လျော်ဆုံးမှာ မိမိတို့၏လိုအင်စိတ်များကိုကောင်းကင်ဘုံ၌ရှိတော်မူသည့် ခမည်းတော်ထံသို့အပ်နှံပြီး ကိုယ်တော်အားယုံကြည်ခြင်းအားဖြင့် မှီခိုရန်ဖြစ်ပါသည်။ ဘုရားသခင်အလိုတော်ရှိသည်အတိုင်းတောင်းလျှောက်လျှင် နားညောင်းတော်မူမည့်အကြောင်းကို ကျွန်ုပ်တို့သိပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏တောင်ခံချက်များကို နှိမ့်ချသောစိတ်မရှိဘဲမတောင်းဆိုရ၊ ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် အမိန့်ပေးသည့်သဘောမဟုတ်ဘဲ တောင်းပန်သည့်သဘောရှိရမည်။

အချို့အဖြစ်အပျက်များတွင် ဘုရားသခင်သည် မိမိ၏တန်ခိုးတော်အားဖြင့် လူနာကိုကျန်းမာလာစေပါသည်။ သို့သော်လည်း အားလုံးသည်



ပြန်လည်ကျန်းမာလာခြင်းမရှိဘဲ အမြောက်အမြားသည် သခင်ခရစ်တော်၌အိပ်ပျော်သွားကြပါသည်။ ဘုရားသခင်သည် ပတ်မုကျွန်း၌ရှိသောယောဟန်အား "ယခုမှစ၍ သခင်ဘုရား၌သေသောသူတို့သည် ကောင်းချီးခံရကြ၏ ----ထိုသူတို့သည် ပင်ပန်းခြင်းငြိမ်းမည်အကြောင်းရှိ၍၊ သူတို့၏အကျင့်တို့သည်လည်း သူတို့နှင့်အတူလိုက်ကြ၏" ဟု (ဗျာ ၁၄း၁၃) ၌ရေးခိုင်းပါသည်။ ဤကျမ်းပိုဒ်ကိုကြည့်ခြင်းအားဖြင့် ပြန်လည်ကျန်းမာလာခြင်းမရှိသောသူသည် ယုံကြည်ခြင်းအားနည်းမှုကြောင့်မဟုတ်သည်ကို သိနိုင်ပါသည်။

ကျွန်ုပ်တို့တစ်ဦးစီသည် မိမိတို့၏ဆုတောင်းချက်များကို ချက်ချင်းပြည့်စုံစေလိုပါသည်။ ထို့ကြောင့် ချက်ချင်းပြည့်စုံခြင်းမရှိလျှင် (သို့မဟုတ်) မမျှော်လင့်သည့်ပုံစံဖြင့်ပြည့်စုံသွားလျှင် စိတ်ဓာတ်ကျလိုကြပါသည်။ သို့သော်လည်း ဘုရားသခင်သည် တန်ခိုးတော်နှင့်ပြည့်စုံသောကြောင့် ကျွန်ုပ်တို့အလိုရှိသည့်အချိန်နှင့်အလိုရှိသည့်အတိုင်း ကျွန်ုပ်တို့၏ဆုတောင်းချက်များကိုမပြည့်စုံစေပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အလိုရှိသည်ထက် သာလွန်စွာပြုတော်မူပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဉာဏ်ပညာနှင့်မေတ္တာကို အားကိုးပြုနိုင်သောကြောင့် ဘုရားသခင်ကိုကျွန်ုပ်တို့၏အလိုတော်အတိုင်းမဖြစ်စေဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကိုလိုက်လျှောက်ရမည်။ ကျွန်ုပ်တို့၏တောင်းဆိုချက်များနှင့်လိုအင်များသည် ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်ရမည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစမ်းသပ်သောအတွေ့အကြုံများသည် ကျွန်ုပ်တို့အကျိုးအတွက်ဖြစ်ပါသည်။ ဤအတွေ့အကြုံများက ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်စစ်မှန်ပြီး ဘုရားသခင်၏နှုတ်ထွက်စကားတော်၌တည်သည် (သို့မဟုတ်) ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အခြေအနေပေါ်၌ပြောင်းလဲ၍ ခိုင်မာမှုမရှိသည်ကိုသိစေပါသည်။ ယုံကြည်ခြင်းကိုလက်တွေ့ကျင့်ခြင်းဖြင့် ခိုင်မာစေပါသည်။ ကျွန်ုပ်တို့သည် အမှုတော်အတွက်စိတ်ရှည်ခြင်းရှိရပြီး ဘုရားသခင်ကိုကိုးစားသူများအတွက် သမ္မာကျမ်းစာတွင် ကတိတော်အမြောက်အမြားရှိကြောင်းကို သတိရကြရမည်။

လူတိုင်းသည် ဤအချက်များကိုနားလည်ခြင်းမရှိပါ။ ဘုရားသခင်ထံမှအနာရောဂါပျောက်ကင်းစေသောတန်ခိုးကို တောင်းခံသူအမြောက်အမြားသည် မိမိတို့၏ဆုတောင်းချက်များအတွက် အဖြေကိုချက်ချင်းရကြမည်ဟု ယုံကြည်ပြီး အကယ်၍ချက်ချင်းမရရှိပါက မိမိတို့ယုံကြည်ခြင်းလွဲမှားနေသည်ဟု ထင်ကြပါသည်။ ဤအကြောင်းကြောင့်ဖျားနာပြီး ရောဂါအနာများကြောင့်အားနည်းသူတို့ကို မှန်ကန်စွာရှင်းပြ၍ သေချာစွာဆုံးဖြတ်တတ်နိုင်ဖို့သွန်သင်ရမည်။ လူနာများအားပြုအပ်သောဝတ္တရားများကိုလည်း မမေ့ရပါ။ ထို့ပြင်ပြန်လည်ကျန်းမာလာစေရန် သဘာဝဆေးများကိုလည်းအသုံးပြုရမည်။

ဤနေရာတွင် မကြာခဏမှားတတ်ပါသည်။ ဆုတောင်းခြင်းအားဖြင့် အနာရောဂါပျောက်ကင်းမည်ဟု ယုံကြည်ကြသောကြောင့် အခြားလုပ်ဆောင်မှုတစ်ခုခုပြုလုပ်ပါက ယုံကြည်ခြင်းအားနည်းမှုကိုဖော်ပြရာရောက်မည်ဟု ထင်မှတ်ကြသည်။ သို့သော်လည်း အကယ်၍အသက်သေဆုံးပါက မိမိတို့၏အလိုကျဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားရမည်။ ထို့ပြင် မိမိတို့အသက်တာလမ်းခွဲခါနီးတွင် ချစ်မြတ်နိုးသောသူများကို မှာကြားလိုသောအကြောင်းအရာများနှင့် အားပေးသောစကားများကိုလည်း ပြောကြားရန် စိုးရွံ့ခြင်းမရှိရပါ။

ဆုတောင်းခြင်းဖြင့်ကျန်းမာလိုသူများသည် မိမိတို့လက်လှမ်းမီရာဆေးကုထုံးများကိုလည်း မငြင်းပယ်ရပါ။ နာကျင်မှုရောဂါများပျောက်ကင်းရန်နှင့် အနာရောဂါပျောက်ကင်းမှုလုပ်ငန်းစဉ်အား အထောက်အထားအကူအညီဖြစ်စေသော သဘာဝကုထုံးများကိုအသုံးပြုခြင်းသည် ယုံကြည်ခြင်းအားနည်းသည့်လက္ခဏာမဟုတ်ပါ။ အနာရောဂါသက်သာပျောက်ကင်းမှုပိုမိုလွယ်ကူရန်အတွက် ဘုရားသခင်နှင့်တွဲဖက်လုပ်ဆောင်ခြင်းသည် ယုံကြည်ခြင်းကိုငြင်းပယ်ရာမရောက်ပါ။ ဘုရားသခင်သည် ကျန်းမာခြင်းအတွေ့အကြုံများရရှိရန်အတွက် ကျွန်ုပ်တို့ကိုအစွမ်းပေးထားပြီး ဤအတွေ့အကြုံများကို ကျွန်ုပ်တို့လက်လှမ်းမီရာအနီးအနားတွင် ထားရှိတော်မူပါသည်။ ကျွန်ုပ်တို့သည် ပြန်လည်ကျန်းမာလာရန် မိမိတို့အစွမ်းရှိသမျှနှင့်ရရှိသည့်အခွင့်အရေးများကိုအသုံးပြုကာ သဘာဝတရားနှင့်အညီနေထိုင်ရမည်။ ကျွန်ုပ်တို့သည် ပြန်လည်ကျန်းမာလာရန်ဆုတောင်းပြီး ကိုယ်တော်နှင့်အတူတွဲဖက်ဆောင်ရွက်ခွင့်ရသောကြောင့် ဘုရားသခင်ကိုကျေးဇူးတင်လျက် ပိုမိုတက်ကြွစွာလုပ်ဆောင်ကာ ကိုယ်တော်ထံမှကောင်းချီးများကိုတောင်းခံရမည်။



ကျွန်ုပ်တို့သည် သဘာဝကုထုံးများကိုအသုံးပြုနိုင်ရန် နှုတ်ထွက်စကားတော်တွင် အခွင့်အာဏာရရှိထားပါသည်။ ဟေဇကိမင်းသည်မကျန်းမာ၍ ဘုရားသခင်၏ပုရောဖက်သည် မင်းကြီးနတ်ရွာစံရမည့်အကြောင်းကိုလျှောက်သောသူသည် ရှင်ဘုရင်အားငိုကြွေးစေသောကြောင့် ကိုယ်တော်သည်နားညောင်းတော်မူပြီး အသက်တစ်ဆယ့်ငါးနှစ်ထပ်မံအသက်ရှင်စေပါသည်။ ဟေဇကိမင်းသည် ဘုရားသခင်၏အမိန့်တော်အား ပုရောဖက်ဟေရှာယမှတစ်ဆင့် “သင်္ဘောသဖန်းသီးအလုံးအထွေးကိုယူ၍နယ်ပြီးမှ အနာကိုအုံကြလော့၊ ထိုသို့ပြုလျှင်မင်းကြီးသည် သက်သာရလိမ့်မည်” ဟု (ဟေရှာယ ၃၈း၂၁) ၌ မှာကြားတော်မူခဲ့ပါသည်။

တစ်ကြိမ်တစ်ခါတွင် မျက်စိကန်းသောသူတစ်ဦး၏မျက်စိကို သခင်ခရစ်တော်သည် ရွှံ့နှင့်လူးစေပြီး “သင်သွားလော့၊ ရှိလောင်ရေကန်၌မျက်စိကိုဆေးလော့ဟု မိန့်တော်မူ၏။----ထိုသူသည် သွား၍ဆေးပြီးမှ မျက်စိမြင်လျက်ပြန်လေ၏” (ယောဟန် ၉း၇)။ အနာရောဂါတို့သည် ကိုယ်တော်၏တန်ခိုးတော်အားဖြင့်သာ ပျောက်ကင်းနိုင်သော်လည်း သခင်ခရစ်တော်သည် သာမန်သဘာဝကုထုံးများကို အသုံးပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ဆေးဝါးသုံးစွဲခြင်းကိုအားပေးသော်လည်း သာမန်ကုထုံးများကိုအားပေးတော်မူခဲ့ပါသည်။

ဖျားနာသောသူများအတွက်ဆုတောင်းရာတွင် မည်ကဲ့သို့ဖြစ်စေကာမူ ကျွန်ုပ်တို့သည် ဘုရားသခင်၌ယုံကြည်ခြင်းမလျော့စေရပါ။ ကျွန်ုပ်တို့သည် ဝမ်းနည်းကြေကွဲခြင်းနှင့်ရင်ဆိုင်ရပါကလည်း ဤခါးသီးသောခွက်ဖလားကို ဘုရားသခင်ကိုယ်တော်တိုင်စွဲကိုင်ထားသည်ကိုမမေ့စေဘဲ လက်ခံ၍သောက်သုံးရမည်။ အကယ်၍ရောဂါပျောက်ကင်းပါကလည်း ဤပျောက်ကင်း

မှုတန်ခိုးတော်သည် ဖန်ဆင်းပိုင်သူနှင့်အတူ ပြုလုပ်ထားသောပဋိညာဉ်၌ တည်ကြောင်းကို အမြဲသတိရကြရမည်။ အနာကြီးရောဂါစွဲသူတစ်ဆယ်ဦး ကို သခင်ခရစ်တော်သည် ရောဂါပျောက်စေသောအခါ တစ်ဦးသာလျှင် ပြန်လာ၍ ကိုယ်တော်၏ဘုန်းတော်ကိုချီးမွမ်းခဲ့ပါသည်။ ဘုရားသခင်၏ မေတ္တာတော်နှင့်ထိတွေ့ခြင်းမရှိသော ကျေနပ်မှုကင်းသူကဲ့သို့ ကျွန်ုပ်တို့သည် မဖြစ်အပ်ပါ။ "ကောင်းမြတ်စုံလင်သောဆုကျေးဇူးရှိသမျှတို့သည် အလင်း တို့၏အဘထံတော်က သက်ရောက်သည်ဖြစ်၍ အထက်အရပ်မှလာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ် တော်မူ၏" ယာကုပ် ၁း၁၇။

---ooo---



အခန်း (၁၇)

## ကုထုံးများအသုံး ပခြင်း

အနာရောဂါများသည် အကြောင်းမဲ့ဖြစ်ပေါ်လာခြင်းမရှိပါ။ ကျန်းမာ ခြင်းဆိုင်ရာပညတ်ချက်များကို လိုက်လျှောက်ခြင်းမရှိသောကြောင့် အနာ ရောဂါများကိုဖိတ်ခေါ်သလိုဖြစ်ပါသည်။ မိဘများ၏အပြစ်ကြောင့် သားသမီး အမြောက်အမြားသည် အမွေဆိုးကိုခံစားရပါသည်။ မိဘများ၏အမှားများ ကြောင့် သူငယ်တို့၌အပြစ်မရှိသော်လည်း ကျန်းမာခြင်းပညတ်ချက်များ ချိုးဖောက်လျှင် မည်ကဲ့သို့ဖြစ်တတ်ကြောင်းကိုသုံးသပ်ရန် မိဘတို့၌တာဝန် ရှိပါသည်။ မိမိတို့၏မိဘများကျူးလွန်ခဲ့သောအမှားများကိုရှောင်လျက် မှန်ကန် စွာအသက်ရှင်နေထိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအခြေအနေ၌ တည်ရှိနိုင် ပါသည်။

ပို၍များပြားသောလူစုသည် မိမိတို့၏အပြစ်ကျူးလွန်ခြင်းကြောင့် ရောဂါများကိုခံစားရပါသည်။ မိမိတို့၏အစားအသောက်၊ အဝတ်အစားနှင့် အပြုအမူများကြောင့် သူတို့သည် ကျန်းမာခြင်းဆိုင်ရာပညတ်ချက်များကို လွန်ကျူးလျက်ရှိသည်။ သဘာဝတရားကိုလွန်ကျူးခြင်း၏ဆိုးကျိုးဆက်ကို သူတို့အသေအချာခံစားရပါသည်။ သို့သော်လည်း ရောဂါအနာများကိုခံစား ရသောအခါ သူတို့သည် မှန်ကန်စွာအကျိုးအကြောင်းဆက်စပ်ခြင်းမရှိဘဲ ဘုရားသခင်ကိုသာအပြစ်ပုံချကြသည်။ သဘာဝတရားလွန်ကျူးခြင်းကြောင့် သူတို့ခံစားရသောရောဂါများအတွက် ဘုရားသခင်၌တာဝန်မရှိပါ။

ဘုရားသခင်သည် ကျွန်ုပ်တို့ကိုဖန်ဆင်းတော်မူစဉ် ခွန်အားအပြည့် ပေးခဲ့ပါသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးကိုလည်း မိမိတို့တစ်ခုစီ၏ တာဝန်များကိုထမ်းဆောင်နိုင်ရန်၊ တစ်ခုနှင့်တစ်ခုပူးပေါင်းလုပ်ဆောင်နိုင်ရန် ဖန်တီးထားတော်မူပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှရရှိသော အသက်ရှင်ခြင်းတန်ခိုးနှင့် ကိုယ်ခန္ဓာလည်ပတ်မှုတစ်ခုလုံးကို ကောင်းမွန်စွာ သိမ်းထားပါက ကျန်းမာခြင်းကိုခံစားရပါမည်။ သို့သော်လည်း ခွန်အား

များကိုအလွန်အကျွံအသုံးပြုခြင်း၊ အရန်စုဆောင်းထားသောခွန်အားများကို အသုံးပြုရခြင်းနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုထိခိုက်သောအခါ အားလုံး ထိခိုက်ပါသည်။ သဘာဝသည် သိသာသောတွန်းလှန်ခြင်းမရှိဘဲ ကြာရှည်စွာတင်းခံပါသည်။ ထိုနောက် ခံစားခဲ့ရသောနာကျင်မှုဒဏ်များကိုဖယ်ရှားရန် ကြိုးစားပါတော့သည်။ ဤကဲ့သို့ကြိုးစားခြင်း၏လက္ခဏာများမှာ ကိုယ်အပူရှိန်တက်ခြင်းနှင့်ဖျားနာခြင်းတို့ဖြစ်သည်။

## မှန်ကန်သောကုထုံးများ

ရောဂါအနာများခံစားရသည့်တိုင် မိမိ၏ကျန်းမာရေးကို အလွဲသုံးစားပြုလာသောအခါ အခြားသူများထက်လူနာသည် မိမိကိုယ်ကိုပို၍သက်သာစေနိုင်ပါသည်။ ပထမဦးဆုံးပြုရမည်မှာ မိမိခံစားနေရသော ရောဂါအနာဖြစ်ရခြင်း၏အကြောင်းရင်းကိုရှာဖွေရန်ဖြစ်ပြီး ထို့နောက် ဤအကြောင်းရင်းကိုဖယ်ရှားပစ်ရမည်။ ကောင်းမွန်စွာလည်ပတ်နေစဉ် ကိုယ်ခန္ဓာအားအလုပ်တာဝန်ပိခြင်း၊ အစားအသောက်ကြူးခြင်းနှင့် အခြားမမှန်ကန်မှုများကြောင့် ထိခိုက်လာသောအခါ အဆိပ်အတောက်ဖြစ်စေသောဆေးဝါးများကိုအသုံးပြု၍ "မီးလောင်ရာလေပင့်" ဆိုသကဲ့သို့ မပြုလုပ်ရပါ။

မကြာခဏအစားအစာ၌ချုပ်တည်းမှုကင်းမဲ့ခြင်းသည် ရောဂါဖြစ်ရခြင်း၏အကြောင်းရင်းဖြစ်ပါသည်။ ထိုကြောင့် ကိုယ်ခန္ဓာ၌ပိလျက်ရှိသောဝန်ထုပ်ကြီးကိုဖယ်ရှားရန် သဘာဝကလိုအပ်နေပါသည်။ အဖြစ်အပျက်အမြောက်အမြားတွင် အကောင်းဆုံးကုထုံးမှာ လူနာသည် ထမင်းတစ်နပ် (သို့မဟုတ်) နှစ်နပ်အစာရှောင်ရန်ဖြစ်ပါသည်။ ဤသို့ဖြင့် အစာခြေသောအင်္ဂါများသည် အနားရကြပါသည်။ ဥာဏအလုပ်သမားများသည် ရက်အနည်းငယ်အတွက် သစ်သီးများသာစားသုံးခြင်းဖြင့် အလွန်သက်သာကြသည်ကိုတွေ့ရပါသည်။ အဖြစ်အပျက်အမြောက်အမြားတွင် တစ်ခဏတာအတွက် အစားအစာကိုလုံးဝရှောင်ပြီး နောက်မှအစာကြေလွယ်သော အစာ





အနည်းငယ်ကိုသာပြန်စားခြင်းသည် သက်သပျောက်ကင်းမှုကိုဖြစ်စေသောသဘာဝကုထုံးဖြစ်ပါသည်။ ကျန်းမာခြင်း၏လမ်းစသည် ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းဖြစ်ကြောင်းကို တစ်လ (သို့မဟုတ်) နှစ်လတာအတွင်း အစားအစာကိုချုပ်တည်း၍ စားသုံးသောလူနာတိုင်းသိလာပါမည်။

## အနားယူခြင်း

အချို့သူများသည် အလုပ်အကိုင်၌ချုပ်တည်းခြင်းမရှိသောကြောင့် ဖျားနာကြသည်။ ဤသူများသည် ပြန်လည်ကျန်းမာလာရန် အနားယူခြင်း၊ သောကကင်းခြင်းနှင့်အစားအစာများကိုချုပ်တည်းခြင်းလိုအပ်ပါသည်။ အလုပ်များခြင်းကြောင့် ဦးနှောက်ပင်ပန်းပြီး စိတ်ဆတ်သူများသည် အပူအပင်ကင်းမဲ့၍ သဘာဝအလှများနှင့်နီးစပ်သည့်တောရွာများသို့ အလည်အပတ်သွားရမည်။ ကွင်းပြင်များ၊ သစ်တောများတွင်အလည်အပတ်သွားခြင်း၊ ပန်းပွင့်များကောက်ပြီး ကျေးငှက်၏တေးသံများကိုနားဆင်ရခြင်းထက် ပိုကောင်းသောကုထုံးများမရှိပါ။

ကျန်းမာခြင်းနှင့်ဖျားနာခြင်းတွင် သန့်ရှင်းသောရေသည် ကောင်းကင်မှရရှိသော အကောင်းဆုံးကောင်းချီးတစ်ပါးဖြစ်ပါသည်။ ရေကိုမှန်ကန်စွာအသုံးချပါက ကျန်းမာခြင်းကိုတိုးပွားစေပါသည်။ လူနှင့်တိရစ္ဆာန်များအငတ်ပြေရန် ဘုရားသခင်ဖန်ဆင်းထားသောအရာဖြစ်ပါသည်။ လွတ်လပ်စွာရေသောက်ခြင်းဖြင့် အနာရောဂါများအတွက်အတားအဆီးဖြစ်စေပြီး ကိုယ်ခန္ဓာလည်ပတ်မှုအတွက် အထောက်အကူဖြစ်စေပါသည်။ သွေးလည်ပတ်မှုမှန်ကန်စေရန် အကောင်းဆုံးနှင့်အလွယ်ဆုံးမှာ ရေချိုးခြင်းဖြစ်ပါသည်။ ရေအေးချိုးခြင်းသည် အကောင်းဆုံးအားဆေးတစ်ခုဖြစ်သည်။ ရေနွေးချိုးခြင်းသည် ချွေးပေါက်များကိုပွင့်စေ၍ အညစ်အကြေးများကိုစွန့်ပစ်ပေးပါသည်။ ရေနွေး (သို့မဟုတ်) ရေအေးချိုးခြင်းသည် အကြောအမျှင်များကိုပြေစေပြီး လည်ပတ်မှုကိုမျှတစေပါသည်။

သို့သော် လူအများစုသည် ရေကိုစနစ်တကျအသုံးပြုခြင်း၏အကျိုးကျေးဇူးများကိုမသိရှိဘဲ ရေကိုကြောက်ကြပါသည်။ ရေကိုအသုံးပြုသောကုထုံးများကို လက်ခံသင့်သလောက်မရှိကြဘဲ စနစ်ကျစွာအသုံးပြုနိုင်ရန်ပျင်းရိကြပါသည်။ သို့သော်လည်း ဤအကြောင်းနှင့်ပတ်သက်၍ ဂရုမစိုက်ခြင်း၊ မသိခြင်းကိုမည်သူမျှမရှိရ။ အနာရောဂါသက်သာစေရန်နှင့် ရောဂါများပျောက်ကင်းရန် ရေကိုအသုံးပြုနိုင်သောနည်းလမ်းများစွာရှိပါသည်။ အိမ်တွင်းအသုံးပြုနိုင်ရန်အတွက် လူတိုင်းသိထားရန်လိုပါသည်။ အထူးသဖြင့် မိခင်များသည် ကျန်းမာစေရန်အတွက်ဖြစ်စေ၊ ဖျားနာသောအခါဖြစ်စေ မိမိတို့၏မိသားစုများကို ကောင်းမွန်စွာပြုစုနိုင်ရမည်။

လှုပ်ရှားမှုသည် အသက်ရှင်ခြင်း၏အကြောင်းရင်းတစ်ခုဖြစ်သည်။ ခန္ဓာကိုယ်ရှိအစိတ်အပိုင်းတိုင်းတွင် သက်ဆိုင်ရာတာဝန်များရှိပြီး မိမိတို့၏လှုပ်ရှားမှုအပေါ်မူတည်၍ ဖွံ့ဖြိုးကာခွန်အားတိုးပါသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းများသည် ပုံမှန်လှုပ်ရှားခြင်းဖြင့်ခွန်အားတိုးစေပြီး လှုပ်ရှားမှုမရှိပါကပျက်စီးဆုံးရှုံးပါသည်။ မိမိ၏လက်တစ်ဖက်ကို ရက်သတ္တပတ်အနည်းငယ်ချုပ်ထားပြီးပြန်ဖြေလိုက်ပါက ပုံမှန်လှုပ်ရှားနေသောကျန်လက်တစ်ဖက်ထက်အားနည်းသွားကြောင်းကို သတိပြုနိုင်ပါသည်။ ဤကဲ့သို့ပင် ကြွက်သားအားလုံးသည် လှုပ်ရှားမှုမရှိလျှင်ပျက်စီးတတ်ပါသည်။

ရောဂါအနာများဖြစ်ရခြင်း၏အကြောင်းရင်းတစ်ခုမှာ လှုပ်ရှားခြင်းဖြစ်ပါသည်။ ကိုယ်လက်လှုပ်ရှားခြင်း သွေးလည်ပတ်မှုကိုမျှတစေပါသည်။ သို့သော်လည်း ငြိမ်သက်စွာနေခြင်းသည် လည်ပတ်မှုကိုအဟန့်အတားဖြစ်စေလျက် အသက်ရှင်ခြင်းနှင့်ကျန်းမာခြင်းအတွက် လိုအပ်သောပြောင်းလဲမှုကိုရပ်ဆိုင်းစေပါသည်။ အရေပြားသည်လည်း ငြိမ်သက်လာသောကြောင့် ကိုယ်ခန္ဓာရှိအညစ်အကြေးများသည် လှုပ်ရှားမှုမရှိ၍ အရေပြားမှတစ်ဆင့်အပြင်သို့မထွက်နိုင်ပါ။ လှုပ်ရှားမှုကြောင့် အရေပြားကိုကျန်းမာစေပြီး အဆုတ်တွင်းသို့ လေကောင်းလေသန့်များရောက်ရှိစေသည်။ ထိုကြောင့် လှုပ်ရှားမှုမရှိပါက ခန္ဓာကိုယ်အစိတ်အပိုင်းအမျိုးမျိုးအတွက်ဝန်ပိလျက် နောက်ဆုံး၌ရောဂါများကိုဖြစ်စေပါသည်။



ကိုယ်အင်္ဂါချို့တဲ့သူများကိုလှုပ်ရှားမှုရပ်ဆိုင်းရန် အားမပေးသင့်ပါ။ မည်သည့်အခါတွင်မဆို လိုသည်ထက်ပို၍လှုပ်ရှားခြင်းကြောင့် လုံးဝအနားယူခြင်းဖြင့် ပြင်းထန်သောရောဂါများကိုရှောင်နိုင်သော်လည်း ကိုယ်အင်္ဂါချို့တဲ့သူကို လှုပ်ရှားမှုရပ်ဆိုင်းရန်လိုအပ်ကြောင်းသိစေပါ။

မိမိ၏ဦးနှောက်ကို အလွန်အမင်းအသုံးပြုခြင်းကြောင့် ရောဂါခံစားနေရသူများသည် အနားယူရန်လိုအပ်သော်လည်း မိမိတို့၏ဦးနှောက်များကိုပြန်လည်အသုံးပြုလျှင် ဘေးရန်ကျရောက်နိုင်ကြောင်းအထင်ကိုရှောင်ရမည်။ လူအမြောက်အမြားသည် လိုအပ်သည်ထက်ပို၍ မိမိတို့၏အခြေအနေကိုတွေးထင်ကြသည်။ ဤကဲ့သို့တွေးထင်ခြင်းသည် အနာရောဂါပျောက်ကင်းမှုတို့ကိုဟန့်တားစေသောကြောင့် အားမပေးသင့်ပါ။

ခရစ်ယာန်တရားဟောဆရာများ၊ ကျောင်းဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများနှင့် အခြားဉာဏအလုပ်သမားတို့သည် ဦးနှောက်ကိုလွန်စွာအသုံးပြုရပြီး ကိုယ်ကာယလှုပ်ရှားမှုမရှိသောကြောင့် ရောဂါများခံစားရပါသည်။ ဤသူများသည် ပိုမိုလှုပ်ရှားမှုရှိရန်လိုအပ်ပါသည်။ တိကျသောချုပ်တည်းခြိုးခြံမှုနှင့် စနစ်ကျသောကိုယ်ကာယလှုပ်ရှားမှုများပေါင်းစပ်ခြင်းဖြင့် ကာယနှင့်ဉာဏအားကိုတိုးစေလျက် ဉာဏအလုပ်သမားများကိုခံနိုင်ရည်တိုးစေပါသည်။

ကိုယ်ကာယလှုပ်ရှားမှုကြောင့် ရောဂါအနာခံစားရသူများသည် ကာယအလုပ်သမားကိုရှောင်ကြဉ်ရန် အားမပေးသင့်ပါ။ သို့သော်လည်း အကျိုးရှိစေရန်အတွက် လုပ်အားကိုစနစ်တကျလိုက်လျောညီထွေမှုရှိရန် လုပ်ဆောင်ရမည်။ အခန်းပြင်ပ၌ ကိုယ်လက်လှုပ်ရှားမှုသည် အကောင်းဆုံးဖြစ်ပါသည်။ ဤကဲ့သို့လှုပ်ရှားရာ၌ ချည့်နဲ့ခဲ့သောကိုယ်ခန္ဓာအစိတ်အပိုင်းများကို ခွန်အားတိုးစေရန်နှင့် မိမိတို့၏နှလုံးကိုလည်းအသုံးပြုရမည်။ ကိုယ်ကာယအလုပ်ကိုဉာဏ်နှင့်အမြဲယှဉ်ရမည်။

ကိုယ်အင်္ဂါချို့တဲ့သူများအတွက် အချိန်များစွာရှိနေပြီး သူတို့၏အကြောင်းကိုသာ အချိန်ရှိသရွေ့တွေးနေလျှင် ကျန်းမာရေးချို့တဲ့ကာ စိတ်တိုလာကြသည်။ သူတို့၏အားနည်းချက်များကိုစဉ်းစားနေပြီး ရှိသည်ထက်ပို၍တွေးထင်ကာ မိမိကိုယ်ကိုအသုံးမကျဟုထင်တတ်သည်။

ဤအခြေအနေများတွင် စနစ်ကျသောကိုယ်ကာယလေ့ကျင့်ခြင်းသည် ကောင်းမွန်ထိရောက်သောကုထုံးတစ်ခုဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ကိုယ်လက်လေ့ကျင့်ခြင်းသည် ပျောက်ကင်းမှုအတွက်မရှိမဖြစ်လိုအပ်ပါသည်။ ကိုယ်ကာယလေ့ကျင့်ခြင်းဖြင့် စိတ်ဓာတ်တက်ကြွလာသောကြောင့် ကိုယ်အင်္ဂါချို့တဲ့သူများသည် စိတ်တက်ကြွရန်လိုပါသည်။ စိတ်တက်ကြွခြင်းမရှိပါက အတွေးအခေါ်များသည် မှုမမှန်ဖြစ်ကာ ရောဂါပျောက်ကင်းရန်မဖြစ်နိုင်တော့ပါ။

ကိုယ်အင်္ဂါချို့တဲ့သူများအတွက် ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် အဆိုးဆုံးဖြစ်ပါသည်။ စိတ်နှင့်ခန္ဓာကိုယ်ကိုမပင်ပန်းစေသော ပေါ့ပါးသည့်အလုပ်များကိုလုပ်စေခြင်းဖြင့် နှစ်ဖက်အကျိုးရှိပါသည်။ ကြွက်သားများခွန်အားတိုးစေပြီး သွေးလည်ပတ်မှုကိုတိုးတက်စေကာ လူနာကိုအလုပ်လုပ်စေခြင်းကြောင့် ကျေနပ်ပျော်ရွှင်မှုကိုရပြီး ဤလောက၌အသုံးဝင်သေးကြောင်းကို ခံစားသိရှိစေပါသည်။ အစတွင်လူနာသည် အနည်းငယ်သာလုပ်နိုင်သော်လည်း နောက်ပိုင်းတွင်ခွန်အားတိုးလာကာ ပိုမိုလုပ်ဆောင်လာနိုင်ပါမည်။

ကိုယ်လက်လှုပ်ရှားခြင်းသည် အစာခြေသည့်အလုပ်ကို ပိုမိုကောင်းမွန်စေပါသည်။ အစာစားပြီးသောအခါ ချက်ချင်းကိုယ်လက်လှုပ်ရှားမှုများပြင်းထန်စွာပြုလုပ်ခြင်း၊ စာကျက်ခြင်းတို့သည် အစာခြေမှုတို့ကိုထိခိုက်စေသော်လည်း အစာစားပြီးနောက် ဦးခေါင်းမတ်၍လက်နောက်ပစ်ကာ ခဏတာမျှလမ်းလျှောက်ခြင်းသည် များစွာအထောက်အကူပြုပါသည်။

ကိုယ်ကာယလှုပ်ရှားမှုနှင့်ပတ်သက်၍ နှုတ်အားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း ယုယပေးမှုများစွာရှိစေကာမူ လူအမြောက်အမြားသည် ကိုယ်ကာယလှုပ်ရှားမှုကိုလျစ်လျူရှုကြပါသည်။ ကိုယ်လက်လှုပ်ရှား



မှုမရှိခြင်းကြောင့် အချို့သူများသည် ခန္ဓာကိုယ်လည်ပတ်မှုပိတ်ဆို့ကာ အသားပွအဆီပိတ်မှုများဖြစ်လာပြီး အချို့သည် အလွန်များပြားသောအစားအစာများကို ခြေချက်နေရသောကြောင့် အင်အားကုန်ခန်းကာ အားနည်းပြီးပိန်ချုံးလာကြပါသည်။ သေးရည်ထဲရှိအညစ်အကြေးများကို သန့်စင်နေရသောခက်ခဲမှုကြောင့် အသည်းသည်ပင်ပန်းလျက် ရောဂါများရရှိလာရပါသည်။

ကုလားထိုင်၌အထိုင်များသောသူသည် ရာသီဥတုအခွင့်သာလျှင် အခန်းအပြင်ထွက်ပြီး နွေရာသီနှင့်ဆောင်းရာသီတို့တွင် ကိုယ်လက်လေ့ကျင့်ခန်းများပြုလုပ်ရမည်။ ကိုယ်ခန္ဓာရှိကြွက်သားအားလုံးကို လှုပ်ရှားစေသောကြောင့် မော်တော်ကားစီးခြင်းထက် လမ်းလျှောက်ခြင်းကသာ၍ကောင်းပါသည်။ သွက်လက်စွာလမ်းလျှောက်သောအခါ လေကိုရှူရှိုက်ရသောကြောင့် အဆုတ်ကိုကျန်းမာစေပါသည်။

အချို့အဖြစ်အပျက်များတွင် ဤကဲ့သို့လှုပ်ရှားခြင်းသည် ဆေးထက်ပင်ပို၍အစွမ်းထက်ပါသည်။ ဆရာဝန်အမြောက်အမြားသည် မိမိတို့၏လူနာများကို ပင်လယ်ခရီးထွက်ခိုင်းခြင်း၊ သဘာဝစမ်းရေတွင်းများသို့သွားခိုင်းခြင်း၊ ရာသီဥတုအပြောင်းအလဲရှိမှုအပေါ်မူတည်၍ သင့်လျော်သောနေရာများသို့ လည်ပတ်အနားယူရန်တို့ကိုညွှန်းပါသည်။ သို့သော်လည်း အဖြစ်အပျက်အမြောက်အမြားတွင် အစားအစာ၌ချုပ်တည်းမှုရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ကာယလေ့ကျင့်ခန်းများကိုယူခြင်းသည် အချိန်နှင့်ငွေကိုသက်သာစေပြီး ကျန်းမာရေးကိုအထောက်အကူပြုပါသည်။

---ooo---

အခန်း (၁၈)

# စိတ်ကိုကုသပေးခြင်း

စိတ်နှင့်ကိုယ်ခန္ဓာသည် အလွန်နီးကပ်စွာဆက်သွယ်လျက်ရှိပြီး တစ်ခုထိခိုက်ပါက ကျန်တစ်ခုသည်လည်း လိုက်၍ခံစားရပါသည်။ စိတ်အခြေအနေသည် အများထင်သည်ထက်ပို၍ကျန်းမာရေး၌အကျိုးသက်ရောက်ပါသည်။ ခံစားရသောရောဂါအမြောက်အမြားသည် စိတ်ဓာတ်ကျခြင်းကြောင့်ဖြစ်ပါသည်။ ဝမ်းနည်းကြေကွဲခြင်း၊ သောကများခြင်း၊ ရောင့်ရဲမှုကင်းမဲ့ခြင်း၊ ကျေနပ်မှုမရှိခြင်း၊ အပြစ်အတွက်စိုးရိမ်ခြင်းနှင့်ယုံကြည်မှုကင်းမဲ့ခြင်းတို့သည် အသက်တာကိုပျက်စီးစေပြီး ကျန်းမာရေးကိုထိခိုက်စေကာ အသက်ကိုပင်ဘေးရန်ပြုပါသည်။

မကြာခဏရောဂါအနာများကို စိတ်ကြောင့်ခံစားရရှိကြပါသည်။ လူအမြောက်အမြားသည် စိတ်ကြောင့်ပင်ပန်းနွမ်းနယ်မှုများဖြစ်နေကြပါသည်။ အကယ်၍ မိမိတို့၏အတွေးအခေါ်များကိုပြောင်းလဲပါက ဤကဲ့သို့ဖြစ်မည်မဟုတ်ပါ။ လူအမြောက်အမြားသည် အနည်းငယ်ထိတွေ့ခြင်းကြောင့် ရောဂါခံစားရမည်ဟုစိုးရိမ်သောကြောင့် ထင်သည့်အတိုင်းဖြစ်တတ်သည်ကိုတွေ့ရပါသည်။ လူအမြောက်အမြားသည် စိတ်ကူးစိတ်သန်းရောဂါများကြောင့်သေဆုံးကြရပါသည်။

မြော်လင့်ခြင်း၊ ရဲရင့်ခြင်း၊ ယုံကြည်ခြင်း၊ မေတ္တာကရုဏာတို့သည် ကျန်းမာရေးကိုတိုးတက်စေပြီး အသက်ရှည်စေပါသည်။ ရောင့်ရဲပျော်ရွှင်တတ်သောစိတ်သည် ကိုယ်ခန္ဓာကိုကျန်းမာစေပြီး ဝိညာဉ်ကိုခွန်အားတိုးစေပါသည်။ "စိတ်ရွှင်လန်းခြင်းသည် ကျန်းမာစေတတ်၏" (သုတ္တံ ၁၇း၂၂)။

လူနာများကိုကုသရာ၌ စိတ်၏ဩဇာသက်ရောက်မှုအကျိုးတရားကိုလျစ်လျူရှုခြင်းမပြုရ၊ မှန်ကန်စွာအသုံးချပါက ဤဩဇာသက်ရောက်မှုသည်ရောဂါများတိုက်ဖျက်ရာတွင် အကျိုးအရှိဆုံးဖြစ်သည်ကို တွေ့ရပါမည။



## စိတ်ကိုစိတ်နှင့်ထိန်းချုပ်ခြင်း

နတ်ဆိုးများနှင့်သူ၏အပေါင်းအဖော်များအတွက် အလွန်ထိရောက်စွာအသုံးပြုရန် စိတ်ကိုကုသသည့်နည်းတစ်ခုရှိပါသည်။ ဤနည်းကိုသိပ္ပံနည်းကျသည်ဟုဆိုပါသည်။ အားနည်းသူတစ်ဦး၏စိတ်ကို အခြားအားကြီးသူတစ်ဦး၏စိတ်က လွှမ်းမိုးထိန်းချုပ်သောနည်းဖြစ်ပါသည်။ ဤနည်းဖြင့် လူတစ်ဦးသည် အခြားသူတစ်ဦး၏အလိုကိုလိုက်လျှောက်ပါသည်။ ဤနည်းကြောင့် လူတစ်ဦး၏အတွေးအခေါ်များသည်ပြောင်းလဲကာ ကျန်းမာရေးကိုအထောက်အပံ့ဖြစ်စေသော ဆင့်ဆော်ချက်များမှလမ်းလွဲပြီး ထိုသူသည်ရောဂါများကိုတိုက်ဖျက်အောင် မြင်နိုင်ခြင်းမရှိတော့ပါ။

ဤနည်း၏သဘာဝနှင့် အကျိုးသက်ရောက်မှုကိုနားမလည်သောသူတို့သည် လူနာကိုကုသရာ၌အကျိုးရှိမည်ဟုထင်မှတ်၍ အသုံးပြုနေကြပါသည်။ သို့သော် ဤကုထုံးကို မှားယွင်းသောအယူအဆများ၌ အခြေခံထားပါသည်။ ဤကုထုံးသည် သခင်ခရစ်တော်၏စိတ်တော်နှင့်တွေ့တော်မူခြင်းမရှိ။ ကယ်တင်ခြင်းနှင့်အသက်သခင်ထံမှ ဝေးကွာစေပါသည်။ လူတစ်ဦးစီကိုထိန်းချုပ်သောသူသည် စစ်မှန်သောအသက်သခင်နှင့် ထိုသူကိုဝေးကွာစေပါသည်။

လူတစ်ဦးသည် မိမိ၏စိတ်ကိုအခြားသူတစ်ဦး၏ထိန်းချုပ်ခြင်းအောက်၌အပ်နှံပြီး ထိုသူ၏လက်ထဲ၌ စေလိုရာစေသောဘာဝနှင့်နေထိုင်သွားရန် ဘုရားသခင်အလိုတော်မရှိပါ။ မည်သူတစ်ဦးတစ်ယောက်မျှ မိမိ၏ကိုယ်ပိုင်ရပ်တည်မှုကို အခြားသူများနှင့်ပေါင်းစပ်ခြင်းမပြုရပါ။ မိမိရောဂါကိုကုသရန် လူကိုအားကိုးခြင်းမပြုဘဲ ဘုရားသခင်ကိုသာအားကိုးရပါမည်။ ဘုရားသခင်ပေးသနားထားသည့်လူ့ဘဝတွင် လူသားအချင်းချင်း၏ထိန်းချုပ်ခြင်းကိုလက်မခံဘဲ ဘုရားသခင်၏ထိန်းချုပ်ခြင်းကိုသာ ခံယူရပါမည်။

ဘုရားသခင်သည် လူတစ်ဦးစီအား ကိုယ်တော်နှင့်တိုက်ရိုက်ဆက်သွယ်ရန်အလိုတော်ရှိပါသည်။ လူသားများအချင်းချင်းဆက်ဆံရာတွင်

တစ်ဦးချင်း၌တာဝန်များရှိကြောင်းကို ကိုယ်တော်သည် အသိအမှတ်ပြုတော်မူပြီး တစ်ဦးချင်းရပ်တည်မှုကိုအားပေး၍ ဦးဆောင်လမ်းညွှန်တော်မူပါသည်။ လူသားတို့သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့တော်မူပြီး ကိုယ်တော်၏အလိုတော်နှင့်အညီပြောင်းလဲရန် ဘုရားသခင်အလိုတော်ရှိပါသည်။ စာတန်သည် ဤအကြံအစည်တော်ကိုဖျက်ရန် လုပ်ဆောင်ပါသည်။ လူကိုသာအားကိုးပြီး ဘုရားသခင်ထံမှရှောင်ရှားသွားရန်လုပ်ဆောင်ခြင်းဖြင့် မိမိ၏ထိန်းချုပ်မှုအောက်သို့ရောက်စေကာ လူသားများကိုအုပ်စိုးရန် စာတန်ကြိုးစားနေပါသည်။

စိတ်ကိုစိတ်နှင့်ထိန်းချုပ်သည့် စိတ်ညှို့ပညာကို စာတန်သည်တီထွင်ခဲ့ပြီး ဘုရားသခင်၏အတွေးအခေါ်များအစား၊ လူ့အတွေးအခေါ်များကိုအစားထိုးရန် အသုံးပြုခဲ့ပါသည်။ ခရစ်ယာန်များလက်ခံအသုံးပြုခဲ့သော မှားယွင်းသည့်အယူအဆများကြားတွင် ဤအယူအဆသည် ဘေးရန်အကြီးဆုံးဖြစ်ပြီး ဘုရားသခင်နှင့်လူတို့စပ်ကြားဝေးကွာစေရန် အသေချာဆုံးဖြစ်ပါသည်။ ဘေးရန်မရှိဟုထင်ရသော်လည်း လူနာများကိုဤကုထုံးဖြင့်ကုသခြင်းသည် သူတို့၏ရောဂါကိုမပျောက်ကင်းစေဘဲ ပို၍ဆိုးရွားစေပါသည်။ မိမိ၏လွတ်လပ်မှုကိုစွန့်လွှတ်သောသူနှင့် သူတစ်ပါး၏စိတ်ကိုဩဇာလွှမ်းမိုးရန် ကြိုးစားသောသူနှစ်ဦးစလုံး၏လုပ်ရပ်သည်  စာတန်အားလမ်းဖွင့်ပေးလိုက်သကဲ့သို့ရှိပါသည်။

လူတစ်ဦး၏စိတ်ကို  ဤကဲ့သို့စာတန်၏နောက်လိုက်များလက်ထဲသို့အပ်နှံခြင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းပြီး သူတစ်ပါး၏အားနည်းချက်များနှင့်အမှားများကို အခွင့်ကောင်းယူရန် သူတို့၌အခွင့်အရေးများစွာရရှိပါသည်။ သူတစ်ပါး၏ထိန်းချုပ်မှုအောက်၌ ရောဂါများဖိစီးလျက်အားနည်းသောသူတို့များစွာသည် ချုပ်တည်းခြင်းမရှိ၊ ကိုယ့်အလိုကိုလိုက်၍ တဏှာရမ္မက်ကျူးလွန်ရန် အခွင့်များစွာရရှိပါသည်။

လူသားအချင်းချင်းထိန်းချုပ်ခြင်းထက် သာလွန်ကောင်းမွန်သောအရာတစ်ခုရှိပါသည်။ ဆရာဝန်သည် မိမိ၏လူနာအား ဘုရားသခင်ကို



အားကိုးတတ်ရန် သွန်သင်ပေးရမည်။ မိမိ၌စွဲကပ်လျက်ရှိသော ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ဖိစီးမှုများကိုပျောက်ကင်းရန် လူသားများကိုအားကိုးခြင်းထက် ကိုယ်တော်ထံရောက်ရှိသောသူအပေါင်းတို့ကို ကယ်တင်နိုင်သောသခင်ထံသို့ ညွှန်ပြရမည်။ လူ့စိတ်ကိုဖန်တီးသောသခင်သည် လူ့စိတ်၏လိုအပ်ချက်များကို သိတော်မူပါသည်။ ကုသပျောက်ကင်းနိုင်သောသခင်သည် ဘုရားသခင်မှတစ်ပါး အခြားမရှိပါ။ စိတ်ရောဂါခံစားနေရသောသူများသည် ပျောက်ကင်းစေနိုင်သောသခင်ခရစ်တော်ကိုမျှော်ကြည့်ရမည်။ "ငါသည်အသက်ရှင်သောကြောင့် သင်တို့သည်လည်း အသက်ရှင်ရကြလိမ့်မည်" (ယောဟန် ၁၄း၁၉)။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအသက်တော်ကို လူနာများအားပြသရမည်။ သူတို့သည် သခင်ခရစ်တော်အား မိမိတို့၏ကုသပေးသောသခင်အဖြစ်ယုံကြည်ပြီး ကိုယ်တော်နှင့်အတူပူးတွဲကာ ဘုရားသခင်၏ကျန်းမာရေးပညတ်ချက်များကိုလိုက်လျှောက်၍ ကိုယ်တော်အားကြောက်ရွံ့လျက် စုံလင်ခြင်း၌ကြိုးစားလျှင် ကိုယ်တော်ထံမှအသက်ရှင်ခြင်းအခွင့်ကို ရရှိပါလိမ့်မည်။ သခင်ခရစ်တော်အား ဤကဲ့သို့ဖော်ပြခြင်းဖြင့် သူတို့သည် အထက်မှတန်ဖိုးမဖြတ်နိုင်သောတန်ခိုးနှင့်ခွန်အားကို ရရှိလိမ့်မည်။ ဤအရာသည် စိတ်နှင့်ကိုယ်ခန္ဓာကုသခြင်းအတွက် စစ်မှန်သောသိပ္ပံပညာရပ်ဖြစ်ပါသည်။

## **သနားခြင်းကရုဏာ**

စိတ်ကြောင့်ဖြစ်ပေါ်သောရောဂါအနာများကိုကုသရာတွင်  ပညာများစွာလိုအပ်ပါသည်။ နာကျင်ထိခိုက်လျက်ရှိသောနှလုံးသားနှင့် စိတ်အားငယ်လျက်ရှိသောသူကို ညင်သာစွာကုသရမည်။ မကြာခဏအိမ်၌တွေ့ကြုံနေရသောအခက်အခဲတစ်ခုသည် စိတ်ကိုထောင်းလျက် အသက်ခွန်အားကိုနည်းစေပါသည်။ မကြာခဏအပြစ်ကျူးလွန်ခြင်းကြောင့် ခံစားရသောစိတ်ဆင်းရဲမှုသည် သောကကိုဖြစ်စေပါသည်။ ဤသူများကိုပြန်လည်ကောင်းမွန်စေရန် ကရုဏာကိုလိုအပ်ပါသည်။ ဆရာဝန်များသည် ဤသူများနှင့်ရင်းနှီး

အောင်ကြိုးစားပြီးမှ ဘုရားသခင်ထံသို့ညွှန်ပြရမည်။ သူတို့သည် ဘုရားသခင်ကိုကိုးစားလျက် သူတို့၏ရောဂါအနာများကို ပျောက်ကင်းနိုင်သောသခင်အဖြစ် ယုံကြည်လက်ခံသောအခါ စိတ်သက်သာမှုရှိ၍ ကိုယ်ခန္ဓာကျန်းမာမှုကိုရရှိပါလိမ့်မည်။

အေးစက်သောအပြုအမူအားဖြင့် အကောင်းဆုံးကုသခြင်းကိုပေးသည်ထက် မေတ္တာကရုဏာပြသခြင်းသည် လူနာကိုပို၍အကျိုးပြုပါသည်။ ဆရာဝန်တစ်ဦးသည် လူနာ၏ခုတင်ဘေးသို့ အရေးမကြီးဂရုမစိုက်သောပုံစံဖြင့်ရောက်လာပြီး မိမိ၏အပြောအဆိုအပြုအမူဖြင့် မထီမဲ့မြင်ပြုပါက သူသည်လူနာကိုအားပေးရာမရောက်ဘဲ အကျိုးမဲ့စေပါသည်။ ဤအပြုအမူများသည် လူနာ၏ရောဂါပျောက်ကင်းမှုအတွက် သူညွှန်သောဆေးများ၏ကောင်းကျိုးကိုဆန့်ကျင်စေပါသည်။

ဆရာဝန်များသည် စိတ်နှိမ့်ချပြီး ရောဂါကြောင့်အားငယ်နေသူများကို မေတ္တာနှင့်အားပေးမှုကိုငတ်မွတ်နေသူများ၏နေရာတွင်ဝင်ရောက်၍ သူတို့နှင့်အတူမျှဝေခံစားကြည့်မည်ဆိုပါက သူတို့ကိုပို၍ကိုယ်ချင်းစာတတ်ပါလိမ့်မည်။ သခင်ခရစ်တော်၏မေတ္တာကရုဏာနှင့် ဆရာဝန်၏ပညာအတွေ့အကြုံကိုပေါင်းစပ်လိုက်ပါက ထိုလူနာအတွက်အကျိုးရှိပါလိမ့်မည်။

လူနာကိုပွင့်ပွင့်လင်းလင်းဆက်ဆံခြင်းဖြင့် သူ၏ယုံကြည်ကိုးစားမှုကိုရရှိစေပြီး အနာရောဂါပျောက်ကင်းမှုအတွက် အရေးကြီးသောအထောက်အကူကို ရရှိပါလိမ့်မည်။ ဆရာဝန်အချို့သည် လူနာခံစားနေရသောရောဂါနှင့် ရောဂါဖြစ်ရသည့်အကြောင်းရင်းသဘာဝများကိုပြောမပြဘဲ ထိန်းချုပ်လိုကြပါသည်။ အဖြစ်မှန်ကိုဖော်ပြခြင်းဖြင့် ဖြစ်ပေါ်လာမည့်စိတ်လှုပ်ရှားခြင်းနှင့်စိတ်အားငယ်ခြင်းတို့ကိုစိုးရိမ်သောကြောင့် လူနာအမြောက်အမြားသည် မှားယွင်းသောမျှော်လင့်ချက်များဖြင့်ရှင်သန်လျက် မိမိတို့ရင်ဆိုင်ရမည့်ဘေးရန်ကိုမသိရှိဘဲ နောက်ဆုံးတွင်အသက်ဆုံးရှုံးကြရပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် သူ့အတွက်ဘေးရန်ပင်ဖြစ်စေနိုင်ပြီး ရောဂါပျောက်ကင်းမှုနှောင့်ယှက်ဟန့်တားစေနိုင်ပါသည်။ စိုးရိမ်မှုကြောင့် ခံစားနေရသောလူနာ



များကို ဖြစ်ရပ်မှန်အကြောင်း အကုန်အစင်အမြဲတမ်းမပြောဆိုနိုင်ပါ။ မကြာခဏ ဤသူများသည် ကျိုးကြောင်းဆင်ခြင်မှုနည်းပါးပြီး ကိုယ့်ကိုကိုယ်ချုပ်တည်းမှုအားနည်းကြသည်။ အများနှင့်မတူသောအတွေးအခေါ်များရှိ၍ လွဲမှားစွာယူဆကြပါသည်။ သူတို့၏အတွေး၌ သူတို့ခံစားနေရသောရောဂါများသည် အမှန်တကယ်ဖြစ်ပြီဟုယူဆသည်။ ထိုကြောင့် ပြုစုသောသူတို့သည် အမြဲကြင်နာလျက် မလျှော့သောသည်းခံခြင်းရှိရမည်။ လူနာကိုအဖြစ်မှန်ပြောပြလိုက်ပါက အချို့သည်စိတ်ဆိုးကြပြီး အချို့သည်စိတ်ဓာတ်ကျလိမ့်မည်။ သခင်ခရစ်တော်သည် တပည့်တော်များအား "သင်တို့အားငါပြောစရာစကားအများရှိသော်လည်း သင်တို့သည် ယခုမခံနိုင်ကြ" (ယောဟန် ၁၆း၁၂)။ အမှန်တရားကိုအမြဲတမ်းပြောဆိုရန်မသင့်သော်လည်း လိမ်ညာခြင်းသည် တရားသောအမှုမဟုတ်ပါ။ ဆရာဝန်နှင့်သူနာပြုများသည် မည်သည့်အခါမျှအမှန်တရားကို ထိမ်ဝှက်ခြင်းမပြုရပါ။ ဤကဲ့သို့ပြုလုပ်သောသူသည် ဘုရားသခင်နှင့်အတူပူးတွဲအမှုတော်မဆောင်နိုင်သကဲ့သို့ လူနာ၏ယုံကြည်ကိုးစားမှုကိုမရရှိစေဘဲ ကုသမှုလုပ်ဆောင်ရာတွင် အရေးကြီးဆုံးဖြစ်သောလူသားအကူအညီများကိုမရရှိပါ။

လူတို့သည်စိတ်၏အလိုကို နားလည်သင့်သလောက်မနားလည်ကြပါ။ စိတ်၏အလိုကိုမှန်ကန်စွာလေ့ကျင့်ပေးပါက ခန္ဓာကိုယ်တစ်ခုလုံးအတွက်ခွန်အားတိုးပွားစေ၍ ကျန်းမာရေးပြုစုပျိုးထောင်ရာတွင် အလွန်အထောက်အကူပြုပါလိမ့်မည်။ ရောဂါများနှင့်ပတ်သက်၍လည်း တန်ခိုးရှိပါသည်။ မှန်ကန်စွာလေ့ကျင့်သင်ကြားထားပါက ကျွန်ုပ်တို့၏အတွေးများကို ကောင်းမွန်စွာထိန်းချုပ်နိုင်ပြီး စိတ်နှင့်ကိုယ်ခန္ဓာ၌ ခံစားရသောရောဂါအနာများကိုတိုက်ဖျက်ရာတွင် တန်ခိုးကြီးပါလိမ့်မည်။ ဤကဲ့သို့လေ့ကျင့်ခြင်းဖြင့် အသက်တာတွင် လမ်းမှန်ကိုရောက်စေပြီး အနာရောဂါများကိုကုသရာတွင် ဆရာဝန်၏ကြိုးစားအားထုတ်မှုကို အထောက်အကူပြုလိမ့်မည်။ စိတ်အလိုရှိပါက အနာရောဂါပျောက်ကင်းနိုင်သော လူထောင်ပေါင်းများစွာရှိပါသည်။ သူတို့ဖျားနာရန် ဘုရားသခင်အလိုတော်မရှိပါ။ သူတို့ကိုပျော်ရွှင်ကျန်းမာစွာရှိရန် အလို

တော်ရှိသောကြောင့် သူတို့သည်ထိုကဲ့သို့ရှိရန် စိတ်ဆုံးဖြတ်သင့်ပါသည်။ အိပ်ရာတွင်လဲလျောင်းနေသူများသည် မိမိတို့၏အနာရောဂါများကို ကျော်လွှားလျက်လှုပ်လှုပ်ရှားရှားနေထိုင်ခြင်းဖြင့် မိမိတို့၏ရောဂါများကို တွန်းလှန်နိုင်ပါသည်။ မိမိတို့၏အနာရောဂါများကိုအနိုင်ယူကာ ခွန်အားရှိသရွေ့လုပ်ဆောင်ရမည်။ ဤကဲ့သို့လှုပ်ရှားခြင်းဖြင့် လေကောင်းလေသန့်နှင့်နေရောင်ခြည်ကိုရရှိကာ အိပ်ရာထဲတွင်လဲလျောင်းခြင်းမှ ပြန်လည်ကျန်းမာပြီး ခွန်အားပြည့်ဖြိုးလာကြပါသည်။

## ရောဂါကုသခြင်းအတွက်ကျမ်းစာပါလမ်းညွှန်ချက်များ

ကျန်းမာလိုသူများနှင့် ရောဂါပျောက်ကင်းလိုသူတို့အတွက် ကျမ်းစာတွင်သင်ခန်းစာများရှိပါသည်။ “လွန်ကျူးစေတတ်သောစပျစ်ရည်နှင့်ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့” (ဧဖက် ၅း၁၈)။ ကျန်းမာခြင်းနှင့်မညီညွတ်သော စိတ်ကြွစေသည့်အရာများသုံးစွဲခြင်းဖြင့် ရရှိသောစိတ်လှုပ်ရှားခြင်း (သို့မဟုတ်) သတိလွတ်ခြင်း၊ မှားသောစိတ်နှင့်အလိုကိုလိုက်ခြင်းဖြင့် ခန္ဓာကိုယ်နှင့်စိတ်အတွက် စစ်မှန်သောကျန်းမာခြင်းနှင့်ပြန်လည်လန်းဆန်းခြင်းကိုမရရှိနိုင်ပါ။ ဖျားနာသောသူအမြောက်အမြားတွင် ဘုရားသခင်နှင့်ဝေးကွာလျှင် အားကိုးရာမဲ့ဖြစ်နေပါသည်။ သူတို့သည် အလိုမပြည့်နိုင်သောစိတ်များ၊ မှားယွင်းသောရမ္မက်များနှင့် စိတ်၏ဖိစီးမှုကိုခံနေရကာ ဘဝ၌ဆုတ်ကိုင်မှုအားနည်းလာပြီး နောင်ဘဝအတွက်မြော်လင့်ချက်မရှိတော့ပါ။ လူနာစောင့်များသည် ထိုသူတို့၏မှားယွင်းသောအလိုရမ္မက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် လူနာများကိုအကျိုးမရှိစေနိုင်ပါ။ ဤအရာများသည် သူတို့၏ဘဝကိုဖျက်ဆီးခဲ့ပါသည်။ ဤအရာများတွင်ကျင်လည်နေသရွေ့ သူတို့၏ဆာလောင်နေသောဝိညာဉ်တို့သည် ကျေနပ်ရောင့်ရဲနိုင်မည်မဟုတ်ပါ။ တစ်ကိုယ်ကောင်းဆန်သော မိမိအလိုကိုလိုက်ခြင်းတွင် စစ်မှန်သောပျော်ရွှင်မှုမရှိပါ။ သူတို့သည် ရရှိသောပျော်ရွှင်မှုကို ထာဝရဟု



ထင်မှတ်ကြ၍ စိတ်လှုပ်ရှားမှုပြေပျောက်ပြီး ငြိမ်းအေးသောအခါ စိတ်ပျက်ခြင်းနှင့်အလိုမပြည့်ခြင်းဖြင့် ကျန်ရစ်ခဲ့ကြပါသည်။

ထာဝရငြိမ်းချမ်းခြင်းနှင့် စစ်မှန်သောငြိမ်သက်ခြင်းရရှိနိုင်သောနည်းလမ်းတစ်ခုသာရှိပါသည်။ ဤအရာနှင့်ပတ်သက်၍ သခင်ခရစ်တော်က မိန့်မှာခဲ့သည်မှာ “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည်ချမ်းသာပေးမည်” (မဿဲ ၁၁း၂၈)။ “ငြိမ်သက်ခြင်းကိုသင်တို့၌ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ငါပေးသည်မဟုတ်” (ယောဟန် ၁၄း၂၇)။ ဤငြိမ်သက်ခြင်းသည် သခင်ခရစ်တော်၌တည်ရှိပြီး ကိုယ်တော်ကိုလက်ခံခြင်းဖြင့် ဘုရားသခင်နှင့်အတူ ဤငြိမ်သက်ခြင်းကိုရရှိပါမည်။

သခင်ခရစ်တော်သည် အသက်တာ၏စမ်းရေဖြစ်ပါသည်။ လူများစွာသည် သခင်ခရစ်တော်ကိုပိုမိုသိကျွမ်းရန်လိုအပ်ပါသည်။ အနာရောဂါများကိုပျောက်ကင်းစေနိုင်သော ကောင်းကင်နိုင်ငံတော်မှတန်ခိုးကို လက်ခံရရှိနိုင်ရန် ကျွန်ုပ်တို့သည် သူတို့ကိုစိတ်ရှည်စွာဖြင့် မေတ္တာကိုအခြေခံလျက်စိတ်စေတနာအပြည့်ဖြင့်သင်ကြားပေးရမည်။ ဘုရားသခင်၏မေတ္တာအလင်းသည် မှောင်မိုက်နေသောသူတို့၏စိတ်ကို ထွန်းတောက်စေသောအခါ ရင်ထဲ၌ခံစားနေရသောကျေနပ်မှုမရှိ၊ ငြိမ်သက်ခြင်းကင်းမဲ့သောစိတ်များသည် ပျောက်ကွယ်သွားပြီး ပျော်ရွှင်သောအသက်တာဖြင့် စိတ်ကိုကျန်းမာစေ၍ ကိုယ်ကာယခွန်အားကိုတိုးစေပါမည်။

ကျွန်ုပ်တို့သည် ခက်ခဲမှုပင်လယ်ဝေနေသည့် ဤလောက၌ကျင်လည်ကြပါသည်။ ကောင်းကင်အိမ်တော်သို့သွားရာလမ်းတစ်လျှောက်တွင် အခက်အခဲများ၊ စုံစမ်းနှောင့်ယှက်မှုများနှင့် ဝမ်းနည်းကြေကွဲမှုများစွာရှိပါသည်။ သို့သော်လည်း လူအမြောက်အမြားသည် မိမိတို့မခံစားရသေးသောခက်ခဲမှုများကိုမျှော်ကိုးလျက် အသက်တာကိုပို၍ခက်ခဲစေပါသည်။ အခက်အခဲများနှင့်ကြုံရသောအခါ သူတို့၏စိတ်ထဲတွင် အားလုံးဆုံးရှုံးသွားပြီဟုခံစားရပြီး သူတို့၏အခက်အခဲများသည် ဤလောက၌အခက်ခဲဆုံးဖြစ်ပြီး သူတို့

ပျက်စီးတော့မည်ဟု ခံစားကြပါသည်။ ဤနည်းအားဖြင့် သူတို့သည် မိမိကိုယ်ကိုဘေးရန်တွေ့စေပြီး သူတို့၏ပတ်ဝန်းကျင်တွင် အမှောင်ရိပ်ကျစေပါသည်။ အသက်ရှင်ခြင်းသည် သူတို့အတွက်ဝန်ထုပ်ကြီးသဖွယ်ဖြစ်လာပါသည်။ သို့သော်လည်း ဤကဲ့သို့မဖြစ်သင့်ပါ။ မိမိ၏အတွေးအခေါ်ရေစီးကြောင်းကိုပြောင်းလဲရန် ခွန်အားလိုသော်လည်း ပြောင်းလဲမှုကိုပြုလုပ်ရမည်။ ယခုဘဝနှင့်နောင်ဘဝတွင် သူတို့၏ပျော်ရွှင်မှုသည် ကောင်းမွန်ပျော်ရွှင်သောအရာများကို စဉ်းစားတွေးတောခြင်း၌မူတည်ပါသည်။ အတွေးအရိပ်၌မြင်နေရသော မှောင်မိုက်သည့်ပုံရိပ်များမှစွန့်ခွာလျက် သူတို့၏အသက်တာလမ်းကြောင်းတွင် ဘုရားသခင်ကြဲချတော်မူထားသည့် ကောင်းချီးများကိုအာရုံပြောင်းပါစေ။ ထိုမှတစ်ဆင့် မမြင်ရသေးသောနောင် ထာဝရကိုမျှော်ကြည့်ရမည်။

ရင်ဆိုင်ရသောစုံစမ်းနှောင့်ယှက်ခြင်းတစ်ခုစီအတွက် ဘုရားသခင်အကူအညီပေးသနားတော်မူပါလိမ့်မည်။ ဣသရေလလူမျိုးတို့သည် သိမ်တောရှိမာရအရပ်သို့ရောက်၍ ခါးသောရေကိုမသောက်နိုင်သောအခါ မောရှေသည် ဘုရားသခင်ထံအကူအညီတောင်းခံပါသည်။ ဘုရားသခင်သည် အသစ်သောအရာများကိုဖန်ဆင်းခြင်းမရှိဘဲ ရှိပြီးသောအရာများကို အသုံးပြုတော်မူပါသည်။ ဘုရားသခင်ဖန်ဆင်းတော်မူထားသည့် သစ်ပင်တစ်ပင်ကိုခုတ်လှဲ၍ရေထဲသို့ချလိုက်သောအခါ ထိုရေသည် ချိုသွားပါတော့သည်။ ဤအမှုကိုပြုပြီးသောအခါ ဣသရေလတို့သည် ရေကိုသောက်သုံး၍လန်းဆန်းသွားကြပါသည်။ ရင်ဆိုင်ရသောစုံစမ်းနှောင့်ယှက်မှုတိုင်းတွင် ဘုရားသခင်ကိုအကူအညီတောင်းပါက ကိုယ်တော်သည် မစတော်မူပါလိမ့်မည်။ နှုတ်တော်ထွက်စကားတွင်ပါရှိသော ကျန်းမာခြင်းကတိတော်များကိုမြင်လာရန် မျက်စိဖွင့်ပေးတော်မူလိမ့်မည်။ ရင်ဆိုင်ရသောစုံစမ်းနှောင့်ယှက်မှုများကို မည်ကဲ့သို့ကုစားရန် ရရှိထားသောကောင်းချီးများကို မည်ကဲ့သို့အသုံးပြုရမည့်အကြောင်းအား သန့်ရှင်းသောဝိညာဉ်တော်က သွန်သင်တော်မူပါလိမ့်မည်။ ကျွန်ုပ်တို့



ရင်ဆိုင်ရသော ခါးသီးသည့်စုံစမ်းနှောင့်ယှက်မှုတစ်ခုစီအတွက် ဘုရားသခင်သည်ကူညီမစလိမ့်မည်။

နောင်ကာလ၌ရင်ဆိုင်ရမည့် ခက်ခဲသောဖြစ်ရပ်များနှင့် အဖြေမရနိုင်သောအရာများအတွက် နှလုံးဒူးတုန်ပြီး လက်မလျှော့သင့်ပါ။ "ငါ၏အစွမ်းတန်ခိုးကိုကိုးစား၍ ငါနှင့်မိတ်သဟာယဖွဲ့ကြစေ၊ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော" ဟေရှာယ ၂၇း၅။

မိမိဘဝကိုဘုရားသခင်ထံအပ်နှံပြီး ကိုယ်တော်၏အလိုတော်ကိုလိုက်လျှောက်သူတိုင်းသည် ဘုရားသခင်အစီအမံမရှိသောအရာများနှင့်မရင်ဆိုင်ရပါ။ အခြေအနေမည်ကဲ့သို့ရှိစေကာမူ နှုတ်တော်ထွက်စကားအတိုင်းလိုက်လျှောက်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလမ်းပြတော်မူပြီး မည်မျှရှုပ်ထွေးစေကာမူ ကိုယ်တော်သည် ဖြေရှင်းပေးတော်မူလိမ့်မည်။ မည်မျှဝမ်းနည်းကြေကွဲပြီး အထီးကျန်စေကာမူ ကျွန်ုပ်တို့၌မေတ္တာကရုဏာနှင့်ပြည့်ဝသောအဖော်ရှိပါသည်။

ကျွန်ုပ်တို့၏မပြည့်စုံမှုကြောင့် အမှားများပြုလုပ်မိသော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစွန့်ပယ်တော်မမူပါ။ ကျွန်ုပ်တို့သည် အထီးကျန်မှုကိုခံစားရန်မလိုပါက ကောင်းကင်တမန်များသည် ကျွန်ုပ်တို့ကိုအဖော်ပြုနေပါသည်။ သခင်ခရစ်တော်ကတိထားသည့်အတိုင်း သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိပါသည်။ ကိုယ်တော်၏နိုင်ငံတော်သို့ ချီတက်သွားရာလမ်းတစ်လျှောက်တွင် ကျွန်ုပ်တို့မအောင်မြင်နိုင်သော စုံစမ်းနှောင့်ယှက်မှုတစ်ခုမျှမရှိပါ။ မလွတ်မြောက်နိုင်သော ဘေးရန်တစ်ခုမျှမရှိပါ။ ဘုရားသခင်မကူညီနိုင်သော ဝမ်းနည်းကြေကွဲခြင်းနှင့်ခွန်အားနည်းမှုတစ်ခုမျှမရှိပါ။

မည်သူတစ်ဦးတစ်ယောက်မျှသည် ဝမ်းနည်းကြေကွဲလျက်စိတ်မပျက်သင့်ပါ။ စာတန်သည် ရက်စက်သောအကြံအစည်များနှင့် သင့်ထံသို့ရောက်ရှိလာပြီး "သင်သည်မျှော်လင့်ချက်မရှိ၊" "သင့်ကိုမည်သူမျှမကူညီနိုင်" ဟုပြောဆိုလိမ့်မည်။ သို့သော်လည်း သခင်ခရစ်တော်၌ သင့်အတွက်မျှော်လင့်ချက်ရှိပါသည်။ မိမိခွန်အားကိုအသုံးပြု၍ အောင်မြင်ရန်ဘုရားသခင်က

ကျွန်ုပ်တို့ကိုအလိုတော်မရှိပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကိုအထံတော်သို့ ချဉ်းကပ်ရန် ဖိတ်ခေါ်တော်မူပါသည်။ လေးလံသောဝန်ထုပ်များကိုထမ်းရွက်ထားသောကြောင့် ကိုယ်ခန္ဓာနှင့်စိတ်၌ မည်မျှလေးလံစေကာမူ ကျွန်ုပ်တို့ကို ချမ်းသာပေးရန် ကိုယ်တော်စောင့်နေပါသည်။

လူဇာတိကိုမခံယူသောသခင်သည် လူသားတို့ရင်ဆိုင်ရသည့်အခက်အခဲများကို စာနာတော်မူပါသည်။ သခင်ခရစ်တော်သည် လူသားတစ်ဦးစီနှင့် သူတို့ရင်ဆိုင်နေရသည့်အခက်အခဲများကို သိတော်မူသည့်အပြင် သူတို့တစ်ဦးစီ၏အခြေအနေကိုလည်း သိတော်မူပါသည်။ ကျွန်ုပ်တို့တစ်ဦးစီကို သနားပြီး အခက်အခဲများကို ကိုယ်တော်၏ခြေတော်ရင်း၌ချထားရန် ကျွန်ုပ်တို့ကိုအလိုတော်ရှိပါသည်။

ကျွန်ုပ်တို့သည် ကိုယ့်ကိုကိုယ်အားကိုးပြီးသုံးသပ်ခြင်းဖြင့် စာတန်သည် ကျွန်ုပ်တို့၏စုံစမ်းနှောင့်ယှက်မှုများနှင့်အခက်အခဲများကိုဖော်ပြပြီး ကျွန်ုပ်တို့ကိုယုံကြည်ခြင်းအားနည်းစေကာ ခွန်အားကိုဖျက်ဆီးလိမ့်မည်။ ကျွန်ုပ်တို့၏ခံစားမှုများနှင့် စိတ်များ၏အလိုလိုက်ခြင်းသည် သံသယစိတ်ကို ပွားစေလျက် စိုးရိမ်မှုကိုဖြစ်စေပါသည်။ သခင်ခရစ်တော်ကိုမျှော်ကြည့်ရမည့်အစား ကိုယ့်ကိုကိုယ်အားကိုးလာကြသည်။

ကျွန်ုပ်တို့၏ပတ်လည်တွင် စုံစမ်းနှောင့်ယှက်မှုများ၊ အခက်အခဲများနှင့်ဘေးရန်များဝန်းရံပြီး စိတ်ဝိညာဉ်၌အမှောင်ကျနေသောအခါ အလင်းတော်ကိုနောက်ဆုံးမြင်ခဲ့ရသည့်နေရာကို ပြန်ကြည့်ပါ။ ကိုယ်တော်၏မေတ္တာနှင့်အကာအကွယ်ကိုခိုလှုံပါ။ မိမိတို့၏စိတ်နှလုံးတွင် အပြစ်များနှင့်ရင်ဆိုင်တိုက်လှန်နေရသောအခါ၊ အပြစ်ကြောင့်ဝန်လေးပြီး စိတ်ပင်ပန်းသောအခါ၊ သံသယစိတ်များပြည့်လျှံနေသောအခါများတွင် ကိုယ်တော်ထံမှရရှိသောခွန်အားသည် အပြစ်တရားကိုအောင်မြင်နိုင်ပြီး အမှောင်ကိုဖယ်ရှားနိုင်သည်ကိုမမေ့ပါနှင့်။ သခင်ခရစ်တော်နှင့်စကားပြောခြင်းဖြင့် ငြိမ်သက်ခြင်းကိုရရှိပါလိမ့်မည်။





## ကတိတော်များ

"ထာဝရဘုရားသည် မိမိကျွန်တို့၏အသက်ဝိညာဉ်ကိုရွေးနုတ်တော်မူသည်ဖြစ်၍ ကိုယ်တော်ကိုခိုလှုံသောသူတစ်စုံတစ်ယောက်မျှ အပြစ်စီရင်ခြင်းကိုမခံရ" ဆာလံ ၃၄း၂၂။

"ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် အားကြီးသောကိုးစားရာအခွင့်ကို ဖြစ်စေတတ်၏။ သားတော်တို့သည်လည်း ခိုလှုံရာအရပ်ကိုရကြလိမ့်မည်" သုတ္တံ ၁၄း၂၆။

"ဇိအုန်ကလည်း၊ ထာဝရဘုရားသည် ငါ့ကိုစွန့်ပစ်တော်မူပြီ။ ဘုရားသခင်သည် ငါ့ကိုမေ့လျော့တော်မူပြီဟုဆိုလေသော် မိန်းမသည် မိမိဖွားသောသားကိုမသနားသည့်တိုင်အောင်၊ မိမိနို့စို့သူငယ်ကိုမေ့လျော့နိုင်သလော၊ အကယ်၍မေ့လျော့သော်လည်း၊ သင့်ကိုငါမမေ့လျော့၊ ငါသည်ကိုယ့်လက်ဝါး၌သင့်ကိုစာထိုးပြီ၊ သင်၏မြို့ရိုးသည် ငါ့ရှေ့မှာအစဉ်ရှိ၏" ဟေရှာယ ၄၉း၁၄–၁၆။

"မစိုးရိမ်နှင့်၊ ငါသည်သင့်ဘက်မှာရှိ၏။ မကြောက်နှင့်၊ သင်၏ဘုရားသခင်ငါသည် သင့်ကိုခိုင်ခံ့စေမည်။ သင့်ကိုစောင့်မမည်၊ ငါ့သစ္စာလက်ယာလက်ဖြင့်ထောက်ပင့်မည်" ဟေရှာယ ၄၁း၁၀။

"အိုယာကုပ်အမျိုးသားတို့၊ ငါ့စကားကိုနားထောင်ကြလော့၊ ကျန်ကြွင်းသောဣသရေလအမျိုးသားအပေါင်းတို့၊ ဖွားစကပင် သင်တို့ကိုငါထမ်းလေပြီ၊ အမိဝမ်းထဲမှစ၍ငါဆောင်ရွက်လေပြီ၊ သင်တို့အသက်ကြီး၍ ဆံပင်ဖြူသည်တိုင်အောင် ငါသည်ထိုသို့သောသူဖြစ်၍ သင်တို့ကိုဆောင်ရွက်မည်။ ငါပြုခဲ့ပြီးသည့်အတိုင်းထမ်းဦးမည်။ ဆောင်ရွက်၍ကယ်တင်မည်" ဟေရှာယ ၄၆း၃–၄။

ကျေးဇူးသိတတ်ပြီး ဘုန်းတော်ကိုချီးမွမ်းသည့်စိတ်ထက် ကိုယ်စိတ်နှလုံးကို ကျန်းမာစေသောအရာမရှိပါ။ ဆုတောင်းရန်ဝတ္တရားရှိသည့်အတိုင်း စိတ်ဓာတ်ကျခြင်းနှင့်ကျေနပ်မှုမရှိသော အတွေးများနှင့်ခံစားမှုများကိုဖယ်ရှား

ရန်တာဝန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသို့တက်လှမ်းနေပါက အဖဘုရားသခင့်အိမ်တော်ခရီးစဉ်တစ်လျှောက်တွင် ဝမ်းနည်းခြင်း၊ မြည်တမ်းခြင်းနှင့်တိုင်တောခြင်းမပြုလုပ်နိုင်ပါ။

အမြဲတမ်းညည်းတွားလျက် ပျော်ရွှင်ခြင်းနှင့်ဝမ်းမြောက်ခြင်းသည် အပြစ်ဟုထင်သည့်ခရစ်ယာန်သည် စစ်မှန်သောခရစ်ယာန်ဘာသာကို ယုံကြည်သူမဟုတ်ပါ။ ဤလောကရှိစိတ်ပျက်ဖွယ်အရာများ၌ ညည်းတွားရန်ပျော်ပိုက်သူများ၊ လှပသောပန်းများကိုကောက်မည့်အစား သစ်ရွက်ခြောက်ကိုသိမ်းဆည်းလိုသူများ၊ စိမ်းလန်းသောတောင်ကုန်းများနှင့်မြေပြန့်များတွင် သဘာဝအလှကိုရှာဖွေသောသူများ၊ နားထောင်သူအတွက်သာယာနာပျော်ဖွယ်အသံကိုဖြစ်စေသည့် သဘာဝ၏တေးသီချင်းများကို နားမထောင်လိုသူများသည် သခင်ခရစ်တော်၌တည်သောသူများမဟုတ်ပါ။ သူတို့သည် မိမိ၏စိတ်နှလုံးဝယ်အနာပျောက်စေသောနေရောင်ခြည်တော်နှင့် ပေါ်ထွန်းတော်မူသည့်တရားတော်နေမင်း၏အလင်းတော်ကို သိမ်းစုမည့်အစား အမှောင်ထုနှင့်စိတ်ပျက်ခြင်းကို စုဆောင်းနေပါသည်။ တစ်ခါတစ်ရံတွင် နာကြည်းမှုကြောင့်သူတို့၏စိတ်သည် ကြည်လင်မှုမရှိပါ။ သူတို့သည် မှန်ကန်စွာစဉ်းစားနိုင်ရန် မကြိုးစားကြပါ။ သခင်ခရစ်တော်သည် သင့်ကိုချစ်တော်မူကြောင်းကို သင်သိပါသည်။ သင်၏အားနည်းချက်များကို ကိုယ်တော်သိပါသည်။ ဘုရားသခင်၏ရင်ခွင်၌အနားယူခြင်းဖြင့် ကိုယ်တော်၏အလိုတော်ကိုလိုက်လျှောက်နိုင်ပါသည်။

ကျွန်ုပ်တို့၏အတွေးအခေါ်များနှင့်ခံစားမှုများသည် ကျွန်ုပ်တို့၏ရွေးချယ်မှု၌တည်သည်မှာ သဘာဝဖြစ်ပါသည်။ ကျွန်ုပ်တို့ပြောဆိုသောစကားများသည် ကျွန်ုပ်တို့၏အတွေးများကိုဖော်ပြသကဲ့သို့ အတွေးများသည် ကျွန်ုပ်တို့ပြောသောစကားများနောက်သို့လိုက်သည်မှာ မှန်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းပိုမိုဖော်ပြပြီး ခံစားရသောကောင်းချီးများ၌ ပိုမိုပျော်ပိုက်လျက် ဘုရားသခင်၏ကြီးမားသောကရုဏာနှင့်မေတ္တာအကြောင်း၌ ပိုမိုပျော်မွေ့လျှင် ယုံကြည်ခြင်းပိုမိုတိုးပွားပြီး ပိုမိုပျော်ရွှင်ရပါမည်။ ဘုရားသခင်



၏မေတ္တာတော်နှင့်ကောင်းခြင်း၊ ကျေးဇူးတင်ဝမ်းမြောက်ခြင်းဖြင့် ခံစားရသောကောင်းချီးများကို နှုတ်အားဖြင့်မဖော်ပြနိုင်၊ လူသားတို့၏စိတ်ဖြင့်လည်းအပြည့်အဝနားမလည်နိုင်ပါ။ ဤလောက၌ရှိစဉ်တွင်ပင် ဘုရားသခင်၏ပလ္လင်တော်မှယိုစီးနေသောဝမ်းမြောက်ခြင်းဖြင့် ကျွန်ုပ်တို့သည် စမ်းရေတွင်းများထဲသို့ အစဉ်ရှင်သန်ဝမ်းမြောက်နိုင်ပါမည်။

ဘုရားသခင်၏အနှိုင်းမရှိသောမေတ္တာအကြောင်းကို ချီးကျူးပြောဆိုရန် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်နှုတ်များကိုလေ့ကျင့်ကြပါစို့၊ ကရာနိကုန်းပေါ်က လက်ဝါးကပ်တိုင်မှထွက်ပေါ်တော်မူသည့်အလင်း၌ခိုလှုံပြီး မျှော်လင့်အားကိုးရန် ကျွန်ုပ်တို့၏ဝိညာဉ်များကိုသွန်သင်ကြပါစို့။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံတော်၏ဘုရားသခင်၊ သခင်တကာတို့၏သခင်၏သားသမီးများဖြစ်ကြောင်းကို မည်သည့်အခါမျှမမေ့အပ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံငြိမ်သက်ခြင်းရရှိနိုင်ပါသည်။

"သင်တို့၏စိတ်နှလုံးထဲ၌ ခရစ်တော်၏ငြိမ်သက်ခြင်းအုပ်စိုးစေ။ ---ကျေးဇူးတော်ကိုသိသောစိတ်ရှိကြလော့" (ကောလောသဲ ၃း၁၅)။ ကျွန်ုပ်တို့၏အခက်အခဲများကိုမစဉ်းစားဘဲ ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန်အသက်ရှင်ခွင့်ရသည့်အတွက် ကျေးဇူးတော်ကိုချီးမွမ်းကြပါစို့။ ဘုရားသခင်၏မေတ္တာဖြင့် နေ့စဉ်ခံစားရသောကောင်းချီးအသစ်များကြောင့် မိမိ၏စိတ်နှလုံးထဲ၌ ကိုယ်တော်ကိုချီးမွမ်းကြပါ။ နံနက်မိုးလင်း၍မျက်စိဖွင့်သောအခါ တစ်ညတာကောင်းမွန်စွာစောင့်ရှောက်ခဲ့သည့်အတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ သင်၏စိတ်ထဲ၌ခံစားရသော ကိုယ်တော်၏ငြိမ်သက်ခြင်းကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ။ နံနက်၊ နေ့လယ်၊ ညမပြတ်ကျေးဇူးတော်ချီးမွမ်းခြင်းသည် ကောင်းကင်သို့အလွန်မွှေးကြိုင်သောဆီမွှေးများကဲ့သို့ လွင့်တက်သွားပါစေ။

သင်၏အခြေအနေကို တစ်ဦးတစ်ယောက်ကမေးသောအခါ သူတစ်ပါးသနားကြင်နာလာရန် ကြံဖန်စဉ်းစား၍မဖြေပါနှင့်။ သင်၏ယုံကြည်ခြင်းအားနည်းမှုနှင့်ရင်ဆိုင်ရသောအခက်အခဲများကို မပြောဆိုပါနှင့်။

စာတန်သည် ဤစကားများကိုကြားလိုပြီး ဤမသာယာသောအကြောင်းများကိုပြောဆိုခြင်းဖြင့် သူ့ကိုဝမ်းမြောက်စေပါသည်။ စာတန်သည် ကျွန်ုပ်တို့ကိုအောင်မြင်နိုင်ရန် အခွင့်ရရှိသွားပါမည်။ ကျွန်ုပ်တို့သည် သူ၏အကြောင်းကိုပြောဆိုခြင်းဖြင့် သူ၏လက်ခုပ်တွင်းသို့ရောက်သွားကြသည်။ ဤကဲ့သို့ပြောကြားမည့်အစား ဘုရားသခင်၏တန်ခိုးတော်အကြောင်းကိုပြောကြားပြီး ကျွန်ုပ်တို့၏စိတ်နှလုံးကို ကိုယ်တော်၏သဘောတော်နှင့်ပေါင်းစပ်လိုက်ပါ။ အနှိုင်းမရှိသောသခင်ခရစ်တော်၏မေတ္တာတော်နှင့် ဘုန်းတော်အကြောင်းကိုပြောဆိုကြပါ။ ကောင်းကင်နိုင်ငံတစ်ခုလုံးသည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုစိတ်ဝင်စားလျက်ရှိပါသည်။ ကယ်တင်ခြင်းအမွေကိုဆက်ခံမည့်သူများအား မရေတွက်နိုင်သောကောင်းကင်တမန်များက ကူညီရန်ချထားပါသည်။ သူတို့သည် ကျွန်ုပ်တို့ကိုကာကွယ်တော်မူပြီး ကျွန်ုပ်တို့ကိုဖျက်ဆီးရန် ရှေ့သို့တက်လှမ်းလျက်ရှိသော မှောင်မိုက်ခြင်းကိုနောက်သို့တွန်းလှန်နေကြပါသည်။ ထို့အတွက်ကြောင့် အချိန်တိုင်းတွင်ကျေးဇူးမတင်ထိုက်ပါလား။ ကျွန်ုပ်တို့၏လမ်းခရီး၌ အခက်အခဲများရှိစေကာမူ ကျေးဇူးတော်ကိုချီးမွမ်းသင့်ပါသည်။

## ဘုန်းတော်ချီးမွမ်းခြင်း

ကျေးဇူးတော်နှင့်ဘုန်းတော်ကိုသီချင်းအားဖြင့်ချီးမွမ်းပါ။ စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ မိမိတို့၏စိတ်ခံစားချက်များကို အလိုလိုက်မည့်အစားယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းသီဆိုပါ။

"အိုဘုရားသခင်၊ ကိုယ်တော်၏မေတ္တာ၌တည်၍ ဤလောကတွင်အသေခံပြီး ယခုအထက်သို့ပြန်ကြွသွားတော်မူသည့် သားတော်ယေရှုအတွက် ဘုန်းတော်ကိုချီးမွမ်းပါ၏။"

"အိုဘုရားသခင်၊ ကျွန်ုပ်တို့၏အမှောင်ထုကိုထိုးဖောက်ပြီး ကယ်တင်ပိုင်သူကိုပြတော်မူသည့် အလင်းဆောင်သောဝိညာဉ်တော်အတွက် ဘုန်းတော်ကိုချီးမွမ်းပါ၏။"



"ကျွန်ုပ်တို့၏အပြစ်များအတွက် အသေသတ်ခြင်းကိုခံရပြီး အစွန်းအထင်းများကိုဆေးကြောတော်မူခဲ့သည့် သိုးသငယ်၏ဘုန်းတော်နှင့်ကျေးဇူးတော်ကိုချီးမွမ်းကြပါသည်။"

"ကျွန်ုပ်တို့ကိုရှာဖွေတော်မူပြီး အသွေးတော်ဖြင့်ဝယ်ကာ လမ်းပြခဲ့တော်မူသည့် ဘုရားသခင်၏ကျေးဇူးတော်သခင်၏ဘုန်းတော်နှင့် ကျေးဇူးတော်ကိုချီးမွမ်းကြပါသည်။"

"အထက်ကောင်းကင်မှလာသောမီးဖြင့် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကိုတောက်လောင်စေပြီး ကိုယ်တော်၏မေတ္တာသည် ကျွန်ုပ်တို့၏နှလုံး၌ပြည့်လျှံစေကာနိုးကြားကြပါစေ။"

ထပ်ဆို– (ဟာလေလုယာကိုယ်တော်၏ဘုန်းတော်၊ ဟာလေလုယာအာမင်)၂

တေးသီချင်းသည် စိတ်ပျက်မှုကိုတိုက်လှန်သောလက်နက်ဖြစ်ပါသည်။ ကယ်တင်ပိုင်သူ၏နေရောင်ခြည်အလင်းရောင်များသည် အထဲသို့ဝင်နိုင်ရန် ကျွန်ုပ်တို့၏နှလုံးတံခါးကိုဖွင့်ပေးခြင်းဖြင့် ကျန်းမာခြင်းနှင့်အတူကောင်းချီးများကိုခံစားရပါသည်။

"ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဘုန်းကျေးဇူးတော်ကိုချီးမွမ်းကြလော့။–––ရွေးနုတ်တော်မူသောသူတို့သည်ဝန်ခံကြစေ။"

"ထာဝရဘုရားကိုသီချင်းဆိုကြလော့၊ ဆာလံသီချင်းကိုဆိုကြလော့၊ အံ့ဖွယ်သောအမှုတော်အပေါင်းတို့ကိုဟောပြောကြလော့၊ သန့်ရှင်းသောနာမတော်၌ ဝါကြွားဝမ်းမြောက်ကြလော့၊ ထာဝရဘုရားကိုရှာသောသူတို့သည် စိတ်နှလုံးရွှင်လန်းကြစေ။"

"တောင့်တသောဝိညာဉ်ကိုရောင့်ရဲစေ၍ မွတ်သိပ်သောဝိညာဉ်ကိုလည်း ကောင်းသောအရာနှင့်ဝစေတော်မူ၏။–––မှောင်မိုက်သေမင်းအရိပ်၌ထိုင်လျက် အခက်အခဲနှင့်လည်းကောင်း၊ သံကြိုးနှင့်လည်းကောင်း ချည်နှောင်လျက်နေရကြ၏။–––ဆင်းရဲသောအခါ ထာဝရဘုရားကိုအော်ဟစ်၍ ဆင်းရဲ

ခြင်းထဲကကယ်တင်တော်မူ၏။ မှောင်မိုက်နှင့်သေမင်းအရိပ်ထဲကထုတ်ဆောင်၍ သူတို့ချည်နှောင်ခြင်းကိုဖြေတော်မူ၏။ လူသားတို့၌ပြုတော်မူသောကရုဏာနှင့်အံ့ဖွယ်သောအမှုတော်ကိုထောက်၍ ထာဝရဘုရား၏ဘုန်းကျေးဇူးတော်ကိုချီးမွမ်းကြစေ။"

"အိုငါ့ဝိညာဉ်၊ သင်သည်အဘယ်ကြောင့်ညှိုးငယ်သနည်း။ ငါ့အထဲမှာအဘယ်ကြောင့်မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကိုမျှော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောသခင်၊ ငါ့ကိုးကွယ်သောဘုရားသခင်၏ကျေးဇူးတော်ကို ငါချီးမွမ်းထောမနာပြုရလေအံ့သနည်း။" ဆာလံ ၁၀၇း၁၂။ ၁၀၅း၂၃။ ၁၀၇း၉–၁၅။ ၄၂း၁၁။

"အရာရာ၌ကျေးဇူးတော်ကိုချီးမွမ်းကြလော့၊ အကြောင်းမူကား၊ သင်တို့သည်ထိုသို့ကျင့်စေခြင်းငှာ၊ ယေရှုခရစ်၌ဘုရားသခင်အလိုတော်ရှိ၏" ၁သက် ၅း၁၈။

ဤအမိန့်တော်အရ ကျွန်ုပ်တို့အလိုမကျဘဲဖြစ်ပေါ်သောအရာတို့သည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက်ဖြစ်သည်ကို သိရပါသည်။ ကျွန်ုပ်တို့ကိုဘေးရန်ဖြစ်စေမည့်အရာများအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုကျေးဇူးတော်ချီးမွမ်းခိုင်းမည်မဟုတ်ပါ။

"ထာဝရဘုရားသည် ငါ၏အလင်း၊ ငါ့ကိုကယ်တင်သောသခင်ဖြစ်တော်မူ၏။ ငါသည်အဘယ်သူကိုကြောက်ရအံ့နည်း။ ထာဝရဘုရားသည်ငါ၏အသက်ခိုလှုံရာဖြစ်တော်မူ၏။ ငါသည် အဘယ်သူကိုကြောက်လန့်ရအံ့နည်း။"

"ဘေးရန်ရောက်သောကာလ၊ တဲတော်တွင်ငါ့ကိုကွယ်ကာတော်မူမည်။ ဗိမာန်တော်အတွင်းအရပ်၌ ငါ့ကိုဝှက်ထားတော်မူမည်။ ထိုကြောင့်ဗိမာန်တော်မှာတံပိုးကိုမှုတ်ခြင်းနှင့်တကွ ယဇ်ပူဇော်ပါမည်။ သီချင်းဆိုပါမည်။ ထာဝရဘုရားကိုထောမနာသီချင်းဆိုပါမည်။"

"ငါသည်ထာဝရဘုရားကိုစေ့စေ့မြော်လင့်သည့်ကာလ၊ ငါ့ကိုမျက်နှာပြု၍ ငါအော်ဟစ်သောအသံကိုကြားတော်မူ၏။ ပျက်စီးရာတွင်းနှင့်အလွန်



ဆိုးသောရွံ့ထဲက ငါ့ကိုဆယ်နုတ်ပြီးလျှင် ငါ့ခြေတို့ကိုကျောက်ပေါ်မှာတင်၍ ငါ့ခြေရာတို့ကိုတည်စေတော်မူ၏။ ထိုသို့ငါတို့ဘုရားသခင်ကိုချီးမွမ်းရာသီချင်းသစ်ကို ငါမြွက်ဆိုစေခြင်းငှာ အခွင့်ပေးတော်မူ၏။"

"ငါတောင်းလျှောက်သောအသံကိုနားထောင်တော်မူပြီ။ ထာဝရဘုရားသည်ငါ၏ခွန်အား၊ ငါ၏အကွယ်အကာဖြစ်တော်မူ၏။ ငါ့နှလုံးသည်ထိုဘုရားသခင်ကိုကိုးစား၍၊ ငါ့ကိုစောင့်မတော်မူသောကြောင့် ငါ့နှလုံးသည်ရွှင်လန်းလျက်ရှိ၏။ သီချင်းဆိုလျက် ဘုန်းတော်ကိုငါချီးမွမ်းမည်" ဆာလံ ၂၇း၁။ ၂၇း၅၊၆။ ၄၀း၁–၃။ ၂၈း၇။

လူနာများရောဂါပျောက်ရန် အဓိကဟန့်တားချက်မှာ တစ်ကိုယ်ကောင်းဆန်ခြင်းဖြစ်ပါသည်။ နာမကျန်းသောသူအမြောက်အမြားသည် မိမိတို့ကိုအခြားလူတိုင်းကသနားရမည်၊ ဂရုစိုက်ရမည်ဟုထင်မှတ်ကြပါသည်။ သို့သော်လည်း အမှန်တကယ်လိုအပ်ချက်မှာ ကိုယ့်ကိုကိုယ်ချစ်ခြင်းထက်အခြားသူများကိုသတိရဂရုစိုက်ခြင်းဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲနေသူများ၊ စိတ်ပျက်အားငယ်သူများနှင့် အခက်အခဲတွေ့သူများအတွက် မကြာခဏဆုတောင်းပေးရန်လိုလားခြင်းသည် မှန်ကန်ပါသည်။ မှောင်ကျနေသောစိတ်ကိုရောင်ခြည်သန်းစေရန်နှင့် ကြေကွဲနေသောနှလုံးသားကိုနှစ်သိမ့်မှုရစေရန် ကျွန်ုပ်တို့ဆုတောင်းရပါမည်။ သို့သော်လည်း ဘုရားသခင်သည် ကောင်းချီးလမ်းတစ်လျှောက်တွင်ရှိသူတိုင်း၏ဆုတောင်းသံကို နားညောင်းတော်မူပါသည်။ ဝမ်းနည်းသောသူများအတွက်ဆုတောင်းပေးစဉ်တွင် ၎င်းတို့ထက်ချို့တဲ့သောသူများကိုကူညီရန်လည်း ကျွန်ုပ်တို့သည်သူတို့ကိုတိုက်တွန်းရပါမည်။ အခြားသူများကိုကူညီခြင်းဖြင့် သူတို့၏စိတ်နှလုံးထဲ၌ ဖုံးလွှမ်းနေသောအမှောင်ထုကြီးသည် လွင့်စင်သွားလိမ့်မည်။ ကျွန်ုပ်တို့ရရှိသောနှစ်သိမ့်မှုများဖြင့် အခြားသူများကိုကူညီခြင်းဖြင့် ကျွန်ုပ်တို့သည် ကောင်းချီးများကိုပြန်လည်ရရှိပါသည်။

ကိုယ်ရောစိတ်ပါရောဂါဖိစီးနေသူများအတွက် ဟေရှာယအခန်းကြီး (၅၈) သည် ဆေးစွမ်းတစ်ခွက်ဖြစ်ပါသည်။ ကျန်းမာခြင်းနှင့်စစ်မှန်သော

ပျော်ရွှင်မှုကိုလိုလားပါက ကျွန်ုပ်တို့၏ငင်းကျမ်းပိုဒ်ပါအချက်အလက်များကို လက်တွေ့ကျင့်ဆောင်ရမည်။ ဘုရားသခင်လက်ခံတော်မူပြီး ကောင်းချီး ပေးသည့်အလုပ်မှာ–

"မွတ်သိပ်သောသူတို့ကိုအစာကျွေးခြင်း၊ နေရာမရှိ၊ ဆင်းရဲသော သူတို့ကို ကိုယ့်အိမ်သို့ဆောင်ခြင်း၊ အဝတ်မရှိသောသူကိုမြင်လျှင် အဝတ် ကိုပေးခြင်း၊ ကိုယ့်အသားကိုမရှောင်ဘဲနေခြင်းမဟုတ်လော။ သို့ပြုလျှင် သင်၏အလင်းသည် မိုးသောက်သောအလင်းကဲ့သို့ပေါ်ထွန်း၍ အလျင်အမြန် ကျန်းမာခြင်းသို့ရောက်လိမ့်မည်။ သင်၏ဖြောင့်မတ်ခြင်းသည် သင့်ရှေ့၌ သွား၍၊ ထာဝရဘုရားသခင်၏ဘုန်းတော်သည် နောက်၌လုံခြုံစေလိမ့်မည်။ သို့ပြုလျှင် ထာဝရဘုရားသခင်သည် သင်ခေါ်သောအခါထူးတော်မူလိမ့်မည်။ အော်ဟစ်သောအခါ၊ ငါရှိသည်ဟုမိန့်တော်မူလိမ့်မည်။ သင်သည် သင်၏ အထဲကထမ်းပိုးကိုလည်းကောင်း၊ လက်ညှိုးထိုးခြင်းကိုလည်းကောင်း၊ ကဲ့ရဲ့ သောစကားကိုလည်းကောင်း ပယ်ရှား၍ မွတ်သိပ်သောသူနှင့်ဆင်းရဲခံရသော သူကို သနားသောစိတ်နှင့်ချမ်းသာပေးလျှင် မရှင်းလင်းသောအရာမှာ သင်၏ အလင်းသည်ပေါ်ထွန်း၍ သင်၏မှောင်မိုက်သည် မွန်းတည့်အလင်းကဲ့သို့ ဖြစ်လိမ့်မည်။ ထာဝရဘုရားသခင်သည် သင့်ကိုအစဉ်ပဲ့ပြင်တော်မူမည်။ အစာခေါင်းပါးသည့်ကာလ၌ ဝစွာကျွေး၍၊ သင်၏အရိုးတို့ကိုခိုင်ခံ့စေတော် မူမည်။ သင်သည် ရေလောင်းသောဥယျာဉ်ကဲ့သို့လည်းကောင်း၊ ရေမပြတ် နိုင်သောစမ်းရေတွင်းကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်" ဟေရှာယ ၅၈း၇–၁၁။

ကောင်းသောအမှုများကြောင့် ကောင်းချီးနှစ်ဖက်ခံစားရပါသည်။ ပြုလုပ်သောသူ၌ ကောင်းချီးများခံစားရသကဲ့သို့ အကူအညီခံရသူသည်လည်း အကျိုးခံစားရပါသည်။ ကောင်းသောအမှုများပြုခြင်းကြောင့် ရရှိသောစိတ်၏ ခံစားမှုသည် ကိုယ်ရောစိတ်ပါရောဂါခံစားနေရသူအတွက် အကောင်းဆုံး ဆေးတစ်ခွက်ဖြစ်ပါသည်။ ကောင်းသောအမှုကိုပြုလုပ်ပြီး သူတစ်ပါးကို



ကူညီရသောကြောင့် ခံစားရသောပျော်ရွှင်ငြိမ်သက်ခြင်းသည် တစ်ကိုယ်လုံး ကိုခွန်အားအသစ်တိုးစေပါသည်။

နာမကျန်းသောသူသည် တစ်ချိန်လုံးသူတစ်ပါး၏သနားကြင်နာမှု ကိုတောင်းခံမည့်အစား သူတစ်ပါးကိုမေတ္တာမျှဝေပါစေ၊ သင်ခံစားနေရသော နာကျင်မှုနှင့်ခွန်အားနည်းခြင်း၊ ဝမ်းနည်းခြင်းတို့ကို မေတ္တာတော်ကယ်တင် ပိုင်သူ၌ ပုံအပ်လိုက်ပါ။ သင်၏စိတ်နှလုံးတံခါးကိုဖွင့်၍ ကိုယ်တော်၏မေတ္တာ တော်ကို သင်မှတစ်ဆင့် အခြားသူများသို့စီးဆင်းပါစေ။ လူတိုင်းတွင် အလွန် လေးလံသည့်ခက်ခဲမှုနှင့် စုံစမ်းနှောင့်ယှက်မှုများကိုရင်ဆိုင်ထမ်းပိုးထားရပြီး သူတို့ကိုသက်သာစေရန်ကူညီလိုက်ပါ။ ရရှိသောကောင်းချီးများအတွက် ဝမ်းမြောက်မှုကိုဖော်ပြပြီး သူတစ်ပါး၏အကူအညီများကြောင့် ကျေးဇူးတင် ခြင်းကိုဖော်ပြပါ။ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ကတိတော်များကိုသိုလှောင် ထားပြီး အခြားသူများကိုအားပေးကူညီရန်အသုံးပြုပါ။ ဤအရာများသည် သင့်ကိုကူညီမစလိမ့်မည်။ မိမိ၏ပတ်ဝန်းကျင်ရှိသူများကို ကူညီရန်ရည်ရွယ် ချက်ထားရှိပါက သင့်မိသားစုနှင့်အခြားသူများကိုကူညီရန် အခွင့်အရေးရရှိ လိမ့်မည်။

မကျန်းမာသောသူတို့သည် ကိုယ့်ကိုကိုယ်မေ့လျက် အခြားသူများ ကိုကူညီပါက သခင်ခရစ်တော်၏မိမိထက်ပို၍အခက်အခဲတွေ့သူများကိုကူညီ ရန် မိန့်မှာချက်ကိုပြည့်စုံစေပြီး ကိုယ်တော်၏ကတိတော်တည်မြဲသည့်အကြောင်း ကို သိရှိရလိမ့်မည်။ "သို့ပြုလျှင် သင်၏အလင်းသည် မိုးသောက်အလင်း ကဲ့သို့ပေါ်ထွန်း၍၊ အလျင်အမြန်ကျန်းမာခြင်းသို့ရောက်လိမ့်မည်။"

–––ooo–––

အခန်း (၁၉)

# သဘာဝနှင့်အဆက်အသွယ် ပခြင်း

ဖန်ဆင်းပိုင်သူသည် ကျွန်ုပ်တို့၏မိဦးဖဦးများ၏ကျန်းမာခြင်းနှင့် ပျော်ရွှင်မှုအတွက် အသင့်လျော်ဆုံးပတ်ဝန်းကျင်ကို ရွေးချယ်ပေးခဲ့ပါသည်။ ကိုယ်တော်သည် ယနေ့လူအမြောက်အမြားပိုင်ဆိုင်ရန် ကြိုးစားနေကြသော ဗိမ်ခံပစ္စည်းများ၊ အဆောင်အယောင်များနှင့်နန်းတော်များကို ရွေးချယ်တော်မူခြင်းမရှိခဲ့ပါ။ သဘာဝနှင့်နီးစပ်ပြီး ကောင်းကင်နိုင်ငံမှသန့်ရှင်းသောသူများနှင့် အဆက်အသွယ်ပြုနိုင်သောနေရာတွင် ထားရှိခဲ့ပါသည်။

သွားလေရာရာတိုင်းတွင် လှပသောပန်းများနှင့်အလွန်တင့်တယ်သော အပင်များရှိသည့် ဧဒင်ဥယျာဉ်တွင် ဘုရားသခင်သည် နေစရာအိမ်ကိုဖန်တီးတော်မူခဲ့ပါသည်။ အပင်အမျိုးစုံရှိ၍ ရနံ့မွှေးကြိုင်ပြီး အလွန်အရသာရှိသော သစ်သီးများဖြင့် ပြည့်လျှံနေပါသည်။ အကိုင်းအခက်များတွင် ငှက်များ၏ ကျူးဟစ်သံများကိုကြားနေရပါသည်။ အပင်ရိပ်အောက်တွင် တောတိရစ္ဆာန် အပေါင်းတို့သည် ကြောက်လန့်ခြင်းမရှိဘဲ ကစားနေကြပါသည်။

အပြစ်လုံးဝမရှိသောအာဒံနှင့်ဧဝတို့သည် ဧဒင်ဥယျာဉ်၏ရှုခင်းများနှင့် သာယာသောအသံများကြောင့် အလွန်ဝမ်းမြောက်ကြပါသည်။ ဥယျာဉ်ထဲတွင် ဘုရားသခင်သည် သူတို့ကိုတာဝန်ပေးထားပါသည်။ "ဧဒင်ဥယျာဉ်ကိုပြုစုစောင့်ရှောက်နေစေခြင်းငှာ ထားတော်မူ၏" (ကမ္ဘာဦး ၂:၁၅)။ နေ့စဉ်လုပ်ဆောင်ရသောအလုပ်များကြောင့် သူတို့၏ကျန်းမာခြင်းနှင့် ပျော်ရွှင်မှုတိုးပွားခဲ့သည်။ နေဝင်သောအခါ သူတို့ထံသို့အလည်အပတ်ရောက်ရှိလာသော ဖန်ဆင်းပိုင်သူကိုသူတို့သည် ဝမ်းမြောက်စွာကြိုဆိုကြပြီး ကိုယ်တော်သည် သူတို့နှင့်အတူလမ်းလျှောက်၍စကားပြောကာ နေ့စဉ်သူတို့ကိုသွန်သင်တော်မူခဲ့ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏မိဦးဖဦးများအတွက် စီစဉ်တော်မူခဲ့သည့်အသက်တာသည် ကျွန်ုပ်တို့အတွက်သင်ခန်းစာဖြစ်ပါသည်။



ဘုရားသခင်ဖန်ဆင်းခဲ့သောအရာများတွင် အပြစ်သည် အရုပ်ဆိုးနေသော်လည်း ဤအရာများတွင် ကျွန်ုပ်တို့ပျော်မွေ့စေရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ဘုရားသခင်၏အစီအစဉ်ကို အနီးကပ်ဆုံးလိုက်လျှောက်လေ လူသားတို့တွေ့ကြုံနေရသောအခက်အခဲများကိုဖယ်ရှားရာတွင် ကိုယ်တော်၏လက်တော်သည် ပို၍ထင်ရှားပါမည်။ ဖျားနာသောသူများကို သဘာဝနှင့်ပိုမိုနီးစပ်စေရပါမည်။ မျှော်လင့်ချက်ပျောက်လုနီးပါးဖြစ်နေသူများနှင့် အားကိုးရာမဲ့သောသူများသည် အိမ်အပြင်၌သဘာဝ၏ပတ်ဝန်းကျင်တွင်နေခြင်းဖြင့် အံ့သြစွာအကျိုးထူးလိမ့်မည်။

ရုပ်ထွေးဆူညံနေသောမြို့ကြီးများနှင့် လွတ်လပ်မှုမရှိသောသူတို့၏ အယောင်အဆောင်အသက်တာသည် ဖျားနာသူများကိုပင်ပန်းနွမ်းနယ်စေပါသည်။ ညစ်ညမ်းပြီးရောဂါပိုးများဖြင့်ပြည့်လျှံနေသောလေထုသည် အသက်ကိုဘေးရန်ပြုပါသည်။ နံရံလေးဘက်တွင်ပိတ်ထားသောလူနာများသည် ကြာလျှင်မိမိတို့အခန်းတွင်ပိတ်လှောင်ထားသော အကျဉ်းသားများအဖြစ်ခံစားလာတတ်ကြပါသည်။ သူတို့သည် ရုပ်ထွေးသောလူနေအိမ်များ၊ လူသွားစင်္ကြံများနှင့်လူအုပ်များကိုသာမြင်ပြီး ပြာနေသောမိုးကောင်းကင်နှင့်နေရောင်ခြည်ကိုလည်းကောင်း၊ မြက်ခင်းများ၊ ပန်းပင်များနှင့်အပင်များကိုလည်းကောင်း မမြင်ရကြပါ။ ဤကဲ့သို့ပိတ်လှောင်ထားခြင်းဖြင့် သူတို့သည် မိမိတို့၏နာကျင်မှုနှင့်ဝမ်းနည်းကြေကွဲခြင်းကိုသာ အချိန်ပြည့်စဉ်းစားပြီး မိမိတို့အတွေးများ၏အကျဉ်းသားများဖြစ်လာပါသည်။

မြို့ကြီးများသည် ကိုယ်ကျင့်တရားအားနည်းသူများအတွက် အလွန်ဘေးရန်ရှိပါသည်။ ချုပ်တည်းမှုနှင့်အားနည်းသောလူနာများသည် စုံစမ်းနှောင့်ယှက်ခြင်းများကို အစဉ်ရင်ဆိုင်နေရပါသည်။ ဤသူများအား သူတို့၏အတွေးများကိုပြောင်းလဲစေမည့်ပတ်ဝန်းကျင်နှင့် သူတို့၏အသက်တာကို ဖျက်ဆီးခဲ့သော အသိုက်အဝန်းများနှင့်ဝေးရာတွင်ထားရမည်။ ဘုရားသခင်နှင့်ဝေးကွာစေမည့်အသိုက်အဝန်းများနှင့် အခိုက်အတန့်ခွဲခြားထားပြီး ကိုယ်တော်နှင့်ပိုမိုနီးကပ်စေရန် ပြုလုပ်ရမည်။

ဆေးရုံနှင့်ကုသဆောင်များကို မြို့ကြီးများနှင့်လေးလံစွာတည်ဆောက်ခြင်းသည် ပို၍လုပ်ငန်းအောင်မြင်စေပါသည်။ ဆေးကုသမှုခံယူသည့်လူနာများသည် အတတ်နိုင်ဆုံးကျေးလက်ပတ်ဝန်းကျင်တွင် သဘာဝလောက၏အကျိုးကျေးဇူးများကိုခံစားရင်း ဆေးကုသသင့်ပါသည်။ ဘုရားသခင်၏သမားတော်မှာ သဘာဝတရားပင်ဖြစ်ပါသည်။ သန့်ရှင်းသောလေ၊ တောက်ပသောနေရောင်ခြည်၊ ပန်းဥယျာဉ်သစ်ပင်များနှင့်အိမ်အပြင်လေ့ကျင့်ခန်းများပြုလုပ်ခြင်းသည် ကျန်းမာခြင်းနှင့်အသက်ရှင်ခြင်းအကျိုးကျေးဇူးကိုဖြစ်စေပါသည်။

ဆရာဝန်နှင့်သူနာပြုများသည် မိမိတို့၏လူနာများကို အိမ်အပြင်တွင်များများနေထိုင်ရန် တိုက်တွန်းသင့်ပါသည်။ အချို့လူနာများအတွက်အိမ်အပြင်တွင်နေခြင်းသည် တစ်ခုတည်းသောကုထုံးဖြစ်ပါသည်။ လောကအသက်တာ၏ဖိစီးမှုများနှင့်စိတ်လှုပ်ရှားမှုများတွင်နေထိုင်ခြင်းဖြင့် ကိုယ်၊ စိတ်၊ နှလုံး၊ သုံးပါးကိုချည့်နဲ့ဖျက်ဆီးစေသော ရောဂါများကိုခံစားနေရသောသူများအတွက် အပြင်သဘာဝပတ်ဝန်းကျင်တွင်နေထိုင်ခြင်းသည် အံ့ဖွယ်အကျိုးကိုဖြစ်စေပါသည်။

ဆူညံနေသောလမ်းများနှင့် ထိန်လင်းနေသောမီးများအကြားတွင်နေထိုင်ရသောမြို့သားတစ်ဦးအတွက် တိတ်ဆိတ်လွတ်လပ်သောကျေးလက်ဒေသသည် စိတ်ကိုငြိမ်စေပါသည်။ သူတို့သည် သဘာဝရှုခင်းများကိုကြည့်နိုင်ရန် စိတ်ပြင်းပြလျက်ရှိကြသည်။ သန့်ရှင်းသောလဟာပြင်တွင်အနားယူပြီး နေရောင်ခြည်၌ပျော်ပါးကာ သစ်ပင်နှင့်ပန်းပင်များ၏ရနံ့ကိုရှူရှိုက်ရသောအခွင့်ကြောင့် အလွန်ဝမ်းမြောက်ကြသည်။ ကျွန်းပင်များမှထွက်သောအဆီများနှင့် ထင်းရှူးပင်၊ အာရဗ်ပင်တို့၏ရနံ့သည် အသက်ကိုရှည်စေပါသည်။ အခြားသောအပင်များတွင်လည်း ကျန်းမာရေးကိုအထောက်အကူပြုပစ္စည်းများပါရှိပါသည်။

အလွန်ကျန်းမာသောသူအတွက် လှပသောသဘာဝပတ်ဝန်းကျင်တွင်နေထိုင်ခြင်းထက်ပို၍ ပျော်ရွှင်ကျန်းမာစေသောအရာမရှိပါ။ ဤနေရာတွင်



မသန်စွမ်းသောသူသည် နေရောင်ခြည် (သို့မဟုတ်) အပင်များ၏အရိပ်တွင်ထိုင်၍သော်လည်းကောင်း၊ လဲလျောင်း၍သော်လည်းကောင်း နေနိုင်ပါသည်။ အပေါ်သို့မော့ကြည့်လိုက်ပါက လှပသောသစ်ရွက်များကိုမြင်နိုင်ပါသည်။ တိုက်ခတ်လာသောလေညင်းကိုနားထောင်ခြင်းဖြင့် ငြိမ်သက်ခြင်းနှင့်ရွှင်လန်းစေပါသည်။ သူတို့သည် စိတ်တက်ကြွလာပြီး ခွန်အားများပြန်လည်ရရှိလာသည်။ သတိမပြုမိဘဲ စိတ်ငြိမ်သက်ခြင်းကိုခံစားရပြီး သွေးခုန်နှုန်းသည်ပုံမှန်ဖြစ်လာပါသည်။ ဖျားနာသောသူသည် ခွန်အားတက်လာပါက ဤလောကရှိကိုယ်တော်၏မိသားစုအတွက် ဘုရားသခင်၏မေတ္တာတော် အထူးသတင်းကိုဖော်ကျူးနေသည့် ပန်းပွင့်ကလေးများကိုဆွတ်ခူးရန် သူတို့ခြေလှမ်းများလှမ်းလိမ့်မည်။

လူနာများကိုအိမ်အပြင်တွင်ထားနိုင်ရန် အစီအစဉ်များပြုလုပ်ထားရမည်။ အလုပ်လုပ်နိုင်သောသူများအတွက် ပေါ့ပါးလွယ်ကူပြီး စိတ်ပျော်သောအလုပ်တာဝန်များကိုပေးထားရမည်။ အပြင်တွင်လုပ်ရသောတာဝန်များ၏အကျိုးကျေးဇူးနှင့် အကျိုးအကြောင်းကိုအသိပေးပါ။ သန့်ရှင်းသောလေများကို အဆုပ်အတွင်းသို့ရှူရှိုက်လိုက်ပြီး ပြန်လည်ရှူထုတ်ကာ ဝမ်းဗိုက်အောက်ပိုင်းကြွက်သားများကိုလေ့ကျင့်ပေးရန် သူတို့ကိုသင်ကြားပေးပါ။ ဤကဲ့သို့သင်ကြားပေးခြင်းသည် သူတို့အတွက်အလွန်တန်ဖိုးရှိလိမ့်မည်။

အပြင်လေကောင်းလေသန့်တွင် လေ့ကျင့်ခန်းယူခြင်းကို အသက်ရှင်ခြင်းအတွက် မရှိမဖြစ်သောအရာတစ်ခုအဖြစ်သတ်မှတ်ပါ။ အကောင်းဆုံးလေ့ကျင့်ခန်းမှာ မြေကိုတူးဆွခြင်းဖြစ်ပါသည်။ လူများကိုပန်းခင်းများတွင်တာဝန်ပေးပါ။ ပန်း (သို့မဟုတ်) ဟင်းသီးဟင်းရွက်ဥယျာဉ်များတွင် အလုပ်လုပ်ခိုင်းပါ။ ဤကဲ့သို့လူနာဆောင်များကိုစွန့်ခွာလျက် အပြင်ပတ်ဝန်းကျင်တွင် သစ်ပင်များစိုက်ပျိုးခြင်းနှင့် အခြားပေါ့ပါးလွယ်ကူသောအလုပ်များကိုခိုင်းခြင်းဖြင့် သူတို့ခံစားနေရသောရောဂါများမှ အဝေးသို့အာရုံပြောင်းသွားလိမ့်မည်။

လူနာသည် အပြင်ပတ်ဝန်းကျင်တွင်အနေများလေ သူတစ်ပါး၏ အပြုအစုတောင်းခံမှုနည်းလေဖြစ်ပါသည်။ မိမိ၏ပတ်ဝန်းကျင်သာယာလေ၊ မျှော်လင့်ချက်တိုးပွားလေဖြစ်ပါသည်။ အလွန်တန်ဖိုးကြီးသောပရိဘောဂများရှိသည့် အိမ်တွင်လှောင်ထားပါက သူသည်စိတ်ပျက်ငြီးငွေ့လာပါလိမ့်မည်။ သို့သော်လည်း လှပသောပတ်ဝန်းကျင်တွင် လှပသောပန်းပင်များနှင့်ကျူးအေး လျက်ရှိသောကျေးငှက်များ၏တေးသံများကို နားဆင်းရသောအခါ ကျေးငှက်များနှင့်အတူ သူလည်းပဲစိတ်ရွှင်ပြီးကျူးအေးလာလိမ့်မည်။ ခန္ဓာကိုယ်နှင့် စိတ်နှလုံး၌သက်သာမှုကိုခံစားရပြီး စိတ်ပြန်လည်နိုးကြားကာ ဘုရားသခင်၏နှုတ်တော်ထွက်စကားကို ပြန်လည်လက်ခံနိုင်ပါလိမ့်မည်။

သဘာဝပတ်ဝန်းကျင်တွင်ဖျားနာသောသူတို့သည် ကိုယ့်ကိုကိုယ်ကြည့်မြင်မည့်အစား ဘုရားသခင်ကိုအာရုံပြောင်းကြည့်မြင်လာ၍ အကျိုးထူးလာပါသည်။ ဘုရားသခင်၏အံ့ဩဖွယ်အရာများ၏အလယ်တွင် သူတို့သည်မြင်ရသောအရာများမှအမြင်ရသောအရာများသို့ အာရုံပြောင်းသွားလိမ့်မည်။ သဘာဝတရား၏လှပမှုသည် အပျက်အစီးမရှိ၊ အနာရောဂါမရှိ၊ သေခြင်းတရားမရှိ၊ သာယာလှပမှုတစ်ခုကိုမျှ အစွန်းအထင်းမရှိနိုင်သော ကောင်းကင်အိမ်ရာသို့ သူတို့၏အာရုံကိုပြောင်းသွားစေလိမ့်မည်။

ဆရာဝန်များနှင့်သူနာပြုများသည် သဘာဝကိုအခြေခံ၍ ဘုရားသခင့်အကြောင်းနှင့်ပတ်သက်သောသင်ခန်းစာများကို ပြင်ဆင်ပါစေ။ အလွန်မြင့်မားသည့်သစ်ပင်များနှင့်မြက်ခင်းများ၊ ပန်းများသည် ဖန်ဆင်းသောသခင်ကိုညွှန်ပြနေပါသည်။ ဘုရားသခင်သည် ကိုယ်တော်၏သားသမီးများအပေါ်တွင်ထားရှိသောမေတ္တာကို အဖူးတိုင်းအပွင့်တိုင်း၌သိမြင်ပါစေ။ ကျေးငှက်များနှင့်ပန်းများကို ချစ်မြတ်နိုးသောသခင်သည် မိမိ၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသောလူသားများကိုလည်း စောင့်ရှောက်ပါမည်။

နေအိမ်အပြင်၌ ဘုရားသခင်ဖန်ဆင်းထားသောအရာများ၏အလယ်တွင် ကျန်းမာလတ်ဆတ်သောလေကိုရှူရှိုက်စဉ် ဖျားနာသောသူများကို သခင်ခရစ်တော်၌တည်သည့် အသစ်သောအသက်တာအကြောင်းကိုပြောပြရန်



အကောင်းဆုံးဖြစ်ပါသည်။ ဤနေရာတွင် ဘုရားသခင်၏နှုတ်တော်ထွက်စကားကိုရှင်းပြ၍ အပြစ်ကြောင့်မှောင်မိုက်နေသောနှလုံးသားကို သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဖြင့် ထွန်းတောက်စေနိုင်ပါသည်။

ဝိညာဉ်ရေးနှင့်ကိုယ်ကာယကျန်းမာရေးလိုအပ်နေသူများကို သခင်ခရစ်တော်ထံသို့ မိမိ၏အပြောအဆိုအပြုအမူအားဖြင့် ညွှန်ပြမည့်သူများနှင့် အဆက်အသွယ်ပြုပေးရမည်။ ကိုယ်ရောစိတ်ပါရောဂါပျောက်ကင်းစေနိုင်သော ကြီးမြတ်သည့်ဘုရားသခင်၏တန်ခိုးအောက်သို့ ရောက်စေရမည်။ ကယ်တင်ပိုင်သူ၏မေတ္တာပုံပြင်ကိုပြောပြရမည်။ မိမိ၏အပြစ်များကိုဝန်ချတောင်းပန်၍ ဘုရားသခင်သို့ချဉ်းကပ်သူတိုင်း ရရှိမည့်အပြစ်လွှတ်ခြင်းအကြောင်းကိုလည်းသိရမည်။

အထက်ပါအခြေအနေတွင် ဖျားနာသူအမြောက်အမြားသည် အသက်ရှင်ခြင်းလမ်းပေါ်သို့ရောက်ရှိလိမ့်မည်။ ကောင်းကင်တမန်များသည် လူသားများနှင့်အတူပူးတွဲပြီး ဖျားနာ၍ရောဂါခံစားနေရသူများ၏စိတ်နှလုံး၌ မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို ယူဆောင်လာလိမ့်မည်။ ဤအခြေအနေ၌ရှိသော ဖျားနာသူများသည် ကောင်းချီးများကိုနှစ်ဆခံစားရပြီး အမြောက်အမြားသည် ပြန်လည်ကျန်းမာလာမည်။ နှေးကွေးသောခြေလှမ်းများသည် သွက်လက်လာမည်။ မျက်စိများတောက်ပလာမည်။ မျှော်လင့်ချက်ကင်းမဲ့သူတို့သည် မျှော်လင့်ချက်ရောင်ခြည်သန်းလာမည်။ စိတ်ပျက်အားငယ်သောအမူအရာများသည် ပျော်ရွှင်တက်ကြွလာလိမ့်မည်။ ညည်းတွားသောအသံများသည် ဝမ်းမြောက်ကျေနပ်ခြင်းကိုပြောဆိုလိမ့်မည်။

ကိုယ်ကာယကျန်းမာလာသောအခါ စိတ်ဝိညာဉ်ကျန်းမာရေးကိုဖြစ်စေမည်။ သခင်ခရစ်တော်၌တည်သောယုံကြည်ခြင်းကိုလည်း ပိုမိုခိုင်မာလာစေလိမ့်မည်။ အပြစ်ဖြေလွှတ်ခြင်းကိုခံရသောကြောင့် သူတို့သည် ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းကိုဖော်ပြလိမ့်မည်။ မှုန်းဝါးနေသောခရစ်ယာန်မြော်လင့်ခြင်းသည် တောက်ပလာလိမ့်မည်။ နှုတ်အားဖြင့်ယုံကြည်ခြင်းကိုဖော်ပြလိမ့်မည်။ “ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍၊ ခွန်အားကိုပေးတော်မူ၏၊

ဘေးရောက်သည်ကာလ အထူးသဖြင့်ကူမတော်မူကြောင်းထင်ရှားလျက်ရှိ၏။" "အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့လျှောက်သွားရသော်လည်း ဘေးရန်ကိုမကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍၊ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏။" "ထိုဘုရားသခင်သည် မောသောသူတို့အား၊ ခွန်အားကိုပေးတော်မူ၏။ နွမ်းနယ်သောသူတို့အား၊ အစွမ်းနှင့်ပြည့်စုံသော အခွင့်ကိုပေးတော်မူ၏" ဆာလံ ၄၆း၁။ ၂၃း၄။ ဟေရှာယ ၄၀း၂၉။

---ooo---





အခန်း (၂၀)

## အထွေထွေကျန်းမာရေး

ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် ဘုရားသခင့်ဗိမာန်တော်ဖြစ်ပြီး ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၌ ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားရမည်ဆိုသောအသိတရားသည် ကျွန်ုပ်တို့၏ကိုယ်ကာယအစွမ်းများကို ပြုစုစောင့်ရှောက်ရန် အဓိကအချက်ဖြစ်ရမည်။ ဖန်ဆင်းပိုင်သူသည် လူ့ခန္ဓာကိုယ်ကိုကြောက်မက်အံ့ဩဖွယ်ကောင်းအောင် ဖန်ဆင်းထားတော်မူပြီး ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုလေ့လာရန် ကိုယ်တော်အလိုရှိသည့်အပြင် ကိုယ်ခန္ဓာ၏လိုအပ်ချက်များမပျက်မစီးဘေးရန်မရောက်စေဖို့ ကျွန်ုပ်တို့မည်ကဲ့သို့ထိန်းသိမ်းစောင့်ရှောက်ရမည့်အကြောင်းကိုလည်း သိစေလိုပါသည်။

### သွေးလည်ပတ်ခြင်း

သွေးသည်အသက်ဖြစ်သောကြောင့် ကျန်းမာစေရန်ကျွန်ုပ်၏သွေးသည် သန့်ရှင်းရမည်။ သွေးသည်ခန္ဓာကိုယ်အတွင်းရှိ မသန့်ရှင်းသောအညစ်အကြေးများကိုပြုပြင်ပြီး သန့်စွမ်းစေပါသည်။ သင့်လျော်သောအစားအစာများကိုစားသုံး၍ လေကောင်းလေသန့်များကိုရှူရှိုက်ခြင်းဖြင့် ကိုယ်ခန္ဓာအနှံ့အပြားတွင် ခွန်အားတိုးစေပါသည်။ သွေးလည်ပတ်မှုကောင်းလေ လုပ်ငန်းအောင်မြင်လေဖြစ်ပါသည်။

နှလုံးမှသွေးကိုညှစ်ထုတ်သည့်အခါတိုင်းတွင် သွေးသည်ခန္ဓာကိုယ်အနှံ့အပြားသို့ အလျင်အမြန်စီးဆင်းရန်လိုပါသည်။ အလွန်ကျပ်သောအဝတ်အထည်များကြောင့်လည်းကောင်း၊ လုံခြုံမှုမရှိသောအဝတ်အထည်များကြောင့်လည်းကောင်း သွေးလည်ပတ်မှုကိုအဟန့်အတားမဖြစ်စေရပါ။ အဟန့်အတားများကြောင့် လိုအပ်သောအစိတ်အပိုင်းများသို့သွေးမရောက်နိုင်ဘဲ တစ်နေရာတွင်စုပုံနေကာ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ နှလုံးရင်တုန်ခြင်းနှင့် အစာမကြေခြင်းတို့ မကြာခဏဖြစ်တတ်ပါသည်။

## အသက်ရှုခြင်း

သွေးသန့်ရှင်းရန်လေကိုကောင်းစွာရှုရှိုက်ရမည်။ လေကိုအပြည့်အဝ ရှုရှိုက်ခြင်းဖြင့် အဆုတ်ထဲသို့အောက်စီဂျင်ဓာတ်များရောက်စေကာ သွေးကို သန့်စေပါသည်။ ထိုအခါသွေးသည် အရောင်တောက်လာပြီး ခန္ဓာကိုယ် အစိတ်အပိုင်းများသို့ အားသစ်လောင်းစေပါသည်။ လေကိုကောင်းစွာရှုရှိုက် ခြင်းသည် အကြောများကိုပြေစေပြီး အစားအသောက်ကောင်းစေကာ အစာ ကြေခြင်းကိုပိုမိုကောင်းမွန်စေပါသည်။ အိပ်ရေးဝဝအိပ်နိုင်ရန်လည်း အထောက် အကူပြုသည်။

အဆုတ်များကို လွတ်လွတ်လပ်လပ်လှုပ်ရှားနိုင်အောင်ပြုလုပ်ရမည်။ လှုပ်ရှားခြင်းဖြင့်အဆုတ်အားကောင်းလာပါမည်။ တင်းကျပ်စွာစည်းကြပ်ထား ပါက အဆုတ်သေးငယ်သွားမည်။ လှုပ်ရှားသွားလာရာ၌ အထူးသဖြင့် ထိုင်ရာတွင် ရင်ကိုကုန်းထားပါက အလွန်ဆိုးရွားပါသည်။ ဤအနေအထား သည် အသက်ကိုအပြည့်အဝရှုရန်ခက်ခဲပါသည်။ ထိုအခါအသက်ကိုအပေါ်ယံ ရှုပြီး အဆုတ်အားနည်းလာပါတော့သည်။ ထို့အတူ တင်းကျပ်စွာစည်းကြပ် ထားခြင်းဖြင့် ရင်ခေါင်းအောက်ပိုင်းတွင် ကျဉ်းမြောင်းသွားပြီး အသက်ရှု ရာတွင် အထောက်အကူဖြစ်စေသည့် ဝမ်းဗိုက်အောက်ပိုင်းကြွက်သားတို့သည် မလှုပ်ရှားနိုင်ပါ။ ထိုအခါအဆုတ်ကောင်းမွန်စွာအလုပ်မလုပ်နိုင်တော့ပါ။

ဤနည်းဖြင့်အောက်စီဂျင်ဓာတ်နည်းပါးလာပြီး သွေးလည်ပတ်မှု နှေးကွေးလာတော့သည်။ အဆုတ်မှပြန်လည်ရှုထုတ်ရမည့်အညစ်အကြေးများ သည်လည်း အပြင်သို့မရောက်တော့ဘဲ သွေးကိုညစ်ညမ်းစေပါသည်။ အဆုတ် သာမကဘဲ အသည်းနှင့်ဦးနှောက်ပါထိခိုက်ပါသည်။ အသားအရေမွဲလာပြီး အစားကြေခြင်းထိခိုက်လာပါသည်။ နှလုံးအားနည်းလာပြီး စိတ်ရှုပ်ထွေး ကာ မကြည်မလင်ဖြစ်၍ စိတ်ဓာတ်ကျလာပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး သည်လေးလံပြီး လှုပ်ရှားမှုနှေးကွေးလာပါက ရောဂါများဝင်ရောက်လာရန် လွယ်ကူလာပါသည်။



အဆုတ်သည်အညစ်အကြေးများကို အမြဲတမ်းစွန့်ထုတ်နေသော လေကောင်းလေသန့်များကို အစဉ်အမြဲလိုအပ်နေပါသည်။ မသန့်ရှင်းသော လေသည် အောက်စီဂျင်အလုံအလောက်မရှိသောကြောင့် ဦးနှောက်နှင့်အခြား အင်္ဂါများထဲသို့ရောက်ရှိသောသွေးများသည် ၎င်းတို့ကိုအကျိုးမပြုနိုင်ပါ။ ထိုကြောင့်လေဝင်လေထွက်ကောင်းရန်လိုအပ်ပါသည်။ လေဝင်လေထွက် မကောင်းသောကြောင့် ကိုယ်ခန္ဓာလည်ပတ်မှုတစ်ခုလုံးကို အားနည်းစေပါ သည်။ ထိုကြောင့် လေဝင်လေထွက်ကောင်းရန်လိုအပ်ပါသည်။ လေဝင် လေထွက်မကောင်းသောကြောင့် ကိုယ်ခန္ဓာလည်ပတ်မှုတစ်ခုလုံးကို အားနည်း စေပါသည်။ အအေးဒဏ်ကိုမခံနိုင်ဘဲ ရောဂါဖြစ်လွယ်ပါသည်။ အမျိုးသမီး အမြောက်အမြားသည် အခန်းအောင်းသောကြောင့် မိမိတို့ရှုထုတ်လိုက်သော လေကို ထပ်ခါတလဲလဲပြန်လည်ရှုသွင်းလိုက်ပြုနေသောကြောင့် အဆုတ်ထဲ မှထွက်လာသောအညစ်အကြေးများကို ပြန်လည်ရှုသွင်းနေရပြီး အသားအရေ များမွဲတေကာအားနည်းကြပါသည်။

## လေဝင်လေထွက်နှင့်နေရောင်ခြည်

အများပြည်သူသုံးရန်နှင့်ကိုယ်တိုင်နေထိုင်ရန် အဆောက်အအုံများ ကိုတည်ဆောက်ရာတွင် လေဝင်လေထွက်ကောင်းရန်နှင့် နေရောင်ခြည် အမြောက်အမြားရရန်စီမံရမည်။ ဘုရားကျောင်းများနှင့်စာသင်ကျောင်းများ တွင် မကြာခဏဤအရာလိုအပ်နေပါသည်။ လေဝင်လေထွက်မကောင်းခြင်း ကြောင့် ခရစ်ယာန်တရားဟောဆရာ၏ပရိသတ်ကိုအိပ်ငိုက်စေပြီး ဆရာနှင့် ဆရာမများ၏လုပ်ဆောင်မှုများကို မကြာခဏအဟန့်အတားဖြစ်စေပါသည်။

ဖြစ်နိုင်ပါက လူနေအဆောက်အအုံများကို ရေစီးကောင်းသော ကုန်းမြင့်များတွင်တည်ဆောက်ရမည်။ သို့မှသာ ခြောက်သွေ့ခြင်း၊ စိုစွတ် ထိုင်းမှိုင်းခြင်းနှင့် အနံ့အသက်ဆိုးမှရောဂါများဖြစ်ခြင်းကို ကာကွယ်နိုင်ပါ သည်။ ဤအချက်ကိုလူအများက လျစ်လျူရှုကြပါသည်။ ရေစီးမကောင်းခြင်း၊

ရေငြိမ်ခြင်းကြောင့် ငှက်ဖျားနှင့်အခြားရောဂါများရရှိကာ အလွန်ဆိုးရွားသော ရောဂါများ၊ နာတာရှည်မကျန်းမာခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ဖြစ်ရပါသည်။

အိမ်များကိုတည်ဆောက်ရာတွင် အခန်း၌လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်အမြောက်အမြားရရှိရန် ပြုလုပ်ထားရမည်။ အိမ်ခန်းများသည် နေ့ညမပြတ်လေဝင်လေထွက်နိုင်ရန် စီစဉ်ထားရမည်။ နေ့စဉ်နေရောင်ခြည်နှင့်လေဝင်လေထွက်နိုင်အောင် စီမံထားခြင်းမရှိသည့်အခန်းကို အိပ်ခန်းအဖြစ်မသတ်မှတ်သင့်ပါ။ အချို့တိုင်းပြည်များတွင် ဆောင်ရာသီနှင့်မိုးရာသီတွင် ခြောက်သွေ့နွေးထွေးမှုရှိရန် အိပ်ခန်းများတွင်လေပူစက်များကို တပ်ဆင်ရန်လိုအပ်ပါသည်။

ဧည့်ဆောင်ကိုလည်း အခြားအိပ်ခန်းကဲ့သို့ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်များရရှိရန်ပြုလုပ်ထားကာ ကြာရှည်စွာပိတ်ထားခြင်းကြောင့် စိုစွတ်မှုမရှိစေရန် စီမံထားရမည်။ နေရောင်ခြည်မရရှိသောအခန်းနှင့် အိပ်ရာကိုကောင်းမွန်စွာနေလှန်းခြင်းမရှိဘဲအသုံးပြုခြင်းသည် ကျန်းမာရေးကိုထိခိုက်လွယ်ပြီး အသက်တိုနိုင်ပါသည်။

အဆောက်အအုံအချို့တွင်နေထိုင်သူတို့သည် ပန်းများနှင့်အပင်များသည် နေရောင်ခြည်နှင့်အနွေးဓာတ်လုံလောက်စွာရရှိနိုင်ရန် ဂရုစိုက်ကြပါသည်။ သို့မဟုတ်ပါက အပင်များအသက်မရှင်နိုင်ပါ။ အပင်များအသက်ရှင်ရန် ဤကဲ့သို့လိုအပ်ပါက မိမိတို့၏မိသားစုနှင့်ဧည့်သည်များသည်လည်း ဤကဲ့သို့ပင်ပိုမိုလိုအပ်ပါသည်။

ကျန်းမာပျော်ရွှင်စွာနေလိုပါက ကျွန်ုပ်တို့၏နေအိမ်များကို မြေနိမ့်များ၌ဖြစ်တတ်သော အနံ့အသက်ဆိုးခြင်းနှင့်ထိုင်းမှိုင်းခြင်းတို့ကိုရှောင်ကာ ကောင်းကင်နိုင်ငံမှကျန်းမာရေးလက်ဆောင်များကို ပိတ်ဆို့စေခြင်းမရှိဘဲ လွတ်လပ်စွာဝင်ရောက်နိုင်ရန် ပြတင်းပေါက်များကိုဖွင့်ထားရမည်။ နွယ်ပင်များမည်မျှလှပစေကာမူ ပြတင်းပေါက်၌မရှိစေရ။ နေရောင်ခြည်ကိုဟန့်တားမည့်အပင်ကြီးများကိုလည်း အိမ်အနီးအနားတွင်မရှိစေရပါ။ နေရောင်ခြည်



သည်လိုက်ကာများ၊ ကော်ဇောများနှင့်ပန်းချီကားချပ်များကို အရောင်မှိန်စေသော်လည်း ကလေးငယ်များ၏ပါးပြင်မို့မို့ကလေးများကို ကျန်းမာရေးဖြင့်တောက်ပစေပါသည်။

အသက်ကြီးသူများကိုစောင့်ရှောက်သူများသည် ဘိုးဘိုးဘွားဘွားတို့အတွက် နွေးထွေးပြီးသက်သောင့်သက်သာရှိသောအခန်းများလိုသည်ကို မမေ့ပါနှင့်။ နှစ်ရှည်လများခွန်အားကိုအသုံးပြုလာသောကြောင့် ရောဂါများကိုတိုက်ဖျက်ရန် ခွန်အားနည်းလာပြီး သူတို့သည်နေရောင်ခြည်နှင့်လေကောင်းလေသန့်များစွာလိုအပ်ပါသည်။

စိတ်နှင့်ခန္ဓာကိုယ်ကျန်းမာရေးအတွက် တစ်ကိုယ်ရေသန့်ရှင်းမှုအလွန်လိုအပ်ပါသည်။ အရေပြားမှအညစ်အကြေးများအမြဲထွက်နေပါသည်။ ရေမှန်မှန်ချိုးခြင်းမရှိပါက ချွေးပေါက်သန်းပေါင်းများစွာသည် ပိတ်ဆို့သွားပြီး အရေပြားမှထွက်သောအညစ်အကြေးများသည် အပြင်သို့မထွက်နိုင်တော့ဘဲ အခြားအစိတ်အပိုင်းများအတွက် ဝန်ထုပ်များဖြစ်လာပါသည်။ နံနက်နှင့်ညနေတစ်ကြိမ်စီရေအေး (သို့မဟုတ်) ရေနွေးဖြင့်ရေချိုးခြင်းသည် များစွာအကျိုးရှိပါသည်။ ရေကိုစနစ်တကျချိုးပါက အအေးမမိသည့်အပြင် အအေးမိခြင်းကိုကာကွယ်ပြီး သွေးလည်ပတ်မှုကိုပိုမိုအားကောင်းစေပါသည်။ စိတ်နှင့်ခန္ဓာကိုယ်နှစ်ပါးစလုံးကို အားသစ်လောင်းစေပြီး ကြွက်သားများလှုပ်ရှားမှုကိုလွယ်ကူစေပါသည်။ ဉာဏ်ရွှင်စေပြီး အကြောများကိုပြေစေပါသည်။ ရေချိုးခြင်းသည် ဝမ်းသွားခြင်းကိုအထောက်အကူပြုပြီး ဝမ်းပိုက်နှင့်အသည်းကိုကျန်းမာစေ၍ ခွန်အားတိုးစေပါသည်။ အစာကြေခြင်းကိုအားကောင်းစေပါသည်။

အဝတ်အစားများသည် သန့်ရှင်းရန်လည်းအထူးလိုအပ်ပါသည်။ အဝတ်အစားများသည် အရေပြားမှထွက်လာသောချွေးများကိုစုပ်ယူထားပြီး မကြာခဏလျှော်ဖွပ်ခြင်းမရှိပါက ဤအညစ်အကြေးများသည် ခန္ဓာကိုယ်အတွင်းသို့ ပြန်ရောက်သွားလိမ့်မည်။

မသန့်ရှင်းမှုသည် ရောဂါကိုဖြစ်စေပါသည်။ မှောင်သောနေရာများ၊ အိမ်ထောင့်များ၊ ပုပ်သိုးနေသောအရာများနှင့် စွတ်စိုထိုင်းမှိုင်းပြီးမှိုတက်နေသောအရာများတွင် အသက်သေစေနိုင်သောပိုးမွှားများစွာရှိပါသည်။ နေအိမ်အနီးတွင် ဟင်းသီးဟင်းရွက်နှင့်သစ်ရွက်များကိုပုပ်သိုးစေပြီး လေထုကိုညစ်ညမ်းစေရန်မထားရှိရပါ။ အိမ်အတွင်းလည်း ပုပ်သိုးသောအရာများကိုဖယ်ရှားပစ်ရမည်။ ကျန်းမာရေးနှင့်အလွန်ညီညွတ်သောမြို့ကြီးများတွင် သတိမဲ့သောအိမ်ထောင်တစ်ခုကြောင့် ဖျားနာခြင်းကပ်ဆိုးများမကြာခဏဆိုက်ကပ်သည်ကို တွေ့ရပါသည်။

မိသားစုဝင်များပျော်ရွှင်ကျန်းမာပြီး ရောဂါကင်းရန်အတွက် ပြည့်စုံသောသန့်ရှင်းမှု၊ နေရောင်ခြည်အမြောက်အမြားနှင့် မိမိတို့နေအိမ်တွင် ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်ရန် မရှိမဖြစ်လိုအပ်ပါသည်။

---ooo---



အခန်း (၂၁)

# ဣသရေလလူမျိုးတို့၏အထွေထွေကျန်းမာရေး

ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကိုသွန်သင်ရာတွင် ကျန်းမာရေးကိုအထူးအလေးပေးတော်မူခဲ့ပါသည်။ ကျွန်ဘဝတွင်မသန့်ရှင်း၊ မကျန်းမာသောအမူအကျင့်များစွဲနေသူတို့သည် ခါနာန်တိုင်းပြည်သို့မဝင်မီ တောထဲ၌အတိအကျဆုံးသောသင်ခန်းစာများကို သင်ယူခဲ့ရပါသည်။ သူတို့ကိုကျန်းမာရေးနှင့်တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာပညတ်ချက်များကို သွန်သင်ပေးခဲ့ပါသည်။

## ရောဂါကာကွယ်ခြင်း

ခရစ်ယာန်ဘာသာရေးအခမ်းအနားများသာမက နေ့စဉ်အသက်တာတွင်လည်း သန့်ရှင်းခြင်းနှင့်မသန့်ရှင်းခြင်း၏ကွာခြင်းမှုကို သတ်မှတ်ထားပါသည်။ ကူးစက်တတ်ခြင်း (သို့မဟုတ်) မသန့်ရှင်းသောရောဂါများနှင့်ထိတွေ့သူတို့ကို စခန်း၏အပြင်ဘက်တွင်ထားရှိပြီး မိမိတို့၏အဝတ်အစားနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုမလုပ်မချင်း စခန်းတွင်းသို့ပြန်ဝင်ခွင့်မပြုပါ။ မသန့်ရှင်းသောလူနာနှင့်ပတ်သက်၍–

“အိပ်သမျှထိုင်သမျှသောအိပ်ရာတို့သည်လည်းမစင်ကြယ်။ သူ၏အိပ်ရာကိုထိသောသူ၊ သူ့ထိုင်ရာအပေါ်မှာထိုင်သောသူ၊ သူ၏ကိုယ်ကိုထိသောသူ---မိမိအဝတ်ကိုလျှော်၍ ကိုယ်ကိုရေချိုးရမည်။ ညဉ့်ဦးတိုင်အောင်မစင်ကြယ်---စီးသောကုန်းနှီးလည်းမစင်ကြယ်၊ သူ့အောက်၌ရှိသောအရာကိုထိသောသူသည် ညဉ့်ဦးတိုင်အောင်မစင်ကြယ်၊ ထိုအရာတစ်စုံတစ်ခုကိုဆောင်သောသူသည် မိမိအဝတ်ကိုလျှော်၍ ကိုယ်ကိုရေချိုးရမည်။ ညဉ့်ဦးတိုင်အောင်မစင်ကြယ်၊---လက်မဆေးဘဲ သူတစ်ပါးကိုလက်နှင့်ထိလျှင်ထိုသူသည်မိမိအဝတ်ကိုလျှော်၍ ကိုယ်ကိုရေချိုးရမည်။ ညဉ့်ဦးတိုင်အောင်

မစင်ကြယ်၊---ထိုသောမြေတန်ဆာကိုခွဲရမည်။ သစ်သားတန်ဆာကိုရေနှင့်ဆေးရမည်” ဝတ် ၁၅း၄-၁၂။

ဤပြည်တ်ချက်များကို အတိအကျလိုက်နာရန်လိုအပ်ပုံကို အနာကြီးရောဂါစွဲသောသူများအတွက် သတ်မှတ်ထားသောပညတ်ချက်များတွင်လည်း ဖော်ပြထားပါသည်။ “ထိုအနာစွဲသည့်ကာလပတ်လုံး သူသည် (အနာကြီးရောဂါစွဲသူ) ညစ်ညူး၏၊ မစင်ကြယ်သည်ဖြစ်၍ တစ်ယောက်တည်းနေရမည်။ သူ့နေရာသည်စခန်းပြင်မှာရှိရမည်။ ၎င်းနည်းတူ အနာကြီးရောဂါစွဲသောအဝတ်သည် ပိတ်အဝတ်ဖြစ်စေ၊ သိုးမွေးအဝတ်ဖြစ်စေ၊ ရက်ကန်းပင်ဖြစ်စေ၊ ရက်ကန်းသားဖြစ်စေ၊ သားရေဖြစ်စေ၊ သားရေနှင့်လုပ်သောအသုံးအဆောင်ဖြစ်စေ၊---ယဇ်ပုရောဟိတ်အားပြရမည်။---အဝတ်၌အနာတိုးပွားလျှင် ရက်ကန်းပင်ဖြစ်စေ၊ ရက်ကန်းသားဖြစ်စေ၊ သားရေဖြစ်စေ၊ သားရေနှင့်လုပ်သောအရာဖြစ်စေမစင်ကြယ်၊ စားတတ်သောအနာကြီးရောဂါစွဲပြီး ထိုအဝတ်ကိုမီးရှို့ရမည်။ စားတတ်သောအနာကြီးရောဂါစွဲသောရက်ကန်းပင်၊ ရက်ကန်းသား၊ ပိတ်အဝတ်၊ သိုးမွေးအဝတ်၊ သားရေအသုံးအဆောင်ကိုမီးရှို့ရမည်။ ဝတ်ပြုရာကျမ်း ၁၃း၄၆-၅၂။

ထို့အတူလုံခြုံမှုမရှိသောအိမ်ကိုလည်း ဖျက်ဆီးရပါမည်။ ယဇ်ပုရောဟိတ်မင်းသည် ထိုအိမ်ကိုဖျက်ဆီးပြီး “ကျောက်၊ သစ်သား၊ အင်္ဂတေရှိသမျှကိုဖြိုဖျက်၍ မြို့ပြင်မစင်ကြယ်သောအရပ်သို့ယူသွားရမည်။ ထိုမှတစ်ပါးထိုအိမ်ကိုပိတ်ထားသည့်ကာလပတ်လုံး အထဲသို့ဝင်မိသောသူသည် ညဦးတိုင်အောင်မစင်ကြယ်၊ ထိုအိမ်၌အိပ်သောသူ၊ စားသောက်သောသူသည် မိမိအဝတ်ကိုလျှော်ရမည်” ဝတ်ပြုရာကျမ်း ၁၄း၄၅-၄၇။

## သန့်ရှင်းမှု

တစ်ကိုယ်ရေသန့်ရှင်းမှု၏အရေးကြီးကြောင်းကို ရှင်းလင်းစွာသင်ကြားထားပါသည်။ ဘုရားသခင်သည် မိမိ၏နှုတ်ထွက်စကားတော်မှတစ်ဆင့်



ပညတ်တော်များကိုမဟောပြောမီ သိနာတောင်၌စုရုံးကြသောဣသရေလလူမျိုးတို့သည် မိမိတို့၏အဝတ်များကိုလျှော်လျက် ကိုယ့်ကိုကိုယ်သန့်စင်စွာထားရကြသည်။ ဤအမိန့်ကိုလိုက်နာရန်ပျက်ကွက်လျှင် သေဒဏ်ပေးခံရမည်။ ဘုရားသခင်၏ရှေ့တော်မှောက်တွင် ညစ်ညမ်းမှုမရှိစေရပါ။

ဣသရေလလူမျိုးတို့သည် တောထဲ၌လှည့်လည်စဉ် လဟာပြင်ထဲ၌အမြဲလိုလိုနေခဲ့ရပါသည်။ ဤကဲ့သို့နေထိုင်ခြင်းဖြင့် အလုံပိတ်အိမ်များတွင်နေရသူများသည် သန့်ရှင်းမှုမရှိခြင်းကြောင့် ရင်ဆိုင်ရသောဘေးရန်များမှလွတ်စွာသက်သာခဲ့ပါသည်။ သို့သော်လည်း တဲအပြင်နှင့်အတွင်းတွင် သန့်ရှင်းမှုရှိရန် အတိအကျညွှန်ကြားထားတော်မူပါသည်။ စခန်းအတွင်းနှင့်အနီးအနားတွင် အညစ်အကြေးများကိုမထားရှိရပါ။ ဘုရားသခင်က “သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ကိုကယ်တင်၍ ရန်သူတို့ကိုလက်၌အပ်ခြင်းငှာ၊ သင်၏စခန်းထဲမှာသွားလာတော်မူ၏။ ထိုကြောင့်သင့်အထဲ၌မစင်ကြယ်သောအရာတစ်စုံတစ်ခုကိုမြင်၍ သင်မှရှောင်သွားတော်မမူမည့်အကြောင်း သင်၏စခန်းသည် သန့်ရှင်းရမည်” တရားဟောရာကျမ်း ၂၃း၁၄။

## အစားအစာ

အစားအစာနှင့်ပတ်သက်၍ သန့်ရှင်းသော၊ မသန့်ရှင်းသောအစားအစာကို ခွဲခြားထားပါသည်။

“ငါသည်သင်တို့ကိုအခြားသောအမျိုးနှင့်ခွဲထားသော သင်တို့ဘုရားသခင်ထာဝရဘုရားဖြစ်၏။ ထိုအကြောင်းကြောင့် စင်ကြယ်သောသား၊ မစင်ကြယ်သောသား၊ စင်ကြယ်သောငှက်၊ မစင်ကြယ်သောငှက်တို့ကိုပိုင်းခြားရမည်။ ငါခွဲထားသည့်အတိုင်း မစင်ကြယ်သောသား၊ ငှက်----တိရစ္ဆာန်တစ်စုံတစ်ခုအားဖြင့် ကိုယ်ကိုကိုယ်ရွံရှာဖွယ်မဖြစ်စေရ” ဝတ်၊ ၂ဝး၂၄-၂၅။

မယုံကြည်သောသူများစားသုံးသည့် အစားအစာအမြောက်အမြားကို မစားသုံးရန် ဣသရေလလူတို့ကိုတားမြစ်ထားပါသည်။ ဤကဲ့သို့ပြုလုပ်ထားခြင်းမှာ အငြင်းပွားရန်မဟုတ်ဘဲ ဤအစာများသည် မသန့်ရှင်းသောကြောင့်ဖြစ်ပါသည်။ ဤအစားအစာများကိုမသန့်ရှင်းဟု သတ်မှတ်ခြင်းဖြင့် ကျွန်ုပ်တို့၏ကျန်းမာရေးကိုထိခိုက်စေသော အစားအစာများကိုသုံးစွဲခြင်းသည် မိမိကိုယ်ကိုညစ်ညူးစေကြောင်း သင်ခန်းစာကိုရရှိပါသည်။ ကိုယ်ခန္ဓာကိုညစ်ညူးစေသောအရာသည် ဝိညာဉ်ကိုလည်းညစ်ညူးစေပါသည်။ သုံးစွဲသူတို့ကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရာ၌လည်းကောင်း၊ သန့်ရှင်းသောအမှုတော်ကိုထမ်းဆောင်ရာ၌လည်းကောင်း မထိုက်တန်စေပါ။

တောထဲ၌ကျင့်ခဲ့သည့်စည်းကမ်းစည်းမျဉ်းများကို ကတိတော်ထားသည့်နိုင်ငံတော်သို့ရောက်သောအခါ၌လည်း အကျင့်ကောင်းများကိုဆက်လက်ကျင့်ဆောင်အသုံးပြုခဲ့ပါသည်။ လူအများသည် မြို့ထဲ၌စုဝေးခြင်းမရှိဘဲ မိမိပိုင်မြေကွက်များတွင် မှန်ကန်သောအသက်တာ၏ကျန်းမာခြင်းကောင်းချီးများကိုခံစားရင်း နေထိုင်ခဲ့ကြရပါသည်။

ဣသရေလလူမျိုးတို့ဝင်ရောက်ခဲ့သော ခါနာန်လူတို့၏ရက်စက်ညစ်ညူးသောအမူအကျင့်များနှင့်ပတ်သက်၍ ဘုရားသခင်က "သင်တို့ရှေ့မှငါနှင်ထုတ်သောလူအမျိုးမျိုးတို့၏ဘာသာဓလေ့သို့မလိုက်ရ၊ သူတို့သည် ထိုသို့သောအမှုခပ်သိမ်းတို့ကိုပြုသောကြောင့် ငါရွံရှာ၏။" "စက်ဆုပ်ရွံရှာဖွယ်သောအရာကို သင့်အိမ်ထဲသို့မသွင်းရ၊ သွင်းလျှင်သင်သည် ထိုအရာကဲ့သို့ ကျိန်အပ်သောအရာဖြစ်မည်ဟု စိုးရိမ်စရာရှိ၏" ဝတ်ပြုရာကျမ်း ၂၀:၂၃။ တရားဟောရာကျမ်း ၇:၂၆။

ဣသရေလလူမျိုးတို့သည် နေ့စဉ်နေထိုင်သောအသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်ချက်ကို လိုက်နာခဲ့ရပါသည်။ "သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ကိန်းအောင်းတော်မူသည်ကိုလည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏၊



ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏၊ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏" ၁ကော ၃:၁၆–၁၇။

## ဝမ်းမြောက်ခြင်း

"စိတ်ရွှင်လန်းခြင်းသည် ကျန်းမာတတ်၏" (သုတ္တံ ၁၇:၂၂)။ ကျေးဇူးသိတတ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ သူတစ်ပါးကိုကူညီခြင်း၊ ဘုရားသခင်၏မေတ္တာတော်နှင့်ကရုဏာကိုခိုလှုံခြင်းတို့သည် ကျန်းမာရေး၏သက်စောင့်များဖြစ်သည်။ ဣသရေလလူမျိုးတို့အတွက် ဤအရာသည် အသက်ရှင်ခြင်း၏သော့ချက်များဖြစ်ခဲ့ရပါသည်။

ယေရုရှလင်သို့တစ်နှစ်လျှင်သုံးကြိမ်သွားရောက်၍ ပွဲတော်များကျင်းပခြင်း၊ တဲများထိုး၍သကေနေပွဲကိုကျင်းပခြင်းတို့သည် သဘာဝနှင့်ပိုမိုထိတွေ့စေပြီး လူမှုရေးဘဝအတွက်အခွင့်အရေးများကို တိုးပွားစေပါသည်။ ဤပွဲများသည် ဝမ်းမြောက်ရွှင်လန်းခြင်းကိုတိုးပွားစေပြီး လေဝိအမျိုးသားများ၊ အပြင်သူစိမ်းများနှင့် ဆင်းရဲသောသူများကိုပြုသောဧည့်ဝတ်ပြုမှုတို့ကြောင့် ပို၍ပင်ဝမ်းမြောက်ကြည်နူးစေပါသည်။

"သင်၏ဘုရားသခင်ထာဝရဘုရားသည် သင်နှင့်သင်၏အိမ်သူအိမ်သားတို့အား ပြုတော်မူသမျှသောကျေးဇူး၌ သင်သည် သင်နှင့်အတူတည်းခိုသောလေဝိသားမှစ၍ တစ်ပါးအမျိုးသားတို့နှင့်တကွ ပျော်မွေ့ခြင်းကိုပြုရမည်" တရားဟောရာကျမ်း ၂၆:၁၁။

ထိုကြောင့် နှစ်ပေါင်းများစွာလွန်ပြီးနောက် ဗာဗုလုန်နိုင်ငံမှပြန်လည်လွတ်မြောက်လာသူတို့သည် ယေရုရှလင်မြို့တွင် ပညတ်တော်များကိုဖတ်ကြားပြီး မိမိတို့၏အပြစ်များကြောင့်ငိုကြွေးသောအခါ "ငိုကြွေးမြည်တမ်းခြင်းကိုမပြုကြနှင့်။ သွားကြလော့၊ မြိန်စွာသောအစာကိုစားကြလော့၊ ချိုသောအရည်ကိုသောက်ကြလော့၊ ဆင်းရဲသောသူတို့အားဝေမျှကြလော့၊ ဤသည်

နေ့ရက်သည် ငါတို့ဘုရားသခင်အဖို့သန့်ရှင်း၏။ ဝမ်းမနည်းကြနှင့်၊ ထာဝရဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ဝမ်းမြောက်ကြလော့ဟု လူအပေါင်းတို့အားဆိုကြ၏" နေဟမိ ၈း၉–၁၀။

"ထိုစကားကိုကြားသောအခါ ကျမ်းစာ၌ပါသည့်အတိုင်း သစ်ခက်တဲတို့ကိုလုပ်ခြင်းငှာတောင်သို့သွားကြ၊ သံလွင်ခက်၊ ထင်းရှူးခက်၊ မုရတုခက်၊ စွန်ပလွံခက် အစရှိသောထူထပ်သောအခက်အလက်မျိုးတို့ကိုဆောင်ခဲ့ကြဟု ယေရုရှလင်မြို့မှစ၍ ခပ်သိမ်းသောမြို့ရွာတို့၌ ကြော်ငြာကြ၏။ လူများတို့သည်ထွက်သွား၍ သစ်ခက်တို့ကိုဆောင်ခဲ့ပြီးလျှင် အိမ်မိုးပေါ်မှာလည်းကောင်း၊ မိမိဝင်းထဲဗိမာန်တော်တံတိုင်းထဲမှာလည်းကောင်း၊ ရေတံခါးလမ်းနှင့်ဧဖရိမ်တံခါးလမ်းမှာလည်းကောင်း သစ်ခက်တဲများကိုလုပ်ကြ၏။ ထိုသို့သိမ်းသွားခြင်းကိုခံရရာထဲက ထွက်လာသောပရိသတ်အပေါင်းတို့သည် သစ်ခက်တဲတို့ကိုလုပ်၍ ထိုင်နေကြ၏။---အလွန်ဝမ်းမြောက်လျက်နေကြ၏" (အငယ် ၁၅–၁၇)။

ဘုရားသခင်သည် ဣသရေလလူမျိုးတို့ကို ကိုယ်ကာယကျန်းမာရေးနှင့်ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် လိုအပ်သောသွန်သင်ချက်တို့ကို ပေးတော်မူခဲ့ပါသည်။ ဤသွန်သင်ချက်များနှင့်အတူ ပညတ်ချက်များနှင့် ပတ်သက်၍မိန့်မှာသည်မှာ–

"ယနေ့ငါမှာထားသောစကားကိုနှလုံးသွင်းရမည်။ ထိုစကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်။ အိမ်၌ထိုင်လျက်နေသည်ဖြစ်စေ၊ ခရီး၌သွားသည်ဖြစ်စေ၊ အိပ်လျက်၊ ထလျက်ရှိသည်ဖြစ်စေ ထိုစကားကိုပြောရမည်။ ထိုစကားကိုလည်း သင်၏လက်၌လက္ခဏာသက်သေဖို့ရာလည်းကောင်း၊ သင်၏မျက်စိကြားမှာအမှတ်ကဲ့သို့လည်းကောင်း ချည်ထားရမည်။ အိမ်တံခါး၊ မြို့တံခါးတို့၌လည်းရေးထားရမည်" တရားဟောရာကျမ်း ၆း၆–၉။

"နောင်ကာလ၌ သင်၏သားက၊ ငါတို့ဘုရားသခင်ထာဝရဘုရားထားတော်မူသော ဤသက်သေခံချက်၊ စီရင်ထုံးဖွဲ့ချက်တို့သည် အဘယ်သို့ဆိုလိုသနည်းဟုမေးမြန်းလျှင်---ငါတို့သည် ကိုယ့်အကျိုးကိုထောက်၍ ငါတို့ဘုရားသခင်ထာဝရဘုရားကိုကြောက်ရွံ့လျက် ဤပညတ်အလုံးစုံတို့ကို ကျင့်စေခြင်းငှာ မှာထားတော်မူ၏" (အငယ် ၂၀–၂၄)။



ဣသရေလလူမျိုးတို့သည် မိမိတို့ရရှိသောပညတ်ချက်များကို လိုက်နာခဲ့ပါက အကျိုးကျေးဇူးကိုခံစားကြရပြီး ဤလောက၌ကျန်းမာခြင်းနှင့် ကြီးပွားချမ်းသာမှုကိုရှာဖွေနေသူများအတွက် စံနမူနာများဖြစ်ခဲ့ပါလိမ့်မည်။ လူတစ်စုအနေဖြင့် ဘုရားသခင်၏အစီအမံအတိုင်းလိုက်လျှောက်ခဲ့ပါက အခြားနိုင်ငံများတွင်ဖြစ်ပျက်နေသည့်ရောဂါများမှ ကင်းလွတ်ကြလိမ့်မည်။ အခြားသူများထက် ခွန်အားနှင့်ဉာဏ်ပညာတိုးပွားကြလိမ့်မည်။ ဤလောက၌ ခွန်အားအကြီးဆုံးနိုင်ငံဖြစ်လိမ့်မည်။ ဘုရားသခင်က "သင်သည် လူမျိုးတကာတို့ထက်သာ၍ ကောင်းချီးခံရသောသူဖြစ်၍" တရားဟောရာကျမ်း ၇း၁၄။

"ထာဝရဘုရားသည်လည်း ကတိထားတော်မူသမျှအတိုင်း၊ သင်သည် ပညတ်တော်အလုံးစုံတို့ကိုစောင့်ရှောက်စေခြင်းငှာ၊ အထူးသဖြင့် ကိုယ်တော်၏လူမျိုးဖြစ်သည်ဟူ၍လည်းကောင်း၊ ဖန်ဆင်းတော်မူသောလူမျိုးတကာတို့ထက် သင်၏ဘုန်းအသရေကျော်စောမှုကို လွန်ကဲစေတော်မူမည်ဟူ၍လည်းကောင်း၊ ကတိတော်ရှိသည့်အတိုင်း၊ သင်၏ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်းသောလူမျိုးဖြစ်စေခြင်းငှာလည်းကောင်း ယနေ့ဝန်ခံတော်မူပြီဟု ဣသရေလလူမျိုးတို့အား ဟောပြောလေ၏" တရားဟောရာကျမ်း ၂၆း၁၈–၁၉။

"သင်၏ဘုရားသခင်ထာဝရဘုရား၏စကားတော်ကို နားထောင်လျှင် သင့်အပေါ်မှာသက်ရောက်လတ္တံ့သောကောင်းချီးများဟူမူကား၊ သင်သည် မြို့၌ကောင်းချီးရှိလိမ့်မည်။ တော၌ကောင်းချီးရှိလိမ့်မည်။ သားသမီးအားဖြင့်လည်းကောင်း၊ မြေအသီးအနှံအားဖြင့်လည်းကောင်း၊ တိရစ္ဆာန်ဖွားသောသားငယ်အားဖြင့်လည်းကောင်း၊ သိုးနွားအစီးအပွားအားဖြင့်လည်းကောင်း ကောင်းချီးရှိလိမ့်မည်။ ခြင်းတောင်း၌လည်းကောင်း၊ မုန့်နယ်သောခွက်၌

လည်းကောင်း ကောင်းချီးရှိလိမ့်မည်။ မိမိအိမ်ထဲသို့ဝင်သောအခါ ကောင်းချီးရှိလိမ့်မည်။ ပြင်သို့ထွက်သောအခါ ကောင်းချီးရှိလိမ့်မည်" တရားဟောရာကျမ်း ၂၈း၂–၆။

"သင်၏ဘဏ္ဍာတိုက်၌လည်းကောင်း၊ သင်ပြုလေရာရာ၌လည်းကောင်း ထာဝရဘုရားသည် သင့်အပေါ်မှာကောင်းချီးရောက်စေခြင်းငှာ မိန့်တော်မူမည်။ သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်၌ သင့်ကိုကောင်းချီးပေးတော်မူမည်။ သင်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကိုစောင့်၍ လမ်းတော်သို့လိုက်လျှင် ထာဝရဘုရားကျိန်ဆိုသည့်အတိုင်း၊ သင့်ကို ကိုယ်တော်အဖို့သန့်ရှင်းသောအမျိုးအစဉ်အမြဲဖြစ်စေတော်မူမည်။ သင်သည် ထာဝရဘုရား၏နာမတော်ဖြင့်ခေါ်ဝေါ်သမုတ်ခြင်းကိုခံရသည်ဟု လူမျိုးထပ်သိမ်းတို့သည်သိမြင်၍ သင့်ကိုကြောက်ရွံ့ကြလိမ့်မည်။ ထာဝရဘုရားသည် သင့်အားပေးခြင်းငှာ ဘိုးဘေးတို့အားကျိန်ဆိုတော်မူသောပြည်၌ ဥစ္စာပစ္စည်း၊ သားသမီး၊ တိရစ္ဆာန်အတိုးအပွား၊ မြေအသီးအနှံများကို ကြွယ်ဝစေတော်မူမည်။ ထာဝရဘုရားသည် အချိန်တန်မှ သင်၏ပြည်၌မိုးရွာစေခြင်းငှာလည်းကောင်း၊ သင်ပြုလေရာရာ၌ကောင်းချီးပေးခြင်းငှာလည်းကောင်း ဘဏ္ဍာတော်တိုက်တည်းဟူသော မိုးကောင်းကင်ကိုဖွင့်တော်မူမည်။–––ထာဝရဘုရားသည် သင့်ကိုအမြီးမဖြစ်စေဘဲ ခေါင်းဖြစ်စေတော်မူသဖြင့် သင်သည်အောက်၌မနေရဘဲ အပေါ်၌သာနေရသောအခွင့်ရှိလိမ့်မည်။ ယနေ့ငါဆင်ဆိုသော သင်၏ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကိုကျင့်စောင့်ခြင်းငှာ နားထောင်လျှင်လည်းကောင်း" (အငယ် ၈–၁၃)။

"သင်တို့သည် ဣသရေလအမျိုးသားတို့အားကောင်းချီးပေး၍ မြွက်ရသောစကားဟူမူကား" တော ၆း၂၃။

"ထာဝရဘုရားသည် သင့်ကိုကောင်းချီးပေး၍ စောင့်မတော်မူပါစေသော။ ထာဝရဘုရားသည် သင်၌မျက်နှာတော်အလင်းကိုလွှတ်၍ ကရုဏာကျေးဇူးပြုတော်မူပါစေသော၊ ထာဝရဘုရားသည် သင့်ကိုမျှော်ကြည့်၍



ချမ်းသာပေးတော်မူပါစေသောဟု ဣသရေလအမျိုးသားတို့အပေါ်မှာ ငါ့နာမကိုမြွက်ဆို၍တင်လျှင် ငါသည်ထိုသူတို့ကိုကောင်းချီးပေးမည်ဟု မိန့်တော်မူ၏" တော ၆း၂၄–၂၇။

"သင်၏နေ့ရက်ကာလဖြစ်သည့်အတိုင်း သင့်အစွမ်းဖြစ်လိမ့်မည်။ သင့်ကိုပြုစေခြင်းငှာ တန်ခိုးနှင့်ပြည့်စုံလျက် မိုးကောင်းကင်ကိုစီးတော်မူသောယေရှုရုန်အမျိုး၏ဘုရားသခင်နှင့်တူသောသူမရှိ။ ရှေးဦးစွာသောဘုရားသခင်သည် သင့်ခိုလှုံရာဖြစ်၍ ထာဝရလက်ရုံးတော်ဖြင့် သင့်ကိုထောက်မတော်မူ၏။–––ဣသရေလအမျိုးသည်ဘေးလွတ်၍ တစ်မျိုးတည်းနေရလိမ့်မည်။ ယာကုပ်အမျိုးအနွယ်သည် စပါး၊ စပျစ်ရည်နှင့်ပြည့်စုံသောပြည်၌နေရာကျ၍ မိုးနှင်းရည်လည်းစက်စက်ကျလိမ့်မည်။ အိုဣသရေလအမျိုး၊ သင်သည် ကောင်းချီးရှိ၏။ ထာဝရဘုရားကယ်တင်တော်မူသောအမျိုး၊ သင်နှင့်အဘယ်သူတူသနည်း။ ထိုဘုရားသခင်သည် သင့်ကိုကွယ်ကာသောဒိုင်းလွှား၊ သင့်ကိုချီးမြှောက်သောဓားလက်နက်ဖြစ်တော်မူ၏" တရားဟောရာကျမ်း ၃၃း၂၅–၂၉)။

ဣသရေလတို့သည် ဘုရားသခင်၏အလိုတော်ကိုမပြည့်မီသောကြောင့် သူတို့ရရှိခံစားရမည့်ကောင်းချီးများကို စွန့်လွှတ်ခဲ့ရပါသည်။ သို့သော်လည်း ယောသပ်၊ ဒံယေလ၊ မောရှေနှင့်ဧလိရှဲတို့သည် ဘုရားသခင်၏အစီအစဉ်အတိုင်းနေထိုင်ခဲ့သောကြောင့် သူတို့၏အသက်တာတွင် မွန်မြတ်သောအကျိုးကျေးဇူးများကို တွေ့မြင်နိုင်ပါသည်။ ယနေ့ကျွန်ုပ်တို့လည်း သစ္စာရှိလျှင် ဤအကျိုးကျေးဇူးများကိုတွေ့နိုင်ပါသည်။ ကျွန်ုပ်တို့အတွက် မိန့်မြွက်သည်မှာ–

"မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ခေါ်သွင်းတော်မူသောသူ၏ဘုန်းကျေးဇူးများကိုဖော်ပြစေခြင်းငှာ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏" ၁ပေ ၂း၉။

"ထာဝရဘုရားကိုကိုးစားသောသူ၊ ထာဝရဘုရားကိုမိမိကိုးစားရာအကြောင်းဖြစ်စေသောသူသည် ကောင်းချီးကိုခံအပ်သောသူဖြစ်၏" ယေရမိ ၁၇း၇။

"စွန့်ပလွံပင်ကဲ့သို့ပွင့်လန်း၍ လေဗနုန်တောင်ပေါ်မှာအာရဇ်ပင်ကဲ့သို့ ကြီးပွားလိမ့်မည်။ ထာဝရဘုရား၏အိမ်တော်၌ စိုက်ပျိုးသောသူတို့သည် ငါတို့ဘုရားသခင်၏တံတိုင်းတော်တွင် ပွင့်လန်းကြလိမ့်မည်။ အသက်ကြီးသောကာလတွင်ပင် အသီးကိုသီး၍ ကြွယ်ဝစိမ်းလန်းကြလိမ့်မည်။ ထိုသို့သောအားဖြင့် ငါ၏ကျောက်၊ ထာဝရဘုရားသည် ဖြောင့်မတ်တော်မူ၍ မတရားသောအမှုနှင့်ကင်းလွတ်တော်မူသည်ဟု ထင်ရှားလိမ့်သတည်း" ဆာလံ ၉၂း၁၂–၁၅။

"ငါပေးသောတရားကိုမမေ့နှင့်၊ ငါ့ပညတ်တို့ကို သင်၏နှလုံးစောင့်ရှောက်ပါစေ။ အကြောင်းမူကား၊ ပညတ်တရားသည် အသက်တာရှည်သောကာလနှစ်ပေါင်းများကိုလည်းကောင်း၊ ငြိမ်ဝပ်ခြင်းကိုလည်းကောင်း တိုးပွားစေလိမ့်မည်။" "သင်သည်ခရီးသွားရာ၌ဘေးမရှိ၊ ခြေမတိုက်မိဘဲသွားလိမ့်မည်။ အိပ်သောအခါကြောက်စရာမရှိရ၊ ကောင်းမွန်စွာအိပ်ပျော်ရလိမ့်မည်။ လျင်မြန်သောဘေးနှင့် လူဆိုးတွေ့တတ်သောပျက်စီးရာဘေးကို ကြောက်စရာမရှိရ၊ အကြောင်းမူကား ထာဝရဘုရားသည် သင်ယုံကြည်ကိုးစားရာဖြစ်၍ သင်၏ခြေကိုမကျော့မိစေခြင်းငှာ စောင့်မတော်မူလိမ့်မည်" သုတ္တံ ၃း၁၊ ၂၂၃–၂၆။

---ooo---





အခန်း (၂၂)

# ဆင်ယင်ထုံးဖွဲ့မှု

အဝတ်အစားများကို သင့်တင့်လျောက်ပတ်စွာဝတ်ဆင်ရန် ကျမ်းစာတွင်သွန်သင်ထားပါသည်။ (တိမောသေပထမစောင် ၂း၉)။ ဤကျမ်းပိုဒ်တွင် အဝတ်အစားဝတ်ဆင်ရာတွင် ကြွားဝါခြင်း၊ အရောင်တောက်ပြောင်ခြင်းနှင့်တန်ဆာလွန်ကဲစွာအသုံးပြုခြင်းကို တားမြစ်ထားပါသည်။ ဘုရားသခင်၏သင့်တင့်လျောက်ပခြင်းတွင် ဝတ်ဆင်သူအား အာရုံစိုက်လာရန် ဆင်မြန်းခြင်းအားလုံးကို တားမြစ်ထားပါသည်။

ရွှေတန်ဆာ၊ ကျောက်ပုလဲနှင့်အဖိုးထိုက်သောတန်ဆာများကိုရှောင်ပြီး ဈေးမကြီးသောအဝတ်များကိုဝတ်ဆင်ရပါမည်။ (အငယ် ၉)။

ငွေကြေးသည် ဘုရားသခင်ထံတော်မှလာပါသည်။ ထို့ကြောင့် မိမိတို့၏အလိုရမ္မက်နှင့်မာန်မာနကိုလိုက်၍ အသုံးမပြုရပါ။ ငွေကြေးသည် ဘုရားသခင်၏သားသမီးများလက်ထဲတွင် ငတ်မွတ်သောသူများအတွက်အစားအစာ၊ အဝတ်မရှိသောသူတို့အတွက်အဝတ်အစား၊ သူတစ်ပါးဖိနှိပ်ခြင်းကိုခံရသောသူများအတွက်အကာအကွယ်၊ ဖျားနာသောသူများအတွက်ကျန်းမာခြင်းနှင့် မရှိဆင်းရဲသောသူတို့ထံသို့ ဧဝံဂေလိတရားတော်ဟောကြားရန် အသုံးပြုရမည်။ ယနေ့ကြွားဝါရန်အသုံးပြုနေသည့်ငွေကြေးများကို စနစ်တကျအသုံးပြုခြင်းဖြင့် လူများစွာတို့သည် စိတ်နှလုံးပျော်ရွှင်နိုင်ပါမည်။ သခင်ခရစ်တော်၏အသက်တာကိုလေ့လာပါ။ ကိုယ်တော်၏အကျင့်တော်ကိုလေ့လာပြီး ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းဖြင့် သခင်ခရစ်တော်နှင့်အတူ ပူးတွဲပါဝင်ပါ။

ယနေ့ခရစ်ယာန်လောကတွင် အဖိုးထိုက်တန်သောလက်ဝတ်တန်ဆာများနှင့် တန်ဖိုးကြီးသည့်အဝတ်အစားများကိုဝယ်ယူရန် အသုံးပြုနေသောငွေကြေးသည် အစာငတ်မွတ်သောသူများနှင့် အဝတ်မရှိသောသူများအားလုံးကိုပြုစုစောင့်ရှောက်ရန် လုံလောက်ပါသည်။ ကြွားဝါခြင်းနှင့် လောက၏

ဝတ်ဆင်မှုနောက်သို့လိုက်ခြင်းဖြင့် ဆင်းရဲ၍အခက်အခဲတွေ့သူများစွာသည် အကူအညီအထောက်အပံ့မဲ့နေကြပါသည်။ ကယ်တင်ပိုင်သူ၏မေတ္တာအကြောင်းပြန့်ပွားမှုကို ဟန့်တားနေပါသည်။ ဧဝံဂေလိအမှုတော်သည် ကြန့်ကြာနေပါသည်။ လူထောင်ပေါင်းများစွာသည် ခရစ်ယာန်၏သွန်သင်ချက်များကိုမသိရှိရဘဲ ပျက်စီးဆုံးရှုံးနေကြပါသည်။ ကျွန်ုပ်တို့၏အိမ်နီးချင်းပတ်ဝန်းကျင်နှင့် အခြားတိုင်းပြည်များတွင် မယုံကြည်သောသူများစွာသည် ခရစ်ယာန်သတင်းစကားငတ်နေကြပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဆုကျေးဇူးများချပေးတော်မူပြီး ဘဏ္ဍာတိုက်တို့ကိုတစ်သက်စာအတွက် ပြည့်လျှံစေခဲ့ပါသည်။ ကျွန်ုပ်တို့ကို ကယ်တင်ခြင်းသတင်းစကားအစစ်အမှန်ကိုလည်း အပြည့်အဝပေးထားပါသည်။ သို့သော်လည်း မုဆိုးမများနှင့် မိဘမဲ့သောသူများ၊ ဖျားနာ၍အခက်အခဲတွေ့နေသူများ၊ သွန်သင်ခြင်းမရှိဘဲ ကယ်တင်ခြင်းမခံရသောသူများ၏ငိုကြွေးသံသည် ကောင်းကင်သို့လွင့်တက်နေသည်ကို မည်ကဲ့သို့အကြောင်းပြဖြေဆိုမည်နည်း။ ဘုရားသခင်၏နေ့ရက်တွင် ဤသူများအတွက် အသက်စွန့်ခဲ့သောသခင်နှင့်မျက်နှာချင်းဆိုင်သောအခါ မိမိတို့၏အချိန်နှင့်ငွေကြေးကို ဘုရားသခင်တားမြစ်ထားသည့်အရာများအတွက်သုံးဖြုန်းခဲ့ပြီး ထိုသူများကိုကူညီရန်ပျက်ကွက်ခဲ့သူများသည် မည်ကဲ့သို့ဖြေကြားကြမည်နည်း။ သခင်ခရစ်တော်သည် ဤသူများကို ငါသည်မွတ်သိပ်သောအခါ သင်တို့သည်မကျွေး၊ ငါသည်ရေငတ်သောအခါ သင်တို့သည်သောက်ဖို့မပေး၊---ငါသည်အဝတ်အချည်းစည်းရှိသောအခါ သင်တို့သည်အဝတ်နှင့်မဖုံးမလွှမ်း၊ ငါသည်အနာရောဂါစွဲသောအခါ၌လည်းကောင်း၊ ထောင်ထဲမှာနေရသောအခါ၌လည်းကောင်း သင်တို့သည်မကြည့်ရှုမပြုစုကြ” မဿဲ ၂၅း၄၂-၄၃။

ကျွန်ုပ်တို့၏အဝတ်အစားများသည် ရိုးသားမှုရှိပြီးအရည်အသွေးကောင်းမွန်ကာ အရောင်အဆင်းရှိပြီး အသုံးပြုရန်သင့်လျော်ရပါမည်။ ဝါကြွားမှုထက်ခိုင်ခံ့မှုကိုဦးစားပေးရမည်။ နွေးထွေးမှုရှိပြီး ခိုင်ခံ့မှုလည်းရှိရမည်။ သုတ္တံကျမ်းတွင်ဖော်ပြထားသော ပညာရှိအမျိုးသမီးသည် “မိုးပွင့်ကျသော်လည်း



မိမိအိမ်သူအိမ်သားတို့အတွက်မစိုးရိမ်၊ အိမ်သူအိမ်သားအပေါင်းတို့သည် ကတ္တီပါနီကိုဝတ်ကြ၏” (သုတ္တံ ၃၁း၂၁) ဟုဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏အဝတ်အစားများသည် သန့်ရှင်းမှုရှိရမည်။ အဝတ်အစားမသန့်ရှင်းပါက ကျန်းမာရေးကိုထိခိုက်ပြီး စိတ်နှင့်ကိုယ်ခန္ဓာကို ညစ်ညူးစေပါသည်။ “သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်၊--- အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖျက်ဆီး၏၊ ထိုသူကိုဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်” ၁ကော ၃း၁၆-၁၇။

အရာရာတိုင်း၌ ကျွန်ုပ်တို့၏အဝတ်အစားသည် ကျန်းမာခြင်းရှိရမည်။ ကျွန်ုပ်တို့သည် စိတ်နှင့်ကိုယ်ခန္ဓာကျန်းမာစွာရှိရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ထို့ကြောင့် ဘုရားသခင်၏အလိုတော်ကိုပြည့်ဝစေရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်တွဲဖက်လုပ်ဆောင်ရမည်။ ဤအရာနှစ်ခုစလုံးကို ကျန်းမာစွာဝတ်ဆင်ခြင်းဖြင့် အထောက်အကူပြုနိုင်ပါသည်။

အဝတ်အစားများသည် သဘာဝနှင့်အညီလှပခြင်း၊ ပုံပန်းကျနခြင်းနှင့်သင့်မြတ်လျော်ကန်မှုရှိရမည်။ သခင်ခရစ်တော်သည် အသက်တာတွင် မာနတရားမရှိရန်သာဆုံးမခဲ့ပြီး သဘာဝအလှနှင့်ပုံပန်းကျနမှုကိုမတားမြစ်ခဲ့ပါ။ ကိုယ်တော်က ပန်းများနှင့်တောနှင်းပန်းများကိုညွှန်းလျက် “ဘုန်းကြီးသောရှောလမုန်မင်းကြီး၏အဝတ်သည် ထိုအပင်တစ်ပင်မျှ၏အဝတ်ကိုမမီဟုငါဆို၏” ဟု (မဿဲ ၆း၂၉) မိန့်တော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည် သဘာဝကိုအခြေခံပြီး ကောင်းကင်နိုင်ငံတော်မှအလိုတော်ရှိသည့် ရိုးသားမှု၊ သန့်ရှင်းမှု၊ သင့်တင့်သောပုံပန်းကျနမှုတို့ကိုဖော်ပြပြီး ဤကဲ့သို့ကျင့်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီနိုင်ပါသည်။

ကျွန်ုပ်တို့၏အလှပဆုံးအဝတ်တန်ဆာကို စိတ်နှလုံး၌ဝတ်ဆင်ရန် ဘုရားသခင်ခိုင်းတော်မူပါသည်။ “ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သောနူးညံ့ငြိမ်သက်ခြင်းသဘော” (၁ပေ ၃း၄) ထက် သာလွန်လှပပြီး အဖိုးထိုက်သောအပြင်ပန်းတန်ဆာဆင်ခြင်းမရှိပါ။

ဘုရားသခင်၏သွန်သင်ချက်များကို ဦးထိပ်ထားသူတိုင်းအား ကတိထားသည်မှာ "အဝတ်အဖို့၌အဘယ်ကြောင့်စိုးရိမ်ရသနည်း၊---ယနေ့အသက်ရှင်လျက် နက်ဖြန်မီးဖိုထဲသို့ရောက်သောတောမြက်ကို ဘုရားသခင်သည် ထိုသို့သောအဝတ်နှင့်ဖုံးလွှမ်းတော်မူလျှင်---အဘယ်သို့ဝတ်ရအံ့နည်းဟူ၍ မစိုးရိမ်ကြနှင့်။---ထိုအရာများကိုသင်တို့သည် အသုံးလိုကြောင်းကိုကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့၏အဘသည် သိတော်မူ၏။ ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကို ရှေးဦးစွာရှာကြလော့၊ နောက်မှထိုအရာများထပ်၍ပေးတော်မူလတ္တံ့" မဿဲ ၆း၂၈-၃၃။

"စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည့်အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်" ဟေရှာယ ၂၆း၃။

လောကအလိုကိုလိုက်သောဝတ်ဆင်မှုကြောင့် ရရှိသောပင်ပန်းမှု၊ မငြိမ်သက်ခြင်း၊ အနာရောဂါနှင့်ပျက်စီးခြင်းတို့သည် အထက်ပါစာပိုဒ်နှင့် မည်မျှဆန့်ကျင်နေပါသနည်း။ ကျမ်းစာပါသွန်သင်ချက်များသည် ဤလောက၏ဝတ်ဆင်မှုနှင့် အလွန်ဆန့်ကျင်နေပါသည်။ ခေတ်နှစ်ပေါင်းများစွာကရှိသောဝတ်စားဆင်ယင်မှုကို ပြန်လည်သုံးသပ်ကြည့်ပါ။ ဤဝတ်စားဆင်ယင်မှုမည်မျှကို ယခုအခါမသင့်လျော်တော့ကြောင်း။ ဘုရားသခင်ကိုချစ်ကြောက်ပြီး ကိုယ့်ကိုကိုယ်တန်ဖိုးထားသောအမျိုးသမီးမည်မျှက ဤပုံစံများကိုမသင့်လျော်ကြောင်း ငြင်းဆိုလိုက်မည်နည်း။

ခေတ်နှင့်အညီ မိမိတို့၏အဝတ်အစားများကို ပြောင်းလဲဝတ်ဆင်ခြင်းကို ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင်ခွင့်မပြုပါ။ ဤကဲ့သို့ပြောင်းလဲဝတ်ဆင်ခြင်းနှင့်တန်ဖိုးကြီးသောလက်ဝတ်တန်ဆာများအတွက် ငွေကြေးများစွာနှင့်အချိန်ကိုပေးဆပ်ရပါသည်။ စိတ်နှင့်ဝိညာဉ်ကိုလည်း ပင်ပန်းစေပါသည်။ အလယ်အလတ်နှင့်ဆင်းရဲသောသူတို့အတွက်လည်း ဝန်လေးစေပါသည်။ ဝင်ငွေနည်းပါးသူအမြောက်အမြားသည် မိမိတို့၏အဝတ်အစားများကို ထိန်းချုပ်နိုင်ပါလျက်နှင့် ခေတ်မီရန်အတွက် အဝတ်အစား



များကိုဆိုင်အပ်နေကြပါသည်။ ဆင်းရဲသောမိန်းကလေးအမြောက်အမြားသည် တန်ဖိုးကြီးသောအဝတ်တစ်ထည်ရရန်အတွက် သင့်လျော်သောအတွင်းခံများကို ဝတ်ဆင်နိုင်မှုမရှိသောကြောင့် ကျန်းမာရေးကိုထိခိုက်ပြီး အသက်ဆုံးရှုံးခဲ့ရပါသည်။ အချို့သူများသည် ချမ်းသာသောသူများကိုအတုယူရန်အတွက် မရိုးသားသောလုပ်ဆောင်မှုများကြောင့် အရှက်ကွဲခဲ့ရပါသည်။ ဇနီးသားသမီးတို့၏အလိုကိုဖြည့်ဆည်းနိုင်ရန်အတွက် လင်ယောကျ်ားများစွာတို့သည် ငွေကြေးအလွဲသုံးစားခြင်းနှင့် ဆင်းရဲမွဲနေခြင်းများကိုရင်ဆိုင်ခဲ့ရပါသည်။ အိမ်ထောင်များစွာတွင် မပြည့်စုံခြင်းများရှိနေပါသည်။

အမျိုးသမီးအမြောက်အမြားသည် မိမိတို့အတွက်လည်းကောင်း၊ မိမိသားသမီးများအတွက်လည်းကောင်း ခေတ်နှင့်အညီဝတ်ဆင်နိုင်ရန် အလွန်ပင်ပန်းခံနေရပါသည်။ မိခင်အမြောက်အမြားသည် ကိုက်ခဲနေသောအကြောအခြင်များနှင့် တုန်ယင်နေသောလက်များဖြင့် ညဥ့်နက်သည့်တိုင်အောင် စစ်မှန်သောလှပမှုနှင့်ကျန်းမာခြင်းတို့ကို မပေးစွမ်းနိုင်သောအရာများဖြင့် သားသမီးတို့၏အဝတ်အစားများကို တန်ဆာဆင်နေပါသည်။ ခေတ်နှင့်ညီရန်အတွက် သူမသည်ကျန်းမာခြင်းနှင့်သားသမီးများသွန်သင်ရာတွင် လိုအပ်သောစိတ်ငြိမ်သက်ခြင်းကိုစွန့်လွှတ်ပြီး အသစ်သောစိတ်နှလုံးနှင့်ဝိညာဉ်ရေးတိုးတက်မှုမရှိပါ။

မိမိသားသမီးများ၏ကျန်းမာရေးကိုပြုစုနိုင်ရန်အတွက် ကိုယ်ကာယဖွံ့ဖြိုးမှုပညာကိုလေ့လာရန် မိခင်၌အချိန်မရှိပါ။ သူတို့၏စိတ်နှင့်ဝိညာဉ်ရေးအားနည်းချက်များကိုကူညီရန်လည်းကောင်း၊ သူတို့၏အခက်အခဲများနှင့် စိတ်ပျက်အားငယ်မှုများကို ကူညီဖြေရှင်းရာတွင်လည်းကောင်း သူမတွင် အချိန်မရှိပါ။

လူ့လောကသို့ရောက်လာသည့်အချိန်မှစ၍ ကလေးသူငယ်များသည် လောက၏ဝတ်စားဆင်ယင်မှုနောက်သို့ လိုက်နေကြပါသည်။ သူတို့၏ကယ်တင်ပိုင်သူထက် အဝတ်အစားအကြောင်းကို ပို၍ကြားသိနေကြပါသည်။ သူတို့၏မိခင်များက ကျမ်းစာဖတ်ခြင်းထက် နောက်ဆုံးပေါ်ဝတ်စားဆင်ယင်

ပုံများကိုလေ့လာနေကြသည်မှာ သူတို့၏အမြင်ဖြစ်ပါသည်။ အကျင့်ဖွဲ့ဖြိုးကြွံခိုင်မှုထက် အဝတ်အစားကိုပို၍ဦးစားပေးနေကြပါသည်။ မိဘနှင့်သားသမီးတို့သည် အသက်တာတွင်အစစ်မှန်ဆုံးနှင့်အကောင်းဆုံးအရာကိုငြင်းပယ်နေကြပြီး လာမည့်အသက်တာအတွင်း ပြင်ဆင်မှုများပျက်ကွက်နေကြပါသည်။

အစဉ်ပြောင်းလဲနေသောဝတ်စားဆင်ယင်မှုကို စတင်တီထွင်ခဲ့သူမှာ စာတန်ပင်ဖြစ်ပါသည်။ လူသားတို့အခက်အခဲကြုံတွေ့ရခြင်းဖြင့် ဘုရားသခင်အား ဝမ်းနည်းမှုနှင့်အကြည်အညိုပျက်ခြင်းတို့ကိုဖြစ်စေရန်မှာ သူ၏အလိုချင်ဆုံးသော တောင့်တချက်ဖြစ်ပါသည်။ ဤကဲ့သို့ပြုလုပ်ရာတွင် သူ၏အထိရောက်ဆုံးနည်းတစ်ခုမှာ စိတ်နှင့်ကိုယ်ခန္ဓာကိုအားနည်းစေပြီး ဝိညာဉ်ရေးဆုတ်ယုတ်စေသော လောက၏ဝတ်ဆင်မှုများဖြစ်ပါသည်။

မိမိတို့ဝတ်စားဆင်ယင်မှုကြောင့် အမျိုးသမီးအမြောက်အမြားသည် ရောဂါအနာများခံစားရပြီး အချို့သည် ပိုမိုဆိုးရွားလျက်ရှိကြပါသည်။ နောင်တွင်ရင်ဆိုင်ရမည့်အရေးပေါ်များအတွက် မိမိတို့၏ကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်ရမည့်အစား သူတို့၏အပြုအမူတို့ကြောင့် ကျန်းမာရေးသာမကဘဲ အသက်ကိုလည်းဘေးရန်ပြုပြီး သူတို့၏သားသမီးများအတွက် အသက်တာနှင့်ပတ်သက်၍ မှားယွင်းသောအတွေးအခေါ်များ၊ အကျင့်ဆိုးများနှင့်ပျက်စီးဆုတ်ယုတ်နေသော ကျန်းမာရေးအမွေအနှစ်များကို ထားခဲ့ကြပါသည်။

ရှည်လျားပြီး မြေကြီးသို့ထိနေသည့်စကတ် (Skirt) များဝတ်ဆင်ခြင်းသည် ခေတ်အဝတ်အစားများ၏မှားယွင်းပြီး အကုန်အကျများသောပုံစံတစ်ခုဖြစ်ပါသည်။ သန့်ရှင်းခြင်း၊ သက်သောင့်သက်သာမှုရှိခြင်း၊ အဆင်ပြေခြင်းနှင့်ကျန်းမာခြင်းမရှိပါ။ ပိတ်အမြောက်အမြားအသုံးပြုရပြီး မလိုအပ်သောဝတ်ဆင်မှုများကြောင့် အလွန်ဖြုန်းတီးရာရောက်ပြီး သွားလာလှုပ်ရှားရာတွင် ကြန့်ကြာခက်ခဲသောကြောင့် အဆင်မပြေမှုများနှင့်သက်သောင့်သက်သာမရှိပါ။

နောက်အမှားတစ်ခုမှာ ခါး၌အလေးချိန်ကိုထောက်ထားသည့်စကတ် (Skirt) များဖြစ်ပါသည်။ ခါး၌ချီမထားသည့်ဝန်ထုပ်ကြီးကြောင့် ကိုယ်ခန္ဓာ



အောက်ပိုင်းအင်္ဂါများကိုကျပ်သိပ်စေပြီး အောက်သို့လျှောကျစေပါသည်။ ထိုကြောင့် ဝမ်းတွင်းအားနည်းမှုတို့ကိုခံစားရရှိပြီး ဝတ်ဆင်သူကိုခါးကုန်းစေသောကြောင့် အဆုတ်ကိုကျဉ်းစေပြီး မှန်ကန်စွာအသက်ရှူမှုကိုဟန့်တားစေပါသည်။

လွန်ခဲ့သောအနှစ်အနည်းငယ်တွင် ခါးတင်းကျပ်မှု၏ဘေးရန်ကို အလွန်ကျယ်ပြန့်စွာဆွေးနွေးသောကြောင့် ဤဘေးရန်ကိုလူတိုင်းသိရှိလာသော်လည်း လောကဝတ်စားဆင်ယင်မှု၏ဆိုးသွမ်းသောဩဇာသက်ရောက်မှုကြောင့် ယခုတိုင်တွေ့ရှိရပါသေးသည်။ ဤကဲ့သို့ဝတ်ဆင်မှုကြောင့် အမျိုးသမီးများနှင့်မိန်းကလေးများအတွက် ဘေးရန်ရှိပါသည်။ အဆုတ်အတွင်း လေကောင်းစွာရှူသွင်းနိုင်ရန်အတွက် ရင်ခေါင်းအတွင်း၌ နေရာများစွာလိုပါသည်။ အဆုတ်အတွင်းလေရှူမှုကိုအဟန့်အတားရှိလာသောအခါ အောက်စီဂျင်နည်းလာပါသည်။ ထိုအခါ သွေးလည်ပတ်မှုကိုထိခိုက်လာပြီး အဆုတ်မှတစ်ဆင့် အပြင်သို့ထွက်ရမည့်အဆိပ်အတောက်များနှင့်အညစ်အကြေးများသည် အပြင်သို့ကောင်းစွာထွက်မသွားနိုင်ပါ။ ထို့ပြင်မကဘဲ ကလီစာများသည်ကျပ်သိပ်ပြီး အချို့သည်နေရာရွေ့သွားသောကြောင့် ကောင်းစွာအလုပ်မလုပ်နိုင်တော့ပါ။

ကိုယ်ခန္ဓာကိုတင်းကျပ်စွာစည်းကြပ်ခြင်းသည် မမှန်ကန်ပါ။ ကိုယ်ကာယလှပမှု၏အဓိကအချက်တစ်ခုမှာ ကိုယ်ခန္ဓာအစိတ်အပိုင်းများ အချိုးအစားပြေပြစ်မှုပင်ဖြစ်ပါသည်။ စစ်မှန်သောကိုယ်ကာယလှပမှုသည် မိမိ၏ကိုယ်ခန္ဓာကိုမလိုအပ်ဘဲဖော်ပြခြင်းမဟုတ်ဘဲ သဘာဝတရားတွင် ဘုရားသခင်ပညတ်ထားတော်မူသည့်အတိုင်း လိုက်လျှောက်ရန်ဖြစ်ပါသည်။ ဘုရားသခင်သည် လှပသောအရာများအားလုံးကို ဖန်တီးခဲ့သောသခင်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အလိုတော်အတိုင်း လိုက်လျှောက်ခြင်းဖြင့် စစ်မှန်သောလှပမှုကိုရရှိပါလိမ့်မည်။

အခြားအမှားတစ်ခုမှာ ကိုယ်ခန္ဓာကိုမျှတစွာကာကွယ်ထားမှုမရှိခြင်းဖြစ်ပါသည်။ အချို့အစိတ်အပိုင်းများတွင် လိုသည်ထက်ပို၍ဝတ်ဆင်ထားပြီး

အချို့အစိတ်အပိုင်းများတွင် လုံလောက်မှုမရှိကြပါ။ ကိုယ်ခန္ဓာအဓိကအစိတ်အပိုင်းများမှ ဝေးကွာနေသောခြေလက်များသည် အအေးဒဏ်မှကာကွယ်ရန် လုံခြုံစွာဝတ်ဆင်ထားရမည်။ အစွန်းထွက်နေသောအင်္ဂါများအလွန်အေးခြင်းဖြင့် ကျန်းမာရန်မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းအစိတ်အပိုင်းများတွင် သွေးစီးဆင်းမှုနည်းပါသောအခါ အခြားအစိတ်အပိုင်းများ၌ သွေးစီးဆင်းမှုပိုလျှံနေပါမည်။ ပြည့်စုံသောကျန်းမာခြင်းသည် မျှတသောသွေးလည်ပတ်မှုကိုလိုအပ်ပါသည်။ သို့သော်လည်း ကိုယ်ခန္ဓာရှိအရေးကြီးသောအစိတ်အပိုင်းများတွင် အဝတ်အစားများကိုထူထပ်စွာဝတ်ထားပြီး ခြေလက်များတွင်အလွန်အေးနေလျှင် မျှတသောသွေးလည်ပတ်မှုကိုမရရှိနိုင်ပါ။

အမျိုးသမီးအမြောက်အမြားသည် သွေးကိုသန့်ရှင်းစေသည့် လေကောင်းလေသန့်များရှူရှိုက်မှုနည်းခြင်း၊ ကျန်းမာခြင်းနှင့်ခွန်အားကိုတိုးပွားစေမည့် ကိုယ်ခန္ဓာအတွင်းရှိအကြောများမှတစ်ဆင့် သွေးလည်ပတ်မှုကိုအဟန့်အတားများရှိခြင်းကြောင့် စိတ်လှုပ်ရှားလွယ်ပြီး ပင်ပန်းနွမ်းနယ်နေကြပါသည်။

လဟာပြင်တွင်လွတ်လပ်စွာလှုပ်ရှားခြင်းနှင့် ကျန်းမာရေးပညတ်ချက်များလိုက်လျှောက်မှုကို အဟန့်အတားဖြစ်စေမည့်ဝတ်စားဆင်ယင်မှုများကြောင့် အမျိုးသမီးအမြောက်အမြားသည် တစ်သက်လုံးမသန်မစွမ်းသူများဖြစ်ကြပြီး အချို့တို့သည် အဆုတ်နှင့်အခြားရောဂါများကြောင့် အသက်ဆုံးရှုံးခဲ့ကြရပါသည်။

ကျန်းမာခြင်းနှင့်ညီညွတ်စွာဝတ်ဆင်နိုင်ရန်အတွက် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုစီကို သေချာစွာလေ့လာရန်လိုအပ်ပါသည်။ ရာသီဥတုအခြေအနေ၊ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့်အသက်၊ အလုပ်အကိုင်တို့ကိုထည့်သွင်းစဉ်းစားရမည်။ ဝတ်စားဆင်ယင်သည့်အစိတ်အပိုင်းတစ်ခုစီသည်လည်း မကျပ်လွန်းမချောင်လွန်းရှိပြီး သွေးလည်ပတ်မှုနှင့်သဘာဝချွေးထွက်မှုကို အဟန့်အတားမရှိစေရပါ။ လက်များကိုလွတ်လပ်စွာလှုပ်ရှားနိုင်ရန်လည်း အဝတ်အစားများသည် ချောင်ချိမှုရှိရမည်။



ကျန်းမာရေးဆုတ်ယုတ်သောအမျိုးသမီးတို့သည် သင့်လျော်စွာအဝတ်အစားများဝတ်ဆင်ပြီး ကိုယ်လက်လှုပ်ရှားခြင်းများပြုလုပ်ခြင်းဖြင့် များစွာအကျိုးရှိနိုင်ပါသည်။ အိမ်အပြင်ထွက်ရန် သင့်လျော်စွာဝတ်ဆင်ပြီး ပြင်ပလဟာပြင်၌ အစပထမတွင်ဖြည်းညင်းစွာဖြင့်လည်းကောင်း၊ နောက်မိမိတို့ခံနိုင်သလောက်ဖြင့် ကိုယ်လက်လေ့ကျင့်မှုတို့ကိုပြုလုပ်သင့်ပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ပြန်လည်ကျန်းမာလာပြီး မိမိတို့၏လုပ်ငန်းဆောင်တာများကို ပြန်လည်ထမ်းဆောင်နိုင်ပါမည်။

## လောကဝတ်ဆင်မှုကင်းခြင်း

အမျိုးသမီးများသည် လောကနှင့်ရင်ဘောင်တန်းပြီး ဝတ်ဆင်ရန်ကြိုးစားရန်းကန်ခြင်းထက် ကျန်းမာရေးနှင့်အညီ ရိုးသားစွာဝတ်ဆင်ရဲစွမ်းရှိရမည်။ အိမ်တွင်းမှုများတွင်နစ်မြုပ်နေမည့်အစား ပြင်ပအတွေ့အကြုံများရရှိရန် စာပေများဖတ်ကြားခြင်း၊ မိမိ၏ခင်ပွန်းအတွက်အဖော်ပြုခြင်းနှင့် သားသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုကို အစဉ်သဖြင့်လေ့လာခြင်းတို့ကိုပြုလုပ်ရမည်။ မိမိ၏သားသမီးများ မြင့်မြတ်သောအသက်တာအတွက်အဆင်သင့်ဖြစ်ရန် ရရှိထားသောအခွင့်အရေးများကိုလက်မလွှတ်ဘဲ အမြော်အမြင်ရှိစွာအသုံးချရမည်။ ကယ်တင်ပိုင်သူသခင်ခရစ်တော်ကို မိမိ၏နေ့စဉ်အသက်တာအဖော်မွန်အဖြစ်လက်တွဲနိုင်ရန် အချိန်ယူရမည်။ ကျမ်းစာဖတ်ရမည်။ မိမိ၏သားသမီးများနှင့်အတူ ဘုရားသခင်၏အံ့ဖွယ်အမှုများနှင့်အလှအပများကိုပိုမိုသိရှိရန် သဘာဝကွင်းပြင်များသို့ခေါ်ဆောင်သွားရမည်။

သူမသည်အစဉ်ပျော်ရွှင်ဝမ်းမြောက်မှုရှိရမည်။ တစ်ချိန်လုံးအပ်ချုပ်နေမည့်အစား ညနေပိုင်းမိသားစုပြန်လည်စုစည်းသောအခါ ပျော်ရွှင်မှုများကိုစီစဉ်ရမည်။ ဤကဲ့သို့ပြုလုပ်ခြင်းဖြင့် ခင်ပွန်းအမြောက်အမြားသည် အားလပ်ချိန်တွင်အိမ်အပြင်လျှောက်လည်မည့်အစား အိမ်ကပ်လိမ့်မည်။ သားသမီး

များသည်လည်း အပေါင်းအသင်းများနှင့်လမ်းပေါ်တွင် လေလွင့်ခြင်းမှ ကာကွယ်လိမ့်မည်။ ဤကဲ့သို့အိမ်ထောင်သည် ဘုရားသခင်အလိုတော်ရှိခဲ့သည့်အတိုင်း မိဘနှင့်သားသမီးများအတွက် ဘဝတစ်လျှောက်လုံးကောင်းချီးများဖြင့် ပြည့်စုံနေပါလိမ့်မည်။

---ooo---



အခန်း (၂၃)

# အစားအစာနှင့်ကျန်းမာရေး

ကျွန်ုပ်တို့စားသုံးသောအစားအစာများဖြင့် ကိုယ်ခန္ဓာကိုဆောက်တည်ထားပါသည်။ ခန္ဓာကိုယ်ရှိတစ်ရှူးအသားမျှင်များသည် အမြဲပျက်စီးဆုံးရှုံးနေပြီး အစိတ်အပိုင်းတစ်ခုစီကိုရွေ့ရှားလိုက်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းများထွက်လာပါသည်။ ဤစွန့်ပစ်ပစ္စည်းများကို စားသုံးသောအစားအစာဖြင့် ပြန်လည်ဖြည့်ဆည်းရပါသည်။ အင်္ဂါအစိတ်အပိုင်းတစ်ခုစီ၌ အစားအစာကို လိုအပ်ပါသည်။ ဦးနှောက်၌လိုအပ်သလို အရိုးများ၊ ချင်ဆီများနှင့်အကြောများတွင်လည်း လိုအပ်ပါသည်။ ကျွန်ုပ်တို့စားသုံးသောအစားအစာများသည် သွေးအဖြစ်သို့ပြောင်းလဲသွားခြင်းသည် အလွန်အံ့ဩဖွယ်ကောင်းပြီး ကိုယ်ခန္ဓာအနှံ့သို့သွေးများရောက်ရှိသွားပါသည်။ ဤပြောင်းလဲမှုသည် အမြဲအစဉ်ဖြစ်ပေါ်နေပြီးအကြောများ၊ ကြွက်သားများနှင့်အသားမျှင်များသို့ အသက်နှင့်ခွန်အားကိုပို့ဆောင်နေပါသည်။

## အစားအစာရွေးချယ်ခြင်း

ကိုယ်ခန္ဓာဆောက်တည်မှုအတွက် လိုအပ်သောအစားအစာများကို ရွေးချယ်ရပါမည်။ ဤကဲ့သို့ရွေးချယ်ရာတွင် စိတ်အလိုကိုလိုက်ခြင်းသည် မမှန်ကန်ပါ။ စားသောက်ပုံမမှန်ကန်မှုကြောင့် စိတ်အလိုများသည် လမ်းလွဲနေကြပါသည်။ ထို့ကြောင့် ကျန်းမာရေးကိုထိခိုက်ပြီး ခွန်အားယုတ်စေသော အစားအစာများကို မကြာခဏတောင်းဆိုတတ်ပါသည်။ ဓလေ့ထုံးစံများသည်လည်း မှန်ကန်သောလမ်းပြမှုကိုမပေးနိုင်ပါ။ ယနေ့နေရာအနှံ့တွင်ကြုံတွေ့နေရသည့် ရောဂါအနာများသည် အစားအသောက်နှင့်ပတ်သက်၍ လူအများလက်ခံကျင့်သုံးနေကြသည့် အမှားအယွင်းများကြောင့် အဖြစ်အများဆုံးဖြစ်ပါသည်။

အသင့်လျော်ဆုံးအစားအစာကိုသိရှိလိုပါက ဘုရားသခင်သည် လူကိုဖန်ဆင်းစဉ်က စားခွင့်ပြုခဲ့သောအစားအစာများကို ပြန်လည်လေ့လာရမည်။ လူကိုဖန်ဆင်းခဲ့ပြီး လူသားတို့၏လိုအပ်ချက်ကိုသိတော်မူသည့်သခင်သည် အာဒံကိုအစားအသောက်များ သတ်မှတ်ပေးတော်မူခဲ့ပါသည်။ "ဘုရားသခင်ကလည်း၊ ကြည့်ရှုလော့။---စပါးသီးကိုဖြစ်စေသော စပါးပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မျိုးစေ့ကိုဖြစ်စေသောအသီးနှင့် ပြည့်စုံသောသစ်ပင်အမျိုးမျိုးတို့ကိုလည်းကောင်း သင်တို့စားစရာဖို့ငါပေး၏" (က ၁း၂၉)။ ဧဒင်ဥယျာဉ်ကိုစွန့်ခွာခဲ့ရပြီးနောက် အပြစ်၏ကျိန်ခြင်းအောက်တွင် မြေကြီးကိုတူးဆွပြီး အသက်မွေးဝမ်းကျောင်းပြုသောအခါတွင် လယ်၌ဖြစ်သောဟင်းသီးဟင်းရွက်များ (က ၃း၁၈) ကို စားခွင့်ရရှိခဲ့သည်။

ဖန်ဆင်းပိုင်သူသည် ကျွန်ုပ်တို့စားသုံးရန်အတွက် အသီးအနှံများ၊ အခွံမာအသီးများနှင့် ဟင်းသီးဟင်းရွက်များကိုရွေးချယ်ပေးတော်မူခဲ့ပါသည်။ ဤအစားအစာများကိုသဘာဝနှင့်အနီးစပ်ဆုံးပုံစံနှင့်ချက်ပြုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်အညီညွတ်ဆုံးဖြစ်ပြီး ခွန်အားကိုလည်းရရှိစေပါသည်။ ဤအစားအစာများသည် ရှုပ်ထွေးပြီးသွေးဆူစေသောအစားအစာများထက် ခွန်အားကြံ့ခိုင်မှုနှင့်ဉာဏ်ပညာကိုတိုးပွားစေပါသည်။

သို့သော်လည်း ကျန်းမာသောအစားအစာတိုင်းကို အချိန်အခါမရွေး မည်သည့်အခြေအနေတွင်မဆို စားသုံးရန်မသင့်လျော်ပါ။ အစားအစာများကိုရွေးချယ်ရာတွင် သတိထားရမည်။ ကျွန်ုပ်တို့၏အစားအစာများကို ကျွန်ုပ်တို့နေထိုင်ရာဒေသ၏ပထဝီအနေအထား၊ ရာသီဥတုအခြေအနေနှင့်လုပ်ကိုင်သည့် အသက်မွေးဝမ်းကျောင်းပေါ်တွင်အခြေပြု၍ ရွေးချယ်ရမည်။ အချို့အစားအစာများ၏သင့်လျော်မှုသည် ရာသီဥတုပေါ်တွင်ပြောင်းလဲတတ်ပါသည်။ အသက်မွေးဝမ်းကျောင်းမတူညီမှုတို့ကြောင့်လည်း အစားအစာပြောင်းလဲသွားနိုင်ပါသည်။ ကာယလုပ်ငန်းခွင်ရှိသူများနှင့်ကိုက်ညီသောအစားအစာသည် ဉာဏအလုပ်သမားများအတွက် တစ်ခါတစ်ရံအကျိုးမရှိဖြစ်တတ်ပါသည်။ ဘုရားသခင်သည် ကျန်းမာသောအစားအစာအမြောက်အမြားကို



ကျွန်ုပ်တို့အားပေးထားပါသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ရင့်ကျက်သောအတွေ့အကြုံနှင့်ဆုံးဖြတ်ပြီး အသင့်လျော်ဆုံးအစားအစာများကို ရွေးချယ်စားသုံးရမည်။

သဘာဝတွင် အခွံမာနှင့်အခွံပျော့သောအသီးအနှံများ လုံလောက်စွာရှိပြီး နှစ်စဉ်နှင့်အမျှတိုးတက်လာသောနည်းပညာနှင့် လမ်းပန်းဆက်သွယ်ရေးတို့ကြောင့် နေရာအနှံ့သို့ဖြန့်ဝေလာနိုင်ပါပြီ။ ထိုကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်က ဈေးကြီးပေးဝယ်ခဲ့ရသောအစားအစာများသည် ယခုအခါနေ့စဉ်သုံးအစားအစာများအဖြစ်နှင့် တွေ့နိုင်ပါပြီ။ အထူးသဖြင့် စည်သွတ်နှင့်သစ်သီးခြောက်များဖြစ်ပါသည်။

အခွံမာအသီးနှင့်အစားအစာများသည် ယခုအခါအသားအစားထိုးများဖြစ်လာနေပါသည်။ အခွံမာများနှင့်အတူ သီးနှံများ၊ သစ်သီးများနှင့်သစ်ဥများကိုရော၍ ခွန်အားဖြစ်စေပြီး ကျန်းမာရေးနှင့်ညီသောအစားအစာများကို ပြင်ဆင်နိုင်ပါသည်။ သို့သော်လည်း အခွံမာအသီးအနှံများသုံးစွဲမှုမလွန်ကဲရန် သတိထားရမည်။ အခွံမာအသီးများနှင့်မကိုက်ညီသောသူတို့သည် ဤအချက်ကိုသတိထားပါက အကျိုးရှိနိုင်ပါမည်။ အချို့အခွံမာအသီးများသည် အခြားအခွံမာအသီးများထက်ကောင်းမွန်ကြောင်းကိုလည်း သတိပြုရမည်။ ဗာဒံသီးသည်မြေပဲထက်သာပြီး၊ မြေပဲကိုသင့်လျော်သောအရေအတွက်ဖြင့် အနှံများနှင့်ရောပြီးစားသုံးပါက ခွန်အားဖြစ်စေပြီး အစာကြေလွယ်ပါသည်။

အခွံမာသီးများကဲ့သို့ပင် သံလွင်သီးကိုစနစ်တကျပြင်ဆင်ပါက ထောပတ်နှင့်အသားများ၏အစား အသုံးပြုနိုင်ပါသည်။ သံလွင်ဆီသည် အသားဆီထက်ကောင်းပါသည်။ ဝမ်းကိုပျော့စေပါသည်။ အဆုတ်နာများကိုသက်သာစေပြီး ဝမ်းဗိုက်မကောင်းခြင်းကိုလည်း သက်သာစေပါသည်။

ဟင်းခတ်အမွှေးအကြိုင်များနှင့် အဆိအအိမ့်များကိုစားလေ့ရှိသူများသည် ရိုးရိုးအစားအစာများကိုအရသာမတွေ့ကြပါ။ ထိုကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို မိမိတို့၏ဝမ်းဗိုက်ကလီစာများပုံမှန်

ပြန်ဖြစ်ပြီးမှသာ အရသာတွေ့ကြလိမ့်မည်။ ဤသို့ဖြစ်ရန် အချိန်အနည်းငယ်ကြလိမ့်မည်။ သို့သော်လည်း အချိန်ကြာလျှင် ဤကျန်းမာသောအစားအစာများကို အရသာတွေ့လာလိမ့်မည်။ အလွန်ပြည့်စုံသောအရသာကို ပိုမိုကြိုက်နှစ်သက်လာ၍ ပိုမိုနှစ်ခြိုက်စွာစားသုံးလာကြပြီး မကျန်းမာသောအစားအစာများကိုငြင်းပယ်လိမ့်မည်။ ဝမ်းတွင်းကျန်းမာလာပြီး ကိုယ်အပူချိန်တက်ခြင်းနှင့်ပင်ပန်းခြင်းတို့ကိုလည်း ပျောက်ကွယ်စေ၍ မိမိ၏တာဝန်များကို ပိုမိုကောင်းမွန်စွာထမ်းဆောင်နိုင်လိမ့်မည်။

ကျန်းမာစွာနေထိုင်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် ကောင်းမွန်ပြီးခွန်အားရှိသောအစားအစာများ အလုံအလောက်ရရှိရန်လိုပါသည်။

ကျွန်ုပ်တို့သည် စနစ်တကျလုပ်ဆောင်ပါက တိုင်းပြည်တိုင်းတွင် ကျန်းမာရေးနှင့်ပြည့်စုံသောအစားအစာများ လုံလောက်စွာရရှိနိုင်ပါသည်။ ဆန်၊ ဂျုံ၊ ပြောင်းနှင့်ကောက်ပဲသီးနှံများကို နေရာအနှံ့ပို့ဆောင်လျက်ရှိပါသည်။ ဤအရာများနှင့်အတူ ပြည်ပမှသွင်းလာသောသစ်သီးများနှင့် ဒေသထွက်ဟင်းသီးဟင်းရွက်များကို ပေါင်းစပ်လိုက်ခြင်းဖြင့် အသားငါးမပါဘဲ ပြည့်စုံသောအစားအစာများကိုရရှိနိုင်ပါသည်။

သစ်သီးများပိုလျှံသောအခါ တချို့တစ်ဝက်ကိုအခြောက်လှမ်းခြင်း၊ စည်သွတ်ခြင်းဖြင့်သိုလှောင်ထားနိုင်ပါသည်။ သီးနှံအသေးစားများဖြစ်သည့် စွန်ပလွံနှင့်စတော်ဘရီအစရှိသည်တို့ကို အပိုအလျှံစိုက်ပျိုးကြပြီး အားလုံးကိုအသုံးမပြုကြပါ။ အချို့စိုက်ကွက်များသည် ပြုစုခြင်းမရှိဘဲပစ်ထားပါသည်။

သစ်သီးများစည်သွတ်ရာတွင် အိမ်သုံးအတွက်ဖြစ်လျှင် သံဘူးများအစား ဖန်ပုလင်းများကိုအသုံးပြုသင့်ပါသည်။ အသီးများလတ်ဆတ်ရန် အထူးလိုအပ်ပါသည်။ သကြားအနည်းငယ်သုံးပြီး သစ်သီးများကြာရှည်ခံရန် လိုသလောက်သာချက်ပြုတ်ရမည်။ ဤကဲ့သို့ပြင်ဆင်ပါက လတ်ဆတ်သောအသီးများကိုအစားထိုးရန် သင့်လျော်သောအစားအစာများကိုရရှိပါမည်။

စွန်ပလွံခြောက်၊ ဆီးသီးခြောက်၊ ပန်းသီးခြောက်၊ သစ်တော်သီးခြောက် အစရှိသောသစ်သီးခြောက်များကို ဈေးချိုသာစွာရရှိပါက အချို့ပွဲ



ထက်အဓိကအစားအစာအဖြစ်စားသုံးခြင်းသည်သင့်လျော်ပြီး ကျန်းမာ၍ခွန်အားတိုးစေပါသည်။

ဤကဲ့သို့စားသုံးရာတွင် တစ်ခါစားလျှင် အလွန်အကျွံစားသုံးခြင်းမရှိရပါ။ ဤကဲ့သို့စားလျှင် အစားအသောက်လွန်ကဲမှုကိုဖြစ်စေပြီး အစာခြေခြင်းကိုထိခိုက်ပါသည်။

သစ်သီးများနှင့်ဟင်းသီးဟင်းရွက်များကို တစ်နပ်တည်းတစ်ပြိုင်နက်တည်းမစားသုံးရပါ။ အစာခြေရာတွင်အဆင်မပြေပါက ဉာဏစွမ်းအားကိုအားနည်းထိခိုက်စေပါသည်။ ထို့ကြောင့် သစ်သီးများကိုတစ်ကြိမ်တွင်စားသုံးပြီး ဟင်းသီးဟင်းရွက်များကို နောက်တစ်ကြိမ်စားသုံးသင့်ပါသည်။

အစားအသောက်များကိုပြောင်းလဲ၍ပြင်ဆင်ရမည်။ တစ်ရက်ပြီးတစ်ရက်၊ တစ်နပ်ပြီးတစ်နပ်အပြောင်းအလဲမရှိဘဲ တစ်မျိုးတည်းမပြင်ဆင်ရပါ။ အပြောင်းအလဲရှိပါက အရသာပိုမိုတွေ့ရှိပြီး ခွန်အားလည်းတိုးစေပါသည်။

## အစားအစာများကိုပြင်ဆင်ခြင်း

မိမိ၏အလိုကိုလိုက်၍စားသောက်ခြင်းသည် မှားယွင်းသော်လည်း အစားအသောက်ကိုချက်ပြုတ်ပြင်ဆင်ရာတွင် ဖြစ်သလိုမပြုလုပ်သင့်ပါ။ အစားအစာများကိုစားသုံးရာတွင် မြိန်ရှက်ခြင်းမရှိပါက ၎င်းအစားအစာသည် ခွန်အားမဖြစ်နိုင်ပါ။ အစားအစာများကိုအသိတရားနှင့်ယှဉ်၍ ရွေးချယ်ပြင်ဆင်ရမည်။

ပေါင်မုန့်ဖုတ်ရာတွင် ဂျုံချောအဖြူကိုအသုံးပြုခြင်းသည် ကျန်းမာခြင်းနှင့်ညီညွတ်မှုမရှိဘဲ ဈေးတွက်လည်းမကိုက်ပါ။ ဂျုံဖြူနှင့်ထုတ်လုပ်သောပေါင်မုန့်သည် ဂျုံကြမ်းနှင့်လုပ်သောပေါင်မုန့်လောက် ခွန်အားကိုမဖြစ်စေပါ။ ဝမ်းချုပ်ခြင်းနှင့်နေထိုင်မကောင်းခြင်းကို မကြာခဏဖြစ်စေပါသည်။

ပေါင်မုန့်ဖုတ်ရာတွင် "ဆိုဒါ" နှင့် "တဆေး" အသုံးပြုခြင်းသည် မလိုအပ်သောကျန်းမာရေးကို ထိခိုက်စေသောအရာဖြစ်ပါသည်။ ဆိုဒါသည် ဝမ်းတွင်းရောင်စေပြီး ကိုယ်ခန္ဓာတွင်းအဆိပ်အတောက်မပါလျှင် ပေါင်မုန့် မပြုလုပ်ဟုထင်ကြပါသည်။ သို့သော်လည်း အချိန်ယူ၍ အကောင်းဆုံးနည်းများကိုလေ့လာမှတ်သားခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သဘာဝအရသာနှင့်ပြည့်စုံကာ ခံတွင်းတွေ့သောပေါင်မုန့်များကိုရရှိနိုင်ပါသည်။

တဆေးပါသောပေါင်မုန့်ကိုဖုတ်ရာတွင် ရေအစားနို့ကိုမသုံးရ။ နို့ကိုသုံးခြင်းသည် ငွေကြေးပိုကုန်၍ ကျန်းမာရေးနှင့်မညီညွတ်ပါ။ နို့နှင့်ဖုတ်သောပေါင်မုန့်သည် ရေဖြင့်ဖုတ်ထားသောပေါင်မုန့်လောက် ကြာရှည်စွာအရသာမချိုပါ။ ဝမ်းတွင်း၌လည်း ပို၍အချဉ်ဖောက်မြန်ပါသည်။

ပေါင်မုန့်သည်ပေါ့ပါး၍ချိုရမည်။ ချဉ်သောအရသာအနည်းငယ်မျှမရှိရ၊ အလုံးသေး၍ကောင်းစွာဖုတ်ထားခြင်းဖြင့် တဆေးတွင်ပါသောပိုးများကို အတတ်နိုင်ဆုံးဖျက်ဆီးရမည်။ ပူနွေးသောအခါ၌ဖြစ်စေ၊ လတ်ဆတ်သောအခါ၌ဖြစ်စေ တဆေးဖြင့်ကြွတက်အောင်ပြုလုပ်ထားသောမုန့်သည် အစာခြေရန်ခက်ခဲပါသည်။ ထိုကြောင့်မစားသုံးသင့်ပါ။ သို့သော်လည်း တဆေးမပါသောမုန့်သည် ဤကဲ့သို့မဟုတ်ပါ၊ တဆေးမပါဘဲကောင်းစွာဖုတ်ထားသောမုန့်သည် ကျန်းမာစေပြီးအရသာရှိပါသည်။

ဂျုံဆန်များကိုချက်သောအခါ နာရီများစွာယူ၍ကျိုချက်ရမည်။ သို့သော်လည်း ပျော့ပြီးအရည်အစားအစာများသည် ဝါးစားရသောအဖတ်အစားအစာလောက် ကျန်းမာရေးနှင့်မညီညွတ်ပါ။ နှစ်ခါပြန်ဖုတ်ထားသောပေါင်မုန့်သည် အစာခြေရန်အလွယ်ကူဆုံးနှင့်အရသာအရှိဆုံးအစားအစာဖြစ်ပါသည်။ တဆေးပါသောပေါင်မုန့်ကို အချပ်များအဖြစ်လှီးပြီး အစိုဓာတ်များခန်းခြောက်သွားရန် အပူပေးရမည်။ အနည်းငယ်ညိုသွားပါစေ၊ ခြောက်သွေ့သောနေရာတွင် ဤကဲ့သို့ပေါင်မုန့်ကို အခြားရိုးရိုးပေါင်မုန့်ထက် သိမ်းဆည်းရန်ပိုလွယ်ပြီး မစားသုံးမီနွေးအောင်နွေးခြင်းဖြင့် အသစ်ကဲ့သို့လတ်ဆတ်ပါလိမ့်မည်။





အစားအစာများကိုပြင်ဆင်ရာတွင် သကြားသုံးစွဲမှုအလွန်များပြားပါသည်။ ကိတ်မုန့်များ၊ အချိုမှုန့်များ၊ ဂျယ်လီများ (JELLIES) နှင့်ယိုများသည် အစာမကြေခြင်း၏တရားခံဖြစ်သည်။ အထူးသဖြင့် နို့၊ ဥများနှင့်သကြားကိုအဓိကထားပြင်ဆင်ရသည့် ပူတင်းများဖြစ်သည်။ နို့နှင့်သကြားကိုတွဲ၍ လွတ်လပ်စွာသုံးစွဲမှုကိုရှောင်ရှားရမည်။

လိုအပ်၍နို့ကိုအသုံးပြုရသောအခါတွင် သေချာစွာကျိုချက်ပြီးမှအသုံးပြုရမည်။ သို့မှသာရောဂါပိုးကင်းလိမ့်မည်။ ထောပတ်ကိုကျိုချက်ရာတွင်အသုံးပြုခြင်းထက် အေးနေသောပေါင်မုန့်တွင်သုပ်ခြင်းက ပို၍ဘေးရန်နည်းပါသည်။ သို့သော်လည်းမသုံးဘဲနေလျှင် အကောင်းဆုံးဖြစ်ပါသည်။ ဒိန်ခဲသည်ပို၍ဘေးရန်ရှိပါသည်။ စားသုံးရန်မသင့်ပါ။ **[မှတ်ချက်။ အိမ်တွင်ပြုလုပ်သည့်ဒိန်ခဲကိုဆိုလိုခြင်းမဟုတ်ပါ၊ ဆိုင်နှင့်စက်ရုံများမှဒိန်ခဲကိုသာဆိုလိုပါသည်။]**

အစားအသောက်ကို ကောင်းမွန်စွာချက်ပြုတ်ထားခြင်းမရှိပါက ခန္ဓာကိုယ်အတွင်း၌ သွေးကိုဖြစ်စေသောအင်္ဂါများကိုထိခိုက်စေပြီး သွေးကိုပျက်စီးစေပါသည်။ ခန္ဓာကိုယ်လည်ပတ်မှုကိုထိခိုက်ပြီး ရောဂါကိုရစေပါသည်။ ထို့အတူ နေထိုင်မကောင်းခြင်းနှင့်စိတ်တိုခြင်းတို့ကိုဖြစ်စေပါသည်။ ကောင်းမွန်စွာကျိုချက်ခြင်းမရှိသောအစားအစာများ၏ဒဏ်ကို ခံရသူထောင်သောင်းမကရှိပါသည်။ ထိုသူများ၏ဂူသင်္ချိုင်းတွင် "ကောင်းစွာချက်ပြုတ်ခြင်းမရှိသောကြောင့်သေဆုံးရသည်၊" "ဝမ်းဗိုက်ပျက်စီးခြင်းကြောင့်ကွယ်လွန်ရသူ" ဟူ၍ စာတန်းရေးထိုးနိုင်ပါသည်။

အစားအသောက်ပြင်ဆင်သူများသည် ကျန်းမာသောအစားအစာများကို မည်ကဲ့သို့ပြင်ဆင်ရမည်ကိုလေ့လာရန် ဘုရားသခင်အလိုတော်ရှိပါသည်။ ကောင်းစွာကျိုချက်ခြင်းမရှိသောကြောင့် ဝိညာဉ်ပေါင်းများစွာပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ကောင်းစွာသောပေါင်းမုန့်တစ်လုံးကိုပြင်ဆင်ရန် အတွေးအခေါ်နှင့်ဂရုစိုက်မှုများစွာလိုသော်လည်း ပေါင်မုန့်တစ်လုံး၏တရားဟောချက်ကအများထင်သည်ထက်ပို၍ထိရောက်ပါသည်။ ကောင်းမွန်သောအစားအစာ

များကို ချက်ပြုတ်တတ်သူနည်းပါသည်။ ငယ်ရွယ်သောအမျိုးသမီးတို့သည် အစားအစာများပြင်ဆင်ခြင်းနှင့်အခြားအိမ်မှုတာဝန်များကို အလွန်သေးသိမ်သည်ဟုထင်မှတ်ကြပြီး ရှောင်ကြသည်။ သို့သော်လည်း အိမ်ထောင်ကျပြီး မိခင်နှင့်ဇနီးတာဝန်များကိုထမ်းဆောင်ရသောအခါ ယခုအတွေးအခေါ်များ၏ အကျိုးဆက်ကြောင့် တာဝန်မကျေပွန်သူများဖြစ်လာပါသည်။

အစားအစာချက်ပြုတ်ခြင်းသည် ခက်ခဲသောသိပ္ပံပညာရပ်တစ်ခုမဟုတ်ပါ။ သို့သော်လည်း ဘဝတွင်မရှိမဖြစ်လိုအပ်ပါသည်။ ဤပညာရပ်ကို အမျိုးသမီးတိုင်းတတ်သင့်ကြပြီး အဆင်းရဲဆုံးလူတန်းစာကိုပင် အကျိုးပြုနိုင်ရန်ရည်ရွယ်၍ သင်ကြားပြသရမည်။ အစားအသောက်များကိုရိုးရိုးပြင်ဆင်ပြီး အရသာနှင့်ခွန်အားရှိစေရန်ပြင်ဆင်ခြင်းသည် ကျွမ်းကျင်မှုလိုအပ်ပါသည်။ သို့သော်လည်း တကယ်လုပ်လျှင်မဟုတ်ဖြစ်နိုင်ပါသည်။ စားဖိုမှူးများသည် အစားအစာများကိုဆန်းဆန်းပြားပြားမဟုတ်ဘဲ ကျန်းမာရေးနှင့်ညီညွတ်စွာ ပြင်ဆင်ခြင်းဖြင့် အရသာရှိသောအစားအစာများကို ချက်ပြုတ်နိုင်ပါသည်။

ကျန်းမာသောအစားအစာများကို မပြင်ဆင်တတ်သည့် အိမ်မှုတာဝန်များကိုဦးစီးနေရသည့်အမျိုးသမီးတိုင်းသည် မိမိ၏မိသားစုအတွက် အလွန်အရေးကြီးသောဤအတတ်ပညာကို သင်ကြားတတ်မြောက်ရန်ကြိုးစားရမည်။ အချို့ဒေသများတွင် ချက်ပြုတ်နည်းသင်တန်းကျောင်းများကို ဖွင့်လှစ်ပေးရမည်။ ဤကဲ့သို့ပညာသင်ခွင့်မရသူများသည် အခြားနားလည်တတ်ကျွမ်းသောသူတို့တွင်တပည့်ခံကာ ဤချက်ပြုတ်နည်းများကိုကျွမ်းကျင်သည့်တိုင်အောင် သင်ကြားတတ်မြောက်ရမည်။

အစားအစာများကိုအချိန်မှန်စားခြင်းသည် အလွန်အရေးကြီးပါသည်။ အစားစားချိန်အထိအကျသတ်မှတ်ပြီး ထိုအချိန်ကျလျှင်လူတိုင်းသည် လိုအပ်သောအစားအစာများကိုစားသောက်ကြပြီး ကြားထဲတွင်စည်းဖောက်၍မစားရပါ။ ချုပ်တည်းမှုနည်းသောကြောင့် လူအမြောက်အမြားသည် မလိုအပ်ဘဲ စည်းဖောက်၍ စပ်ကြားအချိန်တွင် အစားအစာများကိုစားသုံးကြသည်။ ခရီးသွားရာတွင်လူအချို့သည် မကြာခဏအစားအသောက်များကိုစားကြသည်။



ဤကဲ့သို့စားသောက်ခြင်းသည် ဘေးရန်ရှိပါသည်။ ခရီးသွားသူများသည် အချိန်မှန်မှန်ဖြင့် ဆန်းဆန်းပြားပြားမဟုတ်ဘဲ ခွန်အားရှိသောအစားအစာများကို စားသုံးကြပါက ခရီးပန်းခြင်းဒဏ်မှများစွာသက်သာပြီး ရောဂါလည်း သက်သာမည်။

အခြားဘေးရန်ဖြစ်စေသောအကျင့်မှာ ညမအိပ်မီအစားစားခြင်းဖြစ်ပါသည်။ အစားအစာများကိုပုံမှန်စားပြီးသော်လည်း အားနည်းသလိုခံစား၍ ထပ်စားကြပါသည်။ ဤကဲ့သို့ပြုလုပ်ဖန်များလျှင် အကျင့်ဖြစ်လာပြီး မအိပ်မီအစားမစားဘဲမနေနိုင် ဖြစ်လာပါသည်။ ဤကဲ့သို့ညဥ့်နက်အစားစားခြင်းဖြင့် ညအိပ်ချိန်တွင်အစာခြေမှုလုပ်ငန်းစဉ်မှာ မပြီးပြတ်နိုင်ဘဲဖြစ်နေပါသည်။ ဝမ်းဗိုက်သည် တစ်ချိန်လုံးအလုပ်လုပ်နေရသော်လည်း ကောင်းစွာအလုပ်မလုပ်နိုင်ပါ။ ညအိပ်စဉ်၌လည်း ကောင်းမွန်စွာအိပ်စက်ခြင်းမရှိဘဲ မသာယာသောအိပ်မက်များမက်ပါသည်။ နံနက်မိုးလင်း၍အိပ်ရာထလျှင် လန်းဆန်းခြင်းမရှိဘဲ နံနက်စာကိုလည်းစားလိုစိတ်မရှိပါ။ ကျွန်ုပ်တို့အိပ်ရာဝင်စဉ် ဝမ်းဗိုက်သည်လည်း အခြားအင်္ဂါများကဲ့သို့ပင် မိမိ၏လုပ်ဆောင်မှုများကို ပြီးမြောက်အနားယူရန်လိုအပ်ပါသည်။ အထိုင်များသောသူတို့အတွက် အိပ်ရာမဝင်မီအစားစားခြင်းသည် အလွန်ဘေးရန်ရှိပါသည်။ ယင်း၏ဆိုးကျိုးဆက်ကြောင့် ရောဂါများရရှိပြီးအသက်ဆုံးရှုံးနိုင်ပါသည်။

အဖြစ်အပျက်အမြောက်အမြားတွင် အားနည်းသလိုခံစားရပြီး အစာထပ်စားလိုခြင်းမှာ တစ်နေကုန်အစာကြေချက်နေရသောအင်္ဂါများ၏ပင်ပန်းနွမ်းနယ်မှုကြောင့်ဖြစ်ပါသည်။ တစ်နပ်နှင့်တစ်နပ်ကြားတွင် အနည်းဆုံး ၅–၆ နာရီခြားရမည်။ တစ်ရက်လျှင်သုံးနပ်ထက်နှစ်နပ်ကိုစားခြင်းဖြင့် အချို့လူများအတွက် ပို၍သင့်လျော်မည်ကို စမ်းသပ်တွေ့ရှိနိုင်ပါသည်။

## အစာစားရန်မသင့်လျော်သည့်အခြေအနေများ

အလွန်ပူလွန်း၊ အေးလွန်းသောအစားအစာများကို မစားသုံးသင့်ပါ။ အလွန်အေးလွန်းလျှင် အစားအစာများကိုမကြေချက်မီ ပူနွေးသွားရန် ဝမ်းတွင်း

ရှိအင်အားစုများကိုအသုံးပြုရမည်။ အေးသောဖျော်ရည်များသောက်ခြင်းသည် ဘေးရန်ရှိပါသည်။ အလွန်ပူသောအရည်များသောက်ခြင်းသည် ခွန်အားနည်းစေပါသည်။ ထို့အပြင် အစာစားရာတွင် ရေများများသောက်လေလေ အစာကြေခြင်းကိုခက်ခဲလေဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အစာမခြေမီဝမ်းတွင်းရှိအရည်များကို အကုန်စုပ်ယူရသောကြောင့်ဖြစ်ပါသည်။ ဆားကိုလွန်ကဲစွာမစားသုံးရပါ။ သနပ်များနှင့်ဟင်းခတ်အမွှေးအကြိုင်များသောအစားအစာများကို ရှောင်ရမည်။ သစ်သီးများများစားသုံးခြင်းဖြင့် အစာစားရာတွင် ရေသောက်လိုသောစိတ်ဖြစ်စေသည့် ဝမ်းတွင်းနှောင့်ယှက်မှုများကို ပြေပျောက်စေလိမ့်မည်။

အစာကိုဖြည်းညင်းစွာဖြင့် ကြေညက်အောင်ဝါးစားရမည်။ သို့မှသာ ပါးစပ်အတွင်းသွားရည်သည် အစာနှင့်အတူကောင်းစွာသမပြီး အစာကြေရန် လိုအပ်သောအရည်များထွက်လာလိမ့်မည်။

အခြားအရေးကြီးသောအမှားအယွင်းတစ်ခုမှာ အချိန်မတော်အစာစားခြင်းဖြစ်ပါသည်။ အထူးသဖြင့် ကာယလေ့ကျင့်ခန်းများ အပြင်းအထန်ပြုလုပ်ပြီးခါစ ပင်ပန်းမောဟိုက်ပြီးသွေးပူနေသောအခါ အစာများကိုချက်ချင်းစားသုံးခြင်းဖြင့် အာရုံကြောများကိုပို၍ပင်ပန်းစေပါသည်။ အစာမစားမီနှင့် အစာစားပြီးအချိန်တွင် ကိုယ်ကာယ (သို့မဟုတ်) စိတ်ဝိညာဉ်သည် အလွန်ပင်ပန်းလျှင် အစာကြေညက်ခြင်းကိုဟန့်တားစေပါသည်။ စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်ပူပန်ခြင်းနှင့်အလျင်စလိုရှိစဉ်တွင် အစာမစားဘဲနေခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ စိတ်ငြိမ်သက်မှစားသုံးသင့်ပါသည်။

ဦးနှောက်သည် ဝမ်းဗိုက်နှင့်အလွန်နီးကပ်စွာဆက်သွယ်လျက်ရှိပါသည်။ ဝမ်းဗိုက်မကောင်းလျှင် ဦးနှောက်ရှိအာရုံကြောများ၏အင်အားကိုအသုံးပြု၍ အစာခြေခြင်းကိုကူပေးရပါသည်။ ဤကဲ့သို့ဖြစ်ဖန်များလျှင် ဦးနှောက်တွင်အနှောင့်အယှက်များဖြစ်လာပါသည်။ ဦးနှောက်ပင်ပန်းပြီးကိုယ်ကာယလေ့ကျင့်ခန်းနည်းပါးသောအခါ သာမန်အစားအစာကိုပင် အနည်းငယ်မျှသာစားသုံးရမည်။ အစာစားချိန်တွင် ပူပင်သောကများကိုဖယ်ရှား



ထားပါ။ အလျင်စလိုမရှိဘဲ ဖြည်းညင်းစွာဖြင့်စားသုံးပြီး စိတ်ရွှင်လန်းခြင်း၊ ဘုရားသခင်ကျေးဇူးတော်ကိုချီးမွမ်းခြင်းရှိပါ။

သားငါးနှင့်အခြားဘေးရန်ရှိသောအစားအစာများကိုရှောင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုစားသုံးသူတို့က မိမိတို့သည် အကန့်အသတ်မရှိစိတ်အလိုကိုလိုက်၍ ကြိုက်သလောက်စားနိုင်သည်ဟု ထင်ကြပါသည်။ သို့သော်လည်း ထင်မြင်ချက်သည်မှားပါသည်။ အစာခြေသည့်လုပ်ငန်းစဉ်တစ်ခုလုံးကိုပင်ပန်းစေသော မည်သည့်အစားအစာနှင့်ပမာဏကိုမျှ မစားသုံးသင့်ပါ။

ဓလေ့ထုံးစံအရ အစားအစာကိုတစ်မျိုးပြီးမှနောက်တစ်မျိုး အထပ်လိုက်ချပေးလေ့ရှိပါသည်။ စားသုံးသူသည် ဟင်းအမည်မျိုးစုံကိုမသိသောကြောင့် တစ်ခါတစ်ရံတွင် မိမိနှင့်မသင့်လျော်သည့်အစားအစာများကို အများအပြားစားလေ့ရှိသည်။ ထိုကြောင့် နောက်ဆုံးဟင်းလျာပြီးသောအခါတွင် ဘောင်ကျော်နေပြီး သွားရည်ယိုစရာအချိုပွဲသို့ လက်လှမ်းချင်ပါသေးသည်။ သို့သော်လည်း ဤအချိုပွဲသည် သူ့အတွက်အကျိုးမရှိပါ။ အကယ်၍ ကျွေးမွေးသည့်အစားအစာအားလုံးကို စားပွဲပေါ်တွင်တစ်ပြိုင်နက်တည်းခင်းကျင်းလိုက်ပါက စားသုံးသူသည် ချင့်ချိန်၍စားသုံးနိုင်ပါလိမ့်မည်။

တစ်ခါတစ်ရံတွင် လွန်ကဲစွာစားသုံးခြင်း၏အကျိုးကို ချက်ချင်းခံစားရပါသည်။ သို့သော်လည်း အချို့အဖြစ်အပျက်များတွင် ကိုယ်ကာယ၏အခြေခံအုတ်မြစ်ဖြစ်သော အစာခြေခြင်းအင်္ဂါများကို နာကျင်မှုမခံစားရဘဲ ဆုယုတ်ပျက်စီးစေပါသည်။

ပိုလျှံသောအစားအစာများသည် အစာခြေခြင်းလုပ်ငန်းစဉ်တစ်ခုလုံးကိုပင်ပန်းစေပြီး အားနည်းခြင်းနှင့်ရောဂါများကိုရစေပါသည်။ ဝမ်းထဲသို့သာမန်ထက်ပို၍သွေးများလိုအပ်သောကြောင့် ခြေလက်များကိုအလျင်အမြန်အေးစေပါသည်။ အစာခြေသောအင်္ဂါများသည် အလွန်ပင်ပန်းသောကြောင့် တာဝန်ပြီးဆုံးသွားသောအခါတွင် မလှုပ်မရှားနိုင်ဘဲ အင်အားကုန်ခန်းသွားကြပါသည်။ အစားအစာများကိုအဆက်မပြတ်စားသုံးသူတို့သည် အမြဲ

ဗိုက်ဆာနေကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အစာခြေအင်္ဂါရပ်များ၏ အလုပ်ပင်ပန်းမှုကြောင့်ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် ဦးနှောက်တွင် လေးလံပြီး စိတ်နှင့်ကိုယ်ကာယလှုပ်ရှားမှုများမလိုက်လျောနိုင်ဖြစ်တတ်ပါသည်။

ဤကဲ့သို့ဖြစ်ရခြင်းမှာ သဘာဝသည် မလိုအပ်သောအင်အားများကိုအသုံးပြုရပြီး ပင်ပန်းနေသောကြောင့်ဖြစ်ပါသည်။ ဝမ်းဗိုက်ကအနားယူလို့နေပါသည်။ သို့သော်လည်း ဤကဲ့သို့အားနည်းမှုကို ဗိုက်ဆာသည်ဟုထင်မှတ်ကြပြီး ဝမ်းဗိုက်ကိုအနားပေးရမည့်အစား ပို၍ပင်ဝန်ပိစေပါသည်။ ရလဒ်မှာ အစာခြေအင်္ဂါများသည် ကောင်းမွန်စွာလုပ်ဆောင်ရမည့်အစား ပျက်စီးကြရပါသည်။

ကျွန်ုပ်တို့သည်အခြားရက်များထက် ဥပုသ်နေ့တွင်အစားအစာများကို ပိုမိုစုံလင်စွာဖြင့်မပြင်ဆင်ရပါ။ ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို ပို၍နားလည်နိုင်ရန်အတွက် ထိုနေ့တွင်အစားအစာများသည် ပို၍အစာကြေလွယ်ပြီး အခြားရက်များထက်လျှော့၍စားရမည်။ လေးလံရှုပ်ထွေးသောဝမ်းဗိုက်သည် ဦးနှောက်ကိုလေးလံရှုပ်ထွေးစေပါသည်။ မသင့်လျော်သောအစားအစာများကိုစားသုံးခြင်းကြောင့် စိတ်ရှုပ်ထွေးပြီး ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများကို တပ်မက်ခြင်းမရှိဖြစ်တတ်ပါသည်။ ဥပုသ်နေ့တွင်အစာလွန်ကဲခြင်းကြောင့် သူတို့သည် ထင်သည်ထက်ပို၍မြင့်မြတ်သောအခွင့်အရေးများနှင့် မထိုက်မတန်သောသူများဖြစ်သွားရပါသည်။

ဥပုသ်နေ့တွင်အဆန်းအပြားကိုရှောင်သင့်ပါသည်။ သို့သော်လည်း အေးနေသောအစားအစာများကိုမစားသင့်ပါ။ အေးသောရာသီဥတုတွင် တစ်ရက်ကြိုတင်ချက်ထားသောအစားအစာများကို နွေးစားရမည်။ အစားအစာများကိုလည်း ဆွဲဆောင်မှုရှိပြီးအရသာရှိကာ သာမန်ပြင်ဆင်ထားရပါမည်။ ကလေးရှိသောမိသားစုများတွင် ဥပုသ်နေ့၌အခြားရက်များတွင်မစားရသောအထူးအစားအစာတစ်ခုကိုပြင်ဆင်လျှင်ကောင်းပါသည်။



အစားအစာတွင်အမှားအယွင်းရှိနေပါက ပြင်ဆင်ရန်ဆိုင်းငံ့ခြင်းမရှိရပါ။ မိမိ၏ဝမ်းကိုဂရုစိုက်ခြင်းကြောင့် အစာမကြေသည့်ရောဂါကိုခံစားရပါက မလိုအပ်သောဝန်ထုပ်များကိုချက်ချင်းဖယ်ရှားပြီး ကျန်ရှိသောခွန်အားကို ထိန်းသိမ်းနိုင်ရန်ပြုလုပ်ရမည်။ ကြာရှည်စွာဂရုမစိုက်ခြင်းကြောင့် ဝမ်းသည်အကောင်းပကတိပြန်လည်ကောင်းမွန်ရန် မဖြစ်နိုင်သော်လည်း အစားအစာကိုသေချာစွာဂရုစိုက်ခြင်းဖြင့် ထပ်မံပျက်စီးခြင်းကိုကာကွယ်နိုင်မည့်အပြင် ရေရှည်တွင်ပြန်လည်ကောင်းမွန်လာနိုင်ပါမည်။ အဖြစ်အပျက်တစ်ခုစီအတွက် လိုအပ်သောစည်းကမ်းချက်များကို ချမှတ်ရန်ခက်ခဲသော်လည်း အစားအစာများကိုပြင်ဆင်ရာတွင် မှန်ကန်သောနည်းလမ်းများကိုဂရုစိုက်ခြင်းဖြင့် ပြောင်းလဲမှုများပြုလုပ်လာနိုင်ပြီး စိတ်အလိုကိုလိုက်၍ချက်ပြုတ်ခြင်းကို ကာကွယ်နိုင်ပါလိမ့်မည်။

အစားအသောက်တွင်ချုပ်တည်းမှုရှိခြင်းသည် စိတ်ဓာတ်နှင့်အကျင့်ခွန်အားကိုတိုးစေပြီး တဏှာရာဂကိုချုပ်ထိန်းစေနိုင်ပါသည်။ အစားအသောက်လွန်ကဲခြင်းသည် ချုပ်တည်းမှုအားနည်းသူတို့ကို ဘေးရန်ပြုသည်။ ဤသူတို့သည် အစားအသောက်ကိုလျှော့စားပြီး ကိုယ်ကာယလေ့ကျင့်ခန်းများများပြုလုပ်သင့်ပါသည်။ အစွမ်းအစမရှိသောအမျိုးသမီးနှင့်အမျိုးသားအချို့သည် မိမိတို့၏တတ်စွမ်းမှုထက်ဝက်ကိုပင် အသုံးမပြုနိုင်ဘဲရှိကြပါသည်။ သို့သော် ဤသူတို့သည် မိမိတို့၏အစားကြူးခြင်းကိုထိန်းချုပ်နိုင်ပါက အောင်မြင်ပါလိမ့်မည်။

ဤနေရာတွင် စာရေးဆရာများနှင့်ဟောပြောသူတို့ မှားယွင်းနေကြပါသည်။ အစားအစာကိုအတားအဆီးမရှိစားပြီးလျှင် ထိုင်လျက်စာဖတ်ခြင်း၊ စာရေးခြင်းနှင့် စာပေလေ့လာခြင်းတို့ကိုပြုလုပ်ကြပြီး ကိုယ်ကာယလှုပ်ရှားမှုကိုအချိန်မပေးကြပါ။ ထိုကြောင့် သူတို့၏အတွေးများနှင့်စကားလုံးတို့သည် လွတ်လပ်စွာထွက်ပေါ်လာခြင်းမရှိတော့ပါ။ စိတ်နှလုံးနှင့်ထိတွေ့မည့်စကားလုံးများကို မရေးသားမပြောဆိုနိုင်ဘဲရှိကြပါသည်။ သူတို့၏အားထုတ်မှုများသည် အားနည်းလာပါသည်။

အရေးကြီးသောတာဝန်များကိုယူထားရသူများ၊ အထူးသဖြင့် ဝိညာဉ်ရေးရာများကိုစောင့်ရှောက်ရသူများသည် စူးရှထက်မြက်ရမည်။ အခြားသူများထက် အစားအစာတွင်ချုပ်တည်းမှုရှိရမည်။ အဆီအအိမ့်များကို သူတို့၏စားပွဲပေါ်၌ မတွေ့ရှိစေရပါ။

နေ့စဉ်နှင့်အမျှ ရာထူးကြီးသူတို့သည် အရေးကြီးသောဆုံးဖြတ်ချက်များကို ချမှတ်နေရပါသည်။ ဤသူများသည် အလျင်အမြန်စဉ်းစားဆုံးဖြတ်ရပါသည်။ ထို့ကြောင့်အောင်မြင်စေရန် တိကျသောချုပ်တည်းခြင်းရှိရမည်။ ကိုယ်ကာယနှင့်ဦးနှောက်၏ခွန်အားများကို မှန်ကန်စွာထိန်းသိမ်းခြင်းဖြင့် စိတ်ကိုအားတက်စေပါသည်။ အတင်းအကျပ်စေခိုင်းခြင်းမရှိပါက လုပ်ဆောင်မှုတိုင်းတွင်ခွန်အားတိုးစေပါသည်။ သို့သော်လည်း မကြာခဏဆိုသလို အရေးကြီးသောလုပ်ဆောင်ချက်များနှင့်ဆုံးဖြတ်ချက်များကို ချမှတ်ရသူတို့၏မှားယွင်းသောအစားအသောက်များကြောင့် သူတို့၏လုပ်ဆောင်မှုများတွင် ထိခိုက်ရပါသည်။ မှုမမှန်သောဝမ်းဗိုက်သည် မှုမမှန်သောစိတ်အခြေအနေကို ဖြစ်စေပါသည်။ မကြာခဏအနှောင့်အယှက်များ၊ ရိုင်းပျမှုနှင့်မတရားမှုတို့ကို ဖြစ်စေပါသည်။ လောကကိုအကျိုးပြုမည့်အစီအစဉ်အမြောက်အမြားဘေးဖယ်ထားခြင်းခံရပြီး တရားမျှတမှုမရှိခြင်း၊ တစ်ဖက်သတ်ဆန်ခြင်းနှင့် ရက်စက်သောလုပ်ဆောင်မှုများကို အကောင်အထည်ဖော်ကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ မှားယွင်းသောစားသောက်မှုတို့၏ဆိုးကျိုးဆက်ပင်ဖြစ်ပါသည်။

ကာယလုပ်ရှားမှုမရှိသူများနှင့် ဦးနှောက်အသုံးများသူတို့အတွက် အကြံတစ်ခုပြုပါသည်။ ကိုယ်ကိုကိုယ်ချုပ်တည်းမှုနှင့် ရဲစွမ်းရှိသူများ၏အကြံပြုချက်ကို ကျင့်သင့်ပါသည်။ အစာစားချိန်တွင် သာမန်ရိုးရိုးအစားအစာနှစ်မျိုး (သို့မဟုတ်) သုံးမျိုးကို အစာပြေရုံမျှသာစားပြီး နေ့စဉ်ကာယလေ့ကျင့်ခန်းများကိုပြုလုပ်ပါ။ အကျိုးရှိမရှိကိုစောင့်ကြည့်နိုင်ပါသည်။

ကာယအလုပ်ကိုလုပ်ကိုင်နေရသော ခွန်အားကြီးသူများသည် ဉာဏအလုပ်သမားလောက် အစားအစာတွင်ထိန်းချုပ်မှုမလိုအပ်ပါ။ သို့သော်လည်း



အစားအသောက်တွင်ချုပ်တည်းမှုရှိပါက သူတို့သည် ပို၍ပင်ကျန်းမာလာပါလိမ့်မည်။

အချို့သူများသည် အစားအသောက်နှင့်ပတ်သက်၍ စည်းကမ်းအတိအကျသတ်မှတ်လိုကြပါသည်။ အကယ်၍ အစားလွန်သွားပါ နောင်တရကြပါသည်။ သူတို့သည် ဘာစားသောက်ရမည်ကို နေ့စဉ်တွေးတောနေကြပါသည်။ သို့သော် ဤကဲ့သို့မဖြစ်သင့်ပါ။ လူတစ်ယောက်သည် အခြားလူတစ်ဦးအတွက် စည်းကမ်းမသတ်မှတ်နိုင်ပါ။ လူတိုင်းသည် ကိုယ်ကိုကိုယ်ထိန်းချုပ်မှုရှိပြီး စည်းကမ်းရှိရပါမည်။

ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို သခင်ခရစ်တော်က အဖိုးအခပေး၍ဝယ်ထားတော်မူသောကြောင့် ကျွန်ုပ်တို့ကြိုက်သလိုလုပ်ခွင့်မရှိပါ။ ကျန်းမာရေးစည်းကမ်းများကို နားလည်သိရှိသူတိုင်းသည် ဘုရားသခင်သတ်မှတ်တော်မူထားသည့် ဤစည်းကမ်းများကိုလိုက်လျှောက်ရပါမည်။ ကျန်းမာရေးစည်းကမ်းများလိုက်လျှောက်ခြင်းကို ကျွန်ုပ်တို့တစ်ဦးစီ၏တာဝန်အဖြစ်သတ်မှတ်ထားရပါမည်။ ဤစည်းကမ်းများကိုချိုးဖောက်ပါက ဆိုးကျိုးဆက်ကို ကျွန်ုပ်တို့သာခံစားရပါမည်။ ကျွန်ုပ်တို့၏အကျင့်များနှင့်လုပ်ဆောင်မှုများကြောင့် ဘုရားသခင်၏စစ်ကြောခြင်းကိုခံရပါမည်။ ထို့ကြောင့်ဤလောကသည် မည်ကဲ့သို့ကျင့်ဆောင်နေပါသနည်းဟုမမေးဘဲ ဘုရားသခင်ပေးသနားတော်မူထားသည့်အသိုက်အမြုံကို ကျွန်ုပ်တို့တစ်ဦးစီသည် မည်ကဲ့သို့စောင့်ရှောက်နေပါသနည်း" ဟုမေးသင့်ပါသည်။

---ooo---

အခန်း (၂၄)

# အသားစားခြင်း

အစအဦးတွင် လူကိုတိရစ္ဆာန်အသားစားခွင့်မပြုခဲ့ပါ။ ဤကမ္ဘာကြီးကိုရေလွှမ်းမိုးပြီးနောက် စိမ်းလန်းသောအရာများအားလုံးကို ပျက်စီးသွားသောအခါကျမှသာလျှင် ဘုရားသခင်ကလူကိုအသားစားခွင့်ကိုပေးခဲ့ပါသည်။

ဧဒင်ဥယျာဉ်တွင် လူသားများအတွက် အစားအစာကိုရွေးချယ်ရာတွင် အကောင်းဆုံးအစားအစာကို ဘုရားသခင်ပြတော်မူခဲ့ပါသည်။ ဣသရေလလူမျိုးတို့အတွက် ရွေးချယ်ရာတွင်လည်း ဤသင်ခန်းစာများကိုပင်ပြတော်မူခဲ့ပါသည်။ အဲဂုတ္တုပြည်မှခေါ်ထုတ်လာပြီးနောက် ဘုရားသခင်ပိုင်သတော်မူသည့်လူမျိုးဖြစ်စေရန် ဣသရေလတို့ကို ကိုယ်တော်သွန်သင်တော်မူခဲ့ပါသည်။ သူတို့မှတစ်ဆင့် ဤလောကကိုကောင်းချီးများချပေးရန် ဘုရားသခင်အလိုတော်ရှိခဲ့ပါသည်။ ထို့ကြောင့် သူတို့အတွက် အကောင်းဆုံးအစားအစာကိုပေးတော်မူခဲ့ပါသည်။ ထိုအစားအစာမှာအသားမဟုတ်ဘဲ မန္နမုန့် "ကောင်းကင်နိုင်ငံမှမုန့်" ပင်ဖြစ်သတည်း။ အဲဂုတ္တုပြည်မှအမဲသားအိုးကင်းများကိုသတိရ၍ သူတို့၏မကျေနပ်သံများနှင့်မြည်တမ်းခြင်းကြောင့် သူတို့ကိုအသားစားခွင့်ပေးခဲ့ပါသည်။ သို့သော်လည်း ခဏသာအခွင့်ပေးတော်မူခဲ့ပါသည်။ ဤအသားစားခြင်းကြောင့် ရောဂါများရရှိပြီး ထောင်ပေါင်းများစွာအသက်ဆုံးရှုံးခဲ့ရပါသည်။ သို့သော်လည်း အသားမစားရန်တားမြစ်ချက်ကို သူတို့မလက်ခံခဲ့ပါ။ သူတို့သည် တိတ်ဆိတ်စွာဖြင့်တစ်မျိုး၊ အများကြားရန်တစ်ဖုံဖြင့် မြည်တမ်းလျက်ရှိသော်လည်း ဘုရားသခင်သည် အစဉ်အမြဲစားခွင့်မပြုပါ။

ခါနာန်ပြည်သို့ရောက်ကြသော် ဣသရေလလူမျိုးတို့သည် အသားစားခွင့်ကိုရရှိသော်လည်း ၎င်း၏ဆိုးပြစ်ကိုလျော့နည်းရန်အတွက် တိကျသောတားမြစ်ချက်များ ပါဝင်ခဲ့ပါသည်။ ဝက်သားစားခြင်းကိုတားမြစ်ထားပြီး အခြားသက်ရှိများ၊ ငှက်များနှင့်ငါးများမှ တချို့တစ်ဝက်ကိုလည်း



မသန့်ရှင်းဟုသတ်မှတ်ထားခဲ့ပါသည်။ အခြားအသားများကိုစားခွင့်ပြုခဲ့သော်လည်း အဆီနှင့်အသွေးကိုမစားရန် တင်းကျပ်စွာတားမြစ်ထားပါသည်။

အသားစားခွင့်ရှိသောတိရစ္ဆာန်များသည် အခြေအနေကောင်းရမည်။ တိရစ္ဆာန်သည် ဆွဲဆုပ်ထားခြင်းမရှိရ၊ အသေကောင်မဖြစ်ရ၊ သွေးကိုလည်း အကုန်အစင်ထုတ်ထားရမည်။

ဘုရားသခင်ချမှတ်ထားသည့်အစီအစဉ်မှ ရှောင်ဖယ်ခြင်းကြောင့် ဣသရေလလူမျိုးအမြောက်အမြား ဆုံးရှုံးခဲ့ပါသည်။ သူတို့သည် အသားကိုစားလိုသောကြောင့် ဆိုးကျိုးဆက်ကိုခံယူခဲ့ရပါသည်။ ဘုရားသခင်၏အကျင့်နှင့်အလိုတော်သို့တက်လှမ်းနိုင်ခြင်းမရှိခဲ့ပါ။ ဘုရားသခင်သည် "သူတို့တောင်းသောဆုကိုပေးတော်မူ၏။ သို့သော်လည်း သူတို့၌ပိန်းကြုံခြင်းကိုသွင်းပေးတော်မူ၏" (ဆာလံ ၁၀၆း၁၅)။ သူတို့သည် ဝိညာဉ်ရေးထက်ဤလောကကိုပိုမိုတန်ဖိုးထားခဲ့သောကြောင့် ဘုရားသခင်သည် သူတို့အတွက်အလိုတော်ရှိသောအဆင့်သို့ မတက်လှမ်းနိုင်ခဲ့ပါ။

## အသားမစားရသောအကြောင်းရင်းများ

အသားစားသောသူများမှာ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများကိုတစ်ဆင့်ခံစားနေသူများသာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိရစ္ဆာန်သည် အသီးအရွက်များမှ သူ၏ကြီးထွားမှုအတွက်လိုအပ်သောခွန်အားကိုရရှိပါသည်။ ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများတွင်ရှိသော အသက်ရှူခြင်းခွန်အားသည် စားသုံးသောသူထံသို့ရောက်ရှိသွားပါသည်။ ကျွန်ုပ်တို့သည် ဤအရာများအား တိရစ္ဆာန်များကိုစားသုံးခြင်းမှတစ်ဆင့် ရရှိကြပါသည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပေးသနားတော်မူသည့် အစားအစာကိုစားသုံးခြင်းဖြင့် ဤအရာများကိုတိုက်ရိုက်ရရှိနိုင်ပါက မည်မျှကောင်းမည်နည်း။

အသားသည်မည်သည့်အခါမျှ အကောင်းဆုံးအစားအစာမဖြစ်ခဲ့ပါ။ တိရစ္ဆာန်တွင်ဖြစ်တတ်သောရောဂါများ၏အလျင်အမြန်တိုးပွားမှုနှုန်းကြောင့်

ယခုအခါတွင်တိရစ္ဆာန်အသားကိုသုံးစွဲရန် နှစ်ခါပြန်၍လူတိုင်းစဉ်းစားနေကြပါသည်။ အသားကိုစားသောသူတို့သည် မိမိတို့စားသည့်အသားနှင့်ပတ်သက်၍ အနည်းငယ်မျှသာသိကြပါသည်။ အသတ်ခံရသောတိရစ္ဆာန်နှင့်သူတို့စားနေရသည့်အသား၏အရည်အသွေးကိုသိခွင့်ရပါက လူအမြောက်အမြားသည် လှည့်ပင်ကြည့်တော့မည်မဟုတ်ပါ။ တီဘီနှင့်ကင်ဆာပိုးများပါဝင်နေသည့်အသားများကို လူတို့မကြာခဏစားသုံးနေကြပါသည်။ ဤနည်းအားဖြင့် တီဘီ၊ ကင်ဆာနှင့်အခြားဘေးရန်ရှိသောရောဂါများ ပြန့်ပွားနေပါသည်။

ဝက်၏အသားတစ်ရှူးများတွင် အခြားတိရစ္ဆာန်၏အညစ်အကြေးများဖြင့် ပြည့်လျှံနေပါသည်။ ဘုရားသခင်က “အသားကိုမစားရ၊ အသေကောင်ကိုလည်းမထိရ” (တရားဟော ၁၄း၈) ဟု ပညတ်ချက်ထားပါသည်။ ဝက်၏အသားသည် မစားသင့်ကြောင်းကို ဤပညတ်ချက်ဖြင့်တားမြစ်ထားပါသည်။ ဝက်များသည် အညစ်အကြေးများကိုသုတ်သင်ရန်သာဖြစ်ပါသည်။ မည်သည့်အခြေအနေ၌ရှိစေကာမူ လူသားတို့စားသုံးရန်မသင့်လျော်ပါ။ မိမိသဘာဝဖွဲ့စည်းမှုတွင် အညစ်အကြေးများဖြင့်ပြည့်ဝနေပြီး မသန့်ရှင်းသည့်အရာများအားလုံးကို မှီဝဲစားသုံးနေသည့်တိရစ္ဆာန်၏အသားသည် သန့်ရှင်းပြီး ကျန်းမာရန်မည်သို့မျှမဖြစ်နိုင်ပါ။

မကြာခဏဆိုသလို ရောဂါထူပြောပြီး အိမ်၌ထားရန်မဖြစ်နိုင်တော့သည့်တိရစ္ဆာန်တို့ကိုသတ်ဖြတ်၍ အသားများကိုရောင်းစားကြပါသည်။ တစ်ခါတစ်ရံတွင် တိရစ္ဆာန်များအသားတိုးရန်ပြုလုပ်ခြင်းကြောင့်လည်း ရောဂါများရရှိလာနိုင်ကြပါသည်။ တိရစ္ဆာန်တို့ကို လေကောင်းလေသန့်နှင့်ကင်းဝေးပြီး မှောင်သောနေရာများ၌ ညစ်ပတ်သောတင်းကုပ်များတွင် မသန့်ရှင်းသည့်အစာများကိုကျွေးခြင်းဖြင့် ၎င်းတိရစ္ဆာန်တို့သည် မသန့်ရှင်းသောအရာများဖြင့် ဖောရောင်လာကြပါသည်။

မကြာခဏဆိုသလို တိရစ္ဆာန်တို့သည် ဝေးလံစွာပြောင်းရွှေ့ကြပြီးမှ သားသတ်ရုံသို့ပို့ဆောင်လေ့ရှိပါသည်။ စိမ်းလန်းသောစားကျက်များမှ



အလွန်ဝေးလံသည့်ခရီးကို ပူအိုက်ပြီးဖုန်ထူထပ်သောလမ်းတစ်လျှောက်ပြည့်ကျပ်ပြီး မသန့်ရှင်းသောကားယာဉ်များတွင် ပင်ပန်းနွယ်နယ်ပြီး အစားအစာနှင့်ရေမရှိဘဲ အချိန်ကြာမြင့်စွာနေရသောကြောင့် တိရစ္ဆာန်များမှာ အသက်မြော့မြော့သာကျန်ပါတော့သည်။ ဤကဲ့သို့တိရစ္ဆာန်များကို လူများကစားသုံးကြပါသည်။

ဒေသအမြောက်အမြားမှငါးတို့သည် မသန့်ရှင်းသောအစားအစာများကိုမှီဝဲခြင်းကြောင့် ရောဂါများရရှိကြပါသည်။ အထူးသဖြင့် မြို့များမှထွက်လာသည့်အညစ်အကြေးများကို စားသုံးမှီဝဲသောငါးများဖြစ်ပါသည်။ ဤငါးများသည် ရေမြောင်းများရှိသည့်အညစ်အကြေးများကိုမှီဝဲကြပြီး ရေသန့်သောနေရာများသို့ ကူးသွားကြပါသည်။ ထို့ကြောင့် မည်သူကမျှသူတို့ကိုရောဂါများသယ်ဆောင်သည့်ငါးများအဖြစ် မထင်မှတ်ကြပါ။

အသားစားခြင်းဆိုးကျိုးကို ချက်ချင်းမသိနိုင်သော်လည်း ၎င်းသည် ဘေးရန်ကင်းသည်ဟုမဆိုနိုင်ပါ။ လူအနည်းငယ်ကသာလျှင် မိမိတို့စားသုံးသောအသားငါးတို့က မိမိတို့၏သွေးတွင်အဆိပ်အတောက်များဖြစ်စေသည်ဟု ယုံကြည်ကြပါသည်။ လူအမြောက်အမြားက အသားစားခြင်းကြောင့်ရောဂါများရရှိကာ အသက်သေဆုံးကြသော်လည်း ၎င်းကိုမည်သူကမျှသတိမထားမိကြပါ။

အသားစားခြင်းသည် ကိုယ်ကာယကျန်းမာခြင်းကိုထိခိုက်စေသည်သာမက မိမိတို့၏စိတ်ဝိညာဉ်ကိုလည်း ထိခိုက်စေပါသည်။ အသားနှင့်ငါးတို့သည် ကိုယ်ကာယကျန်းမာရေးကိုထိခိုက်စေသောကြောင့် ၎င်းနှင့်ဆက်စပ်လျက် စိတ်ဝိညာဉ်ကိုလည်းကူးစက်ထိခိုက်စေပါသည်။ တိရစ္ဆာန်များကိုစားသုံးရန်သတ်ဖြတ်ခြင်းသည် မည်မျှရက်စက်သည်ကို စဉ်းစားကြည့်ပါ။ ဤသတ်ဖြတ်ခြင်းကိုပြုလုပ်သောသူတို့နှင့် ကြည့်ရှုသောသူတို့အပေါ်၌လည်း မည်ကဲ့သို့ဆိုးကျိုးသက်ရောက်လိမ့်မည်ကို စဉ်းစားကြည့်ပါ။ ဤဘုရားသခင်ဖန်ဆင်းထားသည့်တိရစ္ဆာန်များကို ချစ်ခင်သနားရမည့်စိတ်ကို မည်မျှခေါင်းပါးစေသည်ကို စဉ်းစားကြည့်ပါ။

တိရစ္ဆာန်အမြောက်အမြားတို့၏အသိတရားသည် လူတို့၏အသိတရားမျှလောက်ရှိသည်မှာ အလွန်အံ့သြဖွယ်ဖြစ်ပါသည်။ ဤတိရစ္ဆာန်များသည် မြင်နိုင်၊ ကြားနိုင်ပြီး မေတ္တာတရား၊ အကြောက်တရားနှင့်ခံစားမှုများ ရှိကြပါသည်။ သူတို့၏ကိုယ်ခန္ဓာအစိတ်အပိုင်းများကို လူများထက်ပင်ပို၍ စောင့်ရှောက်ကြပါသည်။ မိမိတို့နှင့်ဘဝတူအခြားအကောင်များကို လူတို့ထက်ပင်ပို၍သနားယုယကြပါသည်။ တိရစ္ဆာန်အမြောက်အမြားက မိမိတို့၏သခင်များကို အခြားဘဝတူလူများထက်ပင် ပို၍ချစ်ခင်ကြပါသည်။ သူတို့သည် မိမိတို့၏သခင်များကိုချစ်ခင်ကြပြီး ခွဲခွာရသောအခါလည်း အလွန်ခံစားကြရပါသည်။

မိမိ၌မွေးထားသည့် တိရစ္ဆာန်၏ချစ်ခင်ယုယမှုနှင့်အားကိုးမှုကိုခံယူပြီးမှ ထိုအရာကိုပင်မထောက်ဘဲ သားသတ်သမား၏လက်ထဲသို့အပ်သောသူကို မေတ္တာရှိသောသူဟုဆိုနိုင်ပါမည်လား။ ဤတိရစ္ဆာန်၏အသားကိုသူသည် ခံ့မင်စွာစားသုံးနိုင်သောနှလုံးသားသည် သူ၌မည်ကဲ့သို့ရှိနိုင်ပါမည်နည်း။

တိရစ္ဆာန်အသားစားခြင်းဖြင့် ကိုယ်ကာယကြီးထွားမည်ဟူသောယူဆချက်သည် မှားယွင်းပါသည်။ ဤအသားငါးတို့ကိုမစားသုံးဘဲ ကိုယ်ကာယကြီးထွားမှုကို ပို၍ပင်ထောက်ပံ့နိုင်ပြီး ကျန်းမာရေးသည်လည်း ပို၍ကောင်းမွန်လာပါလိမ့်မည်။ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များတွင် သွေးအားကောင်းစေရန် လိုအပ်သောအာဟာရဓာတ်များ အလုံအလောက်ရှိပါသည်။ ဤအရာများကိုအသားစားခြင်းဖြင့် အပြည့်အစုံမရရှိနိုင်ပါ။ အကယ်၍ အသားစားသုံးခြင်းသည် လူ၏ကျန်းမာရေးအတွက်မရှိမဖြစ်လိုအပ်ခဲ့ပါက အစကနဦးကပင် ဘုရားသခင်ကလူတို့အတွက် သတ်မှတ်ပေးခဲ့ပြီဖြစ်မည်။

အသားငါးစားခြင်းကိုရပ်တန့်လိုက်သောအခါ အားနည်းခြင်း၊ မလှုပ်ရှားနိုင်ခြင်းတို့ဖြစ်တတ်ပါသည်။ လူအမြောက်အမြားက ဤအရာကိုထောက်ရှု၍ အသားစားသုံးခြင်းမရှိမဖြစ်လိုအပ်သည်ဟု ဆိုကြပါသည်။ သို့သော်လည်း အမှန်မှာထိုကဲ့သို့မဟုတ်ပါ။ အသားငါးတို့တွင်ပါဝင်သော သွေးသား



ကိုလှုံ့ဆော်သည့်ဓာတ်ကြောင့်သာဖြစ်ပါသည်။ အချို့အသားငါးစားသုံးသူများသည် အသား၊ ငါးစွန့်လွှတ်ခြင်းကို အရက်သမားကအရက်ဖြတ်သလောက် ခက်ခဲကြောင်းကို ခံစားမိကြပါလိမ့်မည်။ သို့သော်လည်း ထိုကဲ့သို့ဖြတ်တောက်ခြင်းသည် ကောင်းကျိုးအတွက်ဖြစ်လာပါလိမ့်မည်။

အသားငါးစားခြင်းကို အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များအမျိုးစုံလင်စွာစားသုံးခြင်းဖြင့် အစားထိုးလိုက်သောအခါ ပို၍အာဟာရရှိလာသည်သာမကဘဲ အစားအသောက်ပို၍ပင်ကောင်းလာပါလိမ့်မည်။ အထူးသဖြင့် အားနည်းသောသူများနှင့်အလုပ်ပင်ပန်းသောသူများသည် ထိုကဲ့သို့စားသုံးသင့်ပါသည်။ အချို့ဆင်းရဲသောတိုင်းပြည်များတွင် အသားငါးသည်ပို၍ပင်ဈေးပေါပါသည်။ ထိုကဲ့သို့အခြေအနေများတွင် စားသုံးမှုပုံစံကိုပြောင်းရန်ပို၍ပင်ခက်ခဲနိုင်ပါသည်။ သို့သော်လည်း အကျိုးရှိပါလိမ့်မည်။ ထိုကဲ့သို့ပြောင်းလဲရာတွင် သူတို့၏အခြေအနေနှင့်နှစ်ပေါင်းများစွာစွဲခဲ့သည့်အကျင့်များကို ထည့်သွင်းစဉ်းစားရပါမည်။ ချက်ချင်းပြောင်းလဲရန်မတိုက်တွန်းသင့်ပါ။ အသားငါးတို့၏နေရာတွင် အာဟာရရှိပြီးအဖိုးအခမကြီးသောအစားအစာများဖြင့် အစားထိုးရပါမည်။ ဤကဲ့သို့ပြုလုပ်ရာတွင် ချက်ပြုတ်ကျွမ်းကျင်မှုလည်းလိုအပ်ပါသည်။ ဂရုတစိုက်နှင့်ကျွမ်းကျင်စွာဖြင့်အာဟာရရှိပြီး စားချင်စဖွယ်ပြင်ဆင်ထားသောဟင်းလျာတို့သည် အသားငါးတို့၏နေရာတွင် ကောင်းမွန်စွာဖြင့် အစားထိုးဝင်ရောက်နိုင်ကြပါသည်။

အခြေအနေတိုင်းတွင် ပညာပေးခြင်း၊ စိတ်ဝင်စားလာအောင်ပြုလုပ်ခြင်း၊ ကျန်းမာ၍အာဟာရရှိသောအစားအစာများကိုပေးခြင်းဖြင့် ပြောင်းလဲမှုရှိလာပြီး အသားငါးကိုစားလိုသောစိတ်များ ပျောက်ပြယ်သွားပါလိမ့်မည်။

အသားငါးစားသုံးခြင်းကိုရပ်တန့်ရန်အချိန်တန်ပါပြီ။ မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်စေပြီး ကောင်းကင်တမန်များနှင့်အတူ မိတ်သဟာယဖွဲ့လိုသူများသည် မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အတွက် ဘေးရန်ရှိသောအစားအစာများကို အဘယ်ကြောင့်စားသုံးလိုကြပါသနည်း။ ဘုရားသခင်ဖန်ဆင်းထားသည့်သက်ရှိများကိုသတ်၍ အဘယ်သို့နှစ်ခြိုက်စွာစားသုံးကြ

သနည်း။ ထိုကဲ့သို့ပြုလုပ်မည့်အစား အစအဦး၌ကပင် စားသုံးရန်ပေးအပ်ထားခဲ့သော အာဟာရရှိပြီးအရသာရှိသောအစားအစာများကို ပြန်လည်စားသုံးပါက မိမိတို့၏သားသမီးများကိုလည်း စားသုံးစေခြင်းဖြင့် ကျွန်ုပ်တို့၏လက်ထဲ၌စောင့်ရှောက်ရန် အပ်နှင်းထားသည့်တိရစ္ဆာန်များကို ချစ်ခင်ကြင်နာကြပါစို့။

---ooo---





## အခန်း (၂၅)
# အစားအသောက်တွင်တစ်ဖက်စွန်းရောက်ခြင်း

ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို ပြုပြင်စားသုံးလိုသူများအား ပြုပြင်ရေးသမားဟုခေါ်ဆိုနိုင်ပါသည်။ သို့သော်လည်း လူအမြောက်အမြားက ကျန်းမာရေးနှင့်မညီညွတ်သောအချို့အစားအစာများကို ရှောင်ရှားရုံနှင့်လုံလောက်ကြသည်ဟု ထင်မှတ်ကြပါသည်။ သူတို့သည် စစ်မှန်သောကျန်းမာရေးလမ်းညွှန်ချက်များကို နားမလည်ကြပါ။ သူတို့၏စားပွဲများမှာကျန်းမာရေးနှင့်မညီညွတ်ဘဲ ခရစ်ယာန်တို့၏ချုပ်တည်းခြင်း၊ ကျင့်ကြံမှုများနှင့်လွဲမှားနေပါသေးသည်။

အခြားတစ်ဖက်မှာလည်း လူအချို့တို့ကတစ်ဖက်စွန်းအလွန်လျှောက်ကြပါသည်။ လိုအပ်သောအစားအစာများကိုရရှိရန်ခက်ခဲသောအခါ ထိုအားနည်းချက်တို့ကိုဖြည့်ဆည်းရန် သင့်လျော်မည့်အစားအစာများကိုရွေးချယ်ရမည့်အစား သူတို့သည် အာဟာရချို့တဲ့စွာစားသုံးကြပါသည်။ သွေးအားကောင်းသောအာဟာရများကို သူတို့မစားသုံးကြပါ။ ထိုအခါကျန်းမာရေးထိခိုက်လာပြီး စွမ်းရည်များလျော့နည်းလာကာ သူတို့၏အသက်တာကြောင့်လူအများတို့က ကျန်းမာရေးပြုပြင်ပြောင်းလဲမှုကို ဆန့်ကျင်ဘက်ပြုလာကြပါသည်။

အချို့လူများက အစားအစာများကိုရိုးရိုးလေးပြင်ဆင်ရမည်ဟုဆိုထားသောကြောင့် သူတို့ကအစားအစာများကိုပြင်ဆင်ချက်ပြုတ်ရာတွင်စနစ်ကျရန်မလိုအပ်ဟု ထင်ကြပါသည်။ အချို့လူများကမူ အစားအစာများကို အမျိုးစုံလင်စွာမစားသုံးကြသောကြောင့် ကျန်းမာရေးထိခိုက်ကြပါသည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းကို ပြည့်စုံစွာနားမလည်သောသူတို့သည် အများအားဖြင့်စည်းကမ်းတင်းကျပ်ပြီး မိမိတို့ကိုယ်တိုင်သာမကဘဲမိသားစုဝင်များနှင့်အိမ်နီးချင်းတို့ကိုလည်း မိမိတို့၏အယူအဆများကိုဝေငှကြပြီး မိမိတို့၏မှားယွင်းသည့်အယူအဆများကြောင့် ကိုယ်တိုင်ကျန်းမာရေး

ထိခိုက်ရုံသာမကဘဲ အခြားသူများကိုအမြင်မှားစေပြီး နောက်ဆုံးတွင် ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းတစ်ခုလုံးကို ငြင်းပယ်သည့်အထိသို့ ဆိုက်ရောက်စေပါသည်။

ကျန်းမာရေးလမ်းညွှန်ချက်များကို အမှန်တကယ်နားလည်သောသူတို့မှာမူ ဤကဲ့သို့သောအစွန်းရောက်သည့်အယူအဆများကို ရှောင်ပါလိမ့်မည်။ သူတို့ရွေးချယ်သည့်အစားအစာများတွင် စိတ်အလိုထက်ကိုယ်ကာယကျန်းမာရေးကို ဦးစားပေးပါလိမ့်မည်။ ဘုရားသခင်နှင့်လူတို့အတွက် အအောင်မြင်ဆုံးလုပ်ဆောင်နိုင်ရန် သူတို့၏အခြေအနေကို အမြင့်ဆုံးအဆင့်သို့ရောက်ရှိရန် သူတို့ကြိုးစားပါလိမ့်မည်။ သူတို့၏စိတ်အလိုများကိုဆင်ခြင်သုံးသပ်လျက်လိုက်လျှောက်သောကြောင့် ကိုယ်ကာယနှင့်စိတ်ဝိညာဉ်ကျန်းမာရေးဆုကျေးဇူးများကို ရရှိကြပါသည်။ သူတို့၏အတွေးအခေါ်များကို အခြားသူတို့အပေါ်၌ အတင်းအကျပ်ခိုင်းမည့်အစား သူတို့၏အသက်တာသည် ကောင်းမွန်သောစံနမူနာကောင်းများ ဖြစ်ကြပါသည်။ ဤသူတို့၏အမိန့်သည် အလွန်ကျယ်ပြန့်ပါသည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုတွင် ကျိုးကြောင်းဆင်ခြင်မှုလိုအပ်ပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နှင့်နက်ရှိုင်းစွာလေ့လာပြီး မိမိအယူအဆများနှင့်မကိုက်ညီသောသူတို့ကိုလည်း ရှုတ်ချခြင်းမပြုရပါ။ လူတစ်ဦးစီ၏အကျင့်များကို ပုံသေသတ်မှတ်ခြင်းမပြုလုပ်နိုင်ပါ။ မိမိ၏ထင်မြင်ချက်များအရ အခြားသူများကိုလည်း ရှုတ်ချခြင်းမပြုရပါ။ လူတိုင်းတူညီသောအစားအစာများကို မစားသုံးနိုင်ကြပါ။ လူတစ်ဦးအတွက် အရသာရှိပြီး အာဟာရဖြစ်စေသောအစားအစာများသည် အခြားသူတစ်ဦးနှင့်သင့်လျော်ခြင်းရှိချင်မှရှိပါမည်။ လူတစ်ဦးက နွားနို့မသောက်သုံးနိုင်သော်လည်း အခြားသူတစ်ဦးအတွက်မှာမူ မရှိမဖြစ်လိုအပ်ကောင်းလိုအပ်ပါလိမ့်မည်။ အချို့သူများကပဲစားခြင်းကြောင့်အစာမကြေနိုင်သော်လည်း အခြားသူတစ်ဦးအတွက်မူ အလွန်အာဟာရရှိပါလိမ့်မည်။ အချို့သူများသည် ဆန်ကြမ်းစားသုံးနိုင်သော်လည်း အချို့မှာမစားသုံးနိုင်ကြပါ။



မဖွံ့ဖြိုးသောနိုင်ငံများနှင့် ဆင်းရဲသောဒေသများတွင်နေထိုင်ပြီး အသီးအနှံများရှားပါးသောအခါ နို့နှင့်ဥများကိုစားသုံးရန်လိုအပ်ပါသည်။ သွေးသားကောင်းပြီးစိတ်ထက်သောသူများသည် သွေးကြွသောအခါ အစားအစာများကိုရှောင်ရပါမည်။ အထူးသဖြင့် စိတ်လှုပ်ရှားလွယ်သောသားသမီးများရှိသည့်မိသားစုတွင် ဥများကိုရှောင်ရပါမည်။ သွေးအားနည်းပြီးလိုအပ်သောအာဟာရများကို အခြားအစားအစာများမှလည်း မရယူနိုင်သောလူများအတွက်မူ နို့နှင့်ဥများကိုလုံးဝမငြင်းပယ်သင့်ပါ။ သို့သော်လည်း နို့နှင့်ဥများကို ကျန်းမာပြီးအစားအစာကောင်းစွာကျွေးမွေးထားသည့်နွားများ၊ ငှက်များမှရယူရန်သတိပြုရပါမည်။ ဥများကိုလည်းအစာကြေလွယ်ရန် ကောင်းစွာချက်ပြုတ်ထားရပါမည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများကို အစဉ်တိုးတက်ပြုလုပ်သွားရပါမည်။ တိရစ္ဆာန်ရောဂါများပျံ့နှံ့လာသည်နှင့်အမျှ နို့နှင့်ဥများသုံးစွဲခြင်းသည် ဘေးရန်ပိုရှိလာပါလိမ့်မည်။ ထိုကြောင့် သူတို့၏နေရာတွင် ပိုမိုကျန်းမာပြီး ဈေးမများသောအစားအစာများဖြင့် အစားထိုးရပါမည်။ ထိုကြောင့် နို့နှင့်ဥများကိုအသုံးမပြုဘဲ အာဟာရရှိပြီး အာဟာရပြည့်စုံသောချက်ပြုတ်နည်းများကို သွန်သင်ရန်လိုအပ်ပါသည်။

တစ်ရက်လျှင်အစားအစာနှစ်နပ်စားခြင်းသည် လတ်တလောအားဖြင့်ကျန်းမာရေးအတွက်ကောင်းပါသည်။ သို့သော်အချို့လူများမှာ အခြေအနေအကြောင်းကြောင့် တစ်ရက်လျှင်သုံးနပ်စားရပါလိမ့်မည်။ သို့ဖြစ်လျှင် ထိုတတိယနပ်ကိုအစာကြေလွယ်ပြီး ခါတိုင်းထက်လျှော့စားရပါမည်။

အချို့လူများမှာ သာမန်အစားအစာများကိုရိုးရိုးလေးပြင်ဆင်ပြီး စားသုံးနေသော်လည်း မိမိတို့၏ကျန်းမာရေးကိုထိခိုက်မည့်အကြောင်းကို အစဉ်စိုးရိမ်လျက်ရှိပါသည်။ ထိုကဲ့သို့သောသူများကိုပြောလိုသည်မှာ မစိုးရိမ်ကြပါနဲ့၊ ခေါင်းထဲတွင်ထည့်၍ပင်မစဉ်းစားပါနဲ့၊ သင့်လျော်မည့်အစားအစာများကိုပြင်ဆင်ပြီး ထိုအစားအစာအပေါ် ဘုရားသခင်၏ကောင်းချီးများကျရောက်စေရန်နှင့် ကိုယ်ကာယအတွက်ခွန်အားဖြစ်စေရန် ဆုတောင်းလျက်

ဘုရားသခင်သည် မိမိ၏ဆုတောင်းသံကိုနားညောင်းသည်ကိုယုံကြည်၍ စိတ်သက်သာစွာနေပါ။

မိမိတို့၏ဝမ်းဗိုက်ကို ထိခိုက်နာကျင်စေသောအစားအစာများနှင့် ကျန်းမာရေးအတွက်မသင့်လျော်သောအစားအစာများကို ရှောင်ရန်လိုအပ်သလို အစာတွင်အာဟာရချို့တဲ့နေပါကလည်း သွေးအားမဖြစ်မည်ကိုသတိပြုပါ။ အချို့ကုသရန်ခက်ခဲသောရောဂါများမှာ အထက်ပါအကြောင်းကြောင့်ဖြစ်ပါသည်။ ကိုယ်ခန္ဓာလည်ပတ်မှုတွင် အင်အားမလုံလောက်သဖြင့် အစာကြေရန်ခက်ခဲခြင်းနှင့်အခြားအားနည်းမှုများရှိလာပါသည်။ ဤကဲ့သို့ရောဂါများခံစားနေရသောသူတို့မှာ အများအားဖြင့်ဆင်းရဲခြင်းကြောင့်မဟုတ်ဘဲ အတွေ့အကြုံနည်းပါးခြင်း၊ လိုက်လျှောက်ရန်ငြင်းဆန်ခြင်း (သို့မဟုတ်) အယူအဆလွဲမှားခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကိုယ်ခန္ဓာကျန်းမာရေးကိုလျစ်လျူရှုသောအခါ (သို့မဟုတ်) အလွဲသုံးစားပြုပြီး ဘုရားသခင်၏အမှုတော်ကိုမထမ်းဆောင်နိုင်သောအခါ ဘုရားသခင်၏အမှုတော်ကိုမထမ်းဆောင်နိုင်သောအခါ ဘုရားသခင်၏ဘုန်းတော်ကိုထိခိုက်ပါသည်။ အိမ်ထောင်ကိုထိန်းသိမ်းသူတစ်ဦး၏အဓိကတာဝန်မှာ ကိုယ်ခန္ဓာကျန်းမာရေးအတွက် အရသာနှင့်အာဟာရဖြင့်ပြည့်စုံသောအစားအစာကို ပြင်ဆင်ရန်ဖြစ်ပါသည်။ အစာအာဟာရတွင်ချွေတာမည့်အစား၊ အဝတ်အထည်နှင့်ပရိဘောဂတို့တွင် ချွေတာခြင်းက ပို၍သင့်လျော်ပါသည်။

အချို့အိမ်ထောင်ထိန်းသိမ်းသူတို့မှာ ဧည့်သည်များကိုအဖိုးအခကြီးစွာဖြင့်ဧည့်ခံနိုင်ရန် မိမိတို့၏မိသားစုကိုလျစ်လျူရှုတတ်ပါသည်။ ထိုအရာသည်မိုက်မဲပါသည်။ ဧည့်သည်များကိုဧည့်ခံရာတွင် မလိုအပ်သောကုန်ကျမှုများကိုရှောင်ရပါမည်။ မိသားစု၏လိုအပ်ချက်များကို ဦးစားပေးရပါမည်။

စနစ်မကျသောငွေသုံးစွဲမှုနှင့်ယောင်ဆောင်ဓလေ့များကြောင့် အမှန်တကယ်လိုအပ်ပြီး အကျိုးရှိမည့်ဧည့်ဝတ်ပျူငှာမှုပြုလုပ်ရန် အခွင့်အရေးများဆုံးရှုံးတတ်ပါသည်။ မမျှော်လင့်ဘဲရောက်လာသောဧည့်သည်ကြောင့် အိမ်ရှင်မ



သည်အလုပ်မပိုစေရန် ကျွန်ုပ်တို့၏အိမ်တွင် အစာအလုံအလောက်ရှိသင့်ပါသည်။

လူတိုင်းသည် စားသင့်သောအစားအစာများကို မည်ကဲ့သို့ချက်ပြုတ်သင့်သည်ကို နားလည်သိရှိရပါမည်။ အမျိုးသားအမျိုးသမီးမရွေး ကျန်းမာရေးနှင့်ညီညွတ်ပြီး ခက်ခဲမှုမရှိသောအစားအစာများကို ပြင်ဆင်တတ်ဖို့သင့်ပါသည်။ တစ်ခါတစ်ရံတွင် မိမိတို့လုပ်ငန်းများကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ ရရှိနိုင်သည့်နေရာများနှင့်ဝေးကွာနေသောအခါ ချက်ပြုတ်ခြင်းပညာကိုတတ်ကျွမ်းသူအဖို့ အခက်အခဲမရှိပါ။

သင်၏အစားအစာစားသုံးခြင်းကို ဂရုတစိုက်လေ့လာပါ။ အကျိုးနှင့်အကြောင်းကိုဆင်ခြင်ပါ။ မိမိကိုယ်ကိုထိန်းသိမ်းပါ။ မိမိ၏အစားအစာစားသုံးခြင်းကို ဦးနှောင့်နှင့်စဉ်းစားပါ။ အစားကြူးခြင်းဖြင့်ဝမ်းဗိုက်ကိုမထိခိုက်ပါစေနှင့်။ ကျန်းမာရေးအတွက် လိုအပ်သောအာဟာရတို့ကိုသုံးဆောင်ပါ။

ကျန်းမာရေးပြုပြင်ပြောင်းလဲသူအချို့တို့၏ကျဉ်းမြောင်းသောအယူအဆများကြောင့် ကျန်းမာရေးကိုထိခိုက်ပြီး အသက်တိုစေပါသည်။ အသက်ရှည်လိုသူများသည် မိမိတို့စားသုံးသောအစားအစာကိုကြည့်၍ သူတို့၏ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်း၏အကျိုးသက်ရောက်မှုကို ခန့်မှန်းမည်ကိုသတိပြုသင့်ပါသည်။ ထို့ကြောင့် မိမိ၏ပြုပြင်ပြောင်းလဲခြင်းကိုထိခိုက်မည့်လုပ်ဆောင်ချက်များကိုပြုလုပ်မည့်အစား အကျိုးပြုသောလုပ်ဆောင်ချက်တို့ကိုပြုလုပ်ပါ။ မိမိတို့၏အစားကြူးခြင်းကိုဆန့်ကျင်ပါက မည်မျှမှန်ကန်စေကာမူ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းကို ဆန့်ကျင်မည့်သူအမြောက်အမြားရှိပါမည်။ အကျိုးအကြောင်းဆင်ခြင်ခြင်းနှင့် ကျန်းမာရေးပညတ်ချက်တို့ကိုလိုက်လျှောက်မည့်အစား သူတို့သည်ပါးစပ်အရသာကိုဦးစားပေးကြပါသည်။ ဤသူများသည် ဓလေ့ထုံးစံများကိုစွန့်လွှတ်၍ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းနည်းစနစ်များကိုလိုက်လျှောက်ရန် ရွေးချယ်သူတို့ကိုအစွန်းရောက်သူများဟု သတ်မှတ်ပါလိမ့်မည်။ အပြစ်တင်ဝေဖန်ခြင်းမရှိရန် ကျန်းမာရေးပညာရှိတို့က အခြားသူများနှင့်ကွဲပြားအောင်ကြိုးစားမည့်အစား မိမိတို့

သိထားသောအမှန်တရားကိုမစွန့်လွှတ်ဘဲ အခြားသူများနှင့်နီးစပ်လာအောင်ကြိုးစားရပါမည်။

ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို လိုက်လျှောက်သည်ဟုယူဆထားသူတို့သည် ကျန်းမာရေးတွင်အစွန်းရောက်သွားပါက အခြားသူတို့ကကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းတစ်ခုလုံးကိုဆန့်ကျင်လာပါတော့သည်။ တစ်သက်လုံးမှန်ကန်စွာနေထိုင်ခြင်းမှ ရရှိမည့်အကျိုးကျေးဇူးထက် သူတို့သည်အချိန်တိုအတွင်း ဆိုးကျိုးများကိုပြုလုပ်သွားကြပါသည်။

ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းလုပ်ငန်း၏သဘောတရားသည် ကျယ်ပြန့်ပါသည်။ ထိုကြောင့် ထိုလုပ်ငန်းကိုကျွန်ုပ်တို့၏ကျဉ်းမြောင်းသောအတွေးအခေါ်များဖြင့် မဖျက်ဆီးသင့်ပါ။ သို့သော်လည်း အခြားသူတို့၏ဆန့်ကျင်မှုများ၊ လှောင်ပြောင်မှုများ၊ သူတစ်ပါးကိုကျေနပ်စေလိုသော၊ ဆွဲဆောင်စေလိုသောစိတ်ဖြင့် မည်သူမျှဤအမှန်တရားမှကြောခိုင်းခြင်း၊ ရှုတ်ချခြင်းမပြုသင့်ပါ။ စည်းကမ်းကိုလေးစားသူတို့သည် အမှန်တရားဘက်တွင်မားမားမတ်မတ်ရပ်တည်ကြပြီး သူတို့၏လူမှုရေးပေါင်းသင်းဆက်ဆံမှုတွင်မူ သခင်ခရစ်တော်၏စိတ်သဘောရှိကြပြီး မျှတမှုရှိကြပါမည်။

---ooo---



အခန်း (၂၆)

# စိတ်ကြွစေသောအရာများနှင့်နိကိုတင်း

စိတ်ကြွစေသောအရာများနှင့် နိကိုတင်းများ၏ခေါင်းစဉ်အောက်တွင်ယနေ့အစားအသောက်များအဖြစ်အသုံးပြုပြီး ဝမ်းတွင်းနှောင့်ယှက်မှုများ၊ သွေးဆိပ်တက်ခြင်းများနှင့် သွေးကြွစေသောအရာများစွာပါဝင်ပါသည်။ ဤအရာများသည် အလွန်ဈေးရန်ရှိပြီး တစ်ခဏတာမျှကျေနပ်မှုကိုရရှိသောကြောင့် လူများကဤအရာများကိုအသုံးပြုကြပါသည်။ သို့သော်လည်း အကျိုးဆက်သည်ရှိစမြဲပါ။ ဤသဘာဝမကျသောစိတ်ကြွစေသောအရာများကိုသုံးခြင်းဖြင့် စွဲလမ်းမှုများရှိလာကာ ကိုယ်ခန္ဓာဆုတ်ယုတ်ခြင်းနှင့်ပျက်စီးခြင်းကိုဖြစ်စေပါသည်။

## ဟင်းခတ်အမွှေးအကြိုင်များ

လျှင်မြန်စွာတိုးတက်နေသောယခုလိုခေတ်တွင် အစားအစာများကိုရိုးရှင်းစွာစားခြင်းက အကောင်းဆုံးဖြစ်ပါသည်။ မုန်ညင်းစေ့၊ ငရုတ်ကောင်း၊ ဟင်းခေတ်အမွှေးအကြိုင်များ၊ သနပ်များနှင့်အလားတူအစားအစာများသည် ဝမ်းတွင်းနှောင့်ယှက်မှုများကိုဖြစ်စေပြီး သွေးကိုအပူရှိန်တိုးမြင့်စေပြီး ညစ်ညူးစေပါသည်။ အရက်သမား၏ဝမ်းဗိုက်ကို သူသောက်သုံးသောအရက်ကြောင့်ပျက်စီးသည်ဟုဆိုသကဲ့သို့ ဤသွေးကြွစေသောအစားအစာများကိုစားသုံးသူသည်လည်း အလားတူခံစားရပါသည်။ များမကြာမီထိုသူတို့သည် သာမန်အစားအစာများကိုမသုံးစွဲနိုင်တော့ဘဲ သွေးကြွသောအစားအသောက်များကိုသာ တောင့်တလာကြပါသည်။

## လက်ဖက်ရည်နှင့်ကော်ဖီ

လက်ဖက်ရည်သည်သွေးကြွစေပြီး အတိုင်းအတာတစ်ခုအထိ စိတ်ကိုတက်ကြွစေပါသည်။ ကော်ဖီနှင့်အခြားသောနာမည်ကြီးဖျော်ရည်များလည်း

ထိုကဲ့သို့ဖြစ်ပါသည်။ ပထမအဆင့်တွင်စိတ်တက်ကြွစေပါသည်။ ဝမ်းတွင်းရှိသွေးကြောများသည်သွေးကြွလာပြီး ဦးနှောက်ကိုလှုံ့ဆော်ပါသည်။ ထိုမှတစ်ဆင့်နှလုံးခုန်နှုန်းကိုမြန်စေပါသည်။ ထိုအခါကိုယ်ခန္ဓာတွင် ခဏတာမျှအင်အားပြည့်လာပါသည်။ အားနည်းခြင်းလည်းမရှိတော့ပါ။ စိတ်လည်းရွှင်လန်းလာပြီး ပိုမိုစဉ်းစားလာနိုင်ပါသည်။

ဤအခြေအနေကြောင့် လူအမြောက်အမြားက ကော်ဖီနှင့်လက်ဖက်ရည်သည် သူတို့အတွက်ကောင်းသည်ဟု ထင်မှတ်ကြပါသည်။ သို့သော်လည်း သူတို့မှားပါသည်။ ကော်ဖီနှင့်လက်ဖက်ရည်သည် ကိုယ်ခန္ဓာကိုအင်အားမတိုးစေပါ။ အစာမကြေမီ ခဏတာမျှသာဤကဲ့သို့ဖြစ်ပြီး အင်အားတိုးလာသည်ဟုထင်ရခြင်းမှာ စိတ်တက်ကြွခြင်းကြောင့်သာဖြစ်ပါသည်။ သို့သော်လည်းစိတ်ပြေသွားပြီး ပြန်လည်ငြိမ်သွားသောအခါ စိတ်ပင်ပန်းခြင်း၊ အားနည်းခြင်းတို့ကို ပြန်လည်ခံစားရပါသည်။

ဤကဲ့သို့ဆက်ကာဆက်ကာအသုံးပြုခြင်းကြောင့် ခေါင်းကိုက်ခြင်း၊ အိပ်မပျော်ခြင်း၊ နှလုံးခုန်မြန်လာခြင်း၊ အစာမကြေခြင်း၊ ကတုန်ကယင်ဖြစ်ခြင်းနှင့် အခြားထိခိုက်မှုများရှိလာကာ အသက်ကိုတိုစေပါသည်။ ပင်ပန်းနေသောအကြောတို့သည် စိတ်ကြွခြင်းနှင့်မတန်တဆအလုပ်လုပ်ခြင်းမလိုအပ်ပါ။ ၎င်းတို့သည် ငြိမ်သက်စွာအနားယူရန်လိုပါသည်။ ကုန်ခန်းသွားသောအင်အားကို ပြန်လည်စုဆောင်းရန်လိုပါသည်။ စိတ်ကြွစေသောအရာများကိုအသုံးပြုခြင်းဖြင့် အလုပ်ကိုပိုမိုများပြားစွာပြီးနိုင်မည်မှာမှန်သော်လည်း ကိုယ်ခန္ဓာသည်မနားတမ်းအသုံးပြုသောကြောင့် ရေရှည်တွင်လိုအပ်သည့်အဆင့်သို့ရောက်ရှိရန် ပိုမိုခက်ခဲလာပါသည်။ စိတ်ကြွသောအရာများကိုပိုမိုတောင့်တလာပြီး ဤအရာများကိုငြင်းပယ်ရန် ခွန်အားဆုတ်ယုတ်လာတတ်ပါသည်။ စွဲလမ်းမှုပိုမိုလာကာ နောက်ဆုံးတွင်ဤစွဲလမ်းမှုကို ပင်ပန်းနွမ်းနယ်နေသည့်ကိုယ်ခန္ဓာကမလိုက်နိုင်တော့ပါ။



## ဆေးရွက်ဆေးလိပ်

ဆေးရွက်နှင့်ဆေးလိပ်တို့သည် အလွန်ညင်သာပြီး ပြင်းသောအဆိပ်တစ်မျိုးဖြစ်ပါသည်။ မည်သည့်နည်းဖြင့်အသုံးပြုစေကာမူ ကိုယ်ခန္ဓာကိုထိခိုက်စေပြီး အစပထမတွင်ထင်ရှားသော်လည်း အလွန်ညင်သာပြီး အလွန်ပင်ဘေးရန်ရှိပါသည်။ ၎င်းသည် စိတ်ကိုတက်ကြွစေပြီးမှ ထိုင်းမှိုင်းစေပါသည်။ ဦးနှောက်ကိုလည်းအားနည်းပြီးထိုင်းမှိုင်းစေပါသည်။ ၎င်းဆေးရွက်ဆေးဖတ်တို့သည် အရက်ထက်သွေးကြောများကို ပိုမိုထိခိုက်စေပါသည်။ ၎င်း၏အကျိုးသက်ရောက်မှုမှာ ပိုမိုထိရောက်ပြီး ကိုယ်ခန္ဓာမှဖယ်ရှားရန်ပိုမိုခက်ခဲပါသည်။ ဆေးရွက်နှင့်ဆေးလိပ်သောက်ခြင်းကြောင့် အရက်သောက်လိုသောစိတ်များကိုဖြစ်လာစေကာ အရက်သောက်ခြင်းကိုစတင်စေပါသည်။

ဆေးလိပ်သောက်ခြင်းသည် မသန့်ရှင်းခြင်း၊ ငွေကုန်ကြေးကျများခြင်းနှင့် ကထောက်ကဆတ်များရှိကာ သုံးစွဲသူကိုညစ်ညူးစေသည်သာမက အခြားသူများကိုလည်းနှောင့်ယှက်ပါသည်။ သို့သော်လည်း သုံးစွဲသူများပြားပြီး မျက်နှာတည့်တည့်သို့ဆေးလိပ်ငွေ့မှုတ်ထုတ်ခြင်းမခံရဘဲ လူအုပ်တစ်ခုကိုဖြတ်သန်းသွားခြင်းမပြုနိုင်ပါ။ အရက်နံ့နှင့်ဆေးလိပ်နံ့ဖြင့်ပြန့်နေသောယာဉ်ရထားများတွင် ကြာရှည်စွာနေခြင်းသည် ကျန်းမာရေးကိုထိခိုက်စေနိုင်ပါသည်။ ဆေးလိပ်သုံးစွဲ၍ အသက်ဆုံးရှုံးသောသူများရှိသော်လည်း ထိုသူများသည် အခြားသူများရှူရှိုက်သောလေကို မညစ်ညမ်းစေသင့်ပါ။

ကလေးငယ်များနှင့်လူငယ်တို့အကြားတွင် ဆေးလိပ်သောက်ခြင်းသည် အလွန်ဘေးရန်ရှိပါသည်။ ရှေးမျိုးဆက်တို့၏ကျန်းမာရေးနှင့်မညီညွတ်သောအကျင့်ဆိုးများကြောင့် ယနေ့လူငယ်များခက်ခဲမှုတွေ့လျက်ရှိပါသည်။ ကလေးငယ်များမှာ မိဘများမှစိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုများ၊ ကိုယ်ကာယချွတ်ယွင်းမှုများ၊ အကြောအခြင်များထိခိုက်ခြင်းနှင့် မမှန်ကန်သောစွဲလမ်းမှုများအမွေကို ရရှိကြပါသည်။ သားသမီးများတို့ကလည်း ဆေးလိပ်ဆေးရွက်တို့ကို ဆက်လက်သုံးစွဲလာသောကြောင့် မျိုးရိုးအဆက်ဆက်တွင်

ထိုအားနည်းချက်များကိုတွေ့ရှိနိုင်ပါသည်။ ဤကဲ့သို့ထိခိုက်နစ်နာနေသည့် နှုန်းထားသည်လည်း ကြောက်မက်ဖွယ်ကောင်းလာပါသည်။

ယောကျ်ားကလေးများသည် အလွန်ငယ်ရွယ်စဉ်၌ ဆေးလိပ်ကို စတင်သောက်ကြပါသည်။ ထိုအသက်အရွယ်တွင် ဆေးလိပ်၏ဘေးရန်ကို ကိုယ်ခန္ဓာကအပြင်းအထန်ဆုံးခံရ၍ ကိုယ်ကာယကိုအားနည်းစေပြီး ခန္ဓာကြီးထွားမှုကိုထိခိုက်ကာ စဉ်းစားဉာဏ်ကိုလည်းရှုပ်ထွေးစေပြီး ကိုယ်ကျင့်တရားကိုထိခိုက်စေပါသည်။

သို့သော်လည်း မိဘဆရာသမားများ၏နာမူနာပုံသက်သေကြောင့် ဤလူငယ်များကိုပြုပြင်ရန် အလွန်မှပင်ခက်ခဲပါသည်။ လူမှန်းသူမှန်းမသိတတ်သေးသည့်အရွယ်ကပင်စတင်၍ ဆေးလိပ်နှင့်ရင်းနှီးလာကြပါသည်။ အကယ်၍တစ်ဦးတစ်ယောက်ကဆုံးမလျှင်လည်း သူတို့၏ဖခင်၊ ကျောင်းဆရာများနှင့်ဘာသာရေးဆရာများကိုညွှန်ပြ၍ သူတို့ဆေးလိပ်သောက်လျှင်ကျွန်ုပ်အတွက်လည်း ဘေးရန်မရှိနိုင်ဟုဆိုတတ်ကြပါသည်။ ချုပ်တည်းခြင်းအမှုထမ်းအမြောက်အမြားပင်လျှင် ဆေးလိပ်ကိုသုံးစွဲကြပါသည်။ ဤကဲ့သို့သောသူများကြောင့် ချုပ်တည်းခြင်းလုပ်ငန်းသည် မည်သို့တိုးတက်အောင်မြင်နိုင်ပါမည်နည်း။

ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ယုံကြည်ပါသည်ဟုဆိုသူများကို ကျွန်ုပ်အနူးအညွတ်ပြောကြားလိုသည်မှာ မိမိတို့၏ဝေဖန်တတ်သည့်ဉာဏ်ကိုထိခိုက်ပျက်စီးစေပြီး ထာဝရအသက်နှင့်ဆက်စပ်သောအရာများကိုဝေဖန်သုံးသပ်နိုင်သည့်စွမ်းရည်ကို ထိခိုက်လျော့နည်းစေသည့်အကျင့်များကိုခရစ်ယာန်တစ်ဦးအနေဖြင့် သင်ဆက်လက်ပြုလုပ်နိုင်မည်လော၊ ဘုရားသခင်အမှုတော်နှင့် မိမိ၏ဘဝတူလူသားတို့ကိုပြုအပ်သောဝတ်နှင့် ပြုအပ်သောပုံသက်သေကို သင်သည်အမြဲတမ်းလျစ်လျူရှုနိုင်မည်လား။

သင့်ထံတွင် ဘုရားသခင်ပေးအပ်ထားတော်မူသည့်အရာများအတွက်သင်သည်ဘုရားသခင်၏ဘဏ္ဍာစိုးဖြစ်ကြောင်းကို သင်ပြန်လည်စဉ်းစားခဲ့ပြီးပြီလား၊ ဘုရားသခင်ပေးသနားတော်မူသည့်ငွေကြေးထဲမှ မည်မျှကိုဆေးလိပ်



သောက်ရန်သင်သုံးဖြုန်းခဲ့ပြီးပြီနည်း၊ သင်၏အသက်တာတွင်သုံးဖြုန်းခဲ့သည်များကို ပြန်လည်စဉ်းစားကြည့်ပါ။ ခရစ်ယာန်သာသနာပြန့်ပွားရေးနှင့်ဆင်းရဲသူများကိုကူညီမစရန် သင်ကပေးခဲ့သည့်အတိုင်းအတာနှင့် သင်၏အလိုရမ္မက်ကိုဖြည့်ဆည်းရန် သင်သုံးဖြုန်းခဲ့သည့်ငွေများကို ပြန်လည်နှိုင်းယှဉ်ကြည့်ပါ။

သင်၏ခန္ဓာကိုယ်တွင် ဆေးလိပ်အငွေ့ကိုမလိုအပ်ပါ၊ ငွေကိုသုံးဖြုန်းစဉ်တွင် လူထောင်ပေါင်းများစွာသည် ဤငွေကိုလိုအပ်နေပါသည်။ သင်သည် ဘုရားသခင်ပိုင်ဆိုင်တော်မူသည့်အရာများကို အလွဲသုံးစားပြုခဲ့ပါသည်။ သင်သည်ဘုရားသခင်နှင့်လူကိုလိမ်လည်ခဲ့ပါသည်။ "အဘယ်သို့နည်း။---မိမိတို့ကိုမိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသလော။ သင်တို့သည် အဖိုးနှင့်ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေကြလော့" (၁ကော ၆း၁၉၊၂၀)။

"စပျစ်ရည်သည်လှည့်စားတတ်၏။ သေရည်သေရက်သည် ရန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့် မှားယွင်းသောသူသည်ပညာမရှိ" သုတ္တံ ၂၀း၁။

"အဘယ်သူသည်ဝမ်းနည်းခြင်းရှိသနည်း၊ အဘယ်သူသည် ညည်းတွားခြင်းရှိသနည်း၊ အဘယ်သူသည်ရန်တွေ့ခြင်းရှိသနည်း၊ အဘယ်သူသည်မြည်တမ်းခြင်းရှိသနည်း၊ အဘယ်သူသည် အကျိုးအကြောင်းမရှိ၊ ထိခိုက်၍နာခြင်းရှိသနည်း၊ အဘယ်သူသည် မျက်စိနီခြင်းရှိသနည်းဟူမူကား၊ စပျစ်ရည်ကိုကြာမြင့်စွာသောက်လျက်နေသောသူ၊ ဆေးနှင့်ရောသောစပျစ်ရည်ကိုရှာတတ်သောသူတို့သည် ထိုသို့သောလက္ခဏာရှိကြ၏။ ဖလား၌နီလျက်၊ အရောင်တောက်လျက်၊ အချိုအမြိန်ဝင်လျက်ရှိသောစပျစ်ရည်ကိုမကြည့်မရှုနှင့်၊ နောက်ဆုံး၌မြွေကဲ့သို့ကိုက်တတ်၏၊ မြွေဆိုးကဲ့သို့နာစေတတ်၏" (သုတ္တံ ၂၃း၂၉-၃၂)။

အရက်၏ကျေးကျွန်ဖြစ်နေသူတစ်ဦး၏ရုပ်အသွင်လောက် ဘဝနိမ့်ကျပြီးပျက်ခဲ့သည့်မြင်ကွင်းမရှိပါ။ ဘဝပျက်ပြီးအောက်တန်းကျကာ အသိတရား

ပြန်လည်ရရှိပြီးနောက် အမူးပြေသောအခါတွင်လည်း ဤဘဝမှလွတ်အောင် မရုန်းကန်နိုင်တော့ဘဲ သူသည် "တစ်ဖန်ငါရှာဦးမည်" ဟု (သုတ္တံ ၂၃း၃၅) ဆိုပါသည်။

အရက်သောက်ခြင်းကြောင့် ဖြစ်ပေါ်ခံစားရမည့်နောက်ဆက်တွဲ ဆိုးကျိုးတရားနှင့်ပတ်သက်၍ ငြင်းခုံစရာအချက်မရှိပါ။ ဖော့သွပ်ပြီးရောင် အမ်းနေသောသူများအတွက် သခင်ခရစ်တော်အသေခံတော်မူခဲ့ပြီး ကောင်းကင်တမန်များသည် သူတို့အတွက်မျက်ရည်ကျခဲ့ရသောသူကို နေရာအနှံ့၌တွေ့မြင်နိုင်ပါသည်။ ဤသူတို့သည် လူသားအားလုံးအတွက် အရှက်ရစရာရှိလေရာတိုင်းတွင် ကောင်းကျိုးမပြုဘဲအနှောင့်အယှက်များသာဖြစ်ပါသည်။

သူတို့၏မိသားစုအတွင်း ဝမ်းနည်းကြေကွဲခြင်းနှင့်သောကများကိုလည်း မည်သူမှအပြည့်အဝမသိနိုင်ပါ။ ယဉ်ကျေးသိမ်မွေ့သောအသိုက်အဝန်းများမှပေါက်ပွားလာခဲ့သော သူတို့၏ဇနီးသည်များသည်လည်း ဤမိုက်မဲသောသူတို့နှင့် ပေါင်းဖက်ညှဉ်းဆဲခြင်းကိုခံရပါသည်။ သားသမီးများသည် သာယာမှုကင်းမဲ့သောအိမ်တွင် ပညာရေးချို့တဲ့ကာ အသက်မွေးဝမ်းကျောင်းပညာများမရရှိဘဲ မိမိတို့ကိုကာကွယ်စောင့်ရှောက်သောသူ၊ မိမိတို့ဂုဏ်ယူရမည့်သူဖြစ်ရမည့်အစား ယခုပတ်ဝန်းကျင်တွင်အရှက်ဖြစ်စေပြီး မျိုးစဉ်မျိုးဆက် အရက်၏ဆိုးရွားသောဒဏ်ကိုခံရပါသည်။

အရက်ကြောင့် နေ့စဉ်အဖြစ်သင့်ဘဲဖြစ်ပျက်နေသည့် မတော်တဆမှုများကိုလည်း ပြန်လည်စဉ်းစားကြည့်ပါ။ အရက်မူးနေသောကြောင့် မီးရထားတိုက်မှုများဖြစ်ကာ အသက်ပေါင်းများစွာသည် ဆုံးရှုံးရပါသည်။ သင်္ဘောများတွင် မိမိတို့၏ခရီးသည်များနှင့်အမှုထမ်းများသည် ရေအောက်၌သင်္ဂြိုဟ်ခြင်းကိုခံခဲ့ရပါသည်။ ဤအဖြစ်များကိုစစ်ဆေးသောအခါတွင် အဓိကတရားခံမှာ အရက်သာလျှင်ဖြစ်ပါသည်။ အရက်သောက်သုံးသူတစ်ဦး၏လက်တွင်း၌ လူသားတို့၏အသက်လုံခြုံမှုကို မည်သို့စိတ်ချစွာအပ်နှံမည်နည်း။ အရက်ကိုလုံးဝရှောင်ရှားသူကိုသာစိတ်ချနိုင်ပါသည်။



## ပိုမိုပျော့ပျောင်းသောစိတ်ကြွစရာများ

စိတ်ကြွသောအရာများကို သုံးစွဲလိုသူများ၏အနီးအနားတွင် အရက်ချို၊ ဘီယာများကိုမထားအပ်ပါ။ အကြောင်းမှာ ဤအရာများကိုမြင်တွေ့နေရလျှင် သူတို့သည်မရှောင်နိုင်သောကြောင့်ဖြစ်ပါသည်။

ပြင်းသောအရက်များနည်းတူ အရက်ချို၊ ဘီယာတို့သည်လည်း ဘေးရန်ရှိပါသည်။ ဤအရက်များကိုသောက်ခြင်းဖြင့် နောက်ပိုင်းတွင်ပိုမိုပြင်းထန်သောအရက်များကို သောက်လိုသောစိတ်များပြင်းပြလာပါသည်။ အရက်ကိုအတော်အသင့်သောက်ခြင်းသည် အရက်သမားဖြစ်ရခြင်း၏မူလအစဖြစ်ပါသည်။ သို့သော်လည်း ဤနူးညံ့သောအရက်သေစာသောက်ခြင်းသည် အလွန်စိတ်ချရသယောင်ရှိပြီး လူသည်မိမိ၏ဘေးရန်ကိုမရိပ်မိမီပင် အရက်သမားလုံးလုံးဖြစ်သွားရပါသည်။

အချို့အရက်သမားများဖြစ်ရန် လုံးဝစိတ်ကူးမရှိသူများသည် ဤပိုမိုပျော့သောအရက်များကြောင့် ယစ်မူးနေတတ်ပါသည်။ သူတို့သည် စိတ်တည်ငြိမ်မှုမရှိဘဲ အရက်ရှိန်ကိုခံစားနေရပါသည်။ မိမိကိုယ်ကိုစိတ်ချရသည်ဟုထင်မှတ်ပြီး နောက်ဆုံးတွင်အတားအဆီးများအားလုံးကိုချိုးဖောက်ကာ ချုပ်တည်းမှုလည်းမရှိတော့ပါ။ သူတို့၏အခိုင်မာဆုံးသောစိတ်ဆုံးဖြတ်ချက်များနှင့် အမြင့်ဆုံးသောအတွေးအခေါ်များသည်ပင်လျှင် သူတို့၏ရသာတဏှာကိုမချုပ်တည်းနိုင်တော့ပါ။

သမ္မာကျမ်းစာတွင် အချဉ်မဖောက်ထားသည့်အရက်ကို သုံးခွင့်ပြုထားပါသည်။ ကာနမြို့၌ကျင်းပခဲ့သောလက်ထပ်ထိမ်းမြားပွဲတွင် သခင်ခရစ်တော်သည် ရေကိုစပျစ်ရည်သို့ပြောင်းလဲစေတော်မူသည့်အခါ ထိုစပျစ်ရည်သည် အချဉ်မဖောက်ရသေးသောစပျစ်ရည်ဖြစ်ပါသည်။ ထိုစပျစ်ရည်ကား "စပျစ်သီးပြွတ်၌စပျစ်ရည်ကိုတွေ့သောအခါ မဖျက်နှင့်၊ ကောင်းချီးရှိသည်" (ဟေရှာယ ၆၅း၈) ဟု သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် စပျစ်ရည်ဖြစ်ပါသည်။

သခင်ခရစ်တော်သည် ဓမ္မဟောင်းကျမ်းတွင်သတိပေးတော်မူသည်မှာ "စပျစ်ရည်သည်လှည့်စားတတ်၏၊ သေရည်သေရက်သည် ရန်းရင်းခတ်ပြုခြင်းအမှုကိုဖြစ်စေတတ်၏။ ထိုသို့သောအားဖြင့်မှားယွင်းသောသူသည် ပညာမရှိ" (သုတ္တံ ၂၀း၁)။ ထိုကြောင့် သခင်ခရစ်တော်သည် အချဉ်ဖောက်ထားသည့်အရက်ကို ဖန်ဆင်းမည်မဟုတ်ပါ။ စာတန်ကလူ၏စိတ်ကိုရှုပ်ထွေးစေပြီး ဝိညာဉ်ရေးနှင့်ဆိုင်သောအရာများတွင် ဇဝေဇဝါဖြစ်စေရန်ချုပ်တည်းမှုကင်းမဲ့ပြီး မိမိအလိုကိုလိုက်ရန် စုံစမ်းနှောင့်ယှက်စေသော်လည်း သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုချုပ်တည်းမှုရှိရန် စိတ်ကိုထိန်းချုပ်ရန်မစတော်မူပါသည်။ လူတို့အတွက်စုံစမ်းခြင်းဖြစ်စေသော မည်သည့်အရာကိုမျှကိုယ်တော်သည် လူရှေ့တွင်ချပေးတော်မူခြင်းမရှိပါ။ ကိုယ်တော်၏အသက်တာတစ်ခုလုံးသည် ကိုယ့်အလိုကိုငြင်းပယ်သောအသက်တာဖြစ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ကိုယ်စား လူသားများရင်ဆိုင်ရမည့် အပြင်းထန်ဆုံးစုံစမ်းနှောင့်ယှက်ခြင်းကို သခင်ခရစ်တော်သည် ရက်လေးဆယ်မျှတောထဲ၌ရင်ဆိုင်ခဲ့တော်မူပြီး အစားကြူးခြင်းကိုအောင်မြင်ခဲ့ပါသည်။ နှစ်ခြင်းဆရာယောဟန်ကို စပျစ်ရည်နှင့်အရက်မသောက်ရန်တားမြစ်ခဲ့သူမှာ သခင်ခရစ်တော်ပင်ဖြစ်တော်မူပါသည်။ ထိုနည်းတူကိုယ်တော်သည် မာနော်၏ဇနီးကိုလည်း ထိုကဲ့သို့တားတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည် မိမိ၏တားမြစ်ချက်များကိုချိုးဖောက်ခြင်းမပြုခဲ့ပါ။ ထိုလက်ထပ်ပွဲတွင် ခရစ်တော်ဖန်ဆင်းခဲ့သည့်စပျစ်ရည်သည် ကျန်းမာခြင်းနှင့်ညီညွတ်၍ လန်းဆန်းစေသောအရည်ဖြစ်ပါသည်။ ပထမဦးဆုံးခြေဆေးပွဲတော်ကို သခင်ခရစ်တော်သည် တပည့်တော်များနှင့်အတူကျင်းပခဲ့သောအခါတွင်လည်း ကိုယ်တော်ကဤသို့သောစပျစ်ရည်ကိုပင်အသုံးပြုတော်မူခဲ့ပါသည်။ ခြေဆေးပွဲတော်တွင် စပျစ်ရည်ကိုသခင်ခရစ်တော်၏အသွေးတော်ကိုပုံဆောင်လျက် အမြဲတမ်းအသုံးပြုရပါမည်။ ဤကဲ့သို့အသုံးပြုခြင်းဖြင့် ဝိညာဉ်ရေးခွန်အားတိုးတက်ကာ အသက်တာသည်ပြန်လည်ပြန်လည်နိုးကြားလာပါလိမ့်မည်။ ဤခြေဆေးပွဲတော်တွင် ညစ်ညူးစေသောအရာတစ်ခုကိုမျှ အသုံးမပြုရပါ။



သမ္မာကျမ်းစာ၊ သဘာဝများ၏သွန်သင်ချက်များနှင့် မိမိ၏အတွေ့အကြုံကိုအခြေခံ၍ ခရစ်ယာန်တစ်ဦးသည် ဈေးကွက်တွင်တင်ရောင်းရန်မည်သည့်နည်းဖြင့်အရက်ချက်ဝံ့မည်နည်း။ မိမိနှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လျှင် သူ့ကိုဘေးရန်ပြုမည့်အရာများကို သူလျှောက်လှမ်းရာခရီးတွင် မထားသင့်ပါ။

ချုပ်တည်းမှုမရှိခြင်းသည် မိမိတို့၏အိမ်မှမကြာခဏစတင်ပါသည်။ အဆီအအိမ့်များသောအစားအစာများကိုစားသုံးခြင်းဖြင့် အစာခြေအင်္ဂါများသည် ချို့ယွင်းလာကာ ပိုမိုသွေးကြွစေသောအစားအစာများကို လိုလားလာပါသည်။ ဤသို့ဖြင့်လူတို့သည် မိမိကိုယ်ကိုမထိန်းနိုင်တော့ဘဲ ငြင်းဆန်ရန်လည်းပိုမိုခက်ခဲလာပါသည်။ ကိုယ်ခန္ဓာလည်ပတ်မှုတွင်လည်း အဆိပ်အတောက်များပိုမိုများပြားလာကာ အချိန်ကြာသည်နှင့်အမျှ ပိုမိုဆိုးရွားလာပါသည်။ တစ်ခါပြုလုပ်ခဲ့သောအမှားကြောင့် ဆက်ကာမှားရန်ပိုမိုလွယ်ကူလာပါသည်။ မိမိတို့၏စားပွဲများတွင် အရက်သေစာမခင်းကျင်းဝံ့သူအမြောက်အမြားသည် အရက်သေစာများကိုသောက်လိုသောစိတ်များအား မငြင်းပယ်နိုင်လောက်အောင် လှုံ့ဆော်စေသောအစားအစာများကိုမူ ခင်းကျင်းကြပါသည်။ မှားယွင်းသောစားသောက်မှုအကျင့်များကြောင့် အရက်သေစာများကိုသောက်သုံးရန် လမ်းခင်းပေးတတ်ခြင်းကိုတွေ့ရပါသည်။

လူမှုအသိုက်အဝန်းထဲတွင် ချုပ်တည်းခြင်းဆိုင်ရာကျင့်ကြံမှုများကိုသွန်သင်ပေးနိုင်ပါက ချုပ်တည်းခြင်းတရားဟောပွဲများပြုလုပ်ရန် လိုအပ်တော့မည်မဟုတ်ပါ။ မိဘများသည် ချုပ်တည်းခြင်းဆိုင်ရာကျင့်ကြံမှုများကိုမိမိတို့၏မီးဖိုချောင်များတွင် စတင်ကျင့်ကြံခြင်းအားဖြင့် မိမိတို့၏သားသမီးများသည်လည်း ငယ်စဉ်ကပင်ချုပ်တည်းခြင်းရှိလာပြီး ချုပ်တည်းခြင်းလုပ်ငန်းသည်လည်းအောင်မြင်ရန် မျှော်လင့်ချက်ရှိလာနိုင်ပါသည်။

မိမိတို့၏သားသမီးများသည် မှန်ကန်သောအကျင့်များနှင့်သန့်ရှင်းသောစိတ်ထားများထားရှိရန် မိခင်များတွင်အလွန်ကြီးများသည့်တာဝန်ရှိပါသည်။ သူတို့၏ရသာစိတ်ကိုပညာပေးသွန်သင်လျက် သွေးကြွစေသောအရာ

များကို ရှောင်ရှားစေရပါမည်။ မိမိတို့၏ပတ်ဝန်းကျင်တွင်ရှိသောဆိုးညစ်မှုများကိုရှောင်နိုင်ရန် သားသမီးများခံနိုင်ရည်ရှိဖို့ သွန်သင်ဆုံးမပါ။ အခြားသူများ၏ဆွဲဆောင်ဖြားယောင်းခြင်းသို့မလိုက်ဘဲ မိမိတို့သည် အမှန်တရားအားဖြင့် သူများကိုဆွဲဆောင်ရပါမည်။

ချုပ်တည်းခြင်းလုပ်ငန်းအောင်မြင်ရေးအတွက် အလွန်အားစိုက်ကြိုးစားကြသော်လည်း နည်းလမ်းအမှန်ကြောင်းကိုတွေ့ရပါသည်။ ချုပ်တည်းခြင်းလုပ်ငန်းကိုလုပ်ဆောင်နေသူများသည် ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများ၊ လက်ဖက်ရည်နှင့်ကော်ဖီတို့၏ဘေးရန်ကို သတိပြုရပါမည်။ ဘုရားသခင်၏ချုပ်တည်းခြင်းအမှုတော်ကို လျင်မြန်စွာဆောင်ရွက်ရန်တိုက်တွန်းလိုပါသည်။ သို့သော်လည်း ဤအပြစ်ဆိုးကိုဖြစ်စေသောအကြောင်းများကိုရှာဖွေသိရှိပြီး အစဉ်သဖြင့်ပြုပြင်ပြောင်းလဲသောသူများဖြစ်ရန်လည်း သတိပြုရပါမည်။

မိမိတို့၏စိတ်နှလုံးနှင့်ကိုယ်ကျင့်တရား လိုက်လျောမှုရှိစေရန်အတွက် ကိုယ်ခန္ဓာကျန်းမာရေးသည် အလွန်အရေးပါကြောင်းကို လူတိုင်းသိထားရန်လိုအပ်ပါသည်။ မိမိတို့၏ကိုယ်ကာယကျန်းမာရေးကိုထိခိုက်စေသော မူးယစ်ဆေးဝါးများနှင့်အခြားစိတ်ကြွစေသောအရာများသည် မိမိတို့၏စိတ်နှင့်ကိုယ်ကျင့်တရားကိုလည်းထိခိုက်စေကြောင်း သိထားရပါမည်။ ဤလောက၏ကိုယ်ကျင့်တရားဆုတ်ယုတ်ခြင်း၏အဓိကအခြေခံအကြောင်းရင်းတစ်ခုမှာ ချုပ်တည်းမှုကင်းမဲ့ခြင်းဖြစ်ပါသည်။ မိမိတို့၏ရသာတဏှာကိုမငြင်းပယ်နိုင်ခြင်းကြောင့် လူသည် အခြားစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုလည်း ငြင်းပယ်ရန်ခွန်အားနည်းပါးလာပါသည်။

အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ လူများကိုပညာပေးရာတွင် ချုပ်တည်းမှုသည်အလွန်အရေးကြီးပါသည်။ လူ၏စိတ်ကိုနိုးကြားထကြွစေပြီး အင်အားများကိုကုန်ခန်းစေသော စိတ်ကြွသည့်အရာများကိုအသုံးပြုခြင်းသည် မိမိ၏ကျန်းမာရေး၊ ကိုယ်ကျင့်တရားနှင့်အသက်ကိုပင်ထိခိုက်စေနိုင်ကြောင်းကို ပညာပေးသွန်သင်ရပါမည်။





ကော်ဖီ၊ လက်ဖက်ရည်၊ အရက်၊ ဆေးလိပ်၊ ဆေးရွက်နှင့်ပတ်သက်လာလျှင် အကောင်းဆုံးမှာမထိနှင့်၊ မစမ်းနှင့်၊ မကိုင်နှင့်ပင်ဖြစ်ပါသည်။ အရက်သမားနှင့်ဆေးလိပ်သောက်သောသူသည် မိမိ၌စွဲနေသည့်ထိုအကျင့်များကိုစွန့်လွှတ်ရန် အလွန်ခက်ခဲသကဲ့သို့ ကော်ဖီ၊ လက်ဖက်ရည်နှင့်အလားတူအရည်များစွဲမိလျှင် ထိုအကျင့်ကိုဖျက်ရန်အလွန်ခက်ခဲပါသည်။ ဤအရာများကိုသုံးစွဲသောသူတို့သည် စဖြတ်စဉ်တွင် စိတ်ထဲ၌ဟာတာတာဖြင့်ခံစားရသော်လည်း စိတ်ဓာတ်မကျဘဲဇွဲနှင့်တင်းခံလျှင် အဆုံး၌အောင်မြင်ပါလိမ့်မည်။ ကာလကြာမြင့်စွာခံစားခဲ့ရသည့်စော်ကားမှုများကြောင့် ကိုယ်ခန္ဓာသည်ပကတိအခြေအနေသို့ပြန်လည်ရောက်ရှိရန် အချိန်အနည်းငယ်ကြမည်ဖြစ်သော်လည်း အခွင့်အရေးရရှိပါက ကိုယ်ခန္ဓာသည် ပင်ကိုမူလကျန်းမာသည့်အခြေအနေသို့ရောက်ရှိလာပါမည်။

---ooo---

အခန်း (၂၇)

# သေရည်သေရက်ရောင်းဝယ်ခြင်းနှင့် တားမြစ်ချက်များ

“မတရားသောအမှုအားဖြင့် မိမိအိမ်ကိုလည်းကောင်း၊ အကျပ်ကိုင်၍ အထက်ခန်းတို့ကိုလည်းကောင်း၊ ဆောက်သောသူ––ကြီးသောအိမ်၊ ကျယ်သောအထက်ခန်းတို့ကိုငါဆောက်မည်ဆိုလျက် ပြတင်းပေါက်ကိုဖောက်၍ အာရဇ်သစ်သားနှင့်မိုးပြီးမှ ဟင်းသပြတားနှင့်ချယ်လှယ်ပြီတကား၊––သင်သည် အာရဇ်သစ်သား၏ဘုန်းကိုကိုးစားသောကြောင့် စိုးစံရမည်လော။––သင်၏မျက်စိနှင့်သင်၏နှလုံးမူကား လောဘလွန်ကျူးခြင်း၊ အပြစ်မရှိသောသူကိုသတ်ခြင်း၊ ညှဉ်းဆဲနှိပ်စက်ခြင်းမှတစ်ပါး အဘယ်အမှုကိုမျှမမှတ်တတ်” (ယေရမိ ၂၂း၁၃–၁၇)။

## သေရည်သေရက်ရောင်းဝယ်ဖောက်ကားခြင်း

အထက်ပါကျမ်းပိုဒ်သည် သေရည်သေရက်ထုတ်လုပ်ရောင်းချသူတို့၏ဘဝကို ပုံဖော်ပြထားပါသည်။ သူတို့၏လုပ်ငန်းမှာ လိမ်ညာလုယူသောလုပ်ငန်းဖြစ်ပါသည်။ သူတို့ရရှိသောဝင်ငွေနှင့်ထိုက်တန်သောအကျိုးကျေးဇူးကို သူတို့မခံစားရပါ။ သူတို့ရရှိသောဝင်ငွေတစ်ပြားစီသည် သုံးစွဲသူအတွက် ဆိုးကျိုးဖြစ်ပါသည်။

ဘုရားသခင်သည် လူကိုရက်ရောစွာဖြင့် ကောင်းချီးများကိုချပေးတော်မူပါသည်။ ဘုရားသခင်၏ကောင်းချီးများကို ကောင်းစွာအသုံးချပါက ဤလောက၌ဆင်းရဲနွမ်းပါးမှုနှင့် စိတ်သောကများစွာလျော့သွားပါမည်။ သို့သော်လည်း လူသည်မိမိ၏ဆိုးညစ်မှုကြောင့် ဘုရားသခင်၏ကောင်းချီးများကို ကျိန်ခြင်းသို့ပြောင်းလဲနေကြပါသည်။ သူတို့၏လောဘတဏှာနှင့် ရသာတဏှာတို့ကြောင့် ကျွန်ုပ်တို့ကိုပေးထားတော်မူသည့်အသီးအနှံများကို



အဆိပ်အတောက်များအဖြစ်သို့ပြောင်းလဲကာ ပျက်စီးခြင်းနှင့်ဝမ်းနည်းခြင်းတို့ကို ဖန်တီးနေပါသည်။

နှစ်စဉ်ငွေသန်းပေါင်းများစွာကိုအသုံးပြုလျက် မူးယစ်စေသောသေရည်သေရက်များကို ဝယ်ယူနေကြပါသည်။ ငွေသန်းပေါင်းများစွာကိုအသုံးပြု၍ ဆင်းရဲနွမ်းပါးမှုများ၊ ရောဂါအနာများ၊ ပြစ်မှုများ၊ ဘဝအခြေပျက်ခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ကို ဝယ်ယူနေကြပါသည်။ မိမိ၏လောဘကြောင့် အရက်ထုတ်လုပ်ရောင်းဝယ်သူသည် မိမိတို့ကိုအားပေးသူတို့ထံသို့ ကိုယ်ခန္ဓာနှင့် စိတ်ကို ဖျက်ဆီးညစ်ညူးစေသည့်အရာများကို ရောင်းချနေကြပါသည်။ သူတို့ကြောင့်အရက်စွဲသူ၏မိသားစုသည်လည်း စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနှင့်ခက်ခဲမှုတွေ့ကြရပါသည်။

မိမိဖောက်သည်အသက်သေဆုံးသွားလျှင်ပင် အရက်ရောင်းသူ၏ဝင်ငွေမရပ်ဆိုင်းသေးပါ။ သူ့ကြောင့် မိမိဖောက်သည်၏ဇနီးသားမယားတို့သည်လည်း တောင်းစားသည့်ဘဝသို့ရောက်ကြရပါသည်။ သူတို့၏ဖခင်တင်ခဲ့သောအရက်ကြွေးများကို ပြန်လည်ဆပ်ရန်အတွက် သူတို့၏အသက်တာတွင် ကျန်ရှိနေသေးသည့်ရှိစုမဲ့စုကလေးများကိုပင်လျှင် သိမ်းယူရန်သူတို့ဝန်မလေးကြပါ။ ငိုကြွေးနေသောသားသမီးများနှင့် စိတ်ဆင်းရဲရောက်နေသောမိခင်၏ဝမ်းနည်းဖွယ်မြင်ကွင်းသည် သူတို့ကိုပို၍ပင်စိတ်ခိုင်မာစေပါသည်။ ဤသူများအစာငတ်လျှင်လည်း အရက်ရောင်းသူအတွက်အရေးမကြီးပါ။ သူတို့ဘဝပျက်စီးဆုံးရှုံးသွားလျှင်လည်း သူဂရုမစိုက်ပါ။ ပျက်စီးခြင်းလမ်းဆုံးသို့ သူပို့ဆောင်နေသူများအားဖြင့် သူသည်စည်းစိမ်တိုးပွားလျက် နေ့စဉ်ချမ်းသာလာနေပါသည်။

ပြည့်တန်ဆာအိမ်များ၊ ပြစ်မှုအိမ်များ၊ မှုခင်းတရားရုံးများ၊ အကျဉ်းထောင်များ၊ စိတ်ရောဂါဂေဟာများနှင့်ဆေးရုံများတွင် ဤအရက်ကြောင့် သူတို့၏လက်ရာများစွာကို တွေ့မြင်နိုင်ပါသည်။ ဗျာဒိတ်ကျမ်းမှဗာဗုလုန်နိုင်ငံကဲ့သို့ပင် ဤသူတို့သည်လည်း လူကိုကျေးကျွန်အဖြစ်သို့ရောက်ရှိရန်သူတို့ပြုလုပ်နေကြပါသည်။ အရက်ရောင်းသူများ၏နောက်ကွယ်တွင် လူသား

များကိုဖျက်ဆီးရန်၊ အခက်အခဲတွေ့စေရန်အတွက် စာတန်ရှိပါသည်။ သူသည် မြေကြီးနှင့်ငရဲတွင် ရှိသမျှသောအတတ်များကိုအသုံးပြုလျက် လူသားတို့ကို သိမ်းသွင်းလျက်ရှိပါသည်။ မြို့များ၊ ရွာများ၊ မီးရထားများ၊ မော်တော်ကားများ၊ ရောင်းဝယ်ဖောက်ကားရာဈေးများ၊ ဧည့်ခံရာပွဲခင်းများနှင့်ဆေးပေးခန်းများတွင်သာမကဘဲ ဘုရားဝတ်ပြုကျောင်းအတွင်း အလွန်သန့်ရှင်းသည့် ခြေဆေးခြင်းပွဲတော်တွင်ပင် သူ၏ထောင်ချောက်ကိုမြင်တွေ့နိုင်ပါသည်။ မူးယစ်စွဲလမ်းမှုကိုဖြစ်စေရန် မည်သည့်အစာကိုမျှအသုံးမပြုဘဲ သူမချန်ထားပါ။ နေရာတိုင်းတွင် မီးများထိန်လင်းလျက် ပင်ပန်းနွမ်းနယ်သောအလုပ်သမားများ၊ ငွေကြေးချမ်းသာသူများနှင့် မသိနားမလည်သောလူငယ်များကို ဖြားယောင်းဖိတ်ခေါ်လျက်ရှိသောအရက်ဆိုင်များကို တွေ့မြင်နိုင်ပါသည်။

ထမင်းစားပွဲများနှင့်နေရာအခန်းများတွင် ခေတ်သစ်အမည်များဖြင့် မှည့်ခေါ်ပြီး အမျိုးသမီးကိုလည်း မူးယစ်စေသောအရက်သေစာများနှင့်တွေ့ရှိနိုင်ပါသည်။ ပင်ပန်းနွမ်းနယ်သူများအတွက် ကြေညာထားသည့်ဆေးဝါးများတွင်လည်း အများအားဖြင့်မူးယစ်ဆေးဝါးများပါရှိပါသည်။

ကလေးများကိုဆွဲဆောင်ရန်အတွက် မုန့်ဖုတ်ဆိုင်များရှိပါသည်။ ဤမုန့်အချို့တွင် အရက်ကိုထည့်၍ဖုတ်ထားပြီး ဆိုင်ပေါ်တင်ရောင်းပါသည်။ အချို့ဆိုင်များတွင် ကလေးများကိုဆွဲဆောင်ရန်အတွက် သကြားလုံးများပင်ပေးလိုက်ကြပါသည်။

ဤကဲ့သို့ဖြင့်နှစ်ရှည်လများဖြစ်ပေါ်လာသောအခါ နိုင်ငံတော်၏ အားထားရာနှင့်မျှော်လင့်ချက်ဖြစ်ကြသည့် ဖခင်များ၊ လင်ယောကျ်ားများနှင့် ညီအစ်ကိုများသည် အရက်ရောင်းသူ၏ကျော့ကွင်းထဲသို့ရောက်ရှိသွားပြီး ပြန်လည်ထွက်လာသောအခါ ဘဝပျက်ဆုံးရှုံးမှုများသာ အဖတ်တင်ပါသည်။

ပို၍ဆိုးရွားသောအချက်မှာ ယခုအခါဤသေရည်သေရက်ဖြစ်ရပ်သည် မိသားစုအတွင်းသို့ဝင်ရောက်လာပြီး အမျိုးသမီးအမြောက်အမြားသည် အရက်ကိုသုံးစွဲလာပါသည်။ မိသားစုအမြောက်အမြားတွင် အပြစ်မဲ့သည့်လူမမည်ကလေးများသည် အရက်မူးနေသည့်မိခင်များ၏လျစ်လျူရှုခြင်းကြောင့် နေ့စဉ်



ဘေးရန်များနှင့်ရင်ဆိုင်နေရပါသည်။ သားသမီးမြောက်မြားစွာတို့သည် ဤအရိပ်မိုးကြီးအောက်၌ပင် ကြီးပြင်းလာနေကြပါသည်။ သူတို့၏ရှေ့ရေးသည် မိမိတို့မိဘများ၏အဖြစ်ထက် ပို၍ပင်ဆိုးရန်သာရှိပါသည်။

မိမိတို့ကိုခရစ်ယာန်ဟုခေါ်ဆိုသောတိုင်းပြည်များမှ ဤဘေးရန်များအား ဘုရားသခင်ကိုမသိသောတိုင်းပြည်များသို့ ယူဆောင်သွားနေကြပါသည်။ ဉာဏ်ပညာနည်းပါးပြီး သနားစရာကောင်းသောသူများသည် အရက်ကိုသုံးစွဲလာတတ်ကြပါသည်။ သို့သော်လည်း ဤဘုရားသခင်ကိုမသိသောသူတို့၏ကြား၌ပင် ရှိသောပညာအတွေ့အကြုံရှိသူအချို့က ဤအရက်၏ဘေးရန်ကိုသိရှိလာပြီး တွန်းလှန်ရန်ကြိုးစားကြသော်လည်း မအောင်မြင်ကြပါ။ လူယဉ်ကျေးများက ဤဘုရားတရားမဲ့သောလူတို့ကို သေရည်သေရက်၊ ဆေးလိပ်ဆေးရွက်နှင့်ဘိန်းတို့ကို မိတ်ဆက်ပေးကြပါသည်။ မသိနားမလည်သူတို့၏ဆင်ခြင်တရားကင်းမဲ့ခြင်းကြောင့် သေရည်သေရက်ကိုသုံးစွဲကာ မခန့်မှန်းနိုင်သည့် အောက်ဆုံးအခြေအနေသို့ရောက်သွားပြီး ဤသူတို့ထံသို့ ခရစ်ယာန်သာသနာပြုများစေလွှတ်ပြီး ကယ်တင်ရန်ပင်မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိသွားခဲ့ပါသည်။

ဘုရားသခင်အကြောင်းကိုကြားသိရမည့်အစား ဤဘုရားတရားမဲ့သူတို့သည် မိမိတို့၏လူမျိုးတစ်စုလုံးကို အညွန့်တုံးစေမည့်မကောင်းသောအကျင့်ဆိုးများကိုသာ တတ်မြောက်လာခဲ့ကြပါသည်။ ထို့ကြောင့်လည်း ဤကမ္ဘာမြေကြီးတွင်ရှိသော ဝေးလံခေါင်းပါးသည့်နေရာအမြောက်အမြားတွင် ဖွံ့ဖြိုးသောတိုင်းပြည်များမှလာသူတို့ကို လက်မခံမုန်းတီးနေကြပါသေးသည်။

## အသင်းတော်၏တာဝန်

သေရည်သေရက်သည် ဤလောက၏မက်လုံးတစ်ခုဖြစ်နေပါသည်။ သူ၏နောက်ကွယ်တွင်ငွေကြေး၊ အကျင့်နှင့်အလိုရမ္မက်များပံ့ပိုးထားပါသည်။ သူ၏အရှိန်ကို ခရစ်ယာန်အသင်းတော်၌ပင် ခံစားတွေ့ရှိနိုင်ပါသည်။ အရက်

လုပ်ငန်းမှတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း ဝင်ငွေရရှိသောသူများသည် ခရစ်ယာန်အသင်းတော်၏သစ္စာရှိသော အသင်းသားများဖြစ်နေပါသည်။ သူတို့၏အလှူငွေများကို ရက်ရောစွာပေးလှူနေကြပါသည်။ သူတို့၏အလှူငွေများကြောင့် ခရစ်ယာန်အသင်းတော်နှင့်ဝန်ဆောင်များကို ပံ့ပိုးလျက်ရှိပါသည်။ သူတို့တွင် ငွေကြေးချမ်းသာသူတို့၏အမိန့်အရှိန်အဝါရှိပါသည်။ ဤကဲ့သို့အသင်းသားများကို လက်ခံသောအသင်းတော်များသည် အရက်ရောင်းဝယ်ဖောက်ကားခြင်းကို အားပေးနေသူများဖြစ်ပါသည်။ အသင်းအုပ်ဆရာများသည်လည်း အမှန်တရားဘက်မှရပ်တည်သွားရန် ရဲစွမ်းနည်းပါးလာပါသည်။ အရက်ထုတ်လုပ်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်၏ဆိုဆုံးမခြင်းကို သူသည်မဟောပြောဝံ့တော့ပါ။ ရဲရဲတင်းတင်းဟောပြောလျှင် သူ၏အသင်းသူအသင်းသားများ၏မကျေနပ်မှု၊ သူ၏လူကြိုက်များခြင်းနှင့်ဝင်ငွေကို ထိခိုက်လာပါမည်။

သို့သော်လည်း အသင်းတော်၏ဆုံးဖြတ်ခြင်းထက် ဘုရားသခင်၏ဆုံးဖြတ်ခြင်းက ပို၍မြင့်မြတ်ပါသည်။ ပထမဦးဆုံးလူသတ်သမားကို "သင့်ညီအသွေး၏အသံသည် မြေထဲကငါ့ကိုအော်ဟစ်လျက်ရှိသည်တကား" (ကမ္ဘာဦးကျမ်း ၄း၁၀) ပြောဆိုခဲ့သောသခင်သည် သူ၏ပလ္လင်ပေါ်တွင် အရက်သမား၏အလှူများကိုလက်ခံမည်မဟုတ်ပါ။ မိမိတို့၏အပြစ်ကိုရက်ရောစွာပေးလှူခြင်းဖြင့် ဖုံးအုပ်လိုသောသူတို့ကို ဘုရားသခင်အမျက်တော်ထွက်တော်မူပါသည်။ သူတို့၏ငွေကြေးသည် သွေးစွန်းသောငွေကြေးဖြစ်ပြီး ကျိန်ခြင်းကိုခံနေရပါသည်။

"သင်တို့၏ပူဇော်သောယဇ်အများကို ငါသည်အဘယ်သို့ဆိုင်သနည်း ---ငါ့ရှေ့မှာမျက်နှာပြခြင်းငှာလာကြသောအခါ ငါ့တံတိုင်းတော်ကိုကျော်နင်းသောသင်တို့၌ ထိုသို့သောဝတ်ကိုအဘယ်သူတောင်းသနည်း။ အချည်းနှီးသောအပ်နှံမှုကို နောက်တစ်ဖန်မဆောင်ခဲ့ကြနှင့်။---သင်တို့သည်လက်ဝါးတို့ကိုဖြန့်ကြသောအခါ ငါသည်မျက်စိကိုလွှဲမည်။ များစွာသောဆုတောင်း



ခြင်းကိုပြုကြသောအခါ ငါသည်နားမထောင်။ သင်တို့လက်တို့သည် အသွေးနှင့်ပြည့်ကြ၏" (ဟေရှာယ ၁း၁၁-၁၅)။

အရက်သမားသည် သာ၍ကောင်းသောအရာများကို ပြုနိုင်ပါသည်။ သူ့အားဘုရားသခင်က အစွမ်းများပေးထားတော်မူပြီး ဘုရားသခင်၏ဘုန်းတော်နှင့် ဤလောကကိုသူအကျိုးပြုနိုင်ပါသည်။ သို့သော်လည်း လူသားအချင်းချင်းတို့၏ဘဝပျက်စီးခြင်းပေါ်တွင် မိမိတို့၏ကြီးပွားခြင်းကိုတည်ဆောက်နေကြပါသည်။ သူတို့လိမ်ညာခဲ့သောသူသည် ဆင်းရဲနွမ်းပါးလျက် ဘဝပျက်စဉ်တွင် သူတို့ကစည်းစိမ်ဥစ္စာအပြည့်ဖြင့် နေထိုင်ကြပါသည်။ သေရည်သေရက်သုံးစွဲသောသူကို ဤအခြေအနေသို့ရောက်ရှိရန် တွန်းပို့သောသူတို့ကို တစ်နေ့သောအခါတွင် ဘုရားသခင်တရားစီရင်ပါလိမ့်မည်။ ဤမိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို အုပ်စိုးသောသခင်က အရက်သောက်ခြင်း၏ဆိုးကျိုးနှင့်အကြောင်းကို လျစ်လျူရှု၍မနေပါ။ စာကလေးများနှင့်တောမြက်ပင်များကို ဂရုပြုတော်မူသည့်သခင်သည် မိမိ၏သဏ္ဍာန်နှင့်အညီဖန်ဆင်းထားပြီး မိမိ၏အသွေးတော်ဖြင့် ဝယ်ယူခဲ့သောသူတို့ကို စွန့်တော်မမူပါ။ သူတို့၏ငိုကြွေးသံကို ဘုရားသခင်နားညောင်းတော်မူပါမည်။ အပြစ်များဖြစ်ပေါ်စေမည့် ဤမိုက်မဲမှုများကို ကိုယ်တော်မှတ်တော်မူပါသည်။

လူသားများ၏ပျက်စီးဆုံးရှုံးမှုများပေါ်တွင် မိမိ၏ချမ်းသာကြွယ်ဝမှုကို ဆောက်တည်ထားသောသူကို ဤလောကနှင့်အသင်းတော်က လက်ခံကြည်ဖြူကောင်းကြည်ဖြူပါလိမ့်မည်။ လူသားများကိုအရှက်ကွဲခြင်းနှင့်ဘဝပျက်စီးခြင်းသို့ တစ်ဆင့်ပြီးတစ်ဆင့် တွန်းပို့ခဲ့သောသူတို့ကို ကြိုဆိုခြင်းပြုကောင်းပြုပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်သည် ဤအရာများကို မှတ်တော်မူပြီး ဖြောင့်မတ်သောတရားကိုစီရင်ပါလိမ့်မည်။ လောကကြီးတွင် အရက်ထုတ်လုပ်ရောင်းချသူကို တော်သောစီးပွားရေးသမားဟု ထင်ကောင်းထင်ပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်က သူ့ကိုအသိအမှတ်မပြုပဲဟု မိန့်တော်မူပါသည်။ အရက်ရောင်းဝယ်ခြင်းကြောင့် ဤလောကတွင်ဖြစ်ပျက်ခဲ့ရသည့် ဝမ်းနည်းကြေကွဲခြင်း၊ အခက်အခဲတွေ့ခြင်းနှင့်မျှော်လင့်ချက်ကင်းမဲ့

ခြင်းအားလုံးအတွက် သူသည်တရားစီရင်ခြင်းကိုခံရပါလိမ့်မည်။ အစာငတ်၊ ဝတ်စရာချို့တဲ့ကာ နေစရာပင်မရှိ၊ ဝမ်းမြောက်ခြင်း၊ မျှော်လင့်ချက်များအားလုံးကို သင်္ချိုင်းတွင်မြှုပ်နှံထားခဲ့ရသည့်မိသားစုများအတွက် သူသည်တရားစီရင်ခြင်းကိုခံရပါလိမ့်မည်။ ထာဝရအသက်ရရန်အဆင်သင့်မရှိသေးဘဲ သေဆုံးခဲ့ရသောသူများအတွက် သူသည်မည်ကဲ့သို့ဖြေကြားပါမည်နည်း။ သေရည်သေရက်ထုတ်လုပ်ရောင်းဝယ်သူများကို အားပေးသောသူတို့သည်လည်း အပြစ်ရှိပါသည်။ ထိုသူတို့ကိုဘုရားသခင်က "သင်တို့၏လက်တို့သည် အသွေးနှင့်ပြည့်ကြ၏" ဟုမိန့်တော်မူပါသည်။

---ooo---



အခန်း (၂၈)

# အိမ်တွင်းခရစ်ယာန်သာသနာ

လူသားတစ်ရပ်လုံး၏အဆင့်အတန်းကို ကူညီမြှင့်တင်ပေးရန် တာဝန်သိလူသားသည် မိမိ၏နေအိမ်တွင်စတင်ရပါမည်။ မိဘနှစ်ပါးတို့သည် တစ်ဦးနှင့်တစ်ဦးတာဝန်အပြန်အလှန်ရှိကြပါသည်။ လူမှုအသိုက်အဝန်းကို မိသားစုများဖြင့်ဖွဲ့စည်းထားပြီး မိသားစုတစ်ဦးစီသည် အိမ်ထောင်ဦးစီး၏ပုံသွင်းမှုအတိုင်းဖြစ်လာပါသည်။ "နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သည်" (သုတ္တံ ၄း၂၃)။ လူမှုပတ်ဝန်းကျင်၊ အသင်းတော်နှင့်တိုင်းပြည်၏အသည်းနှလုံးမှာ အိမ်ထောင်မိသားစုပင်ဖြစ်ပါသည်။ ပတ်ဝန်းကျင်၏တိုးတက်မှု၊ အသင်းတော်၏အောင်မြင်မှုနှင့် တိုင်းပြည်၏သာယာဖွံ့ဖြိုးမှုသည် အိမ်ထောင်၏ဩဇာသက်ရောက်မှုပေါ်တွင် မူတည်ပါသည်။

အိမ်ထောင်၏အရေးကြီးမှုနှင့်အခွင့်အရေးများကို သခင်ခရစ်တော်၏အသက်တာတွင် ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။ ကောင်းကင်နိုင်ငံတော်မှကြွဆင်းလာပြီး ကျွန်ုပ်တို့အတွက် စံနမူနာဖြစ်တော်မူသည့်သခင်သည် နာဇရက်မြို့တွင်ရှိအိမ်ထောင်စုအတွင်း နှစ်ပေါင်းသုံးဆယ်မျှအသက်ထင်ရှားနေထိုင်သွားတော်မူခဲ့ပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားခြင်းမရှိပါ။ ကိုယ်တော်သည် လူတို့ကိုဆွဲဆောင်ရန် အံ့ဖွယ်အမှုတစ်စုံတစ်ခုကိုမျှ ပြုတော်မမူခဲ့ပါ။ ကိုယ်တော်၏တရားတော်များကိုနာကြားရန် လူအုပ်ကြီးများလည်းစုဝေးခြင်းမရှိခဲ့ပါ။ သို့သော်လည်း ကိုယ်တော်သည် ထိုအချိန်ကာလ၌ တစ်ဖန်ဘုရားသခင်၏အမှုတော်ကို ပြည့်စုံစေတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့လူသားများကဲ့သို့ပင်ကိုယ်တော်သည် အသက်တော်ထင်ရှားတော်မူခဲ့ပြီး အိမ်မှုတာဝန်မျာကိုယူတော်မူကာ အိမ်ထောင်၏စည်းကမ်းချက်များကိုလည်း လိုက်နာမှတ်သားတော်မူခဲ့ပါသည်။ လူသားများ၏အတွေ့အကြုံများကိုခံစားလျက် သာမန်အိမ်ထောင်စုအတွင်း၌သာ ကြီးပြင်းလာကာ ကိုယ်တော်သည် "အစဉ်အတိုင်း

ကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာမျက်နှာရတော်မူ၏" (လုကာ ၂း၅၂)။

ဤကာလအတွင်း ကိုယ်တော်၏အသက်တာတွင် သူတစ်ပါးကို ကရုဏာတော်သက်ခြင်းနှင့် ကူညီမစတော်မူခြင်းကို ပြသတော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိ၏အလိုတော်ကိုငြင်းပယ်၍ စိတ်ရှည်စွာသည်းခံတော်မူခြင်း၊ ကိုယ်တော်၏ခွန်အားနှင့်သစ္စာရှိမှု၊ စုံစမ်းနှောင့်ယှက်ခြင်းကိုတွန်းလှန်အနိုင်ယူမှု၊ ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်မှုတို့သည် လူတိုင်း၏စိတ်ကိုဆွဲဆောင်စေခဲ့ပါသည်။ ကိုယ်တော်ရှိတော်မူသည့်အတွက် အိမ်ထောင်တွင် ပျော်ရွှင်ငြိမ်သက်ခြင်းရှိခဲ့ပါသည်။ ကိုယ်တော်၏အသက်တာကြောင့် ပတ်ဝန်းကျင်သည် အစဉ်ပြောင်းလဲခဲ့ပါသည်။ ကိုယ်တော်သည် အံ့ဖွယ်အမှုတစ်ခုကိုမျှ မပြုလုပ်ခဲ့သော်ငြားလည်း ဖျားနာသောသူများ၊ စိတ်မသာညည်းတွားသောသူများနှင့် စုံစမ်းနှောင့်ယှက်ခြင်းဒဏ်ကိုခံနေရသောသူတို့သည် ကိုယ်တော်ထံမှနှစ်သိမ့်ခြင်း၊ အသက်ရှင်ခြင်းတန်ခိုးကိုပေးတော်မူသည့်မေတ္တာကို ခံစားခဲ့ကြရပါသည်။ ကလေးငယ်တို့၏သဘာဝအတိုင်း ကိုယ်တော်သည် အခြားသူများကိုကူညီမစတော်မူပြီး ထိုကူညီမစမှုတို့ကြောင့် ကိုယ်တော်၏အမှုတော်ကို စတင်ထမ်းဆောင်တော်မူသည့်အခါတွင် လူများစွာကဝမ်းမြောက်စွာဖြင့် ကိုယ်တော်ကိုလက်ခံခဲ့ကြပါသည်။

ယနေ့လူငယ်များသည် သခင်ခရစ်တော်၏ငယ်စဉ်အသက်တာကို သင်ခန်းစာယူသင့်ပါသည်။ ဤအသက်တာတော်တွင် သင်ခန်းစာများရှိပြီး မိဘတိုင်းအတွက်ခွန်အားရစေပါသည်။ လူသားတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်လိုသူများသည် မိမိတို့၏မိသားစု၊ ပတ်ဝန်းကျင်၌စ၍ အမှုတော်ကိုထမ်းဆောင်ရပါမည်။ မိမိတို့၏အိမ်ထောင်ထက် ပို၍အရေးကြီးသောနေရာမရှိပါ။ လူသားများကိုပေးအပ်ထားသည့်တာဝန်များတွင် မိဘတို့၏တာဝန်ထက်ပိုမိုကြီးလေးပြီး ကျယ်ပြန့်သောတာဝန်မရှိပါ။

ယနေ့လူငယ်များသည် နောင်ရေးကိုဖန်တီးမည့်သူများဖြစ်သောကြောင့် ဤလူငယ်များ၏အသက်တာသည် မိမိတို့၏အိမ်ထောင်ပေါ်တွင်



များစွာမူတည်ပါသည်။ လူသားများရင်ဆိုင်နေရသည့် စိတ်မသာဝမ်းနည်းကြေကွဲခြင်း၊ ပြစ်မှုများနှင့်ရောဂါအနာများသည် မိမိတို့၏အိမ်တွင်ကောင်းမွန်စွာလေ့ကျင့်သင်ကြားမှုမရှိခြင်းကြောင့် အများအားဖြင့်ဖြစ်ပေါ်ရသည်ကို သိရပါသည်။ အိမ်ထောင်သည်သန့်ရှင်းပြီး သစ္စာတရားနှင့်ပြည့်စုံကာ ထိုအိမ်ထောင်မှပေါက်ဖွားလာသည့်သားသမီးများသည် မိမိတို့ဘဝတွင် ဘေးရန်ခက်ခဲမှုများနှင့်တာဝန်ဝတ္တရားများကိုရင်ဆိုင်ရန် အဆင်သင့်ပြင်ဆင်ထားသောသူများဖြစ်ပါက ဤလောကကြီးသည် များစွာပြောင်းလဲသွားပါလိမ့်မည်။

ဖောက်ပြန်လမ်းလွဲနေသူများကိုပြုပြင်ရန်အတွက် အသင်းအဖွဲ့များ၊ ဆေးခန်းများတည်ထောင်ကာ ငွေကြေးများစွာကိုအသုံးပြုလျက်ရှိပါသည်။ သို့သော်လည်း လိုအပ်ချက်ကိုမဖြည့်ဆည်းနိုင်သေးပါ။ အကျိုးကျေးဇူးအလွန်နည်းပါးပြီး လူအနည်းငယ်ကိုသာပြန်လည်ကယ်တင်နိုင်ပါသည်။

လူမြောက်မြားစွာတို့သည် လိမ္မာချင်ကြသော်လည်း မိမိတို့၏အကျင့်ဆိုးများကို ဖယ်ရှားနိုင်ရန်ခွန်အားနည်းပြီး စိတ်ဓာတ်ပျော့ကြပါသည်။ သူတို့ရင်ဆိုင်ရမည့်စွန့်လွှတ်ခြင်းများ၊ အခက်အခဲများနှင့်ကြိုးစားအားထုတ်မှုတို့ကြောင့်တွန့်ဆုတ်ကြပြီး နောက်ဆုံးတွင် ဘဝပျက်ခဲ့ကြရပါသည်။ အလွန်ဉာဏ်တော်သောသူများ၊ ပညာတတ်မြောက်ပြီး မိမိတို့၏အစွမ်းခွန်အားနှင့်ဉာဏ်ပညာများကြောင့် လောကတွင်အားထားရပြီး တာဝန်ကြီးကြီးမားမားကိုထမ်းဆောင်နိုင်သောသူများပင်လျှင် နောက်ဆုံးတွင်ဘဝပျက်ပြီး ဤဘဝတွင်မကဘဲ နောင်ဘဝကိုပင်ဆုံးရှုံးကြရပါသည်။

ပြန်လည်ပြုပြင်ရန်ကြိုးစားနေသူများ ရင်ဆိုင်နေရသည့်အခက်အခဲများသည်လည်း မသေးငယ်ပါ။ အသက်တာတစ်လျှောက်လုံးတွင် ပျက်စီးခဲ့ရသည့်ကိုယ်ကာယ၊ ခေါင်းမာသောစိတ်ဓာတ်၊ ယိုယွင်းနေသည့်အတွေးအခေါ်များနှင့် ဝိညာဉ်ရေးအားနည်းမှုများသည် သူတို့ကျူးလွန်ခဲ့သောမကောင်းမှုများ၏ဆိုးကျိုးဆက်များသာဖြစ်ပါသည်။ အကယ်၍သာ အစအဦးကပင် ဤအမှားများကိုရှောင်ဖယ်ခဲ့ပါက မည်မျှပို၍ကောင်းပါလိမ့်မည်နည်း။

ဤတာဝန်မှာ မိဘများတွင်အဓိကကျရောက်နေပါသည်။ ယနေ့လူမှုဝန်းကျင်တစ်ခုလုံးကိုလွှမ်းခြုံနေသည့် ချုပ်တည်းမှုကင်းမဲ့ခြင်းနှင့် အခြားသောအကျင့်ဆိုးများကိုပြုပြင်ရန်ကြိုးစားရာတွင် မိမိတို့၏သားသမီးများအသက်တာနှင့်အမူအကျင့်များကို မည်ကဲ့သို့ပြုပြင်ရမည်ကို မိဘများတို့ကိုသွန်သင်ခြင်းအားဖြင့် အကျိုးကျေးဇူးအလွန်ရှိလာပါလိမ့်မည်။ မကောင်းသောအကျင့်များကို မှန်ကန်လာရန်ကျင့်ပေးနိုင်ပါသည်။ ဤကဲ့သို့သူတို့၏မူလအစကိုကိုင်တွယ်ဖြေရှင်းခြင်းအားဖြင့် အမှန်ဘက်သို့လမ်းလွှဲစေနိုင်ပါသည်။

မိဘများသည် မိမိတို့၏သားသမီးများအတွက် ပျော်ရွှင်ကျန်းမာသောအသက်တာများကို ဖန်တီးပေးနိုင်ပါသည်။ မိမိတို့၏အိမ်မှထွက်ခွာသွားမည့် သားသမီးများရင်ဆိုင်ရမည့်စုံစမ်းနှောင့်ယှက်ခြင်းများကို ကျော်လွှားနိုင်ရန်၊ သက်လုံကောင်းရန်နှင့်အသက်တာတွင်ရင်ဆိုင်ရမည့်ဖြစ်ရပ်များကို ကိုင်တွယ်တတ်ရန် ခွန်အားကိုသွန်သင်ပေးနိုင်ကြပါသည်။ မိမိတို့၏သားသမီးများ အသက်တာရည်ရွယ်ချက်သည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားရန်နှင့် လူသားများကိုအကျိုးပြုရန် သွန်သင်ပေးရပါမည်။ ဘဝတွင်မည်မျှကြမ်းတမ်းပါစေ၊ ဘုရားသခင်၏ဘုန်းတော်ကိုရောင်ပြန်ဟပ်စေရန်အတွက် သားသမီးတို့လျှောက်မည့်လမ်းကို မိဘများကပြင်ဆင်ပေးနိုင်ပါသည်။

အိမ်ထောင်များကိုပြုပြင်သွန်သင်ခြင်းသည် မိသားစုဝင်များအတွက်သာမဟုတ်ဘဲ ပိုမိုကျယ်ပြန့်ရပါမည်။ ခရစ်ယာန်အိမ်ထောင်စုသည် ဘဝ၏စစ်မှန်သောအနက်ကိုဖော်ပြရပါမည်။ သို့မှသာလျှင် ဤလောကအတွက်စစ်မှန်သောပုံသက်သေဖြစ်ပါလိမ့်မည်။ လူသားများ၏အသက်တာတွင် အိမ်ထောင်တစ်ခု၏ဩဇာသည် ပလ္လင်ပေါ်မှာဟောသောတရားဟောချက်များထက် ပိုမိုထိရောက်ပါသည်။ လူငယ်သည် မိမိ၏အိမ်မှထွက်ခွာပြီးဘဝအတွက်ရင်ဆိုင်လှုပ်ရှားလာသောအခါ သူသည် သွန်သင်ခြင်းခံရသောအလင်းတရားများကိုလည်း သူတစ်ပါးသို့ဝေငှသွားပါလိမ့်မည်။ အခြားမိသားစုများသည် ထိုအလင်းတရားကိုလက်ခံရရှိလာပြီး လူသားတစ်ရပ်လုံးကိုမြင့်မားတိုးတက်စေပါသည်။



ကျွန်ုပ်တို့၏အိမ်ထောင်များအားဖြင့် အခြားသူများကိုလည်းအကျိုးပြုနိုင်ပါသည်။ ကျွန်ုပ်တို့၏အိမ်ထောင်တွင် ဧည့်ခံမှုများသည် လောက၏ဧည့်ဝတ်ပြုခြင်းကိုမလိုက်ဘဲ သမ္မာကျမ်းစာတွင် သခင်ခရစ်တော်၏သွန်သင်ချက်များအတိုင်းဖြစ်ရပါမည်။ ဣသရေလလူမျိုးတို့သည် မိမိတို့ကျင်းပခဲ့သောပွဲတော်များတွင် ဆင်းရဲသူများ၊ ဧည့်သည်များ၊ ယဇ်ပုရောဟိတ်မင်းကိုဗိမာန်တော်တွင်ကူညီရပြီး ခရစ်ယာန်ဘာသာရေးဆရာများနှင့်ခရစ်ယာန်သာသနာပြုများဖြစ်သည့် လေဝိအမျိုးသားတို့ကိုလည်း ဖိတ်ကြားကြပါသည်။ ဤသူများအားလုံးသည် ဣသရေလတို့၏ဧည့်သည်များဖြစ်၍ ခရစ်ယာန်ဘာသာရေးပွဲများ၊ လူမှုရေးပွဲများတွင်ဧည့်ဝတ်ပြုခြင်းကို ခံထိုက်ကြပါသည်။ ဖျားနာလျှင်လည်းကောင်း၊ အကူအညီလိုလျှင်လည်းကောင်း သူတို့ကိုမစရပါမည်။ ကျွန်ုပ်တို့အိမ်တွင်လည်း ဤသူများကိုဖိတ်ခေါ်ရပါမည်။ ခရစ်ယာန်သာသနာပြုသူနာပြုတစ်ဦး (သို့မဟုတ်) ဆရာတစ်ဦး၊ တာဝန်ပိလျက်စိတ်မောနေသည့်မိခင်တစ်ဦး၊ နေစရာအိမ်မရှိ၊ ဆင်းရဲလျက်စိတ်ပျက်အားငယ်နေသည့် အသက်ကြီးပြီးမသန်စွမ်းတော့သည့် အဘိုးအို၊ အဘွားအိုတစ်ဦးကို အိမ်သို့ဖိတ်ကြားပြုစုနိုင်လျှင် မည်မျှဝမ်းမြောက်ကြပါလိမ့်မည်နည်း။

သခင်ခရစ်တော်က "သင်သည်နံနက်စာ၊ ညစာလုပ်ကျွေးသောအခါ အဆွေခင်ပွန်း၊ ညီအစ်ကိုအမျိုးသားချင်း၊ ငွေရတတ်သောအိမ်နီးချင်းများကို မဖိတ်မခေါ်နှင့်၊ ထိုသို့ဖိတ်ခေါ်လျှင် သူတို့သည်နောက်တစ်ဖန်သင့်ကိုဖိတ်ခေါ်၍ ကျေးဇူးဆပ်ကြလိမ့်မည်။ သင်သည်ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကိုဖိတ်ခေါ်လော့၊ ထိုသို့ဖိတ်ခေါ်လျှင် ကောင်းချီးရှိလိမ့်မည်။ အကြောင်းမူကားသူတို့သည် ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍ ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည်ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့ဟု မိန့်တော်မူပါသည်" (လုကာ ၁၄း၁၂-၁၄)။

ဤကဲ့သို့ဧည့်သည်များကိုဧည့်ခံရာတွင် ပင်ပန်းခြင်းမရှိ၊ အလုပ်များစရာအကြောင်းမရှိပါ။ ဤသူများအတွက် ဈေးကြီးသောအစားအစာများ၊

ပစ္စည်းဥစ္စာများမလိုအပ်ဘဲ သင်၏နေအိမ်တွင် နွေးထွေးစွာဧည့်ခံခြင်းဖြင့်လည်းကောင်း၊ အတူတကွဆုတောင်းခြင်းဖြင့်လည်းကောင်း လူများစွာတို့အတွက် ကောင်းကင်နိုင်ငံကဲ့သို့ပင် ခံစားရပါလိမ့်မည်။

ကျွန်ုပ်တို့၏သနားခြင်းကရုဏာသည် မိမိအလိုနှင့်ဆွေမျိုးအသိုက်အဝန်းကိုလွှမ်းမိုးရပါမည်။ သူတစ်ပါးကိုမိမိအိမ်သို့ဖိတ်ခေါ်၍ ကူညီမစရန် အခွင့်အရေးရှာနေသူများအတွက် လုပ်ဆောင်ရန်အခွင့်အလမ်းများစွာရှိပါသည်။ လူမှုရေးတွင်ဩဇာလွှမ်းမိုးနိုင်ခြင်းသည် အလွန်ကောင်းသောအရာတစ်ခုဖြစ်ပါသည်။ သူတစ်ပါးကိုကူညီရန်အတွက် ကျွန်ုပ်တို့သည် ဤဩဇာကိုအသုံးပြုနိုင်ပါသည်။

စုံစမ်းနှောင့်ယှက်ခြင်းခံနေရသောလူငယ်များအတွက် ကျွန်ုပ်တို့၏အိမ်သည် ခိုလှုံရာဖြစ်သင့်ပါသည်။ လမ်းဆုံလမ်းခွဲတွင် မဝေခွဲနိုင်သောသူများစွာရှိပါသည်။ သူတို့ရင်ဆိုင်ကြုံတွေ့ရမည့်အရှိန်ဩဇာနှင့်ပုံသက်သေများအားဖြင့် ယခုဘဝနှင့်နောင်ဘဝအတွက် သူတို့စဉ်းစားရွေးချယ်သွားပါလိမ့်မည်။ အလွန်ဆွဲဆောင်မှုရှိပြီး လှပသောအပြစ်များက သူတို့ကိုဖိတ်ခေါ်လျက်ရှိပါသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် နေစရာအိမ်မရှိသောလူငယ်များစွာနှင့် သာယာမှုမရှိသောအိမ်ထောင်များမှ ပေါက်ဖွားလာသည့်လူငယ်များစွာရှိပါသည်။ ဤလူငယ်များသည် အပြစ်တွင်မြောပါနေကြပါသည်။ ကျွန်ုပ်တို့၏မျက်စိရှေ့၌ပင် သူတို့သည်ကယ်တင်မည့်သူမရှိဘဲ လေလွင့်နေကြပါသည်။

ဤလူငယ်များရင်ဆိုင်နေရသည့် စုံစမ်းနှောင့်ယှက်မှုများနှင့် အမှောင်ဖုံးလွှမ်းခြင်းတို့ကိုကျော်လွှားရန် ကရုဏာဖြင့်ကမ်းလှမ်းသောလက်၊ ကြင်နာစွာပြောဆိုသောစကားနှင့်ဂရုတစိုက်ပြုခြင်းတို့ကို လိုအပ်လျက်ရှိနေပါသည်။ ကောင်းကင်နိုင်ငံတော်၏ချစ်ခြင်းမေတ္တာသည် သူတို့၏ပိတ်လျက်ရှိသောနှလုံးသားတံခါးဝကို ဖွင့်စေနိုင်ပါသည်။ သို့မှသာ သခင်ခရစ်တော်၏မေတ္တာတော်၊ ရနံ့နှင့်ချစ်ခြင်းမေတ္တာတော်တို့ထိခြင်းတို့ကို သူတို့ခံစားရပါလိမ့်မည်။ ကျွန်ုပ်တို့သည် ဤလူငယ်များကိုစိတ်ဝင်စားမှုပြပြီး သူတို့ကိုအိမ်သို့



ဖိတ်ကြားလျက် ချစ်ခြင်းမေတ္တာပြသနိုင်လျှင် ဤလူငယ်များစွာတို့သည် ပြန်လှည့်လာပြီး လမ်းကြောင်းပြောင်းသွားနိုင်ကြပါသည်။

## အသက်တာ၏အခွင့်အရေးများ

ကျွန်ုပ်တို့သည် ဤလောကသို့တစ်ကြိမ်သာရောက်ရှိလာပြီး နေထိုင်ရမည့်အချိန်ကာလသည်လည်း အလွန်တိုတောင်းလှပါသည်။ ထို့ကြောင့် အသက်ရှင်စဉ်တွင် အကောင်းဆုံးအသက်တာဖြစ်အောင် ပြုလုပ်ကြပါစို့။ ကျွန်ုပ်တို့ကိုခေါ်နေသည့်အလုပ်အတွက် ချမ်းသာကြွယ်ဝမှု၊ အသိုက်အဝန်းအရှိန်အဝါနှင့်ဘွဲ့ဒီဂရီများကိုမလိုအပ်ပါ။ ကျွန်ုပ်တို့လိုအပ်သည်မှာ ကိုယ်ကိုကိုယ်ငြင်းပယ်သောစိတ်သဘောနှင့် ဆုံးဖြတ်ချက်ခိုင်မာမှုသာဖြစ်ပါသည်။ မီးသည်မည်မျှမိုန်စေကာမူ အကယ်၍ဆက်လက်ထွန်းညှိထားပါက အခြားမီးအိမ်များသို့လည်း မီးကူးသွားပါလိမ့်မည်။ ကျွန်ုပ်တို့၏အစွမ်းခွန်အားသည် အလွန်သေးငယ်ပြီး အခွင့်အရေးများနည်းပါးကာ အသိုက်အဝန်းသည် ကျဉ်းမြောင်းနေသော်လည်း ကျွန်ုပ်တို့ရရှိသောအခွင့်အရေးများကို သစ္စာရှိစွာအသုံးချလျက် မိမိ၏အိမ်တံခါးများကိုဖွင့်ကာ သူတစ်ပါးကိုကူညီလျှင် အောင်မြင်မှုများစွာရရှိနိုင်ပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အိမ်တံခါးများကို ဘုရားသခင်၏အလိုတော်နှင့်အညီဖွင့်ပေးခြင်းဖြင့် အသက်သခင်ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်ုပ်တို့ထံမှတစ်ဆင့် စီးဆင်းသွားပါလိမ့်မည်။ ယခုအခါတွင် ခြောက်သွေ့နေသည့်ပတ်ဝန်းကျင်သည် အသက်ရှင်ခြင်းတန်ခိုးနှင့် ကြွယ်ဝများပြားလှပတင့်တယ်မှုတို့စီးဆင်းလျက် ဤနေရာများသည် သာယာလှပသွားပါလိမ့်မည်။

---ooo---

အခန်း (၂၉)

# အိမ်ထောင်ကိုတည်ဆောက်သူများ

အာဒံအတွက်အဖော်ကိုဖန်ဆင်းပေးခဲ့သောသခင်သည် မိမိ၏ပထမ ဦးဆုံးအံ့ဖွယ်အမှုကို လက်ထပ်ပွဲတစ်ခု၌ပင် ပြုလုပ်ခဲ့တော်မူပါသည်။ အခမ်း အနားတွင်မိတ်ဆွေများပျော်ရွှင်နေစဉ် သခင်ခရစ်တော်သည် မိမိ၏အမှုတော် ကို စတင်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် မိမိစတင်တည်ထောင်ခဲ့သည့် အမှုတော်တစ်ခုအနေဖြင့် ဤလက်ထပ်ပွဲကိုအသိအမှတ်ပြုတော်မူခဲ့ပါသည်။ ကိုယ်တော်က ယောကျ်ားနှင့်မိန်းမတို့သည်အိမ်ထောင်ပြု၍ မိမိတို့၏ဘုန်းကို ကျော်ကြားစေမည့်သားသမီးများကိုပွားစေလျက် မိမိတို့သည် ကောင်းကင် နိုင်ငံ၏မိသားစုဝင်များဖြစ်ကြောင်းကို မြင်စေလိုတော်မူပါသည်။

ကိုယ်တော်က မိမိနှင့်ကယ်တင်ခြင်းရရှိသောသူများ၏ပြန်လည် ပေါင်းစည်းတော်မူခြင်းကို လက်ထပ်ပွဲနှင့်နှိုင်းယှဉ်လျက် အိမ်ထောင်ပြုခြင်း ကို ချီးမြှောက်တော်မူခဲ့ပါသည်။ ကိုယ်တော်က မိမိကိုယ်ကိုသတို့သားနှင့် အသင်းတော်ကိုမိမိရွေးချယ်တော်မူသည့်သတို့သမီးအဖြစ် ဖော်ပြတော်မူခဲ့ ပါသည်။ ကိုယ်တော်က "ငါချစ်သောနမ၊ သင်သည်အပြစ်တစ်စုံတစ်ခုမျှ မရှိ" (ရှောလမုန်သီချင်း ၄း၇) ဟု အသင်းတော်ကိုညွှန်းလျက်ပြောဆိုသော စကားရှိပါသည်။

သခင်ခရစ်တော်က "အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်း တော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်းကိုယ်ခင်ပွန်းကိုချစ်ကြလော့၊ ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍––– အသရေတင့်တယ်လျက်ရှိသည်" (ဧဖက် ၅း၂၅–၂၇)။

ဤလောကတွင်မိသားစုစည်းလုံးခြင်းသည် သိမ်မွေ့ဆုံး၊ အသန့် ရှင်းဆုံးဖြစ်ပါသည်။ လူသားအားလုံးအတွက် ကောင်းချီးကိုရစေရန်ဖန်တီး တော်မူပါသည်။ ထို့ကြောင့် ဘုရားသခင်ကိုချစ်ကြောက်ရိုသေလျက် အလို





တော်နှင့်အညီ မိမိတစ်ဦးစီတို့၏တာဝန်များကိုသိမြင်၍ အိမ်ထောင်ပြုသော အခါ ထိုအိမ်ထောင်သည် ကောင်းချီးများကိုခံစားရပါသည်။

အိမ်ထောင်ပြုရန်ကြံရွယ်သူများသည် မိမိတို့တည်ထောင်မည့်အိမ်၏ စံနမူနာနှင့်သြဇာသည် မည်ကဲ့သို့ရှိလိမ့်မည်ကိုထည့်သွင်းစဉ်းစားရပါမည်။ သူတို့မိဘများဖြစ်လာသောအခါတွင် ဤဘဝနှင့်နောင်ဘဝအတွက် လိမ္မာ သောသားသမီးများကိုပြုစုပျိုးထောင်ရန် သူတို့၌အလွန်ကြီးမားသည့်တာဝန် ရှိပါသည်။ အလွန်ကြီးမားသည့်အတိုင်းအတာတစ်ခုအနေဖြင့် ဤသားသမီး များ၏ကိုယ်ကာယနှင့်အမူအကျင့်ကို သူတို့ဆုံးဖြတ်ပြုပြင်သွားရပါလိမ့်မည်။ ပတ်ဝန်းကျင်၏အခြေအနေသည် မိသားစုတစ်စုစီပေါ်တွင်မူတည်ပါသည်။ မိသားစု၏တိုးတက်ကြီးပွားခြင်းနှင့် ဆုတ်ယုတ်ကျဆင်းခြင်းသည် အခြေပြ ဇယား၌ကဲ့သို့ပင် ပေါ်လွင်နေပါလိမ့်မည်။

ဘဝကြင်ဖော်ကိုရွေးချယ်ရာတွင် ကိုယ်ကာယအားဖြင့်လည်းကောင်း၊ စိတ်အားဖြင့်လည်းကောင်း၊ ခရစ်ယာန်ဘာသာရေး၌လည်းကောင်း မိဘနှင့် သားသမီးများ၏တိုးတက်ကြီးပွားမှုကိုထောက်ပံ့မည့်သူ၊ မိမိ၏ဖန်ဆင်းပိုင်သူ နှင့်ပတ်ဝန်းကျင်ကိုအကျိုးပြုမည့်သူအား စဉ်းစားရွေးချယ်သင့်ပါသည်။

အိမ်ထောင်တစ်ခု၏တာဝန်များကိုမထမ်းဆောင်မီ လူငယ်များသည် လက်တွေ့ကျသောအတွေ့အကြုံများနှင့်စမ်းသပ်ရင်ဆိုင်ပြီးမှ မိမိတို့ထမ်းဆောင် ရမည့်တာဝန်များကို ကျေပွန်စွာပြုလုပ်နိုင်ရန် အဆင်သင့်ပြင်ဆင်ရပါမည်။ စောလျင်စွာအိမ်ထောင်ပြုခြင်းကိုအားမပေးသင့်ပါ။ အိမ်ထောင်ပြုခြင်းကဲ့သို့ အရေးကြီးပြီး အလွန်ကျယ်ပြန့်သောသြဇာသက်ရောက်မှုရှိသော လူမှုဆက်ဆံ ခြင်းကို ကောင်းမွန်စွာပြင်ဆင်ခြင်းမရှိ၊ ကိုယ်ကာယနှင့်စိတ်ဝိညာဉ်ပြင်ဆင် မှုမရှိဘဲ အလျင်အမြန်မပြုလုပ်ရပါ။

အိမ်ထောင်ပြုမည့်သူနှစ်ဦးနှစ်ဖက်သည် လောကချမ်းသာကြွယ်ဝမှု မရှိသော်လည်း ကျန်းမာခြင်းတော့ရှိရပါမည်။ အများအားဖြင့် အသက်ကွာ ခြားမှုလည်းမလွန်မရှိရပါ။ သို့မဟုတ်ပါက ငယ်ရွယ်သူ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ ခကြာခဏဆိုသလို သားသမီးများသည်လည်း

ကိုယ်ကာယနှင့်စိတ်ဝိညာဉ်ခွန်အားထိခိုက်ကြပါသည်။ သူတို့၏ငယ်ရွယ်သောအသက်တာနှင့်အညီ လိုအပ်သောဂရုစိုက်ခြင်းနှင့်အပေါင်းအဖော်ဖွဲ့ခြင်းကို အသက်ကြီးသည့်မိဘများမှရရှိနိုင်ပါက မကြာခဏဆိုသလို ချစ်ခြင်းမေတ္တာနှင့်လမ်းပြသွန်သင်မှုအလိုအပ်ဆုံးအရွယ်တွင် ဖခင်သော်လည်းကောင်း၊ မိခင်သော်လည်းကောင်း ကွယ်လွန်သွားနိုင်ပါသည်။

အိမ်ထောင်ပြုခြင်းသည် သခင်ခရစ်တော်၌သာတည်နိုင်ပါသည်။ လူသားအချင်းချင်းတို့၏ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာအားဖြင့်သာ ပွားများလာနိုင်ပါသည်။ သခင်ခရစ်တော်သည် စိတ်နှလုံးထဲတွင်ရှိသောအခါ နက်ရှိုင်းပြီးစစ်မှန်ကာ ကိုယ်ကျိုးမဖက်သောချစ်ခြင်းမေတ္တာတည်ရှိနိုင်ပါသည်။

သခင်ခရစ်တော်ထံမှလာသောချစ်ခြင်းမေတ္တာသည် အလွန်မွန်မြတ်လှပါသည်။ သန့်ရှင်းစင်ကြယ်သည့်မေတ္တာစိတ်သည် ခံစားမှုသက်သက်သာမဟုတ်ဘဲ အကျင့်တရားတစ်ခုဖြစ်ပါသည်။ မေတ္တာစစ်မေတ္တာမှန်နှင့်ချစ်သောသူတို့သည် အမြော်အမြင်ကင်းမဲ့သောမျက်ကန်းများမဟုတ်ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်မှုကြောင့် သူတို့သည် ဘုရားသခင်ကိုဦးထိပ်ထားချစ်ကြောက်ကြပြီး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကြပါသည်။

အိမ်ထောင်ပြုရန်ကြံရွယ်ထားသောသူသည် မိမိကြံရွယ်ထားသောသူ၏အသက်တာတွင် ပြောင်းလဲထင်ရှားလာသည့်အကျင့်တစ်ခုစီကို ကောင်းမွန်စွာလေ့လာရပါမည်။ အိမ်ထောင်ပြုရန်လှမ်းသောခြေလှမ်းတစ်ခုစီတွင် ရိုးသားခြင်း၊ ဆည်းကပ်ခြင်း၊ မျှတခြင်းနှင့် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားလိုသောရည်ရွယ်ချက်များပါရှိပါစေ။ မိမိ၏ယခုဘဝနှင့် နောင်ဘဝကို အိမ်ထောင်ပြုခြင်းက များစွာအကျိုးသက်ရောက်စေပါလိမ့်မည်။ စစ်မှန်သောခရစ်ယာန်သည် ဘုရားသခင်အလိုတော်မပါသည့်အစီအစဉ်တစ်ခုကိုမျှ ပြုလုပ်မည်မဟုတ်ပါ။



သင်၌ဘုရားသခင်ကိုချစ်ကြောက်သည့်မိဘများရှိပါက သူတို့၏အကြံဉာဏ်ကိုတောင်းခံပါ။ သင်၏မျှော်လင့်ချက်များနှင့်အစီအစဉ်များကိုပြောပြပြီး သူတို့၏အသက်တာအတွေ့အကြုံများမှ သင်ခန်းစာယူပါ။ သို့ဖြစ်လျှင် သင့်အတွက်များစွာစိတ်သက်သာရပါလိမ့်မည်။ အထူးသဖြင့် အရေးကြီးဆုံးမှာ သခင်ခရစ်တော်ကိုတိုင်တည်၍ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို လေ့လာကာဆုတောင်းပါ။

အိမ်ထောင်ပြုမည့်အမျိုးသမီးများသည်သန့်ရှင်းပြီး ယောကျ်ားဆန်သောအကျင့်ရှိသောသူ၊ ကြိုးစားမှုရှိပြီးရည်မှန်းချက်ရှိကာ ရိုးသားမှုရှိသူ၊ ဘုရားသခင်အားချစ်ကြောက်ရိုသေသောသူကိုရှာရပါမည်။ လူငယ်ယောကျ်ားအနေဖြင့်လည်း မိမိ၏နံဘေးတွင်အမြဲတမ်းရပ်တည်ပြီး ကျရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်မည့်သူ၊ မိမိအတွက်အကောင်းဘက်သို့ပြောင်းလဲရန်အမြဲအကြံပြုသူ၊ သူမ၏ချစ်ခြင်းမေတ္တာဖြင့် မိမိကိုအမြဲတမ်းပျော်မွေ့စေမည့်သူကိုရွေးချယ်ရပါမည်။

“ပညာသတိရှိသောမယားမူကား ထာဝရဘုရားပေးသနားတော်မူရာဖြစ်၏။” “သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ထိုမယားသည် မိမိခင်ပွန်းအကျိုးကိုမဖျက်၊ တစ်သက်လုံးပြုစုတတ်၏။” “ပညာစကားကိုပြောတတ်၍ မေတ္တာတရားအားဖြင့်နှုတ်မြွက်တတ်၏၊ အိမ်သူအိမ်သားပြုမူသမျှတို့ကို ကြည့်ရှုတတ်၏၊ ပျင်းရိခြင်းအစာကိုမစားတတ်၊ သူ၏သားသမီးတို့သည်ထ၍ အမိကိုကောင်းချီးပေးတတ်ကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးအများတို့သည် ကောင်းမွန်စွာပြုကြပြီ၊ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကိုလွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။” ထိုကဲ့သို့သော “မယားကိုရသောသူသည် ကောင်းသောအရာကိုရ၍ ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏” (သုတ္တံ ၁၉း၁၄။ ၃၁း၁၁၊၁၂၊၂၆–၂၉။ ၁၈း၂၂)။

သို့သော်လည်း စနစ်တကျနှင့်သေချာစွာမည်မျှပင်ရွေးချယ်စေကာမူ ဇနီးမောင်နှံအနည်းငယ်သာလျှင် အိမ်ထောင်ပြုသောအခါ တစ်ဦးနှင့်တစ်ဦးအကြောင်းသိပေါင်းစည်းထားသူများဖြစ်ကြပါသည်။ တစ်ဦးအကြောင်း

တစ်ဦးကသိပြီး ပေါင်းစည်းရန်အတွက်အိမ်ထောင်ပြုပြီး နှစ်ပေါင်းများစွာကြာညောင်းပါသည်။

အိမ်ထောင်ပြုပြီးဘဝ၏အခက်အခဲများနှင့် နဖူးတွေ့ဒူးတွေ့ကြုံလာရသောအခါတွင် အိမ်ထောင်မပြုမီစိတ်ကူးကဲ့သောအတွေးကမ္ဘာသည်ပျောက်ကွယ်ပြီး လင်မယားနှစ်ဦးတို့သည် ယခင်ကမသိနိုင်ခဲ့သည့် သူတစ်ဦးစီ၏အကြောင်းကို ယခုမှပင်ပို၍လေ့လာနိုင်ပါသည်။ ဤအခြေအနေသည် အလွန်အရေးကြီးသောအချိန်အခါဖြစ်ပါသည်။ ရှေးအသက်တာတစ်လျှောက်လုံး၏ပျော်ရွှင်မှုနှင့်သာယာမှုသည် ဤနေရာတွင်ရွေးချယ်သည့်လမ်းကြောင်းပေါ်တွင် မူတည်ပါသည်။ သူတို့တစ်ဦးစီ၏မမျှော်လင့်ခဲ့သည့် အားနည်းချက်နှင့်အပြစ်များကိုသိမြင်လာသော်လည်း ချစ်ခြင်းမေတ္တာဖြင့်ပေါင်းစည်းခဲ့သောနှလုံးသားနှစ်ခုသည် မမြင်ရသေးသည့်အကောင်းဘက်သို့ မျှော်ကြည့်ရပါမည်။ အပြစ်ကိုမြင်မည့်အစား ကောင်းသောအကျင့်များကိုရှာဖွေပါ။ မကြာခဏဆိုသလို ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာ၊ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုသည်တစ်ဖက်သား၏တုံ့ပြန်မှုကိုဖန်တီးပါသည်။ လူများစွာတို့က ချစ်ခြင်းကိုအားနည်းချက်တစ်ခုအနေဖြင့်မှတ်ကြပြီး မိမိကိုယ်ကိုအကာအဆီးများပြုလုပ်ထားသောကြောင့် သူတစ်ပါးကိုထိခိုက်စေပါသည်။ ဤစိတ်ဓာတ်ကြောင့် မေတ္တာရေစီးကြောင်းကို ဟန့်တားစေပါသည်။ လူမှုရေးနှင့်မေတ္တာ၏လှုံ့ဆော်မှုကိုငြင်းပယ်ခြင်းများလာသောအခါ စိတ်နှလုံးသည်မာကြော၍အေးလာပါသည်။ ဤအမှားကိုကျွန်ုပ်တို့သတိပြုရှောင်ရပါမည်။ မေတ္တာသည်ဖော်ပြခြင်းမရှိပါက ကြာလျှင်ခန်းခြောက်လာပါသည်။ သင်နှင့်ဆက်စပ်နေသူ၏စိတ်နှလုံးတွင် ချစ်ခြင်းမေတ္တာမငတ်စေပါနှင့်။

အခက်အခဲများ၊ စိတ်ပျက်အားငယ်ခြင်းများနှင့်ရင်ဆိုင်ရသော်လည်း လင်ယောကျ်ားသော်လည်းကောင်း၊ ဇနီးသည်သော်လည်းကောင်း မိမိတို့အိမ်ထောင်ပြုခြင်းသည် မှားသည်ဟုမည်သည့်အခါမျှမစဉ်းစားသင့်ပါ။ မိမိတို့အတတ်နိုင်ဆုံးကြိုးစားမည်ဟုဆုံးဖြတ်ပြီး ယခင်ကဲ့သို့ချစ်ခင်ကြပါ။ ဘဝတိုက်လှန်ပွဲများကိုရင်ဆိုင်တိုက်လှန်ရာတွင် တစ်ဦးနှင့်တစ်ဦးအားပေးပါ။



တစ်ဦးနှင့်တစ်ဦးပျော်ရွှင်မှုရှိရန်ကြံဆောင်ကြပါ။ ချစ်ခြင်းမေတ္တာနှင့်သည်းခံခြင်းအပြန်အလှန်ထားကြပါ။ ထိုသို့ပြုလျှင် အိမ်ထောင်ပြုခြင်းသည် ချစ်ခြင်းမေတ္တာ၏အဆုံးမဟုတ်ဘဲ အစသာလျှင်ဖြစ်ပါလိမ့်မည်။ အပြန်အလှန်မိတ်သဟာယဖွဲ့ခြင်း၏နွေးထွေးမှု၊ တစ်ဦးနှင့်တစ်ဦးကိုပေါင်းစည်းစေသည့်ချစ်ခြင်းမေတ္တာတို့သည် ကောင်းကင်နိုင်ငံတော်ကို ရှေးဦးစွာမြည်းစမ်းခြင်းသာလျှင်ဖြစ်ပါသည်။

အိမ်ထောင်တိုင်းတွင်အပြင်လူမဝင်ရသည့် စည်းများတားထားပါသည်။ ခင်ပွန်းနှင့်ဇနီးတို့သည် မိမိတို့နှင့်သာသက်ဆိုင်သည့် လျှို့ဝှက်ချက်များကို အပြင်သူစိမ်းများထံသို့ ပေါက်ကြားတိုင်ပင်ခြင်းမပြုရပါ။

တစ်ဦး၏မေတ္တာကို တစ်ဦးကအတင်းတောင်းဆိုမည့်အစား တစ်ဦးကိုတစ်ဦးအပြန်အလှန်ချစ်ကြပါ။ သင်၏အသက်တာတွင် ကောင်းသောအရာများကိုပွားများစေပြီး တစ်ဖက်သားတွင်ရှိသော ကောင်းသည့်အကျင့်များကို ချက်ချင်းမြင်လာရန်ကြိုးစားပါ။ မိမိကိုတစ်ပါးသူကတန်ဖိုးထားသည်ဆိုသောခံစားချက်သည် အလွန်ခွန်အားရှိပြီး ကျေနပ်ဝမ်းမြောက်မှုကိုဖြစ်စေပါသည်။ ချစ်ခြင်းမေတ္တာနှင့်အပြန်အလှန်လေးစားမှုသည် တိုးတက်ကြီးပွားခြင်းသို့ဦးတည်ပြီး ချစ်ခြင်းမေတ္တာတစ်ခုတည်းပင်လျှင် ပိုမိုမြင့်မြတ်သောရည်မှန်းချက်များကို တက်လှမ်းစေပါသည်။

လင်သော်လည်းကောင်း၊ မယားသော်လည်းကောင်း မိမိတို့တစ်ဦးချင်းရပ်တည်မှုကိုစွန့်လျက် သူတစ်ပါး၏ခြယ်လှယ်ခြင်းကိုမခံရဘဲ ဘုရားသခင်နှင့်တစ်ဦးချင်းမိတ်သဟာယဖွဲ့ခြင်းရှိရပါမည်။ ဘုရားသခင်နှင့်အမြဲတမ်းတိုင်တည်လျှင် အမှားနှင့်အမှန်ကိုရွေးချယ်ရာတွင်လည်းကောင်း၊ ဘဝ၏ပန်းတိုင်များကိုသတ်မှတ်ရာတွင်လည်းကောင်း အလိုတော်ကိုအမြဲတမ်းသိမြင်ရပါမည်။ သင့်အတွက်အသေခံတော်မူခဲ့သည့် ဘုရားသခင်ထံတော်သို့သင်၏အမြင့်ဆုံးသောချစ်ခြင်းမေတ္တာကိုပုံအပ်လျက် သင်၏အသက်တာတွင်သခင်ခရစ်တော်ကိုအစနှင့်အဆုံး အကောင်းဆုံးအဖြစ်ထားပါ။ ဘုရားသခင်ကိုချစ်သော သင်၏ချစ်ခြင်းမေတ္တာသည် ပို၍နက်ရှိုင်းလာလေ သင်တို့

တစ်ဦးစီ၏အပြန်အလှန်ချစ်ခြင်းမေတ္တာသည်လည်း ပိုမိုခိုင်မာသန့်စင်လာလေဖြစ်ပါလိမ့်မည်။

လင်မယားအပြန်အလှန်ထားရမည့်စိတ်သဘောကို သခင်ခရစ်တော်သည် ကျွန်ုပ်တို့အပေါ်၌ထားတော်မူခဲ့ပါသည်။ “ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသောအားဖြင့်–––သင်တို့သည် မေတ္တာတရား၌ကျင်လည်ကြလော့၊” “အသင်းတော်သည် ခရစ်တော်၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့လည်းကိုယ်ခင်ပွန်းကိုချစ်ကြလော့” (ဧဖက် ၅း၂၊၂၄၊၂၅)။

ဇနီးသော်လည်းကောင်း၊ လင်ယောကျ်ားသော်လည်းကောင်း၊ တစ်ဖက်သားအပေါ်တွင် ဩဇာပြ၍အုပ်စိုးရန်မကြိုးစားသင့်ပါ။ မာန်မာနကိုဖယ်ရှားကြပါ။ ဤစိတ်များရှိနေခြင်းဖြင့် တစ်ဦးနှင့်တစ်ဦးကို အပြန်အလှန်မချစ်နိုင်ကြပါ။ သနားကြင်နာခြင်း၊ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ကိုယ်ချင်းစာနာခြင်းနှင့်အပြန်အလှန်လေးစားခြင်းတို့ရှိရပါမည်။ သင်တို့၏လက်ထပ်ကတိတော်အတိုင်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့၏အိမ်ထောင်ရေးသည် ပျော်ရွှင်ပြီးအောင်မြင်သောအိမ်ထောင်ရေးဖြစ်နိုင်ပါသည်။

## ကိုယ်ကျိုးမပါသောလုပ်ဆောင်ခြင်းမှကျေနပ်ဝမ်းမြောက်မှု

မိမိကိုယ်ကိုအလုံအခြုံကာထားပြီး မိမိအသိုက်အဝန်းနှင့်ကျေနပ်ရုံလောက်ဖြင့် ပျော်ရွှင်မှုမရရှိနိုင်ပါ။ အခွင့်အရေးရသည့်အခါတိုင်း မိမိ၏ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်အောင်ပြုလုပ်ပေးပါ။ ကိုယ်ကျိုးမပါသောကူညီမစခြင်းဖြင့်သာ စစ်မှန်သောဝမ်းမြောက်ကျေနပ်မှုကို ရရှိနိုင်သည်ကိုသတိပြုပါ။

သခင်ခရစ်တော်၌ အသစ်သောအသက်တာဖြင့် နေထိုင်သူများ၏လုပ်ဆောင်ချက်များနှင့်အပြောဆိုများသည် ကိုယ်ကျိုးမပါဘဲသည်းခံခြင်း



တရားနှင့်ပြည့်စုံပါသည်။ သခင်ခရစ်တော်နှင့်ပိုမိုတူညီရန် သင်ကြိုးစားအသက်ရှင်သောအခါတွင် ကိုယ်ကိုကိုယ်နှိမ့်ချလျက် အခြားသူများကိုကူညီမစခြင်းဖြင့် အသက်တာတွင်အောင်မြင်မှုများနှင့်ကြုံတွေ့ရပြီး သင့်ကြောင့်လည်းအခြားသူများအတွက် ကောင်းချီးရှိလာပါမည်။

လူသည်သခင်ခရစ်တော်ကိုကိုးစားလျှင် ဘုရားသခင်၏အလိုတော်နှင့်ပြည့်မီရန် နေထိုင်သွားနိုင်ပါသည်။ လူအားဖြင့်မပြုနိုင်သောအရာများကိုသခင်ခရစ်တော်၏ကျေးဇူးတော်ကိုခိုလှုံလျက် ကိုယ်တော်ကိုဆက်ကပ်ခြင်းဖြင့် အောင်မြင်နိုင်ပါသည်။ ကိုယ်တော်အားဖြင့် ကောင်းကင်နိုင်ငံတော်၏အလိုတော်နှင့်အညီ အသစ်သောနလုံးသားများကိုရရှိနိုင်ပါသည်။ စစ်မှန်သောချစ်ခြင်းမေတ္တာသည်ပျော့ပျောင်း၍ မြောက်ပင့်သောလေလုံးများကဲ့သို့မဟုတ်ပါ။ ဤလောကရှိယက်ကန်းစင်များထက် ပိုမိုခိုင်ခံ့သောအထည်များကို ကောင်းကင်တွင်ယက်လုပ်တော်မူပါသည်။ ထိုအရာများမှာ အဝတ်အထည်များမဟုတ်ဘဲ စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးနှင့်ခက်ခဲမှုများကိုရင်ဆိုင်နိုင်သောအသက်တာများဖြစ်ပါသည်။ တစ်ဦးစီ၏စိတ်နှလုံးတွင် အစဉ်ခိုင်ခံ့သောမေတ္တာနှောင်ကြိုးများဖြင့် ခိုင်မာစွာဖွဲ့နှောင်ထားတော်မူပါလိမ့်မည်။

–––ooo–––

မြို့ကြီးများတွင် အတုအယောင်များဖြင့်ပြည့်လျှံနေပါသည်။ ငွေကိုတပ်မက်ခြင်း၊ အပျော်ကြူးခြင်း၊ ဝါကြွားခြင်း၊ ဖြုန်းတီးခြင်းနှင့်ဖိမ်ခံခြင်းတို့သည် လူထောင်ပေါင်းများစွာကို ဘဝ၏စစ်မှန်သောအရာများမှ လမ်းလွဲစေပါသည်။ အပြစ်မျိုးစုံထောင်ပေါင်းများစွာအတွက် လမ်းပွင့်နေပါသည်။ လူငယ်များကိုမငြင်းပယ်နိုင်လောက်အောင် ဆွဲဆောင်လျက်ရှိပါသည်။

မြို့ကြီးများတွင်လူငယ်များအတွက် ဘေးရန်အများဆုံးနှင့်အပြင်းထန်ဆုံးဆွဲဆောင်မှုတစ်ခုမှာ အပျော်ကြူးခြင်းပင်ဖြစ်ပါသည်။ အားလပ်ရက်များအလွန်များပြားပြီး ကစားပွဲများနှင့်မြင်းပြိုင်ပွဲများ၏စိတ်လှုပ်ရှားမှုနှင့်ဆွဲဆောင်မှုများတွင်နစ်မြုပ်လျက် ဘဝ၏စစ်မှန်သောအရာများမှ ကင်းကွာလျက်ရှိပါသည်။ အပျော်အပါးအတွက်ငွေကိုဖြုန်းတီးမည့်အစား ပိုမိုကောင်းမွန်သောနည်းလမ်းများဖြင့် အသုံးပြုနိုင်ရန်အတွက် စုဆောင်းသင့်ပါသည်။

ရန်ပုံငွေတည်ထောင်သည့်အဖွဲ့များ၊ အလုပ်သမားသမဂ္ဂများနှင့်သပိတ်မှောက်မှုများကြောင့် မြို့ကြီးများတွင်နေထိုင်ခြင်းသည် ပိုမိုခက်ခဲလာနေပါသည်။ နောင်တွင်ကျွန်ုပ်တို့ရင်ဆိုင်ရမည့်အခက်အခဲများမှာ ပိုဆိုးလာနိုင်ပါသည်။ ထို့ကြောင့် မိသားစုအမြောက်အမြားမှာ မြို့ကြီးများမှထွက်ခွာသွားရန် လိုအပ်လာပါလိမ့်မည်။

မြို့ကြီးများ၏သဘာဝအနေအထားမှာလည်း ကျန်းမာရေးအတွက် အလွန်ဆိုးရွားပါသည်။ ရောဂါများနှင့်မပြတ်ထိတွေ့ခြင်း၊ လေထုရေထုညစ်ညမ်းမှုများ၊ ကျပ်တည်းပြီးအလင်းရောင်ကောင်းစွာမရရှိဘဲ ကျန်းမာရေးနှင့်မကိုက်ညီသောလူနေအိမ်များသည် မြို့ကြီးများတွင်ရင်ဆိုင်ရသည့်ဆိုးရွားမှုအနည်းငယ်မျှသာဖြစ်ပါသည်။

မြို့ကြီးများတွင်ကျပ်တည်းစွာစုရုံးလျက် ကျဉ်းမြောင်းသောအိမ်ခန်းများတွင်စုရုံးပြီး အတူတကွနေထိုင်ရန်မှာ ဘုရားသခင်အလိုတော်မဟုတ်ပါ။ အစအဦး၌ ကျွန်ုပ်တို့၏မိဦးဖဦးကို ဘုရားသခင်က အလွန်လှပသောပတ်ဝန်းကျင်တွင်ထားရှိတော်မူပြီး ကျွန်ုပ်တို့ကိုလည်း ထိုကဲ့သို့ရှိစေလိုတော်မူပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်နှင့်ပိုမိုနီးကပ်စွာအသက်ရှင်လေ



အခန်း (၃၀)

# အိမ်ထောင်အတွက်ရွေးချယ်ပြင်ဆင်ခြင်း

ဘဝတွင်ရင်ဆိုင်ရသည့်အခက်အခဲများကိုဖြေရှင်းရာတွင် ဧဝံဂေလိတရားတော်သည် အံ့ဩဖွယ်ဖြစ်ပါသည်။ ခရစ်ယာန်တရားတော်၏သွန်သင်ချက်များကို လက်ခံကျင့်သုံးခြင်းဖြင့် ရင်ဆိုင်ရသည့်အခက်အခဲများစွာပြေလည်သွားပါလိမ့်မည်။ ဤခရစ်ယာန်တရားတော်ကြောင့် အရာရာတိုင်းကိုမှန်ကန်သောအမြင်ဖြင့် ရှုမြင်တတ်လာပြီး ထာဝရတည်မည့်အရာများကိုလည်း သိရှိလာပါသည်။ မိမိတို့နေစရာအိမ်ကိုရွေးချယ်ရမည့်သူများအတွက် အထက်ပါအချက်များသည် အလွန်အရေးကြီးပါသည်။ မိမိတို့၏မြင့်မားသည့်ရည်ရွယ်ချက်မှလမ်းလွဲမသွားရန် အလွန်အရေးကြီးပါသည်။ ဤလောကတွင် မိမိတို့နေထိုင်စဉ်ကာလသည် ကောင်းကင်နိုင်ငံတော်တွင်နေထိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်သည်ကို အမြဲသတိပြုရပါမည်။ ဤလောကသည် မိဘများနှင့်သားသမီးများအတွက် ဘဝတက္ကသိုလ်ဖြစ်ပြီး ဤကျောင်းတော်ကြီးမှအောင်မြင်သောအခါတွင် ဘုရားသခင်၏နိုင်ငံတော်တွင် ပညာဆက်လက်ဆည်းပူးရမည်ကိုမမေ့သင့်ပါ။ ထို့ကြောင့် နေစရာအိမ်ကိုရွေးချယ်သောအခါ မိမိ၏ရွေးချယ်မှုကို ဤအချက်၌အခြေခံပါစေ။ ပစ္စည်းဥစ္စာတိုးပွားရန် လောက၏အလိုရမ္မက်များနှင့် လူမှုအသိုက်အဝန်း၏ဓလေ့များကိုဦးစားမပေးဘဲ ရိုးသားမှု၊ သန့်ရှင်းမှု၊ ကျန်းမာခြင်းနှင့်စစ်မှန်သောတန်ဖိုးရှိသည့်အရာများကိုအခြေခံ၍ ရွေးချယ်သင့်ပါသည်။

တစ်ကမ္ဘာလုံးတွင်မြို့ကြီးများသည် အပြစ်မျိုးစေ့ဖြင့်ကျက်စားရာနေရာများဖြစ်လာနေပါသည်။ နေရာတိုင်းတွင် စာတန်၏အသံကိုကြားနေရပါသည်။ နေရာတိုင်းတွင် ကိုယ်ကျင့်တရားပျက်စီးခြင်းနှင့် အပျော်ကြူးခြင်းတို့ကိုတွေ့မြင်နိုင်ပါသည်။ နေ့စဉ်နှင့်အမျှပြစ်မှုများတိုးပွားလာပြီး ခိုးမှုများ၊ လူသတ်မှုများ၊ မိမိကိုယ်ကိုသေကြောင်းကြံခြင်းနှင့် အခြားအမျိုးမျိုးသောပြစ်မှုများတို့ကိုတိုး၍ မြင်တွေ့ရပါသည်။

ကျွန်ုပ်တို့၏ကိုယ်၊ စိတ်၊ နှလုံးသုံးပါး၏ကျန်းမာရေးသည်လည်း ပိုမိုပြည့်စုံလာပါလိမ့်မည်။

တန်ဖိုးအလွန်ကြီးသည့်တိုက်ခန်းများတွင် အလွန်အဖိုးထိုက်တန်သောပရိဘောဂများကိုအသုံးပြုလျက် ဇိမ်ခံအသုံးအဆောင်မြောက်မြားစွာဖြင့်နေထိုင်ခြင်းသည် ကျွန်ုပ်တို့အတွက်လိုအပ်သောကျန်းမာပျော်ရွှင်ပြီး လှုပ်လှုပ်ရှားရှားရှိသည့်အသက်တာကို မဖန်တီးနိုင်ပါ။ လူသားများတွင် အမွန်မြတ်ဆုံးသောလုပ်ငန်းကိုလုပ်ဆောင်တော်မူရန် သခင်ခရစ်တော်သည် ဤလောကသို့ဆင်းသက်တော်မူခဲ့ပါသည်။ ဤဘဝတွင် အကောင်းဆုံးအသက်တာကိုမည်ကဲ့သို့နေထိုင်ရမည်ကို ကျွန်ုပ်တို့အားပြသရန်အတွက် ကိုယ်တော်သည်ဘုရားသခင်၏ကိုယ်စားလှယ်တော်အဖြစ် ဤလောကသို့ကြွဆင်းတော်မူခဲ့ပါသည်။ ထာဝရဘုရားက မိမိသားတော်အတွက် မည်ကဲ့သို့သောအခြေအနေမျိုးကို ရွေးချယ်တော်မူခဲ့ပါသနည်း။ ဂါလိလဲတောင်ကုန်းတွင် တသီးတခြားတည်ရှိသောအိမ်တစ်လုံး၊ သစ္စာရှိပြီး မိမိတို့၏ဝမ်းရေးကို ရိုးသားစွာရှာဖွေစားသောက်နေသည့် မိသားစုဝါကြွားခြင်းမရှိသည့်အသက်တာ၊ ဘဝ၏အခက်အခဲများကို နေ့စဉ်ရင်ဆိုင်ရပြီး မိမိကိုယ်ကိုငြင်းပယ်၍ စနစ်တကျရှိကာစိတ်ရှည်လျက် မိမိတို့၏နေ့စဉ်လုပ်ငန်းဆောင်တာများကို ကျေပွန်စွာပြုလုပ်ကြသူများ၊ ကျမ်းစာကိုဖွင့်၍ မယ်တော်နှင့်အတူသမ္မာကျမ်းစာကိုနေ့စဉ်လေ့လာဖတ်ရှုခြင်း၊ နံနက်အရုဏ်ဦးနှင့်ညနေဆည်းဆာချိန်၌ စိမ်းလန်းသောမျက်ခင်းပြင်တွင် သဘာဝတရား၏သန့်ရှင်းလှပမှု၊ ဘုရားသခင်၏ဖန်ဆင်းခြင်းနှင့် ကိုယ်တော်၏မစကူညီမှုများကိုလေ့လာသုံးသပ်ခြင်းတို့သည် သခင်ခရစ်တော်၏ငယ်ရွယ်စဉ်အသက်တာတော်၏အခြေအနေနှင့် အခွင့်အရေးများဖြစ်တော်မူခဲ့ပါသည်။

လောကတွင်ရှိသောအကောင်းဆုံးနှင့် အမွန်မြတ်ဆုံးသောသူတို့၏အသက်တာများသည်လည်း ထိုကဲ့သို့ပင်ဖြစ်ခဲ့ပါသည်။ အာဗြဟံ၊ ယာကုပ်၊ ယောသပ်၊ မောရှေ၊ ဒါဝိဒ်နှင့်ဧလိယတို့၏အသက်တာကို ပြန်လည်လေ့လာကြည့်ပါ။ ၎င်းခေတ်နောက်ပိုင်း၌ ဤလောကတွင် အမွန်မြတ်ဆုံးနှင့်



အသန့်ရှင်းဆုံးဖြစ်ကာ လောကအတွက်မိမိတို့၏ခေတ်ကာလတွင် အများဆုံးအကျိုးပြုခဲ့သူတို့၏အသက်တာများကို ပြန်လည်လေ့လာကြည့်ပါ။

ဤသူမည်မျှသည် ကျေးလက်တောရွာများတွင် ကြီးပြင်းလာခဲ့ပါသနည်း။ သူတို့သည် လောက၏ချမ်းသာကြွယ်ဝမှုများနှင့်ကင်းကွာခဲ့ကြပါသည်။ သူတို့၏ငယ်စဉ်ဘဝကို အပျော်အပါးတွင်မနစ်မြုပ်ခဲ့ကြပါ။ လူအမြောက်အမြားသည်ဆင်းရဲ၍ ရုန်းကန်ခဲ့ကြရပါသည်။ သူတို့သည်ငယ်စဉ်ကပင်အလုပ်လုပ်ခဲ့ကြရပြီး အပြင်လေထုတွင်ပင်ပန်းစွာလှုပ်ရှားလုပ်ကိုင်ခြင်းကြောင့် ထိုသူတို့သည် ခွန်အားကြီးထွားလာခဲ့ကြပါသည်။ သူတို့သည်မိမိကိုယ်ကိုသာအားကိုးခဲ့သောကြောင့် ရင်ဆိုင်ခဲ့ရသောအခက်အခဲများ၊ ဆင်းရဲမှုများကိုရင်ဆိုင်လာတတ်ကြပြီး ထိုမှတစ်ဆင့် ခွန်အားနှင့်ခံနိုင်ရည်ကိုရရှိခဲ့ကြပါသည်။ သူတို့သည် မိမိကိုယ်ကိုအားကိုးတတ်လာကြပါသည်။ လောက၏အပေါင်းအဖော်များမှကင်းဝေးကြပြီး သူတို့သည် သဘာဝ၏ပျော်ရွှင်စရာများနှင့် စစ်မှန်သောအပေါင်းအဖော်များဖြင့် ကြီးပြင်းလာခဲ့ကြပါသည်။ သူတို့သည်ရိုးသားကြပြီး အရာရာတွင်ချုပ်တည်းမှုရှိခဲ့ကြပါသည်။ သူတို့တွင်စည်းကမ်းရှိပြီး စိတ်ဓာတ်ခိုင်မာတည်မြဲခဲ့ပါသည်။ သူတို့တွင်တာဝန်ရှိလာသောအခါ ကိုယ်ကာယနှင့်စိတ်ဓာတ်ကြံ့ခိုင်မှု၊ စိတ်ထားမြင့်မြတ်ပြီး အစီအစဉ်များရေးဆွဲချမှတ်နိုင်ကာ အပြစ်များ၏စုံစမ်းခြင်းကိုလည်း ငြင်းပယ်ခဲ့ကြပြီး ဤလောကအတွက်ကောင်းကျိုးကိုပြု၍ စံနမူနာကောင်းများဖြစ်ခဲ့ပါသည်။

မိမိတို့၏သားသမီးများသို့ပေးနိုင်သည့် အမြတ်ဆုံးအမွေအနစ်မှာကျန်းမာသောကိုယ်ကာယ၊ စုံလင်သောစိတ်ထားနှင့်မြင့်မြတ်သည့်အကျင့်တို့ဖြစ်ပါသည်။ အသက်တာအောင်မြင်မှုများအတွက် အလိုအပ်ဆုံးသောအရာများကို သိရှိနားလည်သောသူတို့သည် ပညာအရှိဆုံးသူများဖြစ်လာပါလိမ့်မည်။ သူတို့သည် အိမ်ထောင်တစ်ခုကိုတည်ရန်ရွေးချယ်ရာတွင် ဤအရာများကိုဦးထိပ်ထားကြပါလိမ့်မည်။

လူသားတို့၏လက်ရာများကိုသာမြင်ရခြင်း၊ မိမိတို့၏အကြားအမြင်များသည် အပြစ်ပြုလုပ်ရန်အမြဲလှုံ့ဆော်ခြင်းကိုခံရခြင်း၊ ဆူညံမှုများနှင့်

စိတ်ရှုပ်ထွေးမှုများကြောင့် ပင်ပန်းနွမ်းနယ်မှုများကိုဖြစ်စေခြင်းများ၌တည်နေမည့်အစား ဘုရားသခင်၏လက်ရာတော်ကိုမြင်ရသောနေရာများသို့သွားပါ။ သဘာဝ၏သာယာလှပမှု၌ စိတ်၏ငြိမ်သက်ခြင်းကိုရှာဖွေပါ။ စိမ်းလန်းသောမျက်ခင်းပြင်များနှင့်တောင်ကုန်းများတွင် မျက်စိကျလျက် မြို့ကြီးများ၏ဖုန်မှုန့်များနှင့်မီးခိုးများမှ ကင်းရှင်းနေသည့်တိမ်ပြာများကိုကြည့်၍ ကောင်းကင်၏လေကောင်းလေသန့်ကို ရှူရှိုက်ခံစားကြည့်ပါ။ မြို့ကြီးများ၏ဆွဲဆောင်မှုများမှကင်းဝေးသောအရပ်များသို့သွား၍ မိမိ၏သားသမီးများကိုအဖော်ပြုကာ သူတို့ကိုဘုရားသခင်၏လက်ရာတော်များအကြောင်းသွန်သင်လျက် သစ္စာရှိပြီးအကျိုးပြုသောအသက်တာများဖြင့်နေထိုင်သွားနိုင်ရန် ဆုံးမလမ်းပြပါ။

## အခင်းအကျင်းတွင်ရိုးရိုးယဉ်ယဉ်ဖြစ်စေပါ

ကျွန်ုပ်တို့၏မရိုးသားသောကျင့်ကြံမှုများကြောင့် ကောင်းချီးများနှင့်ပျော်ရွှင်မှုများစွာမှကင်းကွာလျက် အကျိုးပြုသောအသက်တာဖြင့်နေထိုင်ရန်အခွင့်အရေးများဆုံးရှုံးကြပါသည်။ ဈေးကြီးပြီးခမ်းနားသောပရိဘောဂများသည် ငွေကြေးသာမကဘဲ အခြားပိုမိုတန်ဖိုးကြီးသောအရာတစ်ခုကို ဆုံးရှုံးစေပါသည်။ သူတို့ကြောင့် အလုပ်ပိုမိုများပြားလာပြီး ထိန်းသိမ်းမှုအတွက်စိတ်ပင်ပန်းလာပါသည်။

လူတိုင်းသည်အလုပ်လုပ်ရပြီး အိမ်ထောင်ကိုထိန်းသိမ်းရသည့်တာဝန်သည် မိခင်၌သာတည်နေသောအခါ မည်ကဲ့သို့ဖြစ်လာသည်ကိုလေ့လာကြည့်ပါ။ အကောင်းဆုံးအခန်းများတွင် ပိုင်ရှင်များတတ်နိုင်သည်ထက် ပို၍တန်ဖိုးကြီးသောပရိဘောဂများကိုသုံးထားကာ သူတို့ကြောင့်အဆင်မပြေမှုများနှင့်ပျော်ရွှင်မှုလျော့နည်းလာပါသည်။ အလွန်တန်ဖိုးကြီးသောကော်ဇောများကိုခင်းထားခြင်း၊ အနုစိတ်ထွင်းထားပြီး အလွန်နူးညံ့သည့်ပရိဘောဂများ၊ အလွန်နူးညံ့သည့်အခန်းဆီးများ၊ စားပွဲခင်းများနှင့်နေရာလပ်



များတွင် အလှအပများကိုခင်းကျင်းထားပြီး နံရံများတွင်လည်း မျက်စိရှုပ်လောက်အောင် ရုပ်ပုံများကိုချိတ်ဆွဲထားပါသည်။ ဤအရာများကိုထိန်းသိမ်းရန်နှင့်ဖုန်မတက်စေရန် အချိန်မည်မျှယူ၍ထိန်းသိမ်းရမည်နည်း။ လောက၏စံနမူနာများကိုလိုက်၍ ဤမမှန်ကန်သောကျင့်ကြံမှုများကြောင့် အိမ်ရှင်မမှာပင်ပန်း၍အလုပ်မပြီးနိုင်တော့ပါ။

မိသားစုအမြောက်အမြားတွင် မိခင်သည် မိမိအတွေ့အကြုံတိုးပွားရန်အတွက် စာအုပ်စာတမ်းများဖတ်ခြင်း၊ မိမိ၏ခင်ပွန်းသည်နှင့်အတူအဖော်ပြုခြင်း၊ မိမိသားသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် အစဉ်ထိတွေ့ခြင်းတို့အတွက်အချိန်မရှိပါ။ သခင်ခရစ်တော်ကို မိမိ၏ဘဝဖော်မွန်အဖြစ် မိတ်သဟာယဖွဲ့ရန်အတွက်လည်းအချိန်မရှိ၊ နေရာမရှိဖြစ်နေတတ်ပါသည်။ သူမသည်တဖြည်းဖြည်းနှင့် မိမိ၏အိမ်မှုတာဝန်များတွင်နစ်မြုပ်လျက် မတည်မြဲသောအရာများတွင် မိမိ၏ခွန်အားနှင့်အချိန်ကိုကုန်ခန်းစေလျက် အချိန်အခါနှောင်းမှသာလျှင် ပြန်လည်သတိရလာက ထိုအချိန်တွင်သူမသည် မိသားစုနှင့်ကင်းကွာနေလေပြီ။ မိမိ၏သားသမီးများကို ပိုမိုကောင်းမွန်သောအသက်တာဖြင့် နေထိုင်သွားနိုင်ရန်အတွက် ဆုံးမနိုင်ခဲ့သောအခွင့်အရေးများသည် ယခုအခါတွင် လက်လွှတ်ဆုံးရှုံးခဲ့ကြရပါသည်။

အိမ်ထောင်ကိုထိန်းသိမ်းသောသူများသည် ပိုမိုကောင်းမွန်သောအစီအစဉ်များကို ချမှတ်ထားသင့်ပါသည်။ သူတို့၏အဓိကရည်ရွယ်ချက်မှာသာယာသောအိမ်ကိုဖန်တီးရန်ဖြစ်ပါသည်။ အလုပ်ကိုပေါ့ပါးစေပြီး ကျန်းမာရေးကိုတိုးတက်စေကာ သက်သာစေမည့်အသုံးအဆောင်ပရိဘောဂများကိုအသုံးပြုပါ။ သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုစေခိုင်းတော်မူထားသကဲ့သို့ဧည့်သည်ကိုဧည့်ခံနိုင်ရန်ပြင်ဆင်ပါ။ ကိုယ်တော်က "သင်တို့သည် ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟု ပြန်၍မိန့်တော်မူလတ္တံ့" (မဿဲ ၂၅း၄၀)။

မိမိ၏အိမ်တွင်ဝါကြွားမှုမရှိဘဲ ခိုင်မာပြီးအလွယ်တကူသန့်ရှင်းနိုင်ကာ ပျက်လျှင်လည်းတန်ဖိုးများစွာမပေးရဘဲ ပြန်လည်အစားထိုးနိုင်သော

ပရိဘောဂများကိုအသုံးပြုပါ။ မိမိ၏ဉာဏ်ကိုအသုံးပြု၍ ခင်းကျင်းခြင်းဖြင့် ရိုးရိုးအိမ်ကလေးပင်လျှင် ချစ်ခြင်းမေတ္တာနှင့်ကျေနပ်ရောင့်ရဲမှုရှိပါက ဆွဲဆောင်မှုရှိပြီးလှပနိုင်ပါသည်။

## လှပသောပတ်ဝန်းကျင်

ဘုရားသခင်သည် အလှအပများကိုမြတ်နိုးတော်မူပါသည်။ ကိုယ်တော်သည် ကောင်းကင်နှင့်မြေကြီးကို အလှအပများဖြင့်ပြည့်စုံစေတော်မူပြီး ကိုယ်တော်ဖန်ဆင်းတော်မူသည့်အရာများ၌ သားသမီးများ၏ဝမ်းမြောက်ခြင်းကိုမြင်တော်မူစဉ်တွင် ဖခင်၏ဝမ်းမြောက်ကျေနပ်ခြင်းကို ခံစားတော်မူပါသည်။ ကျွန်ုပ်တို့၏အိမ်ပတ်ဝန်းကျင်တွင်လည်း သဘာဝအလှအပများဖြင့်ပြည့်စုံစေရန် ကိုယ်တော်သည်အလိုရှိတော်မူပါသည်။

မြို့ပြင်များ၌နေထိုင်ပြီး မည်မျှဆင်းရဲစေကာမူ လူတိုင်းသည် မိမိ၏အိမ်ပတ်ဝန်းကျင်တွင် စိမ်းလန်းသောမြက်ခင်းပြင်များ၊ အရိပ်ရသောအပင်ကြီးများနှင့်ရနံ့သင်းကြိုင်ပြီး လှပသောပန်းပင်များကိုစိုက်နိုင်ပါသည်။ အခြားသောအတုအယောင်များထက် ဤသဘာဝအလှအပများက အိမ်ထောင်ကို ပျော်ရွှင်သာယာစေပါလိမ့်မည်။ အိမ်ထောင်အတွင်းနူးညံ့သာယာမှုများ၊ သဘာဝတရားကိုပို၍တန်ဖိုးထားခြင်းနှင့် မိသားစုဝင်တစ်ဦးနှင့်တစ်ဦးကို ပိုမိုနီးကပ်စေပြီး ဘုရားသခင်နှင့်အတူပို၍မိတ်သဟာယဖွဲ့စေပါသည်။

---ooo---



အခန်း (၃၁)

# မိခင်

သားသမီးများသည် အတိုင်းအတာတစ်ခုအထိ မိဘများကိုပုံတူကူးချကြပါသည်။ မိဘများ၏ကိုယ်ကာယလက္ခဏာများ၊ သူတို့၏စိတ်ထားများနှင့်စိတ်အလိုများ၊ သူတို့၏ကိုယ်ကျင့်တရားများနှင့်စိတ်သဘောများသည် အနည်းနှင့်အများဆိုသလို သားသမီးများ၌ထင်ဟပ်နေကြပါသည်။

ထို့ကြောင့် မြင့်မြတ်သောရည်ရွယ်ချက်များထားရှိကာ ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးမြင့်မြတ်စွာကြံရွယ်ခြင်းနှင့် ကိုယ်ကာယ၌ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် သားသမီးများ၏အသက်တာသည် ပိုမိုပြည့်စုံလာပါလိမ့်မည်။ မိဘများသည် မိမိတို့အတွက်အကောင်းဆုံးသောအရာများကိုကြိုးစားခြင်းဖြင့် လူမှုပတ်ဝန်းကျင်အပေါ် ဩဇာသက်ရောက်စေပြီး နောင်လာမည့်မျိုးဆက်များကိုလည်း မြင့်မားတိုးတက်စေပါသည်။

မိခင်၊ ဖခင်များသည် မိမိတို့၏တာဝန်များကို နားလည်သင့်ပါသည်။ ဤလောကတွင်လူငယ်များအတွက် ထောင်ချောက်များရှိပါသည်။ လူထောင်ပေါင်းများစွာတို့သည် တစ်ကိုယ်ကောင်းဆန်ပြီး ကာမတဏှာ၌သာပျော်မွေ့သောအသက်တာကိုစွဲမက်နေပြီး ပျော်ရွှင်မှုဟုမိမိတို့ထင်ရသည့်အရာများ၏ အဆုံးနိဂုံးတွင် ရင်ဆိုင်ရမည့်ကြောက်မက်ဖွယ်ဘေးရန်ဆိုးများကို မသိမြင်ကြပါ။ မိမိတို့၏ကာမတဏှာရမ္မက်များနှင့် စိတ်အလိုလိုက်ခြင်းကြောင့် အင်အားများကုန်ခန်းကာ ယခုဘဝသာမကဘဲ နောင်ဘဝအတွက်ပါလူများစွာသည် ပျက်စီးခြင်းနှင့်ရင်ဆိုင်နေရပါသည်။ မိမိ၏သားသမီးများစုံစမ်းနှောင့်ယှက်ခြင်းများနှင့်ရင်ဆိုင်ရမည်ကို မိဘများသတိမမေ့သင့်ပါ။ ထို့ကြောင့် မမွေးမီကပင် မိမိတို့ရင်ဆိုင်ရမည့် စာတန်၏တိုက်လှန်ခြင်းများကို အောင်မြင်စွာကျော်လွှားရန်အတွက် သားသမီးများကိုပြင်ဆင်ပေးရပါမည်။

အထူးသဖြင့် မိခင်၌ပို၍တာဝန်ရှိပါသည်။ ရင်သွေးသည် မိခင်၏အသက်သွေးကိုသာမှီတင်းနေရပြီး မိခင်၏ကိုယ်ခန္ဓာအတွင်း ရုပ်လုံးဖြစ်ပေါ်

လာရပါသည်။ မိခင်သည် မိမိ၏ရင်သွေး၏စိတ်နှလုံးနှင့်အကျင့်ကိုဖြစ်ပေါ် ပြောင်းလဲစေနိုင်သော စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးဆိုင်ရာအရှိန်ဩဇာကို မိမိ၏သန္ဓေသားသို့လက်ဆင့်ကမ်းပေးရပါသည်။ ယုံကြည်ခြင်းအလွန်ခိုင်မာသောကြောင့် "ရှင်ဘုရင်အမိန့်တော်ကိုမကြောက်" (ဟေဗြဲ ၁၁း၂၃) သောယောခေပက်မှဣသရေလတို့ကိုကယ်တင်မည့် မောရှေမွေးဖွားခဲ့ပါသည်။ ဆုတောင်းခြင်း၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် ကောင်းကင်မှလှူ့ဆော်မှုများဖြင့်ပြည့်ဝသော ယခင်ကကောင်းကင်နိုင်ငံ၏သွန်သင်ချက်များကိုခံယူကာ ဘက်မလိုက်သောတရားစီရင်ခဲ့သည့်တရားသူကြီးနှင့် ဣသရေလတို့၏မွန်မြတ်သောခရစ်ယာန်ဘာသာရေးကျောင်းများကို စတင်တည်ထောင်ခဲ့သောရှမွေလသည် ပေါက်ဖွားခဲ့ပါသည်။ နာဇရက်မြို့သူမာရိ၏ဆွေမျိုးတော်စပ်သူဧလိရှဗက်က သခင်ခရစ်တော်၏ရှေ့ပြေးတော်ဖွားမြင်ခဲ့ပါသည်။

## ချုပ်တည်းခြင်းနှင့်ထိန်းချုပ်ခြင်း

မိခင်များသည် မိမိ၏အသက်တာများတွင်ကျင့်ကြံမှုများကို ဂရုတစိုက်ထိန်းသိမ်းရန်အရေးကြီးပုံကို သမ္မာကျမ်းစာတွင်သွန်သင်ထားပါသည်။ ဣသရေလတို့ကိုကယ်တင်မည့်ရှံဆုန်ကို ဘုရားသခင်က ရွေးချယ်တော်မူသောအခါ ဘုရားသခင်၏ကောင်းကင်တမန်တစ်ပါးက သူ၏မိခင်ထံသို့ ရောက်ရှိလာကာ သူမကိုမည်ကဲ့သို့နေထိုင်ကျင့်ဆောင်ရမည်နှင့် သားငယ်အားမည်ကဲ့သို့ပြုစုရမည်ကို စနစ်တကျသွန်သင်တော်မူခဲ့ပါသည်။ ထိုကောင်းကင်တမန်က "စပျစ်ရည်မှစ၍ သေရည်သေရက်ကိုမသောက်ရ၊ မစင်ကြယ်သောအရာကိုမစားရ" (တရားသူကြီး ၁၃း၁၄၊၇) ဟုမှာကြားတော်မူခဲ့ပါသည်။

မိဘများ၏အရှိန်ဩဇာသက်ရောက်မှုကို မိဘများစွာတို့ကလျစ်လျူရှုကြသော်လည်း ကောင်းကင်နိုင်ငံတော်က ထိုကဲ့သို့သဘောမထားပါ။ ဘုရားသခင်က ကောင်းကင်တမန်ကိုနှစ်ကြိမ်စေလွှတ်တော်မူပြီး အလေး





အနက်မှာကြားတော်မူခြင်းက ကျွန်ုပ်တို့၏ဂရုစိုက်မှုလိုအပ်ကြောင်းကို ဖော်ပြနေပါသည်။

ဤဟေဗြဲမိခင်ကိုမိန့်တော်မူသည့်စကားဖြင့် ဘုရားသခင်က အခြားမိခင်များကိုလည်း မိန့်တော်မူနေပါသည်။ ကောင်းကင်တမန်က "ငါမှာထားသမျှအတိုင်းစောင့်ရှောက်ရမည်ဟု" မိန့်တော်မူခဲ့ပါသည်။ ရင်သွေးငယ်၏ခွန်အားကြီးခြင်းသည် မိခင်၏အနေအထိုင်အကျင့်များပေါ်တွင် မှီတင်းနေပါသည်။ သူမသည် မိမိ၏စိတ်နှင့်အလိုများကို စည်းကမ်းတကျထိန်းသိမ်းရပါမည်။ မိမိ၏သားငယ်၌ ဘုရားသခင်၏အလိုတော်ကိုပြည့်စုံစေလိုလျှင် ဆန့်ကျင်ရမည့်အရာများ၊ ရှောင်ရမည့်အရာများလည်းရှိပါသည်။ ကလေးမမွေးဖွားမီကပင် သူမသည်ကိုယ့်အလိုကိုလိုက်လျက် စိတ်တိုခြင်း၊ ချုပ်တည်းမှုကင်းမဲ့ခြင်းရှိနေပါက ဤအကျင့်များကိုမွေးဖွားလာသည့်သားငယ်၌တွေ့မြင်ရပါလိမ့်မည်။ ဤနည်းအားဖြင့် ကလေးငယ်အမြောက်အမြားသည် မိမိတို့၏မိခင်က အပြစ်ပြုလုပ်လိုသောစိတ်များကိုမွေးဖွားစဉ်ကပင် အမွေရလာကြပါသည်။

သို့သော်လည်းမိခင်သည် မှန်သောအကျင့်များတွင် တွန့်ဆုတ်ခြင်းမရှိဘဲ ချုပ်တည်းခြင်းရှိကာ မိမိကိုယ်ကိုငြင်းပယ်ခြင်း၊ သနားခြင်းကရုဏာရှိပြီး တစ်ကိုယ်ကောင်းမဆန်ခြင်းရှိပါက သူမ၏ကလေးငယ်၌လည်း ဤမွန်မြတ်သောအကျင့်များကိုတွေ့ရှိနိုင်ပါမည်။ မိခင်အနေဖြင့် စပျစ်ရည်ကိုမသုံးရန် တိကျစွာတားမြစ်ထားပါသည်။ မိမိ၏စိတ်အလိုကိုပြည့်မီရန်အတွက်သောက်သုံးသောသေရည်သေရက်တိုင်းသည် မိမိရင်သွေး၏ကိုယ်ကာယ၊ စိတ်ဝိညာဉ်နှင့်အကျင့်ကိုထိခိုက်ပြီး မိမိ၏ဖန်ဆင်းပိုင်သူကို တိုက်ရိုက်ပြစ်မှားခြင်းပင်ဖြစ်ပါသည်။

လူများစွာက ကိုယ်ဝန်ဆောင်မိခင်၏စိတ်အလိုအတိုင်းလိုက်လျှောက်ရမည်။ မည်မျှဘေးရန်ရှိစေကာမူ သူစားလိုသောအစားအစာကိုကျွေးပြီး သူ၏အလိုကိုလိုက်လျှောက်ရမည်ဟု ဆိုကြပါသည်။ သို့သော်လည်း ထိုအကြံပြုချက်သည်မှားပြီး ဘေးရန်အလွန်များပါသည်။ မိခင်၏ကိုယ်ကာယလိုအပ်

ချက်များကို ဘယ်နည်းနှင့်မျှမလျစ်လျူရှုသင့်ပါ။ သူမ၌အသက်တာနှစ်ခုမှီခိုနေရပြီး သူမ၏စိတ်ကိုဂရုစိုက်ကာ သူမ၏လိုအပ်ချက်များကိုပြည့်စုံစွာဖြည့်ဆည်းပေးရပါမည်။ သို့သော်လည်း အထူးသဖြင့်ဤအချိန်အခါမျိုးတွင် သူမ၏ကိုယ်ကာယနှင့်စိတ်ပိုင်းဆိုင်ရာကို ချို့တဲ့စေမည့်အရာများအားလုံးကို ရှောင်ရှားရပါမည်။ သူမသည် ဤအချိန်အခါတွင် ကိုယ်ကိုကိုယ်ချုပ်တည်းမှုရှိရန် ဘုရားသခင်ကိုယ်တော်တိုင်က သူမကိုအမိန့်ပေးထားတော်မူပါသည်။

## အလုပ်လွန်ကဲစွာလုပ်ခြင်း

မိခင်၏ခွန်အားကို တန်ဖိုးရှိစွာထိန်းသိမ်းထားရပါမည်။ မိမိ၏တန်ဖိုးရှိသောခွန်အားကို ပင်ပန်းကြီးစွာလုပ်စေခြင်းဖြင့်သုံးဖြုန်းခြင်းထက် သူမ၏ဝန်ထုပ်များကို ပေါ့ပါးစေရပါမည်။ မိမိ၏မိသားစုကောင်းစားရေးအတွက် အလွန်အရေးကြီးသည့်စည်းကမ်းချက်များကို ဖခင်များက အများအားဖြင့်မသိနားမလည်ကြပါ။ သူသည် မိသားစု၏ဝမ်းရေးအတွက်လည်းကောင်း၊ ပစ္စည်းဥစ္စာချမ်းသာရေးအတွက်လည်းကောင်း ဘဝ၏အခက်အခဲများနှင့်ရင်ဆိုင်ရသောကြောင့် သူ၏ဇနီးပေါ်တွင် အိမ်မှုတာဝန်များအားလုံးကိုပုံအပ်ထားပြီး သူမ၏ခွန်အားကိုဆုတ်ယုတ်စေကာ ဤခက်ခဲသောအချိန်အခါတွင် သူမကိုချည့်နဲ့စေပြီး ရောဂါများကိုလည်းရစေပါသည်။

ဖခင်နှင့်ခင်ပွန်းများသည် သစ္စာရှိသောသိုးထိန်းထံမှသင်ခန်းစာအမြော်အမြင်ကိုရရှိနိုင်ကြပါသည်။ ခက်ခဲကြမ်းတမ်းသောခရီးကို မောင်းနှင်ရန်လိုအပ်လာသောအခါ ယာကုပ်က ဤကဲ့သို့ပြောဆိုခဲ့ပါသည်။

“ဤသူငယ်တို့သည်နုငယ်ပါ၏၊ သားငယ်ပါသောသိုး၊ ဆိတ်နှင့်နွားမတို့သည် ကျွန်တော်၌ပါပါ၏၊ တစ်နေ့ချင်းတွင်အနှင်လွန်လျှင် ရှိသမျှတို့သည် သေကြပါလိမ့်မည်။---ကျွန်တော်မူကား ကျွန်ုပ်ဆောင်ခဲ့သောတိရစ္ဆာန်များ၊ သူငယ်များတတ်နိုင်သမျှအတိုင်း တဖြည်းဖြည်းပို့ဆောင်ပါမည်” (ကမ္ဘာဦးကျမ်း ၃၃း၁၃၊၁၄)။



ဘဝ၏ကြမ်းတမ်းသောခရီးလမ်းတွင် ဖခင်နှင့်ခင်ပွန်းသည် “တတ်နိုင်သမျှအတိုင်း” မိမိအဖော်၏ခံနိုင်ရည်အတိုင်း ဦးဆောင်ရပါမည်။ ချမ်းသာကြွယ်ဝမှုနှင့်တန်ခိုးအာဏာအတွက်ပြေးလွှားနေသော ဤလောကတွင်ခင်ပွန်းသည် မိမိခြေလှမ်းကိုနှေးကွေးစေလျက် မိမိဘေး၌လိုက်ပါလျှောက်လှမ်းနေသူကို နှစ်သိမ့်အားပေးသင့်ပါသည်။

## ဝမ်းမြောက်မှုရှိခြင်း

မိခင်သည် ပျော်ရွှင်ရောင့်ရဲသောစိတ်ဓာတ်ကို အမြဲတမ်းထားတတ်သင့်ပါသည်။ ဤကဲ့သို့ကြိုးစားခြင်းဖြင့် သူမ၏သားသမီးများ၏ကျန်းမာရေးနှင့်အကျင့်တွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းလာပါလိမ့်မည်။ ပျော်ရွှင်သောစိတ်သဘောထားသည် သူမ၏မိသားစုသို့ကူးစက်သွားကာ သူ၏ကျန်းမာရေးကိုလည်း အကျိုးပြုသွားပါလိမ့်မည်။

ခင်ပွန်းသည် မိမိ၏အကြင်နာတရားနှင့်မပြတ်သောဂရုစိုက်ခြင်းဖြင့်ဇနီးသည်ကိုကူညီရပါမည်။ သူမသည်အစဉ်ရွှင်လန်းလျက် မိမိအိမ်တွင်နေကဲ့သို့ထွန်းတောက်စေလိုလျှင် သူ၏အိမ်မှုတာဝန်ကိုဝင်ရောက်ကူညီသင့်ပါသည်။ ခင်ပွန်းသည် ကြင်နာစွာဂရုစိုက်ခြင်းနှင့်နှစ်သိမ့်မှုများကြောင့် သူမသည်ခွန်အားတိုးတက်လာကာ သူ၏ပျော်ရွှင်မှုသည် ခင်ပွန်းသည်၏စိတ်နှလုံးတွင် ပဲ့တင်ရိုက်ခတ်လာပါလိမ့်မည်။

တစ်ကိုယ်ကောင်းဆန်ကာ အမြဲဆူပူလျက်ကြိမ်းမောင်းသောခင်ပွန်းသည် မိမိ၌ဝမ်းမြောက်ခြင်းကိုမခံစားရသလို မိမိအိမ်ထောင်ကိုလည်းစိတ်ညစ်စေပါသည်။ သူ၏ဇနီးသည်သည် စိတ်ရွှင်လန်းခြင်းမရှိ၊ ကျန်းမာရေးချူချာကာ သားသမီးများတွင်လည်း မိမိ၏စိတ်ထားများရောင်ပြန်ဟပ်ကာ မိမိစိုက်သည့်အတိုင်းရိတ်သိမ်းရပါလိမ့်မည်။

မိခင်သည် လိုအပ်သောဂရုစိုက်ခြင်း၊ ပြုစုယုယခြင်းတို့ကို မခံစားရသောအခါတွင်လည်းကောင်း၊ အလုပ်များပြားခြင်း၊ သောကရောက်ခြင်းနှင့်

စိတ်ညစ်ခြင်းတို့ကြောင့် အားအင်များကုန်ခန်းလာသောအခါ သူသည် မရွှင်ပျနိုင်တော့ဘဲ စိတ်တိုနေသောမိခင်ကိုသာ သားသမီးများက ရရှိလာပါလိမ့်မည်။ ထိုကြောင့် မိခင်၏အသက်တာကိုပျော်ရွှင်လန်းဆန်းစေပြီး အလုပ်ပင်ပန်းခြင်း၊ ချို့တဲ့မှုများနှင့်စိတ်ပျက်အားငယ်ခြင်းများမှကာကွယ်ကာ မိမိ၏သားသမီးများကိုလည်း စိတ်ရွှင်လန်းဆန်းစေလျက် ဘဝတွင်ရင်ဆိုင်ရသောအခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်ခွန်အားကိုပေးနိုင်သောမိခင်က ပိုမိုအရေးကြီးပါသည်။

ဖခင်နှင့်မိခင်များ၏တာဝန်သည် အလွန်ကြီးမားလှပါသည်။ သူတို့၏သားသမီးများအတွက် မိဘများကိုဘုရားသခင်အရာတွင်ခန့်ထားခြင်းကို ခံနေရပါသည်။ သူတို့၏အကျင့်များ၊ နေ့စဉ်အသက်တာနှင့်ကလေးဆုံးမမှုများက သူတို့၏သားသမီးများကို ဘုရားသခင်အားဖော်ပြနေပါလိမ့်မည်။ သူတို့၏အရှိန်ဩဇာကြောင့် ကလေးငယ်သည် ဘုရားသခင်နှင့်ပိုမိုနီးကပ်လာနိုင်သလို ဘုရားသခင်နှင့်ပိုမိုဝေးကွာသွားနိုင်ပါသည်။

## မိမိတို့၏သားသမီးများကိုသွန်သင်ရာတွင်မိဘများ၏အခွင့်အလမ်း

မိမိတို့၏အသက်တာတွင် ဘုရားသခင်ကိုထင်ရှားစေပြီး ဘုရားသခင်၏ကတိတော်များနှင့်အမိန့်တော်များကြောင့် သားသမီးများက ဘုရားသခင်ကိုရိုသေကြောက်ရွံ့ခြင်းရှိရန် သွန်သင်သောမိဘသည် ကောင်းချီးရှိပါသည်။ စိတ်ရှည်နူးညံ့ပြီး ဖြောင့်မတ်သောမိဘများသည် ဘုရားသခင်၏မေတ္တာတော်၊ ဖြောင့်မတ်ခြင်းနှင့်သည်းခံတော်မူခြင်းကို မိမိတို့၏သားသမီးများကို ဖော်ပြကြပြီး မိမိတို့၏မိဘများကိုချစ်ကြောက်နာခံရန်သွန်သင်ပေးခြင်းအားဖြင့် သားသမီးများသည် ဘုရားသခင်ကိုချစ်ကြောက်နာခံတတ်လာကြပါသည်။ ဤကဲ့သို့မိမိတို့၏သားသမီးများကို သွန်သင်ဆုံးမသောမိဘများက ခေတ်အဆက်ဆက်ကတန်ဖိုးရှိသောအရာများအားလုံးထက် ပိုမို၍အဖိုးမဖြတ်နိုင်သော ထာဝရကာလပတ်လုံးတည်ရှိနေသည့်အမွေအနှစ်အား မိမိတို့၏သားသမီးများကိုပေးအပ်ခြင်းဖြစ်ပါသည်။



သားသမီးရှိသောမိခင်တိုင်းကို ဘုရားသခင်က ဤကဲ့သို့သောအလွန်မြင့်မြတ်တော်မူသည့်တာဝန်ကို ပေးအပ်တော်မူပါသည်။ ကိုယ်တော်က “ဤသားငယ်၊ သမီးငယ်ကိုယူလော့၊ ငါ့ကိုယ်စားသူ့ကိုသွန်သင်လော့၊ နန်းတော်၌တောက်ပြောင်မည့်အကျင့်ကိုရရှိရန် သူ့ကိုသွန်သင်ပါ။ သို့မှသာ ငါ၏နန်းတော်၌ ထာဝရကာလပတ်လုံး သူထွန်းတောက်ပေလိမ့်မည်။”

မိခင်များသည် သူတို့၏တာဝန်များကို မကြာခဏအရေးမကြီးဟု ထင်တတ်ကြပါသည်။ သူတို့ကိုကျေးဇူးတင်သောသူအလွန်နည်းပါးပါသည်။ သူတို့၏ပူပင်သောကများနှင့်ဝန်ထုပ်များကို နားလည်စာနာသောသူနည်းပါးပါသည်။ တစ်နေ့တာလုံးအလွန်သေးငယ်သောအမှုများကိုစိတ်ရှည်ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းလျက် သတိဉာဏ်နှင့်ယှဉ်ကာ မိမိအလိုကိုငြင်းပယ်သောချစ်ခြင်းမေတ္တာဖြင့် ဆောင်ရွက်ရသော်ငြားလည်း စွမ်းဆောင်မှုကြီးကြီးမားမားလုပ်ခဲ့ကြောင်း ဝါကြွားစရာမရှိပါ။

သူမအနေဖြင့် မိမိအိမ်တွင်အရာရာအဆင်ပြေမှုရှိရန် ထိန်းသိမ်းရုံလောက်သာရှိပါသည်။ မကြာခဏပင် ပင်ပန်းနွမ်းပါးလျက်နှင့် မိမိသားသမီးများကိုကြင်နာယုယစွာပြောဆိုကာ မှန်ကန်သောလမ်းကြောင်းပေါ်၌ သားသမီးများကိုသွန်သင်ကာ ပျော်ရွှင်တက်ကြွမှုရှိရန် ပြုလုပ်ရပါသည်။ သူမအနေဖြင့် မည်သည့်စွမ်းဆောင်မှုမျှမရှိဟုထင်ရသော်လည်း ထိုသို့မဟုတ်ပါ။ ကောင်းကင်တမန်များက ဤပင်ပန်းနေသောမိခင်ကိုကြည့်တော်မူ၍ နေ့စဉ်နှင့်အမျှ သူ၏သောကများကိုမှတ်တော်မူပါသည်။ လောက၌သူ၏နာမည်မထင်ရှားသော်လည်း သိုးသငယ်၏စာအုပ်တွင် သူ၏နာမည်ကိုမှတ်တမ်းတင်ထားပါမည်။

## မိခင်၏အခွင့်အလမ်း

အထက်ကောင်းကင်တွင် ဘုရားသခင်ရှိတော်မူပြီး စာတန်၏ဆွဲဆောင်မှုများကိုတွန်းလှန်၍ မိမိ၏သားသမီးများကိုလမ်းပြသွန်သင်လျက်

ရှိသော မိခင်များအပေါ်တွင် ဘုရားသခင်၏အလင်းတော်နှင့်ဘုန်းတော်သည် ကျရောက်လျက်ရှိတော်မူပါသည်။ သူမ၏အလုပ်တာဝန်ထက်ပို၍ကြီးမားသောတာဝန်မရှိပါ။ သူမသည် ပန်းချီဆရာကဲ့သို့ ကာချပ်ပေါ်တွင်ရုပ်ပုံတုကိုရေးဆွဲနေခြင်းမဟုတ်ပါ။ ပန်းပုဆရာကဲ့သို့ကျောက်နှင့်ပုံတုတစ်ခုကိုထွင်းထုခြင်းမဟုတ်ပါ။ စာရေးဆရာမကဲ့သို့ မိမိ၏အတွေးများကိုစကားလုံးများဖြင့်ဖော်ပြခြင်း၊ ဂီတပညာရှင်ကဲ့သို့ ဂီတအလှကိုရေးစပ်ခြင်းမဟုတ်ပါ။ သူမက ဘုရားသခင်၏အကူအညီဖြင့် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်တူသော လူသားတစ်ဦးကိုပုံဆောင်နေခြင်းဖြစ်ပါသည်။

ဤတာဝန်ကိုတန်ဖိုးထားသည့်မိခင်တိုင်းက မိမိ၏အလုပ်ကိုတန်ဖိုးဖြတ်နိုင်မည်မဟုတ်ပါ။ သူမ၏အသက်တာ၌ သူမ၏သွန်သင်မှုများတွင် မိမိ၏သားသမီးများအတွက် အမြင့်ဆုံးသောအတွေးအခေါ်များကို ထင်ရှားစေပါလိမ့်မည်။ သူမသည်စိတ်ရှည်လျက် အစဉ်ကြိုးစားကာခွဲမလျှော့ဘဲ သူမ၏စွမ်းရည်များတိုးတက်လာအောင်ကြိုးစားလျက် သားသမီးများကိုဆုံးမသွန်သင်ရာတွင် အကောင်းဆုံးနှင့်အမြင့်မားဆုံးသောဉာဏ်ပညာကိုအသုံးပြုနိုင်ရန် ကြိုးစားအားထုတ်ပါလိမ့်မည်။ ခြေလှမ်းတိုင်းတွင် စိတ်အားထက်သန်စွာဖြင့် ဘုရားသခင်အလိုတော်ကိုမေးမြန်းပါလိမ့်မည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို ဂရုတစိုက်လေ့လာသွားပါလိမ့်မည်။ သူမသည် သခင်ခရစ်တော်ကိုအစဉ်မျှော်ကြည့်လျက် သူမ၏နေ့စဉ်အသက်တာနှင့် မိမိ၏သေးငယ်သောအမှုတာဝန်များကိုထမ်းဆောင်ရာတွင် စစ်မှန်သောသခင်၏အသက်တာကို ထင်ရှားစေပါလိမ့်မည်။

---ooo---



အခန်း (၃၂)

# ရင်သွေးငယ်များ

ကောင်းကင်တမန်က မိဘတို့၏အမှုအကျင့်များသာမကဘဲ သားသမီးများ၏သွန်သင်မှုနှင့်ပတ်သက်၍လည်း ဟေဗြဲမိဘများကို ညွှန်ကြားတော်မူခဲ့ပါသည်။ ဣသရေလတို့ကိုကယ်တင်ခဲ့သည့် ရှံဆုန်သည်မွေးဖွားစဉ်မှန်ကန်သောဗီဇများရှိရန်သာမကဘဲ ဆက်လက်၍စနစ်တကျသွန်သင်ဆုံးမမှုကိုလည်းလိုပါသည်။ သူသည် ငယ်စဉ်ကပင် တိကျသောချုပ်တည်းမှုရှိရပါမည်။

နှစ်ခြင်းဆရာယောဟန်နှင့်ပတ်သက်၍လည်း ဤကဲ့သို့တိကျစွာညွှန်ကြားထားတော်မူခဲ့ပါသည်။ သူမမွေးဖွားစဉ်ကပင် ဖခင်ကိုကောင်းကင်နိုင်ငံက ဤသို့မှာကြားတော်မူခဲ့ပါသည်။

“သင်သည်ဝမ်းသာရွှင်မြူးခြင်းရှိလိမ့်မည်။ ထိုသားကိုဖွားမြင်သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ရောက်ကြလိမ့်မည်။ အကြောင်းမူကား ထိုသားသည် ထာဝရဘုရားရှေ့တော်၌ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ စပျစ်ရည်နှင့်ယစ်မျိုးကိုမသောက်ဘဲနေ၍ အမိဝမ်းထဲကပင်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလိမ့်မည်” (လုကာ ၁း၁၄၊၁၅)။

သခင်ခရစ်တော်က ကောင်းကင်နိုင်ငံ၏မှတ်တမ်းတွင် နှစ်ခြင်းဆရာယောဟန်ထက် ပို၍မြင့်မြတ်သောသူတစ်စုံတစ်ဦးမျှမရှိဟု မိန့်တော်မူထားပါသည်။ သူထမ်းဆောင်ခဲ့ရသည့်တာဝန်မှာ ကိုယ်ကာယစွမ်းအားနှင့်ကြံ့ခိုင်မှုသာမကဘဲ စိတ်ဝိညာဉ်၏အမြင့်ဆုံးသောစွမ်းရည်များကိုလည်းလိုအပ်ခဲ့ပါသည်။ သူ၏အမှုတော်အတွက်ပြင်ဆင်မှုတွင် ကိုယ်ကာယကြံ့ခိုင်မှုအလွန်အရေးကြီးသောကြောင့် ကောင်းကင်နိုင်ငံတော်မှ အမြင့်ဆုံးသောကောင်းကင်တမန်ကစေလွှတ်ခြင်းခံရပြီး သူ၏မိဘများကိုသွန်သင်တော်မူခဲ့ပါသည်။

ဤသွန်သင်ချက်များအားဖြင့် ဟေဗြဲကလေးငယ်၏ကိုယ်ကာယ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သောအရာတစ်ခုတစ်စုံကိုမျှ မငြင်းပယ်သင့်ကြောင်းကိုသိရပါသည်။ အရေးမကြီးသောအရာတစ်စုံတစ်ခုမျှမရှိပါ။ ကိုယ်ကာယ၏ကျန်းမာရေးကိုထိခိုက်စေသောအရာတိုင်းသည်လည်း စိတ်ဝိညာဉ်နှင့်အသက်တာကိုထိခိုက်စေပါသည်။

ကလေးငယ်များ၏ငယ်စဉ်အသက်တာသည် အလွန်အရေးကြီးပါသည်။ သူတို့၏အမူအကျင့်နှင့် အသက်တာ၏ဦးတည်ချက်သည် နောက်ပိုင်းနှစ်များထက် ဤငယ်ရွယ်စဉ်အခါက ရရှိခဲ့သောသင်ခန်းစာများနှင့် စွဲနေသည့်အကျင့်များပေါ်တွင် ပို၍မူတည်ပါသည်။

ဤအချက်ကိုမိဘများသတိပြုရပါမည်။ မိမိတို့၏သားသမီးများကို ကြည့်ရှုစောင့်ရှောက်သွန်သင်ရာတွင် လိုအပ်သောစည်းကမ်းချက်များကို သိရှိနားလည်ရန်လိုပါသည်။ ကိုယ်ကာယ၊ စိတ်ဝိညာဉ်နှင့်အမူအကျင့်ကြံ့ခိုင်မှုရှိရန် သားသမီးများကိုပြုစုပျိုးထောင်ရပါမည်။ မိဘများသည် သဘာဝ၏စည်းကမ်းများကိုလေ့လာရပါမည်။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် အကျွမ်းဝင်ရန်လေ့လာသင့်ပါသည်။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုစီ၏ လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏အပြန်အလှန်ဆက်စပ်မှုကို လေ့လာရပါမည်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်၏ဆက်စပ်မှုတစ်ခုစီ၏ကျန်းမာရေးအတွက် လိုအပ်သောအခြေအနေများကို သိထားရပါမည်။ ဤအရာများကိုမသိဘဲ မိဘများ၏တာဝန်ကိုယူလျှင် အပြစ်ဖြစ်ပါသည်။

ယနေ့လူသားများရင်ဆိုင်နေရသည့်ရောဂါအနာများ၊ ကျန်းမာရေးဆုတ်ယုတ်ခြင်းနှင့် အကျင့်ပျက်ပြားမှုများ၏အကြောင်းရင်းကို ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၌ပင်လျှင် ဂရုစိုက်လေ့လာမှုအလွန်နည်းပါသည်။ လူသားတစ်ရပ်လုံးသည် ဆုတ်ယုတ်ကျဆင်းလျက်ရှိပါသည်။ အရွယ်ရောက်သောသူအမျိုးသားအမျိုးသမီးအမြောက်အမြားသည် ရောဂါများကိုခံစားရပြီး သက်တမ်းမစေ့မီအသက်ဆုံးရှုံးကြပါသည်။



လူသားတစ်ရပ်လုံးရင်ဆိုင်နေရသည့် အခက်အခဲအမြောက်အမြားသည် တားဆီးကာကွယ်နိုင်သောအဆင့်တွင်ရှိပါသည်။ ဤအရာများကို တားဆီးကာကွယ်ရာတွင် မိဘများတွင်တာဝန်များစွာရှိပါသည်။ မိမိတို့၏သားသမီးများသေဆုံးရခြင်းမှာ ထူးဆန်းသောအရာတစ်ခုမဟုတ်ပါ။ သူတို့၏သေဆုံးမှုကို ဘုရားသခင်ကအလိုတော်မရှိပါ။ ဘုရားသခင်က သားသမီးများကိုမိဘများထံသို့အပ်နှံပြီး ယခုဘဝနှင့်နောင်ဘဝအတွက် အသုံးဝင်သောသူများဖြစ်လာရန် ပြုစုပျိုးထောင်တော်မူပါသည်။ မိဘတိုင်းသည် မိမိတို့၏သားသမီးများအတွက် မှန်ကန်သောအမွေအနှစ်များကိုပေးပြီး သူတို့မွေးဖွားစဉ်ကပင် ပါလာခဲ့သောအပြစ်အနာအဆာများကို စနစ်တကျပြုပြင်ခြင်းဖြင့် ဤလောကသည် မည်မျှပြောင်းလဲသွားပါလိမ့်မည်နည်း။

## ရင်သွေးငယ်ကိုစောင့်ရှောက်ခြင်း

ရင်သွေးငယ်၏အသက်တာသည် ငြိမ်သက်အေးချမ်းမှုရှိလေ ကိုယ်ကာယနှင့်စိတ်တိုးတက်မှုအတွက် အခြေအနေပို၍ကောင်းလေဖြစ်ပါသည်။ မိခင်သည် အမြဲတမ်းတည်ငြိမ်မှုရှိပြီး ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းရှိရပါမည်။ ကလေးငယ်အမြောက်အမြားသည် စိတ်လှုပ်ရှားလွယ်ပြီး မိခင်၏နူးညံ့သိမ်မွေ့ပြီး အလျင်စလိုမရှိခြင်းကြောင့် စိတ်ငြိမ်သက်ခြင်းကိုခံစား၍ ကလေးငယ်အတွက်အလွန်အကျိုးရှိပါသည်။

ကလေးငယ်များသည် နွေးထွေးမှုရှိရန်လိုအပ်သော်လည်း မကြာခဏသူတို့ကိုအလွန်နွေးထွေးသောအခန်းများတွင် သန့်ရှင်းလတ်ဆတ်သောပြင်ပလေကို မဝင်ရောက်စေဘဲထားခြင်းကြောင့် အလွန်ကြီးမားသည့်အမှားကိုပြုလုပ်မိကြပါသည်။ ကလေးငယ်အိပ်နေစဉ်အတွင်း သူ၏မျက်နှာကိုဖုံးအုပ်ထားခြင်းသည် သူ၏အသက်ရှူခြင်းကိုထိခိုက်စေသောကြောင့် ဘေးရန်ရှိပါသည်။

ကလေးငယ်ကိုအဆိပ်အတောက်ဖြစ်စေမည့်၊ အားနည်းစေမည့် အရာအားလုံးမှရှောင်ရှားထားရပါမည်။ သူ၏ပတ်ဝန်းကျင်တွင် သန့်ရှင်းလတ်ဆတ်သောအရာများကိုသာထားရန် ဂရုစိုက်ရပါမည်။ အပူချိန်အလျင်အမြန်ပြောင်းလဲခြင်းဒဏ်မှ ကလေးငယ်ကိုကာကွယ်ရန်လိုအပ်သောအခါများရှိသော်လည်း နေ့ညမရွေးအိပ်သည့်အခါဖြစ်စေ၊ နိုးထနေသည့်အခါဖြစ်စေ သန့်ရှင်းလတ်ဆတ်ပြီး အင်အားတိုးစေသည့်လေကောင်းလေသန့်များကိုသာ ရှူနိုင်ရန် ဖန်တီးပေးရပါမည်။

ရင်သွေးငယ်၏အဝတ်အစားများကိုရွေးရာတွင် ခေတ်ဆန်မှု၊ အခြားသူများ၏ချီးကျူးမှုကိုသာမကြည့်ဘဲ သူ၏ကျန်းမာရေး၊ သက်သာခြင်းနှင့် အဆင်ပြေမှုကို ရွေးချယ်ရပါမည်။ မိမိ၏သားသမီးများအတွက် အလွန်ခေတ်ဆန်ပြီးလှပသည့်ဇာထိုးခြင်း၊ အရုပ်ဖော်ခြင်းတို့ကိုပြုလုပ်ကာ မိမိ၏ကျန်းမာရေးနှင့်ကလေးငယ်၏ကျန်းမာရေးကို မိခင်များသည် မလျစ်လျူရှုသင့်ပါ။ အနားယူခြင်းနှင့်သက်သာသည့်ကိုယ်ကာယလေ့ကျင့်မှုများပြုလုပ်ရန်လိုအပ်သောအချိန်တွင် မိခင်များသည် နာရီများစွာစက်ချုပ်၍ မိမိ၏မျက်စိနှင့်အကြောများကို အနှောင့်အယှက်မပေးသင့်ပါ။ သူမသည် မိမိ၏တာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် မိမိ၏ခွန်အားကိုထိန်းသိမ်းရပါမည်။

မိမိရင်သွေး၏အဝတ်အစားများသည် နွေးထွေးလုံခြုံမှုရှိပြီးသက်သောင့်သက်သာမှုရှိပါက ထိုကလေးငယ်သည် စိတ်မကျေနပ်မှုများနှင့်မတည်ငြိမ်မှုများ ရှိမည်မဟုတ်ပါ။ ကလေးငယ်သည် ကျန်းမာရေးပိုမိုကောင်းလာပြီး မိခင်သည်လည်း မိမိရင်သွေးကိုပြုစုစောင့်ရှောက်ရာတွင်သက်သာ၍ အချိန်နှင့်ခွန်အားဖြုန်းတီးရန်မလိုတော့ပါ။

အလွန်ကျပ်သောခါးစည်းများသည် နှလုံးနှင့်အဆုပ်တို့၏လှုပ်ရှားမှုများကိုဟန့်တားသောကြောင့် ရှောင်သင့်ပါသည်။ ကိုယ်အင်္ဂါအစိတ်အပိုင်းများကိုဟန့်တားခြင်း၊ ချုပ်နှောင်ထားခြင်းပြုသည့်အဝတ်အစားများကို မည်သည့်အချိန်အခါတွင်မျှမသုံးရပါ။ အဝတ်အစားများသည် လေဝင်လေထွက်ကောင်း၍ ချောင်ချိမှုရှိရပြီး ထိုအဝတ်အစားကိုပခုံးကသာထမ်းရွက်ထားရပါမည်။



အချို့တိုင်းပြည်များတွင် ကလေးငယ်၏ပခုံးနှင့်ခြေလက်များကို အကာအကွယ်မရှိဘဲ ဖော်ထားတတ်ပါသည်။ ထိုဓလေ့ကိုအပြင်းအထန်မကန့်ကွက်သင့်ပါ။ ကိုယ်ခန္ဓာ၏သွေးလည်ပတ်မှုမှဝေးကွာသည့်ခြေလက်များသည် အခြားအင်္ဂါများထက် ကာကွယ်မှုကိုပို၍လိုပါသည်။ ကိုယ်ခန္ဓာ၏အစွန်အဖျားများသို့ သွေးကိုသယ်ဆောင်သွားသည့် သွေးလွှတ်ကြောများသည် ကြီးမားကျယ်ပြန့်ပြီး ကိုယ်ခန္ဓာနွေးထွေးမှုနှင့်သန်စွမ်းမှုအတွက် လိုအပ်သောသွေးကိုသယ်ဆောင်နိုင်ပါသည်။ သို့သော်လည်း ခြေလက်များသည် လုံခြုံစွာကာကွယ်ထားခြင်းမရှိသောအခါ သွေးကြောများကျုံ့လာပြီး ကိုယ်ခန္ဓာ၏ခံစားလွယ်သောအစိတ်အပိုင်းများမှာလေးလံလာ၍ သွေးလည်ပတ်မှုကိုထိခိုက်လာစေပါသည်။

ကြီးထွားနေသည့်ကလေးငယ်များသည် ကိုယ်ခန္ဓာဖွံ့ဖြိုးကြီးထွားမှုနှင့်ပြည့်စုံမှုအတွက် သဘာဝအထောက်အကူများစွာလိုပါသည်။ ခြေလက်များလုံခြုံစွာမထားပါက ကလေးငယ်များအထူးသဖြင့်အမျိုးသမီးများသည် ရာသီဥတုနွေးထွေးမှသာလျှင် အပြင်သို့ထွက်နိုင်ပါသည်။ သို့သော်လည်း လုံခြုံစွာဝတ်ဆင်ထားပါက ကလေးငယ်များသည် ရာသီဥတုမရွေး လဟာပြင်တွင်လွတ်လပ်စွာလှုပ်ရှားနိုင်ကြပါသည်။

မိမိတို့၏သားသမီးများကို ကျန်းမာသောသူများဖြစ်ရန် စိတ်ထားရှိသူများသည် သူတို့ကိုအဝတ်အစားများစနစ်တကျဝတ်ဆင်ပြီး သင့်လျော်သည့်ရာသီဥတုတွင် အပြင်လဟာပြင်၌ရှိပါစေ။ တစ်ခါတစ်ရံတွင် ထုံးတမ်းအစဉ်အလာများနှင့်ဆန့်ကျင်၍ ကျန်းမာရေးအတွက် မိမိ၏သားသမီးများကို ပညာပေးဝတ်ဆင်ခိုင်းရန်လိုသော်လည်း အကျိုးကျေးဇူးကိုပြန်လည်ခံစားရပါလိမ့်မည်။

## ကလေးငယ်များ၏အစားအသောက်

ရင်သွေးငယ်အတွက်အကောင်းဆုံးသောအစားအစာကို သဘာဝက ဖန်တီးပေးထားပါသည်။ ဤအရာများကိုမလိုအပ်ဘဲမရှောင်သင့်ပါ။ အဆင်

ပြေမှုရှိရန်အတွက်လည်းကောင်း၊ အခြားသောလူမှုရေးအပျော်အပါးများအတွက်လည်းကောင်း မိမိ၏ရင်သွေးကိုနို့ချိုမတိုက်ကျွေးသောမိခင်များသည် အလွန်မိုက်မဲပါသည်။

အခြားသူကို မိမိ၏ရင်သွေးငယ်အား နို့တိုက်ခွင့်ပြုခြင်း၏အကျိုးဆက်ကို မိခင်များပြန်လည်သုံးသပ်သင့်ပါသည်။ အတိုင်းအတာတစ်ခုအထိ ထိုကလေးငယ်မှာ သူ့ကိုနို့တိုက်သူ၏စိတ်သဘောထားများကို ရရှိလာပါသည်။

သားသမီးများကိုသွန်သင်ဆုံးမခြင်းနှင့် သူတို့စားသုံးသောအစာအာဟာရတို့၏ဆက်စပ်မှုကို လျှော့မတွက်သင့်ပါ။ ဤကလေးငယ်များသည် သူတို့အသက်ရှင်ရန်အစာစားခြင်းဖြစ်ပြီး အစာစားရန်အသက်ရှင်ခြင်းမဟုတ်ကြောင်းကို နားလည်သိရှိရပါမည်။ ဤကဲ့သို့သွန်သင်ရာတွင် ငယ်ရွယ်စဉ်အခါ မိခင်၏ရင်ခွင်၌ရှိစဉ်ကပင် စ၍သွန်သင်ရပါမည်။ ကလေးငယ်များကိုအချိန်ဇယားနှင့်အစာကိုကျွေးရပါမည်။ အသက်အရွယ်ကြီးပြင်းလာသောအခါ အစာစားချိန်များကိုပို၍ဝေးစေရပါမည်။ အစာကြေရန်ခက်ခဲသည့်အချိုများနှင့် လူကြီးအစားအစာများကိုမကျွေးသင့်ပါ။ ကလေးငယ်များကိုအစာကျွေးရာတွင် ဂရုတစိုက်နှင့်အချိန်မှန်မှန်ကျွေးခြင်းဖြင့် သူတို့သည်တည်မြဲမှုရှိလာပြီး စိတ်သဘောထားလည်းကောင်းလာပါသည်။ ထို့ပြင် နောင်နှစ်ပေါင်းများစွာအတွက် အကျိုးရှိမည့်အကျင့်ကောင်းများအတွက် အခြေခံအုတ်မြစ်ကိုလည်း ချပေးပါလိမ့်မည်။

သူငယ်ဘဝမှပိုမိုကြီးပြင်းလာသောအခါတွင်လည်း ကလေးငယ်များ၏အစားအသောက်နှင့်ပတ်သက်၍ သူတို့၏စိတ်ထားနှင့်အရသာများကိုလမ်းပြသွန်သင်ရပါမည်။ မကြာခဏသူတို့ကို မိမိတို့၏စိတ်ထားနှင့်အညီစားလိုသည့်အရာများကိုစားလိုသည့်အချိန်တွင် ကျန်းမာရေးကိုဂရုမစိုက်ဘဲအခွင့်ပေးလေ့ရှိပါသည်။ ကျန်းမာရေးနှင့်မညီညွတ်သောအစားအသောက်များအတွက် ကုန်ကျသောငွေနှင့်အချိန်ကိုကြည့်၍ ကလေးငယ်များက ဤအရာများကိုဘဝတွင်တန်ဖိုးအရှိဆုံးသောအရာများ၊ ပျော်ရွှင်မှုကိုအပေးနိုင်ဆုံးသောအရာများအဖြစ်မြင်လာပြီး အစားကြူးလာကြပါသည်။ နောက်ဆုံး



ဆိုးကျိုးဆက်မှာ ရောဂါများရရှိလာပြီး ထိုရောဂါများပျောက်ရန်အတွက် အဆိပ်အတောက်များကို ထပ်မံသုံးစွဲလာပါတော့သည်။

မိဘများသည် သားသမီးများ၏အစာစားလိုသောစိတ်ထားများကို ထိန်းချုပ်နိုင်ရန်သွန်သင်သင့်ပြီး ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများကို တားမြစ်သင့်ပါသည်။ ဤကဲ့သို့အစားအသောက်များစားခြင်းနှင့်ပတ်သက်၍ သွန်သင်ရာတွင် အရသာမရှိသောအစားအစာများ၊ လိုသည်ထက်ပိုသောအစားအစာများကို အတင်းစားခိုင်းခြင်းမှရှောင်သင့်ပါသည်။ ကလေးငယ်များတွင် ရွေးချယ်ခွင့်နှင့်နှစ်သက်သောအရာများရှိပါသည်။ ထိုကြောင့် သူတို့၏ရွေးချယ်မှုမှန်ကန်လျှင် ထိုရွေးချယ်မှုကိုအသိအမှတ်ပြုသင့်ပါသည်။

အစားအစာများကိုအချိန်မှန်မှန်စားသင့်ပါသည်။ တစ်နပ်နှင့်တစ်နပ်ကြားတွင် အခြားမည်သည့်အချို၊ မုန့်ပဲသွားရည်စာများ၊ အသီးများနှင့်အစားအစာများကို မစားသုံးသင့်ပါ။ အစားအစာကိုအချိန်မှန်မှန်မစားသုံးခြင်းဖြင့် အစာခြေအင်္ဂါများကိုထိခိုက်စေပြီး ကျန်းမာရေးနှင့်စိတ်ဓာတ်ရေးတို့ကိုထိခိုက်စေပါသည်။ ထို့ပြင် ထမင်းစားပွဲသို့ရောက်လာသောသားသမီးတို့သည် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကို မစားသုံးလိုဘဲ အခြားအကျိုးမပြုသောအစားအစာများကို စားသုံးလိုကြပါသည်။

သားသမီးတို့၏ကျန်းမာရေးကိုဂရုမစိုက်ဘဲ သူတို့၏စိတ်အလိုကိုလိုက်လျောသောမိခင်များသည် အပြစ်မျိုးစေ့ကိုစိုက်ပျိုးနေကြပြီး ထိုအပြစ်၏အသီးအပွင့်များကိုရိတ်သိမ်းရပါလိမ့်မည်။ ကိုယ့်အလိုကိုလိုက်ခြင်းသည် ဤကလေးငယ်များနှင့်အတူကြီးပြင်းလာပြီး သူတို့၏ကိုယ်ကာယနှင့်လျင်မြန်ဖျတ်လတ်မှုကိုလည်း ထိခိုက်လာပါတော့သည်။ ဤကဲ့သို့ပြုသောမိခင်များသည် မိမိတို့စိုက်သည့်အရာများကို ခါးသည်းစွာရိတ်သိမ်းရပါလိမ့်မည်။ သားသမီးများကြီးပြင်းလာသောအခါ မိမိတို့အိမ်နှင့်အသိုက်အဝန်းအတွက် မသင့်လျော်သောသူများဖြစ်လာသည်ကို မျက်မြင်ကိုယ်တွေ့ကြုံရပါလိမ့်မည်။ ကျန်းမာရေးနှင့်မကိုက်ညီသောအစားအစာများကြောင့် ဝိညာဉ်ရေးသာမကဘဲ

ကိုယ်ကာယနှင့်စိတ်ဓာတ်ရေးရာတို့လည်း ထိခိုက်လာပါသည်။ စိတ်သဘောထားသည်ချွတ်ယွင်းလာပြီး ကောင်းသောအရာများကိုမဝေခွဲနိုင်တော့ပါ။

သားသမီးများကို ကျန်းမာရေးနှင့်အညီစားသောက်ရန်သွန်သင်ရာတွင် သူတို့၏ကျန်းမာရေးကိုဘေးရန်ပြုထိခိုက်မည့်အရာများကိုသာ ရှောင်ရှားရန်လိုအပ်ကြောင်းကိုသွန်သင်ပါ။ သူတို့အတွက်မသင့်လျော်သည့်အရာများကိုစွန့်၍ ကောင်းသောအရာများဖြင့်အစားထိုးခြင်းသာဖြစ်ပါသည်။ စားသောက်ပွဲကိုစားချင်စဖွယ်ဖြစ်ရန်အတွက် ဘုရားသခင်ပေးသနားတော်မူထားသည့်ကောင်းသောအရာများဖြင့် ပြည့်စုံစွာပြင်ဆင်ထားပါ။ အစာစားသောအချိန်ကို ပျော်ရွှင်ဖွယ်အချိန်ဖြစ်ပါစေ။ ဘုရားသခင်ပေးသနားသည့်ကောင်းချီးများကိုခံစားကြရင်း ဝမ်းမြောက်စွာဖြင့် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းကြပါစို့။

## ဖျားနာသောကလေးများကိုစောင့်ရှောက်ခြင်း

မကြာခဏဆိုသလို ကလေးငယ်များ၏ဖျားနာမှုကို စီမံအုပ်ချုပ်မှုညံ့ဖျင်းမှုကြောင့်ဟုဆိုနိုင်ပါသည်။ အစားအစာကိုအချိန်မှန်မှန်မစားသုံးခြင်း၊ ရာသီဥတုအအေးသောညနေခင်းများတွင် အဝတ်များလုံလောက်စွာမရှိခြင်း၊ ကျန်းမာရေးနှင့်အညီ သွေးလည်ပတ်မှုမှန်ရန်လှုပ်ရှားမှုနည်းပါးခြင်း၊ သွေးသန့်စင်မှုအတွက် လေကောင်းလေသန့်လုံလောက်စွာမရရှိခြင်းတို့ကြောင့်ဖြစ်နိုင်ပါသည်။ မိဘများသည် ဖျားနာခြင်း၏အကြောင်းရင်းကိုလေ့လာရှာဖွေပြီး ထိုမှားယွင်းနေသည့်အချက်များကို အလျင်အမြန်ပြုပြင်သင့်ပါသည်။

ရောဂါအနာများကိုတားဆီးကာကွယ်ခြင်း၊ ကုသခြင်းနှင့်ပတ်သက်၍ မိဘတိုင်းသည်လေ့လာနိုင်ပါသည်။ အထူးသဖြင့်မိခင်သည် မိမိ၏မိသားစုအတွင်းဖျားနာမှုရှိလာပါက မည်ကဲ့သို့ကုသရမည်ကိုသိသင့်ပါသည်။ ဖျားနာနေသောကလေးငယ်ကို မည်ကဲ့သို့ပြုစုရမည်ကို သူမကသိသင့်ပါသည်။ သူမ၏ချစ်ခြင်းမေတ္တာနှင့်အမြော်အမြင်ကြောင့် သူစိမ်း၏လက်တွင်းသို့အပ်



မည့်အစား မိမိ၏ကလေးငယ်ကို မိမိကိုယ်တိုင်ပြုစုနိုင်သောစွမ်းရည်ရှိသင့်ပါသည်။

## ခန္ဓာကိုယ်ဗေဒကိုလေ့လာခြင်း

မိဘများက မိမိတို့၏သားသမီးများအား (ခန္ဓာဗေဒပညာ) ကိုလေ့လာရန် ဆွဲဆောင်တိုက်တွန်းသင့်ပြီး နားလည်လွယ်ရန်သွန်သင်သင့်ပါသည်။ သူတို့၏ကိုယ်ကာယ၊ စိတ်နှင့်ဝိညာဉ်ရေးတန်ခိုးများကို မည်ကဲ့သို့စောင့်ရှောက်ထိန်းသိမ်းသင့်သည်ကိုသင်ကြားပေးပြီး သူတို့ရရှိထားသည့်ကောင်းချီးများဖြင့် ဘုရားသခင်၏ဘုန်းတော်နှင့် အခြားဘဝတူလူသားများကို မည်ကဲ့သို့ကူညီရမည်ကိုသွန်သင်ပါ။ သို့သော်လည်း လူငယ်များအဖို့ ဤပညာကိုလွယ်ကူရှင်းလင်းထားခြင်းမရှိပါ။ မိမိတို့၏အသက်တာနှင့်ကျန်းမာရေးကို မည်ကဲ့သို့စောင့်ရှောက်ရမည်ကို သိရှိနားလည်ခြင်းက ကလေးငယ်များအတွက် ပို၍တန်ဖိုးရှိပါသည်။

မိဘများကပတ်ဝန်းကျင်အသိုက်အဝန်းထက် မိမိတို့၏သားသမီးများအတွက် ပို၍အသက်ရှင်သင့်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်သောအရာများကိုလေ့လာပြီး ထိုအရာများကိုပို၍ကျင့်သုံးပါ။ မိမိသားသမီးများကိုအကျိုးအကြောင်းဆင်ခြင်တတ်ရန်သွန်သင်ပါ။ သူတို့ကိုကျန်းမာပြီးအသက်ရှည်စေလိုလျှင် သဘာဝ၏ပညတ်ချက်များကို လိုက်လျှောက်ရန်လိုအပ်ကြောင်းကိုသွန်သင်ပါ။ သင်တို့မျှော်မှန်းထားသလောက် လျင်မြန်စွာအတုံ့ပြန်သော်လည်း လက်မလျှော့ပါနှင့်။ သင်သည်စိတ်ရှည်စွာဖြင့် ဆက်လက်ကြိုးစားပါ။

သင်၏ပုခက်ထဲတွင်ရှိသောသားသမီးကို ထိုအချိန်မှစ၍ ကိုယ်အလိုကိုငြင်းပယ်ပြီး မိမိကိုယ်ကိုထိန်းချုပ်မှုရှိရန်သွန်သင်ပါ။ မိမိတို့၏ကိုယ်ကာယနှင့်စိတ်ဝိညာဉ်ကို လေ့ကျင့်ပေးနိုင်ရန်အတွက် သဘာဝ၏အလှအပများကိုခံစားလျက် ကာယအလုပ်လုပ်ခြင်း၌ပျော်မွေ့ရန် သူတို့ကိုသင်ကြားပေးပါ။

သူတို့ကိုကြံ့ခိုင်ဖွံ့ဖြိုးပြီး အကျင့်ကောင်းသောသူများ၊ အပြုသဘောဆောင်ပြီး စိတ်ထားနူးညံ့သောသူများဖြစ်လာရန် သွန်သင်ဆုံးမပါ။ သူတို့၏စိတ်ထဲတွင် ဘုရားသခင်က ကျွန်ုပ်တို့ကိုတစ်ခဏတာ၏ပျော်ရွှင်မှုများတွင် မကျေနပ်စေဘဲ ထာဝရတည်ရှိရန်အလိုတော်ရှိသည်ကိုသွန်သင်ပါ။ အပြစ်၏စုံစမ်းခြင်းကိုလိုက်လျောခြင်းသည် ပျော့ညံ့မှု၊ မိုက်မဲမှုများဖြစ်ပြီး အောင်မြင်စွာတွန်းလှန်ခြင်းသည် ရဲစွမ်းရှိခြင်း၊ မြင့်မြတ်ခြင်းဖြစ်သည်ကို သူတို့အားသွန်သင်ပါ။ ဤသွန်သင်ချက်များက ကောင်းသောလယ်တွင် စိုက်ပျိုးထားသည့်မျိုးစေ့များဖြစ်၍ တစ်နေ့သောအခါတွင် အသီးများသီးလာပြီး သင်၏စိတ်နှလုံးကိုပျော်ရွှင်စေပါလိမ့်မည်။

အထူးသဖြင့် မိဘများသည် မိမိတို့၏ကလေးငယ်များကိုချစ်ခြင်းမေတ္တာ၊ ပျော်ရွှင်မှုနှင့်သိမ်မွေ့မှုတို့ကိုပြသပါ။ ချစ်ခြင်းမေတ္တာ၌တည်ပြီး မိမိတို့၏မျက်နှာ၊ ပြောဆိုသောစကားများနှင့်အမူအရာများဖြင့် ထိုမေတ္တာကိုဖော်ပြသောအိမ်ထောင်များတွင် ကောင်းကင်တမန်များက တည်ရှိရန်အလိုတော်ရှိကြပါသည်။

မိဘများ၏ချစ်ခြင်းမေတ္တာ၊ ရွှင်လန်းခြင်းနှင့်ပျော်ရွှင်သောအမူအကျင့်များ၏ရောင်ခြည်များသည် သင်တို့၏စိတ်နှလုံးအတွင်းသို့ ထိုးဝင်ရောက်ရှိလာပြီး သူတို့၏လှပသောအလင်းတန်းများကို မိမိတို့၏အိမ်၌သက်ရောက်ပါစေ။ ကြင်နာခြင်းနှင့်စိတ်ရှည်သည်းခံတတ်သောစိတ်ထားကိုဖော်ပြပြီး သင်တို့၏အိမ်ထောင်ကို ပိုမိုရွှင်လန်းတောက်ပစေသောအိမ်ထောင်ဖြစ်စေရန် သားသမီးတို့အတွင်း ဤစိတ်များကိုတည်ရှိစေတော်မူပါ။ သစ်ပင်၊ ပန်းပင်များသည် လေနှင့်ထိလျှင်ထူးခြားလာသကဲ့သို့ သင်၏သားသမီးများသည်လည်း ထိုစိတ်ထားများကြောင့်ထူးခြားလာပြီး သူတို့၏ကျန်းမာရေးကို အထောက်အကူပြုကာ ကိုယ်ကာယနှင့်စိတ်ဝိညာဉ်၌ ပို၍တက်ကြွလာပါလိမ့်မည်။

---ooo---





အခန်း (၃၃)

# အိမ်ထောင်၏ဩဇာသက်ရောက်မှု

သားသမီးများအတွက် မိမိတို့၏နေအိမ်သည် ဆွဲဆောင်မှုအရှိဆုံးသောနေရာနှင့် မိခင်သည် ထိုအိမ်ထောင်အတွင်းဆွဲဆောင်မှုအရှိဆုံးသောသူဖြစ်ရပါမည်။ ကလေးငယ်များတွင် အလွန်ချစ်စဖွယ်ကောင်းပြီး ခံစားလွယ်သောစိတ်သဘောများရှိကြပါသည်။ သူတို့သည် ဝမ်းသာမှုနှင့်ဝမ်းနည်းမှုနှစ်ခုကြားတွင် စိတ်ပြောင်းလွယ်ကူကြပါသည်။ သို့သော်လည်း ညင်သာစွာဆုံးမလျက် ချစ်ခြင်းမေတ္တာကိုဖော်ပြသောစကားလုံးများ၊ အပြုအမူများဖြင့် မိခင်များက ဤကလေးသူငယ်များကို မိမိတို့ဘက်သို့ဆွဲဆောင်နိုင်ပါသည်။

လူငယ်များသည် အပေါင်းအသင်းမက်ကြပြီး တစ်ဦးတည်းပျော်ခဲကြပါသည်။ သူတို့ကိုကြင်နာမည့်သူ၊ ယုယမည့်သူကို အမြဲတမ်းတောင့်တလျက်ရှိပါသည်။ သူတို့ကြိုနှစ်သက်သောအရာများကို မိခင်ကလည်းကြိုက်နှစ်သက်လိမ့်မည်ဟုထင်မှတ်ကြပြီး မိမိတို့၏ပျော်စရာများနှင့်ဝမ်းနည်းစရာများကို မိခင်ထံယူဆောင်လာတတ်ကြပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးတွင် မိခင်များသည် သားသမီးများက အလေးဂရုစိုက်သောအရာများကို ဂရုမစိုက်လျစ်လျူမရှုသင့်ပါ။ ထိုကဲ့သို့ပြုလုပ်မိပါက သူတို့၏ခံစားလွယ်သောအသိစိတ်များကို ထိခိုက်နာကြည်းစေနိုင်ပါသည်။ သားသမီးများအတွက် မိခင်များ၏သတိပြုဂရုစိုက်ခြင်းသည် အလွန်တန်ဖိုးရှိပါသည်။ အသိအမှတ်ပြုသောအကြည့်နှင့်အားပေးထောက်ခံသည့်စကားများသည် သားသမီးများ၏စိတ်ထဲတွင် ထွန်းတောက်သည့်နေမင်းကဲ့သို့ တစ်နေ့တာလုံးပျော်ရွှင်သာယာစေပါသည်။

မိခင်သည်မိမိအနားတွင်ရောက်ရှိပြီး ဆူညံနေသောသားသမီးများကို အဝေးသို့မောင်းထုတ်မည့်အစား သူတို့တတွေစိတ်ပျော်ရွှင်စေပြီး တနိုင်အလုပ်တာဝန်များကို ဖန်တီးပေးသင့်ပါသည်။

သားသမီးများ၏စိတ်ခံစားမှုများကိုစာနာတတ်ပြီး သူတို့၏ပျော်ရွှင်မှုများနှင့်အလုပ်တာဝန်များကိုကူညီခြင်းဖြင့် မိခင်သည်သားသမီးများ၏ယုံကြည်ကိုးစားမှုကို ပိုင်ရရှိခံစားလာကာ သူတို့၏အသက်တာတွင် မှားယွင်းနေသည့်တစ်ကိုယ်ကောင်းဆန်ခြင်းနှင့်စိတ်အလိုများကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။ သင့်လျော်သည့်အချိန်တွင် သင့်လျော်သည့်သတိပေးဆုံးမချက်များသည် အလွန်တန်ဖိုးရှိပါသည်။ စိတ်ရှည်၍ မေတ္တာဖြင့်စောင့်ကြည့်ခြင်းဖြင့် သားသမီးများလမ်းမှန်ရောက်အောင် မိခင်သည်လမ်းပြနိုင်ပြီး သူတို့၏အသက်တာတွင်လှုပ်ပြီး သူတစ်ပါးကိုဆွဲဆောင်မှုရှိသောအကျင့်များကို ဖန်တီးပေးနိုင်ပါသည်။

သားသမီးများသည် သူတစ်ပါးနှင့်ရောနှောခြင်းမရှိဘဲ အထီးကျန်နေတတ်ခြင်းမရှိရန် မိခင်များက ဂရုစိုက်သင့်ပါသည်။ သူတို့သည်အဓိကဖြစ်ပြီး အခြားသူများကသူတို့ထံလာရောက်ပြီးအောက်ကျခံရမည်ဟု သားသမီးများကို မည်သည့်အခါမျှမသွန်သင်ပါနှင့်။ အချို့မိဘများသည် မိမိတို့၏သားသမီးများပျော်ရွှင်မှုအတွက် အချိန်များစွာအကုန်ခံပါသည်။ သို့သော်လည်း သားသမီး၏အသိစိတ်နှင့်ပင်ကိုဉာဏ်ကို အသုံးချတတ်သင့်ပါသည်။ ရိုးရိုးအပြုအမူကလေးများဖြင့် သူတို့ပျော်ရွှင်မှုကိုရှာတတ်ရပါမည်။ ဘဝတွင် စိတ်ပျက်ခြင်းနှင့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းတတ်ရန်သွန်သင်ရပါမည်။ တွေ့ကြုံရမည့်သေးငယ်သည့် အနှောင့်အယှက်များနှင့်အခက်အခဲကလေးများအတွက် စိတ်ပူပန်ကြမည့်အစား ထိုအရာများကိုအောင်မြင်စွာကျော်လွှားတတ်ရန် သူတို့ကိုသင်ကြားပေးပါ။ မိမိ၏သားသမီးများသည် အခြားသူများကိုစာနာတတ်လာရန် မည်ကဲ့သို့သင်ကြားရမည်ကိုစူးစမ်းရှာဖွေပါ။

သို့သော်လည်း မိမိသားသမီးများကိုလျစ်လျူမရှုသင့်ပါ။ မိခင်များသည် အလွန်ပင်ပန်းသောကြောင့် တစ်ခါတစ်ရံတွင် သူတို့၏သားသမီးများကို သွန်သင်ဆုံးမရန်နှင့်ချစ်ခင်ယုယရန် အချိန်မရှိဟုခံစားတတ်ပါသည်။ သို့သော်လည်း သတိပြုရမည့်အချက်မှာ မိမိ၏သားသမီးများသည် မိမိတို့၏အိမ်အတွင်း မိဘများထံမှချစ်ခင်ယုယခြင်းနှင့်ရင်းနှီးစွာဆက်ဆံမှုကို မရရှိ



မခံစားရပါက သူတို့လိုချင်နေသောအရာများကို ပြင်ပတွင်ရှာဖွေလာပြီး သူတို့၏အသက်တာနှင့်စိတ်ဝိညာဉ်ကို ထိခိုက်လာပါလိမ့်မည်။

မိခင်အချို့သည် အလှအပ၊ ရာထူးရာခံများအတွက် မိမိတို့၏အချိန်၊ မျက်စိနှင့်လက်တို့ကိုအသုံးချပြီး ဤအရာများကြောင့် ငယ်ရွယ်သူများ၏စိတ်ထဲတွင် ဝါကြွားခြင်းနှင့်ဖြုန်းတီးခြင်းတို့ကိုဖြစ်စေပါသည်။ သို့သော်လည်း မိမိ၏သားသမီးငယ်များနှင့် အချိန်အနည်းငယ်ယူ၍ဆော့ကစားရန် မအားနိုင်ကြပါ။ သို့သော်လည်း ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် သားသမီးများအရွယ်ရောက်လာသောအခါ သူတို့၏အသက်တာတွင် မာန်မာနထောင်လွှားခြင်းနှင့် ကိုယ်ကျင့်တရားဆုတ်ယုတ်ခြင်းတို့ကို တွေ့ရှိရပါသည်။ မိခင်များက ဤအသက်တာများကိုမြင်တွေ့သောအခါ မျက်ရည်ကျတတ်ကြပါသည်။ သို့သော်လည်း သူကိုယ်တိုင်စိုက်ခဲ့သည့်အရာများကို ယခုသူမရိတ်သိမ်းနေရသည်ဟု မမြင်တတ်ပါ။

အချို့မိခင်များသည် သားသမီးများနှင့်ဆက်ဆံရာတွင် မူအမျိုးမျိုးထားတတ်ကြပါသည်။ တစ်ခါတစ်ရံတွင် သားသမီးများကိုထိခိုက်လောက်အောင် အလိုလိုက်တတ်ကြပြီး တစ်ခါတစ်ရံတွင် သားသမီးများစိတ်ပျော်ရွှင်မှုကိုဟန့်တားနှောင့်ယှက်တတ်ကြပါသည်။ ဤကဲ့သို့ပြုခြင်းသည် သခင်ခရစ်တော်ကိုပုံဆောင်ခြင်းမဟုတ်ပါ။ ကိုယ်တော်သည် ကလေးသူငယ်များကိုချစ်တော်မူပါသည်။ ကိုယ်တော်သည် သူတို့၏စိတ်ခံစားမှုများကိုသိတော်မူပြီး သူတို့၏ပျော်ရွှင်မှုများနှင့်စုံစမ်းနှောင့်ယှက်ခြင်းတို့တွင် သူတို့နှင့်အတူကရုဏာသက်ခံစားတော်မူခဲ့ပါသည်။

## ဖခင်၏တာဝန်

ဖခင် (သို့မဟုတ်) ခင်ပွန်းသည် အိမ်ထောင်၏ဦးစီးဖြစ်ပါသည်။ ဇနီးသည်က သူ့ကိုသားသမီးများအားသွန်သင်ရာတွင်ကူညီရန်နှင့် ချစ်ခင်ယုယမှုပေးရန်အတွက်အားကိုးပါသည်။ ထိုအရာသည်မှန်ကန်ပါသည်။

ဤသားသမီးများကို မိခင်ကပိုင်ဆိုင်သလို ဖခင်နှင့်လည်းသက်ဆိုင်ပါသည်။ ထို့ကြောင့်ဖခင်လည်း ဤသားသမီးများ၏ကောင်းစားရေးကို စိတ်ဝင်စားပါသည်။ သားသမီးများသည် ဖခင်၏အားပေးခြင်းနှင့် သွန်သင်ဆုံးမမှုကို မျှော်ကိုးကြပါသည်။ ထို့ကြောင့်သူသည် ဘဝ၏ခံယူချက်များမှန်ကန်ပြီး မိမိ၏မိသားစုအတွက် မှန်ကန်သောအသိုက်အဝန်းနှင့်ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရပါမည်။ အထူးသဖြင့် သူသည်ဘုရားသခင်နှင့်နှုတ်ထွက်စကားတော်၏သွန်သင်ဆုံးမမှုနှင့် ဘုရားသခင်ကိုချစ်ကြောက်ရိုသေခြင်းရှိရမည်။ သို့မှသာလျှင် သူ၏သားသမီးများကိုလမ်းမှန်ပေါ်သို့ရောက်ရန် သွန်သင်နိုင်မည်ဖြစ်ပါသည်။

ဖခင်သည် အိမ်ထောင်၏စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်သူဖြစ်ရပါမည်။ အာဗြဟံကဲ့သို့ပင် ဘုရားသခင်၏ပညတ်တော်များကို မိမိအိမ်ထောင်၏စည်းကမ်းချက်များအဖြစ် သတ်မှတ်ရပါမည်။ အာဗြဟံနှင့်ပတ်သက်၍ ဘုရားသခင်က "သူသည်မိမိနောက်၌ဖြစ်သောသားများ၊ အိမ်သူများတို့အား ပညတ်မည့်အရာကိုငါသိ၏" (က ၁၈း၁၉) ဟု မိန့်တော်မူခဲ့ပါသည်။ အာဗြဟံ၏မိသားစုတွင် အပြစ်ကိုသည်းခံခြင်း၊ အမြော်အမြင်ကင်းမဲ့ပြီး ပျော့ညံ့သည့်အလိုလိုက်မျက်နှာသာပေးခြင်းတို့ရှိမည်မဟုတ်ပါ။ အာဗြဟံသည် မှန်ကန်စွာသွန်သင်ရုံသာမကဘဲ သန့်ရှင်းဖြောင့်မတ်တော်မူသည့် ပညတ်တော်များကိုလည်း ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုလမ်းပြသွန်သင်ရန်အတွက် ဘုရားသခင်က မိန့်တော်မူချက်များပေးထားပါသည်။ မိမိတို့၏ပတ်ဝန်းကျင်တွင် မြင်တွေ့နေရသည့်လမ်းလွဲများသို့မလိုက်ပါဘဲ ဘုရားသခင်မိန့်တော်မူသည့်အတိုင်းမလွဲမှားစေရန် သားသမီးများကိုစောင့်ရှောက်ရပါမည်။ မေတ္တာဖြင့်အလျှော့မပေးဘဲ ဆုတောင်းခြင်းဖြင့်ကြိုးစားလျက် မှားယွင်းသောအကျင့်များကိုတားမြစ်ကာ စိတ်သဘောထားများကို ငြင်းပယ်ရပါမည်။

ဖခင်များက မိမိတို့၏မိသားစုတွင်ကြံ့ခိုင်ခြင်း၊ စုံလင်ခြင်း၊ ရိုးသားမှု၊ စိတ်ရှည်ခြင်း၊ ဖွဲလုံ့လနှင့်လက်တွေ့အကျိုးပြုခြင်းများရှိရန် သွန်သင်ရ



ပါမည်။ ထို့ပြင် မိမိသားသမီးများကိုဆုံးမသည့်အတိုင်းလည်း မိမိကိုယ်တိုင်ကျင့်သုံးရပါမည်။ သူ၏အသက်တာတွင် ထိုအကျင့်ကောင်းများကိုပေါ်လွင်ပြသရပါမည်။

ဖခင်သည် မိမိတို့၏သားသမီးများကို စိတ်ဓတ်မကျစေပါနှင့်။ မိမိ၏အမိန့်နှင့်အတူ ချစ်ခြင်းမေတ္တာ၊ တိကျခိုင်မာမှုနှင့်အတူ သနားကြင်နာခြင်းနှင့်ကရုဏာကိုပူးတွဲဖော်ပြပါ။ သင်၏အားလပ်ချိန်အချို့ကို သားသမီးများနှင့်ကုန်ဆုံးစေပါ။ သူတို့နှင့်ပိုမိုရင်းနှီးလာအောင်ပြုလုပ်ပြီး သူတို့၏တာဝန်များနှင့်အားကစားများတွင် ကိုယ်တိုင်ပါဝင်ခြင်းဖြင့် သူတို့၏ယုံကြည်အားကိုးခြင်းကိုရယူပါ။ အထူးသဖြင့် မိမိ၏သားယောကျ်ားကလေးများအပေါ်အကောင်းဘက်၌ မိမိ၏အမိန့်လွှမ်းမိုးမှုကိုအသုံးချနိုင်ရန် ရင်းနှီးမှုကိုယူပါ။

**မိမိ၏အိမ်ထောင်သာယာရေးအတွက် ဖခင်သည် မိမိ၏တာဝန်ကိုကျေပွန်ရပါမည်။ မိမိ၌အခက်အခဲမည်မျှကြုံတွေ့စေကာမူ ထိုအရာများသည် မိမိ၏အိမ်ထောင်ပေါ်တွင် အရိပ်မလွှမ်းမိုးစေရပါ။ မိမိ၏အခက်အခဲကိုအပြင်၌ထားခဲ့ပြီး အိမ်ထဲသို့ဝင်လာလျှင် ပြုံးရွှင်သောမျက်နှာနှင့် နှစ်လိုဖွယ်စကားများကိုပြောဆိုရပါမည်။**

တစ်နည်းအားဖြင့်ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်မင်းဖြစ်ပြီး သူသည်နံနက်နှင့်ညဦးယံယဇ်ကိုပူဇော်ရပါမည်။ သို့သော်လည်း မိခင်နှင့်သားသမီးများက ဖခင်နှင့်အတူစုရုံးလျက် ဆုတောင်း၍ဘုန်းတော်ကိုချီးမွမ်းရပါမည်။ နေ့စဉ်နံနက်တိုင်း မိမိလုပ်ငန်းခွင်သို့မသွားမီ ဖခင်သည် မိမိ၏မိသားစုကိုစုရုံးလျက် ကောင်းကင်နိုင်ငံတော်မှ ခမည်းတော်၏စောင့်ရှောက်တော်မူခြင်းအောက်၌ သူတို့ကိုအပ်လျက် တစ်နေ့တာကုန်ဆုံးသွားသောအခါညနေတွင် မိသားစုကိုပြန်လည်စုရုံးစေပြီး တစ်နေ့တာ၏ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူခြင်းအတွက် ကိုယ်တော်၏ကျေးဇူးတော်ကို ချီးမွမ်းသီဆိုလျက်ဆုတောင်းရပါမည်။

မိခင်ဖခင်များသည် မိမိတို့၌အလုပ်မည်မျှပင်များပြားစေကာမူ နံနက်ယံဝတ်နှင့်ညဦးယံဝတ်ကို မပျက်ကွက်စေပါနှင့်။ သင်၏အိမ်ထောင်ကို

ကာကွယ်ရန်အတွက် ကောင်းကင်တမန်၏စောင့်ရှောက်ခြင်းကိုတောင်းခံပါ။ သင်ချစ်မြတ်နိုးသောသူတို့၏ဘေးပတ်လည်တွင် စုံစမ်းနှောင့်ယှက်ခြင်းတို့ ဝန်းရံလျက်ရှိသည်ကို မမေ့ပါနှင့်။ လူကြီး၊ လူငယ်မရွေး စုံစမ်းခြင်းကို ခံရပါမည်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝပြီး စိတ်ရှည်ခြင်း၊ သည်းခံခြင်းရှိသောအသက်တာဖြင့်နေထိုင်ရန်အတွက် များစွာဆုတောင်းရန်လိုပါသည်။ ဘုရားသခင်၏အကူအညီမစခြင်းကို အစဉ်ရရှိခြင်းဖြင့်သာ ကျွန်ုပ်တို့သည် ကိုယ့်အလိုကိုငြင်းပယ်၍ အသက်ရှင်နေထိုင်သွားနိုင်မည်ဖြစ်ပါသည်။

ချစ်ခြင်းမေတ္တာ၊ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်လေးစားမှုနှင့် ပျော်ရွှင်သာယာမှုရှိရာနေရာသည် အိမ်ထောင်ဖြစ်ပါသည်။ ဤအိမ်ထောင်တွင် ထိုအရာများရှိပါက ပျော်ရွှင်မှုနှင့်ငြိမ်သက်မှုရှိပါလိမ့်မည်။ အခက်အခဲများသည် လူသားနှင့်မကင်းနိုင်ပါ။ သို့သော်လည်း စိတ်နှလုံးတွင်းသည်းခံခွင့်လွှတ်ခြင်း၊ ကျေးဇူးသိတတ်ခြင်းနှင့်ချစ်ခြင်းမေတ္တာသာရှိပါစေ။ ထိုကဲ့သို့သောအိမ်ထောင်များတွင် ကောင်းကင်တမန်များပျော်မွေ့ကြပါလိမ့်မည်။

ဇနီးနှင့်ခင်ပွန်းသည် တစ်ဦးနှင့်တစ်ဦးပျော်ရွှင်မှုကိုအပြန်အလှန် လေ့လာလျက် အသက်တာကိုသာယာပေ့ါပါးစေမည့်အပြုအမူများကိုလည်း ပြုလုပ်ရန်မမေ့ကြပါနှင့်။ လင်နှင့်မယားကြားတွင် ယုံကြည်စိတ်ချမှုအပြည့်အဝရှိရပါမည်။ မိမိတို့၏တာဝန်များကို အတူတကွတိုင်ပင်ရပါမည်။ မိမိတို့၏သားသမီးများ၏တိုးတက်ကောင်းစားရေးကိုလည်း အတူတကွညှိနှိုင်းရပါမည်။ မိမိတို့၏သားသမီးများရှေ့တွင် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်အပြစ်တင်ခြင်း၊ ဝေဖန်ခြင်းမပြုရပါ။ မိခင်များသည် မိမိတို့ကြောင့်သားသမီးများအပေါ်၌ ဖခင်၏တာဝန်ကိုမခက်ခဲပါစေနှင့်။ ဖခင်ကမိခင်၏လက်ကို မြှောက်လျက် သူမကိုအားပေးခြင်း၊ အကြံဉာဏ်ပြုခြင်းတို့ကို ပြုလုပ်ရပါမည်။

သားသမီးများနှင့်မိဘများကြားတွင် မည်သည့်အဟန့်အတားအတားအဆီးမျှမရှိရပါ။ မိဘများက မိမိတို့၏သားသမီးများနှင့်ရင်းနှီးအောင် ပြုလုပ်ပြီး သူတို့ကြိုက်နှစ်သက်သောအရာများ၊ သူတို့၏သဘောထားများကို



နားလည်ရန်ကြိုးစားပြီး သူတို့၏စိတ်နှလုံးတွင်းရှိ ခံစားချက်များပေါ်ထွက်လာအောင် အတွင်းသို့နှိုက်တတ်ရပါမည်။

မိဘများတို့၊ သင်တို့သည် သားသမီးများအားချစ်ကြောင်းကို သူတို့သိပါစေ။ သူတို့၏ပျော်ရွှင်သာယာမှုအတွက် မိမိတို့ဘာမဆိုပြုလုပ်ပေးမည်ကိုလည်းသိပါစေ။ ထိုကဲ့သို့ပြုလုပ်ပါက လိုအပ်သောသင်၏တားမြစ်ဆုံးမပိတ်ပင်မှုများသည် သူတို့၏ငယ်ရွယ်သောအသိစိတ်များတွင် ပိုမိုစွဲကျန်နေပါလိမ့်မည်။ သင်၏သားသမီးများကို ချစ်ခြင်းမေတ္တာဖြင့်နူးညံ့စွာအုပ်ထိန်းပါ။ "သူတို့၏ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့အဘ၏မျက်နှာတော်ကို အစဉ်မပြတ်ဖူးမြင်ကြ၏" (မဿဲ ၁၈း၁၀) ဟူသောသခင်ခရစ်တော်၏မိန့်မှာချက်ကို အစဉ်သတိပြုပါ။ သင်၏သားသမီးများအတွက် ဘုရားသခင်၏အလိုတော်တိုင်းပြုတော်မူနေရသည့် ကောင်းကင်တမန်များ၏လုပ်ဆောင်ချက်များအောင်မြင်လိုလျှင် သင်တို့သည်လည်း ထိုကောင်းကင်တမန်များနှင့် ပူးပေါင်းဆောင်ရွက်ကြပါ။

မေတ္တာနှင့်ပြည့်ဝပြီးဉာဏ်ပညာနှင့်စုံလင်သော စစ်မှန်သည့်အိမ်ထောင်တွင် ကြီးပြင်းလာသည့်သားသမီးတိုင်းသည် အပြင်သို့ထွက်၍ အပျော်အပါးနှင့်အပေါင်းအဖော်ကိုရှာမည်မဟုတ်ပါ။ စာတန်သည် သူတို့ကိုမဆွဲဆောင်နိုင်ပါ။ သူတို့၏အိမ်တွင်းအခြေအနေများက သူတို့၏အကျင့်များကို ပြုပြင်ပြောင်းလဲကာ အိမ်မှထွက်ခွာ၍ အပြင်လောကနှင့်ရင်ဆိုင်ရသောအခါ ကြုံတွေ့ရမည့်စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ရင်ဆိုင်နိုင်ရန်အတွက် လိုအပ်သည့်ကြံ့ခိုင်သောအမူအကျင့်များကို ယခု၌ပင်ရရှိသွားပါလိမ့်မည်။

အိမ်ထောင်တွင်မိဘများနည်းတူ သားသမီးများ၌လည်း လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များရှိပါသည်။ သားသမီးတို့သည် အိမ်ထောင်၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းကို သိရပါမည်။ သူတို့ကိုကျွေးမွေးပြုစုစောင့်ရှောက်ထားသောကြောင့် တုံ့ပြန်သည့်အနေဖြင့် ထိုအိမ်ထောင်၏တာဝန်များကိုထမ်းရွက်ရန် သူတို့တွင်တာဝန်ရှိကြောင်း၊ သူတို့ပါဝင်နေသည့်

အိမ်ထောင်၏သာယာမှုကို သူတို့တတ်နိုင်သမျှလုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို သွန်သင်ရပါမည်။

တစ်ခါတစ်ရံတွင် သားသမီးများကစည်းကမ်းသတ်မှတ်ချက်များကို တွန်းလှန်လိုကြပါသည်။ သို့သော်လည်း နောင်တွင်ကြီးပြင်းလာသောအခါ မိမိတို့၏ငယ်ရွယ်နုပျိုစဉ်ကာလတွင် မိမိတို့ကိုစည်းကမ်းတကျအုပ်ချုပ်ခဲ့သော မိဘများကို ပြန်လည်ကျေးဇူးတင်လာပါလိမ့်မည်။

---ooo---



အခန်း (၃၄)

# စစ်မှန်သောပညာရေးခရစ်ယာန်သာသနာ ပရန် လေ့ကျင့်သင်ကြားပေးခြင်း

စစ်မှန်သောပညာရေးသည် ခရစ်ယာန်သာသနာပြုတတ်ရန် သင်ကြားပေးခြင်းဖြစ်ပါသည်။ ဘုရားသခင်၏သားသမီးတိုင်းသည် ခရစ်ယာန်သာသနာပြုရန် ဆင့်ခေါ်ခြင်းကိုခံနေရပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက်နှင့် ဘဝတူလူသားများအတွက် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ရပါမည်။ ထို့ကြောင့် ဘုရားသခင်၏အမှုတော်တွင်ပါဝင်နိုင်ရန်အတွက် သင်ကြားခြင်းသည် ကျွန်ုပ်တို့၏အဓိကတာဝန်ဖြစ်ရပါမည်။

## ဘုရားသခင်၏အမှုတော်အတွက်လေ့ကျင့်သင်ကြားခြင်း

ဤရည်ရွယ်ချက်ကို ခရစ်ယာန်မိဘနှင့်ဆရာသမားတိုင်းက ဦးထိပ်ထားရပါမည်။ သားသမီးများမည်ကဲ့သို့အသက်မွေးကြရမည်ကို ကျွန်ုပ်တို့မသိပါ။ အချို့သူများက အိမ်တွင်ကျန်ခဲ့ပါလိမ့်မည်။ အချို့သူများက အိမ်တွင်ကျန်ခဲ့ပါလိမ့်မည်။ အချို့သူများက ရိုးရိုးအလုပ်များကိုလုပ်ကိုင်ကြပါလိမ့်မည်။ သို့သော် အချို့မှာ ဘုရားသခင်ကိုမသိသေးသောနိုင်ငံများသို့ ခရစ်ယာန်သတင်းစကားကို သွားရောက်သင်ကြားကြပါလိမ့်မည်။ သို့သော်လည်း ဤလူများအားလုံးသည် ဤလောကအတွက်ကရုဏာရှိသူများ၊ ဘုရားသခင်၏ခရစ်ယာန်သာသနာပြုများပင် ဖြစ်ကြရပါမည်။

ကလေးလူငယ်များသည် မိမိတို့၏သစ်လွင်နေသည့်စွမ်းရည်များ၊ ခွန်အားများ၊ ဉာဏ်စွမ်းများနှင့်တက်ကြွမှုတို့ကြောင့် သူတို့ကိုဘုရားသခင်နှစ်သက်တော်မူပါသည်။ ထို့ကြောင့် သူတို့ကိုအလိုတော်နှင့်အညီပြုပြင်ပြောင်းလဲရန် ဘုရားသခင်အလိုတော်ရှိပါသည်။ မိမိတို့၏အလိုနောက်သို့

မလိုက်ဘဲ သခင်ခရစ်တော်ဘက်၌မားမားမတ်မတ်ရပ်တည်ရန် လိုအပ်သည့် ဉာဏ်ပညာများကို သူတို့သင်ယူရပါမည်။

ရှေးဦးတပည့်တော်များနည်းတူ သခင်ခရစ်တော်က နောက်ဆုံးသောအချိန်ကာလအထိ တည်ရှိနေမည့်တပည့်တော်များကိုလည်း ဘုရားသခင်ကိုကိုယ်စားပြုရန် ကိုယ်တော်၏ဝိညာဉ်တော်နှင့်အသက်တာကိုဖော်ပြပြီး အမှုတော်ကိုဆောင်နိုင်ရန်အတွက် သခင်ခရစ်တော်က "ကိုယ်တော်သည် အကျွန်ုပ်ကို ဤလောကသို့စေလွှတ်တော်မူသည်နည်းတူ အကျွန်ုပ်သည် ဤလူတို့ကိုစေလွှတ်ပါ၏" (ယောဟန် ၁၇း၁၈) ဟုမိန့်တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့၏သားသမီးများသည် လမ်းဆုံလမ်းခွတွင် တွေဝေနေကြပါသည်။ တစ်ဖက်တွင် ဘုရားသခင်ကယ်တင်တော်မူမည့်သူများကို လမ်းလွဲစေရန်အတွက် မိမိတို့၏စိတ်အလိုများကိုလိုက်လျှောက်ရန် လောကက ဆွဲဆောင်နေပါသည်။ ထို့ကြောင့် သူတို့၏အသက်တာသည် ဤလောကအတွက်ကောင်းချီးရှိသောအသက်တာ (သို့မဟုတ်) ကောင်းချီးမရှိသောအသက်တာဖြစ်မည်ကို သူတို့၏ရွေးချယ်မှုပေါ်တွင်မှီတင်းနေပါသည်။ သူတို့သည်စိတ်တက်ကြွလျက် အသုံးမပြုသေးသည့်အစွမ်းများဖြင့် အခွင့်အရေးများကိုစောင့်မျှော်နေကြပါသည်။ ထို့ကြောင့် သူတို့သည် အကောင်းအတွက် (သို့မဟုတ်) အဆိုးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားနေပါလိမ့်မည်။

ဘုရားသခင်သည် တက်ကြွစွာလှုပ်ရှားမှုကို ငြင်းပယ်တော်မူခြင်းမဟုတ်ဘဲ ထိုတက်ကြွမှုကိုလမ်းညွှန်တော်မူခြင်းသာဖြစ်ပါသည်။ ဘုရားသခင်က လူငယ်များကိုတက်ကြွရန်အလိုတော်ရှိပါသည်။ လူတစ်ဦးကိုအောင်မြင်ပြီး အခြားသူများထက်သာလွန်စေကာ ကောင်းသောအရာများကိုတပ်မက်လိုလားခြင်း၊ အလျှော့သောဇွဲနှင့်ကြိုးစားအားထုတ်ခြင်းတို့ကို ပျက်ပြားအောင်မပြုလုပ်ရပါ။ ကောင်းကင်သည် မြေကမ္ဘာနှင့်ဝေးကွာသကဲ့သို့ ဤလောက၏စွဲမက်စရာများနှင့် မိမိတို့၏အလိုကိုငြင်းပယ်ကာ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ပိုမိုမြင့်မားသည့်အရာများကို စွမ်းဆောင်ရပါမည်။



ခရစ်ယာန်မိဘများဖြစ်သည့် ကျွန်ုပ်တို့သည် မိမိတို့၏သားသမီးများလမ်းမှန်ရောက်အောင် သွန်သင်ရပါမည်။ သခင်ခရစ်တော်၏အမှုတော်၌ သူတို့ကိုပညာသုံးလျက် ဂရုစိုက်နူးညံ့သိမ်မွေ့စွာလမ်းညွှန်ရပါမည်။ ကျွန်ုပ်တို့၏သားသမီးများကို ဘုရားသခင်၏အမှုတော်အတွက်လည်းကောင်း၊ အမှုတော်ကိုရွေးချယ်လုပ်ဆောင်ရန်နှင့် သူတို့၏အသက်တာကိုပြုပြင်ဖန်တီးရန်အတွက်လည်းကောင်း၊ သူတို့ကိုစနစ်တကျလေ့ကျင့်သင်ကြားပေးရန်အတွက်လည်းကောင်း ကျွန်ုပ်တို့တွင်တာဝန်ရှိပါသည်။

"ဘုရားသခင်--------ချစ်တော်မူ၏၊" "ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ" တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်၊" "ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသောအားဖြင့်---ငါတို့အတွက်စွန့်တော်မူသည်၊" ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာရှိလျှင် ပေးကမ်းကြပါမည်။ "သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း" ဤအချက်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်သင်ယူပြီး သူတစ်ပါးကိုဆက်လက်သင်ကြားပေးရမည့် သင်ခန်းစာများဖြစ်ပါသည်။ (ယောဟန် ၃း၁၆။ ဧဖက် ၅း၂။ မဿဲ ၂၀း၂၈)။

လူငယ်များသည် မိမိကိုယ်ကိုမိမိတို့မပိုင်ကြောင်းကို နားလည်ပါစေ။ သူတို့ကိုသခင်ခရစ်တော်ပိုင်ဆိုင်တော်မူပါသည်။ ကိုယ်တော်သည် သူတို့ကိုမိမိ၏အသွေးတော်အားဖြင့် ပေးဆပ်ဝယ်ယူထားတော်မူခဲ့ပါပြီ။ သူတို့၏ချစ်ခြင်းမေတ္တာကို ကိုယ်တော်အလိုရှိတော်မူပါသည်။ သူတို့သည် ကိုယ်တော်၏တန်ခိုးတော်အားဖြင့် အသက်ရှင်နေကြပါသည်။ သူတို့၏အချိန်၊ သူတို့၏ခွန်အားနှင့်သူတို့၏အစွမ်းများကို ကိုယ်တော်ပိုင်ဆိုင်တော်မူပြီး ဤအရာများကို ဘုရားသခင်အတွက်အသုံးပြုရန် လေ့ကျင့်အသုံးချရပါမည်။

ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းထားသည့် လူသားမိသားစုများသည် ဖန်ဆင်းခြင်းခံရသောအရာများတွင် အမွန်မြတ်ဆုံးသောအရာများဖြစ်ပါသည်။ သူတို့အတွက်ဘုရားသခင်ပေးသနားတော်မူထားသည့်

စွမ်းရည်တန်ခိုးများကို အကောင်းဆုံးအသုံးချလျက် ကိုယ်တော်ခွင့်ပြုထားတော်မူသည့်အတိုင်း ကြီးပွားတိုးတက်ရန် ဘုရားသခင်အလိုတော်ရှိပါသည်။

အသက်တာသည်လျှို့ဝှက်ပြီး သန့်ရှင်းမွန်မြတ်လှပါသည်။ အသက်ရှင်ခြင်း၏သခင်ဖြစ်တော်မူသည့် ဘုရားသခင်ကိုဖော်ပြပါသည်။ အသက်တာ၏အခွင့်အရေးများသည် အလွန်တန်ဖိုးကြီးပြီး ဤအသက်တာကိုတိုးတက်ဖွံ့ဖြိုးလာရန် အစဉ်ပြုလုပ်ရပါမည်။ အသက်တာဆုံးရှုံးသွားပါက ထာဝရပြန်ရယူ၍မဖြစ်နိုင်တော့ပါ။

ဘုရားသခင်က ကျွန်ုပ်တို့၏ရှေ့တွင်ထာဝရအသက်နှင့် ၎င်း၏မွန်မြတ်မှန်ကန်သည့်စစ်မှန်မှုများ၊ မပျက်စီးမသေမပုပ်နိုင်သောအခွင့်များကိုဖော်ပြတော်မူပါသည်။ ကျွန်ုပ်တို့၏အစွမ်းရှိသမျှကိုအသုံးချလျက် လုံခြုံသေချာသည့်လမ်းကြောင်းပေါ်တွင် မမိုတ်မသုန်ရလေအောင် ဘုရားသခင်က ကျွန်ုပ်တို့ကိုတန်ဖိုးကြီးမားလှသည့် ခရစ်ယာန်အမှန်တရားများကို သိခွင့်ပေးတော်မူပါသည်။

ဘုရားသခင်က မိမိဖန်ဆင်းထားခဲ့သည့်မျိုးစေ့ငယ်ကိုကြည့်တော်မူပြီး ၎င်းအတွင်းရှိအလွန်လှပသည့်ပန်း၊ ချုံပုတ် (သို့မဟုတ်) ဝေဆာနေသည့်သစ်ပင်ကြီးများကို မြင်တော်မူပါသည်။ ထို့အတူ လူသားတစ်ဦးစီ၏အစွမ်းပကားများကိုလည်း သိမြင်တော်မူပါသည်။ ကျွန်ုပ်တို့သည် ဤလောကသို့အကြောင်းမဲ့ရောက်လာခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏အသက်တာအတွက်ဘုရားသခင်အစီအစဉ်များချပေးတော်မူထားပြီး အမြင့်ဆုံးဖွံ့ဖြိုးကြီးပွားလာရန် ဘုရားသခင်အလိုတော်ရှိပါသည်။

ကျွန်ုပ်တို့သည် သန့်ရှင်းခြင်း၊ ပျော်ရွှင်မှုနှင့်ခရစ်ယာန်အမှုတော်အတွက်အသုံးဝင်မှု၌ အစဉ်သဖြင့်ကြီးထွားနေရန် ဘုရားသခင်အလိုတော်ရှိပါသည်။ အစွမ်းရှိသမျှတို့သည် ဘုရားသခင်ထံမှလာပြီး ဤစွမ်းရည်များကို ကိုယ်တော်၏လက်ဆောင်များအဖြစ်သိမြင်ပြီး စနစ်တကျအသုံးပြုရန်သွန်သင်ရပါမည်။ လူငယ်များသည် မိမိတို့၌ရှိသောစွမ်းရည်များကို စနစ်တကျထိန်းသိမ်းလျက် တက်ကြွစွာအသုံးချသွားရန် ဘုရားသခင်အလိုတော်



ရှိပါသည်။ ဤလောကတွင်နေထိုင်စဉ် မိမိတို့အတွက်အသုံးဝင်ပြီး တန်ဖိုးရှိသောအရာများကိုပြည့်ဝစွာခံစားကြ၍ ကောင်းမွန်စွာနေထိုင်ကာ ကောင်းသောအရာများကိုပြုလုပ်ပြီး နောင်ဘဝကောင်းကင်ဘုံတွင် အဖိုးထိုက်သောဘဏ္ဍာများကိုစုဆောင်းထားရန် ဘုရားသခင်အလိုတော်ရှိပါသည်။

လူငယ်များသည်မြင့်မြတ်သန့်ရှင်းပြီး ကိုယ်ကျိုးမဖက်သောအရာများတွင် အမြင့်ဆုံးသို့ရောက်ရှိရန် စိတ်ပြင်းပြရပါမည်။ သခင်ခရစ်တော်ကို မိမိတို့၏စံနမူနာအဖြစ်သတ်မှတ်ပါ။ သခင်ခရစ်တော်၏အသက်တာတွင် မိမိတို့ထင်ရှားတွေ့မြင်ရသည့်အလိုတော်၊ မိမိတို့နေထိုင်နေသည့်ကမ္ဘာလောကကြီးကို ပိုမိုကောင်းမွန်ပြည့်စုံလာရန် ပြုလုပ်လိုသောစိတ်သည်သူတို့ကိုအပ်နှင်းထားသည့်တာဝန်ပင်ဖြစ်ပါသည်။

## ကျယ်ပြန့်သောအုတ်မြစ်

သိပ္ပံပညာရှင်၏အထွတ်အထိပ်သည် လူသားတို့ကိုကယ်တင်သောပညာဖြစ်ပါသည်။ အပြစ်နွံထဲမှလူသားများကိုကယ်တင်ပြီး သန့်ရှင်းသောအသက်တာကိုညွှန်ပြပေးခြင်းသည် လူသားများ၏အကြီးမားဆုံးသောစွမ်းဆောင်မှုဖြစ်ပါသည်။ ထို့ကြောင့် ဤအလုပ်၌အောင်မြင်ရန်အတွက် ကျယ်ပြန့်သောအုတ်မြစ်ကိုချရန်လိုပါသည်။ ကျယ်ပြန့်သောပညာရေးစနစ်၊ ယခုသိပ္ပံပညာများကဲ့သို့မဟုတ်ဘဲ မိဘများ၊ ဆရာသမားများ အထူးကြိုးစားအားထုတ်ရမည့်ပညာရေးစနစ်ဖြစ်ရပါမည်။ ပညတ်တတ်လူတန်းစား၏ထုံးတမ်းဓလေ့များနှင့်မလုံလောက်ပါ။ ကိုယ်၊ စိတ်၊ နှလုံးသုံးပါးစလုံးကို လေ့ကျင့်သင်ကြားခြင်းရှိမှသာလျှင် ပညာရေးစနစ်သည် လုံလောက်ပြည့်စုံပါလိမ့်မည်။ အသက်တာသည် အမြင့်မားဆုံးနှင့်အပြည့်အဝဆုံးဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျလေ့ကျင့်သင်ကြားမှုကို လိုအပ်ပါသည်။

စစ်မှန်သောပညာရေးတွင် လူတစ်ကိုယ်လုံးပါဝင်ပါသည်။ မိမိကိုယ်ကိုမှန်ကန်စွာအသုံးချနိုင်ရန် သွန်သင်ပေးရပါမည်။ ကျွန်ုပ်တို့ကိုယ်ခန္ဓာ၏

ဦးနှောက်၊ ကိုယ်ခန္ဓာ၏အရိုးများ၊ ကြွက်သားများနှင့်စိတ်နှလုံးတို့ကို အကောင်းဆုံးအသုံးချတတ်ရန် သွန်သင်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ကျွန်ုပ်တို့၏စိတ်နှလုံးက ဦးဆောင်အုပ်စိုးရပါမည်။ ကျွန်ုပ်တို့၏လိုအင်စိတ်များနှင့်ရသတဏှာတို့ကို ကျွန်ုပ်တို့၏စိတ်နှင့်ဝိညာဉ်ရေးဦးဆောင်မှုအောက်တွင် ထားရှိရပါမည်။ သခင်ခရစ်တော်သည် လူသားတို့၏အထွတ်အထိပ်ဖြစ်တော်မူပြီး ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ခြင်းဖြင့် သန့်ရှင်းမြင့်မြတ်ပြီး လမ်းမှန်ပေါ်သို့ရောက်ရှိကာ ကိုယ်တော်၏အံ့ဖွယ်ကျေးဇူးတော်အားဖြင့် သခင်ခရစ်တော်၌စုံလင်ခြင်းသို့ရောက်ကြရပါမည်။

သခင်ခရစ်တော်သည် မိမိ၏ငယ်စဉ်အသက်တာ၌ အိမ်၌ပင်ပညာကိုသင်ကြားတော်မူခဲ့ပါသည်။ ကိုယ်တော်ကိုပထမဦးဆုံးပညာသင်ကြားပေးသည့်လူသားမှာ ကိုယ်တော်၏မယ်တော်ပင်ဖြစ်ပါသည်။ မယ်တော်၏နှုတ်မှ သမ္မာကျမ်းစာကိုကြားနာတော်မူခဲ့ရပြီး ကောင်းကင်နိုင်ငံတော်နှင့်စပ်ဆိုင်သည့်အရာများကို သိရှိတော်မူပါသည်။ ကိုယ်တော်သည် ရိုးရိုးလူတန်းစားမိသားစုတွင်ဖွားမြင်တော်မူခဲ့ပြီး အိမ်မှုတာဝန်များကို ကျေပွန်စွာဆောင်ရွက်တော်မူခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်၏ဗိုလ်ခြေသခင်သည် ဤလောကတွင်သစ္စာရှိသောသားငယ်တစ်ဦးအဖြစ် အမှုတော်ကိုဆောင်ခဲ့ပါသည်။ ကိုယ်တော်သည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကို သင်ကြားတော်မူခဲ့ပြီး ဖခင်ယောသပ်၏ဆိုင်တွင် လက်သမားအမှုကိုပြုခဲ့ပါသည်။ ကိုယ်တော်သည် ရိုးရိုးလူသားတစ်ဦးကဲ့သို့ဝတ်စားလျက် မြို့၏လမ်းမများတွင်ကြွမြန်းကာ ဆိုင်သို့နေ့စဉ်သွားတော်မူခဲ့ပါသည်။

ထိုခေတ်ထိုအခါကလူတို့သည် ရုပ်ပိုင်းဆိုင်ရာကိုကြည့်၍ တန်ဖိုးဆုံးဖြတ်ခဲ့ကြပါသည်။ ခရစ်ယာန်ဘာသာရေးတွင် ဝိညာဉ်တော်၏တန်ခိုးကင်းမဲ့လာပြီး ရာထူးရာခံများပါဝင်ထင်ရှားလာပါသည်။ ထိုခေတ်ထိုအခါ၏ပညာရှင်များသည် ရုပ်ပိုင်းဆိုင်ရာဝါကြွားမှုကိုသာ အလေးပေးခဲ့ကြပါသည်။ သခင်ခရစ်တော်၏အသက်တာတော်သည် ထိုသူများနှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ ကိုယ်တော်၏အသက်တော်တွင် ထိုသူများကတန်ဖိုး



ထားပြီး အလေးပေးခဲ့သောအရာများသည် အချည်းနှီးသာဖြစ်ခဲ့ကြပါသည်။ အရေးမပါသောအရာများကိုအကျယ်ချဲ့ပြီး အရေးကြီးသောအရာများကို မေးမှိန်စေခဲ့သော ထိုခေတ်ထိုအခါကကျောင်းများ၏ပညာရေးကို သခင်ခရစ်တော်မရှာဖွေခဲ့ပါ။ ကိုယ်တော်သည် မိမိ၏ပညာအတွေ့အကြုံများကို ကောင်းကင်နိုင်ငံတော်၏ကိုယ်စားလှယ်တော်များ၊ တန်ဖိုးရှိသောလုပ်ငန်းဆောင်တာများ၊ သမ္မာကျမ်းစာ၏သဘာဝတရားများကိုလေ့လာခြင်းနှင့် ဘဝအတွေ့အကြုံများမှသင်ယူမှတ်သားတော်မူခဲ့ပါသည်။ လက်တွေ့လုပ်ဆောင်လိုသောသူ၊ မျက်စိကိုဖွင့်၍လေ့လာလိုသောသူ၊ မိမိ၏စိတ်နှလုံးတံခါးကိုဖွင့်၍နားလည်လိုသောသူအတွက် ဘုရားသခင်၏ဖတ်စာများတွင် သွန်သင်ချက်များစွာရှိပါသည်။

"သူငယ်သည်လည်းကြီးပွား၍ ပညာဉာဏ်အစွမ်းနှင့်ပြည့်စုံ၏။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏" (လုကာ ၂း၄၀)။

ဤကဲ့သို့ဖြင့် ကိုယ်တော်သည် အမှုတော်အတွက်အဆင်သင့်ဖြစ်ကာ လူသားများနှင့်တွေ့ဆုံသည့်အခါတိုင်း ဤလောကတွင်မတွေ့ကြုံဖူးခဲ့သည့်ပြောင်းလဲခြင်းတန်ခိုးနှင့် ကောင်းချီးများကိုပေးဝေတော်မူခဲ့ပါသည်။

သူငယ်တစ်ဦးစီအတွက်နေအိမ်သည် သူ၏ပထမဦးဆုံးသောစာသင်ခန်းဖြစ်ပြီး ဤနေရာတွင် တစ်သက်တာအတွက်အုတ်မြစ်ကိုချ၍ စတင်တည်ဆောက်ရပါသည်။ အိမ်တွင်သင်ကြားသောအရာများသည် စာတွေ့ချည်းသက်သက်မဟုတ်ဘဲ အသက်တာတစ်ခုလုံးကို ပုံသွင်းပြောင်းလဲစေသောသင်ခန်းစာများဖြစ်ရပါမည်။

ငယ်ရွယ်စဉ်၌ပင် သူတစ်ပါးကိုကူညီတတ်ရန် ကလေးငယ်များကိုသွန်သင်ရပါမည်။ အသိတရားနှင့်ခွန်အားရှိလာသည်နှင့်တစ်ပြိုင်နက်တည်း အိမ်တွင်အိမ်မှုတာဝန်များကို ထမ်းဆောင်စေရပါမည်။ မိဘများကိုကူညီရန်လည်းကောင်း၊ ကိုယ်ကိုကိုယ်ငြင်းပယ်၍ထိန်းချုပ်ကာ သူတစ်ပါး၏ပျော်ရွှင်မှုနှင့်အဆင်ပြေမှုကို မိမိအရေးထက်ရှေ့တန်းတင်တတ်ဖို့ရန်လည်းကောင်း၊

မိမိ၏ညီအစ်ကိုမောင်နှမများနှင့်မိတ်ဆွေများကို ကူညီအားပေးရန်လည်းကောင်း၊ မိမိထက်ချို့တဲ့သောသူများ၊ ဖျားနာသောသူများနှင့်အသက်ကြီးသောသူများကို သနားကြင်နာတတ်ရန်လည်းကောင်း သွန်သင်ရပါမည်။ အိမ်ထောင်တွင်ခရစ်ယာန်၏အသက်တာပို၍ထင်ရှားလေ သားသမီးများ၏အသက်တာတွင် ပို၍ထင်ပေါ်လေဖြစ်ပါသည်။ သူတစ်ပါးအတွက်ကူညီမစခြင်းနှင့်စွန့်ကြဲခြင်းတွင် သူတို့ပို၍ပျော်မွေ့လာပါလိမ့်မည်။

## ကျောင်း၏တာဝန်

အိမ်တွင်ရရှိသောသွန်သင်ခြင်းများသည် ကျောင်း၏တာဝန်များကို အထောက်အကူပြုရပါမည်။ ကိုယ်၊ စိတ်၊ နှလုံးသုံးပါး၏ဖွံ့ဖြိုးတိုးတက်မှုနှင့် သူတစ်ပါးကိုကူညီစွန့်ကြဲခြင်းကို အမြဲတမ်းရှေ့တန်းတင်သင်ကြားပေးရပါမည်။

အခြားမည်သည့်အရာများထက်မဆို နေ့စဉ်အသက်တာတွင် သခင်ခရစ်တော်အတွက်ပြုလုပ်သော မည်သည့်သေးငယ်သောအရာမဆို အသက်တာကိုပြောင်းလဲစေပြီး သူတစ်ပါးကိုကူညီမစသည့်အမှုကို တိုးတက်ကြီးပွားစေပါသည်။ ထို့ကြောင့် ဤစိတ်ထားကိုအားပေးသွန်သင်လမ်းပြရန်မှာ မိဘတိုင်း၊ ဆရာ၊ ဆရာမတိုင်း၏တာဝန်ဖြစ်ပါသည်။ သူတစ်ပါးကိုကူညီခြင်းသည် ကောင်းကင်နိုင်ငံတော်၏အလိုတော်ဖြစ်ပြီး ဤစိတ်ဓာတ်ကိုအားပေးမြှင့်တင်ရန် ကောင်းကင်တမန်များတို့က အသက်တာမှကူညီပံ့ပိုးတော်မူပါလိမ့်မည်။

ထိုကဲ့သို့သောပညာရေးစနစ်ကို သမ္မာကျမ်းစာပေါ်တွင်အခြေခံရပါမည်။ ၎င်းစနစ်သည် သမ္မာကျမ်းစာ၌သာပါရှိလျက် သမ္မာကျမ်းစာတွင်သာပြည့်စုံပါလိမ့်မည်။ မိမိတို့၏သင်ကြားလေ့လာခြင်းကို သမ္မာကျမ်းစာပေါ်တွင်သာ အခြေခံတည်ဆောက်ရပါမည်။ အရေးကြီးဆုံးသောအရာမှာ





ဘုရားသခင်နှင့်စပ်ဆိုင်သောပညာအတွေ့အကြုံနှင့် ဘုရားသခင်စေလွှတ်တော်မူသည့်သူကို သိကျွမ်းခြင်းပင်ဖြစ်ပါသည်။

ကလေးလူငယ်တိုင်းသည် မိမိအကြောင်းကိုကောင်းစွာနားလည်သိကျွမ်းရပါမည်။ ဘုရားသခင်ပေးသနားတော်မူသည့် ကိုယ်ခန္ဓာဖွဲ့စည်းမှုနှင့် မိမိကျန်းမာရေးအားမည်ကဲ့သို့ထိန်းသိမ်းရမည်ကို သူနားလည်ရန်လိုပါသည်။ အခြေခံပညာရပ်များကို လူတိုင်းသိကျွမ်းထားရပါမည်။ ထို့ပြင်ကာယအတတ်ပညာများကိုလည်းတတ်ကျွမ်းထားပြီး နေ့စဉ်မိမိတို့၏အသက်တာတွင် လက်တွေ့အသုံးချနိုင်ရပါမည်။ ဤပညာရပ်များအပြင် အခြားသောခရစ်ယာန်သာသနာပြုပညာရပ်များကို တတ်မြောက်ထားရပါမည်။

## မျှဝေခြင်းဖြင့်တတ်မြောက်ခြင်း

လူငယ်များသည် မိမိတို့၏ဉာဏ်စွမ်းရှိသမျှနှင့် အခွင့်အရေးရသမျှကိုအသုံးချ၍ မိမိတို့၏ပညာရေးနယ်ပယ်ကိုချဲ့ထွင်ရပါမည်။ မိမိတို့ဉာဏ်ပညာအတွေ့အကြုံတိုးပွားလာသည်နှင့်အမျှ သူတစ်ပါးကိုလည်းဝေမျှရပါမည်။ သို့မှသာလျှင် စည်းစနစ်ရှိလာပြီး အစွမ်းလည်းထက်မြက်လာပါမည်။ မိမိတို့၏တတ်ကျွမ်းထားသည့်ဉာဏ်ပညာကို လက်တွေ့အသုံးချခြင်းဖြင့်လည်း ထိုဉာဏ်ပညာသည် ပို၍တန်ဖိုးမြင့်မားလာပါမည်။ အချိန်များစွာအကုန်ခံ၍ ပညာအတွေ့အကြုံများကိုရှာဖွေသော်လည်း ပြန်လည်ဝေငှအသုံးချခြင်းမရှိပါက ၎င်းသည်အထောက်အကူအဖြစ်သည့်အပြင် အနှောင့်အယှက်သာဖြစ်ပါသည်။ မိမိ၏ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း လေ့လာသောသူသည် မိမိတတ်မြောက်ထားသည့်ပညာကို မည်ကဲ့သို့ပြန်လည်အသုံးချရမည်ကိုလည်း အမြဲတမ်းကြိုးစားရှာဖွေရပါမည်။ သူသည်မည်သည့်တာဝန်ကိုထမ်းဆောင်စေကာမူ အသက်တာတစ်လျှောက်လုံးတွင် လေ့လာသင်ယူသူနှင့်ပြန်လည်သင်ကြားသူ ဟူသောတာဝန်နှစ်ရပ်စလုံးကို တစ်ပြိုင်နက်တည်းလုပ်ဆောင်သွားရပါမည်။ သူသည်ဤသို့အားဖြင့် ဘုရားသခင်ကိုကိုယ်စား

ပြုကာ ထာဝရဘုရားသခင်ကိုဖက်တွယ်လျက် ခေတ်ကာလအဆက်ဆက်၏ လျှို့ဝှက်နက်နဲသောအမှုများကို ဖော်ထုတ်နိုင်တော်မူသည့်သခင်၊ မိမိကို ယုံကြည်ကိုးစားသောသူတို့၏အခက်အခဲဆုံးဖြစ်ရပ်များကိုပင်လျှင် ဖြေရှင်းနိုင်သောဘုရားသခင်အားဖြင့် အသက်တာတွင် ရှေ့သို့လှမ်းရပါမည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် လူသားတို့၏ပတ်ဝန်းကျင်အသိုက်အဝန်းကို အထူးအလေးပေးဖော်ပြတော်မူပါသည်။ ကလေးလူငယ်များ၏အသက်တာနှင့်ဝိညာဉ်တိုးတက်မှုတွင် ပတ်ဝန်းကျင်၏အရှိန်အဝါသည် မည်မျှအရေးပါမည်ကိုစဉ်းစားကြည့်ပါ။ သူတို့၏အပေါင်းအသင်းများ၊ သူတို့လက်ခံကျင့်သုံးသည့်စည်းကမ်းချက်များသည် ဤဘဝနှင့်နောင်ဘဝအတွက် သူတို့၏အသုံးဝင်မှုကိုဆုံးဖြတ်သွားပါလိမ့်မည်။

လူငယ်များကို ဉာဏ်ပညာတိုးတက်စေရန်နှင့်စည်းကမ်းသေဝပ်မှုရှိရန် စေလွှတ်သောကျောင်းများနှင့်တက္ကသိုလ်များသည် သူတို့၏အကျင့်အကြံများကိုပျက်ပြားစေပြီး၊ ဘဝ၏စစ်မှန်သောအရာများက သူတို့၏စိတ်ကိုလမ်းလွဲစေပြီး၊ အသက်တာကိုဆိုးညစ်စေသည်ဆိုသောအချက်သည် မိဘများ၏စိတ်နှလုံးကို တုန်လှုပ်ချောက်ချားစေသင့်ပါသည်။ လူငယ်များသည် ခရစ်ယာန်ဘာသာရေးယုံကြည်ချက်များနှင့်ကင်းကွာပြီး အပျော်အပါးကြူးခြင်း၊ ဖောက်ပြန်ပျက်စီးနေသူများနှင့် တွေ့ကြုံပေါင်းသင်းလာရသောအခါ သူတို့၏သန့်ရှင်းပြီးဘုရားသခင်ကိုယုံကြည်သောစိတ်သဘောထားများသည် လွဲမှားလာပါတော့သည်။ ဘုရားသခင်ကိုဆက်ကပ်သည့် သူတို့၏မိဘများ၏ဆုတောင်းချက်များနှင့်သွန်သင်မှုများသည်လည်း မပြည့်စုံနိုင်တော့ပါ။

သူတစ်ပါးအတွက်အမှုတော်ကို တစ်နည်းတစ်လမ်းဆောင်မည်ဟု ရည်ရွယ်၍ စာသင်ခန်းများသို့တက်ရောက်သင်ကြားသူအမြောက်အမြားသည် တစ်ခါတစ်ရံတွင် မိမိတို့၏သင်ခန်းစာများ၌သာ နစ်မြုပ်နေကြပြီး ပညာသင်ဆုများကိုရရှိရန် ဤလောက၏ဂုဏ်ထူးဆောင်များနှင့်ရာထူးများကိုသာရရှိရန် စိတ်ထက်သန်တတ်ကြပါသည်။ သူတို့ပညာသင်ရန်ရောက်ရှိလာသည့် ရည်ရွယ်ချက်ကိုမေ့ပျောက်ပြီး မိမိတို့ကောင်းစားရေးနှင့် လောက၏တပ်မက်



ခြင်းများနောက်သို့လိုက်ကြပါတော့သည်။ ဤဘဝတွင်နောင်ဘဝကိုပျက်စီးဆုံးရှုံးစေမည့်အကျင့်များကိုလည်း စွဲလမ်းလာပါတော့သည်။

ပုံမှန်အားဖြင့် ကျယ်ပြန့်သောအမြင်၊ ကိုယ်ကျိုးမဖက်သောရည်ရွယ်ချက်များနှင့် မြင့်မြတ်သောစိတ်ထားရှိသူများမှာ ထိုအကျင့်များကိုငယ်စဉ်ကပင် လေ့ကျင့်ရရှိထားသောသူများဖြစ်ပါသည်။ ဣသရေလတို့ကို ဘုရားသခင်က မိမိတို့၏သားသမီးများ၏ပေါင်းသင်းဆက်ဆံမှုမိတ်သဟာယဖွဲ့ခြင်းကို ကာကွယ်စောင့်ရှောက်ရန်အရေးကြီးပုံကို သတိပေးတော်မူခဲ့ပါသည်။ ဘာသာရေး၊ လူမှုရေးနှင့်မိတ်သဟာယဖွဲ့ခြင်းအတွက် ကျင်းပပြုလုပ်ခဲ့သောအစီအစဉ်များတွင် ငယ်စဉ်ကပင် မိမိတို့၏သားသမီးများကိုမှားယွင်းသည့်အပေါင်းအဖော်များမှကာကွယ်ရန်နှင့် ဘုရားသခင်၏ပညတ်တော်များကို နားလည်အကျွမ်းတဝင်ရှိရန် စီစဉ်ထားတော်မူပါသည်။ ဣသရေလလူမျိုးတို့ကိုစတင်တည်ထောင်စဉ်ကပင် ရရှိခဲ့သောသင်ခန်းစာတို့သည် သူတို့၏စိတ်ထဲ၌စွဲခဲ့ပါသည်။ အဲဂုတ္တုပြည်တွင် နောက်ဆုံးသောဘေးဒဏ်ကိုမခံရမီ ဘုရားသခင်က မိမိတို့၏သားသမီးများကို မိမိတို့၏အိမ်ထဲ၌စုရုံးထားရန် ဣသရေလတို့ကိုမိန့်တော်မူခဲ့ပါသည်။ အိမ်တိုင်များပေါ်တွင် ယဇ်ကောင်၏အသွေးကိုသုတ်လိမ်းထားပြီး ဤကာကွယ်မှုအောက်၌ သူတို့အားလုံးကိုစုရုံးစေတော်မူခဲ့ပါသည်။ ထိုနည်းတူ ဘုရားသခင်ကိုကြောက်ရွံ့ပြီး မိမိတို့၏သားသမီးများကိုချစ်သောမိဘများသည် ဘုရားသခင်၏ပဋိညာဉ်အောက်၌ ထိုသားသမီးများကိုစုရုံးစေရပါမည်။ သခင်ခရစ်တော်ကယ်တင်ခြင်းအသွေးတော်၏ကာကွယ်မှုအောက်တွင် သူတို့ကိုစုရုံးစေရပါမည်။ တပည့်တော်များနှင့်ပတ်သက်၍ သခင်ခရစ်တော်က “ကိုယ်တော်၏နှုတ်တော်ထွက်တရားကို ဤသူတို့အားအကျွန်ုပ်ပေးပါပြီ၊ အကျွန်ုပ်သည် ဤလောကနှင့်မဆက်ဆံသကဲ့သို့ ဤသူတို့သည်မဆက်ဆံ” (ယောဟန် ၁၇း၁၄) ဟုမိန့်တော်မူခဲ့ပါသည်။

“သင်တို့သည် လောကပုံသဏ္ဌာန်ကိုမဆောင်ကြနှင့်” ဟု ဘုရားသခင်ကမိန့်တော်မူလျက် “စိတ်နှလုံးကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဌာန်

ပြောင်းလဲခြင်းသို့ရောက်ကြလော့” ဟုဆုံးမတော်မူထားပါသည်။ (ရောမ ၁၂း၂)။

“မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကိုမထမ်းကြနှင့်၊ တရားသောအမှုသည် မတရားသောအမှုကိုအဘယ်သို့လက်ခံနိုင်မည်နည်း၊ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။---ဘုရားသခင်၏ဗိမာန်တော်သည် ပုံတုတို့နှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင်ငါတည်ရှိမည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူသည်နှင့်အညီ၊ သင်တို့သည် အသက်ရှင်တော်မူသောဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။” ထို့ကြောင့်ဘုရားသခင်က “သင်တို့သည် ထိုသူတို့အထဲမှထွက်၍ အသီးအခြားနေကြလော့၊ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်၊ ထိုသို့ပြုလျှင် သင်တို့ကိုငါသည်လက်ခံမည်” (၂ကော ၆း၁၄-၁၈)။

“ငယ်သောသူနှင့်နို့စို့သောသူတို့ကိုလည်းကောင်း စုဝေးစေကြလော့၊” “ဘုရားသခင်၏ပညတ်တရားများကိုသင်ချရ၏” (ယောလ ၂း၁၆။ ထွက် ၁၈း၁၆)။

“ဣသရေလအမျိုးသားတို့အပေါ်မှာ ငါ့နာမကိုမြွက်ဆို၍တင်လျှင်၊ ငါသည်ထိုသူတို့ကိုကောင်းချီးပေးမည်” (တောလည် ၆း၂၇)။

“သင်သည် ထာဝရဘုရား၏နာမတော်ဖြင့် ခေါ်ဝေါ်သမုတ်ခြင်းကိုခံရသည်ဟု လူမျိုးခပ်သိမ်းတို့သည်သိမြင်၍ သင့်ကိုကြောက်ရွံ့ကြလိမ့်မည်” (တရားဟောရာကျမ်း ၂၈း၁၀)။

“ကျန်ကြွင်းသောယာကုပ်အမျိုးသားတို့သည် မယုံကြည်သောသူအများတို့တွင်နေ၍ ထာဝရဘုရားပေးတော်မူသောနှင်းကဲ့သို့လည်းကောင်း၊ လူကိုမငံ့လင့်၊ လူသားတို့၏အလိုသို့မလိုက်သောမိုးရေကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်” (မိက္ခာ ၅း၇)။



ကျွန်ုပ်တို့သည် ဣသရေလတို့နှင့်တစ်မျိုးတည်းဖြစ်ပါသည်။ ထို့ကြောင့်ရှေးဣသရေလတို့ကို ပညာရေးနှင့်သားသမီးများကိုသွန်သင်ဆုံးမမှုများနှင့် လိုက်နာစောင့်ရှောက်ခြင်းမှရရှိသောကတိတော်များနှင့်ကောင်းချီးများသည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။

“ငါသည်သင့်ကို----ကောင်းချီးပေး၍----သင်သည် ကောင်းချီးခံရသောသူဖြစ်လိမ့်မည်” (ကမ္ဘာဦးကျမ်း ၁၂း၂)။

လက်ဦးတပည့်တော်များနှင့် ခေတ်အဆက်ဆက်မှကိုယ်တော်၏နှုတ်ထွက်စကားတော်ကို လက်ခံယုံကြည်သောတပည့်တော်များကို သခင်ခရစ်တော်က “ငါတို့သည်တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ အကျွန်ုပ်သည် သူတို့၌ရှိ၍ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်၍ တစ်လုံးတစ်ဝတည်း၌စုံလင်စေခြင်းငှာလည်းကောင်း၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကြောင်းကို လောကသားတို့သည်သိစေခြင်းငှာ ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည် သူတို့အားပေးပါပြီ” (ယောဟန် ၁၇း၂၂၊၂၃)။

မယုံကြည်နိုင်လောက်အောင် အင်မတန်အံ့ဖွယ်ကောင်းသောစကားများဖြစ်ပါသည်။ ဤမိုးကုပ်စက်ဝိုင်းတစ်ခုလုံးကို ဖန်ဆင်းသောသခင်သည် မိမိ၌သစ္စာရှိသောသူတို့ကို သားတော်နှင့်အမျှချစ်တော်မူပါသည်။ ယခုဘဝ၌ပင် ကျွန်ုပ်တို့သည် ဘုရားသခင်၏အံ့ဖွယ်ချစ်ခြင်းမေတ္တာကို ခံစားနေရပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့ကိုကောင်းကင်နိုင်ငံတော်၏ဗိုလ်ခြေသခင်နှင့်အလင်းတော်ကိုပေးတော်မူပြီး ထိုသခင်နှင့်အတူ ကောင်းကင်နိုင်ငံတော်၏ဘဏ္ဍာတစ်ခုလုံးကို ကျွန်ုပ်တို့အားပေးတော်မူပါသည်။ ယခုဘဝအတွက် ကျွန်ုပ်တို့ကိုကောင်းချီးများချပေးသည်သာမကဘဲ နောင်ဘဝအတွက်လည်း ကတိတော်များထားရှိတော်မူပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ကျေးဇူးတော်ကိုခံစားရသောသူဖြစ်သောကြောင့် ကျွန်ုပ်တို့၏အသက်တာတွင် မြင့်မားတိုးတက်စေပြီး သန့်ရှင်းစင်ကြယ်သောအရာများကို ဘုရားသခင်သည်

ကျွန်ုပ်တို့အတွက်အလိုရှိပါသည်။ လူငယ်များအပေါ် ဘုရားသခင်၏တန်ခိုးတော်များကျရောက်ပြီး သခင်ခရစ်တော်၏သွေးစွန်းနေသည့်အလံတော်တွင် စုရုံးလျက် ကိုယ်တော်ကဲ့သို့အမှုတော်ကိုထမ်းရွက်ကာ လုံခြုံစိတ်ချရသောလမ်းကြောင်းပေါ်တွင် ဝိညာဉ်များကိုဦးဆောင်ကာ မြတည်ကျောက်တော်၏ခြေရင်းသို့ခေါ်ဆောင်လာရန်အခွင့်အရေးကို ဘုရားသခင်စောင့်မျှော်လျက်ရှိတော်မူပါသည်။

ဘုရားသခင်၏ပညာရေးစီမံကိန်းနှင့်တွဲဖက်ရန် လုပ်ဆောင်လိုသောသူတို့သည် ဘုရားသခင်၏ခိုင်မြဲစေသည့်ကျေးဇူးတော်၊ တန်ခိုးတော်နှင့်အတူ ကိုယ်တော်သည် ထိုသူတို့နှင့်အတူပါရှိတော်မူပါလိမ့်မည်။ ဘုရားသခင်က "အားယူ၍ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်၊ သွားလေရာရာ၌ သင်၏ဘုရားသခင်ထာဝရဘုရားရှိသည်၊" "ငါသည်သင့်ကိုမစွန့်၊ သင့်ကိုပစ်၍မထား" (ယောရှု ၁း၉၊၅)။

"မိုးရေနှင့်မိုးပွင့်တို့သည် မိုးကောင်းကင်မှဆင်းသက်၍ နောက်တစ်ဖန်မပြန်၊ မြေသည်မျိုးစေ့ကြဲသောသူအားမျိုးစေ့ကိုလည်းကောင်း၊ အစာစားသောသူအားအစာကိုလည်းကောင်း ပေးမည်အကြောင်း၊ မြေကိုစိုစေသဖြင့် အပင်ပေါက်စေ၍ အသီးကိုသီးစေသကဲ့သို့ ထို့အတူ ငါ၏နှုတ်ထွက်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။ သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့်ထွက်၍ ချမ်းသာစွာပို့ခြင်းကိုခံရကြလိမ့်မည်။ တောင်ကြီးတောင်ငယ်တို့သည် သင်တို့ရှေ့မှာသီချင်းဆိုသံနှင့်ကြွေးကြော်၍ တော၌ရှိသမျှသောအပင်တို့သည် လက်ခုပ်တီးကြလိမ့်မည်။ အမျိုးမျိုးသောဆူးပင်အရာ၌ ထင်းရှူးပင်နှင့်မုရတုပင်တို့သည်ပေါက်ကြလိမ့်မည်။ ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌ အောက်မေ့ဖို့ရာ၊ မပျောက်မပျက်ရသောထာဝရသက်သေဖြစ်ရလိမ့်မည်" (ဟေရှာယ ၅၅း၁၀–၁၃)။

ဤလောကကြီးတွင် လူမှုပေါင်းသင်းဆက်ဆံမှုကြီးသည် ပျက်ပြားပြီးပြောင်းလဲမှုများလိုအပ်နေပါသည်။ လူငယ်များအတွက် ဘုရားသခင်ပေးအပ်



တော်မူထားသည့်ပညာရေးစနစ်သည် ဤလူမှုရေးအရှုပ်အထွေးကို ပြန်လည်ပြုပြင်စေပါလိမ့်မည်။

"ရှေးပြိုပျက်ရာတို့ကိုပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌သုတ်သင်ပယ်ရှားရာတို့ကို တည်ဆောက်ကြလိမ့်မည်။ ဆိတ်ညံသောမြို့ရာ၊ အစဉ်အဆက်စွန့်ပစ်ရာအရပ်တို့ကို ပြုစုကြလိမ့်မည်။"

လူများကသူတို့ကို "ထာဝရဘုရား၏ယဇ်ပုရောဟိတ်ဟူ၍လည်း – ကောင်း---ဝမ်းမြောက်ကြလိမ့်မည်---ထာဝရဘုရားသည် တရားစီရင်သဖြင့်စီရင်ခြင်းကိုနှစ်သက်၏။"

"သစ္စာအတိုင်းသူတို့အား အကျိုးကိုပေးမည်။ သူတို့နှင့်ထာဝရပဋိညာဉ်ကိုဖွဲ့မည်။"

"သူတို့အမျိုးအနွယ်သားစဉ်မြေးဆက်တို့သည် တစ်ပါးအမျိုးသားနေရာအရပ်ရပ်၌ ကျော်စောကြလိမ့်မည်။ သူတို့သည် ထာဝရဘုရားကောင်းချီးပေးတော်မူသောအမျိုးအနွယ်ဖြစ်ကြ၏ဟု သူတို့ကိုမြင်သောသူအပေါင်းတို့သည် ဝန်ခံကြလိမ့်မည်။----မြေကြီးသည် အပင်ကိုပေါက်စေသကဲ့သို့လည်းကောင်း၊ လယ်ယာသည် မိမိ၌စိုက်ပျိုးသောမျိုးစေ့ကိုအညွှောက်ထွက်စေသကဲ့သို့လည်းကောင်း ထို့အတူထာဝရဘုရားသခင်သည် ခပ်သိမ်းသောလူမျိုးရှေ့မှာ ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းကိုပေါ်ထွန်းစေတော်မူလိမ့်မည်" (ဟေရှာယ ၆၁း၄၊၆–၈၊၉၊၁၁)။

---ooo---

အခန်း (၃၅)

# ဘုရားသခင်နှင့်စပ်ဆိုင်   စစ်မှန်သော အတွေ့အကြုံ

သခင်ခရစ်တော်ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ဤလောကတွင် ဘုရားသခင်၏အမှုတော်ကိုထမ်းဆောင်ရန်  ရောက်ရှိနေခြင်းဖြစ်ပါသည်။ ဤလောကတွင် ဘုရားသခင်၏အမှုတော်ကိုဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ အသက်တာသည်  ဘုရားသခင်နှင့်ပိုမိုတူညီလာပါမည်။  ကျွန်ုပ်တို့သည် အမှုတော်တွင် ဘုရားသခင်နှင့်အတူပါဝင်နိုင်ရန်အတွက်လည်းကောင်း၊ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားသခင်နှင့်ပိုမိုတူညီလာရန်အတွက်လည်းကောင်း ကျွန်ုပ်တို့သည်  ဘုရားသခင်ကိုမှန်ကန်စွာသိကျွမ်းရန်  လိုအပ်ပါသည်။ ဘုရားသခင်သည်  မိမိကိုယ်ကိုဖော်ပြတော်မူသည့်အတိုင်း  ကျွန်ုပ်တို့သိရှိနားလည်ရန်လိုအပ်ပါသည်။

စစ်မှန်သောပညာရေးစနစ်နှင့်  မှန်ကန်သောအမှုတော်အားလုံးတွင် ဘုရားသခင်ကိုသိကျွမ်းခြင်းသည်  အဓိကဖြစ်ပါသည်။ စုံစမ်းခြင်းမျိုးစုံကို အောင်မြင်ရန်  တစ်ခုတည်းသောနည်းလမ်းဖြစ်ပြီး  ကျွန်ုပ်တို့ကိုလည်း ဘုရားသခင်နှင့်ပိုမိုတူညီလာနိုင်ရန်  တစ်ခုတည်းသောလုပ်ဆောင်ချက်ဖြစ်ပါသည်။

လူသားတို့၏အသက်တာပြောင်းလဲခြင်းအတွက်  လုပ်ဆောင်နေသူများလည်း ဤပညာအတွေ့အကြုံကိုလိုအပ်ကြပါသည်။ အသက်တာ၏ပြုပြင်ပြောင်းလဲခြင်း၊ အသက်တာ၏သန့်ရှင်းစင်ကြယ်ခြင်း၊ အမှုတော်တွင်ထိရောက်မှုရှိခြင်း၊ မှန်ကန်သောအသက်တာလမ်းစဉ်ကို  ရွေးချယ်လိုက်လျှောက်ခြင်း အားလုံးသည်  ဘုရားသခင်ကိုမှန်ကန်စွာသိကျွမ်းခြင်း၌  အားလုံးမူတည်ပါသည်။ ယခုဘဝတွင် နောင်ဘဝအတွက်ဤပညာအတွေ့အကြုံသည်  အလွန်အရေးကြီးပါသည်။



"သန့်ရှင်းတော်မူသောဘုရားသခင်ကို  သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏" (သုတ္တံ ၉း၁၀)။

ဘုရားသခင်ကိုသိကျွမ်းခြင်းဖြင့်  ကျွန်ုပ်တို့အား  "အသက်ရှင်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့်စပ်ဆိုင်သောအရာရှိသမျှတို့ကို" (၂ပေ ၁း၃) ကျွန်ုပ်တို့ရရှိပါသည်။

သခင်ခရစ်တော်က  "ထာဝရအသက်ဟူမူကား  မှန်သောဘုရားသခင် တစ်ပါးတည်းဖြစ်တော်မူသော  ကိုယ်တော်ကိုလည်းကောင်း၊  စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း  သိကျွမ်းခြင်းတည်း" (ယောဟန် ၁၇း၃) ဟုမိန့်တော်မူခဲ့ပါသည်။

"ထာဝရဘုရားမိန့်တော်မူသည်ကား၊ ပညာရှိသောသူသည်  မိမိပညာ၌မဝါကြွားစေနှင့်၊ ခွန်အားကြီးသောသူသည်  မိမိခွန်အား၌မဝါကြွားစေနှင့်၊ ဥစ္စာရတတ်သောသူသည်  မိမိဥစ္စာ၌မဝါကြွားစေနှင့်၊  ဝါကြွားသောသူမည်သည်ကား  ငါသည်မြေကြီးပေါ်မှာချစ်သနားခြင်း၊  တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကိုပြုသောထာဝရဘုရားဖြစ်ကြောင်းတည်းဟူသော  ငါ့သဘောကိုသိနားလည်ခြင်း၌သာဝါကြွားစေ၊  ငါသည်ထိုအရာ၌မွေ့လျော်သည်ဟု ထာဝရဘုရားမိန့်တော်မူ၏" (ယေရမိ ၉း၂၃၊၂၄)။

ဘုရားသခင်က  မိမိအကြောင်းဖော်ပြတော်မူချက်များကို  ကျွန်ုပ်တို့ လေ့လာရန်လိုအပ်ပါသည်။

"ဘုရားသခင်နှင့်အကျွမ်းဝင်၍  မိတ်သဟာယဖွဲ့လော့၊  ထိုသို့ပြုမှ ကောင်းစားခြင်းသို့ရောက်ရလိမ့်မည်။ နှုတ်တော်ထွက်တရားကိုခံယူ၍  စကားတော်ကိုနှလုံး၌သွင်းပါလော့၊--ထိုအခါ  ထာဝရဘုရားသခင်သည်  သင်၌ ရွှေရတနာ--ဖြစ်တော်မူလိမ့်မည်။  သင်သည်  ထာဝရဘုရားသခင်၌မွေ့လျော်၍ ဘုရားသခင်ကိုဖူးမြော်ရသောအခွင့်ရှိလိမ့်မည်။ သင်ဆုတောင်းသောအခါ နားထောင်တော်မူမည်။ သစ္စာကတိထားသည့်အတိုင်း  သစ္စာဝတ်ဖြေရသော အခွင့်ရှိလိမ့်မည်။ သင်ကြံစည်သောအကြံအစည်သည်ထမြောက်၍  သင်သွားသောလမ်း၌  ရောင်ခြည်ထွန်းလိမ့်မည်။  သူတစ်ပါးတို့သည်  နှိမ့်ချခြင်းကို

ခံရသောအခါ သင်ကချီးမြှောက်သောအခွင့်ရှိသည်ဟုဆိုရလိမ့်မည်။ စိတ်နှိမ့်ချသောသူကို ကယ်တင်တော်မူလိမ့်မည်" (ယောဘ ၂၂း၂၁–၂၉)။

"ဖန်ဆင်းတော်မူသောအရာများကိုထောက်ရှုသဖြင့် ထာဝရတန်ခိုးတော်နှင့်ထာဝရအဖြစ်တော်တည်းဟူသော မျက်မြင်မရသောဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည်ကာလမှစ၍ ထင်ရှားလျက်ရှိကြ၏" (ရောမ ၁း၂၀)။

ယနေ့ကျွန်ုပ်တို့တွေ့မြင်နေရသည့်သဘာဝအရာများမှာ ဧဒင်ဥယျာဉ်ကိုအနည်းငယ်သာဖော်ပြပါသည်။ အပြစ်ကြောင့် ဤကမ္ဘာကြီးတစ်ခုလုံးတွင် အလှအပများပျက်စီးကာ နေရာတိုင်းတွင်အပြစ်၏ဆိုးကျိုးဆက်ကိုမြင်တွေ့နေရပါသည်။ ဘုန်းတန်ခိုးရှိတော်မူကာ အလွန်ကောင်းမြတ်တော်မူပြီး မေတ္တာကရုဏာတော်နှင့်ပြည့်ဝသောသခင်သည် ဤလောကကြီးကိုဖန်ဆင်းတော်မူပြီး အသက်ရှင်ခြင်းနှင့်ဝမ်းမြောက်ခြင်းဖြင့် ပြည့်စုံစေခဲ့တော်မူသည်ကို သဘာဝတရားအားဖော်ပြနေတော်မူပါသည်။ ယခုခါတွင် စုံလင်ခြင်းမရှိတော့သော်ငြားလည်း ဖန်ဆင်းပိုင်သူ၏လက်ရာတော်များကို မြင်တွေ့နိုင်ပါသေးသည်။ ကျွန်ုပ်တို့သွားလေရာရာ၌ ဘုရားသခင်၏အသံတော်နှင့်ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

တန်ခိုးပါသောမိုးချုန်းသံများ၊ ကာလအဆက်ဆက်ပြင်းထန်စွာရိုက်ခတ်လာခဲ့သည့် ပင်လယ်လှိုင်းတံပိုးများမှအစ သစ်တောများတွင်တေးသံသာပေါင်းစုံကိုဟစ်ကြွေးနေသည့် သဘာဝ၏အသံများအဆုံးအရာရာသည် ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေလျက်ရှိပါသည်။ ကောင်းကင်၊ မြေကြီး၊ ပင်လယ်နှင့်သမုဒ္ဒရာတို့တွင် လိုက်ဖက်တူညီပြီး အလှအပစုံလင်မှုတို့သည် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေပါသည်။ တည်မြဲသောတောင်ကုန်းများသည် ဘုရားသခင်၏တန်ခိုးတော်ကို ဖော်ပြနေပါသည်။ နေရောင်ခြည်၌ယိမ်းနွဲ့နေသည့်သစ်ကိုင်းများနှင့် လှပသောပန်းမာတို့သည် သူတို့၏ဖန်ဆင်းပိုင်သူကိုညွှန်ပြနေပါသည်။ အညိုရောင်မြေပြင်ပေါ်တွင်ခင်းထားသည့် စိမ်းလန်းသောကော်ဇောပြာပြာက ဘုရားသခင်၏မေတ္တာတော်ကိုဖော်ပြနေပါသည်။



ပင်လယ်၊ သမုဒ္ဒရာများနှင့် ကမ္ဘာမြေကြီး၏နက်နဲသောနေရာများက ဘုရားသခင်၏သဏ္ဍာန်တော်ကို ထင်ရှားစေပါသည်။ သမုဒ္ဒရာတွင်ပုလဲကိုလည်းကောင်း၊ ကျောက်များကြားတွင် ဂေါမိတ်၊ ခရမ်းကျောက်နှင့်သံလွင်သီးရောင်ကျောက်တို့ကိုထားတော်မူသည့်ဘုရားသခင်က အလှအပကိုချစ်မြတ်နိုးတော်မူပါသည်။ အရာရာကိုဖန်ဆင်းတော်မူပြီး သူတို့၏အလင်းနှင့်အသက်ရှင်မှုကို ကောင်းကင်တွင်နေ့စဉ်ပေါ်ထွန်းလာသည့်နေမင်းကြီးကဖော်ပြနေပါသည်။ ဤလောကကိုထွန်းလင်းစေပြီး မိုးကောင်းကင်ကိုထွန်းတောက်စေသော အလင်းရောင်ခြည်များအားလုံးက ဘုရားသခင်၏အကြောင်းကို သက်သေခံလျက်ရှိပါသည်။

"ဘုန်းတော်သည် မိုးကောင်းကင်ကိုဖုံးအုပ်လျက်၊ မြေကြီးသည် ဘုန်းအသရေတော်နှင့်ပြည့်စုံလျက်ရှိ၏" (ဟဗက္ကုတ် ၃း၃)။

"တစ်နေ့ကိုတစ်နေ့မြွက်ဆို၍ တစ်ညဉ့်ကိုတစ်ညဉ့်သွန်သင်၏။ နှုတ်မြွက်ခြင်း၊ စကားပြောခြင်းမရှိ၊ သူတို့နှုတ်ထွက်သံကိုမကြားရသော်လည်း သူတို့၏အသံသည် မြေတစ်ပြင်လုံး၌နှံ့ပြား၍ သူတို့၏စကားသည် မြေကြီးစွန်းတိုင်အောင်ရောက်လေ၏" (ဆာလံ ၁၉း၂–၄)။

အရာရာတိုင်းသည် ခမည်းတော်ဘုရားသခင်၏မေတ္တာနှင့်ကရုဏာတော်၊ ကိုယ်တော်၏သားသမီးများကိုပျော်ရွှင်စေလိုသော ဘုရားသခင်၏အလိုတော်ကိုဖော်ပြနေပါသည်။

သဘာဝကိုတည်ရှိစေပြီး ပုံမှန်လည်ပတ်စေရန်ထိန်းသိမ်းနေသည့်တန်ခိုးတော်မှာ ယနေ့သိပ္ပံပညာရှင်များယူဆထားသည့်အတိုင်း ပုံမှန်လည်ပတ်တည်ရှိနေသည့် မပြောင်းလဲသောစွမ်းအားကြောင့်မဟုတ်ပါ။ ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်သော်လည်း သဏ္ဍာန်တော်၌တည်ရှိကြောင်းကိုဖော်ပြနေတော်မူပါသည်။

"ထာဝရဘုရားမူကား မှန်သောဘုရား၊ အသက်ရှင်သောဘုရားသခင်ဖြစ်တော်မူ၏။–––ကောင်းကင်နှင့်မြေကြီးကိုမဖန်ဆင်းသောဘုရားသခင်တို့သည် ဤကောင်းကင်အောက်မြေကြီးပြင်မှ ကွယ်ပျောက်ကြလိမ့်မည်။"

"ယာကုပ်အမျိုး၏အဖို့သည် ထိုသို့သောအရာနှင့်တူတော်မမူ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းသောဘုရားသခင်ဖြစ်တော်မူ၏။"

"ထာဝရဘုရားသည် တန်ခိုးတော်အားဖြင့် မြေကြီးကိုဖန်ဆင်းတော်မူပြီ၊ ပညတ်တော်အားဖြင့် မိုးကုပ်စက်ဝိုင်းကိုတည်တော်မူပြီ၊ ဉာဏ်ပညာအားဖြင့် မိုးကောင်းကင်ကိုကြက်တော်မူပြီ" (ယေရမိ ၁း၁၀၊၁၁၊၁၆၊၁၂)။

## သဘာဝတရားသည်ဘုရားသခင်မဟုတ်ပါ

သဘာဝတရားသည် ဘုရားသခင်၏လက်ရာတော်များဖြစ်ပြီး ကိုးကွယ်ထိုက်သောအရာများမဟုတ်ပါ။ ဤအရာများသည် ဘုရားသခင်နှင့် ကိုယ်တော်၏တန်ခိုးတော်ကိုသာဖော်ပြပြီး ကျွန်ုပ်တို့သည် ဤအရာများကို ဘုရားသခင်ဟုမသတ်မှတ်ရပါ။ လူသားတို့ရေးဆွဲပြုလုပ်သည့် လက်မှုပညာများသည် အလွန်လက်ရာမြောက်ပြီးလှပပါသည်။ ဤလက်ရာများက ဖန်တီးသူ၏အကြောင်းကို တစ်စိတ်တစ်ပိုင်းဖော်ပြပြီး ထိုလက်ရာများမှဖန်တီးပြုလုပ်သူကိုယ်တိုင်မဖြစ်သွားပါ။ မိမိတို့၏လက်ရာမဟုတ်ဘဲ ဖန်တီးသူကိုသာ ချီးမွမ်းထိုက်၊ ချီးမွမ်းသင့်ပါသည်။ ထိုနည်းတူသဘာဝတရားက ဘုရားသခင်ကိုဖော်ပြပါသည်။ သို့သော်လည်း ထိုသဘာဝတရားမဟုတ်ဘဲ ထိုသဘာဝတရားကိုဖန်ဆင်းတော်မူသည့် ဘုရားသခင်ကိုသာချီးမြှောက်သင့်ပါသည်။

"ငါတို့သည် ဖန်ဆင်းတော်မူသော ထာဝရဘုရား၏ရှေ့တော်၌ ဒူးထောက်ကြကုန်အံ့။"

"မြေကြီးနက်နဲရာအရပ်တို့သည် လက်တော်၌ရှိကြ၏။ တောင်ထိပ်တို့ကိုလည်းပိုင်တော်မူ၏။ ပင်လယ်ကိုလည်းဖန်ဆင်း၍ပိုင်တော်မူ၏။ ကုန်းကိုလည်းလက်တော်နှင့်ပြုပြင်တော်မူ၏" (ဆာလံ ၉၅း၆၊၄၊၅)။

"ခိမကြယ်စုနှင့်ခသိလကြယ်ကိုဖန်ဆင်းထသော၊ သေမင်းအရိပ်ကို နံနက်အလင်းဖြစ်စေခြင်းငှာလည်းကောင်း၊ နေ့အလင်းကိုညဉ့်အမိုက်ဖြစ်စေခြင်းငှာလည်းကောင်း စီရင်ထသော။"



"တောင်တို့ကိုလုပ်၍၊ လေကိုဖန်ဆင်းထသော၊ လူစိတ်အကြံအစည်ကို လူသားဖော်ပြထသော။"

"အထက်အခန်းတော်တို့ကို ကောင်းကင်၌ဆောက်၍ အောက်တိုက်တော်ကို မြေကြီးပေါ်မှာတည်တော်မူ၏။ သမုဒ္ဒရာရေကိုခေါ်၍ မြေကြီးပြင်၌သွန်းလောင်းတော်မူ၏။ ကောင်းကင်ဗိုလ်ခြေဘုရားသခင်ထာဝရဘုရားတည်းဟူသော ဘွဲ့နာမရှိတော်မူ၏" (အာမုတ် ၅း၈။ ၄း၁၃။ ၉း၆)။

## ဤကမ္ဘာမြေကြီးကိုဖန်ဆင်းခြင်း

ဖန်ဆင်းခြင်းအမှုကို မည်သည့်သိပ္ပံပညာရပ်ကမျှ မရှင်းပြနိုင်ပါ။ "ယခုမြင်ရသောအရာတို့သည် အရင်ထင်ရှားသောအရာထဲကမဖြစ်ဘဲ မိုးကုပ်စက်ဝိုင်းတို့သည် ဘုရားသခင်၏အမိန့်တော်ကြောင့်သာတည်သည်ကို ငါတို့သည်ယုံကြည်ခြင်းအားဖြင့်သိကြ၏" (ဟေဗြဲ ၁၁း၃)။

"ငါသည်အလင်းကိုလုပ်၏၊ အမိုက်ကိုလည်းဖန်ဆင်း၏---ခပ်သိမ်းသောအမှုအရာတို့ကို ငါထာဝရဘုရားပြုတော်မူ၏။---မြေကြီးကိုငါလုပ်လေပြီ၊ မြေကြီးပေါ်မှာလူကိုလည်းဖန်ဆင်းလေပြီ၊ မိုးကောင်းကင်ကို ကိုယ့်လက်နှင့်ငါကြက်လေပြီ၊ မိုးကောင်းကင်တန်ဆာအပေါင်းတို့ကို ငါခန့်ထားလေပြီ။" "ငါခေါ်၍သူတို့သည် ချက်ချင်းပေါ်လာကြ၏" (ဟေရှာယ ၄၅း၇-၁၂။ ၄၈း၁၃)။

ဖန်ဆင်းခြင်းအမှုတွင် ဘုရားသခင်သည် ရှိပြီးသောအရာများကို အားကိုးတော်မူခြင်းမရှိခဲ့ပါ။ "ထာဝရဘုရားမြွက်ဆို၍ မြွက်ဆိုတော်မူသည့်အတိုင်းဖြစ်၏။ အမိန့်တော်ရှိ၍ မိန့်တော်မူသည့်အတိုင်းတည်လျက်နေ၏" (ဆာလံ ၃၃း၉)။ ဘုရားသခင်အမိန့်တော်ရှိသည့်အတိုင်း ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာ အရာဝတ္ထုအားလုံးသည်တည်ရှိလာပြီး ကိုယ်တော်၏ အလိုတော်အတွက် ဖန်ဆင်းခြင်းကိုခံရပါသည်။ ကောင်းကင်နှင့်ရှိသမျှ

အားလုံး၊ ဤကမ္ဘာမြေကြီးနှင့်ပါဝင်သမျှအားလုံးတို့သည် ဘုရားသခင်၏နှုတ်တော်အားဖြင့် တည်ရှိလာပါသည်။

လူကိုဖန်ဆင်းခြင်းသည် တသီးတခြားတည်ရှိသောဘုရားသခင်ကို ဖော်ပြနေပါသည်။ ဘုရားသခင်သည် မိမိ၏သဏ္ဍာန်တော်နှင့်အညီ လူကို ဖန်ဆင်းတော်မူစဉ် ထိုလူ၏ရုပ်လုံးသည် ပြီးပြည့်စုံလင်ခဲ့ပါသည်။ သို့သော် ဇီဝအသက်ကင်းမဲ့နေပါသေး၏။ ထိုအခါကျမှ အမှန်တကယ်ရှိတော်မူပြီး မိမိ၏ကိုယ်ပိုင်ဘုန်းတော်နှင့်ပြည့်စုံတော်မူသည့်ဘုရားသခင်က ဇီဝအသက်ကို ထိုလူထဲသို့မှုတ်သွင်းတော်မူသော် လူသည်အသက်ရှင်ပြီး အသိဉာဏ်ရှိသောသက်ရှိလူဖြစ်လာပါသည်။ ထိုဇီဝအသက်ကိုရရှိလိုက်သောအခါ လူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုစီ အသည်းနှလုံးနှင့်သွေးကြောများ၊ ပါးစပ်၊ ခြေလက်နှင့်သိရှိခံစားတတ်သည့်အင်္ဂါအစိတ်အပိုင်းသည် စနစ်တကျလှုပ်ရှားလာပါတော့သည်။ လူသည်အသက်ရှင်သောဝိညာဉ်တစ်လုံးဖြစ်လာပါသည်။ နှုတ်တော်ထွက်စကားတော်တည်းဟူသော သခင်ခရစ်တော်အားဖြင့် သီးခြားတည်ရှိတော်မူသည့်ဘုရားသခင်က လူကိုဖန်ဆင်းတော်မူပြီး အသိဉာဏ်နှင့်တန်ခိုးများကို ပေးအပ်တော်မူလိုက်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏အားနည်းချက်များကိုသိတော်မူပါသည်။ သို့သော်လည်း ထိုအားနည်းချက်များကို ကိုယ်တော်မှတ်တော်မမူပါ။

ဘုရားသခင်ဖန်ဆင်းသောအရာအားလုံးထဲမှ ကိုယ်တော်သည် လူကိုအမြင့်မြတ်ဆုံးသောအရာအဖြစ် ဖန်ဆင်းတော်မူပြီး ကိုယ်တော်၏အလိုတော်နှင့်ဘုန်းတော်ကိုထင်ရှားစေရန်ဖြစ်၍ မိမိကိုယ်ကိုဘုရားသခင်အဖြစ်မှတ်ရန်မဟုတ်ပါ။

"ထာဝရဘုရားအားကြွေးကြော်ကြလော့။ ထာဝရဘုရား၏အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ကြလော့။ ရွှင်လန်းစွာသီချင်းဆိုလျက် အထံတော်သို့ဝင်ကြလော့။ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်တော်မူသည်ဟု သတိမှတ်ကြလော့။ ထာဝရဘုရားသည် ငါတို့ကိုဖန်ဆင်းတော်မူ၍ ငါတို့၏သခင်ဖြစ်တော်မူ၏။ ငါတို့သည်လည်း ထာဝရဘုရား၏လူဖြစ်ကြ၏။



အထံတော်၌ကျက်စားသောသိုးစုလည်းဖြစ်ကြ၏။ ကျေးဇူးတော်ကြီးပါသည်ဟုဝန်ခံလျက်၊ တံခါးတော်တို့ကိုလည်းကောင်း၊ ဘုန်းတော်ကိုချီးမွမ်းလျက်တံတိုင်းတော်တို့ကိုလည်းကောင်း ဝင်ကြလော့။ ကျေးဇူးတော်ကိုချီးမွမ်း၍ နာမတော်ကိုကောင်းချီးပေးကြလော့။" "ငါတို့၏ဘုရားသခင်ထာဝရဘုရားကိုချီးမြှောက်ကြလော့။ သန့်ရှင်းသောတောင်တော်မှာ ပျပ်ဝပ်ကိုးကွယ်ကြလော့။ အကြောင်းမူကား၊ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် သန့်ရှင်းတော်မူသတည်း" ဆာလံ ၁၀၀း၁–၄။ ၉၉း၉။

ဘုရားသခင်သည် မိမိဖန်ဆင်းတော်မူသည့်အရာများကို မိမိ၏အမှုတော်တွင် အစဉ်အသုံးပြုလျက်ရှိပါသည်။ သူတို့ကိုသဘာဝတရားမှတစ်ဆင့် မိမိ၏ကိရိယာတန်ဆာများအဖြစ် ဘုရားသခင်အသုံးပြုလျက်ရှိပါသည်။ သူတို့သည် မိမိကိုယ်တိုင်မရပ်တည်နိုင်ပါ။ ဘုန်းတန်ခိုးနှင့်အစဉ်တည်တော်မူသည့်သခင်သည် မိမိ၏အလိုတော်နှင့်အညီ လုပ်ဆောင်နေသည်ကို သဘာဝတရားတွင်ထင်ရှားပါသည်။

"အိုထာဝရဘုရား၊ နှုတ်ထွက်စကားတော်သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။ သစ္စာတော်သည် လူမျိုးအဆက်ဆက်မြဲမြံပါ၏။ မြေကြီးကိုတည်စေတော်မူသဖြင့် လူသည်အမြဲနေပါ၏။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်၏ကျွန်ဖြစ်၍ စီရင်တော်မူသည်နှင့်အညီ ယနေ့တိုင်အောင်အမြဲနေကြပါ၏။"

"ထာဝရဘုရားသည် ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာ၊ နက်နဲရာအရပ်ရပ်တို့၌ အလိုတော်ရှိသမျှတို့ကိုပြုတော်မူ၏။"

"ထိုအရာတို့ကိုအမိန့်တော်ရှိ၍ ဖန်ဆင်းတော်မူသောကြောင့် ထာဝရဘုရား၏နာမတော်ကိုချီးမွမ်းကြစေ။ ထိုအရာတို့ကို ကာလအစဉ်အဆက်အမြဲတည်စေတော်မူ၍၊ မပျက်ရသောဓမ္မတာကိုစီရင်တော်မူ၏" (ဆာလံ ၁၁၉း၈၉–၉၁။ ၁၃၅း၆။ ၁၄၈း၅၊၆။)

ကမ္ဘာကြီးသည် မိမိ၏အစွမ်းအစခွန်အားနှင့် နှစ်စဉ်နှစ်တိုင်းအထွက်နှုန်းများတိုးပွားကာ မိမိဖာသာနေကိုလှည့်ပတ်နေခြင်းမဟုတ်ပါ။

ဘုရားသခင်၏လက်တော်အားဖြင့်သာ ဤမိုးကုပ်စက်ဝိုင်းကြီးသည် တည်တံ့နေပါသည်။ ဘုရားသခင်၏တန်ခိုးတော်အစဉ်တည်ရှိနေတော်မူသောကြောင့်သာ ဤကမ္ဘာကြီးသည် မိမိ၏ဝင်ရိုးပေါ်၌တည်ကာ ကမ္ဘာကိုလှည့်ပတ်နေနိုင်ခြင်းဖြစ်ပါသည်။ မိုးကောင်းကင်မှနေကိုထွက်စေပြီး ကောင်းကင်တံခါးများကိုဖွင့်ကာ မိုးကိုရွာစေသောသခင်မှာ ဘုရားသခင်သာလျှင်ဖြစ်တော်မူပါသည်။

"မိုးပွင့်ကိုသိုးမွေးကဲ့သို့ချတော်မူ၏။ နှင်းခဲကိုလည်း ပြာကဲ့သို့ဆွတ်ဖြူစေတော်မူ၏။"

"အသံတော်ကိုလွှတ်တော်မူသောအခါ မိုးရေအသံဗလံဖြစ်တတ်၏။ မိုးရွာသည်နှင့်လျှပ်စစ်ပြက်စေတော်မူ၏။ လေကိုလည်း ဘဏ္ဍာတော်တိုက်ထဲကထုတ်တော်မူ၏" (ဆာလံ ၁၄၇:၁၆။ ယေရမိ ၁၀:၁၃)။

ကိုယ်တော်၏တန်ခိုးတော်အားဖြင့် အသီးအနှံများသည်ဖြစ်ထွန်းကာ သစ်ရွက်များထွက်လာပြီး ပန်းများလည်းပွင့်ကြပါသည်။

လူ၏ကိုယ်ခန္ဓာရှိအစိတ်အပိုင်းများကို ပညာအရှိဆုံးပုဂ္ဂိုလ်အတွက်ပင် အလွန်လျှို့ဝှက်ပြီး အပြည့်အဝနားမလည်နိုင်ပါ။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် စက်များကဲ့သို့ပင် တစ်ခါစက်နှိုးလိုက်ပြီး အမြဲတမ်းလည်ပတ်နေခြင်းမဟုတ်ပါ။ တစ်ခါအသက်သွင်းပေးလိုက်သောအခါ အစဉ်အသက်ရှူသွင်းရှူထုတ်နေမည့် အလိုအလျောက်သီးခြားရပ်တည်ခြင်းမရှိဘဲ ဘုရားသခင်၌ပင်ကျွန်ုပ်တို့သည် အသက်ရှင်တည်ရှိကြပါသည်။

အသက်ရှင်နေသည့်ကိုယ်ခန္ဓာအတွင်းရှိ ခုန်နေသောနှလုံး၊ သွေးကြောများနှင့်ကြွက်သားများသည် အစဉ်တည်ရှိနေသော ထာဝရဘုရားသခင်ကြောင့်သာ လှုပ်ရှားနေကြပါသည်။

ကျမ်းစာအရ ဘုရားသခင်သည် အလွန်မြင့်မြတ်သန့်ရှင်းသောအရပ်တွင် လှုပ်ရှားမှုမရှိဘဲ၊ ငြိမ်သက်စွာတည်ရှိနေတော်မူသည်ဟုမဖော်ပြဘဲ ဘုရားသခင်၏အလိုတော်အတိုင်းလုပ်ဆောင်ရန် ကောင်းကင်တမန်ထောင်သောင်းများစွာတို့အလယ်တွင် တည်ရှိသည်ဟုဖော်ပြထားပါသည်။ ဤ





ကျမ်းပိုဒ်အားဖြင့် ဘုရားသခင်သည် မိမိဖန်ဆင်းထားတော်မူသည့် မိုးကုပ်စက်ဝိုင်းတစ်ခုလုံးနှင့် အစဉ်ဆက်သွယ်လျက် ဝိညာဉ်တော်အားဖြင့် နေရာတိုင်းတွင် အစဉ်တည်ရှိတော်မူသည်ကို ဖော်ပြထားတော်မူပါသည်။ ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ကောင်းကင်တမန်များမှတစ်ဆင့် မိမိ၏သားသမီးများကို စောင့်ရှောက်တော်မူပါသည်။

ကိုယ်တော်သည် ဤလောက၏အနှောင့်အယှက်များကိုကျော်ဖြတ်၍ အထက်အရပ်၌စိုးစံတော်မူပြီး အရာရာတိုင်းကိုမှတ်တော်မူပါသည်။ ဘုရားသခင်သည် မိမိ၏ကြီးမြတ်သောထာဝရဘုန်းတန်ခိုးတော်အားဖြင့် လူသားတို့အတွက် အကောင်းဆုံးဖြစ်မည်ဟု အလိုတော်ရှိတော်မူသည့်အတိုင်း ပြုတော်မူပါသည်။

"လူသည်မိမိသွားရာလမ်းကိုအစိုးမရ၊ သွားစဉ်အခါ မိမိခြေရာတို့ကို မစီရင်တတ်သည်ကို အကျွန်ုပ်သိပါ၏။"

"ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့၊ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်၊ သွားလေရာရာ၌ ထာဝရဘုရားကိုမျက်မှောက်ပြုလော့၊ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်။"

"ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့နှင့် ကရုဏာတော်ကိုခိုလှုံသောသူတို့သည် သေဘေးနှင့်ကင်းလွတ်မည့်အကြောင်း၊ အစာခေါင်းပါးသည့်ကာလ၌ အသက်ရှင်မည့်အကြောင်း သူတို့ကိုကြည့်ရှုလျက်ရှိတော်မူ၏။"

"အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုးဖွယ်ဖြစ်ပါ၏။ ထိုကြောင့် လူသားတို့သည် အတောင်တော်အရိပ်ကိုခိုလှုံလျက် နေရကြပါ၏။"

"ယာကုပ်အမျိုး၏ဘုရားသခင်မစတော်မူသောသူ၊ မိမိဘုရားသခင်ထာဝရဘုရားကိုမြော်လင့်သောသူသည် ကောင်းချီးရှိ၏။"

"အိုထာဝရဘုရား၊ မြေကြီးသည်ကရုဏာတော်နှင့်ပြည့်ဝပါ၏။ အထုံးအဖွဲ့တို့ကို အကျွန်ုပ်၌သွန်သင်တော်မူပါ။"

"ဖြောင့်မတ်စွာကျင့်ခြင်းနှင့် တရားသဖြင့်စီရင်ခြင်းကို နှစ်သက်တော်မူ၏။"

"အကျွန်ုပ်တို့ကိုကယ်တင်တော်မူသောဘုရားသခင်၊ အကျွန်ုပ်တို့၏ ဆုတောင်းခြင်းကိုနားထောင်၍ အံ့ဖွယ်သောအမှုတို့ကို တရားတော်နှင့်အညီ ပြုတော်မူ၏။ ကိုယ်တော်သည် ဝေးစွာသောမြေကြီးစွန်းနှင့်ပင်လယ်စွန်းတို့၌နေသော သူတို့၏ကိုးစားရာဖြစ်တော်မူ၏။ ကိုယ်တော်သည် တန်ခိုးနှင့်ပြည့်စုံသဖြင့် အားကြီး၍တောင်များကိုတည်စေတော်မူ၏။ သမုဒ္ဒရာမြည်သံ၊ လှိုင်းတံပိုးဟုန်းသံ၊ လူတို့ရုန်းရင်းခတ်သံများကိုလည်း ငြိမ်းစေတော်မူ၏။"

"နေထွက်ရာအရပ်နှင့်နေဝင်ရာအရပ်တို့ကို ရွှင်လန်းစေတော်မူ၏။"

"နှစ်တို့ကိုကျေးဇူးတော်နှင့်ပတ်ရစ်တော်မူ၍ ခြေတော်ရာတို့သည် ဆီဥယိုတတ်ကြပါ၏။"

"နှိမ့်ချသောသူအပေါင်းတို့ကိုကြွပင့်တော်မူ၏။ ခပ်သိမ်းသောသက်ရှိတို့သည် ကိုယ်တော်ကိုမျှော်ကြည့်ကြ၍ အချိန်တန်မှသူတို့ကိုကျွေးမွေးတော်မူ၏။ လက်တော်ကိုဖွင့်၍ အသက်ရှင်သောသက်ရှိအပေါင်းတို့ကို ရောင့်ရဲစေတော်မူ၏။" ယေရမိ ၁၀း၂၃။ သုတ္တံ ၃း၅၊၆။ ဆာလံ ၃၃း၁၈၊၁၉။ ၃၆း၇။ ၁၄၆း၅။ ၁၁၉း၆၄။ ၃၃း၅။ ၆၅း၅–၇။ ၆၅း၈၊၁၁။ ၁၄၅း၁၄–၁၆။

## ခမည်းတော်သည်သခင်ခရစ်တော်၌ထင်ရှားတော်မူခြင်း

ခမည်းတော်သည်သားတော်၌ မိမိကိုယ်ကိုထင်ရှားစေတော်မူခဲ့ပါသည်။ ထိုသားတော်သည် ခမည်းတော်၏ "တန်ခိုးနှင့်အကျင့်တော်၏ ပုံသဏ္ဌာန်ဖြစ်၍" ဤလောကသို့ ကျွန်ုပ်တို့၏ပုဂ္ဂလိက ကယ်တင်ပိုင်သူအဖြစ် အထက်သို့ကြွတော်မူပြီး ကောင်းကင်နိုင်ငံတော်ဗိမာန်တော်တွင် ကျွန်ုပ်တို့အတွက် အကျိုးဆောင်နေတော်မူပါသည်။ ဘုရားသခင်၏ပလ္လင်



တော်ရှေ့တွင် "လူသားတော်နှင့်တူသောသူတစ်ဦး" ကဲ့သို့ ကျွန်ုပ်တို့၏ ကိုယ်စားခစားလျက်ရှိတော်မူပါသည်။ (ဟေဗြဲ ၁း၁၃။ ဗျာဒိတ် ၁း၁၃)။

လူသားတို့အသက်မဆုံးရှုံးစေဘဲ မိမိတို့၏ဖန်ဆင်းပိုင်သူကို သိကျွမ်းခွင့်ရရန်အတွက် ဤလောက၏အလင်းအဖြစ် သခင်ခရစ်တော်သည် မိမိ၏ဘုန်းတော်ကိုဖုံးအုပ်လျက် ဤလောကတွင်ရိုးရိုးလူသားတစ်ဦးအနေဖြင့် ကြွရောက်နေထိုင်တော်မူခဲ့ပါသည်။ အပြစ်ကြောင့်လူသားတို့သည် မိမိ၏ ဖန်ဆင်းပိုင်သူကို ဖူးတွေ့ခွင့်မရရှိတော့သည့်အတွက် သခင်ခရစ်တော်၌ ထင်ရှားတော်မူခဲ့ပါသည်။ ခမည်းတော်၏ဘုန်းတော်မှလွှန်၍ လူသည် ဘုရားသခင်ကိုဖူးမြော်ခွင့်မရှိခဲ့ကြပါ။

သခင်ခရစ်တော်က "ငါသည်ငါ့ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သည်။" "ခမည်းတော်မှတစ်ပါး အဘယ်သူမျှသားတော်ကိုမသိ၊ သားတော်နှင့်သားတော်သည် လင်းစေလိုသူမှတစ်ပါး အဘယ်သူမျှခမည်းတော်ကိုမသိ။" (ယောဟန် ၁၀း၃၀။ မဿဲ ၁၁း၂၇)။

လူသားတို့အား ဘုရားသခင်၏အလိုတော်ကိုသိစေရန် သခင်ခရစ်တော်သည် ဤလောကသို့ကြွဆင်းတော်မူခဲ့ပါသည်။ အထက်ကောင်းကင်နှင့်မြေကြီး၊ ကျယ်ပြန့်သောသမုဒ္ဒရာရေပြင်ကြီးတို့တွင် ဘုရားသခင်၏လက်ရာတော်များကို တွေ့မြင်နိုင်ပါသည်။ ဖန်ဆင်းခံရသောအရာအားလုံးက ကိုယ်တော်၏တန်ခိုးတော်၊ ဉာဏ်ပညာနှင့်မေတ္တာတော်ကို ဖော်ပြနေပါသည်။ သို့သော်လည်း သခင်ခရစ်တော်မှတစ်ပါး ကြယ်များ၊ (သို့မဟုတ်) သမုဒ္ဒရာများ (သို့မဟုတ်) ရေတံခွန်များက ဘုရားသခင်ကိုမဖော်ပြနိုင်ပါ။

ခမည်းတော်က မိမိ၏ဘုန်းတော်နှင့်အသက်တော်ကို သဘာဝတရားက လုံးလောက်စွာမဖော်ပြနိုင်သည်ကိုသိတော်မူသည့်အတွက် လူသားတို့မမြင်နိုင်သော ဘုရားသခင်၏ဘုန်းတော်နှင့်စိတ်တော်ကို လူသားတို့အနေဖြင့်သိမြင်ခံစားနိုင်သမျှကို သိမြင်ခံစားနိုင်ရန် ခမည်းတော်သည် သားတော်ကိုဤလောကသို့စေလွှတ်တော်မူခဲ့ပါသည်။

## တပည့်တော်များသို့ထင်ရှားတော်မူခြင်း

သခင်ခရစ်တော်သည် တရားစီရင်ခြင်းကိုခံရန် အချိန်အလွန်နီးကပ်နေပါပြီ၊ လက်ဝါးကပ်တိုင်ပေါ်သို့ နောက်နေ့တွင်တက်ရတော့မည့် ကြီးစွာသောစုံစမ်းနှောင့်ယှက်ခြင်းတို့အားခံစားရမည့် တပည့်တော်များကိုနှစ်သိမ့်အားပေးရန် အကြံုညဉ်၌သခင်ခရစ်တော်မိန့်တော်မူသည်မှာ–

"တစ်ဖန်တုံယေရှုက၊ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်၊ ဘုရားသခင်ကိုယုံကြည်ကြလော့၊ ငါ့ကိုလည်းယုံကြည်ကြလော့၊ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင်မဟုတ်ကြောင်းကို သင်တို့အားငါမပြောဘဲမနေ၊ သင်တို့နေစရာအရပ်ကိုပြင်ဆင်ခြင်းငှာ ငါသွားရ၏။

"သောမကလည်း၊ သခင်၊ ကိုယ်တော်သည် အဘယ်အရပ်သို့သွားတော်မူသည်ကို အကျွန်ုပ်တို့မသိသည်ဖြစ်၍ လမ်းခရီးကိုအဘယ်သို့သိနိုင်ပါမည်နည်းဟုလျှောက်လျှင် ယေရှုက၊ ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏၊ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ။ သင်တို့သည်ငါ့ကိုသိလျှင် ငါ့ခမည်းတော်ကိုမသိဘဲမနေရကြ-----။

ဖိလိပ္ပုကလည်း၊ သခင်၊ ခမည်းတော်ကိုအကျွန်ုပ်တို့အားပြတော်မူပါ။ ထိုသို့ပြတော်မူလျှင် အကျွန်ုပ်တို့အလိုပြည့်စုံပါမည်ဟုလျှောက်လျှင် ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည်ငါ့ကိုမသိသေးသလော၊ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင် ခမည်းတော်ကိုအကျွန်ုပ်တို့အားပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုရသနည်း။ ငါသည်ခမည်းတော်၌ရှိသည်ကိုလည်းကောင်း၊ ခမည်းတော်သည်ငါ၌ရှိတော်မူသည်ကိုလည်းကောင်း မယုံသလော၊ ငါဟောပြောသောစကားကို ကိုယ်အလိုအလျောက်ငါဟောပြောသည်မဟုတ်၊ ငါပြုသောအမှုတို့ကိုကား၊ ငါ၌တည်နေတော်မူသော ခမည်းတော်သည်ပြုတော်မူ၏" (ယောဟန် ၁၄း၁–၁၀)။



ခမည်းတော်နှင့်သခင်ခရစ်တော်တို့ကြားတွင် တည်ရှိနေသောဆက်သွယ်ခြင်းကို တပည့်တော်များက နားမလည်ကြသေးပါ။ ကိုယ်တော်၏သွန်သင်ချက်များသည် တပည့်တော်များအတွက် မှုန်ဝါးနေသေးပြီး ဘုရားသခင်နှင့်ပတ်သက်၍ ရှင်းလင်းထင်ရှားစွာသိရန် သခင်ခရစ်တော်သည် အလိုရှိတော်မူခဲ့ပါသည်။

ကိုယ်တော်က "ဤအရာတို့ကိုပုံဥပမာအားဖြင့် ငါဟောပြော၏။ ပုံဥပမာအားဖြင့်မဟောမပြောဘဲ ခမည်းတော်နှင့်စပ်ဆိုင်သောအရာတို့ကို သင်တို့အားအတိအလင်းဖော်ပြသောအချိန်ကာလရောက်လိမ့်မည်" (ယောဟန် ၁၆း၂၅) ဟုမိန့်တော်မူခဲ့ပါသည်။

ပင်တေကုတ္တေနေ့၌ တပည့်တော်များအပေါ်တွင် သန့်ရှင်းသောဝိညာဉ်တော်ကျရောက်သောအခါ သခင်ခရစ်တော်၏ပုံဥပမာများကို သူတို့ပို၍နားလည်လာကြပါသည်။ တစ်ချိန်ကလျှို့ဝှက်သောသွန်သင်ချက်များသည် ယခုအခါတွင် ထင်ရှားလာပါတော့သည်။ သို့တိုင်လည်း သခင်ခရစ်တော်ပေးတော်မူခဲ့သည့်ကတိတော်များမှာ မပြည့်စုံသေးပါ။ တပည့်တော်များသည် သူတို့ခံနိုင်ရည်ရှိသောအတိုင်းအတာထိသာ ဉာဏ်ပညာအတွေ့အကြုံများကို ရရှိပြီး သခင်ခရစ်တော်၏ကတိတော်များမှာ သူတို့လက်ထက်တွင်မပြည့်စုံခဲ့ကြပါ။ ယနေ့လည်းပဲ ထိုကဲ့သို့ဖြစ်နေပါသည်။ ဘုရားသခင်နှင့်စပ်ဆိုင်၍ ကျွန်ုပ်တို့သိသောအသိတရားမှာမပြည့်စုံသေးဘဲ ကျန်နေပါသေးသည်။ သို့သော်လည်း အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးပြီးဆုံးသွား၍ အပြစ်နှင့်ပြည့်ဝသောဤလောကတွင် ဘုရားသခင်ဘက်၌သစ္စာရှိစွာသက်သေခံရပ်တည်ခဲ့သောသူများကို ခမည်းတော်၏ရှေ့တွင် သခင်ခရစ်တော်က အသိအမှတ်ပြုတော်မူသောအခါမှ သူတို့သည် ယခုအချိန်၌မရှင်းလင်းသောအရာများကို ထင်ရှားစွာသိမြင်လာပါလိမ့်မည်။

သခင်ခရစ်တော်သည် မိမိ၏ဘုန်းတော်နှင့်ပြည့်ဝနေသောလူဇာတိကို ကောင်းကင်နိုင်ငံတော်သို့ယူဆောင်သွားတော်မူခဲ့ပါသည်။ ကိုယ်တော်ကိုလက်ခံယုံကြည်သောသူများအား သခင်ခရစ်တော်က ဘုရားသခင်၏သား

တော်အရာကိုပေးတော်မူပြီး သို့မှသာ သူတို့သည် ထာဝရကာလတစ်လျှောက်လုံး ဘုရားသခင်နှင့်အတူ အသက်ရှင်နေထိုင်သွားနိုင်သောအခွင့်ကို ခမည်းတော်ထံမှရရှိခံစားရပါလိမ့်မည်။ ဤလောကတွင်ရှိစဉ်အခါ၌ ဘုရားသခင်ဘက်၌သစ္စာရှိလျှင် သူတို့သည် "မျက်နှာတော်ကိုမြင်ရ၍ သူတို့နဖူး၌လည်း နာမတော်ရေးထားလျက်" (ဗျာဒိတ် ၂၂း၄) ခစားရပါလိမ့်မည်။ ကောင်းကင်၌ရှိသောဘုရားသခင်ကို ဖူးမြော်ရခြင်းထက်ပို၍ ပျော်စရာကောင်းသောအရာရှိနိုင်ပါမည်လား။ သခင်ခရစ်တော်၏ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိပြီး ဘုရားသခင်၏မျက်နှာတော်ကိုဖူးမြော်ခွင့်၊ ဘုရားသခင်ကိုခမည်းတော်အနေဖြင့်သိရှိခွင့်တို့ထက်ပို၍ ပျော်ရွှင်ဖွယ်ကောင်းသောအခွင့်အရေးသည် အပြစ်သားအတွက် ဘယ်မှာရှိနိုင်ပါသနည်း။

သမ္မာကျမ်းစာတွင် ဘုရားသခင်နှင့်သခင်ခရစ်တော်တို့၏ဆက်သွယ်ခြင်းနှင့် သူတို့တစ်ဦးစီ၏သီးခြားတည်ရှိတော်မူခြင်းကိုလည်း ထင်ရှားစွာဖော်ပြထားပါသည်။

"ရှေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဖော်ပြတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဖော်ပြတော်မူပြီး----ထိုသားတော်သည် ဘုရားသခင်၏တန်ခိုးနှင့်အကျင့်တော်၏ပုံသဏ္ဌာန်ဖြစ်၍ တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက် ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့်သုတ်သင်ပယ်ရှင်းပြီးလျှင် မြင့်သောအရပ်မှာ တန်ခိုးတော်၏လက်ယာဘက်၌ထိုင်တော်မူ၏။ ကောင်းကင်တမန်တို့ရရှိသောဘွဲ့နာမထက် ထူးမြတ်သောဘွဲ့နာမတော်ကိုခံရသည်နှင့်အညီ ကောင်းကင်တမန်တို့ထက်ကြီးမြတ်သောသူဖြစ်တော်မူ၏။ အကြောင်းမူကား၊ သင်သည်ငါ့သားဖြစ်၏၊ ယနေ့ပင် သင့်ကိုငါဖြစ်ဖွားစေပြီဟူ၍လည်းကောင်း၊ ငါသည်သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်ဟူ၍လည်းကောင်း အဘယ်မည်သောကောင်းကင်တမန်ကို တစ်ခါမျှမိန့်တော်မူသနည်း" (ဟေဗြဲ ၁း၁-၅)။



ခမည်းတော်နှင့်သားတော်တို့၏သီးခြားတည်ရှိနေသော စိတ်သဘောတော်နှင့် သူတို့နှစ်ပါးတို့၏စည်းလုံးညီညွတ်တော်မူခြင်းကို တပည့်တော်များအတွက် ယောဟန် (၁၇) တွင်ဖော်ပြထားပါသည်။ သခင်ခရစ်တော်၏ဆုတောင်းချက်၌ တွေ့မြင်နိုင်ပါသည်။

"ထိုသူတို့အဖို့ကိုသာ အကျွန်ုပ်ဆုတောင်းသည်မဟုတ်ပါ။ သူတို့ဟောပြောခြင်းအားဖြင့် အကျွန်ုပ်ကိုယုံကြည်သောသူတို့အဖို့ကိုလည်း ဆုတောင်းပါ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကသားတို့သည် ယုံကြည်မည်အကြောင်း ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက် အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏" (ယောဟန် ၁၇း၂၀၊၂၁)။

သခင်ခရစ်တော်နှင့်တပည့်တော်များအကြားတွင် တည်ရှိသော တစ်လုံးတစ်ဝတည်းစည်းလုံးခြင်းသည် သူတို့တစ်ဦးစီ၏သီးခြားတည်ရှိနေခြင်းကို မထိခိုက်နိုင်ပါ။ သူတို့သည် ရည်ရွယ်ချက်များ၊ စိတ်တော်နှင့် အသက်တာတွင်တစ်လုံးတစ်ဝတည်းဖြစ်တော်မူသော်လည်း ကိုယ်ကာယပေါင်းစည်းခြင်းမရှိကြပါ။ ထိုနည်းတူ ခမည်းတော်နှင့်သားတော်တို့သည်လည်း ထိုကဲ့သို့ပင်ဖြစ်တော်မူပါသည်။

## သခင်ခရစ်တော်၌ဘုရားသခင်၏အသက်တာတော်ထင်ရှားစေတော်မူခြင်း

လူဇာတိကိုခံယူခြင်းဖြင့် ခရစ်တော်သည် လူသားတစ်ဦးဖြစ်ခဲ့တော်မူပြီး တစ်ချိန်တည်း၌ပင်အပြစ်သားများအား ခမည်းတော်ကိုဖော်ပြတော်မူခဲ့ပါသည်။ အစအဦးကပင် ခမည်းတော်နှင့်အတူရှိခဲ့ပြီး လူသားတို့ဖူးမြော်ခွင့်မရှိခဲ့သောသခင်၏သဏ္ဌာန်တော်နှင့်အညီဖြစ်တော်မူသည့် သားတော်သခင်ယေရှုသည် ခမည်းတော်ကိုဖော်ပြနိုင်ဆုံးသောသခင်ဖြစ်တော်မူပါသည်။

ကိုယ်တော်သည် ကျွန်ုပ်တို့ကဲ့သို့ပင် လူဇာတိကိုခံယူပြီး ရေငတ်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းနှင့်မောပန်းခြင်းတို့ ရှိတော်မူခဲ့ပါသည်။ ကိုယ်တော်သည်အစာအာဟာရကိုမှီဝဲရပြီး အိပ်စက်အနားယူတော်မူခဲ့ရပါသည်။ ကိုယ်တော်သည် လူသားတစ်ဦးအနေဖြင့် အပြည့်အဝအသက်ရှင်တော်မူခဲ့သော်လည်း တစ်ချိန်တည်း၌ပင် အပြစ်မဲ့သောဘုရားသခင်၏သားတော်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီးတွင် ကိုယ်တော်သည် ဧည့်သည်သာဖြစ်တော်မူခဲ့ပါသည်။ ဤလောကတွင်ရှိနေသော်လည်း ဤလောက၏အပြစ်များတွင် ပါဝင်တော်မမူခဲ့ပါ။ ယနေ့လူသားများရင်ဆိုင်ရသည့် စုံစမ်းနှောင့်ယှက်ခြင်းများအားလုံးနှင့် သူသည်ရင်ဆိုင်ခဲ့ရသော်လည်း ကိုယ်တော်သည် အပြစ်မဲ့သောအသက်တာဖြင့် အသက်ရှင်တော်မူခဲ့ပါသည်။ သနားခြင်းကရုဏာရှိလျက် သူတစ်ပါးကို ကိုယ်ချင်းစာတော်မူခဲ့သည့်သခင်သည် ဘုရားသခင်၏စိတ်သဘောတော်ကို အစဉ်ဖော်ပြတော်မူပြီး ဘုရားသခင်နှင့်လူတို့၏အမှုတော်ကို အစဉ်ပါဝင်တော်မူခဲ့ပါသည်။

"ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကိုစည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အားလွတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကို ပြစေခြင်းငှာလည်းကောင်း" "မျက်စိကန်းသောသူတို့အားမျက်စိမြင်ပြန်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း။" "ထာဝရဘုရား၏ကောင်းချီးနှစ်နှင့်----စိတ်မသာညည်းတွားသောသူတို့အား နှစ်သိမ်းစေခြင်းငှာလည်းကောင်း။" "ငါ့ကိုဘိသိက်ပေးတော်မူပြီ။" (ဟေရှာယ ၆၁း၁။ လုကာ ၄း၁၉။ ဟေရှယ ၆၁း၂၊၁။)

ကိုယ်တော်က "သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏သားဖြစ်လိုသောငှာ၊ သင်တို့၏ရန်သူတို့ကိုချစ်ကြလော့၊ သင်တို့ကိုကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့၊ သင်တို့ကိုမုန်းသောသူတို့အား



ကျေးဇူးပြုကြလော့၊ သင်တို့ကိုနှောင့်ယှက်ညှဉ်းဆဲသောသူတို့အဖို့ ဘုရားသခင်ကိုဆုတောင်းကြလော့။" "ထိုဘုရားသခင်သည် ကျေးဇူးမသိသောသူ၊ ဆိုးညစ်သောသဘောရှိသောသူတို့အား ကျေးဇူးပြုတော်မူ၏။" အကြောင်းမူကား ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကိုထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏။" "ထို့ကြောင့် သင်တို့အဘသည် သနားခြင်းစိတ်ရှိတော်မူသည်နည်းတူ သင်တို့သည်လည်း သနားခြင်းစိတ်ရှိကြလော့။" (မဿဲ ၅း၄၄။ လုကာ ၆း၃၆။ မဿဲ ၅း၄၅။ လုကာ ၆း၃၆။)

"ထိုသနားတော်မူခြင်းကျေးဇူးတော်အားဖြင့် ကောင်းကင်ဘုံမှနေအရုဏ်သည် ငါတို့အပေါ်သို့တက်သဖြင့် မှောင်မိုက်နှင့်သေမင်း၏အရိပ်ထဲတွင်ရှိနေသောသူတို့၌ အလင်းပေါ်ထွန်း၍ ငါတို့အားငြိမ်သက်ခြင်းလမ်းကိုပြလျက်ရှိသည်" (လုကာ ၁း၇၈၊၇၉)။

## လက်ဝါးကပ်တိုင်၏ဘုန်းတော်

လူသားတို့အပေါ်၌ထားရှိသော ဘုရားသခင်၏မေတ္တာတော်ကို လက်ဝါးကပ်တိုင်က အဓိကဖော်ပြနေပါသည်။ ဤမေတ္တာ၏အတိုင်းအဆကိုနှုတ်အားဖြင့်လည်းကောင်း၊ ကလောင်တန်အားဖြင့်လည်းကောင်း ပြည့်စုံအောင်မဖော်ပြနိုင်ပါ။ လူသားတို့၏စိတ်ထဲတွင်လည်း အပြည့်အဝနားမလည်နိုင်ပါ။ လက်ဝါးကပ်တိုင်ကိုကြည့်လျက် "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကသားတို့ကိုချစ်တော်မူ၏" (ယောဟန် ၃း၁၆) ကိုရှုတ်ရုံသာရှိပါသည်။

ကယ်တင်ခြင်း၏နက်နဲသောအကြောင်းအရာများသည် ကျွန်ုပ်တို့၏အပြစ်များကြောင့် အသေခံတော်မူခဲ့သည့်သခင်ခရစ်တော်၊ သေခြင်းတရားမှပြန်လည်ရှင်ပြန်ထမြောက်တော်မူခဲ့သည့်သခင်ခရစ်တော်၊ ကောင်းကင်နိုင်ငံတော်သို့ပြန်လည်ကြွမြန်းသွားခဲ့သည့်သခင်ခရစ်တော်ကို ကျွန်ုပ်တို့လေ့လာသွားရပါမည်။

## သခင်ခရစ်တော်သာလျှင်

"ထိုသခင်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊ ဘုရားသခင်နှင့်ပြိုင်သောအမှုကိုလုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက်၊ လူကဲ့သို့အပြစ်၌ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဘုန်းအင်္ဂါလက္ခဏာများနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏" (ဖိလိပ္ပိ ၂း၆–၈)။

"အသေခံ၍ခံသည်သာမက သေခြင်းမှထမြောက်၍ ဘုရားသခင်၏လက်ယာတော်ဘက်၌နေလျက် ငါတို့အဖို့ဆုတောင်းသောသူကား ခရစ်တော်ပေတည်း။"

"ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့် သူတို့ကိုအစဉ်ကယ်တင်ခြင်းငှာတတ်နိုင်တော်မူ၏" (ရောမ ၈း၃၄။ ဟေဗြဲ ၇း၂၅)။

"ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲမှုဒဏ်များကြောင့် မကြင်နာနိုင်သောသူမဟုတ်၊ ငါတို့ခံရသည်နည်းတူအမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကိုခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် အပြစ်နှင့်ကင်းလွတ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။



ကျွန်ုပ်တို့ရရှိသောကောင်းချီးတိုင်းသည် သခင်ခရစ်တော်ထံမှလာပါသည်။ နေ့စဉ်နှင့်အမျှ ဤကောင်းချီးများမှဘုရားသခင်၏ကောင်းမြတ်တော်မူခြင်းကို အစဉ်မပြတ်ခံစားရပါသည်။ အလွန်နူးညံ့လှပပြီး ရနံ့သင်းသည့်ပန်းပွင့်တိုင်းသည် ကျွန်ုပ်တို့ပျော်ရွှင်ရန်အတွက် ဘုရားသခင်ပေးတော်မူပါသည်။ နေနှင့်လတို့ကို ကိုယ်တော်ဖန်ဆင်းတော်မူခဲ့ပါသည်။ ကောင်းကင်ကိုလှပစေသောကြယ်တစ်လုံးမျှသည် ဘုရားသခင်အလိုမရှိဘဲဖြစ်မလာနိုင်ပါ။ ကျေးဇူးမသိတတ်သော ဤကမ္ဘာမြေပေါ်သို့ကျရောက်သည့်မိုးစေ့တိုင်း၊ အလင်းတိုင်းသည် သခင်ခရစ်တော်ထံမှယိုစီးလာတော်မူသည့် ဘုရားသခင်၏မေတ္တာကို ဖော်ပြနေပါသည်။ နှုတ်အားဖြင့်စာမဖွဲ့နိုင်လောက်အောင်အလွန်အစွမ်းထက်မြက်လှသည့်လက်ဆောင်မွန်ဖြစ်တော်မူသည့် ဘုရားသခင်၏တစ်ဦးတည်းသောသားတော်ထံမှ ကျွန်ုပ်တို့လိုအပ်ချက်များပြည့်စုံပါသည်။ ဘုရားသခင်ဖန်ဆင်းခဲ့သောလူသားများ၊ ဤကောင်းချီးများကိုခံစားနိုင်ရန်အတွက် ကိုယ်တော်သည် လက်ဝါးကပ်တိုင်ပေါ်တွင်ရိုက်နှက်ခြင်းခံတော်မူခဲ့ပါသည်။

"ဘုရားသခင်၏သားတော်ဟုခေါ်ဝေါ်ခြင်းအခွင့်ကို ငါတို့သည်ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှလောက်ချစ်တော်မူသည်ကို ကြည့်ရှုဆင်ခြင်ကြလော့" (၁ယော ၃း၁)။

"ကိုယ်တော်ကိုမြော်လင့်သောသူတို့အဖို့အလိုငှာ ကျေးဇူးပြုတော်မူသောဘုရားသခင်ကိုယ်တော်မှတစ်ပါး အခြားသောဘုရားသခင်ကို ကမ္ဘာဦးမှစ၍ အဘယ်သူမျှမကြားမသိပါ။ နားဖြင့်မကြား၊ မျက်စိဖြင့်မမြင်စဖူးပါ" (ဟေရှာယ ၆၄း၄)။

## ပြောင်းလဲမှုကိုဖြစ်စေသောအသိတရား

သခင်ခရစ်တော်မှတစ်ဆင့် ဘုရားသခင်ဖော်ပြတော်မူထားသည့် အတွေ့အကြုံတို့သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်လိုအပ်သော ပညာ

အတွေ့အကြုံများဖြစ်စေပါသည်။ ဤအသိပညာသည် ကျွန်ုပ်တို့၏အသက်တာကိုပြောင်းလဲစေပါသည်။ ဤအတွေ့အကြုံကိုလက်ခံခြင်းဖြင့်ကျွန်ုပ်တို့သည် ဘုရားသခင်၏သဏ္ဌာန်တော်သို့ပြောင်းလဲခြင်းကိုခံရပါလိမ့်မည်။ အထက်မှလာသောဝိညာဉ်တန်ခိုးဖြင့် တစ်ကိုယ်လုံးပြောင်းလဲသွားပါလိမ့်မည်။

"ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့၊ ဘုရားသခင်၏တန်ခိုးတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏သခင်သည် တန်ခိုးတော်ကိုလွှတ်တော်မူသည့်အတိုင်း၊ ငါတို့သည် တန်ခိုးကိုတိုးပွား၍ ပုံသဏ္ဌာန်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏" (၂ကော ၃း၁၈)။

ကိုယ်တော်သည် မိမိကိုယ်နှင့်ပတ်သက်၍ "ငါသည်ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်" သည် (ယောဟန် ၁၅း၁၀)။ "ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည်စွန့်ပစ်တော်မမူ၊ အကြောင်းမူကား နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်ဟုမိန့်တော်မူ၏" (ယောဟန် ၈း၂၉)။ သခင်ခရစ်တော်သည် လူဇာတိကိုခံယူစဉ်၌ နေထိုင်သွားတော်မူသည့်အတိုင်း ဘုရားသခင်က မိမိ၏ယုံကြည်သူများကိုလည်း နေထိုင်သွားရန်အလိုတော်ရှိပါသည်။ ဘုရားသခင်၏ခွန်အားဖြင့် သခင်ခရစ်တော်၏မွန်မြတ်သန့်ရှင်းသောအသက်တာကို ကျွန်ုပ်တို့နေထိုင်သွားနိုင်ပါသည်။

ထို့အတွက်ကြောင့် ပေါလုက "ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသောတစ်အိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏အချုပ်အခြာဖြစ်တော်မူသော ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ရှေ့မှာ ငါသည်ဒူးထောက်၍ဆုတောင်းလေ့ရှိ၏။ ဆုတောင်းသောအချက်ဟူမူကား ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကိုခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍ ယုံကြည်ခြင်းအားဖြင့်ခရစ်တော်သည် သင်တို့၏စိတ်နှလုံးအထဲ၌ တည်ရှိတော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာ သင်တို့အားပေးသနားတော်မူ၍၊ မေတ္တာ၌စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်းကျတည်ခြင်းရှိသဖြင့် သင်တို့သည် သန့်ရှင်းသောသူအပေါင်းတို့၏နည်းတူ အနံ၊ အလျား၊ အနက်၊



အမြင့်တို့ကို ပိုင်းခြား၍သိခြင်းငှာလည်းကောင်း၊ ကိုယ်ဉာဏ်နှင့်မသိနိုင်သောခရစ်တော်၏မေတ္တာတော်ကို သိနားလည်ခြင်းငှာလည်းကောင်း သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း ငါသည်ဆုတောင်းလေ့ရှိ၏" (ဧဖက်၃း၁၄–၁၉)။

"ငါတို့သည်ကြားရသည့်နေ့မှစ၍ သင်တို့အဖို့အလိုငှာ အစဉ်မပြတ်ဆုတောင်းပြုလျက်နေကြ၏။ ဆုတောင်းသောအချက်ဟူမူကား၊ သင်တို့သည် ကောင်းသောအကျင့်အမျိုးမျိုးတည်းဟူသော အသီးကိုသီးခြင်း၊ ဘုရားသခင်ကိုသိသောဉာဏ်၌ တိုးပွားခြင်းရှိသဖြင့်လည်းကောင်း၊ ဝမ်းမြောက်သောစိတ်နှင့်အရာရာ၌သည်းခံခြင်း၊ စိတ်ရှည်ခြင်းအလိုငှာ၊ ဘုန်းကြီးသောတန်ခိုးတော်အတိုင်း ခွန်အားနှင့်ပြည့်စုံသဖြင့်လည်းကောင်း၊ ခမည်းတော်ဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းလျက် ဘုရားသခင်နှင့်ထိုက်လျောက်စွာကျင့်၍အရာရာ၌နှစ်သက်တော်မူစေခြင်းငှာ ပညာအမျိုးမျိုး၊ ဉာဏ်အမျိုးမျိုးအားဖြင့် အလိုတော်ကိုအကုန်အစင်နားလည်ပါမည်အကြောင်း ဆုတောင်းပြု၏" (ကောလောသဲ ၁း၉–၁၁)။ ဘုရားသခင်က ဤပညာအတွေ့အကြုံများကိုလေ့လာရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်လျက်ရှိပြီး ဤပညာအတွေ့အကြုံမှလွဲ၍ အခြားသောအရာများသည် အချည်းနှီးသက်သက်သာဖြစ်ပါသည်။

---ooo---

အခန်း (၃၆)

# လက်တွေ့သမားတို့၏ဘေးရန်

လောကတွင်အဆိုးရွားဆုံးသောဉာဏ်ပညာမှာ လက်တွေ့သက်သေပြနိုင်မှယုံကြည်မည်ဟူသော သိပ္ပံပညာအယူအဆအချို့ဖြစ်ပြီး လူသည်မိမိ၏ဉာဏ်ပညာကိုလိုသည်ထက်ပို၍ တန်ဖိုးထား၍အားကိုးလာပါသည်။ သူတို့၏မစုံလင်သောသိပ္ပံပညာအတွေ့အကြုံများဖြင့် ဖန်ဆင်းပိုင်သူကိုဝေဖန်တတ်ကြပါသည်။ သူတို့ကသဘာဝနှင့်ဘုန်းတော်များကိုသိလာကြပြီး ဘုရားသခင်နှင့်ပတ်သက်လာသောအခါ လက်တွေ့မြင်မှယုံကြည်လိုကြပါသည်။ ဤကဲ့သို့ယူဆ၍လေ့လာနေသူများသည် အလွန်မိုက်သောသူများဖြစ်ပါသည်။ သူတို့၏စူးစမ်းတွေ့ရှိချက်များသည် မည်သို့မျှအကျိုးမဖြစ်ထွန်းဘဲ မိမိတို့၏ဝိညာဉ်ရေးကိုပင် ထိခိုက်လာစေပါလိမ့်မည်။

ဘုရားသခင်တားမြစ်ထားတော်မူသည့် ပညာအတွေ့အကြုံများကိုစူးစမ်းလိုသောကြောင့် ကျွန်ုပ်တို့၏မိဦးဖဦးတို့သည် အပြစ်ကျူးလွန်ခဲ့ကြပါသည်။ ဤအတွေ့အကြုံကိုလိုက်စားလိုခြင်းကြောင့် ပိုင်ဆိုင်ထိုက်သောအရာများအားလုံးကို သူတို့ဆုံးရှုံးခဲ့ကြပါသည်။

အကယ်၍အာဒံနှင့်ဧဝတို့သည် ဘုရားသခင်တားမြစ်ထားတော်မူခဲ့သည့်အသီးကို စားသုံးခြင်းမရှိခဲ့ပါလျှင် ဘုရားသခင်ကသူတို့ကိုအပြစ်၏ကျိန်ခြင်းမပါဘဲ ထာဝရပျော်ရွှင်ဝမ်းမြောက်မည့်ပညာအတွေ့အကြုံများကိုပေးတော်မူပါလိမ့်မည်။ စာတန်၏တိုက်တွန်းခြင်းကိုနားထောင်ခြင်းကြောင့် သူတို့တွင်အပြစ်နှင့် ၎င်း၏ဆိုးကျိုးဆက်များကိုသာရရှိခံစားခဲ့ကြပါသည်။ သူတို့၏နားမထောင်ခြင်းကြောင့် လူသည်ဘုရားသခင်နှင့်အဆက်ပြတ်ကာ ဤကမ္ဘာမြေကြီးသည် ကောင်းကင်နိုင်ငံနှင့်ဝေးကွာခဲ့ရပါသည်။

ဤအရာများသည် ကျွန်ုပ်တို့အတွက်သင်ခန်းစာများဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိဦးဖဦးတို့လျှောက်ခဲ့သည့်လမ်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရန် ယနေ့လူသားများကို စာတန်က တိုက်တွန်းနေပါသည်။ ဤလောက



တွင်အလွန်ဆွဲဆောင်မှုရှိသောလိမ်လည်မှုများဖြင့် ပြည့်လျှံနေပါသည်။ လိမ်လည်ဖြားယောင်းမှုအမျိုးမျိုးကိုအသုံးပြုလျက် ဘုရားသခင်ကိုဝေဖန်ရန်လူသားများကိုဆွဲဆောင်နေပါသည်။ ဤနည်းအားဖြင့် လူသားတို့၏ကယ်တင်ခြင်းအတွက် အလွန်အရေးကြီးသည့်ပညာအတွေ့အကြုံများကိုမရှာဖွေမိရန် သူကြိုးစားတားမြစ်နေပါသည်။

## ရုပ်သဏ္ဍာန်

ယနေ့ထာဝရဘုရားနှင့်နှုတ်ထွက်စကားတော်တို့ကို ယုံကြည်မှုအားနည်းစေသောသွန်သင်ချက်များသည် အသင်းတော်ကျောင်းများနှင့်ဘုရားကျောင်းများတွင် စိမ့်ဝင်လျက်ရှိပါသည်။ သမ္မာကျမ်းစာကိုယုံကြည်ပါဟုဆိုသူများတွင်ပင်လျှင် သဘာဝတရားကိုဘုရားသခင်အမှတ်ဖြင့်နှိုင်းယှဉ်ထားသည့်သွန်သင်ချက်များကို လက်ခံလာနေပါသည်။ ဤသွန်သင်ချက်များသည် အလွန်လှပစွာစီချယ်ထားသော်လည်း သူတို့အတွက်ဘေးရန်အရှိဆုံးဖြစ်ပါသည်။ ၎င်းတို့ကဘုရားသခင်ကို မှားယွင်းစွာဖော်ပြထားပြီး ကိုယ်တော်၏ကြီးမြတ်တော်မူခြင်းနှင့် ဘုန်းတော်ကိုလည်းအရိုအသေမဲ့စေပါသည်။ ၎င်းတို့သည် လူကိုလမ်းလွဲစေသည်သာမကဘဲ နိမ့်ကျစေပါသည်။ ဤအတွေးအခေါ်သည် အမှောင်လွှမ်းမိုးပြီး ကာမဂုဏ်ခံစားခြင်းတွင်ယစ်မူးစေပါသည်။ ၎င်းတို့ကိုလက်ခံခြင်းဖြင့် လူသည်ဘုရားသခင်ထံမှဝေးကွာလာပြီး အပြစ်သားများအတွက် ဆုံးရှုံးခြင်းသာဖော်ပြပါသည်။

အပြစ်ကြောင့်ကျွန်ုပ်တို့၏အခြေအနေမှာ သဘာဝနှင့်ဆန့်ကျင်ဘက်ဖြစ်နေရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကိုကယ်တင်ရန် ကြီးမားသောတန်ခိုးပိုင်သူမရှိပါက အသက်တာသည်တန်ဖိုးရှိနိုင်မည်မဟုတ်ပါ။ လူသားတို့ကိုအပြစ်မှကယ်နုတ်နိုင်သောတန်ခိုးမှာတစ်ခုတည်းသာရှိပြီး ထိုတန်ခိုးမှာသခင်ခရစ်တော်ထံမှတစ်ဆင့်ရရှိသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်ပါသည်။ အသေသတ်ခြင်းခံခဲ့ရသောသခင်၏အသွေးတော်အားဖြင့်သာလျှင်

အပြစ်မှဆေးကြောခြင်းကိုခံစားနိုင်ပါသည်။ ကျွန်ုပ်တို့၏ဇာတိပကတိစိတ်များကိုအနိုင်ယူရန် ကိုယ်တော်၏ကျေးဇူးတော်ကိုသာလိုအပ်ပါသည်။ သို့သော်လည်း အောက်ပါယုံကြည်ချက်များကြောင့် ဘုရားသခင်၏ကျေးဇူးတော်လည်း တန်ဖိုးမဲ့လာပါသည်။ ဘုရားသခင်သည် သဘာဝတရားဖြစ်တော်မူသောကြောင့် လူတိုင်းတွင်တည်ရှိနေတော်မူပါသည်။ ထိုကြောင့် လူသည်သန့်ရှင်းလိုပါက မိမိ၏ခွန်အားဖြင့် ကြိုးစားရုံသာရှိပါသည်။

ဤယူဆချက်များ၏နိဂုံးချုပ်ကား ခရစ်ယာန်အယူအဆတစ်ခုလုံးကိုဖျက်ဆီးပစ်ခြင်းဖြစ်ပါသည်။ သခင်ခရစ်တော်၏အပြစ်ဖြေလွှတ်ခြင်းလည်း မရှိတော့ဘဲ လူသည်မိမိ၏ကယ်တင်ပိုင်သူဖြစ်လာပါသည်။ ဘုရားသခင်နှင့်ပတ်သက်သောဤယူဆချက်များက ဘုရားသခင့်နှုတ်ထွက်စကားတော်ကိုပစ်ပယ်ပြီး ဤယူဆချက်များကိုလက်ခံယုံကြည်သူတို့သည် နောက်ဆုံးတွင် ကျမ်းစာတစ်အုပ်လုံးကိုစိတ်ကူးယဉ်စာအုပ်တစ်ခုအဖြစ် လက်ခံသွားမည့်ဘေးရန်နှင့် အလွန်နီးကပ်နေပါသည်။ သူတို့သည် ကိုယ်ကျင့်တရားဖြောင့်မတ်ခြင်းကိုတန်ဖိုးထားကြသော်လည်း ဘုရားသခင်ကိုထိုက်တန်သောအရာ၌မထားသောကြောင့် သူတို့သည် ကိုယ့်အားကိုယ်ကိုးလျက် ကြိုးစားကြပါသည်။ သို့သော်လည်း ဘုရားသခင်မပါရှိပါက အရာရာသည်အချည်းနှီးသက်သက်သာဖြစ်ပါသည်။ ပြင်ပအကူအညီမပါဘဲ လူသားတို့သည် စာတန်ကိုအမှန်တကယ်အနိုင်မယူနိုင်ကြပါ။ မိမိတို့၏ပတ်လည်၌ထားရှိသည့်အကာအကွယ်များတစ်ခုမျှမရှိဘဲ အကာအကွယ်မဲ့လာပါသည်။ ဘုရားသခင့်နှုတ်ထွက်စကားတော်နှင့် ဝိညာဉ်တော်၏အကာအကွယ်များမရှိသောအခါ လူ၏အခြေအနေမှာ မတွေးဝံ့စရာပင်ဖြစ်ပါသည်။

"ဘုရားသခင်၏စကားတော်ရှိသမျှသည်စင်ကြယ်၏။ ခိုလှုံသောသူအပေါင်းတို့၌ ဘုရားသခင်သည် အကွယ်အကာဖြစ်တော်မူ၏။ စကားတော်တို့၌ထပ်၍မသွင်းနှင့်၊ သို့ပြုလျှင် အပြစ်တင်တော်မူ၍ သင်သည်မုသားသုံးသောသူဖြစ်လိမ့်မည်။"





"လူသည် မိမိပြုသောမကောင်းမှုအပြစ်နှင့်ဖမ်းမိခြင်း၊ မိမိအပြစ်ကြိုးတို့ဖြင့် ချည်နှောင်ခြင်းကိုခံရလိမ့်မည်" (သုတ္တံ ၃၀း၅၊၆။ ၅း၂၂)။

## ဘုရားသခင်၏နက်နဲသောအရာများကိုရှာဖွေခြင်း

"မထင်ရှားသောအရာတို့သည် ငါတို့ဘုရားသခင်ထာဝရဘုရား၏အငန်းအတာဖြစ်ကြ၏။ ဖော်ပြတော်မူသောအရာတို့သည် ကာလအစဉ်မပြတ်ငါတို့နှင့်ငါတို့သားသမီးများတို့၏အငန်းအတာဖြစ်၍ ဤပညတ်တရားစကားအလုံးစုံတို့ကို စောင့်ရှောက်ရမည့်အကြောင်းတည်း" (တရားဟော ၂၉း၂၉)။ ဘုရားသခင်သည် မိမိအကြောင်းကို သမ္မာကျမ်းစာတွင်ဖော်ပြရုံလောက်ကိုသာ ကျွန်ုပ်တို့လေ့လာခွင့်ရှိပါသည်။ ဤအရာများကိုကျွန်ုပ်တို့နားလည်နိုင်ပါသည်။ သို့သော်လည်း ထိုထက်ပို၍ကျွန်ုပ်တို့မထိုးဖောက်နိုင်ပါ။ ဉာဏ်ပညာအတတ်ဆုံးပုဂ္ဂိုလ်ပင်လျှင် မိမိကအစွမ်းကုန်ကြိုးစားသော်လည်း သူ၏ကြိုးစားခြင်းများသည် အချည်းနှီးသက်သက်ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်တို့က ဤအခက်အခဲများကိုဖြေရှင်းခွင့်မရှိပါ။ မည်သည့်လူသားကမျှ ဘုရားသခင်ကိုအပြည့်အဝနားမလည်နိုင်ပါ။ မည်သူတစ်ဦးတစ်ယောက်ကမျှ ဘုရားသခင်၏ဇာတိတော်ကိုမစူးစမ်းသင့်ပါ။ ထိုဇာတိတော်နှင့်ပတ်သက်လျှင် နှုတ်ပိတ်ရပါမည်။ ထာဝရဘုရားသခင်၏အကြောင်းကို မဆွေးနွေးသင့်ပါ။

ကယ်တင်ခြင်းစီမံကိန်းကို ခမည်းတော်နှင့်သားတော်နှစ်ပါးရေးဆွဲစဉ်အခါက ကောင်းကင်တမန်များပင်မပါဝင်ခဲ့ကြပါ။ လူသားများသည်လည်း အမြင့်မြတ်ဆုံးသောသခင်၏လျှို့ဝှက်ချက်များကို မစူးစမ်းရပါ။ ဘုရားသခင်နှင့်ပတ်သက်လာတော်မူလျှင် ကျွန်ုပ်တို့သည် ကလေးငယ်များကဲ့သို့ဉာဏ်ပညာမဲ့ကြသော်လည်း ကလေးငယ်များကဲ့သို့ပင် ဘုရားသခင်ကိုချစ်လျက်နားထောင်ရပါမည်။ ကိုယ်တော်၏ဇာတိတန်ခိုးတော်ကို စူးစမ်းလေ့လာခြင်းထက် ဘုရားသခင်၏မိန့်တော်မူသည့်သွန်သင်ချက်များကို လေ့လာကြပါစို့။

“သင်သည် ဘုရားသခင်၏ဇာတိတော်ကိုစစ်၍ တွေ့နိုင်သလော၊ ထာဝရဘုရားသခင်၏ဇာတိကိုစစ်၍ အကုန်အစင်နားလည်နိုင်သလော။ မိုးကောင်းကင်ကိုမီသည်ဖြစ်၍ သင်သည်အဘယ်သို့ပြုနိုင်သနည်း။ မရဏာနိုင်ငံထက်နက်သည်ဖြစ်၍ သင်သည်အဘယ်သို့သိနိုင်သနည်း။ အတိုင်းအရှည်သည်မြေကြီးကိုလွန်လျက် သမုဒ္ဒရာထက်သာ၍ကျယ်ဝန်းလျက်ရှိ၏။” “ပညာကိုအဘယ်မှာတွေ့ရလိမ့်မည်နည်း၊ ဉာဏ်ပညာသည်လည်း အဘယ်အရပ်၌နေသနည်း၊ ဉာဏ်ပညာအဖိုးကိုလူမသိနိုင်၊ အသက်ရှင်သောသူတို့၏နေရာ၌ရှာ၍မတွေ့နိုင်၊ နက်နဲသောအရပ်က ငါ၌မရှိ၊ ပင်လယ်ကလည်း ငါ၌မရှိဟုဆိုတတ်၏။ ရွှေစင်ကိုပေး၍ပညာကိုမရ၊ ငွေကိုချိန်၍ပညာအဖိုးကိုမမီနိုင်၊ ဩဖိရရွှေ၊ မြတ်သောရှပ်ကျောက်၊ နီလာကျောက်နှင့်ဝယ်သော်လည်းမရနိုင်၊ ရွှေဖြစ်စေ၊ ကျောက်သလင်းဖြစ်စေမမီနိုင်၊ ရွှေစင်တန်ဆာနှင့်မလှယ်၍မရနိုင်။ သန္တာနှင့်ပုလဲကိုပြောစရာမရှိ၊ ပညာသည်ပတ္တမြားထက်သာ၍အဖိုးကြီး၏။ ကုရှဥဿဘယားသည်မမီနိုင်၊ အမြတ်ဆုံးသောရွှေနှင့်ဝယ်၍မရနိုင်။ သို့ဖြစ်၍ပညာသည် အဘယ်ကလာသနည်း၊ ဉာဏ်သည်အဘယ်ဆီမှာနေရာကျသနည်း၊----အဗဒ္ဒုန်မင်းနှင့်သေမင်းတို့က ပညာ၏သတင်းကို နားနှင့်ကြားရုံမျှသာရှိသည်ဟုဆိုတတ်ကြ၏။ ဘုရားသခင်သာလျှင် ပညာလမ်းကိုနားလည်တော်မူ၏။ ပညာနေရာအရပ်ကိုသိတော်မူ၏။ ----မြေကြီးစွန်းတိုင်အောင်ကြည့်ရှု၍ ကောင်းကင်အောက်၌ရှိသမျှတို့ကိုမြင်တော်မူ၏။ မိုးရွာမှုကိုစီရင်၍ မိုးကြိုးလျှပ်စစ်ပြက်ရာလမ်းကိုဖန်ဆင်းသောအခါ ပညာကိုမြင်၍ဖော်ပြတော်မူ၏။ ပညာတရားကိုထား၍ စုံစမ်းတော်မူ၏။ လူတို့အားလည်းထာဝရဘုရားသခင်ကိုကြောက်ရွံ့ခြင်းသည် ပညာဖြစ်ကြောင်းနှင့် အပြစ်ကိုရှောင်ခြင်းသည် ဉာဏ်ဖြစ်ကြောင်းကိုမိန့်တော်မူပြီ...။” (ယောဘ ၁၁း၇-၉။ ၂၈း၁၂-၂၈)။

ဤကမ္ဘာလောက၏နက်နဲသောအရာများနှင့် ဘုရားသခင်၏လျှို့ဝှက်အံ့ဖွယ်ဇာတိတော်ကိုကြိုးစားလေ့လာခြင်းဖြင့် ဉာဏ်ပညာကိုမရရှိနိုင်ပါ။ ကိုယ်တော်၏အလိုတော်အတိုင်းလိုက်လျှောက်လျက် ဘုရားသခင်ဖော်ပြတော်



မူသည့်အရာများကို စိတ်နှိမ့်ချစွာဖြင့်လက်ခံခြင်းဖြင့်သာ ဉာဏ်ပညာကိုကျွန်ုပ်တို့ရရှိနိုင်ကြပါသည်။

ပညာရှိသောသူများသည် သဘာဝတရားတွင်ထင်ရှားစွာပေါ်လွင်နေသည့် ဘုရားသခင်၏အံ့ဖွယ်အရာများကို နားမလည်နိုင်ကြပါ။ ဤလောက၏ပညာရှိများပြန်မလျှောက်နိုင်သည့်မေးခွန်းများစွာကို ဘုရားသခင်မိန့်တော်မူပါသည်။ ဤကဲ့သို့မေးခွန်းများစွာတည်ရှိနေတော်မူခြင်းမှာ ဘုရားသခင်သည်အလွန်ဆန်းကြယ်ပြီး အံ့ဩဖွယ်ဖြစ်တော်မူကြောင်း၊ ကျွန်ုပ်တို့၏ဉာဏ်ပညာသည် အကန့်အသတ်များစွာရှိကြောင်းနှင့် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာတွင် လူသားများအနေဖြင့် နားမလည်နိုင်သောအရာများစွာရှိသည်ကိုသိနားလည်ရန်သာဖြစ်ပါသည်။

ဘုရားသခင်သည် မိမိ၏အကြောင်းကိုဖော်ပြရာတွင် အသုံးပြုတော်မူသည့်ဘုရားသခင်၏တန်ခိုးတော်ကို အပြည့်အဝနားမလည်သောကြောင့်ဝေဖန်သူများက ဘုရားသခင်ကိုယုံကြည်ရန်ငြင်းဆန်ကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ကိုနားလည်နိုင်ခွင့်ပြုထားသည့်အရာများသာမကဘဲ နားလည်ခွင့်မရှိသောအရာများအားလုံးကိုအခြေခံလျက် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုလက်ခံရပါမည်။ ဘုရားသခင်ဖော်ပြထားတော်မူသည့်အရာများနှင့်သဘာဝတရားမှာ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုရှင်သန်စေရန် အံ့ဖွယ်အမှုအရာများစွာရှိပါသည်။ ကျွန်ုပ်တို့သည် အစဉ်ရှာဖွေမေးမြန်းသင်ကြားလျက် အသက်တာတွင်လေ့လာ၍ မဆုံးနိုင်ဖြစ်ရပါမည်။

“ရေများကိုလက်ဆွန်းဖြင့်ချင်သောသူ၊ မိုးကောင်းကင်ကိုမိမိလက်ဖြင့်ထွာသောသူ၊ မြေမှုန့်ကိုတင်တောင်းဖြင့်ချင့်တွက်သောသူ၊ တောင်ကြီးကိုချိန်ခွင်ဖြင့်လည်းကောင်း၊ တောင်ငယ်ကိုကပ်ပယ်ဖြင့်လည်းကောင်းချိန်သောသူကား အဘယ်သူနည်း။ ထာဝရဘုရားသခင်၏ဝိညာဉ်ကို အဘယ်သူစစ်ကြောသနည်း၊ ထိုဘုရားသခင်နှင့်တိုင်ပင်၍ အဘယ်သူသည်အကြံပေးသနည်း။----

လူအမျိုးမျိုးတို့သည် ရေပုံးမှကျသောရေစက်ကဲ့သို့ဖြစ်၍ ချိန်ခွင်၌ မြူမှုန်ကဲ့သို့ထင်မှတ်စရာရှိ၏။ ကျွန်းတို့သည်လည်း လွင့်တတ်သောအဏုမြူကဲ့သို့ဖြစ်ကြ၏။ လေဗနုန်တောသည် မီးမွေးဖို့မလောက်၊ ထိုတော၌ရှိသော တိရစ္ဆာန်တို့သည်လည်း မီးရှို့ရာယဇ်ဖို့မလောက်၊ ခပ်သိမ်းသောလူအမျိုးမျိုးတို့သည် အဘယ်မျှမဟုတ်သကဲ့သို့ ရှေ့တော်၌ဖြစ်ကြ၏။ အဘယ်မျှမဟုတ်သောအရာထက်သာ၍ငယ်သကဲ့သို့လည်းကောင်း၊ မမြဲသောအရာကဲ့သို့လည်းကောင်း မှတ်တော်မူ၏။ သို့ဖြစ်၍ ဘုရားသခင်ကိုအဘယ်သို့ပုံပြရအံ့နည်း။ ဘုရားသခင်နှင့်အဘယ်မည်သောပုံသဏ္ဌာန်တူသည်ဟုဆိုရအံ့နည်း။–––

သင်တို့သည်မသိကြသလော၊ မကြားကြသလော၊ ရှေးဦးစွာမှစ၍ သင်တို့အားမဖော်မပြသလော၊ မြေကြီးတည်သည်အကြောင်းကိုနားမလည်ကြသလော၊ မြေကြီးစက်အပေါ်မှာထိုင်၍ မြေကြီးသားတို့ကိုနှံကောင်ကဲ့သို့မှတ်တော်မူထသော၊ မိုးကောင်းကင်ကိုမျက်နှာကြက်၍ နေစရာတဲကဲ့သို့ဖြန့်တော်မူထသော၊––––သို့ဖြစ်၍ ငါ့ကိုအဘယ်သို့ပုံပြင်ရအံ့နည်း။ ငါသည် အဘယ်သူနှင့်တူရအံ့နည်းဟု သန့်ရှင်းသောဘုရားသခင်မေးတော်မူ၏။ အထက်သို့မျှော်ကြည့်ကြလော့၊ ထိုအရာတို့ကိုအဘယ်သူဖန်ဆင်းသနည်း၊ ထိုသူသည်သူတို့အလုံးအရင်းကို အရေအတွက်အားဖြင့်ထုတ်ဆောင်တော်မူ၏။ အလုံးစုံတို့ကိုနာမည်ဖြင့်ခေါ်တော်မူ၏။ ခွန်အားကြီး၍တန်ခိုးနှင့်ပြည့်စုံတော်မူသောကြောင့် တစ်စုံတစ်ခုမျှမပေါ်ဘဲမနေရ။ အိုယာကုပ်အမျိုး၊ သင်သွားသောလမ်းကို ထာဝရဘုရားသခင်သိတော်မမူဟုအဘယ်ကြောင့်ပြောသနည်း။ အိုဣသရေလအမျိုး၊ သင့်အမှုကိုသင်၏ဘုရားသခင်မှတ်တော်မမူဟု အဘယ်ကြောင့်ဆိုရသနည်း။ ထာဝရဘုရားသခင်သည် အစဉ်အမြဲတည်တော်မူသောဘုရားသခင်ဖြစ်ကြောင်းကိုလည်းကောင်း၊ မြေကြီးစွန်းတိုင်အောင်ဖန်ဆင်းတော်မူသောသခင်ဖြစ်ကြောင်းကိုလည်းကောင်း မောတော်မူခြင်း၊ ပင်ပန်းတော်မူခြင်းမရှိ၊ စစ်၍မကုန်နိုင်သောဉာဏ်နှင့်ပြည့်စုံတော်မူကြောင်းကိုလည်းကောင်း သင်သည်မသိမကြားဖူးသလော" (ဟေရှာယ ၄၀း၁၂–၂၈)။



ပုရောဖက်များကို သန့်ရှင်းသောဝိညာဉ်တော်ကဖော်ပြတော်မူသည့်အချက်များမှ ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းကို လေ့လာကြပါစို့။ ပုရောဖက်ဟေရှာယက "သြဇိမင်းကြီးကွယ်လွန်သောနှစ်တွင် ထာဝရဘုရားသခင်သည် အလွန်မြင့်မြတ်သောပလ္လင်ပေါ်မှာထိုင်တော်မူသည်ကိုငါမြင်၏။ အဝတ်တော်တန်ဆာသည် ဗိမာန်တော်ကိုဖြည့်လေ၏။ ကောင်းကင်တမန်သရပ်တို့သည် ပလ္လင်တော်တစ်ဖက်တစ်ချက်၌ရပ်နေကြ၏။ သူတို့သည် အတောင်ခြောက်ခုစီရှိ၍ အတောင်နှစ်ခုဖြင့်မျက်နှာကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ခြေတို့ကိုဖုံးလျက် အတောင်နှစ်ခုဖြင့်ပျံတတ်ကြ၏။ သူတို့ကလည်း ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်သည် သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏၊ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏ဟု တစ်ပါးကိုတစ်ပါးကြွေးကြော်၍ မြွက်ဆိုကြ၏။ ထိုသို့သောကြွေးကြော်သံကြောင့် တံခါးတိုင်တို့သည်လှုပ်ရှား၍ မီးခိုးနှင့်တစ်အိမ်လုံးပြည့်လေ၏။ ငါကလည်း ငါ၌ကျိန်ခြင်းရှိ၏။ ငါအကျိုးနည်းရှိပြီ၊ အကြောင်းမူကား ငါသည်ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင်နေလျက်နှင့် ကောင်းကင်ဗိုလ်ခြေထာဝရဘုရားသခင်တည်းဟူသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏။ ထိုအခါ ကောင်းကင်တမန်သရပ်တစ်ပါးသည် ယဇ်ပလ္လင်ပေါ်က မီးညှပ်ဖြင့်ယူသောမီးခဲတစ်ခဲကိုလက်နှင့်ကိုင်လျက် ငါရှိရာသို့ပျံလာ၍ ငါ့နှုတ်ခမ်းကိုတို့ပြီးလျှင် ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ၊ သင်၏အပြစ်ကိုသုတ်သင်ပြီ၊ သင်၏အပြစ်လည်းဖြေရှင်းပြီဟုဆို၏" (ဟေရှာယ ၆း၁–၇)။

"အိုထာဝရဘုရားသခင်၊ ကိုယ်တော်နှင့်အဘယ်သူမျှမတူပါ။ ကိုယ်တော်သည်ကြီးမြတ်တော်မူ၏၊ နာမတော်သည်လည်း တန်ခိုးတော်အားဖြင့်ကြီးမြတ်တော်မူ၏။ အိုလူအမျိုးမျိုးတို့၏ဘုရင်၊ ကိုယ်တော်ကိုကြောက်သင့်သည်ဖြစ်၍ အဘယ်သူသည်မကြောက်ဘဲနေရပါမည်နည်း။"

"အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကိုစစ်ကြော၍သိတော်မူ၏။ အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကိုသိတော်မူ၏။ အကျွန်ုပ်အကြံ

အစည်တို့ကို အဝေးကပင်နားလည်တော်မူ၏။ အကျွန်ုပ်သွားသောလမ်းကိုလည်းကောင်း၊ အိပ်ရာကိုလည်းကောင်း စစ်ဆေး၍အကျွန်ုပ်ကျင့်သောအကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။ အကျွန်ုပ်သည် စကားတစ်ခွန်းကိုမျှ မမြွက်သော်လည်း အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့သိတော်မူ၏။ ကိုယ်တော်သည် အကျွန်ုပ်ကိုပတ်လည်ဝိုင်းထား၍ အကျွန်ုပ်အပေါ်မှာလက်ကိုတင်တော်မူပြီ၊ ထိုသို့သောဉာဏ်သည်အံ့ဩဖွယ်ဖြစ်၍ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ်မမှီနိုင်ပါ။" (ယေရမိ ၁၀း၆၊၇။ ဆာလံ ၁၃၉း၁–၆)။

"ငါတို့၏ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ တန်ခိုးတော်လည်းကြီး၏၊ ဉာဏ်ပညာသည် အမြဲတည်လျက်ရှိ၏" (ဆာလံ ၁၄၇း၅)။

"လူသွားလာသမျှသောလမ်းတို့သည် ထာဝရဘုရားမျက်မှောက်တော်၌ရှိကြ၍ သွားလာသမျှသောအခြင်းအရာတို့ကိုစူးစမ်းတော်မူ၏" (သုတ္တံ ၅း၂၁)။

"နက်နဲခက်ခဲသောအရာတို့ကိုထင်ရှားစွာပြတော်မူ၏။ မှောင်မိုက်၌ရှိသမျှတို့ကိုသိမြင်၍ အလင်း၏တည်ရာဖြစ်တော်မူ၏" (ဒံယေလ ၂း၂၂)။

"ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှသောအမှုအရာတို့ကိုသိတော်မူသည်။" "ထာဝရဘုရား၏စိတ်တော်ကို အဘယ်သူသိသနည်း၊ ထာဝရဘုရားနှင့်အဘယ်သူသည် တိုင်ပင်ဘက်ပြုသနည်း၊ ကျေးဇူးဆပ်တော်မူရမည်အကြောင်း ထာဝရဘုရား၌အဘယ်သူသည် ကျေးဇူးပြုဖူးသနည်း။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကလည်းကောင်း၊ ကိုယ်တော်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှာလည်းကောင်းဖြစ်ကြ၏။ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။" (တမန်တော် ၁၅း၁၈။ ရောမ ၁၁း၃၄–၃၆)။

မိုးကုပ်စက်ဝိုင်း၏ဘုရင်တည်းဟူသော ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းလွတ်တော်မူထသော၊ မျက်မြင်မရဖြစ်တော်မူထသော။" "မရဏာနှင့်ကင်းလွတ်သောသူတစ်ပါးတည်းဖြစ်တော်မူထသော၊ အဘယ်သူမျှမချဉ်းကပ်



နိုင်သောအလင်းထဲ၌နေတော်မူထသော၊ အဘယ်သူမျှမမြင်ဖူးရာ၊ မမြင်နိုင်ရာဖြစ်တော်မူထသော–––ထိုဘုရားသခင်သည် ထာဝရဘုန်းသရေအစွမ်းခွန်အားရှိတော်မူစေသတည်း။" (၁တိမောသေ ၁း၁၇။ ၆း၁၆)။

"သင်တို့သည်တန်ခိုးတော်ကြောင့် မကြောက်ကြသလော၊ ကြောက်မက်ဖွယ်သောဘုန်းတော်ကြောင့် မထိတ်လန့်ကြသလော။"

"ဘုရားသခင်သည် ကောင်းကင်ဘဝဂ်ပေါ်မှာရှိတော်မူသည်မဟုတ်လော၊ ကြယ်တို့သည် အဘယ်မျှလောက်မြင့်ကြသည်တကား။"

"ဗိုလ်ခြေတော်တို့ကိုရေတွက်နိုင်သလော၊ အလင်းတော်သည် အဘယ်သူကိုမလင်းဘဲနေသနည်း။"

"အံ့ဖွယ်သောအခြင်းအရာပါလျက်၊ ဘုရားသခင်သည် အသံတော်နှင့်မိုးချုန်းတော်မူ၏။ ကြီးသောအမှု၊ ငါတို့နားမလည်နိုင်သောအမှုတို့ကိုပြုတော်မူ၏။ မြေပေါ်မှာဖြစ်စေဟု မိုးပွင့်ကိုလည်းကောင်း၊ သုန်ဖျင်းသောဆိုးရေနှင့်တန်ခိုးတော်ကြောင့် ပြင်းထန်သောမိုးရေကိုလည်းကောင်း မိန့်တော်မူ၏။ ဖန်ဆင်းတော်မူသောလူအပေါင်းတို့သည် ကိုယ်တော်ကိုသိမည်အကြောင်း–––––––တန်ခိုးအားဖြင့် မိုးတိမ်ကိုပျောက်လွင့်စေတော်မူ၏။ မိုးကုပ်စက်ဝိုင်းမြေကြီးတစ်လျှောက်လုံးကို မှာထားတော်မူသမျှအတိုင်းပြုစေခြင်းငှာ ပညာတော်အားဖြင့်လှည့်လည်တော်မူ၏။ ဒဏ်ခတ်သော်လည်းကောင်း၊ မြေတော်ကိုပြုစုသော်လည်းကောင်း၊ ချမ်းသာပေးသော်လည်းကောင်းလာစေတော်မူ၏––––

ဤစကားကိုနားထောင်လော့၊ ဘုရားသခင်၏အံ့ဖွယ်သောအမှုတော်တို့ကို ငြိမ်သက်စွာနေ၍ဆင်ခြင်လော့၊ ထိုအမှုတို့ကိုဘုရားသခင်စီရင်၍မိုးတိမ်တော်အလင်းကိုထွန်းလင်းစေတော်မူသောအခါ သင်သည်သိသလော။ ပညာစုံလင်သောဘုရားသခင်၏အံ့ဖွယ်သောအမှုတော်–––––––ကိုလည်းကောင်း နားလည်သလော။ သွန်းသောကြေးမုံကဲ့သို့တည်လျက်ရှိသောမိုးကောင်းကင်ကို သင်သည် ဘုရားသခင်နှင့်ဝိုင်းညီ၍ကြက်သလော၊ ငါတို့သည် အဘယ်သို့လျှောက်ရမည်ကိုသွန်သင်ပါ။ ငါတို့သည်မိုက်သောကြောင့်

အလိုအလျောက်မလျှောက်တတ်ကြ။.......လေသည်လာ၍ မိုးကောင်းကင်ကို ရှင်းလင်းစေသောအခါ လူသည်ထွန်းလင်းသောတန်ခိုးကိုမကြည့်နိုင်။ မြောက်မျက်နှာမှတန်ခိုးထွက်တတ်၏၊ ဘုရားသခင်သည် ကြောက်မက်ဖွယ်သောဘုန်းနှင့်ပြည့်စုံတော်မူ၏။ ထာဝရဘုရားသခင်ကို ငါတို့သည် စစ်၍ မကုန်နိုင်ကြ၊ အစွမ်းခွန်အားဖြင့်လည်းကောင်း၊ တရားစီရင်ခြင်းနှင့်ဖြောင့်မတ်ခြင်းအားဖြင့်လည်းကောင်း ထူးဆန်းတော်မူ၏။---ဉာဏ်ကောင်းသောသူတစ်စုံတစ်ယောက်မျှ ဘုရားသခင်ကိုမမြင်မကြည့်နိုင်ဟုမြွက်ဆို၏။"

"ကိုယ်တော်ကိုချီးမြှင့်၍ကိန်းဝပ်တော်မူသော်လည်း ကိုယ်ကိုနှိမ့်ချ၍ ကောင်းကင်အရာနှင့်မြေကြီးအရာတို့ကိုကြည့်ရှုတော်မူသောအခါ ငါတို့၏ဘုရားသခင်ထာဝရဘုရားနှင့်အဘယ်သူတူသနည်း။"

"ထာဝရဘုရားသည် လေပွေ၌လည်းကောင်း၊ မိုးသက်မုန်တိုင်း၌လည်းကောင်း ကြွတော်မူ၍ မိုးတိမ်တို့သည် စက်တော်အောက်၌မြေမှုန့်ကဲ့သို့ဖြစ်ကြ၏။"

"ထာဝရဘုရားသည်ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ်ဖြစ်တော်မူ၏။ ကြီးမြတ်တော်မူခြင်းကိုစစ်၍မကုန်နိုင်။ အမှုတော်တို့ကိုလူမျိုးအဆက်ဆက်တို့သည်ချီးမွမ်း၍ တန်ခိုးတော်များကိုဟောပြောကြပါလိမ့်မည်။ အကျွန်ုပ်သည်လည်း ဘုန်းတန်ခိုးတော်ကိုလည်းကောင်း၊ အံ့ဖွယ်သောအမှုတော်တို့ကိုလည်းကောင်း မြွက်ဆိုပါမည်။ သူတို့သည် ကြောက်မက်ဖွယ်သောအမှုတော်တို့၌ ပါသောတန်ခိုးကိုမြွက်ဆို၍ အကျွန်ုပ်သည်လည်း ကြီးမြတ်တော်မူခြင်းအကြောင်းကို ကြားပြောပါမည်။ သူတို့သည် အလွန်ကောင်းမြတ်တော်မူခြင်းကိုအောက်မေ့ဖို့ရာမြွက်ဆို၍ ဖြောင့်မတ်တော်မူခြင်းအရာကို ရွှင်လန်းစွာသီချင်းဆိုကြပါလိမ့်မည်။---

အိုထာဝရဘုရားသခင်၊ ဖန်ဆင်းတော်မူသမျှတို့သည် ဘုန်းတော်ကိုပြ၍ ကိုယ်တော်၏သန့်ရှင်းသူတို့သည် ကောင်းချီးပေးကြပါ၏။ နိုင်ငံတော်၏ဘုန်းကိုလည်းကောင်း၊ တန်ခိုးတော်ကိုလည်းကောင်း ဟောပြောမြွက်ဆိုသဖြင့် တန်ခိုးပါသောအမှုတော်များနှင့် နိုင်ငံတော်၏တန်ခိုးတော်



များကို လူသားတို့အားဖော်ပြကြပါ၏။ ကိုယ်တော်၏နိုင်ငံသည် အမြဲတည်သောထာဝရနိုင်ငံဖြစ်၍ အာဏာတော်သည် ကာလအစဉ်အဆက်တည်ရပါ၏။----

ထာဝရဘုရားကိုချီးမွမ်းလျက် ငါမြွက်ဆိုမည်။ ခပ်သိမ်းသောလူတို့သည် သန့်ရှင်းသောနာမတော်ကို ကမ္ဘာအဆက်ဆက်ကောင်းချီးပေးကြစေ" (ယောဘ ၁၃း၁၁။ ၂၂း၁၂။ ၂၅း၃။ ၃၇း၅-၂၄။ ဆာလံ ၁၁၃း၅၊၆။ နာဟုံ ၁း၃။ ဆာလံ ၁၄၅း၃-၂၁။

ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြောင်းကို ပိုမိုသိရှိလာပြီး ကိုယ်တော်၏ရှေ့တော်မှောက်၌ ကျွန်ုပ်တို့၏အနေအထားကို ပိုမိုနားလည်လာသောအခါ ကိုယ်တော်၏ရှေ့တော်မှောက်တွင် ကျွန်ုပ်တို့သည်အကြောက်တရားပို၍ဝင်လာပြီး တုန်လှုပ်ကြပါသည်။ ဘုရားသခင်က သန့်ရှင်းသည်ဟုမိန့်တော်မူသည့်အရာများကို အရိုအသေမဲ့သောသူတို့၏အဖြစ်အပျက်များထံမှ ကျွန်ုပ်တို့ယနေ့သင်ခန်းစာယူကြပါစို့။ ဖိလိတ္တိလူတို့ထံမှပြန်လည်ရောက်ရှိလာသော ဘုရားသခင်၏သေတ္တာတော်ကို ဣသရေလကဖွင့်ကြည့်ရန်ကြိုးစားလိုက်သောအခါ သူတို့သည် ဒဏ်ခတ်ခြင်းကိုခံခဲ့ရပါသည်။

ဒါဝိဒ်မင်းကြီးသည် သန့်ရှင်းသည့်သေတ္တာတော်ကို ယေရုရှလင်မြို့သို့သယ်သွားစဉ် နွားများကြောင့်မှောက်လုမတတ်ဖြစ်ခဲ့ရသည်။ ဘုရားသခင်ကိုကိုယ်စားပြုသူသည် သေတ္တာတော်ကိုလက်ဖြင့်ထိန်းရန်ကြိုးစားခဲ့သောဩဇာမှာချက်ချင်းအသက်ဆုံးရှုံးခဲ့ရပါသည်။

ဘုရားသခင်ရှိတော်မူသည်ကိုမသိဘဲ အံ့ဩစွာလောင်ကျွမ်းနေသောချုံပုတ်ကိုသွားရောက်ကြည့်ရှုရန် ကြိုးစားခဲ့သောမောရှေကို ဘုရားသခင်က-

"မချဉ်းနှင့်၊ သင်၏ခြေနင်းကိုချွတ်လော့၊ သင်နင်းသောအရပ်ကားသန့်ရှင်းသောမြေဖြစ်သည်။---မောရှေသည် ဘုရားသခင်ကိုမကြည့်ဝံ့၊ မိမိမျက်နှာကိုဖုံးလျက်နေ၏" (ထွက်မြောက် ၃း၅၊၆)။

"ယာကုပ်သည် ဗေရရှေဘရွာမှထွက်၍ ခါရန်ပြည်သို့ခရီးသွားစဉ်တွင် တစ်စုံတစ်ခုသောအရပ်သို့ရောက်၍မိုးချုပ်သောကြောင့် ညဉ့်ကိုလွန်

စေမည်အကြံရှိသည်နှင့် ထိုအရပ်၌ကျောက်ကိုယူ၍ခေါင်းအုံးဖို့ထားပြီးလျှင် အိပ်လေ၏။

"မြင်ရသောအိပ်မက်ဟူမူကား မြေကြီးပေါ်မှာလှေကားထောင်လျက် အဖျားသည် မိုးကောင်းကင်တိုင်အောင်မီ၏၊ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် ထိုလှေကားဖြင့်ဆင်းလျက်၊ တက်လျက်ရှိကြ၏–ထာဝရဘုရားသည် လှေကားထက်၌ရပ်တော်မူလျက် ငါသည်သင်၏အဘအာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ဘုရားသခင်တည်းဟူသော ထာဝရဘုရားဖြစ်၏။ သင်အိပ်သောမြေကို သင်နှင့်သင်၏အမျိုးအနွယ်အားငါပေးမည်။---ငါသည်သင့်ဘက်မှာရှိ၏။ သင်သွားလေရာရာ၌ ငါစောင့်မမည်။ ဤပြည်သို့တစ်ဖန်ဆောင်ခဲ့ဦးမည်။ ကတိထားသည့်အတိုင်းမပြည့်စုံမီ သင့်ကိုငါမစွန့်ဟုမိန့်တော်မူ၏။"

"ယာကုပ်သည်အိပ်ပျော်ရာမှနိုးလျှင် အကယ်စင်စစ်ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏၊ ရှိတော်မူကြောင်းကိုငါမသိ၊ ဤအရပ်ကားအဘယ်မျှလောက်ကြောက်မက်ဖွယ်ဖြစ်သည်တကား၊ ဤအရပ်ကားအခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်၊ ကောင်းကင်တံခါးဝဖြစ်သည်တကားဟုကြောက်ရွံ့ခြင်းသို့ရောက်၍ဆို၏" (ကမ္ဘာဦးကျမ်း ၂၈း၁၀–၁၇)။

တောထဲ၌ရှိသောတဲတော်နှင့် နောက်ပိုင်းဗိမာန်တော်တွင် ဘုရားသခင်သည်တည်ရှိတော်မူခဲ့ပါသည်။ ၎င်းတို့တွင်ကိုယ်တော်အတွက် သန့်ရှင်းရာဖို့ဌာနတော်တစ်ခုရှိပါသည်။ ခေရုဗိမ်ရုပ်များဖြင့်ချယ်လှယ်ထားသောကန့်လန့်ကာကို တစ်ယောက်သောသူမှလွဲ၍ မည်သူကမျှမဖယ်ရပါ။ အခွင့်မရှိဘဲ ဤကန့်လန့်ကာကိုဖယ်၍ အလွန်အံ့သြပြီးအသန့်ရှင်းဆုံးဌာနတော်သို့ဝင်လျှင် သေဒဏ်စီရင်ခြင်းခံရပါလိမ့်မည်။ အကြောင်းမှာ ကရုဏာပလ္လင်တော်ထက်တွင် အသန့်ရှင်းဆုံးသောဘုန်းတော်ရှိတော်မူပြီး ထိုဘုန်းတော်ကိုမည်သူကမျှမြင်တွေ့ပြီးမှ အသက်ရှင်ခွင့်မရှိပါ။ သတ်မှတ်ထားသည့်နေရာတွင် ယဇ်ပုရောဟိတ်မင်းကြီးသည် ကြောက်ရွံ့တုန်လှုပ်လျက်နှင့်ဝင်ရပါသည်။ ထိုအခါ၌ အမွှေးနံ့သာများ၏အခိုးအငွေ့များကြောင့်



ယဇ်ပုရောဟိတ်မင်းကြီးသည် ဘုရားသခင်၏ဘုန်းတော်ကိုမမြင်နိုင်ပါ။ ထိုအချိန်တစ်လျှောက်လုံး၌ ဗိမာန်တော်အတွင်း အသံတိတ်ဆိတ်လျက် ယဇ်ပလ္လင်များတွင် ပုရောဟိတ်များလည်းမရှိပါ။ လူများမှာရိုသေစွာဖြင့် ဦးညွတ်လျက် ဘုရားသခင်၏ကရုဏာတော်အတွက် တောင်းလျှောက်နေကြပါသည်။

"ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှာ ထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင်ဖြစ်သော ငါတို့ကိုဆုံးမစရာအဖို့ ကျမ်းစာ၌ရေးထားလျက်ရှိသတည်း" (၁ကော ၁၀း၁၁)။

"ထာဝရဘုရားမူကား၊ သန့်ရှင်းသောဗိမာန်တော်၌ရှိတော်မူ၏၊ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ငြိမ်ဝပ်စွာနေကြလော့။"

"ထာဝရဘုရားသည်စိုးစံတော်မူ၏၊ လူများတို့သည် တုန်လှုပ်ခြင်းရှိကြစေ၊ ခေရုဗိမ်တွင်တည်ရှိတော်မူ၏၊ မြေကြီးသည်လှုပ်ရှားခြင်းရှိစေ၊ ထာဝရဘုရားသည် ဇိအုန်တောင်မှာကြီးမြတ်တော်မူ၏၊ လူများအပေါင်းတို့ထက်ချီးမြှောက်ခြင်းရှိတော်မူ၏၊ ကြီးမြတ်၍ကြောက်ရွံ့ဖွယ်သောနာမတော်ကိုချီးမွမ်းကြစေ၊ အကြောင်းမူကား နာမတော်သည် သန့်ရှင်းခြင်းရှိသတည်း။"

"ထာဝရဘုရား၏ပလ္လင်တော်သည် ကောင်းကင်ပေါ်မှာတည်၏၊ မျက်စိတော်သည်ကြည့်ရှု၍ မျက်ခမ်းတော်သည် လူသားတို့ကိုစစ်တော်မူ၏။"

"သန့်ရှင်းရာဌာနတော်အထွတ်က ငုံ့ကြည့်တော်မူ၍။"

"တည်ရှိတော်မူရာအရပ်ကကြည့်ရှု၍ မြေကြီးပေါ်မှာနေသောသက်ရှိအပေါင်းတို့ကို မှတ်တော်မူ၏၊ သူတို့၏စိတ်နှလုံးရှိသမျှတို့ကိုဖန်ဆင်း၍ သူတို့ကျင့်သမျှသောအကျင့်တို့ကိုလည်း ဆင်ခြင်တော်မူ၏။"

"ထာဝရဘုရားကိုမြေကြီးတစ်ပြင်လုံးကြောက်ရွံ့စေ၊ လောကနိုင်ငံသားအပေါင်းတို့သည် ရိုသေလေးမြတ်ကြစေ" (ဟဗက္ကုတ် ၂း၂၀။ ဆာလံ ၉၉း၁–၃။ ၁၁း၄။ ၁၀၂း၁၉။ ၃၃း၁၄၊၁၅၊၈)။

လူသည်ဘုရားသခင်ကိုမစူးစမ်းနိုင်ပါ၊ ဘုရားသခင်၏ဘုန်းတော်ကိုကွယ်ကာထားသည့် ကန့်လန့်ကာကိုဖယ်ရှားရန် မည်သူမျှမကြိုးစားပါနှင့်။

"စီရင်တော်မူချက်တို့ကိုအဘယ်သူမျှစစ်၍မကုန်နိုင်၊ ကြွတော်မူရာလမ်းတို့ကိုလိုက်၍ရှာသော်လည်း မတွေ့မမှီနိုင် (ရောမ ၁၁း၃၃)။ ဘုရားသခင်၏တန်ခိုးတော်ကိုကွယ်ကာထားသည့် အကာအကွယ်များကိုဖယ်ရှားခြင်းသည် သေဒဏ်ထိုက်သောကြောင့် ထိုကဲ့သို့ဘုရားသခင်၏ကွယ်ကာထားသည့် အစီအစဉ်တော်က ကိုယ်တော်၏ကရုဏာတော်ကို ဖော်ပြနေပါသည်။ အမြင့်မြတ်ဆုံးသောသခင်ရှိတော်မူရာကို မည်သည့်လူသားကမျှထိုးဖောက်၍မဝင်ရောက်နိုင်ပါ။ ကိုယ်တော်အလိုရှိတော်မူသည့်အရာများကိုသာ ကျွန်ုပ်တို့သိကျွမ်းနိုင်ပါသည်။ ကျွန်ုပ်တို့ထက်မြင့်မြတ်သောတန်ခိုးရှိသူကို ကျွန်ုပ်တို့ဆင်ခြင်၍ သတိပြုရပါမည်။ အလွန်မြင့်မြတ်သည့် "ငါဖြစ်သည့်အတိုင်းငါဖြစ်၏" ဟူသောဘုရားသခင်ကို ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အသိတရားက ဦးညွတ်ကိုးကွယ်ရပါမည်။

---ooo---



အခန်း (၃၇)

# ခရစ်ယာန်ပညာရေးအစစ်နှင့်အတု

စာတန်သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဖယ်ရှားပြီး လူ့အတွေးအခေါ်များကိုသွင်းလာရန် အစဉ်ကြိုးစားလုပ်ဆောင်နေပါသည်။ စာတန်သည် "ဤမည်သောလမ်းသည်မှန်၏၊ ဤလမ်း၌သွားလော့ဟုသင့်နောက်၌ပြောသောစကားသံကို ကိုယ့်နားနှင့်ကြားရလိမ့်မည်" (ဟေရှာယ ၃၀း၂၁) ဆိုသည့် ဘုရားသခင်၏အမိန့်တော်ကို ကျွန်ုပ်တို့မကြားရန်သူအလိုရှိပါသည်။ ကျွန်ုပ်တို့၏ခရစ်ယာန်ပညာရေးစနစ်ကို လမ်းလွဲစေခြင်းအားဖြင့် ကျွန်ုပ်တို့ကိုကောင်းကင်နိုင်ငံ၏အလင်းတော်မှ ကွယ်ကာရန်ကြိုးစားနေပါသည်။

ဘုရားသခင်ကိုဦးထိပ်ထားသောအတွေးအခေါ်များနှင့် သိပ္ပံပညာစူးစမ်းပြုလုပ်ချက်များကြောင့် လူထောင်ပေါင်းများစွာသည် ဘုရားမဲ့တရားမဲ့များဖြစ်လာနေကြပါသည်။ ယနေ့ကျောင်းများတွင် ပညာအလွန်တတ်မြောက်သော ပညာရှင်များ၏သိပ္ပံတွေ့ရှိချက်များကို ဂရုစိုက်သင်ကြားပို့ချနေပါသည်။ ထိုကဲ့သို့သင်ကြားပို့ချမှုများကြောင့် ဤလူများ၏တွေ့ရှိချက်များသည် မှန်ကန်ပါက ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် မှားယွင်းနေကြောင်းအတွေးများပေါ်ပေါက်နေပါသည်။ ဘုရားမဲ့တရားမဲ့သည် အလွန်ဆွဲဆောင်မှုရှိပါသည်။ ကိုယ့်အားကိုယ်ကိုးသောအတွေးအခေါ်များကိုခံယူလာသောလူငယ်များ၏စိတ်သည် ညှို့ခြင်းခံရ၍ နောက်ဆုံးတွင်လိမ်လည်လှည့်ဖြားခြင်းကိုခံရပါသည်။ ထိုအခါစာတန်သည် အလွန်ဝမ်းမြောက်ပါသည်။ ငယ်ရွယ်သူတို့၏စိတ်နှလုံးထဲတွင် မျိုးကြဲခဲ့သောအစေ့များသည် အားသန်လာပါသည်။ စာတန်သည် အပင်များကိုရှင်သန်ပွားများစေပြီး နောက်ဆုံးတွင် အလွန်များပြားသောရိတ်သိမ်းခြင်းကို ဖြစ်ပေါ်စေပါသည်။

လူ၏ဇာတိပကတိစိတ်သည် အပြစ်ကိုအလွန်နှစ်သက်သောကြောင့် လူငယ်များ၏စိတ်တွင် ဘုရားတရားကိုဆန့်ကျင်သောအတွေးအခေါ်များအား

မထည့်သွင်းရပါ။ ဘုရားသခင်ကိုယုံကြည်ခြင်းအားနည်းစေသောအရာများမှန်သမျှသည် ကျွန်ုပ်တို့၏အပြစ်ကိုတွန်းလှန်နိုင်သောခွန်အားကိုလည်းနည်းစေပါသည်။ အပြစ်မှတစ်ခုတည်းသောအကာအကွယ်ကိုလည်း ဖယ်ရှားပစ်ပါသည်။ နေ့စဉ်အသက်တာတွင် ဘုရားသခင်ကိုဆက်ကပ်ပြီး ကိုယ်တော်၏အသက်တာအားဖြင့်နေထိုင်သွားခြင်းသည် အမြင့်မြတ်ဆုံးသောအရာဖြစ်သည်ကို လူတို့ကိုသင်ကြားပေးသောကျောင်းများစွာလိုအပ်နေပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော်၏အလိုတော်ကိုပြည့်စုံစေတော်မူရန် ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့် လက်ရာတော်များမှတစ်ဆင့် ဘုရားသခင်၏အကြောင်းကို ကျွန်ုပ်သင်ယူရန်လိုအပ်ပါသည်။

## ဘုရားသခင်ကိုမယုံကြည်သောစာရေးဆရာများ

ဉာဏ်ပညာတိုးပွားရန်အတွက် ဘုရားတရားကိုမယုံကြည်သောသူတို့၏အရေးအသားများတွင် အလွန်ထက်မြက်သောပညာရပ်များပါရှိသောကြောင့် လေ့လာရမည်ဟုထင်မှတ်ကြပါသည်။ သို့သော်လည်း ဤအလွန်ထက်မြက်သောပညာရပ်များသည် မည်သူ့ထံမှလာပါသနည်း၊ ဘုရားသခင်တစ်ပါးတည်းထံမှသာလာပါသည်။ ကိုယ်တော်သည် အလင်းဖြစ်တော်မူပါသည်။ ထိုကြောင့် ဘုရားတရားမယုံကြည်သူတို့၏အမှားအမြောက်အမြားတွင် အမှန်တရားအနည်းငယ်အတွက် မိမိကိုယ်ကိုနစ်မြုပ်နေမည့်အစား ကျွန်ုပ်တို့အတွက်အသင့်ရှိနေတော်မူသည့်အမှန်တရားကို ကိုးစားကြပါစို့။

ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ပြုနေသူများက အဘယ်ကြောင့်ဉာဏ်ပညာထက်မြက်ကြပါသနည်း၊ စာတန်ကိုယ်တိုင်လည်း ကောင်းကင်ဗိမာန်တော်တွင်ပညာဆည်းပူးခဲ့ရပြီး အကောင်းနှင့်အဆိုးကိုခွဲခြားနိုင်သောဉာဏ်ကိုရရှိခဲ့ပါသည်။ သူသည် အမှန်နှင့်အမှားကိုရောနှောခြင်းဖြင့် လူများကိုလှည့်စားနေပါသည်။ သို့သော်လည်းစာတန်သည် ကောင်းကင်နိုင်ငံတော်မှအလင်းကို အကာအကွယ်ယူပြီးလှည့်ဖြားသောကြောင့် သူ့ကိုအလင်းဆောင်



သည့်ကောင်းကင်တမန်တစ်ပါးအဖြစ် လက်ခံရပါမည်လား။ စာတန်တွင်သူသွန်သင်ပြသခဲ့ပြီး သူနှင့်စိတ်တူကိုယ်တူရှိ၍ သူ့အမှုကိုလိုက်လုပ်နေသောနောက်လိုက်များစွာရှိပါသည်။ ကျွန်ုပ်တို့သည် ဤသူများနှင့်ပူးပေါင်းရပါမည်လော။ ကျွန်ုပ်တို့သည် ပညာတိုးပွားရန်အတွက် စာတန်နောက်လိုက်များ၏လုပ်ဆောင်ချက်များကို လက်ခံရပါမည်လား။

ဤဘုရားမဲ့တရားမဲ့သူတို့၏လေ့လာတွေ့ရှိချက်များကို လေ့လာရန်ကုန်ဆုံးမည့်အချိန်ကို ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို လေ့လာရန်အတွက်အသုံးပြုလိုက်ပါက ယနေ့သေမင်း၏မှောင်မိုက်အရိပ်အောက်၌ရှိနေသူထောင်ပေါင်းများစွာတို့သည် အသက်သခင်အလင်းတော်ဘုန်းတော်တွင် ပျော်မွေ့ခွင့်ကိုရကြပါလိမ့်မည်။

## ကျမ်းစာနှင့်သမိုင်း၏အဆက်အသွယ်

ခရစ်ယာန်သာသနာလုပ်ငန်းအတွက်ပြင်ဆင်ရာတွင် လူများစွာတို့ကသမိုင်းနှင့်ခရစ်ယာန်ဘာသာရေးအတွေးအခေါ်စာအုပ်များစွာကို လေ့လာရမည်ဟုထင်မှတ်ကြပါသည်။ ဧဝံဂေလိသတင်းစကားကိုသွန်သင်ရာတွင် ဤအသိတရားများက သူတို့ကိုအထောက်အကူပြုလိမ့်မည်ဟု သူတို့ထင်ကြပါသည်။ သိုသော်လည်း လူတို့၏အတွေးအခေါ်ယူဆချက်များကိုလေ့လာခြင်းဖြင့် သူတို့၏အမှုတော်လုပ်ငန်းသည် တိုးတက်ရမည့်အစား အားနည်းဆုတ်ယုတ်လာပါသည်။ လူ၏အတွေးအခေါ်များဖြင့်ရေးသားထားသည့်သမိုင်းနှင့်ခရစ်ယာန်ဘာသာရေးစာအုပ်များစွာဖြင့်ပြည့်ကျပ်နေသည့် စာကြည့်ခန်းများကိုကြည့်ခြင်းခြင်း အစာဟုတ်သည့်အရာများအတွက် ကျွန်မတို့၏ငွေကိုသုံးဖြုန်းနေကြသည်ဟု စိတ်ထဲ၌ရေရွတ်မိပါသည်။

သခင်ခရစ်တော်က "ငါသည်အသက်မုန့်ဖြစ်၏၊ ငါ့ထံသို့လာသောသူသည် နောက်တစ်ဖန်အဆာအမွတ်မခံရ၊ ငါ့ကိုယုံကြည်သောသူသည်နောက်တစ်ဖန်ရေငတ်မခံရ။" "ငါသည်ကောင်းကင်မှဆင်းသက်သောအသက်

မုန့်ဖြစ်၏၊ ဤမုန့်ကိုစားသောသူမည်သည်ကား အစဉ်မပြတ်အသက်ရှင်လိမ့်မည်။" "ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။" "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏၊ အသက်လည်းဖြစ်၏" (ယောဟန် ၆း၃၅၊၅၁၊၄၇၊၆၃)။

ကျွန်ုပ်တို့အပြစ်တင်ရန်မသင့်သည့် သမိုင်းပညာရပ်တည်ရှိပါသေးသည်။ ရှေးပုရောဖက်ကျောင်းများတွင် ခရစ်ယာန်ဘာသာရေးသမိုင်းပညာကို သင်ကြားလေ့လာခဲ့ပါသည်။ ရှေးခေတ်နိုင်ငံများ၏သမိုင်းတွင် ဘုရားသခင်၏ဦးဆောင်တော်မူချက်များတွင် ကိုယ်တော်၏ခြေတော်ရာများကို တွေ့ရှိနိုင်ပါသည်။ ထိုနည်းတူ ယနေ့ကမ္ဘာပေါ်တွင်ရှိသောတိုင်းနိုင်ငံအသီးသီး၌ ဘုရားသခင်၏ခြေတော်ရာများကိုလည်း ကျွန်ုပ်တို့သတိပြုရပါမည်။ သမိုင်းတွင်နောင်ရေးကြိုတင်ဟောကြားထားသည့်အရာများ၏ပြည့်စုံခြင်းကို ကျွန်ုပ်တို့သိမြင်ရပါမည်။ ခရစ်ယာန်ဘာသာရေးပြုပြင်ပြောင်းလဲခြင်းခေတ်ကာလတစ်လျှောက်တွင် ဘုရားသခင်၏လက်တော်ကိုလည်းကောင်း၊ နောက်ဆုံးသောတိုက်လှန်ပွဲအတွက် တိုင်းနိုင်ငံအသီးသီးတို့စုစည်းနေသည့်အခြေအနေကိုလည်းကောင်း ကျွန်ုပ်တို့နားလည်သိရှိရပါမည်။

ကျွန်ုပ်တို့၏လေ့လာသင်ယူခြင်းအားဖြင့် ဘဝတွင်ပိုမိုအမြင်ကျယ်လာပါသည်။ လူမှုအသိုက်အဝန်း၊ တိုင်းနိုင်ငံအသီးသီးတို့၏ပူးပေါင်းဖွဲ့စည်းခြင်းအားဖြင့် ကျွန်ုပ်တို့အသီးသီး၏ပူးပေါင်းဆက်သွယ်ခြင်း၊ အပြန်အလှန်မှီခိုခြင်းနှင့်အတူ တစ်ဦးတစ်ယောက်ကိုဖိနှိပ်ချုပ်ချယ်ခြင်းအားဖြင့် ကျွန်ုပ်တို့အားလုံးထိခိုက်ဆုံးရှုံးကြရမည်ကိုလည်း သိရှိနားလည်ရပါသည်။

သို့သော်လည်း သမိုင်းကိုရိုးရိုးအားဖြင့်လေ့လာလိုက်ပါက လူ၏ကြိုးစားအားထုတ်ခြင်း၊ သူအောင်မြင်ခဲ့သည့်တိုက်လှန်ပွဲများ၊ တန်ခိုးရာထူးကိုရယူရန် သူ၏ကြိုးစားအောင်မြင်မှုများကိုသာတွေ့ရှိရပြီး လူတို့၏အမှုတွင် ဘုရားသခင်ကွယ်ပျောက်နေပါသည်။ နိုင်ငံအသီးသီး၏တိုးတက်ကြီးပွားခြင်းနှင့်ကျဆုံးခြင်းတွင် ဘုရားသခင်၏အလိုတော်ကို လေ့လာသူနည်းပါးပါသည်။





ထိုနည်းတူ လူတို့၏ကြိုးစားအားထုတ်ခြင်းဖြင့် ခရစ်ယာန်ဘာသာရေးအတွေးအခေါ်ပညာများကိုလေ့လာခြင်းဖြင့် "ပညာမဲ့သောအမှောင်"တွင် ကျင်လည်ရုံသာရှိပါသည်။ မကြာခဏဆိုသလို ဤပညာရပ်ကိုလေ့လာသည့်အကြောင်းရင်းမှာ ဝိညာဉ်ရေးအစာအာဟာရ ရရှိရန်မဟုတ်ဘဲ အတွေးအခေါ်ပညာရှင်များ၊ ခရစ်ယာန်ဘာသာရေးဆရာများနှင့်ရင်းနှီးရန်အတွက်လည်းကောင်း၊ လူတို့ရှေ့၌ ခရစ်ယာန်ယုံကြည်ချက်များကို ပညာသားပါပါသွန်သင်တင်ပြရန်သာဖြစ်ပါသည်။

ပြုစုထားသည့်စာအုပ်တိုင်းသည် သန့်ရှင်းသောအသက်တာကိုမဖြစ်မြောက်စေနိုင်ပါ။ ကြီးမြတ်သောဆရာက "ငါ့ထံ၌နည်းခံကြလော့၊" "ငါ့ထမ်းပိုးကိုတင်၍ထမ်းကြလော့၊" "ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏" ဟုမိန့်တော်မူပါသည်။ ဝိညာဉ်အစာအာဟာရင်တ်မွတ်လျက် ဆုံးရှုံးတော့မည့်ဝိညာဉ်ကို သင်၏ပညာဖြင့်သင်ကမကယ်တင်နိုင်ပါ။ ဤစာအုပ်ကိုလေ့လာခြင်းအားဖြင့် သခင်ခရစ်တော်ထံမှရရှိနိုင်သည့် လက်တွေ့ကျသည့်သင်ခန်းစာများကို သင်သည်ဆုံးရှုံးလျက်ရှိပါသည်။ ဤကဲ့သို့လေ့လာခြင်းအားဖြင့် လူများကိုဝိညာဉ်ရေးအစာအာဟာရမကျွေးမွေးနိုင်ပါ။ အပင်ပန်းခံကြိုးစားလေ့လာသော်လည်း ဝိညာဉ်ကယ်တင်ခြင်းတွင် အနည်းငယ်သာအကျိုးပြုပါသည်။

ကယ်တင်ပိုင်သူသည် "ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကိုကြားပြောစေခြင်းငှာ" (လုကာ ၄း၁၈)။ ဤလောကသို့ကြွရောက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် အရှင်းဆုံးနှင့်အလွယ်ကူဆုံးနည်းများဖြင့် သွန်သင်တော်မူခဲ့ပါသည်။ "လူများအပေါင်းတို့သည် အားရဝမ်းမြောက်သောစိတ်နှင့်စကားတော်ကိုနားထောင်ကြ၏" (မာကု ၁၂း၃၇) ဟုလည်း ဖော်ပြထားပါသည်။ ယနေ့ဘုရားသခင်၏အမှုတော်ကိုဆောင်နေသောသူများသည် ကိုယ်တော်ပေးခဲ့တော်မူသည့်သင်ခန်းစာများကို ပိုမိုနက်နဲစွာသိမြင်လာရန်လိုပါသည်။

အမြင့်မြတ်ဆုံးသောသခင်၏နှုတ်ထွက်စကားတော်သည် အခြားပညာများထက်သာလွန်ပါသည်။ အခြားသူများအတွက် အမှုတော်၌ပါဝင်

နေသူများက အသက်မုန့်ကိုပို၍မှီခိုစားသောက်သင့်ပါသည်။ သို့မှသာ ဝိညာဉ်ရေးခွန်အားတိုးတက်လာပြီး လူတန်းစားအမျိုးမျိုးတို့အတွက်လုပ်ဆောင်နိုင်ရန် ပိုမိုအဆင်သင့်ဖြစ်လာပါလိမ့်မည်။

## သမိုင်းဝင်များ

တက္ကသိုလ်နှင့်ကောလိပ်များတွင် လူငယ်ထောင်ပေါင်းများစွာတို့သည် မိမိတို့၏အချိန်ကာလနှစ်ပေါင်းများစွာကို ဂရိနှင့်လက်တင်ဘာသာစကားများကိုလေ့လာခြင်းဖြင့် အချိန်ကုန်နေကြပါသည်။ ဤဘာသာစကားများကိုလေ့လာခြင်းဖြင့် ထိုဘုရားမဲ့စာပေအများတွင်ပါရှိသည့် ဆိုးညစ်သောအရာများကို သူတို့၏အသက်တာတွင်စွဲကျန်စေပါသည်။

ဤသမိုင်းဝင်စာပေများနှင့်ရင်းနှီးသောသူများက ဂရိသမိုင်းတွင် သွေးနီးစပ်လွန်းသူများနှင့်အိမ်ထောင်ပြုခြင်း၊ အချင်းချင်းသတ်ဖြတ်ခြင်း၊ ကလဲ့စားချေတတ်၍ ရမ္မက်ပြင်းထန်သောဘုရားသခင်များကျေနပ်ရန်အတွက် လူများကိုပူဇော်ပသခြင်းတို့ဖြင့် ပြည့်လျှံနေပါသည်ဟုဆိုပါသည်။ ထိုကြောင့် ဤအရာများကိုငြင်းပယ်၍ ပညာကိုရှာသင့်ပါသည်။ "လူသည်--- ခြေမလောင်ဘဲမီးခဲပေါ်မှာနင်းနိုင်သလော" (သုတ္တံ ၆း၂၈)။ "မသန့်ရှင်းသောအရာထဲက သန့်ရှင်းသောအရာကိုအဘယ်သူထုတ်ဖော်နိုင်သနည်း၊ အဘယ်သူမျှမထုတ်မဖော်နိုင်ပါ" (ယောဘ ၁၄း၄)။ ဘုရားသခင်၏ပညတ်တော်များကို တိုက်လှန်ဆန့်ကျင်နေသောအရာများကို လေ့လာသင်ကြားခြင်းဖြင့် လူငယ်များသည် ခရစ်ယာန်အသက်တာ၌ ရှင်သန်ကြီးထွားနိုင်မည်ဟု သင်ထင်ပါသလား။

မိမိတို့၏အကွယ်အကာများကိုဖယ်ရှားပြီး တရားမဲ့သောအပျော်ကြူးခြင်း၊ လျှပ်ပေါ်ခြင်း၊ ဖောက်ပြန်ခြင်းများကို လူငယ်များက ယနေ့ကျူးလွန်ခြင်းမှာ မိမိတို့သင်ကြားလေ့လာခဲ့သောအရာများကို အတုယူခြင်းသာဖြစ်ပါသည်။ ဂရိပညာရပ်များနှင့်လက်တင်ပညာရပ်များကိုလေ့လာလိုက်စားရန်



လူအချို့အတွက်လိုအပ်ပါသည်။ ထိုသို့လိုအပ်ခဲ့ပါကလည်း ညစ်ညူးဖောက်ပြန်နေသောစာပေများကိုရှောင်ရှား၍ လေ့လာသင့်ပါသည်။

သို့သော်လည်း ဤဂရိနှင့်လက်တင်ဘာသာများကို လူများစွာလေ့လာရန်မလိုအပ်ပါ။ ဤကွယ်ပျောက်နေသည့်ဘာသာများကိုလေ့လာခြင်းထက် မိမိတို့၏ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ရေးခွန်အားကြီးထွားမှုအတွက်လိုအပ်သောပညာရပ်များကို ဦးစားပေးလေ့လာသင့်ပါသည်။ လက်တွေ့ကျသောဘဝအသက်တာအတွက် လေ့လာရန်လိုအပ်သောလေ့ကျင့်သင်ကြားမှုများအတွက် ကုန်ဆုံးရမည့်အချိန်ကိုကွယ်ပျောက်နေသည့်ဘာသာစကားများနှင့် အခြားစာပေများကိုလိုက်စား၍ အချိန်ကုန်ဆုံးခြင်းက လူငယ်များအတွက် အလွန်မိုက်မဲရာရောက်ပါသည်။

ပညာသင်ကြား၍ပြီးဆုံးသွားသောအခါ ကျောင်းမှထွက်ခွာသွားသောလူငယ်များတွင် မည်သည့်အရာများပါသွားပါသနည်း၊ သူတို့ဘယ်ကိုသွား၍ ဘာပြုလုပ်နေကြပါသနည်း၊ အခြားသူများကိုသွန်သင်နိုင်သောပညာအတွေ့အကြုံသည် သူတို့၌ရှိပါသလား၊ မှန်ကန်သောမိဘများဖြစ်နိုင်ရန်အတွက် သူတို့၌ပညာစုံရှိပါသလား၊ မိမိတို့၏မိသားစုတွင် ပညာရှိသောအိမ်ထောင်ဦးစီးကောင်းတစ်ဦးဖြစ်နိုင်ပါသလား၊ ဤလောကတွင် တန်ဖိုးအများဆုံးသောပညာရပ်မှာ လူငယ်များကိုသခင်ခရစ်တော်နှင့်ပိုမိုတူညီလာရန်လည်းကောင်း၊ အသက်တာ၏တာဝန်များကိုထမ်းဆောင်နိုင်သောသူများဖြစ်ရန်လည်းကောင်း၊ အိမ်ထောင်ကိုဦးဆောင်နိုင်သောသူများဖြစ်နိုင်ရန်လည်းကောင်း သွန်သင်လေ့ကျင့်ပေးသောပညာရပ်ဖြစ်ပါသည်။ ဤကဲ့သို့သောပညာရပ်များကို ဘုရားတရားမဲ့သောသမိုင်းဝင်စာပေများမှ မရရှိနိုင်ပါ။

## စိတ်လှုပ်ရှားစေသောစာပေများ

ယနေ့နာမည်ကျော်စာပေဝတ္ထုများတွင် လူငယ်များကိုအပြစ်သို့သွေးဆောင်ပြီး ပျက်စီးခြင်းလမ်းသို့ရောက်စေမည့် စိတ်လှုပ်ရှားစေသော

အဖြစ်အပျက်များစွာကို တွေ့ရှိနိုင်ပါသည်။ ကလေးငယ်များပင်လျှင် မကောင်းမှုအသိပညာ၌ ရင့်ကျက်နေကြ၏။ သူတို့ဖတ်ရသည့်အဖြစ်အပျက်များမှ တစ်ဆင့် အပြစ်မကောင်းမှုများနှင့်ရင်းနှီးနေကြ၏။ ဖော်ပြထားသည့်အဖြစ်အပျက်များတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်လာသယောင်စိတ်ကူးကြပြီး ထိုမှတစ်ဆင့်အပြစ်ကိုအမှန်တကယ်ကျူးလွန်ပြီး အပြစ်ဒဏ်မှရှောင်ရှားရန် ကြိုးစားလာကြပါသည်။

ကလေးသူငယ်များအတွက် နောင်ရေးနှင့်ပတ်သက်နေသော စိတ်ကူးယဉ်သည့်အချက်များသည် အမှန်တကယ်လက်တွေ့ဖြစ်လာနေပါသည်။ တရားစည်းကမ်းနှင့်ကိုယ်ကျင့်တရားတို့က ကာကွယ်တားဆီးထားသည့်အပြစ်မကောင်းမှုများ၊ ဆန့်ကျင်မှုများကိုမြင်တွေ့လာလေ၊ ဤစိတ်သဘောထားသည် သူတို့အတွင်းရောက်ရှိသွားပြီး ဖြစ်နိုင်ပါက ထိုစာရေးဆရာများရေးသားထားသည့်အဖြစ်အပျက်များထက် ပိုမိုဆိုးရွားသောအဖြစ်အပျက်များကိုပင် ကျူးလွန်ရန်စိတ်များပေါ်ပေါက်လာပါသည်။ ဤကဲ့သို့လှုံ့ဆော်မှုများကြောင့် ပတ်ဝန်းကျင်အသိုက်အဝန်းသည် ဆိုးရွားပျက်စီးလာပြီး တရားစည်းကမ်းချိုးဖောက်မှုများကျယ်ပြန့်လာပါသည်။ ထိုကြောင့် အပြစ်မကောင်းမှုများကိုရိတ်သိမ်းရသည်မှာ မဆန်းတော့ပါ။

အချစ်ဇာတ်လမ်းများ၊ အနက်ကင်းမဲ့ပြီး စိတ်လှုပ်ရှားလွယ်သော အဖြစ်အပျက်များသည် စာဖတ်သူများအတွက်အကျိုးမရှိပါ။ စာရေးသူက ဘဝသင်ခန်းစာများကိုသွန်သင်လိုသည့် သမ္မာကျမ်းစာ၏သွန်သင်ချက်များကိုကိုးကားသော်လည်း ထိုလုပ်ဆောင်ချက်များမှာ ၎င်းစာပေ၏မိုက်မဲမှုနှင့် တန်ဖိုးကင်းမဲ့မှုများကိုဖုံးဖိရန်သာဖြစ်ပါသည်။

ဤလောကတွင် မှားယွင်းသောဆွဲဆောင်မှုများဖြင့်ပြည့်လျှံနေသည့် စာပေများဖြင့် လွှမ်းမိုးနေပါသည်။ သမ္မာကျမ်းစာက အမှားများဟုဆိုထားသည့်အရာများကို ယနေ့လူငယ်များက အမှန်တရားအဖြစ်စွဲကိုင်ထားပြီး မိမိကိုယ်ကိုမိမိဖျက်ဆီးနေကြပါသည်။



ဤကဲ့သို့ဖြစ်ရခြင်းမှာ အပြစ်ကိုဖော်ထုတ်ပြီး အမှန်တရားကိုသွန်သင်ရန်ဟုဆိုလျက် ထုတ်ထားသည့်စိတ်ကူးယဉ်စာပေများကြောင့်ဖြစ်ပါသည်။ အချို့စာပေများမှာ ကောင်းကျိုးများပြုသည်ထက် ဆိုးပြစ်များက ပို၍များပြားပါသည်။ သူတို့ထဲတွင် လူငယ်များကိုစိတ်လှုပ်ရှားစေပြီး လွဲမှားစွာစိတ်ကူးယဉ်စေနိုင်သောရုပ်ပုံများပါဝင်တတ်ပါသည်။ ဤရုပ်ပုံများမှာ သူတို့၌စွဲကျန်နေပါသည်။ ဤကဲ့သို့သောစိတ်ရှိသူများမှာ ဝိညာဉ်ရေးဘက်တွင် အသုံးဝင်မှုနည်းပါးပြီး အရည်အချင်းမဲ့လာပါသည်။ ကျမ်းစာ၌စိတ်ဝင်စားမှုလည်း လျော့နည်းလာပါသည်။ ကောင်းကင်နိုင်ငံနှင့်ဆိုင်သောအရာများမှာ ဆွဲဆောင်မှုနည်းပါးလာပြီး ဤရုပ်ပုံများကိုစဉ်းစားစိတ်ကူးစိတ်သန်းနေခြင်းဖြင့် အလိုရမ္မက်များထကြွလာပြီး အဆုံး၌အပြစ်ကိုကျူးလွန်လာကြပါသည်။

ဆိုးညစ်သောအရာများကင်းရှင်းပြီး အလွန်ကောင်းသောအရာများကို သွန်သင်သောစိတ်ကူးယဉ်စာပေများသည် မည်မျှကောင်းစေကာမူ ဘေးရန်ရှိပါသည်။ ဇာတ်သိမ်းခန်းကိုသိလိုသောကြောင့် စာပေ၏အနှစ်သာရကို မခံစားဘဲ အလျင်အမြန်ဖတ်သောအကျင့်ကို အားပေးသောကြောင့်ဖြစ်ပါသည်။ ဝေဖန်သုံးသပ်တတ်သောအကျင့်ကိုဖျက်ဆီးပြီး အသက်တာ၏တာဝန်ဝတ္တရားများနှင့်ဦးတည်ချက်များကို စဉ်းစားဝေဖန်ရာတွင် အားနည်းစေပါသည်။

စိတ်ကူးယဉ်စာပေများကိုဖတ်ခြင်းသည် ဖျော်ဖြေမှုများကိုစွဲလမ်းစေပြီး လက်တွေ့ကျသောဘဝတာဝန်ဝတ္တရားများကိုခေါင်းရှောင်စေပါသည်။ ထိုစာပေများ၏စိတ်လှုပ်ရှားတက်ကြွသောဆွဲဆောင်မှုများကြောင့် ကိုယ်ကာယကျန်းမာရေးထိခိုက်လာပါသည်။ လျစ်လျူရှုခြင်းခံရ၍ ပျက်စီးနေသောအိမ်ထောင်များ၊ တစ်သက်တာလုံးမစွမ်းမသန်ဘဝသို့ရောက်နေသူများ၊ စိတ်ရောဂါဆေးရုံတွင်ရောက်ရှိနေသူများစွာတို့သည် ဝတ္ထုဖတ်ခြင်းကြောင့် ယနေ့အခြေအနေသို့ဆိုက်ရောက်နေကြပါသည်။

တန်ဖိုးမဲ့ပြီးစိတ်လှုပ်ရှားသောစာပေများမှ လူငယ်များကိုလမ်းလွဲစေရန် ပိုမိုကောင်းမွန်သောစိတ်ကူးယဉ်စာပေများကိုအားပေးရမည်ဟု

မကြာခဏဆိုပါသည်။ သို့သော်လည်း ဤကဲ့သို့ပြုလုပ်ခြင်းမှာ အရက်သမား တစ်ဦးအရက်ပြတ်စေရန် သူ့ကိုအရက်ပြင်းပြင်းမသောက်စေဘဲ အားပျော့ သောအရက်ကိုသောက်ရန် အကြံပြုခြင်းနှင့်တူပါသည်။ ဤကဲ့သို့အရက် ပျော့များကိုသောက်ခြင်းဖြင့် သူသည်ပြင်းသောအရက်များကို ပိုမိုတောင့်တ လာပါလိမ့်မည်။ ထို့ကြောင့် သူ့အတွက်အကောင်းဆုံးနည်းမှာ အရက်ကို လုံးဝရှောင်ရန်သာဖြစ်ပါသည်။ ထိုနည်းတူစိတ်ကူးယဉ်စာပေများကို ကြိုက် နှစ်သက်သောသူအတွက်လည်း လုံးဝရှောင်ရှားခြင်းသည် အကောင်းဆုံးဖြစ် ပါသည်။

## စိတ်ကူးစိတ်သန်းများနှင့်ယုံတမ်းစကားများ

ယခုခေတ်တွင် ကလေးငယ်များနှင့်လူငယ်များကိုသွန်သင်ရာတွင် စိတ်ကူးစိတ်သန်းများနှင့်ယုံတမ်းစကားများ၊ စိတ်ကူးယဉ်အဖြစ်အပျက်များ ကို များစွာအသုံးပြုနေပါသည်။ ဤကဲ့သို့သောစာအုပ်များကို စာသင်ကျောင်း များနှင့်အိမ်များတွင် တွေ့ရှိနိုင်ပါသည်။ ဤကဲ့သို့လှည့်ဖြားသည့်စာအုပ် များကိုမိဘများက အဘယ်ကြောင့်ခွင့်ပြုကြပါသနည်း။ မိဘများ၏သွန်သင် ချက်များနှင့်ဆန့်ကျင်သောအကြောင်းအရာများကိုဖတ်ရ၍ ကလေးငယ်များက မေးသောအခါ မိဘများက ဤအရာများမှာအဖြစ်မှန်မဟုတ်ကြောင်းကို ရှင်းပြသော်လည်း ထိုစာအုပ်များ၏မှားယွင်းသောသွန်သင်ဆုံးမမှုများသည် ထိုနေရာ၌မရပ်ဆိုင်းသွားပါ။ ဤစာအုပ်များတွင်ဖော်ပြထားသည့်အကြောင်း အရာများက ကလေးငယ်များကိုလမ်းလွဲစေပါသည်။ မိမိတို့၏ဘဝအသက် တာကို မှားယွင်းစွာခံယူတတ်ကြပြီး အတုအယောင်များကိုခုံမင်လာတတ် ကြပါသည်။

ယခုခေတ်တွင် ဤစာအုပ်များကိုကျယ်ပြန့်စွာအသုံးပြုခြင်းမှာ စာတန်၏လှည့်စားမှုသာဖြစ်ပါသည်။ စစ်မှန်သောအသက်တာကိုတည်ဆောက် ရန် လိုအပ်သောသွန်သင်ချက်များမှလမ်းလွဲစေရန် သူကြိုးစားနေပါသည်။



ဤလောကတွင် စိတ်ပျက်စီးခြင်းကိုရေးရှုသောသွန်သင်ချက်များဖြင့် လူကြီး လူငယ်များကိုလမ်းလွဲရန် သူအလိုရှိပါသည်။ ဘုရားသခင်၏နှုတ်ထွက် စကားတော်ကိုငြင်းပယ်ကာ သူတို့၏အသက်တာအကွယ်အကာများဖြစ်သော အမှန်တရားကိုရရှိရန် သူကြိုးစားနေပါသည်။

ကလေးများနှင့်လူငယ်လူရွယ်လက်အတွင်း အမှန်တရားမှလမ်းလွဲ စေမည့်စာအုပ်စာပေများကို မည်သည့်အခါမျှမပေးရပါ။ ပညာကိုရှာနေစဉ် အတွင်း အပြစ်ပြုလုပ်ခြင်းကိုအားပေးသည့်အတွေးအခေါ်များမှကာကွယ်ပါ။ ရင့်ကျက်သောသူများသည်လည်း ဤကဲ့သို့စာအုပ်စာပေများကိုရှောင်ရှားခြင်း သည် သူတို့အတွက်ပိုအကျိုးရှိပြီး သူတို့၏ပုံသက်သေကြောင့် လူငယ် လူရွယ်များသည်လည်း အပြစ်၏သွေးဆောင်ခြင်းမှပိုမိုကာကွယ်နိုင်ပါ လိမ့်မည်။

ဘုရားသခင်နှင့်စပ်ဆိုင်ပြီး စစ်မှန်သောအရာမြောက်မြားစွာရှိပါ သည်။ ပညာကိုဆာလောင်မွတ်သိပ်သောသူတို့သည် မသန့်ရှင်းသောစမ်းရေ တွင်းများသို့သွားရန်မလိုပါ။ ဘုရားသခင်က “သင်၏နားကိုညွတ်၍ ပညာ ရှိစကားကိုနားထောင်လော့၊ ငါ့ပညာအတတ်ကိုလည်း စိတ်နှလုံး၌စွဲလမ်း လော့၊-- သင်သည် ထာဝရဘုရား၌ခိုလှုံမည့်အကြောင်း သင့်ကိုယ်တိုင်ကို ယနေ့ငါသွန်သင်၏၊ သင်သည် သမ္မာတရားစကားစစ်ကိုသိမည်အကြောင်း နှင့် သင့်ထံသိုစေလွှတ်သောသူတို့အား သမ္မာစကားကိုပြန်ပြောနိုင်မည် အကြောင်းသတိပေးလျက် ပညာအတတ်ကိုပြသလျက် ထူးဆန်းသောအရာ တို့ကို ငါရေး၍ပေးလိုက်သည်မဟုတ်လော” (သုတ္တံ ၂၂း၁၇-၂၁)။

“ယာကုပ်အမျိုး၌သက်သေတရားကိုစီရင်၍ ဣသရေလအမျိုး၌ ပညတ်တရားကိုထားတော်မူ၏၊ သားမြေးတို့မှမဝှက်မထား၊ ထာဝရဘုရား ၏ဘုန်းကျေးဇူးတော်နှင့်တန်ခိုးတော်ကိုလည်းကောင်း၊ ပြုတော်မူသောအံ့သြ ဖွယ်အမှုတို့ကိုလည်းကောင်း ဖြစ်လတ္တံ့သောသူတို့အား ဖော်ပြကြမည်” ဆာလံ ၇၈း၅၊၄။

"ဘုရားသခင်၏အမှုတော်တို့ကိုမမေ့၊ ဘုရားသခင်ကိုယုံကြည်ကိုးစား၍ ပညတ်တော်တို့ကိုစောင့်စေခြင်းငှာ၊ ထိုတရားတို့ကိုဘိုးဘေးတို့သည် သားတို့အားပြသ၍ ဖြစ်လတ္တံ့သောအမျိုးတည်းဟူသော ဖွားမြင်လတ္တံ့သောသားတို့သည် သိနားလည်၍ နောက်တစ်ဖန်မြေးမြစ်တို့အားပြသကြမည်အကြောင်း ပညတ်ထားတော်မူပြီ" ဆာလံ ၇၈း၈။

"ထာဝရဘုရား၏ကောင်းချီးသည် စည်းစိမ်ကိုဖြစ်စေတတ်၏၊ ထိုစည်းစိမ်နှင့်လည်း ဝမ်းနည်းခြင်းအကြောင်းကိုရောနှောတော်မမူ" သုတ္တံ ၁၀း၂၂။

## သခင်ခရစ်တော်၏သွန်သင်တော်မူချက်များ

ဧဝံဂေလိတရားတော်တွင် သခင်ခရစ်တော်သည် အမှန်တရားကိုသွန်သင်ထားတော်မူပါသည်။ ကိုယ်တော်၏သွန်သင်တော်မူချက်များမှတစ်ဆင့် ကျွန်ုပ်တို့သည် ကောင်းကင်ပလ္လင်တော်မှစီးဆင်းလာသည့် အသက်စမ်းရေကိုသောက်သုံးနိုင်ကြပါသည်။ လူတို့ရှာဖွေမတွေ့ရှိနိုင်သေးသည့်အတတ်ပညာများ၊ လျှို့ဝှက်နက်နဲသောအရာများ၊ ကမ္ဘာဆုံးတိုင်အောင်တည်တံ့သွားမည့်ပညာရပ်များကို သခင်ခရစ်တော်သည် သွန်သင်ပြသနိုင်တော်မူခဲ့သော်လည်း လူသားတို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍ ကိုယ်တော်၏သွန်သင်ချက်များကို သခင်ခရစ်တော်သည် အဆုံးအရှုံးမခံပါ။ ကိုယ်တော်သည် မိမိ၏အချိန်၊ အစွမ်းခွန်အားနှင့်အသက်တာကို လူသားတို့၏ကယ်တင်ခြင်းအတွက်သာ အသုံးပြုတော်မူခဲ့ပါသည်။ ကိုယ်တော်သည် ပျောက်ဆုံးသောသူတို့ကိုကယ်တင်ရန်အတွက် ဤလောကသို့ကြွဆင်းတော်မူခဲ့သည့်အတွက် ဤအမှုတော်မှရှောင်ဖယ်ခြင်းကို လက်ခံတော်မူမည်မဟုတ်ပါ။ လမ်းလွဲစေမည့်အရာတစ်ခုကိုမျှ လက်ခံမည်လည်းမဟုတ်ပါ။

ကိုယ်တော်သည် လက်တွေ့အသုံးပြုနိုင်သည့်ပညာရပ်များကိုသာ သွန်သင်ပေးတော်မူခဲ့ပါသည်။ လက်တွေ့အသက်တာတွင် လိုအပ်သောအရာ



များကိုသာ သခင်ခရစ်တော်ရှင်းပြတော်မူခဲ့ပြီး မလိုအပ်သည့်စူးစမ်းလေ့လာမှုများကို သခင်ခရစ်တော်အားမပေးခဲ့ပါ။ ကောင်းမကောင်းသိကျွမ်းရာအပင်မှ အသီးကိုစားသုံးရန်စိတ်ပြင်းပြသူများကို ကိုယ်တော်က အသက်ပင်မှ အသီးကိုကမ်းလှမ်းတော်မူခဲ့ပါသည်။ ဘုရားသခင်သို့ညွှန်ပြသည့်လမ်းမှလွဲ၍ အခြားလမ်းများအားလုံးပိတ်ထားသည်ကို သူတို့တွေ့မြင်ခဲ့ရပါသည်။ အသက်စမ်းရေတွင်းမှလွဲ၍ အခြားစမ်းရေတွင်းအားလုံးပိတ်ထားသည်ကို သူတို့တွေ့ခဲ့ရပါသည်။

လူသားတို့၏သွန်သင်တွေ့ရှိချက်များကိုသာ သင်ကြားပေးသည့်ပုရောဖက်ကျောင်းများကိုတက်ရောက်ပညာသင်ရန် သခင်ခရစ်တော်သည် မည်သူ့ကိုမျှအားမပေးခဲ့ပါ။ ကျွန်ုပ်တို့၏ပညာအလုံးစုံနှင့်ပြည့်ဝသောသခင်ရှိနေလျက်နှင့် အဘယ်ကြောင့်လူသားတို့၏မသေချာမရေရာသောဉာဏ်ပညာအတွေ့အကြုံများကို ဆည်းပူးရပါမည်နည်း။

ထာဝရအသက်တာနှင့်စပ်ဆိုင်သည့်အရာများနှင့် လူသားတို့၏အားနည်းချက်များကိုသိရှိလာသောအခါ ကျွန်မစိတ်အလွန်ထိခိုက်ခဲ့ရပြီးလုပ်ဆောင်နေသည့်အလုပ်အပေါ်၌လည်း များစွာအကျိုးသက်ရောက်စေခဲ့ပါသည်။ လူသားများအနေဖြင့် ဝါကြွားစရာတစ်ခုမျှမရှိသည်ကို ကျွန်မသိလာခဲ့ပါသည်။ ဤလောကတွင် ဉာဏ်ပညာရှိသူများ၊ တန်ခိုးကြီးသူများဟုသတ်မှတ်၍ ယုံကြည်ချီးမြှောက်ရန်အကြောင်းမရှိသည်ကို ကျွန်မမြင်လာပါသည်။ ဘုရားသခင်၏သွန်သင်ဆုံးမမှုကို လက်မခံသောသူများသည် ဘုရားသခင်၏အလိုတော်ကို မည်ကဲ့သို့သိနိုင်ပါမည်နည်း။ ဤသူတို့သည် ဘုရားသခင်ကိုလုံးဝငြင်းပယ်၍လျစ်လျူရှုမည် (သို့မဟုတ်) မိမိတို့၏မှားယွင်းသောယူဆချက်များဖြင့် ဘုရားသခင်ကိုသိမြင်ဖော်ပြပါလိမ့်မည်။

ကျွန်ုပ်တို့သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းသောသခင်၊ မိုးကုပ်စက်ဝိုင်းတွင်ကြယ်စုများကိုဖန်ဆင်း၍ နေရာချပေးတော်မူသည့်သခင်၊ နေနှင့်လကိုစေခိုင်းခဲ့သောသခင်ထံမှ ပညာကိုဆည်းပူးကြပါစို့။

လူငယ်များသည် မိမိတို့၏ဉာဏ်စွမ်းရှိသမျှကိုအသုံးပြု၍ ပညာကို ဆည်းပူးရန်လိုပါသည်။ ဘုရားသခင်တားမြစ်ထားတော်မူခြင်းမရှိသောပညာရပ်များကို ကျွန်ုပ်တို့ကမကန့်သတ်သင့်ပါ။ သို့သော်လည်း ဘုရားသခင်၏ ဘုန်းတော်နှင့်လူသားတစ်ရပ်လုံး၏ကောင်းကျိုးအတွက် ထိုပညာများကို အသုံးချခြင်းမရှိပါက ကျွန်ုပ်တို့၏ကြိုးစားမှုများသည် အချည်းနှီးသာလျှင် ဖြစ်ပါသည်။

လက်တွေ့ဘဝတွင်အသုံးပြုနိုင်ခြင်းမရှိဘဲ ပင်ပန်းကြီးစွာလေ့လာရသည့်ပညာရပ်များကိုမလိုက်စားသင့်ပါ။ ဤပညာရပ်များကိုလေ့လာသူသည် အရှုံးနှင့်သာရင်ဆိုင်ရပါလိမ့်မည်။ ဤကဲ့သို့သောပညာရပ်များကြောင့် သူတို့သည် မိမိတို့အတွက်လက်တွေ့အသုံးဝင်သောပညာရပ်များကို ဆည်းပူးလေ့လာလိုစိတ်များလျော့နည်းလာပါသည်။ စာတွေ့ပညာရပ်များထက် လက်တွေ့ကျသောလေ့ကျင့်သင်ကြားပေးခြင်းက များစွာအဖိုးတန်ပါသည်။ ကျွန်ုပ်တို့တွင်ပညာရှိခြင်းဖြင့်မလုံလောက်ပါ။ ထိုပညာရပ်များကိုစနစ်တကျအသုံးချနိုင်ရန်လည်း လိုအပ်ပါသည်။

လက်တွေ့ကျသောပညာရပ်များကို လေ့လာဆည်းပူးရန်အတွက် အသုံးပြုရမည့်အချိန်၊ ငွေကြေးနှင့်ဉာဏ်ပညာများကို မိမိတို့၏လက်တွေ့ဘဝတွင် ကျရောက်မည့်တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် လက်တွေ့ကျသည့်ပညာရပ်များကိုလေ့လာလိုက်စားရာတွင် အသုံးပြုသင့်ပါသည်။ ဤကဲ့သို့သောပညာသည် အလွန်အဖိုးထိုက်တန်ပါသည်။

ကျွန်ုပ်တို့လိုအပ်နေသောအရာမှာ ကျွန်ုပ်တို့၏ဝိညာဉ်ခွန်အားကို တိုးစေပြီး ပိုမိုကောင်းမွန်သောလူသားများဖြစ်လာရန် လမ်းပြမည့်ပညာရပ်များဖြစ်ပါသည်။ စာအုပ်များတွင်ရေးသားထားခြင်းထက် မိမိတို့၏စိတ်နှလုံးတွင်သိုမှီးထားခြင်းက ပို၍တန်ဖိုးရှိပါသည်။ ကျွန်ုပ်တို့ယခုနေထိုင်နေသည့် ကမ္ဘာလောကကြီးနှင့်ပတ်သက်၍ ပညာအတွေ့အကြုံများရှိရန် အရေးကြီးသည်မှာမှန်သော်လည်း ထာဝရအသက်ကိုရယူရှင်သန်သွားမည့်သူများမှာ



ထိုထာဝရအကြောင်းအရာနှင့်ပတ်သက်၍ လေ့လာလိုက်စားမှုရှိပါက မဆယ်နိုင်သောဆုံးရှုံးမှုများနှင့်ရင်ဆိုင်နိုင်ကြပါသည်။

ကျောင်းသားတစ်ဦးသည် မိမိ၏ဉာဏ်စွမ်းရှိသမျှကိုအသုံးပြု၍ ပညာအတွေ့အကြုံများကိုလေ့လာလိုက်စားရမည်မှာမှန်သော်လည်း သူသည် ဘုရားသခင်နှင့်စပ်ဆိုင်သည့် ပညာအတွေ့အကြုံမရှိလျှင်၊ မိမိ၏ကိုယ်ကာယနှင့်ပတ်သက်၍ မသိနားမလည်လျှင် သူသည်မိမိကိုယ်ကိုဖျက်ဆီးဆုံးရှုံးစေပါလိမ့်မည်။ မမှန်ကန်သောအသက်တာအကျင့်များဖြင့် မိမိကိုယ်ကိုတန်ဖိုးထားမှုလျော့နည်းလာပြီး ချုပ်တည်းမှုကင်းမဲ့လာပါသည်။ နက်နဲသောအရာများကို သူကောင်းစွာမလေ့လာမဆုံးဖြတ်နိုင်တော့ပါ။ သူ၏ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်သည် ကြမ်းတမ်းလာပြီး ဒေါသထွက်လွယ်လာပါသည်။ မှန်ကန်သောအသက်တာကိုရွေးချယ်ရာတွင် သူတို့၏ပေါ့လျော့မှုကြောင့် ယခုဘဝတွင်သာမကဘဲ နောင်ဘဝကိုလည်း ဆုံးရှုံးရပါတော့မည်။

လူငယ်တို့သည် မိမိတို့၏အားနည်းမှုများကိုသိရှိလာပါက ဘုရားသခင်၏ခွန်အား၌ ခိုလှုံလာပါလိမ့်မည်။ ဘုရားသခင်၏သွန်သင်ဆုံးမမှုတို့ကိုခံယူပါက သူတို့သည်ဉာဏ်ပညာကိုပိုမိုကြွယ်ဝလာပြီး ဤလောကအတွက်ပိုမိုအကျိုးရှိလာပြီး ကောင်းချီးရှိလာပါမည်။ သို့သော်လည်း ဤလောကနှင့်လောက၏ပညာရပ်များနောက်သို့လိုက်နေပါက သူတို့သည် ဘုရားသခင်နှင့်အဆက်ပြတ်ကြပြီး အသက်တာ၏တန်ဖိုးရှိသောအရာများ ဆုံးရှုံးကြပါလိမ့်မည်။

---ooo---

ခြင်းအတွက် ကိုယ်တော်၏အသက်တာသည် စံနမူနာဖြစ်တော်မူပါသည်။ ဘုရားသခင်သာလျှင် စိတ်နှလုံးကိုပြောင်းလဲနိုင်သောသခင် ဖြစ်တော်မူပါသည်။ "သင်တို့သည်အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း သင်တို့အထဲ၌စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း။" သို့သော်လည်း ကျွန်ုပ်တို့ကိုမှာထားတော်မူသည်မှာ "ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့် ကိုယ်ကိုကယ်တင်ခြင်းငှာကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" ဖိလိပ္ပိ ၂း၁၃၊၁၂။

အားအင်ချည့်နဲ့ပြီး အနည်းငယ်သောကြိုးစားအားထုတ်ခြင်းများဖြင့် ခရစ်ယာန်ဘာသာရေးပြုပြင်ပြောင်းလဲခြင်းမရှိနိုင်ပါ။ စစ်မှန်သောအကျင့်ဆောက်တည်ခြင်းသည် တစ်ရက်၊ တစ်နှစ်နှင့်မပြီးနိုင်ဘဲ တစ်သက်လုံးပြုလုပ်သွားရမည့်အရာဖြစ်ပါသည်။ မိမိကိုယ်ကိုအောင်မြင်ပြီး ကောင်းကင်နိုင်ငံတော်အတွင်း သန့်ရှင်းသောအသက်တာဖြင့်နေထိုင်သွားရန် ကျွန်ုပ်တို့တစ်သက်လုံးတိုက်လှန်ပွဲဝင်သွားရပါမည်။ အစဉ်ကြိုးစားအားထုတ်လျက် အမြဲတမ်းလှုပ်ရှားခြင်းမရှိပါက ထာဝရအသက်အတွက် တိုးတက်မှုနှင့်အောင်မြင်ခြင်းသရဖူကိုမရရှိနိုင်ပါ။

လူသည်အမြင့်ဆုံးသောအဆင့်မှကျဆင်းခဲ့သည်ကို သူ၏ကယ်တင်ခြင်းအတွက်ပေးဆပ်ခဲ့ရသည့် ကြီးမားသောအဖိုးအခက သက်သေပြနေပါသည်။ ကျွန်ုပ်တို့၏အပြန်ခရီးကိုလွယ်လွယ်နှင့်မရောက်ရှိနိုင်ဘဲ အချိန်ရှိသရွေ့၊ တရွေ့ရွေ့နှင့်ရင်ဆိုင်တိုက်လှန်ရုန်းကန်၍သွားရပါမည်။ တစ်ခဏတာအတွင်း မဆင်ခြင်သောလုပ်ဆောင်မှုကလေးတစ်ခုကြောင့် ကျွန်ုပ်တို့သည် ရန်သူ၏လက်တွင်းသို့ကျရောက်သွားနိုင်သော်လည်း သူ၏ချည်နှောင်မှုများမှလွတ်ထွက်ပြီး ပိုမိုမြင့်မြတ်သောအသက်တာသို့ရောက်ရှိရန် တစ်ခဏမကအချိန်ယူရပါသည်။ ကျွန်ုပ်တို့သည် ဦးတည်ချက်များထားရှိကာ လုပ်ငန်းကိုစတင်လုပ်ဆောင်နေကြသော်လည်း အချိန်ယူ၍ကြိုးစားလုပ်ဆောင်ကာ စိတ်ရှည်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဖွဲလုံ့လမရှိပါက အောင်မြင်နိုင်မည်မဟုတ်ပါ။



အခန်း (၃၈)

# စစ်မှန်သောပညာရပ်များကိုရှာဖွေရန် အရေးကြီးမှု

ကျွန်ုပ်တို့ရင်ဆိုင်နေရသည့် အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီး၏အရေးပါမှုကို ယခုပင်ကျွန်ုပ်တို့ပိုမိုနားလည်ရန်လိုအပ်ပါသည်။ ဘုရားသခင့်နှုတ်ထွက်စကားတော်အမှန်တရားတန်ဖိုးကို ပိုမိုပြည့်စုံစွာနားလည်ရန်လိုအပ်သည့်အပြင် စာတန်၏လှည့်ဖြားသွေးဆောင်မှုဖြင့် ဤအမှန်တရားမှကျွန်ုပ်တို့လမ်းလွဲသွားမည့်ဘေးရန်ကိုလည်း သိမြင်နားလည်ရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်ပေးဆပ်ခဲ့ရသည့် တန်ဖိုးမဖြတ်နိုင်သည့်အဖိုးအခက အပြစ်၏ဆိုးရွားမှုကိုဖော်ပြနေပါသည်။ အပြစ်ကြောင့်လူသားတို့၏ကိုယ်ကာယဖွဲ့စည်းမှုတစ်ခုလုံးသည် ပြောင်းလဲလာပြီး စိတ်နှလုံးသည်လည်း အပြစ်ကိုကျူးလွန်လာကာ အတွေးအခေါ်များဆိုးညစ်လာပါသည်။ အပြစ်ကြောင့်လူသည်နိမ့်ကျလာခဲ့ပါသည်။ အပြစ်လောကတွင်ရင်ဆိုင်နေရသည့် စုံစမ်းနှောင့်ယှက်ခြင်းတို့ကို စိတ်နှလုံးမတွန်းလှန်နိုင်တော့ဘဲ အပြစ်ရှိရာသို့လူသည်လိုက်ပါသွားပါတော့သည်။

ကျွန်ုပ်တို့၏အပြစ်များအတွက်ပေးဆပ်ခဲ့သည့်အဖိုးအခသည် စုံလင်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်မှသန့်စင်ခြင်းသည်လည်း စုံလင်ရပါမည်။ ဘုရားသခင်၏ပညတ်တော်များက မည်သည့်အပြစ်ကိုမျှခွင့်လွှတ်မည်မဟုတ်၊ မည်သည့်မဖြောင့်မတ်သည့်အရာတစ်စုံတစ်ခုကိုမျှ အပြစ်ကင်းခြင်းမှကင်းလွတ်မည်မဟုတ်ပါ။ ဧဝံဂေလိတရားတော်၏ကျင့်ဝတ်များမှာ ဘုရားသခင်၏အကျင့်တော်အားဖြင့် စုံလင်ခြင်းသာလျှင်ဖြစ်ပါသည်။ သခင်ခရစ်တော်၏အသက်တော်သည် ပညာချက်တစ်ခုစီတိုင်းကို စုံလင်စေတော်မူခဲ့ပါသည်။ ကိုယ်တော်မိန့်တော်မူသည်မှာ "ငါသည်ခမည်းတော်၏ပညတ်တော်အားလုံးကို စောင့်ထိန်းခဲ့ပါသည်။" ကျွန်ုပ်တို့၏အသက်ရှင်လုပ်ဆောင်မှုနှင့်နားထောင်

ကျွန်ုပ်တို့သည် ဇာတိစိတ်အလိုကိုမလိုက်သင့်ပါ။ တစ်ခဏတာကလေးမျှသတိမလွတ်သင့်ပါ။ ကျွန်ုပ်တို့၏ဘေးပတ်လည်တွင်ရှိနေသော မရေမတွက်နိုင်သည့်စုံစမ်းနှောင့်ယှက်ခြင်းများကို တွန်းလှန်ခြင်းမရှိပါက ကျွန်ုပ်တို့ဆုံးရှုံးကြပါလိမ့်မည်။ အကယ်၍ မိမိတို့၏လုပ်ဆောင်ချက်များအဆုံးမသတ်မီ အသက်ဆုံးရှုံးပါက ကျွန်ုပ်တို့သည် ထာဝရအသက်ဆုံးရှုံးရကြပါလိမ့်မည်။

ပေါလု၏အသက်တာတွင် သူသည် မိမိ၏စိတ်အလိုနှင့်အစဉ်ဆန့်ကျင်၍ တိုက်လှန်ခဲ့ရပါသည်။ သူက "ငါသည်နေ့တိုင်းအသေခံရ၏" (၁ကော ၁၅း၃၁) ဟုဆိုခဲ့ပါသည်။ နေ့စဉ်သူ၏စိတ်အလိုများသည် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်နေပါသည်။ သို့သော်လည်း မိမိအလိုကိုလိုက်မည့်အစား သူသည် မိမိ၏ဇာတိစိတ်ကိုလက်ဝါးကပ်တိုင်ပေါ်တွင် ချိတ်ဆွဲပြီးအသေသတ်ခံကာ ဘုရားသခင်၏အလိုတော်ကို လိုက်ခဲ့ပါသည်။

ထို့ကြောင့် မိမိ၏အသက်တာနိဂုံးချုပ်ခါနီး ရင်ဆိုင်ခဲ့ရသည့်ရုန်းကန်မှုများနှင့်အောင်မြင်မှုများကိုလည်းသုံးသပ်ကာ သူက "ကောင်းစွာသောတိုက်လှန်ခြင်းကိုငါပြုပြီ၊ ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေးပြီး၊ ယုံကြည်ခြင်းတရားကိုစောင့်ရှောက်ပြီ၊ ယခုမှစ၍ သရဖူသည်ငါဖို့သိုထားလျက်ရှိ၏။ ထိုနေ့ရက်၌တရားသဖြင့် စီရင်သောသူတည်းဟူသော သခင်ဘုရားသည် ထိုသရဖူကိုငါ၌အပ်ပေးတော်မူမည်" (၂တိ ၄း၇၊၈) ဟုဆိုနိုင်ခဲ့ပါသည်။

ခရစ်ယာန်တို့၏အသက်တာမှ တိုက်လှန်ရင်းနှင့်ချီတက်ရသောအသက်တာဖြစ်ပါသည်။ ဤတိုက်လှန်ပွဲများတွင် အနားယူခွင့်မရှိဘဲ အစဉ်သဖြင့်ကြိုးစားလုပ်ဆောင်လျက် အားတင်းထားရပါမည်။ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းတို့ကိုအားမလျှော့ဘဲ အစဉ်ကြိုးစားတွန်းလှန်သွားရပါမည်။ ဖြောင့်မတ်သောခရစ်ယာန်အသက်တာကို ဇွဲမလျှော့ဘဲကြိုးစားအားထုတ်လျက် နောင်ရေးပန်းတိုင်ကိုမဆုတ်မနစ်သောလုံ့လဖြင့်ရှေးရှုလျက် ရှေ့သို့ချီတက်ရပါမည်။



မိမိတို့ကိုယ်တိုင်လုံ့လအားထုတ်ကြိုးစားခြင်းမရှိဘဲ မည်သူကမျှ ကောင်းကင်နိုင်ငံတော်သို့မရောက်နိုင်ပါ။ လူတိုင်းသည် မိမိရင်ဆိုင်ရမည့် တိုက်လှန်ပွဲများတွင် ကိုယ်တိုင်ပါဝင်ပြီးတိုက်လှန်သွားရပါမည်။ ကျွန်ုပ်တို့ တစ်ဦးစီအနေဖြင့် ရင်ဆိုင်တိုက်လှန်ပွဲဝင်ရန်တာဝန်ရှိကြပြီး နောဧ၊ ယောဘနှင့်ဒံယေလတို့သည် အသက်ရှင်လျက်ရှိခဲ့ကြသော်လည်း မိမိတို့၏ဖြောင့်မတ်ခြင်းဖြင့် မည်သည့်သားသမီးတစ်စုံတစ်ဦးကိုမျှ မကယ်တင်နိုင်ခဲ့ကြပါ။

## လေ့လာရမည့်ခရစ်ယာန်ပညာရပ်

ခရစ်ယာန်ယုံကြည်ချက်များနှင့်အယူအဆများကို ပိုင်နိုင်စွာလေ့လာရပါမည်။ ကောင်းကင်နှင့်မြေကြီးသည် ဝေးကွာသကဲ့သို့ ဤပညာရပ်သည် လူတို့၏ဉာဏ်ပညာများထက် ပိုမိုနက်ရှိုင်းကျယ်ဝန်းပြီးမြင့်မြတ်ပါသည်။ ကျွန်ုပ်တို့၏မွေးရာပါဇာတိပကတိစိတ်နှင့် ဆန့်ကျင်သောလုပ်ဆောင်ချက်များကိုပြုလုပ်ရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးကိုဆုံးမသွန်သင်လျက် လေ့ကျင့်ပေးထားရပါမည်။ မွေးရာပါအပြစ်ပြုလုပ်လိုသောအကျင့်များကို အောင်မြင်အနိုင်ယူရပါမည်။ သခင်ခရစ်တော်၏သွန်သင်ဆုံးမတော်မူခြင်းကိုခံယူရန် မိမိတို့တစ်သက်တာ၌ သင်ကြားလေ့လာခဲ့သည့်လောကပညာရပ်များကို မကြာခဏစွန့်လွှတ်ရပါသည်။ ဘုရားသခင်၌သစ္စာရှိရန် ကျွန်ုပ်တို့၏စိတ်နှလုံးများကိုလေ့ကျင့်ထားရပါမည်။ စုံစမ်းနှောင့်ယှက်ခြင်းများကို အောင်မြင်နိုင်ရန် ကျွန်ုပ်တို့၏အတွေးအခေါ်များကို လေ့ကျင့်သင်ကြားပေးထားရပါမည်။ ကျွန်ုပ်တို့သည် အထက်သို့မျှော်ကြည့်တတ်ရပါမည်။ ဘုရားသခင့်နှုတ်ထွက်စကား၏တရားတော်၊ အထက်မိုးကောင်းကင်ကဲ့သို့ မြင့်မားပြီး ထာဝရကျယ်ပြန့်သည့် ဘုရားသခင်၏တရားတော်များကို ကျွန်ုပ်တို့သည်နားလည်ပြီး အသက်တာတွင်ကျင့်သုံးရပါမည်။ ကျွန်ုပ်တို့၏စကားအပြောအဆို၊ အပြုအမူနှင့်ကျင့်ကြံမှုတိုင်းသည် ဤခရစ်ယာန်တရားတော်များနှင့်အညီဖြစ်ပြီး သခင်ခရစ်တော်နှင့်တူညီကာ ကိုယ်တော်၏အုပ်ထိန်းခြင်းကိုခံယူရပါမည်။

အလွန်မြင့်မြတ်လှသည့် သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးများကို အလွန်တိုတောင်းသောအချိန်ပိုင်းတွင် မရရှိနိုင်ပါ။ ခွန်အားရှိခြင်း၊ သစ္စာရှိခြင်း၊ နှိမ့်ချခြင်း၊ ယုံကြည်မှု၊ ဘုရားသခင်၏ကယ်တင်နိုင်သောတန်ခိုးတော်ကို မမိုတ်မသုန်ယုံကြည်ခြင်းတို့ကို နှစ်ရှည်လများရရှိခဲ့သောအတွေ့အကြုံများမှသာရရှိနိုင်ပါသည်။ သို့သော် အမှန်တရားဘက်၌ခိုင်မာစွာရပ်တည်ပြီး သန့်ရှင်းသောအသက်တာဖြင့်သာ ကျွန်ုပ်တို့၏နောင်ရေးခရီးသည်သေချာပါမည်။

## ဖြုန်းတီးရန်အချိန်မရှိပါ

ကျွန်ုပ်တို့တွင်အချိန်ဖြုန်းတီးရန်မရှိပါ၊ တစ်ဦးစီ၏တရားစီရင်ခြင်းသည် မည်သည့်အခါတွင်ပြီးဆုံးသွားလိမ့်မည်ကို ကျွန်ုပ်တို့မသိကြပါ။ ကျွန်ုပ်တို့၏အရှည်ဆုံးအသက်တာပင်လျှင် ဤလောက၌အလွန်တိုတောင်းလှပြီး မည်သည့်အခါတွင် ကျွန်ုပ်တို့သေဆုံးရမည်ကိုလည်းမသိကြပါ။ ဤလောကကိုမည်သည့်အချိန်တွင် ကျွန်ုပ်တို့စွန့်ခွာရမည်ကိုလည်းမသိကြပါ။ ကျွန်ုပ်တို့၏ရှေ့တွင် ထာဝရအသက်ရှိနေပါသည်။ မကြာမီတွင်ကွယ်ကာထားသည့်လိုက်ကာကိုဖယ်ရှားပြီး ယခုအသက်ရှင်လျက်ရှိသူများအပေါ်၌ “မတရားသောသူသည်မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည်ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည်ဖြောင့်မတ်စေဦး၊ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦး” (ဗျာဒိတ် ၂၂း၁၁) အမိန့်ကျလာပါလိမ့်မည်။

သို့သော်လည်း ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေပါပြီလား၊ ကောင်းကင်နိုင်ငံတော်၏သခင်၊ ပညတ်တော်များကိုပေးအပ်ခဲ့သည့်သခင်ကို ကျွန်ုပ်တို့သိကျွမ်းခဲ့ပြီးပြီလား၊ ဤလောကတွင်ထိုသခင်ကိုကိုယ်စားပြုရန် စေလွှတ်ခြင်းခံတော်မူသည့်သခင်ခရစ်တော်ကို ကျွန်ုပ်တို့ရင်းနှီးခဲ့ပြီးပြီးလား၊ သခင်ခရစ်တော်မိန့်တော်မူသည့်အတိုင်း ဤလောကတွင် ကျွန်ုပ်တို့၏အမှုကုန်ဆုံးသောအခါတွင် ကိုယ်တော်နှင့်အတူကျွန်ုပ်တို့က “မြေကြီးပေါ်မှာကိုယ်တော်၏ဘုန်းကိုထင်ရှားစေပါပြီ၊ အကျွန်ုပ်ဆောင်ရွက်စရာဖို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ပြီးပါပြီ။---ကိုယ်တော်၏နာမတော်ကိုပြပါပြီ” (ယောဟန် ၁၇း၄-၆) ဟုဆိုနိုင်ပါမည်လား။





မိမိကိုယ်မှလည်းကောင်း၊ ဤလောကနှင့်စပ်ဆိုင်သည့်အရာများမှလည်းကောင်း ကျွန်ုပ်တို့မျက်နှာလွှဲစေရန် ကောင်းကင်တမန်များက ကြိုးစားလုပ်ဆောင်နေတော်မူပါသည်။ သူတို့၏ကြိုးစားလုပ်ဆောင်ခြင်းသည် အချည်းနှီးမဖြစ်ပါစေနှင့်။

လေလွင့်နေသောစိတ်များကိုပြောင်းလဲပေးရန် အချိန်တန်နေပါပြီ၊ “သင်တို့စိတ်နှလုံးကိုခါးပန်းစည်း၍ သမ္မာသတိရှိကြလော့၊ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ သင်တို့ဆီသို့ရောက်လတ္တံ့သောဆုကျေးဇူးကိုအဆုံးတိုင်အောင်မြော်လင့်ကြလော့။ အထက်ကသင်တို့သည် မှောင်မိုက်ထဲမှာကျင့်သောတပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲနားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့၊ အကြောင်းမူကား ငါသည်သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ဟု ကျမ်းစာလာသတည်း။ ၁ပေ ၁း၁၃-၁၆။

ကျွန်ုပ်တို့၏အတွေးများကို ဘုရားသခင်၌ဗဟိုချက်ပြုထားရပါမည်။ ကျွန်ုပ်တို့၏ဇာတိပကတိစိတ်သဘောကိုအောင်မြင်ရန် အစွမ်းကုန်ကြိုးစားရပါမည်။ ကျွန်ုပ်တို့ကြိုးစားနေသည့်ပန်းတိုင်ကို တန်ဖိုးထားသည်နှင့်အမျှကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုများ၊ မိမိကိုယ်ကိုငြင်းပယ်မှုများနှင့်စိတ်ခိုင်မာမှုတို့လည်းရှိရပါမည်။ သခင်ခရစ်တော်အောင်မြင်တော်မူခဲ့သည်နည်းတူကျွန်ုပ်တို့သည်လည်း အောင်မြင်မှသာလျှင် အသက်သရဖူကိုရရှိပါလိမ့်မည်။

## မိမိကိုယ်ကိုငြင်းပယ်ရန်လိုအပ်ခြင်း

လူသားများအကြီးမားဆုံးသောဘေးရန်မှာ မိမိကိုယ်ကိုလှည့်ဖြားခြင်း၊ မိမိကိုယ်ကိုအထင်ကြီးပြီး ခိုလှုံရာသခင်ဖြစ်တော်မူသည့် ဘုရားသခင်

ထံမှရှောင်ဖယ်ခြင်းတို့ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဇာတိပကတိစိတ်သဘောသည် သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်မှုမပါရှိပါက ထာဝရသေခြင်းသို့ ဦးတည်နေပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အခိုင်အမာဆက်သွယ်ခြင်းမရှိပါက ဘုရားသခင်အလိုတော်နှင့်မကိုက်ညီသော ကိုယ့်အလိုကိုလိုက်ခြင်း၊ မိမိကိုယ်ကိုသာချစ်သည့်စိတ်များနှင့်အပြစ်၏သွေးဆောင်ခြင်းတို့၌ ကျင်လည်နေကြပါလိမ့်မည်။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်ထံမှအကူအညီရယူရန်အတွက် မိမိတို့၏အားနည်းချက်များကို သိရှိထားရပါမည်။ ကျွန်ုပ်တို့၏အခြေအနေမှန်ကို ကျွန်ုပ်တို့နားလည်သိထားရပါမည်။ မိမိကိုယ်ကိုအပြစ်သားဟုသိရှိသောသူကိုသာ သခင်ခရစ်တော်ကယ်တင်နိုင်ပါလိမ့်မည်။ မိမိတို့၏အားကိုးရာမဲ့ဘဝနှင့် ကိုယ့်အားကိုယ်ကိုးသောစိတ်များကိုဖယ်ရှားလိုက်ပါမှ ဘုရားသခင်၏တန်ခိုးတော်ကို ကျွန်ုပ်တို့ကိုင်စွဲ၍အားကိုးပြုနိုင်ပါလိမ့်မည်။

ခရစ်ယာန်အသက်တာ၏အစအဦး၌သာ မိမိကိုယ်ကိုငြင်းပယ်ရန်လိုသည်မဟုတ်ဘဲ အသက်တာ၏အဆင့်တိုင်းတွင်လည်း လိုအပ်ပါသည်။ ကျွန်ုပ်တို့ပြုသောကောင်းမှုမှန်သမျှသည် ကျွန်ုပ်တို့၏ခွန်အားဖြင့်မဟုတ်သောကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည် ဘုရားသခင်ထံတော်တွင် အစဉ်ခိုလှုံလျက် မိမိတို့၏အပြစ်များကိုစိတ်အားထက်သန်စွာဖြင့် အစဉ်ဝန်ချတောင်းပန်လျက် ကိုယ်တော်၏ရှေ့တော်မှောက်တွင် စိတ်နှလုံးနိမ့်ကျစွာဖြင့် မိမိတို့၏အပြစ်များကိုဝန်ချတောင်းပန်ရပါမည်။ ကျွန်ုပ်တို့၏ဘေးပတ်လည်တွင် ဘေးရန်များဝန်းရံနေသောကြောင့် မိမိတို့၏အားနည်းချက်များကိုသိရှိလာကာ မြင့်မြတ်သောကယ်တင်ပိုင်သူကိုယုံကြည်ခြင်းအားဖြင့် စွဲကိုင်ရန်လိုအပ်ပါသည်။

## စစ်မှန်သောပညာအတွေ့အကြုံ၏အထွတ်အထိပ်သခင်ခရစ်တော်

ကျွန်ုပ်တို့သည် မိမိတို့ကိုဆွဲဆောင်နေသည့် ထောင်ပေါင်းများစွာသောအရာတို့မှ ကျောခိုင်းလျက်ရှိပါသည်။ ဤအရာများသည် အချိန်ကုန်



လူပင်ပန်းလျက် အဆုံးတွင်တန်ဖိုးမရှိကြပါ။ အရေးမပါသောအရာများအတွက် ပေးဆပ်ရသည့်အချိန်နှင့်ခွန်အားကို မြင့်မြတ်သောအရာများက တောင်းခံနေပါသည်။

အတွေးအခေါ်သစ်များကိုလက်ခံယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်သည် ပြန်လည်မဆန်းသစ်လာပါ။ ဤတွေးခေါ်ယူဆချက်များနှင့်ရင်းနှီးအကျွမ်းတဝင်ရှိခြင်းသည် လက်တွေ့မကျင့်သုံးနေသမျှကာလပတ်လုံး တန်ဖိုးမရှိပါ။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးအသက်တာတွင် ဝိညာဉ်အစာအာစာရရှိပြီး ခွန်အားရှိရန်လိုအပ်ကြောင်းကိုသိရှိလာရန်လိုအပ်ပါသည်။

“စေတနာစိတ်နှင့်ဉာဏ်ကိုရှာဖွေသည့်တိုင်အောင်၊---ငါ့ပညတ်တို့ကို ကိုယ်အထဲ၌သွင်းမိလျှင်လည်းကောင်း၊--ငွေကိုရှာတတ်သကဲ့သို့---ဝှက်ထားသောဘဏ္ဍာကိုစူးစမ်းတတ်သကဲ့သို့ ဉာဏ်ကိုစူးစမ်းလျှင်လည်းကောင်း ထာဝရဘုရားကိုကြောက်သောသဘော၌ကျင်လည်၍ ဘုရားသခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။---သင်သည်ဖြောင့်မတ်စွာကျင့်ခြင်း၊ တရားသဖြင့်စီရင်ခြင်း၊ လျစ်လျူစွာဆုံးဖြတ်ခြင်းမှစ၍ ကောင်းသောလမ်းရှိသမျှတို့ကို သိနားလည်လိမ့်မည်။ ပညာသည် သင်၏နှလုံးထဲသို့ဝင်၍ သင်သည်သိကြားခြင်း၌မွေ့လျော်သောအခါ သမ္မာသတိသည် သင့်ကိုထိန်းသိမ်း၍။” “ပညာကိုကိုင်စွဲသောသူသည် အသက်ပင်ကိုရပြီ၊ လက်မလွှတ်သောသူသည် ကောင်းချီးရှိ၏” (သုတ္တံ ၂း၂-၁၁။ ၃း၁၈)။

ကျွန်ုပ်တို့အဓိကထားလေ့လာရမည်မှာ “ကျွန်ုပ်တို့ချီးမြှင့်၊ လိုက်နာ၊ မြတ်နိုးတွယ်တာရမည့်အမှန်တရားမှာအဘယ်နည်း၊ သိပ္ပံပညာရှင်များသည် ဘုရားသခင်ကိုရှာဖွေရာတွင် ဆုံးရှုံးမှုနှင့်သာရင်ဆိုင်ခဲ့ရပါသည်။ ယခုအချိန်အခါတွင် သူတို့အဓိကထားစူးစမ်းလေ့လာရမည့်အရာမှာ “ကျွန်ုပ်တို့၏ဝိညာဉ်ကယ်တင်ခြင်းအတွက်လိုအပ်သည့်အမှန်တရားမှာအဘယ်နည်း” ဖြစ်ပါသည်။

“သခင်ခရစ်တော်ကိုသင်ဘယ်ကဲ့သို့ထင်ပါသလဲ” ဆိုသည့်မေးခွန်းသည် အရေးကြီးဆုံးမေးခွန်းဖြစ်ပါသည်၊ သခင်ခရစ်တော်ကို မိမိ၏ကိုယ်ပိုင်

ကယ်တင်ပိုင်သူအဖြစ် သင်လက်ခံခဲ့ပြီးပြီလား၊ သခင်ခရစ်တော်ကိုလက်ခံသောသူအားလုံးကို ကိုယ်တော်ကဘုရားသခင်၏သားသမီးများဖြစ်လာရန် ခွန်အားကိုပေးတော်မူပါသည်။

သခင်ခရစ်တော်သည် ခမည်းတော်ကိုဖော်ပြတော်မူပြီး တပည့်တော်များကိုစိတ်နှလုံးပြောင်းလဲစေသကဲ့သို့ ကျွန်ုပ်တို့၏စိတ်နှလုံးကိုလည်းပြောင်းလဲစေလိုပါသည်။ လူများစွာတို့သည် မိမိတို့၏စာတွေ့အသိတရားများကိုသာမှီဝဲနေကြပြီး သခင်ခရစ်တော်၏အသက်တာတွင် ထင်ရှားသည့်အသက်ရှင်သောတန်ခိုးတော်ကိုမမြင်နိုင်တော့ပါ။ မိမိအလိုကိုငြင်းပယ်၍စိတ်နှိမ့်ချသောသခင်ကိုသူတို့မမြင်တော့ပါ။ ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကို ကြည့်မြင်ရန်လိုအပ်ပါသည်။ နေ့စဉ်နှင့်အမျှသခင်ခရစ်တော်ထံမှအသစ်သောအလင်းများကိုလိုအပ်ပါသည်။ သခင်ခရစ်တော်၏မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့်ဆက်ကပ်ခြင်းအလေ့အကျင့်များကို ကျွန်ုပ်တို့ပိုမိုနီးကပ်စွာလိုက်လျှောက်ရပါမည်။

ပေါလု၏အတွေ့အကြုံများကို ကျွန်ုပ်တို့လိုအပ်လျက်ရှိပါသည်။ "ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ၊ သို့သော်လည်း အသက်ရှင်သေး၏၊ ထိုသို့ဆိုသော် ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏၊ ကိုယ်ခန္ဓာ၌ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်တည်၏၊ သားတော်သည်ငါ့ကိုချစ်၍ ငါ့အဖို့ကိုယ်ကိုကိုယ်စွန့်တော်မူ၏" (ဂလာတိ ၂း၂၀)။

ဘုရားသခင်နှင့်သားတော်သခင်ခရစ်တော်ကိုသိကျွမ်းခြင်းသည် ကောင်းကင်နှင့်မြေကြီးတွင်ရှိသောအရာများအားလုံးထက်သာ၍ မြင့်မြတ်ပါသည်။ အမြင့်ဆုံးသောပညာအတွေ့အကြုံနှင့်ကောင်းကင်တံခါးများကိုဖွင့်သည့်သော့များဖြစ်ပါသည်။ ဤအတွေ့အကြုံကို သခင်ခရစ်တော်၌တည်သောသူများအားလုံးအတွက် ဘုရားသခင်အလိုရှိတော်မူသည့်အရာဖြစ်တော်မူပါသည်။

---ooo---



အခန်း (၃၉)

# ဘုရားသခင့်နှုတ်ထွက်စကားတော်မှ ရရှိသောပညာအတွေ့အကြုံ

သမ္မာကျမ်းစာတစ်အုပ်လုံးသည် သခင်ခရစ်တော်၌တည်သောဘုရားသခင်၏ဘုန်းတော်ကိုဖော်ပြနေပါသည်။ အသက်တာပြောင်းလဲရန်အတွက် ကျွန်ုပ်တို့သည် ထိုနှုတ်ထွက်စကားတော်ကို လက်ခံယုံကြည်လိုက်လျှောက်ရပါမည်။ ထိုနှုတ်ထွက်စကားတော်သည် ကျွန်ုပ်တို့၏ကိုယ်၊ စိတ်၊ နှလုံးသုံးပါးကိုတည်တံ့ခိုင်မြဲစေပြီး မှန်ကန်သောအသက်တာလမ်းခရီးကိုလည်း လျှောက်လှမ်းစေပါသည်။

လူငယ်များသာမကဘဲ လူကြီးများပင်လျှင် အပြစ်၏သွေးဆောင်ခြင်းနောက်သို့လိုက်ရသည့်အကြောင်းရင်းမှာ သူတို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုဖတ်ရှုလေ့လာခြင်းနှင့်မှတ်သားခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ အသက်တာတွင်တိကျခိုင်မာသည့် စိတ်တန်ခိုးမပါရှိခြင်းမှာ ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင်ပါရှိသောသွန်သင်ချက်များကိုလျစ်လျူရှုခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းဖြောင့်မတ်သည့်အတွေးအခေါ်များကိုကြိုးစား၍ အာရုံပြုရမည့်အစား မသန့်ရှင်းမဖြောင့်မတ်သောအရာများကို အာရုံပြုနေကြပါသည်။ လူအနည်းငယ်ကသာလျှင် မာရိကဲ့သို့ ခရစ်တော်၏ခြေတော်ရင်းတွင်ထိုင်၍ ဘုရားသခင်ကိုဆည်းကပ်ရသောအခွင့်အရေးကို ရွေးချယ်ကြပါသည်။ လူအနည်းငယ်ကသာလျှင် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို စိတ်နှလုံးတွင်ရတနာများကဲ့သို့ဝှက်ထားပြီး အသက်တာတွင်ကျင့်သုံးကြပါသည်။

သမ္မာကျမ်းစာ၏အမှန်တရားများကိုလက်ခံခြင်းဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည် မြင့်မြတ်လာပါသည်။ လူကြီးလူငယ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကို သိထားတတ်လာသောအခါ သူတို့သည်အတွင်းစိတ်တည်ကြည်ဖြောင့်မတ်လာပြီး ကိုယ်ကျင့်တရားများပြောင်းလဲလာကာ

တွေ့ကြုံရသည့်စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်း အောင်မြင်ကျော်လွှားနိုင်ပါလိမ့်မည်။

သန့်ရှင်းသောနှုတ်ထွက်စကားတော်၌ပါရှိသော အဖိုးထိုက်သည့်အရာများအကြောင်းကို လူများကပြောဆိုရေးသားရပါမည်။ မိမိတို့၏အတွေးအခေါ်များ၊ ဝါသနာများနှင့်ဉာဏ်ပညာများတို့ဖြင့် ဘုရားသခင်၏အလိုတော်ကိုသိနိုင်ရန်အသုံးပြုပါ။ လူ၏အတွေးအခေါ်များကိုလေ့လာမည့်အစား အမှန်တရားဖြစ်တော်မူသည့် ဘုရားသခင်၏အတွေးအခေါ်များကိုလေ့လာပါ။ မည်သည့်စာပေကမှ သမ္မာကျမ်းစာနှင့်တန်ဖိုးချင်းမယှဉ်နိုင်ပါ။

ဤလောကနှင့်စပ်ဆိုင်သောစိတ်သဘောထားသည် ဘုရားသခင့်နှုတ်ထွက်စကားတော်၌မပျော်ပိုက်ပါ။ သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ပြောင်းလဲခြင်းကိုခံယူထားသည့်စိတ်သဘောထားတွင် ဘုရားသခင့်နှုတ်ထွက်စကားတော်၏တောက်ပြောင်လှပသောအလင်းဖြင့် ထွန်းတောက်နေပါလိမ့်မည်။ ဇာတိပကတိစိတ်ကခြောက်သွေ့ပြီးအကျည်းတန်ပါသည်။ သို့သော် ဝိညာဉ်ပကတိစိတ်က အသက်စမ်းရေများဖြင့်ပြည့်လျှံနေသောသာယာလှသည့်နေရာဟုထင်ရတတ်ပါသည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်တွင် ဖော်ပြထားသည့်အတွေ့အကြုံများကို ကျွန်ုပ်တို့၏သားသမီးများသို့ဆက်လက်သင်ကြားပေးသွားရပါမည်။ စဉ်းစားသုံးသပ်လာတတ်သည့်အရွယ်မှစ၍ ဤကလေးငယ်များသည် သခင်ခရစ်တော်၏နာမတော်နှင့်ရင်းနှီးနေရပါလိမ့်မည်။ သူတို့၏ပထမဦးဆုံးသင်ခန်းစာက ဘုရားသခင်သည် သူတို့၏ခမည်းတော်ဖြစ်သည်ကိုညွှန်ပြရပါမည်။ သူတို့ကိုပထမဦးဆုံးသွန်သင်ရမည့်အချက်မှာ ချစ်ခြင်းမေတ္တာဖြင့်နာခံတတ်ခြင်းပင်ဖြစ်ပါသည်။ သူတို့၏အသက်အရွယ်နှင့်နားလည်ခံယူနိုင်သော သမ္မာကျမ်းစာ၏သွန်သင်ချက်များကို သိမ်မွေ့နူးညံ့စွာဖြင့်သင်ကြားပေးရပါမည်။ အရေးကြီးဆုံးမှာ သခင်ခရစ်တော်၏အသက်တာတွင် ထင်ရှားပေါ်လွင်တော်မူသည့် ကိုယ်တော်၏မေတ္တာတော်နှင့်ချစ်ခြင်းမေတ္တာ၏ကြီးမားသောသင်ခန်းစာများကိုနားလည်ရန် ညွှန်ကြားပြသပါ။



“ဘုရားသခင်သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင် ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်” (၁ယော ၄း၁၁)။

လူငယ်များသည် မိမိတို့၏စိတ်နှလုံးကို နှုတ်ထွက်စကားတော်ဖြင့်အာဟာရကျွေးမွေးပါစေ၊ သခင်ခရစ်တော်၏လက်ဝါးကပ်တိုင်ကိုဆည်းပူးရာ ပညာအတွေ့အကြုံအဖြစ်မှတ်ယူပြီး လေ့လာသင်ယူသောပညာရပ်များအားလုံး၏ဗဟိုချက်အဖြစ် သတ်မှတ်ကြပါ။ သမ္မာကျမ်းစာကိုနေ့စဉ်ကျင်လည်နေသောအသက်တာတွင် လက်တွေ့ကျင့်ဆောင်ပါ။ ဤနည်းအားဖြင့် သခင်ခရစ်တော်သည် ထိုလူငယ်၏အသက်တာလမ်းခရီးတွင် လက်တွဲရမည့်အဖော်ဖြစ်လာပါလိမ့်မည်။ မိမိတို့၏အတွေးအခေါ်များသည် သခင်ခရစ်တော်၏အလိုတော်နှင့်အညီဖြစ်လာသောအခါ ပေါလုနှင့်အတူ၊

“ငါတို့သည် ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိစေနှင့်၊ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏၊ ငါသည်လည်း ဤလောကအဖို့ရိုက်ထားခြင်းကိုခံလျက်ရှိ၏” (ဂလာတိ ၆း၁၄) ပြောဆိုနိုင်ပါလိမ့်မည်။

ကျွန်ုပ်တို့တွေ့ကြုံရသည့်ပညာအတွေ့အကြုံများမှတစ်ဆင့် ယုံကြည်ခြင်းအားဖြင့်ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသိကျွမ်းလာပါသည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်သည် မှန်ကန်ကြောင်းနှင့်ကတိတော်များသည် တည်မြဲကြောင်းကို လက်တွေ့သိရှိခံစားလာကြပါသည်။ သူတို့သည်မြည်းစမ်းကြည့်၍ သခင်ခရစ်တော်၏ကောင်းမြတ်တော်မူကြောင်းကို သိရှိကြရပါသည်။

ယောဟန်က မိမိ၏ကိုယ်ပိုင်အတွေ့အကြုံများမှတစ်ဆင့် ရရှိသောအတွေ့အကြုံများဖြင့် သက်သေခံသည်မှာ–

“ရှေးဦးစွာကပင်ဖြစ်၍ ငါတို့သည်ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍လက်နှင့်စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သောနှုတ်ထွက်စကားတော်နှင့်ဆိုင်သောအရာကို သင်တို့အားပြသကြ၏၊ ထိုအသက်သည်ထင်ရှားခဲ့ပြီ၊ ငါတို့လည်းမြင်ရကြပြီ၊ ခမည်းတော်နှင့်အတူရှိဖူး၍ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်

ကိုငါတို့သည် သင်တို့အားသက်သေခံ၍ပြသကြ၏။ ငါတို့သည်ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်လည်းကောင်း............. မိတ်သဟာယဖွဲ့စေခြင်းငှာ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားပြသကြ၏" (၁ယော ၁း၁–၃)။ လူတိုင်းသည် မိမိတို့၏ကိုယ်ပိုင်အတွေ့အကြုံများအားဖြင့် "ဘုရားသခင်သည် သစ္စာစောင့်တော်မူသည်ဟု တံဆိပ်ခတ်၏" (ယောဟန် ၃း၃၃)။ သခင်ခရစ်တော်၏တန်ခိုးတော်နှင့်ပတ်သက်၍ မိမိကိုယ်တိုင်ကြားမြင်ခံစားရသည်များကို ယခုကဲ့သို့သက်သေခံနိုင်ပါသည်။

"ကျွန်ုပ်သည်အကူအညီလိုအပ်၍ ၎င်းကိုသခင်ခရစ်တော်၌ရရှိခဲ့ပါသည်။ ကျွန်ုပ်၏စိတ်နှလုံးဆာလောင်မွတ်သိပ်သောအရာများသည် ကိုယ်တော်၌ပြည့်စုံခဲ့ပါသည်။ သခင်ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ သမ္မာကျမ်းစာက ကျွန်ုပ်ကိုဖော်ပြပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်၏ကယ်တင်ပိုင်သူဘုရားသခင်ဖြစ်သောကြောင့် ကိုယ်တော်ကိုကျွန်ုပ်ယုံကြည်ပါသည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်၏စိတ်ဝိညာဉ်အတွက် ဘုရားသခင်၏နှုတ်ထွက်စကားတော်ဖြစ်သောကြောင့် ထိုသမ္မာကျမ်းစာကို ကျွန်ုပ်ယုံကြည်ပါသည်။

မိမိ၏ကိုယ်ပိုင်အတွေ့အကြုံများဖြင့် ဘုရားသခင်နှင့်နှုတ်ထွက်စကားတော်နှင့်ပတ်သက်ကာ ပညာအတွေ့အကြုံရရှိထားသူတို့သည် သဘာဝသိပ္ပံပညာကိုလေ့လာရန် အဆင်သင့်ဖြစ်နေပါသည်။ သခင်ခရစ်တော်နှင့်ပတ်သက်၍ နှုတ်ထွက်စကားတော်တွင် "ထိုနှုတ်ထွက်စကားတော်၌အသက်ရှိ၏၊ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏" (ယောဟန် ၁း၄)။ ဤလောကထဲသို့အပြစ်မဝင်မီတွင် အာဒံနှင့်ဧဝတို့ကိုဘုရားသခင်၏ဘုန်းတော်က အလွန်လှပသောအလင်းဖြင့် လွှမ်းခြုံထားပါသည်။ ထိုအလင်းတော်ကြောင့် သူတို့သွားလေရာတွင်ထွန်းတောက်လျက်ရှိပါသည်။ ဘုရားသခင်ဖန်ဆင်းသောအရာများနှင့် ဘုရားသခင်၏အကျင့်တော်ကို ထိခိုက်စေသောအရာတစ်ခုမျှမရှိပါ။ သို့သော်လည်း စာတန်၏သွေးဆောင်ခြင်းကိုလက်ခံလိုက်သောအခါ သူတို့ကိုကွယ်ကာထားသည့်ဘုန်းတော်သည် ကွယ်ပျောက်သွားပြီး



သူတို့၏သန့်ရှင်းသောဝတ်ရုံများ ဖယ်ရှားခြင်းခံရသောကြောင့် သူတို့၏အသက်တာများကိုထွန်းတောက်စေသောအလင်းသည်လည်း ကွယ်ပျောက်သွားခဲ့ပါသည်။ ထိုအချိန်မှစ၍ သူတို့သည် ဘုရားသခင်၏အကျင့်တော်နှင့်လုပ်ဆောင်တော်မူခြင်းတို့ကို နားမလည်နိုင်တော့ပါ။ ထိုနည်းတူ ယနေ့တွင်လည်းလူသည် သဘာဝ၏သွန်သင်ချက်များကိုကောင်းစွာနားမလည်နိုင်တော့ပါ။ ဘုရားသခင်၏သွန်သင်လမ်းပြခြင်းမရှိပါက လူသည် ဘုရားသခင်၏အကျင့်တော်ထက် ဖန်ဆင်းခြင်းခံရသောသဘာဝတရားကိုဦးထိပ်ထားလာပါသည်။ ထိုကြောင့်လည်း လူ၏သိပ္ပံယူဆချက်များသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့် ကွဲလွဲနေရခြင်းဖြစ်ပါသည်။ သို့သော် သခင်ခရစ်တော်ထံမှအလင်းတရားကိုရရှိသောသူတို့တွင်မူ ကိုယ်တော်၏အကျင့်တော်သည် ပို၍တောက်ပြောင်ထွန်းလင်းလာပါသည်။ လက်ဝါးကပ်တိုင်ပေါ်မှထွန်းတောက်လာသောအလင်းဖြင့် သဘာဝလောက၏သင်ခန်းစာများကို ကျွန်ုပ်တို့ပို၍နားလည်လာနိုင်ကြပါလိမ့်မည်။

ဘုရားသခင်နှင့်နှုတ်ထွက်စကားတော်၌ လက်တွေ့အတွေ့အကြုံရှိသောသူသာလျှင် သမ္မာကျမ်းစာသည် ဘုရားသခင်ထံမှလာသည်ကိုယုံကြည်လက်ခံပါလိမ့်မည်။ ဘုရားသခင်နှုတ်ထွက်စကားတော်သည်မှန်ကန်၍ဖောက်ပြန်ခြင်းမရှိသည်ကိုလည်းယုံကြည်ပါသည်။ သူသည်နှုတ်ထွက်စကားတော်ကို သိပ္ပံပညာဖြင့်သက်သေမထူဘဲ သိပ္ပံပညာကို နှုတ်ထွက်စကားတော်ဖြင့်စမ်းသပ်ပါသည်။ စစ်မှန်သောသိပ္ပံပညာသည် နှုတ်ထွက်စကားတော်နှင့်ဆန့်ကျင်ခြင်းမရှိဘဲ ဤအရာနှစ်ခုစလုံးကို သခင်တစ်ဦးတည်းကသာပြုစုတော်မူကြောင်း ပြည့်စုံစွာနားလည်ခြင်းဖြင့် ဤအရာနှစ်ခုသည် ကွင်းဆက်မိနေခြင်းကို သူနားလည်လာပါသည်။ ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်ဆန့်ကျင်သော သိပ္ပံပညာရပ်များမှာ လူ၏အတွေးအခေါ်များသာဖြစ်သည်ကို သူသိရှိလာပါသည်။

ဤကဲ့သို့သောသူသည် သိပ္ပံပညာကိုလေ့လာခြင်းဖြင့် ကျယ်ပြန့်သောနယ်ပယ်တွင် အသိတရားများစွာကိုရရှိပါလိမ့်မည်။ သူသည်သဘာဝ

တရားကိုပိုမိုစဉ်းစားလေ အမှန်တရားကိုပိုမိုနားလည်လာလေဖြစ်ပါသည်။ ဤအရာနှစ်ခုမှသူသည် ဘုရားသခင်၏ဇာတိတော်နှင့် ကိုယ်တော်၏လုပ်ဆောင်တော်မူချက်တို့ကို ပိုမိုနားလည်လာကာ ဘုရားသခင်နှင့်ပိုမိုနီးကပ်လာပါသည်။

သဘာဝတရားနှင့် ဘုရားသခင်အသိပေးတော်မူခြင်းမှတစ်ဆင့် ဘုရားသခင်ကိုလက်ခံသောသူတို့၏အတွေ့အကြုံသည် ဆာလံဆရာ၏အတွေ့အကြုံများနှင့်တူညီပါလိမ့်မည်။ ဆာလံဆရာက–

"အိုထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကိုဝမ်းမြောက်စေတော်မူသည်ဖြစ်၍ လက်တော်နှင့်ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်။"

"အိုထာဝရဘုရား၊ ကရုဏာတော်သည် ကောင်းကင်သို့လည်းကောင်း၊ သစ္စာတော်သည် မိုးတိမ်သို့လည်းကောင်းမီပါ၏။ ဖြောင့်မတ်တော်မူခြင်းတရားသည် ကြီးမားစွာသောတောင်ရိုးနှင့်တူပါ၏၊ တရားစီရင်တော်မူချက်တို့သည် အလွန်နက်နဲရာဖြစ်ကြပါ၏။"

"အိုဘုရားသခင်၊ ကရုဏာတော်သည် အလွန်မြတ်နိုးဖွယ်ဖြစ်ပါ၏။–––လူသားတို့သည် အတောင်တော်အရိပ်ကိုခိုလှုံလျက်နေရကြပါ၏။–––ကိုယ်တော်၏ချမ်းသာမြစ်ရေကိုသောက်စေခြင်းငှာ အခွင့်ပေးတော်မူ၏၊ အကြောင်းမူကား၊ ကိုယ်တော်ထံမှာအသက်စမ်းရေတွင်းရှိပါ၏၊ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကိုရကြပါ၏။"

"ထာဝရဘုရား၏တရားလမ်း၌ မတွဲမတိမ်းလိုက်သွားသောသူတို့သည် ကောင်းချီးရှိကြ၏၊ သက်သေခံတော်မူချက်တို့ကိုစောင့်၍ ကိုယ်တော်ကိုစိတ်နှလုံးအကြွင်းမဲ့ရှာသောသူတို့သည် ကောင်းချီးရှိကြ၏။"

"လူပျိုသည် မိမိသွားသောလမ်းကို အဘယ်သို့သန့်ရှင်းစေနိုင်ပါမည်နည်းဟူမူကား နှုတ်ထွက်စကားတော်အတိုင်းသတိပြုရမည်။"

"သစ္စာလမ်းကိုအကျွန်ုပ်ရွေးပါပြီ၊ စီရင်တော်မူချက်တို့ကို အကျွန်ုပ်ရှေ့မှာထားပါပြီ။"



"ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း ဖော်ပြတော်မူချက်ကို နှလုံးထဲမှာသိုထားပါပြီ။"

"ပေးတော်မူသောသွန်သင်ချက်များကို အကျွန်ုပ်ရှာဖွေမေးမြန်းသည်ဖြစ်၍ အဆီးအတားမရှိဘဲသွားလာရပါ၏။"

"တရားတော်၌အံ့ဖွယ်သောအရာတို့ကို မြင်နိုင်ပါမည်အကြောင်း အကျွန်ုပ်၏မျက်စိတို့ကိုဖွင့်တော်မူပါ။"

"သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်မွေ့လျော်ရာ၊ အကျွန်ုပ်တိုင်ပင်ရာဖြစ်ကြပါ၏။"

"နှုတ်တော်ထွက်တရားတော်သည် ရွှေ၊ ငွေအထောင်အသောင်းထက်မက အကျွန်ုပ်၌သာ၍ကောင်းပါ၏။"

"ကိုယ်တော်၏တရားတော်ကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏၊ တစ်နေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏။"

"သက်သေခံတော်မူချက်တို့သည် အံ့သြဖွယ်ဖြစ်၍ အကျွန်ုပ်ဝိညာဉ်သည်စောင့်ရှောက်တတ်ပါ၏။"

"အကျွန်ုပ်ဧည့်သည်နေရာအိမ်တွင် အထုံးအဖွဲ့တော်တို့သည် အကျွန်ုပ်သီချင်းဆိုရာအကြောင်းဖြစ်ကြပါ၏။"

"နှုတ်ထွက်စကားတော်သည် အလွန်စင်ကြယ်သည်ဖြစ်၍ ကိုယ်တော်၏ကျွန်သည် နှစ်သက်ပါ၏။"

"နှုတ်ထွက်စကားတော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏၊ တရားသဖြင့်စီရင်တော်မူချက်ရှိသမျှတို့သည် အစဉ်အမြဲတည်ကြပါ၏။"

"အကျွန်ုပ်သည်အသက်ရှင်၍ ကိုယ်တော်ကိုချီးမွမ်းပါစေသော၊ စီရင်တော်မူချက်တို့သည် အကျွန်ုပ်ကိုမစကြပါစေသော။"

"တရားတော်ကိုနှစ်သက်သောသူတို့၌ ကြီးစွာသောငြိမ်ဝပ်ခြင်းရှိပါ၏၊ သူတို့စိတ်ပျက်စရာအကြောင်းမရှိပါ။"

"အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူးတော်ကို အကျွန်ုပ်မြော်လင့်၍ ပညတ်တော်တို့ကိုကျင့်ပါ၏။ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်ဝိညာဉ်သည်စောင့်ပါ၏၊ အလွန်နှစ်သက်ပါ၏။"

"နှုတ်ထွက်စကားတော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကို လိမ္မာစေတတ်ပါ၏။"

"ပညတ်တရားတော်သည် အကျွန်ုပ်၏ရန်သူတို့ထက်အကျွန်ုပ်ကို သာ၍ပညာရှိစေပါ၏၊ ပညတ်တရားတော်သည် အကျွန်ုပ်၌အစဉ်တည်ပါ၏၊ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့် အကျွန်ုပ်၏ဆရာအပေါင်းတို့ထက်သာ၍ နားလည်ပါ၏။ ကိုယ်တော်၏စည်းကမ်းများကိုစောင့်သောကြောင့် အသက်ကြီးသူတို့ထက်သာ၍ ဥာဏ်ကောင်းပါ၏။"

"ကိုယ်တော်၏စည်းကမ်းများအားဖြင့် အကျွန်ုပ်သည်ဥာဏ်တိုးပွား၍ မှားယွင်းလမ်းရှိသမျှတို့ကိုမုန်းပါ၏။"

"သက်သေခံတော်မူချက်တို့သည် အကျွန်ုပ်နှလုံးရွှင်လန်းရာဖြစ်၍၊ ကိုယ့်အမွေဥစ္စာဖို့အစဉ်အမြဲခံယူပါ၏။"

(ဆာလံ ၉၂း၄။ ၃၆း၅၊၆၊၇–၉။ ၁၁၉း၁၂၊၉၊၃၀၊၁၁၄၅၊၁၈၊၂၄၊ ၉၇၊၁၂၉၊၁၄၀၊၁၆၀၊၁၇၅၊ ၁၆၅–၁၆၇၊၁၃၀၊၉၈–၁၀၀၊၁၀၄၊၁၁၁။

## ဘုရားသခင်ကိုပိုမိုရှင်းလင်းစွာဖော်ပြခြင်း

ဘုရားသခင်၏ဇာတိတော်ကိုပို၍နားလည်နိုင်ရန် ကျွန်ုပ်တို့၌အခွင့်အရေးရှိပါသည်။ မောရှေက "ကိုယ်တော်၏ဘုန်းတော်ကို အကျွန်ုပ်အားပြတော်မူပါ" ဟုလျှောက်သောအခါ ဘုရားသခင်ကသူ့ကိုအပြစ်မတင်တော်မူသည့်အပြင် သူ၏ဆုတောင်းသံကိုနားညောင်းတော်မူခဲ့ပါသည်။ ဘုရားသခင်က "ငါ၏ကောင်းမွန်ခြင်းရှိသမျှကို သင်ရှေ့၌ငါလျှောက်သွားစေမည်၊ ထာဝရဘုရား၏နာမတော်ကိုလည်း သင့်ရှေ့၌ငါကြွေးကြော်မည်" (ထွက်မြောက်ရာကျမ်း ၃၃း၁၈–၁၉) ဟုမိန့်ဆိုတော်မူခဲ့ပါသည်။

အပြစ်ကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အတွေးအခေါ်များသည် အမှောင်ဖုံးလွှမ်းရပါသည်။ ကျွန်ုပ်တို့၏နှလုံးသားထဲမှအပြစ်ကိုဖယ်ရှားလိုက်



သောအခါ သခင်ခရစ်တော်၏မျက်နှာတော်၌ ထင်ရှားတော်မူသည့်ဘုရားသခင်၏ဘုန်းတော်နှင့်စပ်ဆိုင်သော အတွေ့အကြုံ၏အလင်းတရားသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်နှင့်သဘာဝတရားတို့မှ တစ်ဆင့်သိမြင်လာပြီး ဘုရားသခင်သည် "ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်" (ထွက်မြောက် ၃၄း၆) မူသည်ကို ပို၍ထင်ရှားစွာဖော်ပြတော်မူပါလိမ့်မည်။

ကျွန်ုပ်တို့၏အတွေးအခေါ်များနှင့်နှလုံးသားသည် ဘုရားသခင်၏သန့်ရှင်းခြင်းအဆင့်သို့ရောက်သည့်တိုင်အောင် ပြောင်းလဲသွားနိုင်ရန်အတွက် ကိုယ်တော်၏အလင်းတော်၌ပင် ကျွန်ုပ်တို့အလင်းကိုရရှိပါလိမ့်မည်။

ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ပါရှိသော ကတိတော်များကိုလက်ကိုင်ပြုသူများအတွက် အံ့သြဖွယ်အခွင့်အရေးများစွာရှိပါသည်။ သူတို့အတွက် အလွန်ကျယ်ပြန့်သောအမှန်တရားများနှင့် အစွမ်းခွန်အားများရှိပါသည်။ ဘုရားသခင်သည် အံ့ဖွယ်အမှုအရာများကိုဖော်ပြတော်မူပြီး သမ္မာကျမ်းစာတွင်ဖော်ပြထားသည်ဟုပင် မထင်ရသည့်အခွင့်အရေးများနှင့်တာဝန်များကိုလည်း ရရှိပါလိမ့်မည်။ နှိမ့်ချနာခံလျက် ဘုရားသခင်၏အလိုတော်ကိုပြည့်စုံစေသောသူတို့သည် ဘုရားသခင်၏ပညတ်တော်တို့ကို ပို၍ပို၍နားလည်လာပါလိမ့်မည်။

မည်သည့်အမြင့်သို့မဆိုတက်လှမ်းနိုင်ရန်အတွက် သမ္မာကျမ်းစာကိုလမ်းညွှန်အဖြစ်အသုံးပြုလျက် ပညတ်ချက်တိုင်း၌ခိုင်မာစွာရပ်တည်သွားကြပါစို့၊ ဘုရားသခင်၏သဘောတော်များကို ငြင်းဆန်သောအခါ လူ၏အတွေးအခေါ်များသည် ရှုပ်ထွေးခြင်း၊ အရှက်ကွဲခြင်းနှင့်သာကြုံတွေ့ရပါမည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ထွက်စကားတော်မှရရှိသောယုံကြည်ခြင်းသည် အသက်တာအတွက်ဖြောင့်မတ်ခြင်းနှင့်ခွန်အားကို ပေးတော်မူပါသည်။ ဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း၊ ကရုဏာတော်နှင့်မေတ္တာပိုမိုမှီဝဲလေလေ ဘုရားသခင်၏အမှန်တရားကို ပိုမိုနားလည်လာလေလေဖြစ်ပြီး စိတ်အလိုများသည် ပို၍သန့်ရှင်းမြင့်မြတ်လာကာ စိတ်နှလုံးသည်ပိုမိုဖြူစင်လာပြီး

အတွေးအခေါ်များသည် ပို၍သန့်ရှင်းလာပါသည်။ သန့်ရှင်းမြင့်မြတ်တော်မူသည့်အရိပ်၌ ခိုလှုံသောစိတ်သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်မှတစ်ဆင့် ဘုရားသခင်ကိုသိကျွမ်းဆက်ဆံခြင်းဖြင့် ပြောင်းလဲလာပါသည်။ အမှန်တရားသည်ကြီးမားကျယ်ပြန့်ပြီး နက်ရှိုင်းလှသောကြောင့် မိမိစိတ်အလိုပျောက်ကွယ်နေပါသည်။ စိတ်နှိမ့်ချခြင်း၊ သနားကြင်နာခြင်း၊ ချစ်ခြင်းမေတ္တာဖြင့်စိတ်နှလုံးသည် ပျော့ပျောင်းနူးညံ့လာပါသည်။

ဖြောင့်မတ်သောနာခံခြင်းကြောင့်ပင် ကိုယ့်အစွမ်းခွန်အားများသည်လည်း ပို၍ထက်မြက်လာပါသည်။ ကျောင်းသူကျောင်းသားများသည် ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုလေ့လာခြင်းဖြင့် စိတ်သဘောထားများပိုမိုကျယ်ပြန့်မြင့်မား၍ သန့်ရှင်းလာပါသည်။ ဒံယေလကဲ့သို့ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုကြားနာပြီး အသက်တာတွင်ထိုကဲ့သို့လိုက်လျှောက်ကြသောသူများဖြစ်ပါက သူတို့သည်ဒံယေလကဲ့သို့ပင် အဖက်ဖက်တွင်ထူးချွန်ကြပါလိမ့်မည်။ စိတ်ဓာတ်သန့်ရှင်းခြင်းကြောင့် စိတ်ဓာတ်ခိုင်မာလာပါသည်။ သူတို့၏ဉာဏ်စွမ်းခွန်အားသည်လည်း ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မည်။ သူတို့၏ပညာအတွေ့အကြုံများနှင့် မိမိကိုယ်ကိုပြုပြင်ထိန်းသိမ်းမှုတို့ကြောင့် သူတို့၏ပတ်ဝန်းကျင်ရှိသူများက ဘုရားသခင့်တန်ခိုးတော်နှင့်ဘုန်းတော်ဖြင့် လူသည်မည်ကဲ့သို့ပြောင်းလဲစွမ်းဆောင်နိုင်သည်ကို သိမြင်နားလည်နိုင်ပါလိမ့်မည်။

## ထာဝရအသက်အတွက်ပညာဆည်းပူးခြင်း

ကျွန်ုပ်တို့ယခုအသက်တာတွင်လုပ်ဆောင်ချက်များသည် ထာဝရအသက်တာအတွက်ပြင်ဆင်ခြင်းပင်ဖြစ်ပါသည်။ ယခုဘဝ၌သင်ကြားနေရသည့်ပညာရပ်များသည် ဤလောက၌ပြီးဆုံးသွားခြင်းမရှိဘဲ ထာဝရကာလပတ်လုံးအစဉ်တိုးတက်နေကာ အဆုံးသတ်လိမ့်မည်မဟုတ်ပါ။ ကယ်တင်ခြင်းအစီအစဉ်တွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်ဘုန်းတော်သည် ပို၍



ပို၍ထင်ရှားလာပါလိမ့်မည်။ ကယ်တင်ပိုင်သူသည် မိမိ၏သားသမီးများကိုအသက်စမ်းရေတွင်းများသို့ခေါ်ဆောင်သွားစဉ်၌ပင် ကြွယ်ဝများပြားသောအတွေ့အကြုံဉာဏ်ပညာများကို ချပေးတော်မူပါလိမ့်မည်။ နေ့စဉ်နှင့်အမျှ ဤမိုးကုပ်စက်ဝိုင်းတစ်ခုလုံးကိုဖန်ဆင်းတော်မူ၍ စောင့်ရှောက်တော်မူသောဘုရားသခင်၏တန်ခိုးတော်သည် ပိုမိုထင်ရှားပါလိမ့်မည်။ ပလ္လင်တော်မှဖြာဆင်းလာသည့်အလင်းတော်အောက်တွင် မသိနားမလည်ခြင်းတို့သည်ကွယ်ပျောက်သွားကာ ယခင်ကနားမလည်မသိရှိခဲ့သောအရာများကို လွယ်ကူရှင်းလင်း၍ အံ့သြစွာဖြင့်သိမြင်လာပါလိမ့်မည်။

ယခုတွင်ငါတို့သည် မှန်အားဖြင့်သာရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။ ယခုတွင်ငါ့အသိအမြင်မစုံမလင်ဖြစ်၏။ ထိုအခါမူကား၊ သူတစ်ပါးသည် ငါ့ကိုသိသကဲ့သို့ ငါသိရလိမ့်မည်။

---ooo---

အခန်း (၄၀)

# နေ့စဉ်အသက်တာတွင်ကူညီမစခြင်း

သန့်ရှင်းဖြောင့်မတ်ပြီး စစ်မှန်သောငြိမ်သက်ခြင်းသည် ခရစ်ယာန်အသက်တာဖြင့်နေထိုင်သွားခြင်းသည် ခရစ်ယာန်တရားဟောခြင်းထက်ပို၍ဆွဲဆောင်မှုရှိပါသည်။ လူသည်မိမိပြောသောစကားများထက် မိမိဘာဖြစ်သည်က ပို၍အရေးကြီးပါသည်။

သခင်ခရစ်တော်ထံသို့ စေလွှတ်ခြင်းခံခဲ့ရသောအစောင့်များက ကိုယ်တော်ထံမှပြန်လာပြီး ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါဟုဆိုခဲ့ပါသည်။ သခင်ခရစ်တော်၏မေတ္တာတော်အကြောင်းကို အခြားသူများသို့ပြောပြလိုပါက ကျွန်ုပ်တို့၏စိတ်နှလုံးနှင့်အသက်တာတွင် ထိုမေတ္တာတော်၏တန်ခိုးတော်ကို ကျွန်ုပ်တို့ပထမဦးစွာသိထားရန်လိုအပ်ပါသည်။ သူတစ်ပါး၏ကယ်တင်ခြင်းအတွက် ကျွန်ုပ်တို့ဟောပြောသောဧဝံဂေလိသတင်းစကားသည် ကျွန်ုပ်တို့ကိုယ်တိုင်ကိုကယ်တင်ခဲ့သော ဧဝံဂေလိသတင်းစကားဖြစ်ပါမည်။ တစ်ဦးပေါ်တစ်ဦးယုံကြည်မှုနည်းပါးနေသည့်ဤကမ္ဘာကြီးတွင် သခင်ခရစ်တော်ကို မိမိ၏ကိုယ်ပိုင်ကယ်တင်ပိုင်သူအဖြစ်သိရှိထားမှသာလျှင် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ထိရောက်ပါလိမ့်မည်။ အလွန်လျင်မြန်သည့်အရှိန်အဟုန်ဖြင့် ပျက်စီးနေသည့်အပြစ်သားများကိုကယ်ဆယ်လိုလျှင် ကျွန်ုပ်တို့ကိုယ်တိုင်သည် ကျောက်တည်းဟူသောသခင်ခရစ်တော်၌ ခိုင်မာစွာခြေကုပ်ယူထားရပါမည်။

ခရစ်ယာန်၏အမှတ်လက္ခဏာမှာ အပြင်တွင်ချိတ်ဆွဲရမည့်လက်ဝါးကပ်တိုင် (သို့မဟုတ်) သရဖူမဟုတ်ဘဲ ဘုရားသခင်နှင့်ကျွန်ုပ်တို့စပ်ကြားတွင် ခိုင်မာစွာမိတ်သဟာယဖွဲ့ထားသည်ကိုဖော်ပြသော ကျွန်ုပ်တို့၏အသက်တာပင်ဖြစ်ပါသည်။ အသက်တာကိုပြောင်းလဲစေနိုင်သော သခင်ခရစ်တော်၏တန်ခိုးတော်ထင်ရှားခြင်းဖြင့်သာ ဤလောကသည် သားတော်ကိုစေလွှတ်၍ ကယ်တင်တော်မူခြင်း၏ဘုရားသခင့်မေတ္တာတော်ကို သိရှိနိုင်ပါလိမ့်မည်။





ကိုယ့်အလိုကိုငြင်းပယ်သောသက်သေခံခြင်းမှလွဲ၍ မည်သည့်သက်သေခံခြင်းကမှ ထိရောက်စွာစွမ်းဆောင်နိုင်မည်မဟုတ်ပါ။ အကောင်းဆုံးနှင့်အပြင်းထန်ဆုံးသောသက်သေခံချက်မှာ ချစ်ခြင်းမေတ္တာဖြင့်ပြည့်ဝသောခရစ်ယာန်အသက်တာပင်ဖြစ်ပါသည်။

## အခက်အခဲများဖြင့်သွန်သင်ခြင်း

ဤကဲ့သို့သောအသက်တာဖြင့်နေထိုင်ပြီး ဤကဲ့သို့သောပုံသက်သေကိုပြနိုင်ရန်အတွက် အသက်တာ၏အဆင့်တိုင်းတွင် ကြိုးစားအားထုတ်ခြင်း၊ ကိုယ့်ကိုကိုယ်ငြင်းပယ်ခြင်းနှင့် စည်းကမ်းသေဝပ်မှုရှိရပါမည်။ လူများစွာတို့သည် ဤအချက်များကိုနားမလည်သောကြောင့် ခရစ်ယာန်အသက်တာတွင် ခွန်အားနည်းနေခြင်းဖြစ်ပါသည်။ အမှန်တကယ်ယုံကြည်သူများစွာတို့က မိမိတို့၏အသက်တာကို ဘုရားသခင်၏အမှုတော်၌ဆက်ကပ်ကြသော်လည်း စုံစမ်းနှောင့်ယှက်ခြင်းများ၊ အခက်အခဲများစွာတို့နှင့်ရင်ဆိုင်ရပါသည်။ သူတို့သည် သခင်ခရစ်တော်၏အသက်တာတွင် တူညီသောအကျင့်အတွက်လည်းကောင်း၊ ဘုရားသခင့်အမှုတော်၌အသုံးတော်ခံနိုင်ရန်အတွက်လည်းကောင်း ဆုတောင်းကြသော်လည်း လက်တွေ့၌၎င်းတို့အသက်တာတွင် အဆိုးဆုံးသောအကျင့်များပေါ်လွင်ရန် အခြေအနေကဖန်တီးနေပါသည်။ ရှိလိမ့်မည်ဟုပင်မထင်မှတ်ခဲ့သည့် အပြစ်အနာအဆာများကိုတွေ့မြင်လာရပါသည်။ ထိုအခါ ရှေးဣသရေလတို့ကဲ့သို့ပင် သူတို့က "ဘုရားသခင်က ကျွန်ုပ်တို့ကိုလမ်းပြဦးဆောင်နေလျှင် အဘယ်ကြောင့်ဤအဖြစ်ဆိုးများနှင့် ကျွန်ုပ်တို့ရင်ဆိုင်နေရပါသနည်း" ဟု မေးခွန်းထုတ်တတ်ကြပါသည်။

သို့သော်လည်း ဘုရားသခင်သည် သူတို့ကိုဦးဆောင်နေသောကြောင့် သူတို့သည် ဤအဖြစ်အပျက်များနှင့်ရင်ဆိုင်နေရခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုဆုံးမရန်နှင့် ကျွန်ုပ်တို့ကိုအောင်မြင်သောသူများဖြစ်စေရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုစုံစမ်းနှောင့်ယှက်ခြင်းများ၊ အခက်အခဲများနှင့်ကြုံတွေ့စေပါသည်။

လူသားတစ်ဦးစီ၏စိတ်နှလုံးကို သိတော်မူသည့်သခင်သည် သူတို့၏အသက်တာအကျင့်များကို သူတို့ထက်ပို၍သိတော်မူပါသည်။ ကိုယ်တော်ကအချို့သူများတွင် ဘုရားသခင်၏အမှုတော်တိုးတက်မှုအတွက် လိုအပ်သောအစွမ်းခွန်အားများနှင့် ထိုအစွမ်းခွန်အားများကို စနစ်တကျလေ့ကျင့်ပေးရန်လိုအပ်သည်ကို သိတော်မူပါသည်။ ထို့ကြောင့်ဘုရားသခင်က ဤသူများကိုအခြေအနေအမျိုးမျိုးနှင့်ရင်ဆိုင်ခွင့်ကိုပေးကာ မသိရှိရသေးသည့်သူတို့၏အားနည်းချက်များကို သူတို့သိရှိနားလည်ပေါ်လွင်စေပါသည်။ ဤနည်းအားဖြင့် မိမိကိုယ်ကိုပြုပြင်ပြောင်းလဲပြီး သူတို့သည် ဘုရားသခင်၏အမှုတော်တွင်ပါဝင်လာနိုင်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်စေရန်အတွက် စစ်ကြောခြင်းမီး၌အရည်ကိုကျို၍ စုံစမ်းခြင်းကိုခံရန်ခွင့်ပြုတော်မူပါသည်။

ကျွန်ုပ်တို့သည် အခက်အခဲများနှင့်ရင်ဆိုင်ရသည်ဆိုကတည်းကပင် ကျွန်ုပ်တို့၏အသက်တာတွင် သခင်ခရစ်တော်ပြုပြင်လိုတော်မူသည့်အရာများရှိနေခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင် ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှားစေနိုင်သောအရာတစ်စုံတစ်ခုမျှမရှိလျှင် ကိုယ်တော်သည် အချိန်ယူ၍ ကျွန်ုပ်တို့ကိုသန့်စင်စေမည်မဟုတ်ပါ။ ကိုယ်တော်က တန်ဖိုးမဲ့သောကျောက်တုံးများကို စစ်ကြောခြင်းမီးထဲသို့ပစ်ချတော်မူမည်မဟုတ်ဘဲ တန်ဖိုးရှိသောသတ္တုရိုင်းများကိုသာ သန့်စင်စေရန်ထားတော်မူပါသည်။ ပန်းဘဲဆရာသည် သံမဏိကိုမီးထဲသို့ထည့်၍ မည်ကဲ့သို့သောသတ္တုများဖြစ်သည်ကိုစစ်ဆေးသကဲ့သို့ ကိုယ်တော်သည်လည်း မိမိရွေးချယ်သောသူများအားလုံးကို မည်ကဲ့သို့သောသူများဖြစ်သည်ကိုသိရန်နှင့် အမှုတော်တွင်အသုံးချနိုင်ရန်အတွက် စုံစမ်းစစ်ဆေးခြင်းမီးထဲသို့ထည့်တော်မူပါသည်။

အိုးထိန်းသည်ရွှံ့ကိုယူ၍ မိမိလိုသလိုပုံသွင်းပြီးမှ အိုးခွက်ကိုပြုလုပ်ပါသည်။ သူသည်အိုးထိန်းစက်ပေါ်တွင် မိမိစိတ်ကြိုက်အိုးကိုပြုလုပ်ပြီးမှ နေပူလှန်းအခြောက်ခံကာ မီးဖြင့်ဖုတ်ပါသည်။ ဤနည်းအားဖြင့်သာ အသုံးပြုနိုင်သောအိုးတစ်လုံးဖြစ်လာပါသည်။ ထိုနည်းတူ ကိုယ်တော်ဘုရားသခင်သည်



ကျွန်ုပ်တို့၏အသက်တာကိုပြုပြင်လိုတော်မူပါသည်။ အိုးထိန်းသမား၏လက်ထဲ၌ရှိသောရွှံ့ကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏လက်တော်တွင်ရှိပါသည်။ ကျွန်ုပ်တို့သည် အိုးထိန်းသမား၏အလုပ်ကိုမလုပ်ရပါ။ ကျွန်ုပ်တို့လုပ်ရမည့်တာဝန်မှာ ကိုယ်တော်ဘုရားသခင်၏လက်ထဲတွင် မိမိကိုယ်ကိုအပ်နှံခြင်းသာလျှင်ဖြစ်ပါသည်။

“ချစ်သူတို့၊ သင်တို့ကိုစုံစမ်းစရာဖို့ ယခုခံရသောမီးစစ်ခြင်းအရာကိုကား သင်တို့၌အံ့ဩဖွယ်သောအရာဖြစ်သည်ဟုထင်မှတ်၍ အံ့ဩခြင်းမရှိကြနှင့်။ သင်တို့သည် ခရစ်တော်၏ဆင်းရဲကိုဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည်အကြောင်း ယခုပင်ဝမ်းမြောက်ကြလော့” (၁ပေ ၄း၁၂၊၁၃)။

နေ့ခင်းနေ့လယ်အလင်းရှိချိန်၌ အခြားငှက်များက တေးသီချင်းများကျူးအေးနေချိန်တွင် လှောင်ချိုင့်ထဲတွင်ရှိသောငှက်သည် သူ့သခင်သင်ကြားနေသည့်သီချင်းကို သီဆိုကျူးအေးနိုင်မည်မဟုတ်ပါ။ ၎င်းသည် ဟိုနည်းနည်း၊ ဒီနည်းနည်းဖြင့်သာ ကျူးအေးသီဆိုပါလိမ့်မည်။ သို့သော်လည်း သခင်က လှောင်ချိုင့်ကိုဖုံးအုပ်လိုက်ပြီး သူ၏သီချင်းဆိုသံကိုကြားနိုင်လောက်သည့်နေရာတွင် ငှက်ကိုထားလိုက်သောအခါ ၎င်းသည်သီချင်းဆိုတတ်ရန် ထပ်ခါထပ်ခါကြိုးစားလာပြီး နောက်ဆုံးတွင်သီချင်းကိုအလွန်သာယာစွာသီဆိုတတ်လာပါသည်။ ထိုအချိန်ကျမှ သူ့ကိုအလင်းရှိရာသို့ထုတ်လိုက်လျှင် သူသည် ထိုသီချင်းကိုကောင်းစွာသီဆိုနိုင်ပါမည်။ ကျွန်ုပ်တို့နှင့်ဆက်ဆံရာတွင်လည်း ဘုရားသခင်သည် ထိုကဲ့သို့ပြုတော်မူပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင် တစ်စုံတစ်ခုကိုသင်ကြားပေးတော်မူလျှင် အခက်အခဲများလွှမ်းမိုးရာအရိပ်အောက်၌ ကျွန်ုပ်တို့ကိုတတ်မြောက်စေပါသည်။

လူအမြောက်အမြားမှာ မိမိတို့၏အသက်တာနှင့်ပတ်သက်၍ ဝမ်းမြောက်ကျေနပ်ခြင်းမရှိကြပါ။ အချို့သူများသည် မိမိတို့၏ပတ်ဝန်းကျင်နှင့်မသင့်မြတ်နိုင်ဘဲ မိမိတို့၏အချိန်ကိုသာလျှင် အလုပ်များနှင့်သာကုန်ဆုံးစေပြီး၊ သူတို့၏လုပ်ဆောင်ချက်များကို အခြားသူများကတန်ဖိုးမထားခြင်း၊

အကျိုးမဲ့စေသည်ဟုထင်တတ်ကြပြီး မိမိတို့၏နောင်ရေးနှင့်ပတ်သက်၍ မသေချာမရေရာဖြစ်နေတတ်ပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သတိပြုရမည့်အချက်မှာ ကျွန်ုပ်တို့ရွေးချယ်သောအလုပ်မဟုတ်သော်လည်း ထိုအလုပ်မှာကျွန်ုပ်တို့အတွက် ဘုရားသခင်ရွေးချယ်ပေးတော်မူသည့်အလုပ်ဖြစ်ပြီး ကျွန်ုပ်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်ုပ်တို့အကောင်းဆုံးဖြစ်ရန် ကြိုးစားလုပ်ဆောင်ရပါမည်။ "ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ဆောင်ရွက်လော့၊ အကြောင်းမူကား၊ သင်ယခုသွား၍ရောက်လတ္တံ့သောအရပ်တည်းဟူသော မရဏာနိုင်ငံ၌ လုပ်ဆောင်ခြင်းမရှိ၊ ကြံစည်ခြင်းမရှိ၊ သိပ္ပံအတတ်မရှိ၊ ပညာမရှိပါတကား" (ဒေသနာ ၉း၁၀)။

ဘုရားသခင်က ကျွန်ုပ်တို့ကိုတစ်ခါတစ်ရံတွင် နိနေဝေမြို့သို့စေလွှတ်တော်မူပါသည်။ သို့သော်လည်း ယုပ္ပေမြို့၊ ကပေရနောင်မြို့တို့လောက်ကောင်းချင်မှကောင်းပါလိမ့်မည်။ သို့သော်လည်း ဘုရားသခင်၌ ကျွန်ုပ်တို့ကိုထိုနေရာသို့ပို့ဆောင်ရမည့်အကြောင်းအချက်ရှိတော်မူပါသည်။ ထိုနေရာ၌ပင် ကျွန်ုပ်တို့ကူညီမစနိုင်သောသူတစ်စုံတစ်ဦးရှိနိုင်ပါသည်။ ဖိလိပ္ပုကို အဲသယောပိပြည်သားသို့လည်းကောင်း၊ ပေတရုကိုရောမစစ်သူရဲမှူးသို့လည်းကောင်း၊ ဣသရေလကျွန်မလေးကို နေမန်စစ်သူကြီးသို့လည်းကောင်း စေလွှတ်ခဲ့သောသခင်သည် ယနေ့တွင်လည်း ဘုရားသခင်၏ကိုယ်စားလှယ်တော်များအဖြစ် အကူအညီနှင့်လမ်းပြသွန်သင်မှုလိုအပ်နေသောသူများကို မစရန် သူ၏သားသမီးများကိုစေလွှတ်လျက်ရှိတော်မူပါသည်။

## ဘုရားသခင်၏အစီအမံသည်အကောင်းဆုံးပေတည်း

ကျွန်ုပ်တို့၏အစီအစဉ်များသည် ဘုရားသခင်၏အစီအစဉ်တော်များနှင့် အမြဲတမ်းမကိုက်ညီပါ။ ဒါဝိဒ်မင်းကြီး၏အသက်တာ၌ကဲ့သို့ပင် ကျွန်ုပ်တို့၏အသက်တာတွင်လည်း ကျွန်ုပ်တို့၏ကောင်းစားရေးနှင့် ဘုရားသခင်၏



အမှုတော်အတွက် ကိုယ်တော်သည် ကျွန်ုပ်တို့၏အကောင်းဆုံးအစီအစဉ်များကို တစ်ခါတစ်ရံတွင်ဖယ်ရှားတော်မူပါသည်။ သို့သော်လည်း ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေရန်အတွက် မိမိနှင့်တကွ ရှိသမျှအားလုံးကိုဆက်ကပ်သောသူကို ဘုရားသခင်က ကိုယ်တော်၏အမှုတော်တိုးတက်မှုအတွက် အသုံးပြုတော်မူမည်ကိုတော့ ကျွန်ုပ်တို့အသေအချာမသိနိုင်ပါ။ သူတို့၏အလိုကိုငြင်းပယ်သော်လည်း ဘုရားသခင်က သူတို့အားချစ်တော်မူသည်ကိုပြသတော်မူလျက် သူတို့ကိုအခြားတစ်နေရာတွင် အသုံးပြုတော်မူပါလိမ့်မည်။

ကိုယ်တော်သည် ကျွန်ုပ်တို့ကိုစိတ်ဝင်စားလျက် ချစ်တော်မူကာ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုနားလည်သည်ထက် ကျွန်ုပ်တို့ကိုပို၍နားလည်သိတော်မူသည့်အတွက် ကျွန်ုပ်တို့၏တစ်ကိုယ်ကောင်းဆန်သောတပ်မက်မှုတို့ကို ဖယ်ရှားတော်မူပါသည်။ ကျွန်ုပ်တို့၏အနီးအနားတွင်ရှိသောလုပ်ဆောင်စရာများကို ကျော်လွှားခွင့်မပြုပါ။ ကျွန်ုပ်တို့သည် အခြားပိုမိုကြီးမားသောတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် ဤအမှုငယ်ကလေးများက ကျွန်ုပ်တို့အတွက် မကြာခဏသင်ခန်းစာများဖြစ်စေတတ်ပါသည်။ ဘုရားသခင်၏အလိုတော်ပြည့်စုံရန်အတွက် ကျွန်ုပ်တို့၏အစီအစဉ်များမှာ မကြာခဏပျက်စီးရပါသည်။

ဘုရားသခင်က ကျွန်ုပ်တို့အား ကောင်းသောအရာများကို မည်သည့်အခါမျှမစွန့်လွှတ်ခိုင်းပါ။ ကောင်းကင်နိုင်ငံတော်သို့သွားရာတွင် ကျွန်ုပ်တို့ကိုဟန့်တားစေသောအရာများကိုသာ စွန့်လွှတ်ခိုင်းတော်မူပါသည်။ တစ်ခါတစ်ရံတွင် ကောင်းသောအရာများကိုစွန့်လွှတ်ရသည်တိုင် ဘုရားသခင်က ကျွန်ုပ်တို့အတွက် သာ၍ကောင်းသောအရာများရှိတော်မူသည့်အတွက်ကြောင့်သာ ကျွန်ုပ်တို့ကိုစွန့်လွှတ်ခိုင်းတော်မူခြင်းသာဖြစ်ပါသည်။

ယခုဘဝတွင် ကျွန်ုပ်တို့အတွက်လျှို့ဝှက်ဆန်းကြယ်ပြီး စိတ်အနှောင့်အယှက်များ၊ စိတ်ပျက်ခြင်းများဖြစ်စေသောအရာများသည် နောင်ဘဝတွင် ရှင်းလင်းသွားပါလိမ့်မည်။ ကျွန်ုပ်၏မပြည့်စုံခဲ့သည့်ဆုတောင်းချက်များနှင့်

စိတ်ပျက်ခဲ့ရသည့်မျှော်လင့်ချက်များမှာ ကျွန်ုပ်တို့အတွက် အကောင်းဆုံးသော ကောင်းချီးများဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့သိရှိရပါလိမ့်မည်။

ဘုရားသခင်၏အမှုတော်တွင် တစ်စိတ်တစ်ပိုင်းပါဝင်နေသည့်အတွက် တာဝန်တစ်ခုသည် မည်မျှသေးငယ်စေကာမူ သန့်ရှင်းတော်မူသည်ကို ကျွန်ုပ်တို့သိထားရပါမည်။ ထိုကြောင့် ကျွန်ုပ်တို့၏နေ့စဉ်ဆုတောင်းချက်မှာ–

"ကိုယ်တော်၊ ကျွန်ုပ်အကောင်းဆုံးစွမ်းဆောင်နိုင်ရန် ကူညီမစတော်မူပါ။ ယခုထက်ပို၍ကောင်းစွာပြုလုပ်နိုင်ရန် ကျွန်ုပ်ကိုသွန်သင်တော်မူပါ။ လိုအပ်ချက်ရှိသောခွန်အားနှင့် စိတ်ပျော်ရွှင်မှုကိုပေးသနားတော်မူပါ။ ကယ်တင်ပိုင်သူသခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာအမှုတော်မြတ်တွင် ကျွန်ုပ်ကိုပါဝင်ခွင့်ပြုတော်မူပါ" ဟုဖြစ်သင့်ပါသည်။

## မောရှေ၏အသက်တာမှသင်ခန်းစာ

မောရှေ၏အသက်တာ၌ အတွေ့အကြုံများကိုစဉ်းစားကြည့်ပါ။ သူသည်အဲဂုတ္တုပြည်၌ ဘုရင့်မြေးတော်နှင့်ထီးနန်းကိုအမွေဆက်ခံသူအဖြစ် ပညာကို အပြည့်အစုံသင်ကြားခွင့်ရခဲ့ပါသည်။ သူ့ကိုပညာရှင်တစ်ဦးဖြစ်လာရန်အတွက် အဲဂုတ္တုပြည်၌ရှိသောပညာတတ်မျိုးစုံကို အိတ်သွန်ဖာမှောက် သူ့ကိုသင်ကြားပို့ချထားပါသည်။ သူသည်အမြင့်ဆုံးသောအုပ်ချုပ်မှုနှင့်စစ်ရေးအတတ်တို့ကို သင်ကြားတတ်မြောက်ခဲ့ပါသည်။ ဣသရေလလူမျိုးတို့ကို ကျွန်ဘဝမှကယ်တင်ရန်အဆင်သင့်ဖြစ်ပြီဟု သူ့ကိုယ်ကိုသူယုံကြည်ခဲ့ပါသည်။ သို့သော်လည်း ဘုရားသခင်က ထိုကဲ့သို့မြင့်တင်တော်မမူပါ။ မောရှေကို တောထဲတွင်အနှစ်လေးဆယ်သိုးထိန်းရန် စေလွှတ်တော်မူခဲ့ပါသည်။

အဲဂုတ္တုပြည်၌မောရှေရရှိခဲ့သော ပညာအတွေ့အကြုံများသည် သူ့အတွက်အထောက်အကူအမြောက်အမြားပြုခဲ့သော်လည်း သူသိုးထိန်းအဖြစ်တာဝန်ကိုထမ်းဆောင်စဉ်အခါက ရရှိခဲ့သောအတွေ့အကြုံများက သူ့အတွက်တန်ဖိုးအရှိဆုံးဖြစ်ပါသည်။ မောရှေသည်ပင်ကိုအားဖြင့် စိတ်မြန်



သောသူတစ်ဦးဖြစ်ပါသည်။ သူသည်အဲဂုတ္တုပြည်၌အောင်မြင်သော စစ်သူရဲခေါင်းဆောင်တစ်ဦး၊ ဘုရင်နှင့်တိုင်းသူပြည်သားတို့၏ချစ်ခင်လေးစားခြင်းကိုခံခဲ့ရပြီ ချီးမွမ်းမြှောက်ပင့်ခြင်းကိုလည်းခံခဲ့ရသူဖြစ်ပါသည်။ သူသည် အခြားသူများကိုဆွဲဆောင်စည်းရုံးနိုင်ခဲ့ပါသည်။ ဣသရေလတို့၏လွတ်မြောက်ရေးအတွက်လည်း သူ့ခွန်အားကိုသူအသုံးပြုလိုပါသည်။ သို့သော်လည်း ဘုရားသခင်ကိုကိုယ်စားပြုသူတစ်ဦးအဖြစ် သူသင်ယူခဲ့ရသောသင်ခန်းစာများမှ ယခုတခြားစီဖြစ်နေပါသည်။ သူသည်သူ၏သိုးများကို တောရိုင်းတောင်ရိုင်းများတစ်လျှောက် စိမ်းလန်းသောစားကျက်များသို့ထိန်းကျောင်းစဉ် နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ စိတ်နှိမ့်ချခြင်းနှင့်မိမိကိုယ်ကိုငြင်းပယ်သောစိတ်ထားများကို မွေးမြူလာပါသည်။ သူသည်အားနည်းသောသူတို့ကို ကူညီမစခြင်း၊ ဖျားနာသောသူတို့ကိုအားပေးကူညီခြင်း၊ လမ်းလွဲသောသူတို့ကိုလိုက်လံရှာဖွေခြင်း၊ စိတ်သဘောထားခက်ထန်သောသူတို့ကိုသည်းခံတတ်ခြင်း၊ သိုးငယ်ကလေးများကိုစောင့်ရှောက်ခြင်းနှင့် အသက်ကြီးအားနည်းချည့်နဲ့သူတို့ကိုစောင့်ရှောက်တတ်လာပါသည်။

ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် မောရှေသည် သခင်ခရစ်တော်တည်းဟူသော သိုးထိန်းကြီးနှင့်ပိုမိုတူလာပါသည်။ သူသည် ဣသရေလတို့၏သန့်ရှင်းသောသခင်နှင့် ပိုမိုတူညီလာပါသည်။ သူသည် လောက၏ကြီးမားသည့်လုပ်ဆောင်ချက်များကိုလုပ်ဆောင်ရန်စိတ်မရှိတော့ပါ။ သူသည် ဘုရားသခင်ပေးသနားတော်မူသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်သာ ကြိုးစားပါတော့သည်။ သူ၏ပတ်ဝန်းကျင်တွင် ဘုရားသခင်ရှိတော်မူသည်ကို သူသိမြင်လာပါသည်။ သဘာဝတရားတွင် မျက်စိဖြင့်မဖူးမြင်နိုင်သောသခင်ကို သူမြင်တွေ့လာပါသည်။ သူသည်ဘုရားသခင်ကို မိမိ၏ကိုယ်ပိုင်သခင်အဖြစ်သိကျွမ်းလာပြီး ကိုယ်တော်၏ဇာတိတော်ကိုအာရုံပြု၍ စိတ်ထဲ၌မှတ်လေလေ ကိုယ်တော်ကိုပိုမိုသိကျွမ်းလေလေဖြစ်လာပါသည်။ သူသည် ဘုရားသခင်၏လက်ရုံးတော်အောက်၌ ခိုလှုံခွင့်ကိုရရှိလာပါသည်။

ဤကဲ့သို့တွေ့ကြုံခံစားရပြီးသည့်နောက် သိုးထိန်း၏တာဝန်များအစား တန်ခိုးအာဏာကိုလည်းကောင်း၊ သူထိန်းကျောင်းနေသည့်သိုးများအစားတွင် ဣသရေလတို့ကိုဦးဆောင်ရန်ကိုလည်းကောင်း ကောင်းကင်နိုင်ငံတော်မှ တစ်ဆင့် ခေါ်သံကိုသူကြားခဲ့ရပါသည်။ ထိုအခါသူသည် မိမိကိုယ်ကို ယုံကြည်မှုမရှိဘဲ စိတ်နှိမ့်ချကာ စကားပြောဆိုရာတွင်လည်း သွက်လက်မှု မရှိတော့ပါ။ သူသည် ဘုရားသခင်၏ကိုယ်စားဆောင်ရွက်နိုင်မည်မဟုတ်ဟု မိမိကိုယ်ကိုတွေးထင်နေသော်လည်း ဘုရားသခင်ကိုယုံကြည်မှုအပြည့်အဝဖြင့် ထိုတာဝန်ကိုလက်ခံလိုက်ပါသည်။ သူထမ်းဆောင်ရမည့်အမှုသည် အလွန် ကြီးမားသောကြောင့် သူ၏ဉာဏ်ပညာထက်မြက်မှုအစွမ်းကို လိုအပ်နေပါ သည်။ သူ၏နားထောင်ခြင်းကိုလည်း ဘုရားသခင်က ကောင်းချီးများချပေး တော်မူခဲ့ပါသည်။ သူသည် ကမ္ဘာပေါ်တွင်လူသားတို့ပြုလုပ်ခဲ့သောအမှုများ တွင် အကြီးမားဆုံးသောအမှုကိုထမ်းဆောင်နိုင်ရန်အတွက် စကားပြောသွက် လက်ကာ မိမိကိုယ်ကိုယုံကြည်မှုရှိလာပြီး မျှော်လင့်ချက်များလည်းထားတတ် လာပါသည်။ သမ္မာကျမ်းစာတွင် သူနှင့်ပတ်သက်၍ “ထာဝရဘုရား၏ မျက်နှာတော်ကို ကိုယ်တိုင်ကိုယ်ကြပ်ဖူးမြင်ရသောပုရောဖက်မောရှေကဲ့သို့ နောက်တစ်ဖန်ဣသရေလအမျိုး၌ သူနှင့်တူသောပုရောဖက်တစ်စုံတစ်ပါးမျှ မပေါ်မထွန်း” (တရားဟော ၃၄း၁၀-၁၂) ဟုမိန့်ဆိုထားပါသည်။

မိမိ၏လုပ်ဆောင်ချက်များကို မည်သူကမျှတန်ဖိုးမထားဟုယူဆသူ များ၊ ပိုမိုကြီးမားသည့်ရာထူးတာဝန်များကို လိုလားသူများသည် အောက်ပါ ကျမ်းပိုဒ်များကို သတိပြုသင့်ပါသည်။ “အရှေ့၊ အနောက်၊ တောင်အရပ် တို့တွင် အဘယ်အရပ်မျှကျေးဇူးမပြုနိုင်။ ဘုရားသခင်သည် စီရင်ပိုင်တော် မူ၏။ တစ်ယောက်ကိုနှိမ့်ချ၍ တစ်ယောက်ကိုချီးမြှောက်တော်မူ၏” (ဆာလံ ၇၅း၆၊၇)။ ကောင်းကင်နိုင်ငံတော်၏ထာဝရစီမံကိန်းတွင် လူတိုင်းအတွက် နေရာရှိပါသည်။ ထိုတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခြင်းသည် ဘုရားသခင် နှင့်အတူတကွလုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့၏သစ္စာရှိမှုပေါ်တွင် အခြေခံ ပါသည်။



ကျွန်ုပ်တို့သည် မိမိကိုယ်ကိုသနားတတ်သည့်စိတ်သဘောများကို သတိပြု၍ရှောင်ရပါမည်။ မိမိကိုယ်ကိုမိမိထင်သကဲ့သို့ အခြားသူများက တန်ဖိုးမထားကြောင်း၊ မိမိ၏လုပ်ဆောင်ချက်များကို အခြားသူများကတန်ဖိုး မထားကြောင်း၊ သင်ပြုလုပ်ရသောတာဝန်သည် အလွန်ခက်ခဲကြောင်း စသည့် အတွေးများကို စိတ်ထဲတွင်မဝင်မခံပါနှင့်၊ ကျွန်ုပ်တို့အတွက် သခင်ခရစ်တော် ခံတော်မူခဲ့သည့်ဆင်းရဲမှုများက ကျွန်ုပ်တို့၏ညည်းတွားခြင်းကို တိတ်ဆိတ် စေပါ။ သခင်ခရစ်တော်ကိုဆက်ဆံခဲ့သည်ထက် အခြားသူများက ကျွန်ုပ် တို့ကိုပို၍ကောင်းစွာဆက်ဆံတော်မူပါသည်။ “သင်သည်ကြီးစွာသောအရာ တို့ကို ကိုယ့်အဖို့ရှာသလော၊ မရှာနှင့်” (ယေရမိ ၄၅း၅)။ လက်ဝါးကပ်တိုင် ကိုထမ်းရွက်ခြင်းထက် သရဖူကိုဆောင်းလိုသောသူများအတွက် သခင် ခရစ်တော်၏အမှုတော်တွင် နေရာမရှိပါ။ ဆုလာဘ်များကိုမျှော်ကိုးခြင်းထက် မိမိ၏တာဝန်များကိုကျေပွန်လိုသောသူများ၊ ရာထူးတက်ခြင်းထက် စည်းစနစ် ရှိသူများကို ဘုရားသခင်အလိုတော်ရှိပါသည်။

စိတ်နှိမ့်ချသောသူများနှင့် ဘုရားသခင်အတွက်ရည်စူး၍လုပ်ဆောင် သောသူများသည် မိမိကိုယ်ကိုအထင်ကြီးသောသူများနှင့် ပျာယာခတ်နေသူ များကဲ့သို့ ဝါကြွားခြင်းမရှိသော်လည်း သူတို့၏လုပ်ဆောင်ချက်များသည် ပို၍တန်ဖိုးရှိသည်။ မကြာခဏဝါကြွားသောသူများသည် ဘုရားသခင်နှင့် လူတို့စပ်ကြားတွင် မိမိကိုယ်ကိုအခြားသူများဂရုစိုက်ရန်ပြုလုပ်ကြပြီး သူတို့ ၏တာဝန်ဝတ္တရားသည် အောင်မြင်မှုမရှိတတ်ပါ။

“ပညာသည်အမြတ်ဆုံးသောအရာဖြစ်၏။ ပညာကိုဆည်းပူးလော့။ ဆည်းပူးသမျှသောဥစ္စာတို့တွင် ဉာဏ်ကိုဆည်းပူးလော့။ သူ့ကိုအမြတ်ထား လော့။ သူသည်သင့်ကိုချီးမြှောက်လိမ့်မည်။ သူ့ကိုဖက်ယမ်းလျှင် တန်ခိုး တော်ကိုပေးလိမ့်မည်” (သုတ္တံ ၄း၇၊၈)။

လူအမြောက်အမြားသည် မိမိကိုယ်ကိုပြောင်းလဲရန်စိတ်မရှိသော ကြောင့် သူတို့သည် အမှားအယွင်းများကိုထပ်ခါတလဲလဲပြုလုပ်နေကြပါသည်။ သို့သော်လည်း ဤကဲ့သို့မဖြစ်သင့်ပါ။ သူတို့သည် အကောင်းဆုံးစွမ်းဆောင်

နိုင်ရန်အတွက် မိမိတို့၏အစွမ်းခွန်အားများကို ပြုပြင်ထိန်းချုပ်ရပါမည်။ သို့ပြုလျှင် သူတို့ကိုလူများကအမြဲတမ်းလိုလားနေပြီး လူတိုင်းကသူတို့ကို တန်ဖိုးထားပါလိမ့်မည်။

အကယ်၍သူတို့သည် ယခုထက်ပိုမိုကြီးမားသည့်တာဝန်များကို ထမ်းဆောင်ရန်ထိုက်တန်ပါကလည်း ဘုရားသခင်ကသူတို့တစ်ဦးတည်းပေါ် ၌သာမကဘဲ သူတို့ကိုစစ်ဆေးပြီး သူတို့၏တန်ဖိုးကိုသိကာ သူတို့ကိုရှေ့ သို့တက်လှမ်းနိုင်ရန် အားပေးနိုင်သောသူများနှင့်တွဲ၍ တာဝန်ဝတ္တရားများကို ထမ်းဆောင်စေပါလိမ့်မည်။ မိမိတို့၏တာဝန်များကို နေ့စဉ်နေ့တိုင်းကျေပွန် စွာထမ်းဆောင်နိုင်သောသူများသာလျှင် ဘုရားသခင်၏အလိုတော်ရှိတော် မူသည့်အခါ "အထက်သို့တက်လာရန်" ဘုရားသခင်၏ဖိတ်ခေါ်သံကိုကြား ရပါလိမ့်မည်။

ဗက်လင်မြို့၌တောင်းကုန်ပေါ်တွင် သိုးထိန်းများက သိုးများကိုထိန်း ကျောင်းနေစဉ် ကောင်းကင်တမန်တို့က သူတို့ထံသို့ရောက်လာခဲ့ကြပါသည်။ ထိုနည်းတူ ယနေ့တွင်လည်း နှိမ့်ချသောဘုရားသခင်၏အမှုတော်ဆောင်များ သည် မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေစဉ်တွင် ကောင်းကင် တမန်များက သူတို့၏ဘေးတစ်ဖက်တစ်ချက်တွင်ခြံရံကာ သူတို့ပြောဆိုသော စကားများနှင့် သူတို့လုပ်ပုံကိုင်ပုံများကို ကြည့်ရှုလေ့လာနေကာ သူတို့သည် ယခုထက်ပိုမိုမြင့်မားသည့်တာဝန်များနှင့် ထိုက်တန်ခြင်းရှိမရှိကို လေ့လာ လျက်ရှိပါသည်။

မိမိတို့၏ပစ္စည်းဥစ္စာ၊ ပညာအတွေ့အကြုံ၊ ရာထူးအရှိန်အဝါဖြင့် ဘုရားသခင်က လူကိုအကဲဖြတ်ခြင်းရှိတော်မမူပါ။ သူတို့၏စိတ်ထားသန့်ရှင်း ဖြူစင်မှုအသက်တာအကျင့်လုပမှုတို့ဖြင့်သာ လူကိုတန်ဖိုးဖြတ်တော်မူပါသည်။ သူတို့၏အသက်တာတွင် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ဘုရားသခင်၏ သဏ္ဍာန်တော်က မည်မျှထင်ရှားပေါ်လွင်သည်ကို ကိုယ်တော်ကြည့်တော်မူ ပါသည်။ ဘုရားသခင့်နိုင်ငံတော်တွင် ကြီးမြတ်လိုသူသည် ကလေးငယ်ကဲ့သို့



စိတ်နှိမ့်ချခြင်း၊ ယုံကြည်မှုတွင်ရိုးသားမှုရှိခြင်းနှင့် သန့်ရှင်းဖြူစင်သောချစ် ခြင်းမေတ္တာရှိရပါမည်။

သခင်ခရစ်တော်က "သင်တို့သိသည်အတိုင်း လောကမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့ မူကား၊ ထိုသို့မပြုကြနှင့်။-----သင်တို့တွင် အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ၊ သင်တို့တွင်အထွတ်အမြတ်လုပ်ချင်သောသူကိုလည်း သူတို့ကျွန်ဖြစ်စေဟုမိန့်တော်မူ၏" (မဿဲ ၂၀း၂၅-၂၈)။

ကောင်းကင်နိုင်ငံတော်မှလူသားတို့အတွက် ပေးနိုင်သောဆုကျေးဇူး များထဲတွင် သခင်ခရစ်တော်ခံစားတော်မူခဲ့ရသည့်ဆင်းရဲခြင်းတို့၌ ကိုယ်တော် နည်းတူခံစားရခြင်းသည် အမွန်မြတ်နှင့်အမြင့်မားဆုံးသောဆုကျေးဇူးဖြစ် တော်မူပါသည်။ ကောင်းကင်နိုင်ငံတော်သို့ အသက်ရှင်လျက်တက်ကြွသွား သည့် ဧနောက်သည်လည်းကောင်း၊ မြင်းရထားဖြင့်ကောင်းကင်နိုင်ငံတော် သို့တက်ကြွခဲ့သော ဧလိယတို့သည်လည်းကောင်း ထောင်ထဲတွင်တစ်ဦးတည်း အထီးကျန်လျက်သေဆုံးသွားခဲ့သည့် နှစ်ခြင်းဆရာယောဟန်ထက် မမြင့်မြတ် ခဲ့ကြပါ။

"ခရစ်တော်ကိုယုံကြည်ခြင်းအခွင့်မှတစ်ပါး၊ ခရစ်တော်အတွက် ကြောင့်ဆင်းရဲခံရခြင်းအခွင့်ကို ကျေးဇူးတော်အားဖြင့်ရကြ၏" (ဖိလိပ္ပိ ၁း၂၉)။

## နောင်ရေးအတွက်စီမံကိန်းများ

လူအမြောက်အမြားမှာ နောင်ရေးအတွက်မသေချာမရေရာဖြစ်နေကြ ပါသည်။ သူတို့၏အသက်တာသည် တည်ငြိမ်မှုမရှိပါ။ သူတို့သည် နောင်ရေး ကိုမခန့်မှန်းနိုင်သောကြောင့် စိတ်သောကများဖြင့်မတည်ငြိမ်ကြပါ။ ဘုရားသခင် ၏သားသမီးများသည် ဤလောကတွင် ဧည့်သည်များသာဖြစ်သည်ကို သတိပြုသင့်ပါသည်။ ကျွန်ုပ်တို့၏ရှေ့အသက်တာကိုစီစဉ်နိုင်ရန် ကျွန်ုပ်တို့၌

ဉာဏ်ပညာမရှိကြပါ။ စီမံနိုင်သောအင်အားလည်းမရှိကြပါ။ "အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ထွက်သွားမည်အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည်အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်၊ ယုံကြည်ခြင်းအားဖြင့် နားထောင်၍ထွက်သွားလေ၏" (ဟေဗြဲ ၁၁း၈)။

သခင်ခရစ်တော်သည် ဤလောက၌ရှိစဉ်အခါက မိမိအသက်တာအတွက် မည်သို့မျှမစီစဉ်တော်မူခဲ့ပါ။ ကိုယ်တော်သည် ဘုရားသခင်၏ အစီအစဉ်တော်ကိုလက်ခံတော်မူခဲ့ပြီး ခမည်းတော်သည် မိမိ၏အလိုတော်ကို နေ့စဉ်ဖော်ပြတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏အသက်တာသည်လည်း ဘုရားသခင်၏အလိုတော်အတိုင်းဖြစ်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုထိုကဲ့သို့ပင်ကိုးစားရပါမည်။ မိမိ၏အသက်တာကို ဘုရားသခင်၏လက်ထဲသို့အပ်နှံလိုက်သောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခြေလှမ်းများကို သွန်သင်လမ်းပြသွားတော်မူပါလိမ့်မည်။

လူများစွာတို့သည် အောင်မြင်သောနောင်ရေးအတွက် စီစဉ်ရင်းနှင့်ပင် အလွန်ဆိုးရွားသောအရှုံးများနှင့် ရင်ဆိုင်တတ်ကြပါသည်။ သင့်ကိုယ်စား ဘုရားသခင်စီစဉ်ပေးရန် ခွင့်ပြုလိုက်ပါ။ "မိမိသန့်ရှင်းသူတို့ခြေကိုစောင့်မတော်မူလိမ့်မည်" (၁ရာ ၂း၉) ဆိုသော သခင်၏သွန်သင်လမ်းပြတော်မူခြင်းကို ကလေးငယ်ကဲ့သို့ပင်ကိုးစားလိုက်ပါ။ ဘုရားသခင်၏အမှုတော်တွင် တွဲဖက်ပါဝင်ခွင့်ရရှိခြင်း၏ထူးမြတ်သောအခွင့်အရေးကို သိရှိနားလည်လျက် ဘုရားသခင်ကိုယုံကြည်စိတ်ချ၍ အသက်တာကိုကိုယ်တော်ထံသို့အပ်နှံထားသောသူတို့ကိုသာ ဘုရားသခင်လမ်းပြသွန်သင်တော်မူပါလိမ့်မည်။

## ရရှိမည့်အဖိုးအခ

တပည့်တော်များကိုခေါ်တော်မူသောအခါတွင် သခင်ခရစ်တော်က သူတို့ကိုဤလောကနှင့်စပ်ဆိုင်သော မည်သည့်မက်လုံးကိုမျှပေးတော်မူခြင်းမရှိခဲ့ပါ။ သင်တို့ရရှိမည့်အကျိုးကျေးဇူးတစ်စုံတစ်ခုကိုမျှ ဖော်ပြခြင်းလည်း



မရှိခဲ့ပါ။ အခွန်ခံမဿဲကို ကိုယ်တော်က "ငါ့နောက်သို့လိုက်လော့ဟုမိန့်တော်မူ၏။ ထိုသူသည်လည်း ရှိသမျှတို့ကိုစွန့်ပစ်လျက် ထ၍နောက်တော်သို့လိုက်လေ၏" (လုကာ ၅း၂၇၊၂၈)။ မဿဲက အမှုတော်၌မပါဝင်မီ မိမိယခင်ကရရှိခဲ့သောလစာငွေနှင့်ညီမျှသောလစာကို တောင်းဆိုခဲ့ခြင်းမရှိခဲ့ပါ။ သူသည်တွေဝေခြင်းမရှိဘဲ သခင်ခရစ်တော်နောက်တော်သို့ ထ၍လိုက်ခဲ့ပါသည်။ သူ့အနေနှင့် ကယ်တင်ပိုင်သူနှင့်အတူရှိနေ၍ ကိုယ်တော်၏တရားတော်များကိုကြားနာခွင့်ရကာ ကိုယ်တော်နှင့်အတူအမှုတော်ဆောင်ခွင့်ရခြင်းသည်ပင်လျှင် လုံလောက်ပေပြီဟုခံယူ၏။

အခြားတပည့်တော်များမှာလည်းထိုကဲ့သို့ပင်ဖြစ်ပါသည်။ ကိုယ်တော်သည် ပေတရုနှင့်အဖော်များကိုခေါ်တော်မူသောအခါ သူတို့ကချက်ချင်းပင် သူတို့၏လှေများနှင့်ငါးဖမ်းပိုက်များကိုထားခဲ့ကြပါသည်။ အချို့တပည့်တော်များတွင် သူတို့ကိုမှီခိုနေသည့်မိတ်ဆွေများရှိသော်လည်း သူတို့ကိုသခင်ခရစ်တော်ဆင့်ခေါ်သောအခါ "ကျွန်ုပ်တို့၏မိဘများကိုမည်ကဲ့သို့ထောက်ပံ့ရမည်နည်း" ဟုမေးမြန်းခြင်းမရှိဘဲ သူတို့ကချက်ချင်းပင် ကိုယ်တော်နောက်သို့လိုက်ခဲ့ကြပါသည်။ သခင်ခရစ်တော်ကသူတို့ကို "အထက်ကငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းမပါဘဲသွားကြလော့ဟု သင်တို့ကိုငါစေလွှတ်သောအခါ တစ်စုံတစ်ခုလိုသလောဟုမေးလျှင် တစ်စုံတစ်ခုမျှမလိုပါ" (လုကာ ၂၂း၃၅) ဟုပြန်လျှောက်ခဲ့ကြပါသည်။

မဿဲ၊ ယောဟန်၊ ပေတရုတို့ကိုဆင့်ခေါ်တော်မူသည့်နည်းတူ ယနေ့ သခင်ခရစ်တော်သည် အမှုတော်မြတ်၌ ကျွန်ုပ်တို့ကိုဆင့်ခေါ်လျက်ရှိတော်မူပါသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်တွေ့ထိခြင်းခံရပါက ကျွန်ုပ်တို့သည် ရရှိမည့်အကျိုးကျေးဇူးကို အဓိကထားမည်မဟုတ်ပါ။ သခင်ခရစ်တော်နှင့်အတူ အမှုတော်မြတ်၌ပါဝင်ရသည်ကိုဝမ်းမြောက်သောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုအားကိုးရန်တွန့်ဆုတ်ကြောက်လန့်တော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုမိမိ၏ခိုလှုံရာအဖြစ်ထားသောအခါ မိမိတို့၏တာဝန်ဝတ္တရားများကိုကျေပွန်စွာ

ထမ်းဆောင်နိုင်ပြီး တစ်ကိုယ်ကောင်းဆန်သောစိတ်များလည်းရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အသက်တာတွင် နိမ့်ကျသောရည်ရွယ်များလွင့်စင်၍ မွန်မြတ်လှသောရည်မှန်းချက်များရှိလာပါလိမ့်မည်။

## ဘုရားသခင်ပေးလိမ့်မည်

သခင်ခရစ်တော်၏နောက်လိုက်များဟု ဆိုသူအမြောက်အမြားတွင် ဘုရားသခင်ကိုယုံကြည်ကိုးစားမှုနည်းပါးခြင်းကြောင့် စိတ်ပူပင်သောကရောက်နေကြပါသည်။ ဘုရားသခင်ကိုအပြည့်အဝဆက်ကပ်ခြင်းကိုမပြုဝံ့ကြပါ။ ထိုသို့အပြည့်အဝဆက်ကပ်ခြင်းမရှိပါက သူတို့သည် ငြိမ်သက်ခြင်းကိုရရှိမည်မဟုတ်ပါ။

လောက၏အဆင့်အတန်းကိုမီရန် ကြိုးစားနေကြသဖြင့် ဝန်ပိလျက်ရှိသောသူများစွာရှိပါသည်။ သူတို့သည် ဤလောက၏အမှု၊ ဤလောက၏အရှုပ်အရှင်းများနှင့် ဤလောက၏ဓလေ့များကို လက်ထံထားပါသည်။ ထိုကြောင့် သူတို့၏အကျင့်များသည်ညစ်ထေးနေပြီး အသက်တာမှာလည်း ပင်ပန်းဖွယ်ကောင်းလှပါသည်။ ပူပင်သောကပွားများမှုတို့ကြောင့်လည်း သူတို့၏အသက်တာမှာ ခွန်အားနည်းပါးလာနေပါသည်။ သူတို့ထမ်းနေရသည့် ဝန်ထုပ်ကြီးကို ကိုယ်တော်ကဖယ်ရှားပေးလိုပါသည်။ ကိုယ်တော်က မိမိ၏ထမ်းပိုးကိုယူ၍ထမ်းရန် သူတို့ကိုဖိတ်ခေါ်လျက်ရှိပါသည်။ ကိုယ်တော်က "ငါ့ထမ်းပိုးသည်ထမ်းလွယ်၏၊ ငါ့ဝန်လည်းပေါ့၏" ဟုမိန့်မှာထားပါသည်။ ပူပင်သောကပွားခြင်းသည် မျက်မမြင်ကဲ့သို့ဖြစ်ပြီး နောင်ရေးကိုမသိနိုင်ပါ။ သို့သော်လည်း သခင်ခရစ်တော်သည် အစမှအဆုံးအထိသိတော်မူပါသည်။ ကိုယ်တော်သည် အခက်အခဲတိုင်းအတွက် လွတ်မြောက်ရန်နည်းလမ်းရှိပါသည်။ "ဖြောင့်မတ်စွာကျင့်သောသူတို့အား ကောင်းသောအရာကိုငြင်းတော်မမူ" (မဿဲ ၁၁း၃၀။ ဆာလံ ၈၄း၁၁)။



ကောင်းကင်နိုင်ငံတော်၌ရှိသော ကျွန်ုပ်တို့၏အဘဘုရားသခင်တွင် ကျွန်ုပ်တို့ကိုကူညီရန် ကျွန်ုပ်တို့မသိသောနည်းလမ်းထောင်ပေါင်းများစွာရှိပါသည်။ ဘုရားသခင်၏အမှုတော်ကို အသက်တာတွင်ဦးထိပ်ထားသောသူတို့သည် သူတို့၏အသက်တာလမ်းခရီးတစ်လျှောက်တွင် ရင်ဆိုင်ရမည့် အခက်အခဲများဖယ်ရှားခြင်းခံရသည်ကို သူတို့တွေ့မြင်ရပါလိမ့်မည်။

မနက်ဖြန်နေ့တွင် ရင်ဆိုင်ရမည့်အခက်အခဲများအတွက် အကောင်းဆုံးပြင်ဆင်ခြင်းမှာ ယနေ့မိမိထမ်းဆောင်နေရသည့်တာဝန်များကို ကျေပွန်ခြင်းပင်ဖြစ်ပါသည်။ ယနေ့ထမ်းဆောင်နေရသည့်ဝန်ထုပ်များပေါ်တွင် မနက်ဖြန်နေ့၏အခက်အခဲများကို ထပ်၍မဖြည့်ပါနှင့်။ "ယခုနေ့၌ရှိသောမကောင်းမသင့်သောအရာသည် ယခုနေ့ဖို့လောက်ပေ၏" (မဿဲ ၆း၃၄)။

ကျွန်ုပ်တို့သည် မျှော်လင့်လျက်ခွန်အားရှိကြပါစို့၊ ဘုရားသခင်၏အမှုတော်တွင် စိတ်ဓာတ်ကျခြင်းသည် မတရားသည့်အပြင် အပြစ်လည်းဖြစ်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏လိုအပ်ချက်များကို သိတော်မူပါသည်။ ဘုရင်တကာတို့၏ဘုရင်၊ ဘုန်းတန်ခိုးရှိသူ၊ ကတိတည်တော်မူသည့်ဘုရားသခင်သည် သိုးထိန်းတစ်ဦးကဲ့သို့ပင် နူးညံ့သိမ်မွေ့လျက် ကျွန်ုပ်တို့ကိုဂရုစိုက်တော်မူပါသည်။ ကိုယ်တော်၏တန်ခိုးတော်သည် အတိုင်းအဆမရှိဘဲ ထိုတန်ခိုးတော်အားဖြင့် ကိုးစားသူတစ်ဦးစီကိုကူညီမစရန် ကတိတော်ထားရှိတော်မူပါသည်။ အခက်အခဲများအားလုံးကိုဖယ်ရှားနိုင်သောတန်ခိုးရှိသူဖြစ်တော်မူ၍ ကိုယ်တော်၏အမှုတော်ကိုဆောင်ပြီး အလိုတော်ကိုလိုက်လျှောက်သူတစ်ဦးစီသည် ကယ်တင်ခြင်းရရှိပါလိမ့်မည်။ ကောင်းကင်သည် ကမ္ဘာမြေကြီးနှင့်ဝေးကွာသကဲ့သို့ ဘုရားသခင်၏မေတ္တာတော်သည် တခြားသောမေတ္တာတို့နှင့်ကွာခြားပါသည်။ ကိုယ်တော်သည် မိမိ၏သားသမီးတို့ကို ထာဝရတည်ပြီး အနှိုင်းမရှိသောမေတ္တာဖြင့် စောင့်မတော်မူပါသည်။

အမှောင်မိုက်ဆုံးသောနေ့ရက်များ၊ အလင်းရောင်ခြည်များကိုမမြင်ရသည့်အခါများတွင် ဘုရားသခင်ကိုမယုံကြည်ပါ။ ကိုယ်တော်သည် မိမိ၏အလိုတော်အတိုင်း သူ၏လူများကိုယ်စားလုပ်ဆောင်တော်မူလျက်ရှိပါသည်။

ဘုရားသခင်ကိုချစ်၍ အလိုတော်ကိုလိုက်လျှောက်သောသူတို့၏ခွန်အားသည် နေ့စဉ်နှင့်အမျှတိုးပွားလာပါလိမ့်မည်။

မိမိအားခိုလှုံသောသူတို့၏လိုအပ်သောအကူအညီများကို ဘုရားသခင်သည်ပေးအပ်ရန်အလိုတော်ရှိသည့်အပြင် ပေးစွမ်းနိုင်သောသခင်လည်းဖြစ်ပါသည်။ သူတို့၏လိုအပ်ချက်များအရ ဘုရားသခင်သည် သူတို့ကိုဉာဏ်ပညာချပေးတော်မူပါလိမ့်မည်။

ပေါလုက “ငါ့ကျေးဇူးသည်သင့်အဖို့လောက်ပေ၏။ ငါ့တန်ခိုးသည် အားနည်းခြင့်အဖြစ်၌စုံလင်တတ်သည်ဟုမိန့်တော်မူ၏။ ထိုကြောင့်ခရစ်တော်၏တန်ခိုးသည် ငါ့အပေါ်၌တည်ရှိမည်အကြောင်း ငါ့ကိုယ်၌အားနည်းခြင်းအဖြစ်ကို ဝမ်းမြောက်သောစိတ်နှင့်ဝါကြွားခြင်းငှာ သာ၍ငါလိုရှိ၏။ သို့ဖြစ်၍ ခရစ်တော်ကြောင့်ခံရသောအားနည်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ဆင်းရဲခြင်း၊ ညှဉ်းဆဲခြင်း၊ နှိပ်စက်ခြင်း၊ ကျပ်တည်းစွာသောရောဂါအနာခံခြင်းတို့ကို ငါနှစ်သက်၏။ အကြောင်းမူကား၊ ငါသည်အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏” ဟုပြောပါသည်။ (၂ကော ၁၂း၉၊၁၀)။

---ooo---





အခန်း (၄၁)

# အခြားသူများနှင့်ဆက်ဆံခြင်း

ကျွန်ုပ်တို့၏အသက်တာတွင် အခြားသူများနှင့်ပေါင်းသင်းဆက်ဆံရာတွင် မိမိကိုယ်ကိုချုပ်တည်းမှု၊ သည်းခံခြင်းတရားနှင့်ကရုဏာတရားရှိရပါမည်။ ကျွန်ုပ်တို့တစ်ဦးစီတို့၏ခံယူချက်များ၊ အကျင့်များနှင့်ပညာအတွေ့အကြုံများသည် ကွဲပြားသောကြောင့် ကျွန်ုပ်တို့၏အမြင်များလည်းမတူညီနိုင်ပါ။ ခံယူချက်တို့ကွဲပြားပါလိမ့်မည်။ သမ္မာကျမ်းစာကိုလေ့လာရာ၌လည်းကောင်း၊ အသက်တာလမ်းခရီးကိုဆုံးဖြတ်ရာ၌လည်းကောင်း တစ်ဦးနှင့်တစ်ဦးမတူညီနိုင်ပါ။ လူနှစ်ဦး၏ဘဝအတွေ့အကြုံများသည် ထပ်တူညီမျှမှုမရှိနိုင်ပါ။ လူတစ်ဦး၏အခက်အခဲများသည် အခြားသူတစ်ဦးအတွက် သက်သာမှုများဖြစ်နိုင်ပါသည်။ တစ်ဦးတစ်ယောက်ကပင်ပန်းသည်ဟု ထင်ရသည့်တာဝန်ဝတ္တရားများကို အခြားသူတစ်ဦးတစ်ယောက်အတွက် လွယ်လင့်တကူပြုနိုင်သောစွမ်းဆောင်ချက်များဖြစ်နိုင်ပါသည်။

လူသားတို့၏သဘာဝသည် အလွန်မှားလွယ်၊ မိုက်လွယ်ပြီးချည့်နဲ့သောကြောင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးဝေဖန်ရာတွင် အလွန်သတိကြီးစွာထားရပါမည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များကြောင့် သူတစ်ပါးအားမည်မျှထိခိုက်သွားနိုင်သည်ကို ကျွန်ုပ်တို့မသိကြပါ။ ကျွန်ုပ်တို့ပြောဆိုလုပ်ကိုင်သောအရာများသည် ကျွန်ုပ်တို့အတွက်မပြောပလောက်သော်လည်း အကယ်၍ကျွန်ုပ်တို့မျက်စိပွင့်လာပါက ကောင်းကျိုးနှင့်ဆိုးကျိုးအတွက်မည်မျှအရေးပါသည်ကိုသိနိုင်ပါသည်။

## သူတစ်ပါးကိုကိုယ်ချင်းစာပါ

အချို့သူများသည် ဝန်ထုပ်များပေါ့ပါးပြီး ပူပင်သောကနည်းပါးမှုတို့ကြောင့် အခြားသူများအတွက်စိုးရိမ်ပူပန်ခြင်းသိပ်မရှိဘဲ သူတို့၏လေးပင်

သောဝန်ကိုလည်း ကိုယ်ချင်းစာနာမှုမရှိကြပါ။ ကလေးငယ်တစ်ဦးသည် ဖခင်၏ပင်ပန်းနွမ်းနယ်မှုကိုမသိတတ်သကဲ့သို့ သူတို့သည်လည်း သူတစ်ပါး၏ဝန်ထုပ်များကို ကိုယ်ချင်းစာနာမှုမရှိကြပါ။ ကလေးငယ်သည် ဖခင်၏ ပူပင်သောကများနှင့်စိုးရိမ်စိတ်များကိုနားမလည်နိုင်ပါ။ သူ့အတွက်ဤကဲ့သို့ စိုးရိမ်မှုသည်အနက်မရှိပါ။ သို့သော်လည်း နှစ်ပေါင်းများစွာကြာပြီးမှ ဘဝ အတွေ့အကြုံရင့်သန်လာသောအခါ သူသည်လည်း မိမိ၏ဘဝဝန်ထုပ်များကို ထမ်းရွက်လာသောအခါ သူ့ဖခင်၏အသက်တာကို ကိုယ်ချင်းစာတတ်လာပြီး တစ်ချိန်ကသူနားမလည်ခဲ့သည့်အရာများကို ယခုသူနားလည်လာနိုင်ပါသည်။ ခါးသီးသောအတွေ့အကြုံများက သူ့ကိုဘဝသင်ခန်းစာတိုးစေခဲ့ပါသည်။

ဝန်ထုပ်ကိုထမ်းထားသောသူတို့၏တန်ဖိုးကို သူတို့အသက်ရှင်နေစဉ်မည်သူကမျှနားလည်ခြင်းမရှိကြပါ။ သို့သော် သူတို့သေဆုံးသွားပြီးသည့်နောက် သူတို့ထမ်းရွက်ခဲ့သောတာဝန်ဝတ္တရားများကို သူတစ်ပါးကဆက်လက်ထမ်းရွက်ရသောအခါကျမှ ထိုသူ၏ယုံကြည်ခြင်းနှင့်ခွန်အားသည် မည်မျှစမ်းသပ်ခံရသည်ကို ကိုယ်ချင်းစာသိရှိလာကြပါသည်။ တစ်ချိန်ကအပြစ်တင်စောခဲ့သောအရာများမှာ ယခုပျောက်ကွယ်သွားပါပြီ၊ အတွေ့အကြုံအားဖြင့် သူတို့ကိုကိုယ်ချင်းစာလာတတ်ပါသည်။ ဘုရားသခင်က သူတို့ကိုတာဝန်ရှိသောနေရာများတွင်ခန့်ထားတော်မူပြီး သူတို့အမှားအယွင်းများပြုလုပ်သောအခါ သူတို့ကိုပြုပြင်နိုင်သောတန်ခိုး၊ ဖယ်ရှားနိုင်သောတန်ခိုးရှိတော်မူပါသည်။ ထို့ကြောင့် ဘုရားသခင်စီရင်ပိုင်တော်မူသည့်အခွင့်တန်ခိုးကို ကျွန်ုပ်တို့မပြုလုပ်သင့်ပါ။

ရှောလုမင်းနှင့်ဆက်ဆံရာတွင် ဒါဝိဒ်မင်းကြီးက ကျွန်ုပ်တို့အတွက် သင်ခန်းစာပေးခဲ့ပါသည်။ ဘုရားသခင်၏အမိန့်တော်ဖြင့် ရှောလုမင်းကြီးမှာ ဣသရေလတို့ကိုမင်းပြုအုပ်ချုပ်ခွင့်ရရှိခဲ့ပါသည်။ သို့သော်လည်း သူ၏နားမထောင်ခြင်းကြောင့် ဘုရားသခင်ကသူ့ကိုငြင်းပယ်တော်မူခဲ့ပါသည်။ မည်ကဲ့သို့ရှိစေကာမူ ဒါဝိဒ်ကသူ့ကိုဆက်ဆံရာတွင် သည်းခံခြင်းတရားနှင့်



သိမ်မွေ့နူးညံ့မှုရှိခဲ့ပါသည်။ ဒါဝိဒ်ကိုသတ်ရန်အကြံနှင့် ရှောလုမင်းကြီးက သူရှိရာတောထဲသို့ရောက်လာပြီး ဒါဝိဒ်ခိုအောင်းနေသည့်ဂူထဲသို့ဝင်ရောက်လာပါသည်။ ထိုအခါ "ဒါဝိဒ်၏လူတို့ကလည်း၊ ထာဝရဘုရားသခင်က ယင်း၏ရန်သူကိုသင့်လက်၌ငါအပ်မည်၊ သူ၌သင်ပြုချင်တိုင်းပြုရသောအခွင့်ရှိလိမ့်မည်ဟု ကိုယ်တော်မိန့်တော်မူသောနေ့ရက်ရောက်ပါပြီဟုဆိုကြလျှင် ----ထာဝရဘုရားပေးတော်မူသောဘိသိက်ကိုခံသောငါ့သခင်သည် ထာဝရဘုရားအခွင့်နှင့်ဘိသိက်ခံသူဖြစ်သောကြောင့် ထိုသခင်ကိုထိခိုက်ခြင်းငှာ ငါလက်ဆန့်သောအမှုကို ထာဝရစည်းထားတော်မူပါစေသော" ဟုဆိုခဲ့ပါသည်။ ကယ်တင်ပိုင်သူသခင်ခရစ်တော်ကလည်း ကျွန်ုပ်တို့ကို "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည့်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကိုမပြုကြနှင့်။ သင်တို့သည် အကျင့်တရားအတိုင်း သူတစ်ပါးကိုစီရင်ကြ၏။ ထိုတရားအတိုင်းစီရင်ခြင်းကိုခံရကြမည်" (မဿဲ ၇း၁၊၂)။ မကြာမီကာလတွင် သင့်အသက်တာမှတ်တမ်းကို ဘုရားသခင် စစ်ဆေးတော်မူပါလိမ့်မည်။ ကိုယ်တော်က "သူတစ်ပါးကိုစစ်ကြောစီရင်တတ်သောသူ၊ သင်သည် ကိုယ့်အပြစ်ကိုမဖုံးနိုင်ရာ၊ အကြောင်းမူကား၊ သင်သည် စစ်ကြောစီရင်သောအမှုကိုပင် ကိုယ်တိုင်ပြုသည်ဖြစ်၍" (ရောမ ၂း၁)။

## သည်းခံခြင်းတရား

မိမိကိုယ်ကိုအမှန်တကယ်သော်လည်းကောင်း၊ စိတ်အထင်နှင့်စော်ကားခြင်းခံရသည်ကိုသော်လည်းကောင်း စိတ်ထဲ၌မမှတ်ပါနှင့်၊ ကျွန်ုပ်တို့အကြောက်ရဆုံးသောရန်သူမှာ မိမိကိုယ်တိုင်ပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏အုပ်ထိန်းခြင်းအောက်၌မရှိသောစိတ်သည် အဆိုးဆုံးဖြစ်ပါသည်။ မိမိကိုယ်ကိုအနိုင်ယူခြင်းထက် မည်သည့်အောင်မြင်မှုကမျှ ပို၍တန်ဖိုးမရှိနိုင်ပါ။

ကျွန်ုပ်တို့သည် စိတ်ထိခိုက်မလွယ်သင့်ပါ။ ကျွန်ုပ်တို့သည် မိမိတို့၏ခံစားချက်များကိုလည်းကောင်း၊ မိမိအပေါ်သို့သူတစ်ပါး၏အမြင်ကိုလည်းကောင်း ကာကွယ်ခြင်းထက် ဝိညာဉ်ကယ်တင်ခြင်းကိုဦးစားပေးရပါမည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ကယ်တင်ခြင်းကိုစိတ်ဝင်စားလာသောအခါ ကျွန်ုပ်တို့ကြားထဲတွင်ရှိသည့် အနည်းငယ်သောသဘောထားကွဲလွဲမှုများကိုလျစ်လျူရှုနိုင်ပါမည်။ အခြားသူတို့သည် ကျွန်ုပ်တို့ကိုမည်ကဲ့သို့ပြုလုပ်ဆက်ဆံစေကာမူ သခင်ခရစ်တော်၌တည်ရှိနေသော ကျွန်ုပ်တို့၏စိတ်တစ်လုံးတစ်ဝတည်းနှင့် သန့်ရှင်းသောဝိညာဉ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းကို မထိခိုက်စေရပါ။

"ကိုယ့်အပြစ်ကြောင့်ဒဏ်ခံရသောအခါ သည်းခံလျှင်အဘယ်ချီးမွမ်းစရာရှိသနည်း၊ ကောင်းမွန်စွာပြု၍ ဆင်းရဲခံရသောအခါသည်းခံလျှင် ဘုရားသခင်ရှေ့တော်၌ ကျေးဇူးရှိ၏" (၁ပေ ၂း၂၀)။

ရန်ကိုရန်ချင်းမတုံ့ပြန်ပါနှင့်၊ အထင်အမြင်လွဲခြင်းကိုမတတ်နိုင်ဆုံးရှောင်ပါ။ အမှားအယွင်းကိုအတတ်နိုင်ဆုံးရှောင်ပါ။ အမှန်တရားကိုမစွန့်လွှတ်ဘဲ အတတ်နိုင်ဆုံးသူတစ်ပါးနှင့်ညှိနှိုင်းပါ။ "ထို့ကြောင့် သင်သည်အပ်နှံမှုကို ယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက် သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင် ယဇ်ပလ္လင်ရှေ့မှာအပ်နှံမှုကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍အပ်နှံမှုကိုတင်လော့" (မဿဲ ၅း၂၃၊၂၄)။

သင်သည်ဒေါသနှင့်အပြောခံရပါက ထိုစိတ်သဘောနှင့်မတုံ့ပြန်ပါနှင့်၊ "ဖြည်းညင်းသောစကားသည် စိတ်ကိုဖြေတတ်၏" (သုတ္တံ ၁၅း၁) ကိုသတိရပါ။ တိတ်ဆိတ်စွာနေခြင်းသည် အလွန်တန်ဖိုးကြီးပါသည်။ တစ်ခါတစ်ရံတွင်ဒေါသကိုဒေါသဖြင့်တုံ့ပြန်ပါက ရန်ကိုပွားစေပါသည်။ သို့သော်လည်း နူးညံ့သိမ်မွေ့စွာသည်းခံခြင်းက အမျက်ကိုပြယ်စေပါသည်။

အပြစ်တင်စူးရှသောစကားများနှင့်ရင်ဆိုင်ရသောအခါ ဘုရားသခင်၏နှုတ်ထွက်စကားတော်ကိုအာရုံပြုထားပါ။ စိတ်နှလုံးထဲတွင် ဘုရားသခင်၏ကတိတော်များဖြင့်သိုဝှက်ထားပါ။ သင့်ကိုသူတစ်ပါးကအလွဲသုံးစားပြုလျှင်



လည်းကောင်း၊ မှားယွင်းစွာစွပ်စွဲလျှင်လည်းကောင်း သူ့ကိုဒေါသဖြင့်တုံ့ပြန်မည့်အစား ဘုရားသခင်၏ကတိတော်များကိုအာရုံပြုပါ။

"အဆိုးအားဖြင့်အရှုံးကိုမခံနှင့်၊ အကောင်းအားဖြင့်အဆိုးကိုနိုင်လော့" (ရောမ ၁၂း၂၁)။

"ကိုယ်အမှုအရာကိုထာဝရဘုရား၌အပ်လော့၊ ကိုယ်တော်ကိုကိုးစားလော့၊ သို့ပြုလျှင်စီရင်တော်မူမည်။ သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်းကဲ့သို့လည်းကောင်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့လည်းကောင်း ဖော်ပြတော်မူမည်" ဆာလံ ၃၇း၅၊၆။

"ဖုံးထားလျက်ရှိသမျှတို့သည်ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်" လုကာ ၁၂း၂။

"အကျွန်ုပ်တို့ခေါင်းပေါ်မှာ သူတစ်ပါးကိုစီးစေတော်မူပြီ၊ မီး၌လည်းကောင်း၊ ရေ၌လည်းကောင်း သွားရသော်လည်း ကျေးဇူးတော်ကြောင့်ကြွယ်ဝခြင်းသို့ရောက်ကြပါ၏" ဆာလံ ၆၆း၁၂။

ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုအားကိုးရမည့်အစား ဘဝတူလူသားများ၏သနားကြင်နာမှုနှင့်အားပေးမှုတို့ကို ရှာကြံကြသောအခါ ဘုရားသခင်က မိမိ၏ကရုဏာတော်နှင့်သစ္စာတရားအားဖြင့် ကျွန်ုပ်တို့အားကိုးပြုနေသောသူတို့သည် ကျွန်ုပ်တို့ကိုစွန့်လွှတ်စေပါသည်။ သို့မှသာလျှင် ကျွန်ုပ်တို့သည် မိမိကဲ့သို့သောလူသားကိုခိုလှုံအားကိုးတတ်သောမိုက်ပြစ်ကို ကျွန်ုပ်တို့သိခွင့်ရလာပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုနှိမ့်ချစွာဖြင့်ခိုလှုံကြပါစို့။ ကျွန်ုပ်တို့မဖော်ပြတတ်သော ရင်ထဲကဝမ်းနည်းမှုများကိုပင်ကိုယ်တော်သိတော်မူပါသည်။

ဒံယေလနှင့်ယောသပ်တို့၏အဖြစ်ကိုလေ့လာပါ။ လူတို့ကြံစည်သမျှသောဆိုးကျိုးတို့ကို ဘုရားသခင်မဖယ်ရှားတော်မူခဲ့သော်လည်း ကိုယ်တော်၏ကျွန်များအပေါ်တွင် ကြံရွယ်သမျှသောမကောင်းသည့်အရာများအားလုံးကိုအကောင်းဘက်သို့ပြောင်းလဲပေးတော်မူခဲ့ပါသည်။ ထိုအခက်အခဲများနှင့်

ရင်ဆိုင်စဉ်၌ပင်လျှင် သူတို့၏ယုံကြည်ခြင်းနှင့်သစ္စာတရားကို ခိုင်မြဲစေခဲ့ပါသည်။

ဤလောကတွင် ကျွန်ုပ်တို့ရှိစဉ်ကာလပတ်လုံး ဆန့်ကျင်မှုများကို ရင်ဆိုင်ရမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏စိတ်ဒေါသကိုစမ်းသပ်စစ်ခံရမည်ဖြစ်သော်လည်း ဤစုံစမ်းစစ်ဆေးခြင်းတို့ကို မှန်ကန်စွာတုံ့ပြန်ခြင်းဖြင့် အသက်တာတွင် ခရစ်ယာန်စိတ်သဘောထားပိုမိုရင့်သန်လာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့စိတ်အတွင်း၌ သခင်ခရစ်တော်ရှိနေလျှင် အခက်အခဲများကြားထဲ၌ပင် ပျော်ရွှင်မှု၊ သည်းခံခြင်းတရား၊ ကရုဏာတရားနှင့်စိတ်ရှည်ခြင်းရှိပါလိမ့်မည်။ နေ့စဉ်နှင့်အမျှ မိမိကိုယ်ကိုအောင်မြင်နိုင်ပြီး ကျွန်ုပ်တို့သည်ပို၍ခွန်အားတိုးပွားလာပါလိမ့်မည်။ ဤကဲ့သို့သောစိတ်သဘောထားသည် ကျွန်ုပ်တို့၏ပန်းတိုင်ဖြစ်သော်လည်း ထိုစိတ်ထားမျိုးကို သခင်ခရစ်တော်ထံမှ ကူညီမစခြင်း၊ ခိုင်မာသောစိတ်ဆုံးဖြတ်ချက်ချမှတ်ပြီး မတွန့်မဆုတ်ဘဲဇွဲရှိခြင်း၊ အစဉ်သတိထားလျက် မခြားမလပ်ဆုတောင်းခြင်းဖြင့်သာရရှိနိုင်ပါမည်။ ကျွန်ုပ်တို့တစ်ဦးစီတွင် ကိုယ်တိုင်ရင်ဆိုင်ရမည့်တိုက်လှန်ပွဲများရှိပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပူးပေါင်းပါဝင်ခြင်းမရှိပါက ကိုယ်တော်က ကျွန်ုပ်တို့၏အသက်တာနှင့်အကျင့်ကို ပြုပြင်ပြောင်းလဲပေးမည်မဟုတ်ပါ။ တိုက်လှန်ပွဲကိုရင်ဆိုင်ရန် ငြင်းဆန်သောသူတို့သည် အောင်မြင်ခြင်းခွန်အားနှင့်ဝမ်းမြောက်ကျေနပ်မှုကို ဆုံးရှုံးကြပါလိမ့်မည်။

ကျွန်ုပ်တို့ရင်ဆိုင်ရသည့်အခက်အခဲများကို မှတ်တမ်းပြုစုထားရန်မလိုပါ။ ဤအရာများအားလုံးကို ကောင်းကင်မှတ်တမ်းများတွင်ရေးမှတ်ထားပြီး ကောင်းကင်နိုင်ငံတော်က ဖြေရှင်းသွားပါလိမ့်မည်။ ကျွန်ုပ်တို့မနှစ်လိုဖွယ်သောအရာများကို ရေတွက်စဉ်းစားနေစဉ်ပင် အချိန်ပြည့်ကျွန်ုပ်တို့ကိုလွှမ်းခြုံထားသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကရုဏာတော်၊ ကောင်းကင်တမန်များပင်အံ့သြရသည့် မိမိသားတော်ကိုပင်စွန့်တော်မူသည့် ကိုယ်တော်၏ချစ်ခြင်းကရုဏာတော်ကဲ့သို့သော သာယာဖွယ်ကောင်းသောအရာများသည် ကျွန်ုပ်တို့၏မှတ်တမ်းထဲမှ ကွယ်ပျောက်သွားတတ်ပါသည်။ သင်သည်



ဘုရားသခင်၏အမှုတော်ဆောင်တစ်ဦးအနေဖြင့် အခြားသူများထက်စုံစမ်းနှောင့်ယှက်ခြင်းများကို ပိုမိုရင်ဆိုင်ရပါက အခြားသူများငြင်းပယ်ခဲ့သောငြိမ်သက်ခြင်းအတွေ့အကြုံအား သင်၌ခံစားရသည်ကိုစိတ်ထဲ၌မှတ်ပါ။ သခင်ခရစ်တော်၏ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းရှိပါသည်။ ကိုယ်တော်ဘုရားသခင်ထံတော်၌အပ်နှံထားသည့်အသက်တာသည် အရှုံးမရှိသည်ကိုလူတိုင်းသိနားလည်ပါစေ။

စိတ်ပေါ့ပါးမှုနှင့်ပျော်ရွှင်မှုမရှိပါက သင်၏ခံစားချက်များကိုမထုတ်ဖော်ပါနှင့်၊ သူတစ်ပါးအသက်တာအပေါ်တွင် အရိပ်မလွှမ်းမိုးပါစေနှင့်။ အေးစက်ပြီးတောက်ပြောင်မှုမရှိသောသဘာဝတရားသည် အခြားသူများကိုသခင်ခရစ်တော်ထံမှဝေးကွာစေပြီး စာတန်ထောင်ထားသောကျော့ကွင်းထဲသို့ရောက်စေပါသည်။ သင်၏စိတ်ပျက်ဖွယ်အတွေ့အကြုံများကိုစဉ်းစားနေမည့်အစား သခင်ခရစ်တော်၏နာမတော်အားဖြင့် သင်ရရှိနိုင်မည့်တန်ခိုးတော်အကြောင်းကိုစဉ်းစားပါ။ သင်မမြင်နိုင်သောအရာများကို စိတ်ထဲ၌စဉ်းစားပြီး သင့်အတွက် ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာအကြောင်းကို စိတ်ထဲတွင်မှတ်ပါ။ သင်သည်ယုံကြည်ခြင်းအားဖြင့် အခက်အခဲများကိုတင်းခံနိုင်ကာ စုံစမ်းနှောင့်ယှက်ခြင်းတို့ကိုကျော်လွှားပြီး စိတ်ပျက်ဖွယ်အတွေ့အကြုံများကိုလည်းခံနိုင်ပါမည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက်ဖျန်ဖြေပေးနေသောသခင်ဖြစ်တော်မူပြီး ကိုယ်တော်၏ဖျန်ဖြေတော်မူခြင်း၏အကျိုးကို ကျွန်ုပ်တို့ခံစားနေရပါသည်။

ဘုရားသခင်အတွက်အသက်ရှင်သောသူတို့ကို သခင်ခရစ်တော်တန်ဖိုးထားတော်မူပါသည်။ ယောဟန်ကဲ့သို့ခက်ခဲသောနေရာများ၏အခြေအနေများနှင့်ရင်ဆိုင်နေရသူများကို ကိုယ်တော်စောင့်မတော်မူပါသည်။ ဘုရားသခင်၌သစ္စာရှိသောအမှုတော်ဆောင်တစ်ဦးကိုမျှ ကိုယ်တော်ဆုံးရှုံးခံမည်မဟုတ်ပါ။ မမျှသောဝန်ထုပ်များနှင့်ရင်ဆိုင်ခွင့်ကိုလည်း ပေးမည်မဟုတ်ပါ။ သခင်ခရစ်တော်၌အသက်တာကိုဆက်ကပ်ထားသူတစ်ဦးအား ကိုယ်တော်ကအလွန်တန်ဖိုးထိုက်တန်သောကျောက်မျက်ရတနာအဖြစ် တန်ဖိုးထားတော်မူပါသည်။

ထိုကဲ့သို့သူများနှင့်ပတ်သက်၍ ကိုယ်တော်က "သင့်ကိုငါယူ၍တံဆိပ်လက်စွပ်ကဲ့သို့ခန့်ထားမည်------သင့်ကိုငါရွေးချယ်ပြီ" (ဟဂ္ဂဲ ၂း၂၃)။

ထိုကြောင့် ကျွန်ုပ်တို့ကိုကောင်းချီးများချပေးလိုသည့် သခင်ခရစ်တော်၏ကတိတော်များအကြောင်းကို ပြောကြပါစို့။ ကိုယ်တော်ကိုခဏလေးပင်သတိမလွတ်ပါစေနှင့်။ ခက်ခဲသောအခြေအနေများနှင့်ရင်ဆိုင်ကြုံတွေ့လာရသောအခါ ကိုယ်တော်၏ချစ်ခြင်းမေတ္တာ၌ခိုလှုံကြပြီး ကိုယ်တော်၏မိတ်သဟာယဖွဲ့ခြင်းဖြင့် ကျေနပ်မှု၊ ပျော်ရွှင်မှုနှင့်ငြိမ်သက်မှုတို့ကိုခံစားရပါလိမ့်မည်။ သခင်ခရစ်တော်က "ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုဘဲ ငါ့ခမည်းတော်သည် ငါ့အားနည်းပေးတော်မူသည့်အတိုင်း ငါဟောပြောသည်ကိုလည်းကောင်း သင်တို့သည်သိကြလိမ့်မည်။ ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ၊ အကြောင်းမူကား နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်ဟုမိန့်တော်မူ၏" (ယောဟန် ၈း၂၈၊၂၉)။

ခမည်းတော်ဘုရားသည် သခင်ခရစ်တော်ကိုကွယ်ကာထားတော်မူသည့်အတွက်ကြောင့် ဤလောကကိုအကျိုးပြုမည့်အရာများမှလွဲ၍ မည်သည့်အရာတစ်စုံတစ်ခုကိုမျှ ကိုယ်တော်ပေါ်၌ကျရောက်ခွင့်မပြုပါ။ ကိုယ်တော်သည်ခမည်းတော်အားဖြင့် နှစ်သိမ့်ခြင်းကိုရခဲ့သည်နည်းတူ ကျွန်ုပ်တို့သည်လည်း ထိုကဲ့သို့ပင်နှစ်သိမ့်ခြင်းရနိုင်ပါသည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်ဖြင့်ပြည့်ဝနေသောသူသည် သခင်ခရစ်တော်၌တည်နေပါသည်။ သူ့အပေါ်သို့သက်ရောက်သမျှသည် သူ့ကိုလွှမ်းခြုံထားသည့် ကယ်တင်ပိုင်သူ၏ခွင့်ပြုတော်မူခြင်းဖြင့်သာ ကျရောက်နိုင်ပါသည်။ ကိုယ်တော်၏ခွင့်ပြုချက်မရှိဘဲ မည်သည့်အရာမျှသူ့အပေါ်သို့မကျရောက်နိုင်ပါ။ ကျွန်ုပ်တို့စိတ်မသာညည်းတွားမှုများ၊ အခက်အခဲများနှင့်စုံစမ်းနှောင့်ယှက်ခြင်းများ၊ သောကများနှင့်ပူဆွေးမှုများ၊ ဘေးရန်များနှင့်အတားအဆီးဟူသမျှတို့သည် ကျွန်ုပ်တို့ကောင်းစားခြင်းအတွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့ရင်ဆိုင်နေရသည့်အတွေ့အကြုံများနှင့်



အခြေအနေဟူသမျှသည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် ဘုရားသခင်၏ခွင့်ပြုတော်မူခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏သည်းခံခြင်းတရားကိုနားလည်သိရှိပါက အခြားသူများကိုစွပ်စွဲစီရင်ခြင်းပြုမည်မဟုတ်ပါ။ သခင်ခရစ်တော်သည် ဤလောက၌ရှိစဉ်အခါက ကိုယ်တော်၏မိတ်ဆွေများသည် ကိုယ်တော်ထံမှစွပ်စွဲသံများ၊ အပြစ်တင်ခြင်းများနှင့်စိတ်မရှိသည့်သဘောတို့ကိုကြုံတွေ့ရလျှင် မည်မျှအံ့ဩသွားပါမည်နည်း။ သခင်ခရစ်တော်ကိုချစ်သောသူတို့သည် သခင်ခရစ်တော်၏အသက်တာတော်ကဲ့သို့ နေထိုင်သွားရမည်ကိုမမေ့ပါနှင့်။

"ညီအစ်ကိုချစ်ခြင်းအရာမှာ ပကတိပေါက်ဖော်ကဲ့သို့တစ်ယောက်ကိုတစ်ယောက်စုံမက်ကြလော့။" "သင်တို့သည်ကောင်းချီးကိုအမွေခံစေခြင်းအလိုငှာ ခေါ်တော်မူသောသူဖြစ်သည်ဟုသိမှတ်၍ အချင်းချင်းရန်တုံ့မမူ၊ ပြန်၍မကဲ့ရဲ့၊ မေတ္တာပို့ခြင်းကိုပြုကြလော့" (ရောမ ၁၂း၁၀။ ၁ပေ ၃း၉)။

လူတိုင်းသည်အခွင့်အရေးကိုအသိအမှတ်ပြုရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုတောင်းဆိုနေပါသည်။ လူသားတို့၏လူမှုအခွင့်အရေးများ၊ ခရစ်ယာန်တစ်ဦးအနေဖြင့်ရထိုက်သောအခွင့်အရေးများကို အသိအမှတ်ပြုရပါမည်။ လူတိုင်းကိုဘုရားသခင်၏သားသမီးများကဲ့သို့ သိမ်မွေ့နူးညံ့စွာဆက်ဆံရပါမည်။

ခရစ်ယာန်တို့၏ယုံကြည်ချက်သည် လူကိုသူကောင်းပြုစေပါသည်။ သခင်ခရစ်တော်သည် မိမိကိုသတ်သောသူတို့ကိုပင် သိမ်မွေ့စွာဆက်ဆံတော်မူသကဲ့သို့ ကိုယ်တော်၏စစ်မှန်သောတပည့်တော်များသည်လည်း ထိုကဲ့သို့သောစိတ်ထားရှိရပါမည်။ အာဏာရှိသူများ၏ရှေ့သို့ပို့ခြင်းခံခဲ့ရသည့်ပေါလုကိုကြည့်ပါ။ အဂြိပ္ပမင်းကြီးရှေ့သို့ရောက်သောအခါ ပေါလုကနှိမ့်ချသိမ်မွေ့စွာဖြင့်လည်းကောင်း၊ ဆွဲဆောင်မှုအပြည့်၊ ဉာဏ်ပညာအတွေ့အကြုံအပြည့်နှင့်ပြောဆိုဆက်ဆံခဲ့ပါသည်။ ဧဝံဂေလိသတင်းစကားသည် ဤလောက၌ကျင့်သုံးနေသည့်အပေါ်ယံယဉ်ကျေးမှုကဲ့သို့မဟုတ်ဘဲ စိတ်နှလုံးထဲမှယိုဖိတ်လာသည့်သနားကြင်နာမှုအစစ်အမှန်ကိုဖြစ်စေပါသည်။

အသက်တာတွင် အများရှေ့တွင်ဟန်ပြလောက်ရုံဖြင့် ကျွန်ုပ်တို့သည် ကိုယ်နှုတ်ကြမ်းတမ်းခြင်း၊ အလျင်စလိုတရားစီရင်ခြင်းနှင့်စိတ်မဖြောင့်မတ်ခြင်းတို့ကို မကျော်လွှားနိုင်ပါ။ မိမိကိုယ်ကိုကိုးကွယ်နေသည့်ကာလပတ်လုံး စစ်မှန်သောပြောင်းလဲမှုကိုမရရှိနိုင်ပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးထဲတွင် ချစ်ခြင်းမေတ္တာရှိရပါမည်။ စစ်မှန်သောခရစ်ယာန်တွင် မိမိ၏သခင်ကိုချစ်သောချစ်ခြင်းမေတ္တာက သူ၏လုပ်ဆောင်မှုအားလုံးတို့ကိုကြီးစိုးနေပါလိမ့်မည်။ သူ၏ညီအစ်ကိုများပေါ်တွင်ထားရှိသည့် ကိုယ်ကျိုးမဖက်သောချစ်ခြင်းမေတ္တာသည် သူ့သခင်ကိုချစ်တော်မူသည့်ချစ်ခြင်းမေတ္တာမှ ပေါက်ပွားလာပါလိမ့်မည်။ ချစ်ခြင်းမေတ္တာရှိသူသည် ပြုမူပြောဆိုရာတွင် နူးညံ့သိမ်မွေ့ခြင်းရှိပါလိမ့်မည်။ ကိုယ်ဟန်ပန်နှင့်အသံကိုပြောင်းလဲစေပါသည်။ လူတစ်ကိုယ်လုံးကို သန့်ရှင်းမြင့်မြတ်စေပါသည်။

အသက်တာသည် ကြီးမားသည့်စွန့်လွှတ်မှုများနှင့်အံ့သြဖွယ်စွမ်းဆောင်ချက်များဖြင့် တည်ဆောက်ထားသည်မဟုတ်ဘဲ သေးငယ်သောအမှုအရာများဖြင့်တည်ဆောက်ထားပါသည်။ မကြာခဏဆိုသလိုကျွန်ုပ်တို့၏အသက်တာတွင် အကောင်းနှင့်အဆိုးတို့သည် အလွန်သေးငယ်သောအမှုအရာများမှစတင်ဖြစ်ပေါ်လာပါသည်။ ကျွန်ုပ်တို့၏အသက်တာတွင် အလွန်သေးငယ်သောစုံစမ်းနှောင့်ယှက်ခြင်းများကို မအောင်မြင်နိုင်ခြင်းမှစ၍ အကျင့်များအဖြစ်သို့ပြောင်းလဲကာ နောက်ဆုံးတွင်အကျင့်ပါထိပါးလာပြီး ကြီးမားသည့်စုံစမ်းနှောင့်ယှက်ခြင်းများကိုလည်း တွန်းလှန်နိုင်သောတန်ခိုးဆုံးရှုံးသွားရပါသည်။ ကျွန်ုပ်တို့သည် ဘေးရန်အများဆုံးနှင့်အခက်ခဲဆုံးသောအခြေအနေများတွင် သစ္စာရှိစွာရပ်တည်နိုင်ရန် နေ့စဉ်အသက်တာတွင် ကျွန်ုပ်တို့ရင်ဆိုင်ရသည့် သေးငယ်သောစုံစမ်းနှောင့်ယှက်ခြင်းများ၌ သစ္စာရှိရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့သည်မည်သည့်အခါမှ အထီးကျန်ခြင်းမရှိပါ။ ကျွန်ုပ်တို့ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်သည်ဖြစ်စေ ကျွန်ုပ်တို့၏အနီးတွင်ကိုယ်တော်ရှိတော်မူပါသည်။ သင်သည်မည်သည့်နေရာ၌ရှိစေ၊ မည်သည့်အရာကိုပြုလုပ်စေကာမူ ဘုရားသခင်သည် သင်နှင့်အတူရှိသည်ကိုမမေ့ပါနှင့်။ သင်ပြောဆိုပြုမူကြံဆသောမည်သည့်အရာကိုမျှ ဘုရားသခင်၏ကွယ်ရာတွင် သင်မပြုလုပ်နိုင်ပါ။ အပြစ်ကိုမုန်းတီးပြီး သန့်ရှင်းတော်မူသည့်ဘုရားသခင်သည် သင်၏အပြုအမူအပြောအဆိုများကို သက်သေခံနေတော်မူပါသည်။ ဤအချက်ကိုအမြဲသတိရ၍ ပြုမူပြောဆိုကြံဆပါ။ ခရစ်ယာန်တစ်ဦးအနေဖြင့် သင်သည်တော်ဝင်မိသားစုဝင်တစ်ဦး၊ ကောင်းကင်၌ရှိသောသခင်၏သားတော်၊ သမီးတော်တစ်ဦးဖြစ်သည့်အတွက် သင့်အပြောအဆိုအပြုမူအားဖြင့် "သင်တို့ကိုသမုတ်သောနာမတော်မြတ်" (ယာကုပ် ၂း၇) ကိုမရှုတ်ချစေပါနှင့်။

သခင်ခရစ်တော်၏ဘုရားနှင့် လူဇာတိကိုသေချာစွာလေ့လာပါ။ "အကယ်၍သခင်ခရစ်တော်သည် ဤနေရာ၌ရှိပါက မည်ကဲ့သို့ပြုတော်မူမည်နည်း" ဟူသောမေးခွန်းဖြင့် မိမိကိုယ်ကိုအမြဲတမ်းစစ်ကြောမေးမြန်းပါ။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များကို ဤနည်းဖြင့်တိုင်းထွာချိန်ဆရပါမည်။ သင်၏စိတ်၌အစွန်းထင်းစေသည့်ပတ်ဝန်းကျင်၊ သင်၏ဆုံးဖြတ်ချက်ကိုအားလျော့စေမည့်အသိုက်အဝန်းတွင်မလိုအပ်ဘဲ သင့်ကိုယ်သင်မရောက်ရှိစေပါနှင့်။ သူစိမ်းများကြားတွင်လည်းကောင်း၊ လမ်းပေါ်တွင်လည်းကောင်း၊ အိမ်၌လည်းကောင်း အပြစ်ဟုထင်ရသည့်အရာတစ်ခုကိုမျှမပြုလုပ်ပါနှင့်။ သခင်ခရစ်တော်ကိုယ်တော်တိုင် မိမိ၏အသွေးတော်ဖြင့်ဝယ်ယူထားသည့်အသက်တာကို နေ့စဉ်နှင့်အမျှတိုးတက်လှပစေပြီး သခင်ခရစ်တော်နှင့်တူညီလာရန်ပြုလုပ်ပါ။

မည်သည့်အချိန်မျှဇာတိစိတ်အလိုကိုမလိုက်ဘဲ အမှန်တရားအတိုင်းကျင့်သုံးနေထိုင်သွားပါ။ သင်၏စိတ်နှိမ့်ချခြင်း၊ နူးညံ့ခြင်းဖြင့်ပြုပြင်ပါ။ ပေါ့ပြက်နိမ့်ကျသောအရာများကိုရှောင်ပါ။ အောက်တန်းကျသည့်ပြောင်လှောင်ခြင်းကိုရှောင်ပါ။ စိတ်ကိုလည်းအလေမလွင့်ပါစေနှင့်။ စိတ်ကိုချုပ်တည်းလျက်သခင်ခရစ်တော်အလိုတော်ကိုနာခံတတ်ရန် သန့်ရှင်းသောအရာများပေါ်၌စွဲစေပါ။ သို့ဖြစ်လျှင် သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သန့်ရှင်းစင်ကြယ်လာပါလိမ့်မည်။

ကျွန်ုပ်တို့၏စိတ်ကိုသန့်ရှင်းစင်ကြယ်စေသောခွန်အား လိုအပ်နေပါသည်။ ကျွန်ုပ်တို့ဝိညာဉ်၏ဘေးကင်းလုံခြုံမှုသည် ကျွန်ုပ်တို့၏စိတ်အတွေးများသန့်ရှင်းစင်ကြယ်မှုပေါ်တွင် မှီတင်းနေပါသည်။ လူသည် "စိတ်ထင်သည့်အတိုင်းဖြစ်၏" (သုတ္တံ ၂၃း၇)။ ထိုခွန်အားကိုကျွန်ုပ်တို့၏ချုပ်တည်းမှုကို လေ့ကျင့်ခြင်းဖြင့်ရယူနိုင်ပါသည်။ အစတွင်ခက်ခဲသည်ဟုထင်မှတ်ရသော်လည်း ထပ်ခါတလဲလဲကျင့်ခြင်းဖြင့် လွယ်ကူလာကာ နောက်ဆုံးတွင် မှန်ကန်စွာစဉ်းစားတွေးခေါ်ယူဆခြင်းသည် ကျွန်ုပ်တို့အတွက်အကျင့်ဖြစ်လာပါသည်။ ကျွန်ုပ်တို့သည် တန်ဖိုးမဲ့သောအောက်တန်းကျသည့်အရာများကို ရှောင်၍ မြင့်မြတ်သည့်အဆင့်သို့တက်လှမ်းပါက အခြားသူများ၏ယုံကြည်လေးစားခြင်းကိုခံယူကာ ဘုရားသခင်၏ရှေ့တော်၌မျက်နှာရပါလိမ့်မည်။

သူတစ်ပါး၏မကောင်းကြောင်းကိုပြောဆိုခြင်းမှရှောင်ပါ။ မိမိနှင့်ဆက်ဆံနေရသူတို့၏ကောင်းသောအမူအကျင့်များကိုသာဂရုစိုက်ပြီး သူတို့၏အားနည်းချက်များနှင့်အမှားများကိုဂရုမစိုက်မိရန် တတ်နိုင်သမျှရှောင်ပါ။ သူတစ်ပါး၏မကောင်းသတင်းကိုပြောဆိုလိုလျှင် ထိုသို့ပြောဆိုမည့်အစား သူတို့၏အသက်တာနှင့်ပတ်သက်၍ ကောင်းသောအရာများကိုသာပြောဆိုပါ။ ကျေးဇူးတင်တတ်သောစိတ်ကိုမွေးမြူပါ။ ကျွန်ုပ်တို့အတွက်အသေခံရန် သခင်ခရစ်တော်ကိုပေးတော်မူခဲ့သည့် ခမည်းတော်ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းပါ။ ကျွန်ုပ်တို့၏စိတ်အလိုမကျသည့်အရာများနှင့်ပတ်သက်၍ စဉ်းစားနေခြင်းသည်အကျိုးမရှိပါ။ ဘုရားသခင်ကိုချီးမွမ်းထောမနာပြုနိုင်ရန်အတွက် ကိုယ်တော်၏အနှိုင်းမရှိသောမေတ္တာနှင့် ကရုဏာတော်ကိုအာရုံပြုရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုဖိတ်ခေါ်လျက်ရှိပါသည်။

သစ္စာရှိသောအမှုတော်ဆောင်များသည် အခြားသူတို့၏အားနည်းချက်များကို စဉ်းစားနေရန်အချိန်မရှိပါ။ အခြားသူတို့၏အပြစ်အနာအဆာများပေါ်တွင် ကျွန်ုပ်တို့အာရုံပြုအသက်မရှင်နိုင်ပါ။ အတင်းအဖျင်းပြောခြင်းတွင် နှစ်ဖက်လုပ်ကျိန်ခြင်းရှိပါသည်။ နားထောင်သူထက်ပြောဆိုသူအပေါ်၌ကျရောက်သောကျိန်ခြင်းက ပို၍ကြီးမားပါသည်။ တစ်ဖက်နှင့်တစ်ဖက်



ဒေါသအမျက်ထွက်ပြီး ရန်ပွားဖို့မျိုးစေ့ကိုကြဲသောသူသည် အလွန်ဆိုးရွားသည်။ အသီးအပွင့်များကို မိမိ၏အသက်တာ၌ကိုယ်တိုင်ရိတ်သိမ်းရပါလိမ့်မည်။ အခြားသူတို့၏အပြစ်ကိုရှာနေသောသူပင်လျှင် သူ၏အသက်တာ၌ထိုအပြစ်များတိုးပွားစေပါသည်။ အခြားသူများ၏အပြစ်ကိုအာရုံပြုခြင်းဖြင့် ကျွန်ုပ်တို့သည်လည်း ထိုကဲ့သို့ဖြစ်လာပါသည်။ သခင်ခရစ်တော်ကိုအာရုံပြုလျက် ကိုယ်တော်၏ချစ်ခြင်းမေတ္တာနှင့် စုံလင်သောအသက်တာအကြောင်းကို ပြောဆိုဆွေးနွေးခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကဲ့သို့ပြောင်းလဲလာပါသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ချပေးတော်မူသည့် မြင့်မြတ်သန့်ရှင်းသောအသက်တာကိုအာရုံပြုခြင်းဖြင့် ကျွန်ုပ်တို့သည်ပြောင်းလဲလာကာ ဘုရားသခင်ထံတော်သို့တိုးဝင်ချဉ်းကပ်ခွင့်ကိုရနိုင်ပါသည်။ ထိုကဲ့သို့ဖြစ်ပေါ်လာသောအခါ အလင်းရောင်သည် ကျွန်ုပ်တို့ထံမှဖြာထွက်လျက် အခြားသူများကို ကျွန်ုပ်တို့ထံသို့ဆွဲဆောင်စေပါသည်။

အခြားသူများကိုဝေဖန်ရှုတ်ချနေမည့်အစား ကျွန်ုပ်တို့ပြောဆိုရမည်မှာ "ကျွန်ုပ်သည် မိမိ၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်ရပါမည်။ ကျွန်ုပ်ကိုကယ်တင်လိုသောသခင်နှင့်အတူ ပူးပေါင်းလုပ်ဆောင်လိုပါက မိမိကိုယ်ကိုအထူးဂရုစိုက်ရပါမည်။ အသက်တာမှာအပြစ်ပြုလုပ်ခြင်းကိုဖယ်ရှားရပါမည်။ သခင်ခရစ်တော်အားဖြင့် အသစ်သောအသက်တာကိုနေထိုင်သွားရပါမည်။ သို့ဖြစ်လျှင် အပြစ်နှင့်ရင်ဆိုင်တိုက်လှန်နေသူများကိုအားလျှော့နေမည့်အစား သူတို့ကိုကျွန်ုပ်အားပေးစကားပြောဆိုရပါမည်။" ကျွန်ုပ်တို့သည် အခြားသူများကိုဂရုစိုက်မှုအလွန်နည်းပါးပါသည်။ ကျွန်ုပ်တို့၏လုပ်ဖော်ဆောင်ဖက်များသည်လည်း ခွန်အားနှင့်အားပေးမှုလိုနေသည်ကို ကျွန်ုပ်တို့မကြာခဏမေ့နေတတ်ပါသည်။ သင်သည် သူတို့ကိုစိတ်ဝင်စားကြောင်း၊ ဂရုထားကြောင်းကိုအသိပေးပါ။ သူတို့ကိုဆုတောင်းခြင်းဖြင့် ကူညီမစနေသည်ကိုလည်း သူတို့သိပါစေ။

အမှုတော်ဆောင်အားလုံးတို့သည် သခင်ခရစ်တော်၏စစ်မှန်သောတပည့်တော်များမဟုတ်ကြပါ။ သခင်ခရစ်တော်၏နာမတော်ကိုခံယူပြီး

ကိုယ်တော်၏အမှုတော်၌ပင်ပါဝင်နေသူအချို့သည် အသက်တာ၌သခင်ခရစ်တော်ကိုသက်သေခံနေခြင်းမရှိပါ။ သူတို့သည် ဘုရားသခင်၏ပညတ်တော်များဖြင့် စိုးမိုးထားခြင်းမရှိကြပါ။ ဤကဲ့သို့သောသူများကြောင့် ခရစ်ယာန်အတွေ့အကြုံနုသည့် အခြားလုပ်ဖော်ကိုင်ဖက်များမှာ စိတ်ပျက်အားငယ်လျက်ရှိပါသည်။ သို့သော်လည်း ထိုကဲ့သို့မဖြစ်သင့်ပါ။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက်မှန်ကန်သောပုံသက်သေကို ပေးထားတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့လည်း ကိုယ်တော်နောက်သို့လိုက်လျှောက်ရန် ခေါ်တော်မူနေပါသည်။

သခင်ခရစ်တော်ကြွလာသည်တိုင်အောင် စပါးပင်များကြားတွင် တောပင်များရှိနေပါလိမ့်မည်။ သခင်အတွက်မခံမရပ်နိုင်ဖြစ်ခဲ့သောကျွန်တို့က တောပင်များကိုနုတ်ရန်ခွင့်ပန်သောအခါ အိမ်ရှင်က "တောပင်များကိုရွေးနုတ်လျှင် စပါးပင်တို့ကိုရောနှော၍နုတ်မိမည်စိုးရိမ်စရာအကြောင်းရှိ၏။ စပါးရိတ်သည်ကာလတိုင်အောင် အပင်နှစ်မျိုးတို့သည် အတူကြီးပွားပါလေစေ" (မဿဲ ၁၃း၂၉၊၃၀) ဟုမိန့်ဆိုခဲ့ပါသည်။

ဘုရားသခင်သည် မိမိ၏ကရုဏာတော်နှင့်သည်းခံခြင်းတရားတော်တို့ကြောင့် လမ်းလွဲနေသောသူများသာမကဘဲ ဟန်ဆောင်နေသူများကိုပင် စိတ်ရှည်စွာစောင့်နေတော်မူပါသည်။ သခင်ခရစ်တော်ရွေးချယ်တော်မူခဲ့သည့် တပည့်တော်များတွင် ယုဒရှကာရုတ်လည်းပါဝင်ခဲ့ပါသည်။ ထိုကြောင့်ယနေ့တွင်လည်း ကိုယ်တော်၏အမှုတော်တွင်ဟန်ဆောင်သောသူများရှိနေခြင်းမှာ အံ့သြစရာ၊ စိတ်ပျက်စရာမဟုတ်ပါ။ လူသားတစ်ဦးစီတို့၏စိတ်နှလုံးကို သိတော်မူနိုင်သည့်သခင်ပင်လျှင် မိမိကိုသစ္စာဖောက်မည့်သူကို သည်းခံနိုင်တော်မူခဲ့ပါက ကျွန်ုပ်တို့လည်းအပြစ်ရှိသောသူတို့ကို မည်မျှသည်းခံသင့်ပါသနည်း။

အပြစ်အကြီးဆုံးသူဟုထင်ရသူတိုင်းလည်း ယုဒရှကာရုတ်ကဲ့သို့မဖြစ်နိုင်ပါ။ စိတ်မရှည်ဘဲတစ်ဇွတ်ထိုးနိုင်ပြီး မိမိကိုယ်ကိုအထင်ကြီးတတ်



သူပေတရုသည် ယုဒရှကာရုတ်ထက်ပိုဆိုးနေသယောင်ထင်ရသော်လည်း သူ၏အသက်တာမှာ အံ့သြဖွယ်ကောင်းလောက်အောင်ဆက်ကပ်ခဲ့ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်တန်ခိုးသည် မည်မျှကြီးမားပါသနည်း။ သခင်ခရစ်တော်ဤလောက၌ရှိစဉ်အခါက တပည့်တော်များကိုသွန်သင်ဟောကြားတော်မူခဲ့သည်ကိုအတူယူ၍ ကျွန်ုပ်တို့သည်လည်း အခြားသူများနှင့်ဆက်ဆံရပါမည်။

မိမိ၏ဘဝတူ လုပ်ဖော်ကိုင်ဖက်အမှုတော်ဆောင်များကြား၌ပင် မိမိကိုယ်ကိုခရစ်ယာန်သာသနာပြုသူတစ်ဦးအဖြစ်သတ်မှတ်ပြီး အလျင်ဦးဆုံးဆောင်ရွက်ပါ။ သခင်ခရစ်တော်ထံသို့ဝိညာဉ်တစ်လုံးကိုယူဆောင်လာရန် အချိန်များစွာကြာသော်လည်း အပြစ်သားတစ်ယောက်ဖြောင့်မတ်ခြင်းသို့ ရောက်သောအခါ ကောင်းကင်တမန်များသည် အလွန်ဝမ်းမြောက်ကြပါသည်။ ထိုဝိညာဉ်တစ်လုံးစီကိုစောင့်ရှောက်တော်မူသည့် ကောင်းကင်တမန်အစောင့်များက မိမိတို့စောင့်ရှောက်သောသူတို့ကို ခရစ်ယာန်များဟု မိမိကိုယ်ကိုဆိုသူများက ရိုင်းပျစွာဆက်ဆံသောအခါ မည်ကဲ့သို့ခံစားရမည်ကိုစဉ်းစားကြည့်ပါ။ ထိုသူတို့ကိုဆက်ဆံသည့်နည်းတူ သခင်ခရစ်တော်က ကျွန်ုပ်တို့ကိုဆက်ဆံသောအခါ ကျွန်ုပ်တို့သည် မည်သို့ကယ်တင်ခြင်းရနိုင်မည်နည်း။

သင်သည် လူသားတို့၏စိတ်နှလုံးကိုမသိနိုင်သည်ကိုသတိပြုပါ။ သင်ကအပြစ်ဟုယူဆသောအရာများကို ထိုသူတို့ကအဘယ်ကြောင့်ပြုလုပ်နေကြသည်ကို သင်မသိနိုင်ပါ။ လူအမြောက်အမြားမှာမှန်ကန်သောသွန်သင်ခြင်းကိုမခံခဲ့ရသောကြောင့် သူတို့၏အသက်တာမှာခက်ထန်မာကျောပြီး ကွေးကောက်တွန့်လိမ်နေပါသည်။ သို့သော်လည်း သခင်ခရစ်တော်၏မေတ္တာတော်သည် သူတို့ကိုပြောင်းလဲစေနိုင်ပါသည်။ သူတို့ကိုမည်သည့်အခါမျှ မပစ်ပယ်ပါနှင့်။ စိတ်ဓာတ်ကျပြီးလက်လျှော့သွားစေရန်မပြုလုပ်ပါနှင့်။ သူတို့ကို "သင်သည် ကျွန်ုပ်ကိုစိတ်ပျက်စေခဲ့သောကြောင့် သင့်ကိုကျွန်ုပ်ဘယ်တော့မျှမကူညီတော့ပါ" ဟု မည်သည့်အခါမျှမပြောပါနှင့်။ ကျွန်ုပ်

တို့က သူတို့နှင့်ထိုက်တန်သည်ဟုထင်မှတ်ကာ မဆင်မခြင်ဘဲပြောဆိုလိုက်သောစကားအနည်းငယ်ကြောင့် သူတို့နှင့်ကျွန်ုပ်တို့စပ်ကြားတွင် ချည်နှောင်ထားသည့်သံယောဇဉ်အမျှင်ကလေးများ ပြတ်တောက်သွားနိုင်ပါသည်။

မလျှော့သောဇွဲ၊ စိတ်ရှည်သည်းခံခြင်းနှင့်ဒေါသကိုချုပ်တည်းနိုင်ခြင်းတို့သည် မငြင်းပယ်နိုင်သည့်သက်သေခံချက်များဖြစ်ပါသည်။ အကယ်၍သင့်တွင်အခွင့်အရေးများရှိနေသေးပါက ဤအချက်များကိုမှတ်သားပြီးသေချာစေ့စပ်၍နူးညံ့သိမ်မွေ့ကာ အမြော်အမြင်ရှိသော သွန်သင်လမ်းပြသူတစ်ဦးဖြစ်နိုင်ရန်ကြိုးစားပါ။ အခြားသူများကိုသက်သေခံရာတွင် အလျင်စလိုပြုလုပ်ခြင်းမရှိဘဲ မှိုထဲတွင်အရာစွဲကျန်စေရန် တဖြည်းဖြည်းနှင့်ဖိနှိပ်ပြီးမှအခြေခံရသလို ကျွန်ုပ်တို့သည် အဆက်မပြတ်သက်သေခံခြင်းသည်အခြားသူများကိုကယ်တင်နိုင်သောခွန်အား၏လျှို့ဝှက်ချက်ဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ရာမှာ သခင်ခရစ်တော်၏အသက်တာကို မိမိ၏အသက်တာဖြင့်အစဉ်မပြတ်သက်သေခံသွားရပါမည်။ မိမိ၏အတွေ့အကြုံများကိုပြောပြ၍ လမ်းလွဲနေသောသူတို့ကိုကူညီပါ။ သင်၏အသက်တာတွင် အလွန်ကြီးမားသောအမှားများကိုပြုလုပ်ခဲ့ကြောင်းအား သူတို့ကိုပြောပြပါ။ သင်၏လုပ်ဖော်ဆောင်ဖက်များ၏စိတ်ရှည်သည်းခံခြင်း၊ သနားကြင်နာခြင်းနှင့်ကူညီရိုင်းပင်းမှုတို့က သင့်ကိုခွန်အားနှင့်မျှော်လင့်ချက်ရှိစေကြောင်းကိုပြောပြပါ။

တရားစီရင်သောနေ့ရက်တိုင်အောင် စိတ်နှလုံးခိုင်မာသောသူများ၊ အယူအစွဲကြီးသောသူများနှင့်မထိုက်မတန်သောသူများအပေါ်၌ထားရှိခဲ့သောကျွန်ုပ်တို့၏ကြင်နာမှုအကျိုးဆက်များကို အပြည့်အဝသိရှိနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ကျေးဇူးမသိတတ်သောသူများ၊ သစ္စာဖောက်ဖျက်သောသူများနှင့်ရင်ဆိုင်ကြုံတွေ့ရသောအခါ မကျေနပ်သောစိတ်နှင့်တုံ့ပြန်လိုကြပါသည်။ အပြစ်ရှိသူများကလည်း ဒါကိုမျှော်လင့်နေကြပြီး ရင်ဆိုင်ရန်အဆင်သင့်ဖြစ်နေပါသည်။ သို့သော်လည်း သည်းခံခြင်းတရားနှင့်ရင်းဆိုင်လာရ





သောအခါ သူတို့သည်အံ့သြသွားကြပြီး သူတို့၏စိတ်ထဲတွင်သာ၍မြင့်မြတ်သောအသက်တာကို တောင့်တလိုချင်လာကြပါသည်။

"ညီအစ်ကိုတို့၊ လူသည်သတိလစ်၍ တစ်စုံတစ်ခုသောအပြစ်ကိုပြုမိလျှင် ဝိညာဉ်ဆုကျေးဇူးကိုခံရသောသင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင်လွတ်မည့်အကြောင်း ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သောသဘောနှင့် ထိုသို့သောသူကိုမစ၍ သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့။ ထမ်းရွက်စရာဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကိုကျင့်ကြလော့" (ဂလာတိ ၆း၁၊၂)။

ဘုရားသခင်၏သားသမီးများအဖြစ်ကို ခံယူထားသောသူတို့အားလုံးသည် စိတ်ဓာတ်အဆင့်အတန်းအမျိုးမျိုးရှိသောလူပေါင်းစုံနှင့်ရင်ဆိုင်ရမည်ကို သတိပြုသင့်ပါသည်။ စိတ်ဓာတ်ယဉ်ကျေးသူများရှိသကဲ့သို့ ကြမ်းတမ်းခက်ထန်သောသူများလည်းရှိပါသည်။ နှိမ့်ချသောသူများနှင့်မာနထောင်လွှားသောသူများ၊ ဘာသာရေးကိုင်းရှိုင်းသောသူများနှင့်အယုံအကြည်မဲ့သူများ၊ ပညာတတ်သူများနှင့်ပညာမဲ့သူများ၊ ချမ်းသာသူများနှင့်သူဆင်းရဲများကိုအမျိုးစုံစွာတွေ့ရှိနိုင်ပါသည်။ ထိုကဲ့သို့စိတ်ပိုင်းဆိုင်ရာကွဲပြားနေသူများကိုတစ်တန်းတစ်စားတည်းမဆက်ဆံနိုင်သော်လည်း သူတို့အားလုံးသည် သနားကြင်နာမှုကိုလိုအပ်တောင့်တနေပါသည်။ ကျွန်ုပ်တို့အားလုံးသည် တစ်ဦးနှင့်တစ်ဦးမှီခိုအားထားနေရပြီး တစ်ဦးနှင့်တစ်ဦးညီရင်းအစ်ကိုတမျှ မေတ္တာနှောင်ကြိုးဖြင့်တုပ်နှောင်ထားပါသည်။

ခရစ်ယာန်များသည် လူမှုပေါင်းသင်းဆက်ဆံရေးအားဖြင့် ဤလောကနှင့်အဆက်အသွယ်ရှိလာပါသည်။ ဘုရားသခင်၏အလင်းတော်ကိုရရှိထားသောသူတို့သည် မှောင်မိုက်သောလမ်းခရီးပေါ်တွင် သာ၍ကောင်းမွန်သောအသက်တာကိုမသိရှိသောသူတို့အား မိမိတို့၏အလင်းကိုဝေမျှရပါမည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေတော်မူထားသည့်လူမှုပေါင်းသင်းဆက်ဆံခြင်းဖြင့် သခင်ခရစ်တော်ထံသို့ အခြားဝိညာဉ်များကို

ခေါ်ဆောင်လာရပါမည်။ သခင်ခရစ်တော်ကို အလွန်သာယာမွန်မြတ်လှပြီး အဖိုးထိုက်သောဘဏ္ဍာအဖြစ် ပိုင်ဆိုင်သူ၏စိတ်နှလုံးသားထဲတွင် တစ်ဦးတည်းမိမိကိုယ်ပိုင်အတွက်မဝှက်ထားသင့်ပါ။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်တာတွင် ထာဝရအသက်ကိုအစဉ်ပေးတော်မူ၍ အသက်စမ်းရေအဖြစ်ရှိတော်မူပြီး ကျွန်ုပ်တို့နှင့်ဆက်ဆံတွေ့ကြုံနေရသော သူအသီးအသီးတို့ကိုလည်းလန်းဆန်းစေပါသည်။

---ooo---



အခန်း (၄၂)

# ဖွံ့ဖြိုးတိုးတက်မှုနှင့်အမှုတော်ဆောင်ခြင်း

ခရစ်ယာန်အသက်တာသည် လူအမြောက်အမြားထင်သည့်အတိုင်း ထက်ပိုပါသည်။ နူးညံ့သိမ်မွေ့ခြင်း၊ သည်းခံခြင်း၊ နှိမ့်ချခြင်း၊ သနားကြင်နာခြင်းနှင့်မလုံလောက်ပါ။ ဤစိတ်ထားများလိုအပ်သည်မှန်သော်လည်း ခွန်အားနှင့်ခွဲ၊ ကြိုးစားမှုတို့လည်းလိုအပ်ပါသည်။ သခင်ခရစ်တော်ညွှန်ပြတော်မူခဲ့သည့်လမ်းသည်ကျမ်းမြောင်း၍ မိမိအလိုကိုငြင်းပယ်သောလမ်းဖြစ်ပါသည်။ ထို့ကြောင့် ဤလမ်းပေါ်တွင်ခြေချပြီး အခက်အခဲဝမ်းနည်းမှုများနှင့် စိတ်ပျက်ခြင်းတို့ကိုကျော်လွှားကာလျှောက်လှမ်းရန် ခွန်အားကြီးသောသူများကိုလိုအပ်ပါသည်။

## အမှုအကျင့်ခိုင်မာခြင်း

သက်လုံကောင်းသောသူများလိုအပ်နေပါသည်။ ဘဝတွင်ရင်ဆိုင်ရမည့်အခက်အခဲများကိုဖယ်ရှားပေးရန်မစောင့်ဆိုင်းဘဲ စိတ်ပျက်နေသည့်အမှုတော်ဆောင်များကို အားသစ်လောင်းပေးမည့်သူများ၊ ခရစ်ယာန်မေတ္တာတော်ဖြင့် စိတ်နှလုံးနွေးထွေးပြီး ဘုရားသခင်၏အမှုတော်ကိုဆောင်ရန် အဆင်သင့်ရှိနေသူများကိုလိုအပ်နေပါသည်။

ခရစ်ယာန်သာသနာပြုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူအချို့သည် အားနည်းကာ စိတ်ပျော့ညံ့သူများလွယ်လွယ်နှင့်စိတ်ဓာတ်ကျတတ်သူများဖြစ်နေပါသည်။ သူတို့သည်အိပ်ပျော်နေကြပါသည်။ အသက်တာတွင်ခွန်အားတိုးစေမည့်၊ ခိုင်မာစေမည့်၊ တက်ကြွစေမည့်အပြုသဘောဆောင်သောအမှုအကျင့်များမရှိကြပါ။ အောင်မြင်လိုသောသူတို့သည် ခွန်အားနှင့်မျှော်လင့်ချက်ရှိရပါမည်။ သူတို့သည် ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အတွက် လိုအပ်သောစွမ်းရည်များရှိရပါမည်။ သူတို့သည်ဒေါသအမျက်ကိုဖြည်းညင်းသောစကား

ဖြင့်တုံ့ပြန်ကာ စာတန်ကိုအောင်မြင်နိုင်သောခွန်အားလည်းရှိရပါမည်။ အရာရာကိုသည်းခံနိုင်သောမေတ္တာနှင့်အတူ သူတို့၏အသက်တာသည် အပြုသဘောဆောင်သောပုံသက်သေဖြစ်နိုင်ရန် တန်ခိုးလည်းရှိရပါမည်။

အချို့သူများသည် အမှုအကျင့်ခိုင်မာမှုမရှိကြပါ။ သူတို့၏စိမ်ကိန်းများနှင့်ရည်ရွယ်ချက်များသည် ခိုင်မာမှု၊ တိကျမှုမရှိကြပါ။ သူတို့သည် ဤလောကတွင်လက်တွေ့အသုံးဝင်မှုနည်းပါးပါသည်။ သို့သော်လည်း ဤအားနည်းမှုများ၊ စိတ်နှလုံးခိုင်မာမှုများကိုအောင်မြင်ကျော်လွှားနိုင်ပါသည်။ စစ်မှန်သောခရစ်ယာန်အသက်တာတွင် ဆန့်ကျင်တိုက်လှန်မှုများကြောင့် မပျက်စီးမပြောင်းလဲနိုင်သည့်ကြံ့ခိုင်မှုရှိပါသည်။ မြှောက်ပင့်ခြင်း၊ လာဘ်ထိုးခြင်း၊ ခြောက်လှန့်ခြင်းကိုမဖြို့သောကြံ့ခိုင်မှုကို ကျွန်ုပ်တို့လိုအပ်ပါသည်။

ကျွန်ုပ်တို့သည် အခွင့်အရေးများကိုလက်မလွှတ်ဘဲ ဘုရားသခင်၏အမှုတော်ကိုဆောင်နိုင်ဖို့ မိမိကိုယ်ကိုပြင်ဆင်ရန် ဘုရားသခင်က ကျွန်ုပ်တို့ကိုအလိုတော်ရှိပါသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များတွင် ခွန်အားရှိသမျှကိုစိုက်ထုတ်၍ မိမိအပေါ်၌ကျရောက်နေသည့်တာဝန်ဝတ္တရားများ၏လေးနက်မှု၊ သန့်ရှင်းမှုတို့ကိုစိတ်နှလုံးတွင် သတိပြုရန်အလိုတော်ရှိပါသည်။

အလွန်အောင်မြင်သောစွမ်းဆောင်ချက်များကိုပြုလုပ်နိုင်ရန် အရည်အချင်းပြည့်မီသောသူတို့သည် ကြိုးစားအားထုတ်မှုနည်းပါးသောကြောင့် စွမ်းဆောင်နိုင်မှုနည်းပါးကြပါသည်။ လူထောင်ပေါင်းများစွာတို့သည် မိမိတို့၏အသက်တာတွင် အသက်ရှင်နေထိုင်သွားရန်ရည်မှန်းချက်၊ အထက်သို့တက်လှမ်းနိုင်ရန်ရည်ရွယ်ချက်ရှိသယောင်နှင့် ဘဝလမ်းခရီးကိုကျော်ဖြတ်သွားကြပါသည်။ ဤကဲ့သို့ဖြစ်ရခြင်း၏အကြောင်းရင်းတစ်ခုမှာ မိမိကိုယ်ကိုယုံကြည်မှုနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက်အလွန်ကြီးမားသည့်အဖိုးမခပေးခဲ့သောကြောင့် ထိုအဖိုးအခနှင့်အညီ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုတန်ဖိုးထားရပါမည်။

ကျွန်ုပ်တို့သည် နိမ့်ကျသောအဆင့်အတန်းသို့တက်လှမ်းခြင်းဖြင့် ကျေနပ်တင်းတိမ်ခြင်းမရှိပါနှင့်၊ ကျွန်ုပ်တို့ရောက်နိုင်သည့်အဆင့်၊ ဘုရားသခင်အလိုတော်ရှိတော်မူသည့်အဆင့်သို့ ကျွန်ုပ်တို့မတက်လှမ်းရသေးပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုစဉ်းစားဆင်ခြင်တတ်သောဉာဏ်ပညာအစွမ်းကိုပေးထားတော်မူပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ငြိမ်သက်စွာနေထိုင်ခြင်း၊ (သို့မဟုတ်) လောကနှင့်သက်ဆိုင်သောအရာများကိုသာကြိုးစားခြင်းမဟုတ်ဘဲ ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်မှုအတွက်လည်းကောင်း၊ ထိုဉာဏ်ပညာကို သန့်ရှင်းစင်ကြယ်မွန်မြတ်စေရန်လည်းကောင်း ကျွန်ုပ်တို့အစွမ်းကုန်ကြိုးစားရပါမည်။



ကျွန်ုပ်တို့သည် အခြားသူများ၏အုပ်ထိန်းမှုအောက်၌ရှိသော သက်မဲ့စက်ကိရိယာများကဲ့သို့မဖြစ်စေရပါ။ ဘုရားသခင်က ကျွန်ုပ်တို့ကိုစဉ်းစားဆုံးဖြတ်နိုင်သောဉာဏ်ပညာကိုပေးထားတော်မူပြီး ကျွန်ုပ်တို့သည် ဂရုတစိုက်ကြိုးစားလုပ်ဆောင်လျက် ဘုရားသခင်ထံမှဉာဏ်ပညာကိုတောင်းခံခြင်းဖြင့် ဘုရားသခင်ပေးအပ်ထားသည့်တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်သွားနိုင်ပါလိမ့်မည်။ ဘုရားသခင်ပေးအပ်ထားတော်မူသည့်အစွမ်းများ၌ရပ်တည်လျက် အခြားသူ၏အရိပ်မဖြစ်ပါစေနှင့်။ ဘုရားသခင်သည် သင်၌လည်းကောင်း၊ သင်ဖြင့်လည်းကောင်း လုပ်ဆောင်တော်မူလိမ့်မည်ကို ယုံကြည်လျက်မျှော်လင့်ပါ။

သင်၌ဉာဏ်ပညာအလုံအလောက်ရှိပြီး ဆက်လက်ကြိုးစားရန်မလိုဟု မိမိကိုယ်ကိုဘယ်တော့မှမအောက်မေ့ပါနှင့်။ လူတစ်ဦး၏ပြုပြင်ထားသည့်သူ၏စိတ်သဘောထားက သူ၏အဆင့်အတန်းကိုဖော်ပြနေပါသည်။ သင်သည်အသက်ရှင်နေသမျှ ပညာကိုဆက်လက်လေ့လာသွားပြီး သင်ရရှိထားသည့်ပညာအတွေ့အကြုံတို့ကို နေ့စဉ်ပြန်လည်အသုံးချပြီးလုပ်ဆောင်သွားရပါမည်။

သင်သည် မည်သည့်ရာထူးကိုထမ်းဆောင်နေစေကာမူ သင်သည်ရည်မှန်းချက်များကိုဖော်ထုတ်နေပြီး အမှုအကျင့်ဖွံ့ဖြိုးတိုးတက်မှုကိုလုပ်ဆောင်နေသည်ကိုမှတ်ပါ။ သင်သည်မည်သည့်အလုပ်ကိုပြုလုပ်စေကာမူ ဉာဏ်အမြော်အမြင်စနစ်တကျလုပ်ဆောင်ပါ။ အလွယ်လမ်းကိုလိုက်လိုသောစိတ်ကိုအနိုင်ယူပါ။

မိမိ၏နေ့စဉ်လုပ်ငန်းဆောင်တာများကိုလုပ်ဆောင်ရာတွင် ထားရှိသည့်စိတ်နေသဘောထားက မိမိအသက်တာတစ်ခုလုံး၌လည်း ထင်ရှားပါလိမ့်မည်။ မိမိ၏လုပ်ငန်းများကိုပုံသေသတ်မှတ်၍ လစာကိုလည်းပုံသေသတ်မှတ်ကာ အခြေအနေနှင့်ကိုက်ညီရန်လည်းကောင်း၊ လေ့ကျင့်သင်ကြားခြင်းဖြင့်လည်းကောင်း မပြောင်းလဲလိုသောသူတို့သည် အမှုတော်ကိုဆောင်ရန် ဘုရားသခင်ဆင့်ခေါ်ထားတော်မူသည့်သူများမဟုတ်ပါ။ မိမိတို့၏ကိုယ်ကာယစိတ်ဝိညာဉ်တို့၏ခွန်အားကို အနည်းငယ်မျှသာအသုံးပြုရန် အစဉ်ကြိုးစားနေသူသည် ဘုရားသခင်၏ကောင်းချီးများကိုခံစားထိုက်သောသူများမဟုတ်ပါ။ သူတို့ဖော်ပြနေသည့်စံနမူနာသည် ကူးစက်လွယ်ပါသည်။ သူတို့သည် မိမိအလိုကိုသာဆောင်ရွက်လိုသူများဖြစ်ကြပါသည်။ အမြဲကြည့်ရှုစစ်ဆေးရန်လိုသူများ၊ သီးသန့်တာဝန်များကိုသာဆောင်လိုသူများအပေါ်တွင် ဘုရားသခင်က "သစ္စာရှိသောငယ်သားကောင်း" ဟု မည်သည့်အခါမျှပြောဆိုမည်မဟုတ်ပါ။ သစ္စာရှိပြီး ဉာဏ်ပညာထက်မြက်သူများ၊ သတိနှင့်အားထုတ်မှုရှိပြီးကျရာတာဝန်ကိုထမ်းဆောင်ရန် အဆင့်သင့်ရှိသောအမှုတော်ဆောင်များလိုအပ်နေပါသည်။

လူအမြောက်အမြားသည် မအောင်မြင်မည်ကိုစိုးရိမ်သောကြောင့် ကျရောက်သောတာဝန်များကိုရှောင်ရှားခြင်းဖြင့် ဆုတ်ယုတ်နေကြပါသည်။ ထို့ကြောင့် စာတွေ့အတွေ့အကြုံဖြင့်မရရှိနိုင်သောအတွေ့အကြုံများကို သူတို့သည်ဆုံးရှုံးလျက်ရှိပါသည်။

လူသည်အခြေအနေကိုပြုပြင်ဖန်တီးနိုင်သော်လည်း အခြေအနေကလူကိုပြုပြင်ဖန်တီးခြင်းအား ခွင့်မပြုသင့်ပါ။ ကျွန်ုပ်တို့သည် အခြေအနေကိုအသုံးပြု၍ မိမိတို့၏လုပ်ငန်းများကိုလုပ်ဆောင်သွားရပါမည်။ ကျွန်ုပ်တို့သည် အခြေအနေကိုအနိုင်ယူရပါမည်။ အခြေအနေက ကျွန်ုပ်တို့ကိုအနိုင်ယူခြင်းမရှိစေရပါ။

ခွန်အားထက်မြက်သောသူများသည် ဆန့်ကျင်တိုက်လှန်ခြင်းအမျိုးမျိုးကို အလူးအလိမ့်ခံခဲ့ရသူများဖြစ်ပါသည်။ သူတို့သည် မိမိတို့၏ခွန်အားများ



ကိုအသုံးပြုလျက် အခက်အခဲများကိုအောင်မြင်ကျော်လွှားခဲ့သောကြောင့် အပြုသဘောဆောင်သည့်ကောင်းချီးများကို ရရှိခံစားကြရပါသည်။ သူတို့သည် မိမိကိုယ်ကိုယုံကြည်မှုပိုမိုရှိလာပါသည်။ အခက်အခဲများနှင့်ဆန့်ကျင်တိုက်ခိုက်မှုများနှင့်ရင်ဆိုင်လာရသောအခါ ဘုရားသခင်ကိုပိုမိုယုံကြည်လာပြီး ခွန်အားတိုးကာ ခိုင်မာပြတ်သားမှုလည်းတိုးပွားလာပါသည်။

သခင်ခရစ်တော်က ပေါ့ပျက်စွာလုပ်ဆောင်တော်မူခြင်းမရှိခဲ့ပါ။ ကိုယ်တော်သည် လူသားများ၏ကောင်းစားရေးအတွက် မိမိ၏အချိန်၊ ကိုယ်စိတ်နှလုံးတို့ကိုပေးအပ်ထားတော်မူခဲ့ပါသည်။ နေ့အချိန်၌ပင်ပန်းကြီးစွာလုပ်ဆောင်တော်မူလျက် အမှုတော်ကိုပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်နှင့် ခွန်အားပိုမိုရရှိရန် ညဥ့်အချိန်တွင်အချိန်ကြာမြင့်စွာဆုတောင်းတော်မူခဲ့ပါသည်။ လူသားများကိုကယ်တင်ရန်ကြွဆင်းလာတော်မူခဲ့သည့်သခင်သည် မိမိ၏အမှုတော်အောင်မြင်စေရန်၊ မိမိအားဆန့်ကျင်တိုက်လှန်နေသည့်ရန်သူများကိုအောင်နိုင်ရန်နှင့် မိမိ၏လူဇာတိကိုခွန်အားတောင့်တင်းစေရန်အတွက် ကိုယ်တော်သည် မျက်ရည်များကျလျက် ဆုတောင်းတော်မူခဲ့ပါသည်။ ထို့ကြောင့် မိမိ၏အမှုတော်ဆောင်များကို ကိုယ်တော်က "ငါသည်သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ" (ယောဟန် ၁၃း၁၅) ဟုမိန့်တော်မူခဲ့ပါသည်။

ပေါလုက "ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏" (၂ကော ၅း၁၅)။ ဤအချက်သည် သူ၏အမှုတော်အတွက် အဓိကဆင့်ဆော်ချက်နှင့်တန်ခိုးတော်ဖြစ်ခဲ့ပါသည်။ သူသည်အားနည်းလာသောအခါ လက်ဝါးကပ်တိုင်ကိုတစ်ချက်လေးမျှကြည့်ရုံနှင့် သူ၏စိတ်နှလုံးကိုခါးပန်းစည်း၍ မိမိ၏အလိုကိုငြင်းပယ်သောလမ်းစဉ်ပေါ်၌ ဆက်လက်လျှောက်လှမ်းသွားနိုင်ခဲ့ပါသည်။ မိမိ၏ညီအစ်ကိုများအတွက် အမှုတော်ကိုဆောင်စဉ်တွင် ပေါလုက သခင်ခရစ်တော်၏စွန့်ကြဲတော်မူသည့် မွန်မြတ်သောမေတ္တာအပေါ်တွင်အားကိုးလျက် ထိုမေတ္တာတော်၏ပြောင်းလဲပြုပြင်နိုင်သောတန်ခိုးကို မှီခိုအားထားခဲ့ပါသည်။

ထိုကြောင့် သူ၏သက်သေခံချက်သည် အလွန်စိတ်နှလုံးထိခိုက်လွယ်ပါသည်။ "ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည်စည်းစိမ်းရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏" (၂ကော ၈း၉)။ သခင်ခရစ်တော်စွန့်လွှတ်ခဲ့သောအရာများနှင့် လူသားတို့ကိုကယ်တင်ရန်ဆင်းသက်ခဲ့ရသည့် အနိမ့်ဆုံးသောအဆင့်ကို သင်တို့သိပါသည်။ ကိုယ်တော်သည် စွန့်ကြဲခြင်းလမ်းပေါ်၌တက်လှမ်းတော်မူ၍ အသက်ကိုပင်စွန့်သည်တိုင်အောင် ပေးဆပ်ခဲ့ပါသည်။ ကောင်းကင်ပလ္လင်နှင့်လက်ဝါးကပ်တိုင်ကြားတွင် သခင်ခရစ်တော်အတွက် သက်သာရာမရှိခဲ့ပါ။ ကိုယ်တော်သည် လူသားတို့ကိုအလွန်ချစ်တော်မူ၍ လူသားများအတွက် ခက်ခဲမှုအမျိုးစုံကို ခံတော်မူခဲ့ပါသည်။

ပေါလုက ကျွန်ုပ်တို့အား "ကိုယ့်အမှုအရာကိုသာမရှုဘဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့။" ဆက်လက်၍ "ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူ၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဘုန်းအင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏" (ဖိလိပ္ပိ ၂း၄–၈)။

လူအများက သခင်ခရစ်တော်၏နှိမ့်ချတော်မူခြင်းကို သိရှိနားလည်ရန် ပေါလုသည် အလွန်စိတ်ပြင်းပြခဲ့ပါသည်။ ကောင်းကင်နိုင်ငံတော်၏သခင်သည် အံ့ဩဖွယ်သောစွန့်လွှတ်ခြင်းကို လူသားတို့သိရှိနားလည်လာသောအခါ သူတို့သည် မိမိတို့၏စိတ်နှလုံးထဲမှကိုယ်ကျိုးရှာလိုသောစိတ်ဓာတ်များ ကွယ်ပျောက်သွားလိမ့်မည်ဟု သူယုံကြည်ပါသည်။ လူသားတို့ကိုကယ်တင်ရန်ဆင်းသက်ခဲ့တော်မူသည့် သခင်ခရစ်တော်၏ဖြစ်ရပ်တော်ကို



တစ်ဆင့်ပြီးတစ်ဆင့်ဖော်ပြခြင်းဖြင့် လူ၏စိတ်နှလုံးထဲသို့စိမ့်ဝင်သွားရန် ပေါလုအလိုရှိခဲ့ပါသည်။ ကောင်းကင်ဘုံခမည်းတော်၏ရင်ခွင်၌ရှိတော်မူခဲ့သည့် ခရစ်တော်၏ရာထူးကို ရှေးဦးစွာဖော်ပြတော်မူပြီးမှ လူသားတို့ကိုကယ်တင်ရန် မိမိ၏ဘုန်းစည်းစိမ်ကိုစွန့်ပြီးနောက် အစေခံကျွန်၏အရာကိုခံယူကာ လက်ဝါးကပ်တိုင်ပေါ်တွင် အရက်စက်ဆုံးသောအသေခံခြင်းမျိုးဖြင့် မိမိအသက်ကိုစွန့်တော်မူခဲ့သည့်အကြောင်းကို သူဆက်လက်၍ဖော်ပြတော်မူခဲ့ပါသည်။ ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာတော်ကိုသိရှိလျက်နှင့် ကိုယ်တော်ကိုပြန်လည်ကျေးဇူးတင်ချစ်တုံ့ပြန်လိုသောစိတ်၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိမပိုင်သည့် အသိတရားဖြင့်မတုံ့ပြန်ဘဲ မည်ကဲ့သို့နေနိုင်ပါမည်နည်း။ ထိုကဲ့သို့သောသခင်ကိုတွန့်ဆုတ်လျက် တစ်ကိုယ်ကောင်းဆန်သောစိတ်တို့ဖြင့် ကျွန်ုပ်တို့မကိုးကွယ်ထိုက်ပါ။

"ပေတရုက "ရွှေငွေအစရှိသောဖောက်ပြန်ပျက်စီးတတ်သောဥစ္စာနှင့်သင်တို့ကိုရွေးတော်မူသည်မဟုတ်" (၁ပေ ၁း၁၈) ဟုဆိုထားပါသည်။ အကယ်၍ဤအရာများဖြင့် လူကိုကယ်တင်နိုင်ပါက "ရွှေနှင့်ငွေကိုငါပိုင်သည်" ဟုမိန့်တော်မူခဲ့သည့်သခင်အတွက် မည်မျှလွယ်ကူပါမည်နည်း။ သို့သော်လည်း ဘုရားသခင့်သားတော်၏အသွေးအားဖြင့်သာ လူကိုကယ်တင်နိုင်ပါသည်။ သူတို့အတွက်ပေးဆပ်ခဲ့သည့်အဖိုးအခကိုကျေးဇူးတုံ့ပြန်၍ ကိုယ်တော်၏အမှုတော်တွင် မိမိကိုယ်ကိုအသုံးမပြုနိုင်သောသူတို့သည် မိမိတို့၏တစ်ကိုယ်ကောင်းဆန်သောစိတ်၌ပင် ပျက်စီးခြင်းသို့ရောက်ပါလိမ့်မည်။

## ရည်မှန်းချက်ခိုင်မာခြင်း

သခင်ခရစ်တော်၏အသက်တာတွင် အခြားအရာများထက် မိမိ၏ရည်မှန်းချက်ဖြစ်တော်မူသည့် လူသားတို့အားကယ်တင်ခြင်းကိုသာ အဓိကထားတော်မူခဲ့ပါသည်။ ကိုယ်တော့်တပည့်တော်များတွင်လည်း ထိုကဲ့သို့ဆက်ကပ်အပ်နှံခြင်း၊ စိတ်အလိုကိုငြင်းပယ်၍စွန့်လွှတ်ခြင်း၊ ဘုရားသခင့်နှုတ်ထွက်စကားတော်ကို လိုက်လျှောက်ခြင်းတို့ရှိရပါမည်။

သခင်ခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်သူအဖြစ်လက်ခံသောသူသည် ဘုရားသခင်၏အမှုတော်တွင်ပါဝင်ရန် စိတ်ပြင်းပြပါလိမ့်မည်။ ကောင်းကင်နိုင်ငံတော်မှ သူ့အတွက်ပြုလုပ်ပေးတော်မူသည့်အရာများကိုသိရှိလျက် သူ၏စိတ်နှလုံးထဲတွင်ကျေးဇူးတုံ့ပြန်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့သည် အတိုင်းမသိလှုပ်ရှားလာပါသည်။ ဘုရားသခင်၏အမှုတော်၌ သူ၏အစွမ်းအစများကိုအသုံးပြုလျက် သူ၏ကျေးဇူးတင်ခြင်းကိုဖော်ပြလိုပါသည်။ သခင်ခရစ်တော်အတွက်လည်းကောင်း၊ ကိုယ်တော်၏အသွေးတော်အားဖြင့်ဝယ်ယူထားသည့် ပိုင်ဆိုင်မှုအတွက်လည်းကောင်း သူ၏ချစ်ခြင်းမေတ္တာကိုဖော်ပြလိုပါသည်။ သူသည်ဘုရားသခင်အတွက် ပင်ပန်းဆင်းရဲခြင်း၊ အခက်အခဲများနှင့်စွန့်လွှတ်ခြင်းတို့ကို လိုချင်တပ်မက်လာပါသည်။

ဘုရားသခင်၏သစ္စာရှိသောအမှုတော်ဆောင်သည် အမှုတော်၌အစွမ်းကုန်ကြိုးစားလျက် လုပ်ဆောင်ပါလိမ့်မည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် သူသည် မိမိသခင်၏ဘုန်းတော်ကိုချီးမွမ်းပါသည်။ သူသည် ဘုရားသခင်၏အလိုတော်နှင့်ကိုက်ညီရန် အမှန်တရားကိုလုပ်ဆောင်ပါလိမ့်မည်။ မိမိကိုယ်ကိုအစွမ်းပိုမိုထက်မြက်လာရန်အတွက် သူကြိုးစားလုပ်ဆောင်လာပါလိမ့်မည်။ သူသည်အရာရာကိုဘုရားသခင်အတွက် ရည်မှန်း၍လုပ်ဆောင်ပါလိမ့်မည်။ သူ၏တစ်ခုတည်းသောစိတ်မှာ သခင်ခရစ်တော်ကိုကိုးကွယ်ရန်နှင့် ကိုယ်တော်၏အမှုတော်ကိုပြည့်စုံစွာဆောင်ရွက်ရန်သာဖြစ်ပါသည်။

ပန်းချီကားချပ်တစ်ခုတွင် နွားတစ်ကောင်သည် ထွန်တုံးနှင့်ပလ္လင်၏အလယ်တွင်ရပ်နေပြီး အောက်ခြေတွင်စာတန်းထိုးထားသည်မှာ "နှစ်ခုစလုံးအတွက်အဆင်သင့်ဖြစ်ပါသည်။" နွားသည်လယ်၌ထွန်ရန်အဆင်သင့်ဖြစ်သကဲ့သို့ ပလ္လင်ပေါ်၌အပူဇော်ခံရန်အဆင်သင့်ဖြစ်နေပါသည်။ ဘုရားသခင်၏သားသမီးတိုင်းသည်လည်း ထိုကဲ့သို့ရှိရပါမည်။ သူတို့သည် မိမိ၏ကျရာတာဝန်ကိုထမ်းဆောင်ရန်နှင့် မိမိတို့၏အလိုကိုငြင်းပယ်၍ ကယ်တင်ပိုင်သူအတွက်စွန့်လွှတ်ရန် အဆင်သင့်ရှိရပါမည်။

---ooo---



အခန်း (၄၃)

# သာလွန်သောအတွေ့အကြုံများ

ကျွန်ုပ်တို့အသက်တာတွင် သခင်ခရစ်တော်နှင့်အတူ အမြဲတမ်းသန့်ရှင်းရန်လိုအပ်ပါသည်။ ကိုယ်တော်၏သွန်သင်ချက်များကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ လက်တွေ့ကျင့်သုံးရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုသိကျွမ်းရာတွင်လည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်တွင်လည်းကောင်း အစဉ်ကြီးပွားရန် ဘုရားသခင်အလိုတော်ရှိပါသည်။ "အထက်သို့တက်လာပါ၊ သန့်ရှင်းပါ၊ သာ၍သန့်ရှင်းပါ" ဟူသော ဘုရားသခင်၏ဖိတ်ခေါ်တော်မူသည့် ဘုရားသခင်၏အသံတော်ကို ကိုယ်တော်၏ပညတ်ချက်များတွင် ကြားယောင်နိုင်ပါသည်။

သခင်ခရစ်တော်၏အမှုတော်တွင်ပါဝင်နေသူများသည် အခြားသူမြောက်မြားစွာတို့ထက် သာ၍မြင့်မားနက်ရှိုင်းကျယ်ပြန့်သောအတွေ့အကြုံများကို လိုအပ်နေပါသည်။ လူများစွာတို့သည် ဘုရားသခင်၏မိသားစုတွင်ပါဝင်နေကြသော်လည်း သူတို့သည် ဘုရားသခင်၏ဘုန်းတော်ကိုသိရှိလျက် ထိုဘုန်းတန်ခိုးတော်အားဖြင့်ပြောင်းလဲခြင်းကို ယခုတိုင်ခံစားခြင်းမရှိသေးပါ။ လူများစွာတို့သည် သခင်ခရစ်တော်၏အကြောင်းကို အနည်းငယ်သာသိရှိလျက် ထိုအသိတရားကြောင့် သူတို့သည် ဝမ်းမြောက်လျက်ရှိကြပါသည်။ သူတို့သည် ကယ်တင်ပိုင်သူ၏ချစ်ခြင်းမေတ္တာတော်အကြောင်းကို မြွက်ဆိုလျက်ရှိပါသည်။ ဤသူတို့၏စိတ်ထားပြင်းပြမှုကို မယုတ်လျော့စေပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပုံသွင်းတော်မူခြင်းကို လက်ခံသောသူတို့ကိုသာ သန့်ရှင်းသောဝိညာဉ်တော်က ပြုပြင်တော်မူပါလိမ့်မည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်စပ်ဆိုင်သည့် အတွေးအခေါ်များတွင်မွေ့လျော်ခြင်းရှိပါ။ ဘုရားသခင့်ဘုန်းတော်၏တက်သစ်စအရုဏ်ဦးအလင်းတော်ကိုသာ သင်တွေ့ရှိပါသေးသည်။ သင်သည် ထိုလမ်းအတိုင်းဆက်လျှောက်၍ ဘုရားသခင်ကိုပိုမိုသိရှိလာသောအခါ သင်သည် "ဖြောင့်မတ်သောသူတို့၏လမ်းသည်

တက်သောအရုဏ်ကဲ့သို့ဖြစ်၍ နေထွက်သည့်တိုင်အောင်တိုးပွားထွန်းလင်းတတ်၏" (သုတ္တံ ၄း၁၈) ကိုသိရှိလာပါလိမ့်မည်။

သခင်ခရစ်တော်ကလည်း "သင်တို့၌ငါ၀မ်းမြောက်စရာအကြောင်းတည်စေခြင်းငှာလည်းကောင်း၊ သင်တို့၀မ်းမြောက်စရာအကြောင်းစုံလင်စေခြင်းငှာလည်းကောင်း ဤစကားကိုသင်တို့အားငါဟောပြော၏" (ယောဟန် ၁၅း၁၁) ဟုမိန့်တော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် မိမိပြုတော်မူသည့် အမှုတော်၏အသီးအပွင့်များကိုသိတော်မူလျက် ဤလောက၌ရှိစဉ် အသက်တာ၌ခက်ခဲပင်ပန်းပြီး စွန့်လွှတ်ခြင်းများရှိသော်လည်း ကိုယ်တော်က မိမိ၏လုပ်ဆောင်တော်မူချက်တို့သည် အချည်းနှီးမဟုတ်သည်ကို သိတော်မူခဲ့ပါသည်။ လူသားတို့အတွက် အသေခံတော်မူခြင်းဖြင့် လူသားတို့တွင် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ပြန်လည်ပေါ်ထွန်းလာတော်မူလိမ့်မည်ကို ကိုယ်တော်သိတော်မူပါသည်။ ကျွန်ုပ်တို့ကို မြေမှုန့်မှပြန်လည်ဆယ်ယူတော်မူ၍ ကိုယ်တော်၏အသက်တော်နှင့်အညီ ပြန်လည်ပြုပြင်တော်မူပြီး ကိုယ်တော်၏ဘုန်းတော်ဖြင့် လုပစေတော်မူပါလိမ့်မည်။

သခင်ခရစ်တော်သည် မိမိခံစားရမည့်လုပ်ဆောင်မှုရလဒ်များကိုကြည့်လျက် ၀မ်းမြောက်တော်မူခဲ့ပါသည်။ ကိုယ်တော်သည် ထာ၀ရကာလတစ်လျှောက်လုံးကိုမျှော်ကြည့်လျက် ကိုယ်တော်၏နှိမ့်ချတော်မူခြင်းကြောင့် အပြစ်ဖြေလွှတ်ခြင်းနှင့် ထာ၀ရအသက်ကိုရရှိမည့်သူတို့၏ကျေနပ်၀မ်းမြောက်မှုကို သိမြင်တော်မူခဲ့ပါသည်။ သူတို့၏အပြစ်များအတွက် ကိုယ်တော်သည် ထိခိုက်ပွန်းပဲ့ဒဏ်ရာရတော်မူခဲ့ပါသည်။ ကိုယ်တော်သည် သူတို့၏အပြစ်ဒဏ်များအတွက်ကျခံတော်မူခဲ့ရပြီး ကိုယ်တော်၏ဒဏ်ရာဒဏ်ချက်တော်များအားဖြင့် သူတို့သက်သာမှုကိုရခဲ့ကြပါသည်။ ကယ်တင်ခြင်းခံခဲ့ရသောသူတို့၏၀မ်းမြောက်စွာကြွေးကြော်သံကို ကိုယ်တော်ကြားတော်မူခဲ့ရပါသည်။ ကယ်တင်ခြင်းခံရသောသူတို့သည် မောရှေနှင့်သိုးသငယ်၏သီချင်းဆိုသံကိုလည်း ကိုယ်တော်ကြားတော်မူခဲ့ရပါသည်။ ကိုယ်တော်သည် အသွေးတော်



၌နစ်ခြင်းကို အဦးဆုံးခံရပြီး အပြစ်မဲ့သောကိုယ်တော်၏စိတ်နှလုံး၌ ဤလောကတစ်ခုလုံး၏အပြစ်၀န်ထုပ်ကြီးပိနေသော်လည်း နှုတ်ဖြင့်မဖော်ပြနိုင်သောခံစားမှု၏အရိပ်မည်းကြီးထိုးနေသော်လည်း နောင်ကာလ၌၀မ်းမြောက်ခြင်းအတွက် ကိုယ်တော်သည် လက်၀ါးကပ်တိုင်၏အရှက်ကွဲခြင်းကို လက်ခံတော်မူခဲ့ပါသည်။

ကိုယ်တော်၏တပည့်တော်များသည်လည်း ထို၀မ်းမြောက်ခြင်းကိုမျှဝေခံစားရန်လိုအပ်ပါသည်။ နောင်ကာလသည် မည်မျှ၀မ်းမြောက်ရွှင်လန်းစရာကောင်းစေကာမူ ဘုရားသခင်၏နောက်ဆုံးကယ်တင်တော်မူခြင်းအမှုပြီးသည့်အတိုင်းစောင့်ဆိုင်းစရာမလိုဘဲ ယခု၌ပင်ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏၀မ်းမြောက်ခြင်း၌ ၀င်စားနိုင်ကြပါသည်။ မောရှေကဲ့သို့ပင် မမြင်နိုင်သောနောင်ရေးကိုမျှော်ကြည့်လျက် ခိုင်မြဲစွာရပ်တည်သွားရပါမည်။

အသင်းတော်ကြီးသည် ယခုအခါတွင်တက်ကြွနေပါသည်။ ကျွန်ုပ်တို့၏ရှေ့တွင် ခရစ်ယာန်ဘာသာရေးဖောက်ပြန်မှုများဖြင့် အမှောင်လွှမ်းနေသောကမ္ဘာကြီးက ကာဆီးထားပါသည်။ သို့သော်လည်း ရင်ဆိုင်တိုက်လှန်ပြီး အောင်မြင်သည့်နေ့ရက်ရောက်လာပါလိမ့်မည်။ ဘုရားသခင်၏အလိုတော်သည် ကောင်းကင်၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်းပြည့်စုံပါလိမ့်မည်။ ကယ်တင်ခြင်းခံရသူအပေါင်းတို့သည် ဘုရားသခင်၏ပညတ်တော်များမှလွဲ၍ အခြားပညတ်တော်များကိုမသိကြပါ။ သူတို့အားလုံးသည် ဘုန်းတော်ကိုချီးမွမ်းခြင်း၊ ကျေးဇူးတင်ခြင်းဖြင့်ပြည့်လျှံနေပြီး အလွန်ပျော်ရွှင်ဖွယ်ကောင်းသောမိသားစုကြီးဖြစ်ပါလိမ့်မည်။ သူတို့ကို သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်း၀တ်ရုံက ရစ်ပတ်လွှမ်းခြုံထားပါလိမ့်မည်။ အလွန်လှပတင့်တယ်သော သဘာ၀လောကကြီးတစ်ခုလုံးသည် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းပါလိမ့်မည်။ ဤလောကတစ်ခုလုံးကို ကောင်းကင်၏အလင်းရောင်ခြည်ကလွှမ်းခြုံထားပြီး လ၏အလင်းရောင်သည် နေကဲ့သို့တောက်ပ၍ နေမင်းသည်ယခုထက်ခုနစ်ဆပို၍တောက်ပပါလိမ့်မည်။ ၀မ်းမြောက်ခြင်းနှင့်အတူ အချိန်များကုန်ဆုံးသွားပါလိမ့်မည်။ ဤလှပနှစ်လိုဖွယ်ကောင်း

သောအဖြစ်အပျက်ကြောင့် နံနက်မိုးသောက်ကြယ်တို့နှင့်တကွ ဘုရားသခင်၏သားတို့သည် ဝမ်းမြောက်စွာကြွေးကြော်တော်မူလျက် ခမည်းတော်နှင့်သခင်ခရစ်တော်တို့ကလည်း "အပြစ်သည် နောက်တစ်ဖန်မရှိရ၊ သေခြင်းတရားသည်လည်းမရှိရ" ဟု အတူတကွမိန့်တော်မူပါလိမ့်မည်။ ဤနောင်ရေးအဖြစ်အပျက်များ၊ ဘုရားသခင်၏လက်တော်အားရေးဆွဲတော်မူသည့်ပန်းချီကားများသည် သူ၏သားသမီးများအတွက် အလွန်အဖိုးထိုက်တန်ပါသည်။

ယခုဘဝတွင် သခင်ခရစ်တော်နှင့်အတူပူးပေါင်းလုပ်ဆောင်၍ သခင်ခရစ်တော်အတွက် ခက်ခဲဆင်းရဲခြင်းခံရသည်ကို အထူးအခွင့်အရေးအဖြစ်မှတ်သောသူတို့ရရှိမည့်ကြိုဆိုခြင်းကိုမျှော်ကြည့်၍ မြင်ယောင်နိုင်ပါသည်။ ထိုသူတို့သည် ကောင်းကင်တမန်များနှင့်အတူ ကယ်တင်ပိုင်သူ၏ခြေတော်ရင်း၌ မိမိတို့၏သရဖူများကိုချွတ်လျက် "အသေသတ်ခြင်းကိုခံခဲ့ရပြီးသောသိုးသငယ်သည် တန်ခိုးစည်းစိမ်၊ ပညာ၊ အစွန်းခွန်အား၊ တန်ခိုးတော်၊ ဘုန်း၊ ကောင်းချီးကိုခံထိုက်တော်မူ၏။---ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသငယ်သည် ကမ္ဘာအဆက်ဆက်ကောင်းချီး၊ ဂုဏ်အသရေ၊ ဘုန်း၊ အစွမ်းခွန်အားရှိတော်မူစေသတည်း။ ဗျာဒိတ် ၅း၁၂၊၁၃ ဟုသီဆိုကြပါလိမ့်မည်။

ထိုအချိန်တွင် သန့်ရှင်းသူတို့သည် မိမိတို့ကိုကယ်တင်ပိုင်သူထံလမ်းပြခဲ့သူများကို လိုက်လံနှုတ်ဆက်ပါလိမ့်မည်။ ဘုရားသခင်၏ထာဝရအသက်နှင့် ထပ်တူထပ်မျှခံစားနိုင်ရန်အတွက် အသေခံတော်မူခဲ့သည့်သခင်၏ဘုန်းတော်ကို သူတို့ချီးမွမ်းပါလိမ့်မည်။ အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးသည် ပြီးဆုံးခဲ့ပါပြီ။ ဆန့်ကျင်တိုက်လှန်မှုများနှင့်ခက်ခဲမှုများလည်းပြီးဆုံးခဲ့ပါပြီ။ ဘုရားသခင်၏ပလ္လင်တော်ကိုဝန်းရံလျက် ကယ်တင်ခြင်းခံရသူတို့၏အောင်မြင်မှုတေးသီချင်းများက ကောင်းကင်၌ပြည့်လျှံနေပါသည်။ အားလုံးကဝမ်းမြောက်စွာဖြင့် "အသေသတ်ခြင်းခံခဲ့ရသည့်သိုးသငယ်သည်



အလွန်ကြီးမြတ်ပါ၏။ ကျွန်ုပ်တို့ကိုဘုရားသခင်ထံသို့ကယ်တင်တော်မူခဲ့ပြီ" ဟုကြွေးကြော်ကြပါလိမ့်မည်။ "ငါကြည့်လျှင် အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍ အဘယ်သူမျှမရေတွက်နိုင်သောလူများအပေါင်းတို့သည် ဖြူသောဝတ်ရုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကိုကိုင်လျက် ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏။ သူတို့ကလည်း ပလ္လင်ပေါ်မှာထိုင်တော်မူသော ငါတို့၏ဘုရားသခင်နှင့်သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေသတည်း" (ဗျာဒိတ် ၇း၉၊၁၀) ဟုဆိုကြပါလိမ့်မည်။ "ဤသူတို့သည် ကြီးစွာသောဆင်းရဲအထဲကထွက်မြောက်၍ မိမိတို့ဝတ်ရုံကို သိုးသငယ်၏အသွေး၌လျှော်၍ ဖြူစေသောသူဖြစ်ကြသတည်း။ ထိုကြောင့် ဘုရားသခင်၏ပလ္လင်တော်ရှေ့မှာနေရာကိုရ၍ ဗိမာန်တော်၌ဘုရားသခင်ဝတ်ကို နေ့ညဉ့်မပြတ်ပြုရကြ၏။ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူသည် သူတို့တွင်တည်ရှိတော်မူမည်။ သူတို့သည် နောက်တစ်ဖန်ရေစာကိုမငတ်မွတ်ရကြ။ နေရောင်ခြည်အလျှင်းမထိရ၊ အဘယ်အပူကိုမျှမခံရကြ။ အကြောင်းမူကား၊ ပလ္လင်တော်အတွင်း၌ရှိသောသိုးသငယ်သည် သူတို့ကိုလုပ်ကျွေး၍ အသက်စမ်းရေတွင်းသို့လမ်းပြလိမ့်မည်။ ဘုရားသခင်သည်လည်း သူတို့မျက်စိ၌မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်ဟုဆိုလေ၏။" "ဘုရားသခင်သည် သူတို့၏မျက်စိ၌မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တစ်ဖန်သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည် ရွေ့သွားကြပြီ" (ဗျာဒိတ် ၇း၁၄-၁၇။ ၂၁း၄)။

ကျွန်ုပ်တို့ယခုမမြင်ရသေးသည် ဤအဖြစ်အပျက်များကို အမြဲတမ်းအာရုံပြုရပါမည်။ သို့မှသာထာဝရအသက်နှင့်ဆိုင်သောအရာများ၊ အချိန်ကာလနှင့်ဆိုင်သောအကြောင်းအရာများကို ကျွန်ုပ်တို့မှန်ကန်စွာတန်ဖိုးထားနိုင်ပါလိမ့်မည်။ သာ၍ကောင်းမွန်သောအသက်တာအတွက် အခြားသူများကိုလည်း သက်သေခံနိုင်သောတန်ခိုးတော်ကို ရရှိပါလိမ့်မည်။

## တောင်ပေါ်၌ဘုရားသခင်နှင့်အတူ

ဘုရားသခင်က ကျွန်ုပ်တို့တောင်ပေါ်သို့ခေါ်နေပါသည်။ မောရှေကို ဣသရေလတို့၏လွတ်မြောက်ရေးအတွက် အသုံးတော်မခံမီနှစ်ပေါင်း (၄၀) ကြာအောင် တောတောင်များတွင် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့စေတော်မူခဲ့ပါသည်။ ဖာရောဘုရင်ထံသို့စေလွှတ်ခြင်းမခံရမီတွင် မီးစွဲနေသည့်ချုံပုတ်၌ ကောင်းကင်တမန်နှင့်သူစကားပြောခဲ့ရပါသည်။ ဘုရားသခင်၏လူများကိုယ်စား ဘုရားသခင်ထံမှပညတ်တော်များကိုမလက်ခံမီ သူသည် တောင်ပေါ်၌ ဘုရားသခင်၏ဘုန်းတော်ကိုမြင်တွေ့ခွင့်ရခဲ့ပါသည်။ ဖောက်ပြန်သောသူများပေါ်သို့ တရားမစီရင်မီဘုရားသခင်က သူ့ကိုတောင်ကြားတွင်ဝှက်ထားတော်မူပြီး "ထာဝရဘုရား၏နာမတော်ကိုလည်း သင့်ရှေ့၌ငါကြွေးကြော်မည်။" "ချစ်သနားခြင်းမေတ္တာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်း----ပြစ်မှားခြင်းအပြစ်တို့ကိုဖြေလွှတ်သော်လည်း အချည်းနှီးသက်သက်ဖြေလွှတ်တော်မမူထသော---ဘုရားသခင်ဟုကြွေးကြော်တော်မူ၏" (ထွက်မြောက် ၃၃း၁၉။ ၃၄း၆၊၇)။ ထိုနောက် ဣသရေလတို့အတွက် သူလုပ်ရသည့်အမှုပြီးဆုံး၍ အသက်မသေဆုံးမီတွင် ဘုရားသခင်က မောရှေကိုပိသဂါတောင်ပေါ်သို့တက်စေလျက် ကတိတော်ထားရှိခဲ့သည့်နိုင်ငံကို သူ့ရှေ့၌ဖော်ပြတော်မူခဲ့ပါသည်။

တပည့်တော်များသည်လည်း မိမိတို့၏ခရစ်ယာန်သာသနာပြုခရီးဖြင့်မထွက်ခွာမီ ကိုယ်တော်နှင့်အတူတောင်ပေါ်သို့တက်လှမ်းခဲ့ရပါသည်။ ပင်တေကုတ္တေပွဲ၌ ဘုရားသခင်၏တန်ခိုးတော်ကိုမရရှိမီ တပည့်တော်များသည် သခင်နှင့်အထူးပွဲတော်ကိုလည်းကောင်း၊ ဂါလိလဲ၌ရှိသောတောင်ပေါ်တွင်စုရုံးခြင်းကိုလည်းကောင်း သံလွင်တောင်ပေါ်တွင် ကောင်းကင်တမန်များ၏ကတိတော်များဖြင့် မိမိတို့၏သခင်နှင့်ကွဲကွာခြင်းကိုလည်းကောင်း၊ အထက်ခန်းတွင်စုရုံးဆုတောင်းခြင်းကိုလည်းကောင်း သူတို့ကြုံတွေ့ခဲ့ရပါသည်။





အလွန်ကြီးမားသည့် စုံစမ်းနှောင့်ယှက်ခြင်းများနှင့်ရင်ဆိုင်ရမည့်အခါ၌လည်းကောင်း၊ အရေးကြီးသည့်အမှုတစ်ခုခုကိုလုပ်ဆောင်တော်မူမည့်အချိန်၌လည်းကောင်း သခင်ခရစ်တော်သည် တစ်ညတာလုံးဆုတောင်းလျက်ခမည်းတော်ထံမှခွန်အားယူတော်မူခဲ့ပါသည်။ တပည့်တော် (၁၂) ပါးကိုဘိသိက်မပေးမီတွင်လည်းကောင်း၊ တောင်ပေါ်တရားတော်ကိုမဟောကြားမီလည်းကောင်း၊ တောင်ပေါ်တွင်ဘုန်းတော်ကိုမထင်ရှားမီအခါတွင်လည်းကောင်း၊ တရားစီရင်မှုခံယူပြီး လက်ဝါးကပ်တိုင်ပေါ်သို့တက်ကာ ဘုန်းတော်ဖြင့်မထမြောက်တော်မူမီတွင်လည်းကောင်း ကိုယ်တော်သည်တစ်ညတာလုံးဆုတောင်းခြင်းဖြင့် အချိန်ကုန်လွန်စေခဲ့ပါသည်။

## ဆုတောင်းခြင်း၏အခွင့်အရေး

ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ရေးအားသစ်လောင်းရန်အတွက် ဆုတောင်းခြင်းနှင့်သမ္မာကျမ်းစာကိုစေ့စေ့မှတ်ရန် အချိန်ယူရပါမည်။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်းကိုထိုက်သင့်သလောက်တန်ဖိုးမထားကြပါ။ ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းက ဤလောကတွင်အခြားတန်ခိုးဖြင့်မစွမ်းဆောင်နိုင်သောအရာတို့ကို စွမ်းဆောင်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် ထပ်တူညီသောအခွင့်အရေးနှစ်ခုကိုကြုံခဲလှပါသည်။ အသက်တာတွင်စုံစမ်းနှောင့်ယှက်ခြင်းအသစ်များကိုအမြဲရင်ဆိုင်ရပြီး အတိတ်ကအတွေ့အကြုံများသည်မလုံလောက်ပါ။ ထို့ကြောင့် ဘုရားသခင်ထံမှအလင်းကို အမြဲတမ်းလိုအပ်နေပါသည်။

သခင်ခရစ်တော်၏စကားတော်ကို နားထောင်လိုသောသူများအားကိုယ်တော်သည် အမြဲတမ်းမိန့်မှာလျက်ရှိတော်မူပါသည်။ ဂေသရှေမန်အရပ်၌ အခက်ခဲဆုံးသောအဖြစ်အပျက်များရင့်ရင်ဆိုင်နေရတော်မူသည့်ညဉ့်၌ အိပ်ပျော်နေသည့်တပည့်တော်များသည် သခင်ခရစ်တော်၏အသံတော်ကို မကြားခဲ့ရပါ။ သူတို့သည် ကောင်းကင်တမန်ကိုရေးရေးလေးသာမြင်တွေ့ရပြီး ထိုအဖြစ်အပျက်၏ဘုန်းတော်နှင့်တန်ခိုးတော်ကို လွတ်သွားကြပါသည်။

သူတို့၏အိပ်ငိုက်မှုနှင့်ယောင်ရမ်းမှုတို့ကြောင့် မကြာမီတွင်ရင်ဆိုင်ရမည့် ခက်ခဲသောစုံစမ်းနှောင့်ယှက်ခြင်းတို့အတွက် သူတို့သည်ဝိညာဉ်ခွန်အားမရရှိခဲ့ကြပါ။ ထိုနည်းတူ ယနေ့ဘုရားသခင်၏သွန်သင်လမ်းပြမှုကိုလိုအပ်နေသူအများစုသည် ကောင်းကင်နှင့်အဆက်အသွယ်ပြတ်လပ်မှုကြောင့် ထိုတန်ခိုးကိုမရရှိနိုင်ကြပါ။

ကျွန်ုပ်တို့နေ့စဉ်ကြုံတွေ့ရင်ဆိုင်နေရသည့် စုံစမ်းနှောင့်ယှက်ခြင်းတို့ကြောင့် ဆုတောင်းရန်အလွန်လိုအပ်ပါသည်။ ကျွန်ုပ်တို့လမ်းခရီးတစ်လျှောက်တွင် ဘေးရန်များရှိပါသည်။ သူတစ်ပါးကိုအပြစ်မှကယ်တင်လိုသူများသည် စုံစမ်းနှောင့်ယှက်ခြင်းကိုအထူးရင်ဆိုင်နေရပါသည်။ အပြစ်နှင့်နီးကပ်စွာအမြဲနေသောကြောင့် ဘုရားသခင်ကိုအားကိုးခြင်းမပြုပါက သူတို့သည်လည်း အပြစ်ထဲ၌မြောပါသွားနိုင်ပါသည်။ အထက်သန့်ရှင်းရာအရပ်မှလူကိုပြုတ်ကျစေပြီး အပြစ်နွံထဲ၌နစ်စေသောလမ်းခရီးသည် အလွန်တိုတောင်းလှပါသည်။ တစ်ခဏတာ၏ဆုံးဖြတ်ခြင်းသည် လူတစ်ယောက်၏အသက်တာကို ထာဝရပြောင်းလဲသွားစေနိုင်ပါသည်။ ရင်ဆိုင်ခဲ့ရသည့်ဆုံးရှုံးမှုတစ်ခုစီတိုင်းက မိမိ၏စိတ်နှလုံးကိုပိုမိုအားလျော့စေပါသည်။ မအောင်မြင်ခဲ့သောအပြစ်တစ်ခုစီသည် နှောင်ကြိုးထဲ၌လူကိုပိုမိုတင်းကျပ်စွာချည်နှောင်ထားပါသည်။

လူများစွာတို့သည် အပြစ်၏နယ်ပယ်အတွင်းသို့ရောက်နေခြင်းသည် ဘုရားသခင်ကိုအသက်တာတွင် အမြဲတမ်းဦးထိပ်မထားသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အဆက်ပြတ်သောအခါ ကျွန်ုပ်တို့ကိုဝန်းရံထားသည့်အကွယ်အကာသည်လည်း ကွယ်ပျောက်သွားပါသည်။ သင်တို့၏မှန်ကန်သောရည်ရွယ်ချက်များက သင့်တို့ကိုစာတန်၏အပြစ်ကျော့ကွင်းမှမကယ်လွှတ်နိုင်ပါ။ သင်တို့သည် ဆုတောင်းခြင်း၌အားကြီးသောသူများဖြစ်ရပါမည်။ သင်သည် တစ်ခါတစ်ရံတွင်သာဆုတောင်းလျက် ချည့်နဲ့စွာဖြင့်ဆုတောင်းခြင်းမရှိဘဲ မလျှော့သောဇွဲဖြင့်အရှုံးမပေးဘဲ ဆက်ကပ်ခြင်းအပြည့်ဖြင့်ဆုတောင်းရပါမည်။ အမြဲတမ်းဒူးထောက်၍ဆုတောင်းရန်



မလိုပါ။ သင်သည်တစ်ယောက်တည်းရှိစဉ်၌လည်းကောင်း၊ လမ်းလျှောက်ရာ၌လည်းကောင်း၊ မိမိ၏တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာ၌လည်းကောင်း မိမိ၏ကယ်တင်ပိုင်သူထံသို့ဆုတောင်းတတ်သည့်အလေ့အထကိုပြုကျင့်ပါ။ သင်သည်ငြိမ်သက်စွာဖြင့် ဘုရားသခင့်ထံမှခွန်အား၊ အလင်းတရား၊ အကူအညီနှင့်ဉာဏ်ပညာကိုအမြဲတမ်းတောင်းခံပါ။ သင်၏ထွက်သက်ဝင်သက်တိုင်းသည် ဆုတောင်းချက်တစ်ခုဖြစ်ပါစေ။

ဘုရားသခင်၏အမှုတော်ဆောင်များအနေဖြင့် ညစ်ညမ်းမှုများ၊ ဖောက်ပြန်မှုများဖြင့်စွန်းထင်းလျက် အမှောင်ထုထဲ၌နစ်မွန်းနေသည့်အပြစ်သားများကို ကျွန်ုပ်တို့ကယ်တင်ရပါမည်။ သို့သော်လည်း ကျွန်ုပ်တို့၏နေမင်းနှင့်ဒိုင်းလွှားဖြစ်တော်မူသည့်သခင်ကို အာရုံပြုခြင်းဖြင့်သာ ကျွန်ုပ်တို့၏အသက်တာသည် အစွန်းအထင်းခံရခြင်းမှကင်းလွတ်ပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုကိုးစားလျက် ဆုံးရှုံးတော့မည့်အသက်ဝိညာဉ်များအတွက် ကြိုးစားလုပ်ဆောင်သောအခါ ဘုရားသခင်ကိုအားကိုးပြုသောကြောင့် မည်သည့်အခါမျှအရှက်မကွဲရပါ။ ကျွန်ုပ်တို့၏စိတ်နှလုံးတွင်လည်းကောင်း၊ အသက်တာတွင်လည်းကောင်း သခင်ခရစ်တော်ရှိတော်မူပါက ကျွန်ုပ်တို့၏အသက်လုံခြုံပါသည်။ ကိုယ်တော်၏ဘုန်းတော်သည် ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ပြည့်ဝနေတော်မူပြီး အပြစ်တို့သည်ဖယ်ရှားလွင့်စင်သွားပါလိမ့်မည်။ ကျွန်ုပ်တို့၏စိတ်နှလုံးသည် ကိုယ်တော်နှင့်အလွန်နီးကပ်နေသောကြောင့် မိမိ၏အလိုသည် ကိုယ်တော်၏အလိုတော်အတိုင်း တစ်ထပ်တည်းဖြစ်နေပါလိမ့်မည်။

ယာကုပ်သည် အားနည်းချည့်နဲ့သောအပြစ်သားဘဝမှ ဆုတောင်းခြင်းနှင့်ယုံကြည်ခြင်းဖြင့် ဘုရားသခင်၌မင်းအဖြစ်ကိုခံယူခဲ့ရပါသည်။ ထိုနည်းကဲ့သို့ပင် သင်တို့တစ်ဦးစီသည်လည်း သန့်ရှင်းမွန်မြတ်ပြီး မြင့်မြတ်သောအသက်တာဖြင့်နေထိုင်သော အမျိုးသားနှင့်အမျိုးသမီးများသည် အမှန်တရားအတွက်လည်းကောင်း၊ ဖြောင့်မတ်ခြင်းအတွက်လည်းကောင်း မယိမ်းမယိုင်ဘဲသစ္စာရှိသောသူများဖြစ်လာနိုင်ပါသည်။ လူတိုင်းတွင်ဝန်ထုပ်ဝန်ပိုးများ၊

အခက်အခဲများနှင့်တာဝန်များရှိသော်လည်း သင်၏အနေအထားပိုမိုခက်ခဲလာသောအခါနှင့် ထမ်းဆောင်နေရသည့်ဝန်ထုပ်များပိုမိုလေးလံသောအခါ သခင်ခရစ်တော်ကိုပိုမိုလိုအပ်လျက်ရှိပါသည်။

အတူတကွဆုတောင်းရန်ပျက်ကွက်ခြင်းသည် အလွန်မိုက်မဲသောအပြုအမူတစ်ရပ်ဖြစ်ပါသည်။ ဤဆုတောင်းစည်းဝေးပွဲအခွင့်အရေးများကို ပေါ့ပေါ့တန်တန်မထားသင့်ပါ။ ဖျားနာသောသူတို့ကိုပြုစုစောင့်ရှောက်နေရသူများသည် ထိုအခွင့်အရေးကိုဆုံးရှုံးနေကြသော်လည်း သူတို့သည်မလိုအပ်ဘဲ ဘုရားသခင်၏ဗိမာန်တော်မှ ပျက်ကွက်ခြင်းမရှိစေရပါ။

ဖျားနာသောသူတို့ကိုပြုစုစောင့်ရှောက်ခြင်းသည် အခြားနေ့စဉ်အလုပ်တာဝန်များထက်အရေးပါပြီး ထိုလုပ်ငန်းအောင်မြင်ခြင်းသည် ဆက်ကပ်ခြင်းနှင့်မိမိအလိုကိုငြင်းပယ်ခြင်းအပေါ်၌ များစွာမူတည်ပါသည်။ ထိုလုပ်ငန်းကိုလုပ်ဆောင်သောသူတို့သည် ဘုရားသခင့်ဝိညာဉ်တော်၏တို့ထိခြင်းကိုခံနိုင်ရန် မိမိကိုယ်ကိုပြင်ဆင်ရပါမည်။ သင်တို့၏အလုပ်တာဝန်များသည် အခြားသူများထက်ပိုမိုကြီးမားသောကြောင့် သင်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ဘုရားသခင်နှင့်စပ်ဆိုင်သည့် ဉာဏ်ပညာကိုပိုမိုရရှိနိုင်ရန် အခြားသူများထက်စိတ်ထားပိုမိုပြင်းပြရပါမည်။

ကျွန်ုပ်တို့နေ့စဉ်လုပ်ဆောင်နေရသည့်လုပ်ငန်းတွင် အခြားအရာများထက် ဘုရားသခင်နှင့်လက်တွေ့ကျသောအဆက်အသွယ်ပြုခြင်းကို လိုအပ်နေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ပိုင်သူထံမှငြိမ်သက်ခြင်းဆုကျေးဇူးများအားခံစားနေရသည်ကို မိမိတို့၏နေ့စဉ်အသက်တာကဖော်ပြသွားရပါမည်။ စိတ်နှလုံးထဲ၌သခင်ခရစ်တော်ရှိသည်ကို မိမိ၏အသက်တာက ဖော်ပြသွားပါလိမ့်မည်။ မိမိ၏စိတ်အလိုသည် ဆွဲဆောင်မှုတန်ခိုးရှိသောဘုရားသခင်နှင့်အဆက်အသွယ်ပြုထားခြင်းကြောင့် အသက်တာနှင့်အမူအကျင့်သည်လည်း ပိုမိုမွန်မြတ်လာပါလိမ့်မည်။ သခင်ခရစ်တော်၏လက်ဦးတပည့်တော်များကဲ့သို့ပင် အခြားသူများက ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူရှိတော်မူသည်ကို သတိပြုလာကြပါလိမ့်မည်။ ထိုကြောင့် မည်သည့်နေရာမျိုးမှမရရှိ



နိုင်သည့် ထူးခြားသည့်တန်ခိုးတော်ကို ရရှိပါလိမ့်မည်။ ထိုတန်ခိုးတော်ကိုအရှုံးမခံပါနှင့်။

ကျွန်ုပ်တို့၏အသက်တာတွင် စဉ်းစားတွေးတောခြင်းနှင့်အကောင်အထည်ဖော်လုပ်ဆောင်ခြင်းတို့နှစ်ရပ်ရှိရပါမည်။ တိတ်ဆိတ်စွာဆုတောင်းခြင်းနှင့် ဆက်ကပ်လျက်လုပ်ဆောင်ခြင်းတို့ပါဝင်ရပါမည်။ ဘုရားသခင်နှင့်အဆက်အသွယ်ပြုခြင်းဖြင့် ရရှိလာသည့်ခွန်အားနှင့် ကျွန်ုပ်တို့၏စိတ်နှလုံးကို ကိုယ်ချင်းစာနာတတ်ပြီး သူတစ်ပါးကိုစောင့်ရှောက်နိုင်ရန် လေ့ကျင့်သင်ကြားပေးခြင်းနှင့်ပေါင်းစပ်လိုက်သောအခါ အခြေအနေမည်မျှဆိုးရွားစေကာမူ မိမိ၏နေ့စဉ်လုပ်ငန်းဆောင်တာများကိုလုပ်ဆောင်ရာတွင် စိတ်၏ငြိမ်သက်မှုကိုရရှိပြီး အမှုတော်ကိုလည်းဆောင်ရွက်နိုင်ရန် ပိုမိုအဆင်သင့်ဖြစ်လာပါသည်။

## အကြံဉာဏ်ပေးတော်မူသည့်သခင်

လူအမြောက်အမြားတို့က အခက်အခဲများနှင့်ကြုံတွေ့ရသောအခါ ဤလောကရှိသူငယ်ချင်းထံသို့သွား၍ မိမိ၏အခက်အခဲများကိုရှင်းပြကာ အကူအညီတောင်းခံရမည်ဟု ထင်မှတ်ကြပါသည်။ အခြေအနေများဆိုးလာသောအခါ သူတို့သည် ယုံကြည်မှုလျော့နည်းလာပြီး အမှောင်ဖုံးလွှမ်းတတ်ပါသည်။ သို့သော်လည်း ထိုတစ်ချိန်လုံးတွင် အကြံဉာဏ်ပေးတော်မူသည့်ဘုရားသခင်က သူ့ကိုအနားတွင်ရှိနေတော်မူ၍ ကိုယ်တော်ကိုကိုးစားရန် သူတို့ကိုဖိတ်ခေါ်လျက်ရှိပါသည်။ ဝန်ထုပ်များကိုထမ်းရွက်တော်မူသည့်သခင်က “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့” ဟုဖိတ်ခေါ်လျက်ရှိတော်မူပါသည်။ ကျွန်ုပ်တို့သည် ထိုသခင်ကိုဘေးဖယ်၍ မိမိကဲ့သို့ပင် ဘုရားသခင်ကိုအားကိုးနေရသည့်ဘဝတူလူသားချင်းကို အားကိုးအားထားပြုရမည်လော။

သင်လုပ်ဆောင်နေသည့် ကြီးမားသောတာဝန်နှင့်ယှဉ်လျက် သင်၏အားနည်းချက်များ၊ စွမ်းဆောင်ချက်နည်းပါးမှုတို့ကို သင်နှိုင်းယှဉ်ကြည့်ကောင်းကြည့်ပါလိမ့်မည်။ သို့သော်လည်း သင်သည်အမြင့်ဆုံးဉာဏ်ပညာကိုရရှိပါကလည်း သင်လုပ်နေရသည့်အမှု၌ မလုံလောက်မပြည့်စုံပါ။ "ငါနှင့်ကွာလျှင် သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ" (ယောဟန် ၁၅း၅) ဟုသခင်ခရစ်တော်က မိန့်တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာအားလုံး၏အကျိုးရလဒ်သည် ဘုရားသခင့်လက်ထဲ၌ရှိတော်မူပါသည်။ ထိုကြောင့် မည်သည့်အခက်အခဲများနှင့်ရင်ဆိုင်ရစေကာမူ ဘုရားသခင်ကိုစွဲမြဲစွာကိုးစားလျက် ယုံကြည်ခြင်းအပြည့်အဝရှိပါ။

သင်၏အလုပ်အကိုင်၌လည်းကောင်း၊ အားလပ်ချိန်များတွင်ပေါင်းဖော်ရန်လည်းကောင်း၊ ဘဝတွင်အဖော်ပြုရန်လည်းကောင်း အပေါင်းအဖော်ချင်းမိတ်ဖွဲ့သောအခါတွင် နှိမ့်ချသောဆက်ကပ်ခြင်းဖြင့် ဆုတောင်း၍ပြုလုပ်ပါ။ ဤနည်းအားဖြင့်သင်သည် ဘုရားသခင်ကိုရိုသေကြောင်းထင်ရှားပြီး ဘုရားသခင်က ကျွန်ုပ်တို့ကိုပြန်လည်ချီးမြှင့်တော်မူပါလိမ့်မည်။ သင်စိတ်ဓာတ်ကျဆင်းနေသောအခါတွင် ဆုတောင်းပါ။ သင်စိတ်ပျက်အားငယ်နေသောအခါ အခြားသူတို့ကိုဖွင့်ဟ၍ သူတို့ကိုစိတ်ဆင်းရဲရောက်စေမည့်အစား၊ သခင်ခရစ်တော်၌ အရာရာကိုတိုင်တည်ပါ။ သင်၏လက်ကိုဆန့်၍အကူအညီတောင်းပါ။ သင်အားနည်းနေသည့်အခါတွင် ဘုရားသခင်ကိုခိုလှုံပါ။ နှိမ့်ချခြင်း၊ ဉာဏ်တော်ပညာခွန်အားနှင့်ယုံကြည်ခြင်းတိုးပွားရန်ဆုတောင်းပါ။ ဘုရားသခင်၏အလိုတော်ကိုမြင်နိုင်ရန်နှင့် ကိုယ်တော်၏မေတ္တာတော်၌ပျော်မွေ့နိုင်ရန်ဆုတောင်းပါ။

## ဆက်ကပ်ခြင်း၊ ယုံကြည်ကိုးစားခြင်း

ကျွန်ုပ်တို့သည် အပြစ်အတွက်နောင်တရပြီး နှိမ့်ချခြင်းရှိသောအခါဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူရှိနိုင်ပြီး မစကူညီနိုင်ပါသည်။ ကျွန်ုပ်



တို့သည် လွန်ခဲ့သောရရှိခဲ့သည့်ကောင်းချီးများကိုသတိရလျက် ယခုအခါတွင် ပိုမိုများပြားသောကောင်းချီးများကိုတောင်းဆိုသောအခါ ဘုရားသခင်နှစ်သက်တော်မူပါသည်။ ဘုရားသခင်ကိုယုံကြည်ခြင်းအပြည့်နှင့်ကိုးစားသူတို့အား ကိုယ်တော်သည်ကောင်းချီးများကို သူတို့မျှော်လင့်ထားသည်ထက်ပို၍ချပေးတော်မူပါလိမ့်မည်။ ကိုယ်တော်သည် သားသမီးတစ်ဦးစီ၏လိုအပ်ချက်များကိုသိတော်မူပြီး လူသားတို့ကိုအကျိုးပြုနိုင်ရန်အတွက်နှင့် သူတို့တစ်ဦးစီ၏အသက်တာတွင် အကျိုးရှိနိုင်ရန်အတွက် တန်ခိုးတော်မည်မျှပေးရန် လိုအပ်တော်မူသည်ကိုသိတော်မူပါသည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယုံကြည်ကိုးစားမှုနည်းပါးပြီး ကျွန်ုပ်တို့အတွက်လည်းကောင်း၊ ကျွန်ုပ်တို့မှတစ်ဆင့် သူတစ်ပါးအတွက်လည်းကောင်း မည်မျှပြုလုပ်ပေးနိုင်သည်ကို ပိုမိုယုံကြည်ကိုးစားရန်လိုအပ်ပါသည်။ သူတို့သည် မိမိတို့၏ကိုယ်ပိုင်အလုပ်ကိုပြုနေခြင်းမဟုတ်ဘဲ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေခြင်းဖြစ်ပါသည်။ သင်၏အလိုကို ဘုရားသခင်၏လက်ထဲသို့ လုံးလုံးလျားလျားအပ်နှံလိုက်ပါ။ သင်၏အလိုအတိုင်းဆောင်ရွက်နိုင်ရန် ဘာတစ်ခုမျှချန်မထားပါနှင့်။ မိမိအလိုကိုလိုက်လျှောက်ခြင်းမရှိဘဲ သခင်ခရစ်တော်၌လွတ်လပ်ခြင်းကိုမြည်စမ်းကြည့်ပါ။

ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာတွင် သမ္မာကျမ်းစာမှအမှန်တရားများကိုလိုက်လျှောက်ခြင်းမရှိဘဲ ဥပုသ်နေ့တိုင်းတရားဟောချက်များကို အပတ်စဉ်ကြားနာခြင်းဖြင့်လည်းကောင်း၊ သမ္မာကျမ်းစာကို အစမှအဆုံးသို့နှံ့နှံ့စပ်စပ်ဖတ်ပြီး ကျမ်းပိုဒ်များကိုရှင်းပြနိုင်ခြင်းသည်လည်းကောင်း ကျွန်ုပ်တို့အတွက်နှင့်အခြားသူများအတွက် မည်သို့မျှအကျိုးမရှိနိုင်ပါ။ ကျွန်ုပ်တို့၏စိတ်အလိုများ၊ နားလည်သိကျွမ်းမှုတို့ကို ဘုရားသခင်၏လက်ထဲ၌ထိန်းချုပ်နိုင်ရန် လုံးဝအပ်နှံထားရပါမည်။ သို့မှသာ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်တော်မူခြင်းဖြင့် ဘုရားသခင့်နှုတ်ထွက်စကားတော်၏သွန်သင်ချက်များသည် ကျွန်ုပ်တို့၏အသက်တာ၌ကျင့်သုံးသော ပညတ်ချက်များဖြစ်လာပါမည်။

သင်သည် ဘုရားသခင်၏ကူညီမစခြင်းကိုတောင်းခံစဉ်၌ပင် ကိုယ်တော့်ထံမှကောင်းချီးများကိုရရှိခံစားရမည်ကိုယုံကြည်လျက် ကိုယ်တော်၏ဘုန်းတော်ကိုချီးမွမ်းပါ။ ကျွန်ုပ်တို့တောင်းခံလျှင် ဘုရားသခင်ထံမှတန်ခိုးတော်နှင့်ဉာဏ်ပညာအလုံးစုံကို ရရှိနိုင်ပါသည်။

ဘုရားသခင်၏အလင်းတော်၌ အစဉ်လျှောက်လှမ်းပါ။ ကိုယ်တော်၏အသက်တာကို နေ့ညမပြတ်အောက်မေ့သတိရပါ။ ထိုအခါဘုရားသခင်၏ကောင်းမြတ်တော်မူခြင်း၌ သင်ပျော်မွေ့ပါလိမ့်မည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ဖြင့် သင်၏စိတ်နှလုံးရွှင်လန်းတောက်ပနေပါလိမ့်မည်။ ဘုရားသခင်၏ထာဝရလက်တော်အားဖြင့် သင့်ကိုမြှောက်ပင့်ပါလိမ့်မည်။ ဘုရားသခင်၏တန်ခိုးတော်နှင့်အလင်းတော်အားဖြင့် ယခင်ကသင်မထင်မှတ်ခဲ့ဖူးသည့်စွမ်းဆောင်ချက်များကို ယခုအောင်မြင်စွာပြုလုပ်နိုင်ပါလိမ့်မည်။

## ငါ၌တည်နေကြလော့

သခင်ခရစ်တော်က "ငါ၌တည်နေကြလော့၊ ငါသည်လည်း သင်တို့၌တည်နေမည်။ စပျစ်ခက်သည်အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည်ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ၊...... အကြင်သူသည်ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏။ ထိုသူသည် များစွာသောအသီးကိုသီးတတ်၏၊ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ၊........သင်တို့သည် ငါ၌တည်၍ ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။ သင်တို့သည် များစွာသောအသီးကိုသီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်။"

"ခမည်းတော်သည် ငါ့ကိုချစ်တော်မူသကဲ့သို့ ငါသည်သင်တို့ကိုချစ်၏၊ ငါ၏ချစ်ခြင်းမေတ္တာ၌တည်နေကြလော့။"----



"သင်တို့သည်ငါ့ကိုရွေးကောက်ကြသည်မဟုတ်၊ ငါသည်သင်တို့ကိုရွေးကောက်သဖြင့် သင်တို့သည်သွား၍ တည်ကြည်သောအသီးကိုသီးမည်အကြောင်းနှင့် ငါ့နာမကိုအမှီပြု၍ ခမည်းတော်မှာတောင်းသမျှတို့ကိုရမည်အကြောင်း သင်တို့ကိုငါခန့်ထား၏" (ယောဟန် ၁၅း၄–၁၆)။

"ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏၊ အကြင်သူသည် ငါ၏အသံကိုကြား၍တံခါးကိုဖွင့်အံ့၊ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်" (ဗျာဒိတ် ၃း၂၀)။

"အကြင်သူသည်အောင်မြင်၏၊ ဝှက်ထားသောမန္နကိုလည်းကောင်း၊ ကျောက်ဖြူလက်ဖွဲ့ကိုလည်းကောင်း၊ ထိုကျောက်ပေါ်၌အက္ခရာတင်သောနာမသစ်ကိုလည်းကောင်း ထိုသူအားငါပေးမည်။ ထိုကျောက်ကိုရသောသူမှတစ်ပါး အဘယ်သူမျှထိုနာမကိုမသိနိုင်ရာ" (ဗျာဒိတ် ၂း၁၇)။

"အကြင်သူသည်အောင်မြင်၍---မိုးသောက်ကြယ်ကိုလည်းထိုသူအားငါပေးမည်။" "ငါ၏ဘုရားသခင်၏နာမတော်ကိုလည်းကောင်း၊---ငါ၏ဘုရားသခင်မြို့တော်၏နာမကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ငါသည်အက္ခရာတင်မည်" (ဗျာဒိတ် ၂း၂၆–၂၈။ ၃း၁၂)။

## "ငါပြုသောအမှုတစ်ခုဟူမူကား"

ဘုရားသခင်ကိုယုံကြည်ကိုးစားသောသူတိုင်းက ပေါလုကဲ့သို့ပင် "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကိုငါတတ်စွမ်းနိုင်၏" (ဖိလိပ္ပိ ၄း၁၃)။ လွန်ပြီးကာလက အမှားအယွင်းမည်မျှရှိစေကာမူ ဘုရားသခင်၏ကူညီမစခြင်းဖြင့် ထိုအမှားအယွင်းများကိုကျွန်ုပ်တို့ကျော်လွှားနိုင်ပါသည်။ ကျွန်ုပ်တို့သည် ပေါလုနှင့်အတူ– "ငါပြု

သောအမှုတစ်ခုဟူမူကား နောက်ကျသောအရာတို့ကိုမမှတ်ဘဲ၊ ရှေ့၌ရှိသော အရာတို့ကိုလှမ်းကမ်း၍ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက် အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်တုံးတိုင်သို့ငါလိုက် ပြေး၏" (ဖိလိပ္ပိ ၃း၁၃၊၁၄)။

---ooo---